
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

28 AUG 2012



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သရဖူ

မဂ္ဂဇင်း

အတွဲ (၁၂) အမှတ် (၁၀)
၂၀၁၂ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည့်
သုပိနာယ-ဗျာချကထာ
အိပ်မက်ဖြင့်
ဖွင့်ပြောသောစကားများ(၂)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒ္ဒေသချမဟာမွသာမိထေရ်)**

၂၀ အဠာနမေတံဂါထာ အမြဲပူဇော်၍
အသက်ဘေးကလွတ်မြောက်
ဘုန်းခေါင်

၂၃ တောင်ကြီးမြို့
မင်္ဂလာသိမ်တောင် ရုပ်တော်မူကျောင်း
ခင်(တောင်ကြီး)

၃၃ ပထမံဆရာလှိုင် မိန့်ကြား ဝါစိမ်းနီ
ကမ္ဘာ့ကိန်းနှင့်အညီ ကမ္ဘာငြိမ်းစေရ
မည်ဟူသော နိမိတ်စကားနှင့် ဖျားလပို့
အတွင်းမှ ထူးဆန်းစွာ ထွန်းပေါ် ဝါစိမ်း
နီဓာတ်လုံးဓာတ်တော်
ကံဝင်း

၄၀ တိပိဋကမိခင်ကြီးဒေါ်ဓမ္မစာရီ
မောင်ဓေယျာ

၄၃ မဟာဗောဓိတစ်ထောင်
ဆရာတော်ဘုရားကြီး၏
ခယောင်းလမ်းမှသည်
သုဓာယျ

၅၃ ရခိုင်ပြည်နယ်မှ
မုနိမြတ်စွာဘုရားများ
ရန်နိုင်

၅၉ ချိုက်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တသာသနမဟာထေရ်အရှင်မြတ်
ကြီး၏ထူးခြားဆန်းပြားဖြစ်ရပ်များ
လမင်းသာ

၆၃ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်
မြတ်အား ပလ္လင်တော်များ လှူဒါန်း
သူများ၏ နောက်ဆက်တွဲဖြစ်ရပ်များ
ဘိုဘို(ရွှေကံကူ)

၇၃ ပုတီးစိပ်နည်းအမျိုးမျိုး
ကောင်းကျိုးအထွေထွေ
ဖျာပုံတင်နိုင်ဝင်း

၇၇ ဒီပဲရင်းဆရာတော်ကြီး၏
နှစ်သက်ဖွယ်ရာဆုတောင်းစာ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၇၉ ဘယ်သူ့ကိုအားကိုးပါ့
သစ္စာဝါဒီ-ဦးမြင့်အောင်

၈၂ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၉၀ ဂါထာမန္တန်အစွမ်းများ(၄)
မဟာထွန်း

၉၄ စာရေးဆရာနှင့်ရင်ပေါင်တန်း၍
စာဖတ်သူများအကြောင်း
မေဓာရှင်(ရွှေပြည်သာ)


## သုတရသဆောင်းပါး


၁၃ ဆရာတော်ဦးဗုဓ်တို့ညောင်ကန်ရွာမှ
ကြေးခေတ်သချိုင်းဟောင်း
**ကိုအေးမြင့်**
**(မဟာဝိဇ္ဇာ၊ရှေး-သု)**

၄၂ ကျွဲနွားအနာလိမ်းဆေး
**သဒ္ဓါ(ဥပဒေ)**

၁၀၁ ကြိုတင်ဟောကိန်းထုတ်ခဲ့တဲ့
ကြမ္မာဆိုး
**အောင်သန်းချစ်**

၁၀၃ မြန်မာမှုအစဉ်လာနှင့်
ဆင်ဖြူရတနာ
**မောင်သန်းဆွေ(ထားဝယ်)**

၁၂၈ နာနာဘာဝနှင့်တွေ့ ဖူးသူများ
**အရှင်ပညာသီဟာဘိဝံသ**
**(ပဥ္စနိကာယ်)**

၁၄၃ ထူးခြားသောခြတောင်ပို့
**မွှေးမွှေး**
**(အင်းတော်)**

၁၄၄ မွန်သားချော့သီချင်းသုံးပုဒ်ကို
ခွဲစိတ်ခြင်း
**နိုင်ခင်မောင်လေး**

၁၄၇ ငှက်ပျောဖူးမမည်းအောင် ပြုလုပ်နည်း
**သဒ္ဓါ(ဥပဒေ)**

၁၄၈ လူဝင်စားပြဿနာ
**တိုးထက်**

၁၅၄ ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦး
မှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**

၁၆၀ ဖြတ်ထုံးလျှော်ထုံးများနှင့်
မြန်မာ့ရိုးရာ ဓလေ့ထုံးစံ
အယူအဆများ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၁၆၃ အမျိုးသမီးများ၏ မျိုးပွားအင်္ဂါများတွင်
ဖြစ်ပွားတတ်သောရောဂါများ
**ရီရီဌေး**

၁၇၄ ထူးဆန်းထွေလာရက္ခကမ္ဘာ
**လျှမ်းထက်**

၂၀၅ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး
**ချောင်းဆုံအုန်းသွင်**

၂၄၁ စိတ်အလို
**မကြွယ်ကြွယ်**


www.burmeseclassic.com

www.burmeseclassic.com








၃၀၁ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မကျည်းပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကသစ်ပင်များမှရေထွက်ခြင်း
**အေးလွင်(ကသာ)**
၃၀၇ စာရေးဆရာမိန်းမရခြင်း
**မောင်ပွင့်ညှာ ထိ(မောရ)**
၃၁၀ ကင်းဝန်မင်းကြီးနှင့်
ရောဝတီမီးသင်္ဘောပြသနာ(၁)
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**
၃၂၈ ကိုလိုနီခေတ်ဦး
တရားခွင်ရောက်မှုခင်းများ
**လှမိုး(ပညာရေး)**
၃၄၂ လူတိုင်းလူတိုင်းကျန်းမာဖို့
**ချောင်းဆုံအုန်းသွင်**
၃၅၁ လူနှင့်နတ်တို့ကိစ္စ
**တင်နိုင်တိုး**


## သုရဿဝတ္ထုတို


၁၁၀ ဟိုဘက်ကမ်းကမီးထိန်ထိန်
**သုတအောင်(ကဒုံကနီ)**
၁၂၂ ကြောင်းကျိုးဆက်နွှယ်
လူ့နယ်ပယ်
**ထောင်မှူးကြီးသိန်းဝင်း**
၁၃၃ ဂန္ဓာရီဆရာကြီးဦးရှမ်းဝိုင်း
**နန္ဒအောင်လံ**
၁၆၆ ဦးသူတော်နှင့်ထူးဆန်းသောဓာတ်လုံး
**လူဦးမင်း**
၁၇၈ ဒုန်းတံခါး
**မိုးကုတ်ကျော်ကျော်စိုး**
၁၉၀ ငေါင်းခြေတစ်ချောင်း
**မျိုးသစ်**
၂၀၈ ဘိုးသြဘာနှင့်
အံ့ဖွယ်ထူးဆန်းသော
ဖြစ်ရပ်နှစ်မျိုး(၁)
**မင်းဟိန်းထိ**
၂၃၃ တစ္ဆေပုံပြင်
**မင်းဘူး-ဗိုလ်ဥတ္တမ**
၂၄၄ ကျီးစောင့်၊ ကြက်နှင်၊
ခွေးမောင်းဘဝများ
**အေးဇော်ရဲမင်း**
၂၅၆ အမိဌာန်ကို
စိတ်အကြံဖြင့်သိခဲ့သလော
**နွေဦးမွန်(ရေနံချောင်း)**
၂၆၆ မောင်ဟန်နှင့်ရောင်ပြန်မေတ္တာ
**မောင်မောင်ညွန့်(သရက်)**
၂၇၆ ဖီးနစ်တူးအိုဖိုက်
**မင်းခေါင်နန္ဒ**

၂၈၄ နီတွတ်
**စိုးထွန်း(ဥပဒေ)**
၂၉၄ သည်သောင်ယံက မခွာရက်တယ်
**ကောင်းသော်**
၃၂၁ သူလိုကိုယ်လိုကြယ်တွေထဲ
ထူးခြားလေးနက်တဲ့ . . .ကြယ်
**မောင်သင်းထုံ(ကျောက်မဲ)**
၃၃၆ ရိုက်ချက်အလွဲထိချက်ကကွဲ
**ပန်းမြိုင်လယ်-စိန်ဝင်း**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၂၆ ဤလမ်းခရီးလွမ်းမပြီးနိုင်(၁)
**ဖိုးကျော့**
၃၅၃ ဗောဓိဓမ္မပုံဝတ္ထု (ဇာတ်သိမ်း)
**နိုဂျေဆန်း**
၃၅၈ ဒဂ်ီး (ဇာတ်သိမ်း)
**ရွှေပြည်စိုး(မိုးကုတ်)**


## သုရဿတိုင်းရင်းဆေး


၂၂ ကလေးသူငယ်များ ကြာဆူးပေါက်လျှင်
**ရောမြေ-ကျော်ဝေ**
၈၁ ခြေအေးနာအတွက်ဆေးတစ်လက်
**ခင်မြိုင်ရွှေ(ကျောက်ပုံ)**
၁၃၇ မာလကာရွက်နှင့်ဆီးချို
**မောင်လှယဉ်(မော်လမြိုင်)**
၁၇၃ သဲဝဲယားနာပျောက်လိမ်းဆေးနည်း
**နေ့မဝင်နတ်မောက်**
၁၇၇ အပေါ်တစ်လုံးအောက်တစ်လုံး
ကုသသည့်ထုံး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၈၆ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၂၀၃ ဆေးစွမ်းထက်သည့်
စပါးကြီးသည်းခြေ
**ဝင်းဇော်(သုံးဆယ်)**

၂၁၈ ဖောက်၊ သန်းကင်းအောင်
ဤနည်းဆောင်
**နတ်မောက်လှမြင့်သစ်**
၂၁၉ သွားချမ်းသာပင်
**ဇာတိဂုဏ်-မျိုးမြင့်အောင်**
၂၂၂ သဘော်ရွက်ဖြင့်ကင်ဆာရောဂါ
ကုသခြင်း
**စွမ်းထက်နောင်**
၂၆၂ အညတြရပင်ငယ် စွမ်းအားထည်
**တင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်)**
၂၆၅ ခွေးလေးယားအနက်အဆိပ်ဖြေသီး
**ဝေစည်(ရွှေဘို)**
၃၃၄ ဆေးမှားသောက်အဆိပ်ဖြစ်သော်
**နေ့မဝင်နတ်မောက်**
၃၃၅ ပြစ်မျိုးမထင်လှစေချင်
**ဖိုးသဲအောင်(ပန်းမြေ)**
၃၅၇ ဆီးသွားလျှင်သွေးပါသူတို့အတွက်
အသုံးဝင်မည့်ဆေးတစ်လက်
**မိုးစက်အဏ္ဏဝါ(ရောဝတီ)**
၃၅၇ သွေးစုအနာလုံးကြေပျက်ပြုန်း
**နတ်မောက်လှမြင့်သစ်**
၃၇၇ လေပူဆို့ခြင်းမှကင်းဝေးနိုင်အောင်
**ရှာယီ**


www.burmeseclassic.com


www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုချက် ၅၄၀၂၁၁၀၈၁၂



## သုရဒ္ဓ ပညာရပ်

၁၁၇ သက်ရှည်ကျန်းမာ
မြန်မာ့ရိုးရာဆေးပညာ
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)
၂၃၅ မြင်းဂမ္ဘီရ
ဖုန်းရှိန်အောင်
၂၇၁ စေတနာမေတ္တာများစွာဖြင့် . . .
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၂၈၁ တားရှောဖတ်နည်း
မျိုးကျော်မင်းမြတ်
၂၉၁ သင့်မျက်နှာနှင့်သင့်ဘုန်းကံ
မင်းမင်းမြတ်
၃၁၃ ဇာတ်နိပါတ်တော်လာ
ဗေဒင်ဟောကွက်များ
နေဝိဇ္ဇာ
၃၁၈ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
ဆရာဇလမင်းခေါင်
၃၂၅ ချစ်ခြင်းတရားနှင့်လက္ခဏာ
ဆရာသိန်းသန်းအောင်
၃၃၂ အသံလွှန်စွမ်းအင်
မောင်ကျောက်တိုင်
၃၄၄ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ
ဂါထာမန္တန်တို့အားလေ့လာခြင်း
ထွန့်ခေါင်ဝေယျ
(ဝိဇ္ဇာမယသုတေသီ)



## သုရဒ္ဓလက်တွေ့အသုံးချ

၈၉ ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ
မနေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂမ္ဘီရ)
၁၀၇ အရပ်ရှစ်မျက်နှာမှ လာဘ်များစွာဝင်
လာအောင် ကြီးလေးကြီးကြေးစည်စမ
ကိုဆောင်
သုဓ္ဓ(နဝင်းမြို့)
၁၃၈ ကင်ဆာဘေးအန္တရာယ်
လျော့ချရေးနှင့်ပတ်သက်၍
စောငုဝါ(ပျဉ်းမနား)
၂၅၃ သင်၏လုပ်ငန်းတွင်ဘေးရန်ကင်း၍
လာဘ်တွေရွှင်အောင်
အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့
၂၈၈ သိဒ္ဓိဝင်ချေ(ကျိ)ချိုလက်ဝါး
မြင့်မြတ်စံ(ကသာမြေ)
၃၀၀ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၃၇၀ နိမိတ်ကောင်းယူ
အညွန့်တလူလူအတွက်
သုရဒ္ဓလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၃၇၅ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
မိအေးတင်(သံဖြူဇရပ်)၊
ဒေါ်ခင်စံသူ
၃၇၈ ၂၀၁၂ ခု၊ အောက်တိုဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်
၃၈၁ ၂၀၁၂ ခု၊ အောက်တိုဘာလ
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
သင်းသင်းစံ
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ- ၀၄၃၂၉)
**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဒ္ဓစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
ကိုလှဝင်း
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

**ဘဏ္ဍာရေးမှူး**
ဒေါ်စပယ်ညို
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ တင်တင်သော်၊
ဝေသဲဦး၊ ချမ်းမြေ့ကျော်
**ရုံးအဖွဲ့**
ခင်ထားဆင့်၊ အေးအေးစန်း

**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀

**မန္တလေး**-ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား**-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂါနေဒီ၊ မီလျံနှာ
**ပြည်**-သုခစာပေ၊
**ပဲခူး**- သဇင်စာပေ
**ဟသာ်တ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
**ဖြန့်ချိဈေး ( ၂၃၀၀) ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားတော်မူသည့်

# သုပိနာယ-ဇာတ်ချကထာ

## အိပ်မက်ဖြင့်ဖွင့်ပြောသောစကားများ

**အကူးထုံလွန်းသော တပုဿ၏အကူးများ**

ဤ၌ စကားချန်တစ်ခု ပြန်လှန်ပြုစုထားခဲ့လိုသေး၏။

ယင်းကား အိန္ဒိယ ဥက္ကလာပတိုင်းသား တပုဿသည် ဤမြန်မာပြည် ရာမညတိုင်းအတွင်း ပြောင်းလာသူများတွင် တစ်ဦး အပါအဝင်ဖြစ်၏။

အိန္ဒိယ ဥက္ကလာပတိုင်းသားတို့ အခြေချ၍ လာရောက် နေထိုင်ကြသဖြင့် ရာမညတိုင်း၏ဤတစ်နေရာသည်လည်း ဥက္ကလာပတိုင်း အမည်တွင်လာ၏။

ခုံတော်မောင်ကျဘမ်းဖြတ်ထုံးထဲက-

အိမ်ကိုမြောင်တော့ အိမ်မြောင်၊ ကျောင်းမြောင်တော့ ကျောင်းမြောင်၊ ဟော- ယခု လက်ခုပ်ထဲမြောင်တော့ လက်ခုပ်မြောင်ပမာ. . .

ဥက္ကလာပတိုင်းသားတို့ လာရောက်မြောင်ရာမှ ဥက္ကလာပတိုင်းပါ။


ထိုတပုဿသည် ညီဖြစ်သူ ဘလ္လိကနှင့် နောက်ပါတို့ပါ အဖော်ပါစေပြီး မိမိတို့၏မူလဒေသ အိန္ဒိယ ဥက္ကလာပသို့ ကုန်ရောင်းထွက်ခဲ့ကြပါသည်။

ထိုအချိန် ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်ခါစ သတ္တဌာနစံနေတော်မူစဉ်ဖြစ်ပြီး ဌာနအားဖြင့် သတ္တမသတ္တာဟဖြစ်သော လင်းလွန်းဗောဓိဝယ် ဖြဟ္မာ့ဝိဟာရတရား လေးပါးပွားထုံလျက်က စံနေတော်မူပါသည်။

သက္ကရာဇ် ၁၀၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်မှ ဝါဆိုလဆန်း ၅ ရက်အတွင်း ဖြစ်ပါမည်။ ထိုစဉ် ဆွေတော်မျိုးစပ် နတ်မင်းသတင်းပေးခြင်းကြောင့် တပုဿ၊ ဘလ္လိကညီနောင်တို့ဦးစီးသော ကုန်သွယ်ရေးအဖွဲ့သည် ဘုရားရှင်အား-

သူတို့ပါ ပျားမုန့်ဆွမ်းများကို

**ဘုရားကိုယ်စား သာသနာအတွက် တာဝန်ခံအရာထားခဲ့သော ထိုအရှင်မြတ်ရှေ့သာသနာနှင့် နောက်သာသနာအကြား စောင့်ရှောက်မှုပေးသောအားဖြင့် ဓာတ်တော်သို့မသက်၊ အလောင်းတော်ခန္ဓာသက်သက်ဖြင့် ထိုမြန်မာပြည်မှနေ ထမ်းဆောင်ရမည်ကိုလည်း မြင်သိတော်မူပါမည်။**





www.burmeseclassic.com

www.burmeseclassic.com

လည်း ဆက်ကပ်၏။

သူတို့ကိုယ်တိုင်လည်း သရဏာဂုံ ခံယူလိုက်ကြ၏။

ဌာနပြန်ရောက်က ကိုးကွယ်ရန် ကိုယ်စားလည်း တောင်းခံကြ၏။

သို့ကြောင့် ဘုရားရှင်သည် သူ့ကိုယ်စားအဖြစ် ဆံတော်ရှစ်ဆူကိုလည်း ပေးသနားတော်မူ၏။

ဆံတော်ကိန်းဝပ်ရမည့် ရွှေတိဂုံကုန်းမြေကိုလည်း ညွှန်းလိုက်၏။

တပုဿ၊ ဘလ္လိကတို့ အဖွဲ့သည် ဘုရားထံမှနေ မူလလာရာလမ်းအတိုင်းပြန်လှည့်ခဲ့ကြပြီး မူလနေရာ ဥက္ကလာပတွင် အခြေချနေထိုင်ကြပါသည်။

ဥက္ကလာပသည် ဩရိဿပြည်နယ်ထဲ၌ရှိနေသည် ဆို၏။ ယနေ့အခေါ်မှာကား ပထရာဇပုရ်ရွာ။

ဤပထရာဇပုရ်ရွာ အနီးဝယ် လလိတာဂီရိတောင် ရှိသည် ဆို၏။ ထိုတောင်ထိပ်မှာပင် ဆံတော်ရှစ်ဆူကို စေတီတည်ထားခဲ့သည် ဆို၏။

ဤစကားကို အိန္ဒိယရာဇဝင်ပါအတိုင်း မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများစာအုပ်တွင် ရေးသားထားသည်ကို တွေ့ရ၏။ အိန္ဒိယရေးရာဇဝင် ဖြစ်နေ၍ အိန္ဒိယဘက်ဆွယ်သည် ထင်၏။

မြန်မာဘက်ကရေးလျှင်လည်း မြန်မာဘက်ဆွယ်မည်မှာ သေချာ၏။

သို့ဖြစ်ရာ ထိုအဆိုကို ဤအဆိုဖြင့် အစားထိုးပါအံ့။

တပုဿတို့အဖွဲ့သည်-

၁။ မိုးတွင်းကာလ ပင်လယ်ပြင်လှိုင်းလေများ ကြီးနေသည်က တစ်ကြောင်း။

၂။ ပါလာသည့်ကုန်များ အချိန်ယူရောင်းချနေရဦးမည်က တစ်ကြောင်း။

၃။ သာမန်နေရာ၌ ဆံတော်များထားသော် မလုံခြုံသည်ကတစ်ကြောင်း။

၄။ ဘုရားရှင်အပေါ် ကြည်ညိုလွန်း၊ မြတ်နိုးလွန်းသည်က တစ်ကြောင်း။

ထို အကြောင်းများကြောင့် ကျောင်းတော်အဖြစ် အုတ်တို့ဖြင့် အကျအနစေတီတည်ကာ ခေတ္တမျှကိန်းဝပ်စေခြင်းသာ ဖြစ်ရပါမည်။

ဗျာဒိတ်စကားလွန်၍ ထိုလလိတာတောင်ထိပ်၌ တည်ထားပစ်ခဲ့ကြမည် မထင်ပါ။

မိုးလေများလည်းကင်းပြီး ပင်လယ်ပြင်လည်း သာယာနေပြီ၊ ကုန်များလည်း ရောင်းပြီးပြီဆိုသော ဝါကျွတ်လနောက်ပိုင်းတွင်ကား ထိုဆံတော်များ ပြန်လည်ပင့်ဆောင်၍ အခြေချရမည့်ဥက္ကလာပသို့ ထိုညီနောင်အဖွဲ့ ပြန်ခဲ့ကြပါမည်။


ရွှေတိဂုံ၌ပင် ဆံတော်များကို ဌာပနာကြမည်။ ဌာပနာအကြောင်းလည်း ရာဇဝင်များ အထင်အရှားရှိခဲ့ပြီး ဖြစ်ပါသည်။

ဤရေးသားချက်များသည် အမည်တူတို့၏နောက်ကွယ်တွင် မမှီလိုက်သူ အချင်းချင်း အငြင်းပွားကြရပုံများကို သရုပ်ဆောင်လိုခြင်းကြောင့် ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်သည် သက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့ ထီးတင်သည်ဆိုရာ သက်ရှိဘုရားနှင့် တစ်နှစ်တည်းပွင့် ဘုရားစေတီလည်း ဖြစ်၏။ ကမ္ဘာပေါ်တွင် ပထမဆုံးသောစေတီတော်လည်း ဖြစ်၏။

တပုဿညီနောင်တို့ သဒ္ဓါတရား ဘယ်လောက်ထက်မြက်သွားမည်နည်း။


ကြားရဖူးသည်မှာ ရွှေတိဂုံစေ






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တီတော် တည်ပြီးနောက် တပုဿသည် လည်းကောင်း၊ ဘလ္လိကသည် လည်းကောင်း သာမန်ဥပါသကာများ မဟုတ်ကြတော့ဘဲ အရိယာ ဥပါသကာများအဖြစ် ရောက်သွားကြသည် ဆို၏။ ထိုစဉ်-

(က) တပုဿကား သောတာပန်၊ ဘလ္လိကကား အနာဂါမ် (စာများအဆို)။

တစ်ဖန်. . .

(ခ) တပုဿကား ရဟန္တာ၊ ဘလ္လိကကား အနာဂါမ် (ဆောင်းပါးရှင်တစ်ဦးအဆို)။

ဤ၌ စဉ်းစားစရာ ဝင်လာပါသည်။ ထိုအချိန်က မြန်မာပြည်၌ သာသနာမထွန်းကားသေး။ ဝိပဿနာ တရားပြဆရာများလည်း မရှိသေး။ သို့စင်လျက် ထိုညီနောင် အရိယာဘောင်သို့ မည်သည့်ဖောင်ဖြင့် ကူးဝင်ကြသနည်း။

အဖြေကား ရှည်ရှည်ဝေးဝေး တွေးနေစရာ မလိုပါ။ သဒ္ဓါပါ ပညာမခဲ့ယဉ်း စကားအတိုင်း ထိုသူတို့ သန္တာန်ဝယ်-

ပထမဆုံး ဘုရားဖူးခွင့်ရကသဒ္ဓါအားက တစ်အား၊

ပထမဆုံး သရဏဂုံတည်ခွင့်ရ သဒ္ဓါအားကလည်း တစ်အား၊

ပထမဆုံး ဆံတော်ကိုးကွယ်ခွင့်ရ သဒ္ဓါအားကလည်း တစ်အား၊

ဤ ဗလဝသဒ္ဓါ သုံးချက်တို့ကြောင့် ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ ဆိုသည့် အဓိပတိလေးချက်တို့ အထွတ်အထိပ်သို့ တက်လာကြသော အခါ. . .

မိမိတို့နားတွင်းဝယ် ပွဲတင်သံမတိတ်သေးသော ဘုရားရှင်၏အသံတော် အာရုံပြု၏။ အာရုံပြုရာသို့ အသံနှင့် နားအကြည်ဓာတ်ခံတို့အကြားမှ လှုပ်ရှားဖြစ်ပျက်နေကြသော အတွေ့အာရုံများ ထင်ရှားသည်ထက် ထင်ရှားလာပြီ။ ယင်းကို မှတ်ချက်သွင်း တင်းတင်းရှုမိလိုက်သောအခါ ဝိပဿနာအဆင့်ဆင့်တို့ဖြင့် မဂ်ဖိုလ်အထိ ရှက်လွှင့်နိုင်ကြတော့မည်သာ။

သည်သို့ လွှင့်ကြရာ၌ နောင်တော် တပုဿသည် သောတာပန်အဆင့်ဖြင့် မိမိမူလနေရာ ဥက္ကလာပ၊ မိမိတို့ဆံတော်ပင့်ခဲ့ရာ ဥက္ကလာပမှ ပင်လယ်ဆိပ်ကမ်းတစ်လျှောက် အထိမ်းအမှတ်အဖြစ် ဘုရားများ သွားရောက်တည်နိုင်ပါသည်။

ညီဘလ္လိကကား ရွှေတိဂုံဘုရားတည်ရှိရာ ဤမြန်မာ၌ပင် ဘုရားဝေယျာဝစ္စပြုလုပ်ရင်း ကျန်ခဲ့နိုင်သည်။ ထိုစဉ် တရားအာရုံကို ဝေယျာဝစ္စနှင့်တွဲဖက်၍ အမှတ်တက်စေသောကြောင့် နောက်ခံ ပါရမီအားအရ အနာဂါမ်တွင် လမ်းဆုံးသွားရာ တပုဿက သောတာပန်၊ ဘလ္လိကက အနာဂါမ်ဆိုသည့် ဤပထမမှတ်တမ်း ပေါ်ပေါက်လာပေလိမ့်မည်။ သည့်နောက် နောင်တော် တပုဿသည်လည်း ဆံတော်များပင့်ခဲ့ရာ အထိမ်းအမှတ်စေတီများ တည်ပြီးသည်နှင့် ဤဆံတော်ရှင် ရွှေတိဂုံရှိရာသို့ ပြန်လာကာ ဗုဒ္ဓဝေယျာဝစ္စလုပ်ရင်း တရားအားထုတ်၏။တရားအားထုတ်ရင်း ဗုဒ္ဓဝေယျာဝစ္စပြုလုပ်၏။ သို့ဖြင့်ပင် သူ၏နောက်ခံပါရမီအားဆုံးရာအထိ တက်ခွင့်ရပေမည်။

ထိုအခါ တပုဿက ရဟန္တာ၊ ဘလ္လိကက အနာဂါမ် ဖြစ်လာမည်။

သို့တစေလည်း ခုနစ်နှစ်သားသာမဏေကလေးများ အရွယ်ရ၍ ရဟန်းဖြစ်သော်မှ ပဏ္ဍိတ သု[illegible] စသည့် မူလအမည်များကသာ သာသနာဝယ် မော်ကွန်းတင်နေ၏သို့

www.burmeseclassic.com

www.burmeseclassic.com

သူတို့ရှိ မူလပထမ မှတ်တမ်းကသာ ထင်ရှားနေရစ်လိမ့်မည်။

သို့တစေလည်း ဦးဆောင်သည် နောက်လိုက်ထက် မည့်သည်ကို သုံးသပ်၍ ဤ၌ ဦးဆောင် တပုဿအား အရဟတ္တမဂ်ပိုင်ရှင်အဖြစ် မှတ်တမ်းတင်လိုက်သည်။

ဤမျှဆို သံတူကြောင်းကွဲများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော မြန်မာ့ဥက္ကလာပ၊ အိန္ဒိယဥက္ကလာပ အငြင်းပွားမှုကြီး ပြီးပြေလောက်ပေပြီ။

သိင်္ဂုတ္တရကုန်းမှာ၊ လလိတာဂီရိမှာ ဘုရားတည်သည်လည်း ပြီးပြေလောက်ပေပြီ။

စာမပါ ဗလာစကား သဒ္ဒါအား နားဝယ်တပ်ဆင်ထား နားဝင်ကြစေ။

တစ်ဖန် အိန္ဒိယ ဝေဘာရ၊ မြန်မာ့ဝေဘာရတို့ အကြားမှ ကဿပထေရ်နှစ်ပါး၏ အငြင်းပွားမှုဘက် ဆက်ကြဦးစို့။

**ခုတင်တေဒင်္ဂရ အရှင်မဟာကဿပသည် အလောင်းတော်ကဿပပိုင်ရှင်အစစ်**

သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့။

ဤနေ့သည် ဘုရားရှင် သဉပါဒိသေသ (ခန္ဓာငါးပါးသာကြွင်းပြီး ကိလေသာအကြွင်း မရှိတော့သော) နိဗ္ဗာန်မှ အနုပါဒိသေသနိဗ္ဗာန် (ခန္ဓာငါးပါးပင် အကြွင်းမရှိတော့သောနိဗ္ဗာန်) သို့ စံဝင်တော်မူသည့်နေ့ သို့မဟုတ် ကိလေသာနိဗ္ဗာန်မှ ခန္ဓာနိဗ္ဗာန်သို့လည်းကောင်း၊ လက်ကျန်ရှိနိဗ္ဗာန်မှ လက်ကျန်ပြတ်နိဗ္ဗာန်သို့ လည်းကောင်း ပြောင်းလဲခံယူသောနေ့။

ဘုရားရှင်သည် ထိုနေ့မတိုင်မီ ၄ လ အလို ပြာသိုလပြည့်နေ့ကပင် နောက် ၄ လမြောက် ကာလအရောက်တွင် ငါဘုရား ပရိနိဗ္ဗာန်စံဝင်မည်ဖြစ်ကြောင်းကို ပရိသတ်အား ကြိုတင်မိန့်ပြီးသား။

သို့အလျောက် ထိုအတောအတွင်း. . .

ပုဂ္ဂိုလ်၌သာမေးတင်- ဘုရား

ကြားရဖူးသည်မှာ ရွှေတိဂုံစေတီတော်တည်ပြီးနောက် တပုဿသည်လည်းကောင်း၊ ဘလ္လိကသည်လည်းကောင်း သာမန်ဥပါသကာများ မဟုတ်ကြတော့ဘဲ အရိယာဥပါသကာများအဖြစ် ရောက်သွားကြသည် ဆို၏။ ဤ၌ စဉ်းစားစရာ ဝင်လာပါသည်။ ထိုအချိန်က မြန်မာပြည်၌ သာသနာမထွန်းကားသေး။ ဝိပဿနာတရားပြဆရာများလည်း မရှိသေး။ သို့စင်လျက် ထိုညီနောင် အရိယာဘောင်သို့ မည်သည့်ဖောင်ဖြင့် ကူးဝင်ကြသနည်း။

သို့ လည်းကောင်း၊ ဓမ္မသို့ လည်းကောင်း ဉာဏ်မသက်ဝင်နိုင်ကြသေးသည့် လူ၊ ရှင်၊ ရဟန်းများသည် သာသနာပြော ပြောရသော် သက်တော်အထင်အရှားဘုရား ပရိနိဗ္ဗာန်ဝင်စံမသွားမီ ဖူးမြော်လိုက်သည်မှရှိရှိဆိုကာ သူ့ထက်ငါ သွားရောက်ဖူးမြော်ကြ၏။

တစ်ဖန် ဘုရား၌ ပုဂ္ဂိုလ်သို့ စိတ်မေးမတင်- ဗုဒ္ဓနှင့် ဓမ္မသို့သာ ဉာဏ်ဝင်စားလိုသူ လူ၊ ရှင်၊ ရဟန်းများကလည်း ဘုရားဟောဓမ္မကို ဘုရားရှင် ပရိနိဗ္ဗာန်မစံမီကာလမှာပင် အပြီးလိုက်နာပြီးသားဖြစ်စေရန် ဆိုကာ အပြင်းအထန် အားထုတ်နေကြ၏။ ထိုစဉ်-

မုတင်ဆောင် အရှင်မဟာကဿပ ကိုယ်တော်ကြီးကား ရဟန်းကိစ္စ ပြီးစီးပြီးသောအရှင်မြတ် ဖြစ်နေခြင်းကြောင့် ပုထုဇဉ်များလို အစွဲရစ်ပတ် ယောက်ယက်ခတ်ခြင်းလည်း အလျှင်းမရှိ။ ကိလေသာ ကာမကြောအတွင်း တောရှင်းနေစရာကိစ္စလည်း မရှိ။

သို့ဖြစ်ရကား အရှင်မြတ်သည် နေမြဲတိုင်းတော့ ဆောင်မြဲတိုင်း ခုတင်၊ ဆင်ခြင်မြဲ ဓမ္မ၊ ခန္ဓာခွင် ဉာဏ်မြင်ကပ်လျက်က နေတော်မူချိန်။

ထိုစဉ် ဘုရားရှင် ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီ။

ဤသတင်း တစ်ခဏချင်းအတွင်း တိုက်လုံးကျွတ် ပျံ့နှံ့ရိုက်ခတ်လာချေရာ အရှင်မြတ်နားတော်သို့အထိ ရိုက်ခတ်လာချေပြီ။

ထိုစဉ် နောက်ပါရဟန်းငါးရာတို့နှင့်အတူ မိမိသီတင်းသုံးသည့် နေရာမှ ကုသိနာရုံသို့ ရှေးရှုကြွလာတော်မူ၏။ သို့ကြွလျက်က လမ်းခုလတ်တွင် ကုသိနာရုံ ဘုရားပရိနိဗ္ဗာန်စံရာမှပြန်လာသော သုဘဒ္ဒအမည်တွင်သည့် ရဟန်းကြီးတစ်ပါးနှင့် ဆုံမိကြ၏။

ထိုစဉ်-

"ငါ့ရှင်၊ ဘယ်ကလာသနည်း"

အရှင်မြတ်က အမေး-

"ငါ့ရှင်၊ ဘုရားပရိနိဗ္ဗာန်စံရာ ဌာနမှ ပြန်ခဲ့ပါ၏"

သုဘဒ်က ဖြေ၏။

ထိုသုဘဒ်က တစ်ဆက်တည်းပင် စကားဆက်ပြန်၏။

"ငါ့ရှင်တို့၊ အရှင်ဂေါတမ ပရိနိဗ္ဗာန်စံဝင်တာ အမြင်ကောင်းလှပါ၏။ အကြားလည်း ကောင်းလှပါ၏။ အကယ်၍သာ သူရှိနေသေးခဲ့သော် ထိုအရှင်ဂေါတမက ငါတို့ ရဟန်းလောကကြီးအား ဘာမလုပ်ရ၊ ဘာလုပ်လျှင် ဘယ်အပြစ်ဖြင့် ထိစေရမည် စသည်များဖြင့် ချုပ်ချယ်နေဦးမည်။ ယခုသော် ငါတို့ ရဟန်းလောကကြီးအတွက် တစ်တောရှင်းသွားပြီ။ အကျဉ်းအကျပ်များမှ ထွက်နိုင်ခဲ့ကြပြီ"

ဤတောထွက်ကြီး သုဘဒ် (သုဘဒ္ဒ)၏စကားများကြောင့် အရှင်မြတ်၌ (သာသနာ့နောင်ရေး တွေးဆလျက်က) ဓမ္မသံဝေဂတစ်ချက် ထွက်ပေါ်စေခဲ့ပြီ။ ယင်းမှာ-

'ကြည့်စမ်း- ဘုရားရှင်မှ ပရိနိဗ္ဗာန်စံဝင်ခါစရှိသေး၊ သာသနာ့ဝန်ထမ်းများ၏သန္တာန်၌ကား ဩဝါဒ



www.burmeseclassic.com

www.burmeseclassic.com

များ လျော့ပါးနေချေပြီကော။

နောင် ဘုရားနှင့် သည့်ထက် သည်ဝေး သဒ္ဒါများ အစေးပြယ်သွားသော်' ဟူ၍။

ဤ၌ ဘုရားရှင်နှင့် ရဟန်းကြီး သုဘဒ်တို့၏နောက်ကြောင်း သိရန် လိုသေး၏။

တစ်ချိန်က ဤသုဘဒ်ရဟန်းကြီးသည် သိတင်းသုံးဖော်အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင် စကားနိုင် ငြင်းကြရာမှ မခံချင်စိတ်က ထကြွလာပြီး မယားဟောင်းထံသွားကာ ဘုရားရှင်နှင့် နောက်ပါ ရဟန်းငါးရာတို့အား အရုဏ်တွင် ယာဂုဆွမ်းကပ်ပေးရန် စီမံ၏။

မယားဟောင်းကား ပစ္စည်းကလည်း ပါးရှား၏။ စေတနာလည်း နွမ်းပါးနေ၏။ သို့စင်လျက် လင်ဟောင်းအလို့ငှာ မလွန်ဆန်ရဲသောကြောင့် လိုက်ပါပြုလုပ်ပေးရ၏။

ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၊ မြင်တော်မူရာ ထိုနေ့နံနက် ထိုအိမ်ထက်တက်မိသည်နှင့် ဘုရားရှင်သည်-

"ချစ်သမီး၊ သင့်ယာဂုဆွမ်းက သင့်သဘောဆန္ဒအတိုင်း ပြုလုပ်လေသလော၊ သူတစ်ပါးပယောဂကြောင့်ပင် ပြုလုပ်ရလေသလော"

မေးတော်မူ၏။

"မှန်လှပါ၊ ရဟန်းကြီး သုဘဒ်အမိန့်အရ ပြုလုပ်ရပါသည် ဘုရား"

ဖြေ၏။

တစ်ဖန် ရဟန်းကြီးသုဘဒ်သို့ ဘုရားရှင်က မေးတော်မူပြန်၏။

"သုဘဒ်၊ ဤယာဂုဆွမ်း သင်စီမံလေသလော"

"မှန်လှပါဘုရား၊ တပည့်တော်စီမံတာ အမှန်ပင်ဖြစ်ပါသည်ဘုရား"

ဖြေ၏။

ထိုစဉ် ဘုရားရှင်သည် ရဟန်းများဘက် လှည့်တော်မူလျက်က-

"ရဟန်းတို့၊ ချစ်သားရဟန်းများသည်-

(က) ဉာတိ- မိမိ၏ မိဘ၊ ညီအစ်ကို မောင်နှမ စသည် ဆွေမျိုးမတော်ခဲ့လျှင်၊

(ခ) ပဝါရိတ- အလှူခံပါရန် ဖိတ်ကြားထားသူမဟုတ်ခဲ့လျှင်. .

ကာယဝိညတ်- ကိုယ်အမူအရာပြမှုများဖြင့်လည်း မတောင်းရ။ ဝစီဝိညတ်- နှုတ်ဖွင့်လွှတ်၍လည်း မတောင်းရ။ တောင်းမိခဲ့သော် ထိုရဟန်း ရပစ္စည်းလည်းစွန့်၊ ပါစိတ်အာပတ်လည်း သင့်စေ"

ဤသို့လျှင် ဝိနည်း (ပညတ်တော်)တစ်ပုဒ် ထုတ်တော်မူ၏။ တစ်ဆက်တည်း-

"ရဟန်းတို့၊ ဤယာဂုဆွမ်းသည်လည်း ဉာတိ-ပဝါရိတ မဟုတ်ဘဲ တောင်းခံထားသည့် ယာဂုဆွမ်းဖြစ်နေသဖြင့် ရဟန်းများမသုံးအပ်"

မိန့်တော်မူကာ ထိုယာဂုဆွမ်းများကို ဘုရားလည်းမသုံး၊ ရဟန်းများလည်း မသုံး။ သို့ဖြင့် ဘုရားရှင်နှင့် ရဟန်းများ ကျောင်းသို့ ပြန်ကြွခဲ့ကြတော့သည်။

ဤသည်ပင် ရဟန်းကြီးသုဘဒ်က ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ချက်တည်း။

ယနေ့ ထိုသုဘဒ် ဘုရားရှင်အား အလဲထိုးပြန်လာသောနေ့၊

ယနေ့ ထိုသုဘဒ် သူ့အငြိုးအတိုးပါယူပြီး ပြန်လာသောနေ့။

ယခု အရှင်မြတ်နှင့်တွေ့ရချိန်ပါလာသောအငြိုးထုပ် နှုတ်မှနေဖြေချပြလိုက်မိ၏။

သို့ဖြင့် အရှင်မြတ် ဓမ္မသံဝေဂရခြင်း ဖြစ်၏။

ဤကား အနာဂတ်အတွက် ပထမသင်္ဂါယနာတင်ရာ၏ ပထမအချက်တည်း။

အရှင်မြတ်သည် ထိုမှနေ ကုသိနာရုံဘက် ခရီးဆက်လက်ကြွတော်မူ၏။

ကုသိနာရုံ၌ကား-

မလ္လာမင်းများသည် နံ့သာထင်းများ စုစည်းစေပြီး ထင်းတလားပုံ ပုံကြ၏။ ထို နံ့သာထင်းပုံကြီး၏အထက်၌ ညက်သော အခင်းပြင်ကို အောက်ခံအဖြစ်ထား၍ ဘုရားရှင့်အလောင်းတော်အား တင်ထားကြ၏။ ထိုစဉ် ဖူးခွင့်ရများက အားပါးတရ ဖူးမြော်ကြ၏။ ဖူး၍ဖူးမဝသူများက သည်းအူလှိုက် ငိုယိုကြ၏။ တာဝန်ရှိသူများက မီးရှို့ရန်ဟန်ပြင်သဂြိုဟ်ပွဲဆင်ကြ၏။

သို့တစေလည်း ဘုရားရှင်၏အလောင်းတော်ထားရာ ထင်းပုံကြီးက မီးပြင်းများ ပို၍ ပို၍ ရှို့သော်လည်း မလောင်။

ထို့ထက်ထို အပြင်းများ ပို၍ ပို၍ ပိုသော်မှလည်း မလောင်။

ထင်းအစား ဆီများလောင်း၍ ပေါင်းရှို့သော်မှ မလောင်။

သို့နှင့် မင်းနှင့်ပြည်သူများ အခက်ကြုံနေရချိန် အရှင်မြတ်နှင့် နောက်ပါရဟန်းများ ထင်းတလားပုံကြီးအနီး ရောက်ရှိလာချေပြီ။ ထိုစဉ် အရှင်မြတ်သည်-

ပထမ ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုက်၍ ဘုရားရှင်အား ဂါရဝပြုပါသည်။ ပြီးသော် မြေမှာဝပ်စင်း ထိုခြင်းကြီးငါးဖြာတို့ဖြင့်လည်း ဂါရဝပြုပါသည်။

သည်သို့ အရှင်မြတ်၏ဂါရဝပြုပြီးလျှင်ပြီးချင်းမှာပင် ဘုရားရှင်သည် ထင်းတလားပုံ၏ အပြင်ထက်မှာပင် သက်ရှိအလား ရပ်လျက်သားလည်း အဖူးတွေ့ခံပါသည်။

'ငါ မရှိသည့်နောက် ငါ့သားကြီး သာသနာ့သုံးရပ်အပေါ်နှင့် သံဃာထုအပေါ်၌ ရပ်တည်လျက်က နေရစ်ပေတော့'

ဟူ၍ ဗျာဒိတ်တော်ခြွေနေသည့်အလား အမူအရာများလည်း ပြသတော်မူပါသည်။

ထိုအရှင်မြတ် မျက်တောင်မခတ် စိတ်မပြတ်စွာ ဖူးတွေ့ပြီးသည်နှင့် သူနဂို အလိုလိုအတိုင်း လဲလျောင်းလျက်ကပင် ဖူးတွေ့ခွင့်ရတော့၏။

သူ့နဂိုအလိုလိုကပင် တေဇောဓာတ်လောင်ကျွမ်းသွားတော့၏။

ကိလေသာနိဗ္ဗာန်မှ ခန္ဓာ့နိဗ္ဗာန် နန်းစံမြန်းတော်မူလေပြီ။

သည်မှာတွင် အရှင်မြတ်၏ သန္တာန်၌ အနာဂတ်သာသနာ့အရေး ဒုတိယမြောက်အတွေး ဝင်လာခဲ့ပါ၏။ ယင်းကား. . .

'အနာဂတ်သာသနာ ရှည်ကြာအောင် မည်သို့ ဆောင်ရွက်ရပါမည်



www.burmeseclassic.com

www.burmeseclassic.com

နည်း' ဟူ၍။

**သာသနာ့အသက် အရှင်မြတ် ဦးထိပ်ထက်၌ တည်ရှိနေသည်**

အရှင်မြတ်သည်-

ဘုရားပရိနိဗ္ဗာန်စံရာ ကုသိနာရုံပြည်ရှိ အင်ကြင်းဥယျာဉ်၌ ဘုရားရှင့်တေဇောဓာတ်ဖြင့် (ဘုရားရှင့်ခန္ဓာတွင်းက တေဇောဓာတ်များ မီးအဖြစ်ပြောင်းလဲခြင်းဖြင့်) လောင်ကျွမ်းသည်ကို ကြပ်မတ်ပေးတော်မူ၏။

ခန္ဓာတော်အသွင်ပြောင်းလျက်က ဓာတ်တော်ကျဖြစ်သည်ထိလည်း ကြပ်မတ်တော်မူ၏။

ထိုဓာတ်တော်များ ဝေငှပြီးစီးသည်ထိလည်း ကြပ်မတ်တော်မူ၏။

ဘုရားရှင်၏ ပရိနိဗ္ဗာန်စံပွဲကြီး ပြီးစီးသွားပြီ။ ဆိုင်ရာ မင်းများနှင့် ပြည်သူအများ သူ့ဌာနေသူ ပြန်သွားကြပြီ။ သို့ကြောင့်-

အရှင်မြတ်လည်း မိမိ အမြဲသီတင်းသုံးရာ ပိပ္ပလိဂူသို့ ပြန်ကြွလာခဲ့ပြီး ပိပ္ပလိဂူ၌သီတင်းသုံးလျက်ကပင် နောင် သုဘဒ္ဒရဟန်းကြီးမျိုး သာသနာအတွင်း တိုးဝင်လာခဲ့သော် သာသနာ တာရှည် မတည်မည့်အရေး အနာဂတဉာဏ်တော်ဖြင့် မျှော်တွေးဆင်ခြင်တော်မူကာ သင်္ဂါယနာတင်ရန်ကိစ္စ စီစဉ်ဆောင်ရွက်တော်မူပါသည်။

သင်္ဂါယနာ ဟူသည်-

သံဃာတော်များ သံပြိုင် စုပေါင်း ရွတ်ဆိုပွဲ။ ထိုပွဲဝယ် ရဟန္တာအရှင်မြတ်ငါးရာ စုပေါင်းတော်မူကြရာ-

(က) အရှင်မြတ်က အကြီးအကဲတာဝန်ယူပါသည်။

(ခ) အရှင်အာနန္ဒာက ဘုရားဟောခဲ့သမျှပွဲလည်ချပြရေး တာဝန်ယူပါသည်။

(ဂ) ကြွင်း ၄၉၈ တို့က ဝန်ဆောင်တာဝန်ယူကြပါသည်။

ထိုငါးရာသော ရဟန္တာအရှင်တို့သည် ဘုရားဟောကြား ဩဝါဒစကားများကို သုံးမျိုးသုံးစားပုံစုထားတော်မူကြကာ ပထမ အရှင်အာနန္ဒာက ဘုရားဟောများကို ဘုရားဟောထားသောအတိုင်း နှုတ်ထွက်စကားပြောကြား၏။

ထို့နောက် အများက-

၁။ ဒါ သီလနှင့်ဆိုင်၏။ ဝိနယပိဋကအဖြစ် သတ်မှတ်ကြစို့။

၂။ ဒါကျတော့ သမာဓိအရာ။ သုတ္တန္တပိဋက သတ်မှတ်ကြစို့။

၃။ ဒါကျတော့ ပညာအတွက်။ အဘိဓမ္မာပိဋက သတ်မှတ်ကြစို့။

သည်သို့လျှင် ဘုရားဟောကြားနှစ်ဆူတို့ကိုကား အရှင်အာနန္ဒာကချည်း တာဝန်ယူကာ-

၁။ သူကိုယ်တိုင်လည်း အသက်ထက်ဆုံး ဆောင်သွားတော်မူ၏။

၂။ သူ့ထံရောက် သာဝကများအားလည်း ဆောင်စေတော်မူ၏။

ဤနည်းဖြင့် ယခုတိုင် ဘုရားသာသနာ တာရှည်စေခဲ့ပါသည်။

* သည်သို့ ပိဋကသုံးပုံလုံး အက္ခ

**ဘုရားရှင်၏အလောင်းတော်ထားရာ ထင်းပုံကြီးက မီးပြင်းများ ပို၍ ပို၍ ရှိသော်လည်း မလောင်။ သို့နှင့် မင်းနှင့်ပြည်သူများအခက်ကြုံနေရချိန် အရှင်မြတ်နှင့်နောက်ပါရဟန်းများ ထင်းတလားပုံကြီးအနီး ရောက်ရှိလာချေပြီ။ ထိုစဉ် အရှင်မြတ်သည် ပထမ ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုက်၍ ဘုရားရှင်အား ဂါရဝပြုပါသည်။ ပြီးသော် မြေမှာဝပ်စင်း ထိခြင်းကြီး ငါးဖြာတို့ဖြင့်လည်း ဂါရဝပြုပါသည်။ သည်သို့ အရှင်မြတ်၏ဂါရဝ ပြုပြီးလျှင်ပြီးချင်းမှာပင် ဘုရားရှင်သည် ထင်းတလားပုံ၏ အပြင်ထက်မှာပင် သက်ရှိအလား ရပ်လျက်သားလည်း အပူးတွေ့ခံပါသည်။**

အဆုံးအမစကားများကို သီလအပုံ၊ သမာဓိအပုံ၊ ပညာအပုံ ဟူ၍ သုံးပုံခွဲဝေ ထည့်သွင်းတော်မူကြ၏။

ပြီးသော်-

ပိဋကတစ်ပုံချင်း၊ တစ်ကျမ်းချင်း၊ တစ်သုတ်ချင်း သံပြိုင် စုပေါင်း ရွတ်ဆိုတော်မူကြ၏။

ဤကား သင်္ဂါယနာတင်မြင်ကွင်း။

သည်သို့ စုပေါင်းရွတ်ဆိုတော်မူကြပြီးနောက်. . .

(က) ဝိနယ ပိဋကတော်အား အမြဲဆောင်ထားရန် အရှင်ဥပါလိကို တာဝန်ပေးတော်မူကြ၏။

ဥပါလိ မထေရ်ကလည်း ဤဝိနယပိဋကတော်ကို-

၁။ သူကိုယ်တိုင်လည်း အသက်ထက်ဆုံး ဆောင်တော်မူ၏။

၂။ သူ့ထံရောက် သာဝကအားလုံးကိုလည်း အမြဲဆောင်စေတော်မူ၏။

(ခ) ကျန်ရှိနေသည့် သုတ္တန္တပိဋကတော်နှင့်အဘိဓမ္မာပိဋကတော်ရာ၊ ပုဒ်၊ ပါဠိ မယွင်း အာဂုံဆောင်ထားခြင်းဖြင့် နောင်အဓမ္မအရေးအခင်း သံဃာထုအတွင်း ပေါ်ပေါက်လာပါက ဖြေရှင်းပေးရန် လက်ကိုင်ရစေခဲ့ပါသည်။

* ကျင့်လို ပွင့်လိုသေးသည့် ဝေနေယျများအတွက်လည်းလမ်းညွှန်မြေပုံအဖြစ် တည်ရှိစေခဲ့ပါသည်။

* ကျင့်ဆဲ ပွင့်ဆဲ လက်ရှိဝေနေယျများလည်း မိမိလက်ရောက်ဓမ္မများ စစ်,မစစ် ချင့်ကြည့်၊ တိုင်းကြည့်၊ ချိန်ကြည့်စေနိုင်ခဲ့ပါသည်။

အရှင်မြတ်၏ သင်္ဂါယနာကသည်မျှအထိ အကျိုးများပါသည်။

အနာဂတ်သို့ဆန် အရှင်မြတ်၏ အနာဂတံသ ဉာဏ်တော်ကြောင့်ပင် ယနေ့၏ ယခုတိုင်-

(က) အာဂုံဆောင် အဆက်ဆက်ကလည်း ပုဒ်၊ ပါဠိမပျက် မြေပုံကျမ်းထွက် ရွတ်လျက်ကပင်



www.burmeseclassic.com

www.burmeseclassic.com

(ခ) အကျင့်ဝင် အဆက်ဆက်က လည်း ကျင့်နည်းမပျက်သိက္ခာ စဉ်ဝင်လျက်ကပင်။

(ဂ) အပွင့်ရှင် အဆက်ဆက်က လည်း အပွင့်မပျက် အကျင့် ထား ဖဝါးတင်လျက်ကပင်။

ဤသည်မှာ အရှင်မြတ်၏ ပထမ သံဝေဂမှုဖြစ်သော အနာဂတ် သာသနာ၏အသီးအပွင့်များ ဖြစ်ပါ သည်။

**မှတ်ချက်**

ထို သင်္ဂါယနာပွဲကား ၁၄၈ ခုနှစ်၏ ဝါခေါင်လပြည့်ကျော် ၁ ရက် နေ့မှ တပေါင်းလပြည့်အထိ ဆို၏။

**ဒုတိယနိမိတ်နှင့် အနာဂတ်သာသနာ**

အရှင်မြတ်အား ဘုရားရှင် သေရာမှထ ရုပ်တန့်ပြခဲ့သည့် နိမိတ် တော်နှင့်ပတ်သက်၍ လုပ်ဆောင်စ ရာအတွက် အချက် ၂ ချက် တွေ့ရ ပါသည်။ ယင်းမှာ-

(က) ဘုရားကိုယ်စား ကိုးကွယ်ရန် ထားခဲ့သော ဓာတ်တော်များ၊

(ခ) ဘုရားသာသနာ အများသူငါ တို့ အယုံတိုးရန် ကိုယ်တွေ့ ထားခဲ့ရန် သာသနာ ၂ ချက်။ ထိုစဉ်-

က။ အရှင်မြတ်သည် သူ၏ သက်တမ်းကို ဆင်ခြင်သောအခါ ၆ နှစ်မျှကျန်ရှိတော့သည်ကို သိရ၏။ ထို ၆ နှစ်အတွင်း လုပ်စရာရှိသည် များ လုပ်ဆောင်သောအားဖြင့် အ ရှင်မြတ်သည် အဇာတသတ်မင်းကြီး နှင့်တိုင်ပင်၍ ဓာတ်တော်များ ပြန့် ကျဲပျောက်ကွယ်မသွားစေရန် ဝေစုရ မင်းများအား ကိုးကွယ်ရုံမျှသာ ပေး ထားခဲ့၍ ကြွင်းသောဓာတ်တော်အား လုံးတို့ကို ရာဇဂြိုဟ်၏ အရှေ့ဘက် ဣသိဂိလိတောင်ခြေ၌ စုပေါင်းကာ ဌာပနာထားစေခဲ့သည် ဆို၏။

**မှတ်ချက်-** ယင်းဌာပနာနှစ်ကို သက္ကရာဇ် ၁၆၈ ခုနှစ်ဟု တွေ့ရ၏။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အနှစ် ၂၀ တွင် ဖြစ်နေ၏။

အရှင်မြတ် ပရိနိဗ္ဗာန်စံသည် ကား ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် ၆ နှစ်မြောက် ဆိုထားရာ သက္ကရာဇ် ၁၅၄ ဖြစ်နေပါသည်။ သို့ဆိုသော် ထို ၁၆၈ ခုနှစ်တွင် အရှင်မြတ် မရှိတော့ ပါ။ ပထမ အဇာတသတ်လည်း ရှိ မည်မထင်။ သုတေသီများ စိစစ်ကြ ရန်။

သည်သို့ ဓာတ်တော်များ ဌာ ပနာတိုက်ခန်းဖွဲ့၍ ထားစေရာ၌ နောင်တွင် သိရီဓမ္မာသောကမင်းအ မည်ဖြင့် သာသနာပြုမင်း ပေါ်ထွန်း လာချိန် တိုင်းကြီး ၁၆ တိုင်းတို့၌ စေတီပုထိုးများ တည်ထားကိုးကွယ် မည့်အကြောင်းကိုပါ ရွှေပြားထက် စာဖြင့်ရေး၍ထားခဲ့သည် ဆို၏။

မှတ်ချက်-

သိရီဓမ္မာသောကမင်းကြီးလက် ထက်ရောက်သောအခါတွင် ထိုဓာတ် တော်များကို မြေအောက်ဌာပနာ တိုက်ခန်းများမှထုတ်ယူကာ စေတီ ပုထိုးများ တည်ထား ကိုးကွယ်တော် မူလေရာ ငါတို့မြန်မာပြည်အတွင်း၌ ပင် စေတီပေါင်း မြောက်မြားစွာ ဖူး ခွင့်ရစေခဲ့ပါသည်။

သိရီဓမ္မာသောကမင်း၏ သဒ္ဓါ ဆန္ဒက သည်မျှပင် မရပ်ဘဲ-

၁။ ဘုရားဖွားတော်မူရာ လုမ္ဗိနီ မှာလည်း အထိမ်းအမှတ်ထား ပေးသေး၏။

၂။ ပွင့်တော်မူရာ ဗုဒ္ဓဂယာမှာ လည်း မဟာဗောဓိစေတီတည် ထားပေး၏။

၃။ တရားဦးဟောရာ မိဂဒါဝုန်မှာ လည်း စေတီတည်ပေးထား၏။

၄။ ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံ မှာလည်း ကိုယ်ပွားတော်တည် ထား၏။

သို့ဖြင့်ပင် သိရီဓမ္မာသောက မင်းကြီးသည် အများတကာတို့ မြင် သာစေသော၊ ထိုအများတကာတို့ သဒ္ဓါထက်စေသော၊ အများတကာ တို့ သာသနာ၌ အယုံတိုးစေသော စေတီပေါင်းများစွာကို ဓာတ်တော် ပေါင်းများစွာ ဌာပနာ၍ တည်ထား ပေးခဲ့ပါသည်။

သည့်နောက်တွင်ကား ကိုယ် တွေ့ထားရာ သာသနာအတွက်-

ဘုရားသာသနာ နောင်အခါ ဘယ်တိုင်းပြည်မှာ ထွန်းကားလေ မည်နည်း။

သာသနာတော်အား အများစု ကိုးကွယ်မည်မှာ အဘယ်နေရာဖြစ် မည်နည်း။ ဤအကြောင်းများပေါ် အရှင်မြတ်သည် စိတ်တော်ညွတ်၍ လည်း မတွေးဘဲမနေ၊ အနာဂတံသ ဉာဏ်တော်ဖြင့်လည်း မကြည့်ဘဲမ နေ။

သာသနာ့ဦးသျှောင်ဖြစ်သော ထိုအရှင်မြတ် ဤအကြောင်းအရာ များအပေါ် တွေးမည်၊ ကြည့်မည် ကား ဧကန်ပင်။

ထိုအခါ မြန်မာပြည်သည် ဘုရားရှင် အလောင်းတော်ဘဝများ စွာဖြင့် နေခဲ့ဖူးသည်ကိုလည်း မြင်သိ တော်မူပါမည်။

ဘုရားဖြစ်သောအခါတွင်လည်း နောင် အနာဂတ်သာသနာအတွက် ဓာတ်သက်ချသောအားဖြင့် ကြွ ရောက်ခဲ့ပုံများကိုလည်း မြင်သိတော် မူပါမည်။

ဆံစမှ ဖဝါးတိုင်အောင်သော ဘုရားရှင်၏ခန္ဓာတော်များလည်း ဤ မြန်မာပြည်၌ အစုံအလင်တည်ရှိနေ မည်ကို မြင်သိတော်မူပါမည်။

တစ်ဖန် ဘုရားကိုယ်စား သာ သနာအတွက် တာဝန်ခံအရာထားခဲ့ သော ထိုအရှင်မြတ် ရှေ့သာသနာ နှင့် နောက်သာသနာအကြား စောင့် ရှောက်မှုပေးသောအားဖြင့် ဓာတ် တော်သို့မသက်၊ အလောင်းတော် ခန္ဓာသက်သက်ဖြင့် ထိုမြန်မာပြည်မှ နေ ထမ်းဆောင်ရမည်ကိုလည်း မြင် သိတော်မူပါမည်။

ဤမြင်သိပေါင်း များစွာသည် အရှင်မြတ်၌ ဧကန်ပင် ဖြစ်ပေါ်ပါ မည်။ ထိုဧကန်များသည် သာသနာ တော်ကြီးအတွက် အရှင်မြတ်တာဝန် ခံရမည့် ဧကန်များပင်တည်း။

သာသနာ ရှေ့-နောက် ပါရမီ လမ်းဖောက်ပေးမည့် ဧကန်များပင် တည်း။

ဘုရားကိုယ်စား ဓာတ်သေခန္ဓာ ကြွင်းထား၍ ကျွတ်ထိုက်သူများသို့ စောင့်စားနေမည့် ဧကန်များတည်း။

မဟာဗောဓိမြိုင်ဆရာတော် (ဝနဝါသီဒွေယျာဓမ္မသာမိထဝိရ်)




www.burmeseclassic.com

www.burmeseclassic.com


# ဆရာတော်ဦးမှဲ့တို့ ညောင်ကန်ရွာမှ ကြေးခေတ်သင်္ချိုင်းဟောင်း

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

လူတို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်း မှတ်တိုင်ကြားတွင် ခရီးသွားနေကြသူများ ဖြစ်ကြသည်။ လူ့ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထိုမွေးခြင်း၊ သေခြင်းကိစ္စများကိုလည်း ပိုမိုအဆင့်မြင့်စွာ စီမံတတ်လာကြလေသည်။ အသုဘချခြင်း (Funeral)၊ မြှုပ်နှံသဂြိုဟ်ခြင်း (Bury)၊ ဂူသွင်းခြင်း (Entomb)၊ မီးသဂြိုဟ်ခြင်း (Cremation)၊ အရိုးကောက်ခြင်း၊ အရိုးပြာများကို စွန့်ပစ်ခြင်း စသော ဈာပနအမှုများကိုလည်း ရိုးရာဓလေ့အလိုက် ဆောင်ရွက်ကြလေ၏။ သင်္ချိုင်း (Burial ground, Graveyard, Cemetry) ဟူသည် ချောက်ချားဖွယ်နေရာတစ်ခုဖြစ်သလို တရားသံဝေဂရစရာနေရာတစ်ခုလည်း ဖြစ်ပါသည်။ ထို့ပြင် တိမ်မြုပ်ပျောက်ကွယ်နေသော ခေတ်ဟောင်းတစ်ခုကို ပြန်လည် အသက်ဝင်စေသောနေရာတစ်ခုလည်း ဖြစ်တတ်ပါသေး၏။ မည်သို့ဖြစ်စေ လူများစွာတို့ ကြောက်ရွံ့ထိတ်လန့်စွာ ရှောင်ကွင်းတတ်ခဲ့သော ထို သင်္ချိုင်း ဆိုသည့်







ညောင်ကန်ရွာမှ
ဆရာတော်ဦးမှဲ့ဗိမာန်တော်နှင့်
ရှေးဟောင်းဘုရားစေတီတော်များ



www.burmeseclassic.com

www.burmeseclassic.com




ညောင်ကန်သချိုင်းဟောင်း
သို့သွားရာလမ်းမှ
စေတီငယ်များ



ညောင်ကန်ရွာမှ ဆရာတော်ဦးဗုမ်မိ...
ရှေးဟောင်းဘုရားစေတီတော်...




ညောင်ကန်မြန်မာ့ကြေးခေတ်
ယဉ်ကျေးမှုဒေသမှ
ကြေးပစ္စည်းများ



ညောင်ကန်တစ်ဝိုက်မှ
မြန်မာ့ကျေးလက်
အိမ်ကလေး

နေရာတစ်ခုသို့ ကိုယ်တို့ တကူးတကန့် သွားရောက်ခဲ့ကြသည်။ ညောင်ကန်ရွာအပြင်ဘက်မှနေရာ။

**ဆရာတော်ဦးဗုမ်တို့ရဲ့ညောင်ကန်ရွာ**

ညောင်ကန်ရွာသည် မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်မှ ရွာကြီးတစ်ရွာ ဖြစ်၏။ 'ဗုမ်အစ၊ ဗုမ်အလယ်၊ ဗုမ်အဆုံး' ဟူသော ဆိုစကားဖြင့် ဗုဒ္ဓ၊ ရှင်မဟာဗုဒ္ဓဃောသ၊ ဆရာတော်ဦးဗုမ်ဟု တွဲလျက် နာမည်ကြီးသည့် ညောင်ကန်ဆရာတော်

ကျေးခေတ်သချိုင်းဟောင်းတွင်
လူသေများကို အိုးများနှင့်အတူး
မြှုပ်နှံထားပုံ



www.burmeseclassic.com

www.burmeseclassic.com

ဦးဗုဓ်၏ရွာပါပေ။ ထိုရွာလေးနှင့် မနီးမဝေးတွင် ရှေးဟောင်းသုတေသနဌာနက 'ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဒေသ' ဟု ခေါ်သော ရှေးခေတ်သင်္ချိုင်းဟောင်း ရှိနေ၏။ ထိုနေရာ၌ ကိုယ်တို့ရှေးဟောင်းသုတေသနလေ့လာသူတစ်သိုက်သည် ကြေးခေတ်သင်္ချိုင်းများတွင် လူသေမြှုပ်နှံကြသည့်ဓလေ့ကို လေ့လာခဲ့ဖူးပါသည်။

ညောင်ကန်ရွာလမ်းမမှ သစ်ပင်အုပ်အုပ်ကြီးများကို အရိပ်ခိုကာ ရွာပြင်သို့ ထွက်ခဲ့ကြ၏။ ရွာထဲတစ်နေရာတွင် အဆောက်အအုံငယ်တစ်ခုကို စိတ်ဝင်စားဖွယ် တွေ့ရှိလိုက်ရသည်။ 'ဆရာတော်ဦးဗုဓ် မွေးဖွားရာအောင်မြေအထိမ်းအမှတ်ဌာန ဓမ္မဗိမာန်တော်' ဟူသော မြေစိုက်တိုက်ငယ်လေး ဖြစ်၏။ ယင်း၏ခြံဝင်းအတွင်းတွင် စိုက်ထူထားသော ကမ္ပည်းကျောက်စာကို သတ်သတ်အချိန်ယူကာ ဝင်ရောက် ဖတ်ကြည့်ဦးမည်ဟု တေးမှတ်လိုက်သည်။ ရွာသာရွာ ရွာတန်းရှည်တစ်လျှောက်တွင် ကျေးလက်ဆန်သော မြန်မာအိမ်ကလေးများကို တွေ့ရ၏။ သက်ငယ်မိုး၊ သစ်သားအိမ်လေးများ၊ ထို့နောက် တောလမ်းလေးများ၊ ယာခင်းများ၊ လျှိုမြောင်များ၊ ဘုန်းကြီးကျောင်းပျက်များကို ဖြတ်သန်းခဲ့ရသည်။ ရွာသာယာ၏ အနောက်မြောက်ဘက် (၁) မိုင်ခွဲခန့် တောလမ်းကွေ့လေးတစ်နေရာတွင်မူ 'ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုဒေသ' (Bronze Age Cultural Heritage Zone-Nyaung Kan Village) ဟူသော ဆိုင်းဘုတ်ကို ဘွားခနဲ တွေ့လိုက်ရ၏။ ဆီးပင်၊ ငှက်ပျောပင်များအကြားမှ ဝင်ရောက်သွားသောအခါတွင်ကား သင်္ချိုင်းမြေသို့ ရောက်လေတော့သည်။

## ရှေးဟောင်းသုတေသနပညာဆိုသည်မှာ

လူသားတို့သည် လူဟူ၍ ဖြစ်ပေါ်လာကာ မတ်မတ်ရပ်နိုင်ပြီးနောက် တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခဲ့သည်။ လူ့ခေတ်ဦးတွင် သဘာဝကျောက်ဂူများ၌ နေကြကာ အသိဉာဏ်ကို အသုံးချကြည့်ရင်း ကျောက်တုံးကျောက်ခဲများကို လက်နက်သဖွယ် ပြုလုပ်သုံးစွဲခဲ့ကြ၏။ ယင်းကို 'ကျောက်ခေတ်' ဟုခေါ်ကြသည်။ ကျောက်ခေတ်အစပိုင်း ကျောက်ခေတ်ဟောင်းကာလ (Paeliolithic) တွင် အဆင့်နိမ့်သေးသဖြင့် ကြမ်းသော ကျောက်လက်နက်များကိုသာ သုံးတတ်ကြသေး၏။ ထို့နောက် အနည်းငယ် ချောမွတ်သော ကျောက်လက်နက်သုံးသည့် ကျောက်ခေတ်လယ်ကာလ (Mesolithic)၊ ထိုမှ ကျောက်လက်နက်ကို ပြောင်လက် ချောမွတ်အောင် သွေးယူနိုင်သော ကျောက်ခေတ်နှောင်းကာလ (Neolithic) များကို ဖြတ်သန်းလာခဲ့ကြသည်။ ထိုကျောက်ခေတ်များကို ကျော်လွန်သောအခါ ကြေးသုံးစွဲတတ်လာသည့် ကြေးခေတ်၊ သံကို နိုင်နင်းစွာကိုင်တွယ်အသုံးပြုလာသည့် သံခေတ်များသို့ ရောက်ရှိလာကြသည်။ ထို့နောက် စာပေ ဟူ၍ ပေါ်ပေါက်လာကာ လူ့သမိုင်းတွင် ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်များကို ကမ္ပည်းများတင်နိုင်ခဲ့ကြ၏။

လူပေါ်ဦးစအချိန်မှစပြီး သမိုင်းမတင်မီ အချိန်အထိသော လူ့ယဉ်ကျေးမှု၏ရှေးဦးကာလဖြစ်စဉ်များကို ရှေးဟောင်းသုတေသနပညာ (Archaeology) ဖြင့်သာ လေ့လာဖော်ထုတ်ရပါ၏။ စာပေဖြင့် မှတ်တမ်းတင်နိုင်ခဲ့သော ခေတ်ကာလများကိုမူ သမိုင်းဘာသာရပ် (History) က ဆက်လက်လေ့လာ တင်ပြသွားပါတော့သည်။

ထို့ပြင် လူသေတို့၏ ရုပ်ခန္ဓာပိုင်းဆိုင်ရာများကိုလည်း ရုပ်ပိုင်းမနုဿပညာရပ်ခွဲ (Physical Anthropology) ဖြင့် သိပ္ပံနည်းကျ လေ့လာတင်ပြနိုင်ပါ၏။ သက်ရှိတို့ ဆင့်ကဲပြောင်းလဲဖြစ်စဉ် ဒါဝင်သီအိုရီ (Darwin's Theory of the Evolution of Species) ကို အခြေခံပြီး လေ့လာကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်း မနုဿဗေဒ (Paleoanthropology)အရ မြန်မာပြည် ပုံတောင်၊ ပုံညာအရပ်ရှိ (Amphipithecus) နှင့် (Pondaungia) ပရိုင်းမိတ်များကဲ့သို့သော ကမ္ဘာ့ရှေးဦးလူများမှ ယခုခေတ်အဆင့်မြင့်ဉာဏ်ရှိလူ (Homosapiens) များအဖြစ် မည်သို့အဆင့်ဆင့် ပြောင်းလဲ ရောက်ရှိလာပုံကိုလည်း လေ့လာကြ၏။ သို့ဖြင့် ရှေးဦးလူတို့ ကြိုးစားရှန်းကန်ရင်း ကိုယ်ခန္ဓာရုပ်သွင်သဏ္ဌာန်များလည်း အဆင့်ဆင့် ပြောင်းလဲကာ ထူးထွေကွဲပြားသော ကမ္ဘာ့လူမျိုးများအဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။

## မြန်မာ့ကြေးခေတ်ကာလများ ရှိ၊ မရှိ

မြန်မာနိုင်ငံတွင် အခေါင်းပါသောကြေးပုဆိန်များ (Socket Bronze Axes)၊ ကြေးလှံသွား (Spear) များကို ၁၉၃၈ ခုနှစ်မှစ၍တွေ့ရှိလာခဲ့သည်။ ဗြိတိသျှဘူမိဗေဒပညာရှင် မစ္စတာတီအိုမောရစ်က မြန်မာ့ဒေသအသီးသီးမှ တွေ့ရသော ရှေးဟောင်းကြေးလက်နက်များကို ထိုနှစ်ထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်တွင် ဖော်ပြခဲ့၏။ ထိုကြေးထည်များကား မြေပေါ်တွေ့ (Surface findings)များ ဖြစ်ကြသည်။ သို့ရာတွင် ကြေးခေတ်ထွန်းကားရာဒေသကို မတွေ့နိုင်သေးဘဲရှိနေခဲ့၏။ ထို့ကြောင့်လည်း ပညာရှင်များက မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ခြင်း မရှိဟုပင် ဆိုလာကြသည်။ တွေ့ခဲ့သော ကြေးပစ္စည်းများမှာလည်း နိုင်ငံရပ်ခြားမှ သယ်ဆောင်လာခြင်း ဖြစ်မည်ဟု ယူဆကြ၏။

သို့သော် ယခုအခါ ညောင်ကန်ဒေသတွင် ကြေးထည်များ တူးဖော်တွေ့ရှိလာသောကြောင့် ကြေးခေတ်တစ်ခေတ် မြန်မာ့မြေတွင် ထွန်းကားခဲ့သလောဟု ယူဆနိုင်လာပြီ ဖြစ်သည်။ ညောင်ကန်မှ တူးဖော်ရရှိခဲ့သော ကြေးပုဆိန်၊ ကြေးလှံသွား၊ ကြေးမြားခေါင်းများမှာ ပြည်တွင်းဖြစ်များသာဖြစ်ပေမည်ဟု ဆိုချင်ကဆိုနိုင်၏။ သို့သော် ညောင်ကန်မှ ကြေးပုဆိန်များ၊ မြေအိုးများမှာ ထိုင်းနိုင်ငံဘန်ပရာဆပ်မှ တူးဖော် ရရှိသော ကြေးပုဆိန်များ၊ အနီရောင်ပြောင်ချောအိုးများ၏ ပုံသဏ္ဌာန်နှင့်လည်း ပုံစံဆင်တူနေလေရာ ရှေးခေတ်ကာလကပင် ယဉ်ကျေးမှုကူးလူးဆက်ဆံခဲ့၏ဟု ခန့်မှန်းနိုင်ပြန်သည်။

ညောင်ကန်မှ မိုင် (၃၀) ခန့်အကွာ မုံရွာမြို့တစ်ဖက်ကမ်း ချင်းတွင်းမြစ်အနီးတွင် ကြေးနီများထွက်သော ကြေးစင်တောင်နှင့် အမှတ် (၁) ကြေးနီစီမံကိန်း ရှိနေခဲ့သည်။ ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခေတ်ဒေသသို့ သွားသော လမ်းတစ်လျှောက်မှ ရွာလေးများ၏ အိမ်ဝိုင်းတိုင်းတွင်လည်း ရိုးရာနည်းနှင့် ကြေးတုံးများရအောင် ပြုလုပ်နေကြသော မြေကန်လေးများကို တွေ့ခဲ့ရ၏။ ကျောက်မျက်တောင်ကျေးရွာတွင်လည်း ကြေးကြိုမီးဖိုအဟောင်းများဟုထင်ရသောနေရာများရှိသည်။ ထို့ကြောင့် ညောင်ကန်တစ်ဝိုက်တွင် ကြေးသတ္တု သယံဇာတများ ရှိနေကြောင်း၊ ရှေးအခါကပင် တစ်နိုင်တစ်ပိုင် ထုတ်လုပ် သုံးစွဲခဲ့ကြောင်း၊ ယနေ့ခေတ်တိုင် ထွက်ရှိနေကြောင်း သိသာနေ၏။ ရှေးအခါကပင် သုံးနိုင်လောက်အောင် ကြေးထွက်ခဲ့သလော။ ယခုအခါ အများအပြား ထုတ်လုပ်သုံးစွဲနိုင်ရဲ့လား။ ဤမေးခွန်းများအတွက်တော့ ဆက်လက် လေ့လာသုတေသနပြုရမည်သာ။


## ညောင်ကန်ဒေသ ဆိုသော ထိုအရပ်

ညောင်ကန်ယဉ်ကျေးမှုဒေသ (Nyaung Kan Site) သည် ညောင်ကန်ရွာ၏ အနောက်တောင်ဘက် (၁) မိုင်အကွာတွင် ရှိသည်။ မြောက်လတ္တီတွဒ် (၂၂) ဒီဂရီ (၁၀) မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၅)ဒီဂရီ၊ ပင်လယ်ရေမျက်နှာပြင်အထက်(၅၀၀) ပေခန့်၌ တည်နေ၏။ တောင်ကုန်းစောင်းဆင်ခြေလျှောတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် အလျားပေ (၆၀၀)၊ အနံ(၂၅၀)ပေရှိသော ယနေ့လက်ရှိယာခင်းတစ်ခုဖြစ်ကာ ငက်ပျောနှင့် ဆီးသီးများလည်း စိုက်ပျိုးထား၏။ အရပ်က 'အရိုးကုန်း' ဟု ခေါ်ပြီး ဆရာတော် ဦးသုဒဿန၏ 'ညောင်ကန်သာသနာဝင်'စာအုပ်၌ 'ရိုးတော်ချောင်' ဟု ဖော်ပြထားသောနေရာ ဖြစ်သည်။ ထိုကုန်းစောင်း၏ အရှေ့ဘက်တွင် အ က် ပေ (၃၀၀)၊ (၅၀၀) ခန့်ရှိသော မီးတောင်ပေါက်ကြီးတစ်ခုရှိပြီး ယင်းကို 'ရှင်မချောက်' ဟု ခေါ်ကြပါသည်။ ထိုယာခင်းတစ်ဝိုက်တွင် လူအရိုး၊ မြေအိုးနှင့် ကြေးစကြေးန စသော ရှေးဟောင်းပစ္စည်းအချို့တွေ့ရှိခဲ့ရာမှ တူးဖော် လေ့လာရန် အကြောင်းဖန်လာတော့၏။

ယင်းနေရာတွင် မီးတောင်ကျောက်များ ရောနှောနေသော မြေဆီလွှာများနှင့် အဝါရောင်၊ အညိုရောင်၊ သဲဆန်သောနုန်းမြေဟု မြေအမျိုးအစား(၂)မျိုးသာ ရှိသည်။ အာလူးကျောက်အသေးစားလေးများကို နေရာအနှံ့တွေ့မြင်ရသဖြင့် တစ်ချိန်က ဤနေရာကို ရေလွှမ်းမိုးခဲ့ဟန်လည်းရှိသည်။ လူတို့နေထိုင်ခဲ့ဟန်တူသော ပို့ကျမြေလွှာ (Habitation Layer) ကိုမူ လုံးဝမတွေ့ခဲ့ရပေ။ ထို့ကြောင့် မြေလွှာခွဲခြားမှုမှာ မရှုပ်ထွေးလှ။ မီးတောင်ဟောင်းနှင့် မနီးမဝေးနေရာများမှာ ကုန်းငယ်၊ ချောက်ငယ်များ ဝန်းရံနေသည်။ မီးတောင်အတွင်းချိုင့်နှင့် အောက်ဘက်လူနေချိုင့်ဝှမ်းများတွင် ယခုအခါ နှမ်း၊ ပဲစင်းငုံ၊ ငရုတ်၊ ငှက်ပျောပင်နှင့် ကြံပင်များကို စိုက်ပျိုးထားကြသည်။

## ညောင်ကန်သချိုင်းဟောင်းမြေမှ အရိုးများ

ထိုညောင်ကန်ရှေးဟောင်းဒေသကို မန္တလေးရှေးဟောင်းသုတေသနဌာနခွဲမှ ပဏာမ စတင် တူးခဲ့၏။ ထို့နောက် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနနှင့် ရှေးဟောင်းသုတေသနပညာဌာနတို့ တွဲဖက်ကာ ဆက်လက်တူးဖော်ပြီး သုတေသနပြုခဲ့ကြ၏။ ထိုသို့ တူးဖော်ရာတွင် အကွက်ချစနစ် (Grid System)ဖြင့် (၁၅)ပေပတ်လည်ကျင်းကွက်ငယ်ပေါင်း (၂၃) ကွက်ကို စနစ်တကျ တူးဖော်ခဲ့ကြသည်။ ထို့





ကျေးခေတ်သချိုင်းဟောင်းတွင် လူသေများကို အိုးများနှင့်အတူ မြှုပ်နှံထားပုံ



www.burmeseclassic.com

www.burmeseclassic.com

နောက် ဆက်လက်ပြီး အလွယ်တကူ လေ့လာနိုင်စေရန် ထိုကျင်းကွက်ငယ်များကိုခြုံကာ ကျင်းရှည်စနစ် (Long Trench) ဖြင့် (၄၀× ၂၄) ပေ၊ (၄၀× ၁၈) ပေ၊ (၈၀× ၂၄) ပေအရွယ် ကျင်းရှည်များကို တူးဖော်ခဲ့ပြန်၏။ ပြီးသော် မြေခုံများပြုလုပ်ကာ လေဒဏ် မိုးဒဏ်၊ လူနှင့် တိရစ္ဆာန်များအန္တရာယ်မှ ကာကွယ်ရန် အဆောက်အအုံ (၅) လုံး ဆောက်လုပ် အုပ်မိုးပြီး ထိန်းသိမ်းထားလိုက်၏။ ၁၉၉၈ခုနှစ်အတွင်း (၂) လမျှသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ရာ ပြည့်စုံမှုမရှိလှသေးပါ။ ပတ်ဝန်းကျင်ဒေသများတွင်ပါ တူးဖော်နိုင်မှ အထောက်အထား လုံလောက်စွာ ရပေမည်။

ထိုသို့ ညောင်ကန် ကြေးခေတ်ဒေသအား ရှေးဟောင်းသုတေသနဌာနမှ တူးဖော်မှု လေ့လာရာ လူရုပ်ကြွင်းများမြှုပ်နှံရာ နေရာဟောင်း၊ ရှေးဟောင်း အုတ်ရိုးနှင့် ကျောက်ခေတ်လယ်ယဉ်ကျေးမှု (Mesolithic culture)များ၊ ပြည့်စုံလုနီးပါး လူအရိုးစုနှင့် အရိုးအပိုင်းအစများ၊ အဆင့်မြင့် ကြေးလက်နက်ကြီး၊ငယ်ပုံစံ(၁၀) မျိုးခန့်၊ ကြေးချောင်းလွန်ဘူးစူး (၁) ခု၊ ခဲပြားလိပ် (၇) လိပ်၊ ကျောက်ချောကွင်းကြီး၊ငယ်ပုံစံ(၁၀)မျိုးခန့်၊အလယ်တွင် ဖောက်ထားသော ကျောက်ပုတီးစေ့(Cylinder)ပုံ၊ မြေအိုးအကြမ်း၊ အချော၊ လည်ပင်းတို-ရှည်၊ ကြီး-ငယ် ပုံစံ (၁၅) မျိုးခန့်၊ အိမ်မွေးနှင့် အသားစားတိရစ္ဆာန်ရိုးများ၊ ယောက်သွားနှင့် ခရုခွံများကို တွေ့ရှိခဲ့သည်။

တူးဖော်သည့် ကျင်းကွက်အားလုံးနီးပါးတွင် အရိုးစုနှင့် ဘေးပတ်လည်တွင် မြေအိုးများကို တွေ့ရှိရ၏။ ဆင်ခြေလျှောကုန်းမြေ၏မြေပြင်မှ အတိမ်ဆုံး (၇) လက်မအနက်နှင့် အနက်ဆုံး (၂) ပေ၊ (၈) လက်မ။ အနက်တွင် အရိုးစုများကို တွေ့ရှိရသည်။ အများစုမှာ အရိုးအဆစ် ကြီးမားသူများဖြစ်ကြပြီး အရပ်အပုဆုံး (၃) ပေမှ၊ အရပ်အရှည်ဆုံး (၅) ပေ၊ (၉) လက်မအရွယ်အထိရှိကြသည်။ အရိုးခေါင်းအားလုံးနီးပါးတွင် သွားများ အပြည့်အစုံပါရှိသည်ကို ထူးခြားစွာ တွေ့ရှိရသည်။ ကြေးခေတ်တွင် သွားရောဂါကင်းကာ သွားများလည်း ကောင်းနေကြသည်။

## ကြေးခေတ်တွင် သေသူများအား မြှုပ်နှံသဂြိုဟ်ပုံဓလေ့

ညောင်ကန်ကြေးခေတ်လူများသည် သေဆုံးသူများအား မြှုပ်နှံရာတွင် သင်္ချိုင်းနေရာ သတ်သတ်မှတ်မှတ်ထားပြီး အတည်တကျ မြှုပ်နှံခဲ့ကြသည်။ နေရာအတည်တကျရှိပြီး အရင်မြှုပ်ထားသူအပေါ်မှထပ်၍မြှုပ်နှံခြင်း၊ ဒုတိယအကြိမ် ပြန်လည်သဂြိုဟ်ထားခြင်းများလည်းရှိရာ ထိုခေတ်လူများသည် ဤနေရာတစ်ဝိုက်တွင် နှစ်ပေါင်း ထောင်ချီပြီး အဆက်ဆက် စွဲမြဲစွာနေခဲ့ဟန် တူသည်။ ညောင်ကန် ရှေးဟောင်းသင်္ချိုင်းတွင် အလောင်းများကို တိုက်ရိုက်မြှုပ်နှံမှုဓလေ့(PrimaryBurial)ဖြင့် မြှုပ်နှံထားကြောင်း တွေ့ရှိရ၏။ သို့သော် ဒုတိယအကြိမ် မြှုပ်နှံသဂြိုဟ်ခြင်းဓလေ့ (Secondary Bur-ial) ဖြင့် မြှုပ်နှံခြင်းလည်း ရှိနေပါသေးသည်။ တောင်စောင်း၊ ဆင်ခြေလျှောနှင့် ကုန်းမို့မို့များ၌မြှုပ်နှံလေ့ရှိကြ၏။ အများအားဖြင့် မြောက်ဘက်သို့ ခေါင်းထားပြီး အစီအစဉ်ကျကျ (alignment) မှန်မှန် မြှုပ်နှံထားသည်။ ခြွင်းချက်အနေဖြင့် တောင်ဘက်သို့ ခေါင်းပြုမြှုပ်နှံထားသော အလောင်း (၂) ခုကိုလည်း မြောက်ဘက်ခေါင်းပြုအရိုးစုများနှင့် တစ်နေရာတည်းတွင် တွေ့ရှိရ၏။ မြှုပ်နှံရာ၌ လူသေအားလုံးနီးပါးကို ပက်လက်အနေအထားအတိုင်း လက်နှစ်ဖက် ဘေးချဆန့်တန်းပြီး မြှုပ်ထား၏။ အချို့ကို ဘေးတိုက်ယှဉ်လျက် လည်းကောင်း၊ အချို့မှာ အထက်၊ အောက်ထပ်လျက် လည်းကောင်း၊ အချို့မှာ (၁) ပေခန့်ခွာပြီး ဘေးတိုက် အထက်၊ အောက်အဖြစ် လည်းကောင်း၊ အချို့မှာ ကွေးခေါက်လျက်လည်းကောင်း မြှုပ်နှံထားလေသည်။ အချို့နေရာများ၌ အလောင်းတစ်လောင်းအပေါ်မှ နောက်ထပ်အလောင်းများ ထပ်ထပ်ပြီး မြှုပ်နှံထားသည်များကိုလည်း တွေ့ရသည်။

ကျင်းကွက်အမှတ်(၆-၁၄)တူးဖော်မှုတွင် မြေပြင်မှ (၃) ပေခွဲအနက်၌ ကိုယ်ထည်မပါဘဲ ဦးခေါင်းတစ်ခုတည်းအား မေးရိုးနှင့်တွဲလျက် အဝန်း (၃၉) လက်မခန့်ရှိသော အိုးကြီးတစ်လုံးတွင်ထည့်ပြီး အပေါ်မှ အိုးငယ်တစ်လုံးဖြင့် ဖိပိတ်လျက် သီးခြား မြှုပ်နှံထားသည်ကို တွေ့ရ၏။ ယင်းအား ပူဇော်ပ,သသည့်အနေဖြင့် (၆)ပေခန့်အကွာတွင် ဆေးနီသုတ်၊ လည်ပင်းရှည်၊ အောက်ခြေချိုင့်အိုးကောင်း (၅) လုံးကို စီတန်းလျက် အိုးကြီးတစ်လုံးဖြင့်ကပ်လျက် မြှုပ်နှံထားသေးသည်။ ထိုသူသည် ယခင် ရှေးဦးက သေဆုံးထားပြီးဖြစ်သော လူမျိုးအကြီးအကဲ ဘာသာရေး ခေါင်းဆောင်တစ်ဦးဖြစ်နိုင်ပြီး သူ့ခေါင်းနှင့် မေးရိုးကိုသာ ယူဆောင်ပြီး ဒုတိယအကြိမ်သဂြိုဟ်ထားခြင်းဖြစ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ထိုခေါင်းနှင့် မေးရိုးတွင်ပါသော သွားများသည် အချိန်ကြာမြင့်စွာကပင် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသည်ကို တွေ့ရှိရာ အခြားရုပ်ကြွင်းများမှ သွားများထက် များစွာ ရှေးကျနေကြောင်း သိနိုင်သည်။ ထို့ကြောင့် ထိုခေါင်းသည် အခြားရုပ်ကြွင်းများနှင့် သက်တမ်းတစ်ခုတည်းတွင် ယဇ်ပူဇော်ထားခြင်း မဖြစ်နိုင်ပါ။ အိုးအမျိုးအစားများနှင့် ထားရှိပုံအရလည်း ထိုသို့ ယူဆနိုင်ပါသည်။

သို့ဖြစ်ရာ ထိုအချက်များကြောင့်၊ သံအသုံးအဆောင် မတွေ့ရခြင်းကြောင့် ကြေးခေတ်ကာလမှ လူများနေထိုင်ခဲ့သည်ကို လည်းကောင်း၊ လူသေကို မီးရှို့ပြာချပြီး အရိုးအိုး၌ထည့်ကာ မြှုပ်နှံလေ့ရှိသော အိန္ဒိယယဉ်ကျေးမှုဩဇာသက်ရောက်မှုမရှိသေးဟု လည်းကောင်း ခန့်မှန်းရပါသည်။


## နောင်ဘဝယုံကြည်မှု

နောက်ဘဝတွင်လည်း ယခုဘဝကဲ့သို့ ပြည့်စုံစေရန် ရည်ရွယ်လျက် သေသူအား ယခုဘဝတွင် မွေးမြူ သုံးစွဲ စားသောက်ခဲ့သော တိရစ္ဆာန်များ (နွား၊ ခွေး၊ ဆတ်များ၏ ခေါင်း၊ ခြေ၊ လက်များ)၊ အသုံးအဆောင်ပစ္စည်းများ၊ မြေအိုးများ၊ ကြေးလက်နက်ကိရိယာများ၊ကျောက်ချောကွင်းများ၊ ကျောက်ပုတီးစေ့များ၊ ခရုပုတီးစေ့များ၊ လည်ဆွဲများနှင့် မော်ပညာလက်ဖွဲ့ပြုလုပ်နိုင်သော ခဲပြားများကိုပါ အတူယှဉ်တွဲလျက် ထည့်သွင်းမြှုပ်နှံပေးလေ့ ရှိပါသည်။ ကျောက်ကွင်း ဝတ်ထားသည့် အချို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးဗုဒ်
ကျောက်စာတော်



ညောင်ကန်ရွာမှ
ဆရာတော်ဦးဗုဒ်ဗိမာန်တော်

အရိုးစုများမှာ မိန်းမအရိုးစုများဖြစ်နေသည်ကိုလည်း ထူးခြားစွာ တွေ့ရှိရသည်။

ကျောက်ချောကွင်းများကို လက်ကောက်ဝတ်တွင် ဖြစ်သည့်နည်းဖြင့် တပ်ဆင်ပေးထားခြင်းမှာ ရည်ရွယ်ချက်နှင့်ဖြစ်မည်။သေသူသည် နောင်ဘဝတွင်လည်း ယခုဘဝမှာကဲ့သို့ လက်မှုပညာ ပြောင်မြောက် ကျွမ်းကျင်စွာပြုလုပ်ထားသော အဆင့်မြင့် ကျောက်ချောကွင်းများ ပြုလုပ်ပိုင်ဆိုင်စေရန်၊ လူမှုအဆင့်မြင့်မားစေရန်၊ မျိုးနွယ်ဆက်သတ်မှတ်ချက်ကို နောက်ဘဝအထိ ပါသွားစေရန်၊ ဘာသာရေးတန်ခိုးအရှိန် ရရှိသွားစေရန် ထည့်သွင်းပေးခြင်းများ ဖြစ်နိုင်၏။ ယခု တူးဖော်တွေ့ရှိရသော အရိုးစုများမှာ အမျိုးသားများဖြစ်ကြောင်းလည်း စစ်ဆေးတွေ့ရှိရသည်။ ထို့ပြင် နောင်ဘဝတွင် မှော်ပညာလက်ဖွဲ့များကို ပြုလုပ်သုံးစွဲနိုင်စေရန်လည်း ခဲပြားလိပ်လေးများကိုပါ ထည့်သွင်းမြှုပ်နှံပေးလိုက်ကြသေး၏။

တူးဖော်မှုများတွင် ကျင်းကွက်အမှတ် (N4) ၌ နွားခေါင်းကို အိုးထဲထည့်ပြီး လည်းကောင်း၊ (G2) တွင် ခွေးခေါင်းနှင့် (S6) တွင် ခွာပါသော တိရစ္ဆာန်များ၏အရိုးစုများကို လည်းကောင်း၊ သေသူနှင့်အတူ ဦးစားပေး၍ မြှုပ်နှံထားသည်ကိုလည်း တူးဖော်တွေ့ရှိရ၏။ သို့ဖြစ်ရာ ညောင်ကန်ကြေးခေတ် လူများသည် သူတို့အသက်ရှင်စဉ်က အဓိက အသုံးဝင်သော အကျိုးပြုသည့် နွား၊ ခွေးများကို ကောင်းမွန်စွာ ထည့်သွင်းသင်္ဂြိုဟ်ထားသည့်သဘော ဖြစ်နိုင်ပေသည်။ သေသူနှင့်အတူ သူ့ခွေးကိုထည့်သွင်းမြှုပ်နှံရန်မှာ ထိုသူသေသည့် အချိန်တွင် ထိုခွေးပါ တစ်ပြိုင်တည်း သေခဲ့သလား၊ မသေပါက သူနှင့်အတူမြှုပ်နှံရန် သတ်ရမည်လား ဆိုသည်မှာတော့ စဉ်းစားစရာ။

တူးဖော်မှုများတွင် အရိုးစုတို့ကို အိုးများ၏အောက်မှာ အိုးများနှင့် ဝန်းရံလျက် အိုးများဖြင့်ထိပြီး စသဖြင့် နည်းမျိုးစုံဖြင့် တွေ့ခဲ့ရ၏။ အချို့ကိုတော့ အိုးတစ်လုံးမှမပါဘဲလည်း မြှုပ်နှံထားသည်ကို တွေ့ရသည်။ အိုးများမြှုပ်နှံရာတွင်လည်း အိုးကြီးအတွင်း၌ အိုးငယ်လေးများ ထည့်သွင်း မြှုပ်နှံခြင်းလည်း ရှိသည်။ အိုးကြီးထဲတွင် လူ၊ တိရစ္ဆာန်၊ နွားဦးခေါင်းများ ထည့်သွင်း မြှုပ်နှံသည်လည်းရှိ၏။ အိုးကြီးနှင့် အိုးလတ်တို့တွင် အရိုးစများကို မြေသားနှင့် ရောနှောထည့်သွင်းမြှုပ်နှံသည်ကိုလည်း တွေ့ရ၏။ (M2, SE1) တို့တွင်မူ လုံးအရွယ် အိုးငယ်လေးများကို အရိုးစု၏ ဦးခေါင်းပိုင်းနှင့် ခြေရင်းပိုင်းများတွင်သာ မြှုပ်နှံထားကြောင်းပင်ရှိနေသည်။ အိုးများထဲတွင် ခရုခွံကြီးများ၊ အရိုးစများ၊ ပုတီးစေ့များနှင့် တစ်ခါတစ်ရံ ကြေးပုဆိန်၊ ကြေးမြားသွားများပင် ထည့်သွင်းမြှုပ်နှံထားသည်ကိုလည်း တွေ့နိုင်၏။

## ညောင်ကန်သင်္ချိုင်းဟောင်းမှအရိုးစုများ


ယင်းတို့အနက်မှ လူသားရုပ်ကြွင်းအရိုးစုများတွင် အရိုးစု (၁၆)စုံမှာ အတော်ပြည့်စုံပြီး ကျန်အရိုးစုများမှာ မပြည့်စုံပါ။ အရိုးများသည် အပေါ်မြေသားဖိအား၊ အောက်ဘက်မြေ၏ တွန်းကန်အားများကြောင့် ကွဲအက်ကာ မိုးရေစိမ့်ဝင်မှုနှင့် ကြွက်တွင်းများကြောင့် ရွေ့လျားမနေခဲ့ပေပြီ။ ထိုအရိုးစုများကို လေ့လာ တိုင်းထွာကြည့်ရာ ခေါင်းပုံသဏ္ဌာန်မှာ စံနှုန်း (၇၅)၊ (၈၀) အတွင်းရှိသဖြင့် ခေါင်းလုံးမျိုးဖြစ်ပြီး မျက်နှာပွင့်မှာ မဝိုင်းမရှည် ဖြစ်၏။ ဦးနှောက်ခန်းပမာဏမှာ (၁၅၀၀)စီစီခန့်ရှိရာ အသိဉာဏ်မြင့် လူအဆင့်ဖြစ်သော ယခုခေတ်လူ (Homo sapiens) ပင် ဖြစ်၏။ ဦးနှောက်ပမာဏ (၁၀၀၀) စီစီသာရှိသော ပီကင်းလူ (Peking Man)၊ ဂျာဗားလူ (Java Man) တို့ထက် သာပါသည်။ သွားများအားလုံးနီးပါး ပြည့်စုံကြသည်။ အရပ်အပုဆုံးမှ အရှည်ဆုံးအရိုးအထိ သွားကောင်းသည်ကိုတွေ့ရသည်။ ကြိတ်ဝါးပွန်းတီးနေမှုကိုသာ တွေ့ရှိရသဖြင့် အသက်ကြီးမှ သေဆုံးခြင်းလည်းဖြစ်နိုင်ပေသည်။ အသက် (၁၃) နှစ်ရွယ် ကလေးရုပ်ကြွင်းနှစ်ခုကိုလည်း တွေ့ရ၏။ တစ်ဦးမှာ မိဘဟု ယူဆရသော မိန်းမ၊ ယောကျ်ား စုံတွဲအလောင်းနှင့် ဘေးချင်းယှဉ်လျက် (၆)လက်မစီ နိမ့်မြင့်အကွာတွင် တွေ့ရသည်။ တစ်ချိန်တည်းသေဆုံးကြခြင်း ဟုတ်,မဟုတ်ကိုမူ အရိုးများ၏ သက်တမ်းကို မစစ်နိုင်သဖြင့်မသိရပေ။ အရပ်အမောင်းမှာ (၅) ပေ၊ (၉) လက်မဝန်းကျင်နှင့် ရင်အုပ်အကျယ် (၁၅) လက်မခန့်ရှိကြသည်။ ကိုယ်ခန္ဓာ ပြေပြစ်ပြီး ထွားကျိုင်းသန်စွမ်းကြသဖြင့် အသားဝါမျိုးနွယ်များ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com






ညောင်ကန်ကျေးခေတ်ယဉ်ကျေးမှုဒေသ
အမှတ်တရ



(၂၀၀၀-၅၀၀၀) အတွင်းမှ ညောင်ကန်ကြေးခေတ်လူများသည် ကျန်းမာသန်စွမ်းပြီး တီထွင်ကြံဆတတ်သည့် ဦးနှောက်အသိဉာဏ်နှင့် စွမ်းဆောင်နိုင်အား မြင့်မားကြောင်း သုံးသပ်ကြည့်နိုင်၏။

အုပ်အိုင်ရွာ တူးဖော်မှု၌ တွေ့ရသည့် စားကြွင်းစားကျန်များ၊ အရိုးများတွင် မူလစားသောက်စဉ်ကပင် ခွဲထားဟန်တူသော တိရစ္ဆာန်ရိုးများကို တွေ့ရ၏။ အရိုးကို ထုခွဲပြီး ရိုးတွင်းခြင်ဆီကို ထုတ်ယူစားသောက်သောဓလေ့ရှိသည့်လက္ခဏာများပင်။ အစားအစာ စားသောက်ရာတွင် အာဟာရဖြစ်ရေးကို အလေးပေးတတ်သည့်နားလည်မှုရှိသောသဘောကိုပြနေသည်။

ညောင်ကန်သချိုင်းတွင် လူရိုးများနှင့်အတူ ရောမြှုပ်ထားသည့် ဆတ်၊ နွားပေါင်ရိုးများဟု ယူဆရသည့်အရိုးများလည်း တွေ့ရှိရသေးသည်။ ထိုခေတ်လူများသည် အိမ်မွေးတိရစ္ဆာန်နွားများအပြင် အိမ်မွေးမဟုတ်သော ဆတ်၊ သမင်တို့ကိုလည်း စားသောက်တတ်ကြောင်း ခန့်မှန်းနိုင်၏။ နွားကို အနောက်အာရှတွင် လွန်ခဲ့သော အနှစ်(၆၀၀၀)ခန့်၊ တရုတ်ပြည်တွင် အနှစ်(၃၄၀၀) ခန့်ကပင် အိမ်မွေးအဖြစ် မွေးခဲ့ကြပြီးဖြစ်သည်။ ဆိတ်နှင့် သိုးတို့ကို အနောက်အာရှတွင် အနှစ် (၇၀၀၀) ခန့်ကပင် အိမ်မွေးအဖြစ် မွေးခဲ့ကြသည်။ အိမ်မွေးအဖြစ် မွေးရာတွင် ခွေးကို အမဲလိုက်ရာတွင် အကူအညီရစေရန်ဖြစ်ပြီး နွား၊ ဆိတ်နှင့် သိုးတို့ကို အသား၊ နို့နှင့် သားရေအတွက် သုံးခြင်း ဖြစ်၏။ နောင်တွင် နွားသည် ဆွဲအားအတွက် သုံးနိုင်သည့် အဓိက သတ္တဝါဖြစ်လာကာ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် အရေးပါလာ၏။

## ညောင်ကန်ယဉ်ကျေးမှုဒေသ၏ ခေတ်ကာလ

ညောင်ကန်မှတူးဖော်ရရှိသော ပစ္စည်းများကို ခုနှစ်၊ ကာလ၊ ပိုင်းခြားပေးရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ မလုပ်နိုင်သေးပေ။ ယဉ်ကျေးမှုထွန်းကားသောကာလတစ်ခု၏တိကျသောသက်တမ်းသတ်မှတ်မှု (Absolute dating) ရရှိရန်အတွက် အရိုးစများကို ရေဒီယိုကာဗွန်ဓာတ်ခွဲစမ်းသပ်ခြင်း (Radio-Carbon Me-thod)၊ အိုးခွက်များကို (Thermolu-minisence Method) ဖြင့် ခေတ်ပိုင်းခြားခြင်းများ စစ်ဆေးပြုလုပ်ရန် လိုအပ်ပါသည်။ သက်တမ်းတိတိကျကျကို သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်နိုင်သော ကာဗွန် (၁၄) နည်းလည်း ညောင်ကန်မှာ မသုံးရသေးပါ။

သို့ဖြစ်ရာ ညောင်ကန်ယဉ်ကျေးမှုဒေသ၏သက်တမ်းကို ညှိနှိုင်းသက်တမ်း (Relative dating) အရသာ ခန့်မှန်းပြောရတော့သည်။ အိန္ဒိယပြည်တောင်ပိုင်း ကြေးခေတ် ယဉ်ကျေးမှုဒေသအချို့၏ ခေတ်ကာလအပိုင်းအခြားမှာ (၁၇၀၀ နှင့် ၁၅၀၀ ဘီစီအတွင်း) ဖြစ်ပြီး ထိုင်းနိုင်ငံ ကြေးခေတ်ယဉ်ကျေးမှုဒေသအချို့ (ဘန်ချင်း၊ နွမ်နော့ထာ၊ ဘန်ပရာဆပ်) မှာမူ (၂၀၀၀မှ ၅၀၀ ဘီစီအတွင်း) ဖြစ်သည်။တောင်အာရှနှင့် အရှေ့တောင်အာရှဒေသရှိ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားပျံ့နှံ့မှု၊ ကြေးသွန်းအတတ်ပညာများ ထွန်းကားခဲ့မှုတို့ကို နှိုင်းယှဉ် လေ့လာခြင်းအားဖြင့် ညောင်ကန်ကြေးခေတ် ထွန်းကားသောကာလမှာ(၁၅၀၀မှ ၅၀၀ဘီစီအတွင်း) ဖြစ်လိမ့်မည်ဟု ယူဆရ၏။ မြန်မာနိုင်ငံ၏ ကျောက်ခေတ်သစ်အလွန် သံခေတ်မရောက်မီကြားကာလမှာ ကြေးခေတ်ဖြစ်ပြီး သက်တမ်းအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀)မှ (၅၀၀၀) ခန့်အတွင်း (နှစ် ၃၅၀၀၀နီးကျင်ခန့်) ဖြစ်နိုင်ပါသည်။

မြန်မာ့ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ယိုးဒယား (ဘန်ချင်းယဉ်ကျေးမှု)၊ ဗီယက်နမ် (ဒုံဆုန်ယဉ်ကျေးမှု) များနှင့် အခြေခံအားဖြင့် ဆင်တူ၏။ သို့သော်လည်း ပိုမို အဆင့်မြင့်ကြောင်း ဒေါက်တာအယ်လိဇဘက်မိုး (လန်ဒန်တက္ကသိုလ်)က ကောက်ချက်ချပါသည်။


မည်သို့ဖြစ်စေ ကိုယ်တို့မြန်မာ့မြေပေါ်တွင် ကျောက်ခေတ်ဟောင်း (ဧရာဝတီမြစ်တစ်ကြော ပြဒါးလင်းဂူ)၊ ကျောက်ခေတ်လယ် (ချင်းတွင်းမြစ်ဝှမ်း)၊ ကျောက်ခေတ်သစ် (လက်ပံခြေပေါ်)၊ ကြေးခေတ်(ညောင်ကန်)၊ သံခေတ်၊ ယခု မျက်မှောက်ခေတ်စသည်ဖြင့် ယဉ်ကျေးမှုအဆင့်ဆင့်ကို ကွင်းဆက်မိမိ ရှာဖွေတွေ့ရှိဖို့မှာ မဝေးတော့ပြီဖြစ်ပါကြောင်း သမိုင်းကုန်းကအပြန်မှာ စဉ်းစားနေမိပါတော့သည်။

ကိုအေးမြင့်
(မဟာဝိဇ္ဇာ ရှေးသု)



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ထဲဝင်လိုက်ရင်ပဲ
ကျွန်တော့်ခုတင်ဆီကို
ပြန်ပြီးမသွားချင်တော့ဘူးဗျ။
စိတ်ကလည်း
ဘယ်လိုကြီးဖြစ်နေတယ်
မသိပါဘူးဗျာ။ စိတ်တွေက
လေးလံနေတာဗျ။
ဒါနဲ့ .....

ဘုန်းခေါင်

# အတ္တာနုမေတ္တံဂါထာ

## အမြဲပူဇော်၍ အသက်ဘေးကလွတ်မြောက်

ကျွန်ုပ်သည် အမြဲတမ်းမဟုတ်သော်လည်း တစ်ခါတစ်ရံတွင် မနက်လမ်းလျှောက်အပြန်တွင် အိမ်သို့ မပြန်တော့ဘဲ သူငယ်ချင်းများ၊ မိတ်ဆွေများနှင့် ဆုံဆည်းရာ လက်ဖက်ရည်ဆိုင်သို့ သွားတတ်ပါသည်။ သို့နှင့်ပင် တစ်နေ့က လမ်းလျှောက်ရာမှ အပြန်တွင် မြို့မလမ်းပေါ်ရှိ ရွှေနန်းတော် အမည်ရှိသော လက်ဖက်ရည်ဆိုင်သို့ ရောက်သွားခဲ့ပါသည်။

ကျွန်ုပ် လက်ဖက်ရည်ဆိုင်သို့ ရောက်သည်နှင့် အလယ်တန်းကျောင်းကတည်းက အတူနေခဲ့သော ကျောင်းနေဖက်သူငယ်ချင်းတစ်စုနှင့် ဆုံမိခဲ့ပါသည်။ အထက်တန်းကျောင်းမှ ခွဲခွာခဲ့ကြရပြီး တာဝန်ကိုယ်စီဖြင့် နိုင်ငံ့တာဝန် ထမ်းဆောင်နေကြရသဖြင့် မဆုံဖြစ်မကြုံဖြစ်ခဲ့ကြပါ။ ယခုတော့ အငြိမ်းစားများဘဝရောက်နေကြပြီဖြစ်၍ ပင်စင်ထုတ်ရက်များတွင် မြန်မာ့စီးပွားရေးဘဏ်တွင်ကြုံကြရမြဲဖြစ်သည်။ဘဏ်မှာ ပင်စင်ထုတ်ရက်ကြုံရမြဲဆိုသော်လည်း အချိန်မတူညီကြ။ထုတ်ရက်မတူညီကြသည့်အတွက် တစ်မြို့တည်းတွင် နေထိုင်ကြသော်လည်း မကြုံဖြစ်တာလည်းရှိပါသည်။

ကျွန်ုပ်တို့သူငယ်ချင်းတစ်စုမှာ မမျှော်လင့်ဘဲ တွေ့ကြုံလိုက်ရသဖြင့် အားလုံးအပျော်ကူးသွားကြပါသည်။ လက်ဖက်ရည်စားပွဲတွင် ကျွန်ုပ်တို့အဖွဲ့အတွက် စားပွဲနှစ်လုံး ဆက်ပေးရပါသည်။ ကျောင်းသားဘဝ နှောင်းအတိတ်ကပုံရိပ်များကို ပြန်လည်နွေးကြ၊ ကလူကျီစယ်ကြနှင့် ဝိုင်းစိုနေပါသည်။

သူငယ်ချင်းအားလုံးမှာ ဆယ်ဂဏန်းသင်္ချာကို ကရိချိုးပြီးကိုင်ထားကြသည့်အတွက် ကရို(၆)ချောင်းကိုင်တွယ်ကြပြီး ဖြစ်ပါသည်။အစွန်းထွက်ကို အပြိုင်ရေတော့မှ (၆၅) အထက်များဖြစ်ပြီး တစ်နှစ်ကွာ၊ နှစ်နှစ်ကွာများ ဖြစ်ပါသည်။ ကျွန်ုပ်မှာ ကရို (၇) ချောင်းပိုင်ရှင် ဖြစ်နေပါတော့သည်။ ကျွန်ုပ်နှင့် လပိုင်းမျှကွာသော သူငယ်ချင်း သုံး၊လေးယောက်ပါသေးသည်။

ငယ်မူငယ်သွေးတွေ ပြောလို့ဝတော့ ဇရာဘက်ကို ကူးလာခဲ့ပါတော့သည်။ နယ်တကာလှည့်ပြီး တာဝန်ဖြင့် သွားခဲ့စဉ်အခါက ကြုံခဲ့ရသော အတွေ့အကြုံများကို ပြောကြရင်းမှ ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အတိုင်း ကံကိုယုံခြင်း၊ ကံ၏ အကျိုးဆက်တို့ကို ယုံကြည်ထားပြီးဖြစ်၍ သေကံမရောက် သက်မပျောက်ဆိုသည့် ခေါင်းစဉ်ဘက်ကို ကူးခဲ့ကြပါသည်။

ကျွန်ုပ်ဘက်ကို စကားဦးလှည့်လာပါပြီ။

"ကဲ - သူငယ်ချင်း၊ မင်းက ကျောင်းသားတုန်းကတည်းက ဗိုလ်ဗွာ



www.burmeseclassic.com

www.burmeseclassic.com

မရဂမ္ဘီရသမား။ အခုလည်း ဂမ္ဘီရလိုင်း စာရေးနေတာရယ်၊ နောက်ပြီး ဘာသာရေးကျင့်စဉ်ဆောင်းပါးတွေ ရေးနေတာမို့ မင်းကြုံခဲ့တွေ့ခဲ့တဲ့ အဖြစ်အပျက်ကို တို့နားထောင်ချင်တယ် သူငယ်ချင်း။ မင်းပြောလှည့်ရောက်ပြီ"

ဟု ဝိုင်းပြီး ပူဆာကြပါတော့သည်။

**အတိတ်ကဖြစ်ရပ်မှန်တစ်ခု**

လွန်ခဲ့ပြီးသော ၁၉၆၄ - ၆၅ ခုနှစ်လောက်က ဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင်သည် တပ်မတော်မှ (နာမကျန်း) ပင်စင်ဖြင့် ထွက်လာခဲ့ပြီး ဖြစ်ပါသည်။ ကိုယ့်အိမ်ကိုယ့်ရာရောက်လို့ (၆) လထက် မကြာသေးပါ။ မူလကျန်းမာရေးက ဆိုးလာနေပါသည်။ [ကျွန်ုပ်ဖခင်၏ ရောဂါမှာ မြန်မာအလိုအရတော့ ခူနာဟု ဆိုပါသည်။ ပြည်ပဆေးပညာ အလိုအရတော့ သွေးကြောပိတ်ရောဂါလို့ နာမည်ပေးထားပါသည်။ ထိုသွေးကြောပိတ်တဲ့ ရောဂါဟာ တစ်ပါးသူကို ကူးစက်ခြင်း အလျှင်းမရှိပါ။ ဝေဒနာရှင်ရောဂါသည်မှာတော့ တစ်ကိုယ်လုံးကိုပင် ပုံ့နှံ့နေအောင်ပွားပါသည်။

ကျွန်ုပ်ဖခင်၏ရောဂါမှာ သွေးကြောပိတ်ရောဂါတွင် (၂) မျိုးရှိရာ (အဖြူမျိုးနှင့် အနက်အမျိုးအစားတို့ဖြစ်ပြီး) အနက်မျိုးဟု ဆိုပါသည်။ အကောင်းဆုံးကုထုံးမှာ ရောဂါရောက်နေရာအထက်မှ (၆) လက်မခန့်အကွာမှဖြတ်ပစ်ရခြင်းပင် ဖြစ်ပါသည်။ စာရေးသူ]

ဆေးရုံကို တက်ရောက်ကုသရပါတော့သည်။ ဆေးရုံတည်ဆောက်ထားသည့်ပုံစံမှာ အင်္ဂလိပ်စာလုံး (E) သဏ္ဌာန် ဖြစ်ပါသည်။ ဆေးရုံ၏ အဖျားစွန်းတစ်ဖက်တွင် မိန်းမဆေးရုံနှင့် ကလေးလူနာများထားပါသည်။ တစ်ဖက်ခြမ်းတွင် ကျားလူနာဆောင်ဖြစ်ပါသည်။ ထိုကျားလူနာဆောင်ကို ခွဲစိတ်ဆောင်နှင့် ဖျားနာဆောင်တို့ဖြင့် ခွဲထားပါသည်။

ကျွန်ုပ်ဖခင်မှာ ခွဲစိတ်ဆောင်တွင်နေရပါသည်။ ထိုခွဲစိတ်ဆောင်မှာ အရှေ့၊ အနောက်တန်းလျက်အဆောင်ဖြစ်ပြီး ဖျားနာဆောင်မှာ ခွဲစိတ်ဆောင်၏ အနောက်ဘက်တောင်၊ မြောက်ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်မှာ ဖခင်လူနာကို အနီးကပ်ပြုစုရန်အတွက် ဆေးရုံအုပ်ကြီးမှပင် ခွင့်ပြုထားပါသည်။

**အံ့ဩထိတ်လန့်ရပြီ**

တစ်နေ့တွင် လူနာများ ဧည့်တွေ့ရန်အချိန်မရောက်သေးမီ တစ်နာရီလောက်အလိုတွင် ဖြစ်သည်။ ကျွန်ုပ်သည် ဖခင်၏ ခုတင်ဘေးမှာ ထိုင်ရင်း စကားပြောနေစဉ် ဖြစ်၏။ ကျွန်ုပ်တို့အဆောင်၏အနောက်ဘက် အနောက်တောင်ထောင့်ဆီမှ အမိုးပြိုကျသည်ဟု ထင်ရပါသည်။ 'ဖျစ် ဖျစ် ဖျစ် ဝုန်း' ဆိုသော ပြင်းထန်သည့် အသံကြီးဖြင့် ကြောက်လန့်ဖွယ်အသံကို ကြားလိုက်ရပါသည်။ တစ်ချိန်တည်းမှာပင် ဖျားနာဆောင်တစ်ခုလုံး မီးခိုးလုံး၊ ဖုန်လုံးကြီးများနှင့် ပြည့်လျှံသွားပါတော့သည်။ အဆောင်ချင်းဆက်လျက် သွားလာရသော တံခါးများမှပင် အလိပ်လိုက်အလိပ်လိုက် တိုးဝင်လာနေခဲ့ပါတော့သည်။

ကျွန်ုပ်သည် ဖခင်အား ခွင့်ပန်ပြီး အချင်းဖြစ်ရာ ဖျားနာဆောင်ဆီကို အပြေးသွားခဲ့ပါသည်။ လက်ထဲတွင်လည်း အခင်း(အိပ်ရာခင်းစောင်) တစ်ထည်ကိုကိုင်ပြီး မီးခိုးလုံးကဲ့သို့ ဖုန်လုံးများကို ခါယမ်းပးရပါသည်။ နှုတ်မှလည်း 'ထိခိုက်ခြင်းမရှိတဲ့သူများက နီးရာပြတင်းပေါက်များကို ဖွင့်ကြပါ'ဟု အော်လိုက်ပါသည်။

ဆေးရုံမှ တာဝန်ရှိသူများ၊ အမှုထမ်းများ ရောက်ရှိလာပြီး ကယ်ဆယ်ရေး အမြန်ဆုံး ပြုလုပ်နိုင်ခဲ့ပါသည်။ ထိုဖျားနာဆောင်တွင် လူနာ (၂၀)ခန့် ဆေးကုသမှုခံယူနေကြချိန် ဖြစ်ပါသည်။ မတော်တဆဖြစ်ပွားမှုနှင့် ပတ်သက်ပြီး လူနာတစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်း၊ အနာတရဖြစ်ခြင်း မရှိခဲ့ကြပါ။

**ထူးဆန်းသည့်မြင်ကွင်း**

ထိုဖျားနာဆောင်မှာ တောင်နှင့်မြောက်ရှည်လျားသော အဆောင်ဖြစ်သည်။ လူနာခုတင်များကိုလည်း အလယ်ကောင်တွင် အူကြောင်းလမ်းထားရှိပြီး နံရံများဘက်ကို ခေါင်းပြု၍ ခြေချင်းဆိုင် ခုတင်များခင်းထားခြင်းဖြစ်ပါသည်။ အနောက်ဘက်နံရံကို ခေါင်းပြု၍ တောင်ဘက်ဖျားနံရံကို ဘေးချင်းကပ်ထားသော ခုတင်ပေါ်တွင် ထိုအဆောင်၏ မျက်နှာကြက်ပြား မွေ့ရာပေါ်တွင် ထိုးစိုက်နေသည့် အဖြစ်မှာ ရင်တုန်စရာမြင်ကွင်း ဖြစ်နေပါသည်။

**သေကံမရောက်ခဲ့သူ**

ထိုအနောက်တောင်ထောင့်တွင် ဆေးကုမှု ခံယူနေသောလူနာသည် ဆေးရုံ တက်ရောက်ကုသနေသည်မှာ တစ်လကျော်လောက်တော့ ကြာပြီဟု ထင်ပါသည်။ ထိုလူနာသည် မိသားစုဝင်များနှင့် သူ့ထံလာရောက်၍ လူနာမေးကြသော ဧည့်သည်များ လာချိန်တွင် ခေတ္တခဏလောက် အိပ်နေရာမှ ထထိုင်ပါသည်။

နောက်သန့်စင်ခန်းသွားရသော အခါများတွင် အိပ်နေရာမှ ထသွားမြဲဖြစ်သည်။ ကျန်အချိန်များတွင် ပက်လက်အိပ်နေသည်က များပါသည်။ မည်သည့်လူနာများနှင့်မျှ စကားမပြောပါ။ အချိန်ပြည့်အိပ်နေတတ်သူပင် ဖြစ်ပါသည်။

**ကံဖယ်ပြီ**

အချင်းဖြစ်သည့်နေ့ကမှ ထိုခုတင်ပေါ်တွင် အချိန်ပြည့်အိပ်နေတတ်သောလူနာသည် သန့်စင်ခန်းမှ အပြန်တွင် သူတို့ ဆေးကုသမှုခံနေကြရသော ဖျားနာဆောင်မြောက်ဘက်ထိပ်တွင်ရှိသော လူနာ၏ခုတင်တွင် ဝင်ရောက်ထိုင်ပြီး စကားပြောနေခဲ့ပါတော့သည်။

အမိုးမျက်နှာကြက်ပြုတ်ကျပြီး မွေ့ရာပေါ် စိုက်ပြီး စူးဝင်နေသည့်နေရာမှာ ထိုလူနာသာ ယခင်နေ့များ၊ အချိန်များကလို ပက်လက်လှန်ပြီး အိပ်စက်နေမည်ဆိုလျှင် ရင်ခေါင်း၊ ရင်ဝတည့်တည့်ကို စူးဝင်ပြီး ခန္ဓာကိုယ် ထုတ်ချင်းပေါက်ဖြစ်နေမည်သာ ဖြစ်ပါသည်။

သေကံမကြုံ သေကံမရောက်၍ လွန်စွာမှ ဘေးရန်ကင်းရှင်းသွားအောင် သူ့ခုတင်နှင့်ပေ(၃၀)လောက်အဝေးနေရာသို့ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုလူနာကိုမေးမြန်းကြတော့ အောက်ပါအတိုင်း ပြန်ပြောပြပါ



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသူငယ်များ ကြာဆူးပေါက်လျှင်

စာရေးသူ၏ ညီတစ်ဝမ်းကွဲ တော်သူ မောင်သန်းစိုးသည် ငယ်စဉ်က လက်တံတောင်ဆစ်နှင့် ဒူးခေါင်းများတွင် ကြာဆူးများ မြင်မကောင်းအောင် ပေါက်လျက်နေပါသည်။ သူသည် ယားယံ၍ လက်ဖြင့် တဖြင်းဖြင်းကုတ်ပါသော်လည်း သွေးသာထွက်၍ ကြာဆူးများကမပျောက်ပါ။

သူ၏ဖခင် ဦးလေးဦးအုံးမောင်က တစ်နေ့တွင် အင်းဇရပ်မှ ပဒုမ္မာကြာရွက်များကို ခူးလာပေးပြီး ပြုတ်၍ ရေချိုးပေးသလို ကြာခွက်အတွင်းမှ ကြာဆန့်များကိုလည်း ကျွေးပါသည်။ တစ်ပတ်လောက်ကြာသောအခါ သူ၏ကိုယ်ခန္ဓာမှ ကြာဆူးများသည် ဝတ်ဆံများ အလိုလိုကျွတ်ထွက်သွားပြီး လက်တံတောင်ဆစ်နှင့် ဒူးခေါင်းပေါ်မှာ အနာရွတ်ပင်မကျန်ဘဲ ချောမွေ့စွာ ပျောက်ကင်းသွားသည်ကို တွေ့ခဲ့ရသည်။ မောင်သန်းစိုးက ကြာဆန်စားပြီး ကြာရွက်ကို ရေချိုး၍ ပျောက်ခဲ့သည်ကို ဦးလေးအုံးမှ ပြောပြပါသဖြင့် သူရဇ္ဇမဂ္ဂဇင်းကြီး၏စာဖတ်ပရိသတ်များ ဗဟုသုတပွားနိုင်စေရန်နှင့် ကလေးသူငယ်များအတွက် ရည်ရွယ်၍ အကယ်၍များ ကြာဆူးပေါက်ခဲ့လျှင် သက်သာပျောက်သောဆေးနည်းတစ်လက်ကို စေတနာ၊ မေတ္တာထား၍ ဖော်ပြပေးလိုက်ရသလို နောက်တစ်နည်းဖြစ်သော ဆေးနည်းတစ်လက်မှာလည်း ကြာရိုးကြာစွယ်အောက်ပိုင်းတွင်ရှိသော ကြာဥများကို အခြောက်လှန်း၍ သွေးလိမ်းပေးခြင်းဖြင့်လည်း အချို့ ပျောက်ကင်းကြသည်ကိုတွေ့ရှိခဲ့ရပါသည်။ ပဒုမ္မာကြာက အပျောက်မြန်သလို ဆေးဖက်လည်းဝင်ပါသည်ဟု ဦးလေးအုံးက စိတ်ရှည်စွာ ပြောပြပေးပါသည်။ ဤဆေးနည်းကို ပြောပြပေးသူ ဦးလေး ဦးအုံးမောင် (နတ်မောက်) ကိုလည်း အထူးပဲ ကျေးဇူးတင်ပါသည်။

ရောမြေ-ကျော်ခေ

တော့သည်။

"ဒီနေ့မှပဲ ကျွန်တော် သန့်စင်ခန်းကပြန်လာပြီး အဆောင်ထဲဝင်လိုက်ရင်ပဲ ကျွန်တော့်ခုတင်ဆီကို ပြန်ပြီးမသွားချင်တော့ဘူးဗျ။ စိတ်ကလည်း ဘယ်လိုကြီးဖြစ်နေတယ် မသိပါဘူးဗျာ။ စိတ်တွေက လေးလံနေတာဗျ။ ဒါနဲ့ အခု ကျွန်တော်နဲ့ စကား ပြောတဲ့မိတ်ဆွေက ကျွန်တော့်ကို ဆီးပြီးနှုတ်ဆက်လိုက်တာနဲ့ ကျွန်တော့်ခုတင်ကို ပြန်မသွားတော့ဘဲ သူ့ခုတင်မှာဝင်ထိုင်ပြီး စကားပြောနေလိုက်တာဗျ။ အချိန်သိပ်ပြီးကြာလိုက်တယ်တောင် မထင်မိဘူးဗျ။ မျက်နှာကြက်ပြုတ်ကြပြီး ကျွန်တော့်ခုတင်ပေါ် စူးဝင်နေခဲ့တာပေါ့ဗျာ။ ကျွန်တော်သာ ခုတင်ကိုပြန်ရောက်ခဲ့ရင် နေ့တိုင်းကလိုပဲ အိပ်နေဖြစ်မှာဗျ။ အခုတော့ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်ပေးကြလို့ ခုတင်ကို ပြန်သွားချင်တဲ့စိတ်မဖြစ်ခဲ့တာ"

ဟု ပြောပြပါသည်။

စကားပြောရာမှ နားနေပြီး ခဏအကြာမှာ တစ်စုံတစ်ခုကိုသတိရလာဟန်ဖြင့် အောက်ပါအတိုင်း ဆက်ပြောလိုက်ပါသည်။

"တစ်ခုတော့ရှိတယ်ဗျ။ ကျွန်တော်တို့က တောသားတွေမို့ တန်းကျောင်းကို မနေခဲ့ရဘူးဗျ။ ဘုန်းကြီးကျောင်းထွက်တွေဗျ။ ဒီတော့ ပရိတ်၊ ပဋ္ဌာန်းတွေကို နေ့စဉ် ရွတ်ဖတ်မြဲဗျ။ ကျွန်တော်က စွဲစွဲမြဲမြဲ ရွတ်ဖတ်ပူဇော်နေတာ တစ်ခုတော့ရှိတယ်ဗျ။ အဲဒီဂါထာတော်က 'အဋ္ဌာနမေတံ'ဂါထာပါပဲဗျာ'

ဟု ပြောပြလိုက်ပါတော့သည်။

ကျွန်တော်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြသလို မိမိတို့ သဒ္ဓါယုံကြည်သည့် ပရိတ်တော်များ၊ ပဋ္ဌာန်းဒေသနာနှင့်အစွမ်းထက်တဲ့ ဂါထာတော်တွေကို အထူးပြုပြီး ရွတ်ဖတ်ပူဇော်ကြတဲ့အတွက် အထူးကို အကျိုးပေးကြပါသည်။ ကံချင်းမတူကြလို့သာ အကျိုးပေးပုံမတူကြတာပါ။ စီးပွားရေး၊ အန္တရာယ်အမျိုးမျိုးတို့အတွက် အထူးအစွမ်းထက်တဲ့ နှုတ်ကပါဌ်တော်တွေပါ။ အဓိကကတော့ ယုံယုံကြည်ကြည်နှင့်လုပ်ဖို့သာ အရေးကြီးတဲ့အကြောင်း ကျွန်ုပ်၏ အတွေ့အကြုံကို ပြောပြဖြစ်ခဲ့သည်။

စာချစ်သူမိတ်ဆွေများလည်း သိကြပြီး ဖြစ်ပါသည်။ အကယ်၍များ ဂါထာတော်နှင့် ရင်းနှီးမှုမရှိခဲ့လျှင် အလွယ်တကူ မှတ်သား ကူးယူနိုင်ကြစေရန် စေတနာဖြင့် အဋ္ဌာနမေတံ ဂါထာကို အောက်တွင် ရေးသားပေးလိုက်ပါသည်။

**အဋ္ဌာနမေတံဂါထာတော်**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။

အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

နေ့၊ ည မဟူ နေ့စဉ်အမြဲ စွဲမြဲစွာ အခေါက်ရေ သတ်မှတ်၍ ဖြစ်စေ၊ အခေါက်ရေသတ်မှတ်ထားခြင်းမရှိဘဲဖြစ်စေ မိမိတို့၏ အာသာဆန္ဒအတိုင်း ရွတ်ဖတ်နိုင်ကြပါစေဟု မေတ္တာမွန်ဖြင့် ကျွန်ုပ်ကိုယ်တိုင် တွေ့မြင် ပါဝင်ခဲ့ရသော ဖြစ်ရပ်မှန်ကို စာချစ်သူ မိတ်ဆွေများအတွက် ရေးသားတင်ပြလိုက်ရပါသည်။

*ပညာတိုးပွား၍*
*အကျိုးများ ကြုပါစေ*
ဘုန်းသခင်



www.burmeseclassic.com

www.burmeseclassic.com

# တောင်ကြီးမြို့ မင်္ဂလာသိမ်တောင် ရုပ်တော်မှုကျောင်း

ခင်(တောင်ကြီး)

မြန်မာနိုင်ငံ၏ အအေးချမ်းဆုံးနှင့် အလှပဆုံးမြင်ကွင်းတို့ပြည့်စုံရာ ရှမ်းပြည်နယ် တောင်ပိုင်းဒေသများသို့ ရောက်ဖူးကြပါသည်လားဟု မေးလိုက်ချင်ပါ၏။ ထိုအထဲမှ ရှမ်းပြည်နယ်၏ မြို့တော် မြို့တောင်ကြီးသို့ ရောက်ဖူးကြပါသည်လားဟူ၍လည်း



ဌာပနာထားရှိခဲ့ပြီးဖြစ်သော ဘုရားရှင်၏အသွေးတော်ဓာတ်တော်အစစ်အား ရှားရှားပါးပါး ဖူးတွေ့ကြရစဉ်



ဘုရားရှင်၏အသွေးတော်ဓာတ်အစစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရွှေဆင်းတုတော် အပါအဝင် ဌာပနာပစ္စည်းများအား လူအများ ဖူးမြင်ကြစေရန် ဌာပနာတိုက်မပိတ်မီ အပူဇော်ခံ ထားရှိခဲ့စဉ်



အနေကဇာတင်ပွဲတော်နေ့ ပအိုဝ်အမျိုးသားအပေါင်းတို့၏ စုပေါင်းညီညာ



www.burmeseclassic.com


www.burmeseclassic.com



မြင့်မားသပ္ပာယ်လှသော ဘုရားဆင်းတုတော်ကြီးအား အနောက်အရပ်ဘက် လှည့်တော်မူလျက် ထူးခြားစွာ ဖူးတွေ့ကြရပုံ



မုစလိန္ဒာအိုင်နှင့် နဂါးမင်းတို့၏ တင့်တယ်သပ္ပာယ်လှပုံမှာ . . .



ဘုရား စတင်တည်ခဲ့စဉ်က ထိပ်ဦးဆုံး ရည်ရွယ်ခဲ့သော ဘုရားနှင့် ယောဂီတို့ နားနေဆောင်ခေါင်မိုး တစ်စွန်းတစ်စ



ဒေသခံပအိုဝ်အမျိုးသားတို့ စုပေါင်းပူဇော်ထားကြသော ကိုယ်စားတော်များ

မေးလိုက်ချင်ပါ၏။များသောအားဖြင့် စာရေးသူ၏ အမေးအား ရောက်ဖူးကြပြီးဖြစ်သူတို့က ပြုံးစစဖြင့် မေးတတ်ရန်ကော ဟူ၍ ပြောဆိုမိကြမည်ဟုထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည် မြေပြန့်ဒေသတစ်ဝိုက်နှင့် အထက်အညာ အောက်အကြေ ချင်း၊ ကချင်၊ ရခိုင်၊ မွန် စသည့်ပြည်နယ်ဖွားတို့အနေနှင့် ရှမ်းတို့ဒေသ ပင်းတယ၊ ညောင်ရွှေ၊ အင်းလေး စသည်တို့သို့ လည်ပတ်သွားရောက်ကြပြီး မြို့တော် တောင်ကြီးတစ်ခွင်လည်း လည်ပတ်ဖြစ်ကြမြဲဖြစ်လေသည်။

ထိုအခါ ယခင်က မြစိမ်းတောင်ရွှေဘုန်းပွင့်၊ ရပ်တော်မူ၊ လွမ်းစေတီ၊



ဘုရားရှင်အား နဂါးမင်းမှ အုပ်မိုးပူဇော်နေဟန်



www.burmeseclassic.com

www.burmeseclassic.com

မုံတာဝဂူ စသည့် ဘုရားများရှိရာကို သာ၊ သွားရောက် လည်ပတ်ဖွယ်ရာ များသာ တောင်ကြီးမြို့တွင် ရှိပါပေ၏။ ယခုအခါ၌မူ တောင်ကြီးမြို့ တော်၏ မြောက်ဘက် အရပ်ဒေသ ပအိုဝ့်တိုင်းရင်းသားတို့၏ရွာဖြစ်သော ပင်စိမ်းကုန်းရွာအနီး၌ အံ့သြဖွယ် သာသနိကအဆောက်အအုံကြီးများ က ပွင့်ချိန်တန်၍ ပေါ်ထွန်းလာခဲ့ရပြီ ဖြစ်ပါ၏။

ထိုနေရာသည် တောင်ကြီးမြို့ ၏ အရှေ့မြောက်ဘက်အကျဆုံး တောင်စွန်းနေရာမှာ တောင်ကြီး တောင်အောက်ဘက်ရွာများဆီသို့ ငုံ့ ကြည့်နိုင်သောအနေအထားရှိသည့် အလှဆုံး View Point နေရာပင် ဖြစ် လေသည်။ ရှမ်းမြေ၏သဘာဝအလှ အပတို့ စုဝေးရာ တောတောင်ခြံမြေ နေရာများ၊ လူနေရွာငယ်နေရာများ နှင့် တောင်ကျစမ်းရေပေါက်များ၊ ရေ ထွက်များအား အပေါ်စီးနေရာမှ စီး မိုး မြင်တွေ့ရသော ရှုခင်းရှုကွက် အဓိကကျသော ပတ်ဝန်းကျင်တွင် တည်ရှိနေပါလေ၏။

တောင်ကြီးမြို့၏အရှေ့မြောက် ဘက် ဘုရားဖြူ ပင်စိမ်းကုန်းကား ဂိတ်ဆုံးနေရာမှ အတန်ငယ် အလှမ်း ကွာသောနေရာတွင်ရှိ ဘုရားကျောင်း ကန်မျိုးဖြစ်၍ တောရိပ်တောင်ရိပ် တို့ကြား အေးချမ်းစွာရှိနေတတ်သော သာသနိကအဆောက်အအုံမျိုးလည်း ဖြစ်လေသည်။ ထိုနေရာ၏တည်ရှိရာ လမ်းတာကို တောင်ကြီးမြို့တော်သူ မြို့တော်သားတို့ပင် အများအားဖြင့် မသိနိုင်ကြဘဲ တောင်အောက် မိုင်း ပျဉ်း-ဇလဲ့-ဘန့်ကွဲ-ဆပ်သေကားလမ်း ပေါ်မှ ဖူးတွေ့နေကြရမြဲ ဖြစ်ပါ၏။ မြို့ကွက်ကျယ်လှသဖြင့် မြင်သာမြင် ကြရသော်ငြား တောင်ဘက်မှသာ လှမ်းကြည့်ဖူးကြရသည်ဖြစ်ရာ နေ ရာအတိအကျ မပြောနိုင်၊မသိနိုင်ကြ ဘဲ ရှိတတ်ကြပါလေသည်။

ထို့ကြောင့် ထိုဘုရားကြီးတည် ရှိသော တောင်ကြီး ရွှေမြို့တော်၏ နေရာဌာနကို အသေးစိတ် တင်ပြ၊ လမ်းညွှန်ပြပေးချင်ပါ၏။ အကယ်၍ ရပ်ဝေးမှ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး ရွှေမြို့တော်သို့ လာကြ မည်ဆိုပါက ရှေးဦးစွာ တောင်ကြီး မြို့အရှေ့မြောက်ဘက်ရှိ 'အေးစေတီ' စာသင်တိုက်ကြီးရှိရာ ဦးစွာ စုံစမ်းရ မည် ဖြစ်ပါသည်။ ရှာဖွေစုံစမ်းရာ တွင်လည်း အထူးတလည်ခက်ခဲမည် မဟုတ်ပါ။ တောင်ကြီးမြို့၏ အထင် ကရ နေရာဒေသ ထူးထူးခြားခြားများ ဖြစ်သော ရွှေဘုန်းပွင့်ဘုရားစေတီ၊ ရပ်တော်မူဘုရား၊ ဆုတောင်းပြည့် လွှမ်းစေတီ၊ စူဠာမုဏိစေတီ၊ မြကန် သာ၊ ရှုခင်းသာတို့ကဲ့သို့ ကျေနပ်ဖွယ် ရာ ကုသိုလ်လည်းရ၊ ရှုခင်းရှုကွက် လည်း လှပ၍ သဘာဝတောတောင် ရေမြေတို့၏ အေးမြသော တောရိပ် တောင်လေတို့၏အရသာကို ခံစား နိုင်သောနေရာ View Point မြင်ကွင်း ကောင်း ဘုရားပရဝုဏ်ပင် ဖြစ်ပါ သည်။

တောင်ကြီးရောက်ပြီး၍ အေး စေတီစာသင်တိုက်ကြီးရှိရာ သိရှိပြီ ဖြစ်ပါက ထိုကျောင်းတိုက်၏ နံရံ ဘေးတစ်လျှောက်ရှိလျက်နေသော ကတ္တရာလမ်းမကြီးအတိုင်းတက်လာ ခဲ့ကြရမည် ဖြစ်ပါ၏။ အေးစေတီ ကျောင်းပရဝုဏ်အလွန်လေးလောက် ၌ ကုန်းပြေပြေအဆင်းနေရာရောက် သည်နှင့် လမ်းနှစ်သွယ်ခွဲဖြာနေသည် ကို ရှေးဦးစွာ တွေ့ရမည် ဖြစ်ပါလေ သည်။

ယာဉ်ကြောဦးတည်ရာ၏လက် ယာဘက်သွားသော လမ်းကြောင်း သည် ပညာဗောဓိကျောင်းဖြစ်သော တောင်ကြီး ကိုရင်လေးကျောင်း၊ ဇယ န္တောကျောင်း၊ ရွာသစ်ကုန်းတို့ရှိရာ တို့သို့ ဦးတည်သွားသောလမ်း ဖြစ်ပါ ၏။ လက်ဝဲဘက်သို့သွားသောလမ်း ကြောင်းသည် ဘုရားဖြူ ပင်စိမ်းကုန်း သို့သွားသောလမ်း ဖြစ်ပါသည်။

ယခု ဖော်ပြမည့် မင်္ဂလာသိမ် တောင်ရပ်တော်မူကျောင်းတော်ရှိရာ သို့သွားရန်အတွက် ဆက်၍သွားရ မည့်လမ်းကြောမှာ ထိုလက်ဝဲဘက် လမ်းကြောင်းအတိုင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အေးစေတီကျောင်းတိုက် အလွန်လောက်မှစတင်၍ ထိုလက်ဝဲ ဘက်လမ်းကြောင်းအတိုင်း ရှေ့ဆက် လျက် မရွှေ့မပြောင်း မချိုးမကွေ့ စတမ်း လိုက်လာခဲ့ပါက လူနေအိမ် ခြေ ဆိုင်ခန်းကြီး၊ ငယ်တို့ လမ်းဘေး ဝဲ၊ ယာ စည်ကား သိုက်မြိုက်လျက် ကား၊ ဆိုင်ကယ်တို့ ဥဒဟို ပြေးလွှား လှုပ်ရှားနေကြသော ဘုရားဖြူရပ် ကွက်၏ မြင်ကွင်းများကို ဆက်တိုက် တွေ့ကြရမည်ပါသည်။

တောင်ကြီးမြို့၏ ဘုရားဖြူရပ် ကွက်တွင် ပအိုဝ့်၊ ရှမ်း၊ အင်း၊ ဗမာ တို့သာမက ဆွေမျိုးပေါက်ဖော် ဟူ၍ သတ်မှတ်ကြလေသော တရုတ်လူ မျိုးတို့ နှစ်သက်စွာ အခြေချနေထိုင် လျက် ရှိကြပါလေ၏။ ထိုကားလမ်း တစ်လျှောက်၌ ဓမ္မဥယျာဉ်ကျောင်း တိုက်ကို လည်းကောင်း၊ အမှတ် (၁၁၁) မူလွန်ကျောင်းကို လည်း ကောင်း ဖြတ်ကျော်လာခဲ့ရမည် ဖြစ် ပြီး ထိုမှဆက်၍ စားသောက်ဆိုင် များ၊ အကြော်ဆိုင်များ၊ စတိုးကုန်စုံ ဆိုင်ကြီးငယ်များလည်း စည်ကားစွာ ရောင်းဝယ်ဖောက်ကားနေကြလျက် ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။


ထိုမှဆက်၍သွားပါက ဘုရား ဖြူရပ်ကွက်အလယ်ရှိ ခရစ်ယာန် သာသနာပြုများ တည်ထောင်ထား သော မစ္စမ်းမသန်ကလေးများပြုစု စောင့်ရှောက်ထားသော ဂေဟာကို ဖြတ်ကျော်သွားရမည် ဖြစ်ပါ၏။ ထို လမ်းတစ်လျှောက်လုံးတွင် ဘုရားဖြူ ပင်စိမ်းကုန်းနှင့် မြို့မဈေးကြီးတို့သို့ ပြေးဆွဲနေသော လိုင်းကားယာဉ်ငယ် တို့ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။ ထိုမှ ထိုလိုင်းကားတို့ရပ်နားရာ ကား ဂိတ်ဆုံးသို့ရောက်မည်ဖြစ်ပြီး ထိုဂိတ် ဆုံးကိုကျော်လွန်သော် ရှေ့တွင် လက် ဝဲဘက်သို့ ချိုးဝင်သွားသောကားလမ်း ကိုလည်း တွေ့မြင်ရမည် ဖြစ်လေ၏။ ထိုနေရာအရောက်၌ 'မင်္ဂလာသိမ် တောင် ရပ်တော်မူကျောင်း' ဟူသော လမ်းညွှန် သစ်သားဆိုင်းဘုတ်ဖြင့် သနပ်ဖက်ခြံ၊ မက်မန်းခြံတို့ကို ဖြတ် သန်းသွားပြီး ကျောင်းတိုက်ရှိရာနှင့် ဘုရားကြီးတို့တည်ရှိရာ သာသနာ့ အောင်မြေဆီသို့ ဒုတ်ဒုတ်ထိ ရောက် ရှိကြမည် ဖြစ်ပါသည်။

ကျောင်းဝင်းအတွင်းသို့အထိ




www.burmeseclassic.com

www.burmeseclassic.com



'ဝ' ကိုးလုံးဘုရားနှင့် ဓာတ်ပုံရိုက်ယူစဉ်ကာလက ထီးတော်ပူဇော်၍မပြီးသေးသော စေတီငယ်များ



ကမ္ဘာလုံးဘုရားမှတစ်ဆင့် ဟဲပိုးမြို့ဘက်ရှိ တီကောင်တောင်ကို လှမ်းမြင်နေရပုံမှာ မှိုင်းပျပျဖြစ်သည်

ရောက်ရန် အဆင်းလမ်းအနေအထားဖြင့် အနည်းငယ် ဦးစိုက်ဆင်းကြရသော်လည်း ရောက်လုနီးအနေအထားတွင် ခပ်မော့မော့ ကွေ့တက်လိုက်ပြီးသည်နှင့် ကျောင်းပရဝဏ်အတွင်း ရောက်ရှိကြမည် ဖြစ်ပါ၏။ မူလက တောကြားတောင်ကြားခြံမြေတို့အကြား ဟုတ်လိမ့်လေလားဟူ၍ စိုးရွံ့သလိုလိုဖြစ်နေကြရပြီးမှ ဘွားခနဲ တွေ့မြင် ဖူးမြော်လိုက်ရသော ဆင်းတုတော်ကြီးကား ကြီးမားလွန်းလှစွာ စံပွာယ်တော်မူလျက်ရှိကြောင်း တွေ့မြင်လိုက်ကြရမည် ဖြစ်ပါသည်။ ထိုဆင်းတုတော်ကြီးကား တောင်ကြီးမြို့တော်၌ အကြီးမားဆုံး ဆင်းတုတော်ကြီးဖြစ်ပြီးလျှင် အမြင့်ပေအားဖြင့် လေးဆယ့်ငါးပေညာဏ်တော်ရှိသော ကိုယ်စားတော်ကြီး ဖြစ်ပါ၏။ သာသနာ့ပွင့်လန်းချိန်တန်သည်နှင့် ပေါ်ထွန်းလာရသော ကိုယ်စားတော်ကြီးဖြစ်လည်း ဖြစ်လေသည်။ သာသနာ့နယ်မြေတစ်ခုပေါ် ထွန်းလာတော်မူရန်ကား လွယ်ကူသော သာမန်အခြေအနေမျိုးတို့မဟုတ်ပါဘဲ အချိန်မှန်အခါသင့်၌လည်းကောင်း၊ ပွင့်ချိန်တန်သော အကြောင်းအကျိုး ပဋ္ဌာန်းဆက်အဆင့်ဆင့်တို့ကြောင့် လည်းကောင်း အတိတ်မှအထုံပါရမီပါလာ



တောင်ကြီးမြို့ပေါ်မှ သာသနာ့ဦးသျှောင်ဆရာတော်များ ဘုရားအနေကဇာတင်ပွဲသို့ ကြွရောက်ပူဇော်တော်မူခဲ့ကြစဉ်



ဆင်ဖြူညီနောင်မှန်ဦးမှတစ်ဆင့် ဘုရားပရဝဏ်အတွင်းဘက်သို့ ဝင်ရောက်ရာ ဝင်ပေါက်




www.burmeseclassic.com

www.burmeseclassic.com


ခဲ့ပြီးလေဖြစ်သောကြောင့် အင်အားစုများတို့ကြောင့်လည်းကောင်း ပေါ်ထွန်းလာနိုင်ခဲ့ရခြင်း ဖြစ်ပါ၏။

ပညာရှင်များ၏အဆိုအရ သာသနာပြုကြရာ၌ အင်အားငါးရပ် လိုအပ်ပါကြောင်း သာသနာ့အန္တယ်ဝင်တိုင်းတို့ ကြားနာဖူးကြမည် ထင်ပါသည်။ ထိုအင်အားငါးရပ်တွင် ပထမအင်အားမှာ ဘုရားရှင်တော်၏ မူရင်းဖြစ်သော အရင်းအမြစ်အစစ်အမှန်ဖြစ်သော ဓမ္မဟူသည့်ဘုရား၏တရားတော်မြတ်များကို မှန်၊ တို၊ ရှင်းနည်းလမ်းတို့ခြင့် စုဆောင်း ပြုစုထားသော ဓမ္မအင်အားဖြစ်ပါ၏။ ဒုတိယအင်အားမှာ လူသူလေးပါးမဟူ အယုတ်အလတ်အမြတ်မရွေး စုစည်းပေါင်းရုံး အားဖြည့် ပါဝင်ထားကြသော လူသားအင်အား ဖြစ်ပါ၏။ တတိယအင်အားမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် ပံ့ပိုးထောက်ကူ လှူဒါန်းပူဇော်သမှုပြုပေးကြလေသော ပြည့်စုံကြွယ်ဝပစ္စည်းရှိကြေးငွေရှိပုဂ္ဂိုလ်များတို့၏ ဝိုင်းဝန်းကူညီကြမည့် ထောက်ပံ့ အင်အားတို့ဖြစ်ပါ၏။ စတုတ္ထမြောက်အင်အားမှာ တိုင်းပြည်၏ လုပ်ပိုင်ခွင့်များကို အပြည့်အဝ ရရှိကြလေတတ်သော သာသနာပြုလုပ်ငန်းများ၏ရှေ့ဆောင် အစိုးရဆိုင်ရာမင်းများ၏စောင့်ရှောက်ဖေးကူထူမခြင်းပြုပေးနိုင်ကြလေသော အင်အား ဖြစ်ပါလေ၏။ နောက်ဆုံးဖြစ်သော ပဥ္စမမြောက်အင်အားမှာကား သာသနာတော်လုပ်ငန်းများအား ထိုက်သင့်သူတို့က လုပ်ကိုင်ဆောင်ရွက်နေကြစဉ် သာသနာတော်ကြီး ရေရှည်တိုးတက်စည်ပင်ပွင့်လန်းနေနိုင်ကြစေခြင်းငှာ နည်းမှန်အကြံကောင်းဉာဏ်ကောင်းများရှာကြံလမ်းညွှန်ပြောဆို စဉ်းစားပေးနိုင်သော ပုဂ္ဂိုလ်ကြီး၊ ငယ်အပေါင်းတို့၏ ကူညီမှုအင်အားများဖြစ်သည်။


သာသနာဆိုင်ရာနှစ်ပေါင်းများစွာ ထွန်းကား တည်တံ့ ပြန့်ပွားနိုင်ကြစေရေးအတွက် ဟူသည်မှာ တော်တန်ရုံ အတွေးအမြင်အလုပ်တို့ဖြင့် ဖြစ်နိုင်ကြသည်လည်း မဟုတ်ပါပေ။ ထို့ကြောင့် 'စိတ်ရှည် ဇွဲသန် သည်းခံ



ကရင်မရေထွက်တောင်ရှိရာဘက်မှ ဥတ္တရံကျောင်းတော်ကြီးအား ဘုရားရင်ပြင်မှ လှမ်းတွေ့နေရစဉ်နှင့် မိုင်းပျဉ်း၊ ဆပ်သော၊ ဖလဲ၊ ဘန့်ကွဲ၊ ဗလီလင်းရွာများသို့ သွားသော ကတ္တရာကားလမ်းကြောအား တွေ့မြင်ရပုံ



ဘုရားတောင်အောက်ဘက် တောင်ကြီးရထားလမ်းရှိရာနေရာနှင့် ဆင်နှစ်ကောင်ရေထွက်သို့ ဆင်းသွားသော ကတ္တရာလမ်း



ဘုရားကြီးနှင့် တံခွန်တိုင်များ၏တင့်တယ်မှု (ထိုမှလှမ်းမြင်နေရသော ဖြူမြေကွက်များသည် တောင်ကြီးမြို့ မြောက်စွန်းစွန်းအရပ်ရှိ ပင်စိမ်းကုန်းရပ်ကွက်နေရာပင် ဖြစ်ပါ၏)



www.burmeseclassic.com

www.burmeseclassic.com

ပြုရာ မြတ်သာသနာ' ဟူ၍ ဆိုရိုးပြုခဲ့ကြသည်ပင် ဖြစ်ပါသည်။ ယခုလည်း မူလ ရှေးဟောင်း သာသနာ့နယ်မြေ အစဉ်အဆက် ဟုတ်၊ မဟုတ်မသိနိုင်သော်လည်း တိမ်မြုပ်နေခဲ့သော သာသနာ့နေရာလိုမျိုး အတိတ်ထူး၊ နိမိတ်ထူးတို့ဖြင့် တည်ရှိခဲ့သည့် ထိုတောင်ကြော၏ သမိုင်းကြောင်းတို့က စိတ်ဝင်းစားဖွယ်ကောင်းလှပါလေ၏။

ထိုဘုရားကြီးပွင့်ထွန်းလာခဲ့ရာ တောင်သည် ရှေးပဝေသဏီကာလများစွာကတည်းက ထူးဆန်းစွာ 'လိပ်တောင်'ဟူ၍အမည်သညာ ခေါ်တွင်ခဲ့ကြပါ၏။ သို့သော် အခြားသောတောင်များကဲ့သို့ ပုံသဏ္ဍာန်ပမာဏတို့ကို အမှီသဟဲပြု၍အမည်စွဲမှည့်ခေါ်ကြသည်လိုမျိုး မဟုတ်ပါပေ။ အချို့သောတောတောင်သဘာဝအရ ဆင်ပုံစံဖြစ်နေပါက ဆင်တောင်ဟုလည်းကောင်း၊ တီကောင်ပုံစံဖြစ်နေပါက တီကောင်တောင်ဟူ၍လည်းကောင်း၊ မောင်းကြီးတစ်ခု မှောက်ချထားသကဲ့သို့ပုံပေါ်နေသောတောင်ကို မောင်းတီးတောင်၊ ရွှေမောင်းတောင်ဟု လည်းကောင်း ခေါ်ကြသည်မျိုး ရှိပါလေသည်။


ယခုဖော်ပြမည့် လိပ်တောင်ဟူသည်ကား ထိုသို့မဟုတ်ပါဘဲ ရှေးကာလက တောင်ပေါ်ဒေသ ပင်လယ်ရေပြင်မှ အမြင့်ပေပေါင်း (၄၇၁၂) ပေရှိသော တောင်တန်းတောင်မြင့်အထက် ထိုနေရာတစ်ဝိုက်၌ ကုန်းလိပ်ကြီးများ ထူးဆန်းစွာ ကျက်စားကျင်လည်ခဲ့ကြသော နေရာဖြစ်ခဲ့၍ ဖြစ်ပါလေသည်။ ရှေးလူတို့ပြောစကား အရ -

'တို့ငယ်ခါကတည်းက လိပ်တွေ၊ လိပ်တွေ ဟိုနေရာထွက်လာလိုက်၊ ဒီနေရာကထွက်လာလိုက်၊ ချုံကြားထဲက ထွက်လာလိုက်၊ သစ်ပင်အောက်က ထွက်လာလိုက်နဲ့ လိပ်ကောင်ကြီးတွေ အများကြီးပဲရှိကြတာ။ ဘယ်နားကလာကြမှန်းလဲမသိဘူး။ တခြားနေရာဘက်တောင်တွေမှာကျတော့ မတွေ့ရလိုဘူး'

သက်ကြီးဝါကြီးလူကြီးသူမတို့၏ ပြန်ပြောပြသောစကားတို့က လိပ်



လျောင်းတော်မူဘုရားတစ်ဆူနှင့် ရဟန္တာရုစ်ပါး



ရင်ပြင်ကျယ်တစ်လျှောက်၏အနေအထားနှင့်
အဝေးမှ တောင်စဉ်မြင့်မားတို့သည် တစ်ပြေးညီ ဖြစ်နေကြသယောင် ထင်မှတ်ရပါသည်



www.burmeseclassic.com

www.burmeseclassic.com


တောင်ဟု ခေါ်ဆိုခဲ့ကြသော အမည်နာမအတွက် သက်သေစကားများသာပင် ဖြစ်လေ၏။

လွန်ခဲ့သော(၁၂)နှစ်တာကာလ မူလမင်္ဂလာသိမ်တောင်ကျောင်း စတင်တည်ထောင်ခဲ့သော ကိုယ်တော်မှာ ပင်လုံဘက်မှ ပအိုဝ့်တိုင်းရင်းသား ဦးဥတ္တမသာရ ဖြစ်ပါ၏။ ထိုစဉ်က ကျောင်းငယ်၊ ဘုရားငယ်မျှလောက်သာ စတင် တည်ထားခဲ့ရခြင်း ဖြစ်လေသည်။ ဒုတိယကျောင်းထိုင်မှာ တောင်ကြီးထီးသိမ်ရွှေကျောင်းတိုက်မှ ဦးနန္ဒသာမိ ဖြစ်လေ၏။ ကျောင်း၏ ဝတ္တကမြေမှာ အကျယ်အားဖြင့် ခုနှစ်ဧကကျယ်လှသဖြင့် ပြန်ပြောလှသော တောင်တော်သဘာဝအလှအား အပြည့်အဝမြင်တွေ့အံ့ပန်းဖြေနိုင်ကြမည် ဖြစ်လေသည်။

ကိုယ်စားတော်ပုံတူဘုရားကြီး၏ မျက်နှာမူရာမှာ ထူးခြားစွာ အနောက်အရပ်သို့ဖြစ်ပါ၏။ နေမင်းသူရိယသည် အနောက်ဘက် ဂေါယာကျွန်းအောက်ဆီသို့ ငုံ့လျှိုးဝင်ရောက်သွားသော ရှုခင်းရှုကွက်တို့ကိုကြည့်ရှုတော်မူနေသည့်အလား တွေ့မြင်လိုက်ရပါလေသည်။

ဘုရားကျောင်းကန် သာသနာ့ဝတ္တကမြေလွှာတို့ ဖွံ့ဖြိုးတိုးတက်လာကြရခြင်း အကြောင်းရင်းသည်ကား ဆရာ၊ဒကာညီညွတ်ကြ၍သာ အကျိုးဖြစ်ထွန်းလာနိုင်ကြရခြင်း ဖြစ်သည်။ အကြောင်းကြောင့် ဖြစ်ထွန်းခဲ့ရလေသော အဖြစ်သနစ်များစွာတို့တွင် ပဋ္ဌာန်းဆက်၊ သိုက်ဆက် စသည့်ပတ်သက်ရာပတ်သက်ကြောင်းများတို့ကလည်း အလွန် အရေးကြီးလှသော အခြေခံအချက်များပင် ဖြစ်ကြပါပေ၏။

ထို့ကြောင့် ဤဘုရားတောင်အတွက် ဝိုင်းဝန်း ပံ့ပိုး တည်ထောင်ပူဇော်ပေးကြသူများသည် တစ်ဦးကောင်းတစ်ယောက်ကောင်း ကျောင်းဒကာ ဟူ၍ မဟုတ်ကြဘဲ နိုင်ရာဆိုင်ရာပိုင်ရာ သာသနာ့တာဝန်အသီးသီးကို ကိုယ်စီကိုင်ယူခဲ့ကြသူများ ဖြစ်ကြပါလေသည်။ ထိုကျောင်း၊ ဘုရားဒါယကာများစွာတို့ထဲမှ ဦးခွန်ရာဇ



ရှေးကာလကပင် ခေါ်တွင်ခဲ့ကြသော လိပ်တောင်ကို အစွဲပြု၍ ပူဇော်ထားရှိကြသော လိပ်ရုပ်ခံဘုရားငါးဆူ

ဟူသော ထူးခြားသည့်ပုဂ္ဂိုလ်ကြီးမှာ ထိုသာသနာလုပ်ငန်းအားလုံး၏ဦးစီးနေရာအဓိကကျသောနေရာမှ ပါဝင်လှုပ်ရှားခဲ့သူဟူ၍ ပြောဆိုမှတ်ချက်ချနိုင်ပါလေသည်။

"အရင်က ဒီလိပ်တောင်မှာ ဘုရားတစ်ဆူနဲ့ ကျောင်းငယ်လေးတစ်ကျောင်းရှိခဲ့ပါတယ်။ ကျွန်တော်အိမ်ထောင်ကျစက စီးပွားရေးအဆင်မပြေခဲ့ပါဘူး။ ဘာပဲလုပ်လုပ် ငွေကြေးစခက်ခက်ခဲခဲရှိလွန်းခဲ့ပါတယ်။ တစ်နေ့တော့ ကျွန်တော့်ဇနီးက နေမကောင်းတာကြာလှပြီ။ ဒီအညောင်းအကိုက်ရောဂါကလည်း မပျောက်ဘဲ မပျောက်နိုင်တာ ဘာဖြစ်သလဲဒါ အဲဒီလိုတွေးမိတယ်။ ဒါနဲ့ တစ်နေ့တော့ ကျွန်တော့်ဇနီးသည်ကို တောလမ်းကနေဖြတ်ပြီး တောင်အောက်ဆင်းမယ်ဆိုပြီးခေါ်လာခဲ့တယ်။ ချွေးထွက်အောင်လမ်းလျှောက်ပြီး စမ်းရေချိုးမယ်ဆိုပြီး အဲဒီမှာ လိပ်တောင်နေရာကို ဖြတ်ဆင်းဖို့ဖြစ်တာကို အဲဒီတုန်းက ဒီနေရာမှာ ရုပ်တော်မူအဆူတစ်ဆူပဲရှိသေးတာ။ ဒီနေရာရောက်တော့ မောလွန်းလို့ ခဏနားကြရတယ်။ သွားရတဲ့ခရီးကလည်း တောင်အောက်က ဆင်နှစ်ကောင်ရေထွက်အထိသွားရမှာ။ အင်မတန်ရေပေါ်တဲ့နေရာပေါ့"

ဦးခွန်ရာဇသည် လူထူးလူဆန်း



www.burmeseclassic.com


www.burmeseclassic.com

ကြီးပင် ဖြစ်ပါ၏။ သူပြောပြသော အကြောင်းအရာများကလည်း ကြို တင် ဇာတ်တိုက်အကွက်ဆင်ထားကြသည် မဟုတ်ပါဘဲနှင့် ကွက်တိ ပမာ တစ်ခုပြီးတစ်ခု ဖြစ်ခဲ့ကြလေသည်ပဲ ဖြစ်ပါ၏။


"အဲဒါ မောလွန်းလို့ ခဏနားကြတော့ သဘာဝ ကျောက်ဆောင်ကြီးတစ်ခုရဲ့အစွန်းဖြစ်နေခဲ့တာကိုး။ အဲဒီကနေကြည့်လိုက်ရင် နေဝင်ချိန်ရှုခင်းကြီးကလည်း တိမ်ရောင်စုံတွေနဲ့ကြည့်လို့အရမ်းလှတာ။ အဲဒီကနေပဲ တောင်အောက်ဘက် ရှုခင်းတွေကို လှမ်းမြင်လို့ ရတယ်။ အဲဒီကနေ တောင်ကြီးမြို့ မြောက်ဘက်အထွက် ကရင်မရေထွက်ဆိုတဲ့နေရာကလည်း ငုံ့ကြည့်ရုံနဲ့ ထင်ထင်ရှားရှား တွေ့နိုင်တယ်။ အဲဒါတွေအပြင် တောင်ကြီးရဲ့ ဘူတာရုံငယ် နေရာလေးနဲ့ ရထားလမ်းတွေကလည်း ရှိနေသေးတာ။ ဆပ်သေ၊ ဘန့်ကွဲ၊ ဇလဲဒေသ သွားကားလမ်းလည်း တွေ့ရှိရတယ်။ ဒါနဲ့ စိတ်ထဲမှာဘယ်လိုတွေးမိလဲဆိုတော့ ဒီနေရာလေးဟာ လှလိုက်တာ။ ဒီနေရာမှာ ဘုရားတစ်ဆူတည်ချင်တယ်။ အဲဒီလိုဆန္ဒတစ်ခု ပြင်းပြင်းထန်ထန်ဖြစ်လာမိတယ်။

ဘုရားနာမည်ကိုလည်း လက်ထဲမှာ ငွေကြေးတစ်ပြားတစ်ချပ်ဘာမှတောင်မရှိနိုင်သေးတဲ့ကြားက တွေးထားမိသေးတာသိလား။ ဒီကျောက်စွန်းမှာတည်မယ့်ဘုရားကို 'ဆင်စီးမြင်းရံဘုရား' လို့ ဘွဲ့တော်ပေးမယ်လို့ပေါ့လေ။ ဒါနဲ့ စိတ်ထဲမှာတော့ တကယ်ကို တောင့်တောင့်တတကြီးဆုတောင်းမိပြီး တောစောင့်နတ် တောင်စောင့်နတ်တွေကို အမျှအတန်းဝေပြီး အဲဒီနေ့ကပြန်ခဲ့တာ"


စာရေးသူတို့ကိုပြောပြနေသော ပအိုဝ့်တိုင်းရင်းသား ဦးခွန်ရာဇသည် သာသနာပြုရန် သက်န်းဝတ်ဖြင့် တာဝန်တစ်ကဏ္ဍပြီးခဲ့ပြီးသောသူ ဖြစ်ပါ၏။ သာသနာပြုရန် မြင့်မြတ်သော ရဟန်းဘဝရှိစဉ်က ဖက်ကွန်ရွာအနီးရှိ ပွင့်လန်းစေတီတော်တွင် သီတင်းသုံးတော်မူခဲ့ပါလေသည်။ ယခု လူဝတ်ဘဝသို့ ရောက်သောအခါတွင်



မြပြင်မွှမ်းမံကြဆဲ ရဟန္တာရုပ်တုတော်များ



ကျောက်ဖြူပြားရင်ပြင်တော်၏အနားသတ် ကြာဖူးတိုင်များနှင့် စတီးလက်ရန်းများ စိမ်းလန်းညို့မှိုင်းသော အဝေးမှ ရှမ်းတောင်တန်းများ



ကျောင်းထိုင်ဆရာတော် ဦးနန္ဒသာမိနှင့် ဦးခွန်ရာဇ ရွာလူကြီးတစ်ဦးတို့ ဘုရားတောင်အကြောင်း ပြောပြကြစဉ်



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုပွင့်လန်းဘုရား တန်ခိုးတော် ထက်မြက် ဂုဏ်ရှိန် ထင်ရှား ကျော်ကြားခဲ့စဉ်ကကဲ့သို့ ယခု မင်္ဂလာသိမ်တောင် ရုပ်တော်မူဘုရားတောင်သာသနာ့မြေတွင်လည်း အကြောင်း ရေစက်ပေါ် ထွက်ရန်ဖန်လာခဲ့ပြန်ပါလေ၏။

ထိုညအိမ်ရောက်ပြီးသောအခါ ဦးခွန်ရာဇ ဤသို့ စဉ်းစားမိပြန်သည် ဆိုပါ၏။

"ငါဘုရားတည်ချင်လိုက်တာလို့သာ ဆုတောင်းနေမိတာ။ ဘယ်မှာလဲ ပိုက်ဆံ၊ မဖြစ်နိုင်ပါဘူးလေ"

သို့သော် ထိုညက သူအိပ်မက်တစ်ခု ရခဲ့ပါလေသည်။ ဝတ်ဖြူစင်ကြယ်ဝတ်လူကြီးတစ်ယောက် သူရှိရာသို့လာခဲ့ပြီး -

"အမိဋ္ဌာန်ယူ၊ ပုတီးစိပ်"

ရုတ်တရက်အားဖြင့် သူနားမလည်။ ပုတီးကတော့ သာမန်အချိန်တို့၌လည်း သူစိပ်နေခဲ့သည်ပဲ ဖြစ်တော့၏။ သူမရှင်း၍ အတွေးဖြင့်ငေးကြည့်နေမိဆဲ။

"မနောမဟိဒ္ဓိဂါတာနဲ့ အဓိဋ္ဌာန်ပုတီးစိပ်"

ဟူသောစကားတို့က ဦးခွန်ရာဇ၏ နားအတွင်း စွဲမြဲစွာ ဝင်ရောက်သွားပြီး အိပ်မက်မှ လန့်နိုးလာခဲ့ရပါလေသည်။ ဦးခွန်ရာဇ အဓိဋ္ဌာန်ထိပ်ဦးဆုံးစတင်ယူ၍ ဆုတောင်းခဲ့မိသည်က ထိုနေရာတစ်ဝိုက် လက်ရှိကျောင်းငယ်လေးနှင့် ရုပ်တော်မူကိုယ်စားတော်တစ်ဆူအနီး ဘုရားတည်လိုခြင်း ဟူ၍ ဖြစ်လေ၏။

"ဘုရားတပည့်တော် ဤနေရာ ဤတောင်ပေါ်တွင် ဆင်စီးမြင်းရံ ဘုရားတစ်ဆူနှင့်အတူ ဘုရားတည်ရပါလို၏ဘုရား"

ဟူသည့် ရည်ရွယ်ချက်ကောင်းမြတ်လှသောဆုကိုသာ ဦးခွန်ရာဇတို့ အဓိဋ္ဌာန်နှင့်အတူ ဆုတောင်းခဲ့မိသည်သာ ဖြစ်ပါသည်။ ထိုကာလတစ်လျှောက် အိပ်မက်အတွင်း မကြာခဏ တွေ့မြင်ဖူးနေရသော သက်နီးဝတ်ကိုယ်တော်ကြီးကိုလည်း ပြင်ပတွင် မတွေ့ဘူးသဖြင့် သွားလေရာလာလေရာ ပုံစံတူအသွင်ပြင် ကိုယ်တော်များ မြင်ရလေမည်လားဟူ၍ ရှာမိနေစဉ်မှာပင် နောင်သောအခါမှ ထိုကိုယ်တော်၏ ရုပ်သွင်တော်မှာ ဗားလေးဗားဆရာတော်ကြီးများမှ ဗားမဲ့ကိုယ်တော်ပင် ဖြစ်ကြောင်း ထင်ရှားစွာ သိရှိမိလိုက်ရပါလေ၏။

အဓိဋ္ဌာန် အောင်မြင်ပြီး၍ မထင်မှတ်သောနေရာများမှ ငွေကြေးအတော်အတန် စုဆောင်းမိသည်နှင့် ဘုရားတည်ရန် လိုအပ်သော လုပ်ငန်းများကို စတင် ဆောင်ရွက်နေစဉ်အတွင်း ဦးခွန်ရာဇအတွက် အဖျက်ဝင်လာသည်လိုမျိုး ဖြစ်ခဲ့ရပြန်ပါလေသည်။ ထိုအဖျက်ကား ကျန်းမာရေးမကောင်းဖြစ်ရပြန်ခြင်းပင် ဖြစ်လေ၏။ ငယ်စဉ်ကာလ တစ်ခါဖူးမှ မဖြစ်ခဲ့ဘူးသော ဆီးရောဂါနှိပ်စက်မှုက သူ့အား အလူးအလဲ နာဖျားစေပါလေ၏။ မကျန်းမာသောအခါ လူမှာလည်း မသွက်လက်တော့။ လုပ်ရှားမှုတို့လည်း စိတ်ရှိတိုင်းမကျဲနိုင်တော့ဘဲ ဖြစ်ရပါလေသည်။

အာရောဂျံ ပရမံ လာဘံ၊ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်ကြောင်းကို မိမိတို့ကိုယ်တိုင်ကိုယ်ကျခံစားရမှပင် သိနိုင်တတ်သော အမျိုးဖြစ်ပါ၏။ သို့သော် ဦးခွန်ရာဇတို့ ဇွဲမလျှော့ခဲ့ပါ။ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေတို့ကို စုဆောင်းဝယ်ယူပြီး ဘုရားတည်၊စေတီတည်လုပ်ငန်းကိစ္စအဝဝကို ကြိုးစား လုပ်ကိုင် ဆောင်ရွက်ခဲ့လေသည်။ မည်သို့ပင် အဖျက်ရှိရှိ တိကျသောအဓိဋ္ဌာန်၊ မြဲမြံသော ရည်ရွယ်ချက်တို့ဖြင့် မတုန်မလှုပ်ရှိနေလေသောအခါ စေတီကျောင်းကန်ဘုရားတို့ တစ်ထက်တစ်စ အထမြောက် အောင်မြင်လာခဲ့သကဲ့သို့ သူ့တွင် ခံစားခဲ့ရလေသော ဆီးရောဂါဆိုးကြီးသည်လည်း တဖြည်းဖြည်းသက်သာ ပျောက်ကင်းခြင်းဖြစ်လာပါလေတော့၏။

ထို့ကြောင့် စိတ်နှင့် အာရုံတို့စုစည်း၍ ကြိုးစား ရှာဖွေရင်း ရတတ်သမျှ ငွေကြေးတို့ကို လှူဒါန်းပူဇော်ပြီး လိပ်တောင်တော်တစ်ခွင်အား လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် ပူဇော်ခဲ့မိပါလေသည်။ ထိုကာလတို့အတောအတွင်း ပဋ္ဌာန်းဆက်ရေစက်ဆုံရန် အကြောင်းဖန်လာပြီး သူတို့၏ ပူးပေါင်းပါဝင်ကူညီလာမှုတို့ကိုလည်း လက်ခံရရှိခဲ့ပါလေ၏။ တောင်ကြီးမြို့မှ လှိုင်ခုံးသောက်ရေသန့်မှ ကျပ်ငွေလေးဆယ့်ရှစ်သိန်းဖြင့် စတင် ကူညီပံ့ပိုးလာသောအခါ ဦးခွန်ရာဇမှာ ကောလီဓာတ်မိလေပြီဟူ၍ ယူဆပြီး ဝမ်းမြောက်ဝမ်းသာ လက်ကမ်းကြိုဆိုခဲ့မိပါ၏။

တပ်မတော်သားများ၏အလုပ်အားတို့ကလည်း တစ်တပ်တစ်အား ပါဝင်ခဲ့ပါသေးသည်။ ကုသိုလ်ရေးဖြစ်၍ လိုအပ်သမျှနေရာတိုင်း တပ်မတော်သားတို့က ဦးဆောင်သည့် လူအား၊လုပ်အား၊ငွေအား၊ပစ္စည်းအားအလှူတို့ကလည်း အားရစရာကောင်းလှပါ၏။ အုတ်၊ သဲ၊ ဘိလပ်မြေမှအစ ပြု၍ သွပ်၊ သံ၊ ထုံးအိတ်တို့အဆုံး ဝိုင်းဝန်း ပူဇော် လှူဒါန်းပေးကြသော ရုပ်ဝေး၊ ရုပ်နီး သာသနာ့မိတ်ဆွေ၊ ဓမ္မမိတ်ဆွေတို့ကလည်း ဤဘုရားတောင်သာသနာ့မြေအတွက် ပဋ္ဌာန်းဆက်ရေစက်ပါခဲ့ကြသောသူများပင် ဖြစ်ပါလေ၏။

မည်သည့်နေရာတွင် မည်သို့ပုံဖော်၍ မည်သည့်ဘက်၌ မည်သည့်ရုပ်တုထားရန်ဟူ၍ ဘုရားတည်စဉ်ကာလတစ်လျှောက်လုံး ဦးခွန်ရာဇ အိပ်မက်ရနေခဲ့သည်ကလည်း ထူးခြားလှန်းလှပါလေသည်။ တစ်ခါတစ်ရံ အိမ်မက်အရ ထိုနေရာဤနေရာစသည်ဖြင့် ရွေးချယ်ရသည်များလည်းရှိပါ၏။

"တချို့လူတွေက မယုံကြည်တာမျိုးတွေရှိတတ်ကြတာကိုနော၊ ကျွန်တော်ကလည်း အရူးတစ်ယောက်လိုပဲ ဖြစ်နေမိတယ် ပြောရမယ်။ ဘုရားတည်နေတဲ့ရက်တွေမှာ ဗေဒင်တွက်အခါရွေးတွေလည်း မလုပ်မိနေဘူး။ အိပ်မက်ထဲမှာ မနက်ဖြန် ဘာလုပ်လိုက်၊ နေ့လယ်ဘယ်နှနာရီမှာ ဘာလုပ်လိုက်နဲ့ ပြောနေညွှန်ကြားနေတာတွေကိုပဲ တစိုက်မတ်မတ်လုပ်မိနေ



www.burmeseclassic.com

www.burmeseclassic.com

တာ"

ဦးခွန်ရာဇပြောသမျှကို လက်မခံလို၊ မယုံကြည်လိုသူတို့ရှိသောအခါ ထူးဆန်းစွာ တောင်တောတစ်ခွင်လုံး အမွှေးရနံ့ တစ်စုံတစ်ရာ သင်းပျံ့လာခြင်းကိုလည်း အံ့သြဖွယ်ရာ ကြုံတွေ့ကြပါလေသည်။

သို့ဖြင့် ထိုလိပ်တောင်၌ မူလရှိရင်း ရုပ်တော်မူမြတ်စွာဘုရားအပြင် လျောင်းတော်မူမြတ်စွာဘုရား၊ ထိုင်တော်မူမြတ်စွာဘုရား၊ ဘုရားငါးဆူလိပ်ကြီး၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ သုမေဓာရှင်ရသေ့ ဘုရားဆုပန်တော်မူပုံရုပ်လုံးများ၊ ဝကိုးလုံးဘုရား၊ ကမ္ဘာတစ်ခွင်အေးရန်ရည်ရွယ်သော ကမ္ဘာလုံးဘုရား၊ မယ်လမုဘုရား၊ မုစလိန္ဒာအိုင်နှင့် နဂါးမင်းကြီးမှ ပူဇော်နေသော မြတ်စွာဘုရား၊ ရဟန္တာရှစ်ပါးရုပ်တုများ၊ မြတ်စွာဘုရားရှင် ဖွားတော်မူခန်း၊ ဆင်စီးမြင်းရံဘုရား၊ ဆင်ခံဘုရား၊ ကျောက်တံခွန်တိုင်ကြီးများ စသည်တို့ဖြင့် သာသနာတော်ပွင့်လန်းရာမြေနေရာ ဖြစ်ခဲ့ရပါလေသည်။ သိန်းပေါင်း ကာလတန်ဖိုးနှစ်ထောင့်ခုနစ်ရာကျော်ရှိခဲ့၍လည်း ပြီးပြည့်စုံသော အနေအထားမျိုးသို့ ရောက်ရှိပြီဟုဆိုပါလေ၏။

မည်သို့ပင်ဖြစ်စေ သာသနာပြုလုပ်ငန်းများ၏ ဦးစီးနာယကအဖြစ် ဘုရားသားတော်များ၏ ဦးဆောင်မှုကြောင့်လည်း အောင်မြင် ပေါ်ထွန်းလာခဲ့ရခြင်း ဖြစ်ပါ၏။ ကောဇာနှစ် ၁၃၇၂ ခု၊ တပေါင်းလဆန်း (၃) ရက် ခရစ်နှစ် ၂၀၁၁ ခု၊ မတ်လ (၇) ရက် နေ့တွင် ဗုဒ္ဓဘိသေက အနေကဇာတင်အခမ်းအနားကို အောင်မြင်စွာ ကျင်းပ ပူဇော်နိုင်ခဲ့ကြပါလေသည်။

ဘုရား၌ ဌာပနာတော်မူရန် အေးစေတီ ပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဦးလက္ခဏာသာမိဝံသက ဘုရားရှင်၏ အသွေးတော်၊ ဓာတ်တော်စစ်နှင့် ဌာပနာပေါင်းစုံတို့ကို ပူဇော်ဌာပနာတော်မူပါ၏။ ထို့အတူ ပထမတောင်ကျောင်းတိုက် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဦးဝိဇယ၊ မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဣန္ဒက၊ စူဠာမုနိပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃာ့နာယကအတွင်းရေးမှူး သဒ္ဓမ္မဇောတိကဓဇ ဦးဂုဏဝံသလင်္ကာရ၊ ထီးသိမ်ရွှေကျောင်းတိုက်ဆရာတော် ဦးပညာဝံသ၊ လဲလျောင်းရွာရှိ အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဦးသောဘိတ၊ ပညာဗောဓိကျောင်းတိုက်တိုက်အုပ် ဆရာတော် ဦးဇောတိက စသည့် ဆရာတော် သံဃာတော်တို့ကလည်း အောင်မြေ အပါအဝင် ဌာပနာပစ္စည်းမျိုးစုံတို့ကို ထည့်သွင်းပူဇော်ပေးတော်မူကြပါလေသည်။ ပအိုဝ့်အမျိုးသား ခေါင်းဆောင်ကြီး ဦးအောင်ခမ်းထီအား တရုတ်ပြည်သံအမတ်ကြီးမှ ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ထားသော ဘုရားတစ်ဆူကိုလည်း ထည့်သွင်း ဌာပနာထားခဲ့ကြပါ၏။ ထို့အပြင် ဓမ္မာရုံကြီး၊ ဆွမ်းစားဆောင် သုံးထပ်တိုက်၊ ရေတိုက်ရေလှောင်ကန်၊ အခြား ကျောင်းဆောင်များ အပါအဝင် ဦးခွန်ရာဇ လှူဒါန်းခဲ့သော အလှူတန်ဖိုးမှာ စုစုပေါင်း သိန်းတစ်ထောင့်ခုနစ်ရာကျော်ခဲ့ပြီ ဖြစ်ပါလေ၏။ ဘုရားတည်ရန် ငွေလိုအပ်လေတိုင်း ပဌာန်းကြီးရွတ်၍ အဓိဋ္ဌာန်ယူခဲ့သည်တို့ အောင်မြင် ပြီးမြောက် ဘုရားဒကာ၊ ကျောင်းဒကာဘဝ နေ့ချင်းရောက်ခဲ့ရသော ဦးခွန်ရာဇ၏ ကံကုသိုလ် ကြီးမားပုံမှာ လူတိုင်းအတွက် အတုယူ အားကျကြဖွယ်ရာပင် ဖြစ်ပါတော့သည်။

တောင်တော်၏ အထူးခြားဆုံးနှင့် အလှဆုံးဖြစ်သော ကျောက်ဖြူပြားခင်း ရင်ပြင်ကျယ်ကြီး၏ စေတီလက်ရန်းတိုင်ကြီးများကို ဆုပ်ကိုင်ရင်း Sunset ဟု နိုင်ငံရပ်ခြားမှလူတို့ခေါ်ကြသော နေဝင်ချိန်အလှရှုခင်းကို ကြည့်ရသည်မှာ ပုဂံနေဝင်ချိန်ထက်ပင် သာလွန် လွမ်းမောဖွယ်ကောင်းလွန်းလှပါလေ၏။

စာရေးသူမှ ရှိခဲ့လှသော အနောက်အရပ်နေဝင်ရာဘက် မျက်နှာတော်လှည့်တော်မူသော ဘုရားကြီးအား ဖူးမြော်ရင်း ဦးခွန်ရာဇအား -

"ကျွန်မအမြင် ဘုရားရှင်နေနဲ့လောကသုံးပါးရဲ့ ဖြစ်-တည်-ပျက်သဘောသရုပ်လိုထွက်လာခဲ့ပြီး ဝင်သွားပြီဖြစ်တဲ့ သူရဇ္ဇနေမင်းကြီးကို ရှုကြည့်တော်မူနေတယ်လို့ ထင်နေမိတယ် ဦးရာဇရဲ့"

"ကျွန်တော့် အမြင်ကတော့ လောကကြီးရဲ့ အမိုက်တရားအမှောင် ဆိုတဲ့ ဆိုးဝါးတဲ့ သရုပ်သကန်မျိုးကို ဘုရားရှင် ကြောက်ရွံ့တော်မမူဘူးဆိုတဲ့သဘောမျိုးနဲ့ နေဝင်ရာအရပ်ကိုမျက်နှာမူပြီး အမှောင်ဓာတ် လွှမ်းခြုံတော့မှာကို ရှုနေတာမျိုးလို့ ခံယူမိတယ် ဆရာမရေ။ ကျွန်တော်ပြောတာ ဟုတ်တယ် မဟုတ်လား"

ဦးခွန်ရာဇ၏ အဆန်းတကြယ် အယူအဆ စိတ်ကူးပုံဖော်မှု၊ မြင်အပ်မမြင်အပ်သောပုဂ္ဂိုလ်တို့၏ ကူညီမှု၊ သာသနာပြုရာ၌အောင်မြင်စေသော အင်အားများ၏ပံ့ပိုးမှု၊ သိုက်ဆက်၊ ပဌာန်းဆက်၊ ရေစက်ဆုံရာ လူအပေါင်းတို့၏ ဝိုင်းဝန်း ကြိုးစားမှုတို့ကြောင့် ပွင့်ထွန်းလာခဲ့ပြီ ဖြစ်သော တောင်ကြီးမြို့ ပင်စိမ်းကုန်းရပ်ရှိ သာသနာ့အောင်မြေ 'မင်္ဂလာသိမ်တော်ရုပ်တော်မူကျောင်း'တည်ရှိရာသို့ တစ်ကြိမ်မျှ ရောက်အောင်လာခဲ့စေချင်ပါ၏။

လှပသော နေဝင်တိမ်တောက်ချိန်၏ ဆွဲဆောင်မှုနှင့် အထက်စီးအမြင် တောင်တောရေမြေရှုခင်းတို့ကြောင့် တစ်ကြိမ်မက အကြိမ်ကြိမ်လာရောက် နားနေလည်ပတ်ဖြစ်ကြမည်သာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါလေသည်။ နားခိုဖွယ်ရာ အဆောင်ဆောင်အခန်းခန်းတို့ဖြင့် သာသနာရိပ်အား ခိုလှုံနားနေအပန်းပြေနိုင်ကြပါလေမည်ဟူ၍လည်း ထပ်ဆင့် ညွှန်းဆို ပြောပြလိုက်ချင်ပါပေသည်။

ခင် (တောင်ကြီး)




www.burmeseclassic.com

www.burmeseclassic.com

သနပ္ပင်မြို့နယ် ခမဲပြင်ဘိုးဘိုးကြီးနှင့် အနီးအနား စေတီပုထိုးများအပြင် ကဝမြို့နယ် ဖလေးဘုရားကြီးတိုင်ရောက်ခဲ့ဖူးသော်လည်း ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်လေ့ရှိသော သနပ္ပင်မြို့နယ် ရွှေစေတီသာသနာ့နယ်မြေသို့ တစ်ခါဖူးမျှ ရောက်ဖူးခြင်း မရှိခဲ့ပါ။

၁၃၇၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် (၄- ၇-၂၀၁၂)၊ ဗုဒ္ဓဟူးနေ့မှာဖြင့် သနပ္ပင်မြို့နယ် ရွှေစေတီ သာသနာ့နယ်မြေမှာထင်ရှားထူးထူးခြားခြား ဖြစ်ရပ်များကို တိုင်းရင်းဆေးဆရာကြီး 'စစ' ဆေးတိုက်



မူလ ပထမ ရွှေစေတီ

ပဋ္ဌမ်ံဆရာလှိုင် မိန့်ကြား ဝါစိမ်းနီ ကမ္ဘာ့ကိန်းနှင့်အညီ
ကမ္ဘာငြိမ်းစေရမည်ဟူသော နိမိတ်စကားနှင့်

# ပျားလပို့အတွင်းမှ ထူးဆန်းစွာထွန်းပေါ် ဝါစိမ်းနီဓာတ်လုံးဓာတ်တော်

ကဝင်း၄

ပိုင်ရှင် ဦးကျော်မြင့်၏ မေတ္တာအနန္တ ဖိတ်မန္တကပြုမှုဖြင့် ဒေသန္တရ ဘာသန္တရ လေ့လာခွင့်ရခဲ့ပါပြီ။

**ပဋ္ဌမ်ံဆရာလှိုင်၏ဘဝခရီးလမ်း သာသနာပြုမှတ်တမ်း (အကျဉ်း)**

'ဝါစိမ်းနီ ကမ္ဘာ့ကိန်းနှင့်အညီ ကမ္ဘာငြိမ်းစေရမည်'

ဟု နိမိတ်စကားမိန့်ကြားတော်မူခဲ့သော ကွင်းကောက် ပဋ္ဌမ်ံဆရာလှိုင်၏ဂုဏ်သတင်းကျော်ကြား ထင်ရှားသော သာသနာ့စွမ်းပကားများကို မြောက်ဥက္ကလာပမြို့နယ်မှာနေ ပဋ္ဌမ်ံဆရာလှိုင်၏တပည့်များမှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားဖူးခဲ့သည်မှာ ကြာခဲ့ပါပြီ။ ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ဈေးပိုင်းရပ် ရွှေစေတီ သာသနာ့နယ်မြေတွင် သာသနာပြုနေသောပုဂ္ဂိုလ်မှာ ကုဿာသယ ရွှေကျောင်း၌ သီတင်းသုံးနေတော်မူသော ရသေ့ကြီး ဦး


ရေးဟောင်းဓာတ်ပုံမှ ပြန်၍ရိုက်ကူးထားသော ပဋ္ဌမ်ံဆရာလှိုင်



ပျားလပို့အတွင်းမှထွန်းပေါ် ဝါစိမ်းနီဓာတ်လုံးဓာတ်တော်




www.burmeseclassic.com

www.burmeseclassic.com




ရွှေစေတီသာသနာ့နယ်မြေမှ
ကမ္ဘာ့ကပ်ကျော်စေတီ




ပဋ္ဌမံဆရာလှိုင်၏ဩဝါဒအရ
ဘုရားမျက်နှာကြက်တော်တွင်
အဝါ၊ အစိမ်း၊ အနီနှင့်ဖူးစီး




ရွှေချပြီး
သိဒ္ဓိကိန်းနေသော
စမိုး

အောင်တိဿ ဖြစ်လေ၏။

ကုက္ကုဆာသယ ရွှေကျောင်းတော်တွင် သီတင်းသုံးနေတော်မူသော ရသေ့ကြီး ဦးအောင်တိဿသည် ကွင်းကောက် ပဋ္ဌမံ ဆရာလှိုင်၏ တပည့်ရင်းဖြစ်သည်နှင့်အညီ ပဋ္ဌမံဆရာလှိုင် မိန့်ကြား ဩဝါဒများဖြင့် သာသနာပြုနေသူပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်။ ပဋ္ဌမံဆရာလှိုင်၏ဘဝခရီးလမ်း သာသနာပြုမှတ်တမ်းအကျဉ်းကို ရသေ့ကြီး ဦးအောင်တိဿနှင့် ဆရာလှိုင်၏တပည့်များ ပြောကြားသတင်းစကားများအရ ပဋ္ဌမံဆရာလှိုင်သည် ယခင်က ဓမ္မာစရိယဘွဲ့တော်ရ ကွင်းကောက် ယွန်းကျောင်းမှ စာချဆရာတော် ဖြစ်တော်မူခဲ့ပါသည်။ ဘွဲ့တော်မှာ ဦးဇောတိက ဖြစ်၏။ ဦးဇောတိက အမည်ဖြင့် စာချဆရာတော် သာသနာ့တာဝန်ထမ်းဆောင်တော်မူနေစဉ် တစ်နေ့သ၌ ဝိဇ္ဇာ ၅ ပါးသည် လူခြေတိတ် အိပ်ချိန်တွင် ဆရာတော်ဦးဇောတိက၏ အိပ်ဆောင်အခန်းတွင်းသို့ ကြွတော်မူလာကြလေ၏။ ဦးဇောတိက အိပ်နေရာမှလန့်နိုးသွား၏။ ဝိဇ္ဇာ ၅ ပါးကို ဖူးတွေ့ရ၍လည်း လွန်စွာ အံ့အားသင့်နေ၏။ ထိုအချိန်၌ အကြီးဆုံးဝိဇ္ဇာကြီးမှမိန့်တော်မူပါသည်။

"မောင်လှိုင်၊ မင်း အချိန်ကျပြီ။ ယနေ့မှစ၍ မင်း သာသနာပြုရတော့မယ်၊ စေတီပုထိုးတွေ တည်ရမယ်၊ သတ္တဝါတွေကို ကယ်တင် ကူသရမယ်"

ဝိဇ္ဇာကြီး၏ ရုတ်တရက် မိန့်ကြားစကားကြောင့် ဆရာတော် ဦးဇောတိက တွေဝေသွားသည်။ ဝိဇ္ဇာကြီးမိန့်ကြား ဆိုစကားကို မရှင်းလင်း၍မေးမြန်းမိ၏။

"တပည့်တော် ဘွဲ့တော်မှာ ဦးဇောတိက ဖြစ်၍ မောင်လှိုင်ကို မသိပါ ဘုရား"

ဟု ဆိုလိုက်သောအခါ ဝိဇ္ဇာကြီးက-

"မောင်လှိုင်ဆိုတာ ကိုယ်တော်ကိုဆိုလိုတာ။ ကိုယ်တော်ရဲ့အတိတ်ဘဝအမည်က မောင်လှိုင် ဖြစ်တယ်။ ကိုယ်တော့်အတိတ်ဘဝက ယောမင်း



www.burmeseclassic.com

www.burmeseclassic.com




ရွှေစေတီသာသနာ့နယ်မြေမှ
ရှမ်းသိုက်ဘုရားစေတီ




ရွှေစေတီသာသနာ့နယ်မြေမှ
ဘုရား ကေသ္မာ စေတီတော်

ကြီး ဦးဘိုးလှိုင် ဖြစ်ခဲ့တယ်။ ယော မင်းကြီးဘဝနှင့် အဓိဋ္ဌာန်ပြုခဲ့တယ်။ အဲဒီ အဓိဋ္ဌာန်က အနီးဆုံး ဘဝမှာ သတ္တဝါအများကယ်တင်သနား သာသနာပြုခွင့်ရစေသား ကတိသစ္စာ ထားကြောင့် ယခုအနီးဆုံးဘဝဖြစ်သော ယခုဘဝမှာ သာသနာပြုရန် အချိန်တန်ပြီမို့ လာရောက် သတိပေးရခြင်း ဖြစ်တယ်”

ဟု ဝိဇ္ဇာကြီးက ရှင်းပြလိုက်၏။

“ယခု စာချနေခြင်းသည် သာသနာပြုတာပါပဲ”

ဟု ဆရာတော် ဦးဇောတိက က ဆိုသောအခါ ဝိဇ္ဇာကြီးက မှန်သော့ မှန်ပါကြောင်း၊ သို့သော် အတိတ်က ကတိအတိုင်း ထူးကဲစွာ သတ္တဝါတွေအကျိုးကို သယ်ပိုးရန် မောင်လှိုင် အမည်ဖြင့် သာသနာပြုရန် ယခုအချိန်သည် အကောင်းဆုံး အချိန်ဟု တိုက်တွန်းနှိုးဆော်ရင်း-

“မနက်ဖြန် အဖြေပြန်ပေးပါ”

ဟု မိန့်ဆိုကြလျက် ပြန်လည်ကြွသွားတော်မူကြပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ခင်မင်သော တိုင်ပင်ဖော် တိုင်ပင်ဖက် ခန်းနေကိုယ်တော်အား ပြောပြသောအခါ အသံမထွက်၊ ပြောပြ၍မရ ဖြစ်နေ၏။ လည်မျိုကို ညှစ်ထားသလိုခံစားရပြီး စကားပြော၍မရ။ စာရွက်ပေါ် ရေးပြီးပြောပြသော အခါ ခန်းနေကိုယ်တော်မှ အတိတ်က အကြောင်းအရာကို မဝေဖန်လိုပါ။ သို့သော်လည်း ကတိကို မဖျက်ကောင်း၊ ကတိပေးထားလျှင် ပေးထားသည့်အတိုင်း ပြုလုပ်တာ အကောင်းဆုံး။ ဆေးဝါး၊ မန္တန် ဟူသည် ဝိဇ္ဇာတို့နှင့်ကင်း၍မရသောအရာဖြစ်၍ ရဟန်းဝိနည်းနှင့် သင့်လျော်၊ မသင့်လျော် မိမိဘာသာဆုံးဖြတ်ဟု ပြန်လည်မိန့်တော်မူခဲ့လေ၏။ ခန်းနေကိုယ်တော်၏ အကြံဉာဏ်ကို လက်ခံတော်မူပြီးနောက် ငါသည် ရဟန်းဘဝ သိက္ခာချ၍ ရသေ့ဝတ်ဖြင့်သာသနာပြုရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ဆုံးဖြတ်ချက်ချလိုက်သော ထိုနေ့ည သန်းခေါင်ယံအချိန်မှာ အရှင်ဇောတိက၏အဖြေကို နာကြားရန် ဝိဇ္ဇာကြီး ၅ ပါးသည် အရှင်ဇောတိက၏ အိပ်ခန်းတွင်းသို့ ကြွတော်မူလာကြ၍ ခရီးရောက်မဆိုက်မှာပင် ရှင်ဇောတိက,က ရဟန်းဘဝသိက္ခာချ၍ ရသေ့ဘဝဖြင့် သာသနာပြုရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း ပြန်ကြားလိုက်လေ၏။ ထိုနေ့ညမှာပင် ဝိဇ္ဇာကြီး ၅ ပါးက ဝိဇ္ဇာတို့တတ်အပ် ပညာရပ်များနှင့် အဌာရသ ၁၈ ပါးကို လက်ထပ်သင်ပေးတော်မူကြလေ၏။ ဝိဇ္ဇာတို့တတ်အပ် ပညာရပ်များ လေ့လာဆည်းပူး ပြီးမြောက်ချိန်၍ ‘မ-တစ်လုံးကျော ဆရာလှိုင်’ ဟူသော ဘွဲ့အမည်တော်ခံယူ၍ ထိုအချိန်မှ စ,ကာ သတ္တဝါတို့အကျိုးကို သယ်ပိုးပါတော့၏။ လောကီ၊ လောကုတ္တရာ မေးမြန်းရန် လာသူများကို မေးရန် အကြောင်းအရာကိုကြိုပြော၍ ဖြေကြားခြင်း၊ ရက်ရှည်လများ ကျန်းမာရေးမကောင်းသူတို့ကို ကုပေးခြင်း ပြုလုပ်လေ၏။ တစ်လတိတိ အိပ်ရာထဲလဲ၍ သမားတော်များ လက်လွှတ်လိုက်သော လူနာတစ်ဦးသည် ထမ်းစင်ဖြင့် မ-တစ်လုံးကျော ဆရာလှိုင်ထံရောက်လာသောအခါ မ-တစ်လုံးကျောဆရာလှိုင်က ‘မတ်တတ်ရပ်’ ဟု မိန့်လိုက်သည်နှင့် ချက်ချင်းထလမ်းလျှောက် အိမ်ပြန်သွားလေ၏။ ထိုအချိန်မှစ,၍ ဆရာလှိုင်၏သတင်း



www.burmeseclassic.com

www.burmeseclassic.com

သည် ဟသ်ာတ ကွင်းကောက်ဒေသ များပင်မက ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး မွှေးပျံ့သင်းထုံ ကောင်း သတင်းအဖုံဖုံဖြင့် ကျော်ကြားသွား လေတော့၏။

ကျော်ကြား လူသိများလာမှု နှင့်အတူ တပည့် ဒါယကာ၊ ဒါယိကာ မများ များပြားလာလေ၏။ ဘုရား တည်၊ ကျောင်းဆောက်၊ သာသနာ ဖွံ့ဖြိုးရေးများလည်း ဇောင်းပေးပြု လုပ်လာလေသည်။ ဘုရားတည်၊ ကျောင်းဆောက်သောအခါ ဘယ် သောအခါမှ အလှူခံခွက်ခံအလုပ် မျိုး မလုပ်ခဲ့။ အဓိဋ္ဌာန်ပြုလိုက်သည် နှင့် လှူမည့်တန်းမည့်သူများ အလို လို ပေါ်လာလေ၏။ ဆရာလှိုင်သည် ပဋ္ဌမံ အတတ်ပညာများနှင့် အသွင် အမျိုးမျိုးဆောင်လေ၏။ တစ်ခါတစ် ရံမှာ ဆရာလှိုင်ကို နန်းတွင်းအဝတ် အစား(ယောမင်းကြီးပုံ)၊ တစ်ခါတစ် ရံမှာ သူဌေးကြီးဦးကောက်ရဲအသွင် သူဌေးအဝတ်အစားဖြင့်တစ်ဖုံ၊ တစ် ခါတစ်ရံမှာ ရသေ့ကြီးဦးခံအောင်ဘန်း အသွင်သဏ္ဌာန် ရသေ့ရဟန်းပုံများ ဖြင့် အသွင်အမျိုးမျိုးဆောင်တော်မူ သည်။ ဆရာလှိုင်ကို လောကီ၊ လော ကုတ္တရာရေးရာများ လျှောက်ထားလို သောအခါ မင်းဆရာအဝတ်အစား များဝတ်ရုံဖြင့် ဖြေတော်မူပါသည်။ တစ်ဖန် စေတီ ပုထိုး ကျောင်းကန် တည်ဆောက်သောအခါ သူဌေးကြီး ပုံသဏ္ဌာန်ဖြင့် မြင်ရသည်။ ဘုရား တည်၊ ကျောင်းဆောက်ပြီးချိန်တွင် ဆရာလှိုင်ကို ရသေ့ ရဟန်းဝတ်ဖြင့် ဖူးမြင်ရကြောင်း တပည့်ဒကာများ ပြောကြားစကားအရ ကြားသိရပါ သည်။ ထို့နောက်ပိုင်းကာလများတွင် မ-တစ်လုံးကျေဆရာလှိုင်အစား ပဋ္ဌ မံဆရာလှိုင်ဟုခေါ်ကြကြောင်း သိရ ပါသည်။

ပါရမီဖြည့်ဖက် တပည့်ဒကာ **အရင်းအချာ**များကို အန္တရာယ်ကင်း **စမအင်း**များပါသော ခုံညင်းဒိုးလေး **များ** ချီးမြှင့်လေ့ရှိ၏။ များသောအား ဖြင့် ရွှေချထား ခုံညင်းဒိုးကလေးများ ကို ချီးမြှင့်လေ့ရှိ၏။ တစ်ခါသော် အန္တရာယ်ကျရောက်တော့မည့် သေ







ဘေးနီးနေသော တပည့်ဒကာတစ် ယောက်အား ဒိုးကလေးတွင် စမ အင်း ချက်ချင်းစီရင်ပြီး 'မင်း ဒါ ဆောင်ပြီးသွား' ဟု မိန့်ကြားခဲ့လေ ၏။ ထိုအချိန်ကာလက ဧရာဝတီ မြစ်ဝကျွန်းပေါ်တွင် ကွန်မြူနစ်များ၊ ရောင်စုံသောင်းကျန်းသူများ ထကြွ သောင်းကျန်းနေသောကာလ ဖြစ် လေ၏။

ပဋ္ဌမံ ဆရာလှိုင် ချီးမြှင့်သော စမအင်း ဒိုးကလေးကို ဆောင်ယူ၍ ထိုတပည့်ဒကာသည် ခရီးသွားစဉ် လမ်းခုလတ်၌ ကွန်မြူနစ်များနှင့် ပက်ပင်းသွားတိုးလေ၏။ ကွန်မြူနစ် များက မထင်ရင် မထင်သလို သတ် ဖြတ်ကြသည်ဖြစ်ရာ ထိုဒကာသည် ပဋ္ဌမံဆရာလှိုင်ပေးသော ဒိုးကလေး ကို လက်မှာ ခိုင်မာစွာ ဆုပ်ကိုင် ထားလေ၏။

အသက်ဘေးမှလွတ်မြောက်သူ ဆရာလှိုင်၏တပည့်ကိုလည်း ကန် တော့ ကြလေ၏။ ထိုအချိန်ကာလ မှစ၍ ပဋ္ဌမံဆရာလှိုင်၏ဂုဏ်သတင်း သည် တောမီးပမာ ချက်ချင်း ပျံ့နှံ့ သွားပြီးနောက် *'ဒိုးကလေးကို ဖြိုင် မယ့်သူ မပေါ်သေး. . .'* ဟူသော တဘောင်သီချင်း ပေါ်လာကာ လူ တိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့ပါ တော့၏။

ယောမင်းကြီး ဦးဘိုးလှိုင်၏



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယဘဝ ပဌမံ ဆရာလှိုင်သည် သာသနာအကျိုး၊ သာသနာဖွံ့ဖြိုး အောင် သာသနာအကျိုးဆောင်၍ သတ္တဝါတို့ကို ကယ်တင်သနားတော် မူပြီးနောက် ကောဇာနှစ် ၁၃၃၅ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၁ နာရီ ၄၅ မိနစ်တွင် ဝိဇ္ဇာမိုရ်တို့၏ ရည်မှန်း ထွက်ရပ်လမ်းသို့ စံမြန်း တော်မူခဲ့ကြောင်း တပည့်ဒကာများ သတင်းစကားဖြင့် မှတ်တမ်းရေးထိုး အပ်ပါသည်။ ။ စာရေးသူ။

**ဝါစိမ်းနီ ကမ္ဘာ့ကိန်းနဲ့အညီ ကမ္ဘာငြိမ်း စေရမည် ဟူသော ပဌမံ ဆရာလှိုင် မိန့်ကြား ဩဝါဒစကား နာကြားခွင့်ရ သော ရသေ့ကြီး ဦးအောင်တိဿ၏ ဘဝခရီးလမ်း သာသနာပြုစခန်း**


ပဌမံဆရာလှိုင် ထွက်ရပ်လမ်း မမြန်းမီကပင် တပည့်ဒကာရင်း ဖြစ် ခဲ့၏။ ထိုစဉ်က ငွေစာရင်းရုံးတွင် တာဝန်ထမ်းဆောင်ရင်း ခွင့်ရသော ရက်၊ အလုပ်ပိတ်သောရက်များတွင် ဆရာလှိုင်ထံသွား၍ တပည့်ခံယူရင်း အဓိဋ္ဌာန်စခန်းများဝင်ခဲ့သူ ဖြစ်လေ ၏။ ရသေ့ကြီး ဦးအောင်တိဿ၏ လူအမည်မှာ ဦးတင်ဦး ဖြစ်လေ၏။ ပထမံဆရာလှိုင်မှ ထွက်ရပ်လမ်း မ မြန်းမီ ဦးတင်ဦးအား အရောက်လာ ခဲ့ပါရန် မှာကြားသော်လည်း ဝန်ထမ်း ဖြစ်၍ အလုပ်တာဝန်များဖြင့် ပဌမံ ဆရာလှိုင်ထံ သွားခွင့်မရခဲ့။ အလုပ် မှခွင့်ရ၍ ပဌမံဆရာလှိုင်ထံ အပြေး အလွှားရောက်လာခဲ့သော်လည်း ပဌ မံ ဆရာလှိုင်မှာ ထွက်ရပ်လမ်း မြန်း သွားခဲ့လေ၏။ သို့သော်လည်း ပဌမံ ဆရာလှိုင်က 'မောင်တင်ဦး ရောက် လာလျှင် ဤရသေ့ဝတ်စုံတစ်စုံ ပေး လိုက်ပါ' ဟု မိန့်မှာမှုကြောင့် ရသေ့ ဝတ်စုံအမွေရခဲ့၏။ ထိုရသေ့ဝတ်စုံရ ပြီးချိန်၌ ဆုံးဖြတ်ချက်တစ်ခုချခဲ့၏။

'ငါသာသနာပြုဖို့ ဆရာလှိုင် အမိန့်ချလိုက်ပြီ။ ငါ သာသနာပြု တော့မည်'

ထိုဆုံးဖြတ်ချက်နှင့်အညီ အ လုပ်၌ ပင်စင်တင်၏။ ပင်စင်ကိစ္စ ပြီးချိန်မှာ ဆရာလှိုင်ချီးမြှင့်သော ရသေ့ဝတ်စုံဝတ်ပြီး ရသေ့အဖြစ် ခံ ယူ ဆောက်တည်လိုက်လေ၏။ ထို အချိန်တွင် ပဌမံဆရာလှိုင်မိန့်ကြား ဩဝါဒကို နာကြားခွင့်ရတော့၏။ ဆရာလှိုင်၏တာဝန်ပေးမှုအရ ပန်း တနော် ခန္ဓကတိုးကျေးရွာ တောရ ကျောင်းတွင် ၁၃၃၈ ခု၊ ဝါခေါင်လ ဆန်း ၁ ရက်နေ့မှာ စတင်သာသနာ ပြုခွင့်ရခဲ့၏။ ပန်းတနော် တောရ ကျောင်းတိုက်တွင် အောင်သိဒ္ဓိ၊ သိဒ္ဓိ အောင်စေတီ၊ ကျိုးမနိုးစေတီ၊ လေး ကျွန်းဒီပါစေတီ စသည်ဖြင့် ဘုရား ကျောင်းကန်နှင့်တကွ သာသနိက အဆောက်အအုံများ တည်ဆောက် ပြီးချိန်၌ ၁၃၄၆ ခု နတ်တော်လဆန်း ၉ ရက်နေ့တွင် သနပ္ပင်မြို့နယ် ဈေး ပိုင်းရပ် ရွှေစေတီသာသနာ့နယ်မြေ သို့ ဆရာလှိုင်၏တာဝန်ပေးမှုအရ ရောက်ရှိ သာသနာပြုတော်မူသည်။ သနပ္ပင် ရွှေစေတီသို့မကြွမီ ဩဝါဒ အရ ပဲခူးရွှေမော်ဓောဘုရားကြီးတွင် ၂၇ ရက် အဓိဋ္ဌာန်ဝင်ခဲ့လေ၏။

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင် မုန်းလပြည့်နေ့ နံနက် ၉ နာရီတိတိ အချိန်တွင် ပဌမံဆရာလှိုင်မှ 'ဝါစိမ်း နီ ကမ္ဘာ့ကိန်းနဲ့အညီ ကမ္ဘာငြိမ်းစေရ မည်' အတိတ် နိမိတ်တော်အတိုင်း 'အဲဒီ ဝါစိမ်းနီကို ကုဿာသယ ရွှေ ကျောင်းတော် မျက်နှာကြက်တွင် တပ်ဆင်ထား' ဟု မိန့်ကြားတော်မူ






www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။

၁။ အဝါရောင်ဓာတ်နိမိတ် ဆောင်ခြင်းသည် ကမ္ဘာမှာ သာသနာရောင်ဝါ ထွန်းလင်းစေမည်။

၂။ အစိမ်းရောင် ဓာတ်နိမိတ်ဆောင်ခြင်းသည် ဆန်ရေစပါး ကျောက်သံပတ္တမြား ပေါများစေမည်။

၃။ အနီရောင်ဓာတ်နိမိတ် ဆောင်ခြင်းသည် ကမ္ဘာမှာ သာသနာ့အာဇာနည်များ ပေါ်ထွန်းစေမည်။

ပဋ္ဌမံ ဆရာလှိုင်၏တပည့်ရင်းဖြစ်သူ ရသေ့ကြီး ဦးအောင်တိဿသည် ဩဝါဒတော်အတိုင်း ဘုရားခန်းတွင် အဝါရောင်နဖူးစီးတစ်တန်း၊ အစိမ်းရောင် နဖူးစီးတစ်တန်း၊ အနီရောင် နဖူးစီးတစ်တန်း ၃ တန်းဆွဲ၍ တင်လှူလိုက်လေ၏။

ဩဝါဒတော်အတိုင်း တစ်မျိုးလျှင် အလျား ၉၆ လက်မ × အနံ ၃၀ လက်မ = ၂၈၈ လက်မ × ၃ တန်းဖြစ်ခြင်းကြောင့် ၈၆၄၀ လက်မကို အတိအကျ မှာကြားတဲ့အတိုင်း စီရင်ဆောင်ရွက်ခဲ့လေ၏။ အားလုံးပေါင်းသော် ကိုးနဝင်းမိ၏။ ပဋ္ဌမံဆရာလှိုင် ဩဝါဒနှင့်အညီ ဝါ၊ စိမ်း၊ နီ နဖူးစီးများ ဘုရားမျက်နှာကြက်တွင် တင်လှူပူဇော်ပြီးချိန်မှစ၍ ရွှေစေတီသာသနာ့နယ်မြေ ကုဋ္ဌာသယရွှေကျောင်းတော်ဝန်းကျင်၌ မူလရွှေစေတီအပြင် ကမ္ဘာဇ ဇကမ္ဘာစေတီတော်၊ လေးကျွန်းမဏ္ဍိုင်စေတီတော်၊ ကမ္ဘာ့ကပ်ကျော် စေတီတော်၊ ရှင်လေးပါးစေတီတော်၊ ရှမ်းဘုရားစေတီတော်၊ ငွေစေတီတော်နှင့် ၉ ဆူမြောက်အဖြစ် ယခုနှစ် ၁၃၇၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဗုဒ္ဓါဘိသေက အနေကဇာတော်တင်တော်မူသော 'စစ' ဆေးတိုက်ပိုင်ရှင် သမားတော်ကြီးဦးကျော်မြင့်၊ ဆရာမ ဒေါ်ခင်ရီမိသားစု လှူတော်မူ အောင်မင်္ဂလာရုပ်ပွား မြတ်ဘုရား စသည်ဖြင့် စေတီ ရုပ်ပွားမြတ်ဘုရားများ တည်တော်မူနိုင်ခဲ့လေ၏။

ကိုးနဝင်းမိသော သနပ္ပင်မြို့နယ် ရွှေစေတီသာသနာ့နယ်မြေတွင် စေတီရုပ်ပွား မြတ်ဘုရားများ တိုးပွားလာမှုနှင့်အတူ 'ဝါစိမ်းနီ ကမ္ဘာ့ကိန်းနှင့်အညီ ကမ္ဘာငြိမ်းစေရမည်' ဟူသော ပဋ္ဌမံဆရာလှိုင်၏ ဩဝါဒမိန့်ကြား နိမိတ်စကားနှင့်ဆက်နွှယ်ပတ်သက်နေသော အကြောင်းတရားတို့သည် ၆-၂-၂၀၁၂ ခုနှစ်၊ ညနေ (၆း၃၀)နာရီမှာဖြင့် ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများ ပေါ်ထွန်းလာခဲ့လေတော့၏။

ရွှေစေတီ သာသနာ့နယ်မြေတွင် ညစဉ် ၇ နာရီတိုင်း စုပေါင်းဘုရားဝတ်တက်ကြရ၏။ ရသေ့ကြီး ဦးအောင်တိဿ၏ တပည့်ဖြစ်သူ ယောဂီ ဦးသိန်းစိုးသည် ဘုရားဝတ်တက်ရန် အချိန်လိုသေးသဖြင့် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ခေတ္တ စောင့်ဆိုင်းနေစဉ် ဝတ်တက်ရန် ကြေးမောင်းတီးသံများ အလိုလို ပေါ်လာလေ၏။ ကြေးမောင်းသံအပြီး ညနေ (၆း၃၀)နာရီအချိန်၌ ဂေါတမဘုရားမှစ၍ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် ရောင်ခြည်တော်တန်းများ ထွန်းပေါ်သည်ကို ဦးစွာဖူးတွေ့လိုက်ရ၏။ ယောဂီ ဦးသိန်းစိုးနှင့်အတူ ဒေါ်ညို၊ ဒေါ်ကျင်တို့အပြင် ဘုရားဝတ်တက်ရန်လာသူ ယောဂီတချို့လည်း ဖူးမြင်ကြရလေ၏။ ဝါ၊ စိမ်း၊ နီ ရောင်ခြည်များသည် လျှပ်တစ်ပြက်အချိန်ကလေးတွင် နှစ်ကျိပ်ရှစ်ဆူ ပြည့်သည်အထိ ၁၅ မိနစ်ခန့်အကြာ ရောင်ခြည်တော် ကွန့်မြူးတော်မူခဲ့ပါသည်။ ထိုသို့ ရောင်ခြည်တော် ဝါ၊ စိမ်း၊ နီများ ကွန့်မြူးတော်မူပြီး ၁ လခန့်အကြာ ရသေ့ကြီးဦးအောင်တိဿအမိဋ္ဌာန်ဝင်ရာ ကျောင်းတော်မဟာ အရှေ့ဘက်နား ဝါးရုံတန်းနားတွင် ပျားအုံကြီးများ အုံခဲအုံဖွဲ့နေကြ၏။ တစ်နေ့သ၌ ကျောင်းသားငယ်ကလေးများသည် ရသေ့ကြီးနှင့် ယောဂီများအလစ်၌ ပျားအုံကိုတက်ယူကြပြီး ပျားရည်ညှစ်ကြ၏။ ပျားရည်ညှစ်ပြီးနောက် ကျန်ရှိသောပျားလပို့ကို ယောဂီဦးသိန်းစိုးသို့လာပေးကြလေ၏။ ယောဂီ ဦးသိန်းစိုးမှ ပျားလပို့အား အနည်းငယ်ဖဲ့၍ ကိုက်ကြည့်မိ၏။ ထိုသို့ကိုက်ကြည့်ရာ လုံးဝန်း၍မာကျောသော အရာဝတ္ထုကို ကိုက်မိသဖြင့် ပျားလပို့ကိုကြည့်ရာ လွန်စွာ ထူးဆန်းသော အိမ်မြှောင်ဥအရွယ် ၃ လုံးကို တွေ့လိုက်ရ၏။ လက်ဖြင့် ပွတ်သပ်ကြည့်သောအခါ အံ့ဩဖွယ်ရာ ဂမ္ဘီရဆန်စွာ အဝါတစ်လုံး၊ အစိမ်းတစ်လုံး၊ အနီတစ်လုံး ဖြစ်ပေါ်နေသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့ရလေ၏။ ဆရာရသေ့ကြီးထံ ယူဆောင်ပြသရာ ဆရာရသေ့ကြီးက ပဋ္ဌမံဆရာလှိုင်၏ဩဝါဒမိန့်ကြားစကားနှင့်အညီ အတိတ်ကောင်း နိမိတ်ကောင်းစွာ ပေါ်ထွန်းလာသော ဓာတ်လုံးဓာတ်တော် အစုအဝေးများ ဖြစ်ကြောင်း၊ သိဒ္ဓိစွမ်းပကား လွန်စွာကြီးမား၍ လောကကောင်းကျိုး ဆတိုးပြီး သယ်ပိုးဖို့ အခွင့်အခါ အချိန်ကောင်းရောက်ပြီဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူပါသည်။ ထိုသို့ ထူးခြားမှုများ ဆက်တိုက် ဆိုသကဲ့သို့ ဖြစ်ပေါ်လာ၏။ ၁၃၇၃ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့ကလည်း သမားတော်ကြီး 'စစ' ဦးကျော်မြင့်လှူဒါန်းသော ဓာတ်တော်များ ဌာပနာတော်မူထားသည့် အောင်စေတီတော်တွင် ရောင်ခြည်တော် ၁၀ မိနစ်ခန့် လွှတ်တော်မူပါကြောင်း ရသေ့ကြီးကပြောပြ၍ သိခဲ့ရပါသည်။

## ရသေ့ကြီး ဦးအောင်တိဿ၏ဓာတ်စခန်း

ရသေ့ကြီး ဦးအောင်တိဿသည် ပဋ္ဌမံဆရာလှိုင်၏တပည့်ပီသစွာ ပထမံဆရာလှိုင်ညွှန်ကြား သာသနာပြုလုပ်ငန်းများပြုလုပ်ရန် ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ဈေးပိုင်းရပ် ရွှေစေတီ သာသနာ့နယ်မြေ ကုဋ္ဌာသယရွှေကျောင်းတော်၌ ဓာတ်စခန်းဖွင့်ထား၏။ ထိုဓာတ်စခန်းမှနေ၍ သာသနာပြုလုပ်ငန်းများ ပြုလုပ်နေရင်း ၇ ရက်သားသမီးများကို ကယ်တင် စောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးလေ၏။ သမားတော်များလက်လွှတ်လိုက်ရသော ရောဂါ



www.burmeseclassic.com

www.burmeseclassic.com

ရှင်များအား ငှက်ပျောသီး ခတ်စာ ပေး၍ကုသလျက်ရှိရာ သေအံ့ဆဲဆဲ လူနာ ၃၀ ဦးအား ကယ်တင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထို့အပြင် လောကီရေး ရာ စီးပွားလုပ်ငန်းဆိုင်ရာများနှင့် ဝန် ထမ်းများ၏အခက်အခဲ၊ ရာထူးတိုး စာမေးပွဲဖြေ စသည်ဖြင့် ၇ ရက်သား သမီးများ၏အခက်အခဲ အကျပ်အ တည်းတို့ကို မေတ္တာအစွမ်းဖြင့် တတ် ကျွမ်းသမျှ ကူညီစောင့်ရှောက်ပေး နေပါသည်။ တစ်ခါသော် မြို့နယ်အ ဆင့် အုပ်ချုပ်ရေးအကြီးအကဲတစ်ဦး သည် ဆောင်ရွက်ဖွယ်ကိစ္စတချို့၌


အောင်တိုသနှင့် တွေ့ဆုံရင်းနှီးမှုကို ရခဲ့လေ၏။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ (၁၉၉၂ ခု၊ ဧပြီလ ၄ ရက်နေ့) က တိုင်းရင်းသမားတော်ကြီး ဦး ကျော်မြင့်၏ အိမ်ဆိုင် အိမ်သစ်က လေး အိမ်တက်မင်္ဂလာပြုလုပ်စဉ်က ရသေ့ကြီး ဦးအောင်တိုသသည် တပည့်အများဖြင့် ကြွရောက်ကြ လျက် ခတ်ဖွင့် လာဘ်ဖွင့်ပေးတော် မူခဲ့လေ၏။ ထိုသို့ ခတ်ဖွင့်လာဘ် ဖွင့်ရင်း ရသေ့ကြီး ဦးအောင်တိုသ ၏မနောအာရုံတွင် သမားတော် ဦး ကျော်မြင့်သည် နောင်တွင် သာသ


နာပြုရမည့်သူဟု သိမြင်လာသော အခါ ရသေ့ကြီးတွင်ရှိသော ထိုဒိုး နှစ်လုံးထဲမှ နှစ်သက်ရာဒိုးတစ်လုံး ကိုလတ်ခံရယူစေလိုကြောင်း၊ ထိုဒိုး ရောက်တဲ့အချိန်မှစ၍ သာသနာပြု လုပ်ငန်းများအပြင် သမားတော်၏ ဆေးဝါးလုပ်ငန်းများ အောင်မြင်ခြင်း သို့ရောက်မှာအမှန်ဖြစ်ကြောင်း မိန့် ဆို၍ သမားတော်ကြီး ဦးကျော်မြင့် အား ဒိုးနှစ်လုံးအနက်မှ နှစ်သက်ရာ ဒိုးတစ်လုံး ရွေးစေ၏။ စစဆေးတိုက် ပိုင်ရှင် သမားတော်ကြီး ဦးကျော်မြင့် သည် ဒိုးနှစ်လုံးအနက်မှ စကြာအင်း ပါ ဒိုးကို ရွေးချယ်ယူထားလိုက်၏။

သမားတော်ကြီး ဦးကျော်မြင့် ထံပါး စကြာအင်းပါ ဒိုးကလေး ရောက်ချိန်မှစ၍ ဆေးကုသမှုလုပ်

ငန်းများ အထူးအောင်မြင်လာသည့် အပြင် 'စစ' ဆေးဝါးရောင်းဝယ်ရေး လုပ်ငန်းသည် တစ်နေ့တခြား ဒီရေ အလား စီးပွားများ တိုးပွားလာပြီး သကာလ လူနေမှုအဆင့်အတန်း သည်လည်း တိုက်ပိုင်၊ ကားပိုင်များ ဖြင့် အထက်တန်းကျကျ မျက်နှာပန်း လှလှနှင့် အောင်ပန်းတွေပွင့်ခဲ့သည် ကို မြောက်ဥက္ကလာ မေခဝီလမ်း မေခဝီဈေးအနီးမှာတည်ရှိ 'စစ' ဆေးတိုက်ကြီးက သက်သေခံနေပါ ကြောင်း တင်ပြရင်း. . .

ဝါစိမ်းနီ ကမ္ဘာ့ကိန်းနှင့် အ




ညီ ကမ္ဘာကြီး ငြိမ်းအေးကြပါစေသ တည်း။

မေတ္တာများစွာဖြင့်
ကံဝင်း

**ကျေးဇူးတင်လွှာ**

ပဋ္ဌမံဆရာလှိုင်၏ဘဝခရီးလမ်း သမိုင်းမှတ်တမ်းများကို မိမိတို့သိသ မျှ ပြန်လည်ပြောပြပေးကြကုန်သော ရသေ့ကြီး ဦးအောင်တိုသ၊ ယောဂီ ဦးသိန်းစိုး၊ 'စစ' ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်မြင့်၊ ဦးစီး အရာရှိ ဦးကိုကိုဇော် (ဆ. သ. ရ- ဟသာတ) တို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။ **စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com

မောင်ဇေယျာ

# တိပိဋကမိခင်ကြီး ဒေါ်ဓမ္မစာရီ

(၁၈၇၉-၁၉၇၁)



ဓမ္မနာဒသာသနမိခင်ကြီး
မင်းကွန်းတိပိဋကဓရဆရာတော်၏
ကျေးဇူးရှင် သာသနမိခင်ကြီး
သစ္စဝါဒီကာကျော်ပြန့်
သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနသမိုင်းတွင် ပထမဦးဆုံး တိပိဋကဓရအရှင်အဖြစ် ဥဒါန်းတွင်ရစ်သည့် မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ (၁၉၁၁-၁၉၉၃)၏ သာသနမိခင်ကား သီလရှင် မယ်တော်ကြီး ဒေါ်ဓမ္မစာရီ (၁၈၇၉ - ၁၉၇၁) ဖြစ်သည်။ ဒေါ်ဓမ္မစာရီသည် တိပိဋကဆရာတော်ကက် (၃၂) နှစ်ကြီး၍ ဆရာတော် (၁၉) နှစ်အရွယ် ကိုရင်ဘဝမှ တိပိဋကဓရဘွဲ့ရသည့်တိုင် ပြုစု စောင့်ရှောက်ခဲ့သည်။ ထို့ပြင် ယနေ့ မြန်မာပြည်အရပ်ရပ်မှ တိပိဋကတ်သုံးပုံအာဂုံနှင့် ရေး၊ဖြေစာမေးပွဲဝင်မည့် တိပိဋကလောင်းလျာ စာသင် သံဃာ(၁၀၀)ကျော်တို့ သီတင်းသုံးရာ မင်းကွန်းဓမ္မနာဒစာသင်တိုက်တည် ကျောင်းအမကြီးလည်းဖြစ်ရာ သီလရှင်သာသနာသမိုင်းတွင် တစ်ခေတ်တစ်ယောက်ပေါ်ပေါက်ခဲ့သည့် တိပိဋကမိခင်ကြီးအဖြစ် မော်ကွန်းတင်ရစ်ပါသည်။

ဒေါ်ဓမ္မစာရီ အသက်(၃၄)နှစ်အရွယ်တွင် တိပိဋကဆရာတော်၏ ဥပဇ္ဈာယ်ဆရာရင်း ပထမဓမ္မနာဒဆရာတော်လျောင်းလျာ ရှင်ပညာစက္ကအား ကိုယ်တိုင် ပင့်ဆောင်၍ မင်းကွန်း ဓမ္မနာဒတိုက် (၁၉၁၈) ကို စတင် တည်ခဲ့သည်။ ထိုအချိန်တွင် ရှင်ပညာစက္ကမှာ အသက် (၂၇) နှစ်၊ သိက္ခာ(၇)ဝါမျှသာရသေး၍ ဒေါ်ဓမ္မစာရီအောက် (၇)နှစ်မျှ ငယ်သည်။ သို့သော် ထိုစဉ်ကပင် ရှင်ပညာစက္ကမှာ ပရိယတ်အရာတွင် ထင်ရှားနေပြီ။ ရှင်ပညာစက္ကနှင့် ပခုက္ကူရှင်ပညာတို့သည် စာချအကျော် မန္တလေးရွှေရေးဆောင်ဆရာတော် ဦးကြည်ခေါ် ရှင်အာဒိစ္စရံသီ (၁၈၅၇-၁၉၃၅) ၏ ဝဲ၊ ယာလက်ရုံးများပမာ ထင်ရှားလှသည်။ ပခုက္ကူရှင်ပညာမှာ နောင်အခါ ပခုက္ကူမဟာဝိသုတာရာမတိုက်တည် ရေစကြိုဆရာတော် ရှင်ဂန္ထသာရ (၁၈၃၃-၁၉၁၄) ၏ အရိုက်အရာကို ဆက်ခံရသကဲ့သို့ ရှင်ပညာစက္ကမှာလည်း ပထမဓမ္မနာဒဆရာတော်အဖြစ် ထင်ရှားသည်။

ရှင်ပညာစက္ကအား ဦးတည်၍ မင်းကွန်းဓမ္မနာဒကျောင်းတိုက်တည်ခဲ့ရာ (၁၁) နှစ်အကြာ နောင်အခါ ပထမဦးဆုံး တိပိဋကဓရ အရှင်မြတ်ဖြစ်လာမည့် ကိုရင်ရှင်ဝိစိတ္တသာရ ရောက်လာသည်။ ထိုအချိန်မှစ၍ ပထမဓမ္မနာဒဆရာတော် ရှင်ပညာစက္ကနှင့် ကျောင်းတိုက်အမ ဒေါ်ဓမ္မစာရီတို့သည် အရှင်ဝိစိတ္တသာရ၏ အောင်မြင်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ရသည်။ အထူးသဖြင့် ရှင်ဝိစိတ္တသာရ၏ ဘဝသည် သီလရှင် ဒေါ်ဓမ္မစာရီ၏ ပြုစု ပျိုးထောင်စောင့်ရှောက်မှုနှင့် အစဉ်ဒွန်တွဲနေပါသည်။ ရှင်ဝိစိတ္တသာရ၏ ရဟန်းဒါယကာများမှာ ဒေါ်ဓမ္မစာရီ၊ သူဌေးကြီးဆာဦးသွင်၊ ဒေါ်သိန်းသိန်းတို့ဖြစ်၍ ဥပဇ္ဈာယ်ဆရာတော်မှာ ပထမဓမ္မနာဒဆရာတော် ရှင်ပညာစက္က (၁၈၈၄ - ၁၉၃၇) ဖြစ်၏။

ပထမဓမ္မနာဒဆရာတော် ရှင်ပညာစက္ကသည် သက်တော်(၅၃)နှစ်၊ သိက္ခာ (၃၃)ဝါရတွင် ပျံလွန်ခဲ့သည်။ ထိုအချိန်တွင် ဒေါ်ဓမ္မစာရီမှာ သက်တော် (၆၀) တိပိဋကလောင်းလျာ ရှင်ဝိစိတ္တသာရမှာ သက်တော် (၂၇)၊ သိက္ခာ (၇) ဝါမျှသာ ရှိသေးသည်။ အသက်သိက္ခာငယ်ငယ်ရွယ်ရွယ်နှင့် ဒုတိယဓမ္မနာဒ ဆရာတော်အဖြစ် တိုက်တာအုပ်ချုပ်ရမည့်အရေး စိတ်အားလျော့ခဲ့ရာ ဒေါ်ဓမ္မစာရီသည် သားရဟန်းရှင်ဝိစိတ္တသာရအား 'အာဒါသမုခ'ဇာတ်တော်ကို ညွှန်ပြလျက် အားပေးရင်း နည်းပေးလမ်းပြ ကူညီစောင့်ရှောက်ခဲ့ရသည်။ ဒေါ်ဓမ္မစာရီသည် ရှင်ဝိစိတ္တသာရ ငယ်ရွယ်စဉ်ကပင် အကြောင်းအားလျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

သတိပေး သွန်သင်ဆုံးမမြဲ ဖြစ်သည်။ တစ်ခါက သားရဟန်းအား တေးထပ်တစ်ပုဒ်ဖြင့် သတိပေး ဆုံးမခဲ့သည်။

*မောင်ဆန်းကြွယ် တယ်မဆန်းချင်*
*နှင့် အရွယ်တန်းငယ်သည်။*
*တကယ်ဆန်း ကြွယ်ပလီလျှင်မဖွယ်*
*မည့်အရေး၊*
*မကြုံသင့်ကြုံရမည်ကို တုန်လှုပ်သည်*
*သည်းလိုက်ဖို့အေး။*
*မြတ်ဗုဒ္ဓသာသနာမှာ အရာရာလို*
*သေး။*
*ပမာဒါခိုမနှေးစေနှင့်၊ ကိုယ့်အရေး*
*ကိုယ်မျှော်၊*
*သံသရာဘုံဝလေ့ကိုဖြင့်၊ ကြုံမတွေ့*
*ဝေးဖို့ရှောင်နော်။*
*သာကီဇာတ် တစ်ပါးအမော်ရယ်၊*
*တရားတော်အခြေမြင့်စေဖို့၊*
*အဆွေနှင့် ဆရာအရှင်၊ ဆုံးမသွန်*
*သင်။*
*ပြောသမျှ သောတဆင်လျှင်၊*
*လောကခွင်မောင်တင့်ပါလိမ့်လေး။*

မိခင်ဒေါ်ဓမ္မစာရီ၏အရိပ်အာဝါသအောက်တွင် ဓမ္မနာဒတိုက်အုပ်ချုပ်ရပုံ၊ ဒေါ်ဓမ္မစာရီ၏ အဆုံးအမ စည်းကမ်းကြီးပုံတို့ကို လေးစားအမွှမ်းတင်သောအားဖြင့် ရှင်ဝိစိတ္တသာရ ကိုယ်တိုင် တေးထပ်တစ်ပုဒ်ဖြင့် ပြန်လည် မှတ်တမ်းတင်ခဲ့ပါသည်။

*ဥပဒေများအပြား*
*အစားစားထုတ်ကာ၊*
*ဘုရားဘုရား မလှူပ်သာတယ်၊*
*လုပ်ရှာတော်မူပေ့။*
*ခုရှိတဲ့တို့မိခင်လို၊*
*မြို့ပြည်တွင် ရှာလို့မတွေ့။ ။*
*သားသမီးများအပေါ်တွင်၊*
*မသနားတော်မူ၍။*
*တအားနော်ဆူမဟော့လို့၊*
*အပူငွေ့လွှတ်ခါ။*
*ထင်သလို အခန်းခန်း*
*တရကြမ်းပြောတော်မူရှာ။*
*ကြေးထူ(ကြီးထူ)တဲ့ ဝါသနာကို၊*
*ဘာဝနာထက်ပွားလို့၊*
*တစ်ဖက်သားတက်ဖို့ဆင်ခြေ၊*
*ဖျက်လို့ပင်ချေ။*
*ရှုပ်ယှက်ခတ်ကိုယ်ရေမွေ့တယ်၊*
*တို့မွေးမေဘုရားတဲ့လေး။ ။*

မိခင် ဒေါ်ဓမ္မစာရီ သက်တော် (၇၅) နှစ်ပြည့်ချိန်တွင် သားရဟန်း ရှင်ဝိစိတ္တသာရသည် သာသနသမိုင်းတွင် မကြုံစဖူး ထူးကဲလှသည့် ပထမဦးဆုံးသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိခဲ့သည်။ ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် ပိဋကတ်သုံးပုံဆိုင်ရာခက်ခဲနက်နဲလှသည့် မေးခွန်းပုစ္ဆာများကို တစ်ပါးတည်း ပါဠိ-မြန်မာနှစ်ဘာသာဖြင့် အဖြေဝိသဇ္ဇနကပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်တွင် မိခင်ကြီး ဒေါ်ဓမ္မစာရီသည် သားရဟန်းအတွက် အလွန် အားရဝမ်းသာစွာ သတိပေးစာကို ပါဠိဘာသာဖြင့် ရေးပို့ခဲ့သည်။

ဝိဝဋ္ဋာသီသပတ္ထန ပါဠိ+မရမ္မ သန္ဒေသကထာ နမောကတွာ ပဝေဒေမိ။

သုဏာသိ တာတ သံခေပေန မာတု တေ အဘိပတ္ထနံ၊

ဒါနိ မေ ပုတ္တကော တိပိဋကဓရော ဓမ္မဘဏ္ဍာဂါရိကော ဝေရိက္ခယေ မဟာပါသာဏဂုဟာယံ နိကာယေသု အာဂတံ ဗုဒ္ဓဿ ဘဂဝတော ဓမ္မတ္တံ ဝိဿဇ္ဇေတိ၊ ဧသော မေ ပုတ္တကော အပ္ပမာဒ ယုတ္တောနစေတသာ အတ္တနာ ဝိဿဇ္ဇိတံ ဓမ္မံ ယောနိသော ပစ္စဝေက္ခတု။

ပစ္စဝေက္ခိတွာပန ဝိပဿနာ ပဋိပါဋိယာ ဧတိဿံယေဝ မဟာပါသာဏဂုဟာယံ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတု။

နော စေ အာသဝေဟိ စိတ္တံ ဝိမုစ္စေယျ၊ ဟေဋ္ဌိမန္တေန ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇတု 'ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ' န္တိ။

သေယျထာပိ တာတ အာယသ္မတော နာဂသေနတ္ထေရဿ ဘိက္ခုဒါယိကာယ မဟာဥပါသိကာယ ဘိက္ခာနုမောဒနံကတွာ အတ္တနာ ဒေသိတံဓမ္မံ ပစ္စဝေက္ခန္တဿ ဝိပဿနံ ပဋ္ဌပေတွာ တသ္မိံ ယေဝါ + သနေ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ 'ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ' န္တိ။

ဧဝမေဝ မမ ပုတ္တဿာပိ တိပိဋကဓရဿ ဓမ္မဘဏ္ဍာဂါရိကဿ အတ္တနာ ဝိဿဇ္ဇိတံ ဓမ္မံ ပစ္စဝေက္ခန္တဿ ဝိပဿနံ ပဋ္ဌပေတွာ ဧတိဿံ ယေဝမဟာပါသာဏဂုဟာယံ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇတု 'ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ' န္တိ။

မာဂသိရမာသ ကာဠပက္ခဒသမိယံ
ပေသိတ + မိ ဒံ တေ မာတုယာ

## ပါဠိမူရင်းမြန်မာပြန်

ချစ်သား၊ သင့်မိခင်၏ လိုလားတောင့်တချက်ကို နားထောင်ပါလို့ ရှိခိုး၍ မှာကြားလိုက်ပါသည်။

ယခုအခါ ငါ့သား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကသည် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ နိကာယ် (ငါးရပ်) တို့၌ လာသည့် ဗုဒ္ဓ၏ တရားဓမ္မဒေသနာ အနက်အဓိပ္ပာယ်များကို ဖြေကြားနေသည်။ ငါ၏ ချစ်သားသည် မမေ့မလျော့ သတိနှင့်ယှဉ်သောစိတ်ဖြင့် မိမိဖြေဆိုအပ်သော တရားဓမ္မကို အသင့်အားဖြင့် ဆင်ခြင် သုံးသပ်ပါလေ။ ဆင်ခြင်သုံးသပ်ပြီးနောက် ဝိပဿနာဉာဏ်အစဉ်အားဖြင့် ဤလိုဏ်ဂူကြီးထဲ၌ပင် ချစ်သား၏စိတ်သည် တဏှာ၊ ဒိဋ္ဌိတို့ဖြင့် မစွဲမလမ်းမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်ပါစေ။

အကယ်၍ မကင်းလွတ်နိုင်သေးမူ အောက်ထစ်ဆုံးအားဖြင့် 'ဖြစ်ပေါ်တတ်သည့် တရားအားလုံးသည် ချုပ်ပျက်တတ်သောသဘောရှိ၏' ဟူ၍ ကိလေသာမြူ အညစ်အကြေးကင်းစင်သည့် တရားဉာဏ်မျက်စိ ဖြစ်ပေါ်ပါစေ။ ချစ်သား၊ ရှင်နာဂသိန်မထေရ်သည် ဆွမ်းလှူသူ ဥပါသိကာမကြီးအား ဆွမ်းအနုမောဒနာ တရားဟောရာတွင် မိမိဟောအပ်သည့်တရားကို ဝိပဿနာတင်၍ သုံးသပ်ဆင်ခြင်သဖြင့် ထိုနေရာမှာပင်လျှင် ယင်းတရားဉာဏ်မျက်စိ ဖြစ်ပေါ်ခဲ့သလို ထို့အတူ ငါ့သားသည်လည်း မိမိဖြေဆိုအပ်သော တရားဓမ္မကို ဝိပဿနာတင်၍ သုံးသပ်ဆင်ခြင်ပြီး ယင်းတရားဉာဏ်မျက်စိမျိုး ဖြစ်ပေါ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊ နွား ဘာနာလိမ့်မလဲ

**သဒ္ဒါ(ဥပဒေ)**

တို့က တောင်သူလုပ်ငန်းနဲ့ အသက်မွေးတာဆိုတော့ နေ့စဉ်နဲ့အမျှ ကျွဲ၊ နွားနဲ့ ယာတောထဲကိုထွက်နေရတာ၊ ကျွဲ၊ နွားနဲ့ပတ်သက်ပြီး နှစ်တိုင်း မကြာခဏ ကြုံရတာကတော့ လယ်ယာ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းရင်း ငုတ်စူး၊ သံစူး ခံရတာပဲ။

ကျွဲ၊ နွား ခြေ၊ လက်မှာ ဖြစ်တာဆိုတော့ သေချာဂရုစိုက်ရတယ်။ လုပ်ငန်းခွင်ကိုလည်းနားထားပြီး ဆေးကုပေးရတယ်။

ငယ်ငယ်ကတည်းက ကျွဲ၊ နွားနဲ့အတူနေလာ၊ ကိုယ့်ဘိုးဘေးတွေရဲ့ ဆေးကုသပုံတွေလည်း မြင်ခဲ့ရတာဆိုတော့ ဒီလို ကျွဲ၊ နွား သံစူး၊ ငုတ်စူးတာလောက်တော့ ကိုယ့်မြန်မာ့ရိုးရာနည်းနဲ့ပဲ ကုလိုက်တာပဲ။

တိုင်းရင်းဆေးဆရာတွေ ထင်းတစ်ထောင်ဆိုပြီး တင်စားခေါ်ကြတဲ့ ကျပ်ခိုးမှုန့်၊ နှမ်းဆီနဲ့ နနွင်းမှုန့် သုံးမျိုးလုံး ဆတူရောမွှေပြီး အနာဖြစ်တဲ့နေရာမှာ သေချာ စိမ့်ဝင်အောင် ဖိလိမ်းပေး၊ ဖြစ်နိုင်ရင် အပေါ်ကသန့်တဲ့အဝတ်တစ်စ ထပ်စည်းထားပေးလိုက်။ တစ်နေ့ ၂ ကြိမ်ခန့် ဆေးကိုအသစ်လဲပြီးလုပ်ပေးလိုက်။ ဒဏ်ရာအကြီး၊ အသေးလိုက်ပြီး ၃ ရက်ကနေ ၅ ရက်ထိ ကြာတတ်တယ်။

ကြာပေမယ့် ဆိုးကျိုးမရှိဘဲ သက်သာပျောက်ကင်းတဲ့နည်းဖြစ်လို့ စိတ်ချစွာသုံးနိုင်တဲ့အကြောင်း နတ်မောက်မြို့နယ် ရွှေပုံကျေးရွာမှ အဘဦးအောင်ဂျမ်းက ဂယနဏ ရှင်းပြသဖြင့် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

သဒ္ဒါ(ဥပဒေ)

(ဤကား သင့်မိခင်၏ အမှာစကား)
၁၃၁၆ ခု၊
နတ်တော်လဆုတ် (၁၀)ရက်။

တိပိဋကမိခင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီကို သီပေါမင်း နန်းတက်စ ၁၈၇၉ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်၊ စနေနေ့တွင် ရတနာပုံနေပြည်တော် (မန္တလေးမြို့) ရသာတန်း၌ အဖ ဦးလူပိန်၊ အမိ ဒေါ်သီးတို့မှ ဖွားမြင်သည်။ မွေးချင်း (၇) ယောက်တွင် အကြီးဆုံး။ အမည်ရင်း တုတ်တုတ်။ မိဘများမှာ ပိုးကုန်သည်။

(၆) နှစ်အရွယ်တွင် ပညာစတင်သင်ခဲ့သည်။ (၄)တန်းအောင်သည်။ ငယ်ရွယ်စဉ်ကပင် အဘိုးဖြစ်သူ၏ လက်စွဲ သင်္ဂဇာဆရာတော်၏ စတုရာရက္ခကျမ်း၊ ကာယပစ္စဝေက္ခဏာကျမ်းများနှင့် ရင်းနှီးခွင့်ရသည်။ မန္တလေးအရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်တွင် တရားနာခြင်း၊ ဥပုသ်ယူခြင်းဖြင့် ဒါန၊ သီလ၊ ဘာဝနာမျိုးစေ့ စတင်ခဲ့သည်။

(၁၇)နှစ်အရွယ်တွင် မိဘများကို အနူးအညွတ် တောင်းပန်၍ မင်းကွန်း ဂူကလေးချောင် အင်းဝဆရာကြီး ဆရာအိနှင့် ဂူကလေးအရှေ့တိုက်ဆရာကြီး မယ်ဝဏ္ဏတို့ထံ သီလရှင်ဘဝကူးပြောင်းသည်။ ထိုအချိန်မှစ၍ ပရိယတ္တိစာပေကို မင်းကွန်းချောင်၊ ရန်ကုန် ကျောင်းတော်ရာတိုက်၊ ထို့နောက် သီရိလင်္ကာတို့တွင် သင်ယူခဲ့သည်။ သီရိလင်္ကာမှအပြန် လယ်တီဆရာတော်၊ အင်းဝဆရာကြီး ဆရာအိ၊ မင်းကွန်းဇေတဝန်ဆရာတော် ရှင်ပညာစက္ကတို့ထံ ဆက်လက် သင်ယူရင်း တစ်ဖက်မှ သီလရှင်များကို စာပေပရိယတ္တိ ပြန်လည်ပို့ချသည်။ ၁၉၂၆-၂၇ ခုနှစ်တွင် သစ္စဝါဒီ သတင်းစာတိုက် ပိုင်ရှင် မင်းတိုင်ပင်အမတ် သူဌေးဦးလွန်း၏ သစ္စဝါဒီဋီကာဆု တတိယဆု (ရွှေဒင်္ဂါး ၂ ပြားနှင့် ရွှေတံဆိပ်) ရသည်။ သစ္စဝါဒီဆုကို ရဟန်းတော်များနှင့်အတူ ပါဠိဘာသာဖြင့် ဋီကာကျမ်း ပြုစုခဲ့ရခြင်း ဖြစ်သည်။ ပထမဆုကို သကျသီဟဓမ္မာစရိယဘွဲ့ရ ရှင်မေဓာဝီ (နောင် - ပါဠိဆရာတော်ကြီး ဆရာဆိုင်)၊ ဒုတိယဆုကို မစိုးရိမ်တိုက်မှ စာချသကျသီဟဓမ္မာစရိယ ရှင်ကဝိန္ဒ (ရွှေစကြာ ဦးစိုးမြင့်၏ အစ်ကို) တို့ ချီးမြှင့်ခံရသည်။

ဒေါ်ဓမ္မစာရီသည် ငယ်ရွယ်စဉ်ကတည်းက ပါရမီ ရင့်သန်၍ ဉာဏ်ပညာ ထူးချွန် ထက်မြက်ခဲ့ရာ ပရိယတ္တိစာပေ ကျွမ်းကျင်ရုံမျှမက ပါဠိဘာသာ ကျွမ်းကျင်မှု၊ စာပေအရေးအသား အသီအကုံး အဖွဲ့အနွဲ့၊ တရားဟောပြောမှုတို့တွင် အလွန်ထင်ရှားသည်။ ဟောပြောမှုနှင့် ပတ်သက်၍ သံဃာတော်ဓမ္မကထိကများသာ ဟောပြောခွင့်ရသော မလွန်ဆန်လျှအသင်းကြီးတရားပွဲတွင် နာမည်ကျော် ဓမ္မကထိက အတူဟောပြောခွင့်ပေးခြင်းခံရသည်။

အသက်(၅၇)နှစ်အရွယ်မှစ၍ သာသနာရေးကိစ္စမှအပ ခရီးဝေးသွားလာမှုရပ်ဆိုင်းကာ နေ့ပရိယတ်၊ ညပဋိပတ်ဆိုရိုးနှင့်အညီ မင်းကွန်း ဓမ္မနာဒချောင်၌သာ အချိန်ကို ကုန်ဆုံးစေခဲ့သည်။ အသက် (၉၃) နှစ်အရွယ် ဘဝနိဂုံးချုပ်ချိန်အထိ တရားဘာဝနာနှလုံးသွင်းကာ မိမိကိုယ်ကို မိမိ အားပေးသောအားဖြင့် ပါဠိဘာသာဖြင့် စကား(၄)ခွန်းကို မကြာခဏ ရွတ်ဆိုခဲ့သည်။

ထိုစကား(၄)ခွန်းမှာ-

**ကိံ မဟံ ဘယာမိ** - ငါဘာကြောက်စရာရှိသလဲ။

**အတ္ထိ မေ ဒါနံ** - ငါ့မှာ ဒါနရှိတယ်။

**အတ္ထိ မေ သီလံ** - ငါ့မှာ သီလရှိတယ်။

**အတ္ထိ မေ ဘာဝနာ** - ငါ့မှာ ဘာဝနာရှိတယ်။

မောင်ဖေမြ



www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်တော် ဘုရားစေတီပုထိုးများ

သုဓောဃ

(ယခင်လမှအဆက်)

**ဉာဏ်ပျောဖူး မပြီးခင်၊ ထီးတော်ကြီးတင်**

"ကျုပ် ပြင်ဦးလွင်ကို ပြောင်းရွှေ့သီတင်းသုံးပြီး ဗောဓိတစ်ထောင်မှာ ကျုပ်မရှိတော့တဲ့နောက်ပိုင်း သူကိုယ်တိုင် ဝါယမစိုက်ပြီး ကြီးကြပ်တည်ဆောက်ခဲ့တယ်။ ကျုပ်ရှိတုန်းကတော့ ကျုပ်ကို အကုန်လွှဲထားခဲ့တာ။


ကျုပ် ပြင်ဦးလွင် ပြောင်းရွှေ့သီတင်းသုံးပြီး ၂ နှစ်အကြာ၊ ၁၃၄၈ ခုနှစ်မှာ 'ဦးအဂ္ဂ- အမြန်ဆင်းလာပါ။ သူ ရန်ကုန်ကို အရေးတကြီးသွားဖို့ကိစ္စ ရှိတယ်။ သူ ပြန်မရောက်ခင် တပေါင်းလပြည့်ကျော် ၉ ရက်၊ ၉ နာရီမှာ ကြေးစလောင်းကြီးကို အရောက်တင်ပေးပါ' လို့ အကြောင်း




ဆင်ခံစေတီတော် (ရွှေမောင်း)



...ပြတ်စွာဘုရား



...ယ်ဘုရားရှိ ...တော်



ရပ်တော်မူအင်ဂျင်နီယာ ဓုတ္တဘ (၃)ပါး



www.burmeseclassic.com

www.burmeseclassic.com

ကြားလာတယ်။ ဒါနဲ့ နွေရာသီပူပူ လောင်လောင်ကြီးမှာ ပြင်ဦးလွင်က ဇော်မိကို ဆင်းခဲ့ရတယ်။

ကျုပ်ရောက်တော့ ငှက်ပျောဖူးကြီးက မပြီးသေးဘူး။ အလယ်က ကျောက်တိုင်ကြီးထူပြီး ငြမ်းတွေဆင်ထားတယ်။ ဒါနဲ့ သူမှာခဲ့တဲ့ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၉ နာရီမှာ တင်နိုင်ဖို့ ကြိုတင် ပြင်ဆင်ရတာပေါ့။ ဖောင်သမားအဖွဲ့၊ လက်သမားအဖွဲ့ အဖွဲ့ ၂ ဖွဲ့ပေါင်းပြီး အတင်အချ အစမ်းလုပ်ကြည့်တယ်။

အားလုံးအဆင်ပြေပြီ။ အထစ်အငေါ့မရှိတော့ဘူးဆိုမှ သူမှာခဲ့တဲ့ အတိုင်း တပေါင်းလပြည့်ကျော် ၉ ရက်၊ ၉ နာရီတိတိမှာ ကြေးစလောင်းကြီးကို အရောက်တင်ခဲ့တယ်။

ရန်ကုန်ကလည်း ပြန်ရောက်ရော တပေါင်း လပြည့်ကျော် ၁၂ ရက် ထီးစတင်မယ် ဖြစ်တော့တာပဲ။ ဒါနဲ့ တပေါင်းလပြည့်ကျော် ၁၂ ရက်မှာ ထီးတော်ဘုံ ပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်နဲ့ စတုတ္ထဆင့်တွေကို တင်လှူပူဇော်ခဲ့တယ်။ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့ကျတော့ ကျန်တဲ့ ပဉ္စမအဆင့်ကို တင်တယ်။


အဲဒီနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်မှာ စိန်ဖူးတော်၊ ငှက်မြတ်နား၊ ရွှေဟင်္သာ၊ စိန်ပန်းခိုင်၊ ဆည်းလည်း စတာတွေကို ဆင်ဖြူရတနာ၊ ဝေါယာဉ်၊ နတ်ဒေဝတာတွေခြံရံပြီး မန္တလေးက ဇော်မိတစ်ထောင် သာသနာ့နယ်မြေကို ပင့်လာတယ်။

အဲဒီနေ့ တစ်ညတာ အပူဇော်ခံပြီး နောက်နေ့ နံနက် ၁၃၄၈ ခု၊ နှောင်းတန်ခူးလပြည့်မှာ စိန်ဖူးတော်၊ ငှက်မြတ်နားတွေကို သံဃာတော်အပါး ၁၀၀ နဲ့ အနေကဇာတင်လှူပူဇော်တယ်။

စိန်ဖူးတော်၊ ငှက်မြတ်နားတွေ တင်လှူပူဇော်ပြီးတော့ အလုပ်သမားတွေက အောက်ဆင်း၊ ထမင်းစားသွားကြတယ်။ ကျုပ်နဲ့ ဦးပဉ္စင်းကျောက်မဲ(ဦး---)ပဲ အပေါ်မှာကျန်ခဲ့တယ်။ ဦးပဉ္စင်းကျောက်မဲက အဲဒီတုန်းက ရဟန်းမဝတ်ရသေးဘူး၊ လူ

ထီးတော်တင်ပွဲ






ခေါက်ဆယ်ဘုရား




www.burmeseclassic.com

www.burmeseclassic.com



နာယကဆရာတော်
ဦးဩဘာသ (ဦးခင်မြို)
နှင့် စာရေးသူ



နာယကဆရာတော်
ဦးဩဘာသ (ဦးခင်မြို)

ပဲရှိသေးတယ်။ အရုပ်အမောင်းကောင်းကောင်း၊ ဗလလည်းကောင်းတယ်။ ဗောဓိတစ်ထောင်မှာ စက်ဖွဲ့ည်း၊ ယာဉ်ကား၊ လျှပ်စစ်နဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှ သူ အကုန်ကျွမ်းတယ်။ အင်မတန်အားကိုးရတဲ့ ဦးပဉ္စင်းပဲ။

အပေါ်မှာပုစွန်တုပ်ကွေးနဲ့ ထီးတော်ဆိုင်းကြိုးတွေကို ချုပ်ရသေးတယ်။ အဲဒီလို ကျုပ်နဲ့သူ နှစ်ဦးတည်းရှိနေတုန်း တန်ခူးလ နွေခေါင်ခေါင်ကြီးမှာ အခါမဟုတ် မိုးကြီးလေကြီးကျပါလေရော။ ရွာလိုက်တဲ့မိုး။ လေကလည်း လေပြင်း။ ကျုပ်တို့နှစ်ယောက် ကြေးစလောင်းကြီးထဲမှာ ငုတ်တုတ်ထိုင်နေကြရတယ်။

ညမှာ ကမယ့်ဇာတ်ရုံတွေ အကုန် ပြိုလဲကုန်တယ်။ စတုဒိသာ ထမင်းစားရုံတွေလည်း ပြိုကျကုန်တယ်။ စကားကြွယ်တဲ့ တောင်ကြားသား (ခတက္ကန်ရွာအနီးရှိ ရွာတစ်ရွာ၏အမည်၊ တောင်ကြားရွာ) တွေက ပြောကြတယ်။

အောင်စကြာတန်ခိုးကြီးပုံများ မပြောပါနဲ့တော့ကွာ၊ ဇာတ်ရုံတွေရော ထမင်းရုံတွေပါ အကုန်လုံး ဦးတိုက်ရတယ်ပေ့-တဲ့။

နောက်ပြီး ကြံ့ကြံ့ဖန်ဖန် ဆက်ပြောသေးတယ်။

ဗောဓိတစ်ထောင်က ဘုရားတွေတော့ မဖြစ်ချင်ပါဘူးကွာ။ အမိုးတွေရှက်ရ၊ ထုပ်တွေထမ်းထားရနဲ့ ပင်ပန်းလိုက်တာတဲ့။

လေကြီး မိုးကြီးတွေကျတော့ စောင်းတန်းတွေကပြို၊ အမိုးတွေကလန်။ ဒီတော့ အမိုးတွေ၊ ထုပ်တန်းတွေက ဘုရားဆင်းတုတော်ပေါ်တွေ တင်နေတာကိုး။

အတိတ်ကို ပြန်တွေးလိုက်တော့ အောင်စကြာစေတီတော်ကြီးရဲ့သက်တမ်းက ၃၃ နှစ်တောင်ကျော်ခဲ့ပြီ။ ဗောဓိတစ်ထောင်ဆရာတော် ခန္ဓာဝန်ချခဲ့တာလည်း ၆ နှစ်ကျော်ခဲ့ပြီ။ ကျုပ်လည်း သူ မရှိတော့တဲ့နောက်ပိုင်း ပြင်ဦးလွင်နဲ့ သွားချည်လာလှည့်၊ ကူးချည်သန်းချည်ပါပဲ။ သူ့ကိုယ်စား ကျုပ်လုပ်ပေးရမယ့် ကိစ္စတွေလုပ်ပေးပြီး သူ့ကို ဆက်လက်ပါရမီဖြည့်ဆဲပါပဲ။

သူ ခန္ဓာဝန်မချခင် ၂ ရက်အလိုမှာ ဆေးရုံကိုရောက်တယ်။ ကျုပ်ဖြဟ္မဝိဟာရမှာ တည်နေတဲ့ မြမဥ္ဇူဘုရားကြီးအတွက် ငွေ ၁၅ သိန်းလှူလိုက်ပါလို့ နှုတ်နဲ့ရော စာနဲ့ပါရေးမှာခဲ့တယ်။ 'ဦးအဂ္ဂ-မေတ္တာ၊ မေတ္တာ၊ မေတ္တာ' လို့လည်း တဖွဖွပြောတယ်။ 'ဝေဒနာကိုရှုမှတ်လို့ အကောင်းဆုံးအချိန်ပေါ့ဘုရား' လို့ ကျုပ်က သတိပေးတရားစကားပြောတော့ 'ဦးအဂ္ဂ၊ တပည့်တော်အတွက် မပူကြနဲ့' လို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြောခဲ့တယ်"

အခု ဖော်ပြခဲ့တာတွေကတော့ ဆရာတော်ကြီးရဲ့ဘဝရေစက် ပါရမီဖြည့်ဖက် ဆရာတော် ဦးအဂ္ဂဝံသ (ဗြဟ္မဝိဟာရကျောင်းတိုက်၊ မြင်ဦးလွင်) မိန့်ကြားခဲ့တာတွေပါပဲ။ ဆရာတော်ဦးအဂ္ဂဝံသကို ဆရာတော်ကြီးနဲ့ပဋ္ဌာန်းဆက်ပါခဲ့ပြီး ဆရာတော်ကြီးကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပါရမီဖြည့်ခဲ့သူတစ်ဦး ရှိပါတယ်။ လူအမည် အောင်ဖြိုး၊ ရဟန်းဘွဲ့တော်က ဦးသြဘာသ။ အများသူငါ နှုတ်ကျိုးနေကြတာက ဦးပဥ္စင်းဖြိုး။ ဆွမ်းစားကျောင်းကိုယ်တော်။ အခုအခါမှာတော့ ဗောဓိတစ်ထောင်ကျောင်းတိုက်ရဲ့ နာယကဆရာတော်တစ်ပါး။ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ပုဒ်တွေကို ဖော်ထုတ်ပြီး ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတွေဆပ်နေတဲ့ ဆရာကောင်းတပည့်တစ်ဦး ဖြစ်ပါတယ်။

## ဘုရားတွေ စတည်တော့

နာယကဆရာတော် ဦးသြဘာသ (ဦးပဥ္စင်းဖြိုး) က ဗောဓိတစ်ထောင်သာသနာ့နယ်မြေ၊ သူသီတင်းသုံးတဲ့ ဗုဒ္ဓမြကျောင်းမှာ ဗောဓိတစ်ထောင်ကျောင်းတိုက် စတင် တည်ထောင်စဉ်က သူသိမီခဲ့တာတွေကို အခုလို မိန့်ကြားခဲ့ပါတယ်။

"ဒကာကြီးရေ- ရွှေလုံတော်၊ သံသရာအေး၊ ဒီပါအေးနဲ့ အောင်စကြာ မတည်ခင် ဆရာတော်က ဒေါက်ံဆယ်ဘုရားကို တည်ပေးတာ။ ဗောဓိပင်နဲ့ရွှေပလ္လင် အောင်တော်မူခန်းပုံလေ။ ပြီးတော့ ရွှေမောင်ရဲ့ဆင်ခံစေတီ၊ ပထမဦးဆုံးစိုက်ခဲ့တဲ့ ဗောဓိပင်နဲ့ မျက်နှာချင်းဆိုင်။ ဒီပါအေး ဗောဓိကွင်းထဲမှာရှိတယ်။ အဲဒီ ဆင်ခံစေတီတည်တော့ ပန်းရန်တွေအားလုံး ဒုလ္လဘဝတ်ကြရတယ်။ အခု ရပ်တော်မူကြီး တည်တော့လည်း ဦးအောင်သန်းထွန်း၊ ဦးထွန်းဇံ၊ ဦးသန်းစိန်တို့ ၃ ဦးလည်း ဒုလ္လဘဝတ်ကြရတယ် မဟုတ်လား။ ဒကာကြီးအမြင်ပဲလေ။ ဆင်ခံစေတီပြီးတော့ ဗိုလ်ကြီးချစ်ဆွေရဲ့ ဗျာဒိတ်ပေးဘုရားကြီး။


ဆရာတော် ဦးအဂ္ဂနှင့် တည်ဆဲအောင်စကြာ


ဦးဝင်းကျော်မဲ (





www.burmeseclassic.com

www.burmeseclassic.com







အဲဒီလို ဒကာ၊ ဒကာမတွေရဲ့ ဘုရားတွေ စ,တည်ပြီးမှ သူ့ဘုရားတွေ တည်တော့တာ။ အဲဒီတုန်းက ကျုပ်တို့က ဘုန်းကြီးကျောင်းသား။ ညတိုင်း ညတိုင်း ဘုရားတည်ရာမှာ သုံးဖို့ အုတ်နီမှုန့်တွေထောင်းကြရတယ်။ သဲတို့၊ ကျောက်တို့ကို နွားလှည်းတွေနဲ့သယ်ရတယ်။ ကျောက်သယ်တယ်ဆိုလို့ ကြားဖြတ်ပြောဦးမယ်၊ အောင်စကြာ .တည်တဲ့အချိန်ကျတော့ ကျုပ်က တောင်ပေါ်မှာ ကျောက်တွေလိုက်သိမ်းရတယ်။ အဲဒီတော့ ဆရာတော်က ကျုပ်ကို မိန့်တယ်။ နှစ်ပေါင်း ၃၀ ကျော်ပြီ၊ ခုထိမမေ့သေးဘူး။

မင်း အများဘက် ငဲ့မလား၊ ဘုရားဘက် ငဲ့မလား။ အများဘက်ငဲ့ရင်တော့ မင်း သံသရာခံပေတော့၊ ဘုရားဘက်ငဲ့ရင်တော့ သံသရာစံပေတော့။ မင်းကြိုက်ရာလုပ်တဲ့။

အဲဒါလေး ကျုပ် သွားသတိရလို့ပြောတာပါ။ တကယ်ကိုမှတ်သားလောက်တဲ့ ဆုံးမစကားပါ။ ဒါနဲ့ စောစောကဟာ ဆက်ပြောရရင် မြေနှဲ (မိုးညှင်းသမ္ဗုဒ္ဓေ) နဲ့ ဗောဓိတစ်ထောင်ကြားမှာ ကားလမ်းလည်း မရှိသေးဘူး။ သွားရေးလာရေးက အင်မတန်ခက်ပါဘိသနဲ့။ ရေဆိုရအောင်လည်း အသင်းကန်ပဲ အားကိုးနေရတယ်။ နွေဆိုရင် ရေအတော် အခက်အခဲရှိတယ်။ မိုးခေါင်တဲ့နှစ် ဆိုရင်တော့ ဒုက္ခရောက်ကြတော့တာပဲ။ သစ်ညိုပင်၊ ဆည်ကြီးတောရွာတွေဘက်သွားပြီး ရေစည်တိုက်ရတယ်။ ရေတွင်းတွေတူးတော့လည်း ရေငန်ပဲထွက်တယ်။

အဲဒီ အစအဦး ကာလတွေမှာ ဆရာတော်ဟာ အတော့်ကို ပင်ပန်းဆင်းရဲခဲ့ရပါတယ် ဒကာကြီးရာ။ ဒါပေမယ့် အောင်စကြာ စေတီတော်ကြီး အောင်အောင်မြင်မြင်နဲ့တည်ပြီးတဲ့နောက်ပိုင်းမှာတော့ ဆရာတော်ဟာ တစ်နေ့တခြား ဘုန်းကြီးလာပြီး ဗောဓိတစ်ထောင်ရဲ့ သာသနာဟာ တစ်ရှိန်ထိုး ထွန်းတောက်လာခဲ့တာ။ ဆရာတော်နဲ့ ဆရာတော် ဦးအဂ္ဂတို့ နှစ်ပါးရဲ့ မေတ္တာဓာတ်၊ စရဏစွမ်း



www.burmeseclassic.com

www.burmeseclassic.com

အား၊ အမိဋ္ဌာန်ပါရမီထူးတွေကြောင့်လို့ ကျုပ် တကယ်ကို ယုံကြည်တယ် ဒကာကြီး။


ဆရာတော်ဟာ အမိဋ္ဌာန်အောင်လို့ ရေထွက်ကိုတွေ့ခဲ့တယ်။ အဲဒီ ရေထွက်ကိုအမှီပြုပြီး အောင်စကြာစေတီကြီးကို တည်နိုင်ခဲ့တယ်။ အခုဆိုကြည့်လေ၊ ဒကာကြီးမြင်တဲ့အတိုင်း ဗောဓိတစ်ထောင် တမံနဲ့ ဆည်ကြီး။ သုံးလို့မကုန်၊ ချိုးလို့မကုန် အလျှံပယ်ပါပဲ။ ဆရာတော်ရဲ့ဘုန်းကလည်းကြီးပါပေတယ်၊ ကျေးဇူးကလည်းများပါပေတယ် ဒကာကြီးရာ”


နာယကဆရာတော် ဦးဩဘာသ (ဦးပဥ္စင်းဖြိုး) ဟာ အဲဒီလို အစချီပြီး အောင်စကြာတည်တဲ့ ကာလမှာ သူဟာ ဆရာတော်နဲ့ဗောဓိသာသနာအတွက် ပါရမီဖြည့်ခဲ့ရပုံတွေကို အခုလို ဆက်လက် အမိန့်ရှိပါတယ်။

**ရေစက်မောင်း၊ မီးစက်မောင်းကိုယ်တော်**

“အောင်စကြာတည်တော့ ကျုပ်က ရေထွက်မှာ ရေစက်မောင်းပေါ့။ ခေါင်းလောင်းတော်ထိ ရောက်အောင် ရေမောင်းတင်ပေးရတယ်။ အဲဒီတုန်းက ကျုပ်ကို ဒကာကြီးမြင်ရင် တော်တော်အံ့အားသင့်မှာ။ ကျုပ် ခါးမှာ သွပ်နန်းကြိုး၊ ပလာယာ၊ ဂွ အစုံပါတယ်။ ပိုက်တွေပေါက်ရင်, ပြုတ်ရင် ဆက်ရအောင်၊ ချည်ရအောင်၊ တုပ်ရအောင် လိုအပ်တဲ့ဟာတွေကို ကျုပ်နဲ့ အမြဲမကွာအောင် ထားရတယ်။

သုံးမတ်လုံးပိုက်တွေနဲ့ နေ့ရောညပါ တင်မောင်းပေးခဲ့ရတာ။ နွေမှာဆိုတော့ နေကပူ၊ ရေကပူ၊ ဆက်တဲ့နေရာတွေက ကွဲပြဲ၊ ပြုတ်ထွက်။ ဒါကြောင့် ရေပိုက်လိုင်းတွေဆိုလျှောက်ကြည့်နေရတာ။ နေစား၊ လေစားပြီး ကပ္ပလီရုပ်ပေါက်နေတာပဲ ဒကာကြီးရာ။ အဲဒီရေထွက်မှာ ၃ နှစ်လောက် ရေစက်မောင်းခဲ့ရတယ်။ ညလည်း အဲဒီမှာပဲ အိပ်ရတယ်။ ရေစက်တွေက ခုခေတ်လို ခေတ်မီစက်မျိုးတွေ မဟုတ်ဘူး၊ စောင့်ပြီး အင်ဂျင်ဝိုင်ကို ခဏခဏ ဖြည့်ရတယ်၊ ဒီဇယ်လည်း ဖြည့်ရတယ်။ ဘားတ်တွေကို ဆီစိမ်း


ရေငန်တွင်းပျက်


ဆုတ်ဖုတ်သောနေရာ


ဦးစံဝင်း (



www.burmeseclassic.com

www.burmeseclassic.com

ကျွေးရတာ။ မီးစက်မျိုးစုံ ကိုင်ခဲ့ရတယ်။ မီးစက်တွေထဲမှာ ကင်ဘဲကြီး (မီးစက်အမည်) ကို နှိုးရတာ အကြောက်ဆုံးပဲဗျာ။ ဝိတ်ဘီးကြီးကို လက်နဲ့ တအား အသားကုန်လှည့်ပြီး နှိုးရတာ။ ဝိတ်ဘီးနဲ့ လက်နဲ့ပွတ်လို့ လက်အရေခွံတွေ လန်ကုန်တယ်။ တစ်ခါတလေ လူကကျွမ်းပြန်တောင် ကျတယ်။ တစ်ကိုယ်လုံးကလည်း ဘီးချေးတွေနဲ့မည်းသည်းနေတာ။ အဲဒီတုန်းက ကျုပ်က ငယ်လည်းငယ်၊ ဗလကလည်း ကောင်းမို့ တော်သေးတာပေါ့။

စက်ပျက်ရင်လည်း ကျုပ်က မုံရွာ ကိုယ်တိုင်သွားပြီး စောင့်ပြင်တာ။ စက်ကိရိယာတွေကို ကျုပ်က စိတ်ဝင်စားတယ်။ တစ်ခါတလေ မိုးညှင်းက ဒီဘက် ဗောဓိတစ်ထောင် အပြန်မှာ ဗောဓိတစ်ထောင်ဘုရားဖူးလာကြတဲ့ကားတွေကို ကားကြုံစီးချင်လို့ ကျုပ်က တားတယ်၊ ရပ်မပေးကြဖူးဗျာ။ ကျုပ်က သက်နိုးထုပ်ကြီးပိုက်ပြီး တစ်ကိုယ်လုံး စက်ဆီချေးတွေနဲ့မည်းသည်းနေတော့။ ကျုပ်ကို စိတ်မမှန်တဲ့ဘုန်းကြီးလို့ မှတ်ကြတယ် ထင်ပါရဲ့။

ရေစက်မောင်း၊ ရေစက်ပြင်တော်လို့ဆိုပြီး မီးစက်ပါ မောင်းပေးရပြန်ရော။ ညဆိုရင် မီးစက်ပိတ်ပြီးမှ ရေထွက်ရှိတဲ့ရေစက်နေရာကို ပြန်ရတယ်။ အဲဒီတုန်းက ဗုဒ္ဓရွှေကျောင်းနေရာမှာ ခရမ်းသီးခင်းတွေဗျ။ အလုပ်သမား ၅၀၀ လောက်ကို နေ့ညကျွေးဖို့စိုက်ထားရတာ။ အဲဒီ ခရမ်းသီးခင်းတွေကြားထဲက ည, ညမှာ တစ်ယောက်တည်း ဖြတ်ပြန်ရတာ။ ကျုပ်မှာ အဖော်အဖြစ် မွေးထားတဲ့ ကြောင်ကလေးနှစ်ကောင် ရှိတယ်။ ကြောင်ဖြူလေးတွေ။ တစ်ကောင်က ဖိုးဇော်၊ တစ်ကောင်က ဒေလီတဲ့။ ကျုပ်မလာနိုင်ရင် လာလာပြီးကြိုကြတယ်။ နောက်တော့ ဆရာတော့်ကျောင်း(ပတ္တမြားဗိမာန်)ထိရောက်လာပြီး ကောင်းကောင်းစားရတာနဲ့ ကျုပ်ဆီမနေကြတော့ဘူး။ ကျုပ်က ပဲလှော်ပဲ ကျွေးနိုင်တာကိုး။ ကြောင်ပါးဝသွားကြတာပေါ့။

**အင်းတော်က နဂါးလေး**

အင်းတော်က ဦးစံဝင်း အကြောင်း ဆက်ပြောရဦးမယ်။ သူက ကျုပ်အရင် ရေထွက်မှာ ရေစက်မောင်းခဲ့ရတာ။ ရေထွက်ကိုတွေ့ပြီး တူးကြ၊ ဖော်ကြ၊ ရေစုပ်စက်တွေနဲ့ စုပ်ကြ။ အဲဒီကိုလုပ်တုန်းက သူက ဦးဆောင်ခဲ့တာ။

ဆရာတော်က သူ့ကို တာဝန်ပေးခဲ့တာ။ ဒါကြောင့် သူ့ကိုယ်သူ 'အင်းတော်က နဂါးလေး'၊ ဗောဓိတစ်ထောင် ရေရအောင် သူ ပါရမီဖြည့်ခဲ့တာဆိုပြီး အမြဲ ဂုဏ်ယူပြောလေ့ရှိတယ်။

အောင်စကြာကို တည်တော့ ဆရာတော်ခိုင်းလို့ ဖိုးခေါင်တောင်မှာ သူ အဓိဋ္ဌာန်ဝင်ခဲ့ရတယ်။ ဆရာတော်တပည့်ရင်း ဦးဘချစ်နဲ့ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ် တစ်ယောက်လည်း အဓိဋ္ဌာန်ဝင်ခဲ့ကြတယ်။


ဗောဓိတစ်ထောင်ကို မရောက်ခင် သူက ရသေ့ကြီးဝတ်နေတာ။ ဆန်းတာက သူ့မိန်းမ ဒေါ်အမာဟာ အစ္စလမ်ဘာသာဝင်။ ခုတော့ ဗုဒ္ဓဘာသာဝင် ဖြစ်သွားပါပြီ။ သူတို့လင်မယားဟာ ဆရာတော်ကို ကြည်ညိုလိုက်တာကတော့ မပြောနဲ့တော့ ဒကာကြီး။ ဆရာတော် သက်တော်ထင်ရှားရှိစဉ်ကစပြီး အခု ဆရာတော်မရှိတဲ့ထိ ဆရာတော်ရဲ့မွေးနေ့မတိုင်မီ ၃၊ ၄ ရက်ဆိုရင် သူတို့စရိတ်နဲ့သူတို့ ဗောဓိတစ်ထောင်ကိုရောက်လာကြပြီး သူနဲ့အတူ ဓမ္မမိတ်ဆွေ ၁၅ ယောက်ထက်မနည်း ပါလာသဗျ။

ဦးစံဝင်းက ကန်တော့ပွဲတွေပြင်။ သူ့မိန်းမ ဒေါ်အမာနဲ့အဖွဲ့က ဈေးဝယ်သူဝယ်၊ ထင်းခွဲသူခွဲ၊ ချက်သူကချက်၊ ဆေးသူကဆေး၊ ဆရာ



...ကြီးဦးတင်အုန်း၊

မြဟ္မဝိဟာရကျောင်းတိုက်
(မြင်ဦးလွင်)





www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန်ဝင်နေသော ဦးဘချစ်နှင့် ပုဂ္ဂိုလ်တစ်ဦး

ဇတ်ငွေ့မွေးနေ့ ကျုပ်ကျောင်းလာကြတဲ့ ဧည့်ပရိသတ်တွေကို ကျွေးမွေးဧည့်ခံကြတာ။ တက်ညီလက်ညီ ပျော်ပျော်ပါးပါးကြီးပဲ။ ဝေယျာဝစ္စကုသိုလ်တွေကိုယူပြီး အင်းတော်ကို ပြန်ကြရော။

ဦးစံဝင်း (အင်းတော်) နဲ့ သူ့မိန်းမ ဒေါ်အမာတို့အဖွဲ့ဟာ ဆရာတော်ရဲ့သာသနာကို ကူညီပံ့ပိုးခဲ့ကြတာ နှစ်ပေါင်း ၃၀ ကျော်ပြီ ဒကာကြီး။ သူ့လိုပုဂ္ဂိုလ်တွေ ဆရာတော်ရဲ့ သာဝကတွေထဲမှာ အများကြီး ရှိတယ်။ ဆရာတော် သက်တော်ထင်ရှား မရှိတော့ပေမယ့် ဆရာတော် သက်တော်ထင်ရှားရှိနေသလို ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းတွေမှာ ကိုယ်တတ်နိုင်တဲ့ကဏ္ဍက ပါဝင်ပြီး ဆရာတော့်ကို ကျေးဇူးဆပ်နေကြတယ်။ ဆရာတော့်ရဲ့ မေတ္တာဓာတ်ဟာ အတိုင်းမသိကြီးပါတယ် ဒကာကြီးရယ်”

နာယကဆရာတော် ဦးဩဘာသ (ဦးပဥ္စင်းဖြိုး) ဟာ အဲဒီလို ရှည်ရှည်ဝေးဝေး မိန့်ကြားရင်းက သူ့မျက်ဝန်းအိမ်ထဲမှာပေါ်လာတဲ့ သူ့ရဲ့ ရင်တွင်းခံစားမှုတွေကို ကျွန်တော် သတိပြုမိလိုက်ပါတယ်။

**အောင်စကြာပေါ်က ထန်းတက်ကိုယ်တော်**

“ခုနှစ်တော့ မမှတ်မိတော့ဘူး၊ လေဆင်နှာမောင်းတိုက်လို့ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီး စိန်ဖူးတော် ပြုတ်ကျတဲ့နှစ်ပဲ။ အောင်စကြာ ထီးတော်ကြီးလည်း အဂ္ဂီထောင့်ဘက်ကို ယိုင်သွားတယ်။ ထီးတော်ပြန်တည့်ဖို့ မုံရွာက ဦးပေသီး၊ ဦးသံချောင်းတို့အဖွဲ့ကို ဆရာတော်က မေးတယ်။ သူတို့အဖွဲ့က မုံရွာ ဆုတောင်းပြည့် ရွှေစည်းခုံတို့ကို ထီးတင်ခဲ့သူတွေ။ ငြမ်းတွေဆင်ပြီးမှ ထီးတော်ပြန်တည့်လို့ရမယ်ဆိုပြီး ငြမ်းဖိုး သိန်းသုံးဆယ် တောင်းတယ်။ အဲဒီခေတ်က ငွေတန်ဖိုးနဲ့ဆိုရင် သိန်းသုံးဆယ်က အလွန်များတာပေါ့။

ဒါနဲ့ ဆရာတော်က ကျုပ်ကို ခေါ်ပြီး ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ မေးတယ်။ အဲဒီတော့ ကျုပ်က ဆရာတော်ကို ခုလို လျှောက်တယ်။

‘ဆရာတော် ခွင့်ပြုမယ်ဆိုရင် တပည့်တော် ထန်းတက်လှေကားဆင်ပြီး ထီးတော်ပေါ်အထိရောက်အောင် တက်ပါ့မယ်။ ဒါပေမယ့် ထန်းတက်လှေကားဆင်ဖို့ စေတီတော်ကိုတော့ သံငုတ်တွေရိုက်မှဖြစ်မယ်ဘုရား။ အဲဒါ ဖြစ်နိုင်ပါသလားဘုရား’

‘အေး- ရတယ်’ လို့ ဆရာတော်က မိန့်တယ်။

ဒါနဲ့ ကျုပ်က ထန်းတက်လှေကားကိုထောင်ပြီး အောက်ကသံငုတ်ရိုက်လိုက်၊ သံငုတ်နဲ့လှေကားနဲ့ ချည်လိုက်၊ အောက်က သံငုတ်ရိုက်လိုက်၊ လှေကားနဲ့သံငုတ်ချည်လိုက်၊ သင်္ကန်းကိုခါးတောင်းကျိုက်ပြီး လှေကားအတိုင်း တဖြည်းဖြည်း အပေါ်တက်သွားတယ်။ နရားထောက်ကိုလည်း မီရော အပေါ်ဆွဲတက်ပြီး လှေကားကိုဆွဲချိတ်ထားလိုက်တယ်။ ပြီးတော့ အောက်ကို ပြန်ဆင်းလာတယ်။

အောက်ကို ပြန်ရောက်တော့ (၄. ၂) သစ်သား ၉ ပေရှည်တဲ့ အချောင်းတစ်ခုရဲ့ထိပ်မှာသံရိုက်တယ်၊ အဲဒီ သံချောင်းကို ခါးပန်းကြိုးနဲ့ ချည်ပြီး ခါးပန်းကြိုးကို ခါးမှာပြန်ပတ်တယ်။ သစ်သားချောင်းကို နောက်မှာတွဲလောင်းချပြီး အပေါ်ပြန်တက်မယ်လုပ်တော့ ဆရာတော်က ကျုပ်ကိုမေးတယ်။

‘မင်းအံသကိုက် အပေါက်ပါသလား’ တဲ့။

‘တပည့်တော်ဟာ အသစ်ပါဘုရား၊ အပေါက်မပါ,ပါဘူး’လို့ကျုပ်က လျှောက်လိုက်တယ်။ ဒီတော့ ဆရာတော်က သူ့ပါးစပ်ထဲမှာငုံထားတဲ့ ဓာတ်လုံးကို ထုတ်ပြီး ကျုပ်ရဲ့ အံသကိုက်အိတ်ထဲမှာ ထည့်တယ်။ ပြီးတော့ တွယ်အပ်နဲ့ အိတ်ကိုချိတ်ပေးတယ်။

‘ကဲ- တက်ပေတော့လို့’ မိန့်တယ်။

ကျုပ်လည်း ထန်းတက်လှေကားအတိုင်း အပေါ်တက်သွားတယ်။ အပေါ်ရောက်တော့ ကျုပ်ခါးနောက်မှာတွဲလောင်းချပြီး ချိတ်ဆွဲပါလာတဲ့ သစ်သားချောင်းနဲ့ ထီးတိုင်ကို ကန့်လန့်ပြီးထည့်တယ်။ အောက်ကလူတွေက ဝါးလုံး ၃ ချောင်းနဲ့ ချိန်ပြီး ထီးတိုင် တည့်, မတည့်ကို စောင့်ကြည့်ကြတယ်။ ‘တည့်ပြီလို့’အောက်လည်းအော်ရော ကျုပ်က ထီးတော်ဆိုင်းကြိုးကို ပုစွန်တုပ်ကွေး ခံပြီး ကျုပ်အသင့်ယူလာတဲ့ နတ်အသစ်



www.burmeseclassic.com

www.burmeseclassic.com

၂ လုံးနဲ့ဖမ်းပြီး ပြန်ကျပ်လိုက်တယ်။ ပြီးတော့ ထန်းတက်လှေကားအတိုင်း အောက်ပြန်ဆင်းတယ်။

ကျုပ် ပြောဖို့ တစ်ခုကျန်သွားတယ်၊ အပေါ်ရောက်တော့ ဆရာတော်ပေးလိုက်တဲ့ခါတ်လုံးကို အံသကိုက်ထဲက ထုတ်ပြီး ကျုပ်ပါးစပ်ထဲမှာ ငုံထားခဲ့တယ်။

အောက်ကို ပြန်ရောက်တော့ ဆရာက သူ့ခါတ်လုံး ကျုပ်ဆီက ပြန်တောင်းမှာစိုးလို့ ဆရာတော့်နားကျုပ်က မကပ်ဘဲနေခဲ့တယ်။

နောက်တစ်နေ့ကျတော့ ကိုကြည်သန်းရဲ့သား သန်းစိုး ရောက်လာတယ်။ ဆရာတော်က ပေးခိုင်းလိုက်လို့ဆိုပြီး ကျုပ်ကိုစာတစ်စောင်ပေးတယ်။

*'မောင်ဩဘာသ၊ ယခု လွှတ်လိုက်သော မောင်ကျောင်းသားအားဘုန်းကြီးခါတ်လုံး ပြန်ပေးလိုက်ပါ'*

*ပုံ- ဦးနာရဒ*

ဆရာတော်က ကျုပ်ယူထားတဲ့ သူ့ခါတ်လုံးကို ပြန်တောင်းတဲ့ စာဗျား။

'ငါကိုယ်တိုင်လာပြီး ဆရာတော့်ခါတ်လုံးကိုအပ်မယ်၊ မင်းကို ငါမယုံဘူး' လို့ သန်းစိုးကိုပြောလွှတ်လိုက်တယ်။

ကျုပ်လည်း ဆရာတော့်ဆီကို သွားပြီး ဆရာတော့်ခါတ်လုံး ပြန်အပ်လိုက်ပါတယ်။

'မင်းကို ငါ ခါတ်လုံးအစားပြန်ပေးမှာပါကွာ' လို့ ဆရာတော်က ကျုပ်ကို အမိန့်ရှိလိုက်တယ်။

ကိုင်း-ဒကာကြီးကို ပြောလက်စနဲ့ ဆက်ပြောလိုက်ဦးမယ်။ အောင်စကြာ စေတီတော်ကြီးနဲ့ ကျုပ် ဘယ်လိုများ ပဋ္ဌာန်းဆက်တွေ ပါခဲ့သလဲ မသိဘူး၊ စိန်ဖူးတော်ကြီး အရောင်မှိန်လို့ ပြန်ချပြီး ရောင်တော်ဖွင့်တုန်းကရော ထီးတော်ရွှေချတုန်းကပါ ကျုပ်ပဲ ထန်းလှေကားထောင်၊ ငြမ်းဆင်ပြီး စိန်ဖူးလည်းချ၊ ပြန်လည်းတင်ပေးခဲ့ရတယ်။

မှတ်မှတ်ရရဗျာ၊ အောင်စကြာစေချင်းထီးတော်တင်တုန်းကများ အပေါ်နဲ့အောက်ကို တစ်နေ့ အခေါက် ၃၀ လောက် တက်လိုက်, ဆင်းလိုက် လုပ်ခဲ့ရတာ။ အသက်ကလည်း ငယ်သေး၊ ဗလကလည်း ကောင်းတုန်းဆိုတော့ ဈာန်ရနေသလိုပါပဲ ဒကာကြီးရာ"

လို့ ပြောရင်း. . .

နာယကဆရာတော် ဦးဩဘာသ (ဦးပဥ္စင်းဖြိုး) ဟာ ကွမ်းတွေစားလွန်းလို့ လေးညှင်းရောင်ပေါက်နေတဲ့သွားတွေပေါ် အောင် အားရပါးရ ရယ်ပစ်လိုက်ပါတယ်။

## ပြီးအောင်တင်ဆိုလို့ တင်လိုက်တာ

အောင်စကြာ စေတီတော်ကြီးရဲ့ ထီးတော်တင်ပွဲဟာ အတော်ပဲ ဆန်းကြယ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထီးတော်တင်တဲ့အချိန်မှာ ငှက်ပျောဖူးကြီးကလည်း မပြီးသေးပါဘူး။ ပစ္စယာတွေကလည်း အချောသပ်ဖို့လိုပါသေးတယ်။ ရင်ပြင်တော်ကြီးကတော့ လုပ်ဆဲပါ။ အဲဒီလို စေတီတစ်ခုလုံး အပြီးမသတ်ရသေးတဲ့ အခြေအနေမျိုးမှာ ဆရာတော်ကြီးဟာ အောင်စကြာစေတီတော်ကြီးရဲ့ ထီးတော်၊ စိန်ဖူးတော်တို့ကို အပြီးတင်လှူခဲ့တယ်။ ဆရာတော်ကြီးဟာ ဘာကြောင့် ခုလို လုပ်ဆောင်တော်မူခဲ့ပါလိမ့်လို့ စဉ်းစားဖွယ်ရှိပါတယ်။

အဲဒီအပြင် စဉ်းစားဖို့ကောင်းတဲ့ အချက်တစ်ချက် ရှိနေပါတယ်။ အဲဒါကတော့ ထီးတော်တင်မယ့်ရက်ပါပဲ။ ၁၃၄၈ ခု (၁၉၈၇)၊ တန်ခူးလပြည့်နေ့မှာထီးတော်တင်မယ်လို့ မိန့်တော်မူခဲ့တယ်။ ဒါပေမယ့် တကယ်တမ်းမှာကျတော့ တပေါင်းလပြည့်ကျော် ၉ ရက် ၉ နာရီမှာ ဆရာတော် ဦးအဂ္ဂဝံသ (ဗြဟ္မဝိဟာရကျောင်းတိုက်၊ ပြင်ဦးလွင်) ကို အကြီးအမှူးပြုစေပြီး ကြေးစလောင်းခွေကို စတင် တင်လှူပူဇော်ခဲ့တယ်။ အဲဒီနောက် ထီးတော်ရဲ့ ဘုံအဆင့်ဆင့်တွေကိုလည်း တန်ခူးလပြည့်နေ့မတိုင်မီကြိုတင်ပြီး အကြိမ်ကြိမ်တင်လှူခဲ့ပါတယ်။

'တန်ခူး လပြည့်နေ့လို့' မိန့်တော်မူခဲ့ပြီး တန်ခူးလပြည့်နေ့မတိုင်မီ တန်ခူးလဆန်း ၁၂ ရက်နေ့မှာ အပြီးတင်တော်မူခဲ့တဲ့အတွက် မန္တလေး၊ မုံရွာက ရင်းနှီးသော ဒကာ ဒကာမတွေက ဆရာတော်ကြီးကို လျှောက်ကြပါတယ်။ အဲဒီလို လျှောက်ကြတဲ့အချိန်မှာ အင်းတော်က ဦးစံဝင်းဟာ ဆရာတော်ကြီးရဲ့အနားမှာ ရှိနေခဲ့ပါတယ်။ ဦးစံဝင်းက သူကြားခဲ့၊ သိခဲ့တာတွေကို ခုလိုပြန်ပြောပြပါတယ်။

'ဆရာတော်ဘုရား၊ တန်ခူးလပြည့်နေ့ ထီးတော်တင်မယ်လို့ မိန့်တော်မူခဲ့ပြီး အခု ၁၂ ရက်နေ့မှာ အားလုံး တင်ပြီးပြီ၊ ဘာမှမရှိတော့ဘူး။ စတီလေးအဖြစ် လပြည့်နေ့ ထီးတော်တင်ပွဲ အထိမ်းအမှတ်လေး များထားပါဦးလား ဘုရား' လို့မကျေမနပ်နဲ့ လျှောက်ကြတယ်။ ပထမတော့ ဆရာတော်က ဘာမှအမိန့်မရှိဘဲ ငြိမ်နေသေးတယ်။ နောက်တော့ ထပ်ကာထပ်ကာ လျှောက်လာကြတော့မှ ဆရာတော်က -

'ပြီးအောင်တင်ဆိုလို့ တင်လိုက်တာ'

လို့ ခပ်ပြတ်ပြတ် အမိန့်ရှိလိုက်တယ်။ ဒကာ၊ ဒကာမတွေကလည်း ဘာဆက်လျှောက်လို့ လျှောက်ရမှန်းမသိဘဲ ဆရာတော်ကြီးကိုပဲ ငေးကြည့်နေခဲ့ကြတယ်။

အဲဒီဖြစ်ရပ်က အင်းတော်က ဦးစံဝင်း ကျွန်တော့်ကိုပြန်ပြောခဲ့တာပါ။

မကျေမနပ် ဖြစ်နေကြတဲ့ ဒကာ၊ ဒကာမတွေကို ဆရာတော်ကြီး မိန့်ကြားလိုက်တဲ့ စကားဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ မြန်မာသဒ္ဒါသဘောအရ ကတ္တား (ပြောသူ သို့မဟုတ် ညွှန်ကြားသူ) ကို ဖျောက်ထားတာသတိပြုမိပါလိမ့်မယ်။ ဘယ်သူက ဆရာတော်ကြီးကို 'ပြီးအောင်တင်လိုက်' လို့ ပြောခဲ့ပါသလဲ (သို့) ညွှန်ကြားခဲ့ပါသလဲ။ အဲဒါကတော့ ဆရာတော်ကြီးတစ်ဦးတည်းသာ သိရှိမည့်ကိစ္စ ဖြစ်ပါတယ်။

ဆရာတော်ကြီးလို မေတ္တာစွမ်းအား၊ စရဏစွမ်းအား၊ သမာဓိစွမ်းအားကြီးမားတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေရဲ့ လုပ်ဆောင်မှုတွေဟာ အင်မတန် လျှို့ဝှက် နက်နဲတဲ့အ



www.burmeseclassic.com

www.burmeseclassic.com

တွက် ကျွန်တော်တို့လို သာမန်လူများအဖို့ သိရှိနားလည်ရန် ခက်ပါတယ်။

၁၃၄၈ (၁၉၈၇) ခုနှစ်ထဲမှာ အားလုံးအပြီးမသတ်သေးတဲ့ အောင်စကြာစေတီတော်ကြီးကို ထူးထူးခြားခြား ထီးတော်တင်ခဲ့သလို အဲဒီနှစ်ထဲမှာပဲ ဆရာတော်ကြီးဟာ ဆန်တွေအမြောက်အမြားဝယ်ယူပြီး ဂိုဒေါင်ထဲမှာရော ကျောင်းအောက်မှာပါ သိုလှောင်ထားခဲ့ပါတယ်။ ကျောင်းရှိသံဃာတော်တွေနဲ့ အရေအတွက်နဲ့ဆိုရင် ဆရာတော်ကြီး ဝယ်ယူခဲ့တဲ့ဆန်ရဲ့ပမာဏ အလွန် များနေပါတယ်။ ဆရာတော်ကြီးဟာ ဒီလောက်များတဲ့ ဆန်တွေကို ဘယ်လိုရည်ရွယ်ချက်နဲ့ များ ဝယ်ယူ စုဆောင်းတော်မူခဲ့ပါသလဲ။ တွေးစရာ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၈၈ (၁၃၄၉) ခု၊ နိုင်ငံအရေးအခင်းကာလမှာ အဲဒီဆန်တွေကို ဆရာတော်ကြီး ဝေငှတဲ့အခါကျတော့မှ ဆရာတော်ကြီးဟာ ဘာကြောင့် ဒီလောက်များတဲ့ဆန်တွေကို ကြိုတင် ဝယ်ယူစုဆောင်းခဲ့သလဲ ဆိုတာ သဘောပေါက်ခဲ့ကြပါတယ်။

ထိုနည်းအတူပဲ အပြီးမသတ်ခင်းတဲ့ အောင်စကြာ စေတီတော်ကြီးကို ၁၃၄၉ (၁၉၈၈) ခုနှစ်မတိုင်မီ၊ ၁၃၄၈ (၁၉၈၇) ခုနှစ်ထဲမှာ ဘာကြောင့် မြန်မြန်ဆန်ဆန်ကြီး ထီးတော်တင်ခဲ့သလဲဆိုတဲ့ အကြောင်းကိုလည်း ဆန်ကိစ္စနဲ့ဆက်နွှယ်ပြီးတော့မှ သိရှိနားလည် သဘောပေါက်ခဲ့ကြရပါတယ်။

**ငါးမည်ရ တောင်တော်**

ကဿပရှင်တော် ပွင့်စဉ်ကမည်တွင်ထ ကဿပတောင်၊ နဂါးရစ် တစ်မည်ဆောင်လို့ စကြာတောင် တစ်မည်ကျူးတယ်၊ ထူးတဲ့မင်းခေါင် ဖိုးခေါင်တောင် ကမ္ဘာတည်အောင် ကွယ့်ကျော်ကြား၊ မဟာစေတီတည်လို့ထားတယ် (ကွယ်) ဖူးကြအများ။

**ရေထွက် လေးချိုးကြီး**

မြကျောက်ဖျာ၊ သေကကွင်းဆီက၊ အံ့လောက်စရာ၊ ရေဖြာဆင်းတာကြောင့်၊ ပြည်မြန်မာအတွင်းမှာဖြင့် မြင်တွေ့နိုင်။

ထူးစွာလှပါဘိ၊ ဦးနာရဒဆရာထေရ်၏ဘာဝနာအလီလီ၊ အဓိဋ္ဌာန်ကြောင့်ရှေ့ထင့် မဟာပထဝီ ဂူဗိမာန်အတွင်းဆီက၊ ခရုသင်းမှုတ်သည့်သဏ္ဍာန်သို့ ရေစီးသံ တသွင်သွင်နှင့် စမ်းရေယဉ် စိမ့်ဖြာပန်းတယ် ဆန်းတဲ့နဂါးအိုင်(တောမြိုင်)

အောင်စကြာ စေတီမြတ်ကိုဖြင့် မြှောင်လျက်သာ ခွေစွေလည်ပတ်ပါလို့ ရေကြည်မြတ်ဆက်ကပ်လျက်ပင် နတ်ရွာတွင်တိုင်အောင်ပါ့မခန်း။

ထူးတင့်ပုံ ဖူးခွင့်သည်မယ်ကြုံရ ပြည်နယ်စုံ သည်စခန်းကို လှမ်းခဲ့ကြစမ်း။

**အောင်ဗောဓိ မြတ်စကြာ**

ဗောဓိတစ်ထောင် ဦးနာ့ရဒ၊
ထူးပါလှလှရွာ၊ မျိုးနာယကပြုပါတယ်၊ ယခုအခါတည်ဆဲ။
ဂေါတမ မွေသရီ၊ မဟာစေတီကိန်းဝပ်စံနွဲ၊
သေလာမြတ်၊ ဖိုးခေါင်တောင်တန်ခိုးပြောင် အမြဲ၊
အကျိုးနှောင်၊ သံသရာဝဲက၊ မြန်စွာပဲ လွတ်အောင်၊
နန်းနိဗ္ဗူ ရည်မျှော်စူးပါလို့၊ ဂုဏ်တော်ကျူး ဖူးကြမယ့်မောင်၊
သုံးပဋ္ဌ ဧကဆောင်တယ်၊
မြင့်သံတောင် ဉာဏ်တော်ရှိပါသည့်၊ မှန်းမျှော်မိ၊ အောင့်စကြာ၊
မြလိမ့်ကမ္ဘာ၊
ဇမ္ဗူဒိပ်၊ တိုင်းဒီပါမှာ၊ နှိုင်းမှီစရာ ရှိဘူးကွယ့်လေး။

**အောင်စကြာစေတီတော်ကြီး သမိုင်းမှတ်တမ်း**

၁။ အောင်ပန္နက်တင် ၁၃၄၁ ခု၊ တပေါင်းလဆန်း ၂ ရက်၊ ၂ နာရီ ၁၅ မိနစ်။
၂။ အုတ်မြစ်ချ ၄င်းနေ့ ၁၂ နာရီ ၁၅ မိနစ်။
၃။ ဖိနပ်တော် ၁၄၅ တောင် (၂၁၆ ပေ၊ ၉ လက်မ)။
၄။ ဉာဏ်တော် အမြင့် ၁၅၀ တောင် (၂၅၅ ပေ)။
* တောင်ပုလုဆရာတော်ဘုရားကြီး၏ညွှန်ကြားချက်အရ မူလ ၁၄၅ တောင်မှ ၅ တောင် ထပ်တိုးခဲ့သည်။
၅။ ကြေးထီးကြီး၏ ဉာဏ်တော် အမြင့် ၃၅ တောင် (၅၁ ပေ ၉ လက်မ)။
၆။ ထီးတော်အချင်း မျက်နှာ၁၀ ၈ တောင့်ထွာ (၁၂ပေ ၉လက်မ)
၇။ မုခ်ဦးဘုရား ၄ ဆူ၊ ဂြိုဟ်ဘုရား ၈ ဆူ၊ အရံစေတီ ၁၀၆၀။
၈။ ရုပ်ပွားတော်များ ၁၀၆၀ ဆူ။
၉။ ထီးတော်တင်သောရက်များ။
၁၃၄၈ ခု၊ တပေါင်း လပြည့်ကျော် ၉ ရက်။
၁၃၄၈ ခု၊ တပေါင်း လပြည့်ကျော် ၁၂ ရက်။
၁၃၄၈ ခု၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်။
၁၀။ စိန်ဖူးတော်တင်၊ အနေကဇာတင်-
၁၃၄၈ ခု၊ နှောင်းတန်ခူးလပြည့်နေ့။
၁၁။ ဌာပနာသွင်းအကြိမ် ၉ ကြိမ်။
၁၂။ **အလှူရှင်များ**
စိန်ဖူး ၉ လုံး- ဦးရွှေ ဒေါ်သီ (သနပ်ခါး) မန္တလေး။
ငှက်မြတ်နား-ဦးသောင်း၊ ဒေါ်ကြည်ကြည်သောင်း၊ ရွှေကျေးမှန်လုပ်ငန်း၊ မန္တလေး။
ရွှေဟင်္သာ- ဦးတင်မောင်၊ ဒေါ်သန်းရွှေ၊ တိုင်းကြည်မာတ်ပုံ၊ မန္တလေး။
ဆည်းလည်းတော်၊ မာကျူရီမီးဆိုင်း- ဦးကျင်အေး၊ ဒေါ်ကင်ကီး၊ မန္တလေး။
ထီးတော်- ဦးထွေးမောင်၊ ဒေါ်ကြွေမိသားစု၊ မုံရွာ။

သုဏောယျ

**ကျမ်းကိုး**

၁။ မိဂဒါဝုန်ဆရာတော်-ဘဝစာပန်းချီ ၁၉၉၄၊ ဒုတိယအကြိမ် ပုံနှိပ်။
၂။ ကျေးဇူးရှင် မဟာဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး၏ဘဝဖြစ်တော်စဉ်၊ ၂၀၁၁ ခု၊ ပထမအကြိမ်။



www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်

# ရခိုင်ပြည်နယ်မှ မုနိမြတ်စွာဘုရားများ

မြန်မာနိုင်ငံ ဘုရားဖူးခရီးစဉ်များတွင် စွယ်တော်လေးဆူ၊ မျောလေးမျော၊ ကျော်လေးကျော်၊ ရှင်ကိုးရှင်၊ မာရ်ငါးမာရ်' စသည်ဖြင့် စိတ်ဝင်စားဖွယ်အစီအစဉ်များ ခေတ်စားလာသည်။ မုနိလေးဆူ ယှဉ်တွဲမှုကလည်း တစ်မျိုးတစ်ဖုံ။

မုနိမြတ်စွာလေးဆူသည် ရခိုင်ဒေသမှ ကွဲမြန်းလာကြသည်။ အထူးသဖြင့် မန္တလေးမြို့တော်မှ မဟာမြတ်မုနိက ထင်ထင်ရှားရှား။ ဇလွန်ပြည်တော်ပြန်မုနိမြတ်စွာသို့လည်း ဘုရားဖူး အသွားအလာ အများသား။ ပြည်တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိကလည်း ကျော်ကျော်ကြားကြား။ ရခိုင်ပြည် ကျောက်တော်ကြီးမြို့မှ ရှင်ကျော်မုနိကလည်း တန်ခိုးကြီးကြီးမားမား။

မုနိလေးဆူကို ကြည်ညိုဖူးမြော်ရင်း အခြား ထူးခြား ဆန်းပြားသော မုနိဘုရားများအား စူးစမ်းရှာဖွေ လေ့လာမှုကို မှတ်တမ်းဖွင့်လျက် ကုသိုလ်ဝေမျှ တင်ပြလိုက်ပါရစေ။

*

မဟာမြတ်မုနိ ရုပ်ပွားတော်သည် 'သီရိဂုတ္တတောင်' တွင် စံမြန်းသည်။ ရှေးယခင်က 'ဦးရစ်တောင်' ဟု ခေါ်သည်။ မြတ်စွာဘုရား ကြွရောက်လာဖူးရာဒေသဟု သိရသည်။ စန္ဒာသူရိယမင်းလက်ထက် မဟာမုနိဘုရားကြီးအား အနေကဇာတင်ပေးခဲ့ရာအရပ်ဟုလည်း မှတ်သားရသည်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ကောင်းကင်ခရီးမှ ဒေသစာရီကြွချီလာသည်။ ဓညဝတီ (မြို့ဟောင်း)၊ ဒွါရဝတီ (သံတွဲ)၊ ဖိုးဦးတောင် (ပြည်)၊ ဟံသာဝတီ (ပဲခူး) သုဝဏ္ဏဘူမိ (သထုံ)၊ အရိမဒ္ဒနမန္တ (ပုဂံ)၊ သုနာပရန္တ (အဝ) စသည်ဖြင့် မြန်မာပြည်အနှံ့ မြတ်စွာဘုရား ခရီးရောက်ခဲ့သည်ဟု သိရသည်။ ထိုမှတစ်ဆင့် သီရိလင်္ကာ (သီဟိုဠ်) သို့။

ဓညဝတီ ဆိုသည်မှာ သီးနှံပေါ စုံစားမကုန်ဟု မြတ်စွာဘုရားက ဗျာဒိတ်ထားခဲ့သည်။ မြတ်စွာဘုရား (၇) ရက်ကြာ ဓညဝတီတွင် သီတင်းသုံးတော်မူသည်။ စန္ဒာသူရိယမင်း၏ လျှောက်ထားချက်အရ ကိုယ်စားကိုယ်ပွား ဆင်းတုတော်မဟာမုနိကြေးသွန်း



ရွှေဆေးမဟာမုနိဘုရားကြီး



ဇလွန်ပြည်တော်ပြန်မြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com






ပုံတော်ကို ထုလုပ်ခွင့်ပြုသည်။ သိကြားမင်းက ကူညီ၍ သွန်းလုပ် ထုဆစ်သည်ဟု ဆိုသည်။ တူညီလွန်းသဖြင့် မြတ်စွာဘုရားရှင်နှင့် ရုပ်ပွားတော်တို့မှာ ဘုရားနှစ်ဆူသီတင်းသုံးနေဘိသကဲ့သို့။

မဟာမုနိဘုရားနှင့်ပတ်သက်၍ ရေးဖွဲ့ထားသောရခိုင်မင်းသမီးဧချင်းတွင် -

'ဓညဝတီ၊ သိင်္ဂီရွှေပြည်၊ ဘုန်းတိစည်သား၊ အမည်သူရိယ၊ စန္ဒရာဇာ၊ မင်းသဒ္ဒါလျှင်၊ ထိုခါစိုးစိုက်၊ ရှင်တော်ကြိုက်၍၊ ရိုက်ရိုက်လဖိတ်၊ အူသိမ့်ထက်ဝှန်၊ ပီတိမွန်မျှ၊ တောင်းပန်သောခါ၊ မဟာမုနိ၊ ရှိသည်ယခု၊ ဆင်းရုပ်တုကို၊ ဝိသုကမ္မ၊ သိကြားမ၍၊ ပဉ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာမဖြစ်၊ ခုနစ်လက်ခွဲ၊ ကိုယ်ငွေ့တော်ယူ၊ တည်တော်မူမှ၊ ဘုန်းတူဘုန်းရှည်၊ ညီနည်းဘုရား၊ ကိုယ်တော်စားဟု၊ ထားခဲ့သောအား၊ သုံးပါးနတ်လူ၊ ကိုးရာမူသည်၊ အယူရှိညွတ်နိုးတည့်လေ'

*

သီရိမဟာမေ့ာဘိဇယသီဟသူရဘွဲ့ခံ အိမ်ရှေ့မင်း မဉ္စဝတီ၌ အိပ်မက် မြင်မက်သည်။ မဟာမုနိရုပ်ရှင်တော်က အရှေ့သို့ မျက်နှာတော်လှည့်၍ 'ငါ့ကိုပင့်လျှင် လိုက်တော်မူမည်' ဟု မိန့်တော်မူသည်။ စိတ်ကစွဲလမ်းသည်လည်းဖြစ်နိုင်၏။ ခမည်းတော်၏ အမှာစကားကို သတိရသည်။

'သက်လှယ်ဘုန်းခေါင်၊ ညီများနောင်လည်း၊ ခြောက်ရောင်အာဏာ၊ ဘဝဂ်ဖြာသည်၊ မဟာမုနိ၊ မိပတိကို၊ ရာကြီးစဉ်းကြီး၊ ကျိန်မသီးအောင်၊ ဆောင်ထည်းပိုင်ပြည်၊ ပင့်ခဲ့မည်ဟု၊ မှာသည်နှင့်ညီ၊ မှန်ကောင်းပြီလျှက်'

ဟု ရတုဆရာ ဦးတိုးက ရေးဖွဲ့ခဲ့သည်။

ထို့နောက် ချက်ချင်း ဖောင်တော်ကို ဖွဲ့စည်းစီစဉ်သည်။

၁၁၄၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၃) ရက်နေ့တွင် အိမ်ရှေ့မင်းသားက သီရိကျော်ထင်အား မဟာမုနိရုပ်ပွားတော်သယ်ဆောင်ရန် တာဝန်ပေးသည်။

ရုပ်ပွားတော်ကို အပိုင်းပိုင်းဖြတ်တောက်၍ တောင်ကုတ်လမ်းမှ ပန်းတောင်းသို့ သယ်သည်။ ပန်းတောင်းတွင် ရုပ်ပွားတော်အား ပြန်လည် ဆက်စပ် ပြုပြင်သည်။ နေပြည်တော်သို့ ရောက်မှ ရွှေချိန်ပိဿာ တစ်ထောင်ဖြင့် ပြန်လည် မွမ်းမံသည်ဟု သမိုင်းတွင် ဆိုသည်။

စစ်ကိုင်းဆိပ်ကမ်းသို့ ရောက်သည့်အခါ ပြည်သူအများအင်အားနှင့် ဖောင်တော်ကို ဆွဲယူသည်။ ထိုနေရာတွင် 'ဖောင်တော်ဦးစေတီ' ကို တည်ထားခဲ့သည်။ ထိုစေတီအား ကျောက်စာတွင် 'လောကထွတ်ခေါင်' ဟု ဘွဲ့အမည် ရေးသားသည်။ ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင် စစ်အင်္ဂါလေးပါးခြံရံလျက် ရေ လည်ပင်းအထိဆင်းပြီးလျှင် ဆီးကြိုပင့်ဆောင်တော်မူသည်။

မဟာမြတ်မုနိ ကြွရောက်သောကာလကို 'ဥဩရေသောက် မုနိရောက်' ဟု စာချိုးကြသည်။ ၁၁၄၆ ခုနှစ်တွင် မြန်မာတို့၏လက်ဝယ်သို့ မုနိကိုယ်တော်ကြီး ရောက်လာသည်ဟု ဆိုလိုသည်။ မန္တလေးသို့ ရောက်သောနေ့မှာ ၁၁၄၇ ခု၊ ကဆုန်လပြည့်ကျော် (၁၂) ရက် ဖြစ်သည်။

*



www.burmeseclassic.com

www.burmeseclassic.com

မဟာမြတ်မုနိဘုရားကြီးကို မြန်မာပြည်သူများ အလွန် ကြည်ညိုကြသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ခွင့်ပြု၍ သိကြားမင်းသွန်းတည်သော ဘုရားဟု ယုံကြည်ကြသည်။ မြတ်စွာဘုရားရှင်လက်ထက် ခွင့်ပြုခဲ့သော ကိုယ်ပွားတော်ဘုရားသုံးဆူ ရှိသည်ဟု မှတ်သားရသည်။

မဟေသာရနတ်မင်း၏တောင်းပန်မှုကြောင့် ဂန္ဓမာတောင်တွင် 'ကိုယ်စားတော်' တစ်ဆူ။ ပသေနဒီကောသလမင်း၏ တောင်းပန်မှုကြောင့် သာဝတ္ထိပြည်တွင် စန္ဒကူးသားဖြင့် 'စန္ဒသာရရုပ်ပွားတော်' တစ်ဆူ။ စန္ဒသူရိယမင်း၏ တောင်းပန်မှုကြောင့် ဓညဝတီတွင် ရတနာအတိဖြင့် သွန်းအပ်သော 'မဟာမြတ်မုနိ' ရုပ်ပွားတော်တစ်ဆူ။

စန္ဒသူရိယမင်းသည် မဟာမုနိဘုရားကို မသွန်းလုပ်မီ ပုံစံပြု ဦးစွာ ပထမ ရုပ်ပွားတော်တစ်ဆူကို သွန်းလုပ်ခဲ့ကြောင်း သိရသည်။ ဘွဲ့အမည်တော်က 'မြတ်ကိုးပါးရှင်' အဆိုပါပုံတူရုပ်ပွားတော်ကို ဓညဝတီနန်းတော်၌ နန်းဦးဘုရားအဖြစ် ကိုးကွယ်ခဲ့သည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဘုတ်ချောင်းရွာတွင် တည်ရှိသည်ဟု ဆိုသည်။

မဟာမြတ်မုနိကို ပထမဦးဆုံး သွန်းလုပ်ရာတွင် ဘုရားရှင်ထက် နှမ်းတစ်စေ့ခန့်ကြီးနေသဖြင့် 'ရှင်ကျော်မုနိ'ဟု ခေါ်တွင်ခဲ့သည်။ မဟာမုနိကို ဆက်လက်သွန်းသည်။ ပိုသောရတနာများဖြင့် လက်ဝဲတော်ရံ၊ လက်ယာတော်ရံ ထေရ်ပုံနှစ်ဆူကိုလည်း ဆက်လက် သွန်းလောင်းသည်။ လက်ဝဲတော်ရံကို 'ရွှေဘုံသာမုနိ'၊ လက်ယာတော်ရံကို 'မာန်အောင်မြင်မုနိ' စသည်ဖြင့် ဘွဲ့အမည်တွင်သည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားသမိုင်းအဆိုက ကွဲကွဲပြားပြား ခြားခြားနားနား။ ဦးစွာ စန္ဒသူရိယမင်းသည် စန္ဒမာလာမင်းသမီးကို မိဖုရားမြှောက်၍ထီးနန်းကို ဆက်ခံသည်။

မြတ်စွာဘုရားသည် ရဟန္တာငါးရာခြံရံလျက် မဟာသက္ကရာဇ် ၁၁၃ တွင် ဓညဝတီသို့ ကြွချီလာသည်။ ညွတ်ပြောင်းကော်ရော် ဖူးမြော်ဆည်းကပ် ကိုးကွယ်ရန် ကိုယ်စား ကိုယ်ပွားနိမ္မိတရုပ်ပွားတော်ထုလုပ်ရန် ခွင့်ပြုခဲ့သည်။

မြတ်စွာဘုရား လေးဆူတွင် ပထမသွန်းလုပ်သော ဘုရားသည် မဟာမြတ်မု ဒုတိယ ရှင်ကျော်မုနိ၊ တတိယ ရွှေဘုံသာမုနိ၊ စတုတ္ထ မာရ်အောင်မြင်မြတ်စွာဘုရားဟု ထင်ရှားဘွဲ့တော် သောင်းလုံးကျော်၏။ ဤသို့လည်း အဆိုမူကွဲ ရှိသည်။

ရခိုင်ရာဇဝင် ပေမူတွင်လည်း 'မဟာမြတ်မုနိမြတ်စွာဘုရားနှင့်တကွ ရှင်ကျော်၊ ရွှေဘုံသာ၊ မာရ်အောင်မြင်မြတ်စွာဘုရားပေါင်း လေးဆူတို့ကို တစ်ပါတည်း သွန်းလုပ်သည်' ဟု ပါရှိသည်။ အိမ်ရှေ့မင်းက ရှင်ကျော် တစ်ဆူကိုသာ ချန်ထား၍ ကျန်သုံးဆူကို ပင့်ဆောင်သွားသည်ဟုလည်း ဖော်ပြသည်။

အိမ်ရှေ့မင်းသားသည် ၁၁၄၆ ခုနှစ်တွင် မဟာမြတ်မုနိမြတ်စွာဘုရားနှင့်အတူ လက်ယာတော်ရံ မာရ်



စန္ဒမုနိဘုရား



စကြာမုနိဘုရား



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မုနိ၊ လက်ဝဲတော်ရံ ရွှေဘုံသာမုနိ စုစုပေါင်းသုံးဆူကို တောင်ကုတ်လမ်းဖြင့် ပင့်ဆောင်လာသည်။

ပြည်မြို့တစ်ဖက်ကမ်းတွင် ရွှေဘုံသာမုနိ မြတ်စွာဘုရားအား လူအများ ကိုးကွယ်နိုင်ရန် ထားခဲ့သည်။ ကျန်ဘုရားနှစ်ဆူကို နေပြည်တော်သို့ ဆက်လက် သယ်ယူပင့်ဆောင်သည်။ မဟာမြတ်မုနိရုပ်ပွားတော်ကို ပြည်သူအများကိုးကွယ်နိုင်ရန် စီမံပေးသည်။ မာရ်အောင်မြင် မြတ်စွာဘုရားကိုမူ နန်းဦးတွင် ရွှေပြာသာဒ်ဖြင့် တည်ထားလျက် မင်းအဆက်ဆက် ကိုးကွယ်ခဲ့သည်။

မာရ်အောင်မြင် ဘွဲ့အမည်ပျောက်၍ 'နန်းတော်ဦး မြတ်စွာဘုရား' ဟူ၍ လည်းကောင်း၊ ထိုမျှသာမက ဆုတောင်းပြည့်သောကြောင့် 'ဆုတောင်းပြည့် မြတ်စွာဘုရား'ဟူ၍ လည်းကောင်း၊ ကနောင်မင်းသားကြီး ကိုးကွယ်သဖြင့် 'မင်းတပ်မင်းမြတ်စွာဘုရား'ဟူ၍ လည်းကောင်း အမျိုးမျိုး စွဲမှတ်ကြသည်။ (ကနောင်မင်းသား၏ ငယ်နာမည်သည် 'မင်းတပ်' ဖြစ်သည်။)

ဇလွန်မြို့သူကြီး ဦးရွှေပွင့် ဦးဆောင်၍ မြို့သူမြို့သားများ ဘုရားတစ်ဆူ သွန်းလုပ်ရန် ကြိုးစားကြသည်။ ဘုရားသွန်းလုပ်နေစဉ် အားလပ်ချိန်များ၌ ခင်မင်ရင်းစွဲရှိသော မယ်တော်ကြီးထံ လည်ပတ်လေ့ရှိသော ဦးရွှေပွင့်။ ပုဂံမင်း အရေးနိမ့်သည့်ကာလလည်း ဖြစ်သည်။ တိုင်းရေးပြည်ရာကလည်း မငြိမ်မသက်။ ဦးရွှေပွင့်အနေဖြင့် ဇလွန်သို့ ပြန်သင့်သည့်အချိန်။ နန်းတော်ဦးဘုရားကို အစားယူသွားရန် မယ်တော်ကြီးအား ဖွတ်အမွှ မရမက တောင်းဆိုသည်။

ဤနည်းဖြင့် နန်းတော်ဦး မြတ်စွာဘုရားကြီး ဇလွန်မြို့သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။

တစ်နေ့တွင် ဇလွန်မြို့ မီးကြီးလောင်သည်။ သို့သော် မီးက ဘုရားကို ရှောင်ကွင်းသွားသည်။ ၁၂၁၄ ခုနှစ်တွင် အောက်မြန်မာပြည်ကို အင်္ဂလိပ်သိမ်းသည်။ ထိုနှစ်တွင်ပင် ပုဂံမင်း နန်းကျသည်။ မင်းတုန်းမင်း နန်းတက်သည်။ နန်းတော်ဦးဘုရားအား ပြန်ပို့ချိန်မရတော့။ ၁၂၁၇ခုနှစ်တွင် ကြေးထည်ပစ္စည်းများ သိမ်းယူစဉ် မြတ်စွာဘုရားကြီး ပါသွားသည်။ အိန္ဒိယပြည်သို့ သယ်သွားသည်။

နှစ်နှစ်ကြာပြီးနောက် ၁၂၁၉ ခုတွင် ဘုရားကြီး ပြန်ကြွလာသည်။ ထို့ကြောင့် ပြည်တော်ပြန် မြတ်စွာဘုရား ဟူသော ဘွဲ့အမည်သစ်ကို ထပ်မံ ရရှိသည်။

*

'ဆုတောင်းပြည့် စန္ဒာမုနိဆင်းတုတော်ကြီး' အကြောင်း မှတ်သားရသည်။

ရခိုင်ဘုရင် စန္ဒာသူရိယမင်း၏ တောင်းပန် လျှောက်ထားချက်အရ မြတ်စွာဘုရားက ခွင့်ပြုခဲ့သော မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို သွန်းလုပ်ခဲ့စဉ်က ကျန်ခဲ့သည့် ရတနာတို့ဖြင့် စန္ဒမုနိ၊ ကုဇမုနိ၊ သကျမုနိ၊ ဒေဝမုနိနှင့် စူဠမုနိဆင်းတုတော်များကို သွန်းလုပ်ခဲ့ကြလေသည်။ ၎င်းဆင်းတုတော်များကို 'မဟာကျန်ဆင်းတုတော်များ' ဟု ခေါ်သည်။ မဟာကျန်မုနိငါးဆူကို မဟာမုနိရုပ်ရှင်တော်တွင် ဝန်းရံပြီး တည်ထားခဲ့သည်ဟု သိရသည်။

စန္ဒာမုနိဘုရားသမိုင်းတွင် ၁၈၅၂ ခုနှစ်၊ မြန်မာပြည်အောက်ပိုင်းနှင့် ရခိုင်ဒေသတို့ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့သည်။ လူမျိုးခြားတို့က မြန်မာ့ကြေးထည်များကို အဓမ္မသိမ်းယူနေစဉ်ကာလ။ ဘားဘူတောင်ထက်မှ စန္ဒမုနိကိုယ်တော်ကို လူအင်အားဖြင့် တောင်အောက်သို့ သယ်မပင့်ယူခဲ့ကြသည်။ ချောင်းရေအိုင်တွင် နစ်မြုပ်ကိန်းဝပ်စေခဲ့သည်။ထို့နောက် အင်္ဂတေဖြင့် လိမ်းကျံကာ ကျောက်ဆင်းတုအသွင် ဖန်တီး၍ ဗန္ဓုလကျောင်းတော်၌ ဖုံးကွယ်သိမ်းဆည်းခဲ့ကြသည်။

ဘုရားအားဝှက်ခဲ့သူများမှာ (၁) ဦးချိုးစားဘို၊ (၂) ဦးထွန်းဘော်ဦး၊ (၃)ဦးသာထွန်းဦး၊ (၄) ဦးချိုးမောင်၊ (၅) ဦးသာဘောနှင့် ရခိုင်မျိုးချစ်လူငယ်များဟု မှတ်တမ်းတွေ့ရှိရသည်။

၁၉၈၈ ခုနှစ်တွင်မှ အင်္ဂတေဖြင့် မံလျက် ဝှက်ထားသောဘုရားကို ပြန်လည် ရှာဖွေတွေ့ရှိပုံက ဆင်းတုတော်၏ညာဘက်မျက်လုံးတော် ပြုတ်ကျသည်မှ စ,သည်။ ပြုတ်ကျသော မျက်လုံးတော်နေရာတွင် ကြေးသားကို တွေ့မြင်ကြသည်။ တာဝန်ရှိသူတို့ အင်္ဂတေများကို ခွာချကြသည့်အခါ ဖူးမြော်လိုက်ကြရသည်က စန္ဒာမုနိရုပ်ပွားတော်။

ရခိုင်တိုင်းရင်းသားတို့သည်လည်း ဗုဒ္ဓဘာသာဝင်၊ ဘာသာတရားကို ကြည်ညိုကြသူများ၊ သူတို့၏ ယဉ်ကျေးမှု သမိုင်းဝင် ဘုရားများကို ချစ်ခင်စိတ်၊ သဒ္ဓါကြည်ညိုမြတ်နိုးစိတ်ရှိကြမည်မလွဲ။ နှမြောကြပေလိမ့်မည်။ ထို့ကြောင့်လည်း နည်းအမျိုးမျိုးဖြင့် ကာကွယ်ကြသည်ကိုဖြင့် လေးစားစရာ။ စန္ဒာမုနိဘုရားကို အင်္ဂတေမွမ်းမံလျက် ဝှက်ထားခဲ့သည့် စိတ်ကူးကလည်း အံ့သြချီးကျူးဖွယ်ရာ။

စန္ဒမုနိသာမက ကုဇမုနိ၊ သကျမုနိ၊ ဒေဝမုနိနှင့် စူဠမုနိဘုရားများသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရှိစဉ်တုန်းက မဟာမုနိစက်အဖြစ် စုစုဝေးဝေးရှိခဲ့ကြသော်လည်း ယခုအခါ တကွဲတပြား။စန္ဒမုနိကိုယ်တော်က မြောက်ဦးမြို့နယ် တောင်ဦးရွာတွင်-

သာသနာနှစ် ၂၂၂ မှ ၁၉၄၇ အထိ (၁၇၅၂ နှစ်)။

သာသနာနှစ် ၁၉၄၇မှ ၂၃၆၈ အထိ (၃၉၃ နှစ်)။

သာသနာနှစ် ၂၃၆၈မှ ၂၅၄၇ အထိ (၁၇၉ နှစ်) ရွှေ့ပြောင်း ကိန်းဝပ်တော်မူသည်။

သကျမုနိကိုယ်တော်က ကျောက်ရွာ မြောက်ဦးမြို့နယ်။

ရာဇမုနိကိုယ်တော်က ရွာမပြင်ရွာ ကျောက်တော်မြို့နယ်။

စူဠာမုနိကိုယ်တော်က ညောင်ချောင်းရွာ ကျောက်တော်မြို့နယ်။

ဒေဝမုနိကိုယ်တော်က စပါးဆိပ်ရွာ ကျောက်တော်မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com

*

**စကြာမုနိဘုရားကြီးသမိုင်းကလည်း စိတ်ဝင်စားဖွယ်**

စစ်တွေမြို့ လောကာနန္ဒာစေတီတော် သာသနာ့ဗိမာန်အတွင်း ကိန်းဝပ်စံပယ်တော်မူသည်။ ဆင်းတုနောက်ကျောတွင် မြန်မာနှစ် ၅၂၀ ဟု ရေးထားသည်။ ဉာဏ်တော်အမြင့် (၁၈) လက်မရှိသည်။ ကြေးသွန်းရုပ်ပွားတော်ဖြစ်သည်။ ခေါင်းတော်မှ တစ်ကိုယ်လုံး ရုပ်ပွားဆင်းတုတော်များကို သက်နီးသဖွယ် သွန်းလုပ်ထားသည်။

၂၀၀၀ ပြည့်နှစ်၊ ဖွန်လတွင် ထူးခြားစွာ ပေါ်တော်မူသည့် တန်ခိုးကြီး ဆင်းတုတော် ဖြစ်သည်။ ဗန္ဓုလ ဆရာတော်သည် ဆွမ်းစားပင့်ထားသဖြင့် ကျောင်းပေါ်မှဆင်းလာသည်။ အသက်အရွယ် ခပ်ကြီးကြီး အမျိုးသားကြီးတစ်ဦးက အထုပ်တစ်ထုပ်ကို ပိုက်လျက် တက်လာသည်။ အထုပ်ထဲတွင် ကြေးဆင်းတုတစ်ဆူ။ ဘယ်ကရလာသလဲဟု ဆရာတော်ကမေးရာ သာမရွာမှဖြစ်ပြီး ကုလားတစ်ယောက် ကွန်ပစ်ရာမှ ဆင်းတုတော်အား ငြိတွယ်မိပါသည်။ သည်ဆင်းတုကို တပည့်တော် ယူလာပြီး ဆရာတော့်ထံ လှူဒါန်းလိုပါသည်ဟု လျှောက်ထားသည်။

ဆွမ်းစားချိန် နီးကပ်နေသဖြင့် ကျောင်းတွင်ခဏစောင့်နေရန် ဆရာတော်က မေတ္တာရပ်ခံသည်။ ဆွမ်းကိစ္စပြီးစီး၍ ပြန်ကြွအလာ ဒါယကာကြီးကို ရှာမတွေ့။ ဆင်းတုတော်ကို ချန်ရစ်ထားခဲ့သည်။ ဆင်းတုတော်မှာ ရှေးကျသည်။ ဆရာတော်ကလည်း ရှေးဟောင်းယဉ်ကျေးမှုကို စုဆောင်းထိန်းသိမ်း၍ ပြတိုက်တစ်ခုသဖွယ် စောင့်ရှောက်သူ ဖြစ်သည်။ ဒါယကာနှင့် တွေ့တွေ့ဆိုင်ဆိုင် အလှူမခံရသေးသဖြင့် ဆရာတော်၏ စိတ်သည် မတင်မကျ။ စုံစမ်းသော်လည်း ရှာမတွေ့။ သာမရွာသို့ ဆက်သွယ်မေးမြန်းရသည်။

သာမရွာတွင် ငါးဖမ်းသော ချောင်းမရှိ။ ကုလားတစ်ယောက် ဆင်းတုတစ်ဆူကို ကွန်ဖြင့်ငြိသည်ဟုလည်း မကြားမိကြ။ ထူးဆန်းလေစွ။ ဒါယကာသည် မည်သူနည်း။ မည်သူမှုမသိ။ သည်နည်းဖြင့် စကြာမုနိကိုယ်တော် ကြွမြန်းလာခဲ့သည်။

ဘုရားမျက်နှာတော်မှအပ ကျန်ခန္ဓာကိုယ်တွင် ဆင်းတုတော်ငယ်အပေါင်း (၁၁၆၂) ဆူ ကိန်းဝပ်တော်မူသည်။ဆင်းတုတော်များက သင်္ကန်းတော်သင်္ကန်းအလား ထူးထူးခြားခြား။ လက်ပေါ်တွင် 'ရှစ်ထောင့်စကြာကြွယ်' ကို ကိုင်ထားသည်။ ကြွယ်ပေါ်တွင် လေးခြမ်းမျဉ်းက ဖြတ်သားထားသည်။ ရခိုင်ပညာရှင်များက သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးကို ဖော်ညွှန်းကြောင်း ကြံဆ တွေးတောကြသည်။

ဆင်းတုတော်ငယ်များကား ဂဏီဝါ်ဖူသဲစုမကပွင့်တော်မူသောဘုရားကို ရည်ရွယ်လေသည်။ သင်္ချာဗေဒသဘောအရ (၁၁၆၂) ၏ ပေါင်းခြင်းသည် (၁) ရသည်။ တစ်ဆူတည်းသော မြတ်စွာဘုရားကိုဆိုလိုကြောင်းလည်း စဉ်းစားကြသည်။

ကိန်းအောင်းရာ သိမ်တော်ကြီးတွင် အနားက (၉) နား၊ ထောင့်က (၉) ထောင့်၊ ဘုံက (၉) ဆင့်၊ စိန်ဖူးတော်အထိ အမြင့်က(၇၂)ပေ၊ စကြာမုနိရုပ်ပွားတော်ပုံတော်တူ (၃၂၄)ဆူ၊ လင်းနို့တောင်ပံများတွင် ဆင်းတုတော်(၈၁)ဆူ၊ ထီးတော်ကိုးဆင့်တွင် (၁၈) ဆူ၊ စုစုပေါင်း (၅၉၄) ဆူ ပူဇော်ထားသည်ကလည်း ထူးခြားသည်။

နောက်ကျောပလ္လင်တော်တွင် သက္ကရာဇ် ၅၂၀ သူရိယကုလမင်းကောင်းမှုဟု ခတ်နှိပ်ထားသည်။ တတိယဓညဝတီမင်းဆက်(၁၄)ဆက်မြောက်ဘုရင်ဟု သိရသည်။ နန်းဦးဘုရား ဖြစ်ဟန်တူသည်။

ရခိုင်တိုင်းရင်းသားတို့၏ ကြေးသွန်းပညာ ထွန်းကားသော လက်ရာအဖြစ် ဂုဏ်ယူဖွယ်။ ဆင်းတုတော်ကလေးများ ၊အနုစိတ်သည်။ လက်ရာမြောက်သည်။ စိတ်ကူးပုံဖော်မှု ဆန်းသစ်သည်။ ဘုရား၏ ဘွဲ့တော်မှာ 'စကြာမုနိသွန်းစက်တော်' ဖြစ်သည်။

*

မြတ်စွာဘုရားအား အရိုအသေပေးရန် မဟာမုနိရုပ်ပွားတော်က ထိုင်တော်မူနေရာမှ ထသည်။

"အို - ညီတော် ရပ်တော်မမူနှင့်၊ ထိုင်မြဲထိုင်လော့။ ငါ၏ သက်တော် ရှစ်ဆယ်တိုင်သောအခါ ပရိနိဗ္ဗာန်ဝင်အံ့။ ထိုသောအခါ ညီတော်သည် သာသနာ့နှစ်ပေါင်း ငါးထောင်ကာလပတ်လုံး သတ္တဝါအပေါင်းကို ကယ်ဆယ် စောင့်ရှောက်ရပေမည်။ ငါ၏ကိုယ်စား 'ခန္ဓတရ' ဟုခေါ်တွင်စေ"

ဟု အမိန့်တာဝန်ပေးခဲ့သည်ဟု ပညာရှိများ ဆိုစမှတ်ပြုကြသည်။

"ငါဘုရား၏ ကောင်းမွေ ဆိုးမွေများကိုလည်း ညီတော်မြတ်မုနိက ခံယူပေတော့။ တစ်ချိန်က ငါသည် ချိဒူပါကျွန်းတွင် ဥယျာဉ်မှူးတစ်ဦး၏ပေါင်ကို ရိုက်ချိုးမိသည်။ ထို့ပြင် မင်းသားတစ်ပါး၏ကျောပြင်မှအသားကိုလည်း ခွာယူခဲ့ဖူးသည်။ ငါကျူးလွန်ခဲ့မိသော ကမ္မဝိပါကကို ညီတော်ပင် အပြစ်ဒဏ် ခံယူလေလော့။ ညီတော်သည် ငါ့အား ပါရမီဖြည့်နိုင်ပါစေသတည်း"

ဟု မိန့်ကြားတော်မူသည်ဟု ဆိုသည်။

ဤသို့ ဗျာဒိတ်တော်နှင့်အညီ မဟာမြတ်မုနိ ကိုယ်တော်အား အိမ်ရှေ့မင်းက ပင့်ဆောင်ရာ၌ ခြေတော်များ ဖြတ်ပိုင်း သယ်ယူခြင်းခံခဲ့ရရှာသည်ဟု အယူအစွဲရှိခဲ့ကြသည်။ ထိုမျှသာမက မဟာမြတ်မုနိဘုရား၏ လောကဓံ အလှည့်အပြောင်းများက သမိုင်းတွင် ထူးထူးခြားခြား အလူးအလဲ။

မြန်မာနှစ် ၃၂၇ ခုနှစ် ပိတ်ဖြူမင်းလက်ထက် မဟာမုနိပလ္လင်တော်အောက် စန္ဒာသူရိယမင်း မြှုပ်နှံဌာပနာခဲ့သော ရတနာများကို ရန်သူတို့ တူးဖော်လုယူကြသည်။ ဂန္ဓကုဋီတိုက်အား မီးရှို့ ဖျက်ဆီးကြသည်။

မြန်မာနှစ် ၄၆၁ ခုနှစ်တွင် ရန်သူများက မဟာမုနိဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကန်များကို ဖျက်ဆီးပြန်သည်။ နှစ်ပေါင်း ငါးဆယ်ကျော် ပြုပြင်သူမရှိခဲ့။

မြန်မာနှစ် ၅၁၆ ခုနှစ်တွင် မဇရာဇာမင်းက နေရာဟောင်းတွင် ပြန်လည်ရှာဖွေသည်။

မြန်မာနှစ် ၆၁၀ ပြည့်နှစ် လောင်းကြက်ဘုရင် အလိုမဖြူမင်းက ထပ်မံပြုပြင်တော်မူသည်။

မြန်မာနှစ် ၇၀၇ ခုနှစ် ရန်သူများ လောင်းကြက်မြို့ကို သိမ်းသည်။ မဟာမုနိကိုဖျက်သည်။

မြန်မာနှစ် ၇၅၆ ခုနှစ် လောင်းကြက်ဘုရင် စိန္တလက်ထက် အသစ်ပြန်လည် ဆောက်လုပ် လှူဒါန်းသည်။

မန္တလေး နေပြည်တော်သို့ ပင့်ဆောင် ရောက်ရှိပြီး နှစ် (၁၀၀) အကြာ ၁၂၄၇ ခုနှစ် သီပေါမင်းလက်ထက် ဂန္ဓကုဋိတိုက်တော် မီးလောင်သည်။ ရုပ်ပွားတော်ကို မီးမခ။ တစ်စုံတစ်ရာမျှ မပျက်ပြား။ မီးအပူရှိန်ကြောင့် အရည်ပျော်ကျလာသော ရွှေရည်ချိန်ပေါင်း ပိဿာ (၅၄၅၀) ရရှိခဲ့သည်ဟု သိရသည်။

မြန်မာနှစ် ၁၂၇၈ ခုနှစ် ထီးတော်ကိုလေခ၍ မြေကျရပြန်သည်။

မဟာမုနိရုပ်ပွားတော်၏အဖြစ်က တရားပြသည့်နှယ်။ မမွန္တရာယ်လောဘသားတို့က မကြာခဏ ဖျက်ဆီးကြသည်။ မီးအန္တရာယ် ခံစားရသည်မှာလည်း အကြိမ်ကြိမ်။

ရန်သူတို့သည် မဟာမြတ်မုနိကိုယ်တော်ထံမှ ကြေးသားကို ရယူလိုသဖြင့် ဖိုကျင်တစ်ထောင်ဖြင့် ထိုးခဲ့ကြသည်ဟု 'ရခိုင်ဧချင်း' တစ်ပုဒ်က ဆိုသည်။

'နှစ်ပြည်သူတို့၊ သုံးလူထွက်ချာ၊ မဟာမုနိ၊ တရိနာတော်၊ ရုပ်ရှင်ကျော်ကို၊ ပေါင်တော်ကျောသား၊ ယူသောအားဖြင့်. . .' ဟု ပါရှိသည်။

ရုပ်ပွားတော်၏ အတိုင်းအထွာကို လေ့လာလျှင်လည်း-

(မူလ) ထက်ဝယ်ဖွဲ့ခွေ ကိုယ်တော်အတိုင်းမှာ (၈) တောင်၊ (၂) မိုက်။

(ဖိုကျင်ထိုးပြီး) ထက်ဝယ်ဖွဲ့ခွေ ကိုယ်တော်အတိုင်းမှာ (၇) တောင်၊ (၂)မိုက်။ နေပြည်တော်သို့ ကြွရောက်ပြီး (စမွခဏ်မှ မကိုဋ်တော်အဆုံး) ကိုယ်တော်အတိုင်းမှာ ဖိုကျင်ထိုးသဖြင့် အတိုင်းအထွာ (၁) တောင်တိတိ ယုတ်လျော့သွားနိုင်သည်ကမူ တွေးတော ချင့်ချိန်စရာ။

*

ဘုရားသမိုင်းများကို လေ့လာရာ၌ အရှိပကတိအတိုင်း ဆင်ခြင်နိုင်ရန် လိုသည်။ အထူးသဖြင့် ဆက်စပ်လျက်ရှိသော မုနိမြတ်စွာတို့၏ ကိုယ်တော် အတိုင်းအတာများက ကွဲပြားခြားနားသည်။ မဟာမုနိဘုရားကြီး၏ ဉာဏ်တော်မှာ (၁၅)ပေတိတိရှိသည်။

စမွခဏ်အမြင့် (၁) ပေ၊ (၄) လက်မ။ လက်ဝဲဘက် လက်မောင်းတော်လုံးပတ် (၅)ပေ၊ (၃)လက်မခွဲ။ လက်ယာဘက် လက်မောင်းတော်လုံးပတ် (၅) ပေ (၃) လက်မ။ ဒူးတော်အစွန်းနှစ်ဖက် အကွာအဝေး (၈) ပေ၊ (၆) လက်မ။

(မန္တလေးမြို့
တန်ခိုးကြီးဘုရားများသမိုင်း)

မာန်အောင်မြင်ဘုရားကြီး၏ ဉာဏ်တော်မှာ (၃) ပေ၊ (၁၀) လက်မဖြစ်သည်။ အလေးချိန် (၆၆၆)ပိဿာရှိသည်။

မဟာကျန်စာရင်းဝင် စန္ဒမုနိကိုယ်တော်၏အတိုင်းအတာများမှာ-

ဉာဏ်တော်အမြင့် (၄) ပေ၊ (၁၀) လက်မ၊ ခါးတော်လုံးပတ် (၄) ပေ၊ (၁) လက်မ။ လက်မောင်းတော်ပတ်လည် (၁)ပေ၊ (၁၁)လက်မ။ ပခုံးတော်အကျယ် (၂)ပေ၊ (၁၀)လက်မ။ ရင်မို့တော်အကျယ် (၅)ပေခန့်၊ လက်ဟန်မြေပုံ ပဇင်္ကမုဒြာ။

**စကြာမုနိဘုရား**

ဉာဏ်တော်အမြင့် (၁၈) လက်မရှိသည်။ ကြေးသွန်းရုပ်ပွားတော်ဖြစ်သည်။ အတိုင်းအတာများကြောင့် စဉ်းစားစရာများရှိလာနိုင်သည်။

*

ရခိုင်ဒေသနှင့် ဆက်စပ် ပတ်သက်သော မုနိမြတ်စွာဘုရားများမှာ စုစုပေါင်း (၁၁) ဆူရှိသည်။

ထင်ရှားကျော်ကြားတော်မူကြသော ကျောက်တော်မှာ ရှင်ကျော်မုနိ၊ ပြည်မြို့တစ်ဖက်ကမ်းမှ ရွှေဘုံသာမုနိ၊ ဇလွန်မြို့မှ မာန်အောင်မြင်မုနိနှင့် မန္တလေးမြို့မှ မဟာမြတ်မုနိ မုနိ (၄) ဆူ။

မဟာကျန်ကိုယ်တော်များဖြစ်သော စန္ဒမုနိ၊ ကုဇမုနိ၊ သကျမုနိ၊ ဒေဝမုနိနှင့် စူဠမုနိ မုနိ (၅)ဆူ။

ပေါ်တော်မူမုနိတစ်ဆူဖြစ်သော စစ်တွေမြို့မှ စကြာမုနိ မုနိ (၁) ဆူ။

ကနဦး ပုံစံပြုကိုယ်တော် ဇရာဝတီတိုင်းဒေသကြီးမှ မြတ်ကိုးပါးရှင်မုနိ (၁) ဆူ။

စုစုပေါင်း မုနိ (၁၁) ဆူကို ဘာသာရေးဗဟုသုတအဖြစ် စုစည်းဖော်ပြအပ်ပါသည်။ ရည်မှန်း ကိုးကွယ်ခြင်းဖြင့် အကျိုးထူးနိုင်ကြသည်ဟု အကြံပြုပါရစေ။ အခွင့်အရေး ကြုံကြိုက်ပါက မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လှမ်းကြွနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း။

*(စစ်တွေမြောက်ဦးဘုရားဖူးမှတ်တမ်းစဉ်)*

ရန်နိုင်

**ကျမ်းကိုးစာရင်း -**


၁။ ကုန်းဘောင်ရှာပုံတော်
(ဆရာညိုမြ)

၂။ မန္တလေးမြို့ တန်ခိုးကြီးဘုရားများသမိုင်း

၃။ စန္ဒမုနိဘုရားသမိုင်း
(ဂေါပကအဖွဲ့)

၄။ ဇလွန်ပြည်တော်ပြန် မာန်အောင်မြင်ဘုရားသမိုင်း
(ဂေါပကအဖွဲ့)

၅။ စကြာမုနိဘုရားသမိုင်း
(ဂေါပကအဖွဲ့)

၆။ ရခိုင်မဟာမြတ်မုနိဘုရားသမိုင်းနှင့် သိမှတ်ဖွယ်ရာများ
(သိန်းထွန်းအောင်)

၇။ သမိုင်းထဲက မြောက်ဦးဘုရားစေတီပုထိုးများ (ညော်လမ်းညွှန်)
(များအောင်)




www.burmeseclassic.com

www.burmeseclassic.com

# ချိုက်ဆရာတော်ဘုရားကြီး ဗုဒ္ဓသာသနမဟာထေရ်အရှင်မြတ်ကြီး၏ ထူးခြားဆန်းပြားဖြစ်ရပ်များ

**လမင်းသာ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ချိုက်ကျေးရွာဆိုတာ ရှိပါသည်။ ချိုက်ဓား၊ ချိုက်ကတ်ကြေး၊ ချိုက်ကွမ်းညှပ် အစရှိသဖြင့် မီးဖိုချောင်သုံးပစ္စည်းများလည်းထွက်ရှိပါသည်။ ပန်းပဲအလုပ်ကို ရွာလုံးကျွတ်လိုလို လုပ်ကိုင်စားသောက်ကြတဲ့ရွာဖြစ်နေလို့ 'ပန်းပဲမြေ' လို့လည်း တင်စား ခေါ်ဝေါ်ကြပါသည်။

ချိုက်ရွာကထွက်တဲ့ သံထည်ပစ္စည်းမှန်သမျှ ဓား၊ ကွမ်းညှပ်၊ ကတ်ကြေး စသော ပစ္စည်းများအပေါ်မှာ 'ချိုက်' ဆိုတဲ့ စာလုံး ရေးသားထားတာကို တွေ့ရှိရပါသည်။ ဒီနာမည်ကို တွေ့လိုက်ရင်ပဲ ပစ္စည်းကောင်းလက်ရာကောင်း စိတ်ချလက်ချ အမှားအယွင်းမရှိ သုံးစွဲနိုင်တယ် ဆိုတဲ့ အာမခံချက်ဖြစ်လို့ 'ချိုက်' ဆိုတဲ့ အသံကြားရလျှင် မြန်မာပြည် တစ်နံတစ်လျားမှာ မသိသူနည်းပါးပါသည်။

ဆရာတော်ဘုရားအလောင်းလျာကို ချိုက်ရွာ ဦးမျှင်၊ ဒေါ်ငွေဘူးတို့မှ ၁၂၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် (၈) ရက်၊ သောကြာနေ့နံနက်(၄)နာရီအချိန်တွင် ဖွားမြင်တော်မူပါသည်။ ဦးမျှင်၊ ဒေါ်ငွေဘူးတို့မှ သားသမီး (၄) ယောက် ထွန်းကားခဲ့ရာ ဆရာတော်ဘုရားကြီးသည် ဒုတိယမြောက် သားရတနာ ဖြစ်ပါသည်။ ဆရာတော်လောင်းလျာ၏ ငယ်မည်မှာ မောင်သောင်းမောင် ဖြစ်ပါသည်။

မိဘနှစ်ပါးသည် မောင်သောင်းမောင်အား (၇) နှစ်သားအရွယ်မှာ ချိုက်ကျေးရွာ ဂူကျောင်း၌ ဂူအောင်အကျော် တရားပျော်ဖြစ်သည့် ဆရာတော် ဦးသီလစာရနှင့် ဦးပညာတို့ထံတွင် စာပေ သင်ယူရန် အပ်နှံခဲ့ပါသည်။

ဆရာတော် လျောင်းလျာ မောင်သောင်းမောင်သည် (၁၂) နှစ်သားအရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော် ဦးသီလာစာရကို ဥပဇ္ဈာယ်ပြုကာ သာမဏေဘောင်သို့ သွတ်သွင်း ချီးမြှင့်ခဲ့ကြပါသည်။

ရှင်ဘွဲ့အမည်မှာ ရှင်သာသနဟု ခေါ်တွင်စေခဲ့ပါသည်။ ရှင်သာမဏေအဖြစ်မှာပင် သဒ္ဒါကြီးရှစ်စောင်၊ သင်္ဂြိုဟ်ကိုးပိုင်း ဘိက္ခုပါတိမောက် - မာတိကာ ဓာတုကထာ စသည့် ပါဠိအခြေခံကျမ်းစာတို့ကို သင်အံ ကြိုးကုတ် နှုတ်တက်ရွရွ အာဂုံရအောင် စွမ်းဆောင်တော်မူခဲ့ပါသည်။

ဆရာမြတ်ထံ စာပေကျမ်းဂန် သင်အံရင်းဖြင့် ရှင်သာသနသည် ၁၃၀၅ ခုနှစ်၊ အသက် (၂၀) ပြည့်သောအခါ၌ မိဘနှစ်ပါးတို့မှ ပစ္စယာ



ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်အား ကွေး၍ ဆန့်၍ ထိုင်၍ ပြုလုပ်ပြီးကြည့်နေပုံ



ဆရာတော်ဘုရားကြီး၏ မပုပ်မသိုးရုပ်ကလာပ်တော်



www.burmeseclassic.com

www.burmeseclassic.com

နဂ္ဂဟာကို ခံယူကာ ချိုက်ဂူကျောင်း ခဏ္ဍာသိမ်တော်၌ ငယ်ဆရာရင်း ဖြစ်သော ဆရာတော် ဦးသီလာစာရကို ဥပဇ္ဈာယ်ပြု၍ ထူးမြတ်သော ရဟန်းဘဝကို ရောက်ရှိခဲ့ပါသည်။

ဘွဲ့တော်အမည်မှာ အရှင်သာသန ဟူ၍ပင် ဖြစ်ပါသည်။

ရဟန်းဖြစ်စ . အရှင်သာသနသည် ရဟန်းဟူက ခုရနှစ်ဖြာ ကျင့်ရာအကြောင်း ကောင်းကောင်း သိသဖြင့် 'ပခုက္ကူမရောက် စာမပေါက်'၊ 'ပခုက္ကူ မခိုလုံ ကျမ်းမစုံ'၊ 'ပခုက္ကူ မကပ် စာမတတ်' ဟု အဆိုရှိသည်နှင့်အညီ ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက်တော်ကြီးသို့ ပညာရင်နို့ သောက်စို့ပါရန် ရောက်ရှိခဲ့ပါသည်။ ယင်းမဟာဝိဇယာရာမတက္ကသိုလ်၌ ပါဠိ၊ အဋ္ဌကထာတို့ကို ဋီကာနှင့်တွဲဖက်လျက် သုံးနှစ်သုံးမိုး သင်အံ ကြိုးစား အားထုတ်ခဲ့ပါသည်။

ပခုက္ကူတွင် သုံးနှစ်သုံးမိုးစာပေ သင်ယူပြီးသောအခါ ပခုက္ကူနည်း၊ မန္တလေးနည်း စာသင်နည်း နှစ်နည်းစလုံး တတ်မြောက်လိုပါသဖြင့် မန္တလေးမြို့ အနောက်ပြင် တောင်သမန်တိုက် နန်းတော်ကျွန်းကျောင်း၌ နေကာ ပုသိမ်ဆရာတော် ဘဒ္ဒန္တရေဝတ အဂ္ဂမဟာပဏ္ဍိတ (နိုင်ငံတော်သံဃာ့မဟာနာယက ဒု - ဥက္ကဋ္ဌ နန်းတော်ကျွန်းကျောင်းဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၊ စကုအလယ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒာစရိယ၊ တောင်ပြင်နဂါး အနောက်ပြင်ကျား ဟုဆိုအပ်သော ဘဒ္ဒန္တကေသဝဆရာတော်များထံဝယ် ဘေဒစိန္တာ ကစ္စာယနသာရမဏိ မဉ္ဇူဆန်း အလင်္ကာ ကမ္မာ ကမ္မဝိနိစ္ဆယအဖုံဖုံ အလုံးစုံကို ဖွဲ့လို့လာ၊ ဉာဏ်အဟုန်ဖြင့် အားကုန်ခွန်စိုက် လေ့လာ ဆည်းပူး သုံးနှစ်တည်းဟူသောအချိန်ကို ကုန်လွန်စေခဲ့သည်။

ထိုကဲ့သို့ မန္တလေး၌ ပရိယတ္တိအလုပ် အားထုတ်နေစဉ် မိမိမွေးရပ်မြေ ချိုက်ရွာငယ် ဆရာရင်းဦးသီလာစာရ မကျန်းမာဖြစ်နေ၍ ရွာဒါယကာ၊ ဒါယိကာမများ လာရောက် ပင့်ဆောင်ချက်အရ ချိုက်ရွာဂူကျောင်းသို့ပြန်ပြောင်းခဲ့ရပါသည်။ ငယ်ဆရာ၏ ဝေယျာဝစ္စအဝဝနှင့် ကျန်းမာသမှု ပြုစုနေခဲ့ပါသော်လည်း (၂) လ



ရကန်ခရဲသီရွှေဂူကျောင်းတိုက်



ချိုက်ဆရာတော်ဘုရားကြီး၏ဆွမ်းတော်များ



www.burmeseclassic.com

www.burmeseclassic.com

ခန့် ကြာသောအခါ ဆရာတော် ဦး သီလာစာရသည် ဘဝနတ်ထံစံမြန်း တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ရွှေဒူကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်ခရိယတ်၊ ပဋိပတ်အလုပ် အားထုတ်နေစဉ် သတ္တဝါအနန္တ ကြုံရမည့်ဘေးပြေးမလွတ်သာ ဓမ္မတာကြောင့် ၁၃၄၂ ခုနှစ်၊ နတ်တော်လဆုတ် (၂) ရက်နေ့တွင် မယ်တော်ကြီး ဒေါ်ငွေဘူး (၉၂) နှစ်သည် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရပါသည်။

မယ်တော် ကွယ်လွန်ပြီးနောက် မကြာမီမှာပင် ၁၃၄၃ ခုနှစ်၊ တန်ခူးလ၌ ခမည်းတော် ဦးမျှင် (၉၃) နှစ်သည် ခန္ဓာဝန်ကိုချပြန်ပါသည်။

ဤကဲ့သို့ မိဘနှစ်ပါး ကွယ်လွန်သွားသဖြင့် လည်းကောင်း၊ သတ္တဝါအနန္တတို့၏ ရုပ်နာမ်သင်္ခါရကို မပြတ်ရှုမှတ်ခဲ့သော ပါရမီအဟုန်တို့ကြောင့်လည်းကောင်း ဆရာတော်ကြီးသည် အဗ္ဗာကတချောင်ဟု ဒေသခေါ်တွင်သောနေရာဂူထဲတွင် ဇကစာသီတင်းသုံးနေပြီး ပရိယတ္တိအလုပ် မပြတ်အားထုတ်နေခဲ့ပါသည်။

(မှတ်ချက်။။ အထက်ဖော်ပြပါ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိသည် အကျဉ်းမျှသာဖြစ်ကြောင်း ခန့်ခံပါသည် - စာရေးသူ)

ဆရာတော်ဘုရားကြီး သက်တော် (၈၆) နှစ်မှာ စာရေးသူတို့ မိသားစုမှ အိမ်ကိုပင့်၍ ဝါဆိုလပြည့်နေ့မှာ ဝါဆိုသင်္ကန်း ပထမအကြိမ်ကပ်ခဲ့ပါသည်။ သက်တော် (၈၇) နှစ် ဝါဆိုလပြည့်နေ့မှာ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်ခဲ့ပါသည်။ မန္တလေး၊ ချောက်၊ တညောင်၊ ဝါဇီမြို့ရွာများသို့ ကြွခဲ့လျှင်လည်း စာရေးသူတို့ ဆိပ်ဖြူနေအိမ်ကို အသွား သို့မဟုတ် အပြန် ကြွရောက်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးကို မိနစ်ပိုင်း၊ နာရီပိုင်း ခဏဖူးတွေ့ရခြင်း ဖြစ်သော်လည်း သစ္စာလေးပါးတရားမပါမပြီး အမြဲဟောလေ့ရှိပါသည်။အခြားဗဟုသုတရစရာတွေလည်း မိန့်တော်မူလေ့ရှိပါသည်။ ဆရာတော်ဘုရားကြီးကို အနီးကပ် ဝတ်ကြီးဝတ်ငယ် ပြုစုနေသော ဦးပဉ္စင်းကြီး ဦးကောသလ္လ ဆိုတာ ရှိသည်။ စာရေးသူတို့နှင့် မိသားစုကဲ့သို့ ရင်းနှီးပါသည်။ ဆရာတော်ဘုရားကြီး ကြွရောက်တဲ့နေရာတိုင်း အမြဲပါလေ့ရှိပါသည်။

တစ်နေ့မှာတော့ ဦးပဉ္စင်းကြီးကို အခါအခွင့်ကြုံလို့ မေးကြည့်မိပါသည်။

"ဦးပဉ္စင်းဘုန်းကြီးက ရဟန္တာလို့ ပြောကြတယ်။ တပည့်တော်လည်း ဆိပ်ဖြူကိုရောက်တာ မကြာသေးတော့ ဘာမှမသိပါဘူး ဘုရား။ ပြောပြပါဦး"

တယ်။

နောက်တစ်ခါ ဂူအထွက်ဝခုတင်လေးပေါ်မှာ ဦးပဉ္စင်းကိုနောက်ကျောပေးပြီး နေရာကနေ 'ကောသလ္လ၊ အဲဒီစားပွဲပေါ်မှာ သင်္ကန်းသုံးစုံ ရှိတယ်။ အနောက်ဖျားဆုံးက သင်္ကန်းမင်းယူလိုက်' လို့ မိန့်ပါတယ်။ ဒီတော့ ဦးပဉ္စင်းက သင်္ကန်းသုံးစုံကို ကြည့်လိုက်တော့ အရှေ့ဖျားဆုံးက သင်္ကန်းက သောင်းကျော်တန်၊ အလယ်နဲ့ အနောက်ဖျားက ထောင်ဂဏန်းအနည်း၊အများမှာ အနောက်ဖျားသင်္ကန်းက အနည်းဆုံးဖြစ်လေ



ကြယ်မဘဝမှ ကြက်ဖ ဖြစ်သွားမှု

လို့ လျှောက်လိုက်ပါတယ်။

"ဒကာမကြီး သိချင်ရင်တော့ ဦးပဉ္စင်းအတွေ့အကြုံတွေကို ပြောပြပါမယ်။ လူတိုင်းကလိုလို ချိုက်ဆရာတော်ကြီးက ရဟန္တာလို့ ပြောသံဆိုသံတော့ ကြားနေရပါတယ်။ ဒါပေမယ့် ဦးပဉ္စင်းကိုယ်တိုင် အနီးကပ်ပြီး ပြုစု စောင့်ရှောက်ပေးနေခဲ့ပေမယ့် ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး အမှုမဲ့အမှတ်မဲ့နေခဲ့မိတယ်။ အခုနောက်ပိုင်းမှာတော့ အစစအရာရာ သတိထားနေမိခဲ့တယ်။ အဲဒီလိုနေခဲ့မိတဲ့ နောက်ပိုင်း တစ်နေ့မှာ တရားအားထုတ်ပြီး ဂူထဲက ထွက်အလာ ဦးပဉ္စင်းက ဆရာတော်ကြီးစီးဖို့ ဖိနပ်ချပေးရပါတယ်။ အဲဒီလို ဖိနပ်ချပေးလိုက်တော့ ဆရာတော်ကြီးရဲ့ ခြေတော်အစုံဟာ လေထဲကနေလာပြီး ဖိနပ်စီးလိုက်တာကို ဖူးလိုက်ရပါတော့ ဦးပဉ္စင်းက ဘုန်းကြီးက ငါ့ကို စမ်းတာပဲဖြစ်ရမယ်ဆိုပြီး အနောက်နဲ့ အရှေ့ကို နေရာချင်းလဲထားလိုက်ပါတယ်။ ဘုန်းကြီး နောက်ကျောပေးနေတာပဲ။ ဘုန်းကြီးကိုစမ်းကြည့်မယ်လို့ စိတ်ထဲက ပြောလိုက်ပါတယ်။ ခဏလေးကြာတော့ ဘုန်းကြီးက 'ကောသလ္လရေ၊ လဲမနေနဲ့။ မင်းကြိုက်တဲ့သင်္ကန်းကိုပဲ ယူလိုက်ပါ' လို့ ပြောလိုက်တယ်။

တစ်နေ့မှာ ထန်းလျက်ခဲဘူးသုံးဘူးပေးတယ်။ နှစ်ဘူးက အဖြူလေးတွေ၊ တစ်ဘူးက အမည်း။ အဖြူနှစ်ဘူးကိုတော့ ဆရာတော်လက်ထောက်ဆရာတော်တစ်ဘူး၊ နောက်တစ်ဘူးက အတူနေဦးပဉ္စင်းတစ်ဘူး ပေးခိုင်းပါတယ်။ အမည်းကိုတော့ မင်းယူလို့ပြောပါတယ်။ ဒါနဲ့ ဦးပဉ္စင်း



www.burmeseclassic.com

www.burmeseclassic.com

အမည်းကိုမယူဘူး၊ အဖြူပဲယူမယ် လို့ဆိုပြီး စိတ်ထဲက အောက်မေ့လိုက်ပါတယ်။ အဲဒီတော့ ဘုန်းကြီးက 'ကောသလ္လရယ်၊ မင်းက ငယ်ရွယ်သူပဲ။ ကြီးသူကို ဦးစားပေးလိုက်ပါ။ နောက်တစ်ခါ အဖြူလေးတွေရရင် မင်းကို ပေးပါ့မယ်' လို့ ပြောပြန်ပါတယ်။

ဆရာတော်ဘုရားကြီးကို တောထဲမှ သမင်၊ မြွေ၊ ကြောင်၊ ကုန်းလိပ်၊ တောကြက် အစရှိသဖြင့် လာရောက်ဖူးမြော်ကြပါတယ်။ သမင်နဲ့ မြွေကတော့ ဖူးမြော်ပြီး မကြာခင် တောထဲပြန်သွားကြပါတယ်။ လိပ်၊ ကြက်၊ ကြောင်တို့ကတော့ ပြန်မသွားကြပါဘူး"

**ရဟန္တာဆုတောင်း**

တောကြက်မမှာ သားသမီးလေးတွေပေါက်ခါစနှင့် ဆရာတော့်ကျောင်း ရောက်လာပါသည်။ ဆရာတော်ကြီးအနီးအနားမှာ နေထိုင်သွားလာ ရှာဖွေစားသောက်ရင်းက ကြက်ပေါက်စကလေးတွေကို ခွေးကစား၊ ကြောင်ကစား၊ စွန်က ချီ။ အဲဒီလို ဖြစ်တိုင်း ကြက်မခမျာမှာ စွန်နောက်လိုက်၊ ခွေးနောက်၊ ကြောင်နောက်လိုက်၊ ဟိုပြေးဒီပြေး အော်ဟစ်ပြေးလွှား ပူဆွေးဒုက္ခရောက်နေတာကို ဆရာတော်ကြီး မျက်ဝါးထင်ထင် မကြာခဏဆိုသလို မြင်တွေ့ပါများလာတော့ ဆရာတော်ကြီး စိတ်မကောင်းဖြစ်ပြီး နှုတ်မှ ယခုကဲ့သို့ မိန့်တော်မူပါသည်။

"ကြက်မရယ်- နင့်မှာလည်း သားသမီးတွေ အများကြီးမွေး၊ ရန်သူနဲ့တွေ့တော့လည်း ဒုက္ခရောက်၊ သားသမီးတွေအတွက် ထိန်းရကျောင်းရ ဟိုပြေးဒီပြေး ပူပင်သောကတွေရောက်ရလှပါတကား။ ကြက်မဖြစ်နေသရွေ့ ဒီဒုက္ခဖြစ်နေဦးမှာပဲ။ ဒီတော့ ကြက်ဖဖြစ်ရင် မွေးဖွားရတဲ့ဒုက္ခ၊ ထိန်းကျောင်းရတဲ့ဒုက္ခ၊ သားသမီးတွေအတွက် ပူဆွေးသောကဖြစ်ရတဲ့ဒုက္ခအပေါင်းက ကင်းဝေးပြီပေါ့ကွယ်"

ဟု ဆုတောင်းပေးလိုက်ပါသည်။

အဲဒီလို ဆုတောင်းပြီးတဲ့အချိန်ကစပြီး ကြက်မဘဝကနေ ကြက်ဖဘဝသို့ တစ်နေ့တခြား ပြောင်းလဲဖြစ်လာပါတော့သည်။ ကြက်ဖကဲ့သို့ လည်ဆံမွေးများ၊ ခေါင်းမြီးများပေါက်လာသည့်အပြင် အတက်ကြီးများမှာ (၂)လက်မ၊ (၃)လက်မနီးပါး ပေါက်လာသည်။ အမောက်ကတော့ ကြက်ဖအမောက်လောက် ဖြစ်မလာသေး။ ကိုယ်လုံးနှင့် သွားဟန်လာဟန်များကတော့ ကြက်ဖတစ်ပိုင်း၊ ကြက်မတစ်ပိုင်းလို့ ဆိုချင်ပါတယ်။ ဒါပေမယ့် ကြက်ဖစစ်စစ် လုံးဝဖြစ်သွားပါတော့သည်။ စာရှုသူတို့ ဓာတ်ပုံထဲမှာ မြင်ရတဲ့အတိုင်းပါပဲ။

စာရေးသူတို့မိသားစု တတိယအကြိမ် ၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ ဆရာတော်ဘုရားကြီးအားအိမ်ကို ပင့်ဆောင်၍ ဝါဆိုသင်္ကန်းကပ်ခဲ့ပါသည်။ ဤကဲ့သို့ သင်္ကန်းကပ်ခဲ့ပြီးနောက် များမကြာမီမှာ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း (၃) ရက်နေ့ နံနက် (၅) နာရီအချိန်တွင် ဆရာတော်ဘုရားကြီးသည် သီတင်းသုံးရာ ခုတင်ညောင်စောင်းမှထ၍ အပြင်သို့ထွက်မည်ပြုရာ လိုဏ်ဂူတံခါးဝ၌ ရုတ်တရက် လဲကျသွားပါသဖြင့် ဦးသေဠှလနှင့် ဦးပဥ္စင်း ဦးကောသလ္လ အပါအဝင် ကျောင်းအမကြီးများနှင့် ဆရာတော်ဘုရားကြီး၏ ဆွေတော်မျိုးတော်များမှ ကျောက်ပန်းတောင်း ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ကျန်းမာရေး စစ်ဆေးရာ ညာဘက်ပေါင်ရိုး ကျိုးသွားကြောင်း သိရှိရသဖြင့် မန္တလေးသို့ ဆက်လက်ပင့်ဆောင်သွားပြီး မန္တလေးမြို့ တက်နေဝင်း ဓာတ်ပုံတိုက်ပိုင်ရှင် ဦးစန်းမောင်၊ဒေါ်ခင်ဝင်းတို့၏နေအိမ်တိုက်ကို ကျောင်းအဖြစ် သီတင်းသုံးကာ တိုင်းရင်းသမားတော်ကြီးများဖြင့် ကုသမှုခံယူစေပြီးနောက် မန္တလေးတိုင်းမှူးမှ မန္တလေးအရိုးအကြောအထူးကုဆေးရုံသို့ ပို့ဆောင်ကာ သမားတော်ကြီးများဖြင့် ခွဲစိတ် ကုသမှုခံယူစေပါသည်။

ဤကဲ့သို့ ကုသမှုခံယူနေစဉ်အတွင်း ဒါယကာတစ်ဦးမှ အရဏ်ယာဂုဆွမ်း လာကပ်ပါသည်။ ဆွမ်းကပ်လျှုရင်း-

"ဆရာတော်ကြီးဘုရား၊တပည့်တော်တို့ကိုသနားသောအားဖြင့် ခန္ဓာဝန်မချပါနဲ့ဦးဘုရား"

လို့ မနောမှ လျှောက်တင်လိုက်ပါတယ်။

အဲဒီတော့ ဆရာတော်ကြီးမှ-

"ဒါယကာကြီးရယ်၊ ခန္ဓာရလာရင် အို-နာ-သေ ဆိုတာ ပြေးမလွတ်ပါဘူး။ ရှိမှာပဲ"

လို့ မိန့်တော်မူလိုက်သတဲ့။

ဆရာတော်ဘုရားကြီးသည် သမားတော်ကြီးများဖြင့် ကုသမှုခံယူစေပါသော်လည်း သတ္တဝါအနန္တ ကြုံရမည့်ဘေး ပြေးမလွတ်သာ ဓမ္မတာကြောင့် ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက် (၁၆-၈-၂၀၁၁) တနင်္လာနေ့ သက်တော် (၈၈) နှစ်၊ ဝါတော် (၆၈) ဝါအရတွင် သံသရာစက်ရဟတ် အဆက်ဖြတ်ကာ ဇာတ်စုံရုပ်သိမ်း ချုပ်ငြိမ်းတော်မူပါသည်။

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁)ရက်မှာ ခန္ဓာဝန်ချပြီးသည့်နေ့မှစပြီး ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂) ရက်နေ့ အန္တိမအဂ္ဂိစျာပနကျင်းပပူဇော်မည့် အချိန်နာရီ မရောက်သေးခင်အချိန်အထိ ရုပ်ကလာပ်တော်သည် မပုပ်မသိုးဘဲရှိခဲ့ပါသည်။

အန္တိမအဂ္ဂိစျာပနပူဇော်နေချိန်တွင် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များကို ဖူးတွေ့ရပါသည်။ စာရေးသူ ဉာဏ်မမီသဖြင့် ရေးသား ဖော်ပြခြင်း မပြုနိုင်ပါ။

အန္တိမအဂ္ဂိစျာပနပူဇော်၍ အားလုံးပြီးသောအခါ ဓာတ်တော်များကျသည်ကို စာရေးသူနှင့်အတူ ဆရာတော်ဘုရားကြီး၏ ဆွေတော်မျိုးတော်များ၊ ဒါယကာ, ဒါယိကာမများနှင့် ရပ်ဝေး၊ ရပ်နီးမှ ဆရာတော်ဘုရားကြီး၏ နောက်ဆုံးခရီးအား ဖူးတွေ့ရန် လာရောက်ကြကုန်သော ပရိသတ်ကြီးနှင့်အတူ မျက်မြင်ကိုယ်တွေ့ ကြည်ညိုစွာ ဖူးတွေ့ခဲ့ရပါတော့သည်။

မင်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရွှေကံ့ကူလေပျံ့သစ်တော် ရုပ်ရှင်တော်မြတ်အား

## ပလ္လင်တော်များလှူဒါန်းသူများ၏

# နောက်ဆက်တွဲဖြစ်ရပ်များ

ဘိုဘို(ရွှေကံ့ကူ)

စာရေးသူ၏ ရွှေကံ့ကူ လေပျံ့သစ်တော် ရုပ်ရှင်တော်မြတ်ကြီးအား ပလ္လင်တော်များ လှူဒါန်းကြခြင်း အကြောင်းကိုဆောင်းပါးအဖြစ် အောက်တိုဘာလထုတ် သူရဇ္ဇ မဂ္ဂဇင်းကြီးတွင် ဖော်ပြ ပါရှိလိုက်သောအခါ ၂၆-၈-၂၀၁၁ နေ့ စာဖတ်ပရိသတ်ထံ ရောက်ရှိချိန်မှစ၍ ဆောင်းပါးတွင်ပါရှိသော ပလ္လင်တော်အလှူရှင်များမှတစ်ဆင့် စာရေးသူထံသို့ မြန်မာနိုင်ငံအနှံ့အပြားမှသာမက နိုင်ငံရပ်ခြားများမှပါ ပလ္လင်တော်များလှူဒါန်းကြရန် ဖုန်းများဖြင့် ဆက်သွယ်မေးမြန်းလျက်ရှိကြသည်မှာ ယနေ့ (၃၁-၁-၂၀၁၂) အချိန်တိုင် ဖြစ်ပါသည်။

ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းကြသူတို့မှာလည်း နေ့စဉ်နီးပါး အောင်မြေတွင် လည်းကောင်း၊ မြိတ်၊ ထားဝယ်၊ ကလေး၊ တမူး၊ ပခုက္ကူ၊ ရေစကြို၊ ရေနံချောင်း၊ တာချီလိတ်၊ ချောက်၊ သိမ်ဇရပ်၊ မော်လမြိုင်၊ မန္တလေး၊ ရန်ကုန်မြို့တို့မှ လာရောက်လှူဒါန်းကြသည်မှာ ၎င်းတို့၏သဒ္ဓါတရားကို လေးစားမဆုံးဖြစ်ရပါသည်။ ထို့ထက် ပို၍ ထူးခြားသည်မှာ အမေရိကန်၊ နယ်သာလန်၊ နော်ဝေ၊ စင်ကာပူ၊ ထိုင်ပေနိုင်ငံမှပင် ပလ္လင်တော်လှူဒါန်းသူများ ရှိသည်။ တစ်လကျော်အတွင်း ရွှေကံ့ကူအောင်မြေသို့ ပလ္လင်တော် အလုံး ၄၀၀ ခန့် ရောက်ရှိနေပြီ ဖြစ်ပါသည်။

စာရေးသူသည် ယနေ့အချိန်၌ စာရေးခြင်းအပြင် ဆေးသိဒ္ဓိ သစ္စာရေများဖြင့် ခုနစ်ရက်သားသမီးတို့အား ရောဂါဝေဒနာများ သက်သာပျောက်ကင်းအောင် သစ္စာပြုပေးနေရသဖြင့် နယ်ဝေးမှတိုက်ရိုက် ပလ္လင်တော် လှူဒါန်းလိုကြောင်း ဖုန်းဖြင့် ဆက်သွယ်လာသည်များကို မန္တလေး မဟာမုနိ ဘုရားကြီးဝင်းအတွင်းမှ (အောင်မြင့်မြတ် နိဗ္ဗာန်ကုန်) ကိုစိုးဝင်း၊ မမြင့်မြင့်ဌေးတို့ထံ စုံစမ်း မှာကြားကြရန် မေတ္တာရပ်ခံရပါသည်။ ကိုစိုးဝင်း၊ မမြင့်မြင့်ဌေးတို့သည်လည်း ရုပ်ရှင်တော်မြတ်အား ကိုးကွယ် ယုံကြည်သူများဖြစ်၍ ကိုယ်တိုင်မလာရောက်နိုင်သဖြင့် ဘဏ်မှ ငွေလွှဲဖြင့် ပေးပို့မှာကြား လှူဒါန်းကြသည်များကို အလှူရှင်၊ ပစ္စည်း၊ တန်



၆-၁၁-၂၀၁၁ နေ့တွင် ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့ ခတ်ဆန်သူမိသားစုမှ မပေါင်းပေါင်း၊ လှူဒါန်းသော ရွှေသားပခုံးတင်၊ ခါးပုံစတို့ စတင် ဆင်မြန်းပူဇော်ထားရှိပုံ



www.burmeseclassic.com

www.burmeseclassic.com



၁၂-၁၂-၂၀၁၁ နေ့တွင် နေပြည်တော်ပျဉ်းမနား ဗိုလ်မှူးကြီးသန့်ဇင်+ဒေါ်ခင်စန်းဝင်းတို့၏နေအိမ်၌ ပင့်ဆောင်ပူဇော်စဉ် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်ဖွင့်နေပုံ

ဖိုး စသည်တို့ကို မလွဲမှားစေရန် အထူးဂရုပြု ဆောင်ရွက်၍ လိုင်းကားဖြင့် စဉ့်ကိုင်မြို့ 'ခေတ်ဆန်သူ' စားဥယျာဉ်သို့ တင်ပို့ပေးပါသည်။

ခေတ်ဆန်သူ စားဥယျာဉ်မှ မပေါင်းပေါင်းမှလည်း ပလ္လင်တော်များရောက်ရှိလာပါက အထူးအလေးထား၍ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဆိုင်ဝန်ထမ်းများအား အမြန်ဆုံးအောင်မြေသို့ ပေးပို့စေပါသည်။

ရုပ်ရှင်တော်မြတ်အား ပလ္လင်တော်လှူဒါန်းကြသူများသည် အချို့သော ပုဂ္ဂိုလ်များက ဆောင်းပါးကို ကိုယ်တိုင်ဖတ်လိုက်ကြရသူများ မဟုတ်ကြသကဲ့သို့ အချို့သော ပုဂ္ဂိုလ်တို့မှာ ကိုယ်တိုင်ဖတ်လာခဲ့ကြသော်လည်း အဓိပ္ပာယ်မပေါက်ကြပါ။ ထို့ကြောင့် ပလ္လင်တော်လှူဒါန်းပြီး ၅ ရက်ခန့်ကြာလျှင် ကျွန်တော်၊ ကျွန်မတို့၏ပလ္လင်တော်ပေါ်သို့ ဘုရားကြွပြီလား၊ ကြွလျှင်အကြောင်းကြားပေးပါ၊ ဓာတ်ပုံရိုက်ပေးပါဟု လှမ်း၍ ဖုန်းဆက်ကြပါသည်။ ထိုအလှူရှင်တို့သည် ပလ္လင်တော်ပေါ်သို့ ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ဖြင့်ကြွမြန်းရောက်ရှိတော်မူမှ ဒါနမြောက်မည်၊ ဆုတောင်းအဓိဋ္ဌာန် အောင်၍ အိုးပိုင်အိမ်ပိုင်ရရှိမည်ဟု ယူဆကြဟန်တူပါသည်။

စာရေးသူ၏ ရေးသားဖော်ပြချက်တွင် ကျောက်ဆည်မြို့မှ ကိုရှမ်းကြီး (ဆိုက်ကားဆရာ) အကြောင်း ရေးသားရာတွင် ကိုရှမ်းကြီးသည် ပလ္လင်တော်နှင့်အတူ ကျောင်းဆောင်တော်ပါ မန္တလေးမြို့မှပင့်ဆောင်လာခဲ့ပါသည်။ စာရေးသူမှ ပလ္လင်တော်လှူဒါန်းခြင်းအကြောင်းကို ကိုရှမ်းကြီးအား ကြိုတင်ရှင်းပြထားပြီး ဖြစ်သော်လည်း သဘောပေါက် နားလည်ဟန်မတူဘဲ ခေတ္တ တစ်ထိုင်အတွင်းတွင်သာ ပလ္လင်တော်၊ ကျောင်းဆောင်တော်တို့အား ရုပ်ရှင်တော်မြတ်ကို လှူဒါန်းပြီး ပြန်လည် စွန့်ယူသွားခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်ကြီးသည် ထိုပလ္လင်တော်ပေါ်သို့ ကြွမြန်းတော်မူလိုက်ရခြင်း မရှိပါ။ သို့သော် ကိုရှမ်းကြီးသည် ၃ လအတွင်း ထူးခြားတိုက်ဆိုင်လှစွာ အိုးပိုင်အိမ်ပိုင်ဘဝရောက်ရှိသွားခဲ့ပါသည်။

ရွှေပေါ်ကျွန်း၊ သာမညာ အစရှိသော ဆရာတော်ဘုရားကြီးများ သက်တော်ထင်ရှားရှိစဉ်က တစ်နေ့တည်းမှာပင် သင်္ကန်းတော်များ အစုံရေ ရာချီ၍ ကပ်လှူတော်မူခြင်းခံရသောအခါများ ရှိသည်။ ထိုသင်္ကန်းတော်များအားလုံး ဝတ်ရုံတော်မူနိုင်ခြင်းပြုနိုင်မည် မဟုတ်ပါ။ ထို့အတူ လူပေါင်းများစွာတို့၏ တစ်ပြိုင်နက်ဆက်ကပ်တော်မူသော ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး ခဲဖွယ်ဘောဇဉ်တို့ကို စေ့ငအောင် ဘုဉ်းပေး သုံးဆောင်နိုင်မည် မဟုတ်ပါ။ သို့သော် သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းဆက်ကပ်ပါက ဒါနမြောက်မည်သာဖြစ်ပြီး ထိုဒါန၏အကျိုးများကို ရရှိခံစားရပါမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

ထို့အတူပင် ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်တွင် အခြား လှူဖွယ်များဖြင့်ပြည့်နှက်လျက်ရှိသောကြောင့် ပလ္လင်တော်တို့ကို ကိုယ်စား ဖြစ်စေ၊ ကာယကံရှင်ကိုယ်တိုင် ဖြစ်စေ လှူဒါန်းဆက်ကပ်ပြီးပါက သင့်တော်သလို စီစဉ်ထားရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘုရားစင်ခင်းကျင်းမှုမှာလည်း ယခင်ပုံစံမျိုး မဟုတ်တော့ပါ။ ယခင်က ဘုရားစင်ရှေ့တွင် သုံးဆင့်စင် အကျယ်ကြီးရှိ၍ ထိုစင်ပေါ်တွင် ပလ္လင်တော်များကို စီ၍ထားခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ပလ္လင်တော်များကို ပြန်လည် စွန့်လှူပြီးသောအခါ ရုပ်ရှင်တော်သည် ဉာဏ်တော်သေးငယ်သဖြင့် လူတို့ အနီးကပ် ဖူးတွေ့နိုင်စေရန် ထိုစင်ကြီးကို ပယ်ဖျက်ကာ လှူဖွယ်ပစ္စည်းများကို ခုံငယ်တစ်ခုစီဖြင့်သာ ဝင်လမ်းချန်၍ လှူဒါန်းထားရှိခြင်း ဖြစ်ပါသည်။

ထိုစဉ်က အခြေအနေနှင့်လည်း မတူညီတော့ပါ။ ထိုအချိန်က ရုပ်ရှင်တော်မြတ်သည် တစ်နှစ်လျှင် ဒေသစာရီခရီးစဉ်ဆို၍ ရန်ကုန် ၂ လ၊ ၃ လခန့်သာရှိခဲ့ပြီး ကျန်သောအချိန်များတွင် တစ်လတွင် ဒေသစာရီ ကြွမြန်းတော်မူရသည်မှာ ၃၊ ၄ ရက်ခန့်သာရှိခဲ့သောကြောင့် အောင်မြေတွင် စံမြန်းတော်မူရသောရက်တို့များပြားခဲ့ပါသည်။ ထိုအခါ ပလ္လင်တော်လှူဒါန်းသူတို့အဖို့ မိမိပလ္လင်တော်ပေါ်သို့ ကြွမြန်းတော်မူရန် အခွင့်အလမ်း များစွာ ရှိနိုင်ပါသည်။ ယနေ့အချိန်တွင် ရုပ်ရှင်တော်မြတ်သည် အောင်မြေတွင် စံမြန်းရသောရက်ဟူ၍ မရှိသလောက်နည်းပါးလှသဖြင့် စာရေးသူသည်ပင် ဒေသစာရီခရီးစဉ်များတွင် လိုက်ပါလေ့မရှိခြင်းကြောင့် မိမိအိမ်မှဘုရားကို မိမိပင် ဝအောင်မဖူးရသောအခြေအနေဖြစ်ပါသည်။ စာရေးသူ၏ဆိုလိုရင်းအဓိပ္ပာယ်မှာ ပလ္လင်တော်လှူဒါန်းပြီးသောပုဂ္ဂိုလ်တို့သည် မိမိတို့လှူဒါန်းထားရှိသော ပလ္လင်တော်ပေါ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါနမြောက်ပါသည်။ တစ်ချိန်တွင် ပလ္လင်တော်များ အဆမတန် များပြားလာပါက ပလ္လင်တော်တွင်ပါရှိသော ရက်စွဲကိုကြည့်၍ တစ်နှစ်အထက်ကျော်လွန်သော ပလ္လင်တော်များကို ပြန်လည်လှူဒါန်းခြင်းပြုပေးမည်ဖြစ်ရာ မိမိတို့ လှူဒါန်းခဲ့သော ပလ္လင်တော်များအပေါ်တွင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော် တစ်ဆူဆူ သီတင်းသုံး စံပယ်တော်မူခြင်းခံရမည်မှာ ဧကန်ဖြစ်၍ ပလ္လင်တစ်ခါလှူဒါန်းခြင်းဖြင့် နှစ်ခါကုသိုလ်ရမည် ဖြစ်ပါသည်။

ဤနေရာတွင် စာရေးသူတို့၏ သစ္စာတရားကို ပေါ်လွင်စေပြန်ပါသည်။ ပထမ ပလ္လင်တော်လှူဒါန်းခြင်းအကြောင်းတွင် ပလ္လင်တော်အလုံး ၅၀၀၊ ပျမ်းမျှ တစ်လုံး ၁၀၀၀၀ ကျပ်ထားလျှင် သိန်း ၅၀ ကျပ် ဖြစ်ပါသည်။ ထိုစဉ်က ဤကဲ့သို့ဆောင်းပါးမျိုး ရေးခွင့်ကြုံမည်ဟု မသိရှိပါ။ ထိုစဉ်ကသာ ထိုပလ္လင်တော်များကို အောင်မြင့်မြတ်သို့ ပြန်သွင်းခဲ့ပါက ယနေ့အချိန်တွင် ဤဆောင်းပါးမျိုး ရေးနိုင်မည် မဟုတ်ပါ။ အောင်မြင့်မြတ်တွင် ပလ္လင်တော်ဝယ်ယူပူဇော်သူတို့ကိုလည်း အောင်မြင့်မြတ်မှ ရွေ့ကံကူမှုပလ္လင်တော်များ တစ်လုံးတလေမျှ ဆိုင်သို့ပြန်သွင်းခြင်းမရှိပါဟု ပြောနိုင်လိမ့်မည် မဟုတ်ပါ။

ယခုမူ စာရေးသူ ရေးသားခဲ့သောဆောင်းပါးကို အကြောင်းပြု၍ ယခင်ကလည်း ပလ္လင်တော်လှူဒါန်းခြင်း၏အကျိုးကို သိပြီးဖြစ်ကြသော်လည်း အမှတ်တမဲ့ ဖြစ်ခဲ့ကြသူများသည် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းကြသဖြင့် ၎င်းတို့၏ပလ္လင်တော်လှူဒါန်းခြင်းအကျိုးတရားများသည် ယခုမျက်မှောက်တွင် မရရှိခဲ့သော်မှ သံသရာတွင် သေချာပေါက်ရရှိမည့်အတွက် ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရပါသည်။ စာရေးသူလည်း လှူဒါန်းသူတို့နှင့် တူမျှသောအကျိုး ရရှိမည်ဖြစ်ပါသည်။

ယခု ဆောင်းပါးတွင် ပလ္လင်တော်လှူဒါန်းသူများမှ ထူးဆန်းစွာအိုးပိုင်အိမ်ပိုင်ရရှိသွားသူ နှစ်ဦးအကြောင်းမှာ အခြားသော ပလ္လင်တော်လှူဒါန်းသူများနှင့်မတူ၊ တင်ပြရန်လိုအပ်သည်ဟု ယူဆမိပါ၍ ယခင်ဆောင်းပါးတွင် ထည့်သွင်းရန် ကျန်ခဲ့သော အလှူရှင်များစွာအတွင်းမှ ကောက်နုတ်တင်ပြအပ်ပါသည်။

**မန္တလေးမြို့မှ မသန်းသန်းနွဲ့**

ရှေ့တွင်ဆိုခဲ့သည့်အတိုင်း စာရေးသူသည် ၂၀၀၃ ခုနှစ်ခန့်မှစ၍ အောင်မြင့်မြတ်နိဗ္ဗာန်ကုန်ဆိုင် (မန္တလေးမြို့ မဟာမုနိဘုရားကြီးဝင်းအတွင်း)၊ မြောက်ဘက် ကားများဝင်သောလမ်းအတိုင်းလာခဲ့ပါက နာရီစင်မရောက်မီ အရှေ့ဘက်တန်းတွင်



၁၃-၁၁-၂၀၁၁ နေပြည်တော်ပျဉ်းမနား ဗိုလ်မှူးကြီးသန့်ဇင်+ဒေါ်ခင်စန်းဝင်းနေအိမ်မှ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဦးမြင့်နောင် (တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး) မိသားစုနေအိမ်သို့ ဆက်လက် ပင့်ဆောင် ပူဇော်စဉ်



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။) သို့ အကြောင်းအားလျော်စွာ မကြာ မကြာ ဈေးဝယ်ရောက်ဖြစ်ခဲ့ပါသည်။ စာရေးသူသည် ပင်ကိုစကားနည်းသူဖြစ်၍ ထွေထွေရာရာ အပိုစကားမဆို၊ ဈေးဝယ်ခြမ်းပြီး ပြန်ခဲ့ပါသည်။ ဤသို့ဖြင့် အခေါက်ရေများလာသော် ဆိုင်ရှင် ကိုစိုးဝင်း၊ မမြင့်မြင့်ဌေးမှ စာရေးသူအားခင်မင်သွားပြီး စပ်မိစပ်ရာပြောဆိုမေးမြန်းရာမှ စာရေးသူတို့နေအိမ်မှ ရုပ်ရှင်တော်မြတ်အကြောင်း သိရှိသွားခဲ့ပါသည်။

ထိုအခါ အောင်မြင့်မြတ်မိသားစုသည် အောင်မြေသို့လာရောက်ကာ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့ပြီး ကြည်ညိုသဒ္ဓါစိတ်များဖြစ်ပွားရန် ရုပ်ရှင်တော်မြတ်အား ရာသက်ပန် ရွှေသင်္ကန်း ကပ်လှူခွင့်တောင်းပါသည်။ ရုပ်ရှင်တော်မြတ်သည် အောင်မြေတွင် လည်းကောင်း၊ ကြွရောက်တော်မူရာ ဌာနများတွင် လည်းကောင်း ရွှေသင်္ကန်း(ရွှေဆိုင်း) လှူဒါန်းမှုများ မကြာခဏ အလှူခံရရှိလျက် ရှိပါသည်။ လှူဒါန်းကြသည့်အလှူရှင်အားလုံးနီးပါးမှ ကိုယ်တိုင်ကပ်လှူချင်သည်ဟု ပြောကြပါသည်။ ထိုအခါ စာရေးသူတို့မှ စည်းကမ်းချက်တစ်ခု သတ်မှတ်ထားရပါသည်။ ရုပ်ရှင်တော်မြတ်သည် ဉာဏ်တော်ငယ်သဖြင့် ရွှေသင်္ကန်းကပ်လှူမှုကို ကန့်သတ်မှုများ ပြုမထားပါကအင်းလေး ဖောင်တော်ဦးဘုရားများကဲ့သို့ မူလပုံစံတော်ဖုံးကွယ်သွားပေမည်။ ထို့ကြောင့် တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်နှစ်လျှင် တစ်ကြိမ်ခန့်သာ လိုအပ်သောအခါမှသာ ရွှေသင်္ကန်းကပ်လှူပါသည်။ ကပ်လှူပူဇော်ရာတွင်လည်း ကျွမ်းကျင်သောပညာရှင်များဖြင့်သာ ကပ်လှူပူဇော်ခဲ့ပါသည်။

လှူဒါန်းခြင်းကို လက်ခံထားသော ရွှေသင်္ကန်း (ရွှေဆိုင်း) များကို ထိုအခါမှသာ ထည့်သွင်းကပ်လှူပါသည်။ အောင်မြင့်မြတ်မှရွှေသင်္ကန်းဒါယကာခံယူလိုက်သောအချိန်မှစ၍ ယနေ့တိုင် ရုပ်ရှင်တော်မြတ် မန္တလေးမြို့သို့ ကြွရောက်အပူဇော်ခံသောအချိန်များတွင် ရွှေသင်္ကန်းကပ်လှူရန်လိုအပ်သောအခါများ၌ အောင်မြင့်မြတ်သို့ ဖုန်းဆက်ခေါ်ယူကာ ရွှေသင်္ကန်းကပ်လှူခဲ့သည်။ ယခုနောက်ဆုံး ရွှေသင်္ကန်း ကပ်လှူခဲ့ခြင်းမှာ ၂၀-၁၀-၂၀၁၁ နေ့တွင် ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ ၂၇ လမ်း၊ ၈၃/၈၄ လမ်းကြားရှိ တိုကျိုပိုက်ဆိုင်မှ ပင့်ဆောင်ပူဇော်နေချိန်တွင် ဖြစ်ပါသည်။

ယနေ့အချိန်တွင် အောင်မြင့်မြတ် နိဗ္ဗာန်ကုန်ဆိုင်သည် စာရေးသူ၏ဆောင်းပါးထဲတွင် ပါရှိခဲ့သည်က တစ်ကြောင်း၊ အောင်မြင့်မြတ်ဟူသောအမည်သည် အတိတ်ကောင်းနိမိတ်ကောင်းကိုဆောင်သောကြောင့်လည်းကောင်း ပလ္လင်ဝယ်ယူသူတို့သည် အောင်မြင့်မြတ်မှသာ ဝယ်ယူခဲ့ကြကြောင်း သိရပါသည်။

လွန်ခဲ့သောရက်က စာရေးသူသည် ဖုန်းဖြင့် မှာကြားထားသော ပလ္လင်တော်ဖိုးများရှင်းရန် အောင်မြင့်မြတ်သို့ရောက်ရှိသွားခဲ့ပါသည်။ ဆိုင်ရှင် မမြင့်မြင့်ဌေးမှ ယခုရက်ပိုင်းအတွင်း ရွှေကံ့ကူရုပ်ရှင်တော်မြတ်အား လှူဒါန်းရန်ဟုဆိုကာ အနယ်နယ်အရပ်ရပ်မှ ပလ္လင်တော် ဝယ်ယူသူတို့များပြားကြောင်း၊ အချို့လည်း ဘဏ်မှငွေလွှဲပေးပို့၍ 'ခေတ်ဆန်သူ' စားဥယျာဉ် (စဉ့်ကိုင်မြို့) သို့ ကားဖြင့်တင်ပို့ပေးရကြောင်း၊ ထိုသို့သောသူများထဲမှ အချို့သည် ပလ္လင်တော်လှူ၍ စာအုပ်ထဲတွင်ပါသည့်အတိုင်း အိုးပိုင်အိမ်ပိုင် ရရှိသွားကြသည်များကိုသိရှိပါသလားဟု မေးမြန်းကြရာ ကျွန်မတို့သည် ရုပ်ရှင်တော်မြတ်ကိုကိုးကွယ်သည်ဟုဆိုသော်လည်း တစ်နှစ် တစ်ကြိမ်၊ ၉ ရက် ၉ လ ရွှေကံ့ကူဗုဒ္ဓပူဇနိယပွဲတော်ရက်၌သာ အောင်မြေသို့ရောက်ရှိပါသည်၊ ရွှေသင်္ကန်းကပ်လှူရာတွင်လည်း ပင့်ဆောင်ရာဌာနတွင် တစ်နာရီမျှသာကြာမြင့်ပါသည်။ ထို့ကြောင့် ထိုအကြောင်းအရာများကို သေချာကနစွာ မသိပါ။ ကျွန်မတို့မျက်စိရှေ့တွင် လက်တွေ့တွေ့ကြုံရမှုတစ်ခုတော့ ရှိပါသည်ဟုဆိုကာ အောက်ပါအတိုင်း ရှင်းပြလိုက်ကြောင်း ပြောပါသည်။

အောင်မြင့်မြတ်ဆိုင်တွင် လွန်ခဲ့သော ၅ နှစ်ခန့်က သန်းသန်းနွဲ့ဆိုသော အလုပ်သမားကလေးတစ်ဦး ရှိပါသည်။ သန်းသန်းနွဲ့တွင် ဘာလုပ်ငန်းမှမလုပ်နိုင်တော့သော ရောဂါသည်ဖခင်အိုတစ်ဦးနှင့် မူလတန်းကျောင်းသား မောင်လေးတစ်ဦး၏ စားဝတ်နေရေးကိုလည်း တာဝန်ယူထားရှိရသေးရာ အိုးပိုင်အိမ်ပိုင်ရှိနိုင်ရန်ထက် အိမ်ငှားခပင် မတတ်နိုင်သဖြင့် ကျွဲဆည်ကန် မေဇင်သိန်းတိုက်တန်းများတွင် ကပ်ရပ်နေထိုင်ခဲ့ရပြီး ဘယ်အချိန် ထိုနေရာမှဖယ်ပေးရမည်လဲဟု တထင့်ထင့် ဖြစ်နေခဲ့ရပါသည်။

ဤသို့ဖြင့် တစ်နေ့တွင် မယ်တော်ကြီးသည် မန္တလေးမြို့ ၆၁ လမ်းကြား၊ ၃၇ လမ်း ဘီဝမ်း တိုက်ခန်းနေအိမ်တွင် ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူလျက် ရှိသည်၊ ရွှေသင်္ကန်းကပ်လို၍လာခဲ့ပါဟု ဖုန်းဖြင့် ဆက်သွယ်ခေါ်ယူပါသည်။ ရွှေသင်္ကန်းကပ်ရန်သွားမည်ပြုသော် မမြင့်မြင့်ဌေးသည် တပည့်မလေး သန်းသန်းနွဲ့၏ နေရေးဒုက္ခကို သိနေသောကြောင့်-

'ဒီပလ္လင်ဟာ ရောင်းဈေး သုံးထောင်ကျပ် ရှိတယ်။ ဒီပလ္လင်ကို ငါ ညည်းကို အလကားပေးနိုင်တယ်။ အဲဒီလိုပေးလိုက်ရင် ညည်း ကုသိုလ်မပါတော့ဘဲဖြစ်မှာမို့လို့ ငါ့ကို တစ်ထောင့်ငါးရာပဲ ပေးတော့။ အခု ငါနဲ့ အတူလိုက်ခဲ့'

ဟု ရွှေသင်္ကန်းကပ်ရာဌာနသို့ ခေါ်ဆောင်သွားခဲ့ပြီး ရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူနေစဉ်အတွင်း ပလ္လင်တော်ကို သေသေချာချာကပ်လှူစေ၍ လေးလေးနက်နက် ဆုတောင်းစေပါသည်။

တစ်လခန့်အကြာတွင် မေဇင်သိန်းတိုက်ခန်းများ ရောင်းချပြီးသွား၍လွှဲပြောင်းမှုပြုလုပ်ပြီဖြစ်သဖြင့် ထိုတိုက်ခန်းနေသူများအား နှင်ချပါတော့သည်။ ပလ္လင်တော်လှူဒါန်းပြီးသည်မှမကြာသေးမီ အိုးပိုင်အိမ်ပိုင်ဖြစ်ရန်နောက်ထား၊ လက်ရှိနေရာပင် ဖယ်ပေးရပြီ။ အိမ်ငှားရှာရန်မှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း နေ့စဉ် စားဝတ်နေရေးမှ အနိုင်နိုင်ဖြစ်ရာ စပေါ်တင်ရန် ငွေမရှိသဖြင့် အိမ်ငှားလည်းမနေနိုင်။ ဤမိသားစု ၃ ယောက်အား မည်သည့်မိတ်ဆွေအိမ်ကမျှလည်း ခေါ်ယူမည်မဟုတ်။ နယ်မှ မပြေလည်သဖြင့် မန္တလေးတက်လာသူများဖြစ်ရာ မြို့ပေါ်တွင် ဆွေမျိုးမရှိပါ။ အခက်အခဲဆုံးသော ရှောင်လွှဲ၍မရသောအခြေအနေသို့ ဆိုက်ရောက်၍နေပါတော့သည်။

သို့သော် ရုပ်ရှင်တော်မြတ်၏ တန်ခိုးဟု ဆိုရမည်။ ၃၀၀၀ ကျပ်မျှသာလောက် တန်ဖိုးရှိသော ပလ္လင်တော်ကို ၁၅၀၀ ကျပ်ဖြင့် ဝယ်ယူလှူဒါန်းလိုက်သော ပလ္လင်တော်လှူဒါန်းခြင်း၏အကျိုးကား လက်ငင်းခံစားရရှိပါတော့သည်။ မည်သို့မျှ မဖြစ်နိုင်ပါ။ ပြောလျှင် ယုံကြမည် မဟုတ်သော်လည်း အမှန်တကယ် ဖြစ်ပွားခဲ့သောအဖြစ်ပင် ဖြစ်သည်။

မေဇင်သိန်းမှ တိုက်ခန်းပေါ်က နှင်ချခံရသူများအား ကရုဏာသက်၍ မြို့သစ်တွင် တစ်အိမ်ထောင်လျှင် မြေတစ်ကွက်နှုန်းစီ အခမဲ့ ပေးဝေလိုက်ပါသည်။ ထိုအခါ သန်းသန်းနွဲ့တွင်လည်း မြေတစ်ကွက်ရရှိသွားပါတော့သည်။ မြေကွက်မှာ (၅၀×၆၀) ပေ ဖြစ်သောကြောင့် တစ်ဝက်ကို ရောင်းချပြီး ထိုရရှိငွေဖြင့် ကျန်ရှိသော မြေပေါ်တွင် သင့်တင့်သော အိမ်ကလေးတစ်လုံး ဆောက်လိုက်ပါသည်။ ဤသို့ဖြင့် သန်းသန်းနွဲ့ဟူသော ကလေးမသည် ဘဝအခြေအနေနှင့် အိပ်မက်မျှပင် မမြင်မက်နိုင်သောအနေအထားမှ အိုးပိုင်အိမ်ပိုင် ရရှိသွားပါသည်။ ဤအဖြစ်သည် မိမိတို့ မျက်စိရှေ့မှာပင် ဖြစ်ပေါ်သွားခြင်း ဖြစ်ပါသည် ဟူ၍ ပလ္လင်တော် လာရောက်ဝယ်ယူရင်း မေးမြန်းကြသူများကို အောင်မြင့်မြတ်မှ ရှင်းပြရကြောင်း စာရေးသူအား ပြောပြပါသည်။

ယနေ့အချိန်တွင် ပလ္လင်တော် လှူဒါန်းသူများမှ အချို့သည် ကျွန်တော်၊ ကျွန်မတို့သည် နေ့စဉ် စားဝတ်နေရေးကိုပင် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေကြရပါသည်။ အကြွေးများလည်း တင်ရှိနေပါသေးသည်။ ယခုခေတ်တွင် အနိမ့်ဆုံး အိမ်ပိုင်းတစ်ခု၏တန်ဖိုးမှာပင် ခေါင်ခိုက်နေသဖြင့် စိတ်ကူးသော်မျှ မယဉ်ရဲပါ။ *ဤသို့သောအခြေအနေတွင် မိမိတို့*သည် အိုးပိုင်အိမ်ပိုင်ရရှိနိုင်ပါမည်လားဟု စိတ်အားငယ်ကာ မချင့်မရဲဖြစ်နေကြသူများသည် သန်းသန်းနွဲ့၏အဖြစ်ကို ကြားသိရပါက အားတက်ပျော်ရွှင်ကြကာ မိမိတို့လည်း အိုးပိုင်အိမ်ပိုင်ဘဝသို့ မျှော်လင့်၍ ရနိုင်ကြောင်း သိရှိနိုင်စေရန် ထည့်သွင်းရေးသားရခြင်း ဖြစ်ပါသည်။

**စဉ့်ကိုင်မြို့ ခေတ်ဆန်သူစားဥယျာဉ်မှ မပေါင်းပေါင်း**

ရှေ့ပိုင်းတွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း ၂၀၀၅ ခုနှစ်တွင် ရွှေကံကူ အောင်မြေတွင် ပလ္လင်တော်တို့ အများအပြား ရောက်ရှိ၍နေပြီ ဖြစ်ပါသည်။ ပလ္လင်တော်တို့မှာ အရွယ်မတိမ်းမယိမ်းမျှသာဖြစ်ရာ ရောထွေးလျက် ရှိပါသည်။ ထို့အပြင် ရွှေကံကူ လေဖျံသစ်တော် ရုပ်ရှင်တော်မြတ်နှင့် ဉာဏ်တော် မတိမ်းမယိမ်းသာကွာခြားသော ရုပ်ပွားတော်တို့မှာလည်း အချို့ အပြီးအပိုင် လှူဒါန်းထားကြခြင်း၊ အချို့ လာရောက်ခေတ္တ ပေါင်းထားကြခြင်းတို့ကြောင့် အမြဲလိုလို ရုပ်ပွားတော် ၄၊ ၅၊ ၁၀ ဆူတို့ ဖူးတွေ့ရလျက်ရှိရာ ရွှေကံကူရုပ်ရှင်တော်မြတ်အား ဖူးတွေ့ဖူးသူ၊ ရွှေကံကူအောင်မြေသို့ ရောက်ရှိဖူးသူတို့တွင် အကြောင်းမဟုတ်သော်လည်း ယခုမှ သိရှိရောက်ဖူးသူတို့အဖို့ ရုပ်ရှင်တော်မြတ်သည်လည်း ထူးခြားသိသာ ပေါ်လွင်စေရန် အထူးတလည် ပူဇော်ထားရှိမှုမရှိခြင်းကြောင့် ဘယ်ဘုရားလဲ၊ ဘုရားလဲဟုမေးကြရာ စာရေးသူတို့တွင် ညွှန်ပြရသည်မှာ အလုပ်တစ်ခုလို ဖြစ်နေခဲ့ပါသည်။

ထိုအချိန်တွင် ၂၀၀၃ ခုနှစ်မှစ၍ ယနေ့တိုင် ရုပ်ရှင်တော်မြတ်အား စွဲမြဲစွာကိုးကွယ်ဆည်းကပ်လှူဒါန်းလျက်ရှိသော စဉ့်ကိုင်မြို့ ခေတ်ဆန်သူ စားဥယျာဉ်မှ ဇင်ဇင်နွယ် (ခေါ်) မပေါင်းပေါင်းသည် အခြားသူများလှူဒါန်းကြသော ပလ္လင်တော်များနှင့်မတူ၊ တစ်မူထူးခြားစွာ ကြီးမားသော ပလ္လင်တော် (ရွှေချမဟုတ်၊ ပေါ်လစ်ဆေးအညိုရောင်) ကြီးလှူဒါန်းလိုကြောင်း မယ်တော်ကြီးအား ပြောပါသည်။ ထိုအခါ စာရေးသူမှ အောင်မြင့်မြတ်၏တူတော်သူ ဘုရားကြီးမြောက်စောင်းတန်းဆိုင်မှ မှာယူပေးခဲ့ရပါသည်။ ထိုပလ္လင်တော်ရရှိသောနေ့မှာလည်း ထူးခြားစွာ တိုက်ဆိုင်မှုဟု ဆိုရပါမည်။ ရုပ်ရှင်တော်မြတ်သည် မဟာမုနိဂေါပကရုံးအဖွဲ့မှူး ဦးအုန်းရွှေနှင့်တပည့်များ၏ ပင့်ဆောင်ပူဇော်မှုဖြင့် မန္တလေးမြို့ မဟာမုနိဘုရားကြီးဝင်းအတွင်း မိုးကောင်းမမွာရုံအတွင်း၌ ကြွရောက်တော်မူလျက် ရှိပါသည်။

ထို့ကြောင့် ထိုမိုးကောင်းမမွာရုံကြီးအတွင်းမှာပင် စာရေးသူနှင့် မယ်တော်ကြီးတို့က မပေါင်းပေါင်းနှင့် ခင်ပွန်း ကိုစိုင်းကျော်လှ၊ သမီးလေး နန်းအိလွင် (ခေါ်) နန်းအိမြွေ ရွှန်းလဲ့တို့ကိုယ်စား ရုပ်ရှင်တော်မြတ်အား ကပ်လှူပေးခဲ့ရပါ၏။

အောင်မြေသို့ရောက်သော် ထိုပလ္လင်တော်ကြီးကို ဘုရားစင်၏အလယ်တည့်တည့်တွင်ထားရှိပြီး ရုပ်ရှင်တော်မြတ်ကို ထိုပလ္လင်ကြီးပေါ်မှာပင် ပလ္လင်ငယ်တစ်လုံး ထပ်ဆင့်၍ ပူဇော်ထားရှိလိုက်ပါသည်။ မပေါင်းပေါင်းသည် ထူးခြားသော သူ၏စိတ်ကူးကြောင့် ကံထူးသွားရသည်ဟုဆိုရပါမည်။ ထိုပလ္လင်တော်ကြီးလှူဒါန်းပြီးချိန်မှစ၍ အောင်မြေတွင် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းရောက်ရှိတော်မူသည့်အချိန်တိုင်း မိမိ၏ ပလ္လင်တော်ပေါ်မှာပင် ရုပ်ရှင်တော်မြတ်စံမြန်းတော်မူခြင်းကို ခံယူရရှိခဲ့ပါသည်။ ထိုစဉ်က မပေါင်းပေါင်း၏အသက်မှာ ၂၃ နှစ်မျှသာ ရှိပါသေးသည်။ စာရေးသူတို့၏နေအိမ် ရွှေကံကူ အောင်မြေသို့ရောက်တိုင်း ရုပ်ရှင်တော်မြတ်အား တစိမ့်စိမ့်ကြည့်၍ ဖူးမဝနိုင်ဘဲ ရုပ်ရှင်တော်မြတ်အား 'ဘုရားကြီးက တန်ခိုးကြီးလိုက်တာ' ဟု နာမ်စားသုံးနှုန်း၍ အ



www.burmeseclassic.com

www.burmeseclassic.com

ထူး ဂါရဝပြု ပြောဆိုလေ့ရှိပါသည်။

ဤသို့ဖြင့် မပေါင်းပေါင်းသည် ၂၀၀၈ ခုနှစ်မှ စ၍ အမှတ်မထင် မမျှော်လင့်ဘဲ အိမ်ဝိုင်းတစ်ဝိုင်းဝယ်ယူလိုက်နိုင်ပါသည်။ ဤသို့ဖြင့် ဤဆောင်းပါး ရေးသားချိန် ၂၁-၁၀-၂၀၁၁ တွင် အိမ်ဝိုင်း ၉ ဝိုင်း ဝယ်ယူထားရှိပြီး ဖြစ်ပါသည်။ တန်ဖိုးနည်းအိမ်ဝိုင်း အနည်းငယ်သာ ပါရှိပြီး အများစုမှာ စဥ့်ကိုင်မြို့၏ ဒုတိယတန်းစားအဆင့် အိမ်ဝိုင်းများ ဖြစ်ပါသည်။ ထိုအကြောင်းအရာများနှင့် ပတ်သက်၍ မပေါင်းပေါင်းက ပြောပြသည်မှာ -

"ကျွန်တော့်မှာ ပိုလျှံစုဆောင်းထားတဲ့ငွေရယ်လို့လည်း မရှိပါဘူး။ အိမ်ဝိုင်းတွေကို လိုချင်လှပါချေရဲ့ဆိုပြီး လိုက်ရှာနေတာ မဟုတ်ပါဘူး။ ဘုရားကြီးတန်ခိုးပေါ့။ ကိုယ်နဲ့ထိုက်ချင်တော့ ရောင်းမယ်ဆိုတဲ့ဝိုင်းတွေက ကိုယ့်ဆီရောက်လာတာပဲ။ ကျွန်တော်က ဈေးဆစ်ရမှာကိုလည်းကိုယ်ချင်းစာစိတ်နဲ့ အားနာတတ်တော့ ဈေးလည်းမဆစ်ဘူး။ ကိုယ့်စိတ်မှာ တန်တယ်ထင်လျှင် ဥပါယ်တံမျှင်နဲ့ ငွေတောင်မှ ထပ်ဖြည့်ပေးလိုက်သေးတယ်"

ဟု ဆိုပါသည်။

မပေါင်းပေါင်းသည် ဝယ်ယူပြီးသောအိမ်ဝိုင်းများတွင် အဆောက်အအုံမပါရှိခဲ့သော မြေကွက်များ၌ အဆောက်အအုံများ ဆောက်လုပ်သည်။ အဆောက်အအုံပါရှိခဲ့ပါက အသင့်အတင့်ကောင်းမွန်သေးလျှင် ပြုပြင်မွမ်းမံသည်။ စိတ်တိုင်းမကျသော အဆောက်အအုံများကို ဖြိုဖျက်၍ အသစ်ဆောက်လုပ်ပြီး အိမ်ငှားများချထားပေးခဲ့သည်။ မပေါင်းပေါင်းသည် သစ်လွင်ကောင်းမွန်သန့်ရှင်းသပ်ရပ်သော အိမ်ခန်းများ ဖြစ်သော်လည်း ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးပါသည်။ မိမိကိုယ်တိုင် မနေထိုင်သော်လည်း အငှားချထားသောအိမ်များကို အမြဲ ကြည့်ရှု၍ လိုအပ်ချက်မှန်သမျှကို ချက်ချင်းဆောင်ရွက်ပေးပါသည်။ အိမ်ငှားများကို ရေ၊ မီး အပြည့်အစုံ၊ ရေလောင်းအိမ်သာတို့ဖြင့် အဆင့်အတန်းမီစွာ ထားရှိခဲ့ပါသည်။

"တကယ်တော့ အခုလို အိမ်ငှားချထားတာတွေဟာ ကျွန်တော့်အတွက် စီးပွားရေးမပါပါဘူး။ စီးပွားရေးတွက် တွက်မယ်ဆိုရင် မကိုက်ပါဘူး။ နေစရာထိုင်စရာ မရှိတဲ့သူတွေ နေရေးထိုင်ရေး အဆင်ပြေစေရေးကိုပဲ စဉ်းစားတာပါ။ သူတို့ဆီက ယူတဲ့ အိမ်လခဆိုတာဟာလည်း ဒီအိမ်တွေမှာပဲ ပြုပြင်မွမ်းမံစရိတ်မျှသာ ဖြစ်ပါတယ်"

ဟု စကားစပ်မိသောအခါက မပေါင်းပေါင်းမှ ပြောဖူးပါသည်။

ထို့အတူ ၂၀၀၉ ခုနှစ်တွင် မပေါင်းပေါင်းသည် စာရေးသူတို့ နေအိမ်နှင့် မဝေးလှသောနေရာမှ အိမ်ဝိုင်းတစ်ခုကို ဝယ်ယူလိုက်ပါသည်။ မူလပါရှိခဲ့သောအိမ်ကို ဖျက်ကာ နံကပ် နှစ်ထပ် နှစ်ဆောင်ပြိုင် ဆောက်လုပ်လိုက်သည်။ ထိုနေရာကို "Smily Lady" အမည်ဖြင့် အဆင့်မြင့်မုန့်ကြော်ကျောင်း ဖွင့်လှစ်လိုက်ပါသည်။

စဥ့်ကိုင်ကဲ့သို့ နယ်မြို့ကလေးနှင့်မလိုက်ဖက်လောက်အောင် အဆင့်မြင့်လွန်းလှပါသည်။ သို့သော် လက်ရှိ စဥ့်ကိုင်မြို့တွင်ဖွင့်လှစ်နှင့်ပြီးသော မုန့်ကြော်ကျောင်းများ၏ကျောင်းသားများအပေါ် ကောက်ခံသောနှုန်းထား၏တစ်ဝက်မျှသာ ကောက်ခံပါသည်။

ထို့အပြင် ရွှေကံကူ အောင်မြေသို့ ၉ ရက် ၉ လ ဗုဒ္ဓပူဇနိယပွဲတော်နေ့နှင့် အခြားရက်များတွင် ညဥ့်အိပ်ညဥ့်နေလာရောက်ကြသော ရပ်ဝေးဘုရားဖူးများကို မပေါင်းပေါင်းမှ မုန့်ကြိုအပေါ်ထပ်တွင် အိပ်ရာနေရာများ ပြင်ဆင်ပေးပါသည်။ အိမ်ငှားများအပေါ် ထားရှိသည့်စေတနာ၊ ရွှေကံကူဘုရားဖူးဧည့်သည်များအတွက် နေရာအလှူ စသော ကောင်းမှုတို့ကြောင့် ဖြစ်မည်၊ အိမ်တစ်လုံးဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်းတို့မှာ အခြားသူများအဖို့ တစ်ဘဝတွင် တစ်ခါသော်မှ အောင်မြင်ရန် ခဲယဥ်းလှသော်လည်း မပေါင်းပေါင်းအဖို့မှာမူ အဝတ်အစားတစ်စုံ ဝယ်ယူချုပ်လုပ်သကဲ့သို့လွယ်ကူ၍နေသည်ကို တွေ့ရှိရပါသည်။

**ရွှေကံကူရုပ်ရှင်တော်မြတ်မှ ပြန်လည်စွန့်ကြဲသော ပလ္လင်တော်များပင့်ဆောင်ခွင့်ရရှိ၍ အိုးသစ်အိမ်သစ် ရရှိသွားကြသူများ**

ယခင်ဆောင်းပါးများတွင် ပါရှိခဲ့သည့်အတိုင်း ၉-၉-၂၀၀၉ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ရွှေသားစင်စစ်ပလ္လင်တော်ကြီး ပြီးမြောက်သွားပြီဖြစ်၍ များပြားလှသော ပလ္လင်တော်များကို နေရာအခက်အခဲ၊ သန့်ရှင်းရေးဆောင်ရွက်ရမည့် အခက်အခဲတို့ကြောင့် ဘုရားဖူးဧည့်ပရိသတ်တို့အား ပြန်လည်လှူဒါန်း စွန့်ကြဲခဲ့ပါသည်။ ထိုသို့လှူဒါန်းစွန့်ကြဲရခြင်းမှာ ထိုပလ္လင်တော်များအား ရုပ်ရှင်တော်မြတ်ကို လုံလောက်သောအချိန်အတိုင်းအတာတစ်ခုထိ ပူဇော်ထားရှိပြီး ဖြစ်သောကြောင့်လည်း ဖြစ်ပါသည်။

ရွှေကံကူ အောင်မြေမှ ပလ္လင်တော်ရရှိသွားကြသူများသည် ရွှေပလ္လင်ဖြစ်ပါက ရွှေသင်္ကန်းပြန်လည်ကပ်လှူခြင်း၊ ပေါလစ်ပလ္လင်ဖြစ်ပါက ပြန်လည် အရောင်တင်ခြင်းတို့ ပြုလုပ်၍ အထွတ်အမြတ်ထားကာ အချို့သည် မိမိတို့၏ဘုရားများကို ပင့်ဆောင်ပူဇော်ထားရှိကြပြီး အချို့မှာ ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို တင်ဆောင်ပူဇော်ထားရှိကြပါသည်။ ထိုသူတို့တွင် အများစုမှာ အိုးပိုင်အိမ်ပိုင်ရှိပြီးသောသူများသာ ဖြစ်ကြပါသည်။ ထိုပလ္လင်တော်များရရှိပြီး တစ်နှစ်တာအတွင်းမှာပင် အိုးသစ်အိမ်သစ်များ ရရှိသွားကြကြောင်း စာရေးသူတို့မှ ပြန်လည်ကြားသိခဲ့ရပါသည်။ အိုးသစ်အိမ်သစ်ရရှိသွားကြသူတို့မှာ များပြားလှသော်လည်း ဤနေရာတွင် သာဓကအဖြစ် ပုဂ္ဂိုလ်အနည်းငယ်မျှကိုသာ ရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။

**စဥ့်ကိုင်မြို့ ခေတ်ဆန်သူစားဥယျာဉ်မှ ဇင်ဇင်နွယ် (ခေါ်) မပေါင်းပေါင်း**



www.burmeseclassic.com

www.burmeseclassic.com

မပေါင်းပေါင်းသည် ရွှေကံကူ ရှပ်ရှင်တော်မြတ်ကြီး၏ သာဝကအရင်း၊ ရွှေကံကူသာသနာပြုမယ်တော်ကြီး၏ မွေးစားသမီး ဖြစ်ပါသည်။ ထာဝရ ရေအလှူ ဆွမ်းအလှူရှင်ဖြစ်ရုံမျှမက ရွှေကံကူ ရှပ်ရှင်တော်မြတ်ကြီး၏ ဒုတိယမြောက် မကိုဋ်စလွယ်တော်အလှူရှင်၊ ပခုံးတင်,ခါးပုံစ, စိတ္တရ တန်ဆာတော်၏အလှူရှင်လည်း ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ် ၉ ရက် ၉ လ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ပလ္လင်တော်များ ပြန်လည်လှူဒါန်းဝေငှသောအခါ မပေါင်းပေါင်းသည်လည်း အများနည်းတူ ပလ္လင်တော်တစ်ခုရရှိခဲ့ပါသည်။ ရရှိသော ပလ္လင်တော်အား သန့်စင်မွမ်းမံပြီး 'ခေတ်ဆန်သူ' စားဥယျာဉ် ဘုရားဆောင်တွင် ပူဇော်ထားရှိပါသည်။

ပလ္လင်တော် မရရှိသေးမီက မပေါင်းပေါင်းတွင် မြေတစ်ကွက်သာ ဝယ်ယူနိုင်ခဲ့သေးကြောင်း၊ ပလ္လင်တော်ရရှိပြီးမှသာ နောက်ထပ် အိမ်ဝိုင်းများ ဆက်တိုက်ဆိုသလိုဝယ်ယူနိုင်ခဲ့သည်ဟု သိရပါသည်။

**မန္တလေးမြို့ မြို့သစ် (၆၇-၆၉) လမ်းကြား မနော်ဟာရီလမ်းမှ ဦးသန်းထွန်း၊ ဒေါ်သန်းသန်းနွဲ့၊ သမီး မသဇင်ဦး၊ မနွယ်နီဝင်း၊ မောင်ကုလား**

မသဇင်ဦးနှင့် မနွယ်နီဝင်း ညီအစ်မနှစ်ဦးသည် ၂၀၀၃ ခုနှစ် နှစ်ဆန်းစမှာပင် အသိမိတ်ဆွေတစ်ဦး၏အသိပေးလမ်းညွှန်မှုကြောင့် ရွှေကံကူအောင်မြေသို့ ရောက်ရှိ၍လာခဲ့ပါသည်။ ပထမဆုံးရောက်ရှိချိန်မှာပင် ပဋ္ဌာန်းဆက်ကြီးမားသူများ ဖြစ်ခြင်းကြောင့် ရှပ်ရှင်တော်မြတ်အား အထူး ကြည်ညိုကြသကဲ့သို့ မယ်တော်ကြီးကိုလည်း လေးစားချစ်ခင်ကြကာ သံယောဇဉ်ဖြစ်သွားကြပါသည်။ ထိုနှစ် ၁၁ လပိုင်းတွင် ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြပြီး ယနေ့အချိန်တိုင် နှစ်စဉ် တစ်ကြိမ် အနည်းဆုံးမှ နှစ်ကြိမ်၊ သုံးကြိမ်ခန့်ထိတိုင် ပင့်ဆောင်ပူဇော်ခဲ့ကြကာ ရှပ်ရှင်တော်မြတ်အောင်မြေသို့ ခေတ္တ ပြန်လည်ကြွမြန်းရောက်ရှိသောအခါများ၌လည်း လာရောက်ဖူးမြော်ခြင်း စသည်ဖြင့် အမြဲမပြတ်ကိုးကွယ်ခဲ့သူများ၊ စွဲစွဲမြဲမြဲကိုးကွယ်ခဲ့ကြသူများ ဖြစ်ပါသည်။

ထိုမိသားစု ရွှေကံကူအောင်မြေ၌ စတင်ရောက်ရှိစဉ်က မသဇင်ဦးသည် Sun ဆေးကုမ္ပဏီတွင် အလုပ်ဝင်လျက်ရှိပြီ ဖြစ်သော်လည်း မနွယ်နီဝင်းနှင့် မောင်ကုလားတို့တွင် အလုပ်အကိုင် မည်မည်ရရ မရှိသေးပါ။ ၂၀၀၈ ခုနှစ်တွင် မသဇင်ဦးမှ မနွယ်နီဝင်းအား မန္တလေးမြို့ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ၇၂ လမ်း ဆေးတက္ကသိုလ်၏ အနောက်ဘက်တွင် ကွန်ပျူတာစာစီစာရိုက်၊ မိတ္တူဆိုင်ဖွင့်လှစ်ပြီး လုပ်ကိုင်စေပါသည်။

ဖွင့်ခါစတွင် ကွန်ပျူတာတစ်လုံး၊ မိတ္တူကူးစက်တစ်လုံးသာ ပါရှိပြီး လူအင်အားမှာလည်း နှစ်ယောက်တည်းသာ ရှိသည်။ မနွယ်နီဝင်းဆိုင်တွင် အလုပ်အပ်သူမရှိ၊ တစ်နေကုန်ငုတ်တုတ်။ နေ့လယ်တွင် ဖခင် ဦးသန်းထွန်းလာပို့သော ထမင်းထုပ်ကိုဖြေစားပြီး လုပ်စရာမရှိ၍ ငိုက်မျဉ်းနေကြရကာ မိုးချုပ်တော့ အလုပ်သိမ်း၍ အိမ်ပြန်ခဲ့ကြရသည်။ ဤသို့ဖြင့် ရက်ပေါင်းများစွာ ကြာလာသောအခါ မနွယ်နီဝင်းသည် သည်းမခံနိုင်တော့ဘဲ အစ်မဖြစ်သူအား ပေါက်ကွဲတော့သည်။ စက်များကို ပြန်ရောင်းပစ်လိုက်ပါတော့၊ ဆိုင်ပိတ်ပေးပါတော့၊ ရှက်လွန်းလှပါပြီဟု ဆိုလာပါတော့သည်။ မသဇင်ဦးက ဖွဲ့ကြီးသူဖြစ်ပါသည်။ မနွယ်နီဝင်း၏ဆန္ဒကိုလိုက်လျော၍ဆိုင်ပိတ်မပေးပါ။ ရွှေကံကူအောင် မြေသို့လာရောက်၍ သစ္စာဆို ဆုတောင်းသည်။

'တပည့်တော်တို့သည် ရွှေကံကူ လေပျံသစ်တော် ရှပ်ရှင်တော်မြတ်အား ပထမဆုံး သိရှိဖူးတွေ့ခဲ့ရသောအချိန်မှစ၍ ဤယနေ့တိုင် အမြဲမပြတ် ကိုးကွယ်ပူဇော် လှူဒါန်းဆည်းကပ်ခဲ့ကြသူများ ဖြစ်ပါသည် ဘုရား။ ယခုလည်း သမ္မာအာဇီဝကျသော ကွန်ပျူတာ၊ မိတ္တူလုပ်ငန်း အောင်မြင်လိုပါသည် ဘုရား။ လုပ်ငန်းမှရရှိသော အကျိုးအမြတ်များကို မိဘနှစ်ပါးအား ကျွေးမွေးပြုစုခြင်း၊ သာသနာတော်အား လှူဒါန်းထောက်ပံ့ခြင်း စသော ကုသိုလ်အရေးကိစ္စများတွင်သာ သုံးစွဲပါမည် ဘုရား'

ထို့နောက် ရွှေကံကူသာသနာပြုမယ်တော်ကြီးအား မန္တလေးမြို့ရှိ ၎င်းတို့၏ကွန်ပျူတာ၊ မိတ္တူဆိုင်သို့ ပင့်ဆောင်သွားပါသည်။ မယ်တော်ကြီးသည် ထိုဆိုင်တွင် ပရိတ်တော်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ပြီး သစ္စာပြု တိုင်တည်ဆုတောင်း၍ပေးခဲ့ပါသည်။

ထို့နောက်ရက်မှ စ၍ အလုပ်အပ်သူများ တဖွဲဖွဲရောက်ရှိ၍လာခဲ့ကြပါသည်။ ယနေ့အချိန်တွင် ကွန်ပျူတာ ၅ လုံး၊ မိတ္တူကူးစက် ၅ လုံး၊ လူအင်အား ၁၀ ယောက်ကျော်ဖြင့် မနားတမ်း လုပ်ကိုင်၍နေကြရပြီဖြစ်ကာ မသဇင်ဦး၏ ဝင်ငွေထက်ပင် သာလွန်၍နေပြီ ဖြစ်ပါသည်။

ဤသို့ဖြင့် ၂၀၀၈ ခုနှစ်တွင် နငယ်နံပါတ် ဆန်နီပစ်ကပ် အဖြူလေးကိုဝယ်ယူလိုက်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် လက်ရှိ မနော်ဟာရီလမ်းမှ နေအိမ်ကိုဈေးကောင်းရသဖြင့် ရောင်းချလိုက်ပါသည်။ ထို့နောက် မဟာမြိုင်လမ်း ၅၉ နှင့် ၆၀ ကြား၊ ၄၀ လမ်းနှင့် ၄၁ လမ်းကြား နဝရတ်လမ်းသွယ်၌ မူလနေအိမ်ခြံဝင်းထက် ကောင်းမွန် ကျယ်ဝန်းသော အိမ်ဝင်းတစ်ခုကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလိုက်ပြီး နေပြည်တော်တွင် မြေတစ်ကွက်၊ မန္တလေးမြို့တွင် အလွတ်မြေနှစ်ကွက် ဝယ်ယူလိုက်နိုင်ပြန်သည်။

၂၇-၁၁-၂၀၁၁ နေ့တွင် မဟာမြိုင်အိမ်သစ်၌ တိုက်တက်မင်္ဂလာပြုလုပ်ရာတွင် ဦးစွာ ရွှေကံကူလေပျံသစ်တော်ရှပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြပါသည်။ စာရေးသူသည် ရှပ်ရှင်တော်မြတ်၏ဒေသစာရီနီး၊ ဝေး ခရီးစဉ်တို့တွင် လိုက်ပါလေ့မရှိသော်လည်း သာဝကရင်းချာများ၏ အိမ်သစ်တက်မင်္ဂလာ ဖြစ်ခြင်းကြောင့် သွားရောက်ခဲ့ပါသည်။

စာရေးသူ မန္တလေးသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com

လျှင် သွားလိုရာဌာနများသို့ လိုက်လံပို့ဆောင်ပေးသူ ၃ ဦး ရှိပါသည်။ ကိုမင်းအောင် (လမင်းသာ အလုကုန်)၊ ကိုသိန်းလင်း (ကျွဲဆည်ကန်) နှင့် မောင်ဇော်ထွန်းဦး (ယုကွန်ပျူတာအော့(ဖ်)ဆက်) တို့ ဖြစ်ပါသည်။ ယခုတစ်ခေါက်တွင် မသဇင်ဦးတို့၏ အိမ်တက်မင်္ဂလာသို့ ဇော်ကြီး (ဇော်ထွန်းဦး)နှင့်သွားခဲ့ကြပါသည်။ ဘုရားဖူး ဧည့်ပရိသတ်တို့ စည်ကားလှပါသည်။ ပလ္လင်တော် များစွာ လှူဒါန်းလျက်ရှိကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရသည်။ ပလ္လင်တော်လှူဒါန်းသူများအား အိမ်ရှင် ဒေါ်သန်းသန်းနွဲ့မှ-

"ကျွန်မတို့ လက်တွေ့ပါပဲ၊ ရွှေကံကူဘုရားကို စ,တွေ့ခါစက ကျွန်မတို့မှာ ဘာမှမရှိသေးပါဘူး။ ဘုရားကြီးကို ကိုးကွယ်ပြီးမှ တဖြည်းဖြည်း စီးပွားတွေတက်လာပြီး ဒီအခြေအနေရောက်လာတာပါ"

ဟု ပြောပါသည်။

မသဇင်ဦးမှလည်း-

"ပထမဆုံး ကျွန်မတို့အိမ်ကို ရွှေကံကူ ရုပ်ရှင်တော်မြတ်ကြီး ပင့်ဆောင် ပူဇော်တုန်းက အနေကဇာတင်တဲ့အချိန်မှာ ရောင်ခြည်တော်တွေ ကွန့်မြူးခဲ့ပါသေးတယ်။ လမ်းမှာကတည်းက ရောင်ခြည်တော်တွေ ထွက်ပေါ်ခဲ့တာ"

ဟု ဝင်ရောက် ဖြည့်စွက် ပြောကြားပါသည်။

**မန္တလေးမြို့ ကျွဲဆည်ကန်မှ ကိုသိန်းလင်း၊ မခင်စုမာ**

၂၀၀၈ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ မြောက်ပြင်လမ်း ၂၀၊ ကင်းဝန်မင်းကြီးကျောင်းပေါက်ရှိ မခိုင်ကြီးတို့နေအိမ်တွင်ပင့်ဆောင်ပူဇော်လျက် ရှိပါသည်။ ကိုသိန်းလင်း၊ မခင်စုမာတို့သည် ရုပ်ရှင်တော်မြတ်၏သတင်းစကားကို ကြားသိပြီးဖြစ်သော်လည်း နေရာအတိအကျ မသိ၍ စုံစမ်းမရဘဲ ဖြစ်နေချိန်တွင် မိတ်ဆွေမခိုင်ကြီးမှရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ထားပါသည်။ ဘုရားဖူးကြွရောက်လှည့်ပါဟု ဖိတ်ကြားလိုက်သောအခါ ဝမ်းသာအားရဖြစ်လျက် သွားရောက်ဖူးမြော်ကြပါသည်။ မယ်တော်ကြီးကိုလည်းကောင်း၊ အန်တီအေးကိုလည်းကောင်း တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးကြသေးပါ။။ နဂိုကလည်း ပင့်ဆောင်ပူဇော်ရန် စိတ်ကူးရှိထားသူများဖြစ်ကြရာ ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လိုက်ရသည်နှင့် မိမိတို့နေအိမ်သို့ ပင့်ဆောင် ပူဇော်လိုသောဆန္ဒတို့မှာ ပိုမို ပြင်းပြလာမိပါတော့သည်။ ထိုအကြောင်းကို မယ်တော်ကြီးအား လျှောက်ထားရာ အန်တီအေးနှင့် ရက်ချိန်းညှိနှိုင်းပါဟု မိန့်ကြားပါသည်။ အန်တီအေးမှ ၎င်းတို့လိုလားတောင့်တကြသည့် ထိုနှစ်ကဆုန်လပြည့်နေ့ကို ပေးလိုက်ပါသည်။

ယောက္ခမများဖြစ်သည့် တရားရုံးချုပ်ရှေ့နေကြီး ဦးစိန်သန်း၊ ဆရာမကြီး ဒေါ်မြမြတို့နှင့် အတူနေထိုင်လျက် ရှိပါသေးသည်။ ပင့်ဆောင်ပူဇော်ပြီးသည့်နောက်တွင် ရုပ်ရှင်တော်မြတ်၏ ထူးခြားသော တန်ခိုးတော်များကို ဖူးတွေ့ရမှု၊ မိမိတို့၏ အလုပ်အကိုင်နှင့် စီးပွားရေးများ သိသိသာသာ တိုးတက် ကောင်းမွန်မှုတို့ကြောင့် ရုပ်ရှင်တော်မြတ်အပေါ် ကြည်ညိုသောစိတ်များ ပိုမိုဖြစ်ပေါ်၍လာသည်။

ဤသို့ဖြင့် ၉ ရက် ၉ လ ၂၀၀၉ ခုနှစ် ရွှေကံကူ ဗုဒ္ဓပူဇနိယပွဲတော်ရက်တွင် ရွှေကံကူအောင်မြေမှ ပြန်လည်စွန့်လှူသော ပလ္လင်တော်တစ်ခုကို ပင့်ဆောင်ခွင့်ရရှိသွားခဲ့သည်။ ပလ္လင်တော်အား ရိုသေလေးမြတ်စွာ ပင့်ဆောင်သွားပြီး ၎င်းတို့၏နေအိမ်ဘုရားခန်းတွင် ရုပ်ရှင်တော်မြတ်၏ ပုံတော်ကိုတင်ဆောင်၍ ပူဇော်ထားရှိခဲ့ပါသည်။

ထိုစဉ်က ကိုသိန်းလင်း၊ မခင်စုမာတို့သည် မိမိတို့နေအိမ်တွင် အာလူး, ငါးမုန့်ကြော်ခြင်း၊ ဖရုံယိုထိုးခြင်းတို့ပြုလုပ်ကာ အခြား တစ်ဆင့်ခံမုန့်မျိုးစုံတို့ကိုပါ ဈေးဆိုင်များသို့ လိုက်လံပို့ဆောင်ပါသည်။

ပို့ကုန်လုပ်ငန်း အရှိန်အဟုန်ကောင်းမွန်လာသောကြောင့် မိမိတို့နေအိမ်မှ မည်သည့်မုန့်ကိုမျှမထုတ်လုပ်တော့ဘဲ တရုတ်ပြည်မှလာသောမုန့်များကိုသာ မန္တလေးမြို့ပေါ်တွင်သာမကတော့ဘဲ နယ်ဝေးမြို့များသို့ပါ တင်ပို့လျက် ရှိပါတော့သည်။ ပြီးခဲ့သော ၂၀၁၁ ခုနှစ်တွင် တိုက်တက်မင်္ဂလာပါ ပြုလုပ်ပြီးစီးပြီဖြစ်၍ ရုပ်ရှင်တော်မြတ်ကြီးကိုပါ ပင့်ဆောင်သောကြောင့် (ရုပ်ရှင်တော်မြတ်ကြွရောက်နိုင်သောရက်ကိုရွေး၍ တိုက်တက်ပြုလုပ်ပါသည်။) စာရေးသူပင် တိုက်တက်မင်္ဂလာသို့ သွားရောက်ခဲ့ရပါသေးသည်။

ထူးဆန်းစွာ တိုက်ဆိုင်မှုဟု ယူဆလိုက ယူဆနိုင်ပါသည်။ သို့သော် ကိုသိန်းလင်း၊ မခင်စုမာတို့သည်ကား ရွှေကံကူအောင်မြေမှစွန့်လှူသော ပလ္လင်တော်ကို ရရှိပူဇော်ပြီးသောအခါတွင် အမှန်တကယ်ပင် အိုးအိမ်တိုက်တာရရှိလျက် စီးပွားရေး အလုပ်အကိုင်များ တိုးတက်ကောင်းမွန်ကာ အေးချမ်းပျော်ရွှင်စွာဖြင့် ကျွဲဆည်ကန်ရပ်ကွက်၊ မန္တလေးမြို့တွင် နေထိုင်လျက် ရှိကြပါသည်။

**နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာမှ ဦးချစ်မောင်၊ ဒေါ်စိန်မြိုင်**

အဘ ဦးချစ်မောင်၊ အမေကြီး ဒေါ်စိန်မြိုင်တို့သည် နေပြည်တော် မပေါ်ပေါက်မီက နေပြည်တော်ပျဉ်းမနားနှင့် အတန်ငယ်ကွာဝေးသော ရွာတော်ရွာတွင် နေထိုင်ခဲ့ကြသည်။ ယနေ့အချိန်တွင် နေပြည်တော်ပေါ်ပေါက်လာပြီး မြို့သစ်များတိုးချဲ့သောအခါ ပုဗ္ဗသီရိမြို့နယ်အတွင်း၌ ပါဝင်ရောက်ရှိသွားပါသည်။ နေပြည်တော် ဘူတာကြီးသည်ပင် ရွာတော်၏မြောက်ဘက် အတော်အလှမ်းဝေးသောနေရာတွင် တည်ဆောက်ခဲ့သည် ဖြစ်သောကြောင့် ရွာတော်သည် နေပြည်တော်၏အတွင်းပိုင်းတွင်ကျရောက်လျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်သည် ထိုရွာတော်တွင် ၅ ကြိမ်ထက်မနည်း ကြွရောက်အပူဇော်ခံလျက်ရှိပြီး ဖြစ်ပါသည်။

၉ ရက် ၉ လ ရွှေကံကူ ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

ပူဇနိယ ပွဲတော်နေ့များတွင်လည်း အောင်မြေသို့ နှစ်စဉ်နီးပါးမျှ လာရောက် ပူဇော်ကန်တော့ကြလေ့ ရှိပါသည်။ ဤသို့ဖြင့် ၂၀၀၉ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ရွှေကံကူ အောင်မြေမှ ပြန်လည်စွန့်လှူသော ပလ္လင်တော်တစ်ဆူ ပင့်ဆောင်ပူဇော်ခွင့်ရရှိသွားကြပါသည်။

အဘ ဦးချစ်မောင်၊ အမေကြီး ဒေါ်စိန်မြိုင်တို့သည် ထိုစဉ်က ရှေးအိမ် သစ်သား၊ ထရံကာနှင့်သာ ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်လှပြီဖြစ်ရာ မည်သည့် စီးပွားရေးလုပ်ငန်းမျှ မလုပ်ကိုင်နိုင်တော့ပါ။ သမီးအပျိုကြီးတစ်ယောက်သာ ကျန်ရှိတော့ပြီး ထိုသမီးမှာလည်း သက်ကြီးရွယ်အို မိအနှစ်ပါး၏ ဝေယျာဝစ္စများ၊ အိမ်မှုဗာဟီရများတစ်ဖက်နှင့် မိန်းကလေးတစ်ဦး၏ လက်လှမ်းမီသမျှ ဈေးရောင်းခြင်းလုပ်ငန်းမျှသာ လုပ်ကိုင်ရာ စားဝတ်နေရေး ပြေလည်ရုံမျှသာ ရှာဖွေနိုင်၏။ နောက်ထပ် တိုက်အိမ်အသစ်ဆောက်လုပ်နိုင်ရန် မျှော်မှန်းမထားပါ။ မျှော်လင့်စရာအခြေအနေလည်း ဘာမှမရှိသောကြောင့်ဟု သိရပါသည်။

သို့သော် ရွှေကံကူ အောင်မြေမှပလ္လင်တော်ကို ရိုသေလေးမြတ်စွာ ပူဇော်ထားရှိခဲ့ပါသည်။ ဤအချိန်မှာပင် ကံအကြောင်းတရား၏ထူးခြားသောပြောင်းလဲမှုများကို ကြုံတွေ့ရပါသည်။ ဦးထင်အောင်လင်း၊ ဒေါ်ကြည်ကြည်သင်းတို့သည် ရာဇဌာနေလမ်းမှ ရွှေနဂါးမင်း တီးဝိုင်းဒင်းနေရာအား အရောင်းတည့်သွားပါသည်။ ထိုအချိန်တွင် ဦးထင်အောင်လင်းသည် ရာဇဌာနေလမ်း၏ မြောက်ဘက်လမ်းသွယ်ထဲတွင် တိုက်အသစ်ဆောက်လုပ်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဦးထင်အောင်လင်းနှင့် ဒေါ်ကြည်ကြည်သင်းတို့သည် အစက မိဘနှစ်ပါးကို ငွေကန်တော့မည်ဟု ရည်ရွယ်ထားသော်လည်း တိုက်အိမ်တစ်လုံးဆောက်လုပ်ပေးရန် စိတ်ကူးဖြစ်ပေါ်လာပြီး အဆိုပါ ဝင်းထဲမှာ တိုက်အိမ်အသစ်တစ်လုံး ဆောက်လုပ်ကာ ကန်တော့လိုက်ကြပါတော့သည်။

ဤသို့ဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့ ရွာတော်ရွာမှ အဘဦးချစ်မောင်နှင့် အမေကြီး ဒေါ်စိန်မြိုင်တို့သည် မျှော်လင့်ရည်မှန်းထားခြင်း၊ ရနိုင်စရာအကြောင်းမရှိခြင်း၊ အင်အားအခြေအနေမရှိပါဘဲနှင့် တိုက်အိမ်အသစ်တစ်လုံး ဖြစ်ပေါ်ရရှိလိုက်ပါသည်။ ပြီးခဲ့သော တန်ဆောင်မုန်းလ ၁၃၇၃ ခုနှစ်ထဲတွင် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ နေပြည်တော်ခရီးစဉ်တွင် ပင့်ဆောင်ပူဇော်၍ တိုက်တက်မင်္ဂလာပြုလုပ်ခဲ့ပါသေးသည်။

အဘ ဦးချစ်မောင်နှင့် အမေကြီး ဒေါ်စိန်မြိုင်တို့နေအိမ်၏ ထူးခြားချက်မှာ ရုပ်ရှင်တော်မြတ်အား ပထမဆုံး ပင့်ဆောင်ပူဇော်သောအချိန်တုန်းကပင် ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူပြီးနောက် အိမ်ဝင်းအပွင်း ရေ့မျက်နှာစာတွင် အလိုအလျောက် ဗောဓိပင်များပေါက်လာခြင်း ဖြစ်ပါသည်။ ထိုဗောဓိပင်များသည် ရွှေကံကူအောင်မြေမှ ဗောဓိပင်များနှင့် တစ်မျိုးတစ်စားတည်း ဖြစ်နေသည်မှာ ပို၍ ထူးဆန်းလှပါသည်။

ဟိုတစ်လောက စာရေးသူ နေပြည်တော်ရှိ ဒေါ်ကြည်ကြည်သင်းတို့၏နေအိမ်သို့ ရောက်ရှိသွားရာ ဒေါ်ကြည်ကြည်သင်းမှ-

"ဆရာဘို၊ အမေတို့ကတော့ သိသိသာသာ အံ့ဩစရာပဲ။ ရွှေကံကူအောင်မြေက ပလ္လင်တော် ပင့်ဆောင်ပူဇော်ပြီး တစ်နှစ်ကျော်မှာပဲ တိုက်အသစ်ဆောက်လိုက်ရပြီ"

"ကျွန်တော်တို့လည်း ထူးခြားတာပဲ။ ပလ္လင်တော် ပူဇော်ပြီးတဲ့နောက် အိမ်ဝိုင်း ၃ ဝိုင်း ထပ်ဝယ်လိုက်နိုင်တယ်။ အခု အဲဒီ အိမ်ဝိုင်းတွေကလည်း ဈေးတွေ အရမ်းရနေပြီ။ နဂိုက ကျွန်တော်တို့မှာ ဂျစ်ကားတစ်စီးပဲ ရှိတယ်။ အခု လိုက်ထရပ်တစ်စီး၊ ဗင်တစ်စီး၊ ဖောကားတစ်စီးဝယ်လိုက်နိုင်တဲ့အပြင် အလုပ်အကိုင်၊ ငွေကြေးကိစ္စတွေ၊ ကျန်းမာရေး၊ လူမှုရေး အထွေထွေ အားလုံးအကုန်ကောင်းပါတယ်။ ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီးကို ကျွန်တော်တို့တစ်သက် နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း ပင့်ဆောင်ပူဇော်သွားမှာပါ"

ဟု ပြောကြားပါသည်။

**မလွင်မာအောင်နှင့် ချယ်ရီသီရိအောင် ရန်ကုန်မြို့**

ရုပ်ရှင်တော်မြတ်၏ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့ ဒေသစာရီခရီးစဉ်ကာလတွင် ဖြစ်ပါသည်။ ဧပြီလ၏ တစ်ခုသောနေ့တွင် ရုပ်ရှင်တော်မြတ်အား ဗိုလ်တထောင်မြို့နယ် လူငယ်များအဖွဲ့မှ ၄၄ လမ်း ဓမ္မာရုံတွင် ပင့်ဆောင် ပူဇော်ထားရှိချိန် ဖြစ်ပါသည်။ ညဉ့်ပရိသတ်မှာ အထူး စည်ကားလှပါသည်။ ပရိသတ်ထဲတွင် အချို့က ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်များကို မယုံကြည်သူများလည်း ပါဝင်ပါသည်။ အချို့က ယုံကြည်သူများဖြစ်သော်လည်း ထူးခြားမှုများကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့လိုခြင်း၊ လူငယ်ပီပီ လေ့လာစူးစမ်းလိုခြင်းကြောင့် ရုပ်ရှင်တော်မြတ်အနီးမှမခွာတမ်း စောင့်ဆိုင်းဖူးမြော်လျက်ရှိကြပါသည်။

ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်မှ ဓာတ်ပုံကင်မရာမီးကဲ့သို့လင်းလက်သွားသဖြင့် ဓာတ်ပုံရိုက်သူကို ရှာဖွေကြရာ ဓာတ်ပုံရိုက်သူ တစ်ဦးတစ်ယောက်မှ မရှိပါ။ ရုပ်ရှင်တော်မြတ်၏ရောင်ခြည်တော်သာ ဖြစ်သည်ဟု တညီတညွတ်တည်း ယုံကြည် လက်ခံကြကာ ဝမ်းသာပီတိဖြစ်ကြရသည်။ ထိုအချိန်မှာပင် ဗိုလ်တထောင်မြို့နယ်အတွင်းမှ မလွင်မာအောင်၊ ချယ်ရီသီရိအောင် (ထိုစဉ်က ဆေးကျောင်းသူ)တို့သည် သတင်းကြား၍ လာရောက် ဖူးမြော်ကြည်ညိုကြကာ မယ်တော်ကြီး၊ အန်တီအေးတို့အား နှုတ်ဆက် ဂါရဝပြုပြီး နေအိမ်မင်္ဂလာသို့ ပင့်ဆောင် ပူဇော်လိုသောဆန္ဒများ ဖြစ်ပေါ်၍နေကြသော်လည်း မိဘများထံ မတင်ပြရသေးခြင်း၊ ပြင်ဆင်မှုများ မပြုလုပ်ရသေးခြင်းတို့ကြောင့် မယ်တော်ကြီးတို့အား



www.burmeseclassic.com

www.burmeseclassic.com

မပြောဖြစ်ခဲ့ကြပါ။

နောက်မှသိရှိရသည်မှာ ၎င်းညီအစ်မနှစ်ဦးသည် လာမည့်နှစ် ရွှေကံကူ ရုပ်ရှင်တော်မြတ်၏ ရန်ကုန်ခရီးစဉ်ရောက်လျှင် ရုပ်ရှင်တော်မြတ်အား နေအိမ်သို့ မဖြစ်ဖြစ်အောင်ပင့်ဆောင်ပူဇော်မည်၊ မိဘများမှ ငွေမထုတ်ပေးလျှင် မိမိတို့၏ဆွဲကြိုးများကိုရောင်းပြီး ပင့်ဆောင်မည်ဟု သန္နိဋ္ဌာန်ချခဲ့ကြသည်ဟု သိရှိရပါသည်။

ရန်ကုန်မြို့သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိသော် အစဉ်အတိုင်း ပင့်ဆောင်ပူဇော်၍လာရာ မလွင်မာအောင်နှင့် မချယ်ရီသီရိအောင်တို့ ပင့်ဆောင် ပူဇော်ခွင့်ရရှိသောနေ့ရက်ကို နီးကပ်လာပါသည်။ မူလက ဆွဲကြိုးများရောင်း၍ ကုန်ကျစရိတ်များ သုံးစွဲမည်ဟု စိတ်ကူးထားသော်လည်း မမျှော်လင့်ဘဲ ငွေကြေးပြေလည်လာသဖြင့် ဆွဲကြိုးများမရောင်းရတော့ပါ။ အရင်က ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်လျှင် ငွေကြေးအများအပြား ကုန်ကျလိမ့်မည်ဟု ထင်ထားပါသည်။ အမှန်တကယ်တွင် ကုန်ကျမှုမများပါ။ ပင့်ဆောင်ပူဇော်ရာ၌ ကားကျယ်လျှင် တစ်စီးတည်းနှင့်လည်း ဖြစ်ပါသည်။ မိမိတို့၏အင်အားနှင့် အခြေအနေပေါ်မူတည်၍ အချို့က ဓမ္မစကြာပွဲများ၊ ရှေ့ပြေးဆိုင်ကယ်များ၊ ကားများ၊ ရွှေထီး,ငွေထီးများ၊ ကားတန်းရှည်ကြီးများနှင့် ပင့်ဆောင်ပူဇော်ကြသော်လည်း ထိုသို့ ပင့်ဆောင်ပူဇော်ကြရမည်ဟု မသတ်မှတ်ပါ။ မိမိတို့၏သဘောဆန္ဒအတိုင်းသာ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ဝတ္ထုငွေ လှူရမည်ဟု မသတ်မှတ်ပါ။ လှူလိုကလှူ မလှူလိုက မလှူ၊ လှူလိုသရွေ့သာလှူ ဟူသည့်အတိုင်း မိမိတို့သဘောဆန္ဒအရသာ ဖြစ်သည်။

ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်မည့် နေရာဌာနတွင် သစ်သီး ၉ မျိုး၊ ပန်း ၉ မျိုး၊ ပွဲ ၄ ပွဲ လှူဒါန်းရမည်။ သက်န်းပရိက္ခရာတစ်စုံနှင့် ဆန်၊ ဆီ၊ ဆေး၊ ဆား (ဆန်တစ်ပြည်၊ ဆီ ငါးဆယ်ကျပ်သား၊ ရဟန်းသံဃာနှင့် သက်ကြီးရွယ်အိုများနှင့် သင့်လျော်ရာမြန်မာ, အင်္ဂလိပ်ဆေးတစ်မျိုး၊ ဆားနှစ်ဆယ့်ငါးကျပ်သား) ဤနှစ်မျိုးသာ ရုပ်ရှင်တော်မြတ်အား လှူဒါန်း ဆက်ကပ်လိုက်ရမည်ဟု သတ်မှတ်ပါသည်။

မလွင်မာအောင်နှင့် မချယ်ရီသီရိအောင်(ယခု ဆရာဝန်ဖြစ်ပြီ)တို့သည် ရုပ်ရှင်တော်မြတ်အား နှစ်စဉ်ရန်ကုန်မြို့တွင် မိမိတို့နေအိမ်၌ ပင့်ဆောင် ပူဇော်ရုံမျှသာမက ရုပ်ရှင်တော်မြတ်၏ ၅ လခန့်ကြာမြင့်သော ရန်ကုန် ဒေသစာရီ ခရီးစဉ်ကာလများတွင် အခါအားလျော်စွာ ကြွရောက်ရာ နေရာဌာနတို့သို့ လိုက်ပါဖူးမြော်ရုံမျှမကပါ နှစ်စဉ် ၉ ရက် ၉ လ ရွှေကံကူ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ရွှေကံကူအောင်မြေသို့ ညဉ့်အိပ်ညဉ့်နေ ၃ နှစ်ဆက်တိုက်လာရောက်ခဲ့ကြပါသေးသည်။ ၂၀၀၉ ခုနှစ်တွင်လည်း လာရောက်ခဲ့ကြသည်ဖြစ်၍ ရွှေကံကူအောင်မြေမှ ပလ္လင်တော်တစ်ဆူ ပင့်ဆောင် ပူဇော်ခွင့်ရရှိသွားကြပါသည်။

ပလ္လင်တော်ကို ရွှေတိဂုံတောင်ဘက်စောင်းတန်း ရွှေမန်းနိဗ္ဗာန်ကုန်ဆိုင်မှ ပန်းပုနှင့်ဆေးရေး၊ ရွှေသက်န်းဆရာလေး မောင်ဖိုးဇော်ထံအပ်နှံ၍ ပြုပြင်မွမ်းမံကာ နေအိမ်တွင်ကောင်းမွန်ရှိသေစွာ ပူဇော်ခဲ့ကြပါသည်။

ဤသို့ဖြင့် ၂၀၁၀ ပြည့်နှစ်မှာပင် ရန်ကုန်မြို့ မြောက်ဒဂုံတွင် အသင့်အတင့် ကျယ်ဝန်းသပ်ရပ်သော တိုက်ကလေးတစ်လုံးကို တွေ့ရှိခဲ့ကြပါသည်။ ဈေးများမည်ထင်၍ မလှမ်းဝံ့ဟု ထင်ခဲ့သော်လည်း သင့်တော်သောဈေးဖြင့်ရရှိ၍ စရန်ငွေချေကာ မူလအိမ်ဝိုင်းကိုရောင်းရန် ကြိုးစားကြသည်။ ထိုငွေဖြင့် ပေးချေရမည်ဖြစ်သည်။ သို့သော် ကံထူးလှသည်။ ငွေချေရက်အမီ မမျှော်လင့်ဘဲ ငွေရေးကြေးရေးကိစ္စများ အလိုလို အဆင်ပြေလည်သွားရာ မူလအိမ်လည်း မရောင်းရဘဲနှင့် နောက်ထပ် အိမ်တစ်လုံးရရှိသွားခြင်း ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်တွင် ရွှေကံကူအောင်မြေမှပလ္လင်တော်များကို ပင့်ဆောင် ပူဇော်ခွင့်ရရှိသွားကြသူများသည် အိုးအိမ်အသစ်များ ထပ်မံရရှိသွားကြသည်ဟူသော အကြောင်းအရာအတွက် သာဓကတင်ပြမှုသည် ဤမျှဆိုလျှင် လုံလောက်ပြီဟုယူဆပါသည်။ ဆက်လက်ရေးသားမည်ဆိုပါက အများကြီး ကျန်ရှိနေပါသေးသည်။ ကျန်ရှိသူများကို နောင်အလျဉ်းသင့်သောအခါ ထပ်မံရေးသားပါဦးမည်။

ယခုလည်း ပလ္လင်တော်တို့ နေ့စဉ်နီးပါးမျှတိုး၍နေသဖြင့် တစ်ချိန်က လူတွေ တင်စားခေါ်ဝေါ်သမုတ်ခဲ့ကြသကဲ့သို့ 'ပလ္လင်ပေါ်ဘုရား' ဖြစ်နေပေပြီ။ ပလ္လင်တော်များ အဆမတန်ပေါ်များလာလျှင် မယ်တော်ကြီးသည် ပလ္လင်တော်များကို ဘုရားဖူးညှော်ပရိသတ်အပေါင်းအား ပြန်လည်လှူဒါန်းဦးမည် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်မည်ဆိုပါက သတင်းစာနှင့် ဂျာနယ်များတွင် ကြိုတင်၍ ကြော်ငြာများ ထည့်သွင်းပါလိမ့်မည်။

ရွှေကံကူ ကျောင်းတော်ကြီးကို ၉-၉-၂၀၁၂ တွင် စတင်၍ ပန္နက်ချရန် မယ်တော်ကြီးမှ သတ်မှတ်ထားပါသည်။ ပလ္လင်တော်လှူခြင်းသည် ကျောင်းလှူခြင်းမည်၍ ကျောင်းလှူခြင်းသည်လည်း ပလ္လင်လှူခြင်း မည်ပါသည်။

ထိုကဲ့သို့ လှူဒါန်းကြသူတို့မှာ အကျိုးပေး ပို၍ မြန်ဆန်ကြောင်း တွေ့ရပါသည်။ ရရန်ရှိသောကြွေးမြီများ တစ်လအတွင်း ပြန်လည်ရရှိခြင်း၊ ရောင်းချလိုသော အိမ်, ခြံ, ကားတို့ အမြန်ဆုံး ကြိုက်ဈေးရ၍ ရောင်းထွက်ခြင်းနှင့် အထွေထွေ အဓိဋ္ဌာန်ဆုတောင်းမှုတို့ အမြန်ဆုံး အောင်မြင်ခြင်း စသော သတင်းတို့ကို ပြန်လည်ကြားသိရလျက် ရှိပါသည်။ ထို့ကြောင့် စာရေးသူတို့မိသားစုသည်လည်း ကာယကံရှင်များနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါသည်။


*(ပလ္လင်တော်လှူဒါန်းကြသည့် အလှူရှင်များနှင့် သူရဇ္ဇမဂ္ဂဇင်းအဖွဲ့သားများ အားလုံးတို့ကို သာဓုအနုမောဒနာ ခေါ်ဆိုပါ၏။ စာရေးသူ)*

ဘိုဘို(ရွှေကံကူ)




www.burmeseclassic.com

www.burmeseclassic.com



■

သရဏဂုံတည်မြဲသူအတွက် ရတနာသုံးပါး၏တန်ခိုးတော်များ မိမိအပေါ် လွှမ်းခြုံလာတတ်၏။ ယုံကြည်မှုခိုင်မြဲခြင်းကြောင့် သဒ္ဓါတရားသည် မိမိ၏နှလုံးအိမ်၌ စွမ်းအားထက်လာတတ်၏။ သဒ္ဓါတရားသည် တရားအားလုံး၏ တံခါးပေါက်ဖြစ်သည်။ သဒ္ဓါတရားကောင်းသူအတွက် မိမိလိုရာဝင်ထွက်သွားလာရန် အရာရာ တံခါးပွင့်ပြီးသားဖြစ်သည်



ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သမာဓိထူထောင်သည့်အလုပ်တွင် စိပ်ပုတီးကို အသုံးပြုလာခဲ့သည်မှာ ခေတ်အဆက်ဆက် ဖြစ်သည်။ ယခုကာလအထိလည်း ပုတီးစိပ်ခြင်းကို ကုသိုလ်ရေးအတွက်ပြုလုပ်နေကြဆဲ ဖြစ်သည်။ အထူးသဖြင့် သမာဓိကို အခြေပြုသော ဝိဇ္ဇာဂိုဏ်းများအတွက် ပုတီးသည် မရှိမဖြစ်ပစ္စည်းဖြစ်သည်။ ထို့အပြင် စိတ်ရောဂါဝေဒနာရှင်များ၊ စိတ်ချောက်ချားသူများအတွက်လည်း စိပ်ပုတီးသည် အထူးကောင်းမွန်သော သုံးမကုန်ဆေးကြီး ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်များကမူ ပုတီးစိပ်ရန် ဗုဒ္ဓ လမ်းညွှန်မထားဟုဆိုကာ ပုတီးစိပ်ခြင်းလုံးဝမပြုဘဲ အခြားနည်းများဖြင့်သာ သမာဓိထူထောင်ကြသေးသည်။ အမှန်တကယ်တွင်လည်း ဗုဒ္ဓဘုရားရှင်လက်ထက်တွင် ရဟန်းသံဃာများသည် ပုတီးစိပ်ခြင်း၊ဆောင်ထားခြင်းများ မရှိခဲ့ကြပါ။ လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း ပုတီးစိပ်သည် ဟူ၍ ပိဋကကျမ်းဂန်များတွင် မတွေ့ရပါ။ ထိုသို့ ပုတီးမစိပ်ကြသည်မှာ ယနေ့ခေတ်ကဲ့သို့ ပုတီးကုံးများ ပေါပေါများများ မရှိခြင်း၊ ခေတ်မစားသေးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ သာသနာနောက်ပိုင်းတွင်မှ ပုတီးယဉ်ကျေးမှု တစ်စတစ်စ ထွန်းကားလာခဲ့သည်။

မည်သို့ဆိုစေ ယနေ့ခေတ်တွင်တော့ ပုတီးစိပ်သည့်ဓလေ့သည်ကား ကွယ်ပျောက်မသွားသေးချေ။ ရိုးရာဓလေ့အနေဖြင့် စိပ်နေကြဆဲ ဖြစ်ပါသည်။ ပုတီးစိပ်နည်းကလည်း အမျိုးစုံလှသည်။ အမျိုးအစားခွဲကြည့်သော် အကြမ်းအားဖြင့် ပုတီးစိပ်နည်း (၇) မျိုး တွေ့ရသည်။

၎င်းတို့မှာ -

၁။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ဆည်းကပ် ပူဇော်သောအားဖြင့် စိပ်သော သရဏဂုံပုတီးစိပ်နည်း အမျိုးမျိုး၊

၂။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် စသော ဂုဏ်တော်များကို ပွားများသည့်အနေဖြင့် စိပ်သော ဂုဏ်တော်ပုတီးစိပ်နည်း အမျိုးမျိုး၊

၃။ ရှင်သီဝလိ စသော ရဟန္တာပုဂ္ဂိုလ်များကို ပူဇော်သောအားဖြင့် စိပ်သော ရဟန္တာပူဇာပုတီးစိပ်နည်းအမျိုးမျိုး၊

၄။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ရန်စိပ်သော ထွက်ရပ်ပေါက်ပုတီးစိပ်နည်းအမျိုးမျိုး၊



www.burmeseclassic.com

www.burmeseclassic.com

၅။ အမိဋ္ဌာန် အောင်မြင်လို၍ စိပ်သော အမိဋ္ဌာန်ဝင် ပုတီးစိပ်နည်းအမျိုးမျိုး၊

၆။ လာဘ်ခေါ်ဂါထာ မန္တန်တို့ဖြင့် စိပ်ရသော လာဘ်ခေါ်ပုတီးစိပ်နည်းအမျိုးမျိုး၊

၇။ ကျန်းမာရေးကောင်းရန်၊ အခက်အခဲများ ကျော်လွှားနိုင်ရန် စသော ရည်ရွယ်ချက်အမျိုးမျိုးဖြင့်စိပ်သော ရည်ရွယ်ပုတီးစိပ်နည်းအမျိုးမျိုး ဟူ၍ ဖြစ်သည်။

၁။ သရဏဂုံပုတီးစိပ်နည်းဟူသည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရာ၌ ယုံကြည်မှု ပိုမိုခိုင်မြဲစေရန် ဘုရားကို ဆည်းကပ်ပါ၏၊ တရားကို ဆည်းကပ်ပါ၏၊ သံဃာကို ဆည်းကပ်ပါ၏ဟု အကြိမ်ကြိမ်ရွတ်ဆိုကာ ပုတီးစိပ်ခြင်း ဖြစ်သည်။ ပါဠိလို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟူ၍ ရွတ်ဆို ပုတီးစိပ်ရ၏။ ထိုသို့ စိပ်ခြင်းဖြင့် မိမိသည် ရတနာသုံးပါးအပေါ် ပိုမို ကြည်ညိုလာ၏။ နောက်ဆုံး သမာဓိ ရလာသောအခါ ယုံကြည်မှုသည် လုံးဝ ခိုင်မြဲသွားလေသည်။ ဤသည်ကို သရဏဂုံတည်သည် (သို့မဟုတ်) သရဏဂုံမြဲသည်ဟု ခေါ်၏။

သရဏဂုံ တည်မြဲသူအတွက် ရတနာသုံးပါး၏ တန်ခိုးတော်များ မိမိအပေါ် လွှမ်းခြုံလာတတ်၏။ ယုံကြည်မှုခိုင်မြဲခြင်းကြောင့် သဒ္ဓါတရားသည် မိမိ၏ နှလုံးအိမ်၌ စွမ်းအားထက်လာတတ်၏။ သဒ္ဓါတရားသည် တရားအားလုံး၏ တံခါးပေါက် ဖြစ်သည်။ သဒ္ဓါတရားကောင်းသူအတွက် မိမိလိုရာ ဝင်၊ထွက်သွားလာရန် အရာရာ တံခါးပွင့်ပြီးသား ဖြစ်သည်။ လောကီသိဒ္ဓိတန်ခိုးများ ရယူလိုပါသလား၊ လောကုတ္တရာပညာများ ပိုင်ဆိုင်လိုပါသလား၊ သဒ္ဓါတရား ခိုင်မြဲမှုအတွက် လမ်းစရပြီးသား ဖြစ်ချေပါပြီ။

ခရီးသွားသူအတွက် လမ်းစရထားလျှင် ပါးစပ်ပါ ရွာရောက် ဆိုသကဲ့သို့ မေး၍လျှောက်သွားလျှင် မိမိလိုရာ မြို့ရွာများသို့ ရောက်ရှိပါ၏။ ထို့အတူ လမ်းစနှင့်တူသော သဒ္ဓါတရားသာ ခိုင်ခိုင်မြဲမြဲရှိပါစေ ကျန်သည့် ကျင့်စဉ်များကို ဆရာသမားတို့ထံ မေးမြန်း ကျင့်ကြံခြင်းဖြင့် လိုရာသိဒ္ဓိ ပြီးစေနိုင်၏။ ထို့ကြောင့် ပုတီးစိပ်ဖို့ ရည်ရွယ်လျှင် ယုံကြည်မှု သဒ္ဓါတရားကို တိုးပွားစေတတ်သော သရဏဂုံပုတီးစိပ်နည်းထဲမှ တစ်မျိုးမျိုးကို စတင်ယူအပ်၏။ 'ပုတီးစိပ်က သရဏ၊ အစဦးဆုံးယူ' ဟု လင်္ကာဖြင့် မှတ်သားပါ။

၂။ ဂုဏ်တော်ပုတီးစိပ်နည်း ဟူသည် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးတို့ကို ချီးကျူးပူဇော်သောအားဖြင့် နှုတ်မှ အရဟံ စသည်ဖြင့် ရွတ်ဆို၍ ပုတီးစိပ်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ရတနာသုံးပါး၏ ဂုဏ်တော်များကို ပါဠိလို ရွတ်ဆို၍ ပုတီးစိပ်ခြင်း ဖြစ်သည်။ အချို့လည်း ပါဠိ+အနက်ဖြင့် ပုတီးစိပ်ကြသည်။ ထိုသို့စိပ်ရာတွင် ဘုရားဂုဏ်တော်ကိုးပါးမျှသာ စိပ်သည်လည်းရှိ၏။ ရတနာသုံးပါးစလုံး၏ ဂုဏ်တော်ပေါင်း (၂၄) ပါးကို စုံလင်အောင်စိပ်သည်လည်း ရှိသည်။ မိမိတတ်နိုင်သမျှ စိပ်နိုင်ပါသည်။ ထိုသို့ စိပ်ခြင်းဖြင့် မိမိသည် ရတနာသုံးပါးဂုဏ်တော်များအပေါ် ယုံကြည် သက်ဝင်လာမည်။ သဒ္ဓါတရား တိုးပွားလာမည်။ ထို့အပြင် ဂုဏ်တော်များသည် နဂိုကတည်းက အစွမ်းသိဒ္ဓိများ ရှိနှင့်ပြီးသားဖြစ်၍ ပူဇော်သူတို့အတွက် ထိုအစွမ်းသတ္တိများ ကူးစက်ဖြစ်တည်လာတတ်သည်။

ဂုဏ်တော်ပုတီးစိပ်နည်းကို နေ့စဉ် ပုံမှန်ပြုခြင်းအားဖြင့် သီလကို မကျိုးမပေါက် ခိုင်မြဲစေ၏။ သမာဓိကို ရလွယ်စေ၏။ အာရုံအလင်းပေါက်ခြင်း စသည့် ပဋိဘာဂနိမိတ်၊ ဥဂ္ဂဟနိမိတ်များ ထင်ရှားတွေ့မြင်နိုင်ခြင်း၊ အဓိဋ္ဌာန်အောင်မှုမြန်စေခြင်း စသည့် အကျိုးထူးများ ရရှိနိုင်သည်။ စိတ်ချောက်ချားခြင်း၊ တစ္ဆေ၊ မှင်စာ စသည်တို့ နှောင့်ယှက်ခြင်း၊ စုန်းပယောဂ၊ နတ်ပယောဂ စသည့် အမှောင့်မာတ်ဝင်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ စီးပွားရေးမကောင်းခြင်း၊ အတိုက်အခံပေါ်များခြင်း စသည့် အခက်အခဲမျိုးစုံကိုလည်း ဂုဏ်တော်ပုတီး ပုံမှန်စိပ်ခြင်းဖြင့် ကျော်လွှားနိုင်ပါသည်။ ကျော်လွှားနိုင်သည်ဆိုရာ၌လည်း အရာရာအားလုံးကို အလိုအလျောက် ကျော်လွှားသည်တော့ မဟုတ်။ ဂုဏ်တော်အစွမ်း ထိရောက်သော အခက်အခဲများကိုသာ ကျော်လွှားသွားမည် ဖြစ်ပါသည်။ ဂုဏ်တော်မထိရောက်သော မိမိ၏ကြမ္မာဆိုးများကိုမူ ကျော်လွှားနိုင်လိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် မိမိ၌ လက်ရှိကြုံတွေ့နေရသော အဆိုးရွားဆုံးသော ကံကြမ္မာများကို ရွေးထုတ်လျက် ထိုကံကြမ္မာဆိုးများမှ အမြန်ဆုံး လွတ်မြောက်စေရန် ဆုတောင်း အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ရမည်။ ပုတီးစိပ်ခြင်းသည် သမထဘာဝနာ ဖြစ်သောကြောင့် သူချည်းသက်သက် အစွမ်းမထက်နိုင်။ အဓိဋ္ဌာန်ပါမှ တန်ခိုးစွမ်းပြ၏။ ထို့ကြောင့် မိမိတို့၏အခက်အခဲများအား ဂုဏ်တော်ထိရောက်စေရန် လွတ်မြောက်စေကြောင်း ဆုတောင်း အဓိဋ္ဌာန်ပြု၍ ဂုဏ်တော်ပုတီးကို နေ့စဉ်စိပ်ပါ။ 'ဂုဏ်တော်အစွမ်း အားလုံးလွှမ်း ငြိမ်းချမ်းအောင်လံထူ' ဟု လင်္ကာဖြင့် မှတ်သားပါ။

၃။ ရဟန္တာပူဇာ ပုတီးစိပ်နည်း ဟူသည် မိမိကြည်ညိုသော ဘုရားရှင်လက်ထက်တော်က ရဟန္တာတစ်ဆူဆူကိုဖြစ်စေ၊ သာသနာနောက်ပိုင်းတွင်မှ ကိစ္စပြီးတော်မူကြသောရဟန္တာတစ်ဆူဆူကိုဖြစ်စေ၊ လက်ရှိ သက်တော် ထင်ရှားရှိနေသော ရဟန္တာဟုသမုတ်ရသော ရဟန်းတစ်ပါးပါးကိုဖြစ်စေ ဂါထာဖြင့် ရွတ်ဆိုပူဇော်၍ ပုတီးစိပ်ခြင်း ဖြစ်သည်။ ထိုသို့ ပုတီးစိပ်ခြင်းဖြင့် မိမိသည် အရိယာသူတော်စင်များအပေါ် ကြည်ညိုလာတတ်သည်။ ရဟန္တာများသည် အရိယာပုဂ္ဂိုလ်များ ဖြစ်သောကြောင့် ကြည်ညိုသူအတွက် အရိယာဓာတ်များ ကူးစက်လာတတ်သည်။ ရဟန္တာတို့၏ သီးခြားဂုဏ်ထူးများ မိမိထံ



www.burmeseclassic.com

www.burmeseclassic.com



■

သရဏဂုံတည်မြဲသူအတွက် ရတနာသုံးပါး၏တန်ခိုးတော်များ
မိမိအပေါ် လွှမ်းခြုံလာတတ်၏။ ယုံကြည်မှုခိုင်မြဲခြင်းကြောင့်
သဒ္ဓါတရားသည် မိမိ၏နှလုံးအိမ်၌ စွမ်းအားထက်လာတတ်၏။
သဒ္ဓါတရားသည် တရားအားလုံး၏ တံခါးပေါက်ဖြစ်သည်။
သဒ္ဓါတရားကောင်းသူအတွက် မိမိလိုရာဝင်၊ထွက်သွားလာရန်
အရာရာ တံခါးပွင့်ပြီးသားဖြစ်သည်

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သမာဓိထူထောင်သည့်အလုပ်တွင် စိပ်ပုတီးကို အသုံးပြုလာခဲ့သည်မှာ ခေတ်အဆက်ဆက် ဖြစ်သည်။ ယခုကာလအထိလည်း ပုတီးစိပ်ခြင်းကို ကုသိုလ်ရေးအတွက်ပြုလုပ်နေကြဆဲ ဖြစ်သည်။ အထူးသဖြင့် သမာဓိကို အခြေပြုသော ဝိဇ္ဇာဂိုဏ်းများအတွက် ပုတီးသည် မရှိမဖြစ်ပစ္စည်းဖြစ်သည်။ ထို့အပြင် စိတ်ရောဂါဝေဒနာရှင်များ၊ စိတ်ချောက်ချားသူများအတွက်လည်း စိပ်ပုတီးသည် အထူးကောင်းမွန်သော သုံးမကုန်ဆေးကြီးဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်များကမူ ပုတီးစိပ်ရန် ဗုဒ္ဓ လမ်းညွှန်မထားဟုဆိုကာ ပုတီးစိပ်ခြင်းလုံးဝမပြုဘဲ အခြားနည်းများဖြင့်သာ သမာဓိထူထောင်ကြလေသည်။ အမှန်တကယ်တွင်လည်း ဗုဒ္ဓဘုရားရှင်လက်ထက်တွင် ရဟန်းသံဃာများသည် ပုတီးစိပ်ခြင်း၊ဆောင်ထားခြင်းများ မရှိခဲ့ကြပါ။ လူပုဂ္ဂိုလ်ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း ပုတီးစိပ်သည် ဟူ၍ ပိဋကကျမ်းဂန်များတွင် မတွေ့ရပါ။ ထိုသို့ပုတီးမစိပ်ကြသည်မှာ ယနေ့ခေတ်ကဲ့သို့ ပုတီးကုံးများ ပေါပေါများများ မရှိခြင်း၊ ခေတ်မစားသေးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ သာသနာနောက်ပိုင်းတွင်မှ ပုတီးယဉ်ကျေးမှုတစ်စတစ်စ ထွန်းကားလာခဲ့သည်။

မည်သို့ဆိုစေ ယနေ့ခေတ်တွင်တော့ ပုတီးစိပ်သည့်ဓလေ့သည်ကားကွယ်ပျောက်မသွားသေးချေ။ ရိုးရာဓလေ့အနေဖြင့် စိပ်နေကြဆဲ ဖြစ်ပါသည်။ ပုတီးစိပ်နည်းကလည်း အမျိုးစုံလှသည်။ အမျိုးအစားခွဲကြည့်သော် အကြမ်းအားဖြင့် ပုတီးစိပ်နည်း (၇) မျိုး တွေ့ရသည်။

၎င်းတို့မှာ -

၁။ ဘုရား, တရား, သံဃာတည်းဟူသော ရတနာသုံးပါးကို ဆည်းကပ် ပူဇော်သောအားဖြင့် စိပ်သော သရဏဂုံပုတီးစိပ်နည်းအမျိုးမျိုး၊

၂။ ဘုရားဂုဏ်တော်, တရားဂုဏ်တော် စသော ဂုဏ်တော်များကို ပွားများသည့်အနေဖြင့် စိပ်သော ဂုဏ်တော်ပုတီးစိပ်နည်းအမျိုးမျိုး၊

၃။ ရှင်သီဝလိ စသော ရဟန္တာပုဂ္ဂိုလ်များကို ပူဇော်သောအားဖြင့် စိပ်သော ရဟန္တာပူဇာပုတီးစိပ်နည်းအမျိုးမျိုး၊

၄။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ရန်စိပ်သော ထွက်ရပ်ပေါက်ပုတီးစိပ်နည်းအမျိုးမျိုး၊



www.burmeseclassic.com

www.burmeseclassic.com

မိဋ္ဌာန်အောင်ထားသူသည် မိမိရော သတ္တဝါဝေနေယျတို့အတွက်ပါ ကယ်တင်ပေးနိုင်သူ ဖြစ်သည်။ ထို့ကြောင့် သူတော်စင်အများစုသည် ပုတီးစိပ်ရာတွင် အဓိဋ္ဌာန်ပါဝင်စမြဲ ဖြစ်၏။ သို့သော် အဓိဋ္ဌာန်ပုတီးစိပ်နည်းသည် ရက်ရှည်လများ အားထုတ်ရသဖြင့် သာမန်ဝီရိယမျိုးဖြင့် အောင်မြင်ရန် ခဲယဉ်းလှသည်။ 'အဓိဋ္ဌာန်အောင် လောကအောင်၊ ကယ်ဆောင်နိုင်မည့်သူ' ဟု လက်ာဖြင့် မှတ်သားပါ။

၆။ လာဘ်ခေါ် ပုတီးစိပ်နည်းဟူသည် ရှင်သီဝလိဂါထာ စသည့် လာဘ်လာဘတိုးပွားစေသောဂါထာများဖြင့် ရွတ်ဆိုပုတီးစိပ်ခြင်း ဖြစ်၏။ ဘုရားနှုတ်ကပါဠိဂါထာများ၊ လာဘ်ခေါ်မန္တန်များ များစွာရှိပါသည်။ မိမိကြိုက်နှစ်သက်ရာ တစ်မျိုး၊ နှစ်မျိုးလောက်ဖြင့်စိပ်လျှင် လုံလောက်ပါပြီ။ ပုတီးစိပ်ရာတွင်သာ မတရားလိုချင်သော လောဘအစား တရားမျှတစွာရချင်သောဆန္ဒကို မိမိနှလုံးသားဖြင့်တည်ထားပြီး ထိုကောင်းသောဆန္ဒကို ပုတီးစိပ်ခြင်းဖြင့် ပွားများအောင်လုပ်ရသည်။ ဆန္ဒဟူသည် တကယ်ဖြစ်လာခြင်း၊ အောင်မြင်ခြင်းတို့၏ သော့ချက်ဖြစ်သည်။ လာဘ်လာဘလိုချင်သောဆန္ဒ အားကောင်းမှသာလျှင် လာဘ်လာဘတို့သည် ဧကန်ဝင်ရောက်လာမည် ဖြစ်သည်။

ထို့အပြင် လာဘ်လာဘကို ရစေနိုင်သော ဂါထာမန္တန်များကို ရွတ်ဆိုရခြင်းကြောင့် လည်းကောင်း၊ လာဘ်လာဘဆန္ဒကိုမှီ၍ သမာဓိထူထောင်ခြင်းကြောင့် လည်းကောင်း၊ လာဘ်လာဘတို့သည် အခြားဌာရပ်တည်မနေနိုင်။ မိမိထံသို့ ရောက်လာရ၏။ လာဘ်လာဘ ဟူသည် လူချစ်၊ နတ်ချစ်ခြင်းကြောင့်လည်း ၎င်းတို့၏ ပေးကမ်းမ,စမှုဖြင့်ရတတ်သည်လည်း ရှိပေရာ လူ၊ နတ်တို့ ချစ်ခင်တတ်သော ရှင်သီဝလိဂါထာနှင့် အခြား ပီယသိဒ္ဓိမန္တန်များကိုလည်း လာဘ်လာဘအတွက် ပုတီးစိပ်ရာတွင် အသုံးပြုအပ်၏။ သို့မှသာ ပစ္စည်းဥစ္စာ လာဘ်လာဘများ ပိုမို တိုးပွားရရှိလာမည် ဖြစ်သည်။

လာဘ်ခေါ်ပုတီးစိပ်ရာတွင် သူတစ်ပါး မြတ်နိုး ပိုင်ဆိုင်ထားသည်များကို ရယူလိုခြင်း၊ သူတစ်ပါး ကြိုးပမ်း ရယူနေသောအရာကို မိမိက ကြားဖြတ်ရယူလိုခြင်း၊ သူတစ်ပါးနှင့် အပြိုင်အဆိုင် လုယူချင်သော လောဘစိတ်များ မထားအပ်ပေ။ မတရားရယူခြင်းသည် လူမိုက်တို့၏လမ်းစဉ် ဖြစ်သည်။ ပုတီးစိပ်ခြင်းသည် သူတော်စင်တို့၏လမ်းစဉ် ဖြစ်ပေရာ တရားမျှတစွာ ရယူချင်သောဆန္ဒဖြင့် ကျင့်ကြံ အားထုတ်ခြင်းသာ လိုက်ဖက် တင့်တယ်ပါသည်။ လာဘ်လာဘများရရှိလာလျှင်လည်း မိမိတစ်ဦးတည် မစားသုံးဘဲ ဆာလောင်ဒုက္ခရောက်နေသူ မှန်သမျှတို့အား ခွဲဝေပေးမည် ဟူသော စိတ်ကောင်းထားပါမှ ပုတီးစိပ်ခြင်း စသော သူတော်စင်လမ်းစဉ်တို့နှင့်ဆီလျော်၍ ပုတီးစိပ်ကာ လာဘ်ခေါ်တိုင်း လာဘ်လာဘတို့ မိမိရှေ့မှောက်သို့ ဧကန်ရောက်ရပေတော့သည်။ 'ပုတီးစိပ်ကာ၊ လာဘ်ခေါ်ပါ၊ ဥစ္စာအရယူ' ဟု လက်ာဖြင့် မှတ်သားပါ။

၇။ ရည်ရွယ်ပုတီးစိပ်နည်းဟူသည် မိမိ၏အခက်အခဲပြဿနာများ ပယ်ပျောက်စေရန် စိတ်တွင် ရည်မှန်း၍သော် လည်းကောင်း၊ မိမိရလိုသောအရာများကို ရရှိစေရန် ရည်ရွယ်ချက်ထား၍သော် လည်းကောင်း ပုတီးစိပ်ခြင်း ဖြစ်၏။ ဥပမာ ကျန်းမာရေးမကောင်း၍ အလုပ်အကိုင် ပျက်ကာ အခက်တွေ့နေလျှင် ထိုအခက်အခဲမှ ကျော်လွှားနိုင်ပါစေဟု စိတ်၌ရည်မှန်း၍ ပုတီးစိပ်ခြင်းမျိုး၊ စာမေးပွဲအောင်မြင်လိုသော် စာမေးပွဲ အောင်မြင်ပါစေဟု စိတ်၌ ရည်ရွယ်ချက်ထား၍ ပုတီးစိပ်ခြင်းမျိုး ဖြစ်သည်။ ထိုသို့ ရည်ရွယ်ရည်မှန်း ပုတီးစိပ်ရာတွင် နေ့၊ ည ဘုရားရှိခိုးအပြီးတွင် လည်းကောင်း၊ အခြားစေတီ, ရုပ်ပွားတော်တစ်ဆူဆူ၏ ရှေ့မှောက်၌ လည်းကောင်း ပြုလုပ်အပ်၏။ ဤပုတီးစိပ်နည်းသည် စိတ်ကမှန်းရုံသာမှန်း၍ပြုလုပ်ရသောကြောင့် ရှေး၌ကုသိုလ်ဓာတ်ခံမရှိလျှင် အောင်မြင်ရန် ခဲယဉ်းပါသည်။ သို့သော် ပုတီးမစိပ်မီ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူခြင်း၊ သီလဆောက်တည်ခြင်းများပြုလုပ်၍ ၎င်းကုသိုလ်များကို အမှီပြုကာ ရည်မှန်းပုတီးစိပ်လျှင်မူ သမာဓိအနည်းငယ်ဖြင့်ပင် လိုရာကို လွယ်လွယ်နှင့် ပြီးမြောက် အောင်မြင်၏။

အချို့ ကျောင်းသားမိဘတို့သည် မိမိတို့၏ ရင်သွေးများကို စာမေးပွဲအောင်မြင်ရန်ဟု ဆိုကာ စာမေးပွဲနီးခါမှ ငွေကုန်ကြေကျခံကာ ယတြာချေပေးတတ်ကြ၏။ အချို့ ပိုက်ဆံအဆမတန်ဖြင့် ကန်တော့ပွဲပေးခြင်းမှ နတ်ကနားပေးခြင်းအထိ ပြုပေးကြ၏။ သို့သော် ၎င်းကျောင်းသူကျောင်းသားတို့ကိုယ်၌က ရည်မှန်းစိတ် အားနည်းနေသဖြင့် အောင်မြင်ရန် ခဲယဉ်းတော့၏။ ထို့ကြောင့် ကျောင်းသူကျောင်းသားတို့အနေဖြင့် နှစ်စဉ် အတန်းတက်နိုင်ရန် စာမေးပွဲအောင်လိုသော ရည်မှန်းစိတ်၊ ရည်ရွယ်စိတ်များကို နှစ်စကတည်းက မွေးမြူထားရပေမည်။ ထိုသို့ ရည်မှန်းစိတ်၊ ရည်ရွယ်စိတ်များ မွေးမြူရာတွင် ပုတီးသည် အကောင်းဆုံး မောင်းနှင်အား ဖြစ်သည်။ ပုတီးစိပ်ခြင်းသည် စိတ်တည်ငြိမ်၍ စာကျက်ရာတွင် ရလွယ်သည်။ ဦးနှောက်ကလာပ်စည်း (Braiii Sells) များကို ရှင်သန် လန်းဆန်းစေ၍ ဉာဏ်ရည်ဉာဏ်သွေးကို ထက်မြက်စေ၏။

ရည်မှန်းပုတီးစိပ်နည်းသည် လောကီ၊ လောကုတ် ရည်မှန်းချက်ရှိသူတိုင်း အားထားရသောနည်းတစ်နည်း ဖြစ်ပေသည်။ 'အရာရာတွင်၊ ပြေလည်ချင်၊ စိတ်တွင်ရည်မှန်း ပုတီးကူ' ဟု လက်ာဖြင့် မှတ်ပါလေ။

တကယ်တော့ ပုတီးစိပ်ခြင်းသည် အချိန်ကိုအသုံးပြုရသော ကျင့်စဉ်မျိုးဖြစ်ရာ အလုပ်ချိန်များ၊ စာကျက်ချိန်များကို မထိခိုက်စေရန် အားလပ်ချိန်များ၊ ကျောင်းပိတ်ရက်များတွင် အဓိကထား၍ စိပ်သင့်ပါသည်။ အားလပ်ချိန်များတွင် အပျော်အပါးလိုက်စားမည့်အစား ပုတီးစိပ်နေလျှင် အထူးပင် အကျိုးများမည် ဖြစ်သည်။ ပုတီးစိပ်ခြင်းသည် သမာဓိကို အာရုံယူရသောကြောင့် လောဘ၊ ဒေါသ စသော အကုသိုလ်စိတ်များ မေးမှိန်စေပြီး ကုသိုလ်စိတ်များ



www.burmeseclassic.com

www.burmeseclassic.com

တဖွားဖွားပေါ်ပေါက်လာတတ်သည်။ ထိုကုသိုလ်စိတ်များကြောင့် ဂြိုဟ်ဆိုးကြမ္မာဆိုးများ မိမိအနီးအပါးမှ အဝေးသို့ လွင့်စဉ်ကုန်၏။

အန္တရာယ် သုံးမျိုးအနက် ကိလေသာအန္တရာယ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟကြောင့် တိုက်ခိုက်လုယက် သတ်ဖြတ်နေမှုအန္တရာယ်၊ ကမ္မအန္တရာယ် ဟူသော အတိတ်ကံ၊ ပစ္စုပ္ပန်ကံကြောင့်ဖြစ်သော အန္တရာယ်တို့ကို ပုတီးစိပ်ခြင်းက နှိမ်နင်းနိုင်၏။ ဝိပါကန္တရာယ် ဟူသည့် ကျိန်းသေ အကျိုးပေးမည့် ဝဋ်လည်ခြင်းကိုသာ ပုတီးဖြင့်မနိုင်၊ ဝိပါက်ကြမ္မာကို ဘုရားရှင်တို့၏ တန်ခိုးဖြင့်လည်း မနိုင်။ သို့သော် ထိုဝိပါကခေါ် အန္တရာယ်ဆိုးကို နိဗ္ဗာန်က နိုင်၏။ နိဗ္ဗာန်သည် ကိလေသန္တရာယ်၊ ကမ္မန္တရာယ်၊ ဝိပါကန္တရာယ် တည်းဟူသော မဟာအန္တရာယ်ကြီးသုံးမျိုးစလုံးကို နှိမ်နင်းနိုင်၏။

သို့ကြောင့် မိမိတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ပုတီးစိပ်ခြင်း၏ အကျိုးတရားဖြစ်သော သမာဓိလောက်ဖြင့်သာ အားရတင်းတိမ်မနေဘဲ အန္တရာယ်ကြီး သုံးမျိုးစလုံးမှ လွတ်ကင်းနိုင်ရေးအတွက် နိဗ္ဗာန်ကိုရရန် ကျင့်ကြံအားထုတ်ရပေဦးမည်။ နိဗ္ဗာန်ရရန် မဂ္ဂင်လမ်းစဉ်ကို ကျင့်ရသည်။ မဂ္ဂင်လမ်းစဉ်တွင် သမာဓိနှင့် ဝိပဿနာသည် အဓိကလုပ်ငန်းနှစ်ရပ် ဖြစ်သည်။ သမာဓိကို ရှေးဦးစွာရအောင် အားထုတ်၍ သမာဓိရမှ ဝိပဿနာ ဟူသော ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးတင်၍ ရှုရသောအလုပ်ကို ကျင့်ကြံရသည်။ ပုတီးစိပ်၍ သမာဓိထူထောင်ထားသူသည် (လိုအပ်သေးလျှင် အာနာပါန စသည်ဖြင့် သမာဓိ ထပ်မံ ထူထောင်ရုံမျှဖြင့်) ဝိပဿနာ တည်းဟူသော အန္တရာယ်သုံးပါး လွတ်မြောက်ကြောင်းတရားကို အလွယ်တကူ ပွားများအားထုတ်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပုတီးစိပ်ခြင်းသည် နိဗ္ဗာန်၏တံခါးတစ်ချပ်ဆိုလျှင် မှားအံ့မထင်ပါချေ။

ဖျာပုံတင်နိုင်ဝင်း

[redacted]

ဒီပဲရင်းဆရာတော်ကြီး၏

# နှစ်သက်ဖွယ်ရာ ဆုတောင်းစာ

**ဆရာဦးစိန်လှိုင်**(ကျိုက်လတ်)



ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတွင် လူမျိုးပေါင်းစုံရှိကြသည်။ လူမျိုးအလိုက် ကိုးကွယ်သောဘာသာများရှိကြသလို ဆုတောင်းများလည်း အကွဲကွဲအပြားပြားရှိကြသည်။ ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သောသူများပင်လျှင် ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးတို့နှင့် ပတ်သက်၍ ပူဇော်သက္ကာရပြုပြီးလျှင် ဆုတောင်းပတ္ထနာပြုသည်များမှာ အမျိုးမျိုးရှိကြ၏။ အဓိကဆုတောင်းမှာ ဘဝပြတ်သွားရန် နိဗ္ဗာန်ရောက်ဖို့ဖြစ်၏။ တစ်ဘဝအတွက် ဆုတောင်းများလည်း ရှိသည်။ အသက်ရှည်ကျန်းမာရန်၊ ဘေးဥပဒ်ရန်ကင်းဝေးစေရန်၊ ဥစ္စာစီးပွားတိုးတက်ချမ်းသာစေရန်၊ ဒုက္ခကင်းဝေး သောကကင်းရန်များအပြင် နိဗ္ဗာန်မရောက်မီစပ်ကြား လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်များ ရရှိခံစား, စံစားနိုင်ရန် ဆုတောင်းကြသည်။ ထိုဆုတောင်းများ အသီးသီးရှိသည်တွင် အောက်ဖော်ပြပါ ဒီပဲရင်းဆရာတော်ကြီး၏ နှစ်သက် မြတ်နိုးဖွယ်ကောင်းသည့် ထူးခြားသော ဆုတောင်းကို အများအတွက် မျှဝေပေးလိုက်ပါသည်။

ဒီပဲရင်းဆရာတော်ကြီး၏**ပရမတ္ထစက္ခုကျမ်းနိဂုံး**တွင် ရေးသားထားသော -

❑ ပရေသံ ဟိတာ မိစ္ဆေယျံ၊ ဟိတာံ



www.burmeseclassic.com

www.burmeseclassic.com

မေ ဣစ္ဆိတံ ပရော၊
နာညဿ ဒုက္ခံ မိစ္ဆေယျံ၊ မာ မေ ဒုက္ခံ ဣစ္ဆိတံ ပရော။

- *ငါသည် သူတစ်ပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရပါလို၏။*
  *သူတစ်ပါးတို့ကလည်း ငါ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ကြပါစေ။*
- *ငါသည် သူတစ်ပါးတို့ ဒုက္ခရောက်သည်ကို မလိုလားပါ။*
  *ငါဒုက္ခရောက်ဖြစ်မည်ကိုလည်း သူတစ်ပါးတို့ မလိုလားကြပါစေနှင့်။*
- န ဟိ သေယျံ ပရံ ပါဏံ၊ မာ မံ ဝိဟေသတံ ပရော၊
  န စ ဘဝေ အပ္ပံ ဝေရီ၊ မာ ဝေရီ ဟောတု မေ ပရော။
- *ငါသည် တစ်ပါးသော သတ္တဝါတို့ကို နှိပ်စက်ညှဉ်းဆဲမှုမပြုပါရစေနှင့်။*
  *သူတစ်ပါးတို့ကလည်း ငါ့ကို မနှိပ်စက်၊ မညှဉ်းဆဲကြပါစေနှင့်။*
- *ငါသည် တစ်ပါးသောသူတို့အတွက် ရန်သူမဖြစ်ပါရစေနှင့်။*
  *သူတစ်ပါးတို့သည်လည်း ငါ၏ ရန်သူမဖြစ်ပါစေသတည်း။*

ဟူသော နှစ်သက်မြတ်နိုးဖွယ်ကောင်းသည့် ဤဆုတောင်းစာကို တွေ့ရှိခဲ့ရာမှ ကုသိုလ်ကောင်းမှုတစ်ခုခုပြု လုပ်သည့်အခါတိုင်း ဒီပဲရင်းဆရာတော်ကြီး၏ ဆုတောင်းသည့်အတိုင်း ဆုတောင်းခဲ့ပါသည်။

ဤဆုတောင်းများသည် ဇာတကနှင့် ဗုဒ္ဓစရိယတို့ကို မှီငြမ်းပြုထားကြောင်း သိရှိရပါသည်။

ဗုဒ္ဓစရိယဇာတကကျမ်းများ၌ လူတန်းစားမရွေး လောကလူသားတိုင်းတို့၏ ကောင်းကျိုးတို့ကို ဆောင်ရွက်သောမေတ္တာလမ်းစဉ် အကောင်း၊ အဆိုး နှစ်မျိုး ကြုံတွေ့ကြရာတွင် အကောင်းဘက်ကိုလည်း တဏှာဖြင့်လည်းကောင်း၊ အဆိုးဘက်ကိုလည်း ဒေါသဖြင့် လည်းကောင်း မထိမပုတ်ခြင်း ဟူသော ခန္တီလမ်းစဉ်၊ ဒုက္ခရောက်သော လူသားတို့၏ ဒုက္ခကို ပယ်ဖျောက်လိုသောစိတ်၊ စောင့်ရှောက်လိုစိတ်များမွေးမြူခြင်း၊ အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာကိုမကြည့်ဘဲ ဒုက္ခဖြစ်သူတို့၏ ပူလောင်သောနှလုံးသားကိုသာကြည့်၍ ထိုပူလောင်သောနှလုံးသားကို ငြိမ်းချမ်းစေလိုခြင်း ဟူသော ကရုဏာလမ်းစဉ်၊ သတိ, ပညာ ချို့တဲ့ရှာသဖြင့် ဘဝအမှောင်တွင် စမ်းတဝါးဝါး လမ်းသွားနေကြသော လူသားတို့၏ ဘဝအမှောင်ကို ပယ်ဖျောက်၍ အလင်းရောင်ပေးခြင်းဟူသော ပညာလမ်းစဉ်တို့သည် ဘုရားလောင်းတော်များ လျှောက်လှမ်းတော်မူခဲ့ကြသော ရှေးရိုးလမ်းဟောင်းများ ဖြစ်သည်။

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၌ ပွင့်တော်မူခဲ့ကြကုန်သော ဘုရားရှင်နှစ်ကျိပ်ရှစ်ဆူတို့သည် ဤလမ်းကြောင်းအတိုင်းပင် တစ်ကြောင်းတည်း၊ တစ်ဖြောင့်တည်း၊ တစ်ထပ်တည်း လျှောက်လှမ်းတော်မူခဲ့ကြကုန်၏။ ဤသို့ဖြင့်ပင်လျှင် ဤလမ်းစဉ်တို့သည် တထာဂတလမ်းစဉ်ဖြစ်သည်ဟု ဆိုနိုင်ပေလိမ့်မည်။

ရေသည် လူကောင်းနှင့် လူဆိုး နှစ်မျိုးစလုံးကို အေးချမ်းစေသည် ဆိုသည်မှာ တစ်ခုတည်းသောသတ္တိဖြစ်သည်။ မေတ္တာဟူသည် ရေနှင့်တူ၏။

မြေကြီးသည် မွှေးကြိုင်သော ပန်းပင်ကလေးများ ကျရောက်လာသည်ကိုလည်း မမက်မော၊ မသိမ်းပိုက်။ လူသန်းပေါင်းများစွာတို့၏ အညစ်အကြေးများ စွန့်သွန်ပစ်နေသည်ကိုလည်း မထိခိုက်၊ မတုံ့ပြန်။ ခန္တီ ဟူသည် မြေကြီးနှင့်တူ၏။

လရောင်ဟူသည် လူကောင်း၊ သူတော်ကောင်းတို့နေသော မြို့များကိုသာမက လူဆိုးသူဆိုးလူမိုက်တို့ နေထိုင်သော တောအုံချုံကြားများအထိ အေးမြသောရောင်ခြည်ကို လွှတ်ပါသည်။ ကရုဏာဓာတ်သည် လရောင်ကဲ့သို့ လူသားတို့၏နှလုံးသားကို အေးချမ်းစေသည်။ ကရုဏာသည် လရောင်နှင့်တူ၏။

နေရောင်သည် လောကဓာတ်တစ်ခုလုံးရှိ အမှောင်ကို ပယ်ဖျောက်၍ နွေးထွေးသော အလင်းရောင်ကို ပေးပါသည်။ ပညာသည် နေကဲ့သို့ လူသားတိုင်းကို နွေးနွေးထွေးထွေး ဉာဏ်အလင်းပေးပါသည်။ ပညာသည် နေရောင်နှင့် တူ၏။

ရှင်တော်မြတ်ဘုရား၏ သုမေဓာရသေ့ဘဝ၌ စတင်ချမှတ်ခဲ့သော လောကတ္ထစရိယ သူတစ်ပါးတို့၏အကျိုးစီးပွားတို့ကို ဆောင်ရွက်ရာတွင် အထက်ဖော်ပြပါ မေတ္တာ၊ ကရုဏာ၊ ခန္တီ၊ ပညာတရားတို့ကို စိတ်ဓာတ်နှင့် နှလုံးသားတို့၏ အဓိကကျသော အရည်အချင်းများဖြင့် ကျင့်သုံးတော်မူခဲ့ကြောင်းကို ကောင်းကောင်းကြီး တွေ့ရမည် ဖြစ်ပေသည်။

ထိုအရည်အချင်းတို့ကို ကိုယ်ကျင့်တရား, သစ္စာတရား, စိတ်ဓာတ်ခိုင်မာခြင်းနှင့်တည်ငြိမ်ခြင်း ဟူသော အဓိဋ္ဌာန်နှင့် ဥပေက္ခာတရား၊ ပေးကမ်းခြင်း, စွန့်လွှတ်ခြင်း ဟူသော ဒါနစာဂတို့ဖြင့် အမွှမ်းတင် တန်ဆာဆင်ခဲ့လေသည်။

ဤသို့လျှင် အထက်ဖော်ပြပါ လူမြတ်၏ ကျင့်စဉ် (ပါရမီ) တို့မှာ ဗုဒ္ဓဖြစ်ဖို့ ရည်ရွယ်သည် ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ လူသားတိုင်း ကျင့်သင့်ကျင့်ထိုက်ကျင့်နိုင်ခွင့်ရှိသော လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာမခွဲခြားဘဲ လူသားတိုင်း လက်တွဲလမ်းလျှောက်နိုင်သော ကျင့်စဉ်လမ်းစဉ် ဖြစ်ပေသည်။

ဤမှန်မြတ်သော ကျင့်စဉ်တို့သည် လူသားတိုင်း လျှောက်လှမ်းရမည့် မှန်မြတ်သော လမ်းကြောင်းကြီးဖြစ်ရုံမျှမက လူသားတို့က အတုယူ၍ကာ လက်တွဲနေကြရမည့် မှန်မြတ်လှစွာ ဘုံဌာနကြီးတစ်ခုဖြစ်ပါသည်။

*ခုနစ်နေ့သားသမီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ဘေးကင်းကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# [illegible]

သတ္တလောကကြီး၌ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် မှီရာ၊ အားကိုးအားထားရာကို ရှာနေကြရသောသတ္တဝါများသာ ဖြစ်သည်။ လူ့ဘုံဌာန လူ့လောက၌ သားသမီးက မိဘကိုအားကိုးအထားပြု၍ ကြီးပြင်းခဲ့ကြရသည်။ မယားက လင်ကိုအားထား၍ လင်က မယားကိုအားထားသည်။ ဆွေမျိုးသားချင်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး အားကိုးအားထားပြုကြသည်။ မိတ်ဆွေအချင်းချင်း တစ်ဦးနှင့်တစ်ဦး အားကိုးအားထားပြုကြသည်။ ဆရာနှင့်တပည့်သည်လည်း အပြန်အလှန် အားထားကြသည်။ အထက်လူနှင့်အောက်လူ အပြန်အလှန်အားထားကြရသည်။ မင်းအစိုးရနှင့်ပြည်သူတို့ အပြန်အလှန် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သဘောအားဖြင့် အပြန်အလှန်အားထားကြရသည်။ သို့ဖြင့် လောကရှိ သတ္တဝါတို့သည် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အပြန်အလှန်အားဖြင့်လည်းကောင်း အားကိုးအားထားပြုနေကြသူများသာ ဖြစ်ကြသည်။

ထိုသို့အားဖြင့် မိမိတို့အားထား





www.burmeseclassic.com

www.burmeseclassic.com

သူတစ်ယောက် ဆုံးရှုံးသွားလျှင် ယူကျုံးမရနိုင်အောင် ဖြစ်ကြရပါသည်။ ဤကဲ့သို့ ယူကျုံးမရ ပူဆွေးခဲ့ကြရသောဘဝများကား ဆုံးစမထင် သံသရာတွင် ရေတွက်၍ရမည် မဟုတ်ပါ။ ထိုသို့ ပူဆွေးသောက ဖြစ်ရခြင်းမှာ မူမမှန်သော အားကိုးမှု သို့မဟုတ် အားကိုးမှားမှုကြောင့်ဟု ဆိုရပေမည် ဖြစ်ပါသည်။ မူမှန်သော အားကိုးအားထားဖြစ်ပါလျှင် ဘယ်သောအခါမှ စိုးရိမ်ပူဆွေးသောက ရောက်ကြရမည် မဟုတ်ပါ။ သို့ဖြစ်၍ မူမှန်သော အားကိုးအားထားရာ အစစ်ကို ရှာမှီးရန် လွန်စွာ လိုအပ်လှပါသည်။

**အားထားရာအစစ်မှန်**

လောကသုံးပါး၏ အန္တိုင်းမဲ့ ကျေးဇူးရှင် မဟာကရုဏာသခင် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် သံသရာဘေးမျှော်တွေးရှုလတ် တပည့်သားရဟန်းမြတ်တို့အား အတ္တဒီပါ ဘိက္ခဝေ အတ္တသရဏာ ဟူ၍ အားကိုးအားထားရာအစစ်အမှန်ကို ဩဝါဒစကားမှာထား မိန့်ကြားတော်မူခဲ့ပါသည်။

အဓိပ္ပာယ် ဖွင့်ဆိုမှုကား ချစ်သားတို့၊ ချစ်သားတို့သည် ကိုယ့်ကိုယ်ကိုယ်နှင့်တရားတော်ကို အားကိုး၍နေရစ်ကြဟု ဆိုလိုရင်းပင် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် မှာကြားတော်မူခဲ့သော ဤစကားတော်သည် သုတ်သုံးကျမ်း၌ ငါးနေရာ၊ ခြောက်နေရာပါရှိသည်ကို သတိပြုမှတ်သားမိပါသည်။

အမှန်စင်စစ်ဆိုမူ မိဘ၊ သား၊ သမီး၊ လင်၊ မယား စသည်တို့ကား အားကိုး အားထားစရာ စစ်စစ်ကြီးများ တထစ်ချ စွဲမှတ်ရာ မဟုတ်ပါ။ တစ်ဦးနှင့်တစ်ဦး လောကတံထွာ မမှတာအရ လောကဝတ် အနေအထားဖြင့် စောင့်ရှောက်ရန်သာ ဖြစ်လေရာ ဤတွင် ဝတ္တရားနှင့်သရဏ (မှီခိုရာ) ကို ခွဲခြားဆင်ခြင် သိမြင်ရန် လိုအပ်လှပါသည်။ ထိုကဲ့သို့ ခွဲခြားဆင်ခြင်နှလုံးသွင်း မသိမြင်ပါက အားကိုးရာများကြကာ စိုးရိမ်ပူဆွေး ရတက်မအေး ဖြစ်နေရမည်သာလျှင် ရခဲလှသောလူ့ဘဝ၌ တွေ့ကြုံခံစားကြရမည် ဖြစ်ပါသည်။ သို့ကြောင့်ပင် လောကသုံးပါး၏ အတုမဲ့ထွတ်တင် အန္တိုင်းမဲ့ကျေးဇူးတော်ရှင် မဟာကရုဏာတော်သခင် မြတ်စွာဘုရားက မျက်စိလည် လမ်းမှားနေကြကုန်သော ဝေနေယျအများတို့အား ဥပမာသော်ကား မှောက်ထားသည့် အရာကို ဖွင့်ကြည့် လှန်ပြဘိသကဲ့သို့လည်းကောင်း၊ ဤအတူသာလျှင် ဝေနေယျသတ္တဝါအများကို အထက်ပါ စကားတော်ဖြင့် မှာကြား သတိပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

လောက၌ သတ္တဝါများသည် ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်လမ်းကို လျှောက်ကြရမည့်သူများသာ ဖြစ်ပါသည်။ ကိုယ်လည်း ကိုယ့်လမ်းသွားရမည်ဖြစ်သလို မိဘ၊ လင်သား၊ ဆွေမျိုးများသည်လည်း သူ့လမ်း သူလျှောက်ကြမည့်သူချင်း အတူတူ ဘယ်သူ့ဘယ်သူမှ အားကိုးလို့မရ၊ အားကိုးရာက မှားမည် ဖြစ်သည်။

ရှည်လျား ထွေပြားလှသော ဘဝသံသရာအဆုံး မရောက်မချင်း ကိုယ့်ခရီးလမ်းကို လျှောက်လှမ်းကြရမှာ ဖြစ်သည်။ မြတ်စွာဘုရားရှင်က အတ္တဒီပါ ဘိက္ခဝေ အတ္တသရဏာ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးကြဖို့ မိန့်မှာတော်မူခဲ့ပါသည်။

**လမ်းမှန်သိဖို့လိုသည်**

ကိုယ့်ကိုယ်ကိုယ် အားကိုးရာတွင်လည်း လမ်းမှန်သိဖို့ လိုအပ်သည်။ သို့မဟုတ်ပါလျှင် ငါ့လှေ ငါထိုး ပဲ့ခူးရောက်ရောက်ဟု ဆိုသည့်မျိုး ဖြစ်ပေမည်။ မြတ်စွာဘုရားရှင်က ဓမ္မဒီပါ ဘိက္ခဝေ ဓမ္မသာရဏာ ဟူ၍ တရားတော်ကိုလည်း အားကိုးအားထားပြုလေဦး ဟူ၍ ထပ်ဆင့် မိန့်ကြားတော်မူခဲ့ပါသည်။

ဤစကားတော် နှစ်ခွန်းသည် သံသရာခရီးသွားတို့အတွက် ဘဝနေနည်းနှင့် သံသရာခရီးကြမ်းမှလွတ်မြောက်နိုင်ရေး လမ်းညွှန်ပေးခဲ့ခြင်းပင် ဖြစ်သည်။ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူရန်အတွက် ဘုရားအလောင်းတော်သူမြတ်တို့သည် မိဘ၊ ဆွေမျိုး၊ သားမယားတို့ကို အားကိုးအားထားမပြုဘဲ ကိုယ့်ထူးကိုယ်ချွန် ကိုယ့်တရား ကိုယ်အားထားပြီး မဆုတ်မနစ်သော လုံ့လ၊ ဝီရိယဖြင့် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးမှသာ သဗ္ဗညုတ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ကြခြင်း ဖြစ်ပါသည်။

သုံးလောကထွတ်တင် မြတ်စွာဘုရားရှင် စင်စစ်ဧကန် အမှန်ဖြစ်ပါလျက် ဘုရားရှင်က ဝက္ကလိရဟန်းအား 'ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန' စသော စကားတော်ဖြင့်လည်းကောင်း၊ 'ယော ဓမ္မံ ပဿတိ သောမံပဿတိ ယောဓမ္မံနပဿတိ သောမံနပဿတိ' ဟူ၍ မိန့်တော်မူလျက် တရားတော်ကို အားကိုးရာအမှန်အဖြစ် မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

လောကစကားဖြင့်ဆိုမူ မြတ်စွာဘုရားရှင်သည် ငါ့စားမထား၊ ဝေနေယျအများ၏ ကောင်းကျိုးတရား ဖြစ်ပွားရန်အတွက်သာ အထူးအားဖြင့် အလေးဂရုပြု၍ လမ်းညွှန်ဆုံးမ ဟောကြားပြတော်မူခြင်းသာ ဖြစ်၏။

**မဂ်ဖိုလ်ရဖို့ အားထုတ်စို့**

လောကသုံးပါး၏ အန္တိုင်းမဲ့ ကျေးဇူးတော်ရှင် မဟာကရုဏာတော်သခင် ဗုဒ္ဓမြတ်စွာ၏လမ်းညွှန်မိန့်ကြားတော်မူချက်ကို ဦးထိပ်ရွက်ကာ မိဘ၊ သားသမီး၊ ဇနီး၊ လင်သား စသည်အားကို ဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်ကြ၍ ကိုယ့်ကိုယ်ကိုယ်အားထားလျက် သာသနာတော်၌ သီလ၊ သမာဓိ၊ ပညာ အားလျော်သော ဆရာကောင်းကို ရှာဖွေဆည်းကပ်လျက် ဆရာညွှန်ပြ တရားဓမ္မကို ကြိုးစားအားထုတ်ပါလျှင် မိမိအလိုရှိအပ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို အဘယ်မှာမရဘဲရှိပါအံ့နည်း။

**ဆရာကောင်း ဟူသည်**

ဆရာကောင်း ဟူသည် တရားတော် လမ်းမှန်ကို ညွှန်ပြနိုင်သော ဆရာ၊ ကမ္မဋ္ဌာန်းပေးတတ်သော ကလျာဏမိတ္တကို ဆိုပါသည်။

ပိယော ဂရု ဘာဝနီယော၊
ဝတ္တာ စ ဝစနက္ခမော၊
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစ
ဋ္ဌာနေ နိယောဇယေ။
ရှိသေ ချစ်ထိုက် ချီးမွမ်းထိုက်
နှင့်၊ လွဲမိုက်ဆုံးမ မေးသည်ကို
ဓမ္မံနက်နဲ ဟောခိုင်မြဲ ကျိုး



www.burmeseclassic.com

www.burmeseclassic.com

နဲမတွန်း၊ ခုနစ်ခန်းနှင့်၊
ပြည့်လျှမ်းညီညာ ဤဆရာ၊
ရှာဖွေ တပည့်ခံ။

ဤသို့ ဆရာကောင်းအင်္ဂါနှင့် ပြည့်စုံသော၊ သာသနာတော်၌ သီလ, သမာဓိ,ပညာအားလျော်သော ဆရာ မှတ်ညွှန်ပြသော တရားဓမ္မကို မိမိကိုယ်ကိုအားထားလျက်သာ မဆုတ်နစ်သော စိတ်ဓာတ်၊ လုံ့လ၊ ဝီရိယ ထား၍ အားထုတ်ကြရန် ဖြစ်ပါသည်။ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ တရားလေးပါးနှင့် အားထုတ်ပါက တရားထူး တရားမြတ် ရမည် ဖြစ်ပါသည်။

**ကိုယ့်ကိုယ်ကိုယ် အားထား၍ ကိုယ်ကောင်းအောင်ကြိုးစားဖို့ လမ်းညွှန်တေးထပ်**

'ကိုယ့်ကိုယ် ကိုယ့်အကြောင်း
ကိုယ်ကောင်းအောင်ဆင်ခြင်
ကိုယ့်အမှု ကိုယ်ပြုပြင်တယ်
ကိုယ်တွင်းတွင်တရား။
ကိုယ့်ရှင်နှင့်ကိုယ်သာ
ကိုယ့်ဆရာ မှတ်ကြမများ။
ကိုယ်ပြုတဲ့ အကုသိုလ်ကို
ကိုယ်သာလျှင်ခံစား။

ဘယ်သမီး၊ ဘယ်သား
ဘယ်မယား ကူမလာ။
သေသောအခါ အဖော်နဲ့
တစ်ယောက်တည်း
သွားရမည်သာ။
ခုဘဝ လူဖြစ်လာတယ်
ရှေးသမ္ဘာအကြောင်း
ကောင်းလှလို့ အရတော်
ရှုံးစေနဲ့နော်။
နောင်ဘဝ အရင်းပေါ်အောင်
ခုကနော် အားထုတ်ကြလေး'

ဟု စလေဦးပုည ရေးသားခဲ့ပါသည်။

ထို့အတူပင် စလေဦးပုည၏ ယုန်မင်းဝတ္ထု၌-

'ယခုခါမူ၊ လူလည်းဖြစ်လာ
သာသနာလည်းထွန်းခိုက်၊
အမြိုက်တရား
ဟောကြားမည့်သူ၊ လူလည်းမရှား
သို့ပါလျက်သားနှင့်မှ
တရားမထိုက်၊
အများကြိုက်ကြလျှင်
အမိုက်တကာ့ဗိုလ်မင်း၊
အဖျင်းတကာ့ဗိုလ်ချုပ်
အပါယ်လေးလီ၊ ပလ်စီမြုပ်လို့
လူယုတ်ကြီးတွေ ဖြစ်ချိမ့်မည်'

ဟူ၍ ရခဲလှသောလူ့ဘဝ၌ကြုံရခိုက် တရားမှန်ကို အားထုတ်ကြရန် တိုက်တွန်းနှိုးဆော် သတိပေးခဲ့ပါ၏။

သာသနာတော်၌ နေတစ်စင်း, လတစ်စင်းနှယ် ထင်ရှားလှသော ဝိသုဒ္ဓါရုံဆရာတော်ကြီးကလည်း သုမေဓာရှင်ရသေ့၏နည်းကို ဤကဲ့သို့ ညွှန်ပြတော်မူခဲ့ပါသည်။

**သုမေဓာရသေ့၏နည်း**

ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား
ပြေးသွားဖို့ရာ၊ လမ်းပေါက်သာ
လျက်၊
ပြေးမထွက်၊ လမ်းတွက်မဟုတ်ပေ။
မစင်လူးလျက်၊
အေးကြည်လင်သည့်၊
ရေစင်ရှိလျက်၊ မဆေးရက်၊
ရေတွက်မဟုတ်ချေ။
အနုပ္ပကန်း၊ အေးကြမ်းများစွာ၊
သံသရာမှ၊ ထွက်ရာလမ်းမ၊
သမထဝိပဿနာ၊ ကိလေသာဘင်၊
သန့်စင်လျှော်ဆေး၊
ရေအေးလေးမင်
ရှိပါလျက်နှင့်၊
မထွက်ပြေးလို မဆေးလိုဘူး၊
မင်းပျိုကိုယ့်တွက်ပေ'

ဟူ၍ ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ ဆင်ခြင်တောထွက်ခဲ့ပုံကို ပြဆိုတော်မူခဲ့ပါသည်။

သို့ဖြစ်၍-

'ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။

ခွင့်သာဆဲကမှ မခဲချင်လျှင်၊ အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။

ခွင့်သာတုန်းကမှ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား'

ဟု အပ္ပမာဒတရား လက်ကိုင်ထားလျက် ယနေ့မှစ၍အားကိုးမများဘဲ အားကိုးမှန်ကို ရှာကြံ၍ ကိုယ့်ကိုယ်ကိုယ် အားကိုးလျက် မဂ်ဖိုလ်ရောက်တရားကို ကြိုးပမ်းအားထုတ်တော်မူနိုင်ကြပါစေသားဟု ဆန္ဒပြုတိုက်တွန်းနှိုးဆော်အပ်ပါသည်။

သစ္စာဝါဒီ-ဦးမြင့်အောင်

ခင်မြိုင်ရွှေ(ကျောက်ပုံ)

# ခြေအေးနာအတွက် ဆေးတခုလက်

ချမ်းအေးသော ဆောင်းရာသီရောက်တိုင်း စာရေးသူတွင် ခြေအေးနာဝေဒနာ ခံစားရပါသည်။ ခြေဖျားများ အေးစက်လာပြီဆိုလျှင် အပူ, အအေးမမျှ၍ ခေါင်းကိုက်ဝေဒနာပါပူးတွဲခံစားရသဖြင့် အတော့်ကိုခံစားရခက်လှပါသည်။

ခြေအေးနာ အကြောင်းကို မိခင်ကြီးအား ပြောပြသောအခါ မိခင်ကြီးက အဆိုပါရောဂါအတွက် ဆေးနည်းပြောပြ၍ ပြုလုပ်ကြည့်ရာ အမှန်ပင် သက်သာပျောက်ကင်းသွားခဲ့သဖြင့် စာရေးသူကဲ့သို့ခြေအေးနာဝေဒနာခံစားရသူများအတွက် တင်ပြလိုက်ရပါသည်။

**ဆေးနည်းမှာ-**

ဥတစ်လုံးကြက်သွန်ဖြူကို လိုသလောက်ယူ၍ အခွံသင်ပြီးထောင်းပါ။ ရှိန်းခိုကိုလည်း ကြက်သွန်ဖြူနှင့် ဆတူယူပြီး ညက်အောင်ထောင်းပါ။ ထို့နောက် နှမ်းဆီနှင့် ရောမွှေနယ်ပြီး ဆီးကင်းခန့် အလုံးကလေးများလုံးပြီး ခြောက်သွေ့အောင်ထားပါ။ နံနက် တစ်လုံး၊ ညနေတစ်လုံး စားပြီး ရေနွေးသောက်ပေးပါ။

စာရေးသူ၏ခြေအေးဝေဒနာ သက်သာ ပျောက်ကင်းသွားပါသည်။

*ဆေးနည်းပြောပြသော မိခင်ကြီး ဒေါ်ဖွားချစ်အား ဤစာစုဖြင့် ကန်တော့အပ်ပါသည်။*

ခင်မြိုင်ရွှေ(ကျောက်ပုံ)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ အရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် တိကနိပါတ် သက်ပွဝင် ဂါမဏိစန္ဒ ဇာတ်တော်တွင် လယ်သမားကြီး ဂါမဏိစန္ဒအဖြစ်ဖြင့် ဘုရားအလောင်းတော် အာဒါသမုခမင်း၏ ချီးမြှောက်ခြင်းကို ခံယူခဲ့ရပေသည်။

အခြား အခြားသော ဇာတ်တော်များ၌ ပြဟ္မဒတ်မင်း၏ပညာရှိအမတ်ဖြစ်ခဲ့ရသော ဘုရားအလောင်းတော်သည် ထိုဇာတ်တော်၌ကား ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံသော ဇနသန္ဓမင်း၏သားတော်အဖြစ်ဖြင့် ဖွားမြင်လာခဲ့၏။ ခမည်းတော်၏ဇနသန္ဓမင်း ဟူသော ဘွဲ့မည်မှာ ခမည်းတော်မင်းတရား၏ ဂုဏ်ကျေးဇူးကို အကြောင်းပြု၍ ခေါ်တွင်လာခဲ့သော ဘွဲ့မည် ဖြစ်၏။ ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံခွင့်ရခဲ့ကြသော မင်းအဆက်ဆက်တို့သည် ထိုးတမ်းစဉ်လာအရ ပြဟ္မဒတ်မင်း အမည်ကို ခံယူလေ့ ရှိကြသော်ငြားလည်း ယခုခမည်းတော်မင်းတရားကတော့ မခံယူပါ။ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံလာခဲ့သည့်အချိန်မှစတင်၍ တိုင်းသူပြည်သား လူအများတို့အား လေးပါးသော သင်္ဂဟဝတ္ထုတို့ဖြင့် ချီးမြှောက်ထောက်ပံ့လာခဲ့ရာ ထိုဂုဏ်ကျေးဇူးကို ဦးထိပ်ရွက်ပန်ဆင်သောသဘောဖြင့် တိုင်းသူပြည်သား အပေါင်းကဇနသန္ဓမင်း ဟူ၍ ခေါ်ဝေါ်ခဲ့ရာက တွင်လာခဲ့သောဘွဲ့မည် ဖြစ်သည်။

ထို့ပြင် အခြားသူတို့ စစ်ရထားဆယ်စီးဖြင့် တိုက်ခိုက်နှိမ်နင်းမှသာ အောင်နိုင်စွမ်းရှိသော ရန်သူတို့ကို မိမိက စစ်ရထား တစ်စီးတည်းနှင့် တိုက်ခိုက် ချေမှုန်းနိုင်စွမ်းရှိ၏။ ထို့ကြောင့်လည်း ခမည်းတော် မင်းတရားကို ဒသရထမင်းကြီး ဟူ၍လည်း တိုင်းသူပြည်သားတို့ကဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြရပါပေသည်။

ဇနသန္ဓ၊ ဒသရထ ဟူ၍ ဘွဲ့မည်တော်နှစ်ခု ရရှိသော ခမည်းတော်မင်းတရား၏ သားတော်လေး၏မျက်နှာသွင်ပြင်မှာ သေသေချာချာ ပွတ်တိုက် သုတ်သင်ထားသော ရွှေစင်ရွှေသားကြေးမုံပြင်ကဲ့သို့ သန့်ရှင်းစင်ကြယ်လှသဖြင့် အာဒါသမုခမင်းသား ဟူ၍ အမည်နာမမှည့်ခေါ်ကြပေသည်။

အာဒါသမုခ မင်းသားလေး ပညာသင်ကြားနိုင်သည့် အရွယ်သို့ရောက်လာသောအခါ ခမည်းတော် ဇနသန္ဓမင်းက မင်းသားတကာတို့ လေ့လာသင်ယူမြဲဖြစ်သည့် အတတ်ပညာတို့ကို မိမိကိုယ်တိုင်ဂရုတစိုက် သင်ကြားပေးခဲ့၏။ အလောင်းတော် အာဒါသမုခ မင်းသားလေးကလည်း ဘဝ ဘဝက ဖြည့်ကျင့်ဆည်းပူးလာခဲ့သည့် ပညာပါရမီ၏အရှိန်အဟုန်ကြောင့် ခမည်းတော် သင်ပေးလေသမျှ အတတ်ပညာတို့ကို လွယ်လင့်တကူ သင်ကြားတတ်မြောက်လာလေသည်။

အဋ္ဌာရသ အတတ်ပညာရပ်မျိုးစုံကို အကုန်အစင် သင်ကြားတတ်မြောက်ချိန်တွင် အာဒါသမုခမင်းသားမှာ ခုနစ်နှစ်သားအရွယ်မျှ





www.burmeseclassic.com

## ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ

### အသွားတုန်းက ရာဇဝတ်သား



သာရှိပါသေးသည်။ ထိုအချိန်မှာပင် ခမည်းတော် ဇနသန္ဓမင်းကြီး နတ်ရွာစံသွားလေရာ မှူးတော်မတ်တော်အပေါင်းမှာ အခက်ကြုံကြရတော့၏။ ခမည်းတော်မင်းတရားကြီး ကိုယ်တိုင်က သားတော်ကလေးအား အထူးကြောင့်ကြစိုက်၍ ပညာသင်ကြားပေးခဲ့သည်ကို အမတ်အများစုက မသိကြပေ။ အတွင်းနေ အမတ်အချို့သာ သိထားခဲ့ကြ၏။ ထို့ကြောင့် အမတ်အများစုက ခုနစ်နှစ်အရွယ်

www.burmeseclassic.com

မင်းသားကလေးကို ထီးနန်းအတင်ရခက်ကာ ဦးစွာ ပညာတတ်၊ မတတ် စမ်းသပ်ကြည့်ရန် အဆိုပြုကြ၏။ အဆိုပြုသော အမတ်များဘက်က အင်အားသာလွန်နေသဖြင့် အာဒါသမုခမင်းသားလေးကို သုံးမျိုးသုံးကြိမ် ပညာစမ်းပွဲ ပြုလုပ်ကြလေရာ သုံးကြိမ်လုံးမှာပင် အလောင်းတော် အာ*ဒါသမုခ မင်းသားလေးက အဖြေမှန်*ကို တိတိကျကျပေးနိုင်ခဲ့ပါပေသည်။

ဤတွင်မှ အမတ်အားလုံးတို့ သဘောတူ စိတ်တူ ညီညွတ်ကာ ခုနစ်နှစ်အရွယ် အာဒါသမုခ မင်းသားကလေးအား ဗာရာဏသီ ထီးနန်းကို အပ်နှင်းကြလေသည်။

ထိုအချိန်၌ ညီတော်အာနန္ဒာ၏အလောင်းလျာသည် ဂါမဏိစန္ဒ အမတ်အဖြစ်ဖြင့် ရွှေနန်းတော်မှာရှိနေခဲ့၏။ သူသည် နတ်ရွာစံ ခမည်းတော်မင်းတရားကြီးနှင့် သက်တူရွယ်တူဖြစ်၍ ခမည်းတော်မင်းတရားကြီး၏ ကိုးစားယုံကြည်ခြင်းကို ခံယူခဲ့ရသူ ဖြစ်၏။ ခမည်းတော်မင်းတရားကြီးလက်ထက်တော်က ချီးမြှောက်ထားခဲ့သည့်အတိုင်း သားတော် အာဒါသမုခမင်းကလေးကလည်း ထိုက်ထိုက်တန်တန် ချီးမြှောက်၏။ အမှုထမ်းတစ်ဦးအဖြစ်နှင့်သာ သဘောမထားဘဲ သွေးသားရင်းဟု သဘောထားကာ သူ့ကို အာဒါသမုခမင်းကလေးက ဦးရီးတော်ဟုပင် တရင်းတနှီး ချီးမြှောက် ခေါ်ဝေါ်ခဲ့ပါ၏။

သို့ရာတွင် ဂါမဏိစန္ဒအမတ်ကတော့ ရွှေနန်းတော်၌ မပျော်နိုင်တော့ပါ။ သက်တူရွယ်တူ ခမည်းတော်မင်းတရားထံ အမှုတော်ထမ်းခဲ့ရသည်က အစစအရာရာ အဆင်ပြေလာခဲ့ပါ၏။ သို့ရာတွင် ယခုလို အသက်အရွယ် ငယ်လွန်းနုလွန်းလှသော ဘုရင်ကလေး၏အထံ၌ကား ကံသေကံမ မပြောနိုင်ပါချေ။ ထို့အပြင် ရွှေနန်းတော်ကြီး၌ မင်းလိုလိုက်၍ မင်းအကြိုက် ခစားနေရသော မင်းမှုထမ်းဘဝကိုလည်း ငြီးငွေ့လာမိ၏။ ထို့ကြောင့် ဂါမဏိစန္ဒသည် အာဒါသမုခမင်းကလေးထံ မရအရ ခွင့်ပန်ကာ ဗာရာဏသီမြို့တော်မှ ထွက်ခွာလာခဲ့၏။ ဗာရာဏသီမြို့တော်နှင့် သုံးယူဇနာမျှကွာဝေးသော တောရွာတစ်ရွာ၌ သားမယားများနှင့်အတူ လယ်သမားတစ်ယောက်အဖြစ်ဖြင့် အေးချမ်းစွာ အသက်မွေး နေထိုင်လေသည်။

အာဒါသမုခ မင်းကလေးကလည်း ပန်ကြားချက်ကို မငြင်းပယ်*ရက်၍သာ ခွင့်လွှတ်လိုက်ရ၏။ ဦး*ရီးတော်တမျှ ခင်မင်အားကိုးရသော အမတ်ကြီးတစ်ယောက်ကို နှမြောလှ၏။ သူ့သဘာဝဆန္ဒအတိုင်း လွှတ်လိုက်ရသော်ငြားလည်း တစ်ရံတစ်ခါတွင်တော့ မိမိတို့၏ရွှေနန်းတော်သို့ ပြန်ရောက်လာမည်ဟု မျှော်လင့်နေမိ၏။ သို့ရာတွင် ဂါမဏိစန္ဒကတော့ လုံးဝ ပေါ်မလာပါချေ။ တောရပ်တောရွာမှာ ဘာသာဘာဝ လုပ်ကိုင်စားသောက်နေရတာက ရွှေနန်းတော်ကြီးထက် သာနေပုံရပေသည်။

သို့ဖြင့် ပေါ်လာနိုး ပေါ်လာနိုးနှင့်မျှော်ကိုးလာခဲ့ရသော ဂါမဏိစန္ဒသည် ထိုနေ့မှာတော့ ရွှေတော်မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါ၏။ သို့ရာတွင် အာဒါသမုခ မင်းကလေးမှာ ဝမ်းမြောက်ဝမ်းသာ မဖြစ်ရပါချေ။ ရွှေနန်းတော်ကြီးသို့ ဂါမဏိစန္ဒရောက်လာရခြင်းမှာ အလည်လာသည့် သဘောမျိုး မဟုတ်ပါချေ။ သူ့စိတ်ဆန္ဒအရ လာခဲ့ရခြင်းလည်း မဟုတ်၊ ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု အစွပ်စွဲခံထားရသော တရားခံတစ်ဦးအဖြစ်နှင့် ရောက်လာခဲ့ခြင်းသာ ဖြစ်ပါ၏။

ဤသို့ ရောက်လာခြင်းကိုပင် အာဒါသမုခမင်းလေးက သဘောကျနေမိ၏။ မိမိ၏ဦးရီးတော်သည် ဤလို အမှုအခင်းမျိုးသာ ပေါ်မလာခဲ့ဘူးဆိုပါက သူ့ရွာက လုံးဝခွာမည် မဟုတ်ချေ။ ယခုတော့ တရားခံတစ်ယောက်အဖြစ်ဖြင့် မင်းအာဏာဖြင့် အခေါ်ခံရသဖြင့် မလွှဲသာမရှောင်သာ ရောက်လာခဲ့ချေပြီ။

မိမိက တစ်မျှော်တည်း မျှော်လာခဲ့သည့် ဦးရီးတော်မှာ ရာဇဝတ်ပြစ်မှု ကျူးလွန်ထားသည်ဟု အစွပ်အစွဲခံဖြစ်နေ၍ အာဒါသမုခမင်းကလေးမှာ စိတ်မချမ်းမသာ ဖြစ်ရ၏။ မိမိ၏ဦးရီးတော်ကို ရာဇဝတ်သားတစ်ယောက်အဖြစ်ဖြင့် စစ်ဆေးမေးမြန်းရန် ဝန်တာလေးလှ၏။ သို့ရာတွင် မိမိမှာ ဤတာဝန်ကို ငြင်းပယ်ခွင့်မရပါ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရသူပီပီ မိမိရှေ့မှောက်သို့ ရောက်လာသမျှ အမှုအခင်းတို့ကို *ဖြေရှင်းဆုံးဖြတ်ရပါတော့သည်။*

သို့ဖြစ်၍ ရောက်လာကြသည့် ယောက်ျားငါးယောက်တို့အနက် ပထမဦးစွာ တရားလို၊ တရားခံ နှစ်ဖက်နှစ်တန်ခွဲခြားရန်ရှိလေရာ ဂါမဏိစန္ဒက တရားခံ၊ ကျန်လေးယောက်လုံးက တရားလို။ သို့ရာတွင် အမှုက လေးမှု ဆိုတော့ တရားလို တစ်ယောက်စီက အမှုတစ်ခုစီအတွက် လိုက်လာကြခြင်းပါတကား။

ထိုစဉ်တုန်းက တိုင်းသူပြည်သားတို့သည် မိမိတို့ပြည့်ရှင်မင်း၏ အမိန့်အာဏာကို အလွန်တရာလေးစားရိုသေခဲ့ကြရ၏။ ထို့ကြောင့် မိမိတို့အချင်းချင်း မပြေလည်သောအမှုကိစ္စပေါ်ပေါက်လာသည့်တွင် မကျေနပ်သူက ကျောက်စရစ်ခဲကို ဖြစ်စေ၊ အိုးခြမ်းကွဲကိုဖြစ်စေ မြေကြီးပေါ်ပစ်ချပြီးလျှင်-

"အဲဒါ မင်းက လွှတ်လိုက်တဲ့ တမန်တော်ပဲ၊ ဒီအမှုအတွက် သင့်ကိုခေါ်နေပြီ။ လာလိုက်ခဲ့"

ဤသို့ ဆိုလိုက်လျှင်ပင် တစ်ဖက်လူက မငြင်းဝံ့တော့ပေ။ ငြင်းဆန်လိုက်ပါက ကျရောက်လာမည့် ရာဇဒဏ်ကိုကြောက်ရွံ့ကြရ၏။ ထို့ကြောင့် တရားခံ ဂါမဏိစန္ဒကို ကြိုးတုပ်ဆွဲခေါ်စရာမလိုဘဲ သူတို့လေးယောက်ခြံရံ၍ ခေါ်လာခဲ့ရုံသာ ရှိလေသည်။

အမှုလေးခုအနက် ပထမဆုံးဖြစ်ပွားခဲ့သည့်အမှုမှ စတင်၍ အာဒါသမုခမင်းကလေးက စစ်ဆေး၏။

"ကဲ- မောင်မင်း တရားလိုက ဘယ်လိုဘယ်ပုံ ဖြစ်လာတယ်ဆိုတာ တင်လျှောက်ပါ"

"မှန်လှပါ ဘုရား၊ တရားခံ ဂါမဏိစန္ဒဟာ လယ်ယာအလုပ်နဲ့အသက်မွေးပေမယ့် သူ့မှာ ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com

နွားမရှိပါဘူး။ ဒါကြောင့် ကျွန်တော်မျိုးရဲ့နွားတစ်ရှဉ်းကို ငှား၊ ငှားပြီး ထွန်ယက်လာခဲ့ရပါတယ်။ တစ်ညနေမှာတော့ သူငှားသွားတဲ့နွားတစ်ရှဉ်းကို ကျွန်တော်မျိုးထံ လာမအပ်ပါဘူး။ အဲဒီလိုနဲ့ နွားတစ်ရှဉ်းက သူ့လက်ထဲမှာပျောက်သွားပါတယ်။ ဒါကြောင့် နွားတစ်ရှဉ်းဖိုးလျော်ကြေးငွေရလိုပါတယ်ဘုရား"

"အဲဒီစကား အမှန်ပဲလား ဂါမဏိစန္ဒ"

"သူ့နွားတစ်ရှဉ်းကိုငှားပြီး ထွန်ယက်ခဲ့တာ မှန်ပါတယ်ဘုရား။ ထွန်ယက်ပြီးတော့ ပြန်မအပ်ဘူးဆိုတာတော့ မမှန်ပါဘူး။ အဲဒီ ညနေကတောပြန်ချိန်မှာ သူ့နွားတစ်ရှဉ်းကို သူ့အိမ်ဝထိအောင် သွားပို့ခဲ့ပါတယ်။ အဲဒီအချိန်မှာ နွားရှင်နဲ့သူ့မယားတို့ ထမင်းစားနေကြလို့ ကျွန်တော်မျိုးက အိမ်ပေါက်ဝကပဲ နွားတွေကို လွှတ်ပေးလိုက်ပါတယ်။ ကိုယ့်အိမ်ကိုယ့်ရာမို့ သူတို့ဘာသာသူတို့ နွားစားကျင်းရှိရာကို တန်းသွားကြပါတယ်။ အဲဒီအခိုက်မှာ နွားရှင်ယောကျ်ားက ကျွန်တော့်ဆီလှမ်းကြည့်ပြီး ထမင်းခွက်ကိုမြှောက်ပြပါတယ်။ သူ့ဇနီးကတော့ စားလက်စထမင်းခွက်ကို ဘေးဖယ်လိုက်ပါတယ်။ ထမင်းခွက်မြှောက်ပြတာကို ကျွန်တော်မျိုးအတွက် ထမင်းစားဖိတ်တာပဲလို့ ယူဆပြီးတော့ ကျွန်တော်မျိုး အိမ်ပေါက်ဝက ပြန်လာခဲ့ပါတယ်။ ညကျမှ နွားသူခိုးတွေ ခြံစည်းရိုးကို ဖောက်ထွင်းပြီး ခိုးသွားကြတာ ဖြစ်နိုင်ပါတယ်ဘုရား"

"ကောင်းပြီ-တရားလို နွားရှင်၊ သူ့စကားကိုငြင်းနိုင်မလား"

"အားလုံးကို မငြင်းလိုပါ။ သို့သော် သူက ကျွန်တော်မျိုးထံ ကာယကံမြောက် နွားတွေပြန်မအပ်ခဲ့တာတော့ မှန်ပါတယ် ဘုရား"

"ဒါဖြင့် အဲဒီတုန်းက သင့်နွားတွေ သင့်အိမ်ထဲဝင်လာတာကို သင်မြင်တယ် မဟုတ်လား"

"မမြင်ရပါဘုရား"

"နွားရှင် တရားလို၊ သင်က ငါကိုယ်တော်မြတ်ကို အသက်ကလေးငယ်နုသေးတာကြောင့် လှည့်စားလို့ရမယ်ထင်သလား။ ဒီလို အမှုမျိုးကို မဆိုနဲ့ဦး၊ အင်မတန်မှ ရှုပ်ထွေးပွေလီတဲ့အမှုကြီးတွေတောင် အမှန်အတိုင်း ဆုံးဖြတ်လာခဲ့တယ်။ ကဲ- မှန်တာ ပြောစမ်း၊ နွားတွေ သင့်အိမ်ထဲဝင်လာတာကို သင်ကိုယ်တိုင် သင့်မျက်စိနှစ်လုံးနဲ့ မြင်တယ်၊ မမြင်ဘူးယတိပြတ် ဖြေစမ်း"

"မြင်တော့ မြင်ပါတယ်ဘုရား၊ ဒါပေမယ့် သူ ကျွန်တော်မျိုးလက်ထဲအရောက် ပြန်မအပ်ခဲ့ပါဘူး"

"ကောင်းပြီ၊ ဒီအမှုကို ဒီလောက်ဆို ဆုံးဖြတ်လို့ရပြီ။ ဂါမဏိစန္ဒဟာ ကိုယ်ငှားလာတဲ့နွားတစ်ရှဉ်းကို ပိုင်ရှင့်ထံ ကာယကံမြောက်မအပ်ခဲ့တဲ့အတွက် သင့်မှာ နွားဖိုးလျော်ဖို့တာဝန်ရှိတယ်။ ဒါကြောင့် နွားဖိုး ၂၄ ကျပ်ကို ဂါမဏိစန္ဒက အလျော်ပေးစေ။ နောက်တစ်ခုက နွားရှင်ယောကျ်ားက နွားတွေဝင်လာတာ မြင်ပါလျက်နဲ့ မဝင်ဘူးလို့ မုသားဆိုခဲ့တယ်။ ဒါကြောင့် သူတို့လင်မယားနှစ်ယောက်လုံးရဲ့မျက်လုံးများကို ဂါမဏိစန္ဒက ဖောက်ထုတ်စေ"

အမှုတစ်ခု အဆုံးအဖြတ်ကျသွားပြီဖြစ်၍ မင်းချင်းများက နွားရှင်တရားလိုကို အပြင်သို့ခေါ်ထုတ်လာကြ၏။ ဤတွင် ဂါမဏိစန္ဒက အမိန့်ချထားသည့်အတိုင်း နွားဖိုးငွေ ၂၄ ကျပ်ကို အလျော်ပေးလေရာ နွားရှင်က အလျော်မယူရဲရုံမက သူ့ဆီကပင် ထပ်၍ပေးကာ ဂါမဏိစန္ဒ၏ခြေသလုံးကိုဖက်၍ တောင်းပန်သဖြင့် ခွင့်လွှတ်လိုက်ရလေသည်။

နောက်တစ်မှုကတော့ ကိုယ်ဝန်ပျက်ကျစေမှု ဖြစ်၏။

"အမှုသည် တရားလို၊ အမှုဖြစ်ပွားပုံကို ဆိုပါတော့"

"မှန်လှပါ၊ ကျွန်တော်မျိုး အပြင်ထွက်နေတုန်းမှာ ဂါမဏိစန္ဒက အိမ်ထဲရောက်နေပါတယ်။ ကျွန်တော် ပြန်ရောက်လာတဲ့အချိန်မှာ ကျွန်တော့်ဇနီးသည်က ကျိုရဲ့လှေကားခြေရင်းမှာလဲပြီး လူးလှိမ့်အော်ဟစ်နေပါတယ်။ ဗိုက်ထဲက ခုနစ်လရှိတဲ့ ကိုယ်ဝန်လည်း ပျက်ကျသွားပါတယ်။ ဒီလိုဖြစ်ရတာက ကျွန်တော်မျိုးမရှိတုန်းမှာ ဂါမဏိစန္ဒက ရိုက်ပုတ်ကန်ကျောက်လို့သာ ဖြစ်ပါတယ်ဘုရား"

"ဂါမဏိစန္ဒ၊ သူ့စကားမှန်သလား"

"သူ မရှိတုန်းမှာ သူ့အိမ်ထဲရောက်ခဲ့တာတော့မှန်ပါတယ်ဘုရား။ ဒါကလည်း ပထမတရားလို နွားရှင်က တရားခံအဖြစ်နဲ့ ဖမ်းခေါ်လာလို့ လိုက်လာရတဲ့ ခရီးလမ်းမှာ ထမင်းဆာလာလို့ အသိအကျွမ်းမို့ ဝင်မိတာပါ။ သူတို့အိမ်ထဲဝင်သွားတော့ အိမ်ရှင်မနဲ့တွေ့ပါတယ်။ အိမ်ရှင်မက ချက်ပြီးသား ထမင်းတော့ မရှိသေးဘူး။ ချက်ချင်းချက်ပေးပါ့မယ်၊ ခဏစောင့်ပါ ဆိုပြီးတော့ ဆန်ယူဖို့ ကျိုပေါ်ကို လှေကားနဲ့တက်ပါတယ်။ လှေကားထိပ်အရောက်မှာ သူ့ဘာသာ ခြေချော်ပြီး လိမ့်ကျခဲ့တာပါဘုရား"

"ဂါမဏိစန္ဒရဲ့ ထုချေချက်ကို သင်လက်ခံနိုင်မလား"

"လက်မခံနိုင်ပါဘုရား၊ ဂါမဏိစန္ဒရဲ့ပယောဂကြောင့်သာ ကိုယ်ဝန်ပျက်ကျရတာပါ"

"ဒီလိုဆို အဲဒီစကားအတွက် သက်သေပြနိုင်ပါ့မလား"

"သက်သေတော့ မပြနိုင်ပါဘုရား"

"ဒါဖြင့် သင်က ဘယ်လိုဖြစ်စေချင်တာလဲ"

"ဂါမဏိစန္ဒကြောင့် သားသန္ဓေပျက်ကျခဲ့ရတဲ့အတွက် ဘဏ္ဍာစားသားသန္ဓေရချင်ပါတယ် ဘုရား"

"ကောင်းပြီလေ၊ အသင်က ဒီကိစ္စကို မဖြစ်နိုင်ဘူးဆိုပြီးတော့ တစ်ဖက်သားကို အကျပ်ကိုင်ဖို့ကြိုးစားတာပေ့ါ။ ဒါပေမယ့် ဒီကိစ္စက အလွယ်လေးပါ၊ ဂါမဏိစန္ဒဆီက သားသန္ဓေ ဘဏ္ဍာစားရချင်ပါတယ်ဆိုတဲ့ သင့်စကားအရ ဒီအမှုကို ဒီလို ဆုံးဖြတ်လိုက်တယ်။ တရားလိုရဲ့မယားကို ဂါမဏိစန္ဒရဲ့အိမ်ကို ပို့ထားစေ၊ မယားမှာ ကိုယ်ဝန်ရှိလာတော့ ပြန်ခေါ်စေ"

ဤအမှု ဆုံးဖြတ်၍ပြီးချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း တရားလိုယောကျ်ားက 'အရှင်သခင် ဂါမဏိစန္ဒရယ်၊ ကျွန်တော့်အိမ်ထောင်လေးတော့ မပျက်စီးပါရစေနဲ့' ဟု ခြေသလုံးဖက်၍ တောင်းပန်ရပြန်ပါ၏။

နောက်တစ်ခုကတော့ မြင်းခြေထောက်ကို ချိုးပစ်သည် ဆိုသောအမှုဖြစ်၍ တရားလို မြင်းထိန်း၏ လျှောက်တင်ချက်မှာ-

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုး မြင်းတစ်ကောင်နောက်က အပြေးလိုက်လာတုန်းမှာ ဂါမဏိစန္ဒရဲ့လက်နဲ့ ပစ်ပေါက်လိုက်တဲ့ ကျောက်ခဲက မြင်းရဲ့ခြေဆစ်တည့်တည့်မှာ ထိမှန်ပါတယ်။ ပစ်လိုက်တဲ့အရှိန်က ပြင်းထန်တာကြောင့် မြင်းရဲ့ခြေထောက်တစ်ဖက် သွင်သွင်ကျိုးသွားပါတော့တယ်။ ဒါကြောင့် မြင်းတစ်ကောင်ဖိုးလျော်ငွေ တစ်ထောင်ကျပ် ရလိုပါတယ်ဘုရား"

"ကဲ-ဂါမဏိစန္ဒဘက်ကကော ဘာပြောစရာရှိသလဲ"

"မှန်လှပါ၊ ကျွန်တော်မျိုးလက်ထဲကပစ်လိုက်တဲ့ ကျောက်ခဲဟာ သူ့မြင်းရဲ့ခြေထောက်ကို ထိမှန်သွားတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်သဘောဆန္ဒနဲ့ပစ်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်မျိုးတို့ သုံးယောက်သူတို့ရွာအဝသို့အဝင်မှာ သူက မြင်းနောက်ကပြေးလိုက်လာတယ်။ မြင်းကို နောက်ပြန်လှည့်လာအောင်ကြိုးစားပေမယ့် မြင်းက ရှေ့ကိုသာပြေးလာနေပါတယ်။ အဲဒီအခိုက်မှာ မြင်းထိန်းက 'ဦးရီးဂါမဏိ၊ မြင်းကိုတစ်ခုခုနဲ့ပစ်ပြီး တားပေးစမ်းပါ' လို့ အော်ပြောတာကြောင့် ကျွန်တော်မျိုးက တွေ့ကရာကျောက်ခဲနဲ့ ကောက်ပေါက်မိတာပါ ဘုရား"

"မြင်းထိန်း၊ အဲသလိုပြောတာ မှန်သလား"

"မမှန်ပါဘူး ဘုရား၊ မပြောပါဘုရား"

"ဒါဖြင့် ဒီစကားကို ထပ်မေးမယ်။ မြင်းကို တစ်ခုခုနဲ့ပစ်ပြီးတားပေးပါလို့ ပြောခဲ့တာ မှန်သလား၊ မမှန်ဘူးလား"

"မှန်ပါတယ် ဘုရား၊ ပြောမိတာ မှန်ပါတယ်"

"ကောင်းပြီ၊ ဒီအမှုကိုလည်း ဆုံးဖြတ်လို့ရပြန်ပြီ။ ဂါမဏိစန္ဒ ပစ်ပေါက်လိုက်တဲ့ ကျောက်ခဲနဲ့ ထိမှန်ပြီး မြင်းခြေကျိုးသွားရတယ်။ ဒါကြောင့် ဂါမဏိစန္ဒက မြင်းဖိုးတစ်ထောင်ကျပ် အလျော်ပေးစေ၊ အလျော်ပေးဖို့ငွေကို ငါကိုယ်တော်မြတ်ရဲ့ဘဏ္ဍာတိုက်ထဲက ထုတ်ယူစေ၊ နောက်ပြီးတော့ မြင်းကို တစ်ခုခုနဲ့ပစ်ပေါက်ပေးဖို့ပြောခဲ့တာ မှန်ပါလျက် မြင်းထိန်းက မပြောပါဘူးလို့ ငြင်းခဲ့တယ်။ အဲသလို မုသားဆိုတာကြောင့် မုသားဆိုခဲ့တဲ့သူ့လျှာကို ဂါမဏိစန္ဒက ဖြတ်စေ"

အမှုဆုံးဖြတ်ချက် အပြီးတွင် မြင်းထိန်းသည် မြင်းဖိုးလျော်ကြေးငွေကိုပင် လက်မခံဝံ့တော့ဘဲ ဂါမဏိစန္ဒထံ အသနားခံ၍ ထွက်ပြေးသွား၏။

စတုတ္ထမြောက် နောက်ဆုံးအမှုကတော့ အကြီးဆုံး ရာဇဝတ်ပြစ်မှုဟု ဆိုနိုင်၏။ ထိုအမှုအတွက် တရားလို၏လျှောက်တင်ချက်မှာ ဤသို့ ဖြစ်၏။

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့သားအဖနှစ်ယောက်တို့ တောင်ကမ်းပါးပြတ်ရဲ့အောက်ခြေမှာ ဖျာရက်ဖို့နီးဖြာနေကြပါတယ်။ အဲဒီလိုနေကြတုန်းမှာ ဂါမဏိစန္ဒက ကမ်းပါးပြတ်ထိပ်ကနေပြီး ခုန်ချလိုက်လို့ ကျွန်တော်မျိုးရဲ့ဖခင်အပေါ် တည့်တည့်ကျပြီး ချက်ချင်း သေသွားပါတယ်။ အဲဒီလူသတ်မှုအတွက် ဂါမဏိစန္ဒကို ထိုက်ထိုက်တန်တန်အပြစ်ဒဏ်ပေးတော်မူပါဘုရား"

"ဂါမဏိစန္ဒ၊ သူပြောတဲ့အတိုင်း မှန်သလား"

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုး အပေါ်ကခုန်ချခဲ့လို့ သူ့ဖခင်သေရတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်မျိုးက တောင်ကမ်းပါးပြတ်ရဲ့ အောက်ခြေမှာ သူတို့သားအဖရှိနေတာကို မသိပါဘူး"

"နေပါဦး၊ ကမ်းပါးပြတ်က ခုန်ချရတာက ဘာကြောင့်လဲ"

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ သာမည လယ်သမားတစ်ယောက်သာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ပါလျက်နဲ့ ကြံကြံဖန်ဖန် အမှုတွေပတ်လာတဲ့အတွက် နွားတစ်ရှဉ်းဖိုးကိုလည်း လျော်ရဦးမယ်၊ ကိုယ်ဝန်ပျက်ကျတဲ့အတွက်လည်း အလျော်ပေးရဦးမယ်။ နောက်ပြီးတော့ မြင်းတစ်ကောင်ဖိုးပါ လျော်ရဦးမှာပါ။ ဒါတွေကို ကျွန်တော့်အနေနဲ့ အဘယ်နည်းနဲ့မှမလျော်နိုင်ပါဘူး။ မလျော်နိုင်တော့လည်း မင်းပြစ်မင်းဒဏ်ကခံရဦးမှာ။ ဒီတော့ ဒါလောက်တောင်အမှုပွေလှတဲ့ လူ့ပြည်မှာ မနေချင်တော့ပါဘူး၊ သေတာပဲကောင်းတော့တယ်။ ဒါကြောင့် ကျွန်တော်မျိုးကို ဖမ်းခေါ်လာခဲ့ကြတဲ့ တရားလို သုံးယောက်ကို နောက်ဖေး နောက်ဖီသွားဖို့ အကြောင်းပြပြီး တောင်ကမ်းပါးပြတ်ရှိရာ ထွက်လာခဲ့တာပါ။ တောင်ကမ်းပါးပြတ်ထိပ်ကို ရောက်တဲ့အခါ သေရင် ပြီးတာပဲဆိုပြီး မျက်စိမှိတ် ခုန်ချလိုက်ခါမှ နောက်တစ်မှုထပ်ပြီးတိုးလာရတာပါ ဘုရား"

"ဖျာရက်သမား၊ သူပြောတာ မှန်သလား, မှားသလား"

"မှန်ပါတယ် ဘုရား"

"မှန်ရင် ဘာကြောင့်များ အမှုလုပ်နေရတာလဲ"

"ဂါမဏိစန္ဒ မဆင်မခြင်ခုန်ချခဲ့တဲ့အတွက် ကျွန်တော်မျိုးရဲ့ဖခင် သေဆုံးသွားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးရဲ့ ဖခင်ဖြစ်သူကိုယ်စား ဘဏ္ဍာစားရချင်လို့ပါဘုရား"

"သြော်-ခက်လိုက်တဲ့လူပါကလား။ သေသွားပြီးတဲ့လူကို ပြန်ခေါ်ပေးဖို့ဆိုတာ ဘယ်သူကတတ်နိုင်မှာတုံး။ အသင်ဖျာရက်သမားက မဖြစ်နိုင်တာကိုမှ ကြံကြံဖန်ဖန်တောင်းဆိုနေတယ်။ ဒီတော့ ငါကိုယ်တော်မြတ်ကလည်း ဖြစ်တဲ့နည်းနဲ့ ဘဏ္ဍာစားပေးရမှာပေါ့။ ဒါကြောင့် ဂါမဏိစန္ဒက လောလောလတ်လတ် မုဆိုးမဖြစ်သွားတဲ့ ဖျာရက်သမားရဲ့မိခင်ကို အိမ်မှာခေါ်ထားစေ၊ ဖျာရက်သမားကလည်း ကိုယ့်မိခင်ရဲ့ခင်ပွန်းသည်ကို အဖေလို့ခေါ်စေ"

ဤဆုံးဖြတ်ချက် အပြီးတွင်



www.burmeseclassic.com

www.burmeseclassic.com

တရားလို ဖျာရက်သမားကလည်း ဂါမဏိစန္ဒကို အသနားခံ၍ ပြေးထွက်သွားလေသည်။

ဤသို့ဖြင့် ကြုံကြုံဖန်ဖန် ရစ်ပတ်လာသည့်အမှုများကို အောင်မြင်စွာဖြေရှင်းပြီးချိန်တွင် ဂါမဏိစန္ဒသည် လမ်းတစ်လျှောက်က လက်ဆင့်ကမ်းပေးလိုက်ကြသော သတင်းစကားတို့ကို အာဒါသမုခ မင်းလေးထံတင်ပြလျှောက်ထား၏။ အာဒါသမုခ မင်းကလေးမှာ အသက်အရွယ်ငယ်နုလှသေးသော်ငြားလည်း သူ၏ ပညာဉာဏ်ဂုဏ်သတင်းက ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခွင်လုံးမှာ ပျံ့နှံ့ကျော်ကြားနေ၏။ ထို့ကြောင့် လာခဲ့ရာလမ်းကြောင်းတစ်လျှောက်ရှိ ပုဂ္ဂိုလ်အသီးသီးက အာဒါသမုခမင်းထံ မိမိတို့ကြုံတွေ့နေကြရသည့် ပြဿနာတို့ကို သတင်းပါးလိုက်ကြခြင်း ဖြစ်၏၊ ထိုသတင်းစကားနှင့် အာဒါသမုခမင်း၏ ဖြေကြားချက်မှာ ဤသို့ဖြစ်၏။

(၁) "အရှင်မင်းမြတ်၊ လာခဲ့ရာခရီးစဉ်တစ်လျှောက်က ရွာတံခါးဝမှာ ပုဏ္ဏားငယ်များနဲ့ တွေ့ခဲ့ရပါတယ်။ သူတို့မှာ ပြဿနာတစ်ခုဖြစ်နေပါတယ်။ စောစောတုန်းက သူတို့သင်ယူထားတဲ့ ဗေဒကျမ်းစာတွေကို မမေ့မပျောက်အောင် မှတ်သားထားနိုင်ခဲ့ကြတယ်၊ မလွဲမမှားအောင်ရွတ်ဖတ်နိုင်ခဲ့ကြတယ်။ အခုနောက်ပိုင်းမှာတော့ အလွတ်ရထားခဲ့တဲ့စာတွေ မေ့ပျောက်ကုန်ကြတော့တယ်။ ရေအိုးကွဲကရေလို အဖတ်မတင် ဖြစ်ကုန်တော့တယ်။ အဲသလိုဖြစ်ရခြင်းရဲ့အကြောင်းရင်းကို မေးလျှောက်ခဲ့ဖို့ သတင်းပါးလိုက်ပါတယ်ဘုရား"

"ဂါမဏိစန္ဒ၊ ဒီလိုဖြစ်ရတာက ကြက်အပြောင်းအလဲကြောင့် ဖြစ်ရတာပါ။ စောစောတုန်းက ပုဏ္ဏားငယ်တို့အိမ်မှာ အချိန်မှန်မှန် တွန်တတ်တဲ့ကြက်တစ်ကောင် ရှိခဲ့လိမ့်မယ်။ အရုဏ်တက်ချိန်မှာ အချိန်မှန်မှန် တွန်တဲ့ ကြက်သံကြောင့် ပုဏ္ဏားငယ်များ အိပ်ရာနိုးပြီးတော့ ကျက်မှတ်ထားတဲ့စာတွေကို နှုတ်ငုံပြန်ခဲ့ကြလိမ့်မယ်။ နှုတ်ငုံပြန်လို့ ပြီးတာနဲ့ နံနက်လင်းလာတာနဲ့ အံကိုက်ဖြစ်နေကြလိမ့်မယ်။

အခုနောက်ပိုင်း ရောက်လာတော့ အဲဒီကြက်အစား အခြားကြက်တစ်ကောင် ရောက်လာလိမ့်မယ်။ အဲဒီ နောက်ကြက်က အရင်ကြက်လို မဟုတ်ဘဲ တွန်ချင်သလို တွန်လိမ့်မယ်။ အရုဏ်မတက်ခင် အစောကြီး ထတွန်တဲ့ ကြက်သံကြောင့် ပုဏ္ဏားငယ်တွေ ထပြီးစာပြန်တဲ့အခါ အိပ်ရေးမဝလို့ ပြန်ပြီးငိုက်သွားကြလိမ့်မယ်။ နောက်တစ်ခါ ကြက်က နံနက်ထိန်ထိန်လင်းမှ တွန်ပြန်တော့လည်း စာပြန်ချိန်မရနိုင်ကြတော့ဘူးပေါ့"

(၂) "အရှင်မင်းမြတ်၊ နောက်ထပ်သတင်းစကား ပါးလိုက်ကြတာက တောပျော်ရသေ့များ ဖြစ်ကြပါတယ်။ ရသေ့များနေထိုင်ရာတောထဲတောင်ထဲက သစ်သီးများဟာ စောစောတုန်းက အားလုံး အရသာချိုခဲ့ကြပါတယ်။ အနှစ်သြဇာ ပြည့်ဝခဲ့ကြပါတယ်။ ခုတော့ ရှေးကလို မဟုတ်တော့ပါဘူး။ အဲသလို ဖောက်လွဲဖောက်ပြန် ဖြစ်လာရခြင်းရဲ့ အကြောင်းရင်းကိုမေးမြန်းခဲ့ဖို့ သတင်းပါးလိုက်ကြပါတယ် ဘုရား"

"ဂါမဏိစန္ဒ၊ အဲဒါကတော့ ရသေ့များက ရသေ့လို မနေကြတော့တာကြောင့် ဖြစ်တယ်။ ရှေးရှေးက ရသေ့များဟာ ရသေ့သူတော်စင်ပီပီ သမထ ဘာဝနာ စီးဖြန်းလို့နေကြတယ်။ ဒါကြောင့်လည်း သူတို့နေထိုင်တဲ့ တောထဲက သစ်သီးတွေ ချိုကြတယ်။ အခုတော့ ဘာဝနာအလုပ်ကို မလုပ်တော့ဘဲ လာဘ်ပေါများရေးကိုသာ အလေးထားနေကြတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ပတ်ဝန်းကျင်က သစ်သီးတွေ ဖောက်ပြန်ကုန်ကြတယ်။ တကယ်လို့သာ ရသေ့တွေက ရှေးကလို ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းကြမယ်ဆိုရင် သစ်သီးတွေကလည်း အရင်တုန်းကလို ပြန်ပြီး ချိုကြပါလိမ့်မယ်။ အနှစ်သြဇာ ပြည့်ဝလာကြပါလိမ့်မယ်"

(၃) "အရှင်မင်းမြတ်၊ နောက်ထပ်သတင်းစကားပါးလိုက်တာလည်း ရှိပါသေးတယ်။ အဲဒါကတော့ နဂါးတစ်ကောင် ဖြစ်ပါတယ်။ သူနေထိုင်တဲ့ ရေကန်ဟာ စောစောတုန်းက ကြည်လင်နေခဲ့တယ်။ မြအဆင်းလို စိမ်းမြနေခဲ့တယ်။ အခုနောက်ပိုင်းကျတော့ ကန်ရေတွေက နောက်လာတယ်။ မှော်ကြီးတွေ၊ မှော်လေးတွေ မြေးယှက်လာကြတယ်။ အဲဒါ ဘာကြောင့်ဖြစ်ရတာပါပဲ ဘုရား"

"ဂါမဏိစန္ဒ၊ အဲဒါက အဲဒီကန်ထဲမှာနေကြတဲ့နဂါးတွေက အချင်းချင်း ရန်ဖြစ်ကြလို့ပါ။ နဂိုအတိုင်း ရေကြည်ကြည် ရှိနေစေချင်ရင်တော့ နဂိုအတိုင်း သင့်သင့်မြတ်မြတ်နေကြပါစေပေါ့"

(၄) "အရှင်မင်းမြတ်၊ နောက်ထပ် သတင်းစကားပါးလိုက်သူကတော့ ရုက္ခစိုးနတ် ဖြစ်ပါတယ်။ သူ့ကို စောစောတုန်းက လူတွေက ပူဇော် ပ,သခဲ့ကြပါတယ်။ အခုနောက်ပိုင်းမှာတော့ ပန်းကလေးတစ်ဆုပ်တောင်မှမရတော့ပါဘူး။ အဲဒါ ဘာကြောင့် ဖြစ်ရတာပါလဲ ဘုရား"

"ဂါမဏိစန္ဒ၊ စောစောတုန်းက တောတွင်းသွားခရီးသည်တို့ကို ရုက္ခစိုးနတ်က စောင့်ရှောက်ခဲ့တယ်။ အဲဒါကြောင့် လူတွေကလည်း သူ့ကို ပူဇော်ပ,သခဲ့ကြတယ်။ အခု နောက်ပိုင်းကျတော့ သူ့ဘက်က တာဝန်ပျက်ကွက်လာတယ်။ အဲဒါကြောင့်လည်း သူ့ကို ပူဇော်ပ,သခြင်းမပြုဘဲ နေကြတော့တယ်"

(၅) "အရှင်မင်းမြတ်၊ နောက်တစ်ခါ သတင်းစကားပါးလိုက်တာက ခါငှက်တစ်ကောင် ဖြစ်ပါတယ်။ သူက ခါတို့ရဲ့သဘာဝအတိုင်း တွန်ကျူးသံပေးတဲ့အခါမှာ တောင်ပို့တစ်ခုနားမှာတွန်ရရင် စိတ်ပါလက်ပါ တွန်နိုင်သေးတယ်၊ အရသာရှိရှိ တွန်နိုင်တယ်။ အခြား နေရာများမှာဆိုရင်တော့ အဲသလိုမရပါဘူးတဲ့။ အဲဒါ ဘာကြောင့်ဖြစ်ရတာပါလဲ ဘုရား"

"ဂါမဏိစန္ဒ၊ အဲဒီ သတင်းစကားကတော့ သင့်အတွက် လာဘ်ကြီးထိုက်တာပဲ။ ခါငှက်ရဲ့ စိတ်ပါလက်ပါ တွန်ကျူးနိုင်တဲ့ နေရာက တောင်ပို့အောက်မှာ ရတနာသိုက်ရှိနေတယ်။ အဲဒီ ရတနာသိုက်ကို တူး



www.burmeseclassic.com

www.burmeseclassic.com

ယူပေတော့"

(၆) "အရှင်မင်းမြတ်၊ နောက်တစ်ခါ သတင်းစကားပါးလိုက်တာကတော့ သမင်တစ်ကောင်ဖြစ်ပါတယ်။ သူဟာ သစ်ပင်တစ်ပင်အောက်က မြက်တွေစားရရင် သိပ်ပြီးတော့ မြိန်ပါသတဲ့၊ အခြားနေရာတွေကျတော့ အရသာမတွေ့ရပါဘူးတဲ့။ အဲဒါဘာကြောင့် ဖြစ်ရတာပါလဲ ဘုရား"

"ဂါမဏိစန္ဒ၊ အဲဒါကလည်း သင့်အတွက် လာဘ်ကလေး ထိုက်တာပါပဲ။ အဲဒီ သစ်ပင်ပေါ်မှာ ပျားအုံကြီး ရှိနေတယ်။ ဒီတစ်ခါတော့ ရသမျှပျားရည်ကို သင်တစ်ယောက်တည်းမယူပါနဲ့နော်၊ နန်းတော်ကိုလည်း ဦးဦးဖျားဖျားပို့ပေးလိုက်ပါဦး"

(၇) "အရှင်မင်းမြတ်၊ နောက်ထပ် သတင်းစကားပါးလိုက်တာကတော့ မြွေတစ်ကောင် ဖြစ်ပါတယ်။ သူ့ရဲ့အခက်အခဲကတော့ တွင်းဝင်၊ တွင်းထွက် ဖြစ်ပါတယ်။ သူဟာ အစာရှာဖို့ တွင်းထဲကထွက်ဖို့ ကြိုးစားရတဲ့အချိန်မှာ သူ့ကိုယ်ကောင်ကပိန်နေပါတယ်။ အစာမစားရတာကြာလာလို့ ညှိုးညှိုးနွမ်းနွမ်း ဖြစ်နေပါတယ်။ ဒီလို ဖြစ်နေတာတောင်မှ တွင်းထဲကထွက်တဲ့အခါမှာ ချောချောမောမော မဖြစ်ပါဘူးတဲ့။ ဟိုတစ် ဒီတစ် ဖြစ်ဖြစ်နေလို့ တော်တော်ကြီး ကြိုးစားပြီး ထွက်ရပါသတဲ့။ နောက်တစ်ခါ အပြင်မှာကျက်စားလို့ ဗိုက်ကြီးဝပြီး ပြန်ဝင်လာတဲ့အခါမှာတော့ ဘာအဖုအထစ်တစ်ခုမှမရှိဘဲ ချောချောမောမော ဝင်နိုင်ပါသတဲ့။ အဲဒါ ဘာကြောင့်ဖြစ်ရတာပါလဲဘုရား"

"ဂါမဏိစန္ဒ၊ အဲဒါကလည်း သင့်အတွက် လာဘ်ကြီးထိုက်တာပါပဲ။ အဲဒီမြွေက ဥစ္စာစောင့်မြွေ ဖြစ်တယ်။ သူနေတဲ့တောင်ပို့အောက်မှာ ရွှေအိုးတစ်လုံး ရှိနေတယ်။ အဲဒီ ရွှေအိုးကို တွယ်တာနေလို့ အထွက်ရခက်နေရတယ်။ အဲဒီရွှေအိုးကို သင့်ဘာသာတူးယူပေတော့"

(၈) "အရှင်မင်းမြတ်၊ နောက်ထပ် သတင်းစကားပါးလိုက်တာကတော့ အိမ်ထောင်သည်အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ သူက မိဘများရဲ့ရွာနဲ့ တစ်ရွာခြားတဲ့ ရွာတစ်ရွာက အမျိုးသားနဲ့ အိမ်ထောင်ကျပါတယ်။ သူက လင့်အိမ်နဲ့ မိဘအိမ်ကို ကူးချည်သန်းချည် လုပ်နေပါတယ်။ ဒါပေမယ့် ဘယ်အိမ်မှာမှ သူ မပျော်နိုင်ပါဘူးတဲ့။ အဲဒါ ဘာကြောင့် ဖြစ်ရတာပါလဲ ဘုရား"

"ဂါမဏိစန္ဒ၊ အဲဒါကတော့ လင့်အိမ်နဲ့မိဘအိမ်အပြင်မှာ သူပျော်စရာအိမ်တစ်လုံးရှိနေလို့ ဖြစ်တယ်။ ဒါကြောင့် ဒီက အပြန်မှာ သင်က ငါကိုယ်တော်မြတ်ရဲ့အမိန့်ကို သူ့ကိုပြောပြလိုက်။ ကိုယ့်ခင်ပွန်းရဲ့အိမ်မှာပဲ ကျနေရရနေပါ၊ ဟိုဟိုဒီဒီ မသွားပါနဲ့။ အမိန့်ကို မလိုက်နာရင် ရာဇဒဏ်သင့်လိမ့်မယ်။ အဲဒါကို သင်ကပြောပြလိုက်ပါ"

(၉) "အရှင်မင်းမြတ်၊ နောက်ထပ် သတင်းစကားပါးလိုက်တာကလည်း အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ သူက ကိုယ်ခန္ဓာနဲ့ရင်းနှီးပြီး အသက်မွေးရတဲ့ ပြည့်တန်ဆာမ ဖြစ်ပါတယ်။ စောစောတုန်းကတော့ သူဟာ ဒီလုပ်ငန်းနဲ့ လာဘ်ရွှင်ခဲ့တယ်။ နောက်ပိုင်းကျတော့ လာဘ်တိတ်သွားရတော့တယ်။ သူ့အိမ်ကို ဘယ်ယောကျ်ားမှ မဝင်လာကြတော့ပါဘူး။ အဲဒါ ဘာကြောင့် ဖြစ်ရတာပါလဲဘုရား"

"ဂါမဏိစန္ဒ၊ အဲဒါက သူ့ကျင့်ဝတ်ကို သူ့ဘာသာဖောက်ဖျက်လို့ ဖြစ်တယ်။ သူတို့က အခကြေးငွေယူထားပြီးတဲ့အမျိုးသားကို စိတ်ကျေနပ်အောင် ဖျော်ဖြေကြရတယ်။ လက်ခံထားတဲ့ အမျိုးသားတစ်ယောက် စိတ်ကျေနပ်သွားမှ နောက်တစ်ယောက်ကို လက်ခံရတယ်။ ငွေရလိုဇောနဲ့ ရှေ့လူ၊ နောက်လူမခွဲခြားဘဲ လက်ခံခဲ့တာကြောင့် လာဘ်တိတ်သွားခဲ့ရတယ်"

(၁၀) "အရှင်မင်းမြတ်၊ အခုနောက်ဆုံး ဆယ်ဦးမြောက် သတင်းစကားပါးလိုက်သူကတော့ ရွာစားတစ်ယောက် ဖြစ်ပါတယ်။ အခုလောလောဆယ်မှာ သူ့ရုပ်ရည်ကညှိုးမှိန်နွမ်းခြောက်နေပါတယ်။ ဖျော့တော့တဲ့အနာရောဂါကိုလည်း ခံစားနေရပါတယ်။ အထီးကျန် ဖြစ်နေပါတယ်။ စောစောကတော့ သူ့ရုပ်ရည်က စိုစိုပြည်ပြည် ရှိခဲ့ပါသတဲ့။ အနာရောဂါကင်းခဲ့ပါသတဲ့။ လူချစ်လူခင်ပေါခဲ့ပါသတဲ့။ အဲသလို အပြောင်းအလဲဖြစ်လာရတာက ဘာကြောင့်ပါလဲဘုရား"

"ဂါမဏိစန္ဒ၊ အဲဒီ ရွာစားဟာ စောစောတုန်းက လာဘ်မစားဘဲ ရွာသူရွာသားတို့အပေါ်မှာ ဖြောင့်ဖြောင့်မှန်မှန် အုပ်ချုပ်လာခဲ့တယ်။ နောက်ပိုင်းကျတော့ သူ့ဘက်က ဖောက်လွဲဖောက်ပြန် ဖြစ်လာခဲ့လို့ အကျိုးပေးမကောင်း ဖြစ်လာခဲ့တယ်။ သူဟာ ငါ့ကိုယ်တော်မြတ်ရဲ့ အကြောင်းကို ကောင်းကောင်းသိသေးဟန်မတူဘူး။ ဒီတော့ သင့်ရဲ့အပြန်ခရီးမှာ သူ့ကို ကောင်းကောင်းအမှုထမ်းဖို့၊ မတော်မတရား မလုပ်ဖို့ မိန့်မှာလိုက်တဲ့အကြောင်း တစ်ဆင့်ပြန်ကြားပေတော့"

"ကောင်းလှပါပြီ အရှင်မင်းမြတ်ဘုရား"

ဤကဲ့သို့ ဝမ်းမြောက်ဝမ်းသာ လျှောက်ထားပြီးလျှင် ဂါမဏိစန္ဒသည် လာလမ်းအတိုင်း ပြန်လာခဲ့၏။ အလာတုန်းက သတင်းစကားပါးခဲ့ကြသူတို့အား အစုံအစေ့တုံ့ပြန်၍ သတင်းပြန်ကြားပြီးလျှင် သမင်ကျက်စားရာသစ်ပင်ပေါ်က ပျားအုံကြီးကိုတက်၍ဖွပ်ကာ ပျားရည်အဦးအဖျားကို ရွှေနန်းတော်သို့ ပို့ဆောင်ရန် သီးခြားထား၏။ ထို့နောက် ခါနှင့်မြွေတို့၏အောက်က ဥစ္စာသိုက်များကိုလည်း နဂိုအရှိအတိုင်း တူးဖော်ရရှိလေသည်။

အလာခရီးတုန်းက မျက်ရည်စက်လက်နှင့် နှုတ်ဆက်ရင်း ကျန်ခဲ့ကြသော အိမ်သူ အိမ်သားတို့သည် အပြန်ခရီးမှာတော့ ဂါမဏိစန္ဒ၏ပခုံးပေါ်က အထုပ်အထည်တို့ကို ဝမ်းပန်းတသာ လက်ကမ်း၍ ကြိုဆိုနိုင်ကြပါပေသည်။

ဝဏ္ဏာသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

၂ ၀ ၁ ၂ ခု နှ စ် ၊ အော က် တို ဘာ လ အ တွ က်

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင် (ဂမ္ဘီရ)

မနသဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ်လက်ဖြတ်ချိန်၊ မနသဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါး ထပ်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုပါလျှင် အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် မနလာဘ်ဆိုင်ရာ ဂါထာမန္တန်များကို ရွက်ဖတ် အား ထုတ်ပါလျှင် ထူးကဲသောအကျိုးကျေးဇူးကောင်းများကို ခံစားမည်မှာ ဧကန်ဖြစ်ပါသည်။ ၂၃-၁၀-၂၀၁၂ ည (၁၀း၅၀) နာရီမှ ၂၄-၁၀-၂၀၁၂ ည (၁၀း၄၈) နာရီအထိ မနသိဒ္ဓိနက္ခက်နှင့် စန်းယှဉ်နေမည်ဖြစ်ပြီး ၂၄-၁၀-၂၀၁၂ ညဦး (၆း၄၈) နာရီမှ ညဦး (၇း၁၇) နာရီအထိ မနသိဒ္ဓိနက္ခတ်ကို လက်ဖြတ်ကျော်မည်ဖြစ်ပြီး ၂၄-၁၀-၂၀၁၂ ညဦး (၆း၄၄) နာရီမှ ညဦး (၇း၁၉) နာရီအတွင်း မနသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်း ဖြတ်ကျော်မည် ဖြစ်ပါသည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းချိန်ဖြတ်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၁၉း ၁၉း ၄၂ | ၂၀း ၄၇း ၀၂ | ၁ | ၂၀း ၁၅း ၁၈ | ၂၀း ၅၂း ၁၃ |
| ၂ | ၁၉း ၁၅း ၄၆ | ၂၀း ၄၃း ၀၆ | ၂ | ၂၀း ၁၁း ၂၂ | ၂၀း ၄၈း ၁၇ |
| ၃ | ၁၉း ၁၁း ၅၂ | ၂၀း ၃၉း ၁၀ | ၃ | ၂၀း ၀၇း ၁၆ | ၂၀း ၄၄း ၂၁ |
| ၄ | ၁၉း ၀၇း ၅၆ | ၂၀း ၃၅း ၁၄ | ၄ | ၂၀း ၀၃း ၂၀ | ၂၀း ၄၀း ၂၅ |
| ၅ | ၁၉း ၀၄း ၀၀ | ၂၀း ၃၁း ၁၈ | ၅ | ၁၉း ၅၉း ၂၄ | ၂၀း ၃၆း ၂၉ |
| ၆ | ၁၉း ၀၀း ၀၄ | ၂၀း ၂၇း ၂၂ | ၆ | ၁၉း ၅၅း ၂၈ | ၂၀း ၃၂း ၃၃ |
| ၇ | ၁၈း ၅၆း ၀၈ | ၂၀း ၂၃း ၂၆ | ၇ | ၁၉း ၅၁း ၃၂ | ၂၀း ၂၈း ၃၇ |
| ၈ | ၁၈း ၅၂း ၁၂ | ၂၀း ၁၉း ၃၀ | ၈ | ၁၉း ၄၇း ၃၆ | ၂၀း ၂၄း ၄၁ |
| ၉ | ၁၈း ၄၈း ၁၆ | ၂၀း ၁၅း ၃၄ | ၉ | ၁၉း ၄၃း ၄၀ | ၂၀း ၂၀း ၄၅ |
| ၁၀ | ၁၈း ၄၄း ၂၀ | ၂၀း ၁၁း ၃၈ | ၁၀ | ၁၉း ၃၉း ၄၄ | ၂၀း ၁၈း ၄၉ |
| ၁၁ | ၁၈း ၄၀း ၂၄ | ၂၀း ၀၇း ၄၂ | ၁၁ | ၁၉း ၃၅း ၄၈ | ၂၀း ၁၂း ၅၃ |
| ၁၂ | ၁၈း ၃၆း ၂၈ | ၂၀း ၀၃း ၄၆ | ၁၂ | ၁၉း ၃၁း ၅၂ | ၂၀း ၀၈း ၅၇ |
| ၁၃ | ၁၈း ၃၂း ၃၂ | ၁၉း ၅၉း ၅၀ | ၁၃ | ၁၉း ၂၇း ၅၆ | ၂၀း ၀၅း ၀၁ |
| ၁၄ | ၁၈း ၂၈း ၃၆ | ၁၉း ၅၅း ၅၄ | ၁၄ | ၁၉း ၂၄း ၀၀ | ၂၀း ၀၁း ၀၅ |
| ၁၅ | ၁၈း ၂၄း ၄၀ | ၁၉း ၅၁း ၅၈ | ၁၅ | ၁၉း ၂၀း ၀၄ | ၁၉း ၅၇း ၀၉ |
| ၁၆ | ၁၈း ၂၀း ၄၄ | ၁၉း ၄၇း ၀၂ | ၁၆ | ၁၉း ၁၆း ၀၈ | ၁၉း ၅၃း ၁၃ |
| ၁၇ | ၁၈း ၁၆း ၄၈ | ၁၉း ၄၃း ၀၆ | ၁၇ | ၁၉း ၁၂း ၁၂ | ၁၉း ၄၉း ၁၇ |
| ၁၈ | ၁၈း ၁၂း ၅၂ | ၁၉း ၃၉း ၁၀ | ၁၈ | ၁၉း ၀၈း ၁၆ | ၁၉း ၄၅း ၂၁ |
| ၁၉ | ၁၈း ၀၈း ၅၆ | ၁၉း ၃၅း ၁၄ | ၁၉ | ၁၉း ၀၄း ၂၀ | ၁၉း ၄၁း ၂၅ |
| ၂၀ | ၁၈း ၀၄း ၀၀ | ၁၉း ၃၃း ၁၈ | ၂၀ | ၁၉း ၀၀း ၂၄ | ၁၉း ၃၇း ၂၉ |
| ၂၁ | ၁၈း ၀၀း ၀၄ | ၁၉း ၂၉း၂၂ | ၂၁ | ၁၈း ၅၆း ၂၈ | ၁၉း ၃၃း ၃၃ |
| ၂၂ | ၁၇း ၅၆း ၀၈ | ၁၉း ၂၅း ၂၆ | ၂၂ | ၁၈း ၅၂း ၃၂ | ၁၉း ၂၇း ၃၇ |
| ၂၃ | ၁၇း ၅၂း ၁၂ | ၁၉း ၂၁း ၃၀ | ၂၃ | ၁၈း ၄၈း ၃၆ | ၁၉း ၂၃း ၄၁ |
| ၂၄ | ၁၈း ၄၈း ၁၆ | ၁၉း ၁၇း ၃၄ | ၂၄ | ၁၈း ၄၄း ၄၀ | ၁၉း ၁၉း ၄၅ |
| ၂၅ | ၁၇း ၄၄း ၂၀ | ၁၉း ၁၃း ၃၈ | ၂၅ | ၁၈း ၄၀း ၄၄ | ၁၉း ၁၅း ၄၉ |
| ၂၆ | ၁၇း ၄၀း ၂၄ | ၁၉း ၀၉း ၄၂ | ၂၆ | ၁၈း ၃၆း ၄၈ | ၁၉း ၁၁း ၅၃ |
| ၂၇ | ၁၇း ၃၆း ၂၈ | ၁၉း ၀၅း ၄၆ | ၂၇ | ၁၈း ၃၂း ၅၂ | ၁၉း ၀၇း ၅၇ |
| ၂၈ | ၁၇း ၃၂း ၃၂ | ၁၉း ၀၁း ၅၀ | ၂၈ | ၁၈း ၂၈း ၅၆ | ၁၉း ၀၄း ၀၁ |
| ၂၉ | ၁၇း ၂၈း ၃၆ | ၁၈း ၅၇း ၅၄ | ၂၉ | ၁၈း ၂၄း ၀၀ | ၁၉း ၀၀း ၀၅ |
| ၃၀ | ၁၇း ၂၄း ၄၀ | ၁၈း ၅၃း ၅၈ | ၃၀ | ၁၈း ၂၀း ၀၄ | ၁၈း ၅၆း ၀၉ |
| ၃၁ | ၁၇း ၂၀း ၄၄ | ၁၈း ၅၀း ၀၂ | ၃၁ | ၁၈း ၁၆း ၀၈ | ၁၈း ၅၂း ၁၃ |



www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောတွင် ဖြစ်သည်။ ဆောင်းလထဲသို့ ဝင်ရောက်လာခဲ့ပြီ ဖြစ်၍ နံနက်တိုင်း နှင်းပွင့်ဖြူများ နေရာယူလာတတ်သလို ညနေချိန်များတွင်လည်း နှင်းတို့နေရာယူစ ပြုလာချေပြီ။ အအေးဓာတ်သည်လည်း ပိုစ ပြုလာ၏။ ဆောင်း၏သဘာဝ လက္ခဏာတို့သည် ထင်ဟပ်လျက် ရှိသည်။

ရန်ကုန်ဆောင်းသည် အအေးဓာတ် လျော့သောကြောင့် ဆောင်းဒဏ်ကို လူတန်းစားအားလုံး ခံစားနိုင်ကြ၏။ ရန်ကုန်၊ သထုံ၊ ကျောက်ဖြူ ဤသုံးမြို့သည် ရာသီဥတုအမျှတဆုံးဟု ဆိုသည်။ ပူချိန်တွင်လည်း သိပ်ပြီး မပူ၊ အေးချိန်တွင်လည်း သိပ်ပြီး မအေး။ မိုးရာသီ၌ အခြားသော နေရာဒေသတို့ထက် မိုးအနည်းငယ်များသည်။

မောင်အေးချမ်းတို့၏ ဇာတိရခိုင်ရိုးမ တောင်ခြေ၊ အမ်းမြို့နယ်သည်ကား အအေးကြီးခြင်း၊ မိုးများခြင်း ရှိပါသည်။ ဆောင်းရာသီတွင် စောင် သုံး၊ လေးထည်မျှနှင့်ပင် သိပ်ပြီးမလုံလောက်။ အအေးကြီးသော ဆောင်းလယ်ရာသီတွင် မီးလင်းဖိုများကူရသည်အထိပင် အေးစိမ့်နေတတ်သည်။

ယခု ရန်ကုန်ကို ရောက်နေသည်မှာ နှစ်ပေါင်း ၂၀ ကျော်လာခဲ့ပြီဖြစ်၍ ရန်ကုန်နှင့် အသားကျကာ ဆောင်းရာသီတွင် ရွာကိုပြန်မိပါက အအေးဒဏ်ကို ထိထိမိမိ ခံစားရတတ်သည်။ လွန်ခဲ့သောနှစ်က အမှတ်မထင် ရွာကိုပြန်မိ၍ ဆောင်းချမ်းနှင့်တိုးသောကြောင့် တစ်ညသာ အိပ်ပြီး ပြန်ပြေးခဲ့ရဖူးသည်။

"ကျောင်းမြေက ကျယ်ပေမယ့် ကျောင်းဆောင်တွေက လိုနေသေးတော့ ရိပ်သာဖွင့်ဖို့ လွယ်ပါ့မလား"

"နောက်တော့ ဖြစ်လာမှာပေါ့။ အခု အစရှိသေးတာပဲ။ တို့ကိုယ်တော်တောင်မှ မြက်တောထဲမှာ ဝါးကျောင်းလေးနဲ့နေနေရတာပဲ။ ဒါပေမယ့် တို့ကိုယ်တော်က တရားပြပေးတာ ကောင်းပါတယ်။ နောက်တော့လည်း ဖြစ်လာမှာပေါ့"

ဦးသောင်းညွန့်နှင့် နောက်ဒကာကြီးတစ်ယောက် လျှောက်လာနေကြသည်ကို တွေ့လိုက်ရပါသည်။ ဦးသောင်းညွန့်က ကျောင်းဆီသို့ လျှောက်လာပြီး နောက်ဒကာကြီးတစ်ယောက်က မုခ်လုပ်နေသည့် ပန်းရန်ဆရာများဆီ ထွက်သွားသည်ကို တွေ့လိုက်ရသည်။

"ဟာ-ကိုယ်တော်၊ ဒီနေ့တရား မပြဘူးလား"


"ဒီနေ့က ဥပုသ်နေ့မှ မဟုတ်တာ။ ဥပုသ်နေ့မှ တရားပြပေးတာလေ။ နောက်တော့ ကျောင်းဆောင်တွေ ပြည့်စုံလာတဲ့အခါ နေ့တိုင်းပြပေးမှာပေါ့။ ဒီတော့မှ အမြဲတမ်း ရိပ်သာကြီး ဖြစ်လာပါလိမ့်မယ်"

ဦးသောင်းညွန့်သည် ဟို၊ ဒီ စောင်းငဲ့ကြည့်လိုက်ပြီး-

"ခုတစ်လော တရုတ်ပြည်က ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ အပူဇော်ခံ ကြွတော်မူလာတယ်ဆိုတာ သိသလား"

"ကြားပါတယ်၊ မြတ်စွယ်တော်ကြွလာတော့လည်း ဖူးမြော်ကြည်ညိုရတာပေါ့"

"အခုနဲ့ဆိုရင် တရုတ်က မြတ်





www.burmeseclassic.com

www.burmeseclassic.com

စွယ်တော်ဟာ မြန်မာနိုင်ငံကို အပူဇော်ခံကြွတာ ၄ ကြိမ်တောင်ရှိပြီတဲ့"

"ဟုတ်မယ်၊ ဦးပဥ္စင်းတို့တောင် စာသင်တုန်းကစလို့ နှစ်ကြိမ်ဖူး, ဖူးပြီ၊ ခုနဲ့ဆိုရင် သုံးကြိမ်ပေါ့။ ဒီရှေ့ကလည်းကြွဖူးတယ်လို့ ကြားဖူးပါတယ်"

"ကိုယ်တော်၊ စွယ်တော်နဲ့ပတ်သက်လို့ လေ့လာဖူးသလား"

"လေ့လာဖူးတယ်။ စွယ်တော်သမိုင်းလည်း ရှိတာပဲ"

"တပည့်တော်က အခြား စာတွေကိုဖတ်ပေမယ့် စွယ်တော်နဲ့ပတ်သက်လို့မလေ့လာဖူးဘူး။ ဒါကြောင့် ကိုယ်တော် လေ့လာဖူးတာကလေး ပြောပြပါလား"

"ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် တေဇောဓာတ်မလောင်ဘဲ ဓာတ်တော် ၇ ဆူ ကြွင်းကျန်တယ်။ ဒီအထဲမှာ စွယ်တော် ၄ ဆူလည်း ပါဝင်တာပေါ့။ အထက်လက်ယာစွယ်တော်က တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတော်မှာ ကိန်းအောင်းတယ်၊ အောက်လက်ယာစွယ်တော်က နဂါးပြည်မှာ ကိန်းအောင်းတယ်။ အထက်လက်ဝဲစွယ်တော်က အခု ကြွတော်မူတယ်ဆိုတဲ့ တရုတ်ပြည်ကစွယ်တော်မြတ်ပေါ့။ အောက်လက်ဝဲစွယ်တော်ကတော့ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ ကန္ဒီမြို့မှာပဲ"

"စွယ်တော်ဂါထာများ မရှိဘူးလား။ ရှိရင် ရေးပေးပါ၊ ရှိခိုးပူဇော်ချင်လို့"

"ရပါတယ်၊ ရေးပေးမှာပေါ့"

"ဗုဒ္ဓစွယ်တော်ကို ပူဇော်ခြင်းနဲ့ပတ်သက်ပြီး အကျိုးထူးလေးများ ရှိရင်လည်း ပြောဟောပြပါဦး"

"ဗုဒ္ဓမြတ်စွယ်တော်ကို ကြည်ညိုအားကိုးတဲ့အနေနဲ့ ရွတ်ဆိုပူဇော်လို့ အန္တရာယ်ကင်း၊ လာဘ်ပွင့်တဲ့အကြောင်းတွေတော့ ရှိပါတယ်။ စွယ်တော် ၄ ဆူ ဂါထာတော်ကိုလည်း ရပါတယ်။ ဒါပေမယ့် ဦးပဥ္စင်း အဲဒီလောက်အထိ အချိန်မရဘူး။ နောက်တော့ လာခဲ့ပါလား"

"ဒီလိုဆိုရင် တနင်္ဂနွေနေ့ လာခဲ့ပါ့မယ်။ ဒီတော့မှ အန္တရာယ်ကင်းတဲ့အကြောင်းတွေကိုပြောပြပြီး စွယ်တော်မြတ် ဂါထာတော်ကိုလည်း ရေး





www.burmeseclassic.com

www.burmeseclassic.com

ပေးပါ"

◎

ဦးကျော်ဇံအောင် ဦးစီးသော စပါးလှေအဖွဲ့သည် ပင်လယ်ပြင်ကို ဖြတ်လျက် ကျောက်ဖြူမြို့သို့ ဦးတည်ပြီးမောင်းနှင်နေကြသည်။ စက်လှေတွင် စပါးအပြည့်တင်လာကြသည်။ စပါးပေါ်ချိန်ဖြစ်သဖြင့် လယ်သမားများ စုပေါင်းပြီး ကျောက်ဖြူမြို့အဝယ်ဒိုင်သို့ စပါးရောင်းချရန် လာကြခြင်း ဖြစ်သည်။

ယခု သူတို့ရောင်းချရန်လာကြသော စပါးများမှာ ကောက်ကြီး၊ ကောက်လတ်စပါးများ မဟုတ်ပေ။ ဒီရေတောများကို ဆီးကာဆည်ပြီး တောခုတ်၍ကြထားသော (ကာရံ) စပါးများသာ ဖြစ်သည်။ ကောက်ကြီး၊ ကောက်လတ် စပါးများထက် စီးစောစွာဖြင့် ရိတ်သိမ်းရ၍ မိုးနှင့်လုလုပ်ရသော ကောက်ဦးစပါးများသာ ဖြစ်သည်။

စက်လှေကြီးကို စက်ကုန်ဖွင့်၍ ပင်လယ်ခရီးကို ၂ နာရီကျော်မျှ မောင်းနှင်လိုက်ကြပြီးနောက် ကြည်လင်နေသော ကောင်းကင်ပြာကြီးသည် အရောင်ပြောင်း၍လာလေ၏။ မိုးသားတိမ်စိုင်တို့သည် သိသိသာသာကြီး နိမ့်ဆင်းလာပြီး လေသည်လည်း တောင်ဘက်ခြမ်းမှသိသိသာသာ တိုက်ခတ်လာလေသည်။

ထို့ကြောင့် ဦးကျော်ဇံအောင်နှင့် လှေသမားအားလုံးတို့မှာ အတိတ်ဆိုး နိမိတ်ဆိုးများနှင့် မလွဲမသွေ ရင်ဆိုင်တွေ့ကြရတော့မည်ဟု သိလိုက်ကြ၍ အလွန်အမင်း ထိတ်လန့် တုန်လှုပ်လျက် ရှိကြပါသည်။ ဘုရားတ,သူက တ,ကြပြီး သက်မ,ချသူက ချပြီ။ လေအဖျားတစ်ချက်ခတ်ရုံဖြင့်ပင် မုန်တိုင်းပါသောကြောင့် စပါးလှေသည် ယိမ်းထိုးလှုပ်ခါသွားလေ၏။

ထို့နောက် မုန်တိုင်းလေနှင့်ရေလှိုင်းလုံးကြီးများသည် တစ်လုံးပြီး တစ်လုံး ရိုက်ခတ်လေသည်။ စပါးလှေသည်လည်း မြောက်ဘက်သို့ အရှိန်ဖြင့် ရွေ့လျောလျက် ကမ္ဘာ့ရေကြောင်းဘက်သို့သာ ရောက်သွားလေ၏။ ကျောက်ဖြူမြို့နှင့်ကား ဝေးသည်ထက် ဝေး၍သွားလေသည်။

မိုးဒဏ်,လေဒဏ်ကြောင့် စပါးလှေသည် ပင်လယ်ပြင်တွင် လိမ့်နေသဖြင့် လှေဝမ်းထဲတွင်ရှိကြသော လူအားလုံးမှာလည်း ခလောက်ဆန် လိုက်၍နေကြလေသည်။ စပါးလှေကိုလည်း လုံးဝ ထိန်း၍မရတော့ဘဲ နောက်ဆုံးတွင် ပန်ကာဝင်ရိုး ကျိုးသဖြင့် ပို၍ ဆိုးသွားလေသည်။ ထို့ကြောင့် သေဘေးမှတစ်ပါး အခြားမရှိတော့။

သို့သော်လည်း စပါးမော်တော်သည် စုံးစုံးမြုပ်၍ မသွားပေ။ ပင်လယ်မုန်တိုင်းသည်လည်း ငြိမ်သက်စပြုလာသည်။ ထို့ကြောင့် လှေဝမ်းထဲမှရေများကို ပက်ထုတ်ကြသည်။ စပါးများလည်း ရေစိုသောကြောင့် သုံး၍ရနိုင်ဖွယ် မရှိတော့ပေ။ သို့ဖြစ်၍ စပါးများကိုပါရေနှင့်ရော၍ ပက်ထုတ်လိုက်ရသည်။

လေမုန်တိုင်းကား လုံးဝ ငြိမ်သွားလေပြီ။ လှေဝမ်းထဲမှ စပါးများကိုလည်း ရေနှင့်ရောပြီး ပင်လယ်ထဲသို့ ပက်ချလိုက်ရပြီ။ စက်လှေတွင် စက်လည်းမပျက်၊ မော်တော်လည်း မပျက်။ နှစ်ခုလုံး ကောင်းနေသော်လည်း မော်တော်ဝင်ရိုး ကျိုးသွားသဖြင့် သုံး၍မရတော့ပေ။

ပန်ကာအပိုပါသော်လည်း ဝင်ရိုးအပိုမပါသောကြောင့် ဘာမှလုပ်၍မရနိုင်တော့။ လေယူရာအတိုင်း ရေမှာမျော၍ပါနေရလေသည်။ စားသောက်စရာဆန်သည်လည်း တစ်ရက်စာသာ ပါကြသည်။ ရေကမူ လေး၊ ငါးရက် သောက်၍ရနိုင်သေးသည်။ စက်လှေသည် ရေမှာမျောရင်း တစ်ရက်နှင့်တစ်ည ဟူသော အချိန်သည် ကုန်လွန်၍သွားခဲ့ပြီ။

နောက်တစ်ရက် လင်း၍လာသောအခါ စက်လှေသည် ကမ္ဘာ့ရေကြောင်းတွင်မျောပါနေသည်ကို တွေ့ရ၏။ ထို့နောက် တောင်ဘက်ပင်လယ်သို့ထွက်သွားပြန်သည်။ တောင်ဘက်ပင်လယ် အိန္ဒိယသမုဒ္ဒရာ၊ သို့တည်းမဟုတ် သီရိလင်္ကာရေပိုင်နက်ပင် ဖြစ်မည်ဟု ခန့်မှန်းမိကြသည်။

ကမ္ဘာ့ရေကြောင်းတွင် စီးမျောနေလျှင် တော်ဦးမည်၊ ပင်လယ်ကူးသင်္ဘောကြီးများနှင့်တွေ့လျှင် အစာရေစာတောင်း၍ရနိုင်သည်။ ကယ်ဆယ်မည့်လူများနှင့်လည်း တွေ့နိုင်သည်။ ယခုမူကား ကမ္ဘာ့ရေကြောင်း၏အပြင်ဘက်သို့ ထွက်သွားသောကြောင့် မည်သည့်လှေ၊ သင်္ဘောနှင့်မျှ တွေ့နိုင်ဖွယ်မရှိတော့ပေ။ အစာရေစာပြတ်ပြီး သေရမည့် တစ်လမ်းသာ ရှိတော့သည်။

လှေသူကြီး ဦးကျော်ဇံအောင်သည် တွေးရင်းက အလွန်အမင်း သောကဖြစ်ရလေ၏။ အခြား လှေသမားများလည်း ခေါင်းငိုက်စိုက်ချလျက် ငိုင်တွေကုန်ကြပြီ။ အစာရေစာပြတ်လပ်ပြီး သေရမည့်ဘေးကိုး တွေးလေ၊ လေးလေ ဖြစ်လာနေကြသည်။ လှေပေါ်တွင်လည်း ရေအနည်းငယ်မျှသာရှိပြီး အခြား မည်သည့်အစားအစာမျှ မရှိတော့ပေ။ ထို့ကြောင့် ဦးကျော်ဇံအောင်လည်း ကြံမိကြံရာ ဘာသာရေးယုံကြည်ချက်စကားတစ်ခုကို သူ့လူများအား ပြောပြလိုက်သည်။

"ကိုယ့်လူတို့၊ သေရမယ့်အတူ မထူးဘူး။ ဘာသာရေးတစ်ခုခုကိုပြုလုပ်ပွားများပြီးမှ သေရတာက မြတ်လိမ့်မယ်လို့ ငါယုံကြည်မိတယ်။ ဒါကြောင့် ကိုယ်ရထားဖူးတဲ့ ဘုရားစာတွေကိုသာ ကြည်ညိုသဒ္ဓါပွားပြီးရွတ်ဆိုကြရအောင်"

"ကျွန်တော်တို့က ဩကာသပဲ ရပါတယ်။ ကိုကျော်ဇံအောင်က အခြား ဘာဘုရားရှိခိုးစာတွေ ရပါသေးလဲ"

"ငါက စာကို ဝါသနာပါတဲ့လူဆိုတော့ စာတွေ အများကြီး လေ့လာ ကျက်မှတ်ထားတာတွေ ရှိပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ငါစဉ်းစားမိတာကတော့ စွယ်တော်မြတ်ဂါထာတော်ဟာ ပိုပြီး အကျိုးများလိမ့်မယ်လို့ ယူဆမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ စွယ်တော်မြတ် ၄ ဆူရှိတဲ့ အထဲက တစ်ဆူသောစွယ်တော်သာ နတ်ပြည်မှာရှိပြီး တစ်ဆူသောစွယ်တော်မြတ်က ဒီပင်လယ်ရေပြင်ကြီး အောက်ဖြစ်တဲ့ နဂါးပြည်မှာ၊ တစ်ဆူသောစွယ်တော်က ဒီပင်လယ်ပြင်ကြီးရဲ့အနောက်မြောက်ထောင့်လောက် (သီရိလင်္ကာ)မှာရှိနေပြီး နောက်တစ်ဆူသောစွယ်တော်က အရှေ့မြောက် ဒီပင်လယ်ပြင်ကြီးရဲ့ တစ်ဖက်ကမ်း တရုတ်နိုင်ငံမှာရှိနေတာကြောင့် တို့လူစု အခု ဒုက္ခရောက်နေကြတဲ့နေ



www.burmeseclassic.com

www.burmeseclassic.com

နားနဲ့အနီးဆုံးမှာပဲ စွယ်တော်မြတ် ၃ ဆူရှိနေပြီသားဖြစ်လို့ စွယ်တော်မြတ်ဂါထာကိုသာ ရွတ်ဆိုပူဇော်ရင် ပိုပြီး အစွမ်းထက်လိမ့်မယ်လို့ ယူဆမိပါတယ်"

"ကောင်းတယ်ဗျာ၊ အကျိုးပေးထက်သန်လိမ့်မယ်လို့လည်း ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကိုလည်း စွယ်တော်မြတ်ဂါထာတော်ကို သင်ပေးပါ။ လှေလုပ်သား အားလုံး ကြည်ကြည်ညိုညိုနဲ့ ရွတ်ဆိုပွားများကြတာပေါ့"

ဦးကျော်ဇံအောင်လည်း စွယ်တော်မြတ်ဂါထာတော်ကို လှေလုပ်သားအားလုံးတို့အား သင်ပေးလိုက်၏။ ထို့နောက် ရွတ်ဆိုပွားများကြလေသည်။ ရွတ်ဆိုပွားများခြင်းကို ခဏနားလျှင် ပါလာသော ငွေစက္ကူစလေးများကို ဝါးလုံးခေါင်းတွင်ထည့်၍ ကမ္ဘည်းစာရေးထိုးကာ ပင်လယ်သို့ မျှောကြသည်။

ကမ္ဘည်းစာမှာ 'ဤငွေရှင်သည် ဘယ်ရွာသား၊ ဘယ်သူ ဖြစ်သည်။ ဘယ်ဒုက္ခကို ကြုံတွေ့ရသည်။ ဤငွေကိုရရှိသူသည် တစ်ဝက်စား၊ တစ်ဝက်လှူပြီး ငါတို့ကိုအမျှဝေပါလေ' ဟူ၍ ဖြစ်၏။ သို့ဖြင့် စွယ်တော်မြတ်ဂါထာတော်ကို ရွတ်ဆိုပွားများရင်း၊ လူကူမျှော်ရင်းဖြင့် ၃ ရက် မြောက်နေ့တွင် သီရိလင်္ကာ နယ်ခြားစောင့်တပ်နှင့်တွေ့ကြရလေ၏။

နယ်ခြားစောင့်တပ် ဟူသည်မှာ မည်သည့်ပုဂ္ဂိုလ်မျိုး ဖြစ်စေ၊ တစ်ဖက်နိုင်ငံမှ နယ်ကျူးလာလျှင် ဖမ်းဆီးရမြဲ ဖြစ်သည်။ ယခု ဦးကျော်ဇံအောင်တို့လူစုလည်း ထိုကဲ့သို့ပင် ဖြစ်လေသည်။ မည်သို့ဖြစ်စေကာမူ ဦးကျော်ဇံအောင်တို့လူစုအဖို့ ကယ်တင်ရှင်များနှင့် တွေ့ကြရခြင်း ဖြစ်သည်။ သူတို့အနေဖြင့် ကျူးလွန်ဖူးသောပြစ်မှုလည်းမရှိသဖြင့် ကြောက်ဖွယ်လည်း မလိုပေ။

ဦးကျော်ဇံအောင်တို့လူစုသည် နယ်ခြားစောင့်တပ်မှတစ်ဆင့် သီရိလင်္ကာနိုင်ငံ အစိုးရထံသို့ ရောက်ရှိသွားကြလေသည်။ ထိုမှ မေးမြန်းစုံစမ်းပြီး သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်နှင့် တွေ့ဆုံပေးသည်။ မြန်မာနိုင်ငံသံအမတ်သည်လည်း ဦးကျော်ဇံအောင်တို့လူစုအား နေရပ်လိပ်စာနှင့်တကွ မေးမြန်းလေသည်။

ထိုထို ရက်၊ လများအတွင်း၌ သီရိလင်္ကာနိုင်ငံတွင် သီတင်းသုံးသည့် ဗုဒ္ဓမြတ်စွယ်တော်သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်အနှံ့ လှည့်လည်လာ၍ ဦးကျော်ဇံအောင်တို့လည်း အနီးကပ် ဖူးမြော်ခွင့် ရရှိခဲ့ကြပါသည်။ သူတို့လူစုသည် စွယ်တော်မြတ် ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသောကြောင့် ပင်လယ်ထဲတွင် သေဘေးမှ လွတ်မြောက်ခဲ့ကြသည့်အကြောင်းကိုပြောပြပြီး ထပ်မံဖူးခွင့်တောင်းသောကြောင့် နောက်လည်း အကြိမ်ကြိမ် အနီးကပ်ဖူးမြော် ကြည်ညိုခွင့်ရခဲ့ကြသည်။

ဦးကျော်ဇံအောင်တို့လူစုလည်း အစိုးရမှဈေးသုံးရန် တစ်နေ့ ၆ ကျပ် ပေးထားသည့်အထဲက ခြိုးခြံကာ ၃ ကျပ်သာသုံးပြီး ကျန်သော ၃ ကျပ်ကို စွယ်တော်မြတ်အားလှူဒါန်းခဲ့ကြသည်။ နေ့စဉ် နေ့တိုင်း စွယ်တော်မြတ်ဂါထာတော်ကို ရွတ်ဆိုပူဇော်ပြီး ကန်တော့ကြသည်။

ထို့နောက် မြန်မာနိုင်ငံသို့ ပြန်ပို့ရာတွင် အိန္ဒိယမှာ တစ်ထောက်နားရသည်။ ထိုအခိုက်တွင်လည်း သက်ဆိုင်ရာအား ပြောပြအသနားခံပြီး ဗုဒ္ဓဂယာဘုရားများကို ဖူးခွင့်တောင်းကာ ဖူးမြော်ကြပြန်သည်။ ထို့နောက်မှ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူဟူ ခရီးအဆင့်ဆင့်ဖြင့် မိမိတို့အိမ်ဂေဟာ ပြန်ရောက်လာကြသည်။

သူတို့အိမ်ကိုပြန်ရောက်သောအခါတွင် အိမ်သူအိမ်သား၊ ရွာသူရွာသားတို့က ၎င်းတို့သည် ပင်လယ်ပြင်တွင် လေမုန်တိုင်းမိ၍သေပြီဟု ထင်ပြီး ရက်လည်ဆွမ်း၊ လပတ်ဆွမ်းများပင်ကျွေးမွေး၍ အကြိမ်ကြိမ် အမျှအတန်းများ ဝေပေးနေကြပြီ ဖြစ်သည်။ ထို့ကြောင့် လူဟုမထင်ဘဲ သရဲဟု စွပ်စွဲသူများပင် ရှိခဲ့ကြ၏။ တချို့ အနားပင် မကပ်ရဲကြပေ။

သူတို့က အသေအချာရှင်းပြမှ တအံ့တသြဖြစ်သွားကြသည်။ သူတို့လူစု ယခုကဲ့သို့ သေဘေးမှ လွတ်မြောက်ပြီး သီရိလင်္ကာ၊ အိန္ဒိယနှင့် ရန်ကုန်မြို့ကြီး စသည်တို့ကို ရောက်ဖူးခဲ့သည်မှာ စွယ်တော်မြတ်ဂါထာတော်ကို ရွတ်ဆိုပွားများသည့်အကျိုးကြောင့်ဟုလည်း ပြောပြကြသည်။ စွယ်တော်မြတ်ဂါထာတော်ကို ရွတ်ဆိုပူဇော်၍ စွယ်တော်မြတ်ကိုလည်း ဖူးခဲ့ကြရသည်။

**စွယ်တော်မြတ်ဂါထာတော်**

တာဝတိံသေ စေကဒါဌာ
စကာ ဘုဇက ပူရကေ၊
ဂန္ဓာရေ ဒန္တ ပူရမှိ
တာပိ ဝန္ဒာမိ ဓာတုယော။

**အနက်**

**ကေဒါဌာ-** အထက်လက်ယာ စွယ်တော်ဓာတ် တစ်ဆူသည်၊ **တာဝတိံသေ-** တာဝတိံသာ နတ်ပြည်၌၊ **တိဋ္ဌတိ-** တည်နေတော်မူ၏၊ **ကေဒါဌာ-** အောက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည်၊ **ဘုဇကပူရကေ-** နဂါးပြည်၌၊ **တိဌတိ-** တည်နေတော်မူ၏၊ **ကေဒါဌာ-** အထက်လက်ဝဲစွယ်တော်ဓာတ်တစ်ဆူသည်၊ **ဂန္ဓာရေ -** ဂန္ဓာရမည်သော တိုင်းပြည်၌၊ **တိဋ္ဌတိ-** တည်နေတော်မူ၏၊ **ကေဒါဌာ-** အောက်လက်ဝဲစွယ်တော်ဓာတ်တစ်ဆူသည်၊ **ဒန္တပူရေ-** ကလိင်္ဂတိုင်းမည်သော သီရိလင်္ကာနိုင်ငံ၌၊ **တိဋ္ဌတိ-** တည်နေတော်မူ၏၊ **တာပိဓာတုယော-** ထိုတိုင်းပြည် နိုင်ငံဒေသတို့၌ တည်နေတော်မူသော စွယ်တော်မြတ်လေးဆူတို့ကို၊ **အဟံ-** တပည့်တော်သည်၊ **ဝန္ဒာမိ-** ရှိခိုးပါ၏ဘုရား။

"ကောင်းလိုက်တာကိုယ်တော်၊ အကြောင်းပြဝတ္ထုလေးနဲ့တကွ စွယ်တော်မြတ် ဂါထာတော်ကိုလည်း ရလိုက်တဲ့အတွက် ကျေးဇူးတင်လို့မဆုံးပါဘူး။ တပည့်တော်လည်း ဒီနေ့ကစပြီး စွယ်တော်မြတ်ဂါထာတော်ကိုရွတ်ဆိုပူဇော်ပါတော့မယ်။ ဒီရက်အတွင်း စွယ်တော်မြတ်ကိုသွားဖူးဖို့ အစီအစဉ်မရှိဘူးလား၊ ရှိရင် တပည့်တော်ကားနဲ့လိုက်ပို့ပေးပါ့မယ်"

"ဥပုသ်နေ့ တရားပွဲပြီးမှ သွားရအောင်။ ဥပုသ်နေ့ ညနေပိုင်းမှ တရားစစ်လို့ ပြီးမယ်။ ဒါကြောင့် ဥပုသ်အထွက်နေ့ သွားကြတာပေါ့"

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

**ဓားပြငါးရာနဲ့ တစ်ခဏတာသီလ**

တစ်ဘဝတာ ဆောက်တည်တဲ့ သရဏဂုံ ဆိုရင် ကောင်ကျိုးဘယ်လောက်အထိ ရမယ်ဆိုတာ တွေးသာ ကြည့်ကြပေတော့။ သီလကုသိုလ်ဟာလည်း သရဏဂုံတည်တဲ့ ကုသိုလ်လိုပဲ တစ်ခဏတာ ဆောက်တည်ရုံနဲ့ ရလိုက်မယ့်ကုသိုလ်တွေဟာအများကြီးပဲ။ ဓမ္မပဒ အဋ္ဌကထာမှာလာတဲ့ သာဓကယုတ်တွက်တစ်ခုကို ပြောပြမယ်။

တောအုပ်ကြီးတစ်ခုမှာ ခိုးသားဓားပြ ငါးရာ ခိုအောင်းနေကြတယ်။ သူတို့ဟာ မြို့ပေါ်တက်ပြီး မကောင်းတာ မှန်သမျှ အကုန်လုပ်ကြတယ်။ သူ့အသက်လည်း သတ်တယ်၊ သူ့ဥစ္စာလည်းခိုးတယ်၊ သူ့မယားလည်းပြစ်မှားတယ်၊ လိမ်ညာလည်းပြောတယ်၊ သေရည်သေရက် မူးယစ်ဆေးဝါးလည်းသုံးစွဲတယ်။ဆိုးလွန်းအားကြီးတော့ မြို့လူထုက ဟစ်တိုင်မှာ သွားအော်ကြတယ်။ ဒီခေတ်လိုဆိုရင်တော့ လမ်းမပေါ်ထွက်ပြီး ဆန္ဒပြကြတာပေါ့။

ဒီအခါ မင်းကြီးဟာ မနေသာတော့ဘဲ တပ်သားပေါင်းထောင်နဲ့ချီ လွှတ်ပြီး ခိုးသားဓားပြငါးရာကို သုတ်သင် ရှင်းလင်းခိုင်းလိုက်တယ်။ တပ်သားထောင်ပေါင်းများစွာတို့ဟာ ခိုးသားဓားပြတွေခိုအောင်းနေတဲ့ တောအုပ်ကြီးကို လွတ်လမ်း မရှိအောင် ပိတ်ဆို့ပြီး တဖြည်းဖြည်း နယ်ကျဉ်းသွားအောင် ချဉ်းကပ်လာကြတယ်။ လွတ်လမ်းမရှိတာကိုသိသွားတဲ့ ခိုးသားဓားပြတွေဟာ ကြောက်ရွာလွန်းလို့ တောထဲမှာ သတင်းသုံးနေတဲ့ ရဟန်းတစ်ပါးထံသွားပြီး သူတို့ကို ကယ်ဆယ်ဖို့ တောင်းပန် လျှောက်ထားကြတယ်။ မထေရ်မြတ်က ငါးပါးသီလဆောက်တည်ပြီး ဒီသီလကို အသက်သေဆုံးချိန်အထိ မကျိုးမပေါက်အောက် စောင့်ထိန်းဖို့ ဩဝါဒပေးလိုက်တယ်။

ခိုးသား ဓားပြတွေကလည်း ဩဝါဒပေးလိုက်တဲ့အတိုင်း ငါးပါးသီလကို စောင့်ထိန်းကြတယ်။ သူတို့ စောင့်ထိန်းချိန်ဟာ ဒီခေတ် နာရီတွေနဲ့တွက်မယ်ဆို သုံးနာရီလောက်ရှိမှာပေါ့။ အဲဒီအချိန်မှာပဲ တပ်သားတွေက ခိုးသားဓားပြတွေကို ဖမ်းမိသွားပြီး ခေါင်းဖြတ်သတ်လိုက်ကြတယ်။ ခိုးသားဓားပြတွေ သေလွန်တဲ့အခါ လူ့အသက်နဲ့ဆိုရင် နှစ်ပေါင်း သုံးကုဋေအနှစ်ခြောက်သန်းအသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံ ရောက်ခဲ့ကြတယ်။ အဲဒါဟာ တစ်ခဏတာ ဆောက်တည်တဲ့ သီလကုသိုလ်လေးပါ။ ဒီဒါယကာ၊ ဒါယိကာမတွေဟာ အခုချိန်ကစပြီး ငါးပါးသီလကို နာရီပေါင်းများစွာ၊ ရက်ပေါင်းများစွာ၊ စောင့်ထိန်းကြမယ်ဆိုရင် ခိုးသားဓားပြတွေရောက်တဲ့ နတ်ဘုံထက် ပိုမြင့်တဲ့ တုသိတာတို့၊ နိမ္မာနရတိတို့လို နတ်ဘုံတွေကို ရောက်ကြမှာပါ။

**နှုတ်ထက် စိတ်ကြောင့် ပိုသေနိုင်ပုံ**

ဒီရုပ်တရားဟာ အာဟာရတစ်ခုတည်းကြောင့် ဖြစ်နေတာ မဟုတ်ပါဘူး။ ကံ၊ စိတ်၊ ဥတုတို့ကြောင့်လည်း ဖြစ်ပါတယ်။ ဒီလေးမျိုးထဲမှာ စိတ်ဟာ အစွမ်းအထက်မြက်ဆုံးပဲ။ ဘယ်လောက်ထက်မြက်သလဲဆိုရင် လူကို သေလောက်တဲ့ ဒဏ်ရာတစ်ခုမှ မရစေဘဲ စိတ်ကို သတ်လိုက်ရုံနဲ့သေသွားတဲ့ လူတွေရှိတယ်။ နိုင်ငံတစ်နိုင်ငံမှာ လက်တွေ့စမ်းသပ်ခဲ့ဖူးတယ်။ လူတစ်ယောက်က တခြားတစ်ယောက်ကို သင်တုန်းဓားနဲ့ လည်ပင်းလှီးသတ်ခဲ့တဲ့ ပြစ်မှုကြောင့် သေဒဏ် ချမှတ်ခံရတယ်။ အဲဒီတရားခံကို စိတ်ပညာရှင်တစ်ယောက်က လူကို သေလောက်တဲ့ ဒဏ်ရာမရစေဘဲ စိတ်ကိုသတ်လိုက်တာနဲ့ တကယ်သေသွားခဲ့တယ်။

သတ်ပုံသတ်နည်းကတော့ ရာဇဝတ်သားကို ဘာမှမမြင်ရအောင် အိတ်နက်ကြီးတစ်လုံး ခေါင်းမှာ စွပ်ပေးထားလိုက်တယ်။ စိတ်ပညာရှင်ရဲ့ လက်တစ်ဖက်မှာ သင်တုန်းဓားကို ကိုင်ထားတယ်။ ကျန်လက်တစ်ဖက်မှာတော့ နွေးတယ်ဆိုရုံ ရေနွေးငယ်ကို ထည့်လာတဲ့ ကရားသေးသေးကို ကိုင်ထားတယ်။ အချိန်ကျပြီ ဆိုတာနဲ့ စိတ်ပညာရှင်က ရာဇဝတ်သားကို အခုလို ပြောတယ်။

"အသင်ရာဇဝတ်သား၊ အသင်သည် သူတစ်ပါးလည်ပင်းကို သင်တုန်းဓားနဲ့ဖြတ်ပြီး သတ်ခဲ့တယ်။ အခုသင့်ကိုလည်း သင်တုန်းဓားနဲ့ လည်ပင်းလှီးပြီး ဆတ်မှာ ဖြစ်တယ်။ သေမည့်အချိန် ရောက်လာပြီ ဖြစ်တဲ့အတွက် အသင်ဟာ ဘုရား၊ တရား၊ သံဃာကို အာရုံပြုပါ။ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်တွေကိုအမှတ်ရပါ"

ထိုကဲ့သို့ ပြောဆိုပြီး ရာဇဝတ်သား၏ လည်ပင်းပေါ်ရှိ အရေပြားကို ဆွဲယူ၍ ဓားဖြင့်လှီးလိုက်သည်။ လက်ကို မတော်တဆ ဓားရှရုံ ဒဏ်ရာလေးလောက်သာဖြစ်သောကြောင့် သွေးစအနည်းငယ်သာထွက်သည်။ သို့သော် စိတ်ပညာရှင်က ကရားအိုးကို ရာဇဝတ်သား၏ လည်ပင်းနားကပ်ထားပြီး ဖြည်းဖြည်းချင်း သွေးအပူချိန်နှင့်တူတဲ့ နွေးရုံနွေးတဲ့ရေတွေကို ဖြည်းဖြည်းချင်း သွန်ချပေးတယ်။ အဲဒီလို သွန်ချရင်း ပါးစပ်ကလည်း ပြောပေးနေတယ်။

"ရာဇဝတ်သား၊ သင်၏ လည်ပင်းဟာ ဓားနဲ့ခွဲလိုက်တဲ့အတွက် မြင်မကောင်းရှုမကောင်းအောင် ဟက်တက်ကြီးကွဲသွားပြီး သွေးတွေဟာ ဒလဟောထွက်ကျနေတယ်။ သင်သည် ငါးမိနစ်အတွင်း ဧကန်မုချသေရတော့မည်"

ထိုစကားပြောအပြီး ရာဇဝတ်သားဟာ ညည်းညူလှုပ်ရှားခြင်းမရှိတော့ဘဲ ငြိမ်ကျသွားတယ်။ ငါးမိနစ်စေ့လို့ အဝတ်နက်ကို ဖွင့်ကြည့်လိုက်တဲ့အခါ ရာဇဝတ်သားမှာ အမှန်တကယ် သေဆုံးနေပြီ ဖြစ်တယ်။

ဤဖြစ်ရပ်မှာ သေလောက်တဲ့ ဒဏ်ရာမရရှိဘဲ ရာဇဝတ်သား သေဆုံးသွားရခြင်းမှာ စိတ်ကြောင့် သေသွားရခြင်းသာ ဖြစ်တယ်။ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဟုသည် ငါသေရတော့မယ်၊ ငါသေသွားပြီဟု တကယ်ယုံကြည်တဲ့ စိတ်ကြောင့် တကယ် သေရသလို မသေဘူးလို့ ယုံကြည်တဲ့စိတ်ကြောင့်လည်း သေရမယ့်ရောဂါ ဝေဒနာများ ရှိပါလျက် မသေဘဲ အသက်ရှင် ကျန်းမာနေတဲ့ ပုဂ္ဂိုလ်များစွာကို တွေ့ခဲ့ဖူးတယ်။ အဲဒီထဲက စိတ်ဝင်စားစရာ အကောင်းဆုံး နှစ်ယောက် အကြောင်းကို ပြောပြမယ်။

ပထမတစ်ဦးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုပြင်းခြောက်သွေ့တဲ့ မြို့တစ်မြို့ရဲ့ အစွန်အဖျား ခပ်မြင့်မြင့် တောင်ကုန်းလေးတစ်ခုပေါ်မှာ တစ်ပါးတည်း နေထိုင်တဲ့ တိုင်းရင်းသား ငယ်ဖြူရဟန်းတော်လေးပါပဲ။ ဒီကိုယ်တော်လေးဟာ ဆရာတော်ရေးတဲ့ စာအုပ်တွေကိုလည်း ဖတ်တယ်။ ဆရာတော်ဟောတဲ့ တရားခွေတွေကိုလည်းနာတယ်။ ဒါကြောင့် ရဟန်းပြုရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ ရဟန္တာဖြစ်ဖို့ ဆိုတာကို သူသိသွားတယ်။ ဒါကြောင့် စာသင်တိုက်က ထွက်လာပြီး ဘယ်ကိုယ်တော်မှ မနေရဲတဲ့၊ နေလည်း မနေချင်တဲ့ ဒီတောင်ကုန်းပေါ်က တဲကျောင်းလေးတစ်ကျောင်းမှာ တစ်ပါးတည်း နေထိုင်ခဲ့တာပဲ။

သူဟာ နေ့ဆွမ်းအတွက် ဆွမ်းခံကြွတယ်။ အရုဏ်ဆွမ်းအတွက်ကတော့ လာပို့တဲ့သူရှိရင် စားတယ်။ လာပို့တဲ့သူမရှိရင် မစားဘူး။ ဒါဟာလည်း စိတ်ချမ်းသာအောင်နေတတ်တဲ့ နည်းလမ်းကို ရထားတဲ့အတွက်ကြောင့်ပဲ။ ဆရာတော်ဟာ ရဟန်းဝတ်တဲ့ ကိုယ်တော်တိုင်းကို ဒီဩဝါဒ အမြဲပေးမိတယ်။ အရှင်ဘုရားတို့ စိတ်ချမ်းသာမှု၊ ကုသိုလ်ဖြစ်မှု၊ စိတ်ဆင်းရဲမှု အကုသိုလ်ဖြစ်မှုဆိုတာ မိမိရဲ့ အတွင်းအဇ္ဈတ္တနဲ့ပဲ အဓိကဆိုင်တယ်။ အပြင်ဗဟိဒ္ဓအာရုံ အဓိကမကျဘူး။ ဥပမာအားဖြင့် ဝက်သားဟင်းကို တွေ့ရတာချင်း တူသော်လည်း တရုတ်က စိတ်ချမ်းသာပြီး မွတ်စလင်ကုလားက စိတ်ဆင်းရဲတယ်။

ဘာကြောင့်လဲဆိုတော့ တရုတ်အားလုံးရဲ့အတွင်းစိတ်ဟာ ဝက်သားကိုနှစ်သက်ပြီး မွတ်စလင်ကုလားအားလုံးရဲ့အတွင်းစိတ်ဟာ ဝက်သားကို မနှစ်သက်တဲ့အတွက်ကြောင့်ဘဲ။ များသောအားဖြင့် စားရေး၊ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး အရေးလေးပါးကိုအကြောင်းပြုပြီး စိတ်ဆင်းရဲမှု၊ စိတ်ချမ်းသာမှုဖြစ်ကြရတယ်။ ဒီလေးမျိုးနဲ့ပတ်သက်ပြီး အမြဲတမ်း စိတ်ချမ်းသာချင်ရင် အခုလို ကြိုတင်ပြီး နှလုံးသွင်းထားကြရမယ်။

**အမြဲစိတ်ချမ်းသာအောင် နှလုံးသွင်းနည်း**

*အစားအစာနဲ့ ပတ်သက်ရင် ဝတ်မသေရုံစားရရင် ငါ့အတွက် အစားအစာ လုံလောက်ပြီလို့ ခံယူထားရမယ်။*

*အဝတ်အထည်နဲ့ ပတ်သက်ရင် အရှက်လုံရုံဝတ်ရရင် ငါ့အတွက် အဝတ်အစားဟာ လုံလောက်ပြီလို့ ခံယူထားရမယ်။*

*နေစရာနဲ့ ပတ်သက်ရင် မိုးလုံရုံနေရရင် ငါ့အတွက် အဆောက်အအုံဟာ လုံလောက်ပြီလို့ ခံယူထားရမယ်။*

*ကျန်းမာရေးနဲ့ ပတ်သက်ရင် နွားကျင်ငယ်ရေကိုသောက် ရရင် ငါ့အတွက် ဆေးဟာ လုံလောက်ပြီလို့ ခံယူထားတယ်။*

ဤအဆုံးအမလေးများကို ဖတ်ရှုနာကြားထားသောကြောင့် တိုင်းရင်းသား ကိုယ်တော်လေးဟာ တစ်ယောက်တည်း စိတ်ချမ်းသာအောင် နေတတ်ခြင်း ဖြစ်တယ်။ သူ့ကိုစိတ်ဆင်းရဲအောင်၊ ဒုက္ခဖြစ်အောင်လုပ်လာတာက အဲဒီတောင်ပေါ်မှာတည်ထားတဲ့ စေတီပေါ်မှ ခတ်များ၊ နတ်များ၊ ယတြာများ၊ ဘိုးတော်ရုပ်များပင် ဖြစ်တယ်။ သူဟာ ဆရာတော်ရေးသားတဲ့ 'ထေရဝါမှတ်ကျောက်' စာအုပ်ကိုဖတ်ထားပြီးဖြစ်တာကြောင့် ပြဿဒါးရက်က မကောင်းကျိုးမပေးနိုင်၊ အကုသိုလ်ကသာ မကောင်းကျိုးပေးနိုင်တယ်။ ဒါကြောင့် ပြဿဒါးကို ရှောင်စရာမလို၊ အကုသိုလ်ကိုသာ ရှောင်စရာလိုတယ်။ ရက်ရာဇာက ကောင်းကျိုးမပေး၊ ကုသိုလ်ကသာ ကောင်းကျိုးပေးတယ်။ ဒါကြောင့် ရက်ရာဇာကို ဆောင်စရာမလို၊ ကုသိုလ်ကိုသာ ဆောင်စရာလိုတယ် စသည်ဖြင့် ပြတ်ပြတ်သားသား နားလည် လက်ခံ ယုံကြည်ထားသူ ဖြစ်တယ်။

အဲဒီကိုယ်တော်လေးဟာ စေတီပေါ်မှ **အင်းများ**၊ နတ်များ၊ **ခတ်များ**၊ ယတြာများ၊ ဘိုးတော်ရုပ်များကို ဖယ်ရှားပစ်လိုက်သည်။ ဘုရားရုပ်ပွားတော်များကိုလည်း ဆေးဘုရားဟု နာမည်တပ်ပြီး ဘုရားရှင်လက်ထဲတွင် ဆေးတုံးကြီးတစ်တုံးကို ထည့်ထားတယ်။ အင်းဘုရားလို့ နာမည်ပေးပြီး ဘုရားရှင်လက်ထဲမှာ အင်းကွက်ကြီး ထည့်ထားတယ်။ ခတ်ဘုရားလို့ နာမည်တပ်ပြီး ဘုရားရှင်လက်ထဲမှာ ခတ်လုံးကြီးများ ထည့်ထားတယ်။ အဲဒီကိုယ်တော်လေးက ဘုရားရုပ်ပွားတော်များရဲ့လက်ထဲမှ အင်းများ၊ ခတ်လုံးများ၊ ဆေးလုံးများကို အကုန်ဖယ်ရှားပစ်လိုက်တယ်။

အင်းဘုရားများ၊ ခတ်ဘုရားများ၊ ဆေးဘုရား ဆိုတဲ့ စာသားများကိုလည်း ဖျက်ပစ်လိုက်တယ်။ မှားယွင်းတဲ့ အယူအဆများကိုလည်း စွန့်ပစ်နိုင်ရန် ဒါယကာ၊ ဒါယိကာမတို့အား ဆုံးမဩဝါဒပေးတယ်။ ဒါပေမယ့် ဒါယကာ၊ဒါယိကာမအများစုက နားမလည်ကြ။ မကျေမနပ်ဖြစ်ကြလို့ သံဃာ့နာယကတွေကိုတောင်သွားတိုင်ကြတယ်။ ဒါပေမယ့် ကိုယ်တော်လေးဘက်က မှန်နေတဲ့အတွက်ကြောင့် သံဃာ့နာယကတွေက ဒါယကာ၊ ဒါယိကာမတွေအရေး ဆိုသလို ကိုယ်တော်လေးကို တောင်ပေါ်ကနေနှင်မထုတ်ကြပါဘူး။ မူလအတိုင်း ဆက်နေခိုင်းပါတယ်။ တကယ်တော့ ဒီကိုယ်တော်လေးဟာ ဒါယကာ၊ ဒါယိကာမတွေအတွက် ဆရာကောင်းပဲ။

ဆရာကောင်းဆိုတာ တပည့်ဒါယကာ၊ ဒါယကာမတွေရဲ့အမှားကို အမုန်းခံပြီး၊ လာဘ်လာဘ အဆုတ်အယုတ်ခံပြီးဆုံးမရဲတယ်။ ဆရာညံ့ကတော့ ဒါယကာ၊ ဒါယိကာမတွေရဲ့ အမှားကိုသိသော်လည်း ကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com

မလာမှာစိုးလို့၊ ပစ္စည်းလေးပါး မလှူမှာစိုးလို့ မဆုံးမရဲပါဘူး။ တစ်ခါတော့ ရန်ကုန်မြို့က ဒါယိကာမတစ်ဦး ရောက်လာပြီး ဘုရားရှေ့မျက်နှာစာကို အုတ်တံတိုင်းခတ်ဖို့ တာဝန်ယူတယ်။ အမှန်က ပါးစပ်နဲ့သာ လျှောက်သွားတာ လက်ကတော့မလှူရသေးဘူး။ ဘယ်လ၊ ဘယ်ရက်မှာ လာလှူမယ်လို့ ပြောသွားရုံလေးပါ။ အဲဒီကိုယ်တော်လေးက စေတနာသဒ္ဓါတရားတွေပိုပြီး အလှူရှင် ငွေလာလှူတဲ့အချိန်မှာ အုတ်တံတိုင်းလေးတွေ့ရရင် ပိုစိတ်ချမ်းသာမှာပဲ ဆိုတဲ့အတွေးနဲ့ အုတ်တွေ၊ ဘိလပ်မြေတွေ၊ သဲတွေ အကြွေးယူပြီး အတုန် လုပ်ထားလိုက်တယ်။

**HIVပိုးတွေ့သောကိုယ်တော်**

ပြောထားတဲ့ရက်မှာ အဲဒီဒါယိကာမဟာ အဲဒီမြို့ကိုတော့ ရောက်လာတယ်။ ဒါပေမယ့် အုတ်တံတိုင်းအတွက် ဘာမှလှူမသွားဘူး။ အဲဒီနေ့ကစပြီး ကိုယ်တော်လေးဟာ မအိပ်နိုင်မစားနိုင် တပိန်ပိန်တလိမ်လိမ်ဖြစ်ပြီး ရောဂါစတော့တာပဲ။ တအားလည်း ပိန်သွားတဲ့အပြင် ဖျားလည်းဖျား၊ ဝမ်းကလည်းသွားတော့ HIVပိုးရှိနေပြီလားလို့ သူကိုယ်တိုင်ရော ဘေးကဒါယကာတွေပါ သံသယဝင်လာကြတယ်။ သံသယရှိတဲ့အတွက် သွေးသွားစစ်ကြည့်တဲ့အခါ တကယ်ပဲ HIVပိုးကိုတွေ့ရတယ်။ ၂၀၀၈ခုနှစ်လောက်က ဆရာတော်အဲဒီမြို့ကို တရားဟောကြွသွားတော့ အဲဒီတိုင်းရင်းသားကိုယ်တော်လေး ဆရာတော်ကို လာတွေ့ပြီး အကူအညီတောင်းတယ်။

အဓိကတော့ အုတ်တံတိုင်းအတွက် တင်ရှိနေတဲ့အကြွေးတွေကို ဆပ်ပေးဖို့ပါ။ ဆရာတော် ဆပ်ပေးလိုက်ပါတယ်။ အကြွေးက မများပါဘူး။ ငါးသိန်းခွဲခြောက်သိန်းလောက်ပါပဲ။ ၂၀၀၈ခုနှစ်လောက်ကဆိုတော့ ဒီငွေဟာ ၂၀၁၂ခုနှစ်နဲ့စာရင် တန်ဖိုးရှိသေးတာပေါ့။ အရိုးပေါ်အရေတင်ဖြစ်လောက်အောင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရှာတဲ့ ကိုယ်တော်လေးဟာ အကြွေးတွေကင်းသွားတဲ့အတွက် တစ်ဝက်လောက်သာ စိတ်ချမ်းသာသေးတယ်။တစ်ဝက်လောက်ကတော့ စိတ်ဆင်းရဲရတုန်းပဲ။ဘာကြောင့်လဲဆိုတော့ တစ်လကို AIDS ရောဂါပျောက်ဆေးသုံးသောင်းခွဲဖိုးလောက် သောက်နေရတဲ့အတွက်ကြောင့်ပဲ။ အခုတော့ အဲဒီဆေးဖိုးကိုလည်း ဆရာတော်ကပဲ တာဝန်ယူပြီးလှူပေးထားတယ်။

ဒါပေမယ့် ဆရာတော် သူ့ကိုဟောပေးတဲ့တရားက သူ့ကိုထောက်ပံ့နေတဲ့ငွေကြေးထက် အများကြီးတန်ဖိုးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အရိုးပေါ်အရေတင် သေလုမျောပါးဖြစ်နေတဲ့ အဲဒီကိုယ်တော်လေးဟာ အခုအချိန်မှာ ဝဝဖြိုးဖြိုးခွံ့ခွံ့ညားညား သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းတဲ့ ရုပ်အဆင်းရှိနေတာကြောင့်ပဲ အခုဆိုရင် ဒီကိုယ်တော်လေးဟာ AIDS ရောဂါပျောက်ဆေး သောက်နေတာ သုံးနှစ်လောက်ရှိပြီ။ ရောဂါပိုးဟာ တဖြည်းဖြည်း နည်းနည်းလာတဲ့အတွက်ကြောင့် လေး၊ ငါးနှစ်လောက်ရှိရင် ပျောက်တော့မှာပါ။ ဆရာတော်ဆုံးမတဲ့တရားက အရှင်ဘုရား-ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့ ရုပ်ရှိရင် ရောဂါရှိမှာပဲ။ စိတ်ရှိရင် ခံစားရတဲ့ ဝေဒနာရှိမှာပဲ။ ဘုရားရှင်တောင် ရုပ်ခန္ဓာရှိတဲ့အတွက်ကြောင့် ဝမ်းလျှောပြီး ပရိနိဗ္ဗာန်ဝင်စံရသေးတာပဲ။ ဒါပေမယ့် ဘုရားရှင်ဟာ စိတ်မနာတဲ့အတွက်ကြောင့် နိဗ္ဗာန်ကိုပဲ ရောက်တယ်။

ရုပ်မှာဖြစ်တဲ့ ရောဂါဟာ နှစ်အပိုင်းအခြားနဲ့ ခံစားရုံလောက်ပါပဲ။ အပါယ်လေးပါးကိုဆွဲမချပါဘူး။ စိတ်မှာဖြစ်တဲ့ ကိလေသာရောဂါက အပါယ်လေးပါးကို ဆွဲချတယ်။ စိတ်နာတယ်ဆိုတာ ရောဂါကြောင့် ဒေါသဖြစ်တာကိုပြောတာ။ အပေါင်းအစုခန္ဓာငါးပါးရှိတယ်။

အဲဒါတွေက -

ဖောက်ပြန်တတ်သောသဘောတရားအစု ရူပက္ခန္ဓာ။

ခံစားတတ်သောသဘောတရားအစု ဝေဒနာက္ခန္ဓာ။

မှတ်သားတတ်သောသဘောတရားအစု သညာက္ခန္ဓာ။

တိုက်တွန်းတတ်သောသဘောတရားအစုသင်္ခါရက္ခန္ဓာ။

သိတတ်သော သဘောတရားအစုဝိညာဏက္ခန္ဓာတို့ပဲ။

**ကိုယ်နာသော်လည်းစိတ်မနာတဲ့နည်း**

ကောင်းတဲ့ ဝေဒနာကိုပဲ ခံစားခံစား၊ ဆိုးတဲ့ဝေဒနာကိုပဲ ခံစားခံစား ခံစားတဲ့အလုပ်ကို ဝေဒနက္ခန္ဓာကလုပ်တာ။ ငါက လုပ်တာ မဟုတ်ဘူးလို့ သေချာသိသွားရင် ကိုယ်သာနာတယ် စိတ်မနာဘူး။ ဒါကြောင့် ဝေဒနာကြောင့် သေရသော်လည်း အပါယ်မကျဘူး၊ နိဗ္ဗာန်ပဲရောက်တယ်။ ကောင်းတဲ့ ဝေဒနာကို ခံစား ခံစား၊ မကောင်းတဲ့ ဝေဒနာကို ခံစား၊ ခံစားခံစားတဲ့သဘောကို ငါလို့အယူမှားတဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာကိုယ်ပျက်စီးချိန်ရောက်ရင် တစ်နည်း သေတဲ့အချိန်ရောက်ရင် ကိုယ်လည်းနာတယ်၊ စိတ်လည်းနာတယ်၊ အဲဒီပုဂ္ဂိုလ်များကျတော့ သေရင် အပါယ်လည်းကျတယ်။

ဆရာတော်နှစ်ပါးနဲ့ ဥပမာပေးမယ်။ ပထမတစ်ပါးက တနင်္သာရီတိုင်းဒေသကြီးထဲကပဲ။ သက်တော်ရှစ်ဆယ့်ခြောက်မှာ ပျံလွန်တော်မူတယ်။ ပျံလွန်တော်မူခါနီးအချိန်တုန်းက အဲဒီဆရာတော်ကြီးနားကိုရောက်သွားတဲ့အခါ အမေရေ၊ အမေရေနဲ့ အော်ဟစ်ညည်းညူနေတာကို တွေ့ရတယ်။နောက်အော်ဟစ်ညည်းညူရင်းပဲ ပျံလွန်တော်မူသွားတယ်။ ဘယ်မှာအသေကောင်းနိုင်တော့မှာလဲ။အပါယ်ကျဖို့ဟာများမှာပေါ့။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုရင် ခန္ဓာငါးပါးကို ငါလို့အယူအဆမှားတဲ့အတွက်ကြောင့် ကိုယ်လည်းနာပြီး စိတ်လည်းနာသွားတာပဲ။

နောက်တစ်ပါးကတော့ ပခုက္ကူသဲပုံတောရဆရာတော်လို့ခေါ်တယ်။ နိဿယ်မှုတင်ဆောင်တဲ့အတွက်ကြောင့် လျှောင်းခြင်းဣရိယာပုဒ်ကိုပယ်ထားတယ်။ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ဒီသုံးမျိုးနဲ့ပဲ အားထုတ်တယ်။ ပျံလွန်တော်မူမယ့်ညကဆိုရင် ဆရာဝန်က ဆေးသွင်းလိုတဲ့အတွက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တလျှော့ပေးပါလို့ပြောတာတောင် နားမထောင်ဘူး၊ ညလုံးပေါက်ထိုင်လျက်ပဲ။ မနက်မိုးလင်းလို့သွားကြည့်တဲ့အခါ ထိုင်လျက်ပဲပျံလွန်တော်မူနေတာကို တွေ့ရတယ်။ ညည်းငြူအော်ဟစ်ဖို့ဝေးရော၊ ပျံလွန်တော်မူသွားတာတောင် မလျော့ဘူး မဟုတ်လား။ အဲဒါဘာကြောင့်လဲဆိုတော့ ခန္ဓာငါးပါးကို ငါမဟုတ်ဘူးလို့ သေချာသိထားတဲ့အတွက် ကိုယ်သာနာပြီး စိတ်မနာတဲ့အတွက်ကြောင့်ဘဲ။

တချို့ဆရာတော်များဆိုရင် မိမိကို အသေသတ်မယ့် ရောဂါကို ရဟန္တာဖြစ်အောင်တောင် အသုံးချလိုက်သေးတယ်။ သီဟိုဠ်ကျွန်း စေတီယတောင်မှာ မထေရ်နှစ်ပါး သီတင်းသုံးပြီး တရားအားထုတ်နေကြတယ်။ တစ်ပါးက ဝါကြီး၊ တစ်ပါးက ဝါငယ်တယ်။ ဝါကြီးတဲ့ မထေရ်က ခြောက်ဆယ်အရွယ်လောက်ရှိပြီး ဝါငယ်တဲ့မထေရ်က လေးဆယ်အရွယ်လောက်ရှိလိမ့်မယ်ထင်တာပဲ။ တစ်ခါတော့ မထေရ်ကြီးမှာ ဥပ္ပလကဝါတလို့ခေါ်တဲ့ လေရောဂါဖြစ်တယ်။ အဓိပ္ပာယ်က နှလုံးသားကို ဝမ်းဗိုက်အပြင်ကို ခွဲထွက်ပြီး ထုတ်တတ်သောလေလို့ အဓိပ္ပာယ်ရတယ်။ သေရမယ့်ရောဂါဆိုတော့ အလွန်ပြင်းထန်တာပေါ့။ မထေရ်အကြီးဟာ တစ်ချက်တစ်ချက် သတိလွတ်ပြီး ညည်းညူသံတွေထွက်သွားတယ်။

ဒါကို မထေရ်ငယ် ကြားတော့ သာမန်လေရောဂါလောက်လို့ထင်ပြီး သတိလှမ်းပေးတယ်။ အရှင်ဘုရား ဘယ်နေရာက နာတာလဲ။ ဒီလို မေးတာဟာ ရိုးရိုးမေးတာ မဟုတ်ဘူး၊ တရားသဘောနဲ့ မေးတာ။ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတာရောဂါပဲ။ ရုပ်တွေဖောက်ပြန်တာပေါ့။ ခံစားတယ်ဆိုတာက ဝေဒနာပဲ၊ ရုပ်ဆိုတာလည်း သဘောတရားပဲ၊ ခံစားတယ် ဆိုတာလည်း သဘောတရားပဲ။ပရမတ်ဖြစ်တဲ့အတွက် ဘယ်နေရာဆိုပြီး ပညတ်နဲ့ နာမည်တပ်လို့ ဘယ်ဖြစ်နိုင်မှာလဲ။ အဲဒီလိုတွေးမိတဲ့အတွက်ကြောင့် မထေရ်ကြီးဟာ တရားသတိပြန်ဝင်သွားတယ်။

ဘယ်နေရာလို့ပြောလို့မရပါဘူး ဘုရား။ ရုပ်ဖောက်ပြန်ပြီး ဝေဒနာက ခံစားတဲ့ သဘောတရားလေးပါလို့ ပြန်လျှောက်လိုက်တယ်။ ဒီတော့ မထေရ်ငယ်က ပြန်ပြောတယ်။ အဲဒီလို အမှန်ကိုသိရင် ညည်းညူစရာ မလိုပါဘူး ဘုရား။ သည်းခံနိုင်ရမှာပေါ့တဲ့။ အဲဒီအခါမှာ မထေရ်မြတ်ကြီးကလည်း ရောဂါဒုက္ခကို သည်းခံပြီး ခန္ဓာငါးပါး အနတ္တလို့ ရှုပွားနေရင်းက ဝမ်းဗိုက်ကြီးဟာကွဲထွက်သွားပြီး အူတွေ၊ အသည်းတွေ၊ အဆုတ်တွေ၊ နှလုံးသားတွေ၊ ကလီစာတွေဟာ ခုတင်ပေါ်ကို ပုံကျသွားတယ်။ ဒီအချိန်မှာ လေးမဂ်လေးဖိုလ်လည်း ရသွားပြီး သက်တမ်းလည်း ကုန်ဆုံးသွားပါတယ်။

## ဗိုက်ကွဲသော်လည်းပြုံးနိုင်သူ

ပျံလွန်တော်မူခါနီးမှာတောင် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနဲ့ကြည့်နေတဲ့ မထေရ်ငယ်ကို ဒီလောက်သည်းခံရင် တော်လှောက်ပါပြီနော်လို့ ပြုံးပြုံးလေး မိန့်တော်မူသွားသေးတယ်။ အမှန်က သေလောက်တဲ့ရောဂါမဟုတ်ဘူးထင်လို့ မထေရ်ငယ်က ပေါ့ပေါ့လေး သတိသွားပေးခဲ့တာ။ ကလီစာတွေထွက်ကျပြီး ပျံလွန်တော်မူသွားတာကို တွေ့ရမှ အတော်ကြီး ပြင်းထန်တဲ့ရောဂါဆိုတာသိသွားတယ်။ အဲဒီတရားတွေကို နာကြားရတဲ့အတွက်ကြောင့် တောင်ပေါ်ကကိုယ်တော်လေးဟာ လူသားတွေ အကြောက်ဆုံး AIDS ရောဂါပိုးရှိနေသော်လည်း သေမင်းကို အန်တုပြီး ဝဝဖြိုးဖြိုးနဲ့ အသက်ရှင်နေနိုင်တာပေါ့။

ဒီရောဂါဖြစ်ရခြင်းအကြောင်းကို ပြန်လေ့လာကြည့်တဲ့အခါ သူဟာ ရဟန်းတော်ပေါင်း (၅၀၀) ကျော်လောက် အမြဲတမ်း သီတင်းသုံးပြီး အားထုတ်တဲ့ ရိပ်သာကြီးတစ်ခုမှာ တစ်ဝါဆိုခဲ့ဖူးတယ်။ အဲဒီအခါတုန်းက ဒုလ္လဘရဟန်းတွေ သုံးပြီးသား ဘလိတ်ဓားအဟောင်းနဲ့ သူ့ခေါင်းကို ရိတ်ခဲ့မိဖူးသတဲ့။ အဲဒီကစပြီး ရောဂါကူးစက်သွားဟန်တူတယ်။

## ကင်ဆာရောဂါရှိသည် သို့သော် အသက်ရှည်သည်

၂၀၀၉ ခုနှစ်လောက်က ဆရာတော် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့မှာရှိတဲ့ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းဆေးရုံကို ရောက်ခဲ့တယ်။ အဲဒီဆေးရုံမှာ ကင်ဆာရောဂါ ဝေဒနာရှင်ပေါင်း (၃၀) လောက် ရှိမယ်ထင်တယ်။ တကယ်တော့ ဦးလှထွန်း ဆိုတာ ခရစ်ယာန်ဘာသာဝင် တစ်ဦးပါ။ ဒါပေမယ့် ဗုဒ္ဓစကားကို နားထောင်လိုက်နာသူလို့ ပြောရမှာပေါ့။ သူရှာဖွေစုဆောင်းထားတဲ့ ငွေကြေးတွေထဲက သိန်းငါးထောင်ကျော် ကုန်ကျခံပြီး မန္တလေးမြို့နဲ့ ရန်ကုန်မြို့မှာ ကင်ဆာဖောင်ဒေးရှင်းဆေးရုံကြီးနှစ်ရုံကို ဆောက်လုပ် လှူဒါန်းပေးခဲ့တယ်။

နွမ်းပါးတဲ့ ကင်ဆာဝေဒနာရှင်များ သူ့ဆေးရုံမှာလာပြီး ဆေးကုနိုင်တယ်၊ ဓာတ်စာစားနိုင်တယ်။ ကွယ်လွန်ချိန်အထိ အနားယူနိုင်တယ်။ ဆရာတော်ကိုယ်တိုင် သူ့ရဲ့ လုပ်ရပ်တွေကို လေးစားကြည်ညိုတဲ့အတွက် ငွေပဒေသာပင် သုံးသိန်းကျပ် လှူလိုက်တယ်။ တာဝန်ခံအမျိုးသမီးက ဆေးရုံတွင်းက လူနာတွေကို လိုက်လံအားပေးဖို့ ပင့်လျှောက်တဲ့အတွက် တစ်ခန်းဝင်၊ တစ်ခန်းထွက် လိုက်ပြီး အားပေးစကားပြောကြားလိုက်တယ်။ ဆရာတော်ရေးတဲ့ စာအုပ်လေးတွေကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်တယ်။

အဲဒီလို လိုက်အားပေးရင်းနဲ့ ကင်ဆာရောဂါရှိမှန်း မသိလောက်အောင် ဝဝဖြိုးဖြိုးနဲ့ အသက်ရှည်နေတဲ့ ဦးပဉ္ဇင်းကြီးတစ်ပါးကို တွေ့ရတယ်။ သူ့အသက်က ခြောက်ဆယ်ကျော်လောက်တော့ ရှိမယ်။ ရောဂါက လည်ချောင်းကင်ဆာ။ သူ့လည်ပင်းမှာ ဝေဒနာသည်များ ပတ်ထားလေ့ရှိတဲ့ ပတ်တီးတစ်မျိုးကိုပတ်ထားတဲ့အတွက်ကြောင့်သာ ရောဂါသည်လို့သိရတာ။ သူဟာ အဖတ်ဆိုလို့ ဘာမှစားလို့မရဘူး၊ အရည်တစ်ခုပဲရတယ်။ အရည်ကိုလည်း နှာခေါင်းကနေ ပိုက်နဲ့သွင်းရတာ။ အစာသွင်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့ပိုက်ကြီးကိုလည်း သူ့နှာခေါင်းထဲကနေ အစာအိမ်ထဲအထိ အမြဲတမ်းထိုးထည့်ထားရတယ်။ ဆေးရုံရောက်နေတာ ဘယ်လောက် ကြာပြီလဲလို့မေးလိုက်တော့ ခြောက်နှစ်ကျော်သွားပြီတဲ့။

ကင်ဆာရောဂါကလည်းရှိနေတယ်။ ကိုယ်စားချင်တဲ့ အစားအစာကိုလည်း စားခွင့်မရှိဘဲ အရည်ဖျော်လို့ရတဲ့ အာဟာရလောက်ကိုသာပိုက်ကနေသွင်းပြီး အသက်ဆက်နေရတယ်။ စိတ်ညစ်တတ်တဲ့သူဆိုရင်ခြောက်လတောင်မခံဘဲ သေမှာပါ။ အခုတော့ ခြောက်နှစ်တောင် ကျော်သွားပြီ၊ မသေသေးဘူး ဆိုတော့ ဒီဦးပဉ္စင်းကြီးမှာ တစ်ခုခုထူးခြားချက်ရှိရမယ်လို့တွေးပြီး မေးကြည့်လိုက်တဲ့အခါ ဦးပဉ္စင်းကြီးက နှုတ်နဲ့ မဖြေဘဲ လက်နဲ့ဖြေပြလိုက်တယ်။ သူ့အိပ်ရာဘေးက စာအုပ်အချို့နဲ့ တရားခွေအချို့ကိုယူပြလိုက်တာပါပဲ။

သေချာကြည့်လိုက်တော့ ဆရာတော်ရေးထားတဲ့စာအုပ်တွေနဲ့ ဆရာတော်ဟောထားတဲ့ ဝိပဿနာတရားခွေတွေဖြစ်နေတယ်။ သူက ပြောလိုက်သေးတယ်။ ဆရာတော် ဟောထားတဲ့တရားအတိုင်း တပည့်တော်ကိုယ်မှာပင် နာပေမယ့် စိတ်မနာအောင်နေတတ်ပါပြီဘုရား။ ဒါကြောင့်အခုလို အသက်ဆက်ပြီးရှည်နေတာပါ။ တကယ်ဆိုတော့ ကင်ဆာရောဂါက AIDSရောဂါထက် ပိုဆိုးတာပေါ့။ ဒါနဲ့တောင် ဆက်လက်ပြီး အသက်ရှည်အောင် နေနိုင်တယ် ဆိုတာတရားတော်ရဲ့စွမ်းရည်နဲ့ စိတ်ရဲ့စွမ်းရည်ပါပဲ။

**မအိပ်လေ အသက်ရှည်**

နောက်တစ်ဦးကတော့ မြိတ်မြို့ထားဝယ်စုရပ်ကွက်ထဲကပါ။ အမြွာပူး ညီအစ်မနှစ်ယောက် ရှိတယ်။ အကြီးမကို မိကြီး၊ အငယ်မကို မိငယ်လို့ခေါ်ကြတယ်။ ဆရာတော်ရဲ့ပစ္စည်းလေးပါးဒါယကာ၊ဒါယိကာမတွေပေါ့။ တစ်ခါတော့ မိကြီးဟာ အိပ်မပျော်တဲ့ရောဂါတစ်ခု စွဲကပ်လာတယ်။ အိပ်လို့မရတာ နှစ်ပတ်ကျော် သုံးပတ်အထိ ရောက်လာတော့ အစားအသောက်လည်းပျက်၊ အားလည်းနည်းတယ်။ ဘေးကလူတွေကရော သူကိုယ်တိုင်ကပါ အခုလိုအိပ်မပျော်တဲ့အတွက်ကြောင့် သေရတော့မယ်လို့ပဲထင်နေကြတယ်။ ဆရာဝန်တွေပြပြီးဆေးမျိုးစုံနဲ့ ကုသတော့လည်း ဘယ်လိုမှထူးခြားမလာဘူး။ အဲဒီအချိန်ကဆရာတော်က မြိတ်မြို့မှာ မရှိဘူး။ အခြားနယ်တွေမှာ တရားဟောကြွနေတယ်။ ဆရာတော်ပြန်ရောက်တာနဲ့ သူတို့အိမ်ကိုပင့်ဖိတ်ပြီး ရောဂါပျောက်ကင်းစေတဲ့ ဗောဇ္ဈင်္ဂသုတ်ပရိတ်ကိုနာယူကြတယ်။

ဆရာတော်က ပရိတ်ရွတ်ပြီးတာနဲ့ မစားနိုင်မသောက်နိုင် ရောဂါဖြစ်နေရခြင်းရဲ့အဓိကအကြောင်းကိုလက်ဆုတ်လက်ကိုင် ထုတ်ပြလိုက်တယ်။ အခုသေမလိုဖြစ်နေရခြင်းရဲ့အဓိကအကြောင်းက အိပ်မပျော်တာမဟုတ်ဘူး။ ဒီလို အိပ်မပျော်ရင် ငါတော့ သေရတော့မှာပဲလို့ဆိုတဲ့ စိုးရိမ်သောကကြောင့် ဖြစ်နေတာ။ အဲဒီသောကကို ဒေါသကိလေသာလို့လည်းခေါ်တယ်။ အင်မတန်ပူလောင်တယ်။ အိပ်မပျော်တာဟာ မအိပ်ချင်တဲ့အတွက်ကြောင့်ဘဲ။ မအိပ်ချင်တာဟာ အိပ်ဖို့မလိုတဲ့အတွက်ကြောင့်ဘဲ။ အဲဒါကို ဘာမှသောကဖြစ်မနေနဲ့၊ မအိပ်ချင်ရင် မအိပ်ဘဲနေလိုက်။

ညအချိန်ဆိုရင် ကိုယ့်အခန်းလေးထဲကိုယ် မီးလေးဖွင့်ပြီး တရားစာအုပ်လေးဖတ်နေလိုက်၊ ဒါမှမဟုတ်အသံတိုးတိုးလေးဖွင့်ပြီး တရားခွေလေးနာနေလိုက်၊ ဒါမှမဟုတ် အခန်းကျယ်ကျယ်ရှိတယ်ဆိုရင် သွားတယ်ဆိုတဲ့ အသိလေးကပ်ပေးပြီး စင်္ကြံလျှောက်နေရတယ်။ ဘုရားရှင်လက်ထက်က တစ်ဘဝတည်းနဲ့ ရဟန္တာဖြစ်အောင်ကျင့်ရင် မအိပ်ကြတော့ဘူး၊ အခုလိုပဲနေကြတယ်။ မအိပ်လို့သာ အသက်တိုရမယ်ဆိုရင် ဘုရားလက်ထက်က အရှင်ဗာကုလမထေရ်ဟာ အသက်ငယ်ငယ်နဲ့ ပရိနိဗ္ဗာန်စံသွားမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့အရှင်ဗာကုလမထေရ်ဟာ လျောင်းခြင်း ဣရိယာပုတ်ကို အသုံးမပြုတော့ဘူး။

ဒီခေတ်စကားနဲ့ပြောရရင်တော့အိပ်ကိုမအိပ်တော့ဘူး။ ထိုင်လျက်နဲ့နည်းနည်းပါးပါးလောက်ငိုက်တာပြုတာတော့ရှိမှာပေါ့။ အရှင်ဗာကုလမထေရ်ဟာ အသက်တစ်ရာ့ခြောက်ဆယ် နေသွားရတယ်။ ထို့အတူပဲနိသဇ္ဇိမှုတင်ဆောင်ကြတဲ့(မအိပ်ဘဲ)နေကြတဲ့အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာတို့ သက်တော် (၁၂၀) အထိ နေသွားကြရတယ်။ တချို့တရားရချင်တဲ့ ယောဂီတွေများ အိပ်ချင်တဲ့စိတ်ကို မပျောက်ပျောက်အောင်ဖျောက်ပြီး တရားကျင့်ရတယ်။ အခု ကိုယ့်အတွက်တော့ဘယ်လောက်အဆင်ပြေသွားသလဲ။ အိပ်ချင်တဲ့စိတ်ကိုမလာတော့ဘူး ဆိုတော့ အလိုလို ထိနမိဒ္ဓကိလေသာကို ပယ်သတ်ပြီးသားဖြစ်တော့မှာပဲ၊ သေတော့မှာပဲဆိုတဲ့ သောကကိုဖျောက်ပစ်လိုက်တော့ အိပ်ချင်မှအိပ်မယ်။ မအိပ်ချင်ရင် မအိပ်ဘူးဆိုပြီးစီးပွားရေးအလုပ်၊ တရားအလုပ်၊ အိမ်မှုကိစ္စအလုပ်တွေကို အဆင်ပြေသလိုသာ လုပ်နေပေတော့။

လူတစ်ယောက်အတွက် တစ်နေ့လျှင် အနည်းဆုံး ရှစ်နာရီ အိပ်ရမယ်လို့ တချို့ဆရာဝန်တွေက ပြောကြတယ်။ အဲဒီလို ဆရာဝန်ရဲ့ စကားကို ဘုရားစကားလိုမှတ်ပြီး တချို့ကဝေဖန်ဆန်းစစ်မှုမရှိဘဲ တစ်ဖွတ်ထိုးယုံကြည်ပစ်လိုက်တယ်။ တကယ်တော့ လူတစ်ယောက်နဲ့တစ်ယောက်ခန္ဓာကိုယ်တည်ဆောက်ပုံအစားစားပုံမတူတဲ့အတွက်ကြောင့် အိပ်ချိန်လည်း မတူနိုင်ဘူး။ တချို့ ရှစ်နာရီမှအိပ်ရေးဝတာရှိတယ်။ တချို့ လေးနာရီလောက်နဲ့ အိပ်ရေးဝသူလည်းရှိတယ်။ ဆရာတော်ဆိုရင် လေးနာရီခွဲလောက်အိပ်ရရင် အိပ်ရေးဝတယ်။

**တန်ဖိုးဖြတ်၍ မရသောအရာ**

စက္ကန့်၊ မိနစ်၊ နာရီ နေ့၊ ရက်၊ လ နှစ် စတဲ့အချိန်တိုလေးတွေပေါင်းထားတာ အသက်လို့ ခေါ်တယ်။ ဒါကြောင့် အချိန် ဆိုတာ အသက်၊ အသက်ဆိုတာ အချိန်ပဲ။ ဒါကြောင့်မိမိအသက်ကို တန်ဖိုးထားသူ မှန်



www.burmeseclassic.com

www.burmeseclassic.com

သမျှ အချိန်ကို တန်ဖိုးထားကြရမယ်။ အချိန်ကို တန်ဖိုးထားတယ် ဆိုတယ်ဆိုရင် အိပ်ပျော်ချိန်မှတစ်ပါး မိမိကိုယ်ကို အမြဲတမ်း မေးခွန်းထုတ်ရမယ်။ အခုအချိန်မှာ ငါ့အတွက် ဉစ္စာရနေသလား၊ ပညာရနေသလား၊ ကုသိုလ်ရနေသလား၊ အဲဒီမေးခွန်းထုတ်လိုက်တဲ့အခါ တစ်ခုမှမရဘူးဆိုရင် အဲဒါအချိန်ကိုဖြုန်းနေတာပဲ။ အချိန်ဖြုန်းတယ်ဆိုတာ မိမိ လူ့ဘဝနေရမယ့် အသက်ကိုဖြုန်းတာပဲ။

မြန်မာပြည်မှာ အခြားနိုင်ငံတွေနဲ့စာရင် သယံဇာတပစ္စည်းတွေပေါများ ကြွယ်ဝပါလျက် ကမ္ဘာမှာအဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်နေတာ အချိန်ကိုဖြုန်းကြတဲ့အတွက်ကြောင့်ပဲ။ နှစ်လုံးတွက်ပြီးဖြုန်းတယ်၊ သုံးလုံးတွက်ပြီးဖြုန်းတယ်၊ ဘောလုံးပွဲကြည့်ပြီးဖြုန်းတယ်၊ စစ်တုရင်ကစားပြီးဖြုန်းတယ်၊ သူများ အတင်းပြောပြီးဖြုန်းတယ်၊ အိမ်လည်ပြီးဖြုန်းတယ်၊ တချို့ဆိုရင် မိမိ အချိန်ဖြုန်းရုံနဲ့ အားမရလို့ သူတစ်ပါးအချိန်ကို ဖြုန်းကြတယ်။ အလုပ်တကယ်လုပ်နေတဲ့ နာမည်ရ ဆရာတော်တွေနားသွားပြီး အကြာကြီး စကားပြောနေတာဟာ ဆရာတော်တွေရဲ့အချိန်ကို လိုက်ဖြုန်းတာပဲ။

အသက်ခြောက်ဆယ်ကျော်နေရမယ့် သာမန်လူတစ်ယောက် အလုပ်လုပ်ချိန်နဲ့ အလကား ဖြုန်းတီးတဲ့အချိန် ဘယ်လောက်ရှိလဲဆိုတာကို ဆရာကြီးဗိမိုးနင်းရဲ့ စာအုပ်တစ်အုပ်မှာ အခုလို တွက်ပြထားတယ်။

**သာမန်လူတစ်ယောက်၏**
**တစ်သက်သာအချိန်အသုံးချပုံ**

| | |
|---|---|
| အိပ်ချိန် | ၂၀ နှစ် |
| စားချိန် | ၃ နှစ် |
| ဟင်းခွက်စောင့်ချိန် | ၉ နှစ် ၄ လ |
| ပျော်ပါးချိန် | ၇ နှစ် ၆ လ |
| လမ်းလျှောက်ချိန် | ၆ နှစ် ၇ လ |
| အဝတ်လဲချိန် | ၂ နှစ် ၆ လ |
| အလကားနေချိန် | ၂ နှစ် ၆ လ |
| အလုပ်လုပ်ချိန် | ၁၇ နှစ် ၆ လ |

ဒီဇယားကို ကြည့်လိုက်ရင် လူတွေဟာ အလုပ်လုပ်ချိန် သိပ်နည်းပါးတယ်။ ဒါကြောင့် အိပ်မပျော်တာကို ဝမ်းနည်းမနေနဲ့။ အလုပ်လုပ်ချိန် ပိုရတယ်လို့တွေးပြီး ဝမ်းသာလိုက်စမ်းပါ။ အခုဆက်ပြမယ့်ဇယားကွက်ကတော့ အသက် (၇၅)နှစ်နေရမယ့် လူတစ်ယောက်ရဲ့ သုံးပြီးရက်ပေါင်းနဲ့ မသုံးရသေးတဲ့ ကျန်ရှိရက်ပေါင်းကို တွက်ပြထားတာပဲ။

**ဘဝလက်ကျန်အချိန်ဇယား**

| သင့်အသက် | သုံးခဲ့ပြီးသောအချိန် | (၇၅)နှစ်မတိုင်မီ သင့်ဘဝလက်ကျန်အချိန် |
|---|---|---|
| ၁၅ နှစ် | ၅၄၇၅ ရက် | ၂၁၉၀၀ ရက် |
| ၂၀ နှစ် | ၇၃၀၀ ရက် | ၂၀၀၇၅ ရက် |
| ၂၅ နှစ် | ၉၁၂၅ ရက် | ၁၈၂၅၀ ရက် |
| ၃၀ နှစ် | ၁၀၉၅၀ ရက် | ၁၆၄၂၅ ရက် |
| ၃၅ နှစ် | ၁၂၇၇၅ ရက် | ၁၄၆၀၀ ရက် |
| ၄၀ နှစ် | ၁၄၆၀၀ ရက် | ၁၂၇၇၅ ရက် |
| ၄၅ နှစ် | ၁၆၄၂၅ ရက် | ၁၀၉၅၀ ရက် |
| ၅၀ နှစ် | ၁၈၂၅၀ ရက် | ၉၁၂၅ ရက် |
| ၅၅ နှစ် | ၂၀၀၇၅ ရက် | ၇၃၀၀ ရက် |
| ၆၀ နှစ် | ၂၁၉၀၀ ရက် | ၅၄၇၅ ရက် |
| ၆၅ နှစ် | ၂၃၇၂၅ ရက် | ၃၆၅၀ ရက် |
| ၇၀ နှစ် | ၂၅၅၅၀ ရက် | ၁၈၂၅ ရက် |
| ၇၅ နှစ် | ၂၇၃၇၅ ရက် | တရားမမေ့ပါနှင့် |

**ဘဝလက်ကျန်အချိန်ဇယား**

ဆရာတော့် တရားကိုနာပြီးတဲ့အချိန်ကစပြီး မိကြီးဟာ သောကတွေ ပျောက်သွားတာနဲ့ အိပ်မပျော်တဲ့ရောဂါလည်း ပျောက်သွားတာပဲ။ အခုတော့ ပုံမှန်စားဝင်အိပ်ပျော်ဖြစ်နေပါပြီ။ ဒီအချက်ကို ထောက်ကြည့်ရင် လူတွေမှာ စိတ်ဟာ အရေးကြီးဆုံးပဲ။ ဒါကြောင့် စိတ်ဓာတ်မကျဘဲ ကိုယ်လုပ်သင့်တဲ့ လောကီအလုပ်၊ လောကုတ္တရာအလုပ်တွေကို ဆက်လုပ်ဆောင်ကြပါလို့ တိုက်တွန်းရင်း ဆရာတော်ရဲ့ တရားကို နိဂုံးချုပ်ပါတယ်။

မှတ်ချက်။ ။ AIDS ဝေဒနာသည်များအတွက် ငွေတစ်သိန်းလှူဒါန်းခဲ့သည်။

ဤကား AIDS ဝေဒနာရှင်များကို ဟောကြားခဲ့သောတရား ဖြစ်သည်။ AIDS ဝေဒနာရှင်များကို တရားဟောပြီး မော်လမြိုင်မြို့ တရားပွဲကျင်းပရာ သာသနာ့ဗိမာန် တည်းခိုဆောင်သို့ ပြန်ရောက်သောအချိန်တွင် ညခြောက်နာရီခန့်ရှိနေပြီ ဖြစ်သည်။ စာရေးသူမှာ နားချိန်တစ်နာရီခန့်နားပြီးသည်နှင့် ညခုနစ်နာရီခွဲတွင် တရားပွဲကြီး စတင်သည်။ ထိုည ဟောခဲ့သော တရားမှာ ပရဟိတနှင့် ပတ်သက်သောတရားပင် ဖြစ်သည်။ ထိုည တရားမဟောမီကပင် ရလာသော ဓမ္မပူဇာငွေများအား အနာကြီးရောဂါသည်တို့အတွက် ရန်ပုံငွေပဒေသာပင်အဖြစ် လှူဒါန်းဖို့ ဆုံးဖြတ်လိုက်သည်။ ငွေသားများ မိမိ လက်ထဲမရောက်မီ လှူဖို့ ကြိုတင် ဆုံးဖြတ်လိုက်သည့်အတွက် ထိုငွေသားများအပေါ် တပ်မက်သော လောဘပင်ဖြစ်ခွင့်မရတော့ပေ။ ဤသည်ကား အလုပ်ဖြင့် သမုဒယသစ္စာခေါ် လောဘကို ဝိပဿနာနည်းဖြင့် ပယ်သတ်လိုက်ပင် ဖြစ်ပါ၏။ ထိုညဟောသောတရားကို စာဖတ်သူများ ပိုမိုစိတ်ဝင်စား ဖတ်ရှုနိုင်ရန်အတွက် စကားပြောဖြင့်မရေးဘဲ စကားပြေဖြင့်သာ ရေးသားပါမည်။ တရားနာမည်ကို မသိမသာနှင့် မမှုမတာဟု မှတ်ပါလေ။

(ဆက်ရန်)

မေတ္တာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

အောင်သန်းချစ်


# ကြိုတင်ဟောကိန်းထုတ်ခဲ့တဲ့ ကြမ္မာဆိုး

၁၉၁၂ ခုနှစ်က လူပေါင်း (၁၅၀၀)ကျော် အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ အသက်ပျောက်ခဲ့ရတဲ့ ကမ္ဘာကျော် တိုက်တင်းနစ်သင်္ဘောကြီး နစ်မြုပ်မှာကို ကြိုတင်ဟောကိန်းထုတ်ခဲ့တယ်ဆိုရင် အံ့သြကြပါလိမ့်မယ်။ ၎င်းအဖြစ်ဆိုးနဲ့ မကြုံခင် (၁၄) နှစ်တတည်းက ကြိုတင်ပြီး ဟောကိန်းထုတ်ခဲ့တာ ဖြစ်တယ်။ ကြိုတင် ဟောကိန်းထုတ်ခဲ့သူက ဗေဒင်ဆရာ ဒါမှမဟုတ် အကြားအမြင် ဟောစားနေသူ မဟုတ်ပါ။ ဗြိတိသျှစာရေးဆရာ မော်ဂန်ရော့ဘတ်ဆင်ပါ။

၁၈၉၈ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ FUTILITY ဆိုတဲ့ သူရေးတဲ့ ဝတ္ထုစာအုပ်ထဲမှာ မနစ်မြုပ်နိုင်ဘူးလို့ ကြေညာထားတဲ့ သင်္ဘောကြီးတစ်စီး အင်္ဂလန်ကနေ အမေရိကန်ပြည်ထောင်စုဆီ ဦးတည် ခုတ်မောင်းရင်း မျောလာတဲ့ ရေခဲတုံးကြီးနဲ့ တိုက်မိပြီး လူအသက်ပေါင်းများစွာ ဆုံးရှုံးရတာကို ရေးထားပါတယ်။ ရုတ်တရက် နစ်မြုပ်သွားတဲ့ သင်္ဘောနာမည်ကိုလည်း စာရေးဆရာက တိုက်တင်းနစ်တဲ့။ အမည်တူရုံမျှမက အိပ်ခန်း၊ သင်္ဘောခေါင်းတိုင်၊ သင်္ဘောအင်ဂျင်စက်၊ သင်္ဘောပန်ကာ စတာတို့ရဲ့ အရေအတွက်ပါ တူနေတယ်။ ပိုပြီး အံ့သြစရာကောင်းတာကတော့ တင်ဆောင်တဲ့ ခရီးသည်က များနေပြီး အသက်ငယ်လှေ မလုံမလောက်တပ်ဆင်လာတာချင်းတောင် တစ်ထပ်တည်း ဖြစ်နေတယ်။ တစ်ခါ ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှာ နစ်မြုပ်သွားခဲ့တဲ့ တိုက်တင်းနစ် သင်္ဘောကြီးနဲ့ စာရေးဆရာ စိတ်ကူးယဉ်ပြီး ရေးသားခဲ့တဲ့ တိုက်တင်းနစ်သင်္ဘောတို့ တစ်ထပ်တည်းနီးပါး တူနေတာကို အံ့သြဖွယ် တွေ့ကြရတယ်။ ဒါ့အပြင် တိုက်တင်းနစ်သင်္ဘောကြီးနစ်မြုပ်ခဲ့တဲ့နေရာက ဝတ္ထုထဲက နေရာဖြစ်နေတာကိုလည်း တအံ့တသြ သိကြရတယ်။

ဒါပေမယ့် FUTILITY ဝတ္ထုစာအုပ်က ဈေးကွက်မှာ အောင်မြင်မှုမရတာကြောင့် ၎င်းဝတ္ထုစာအုပ်ကို ဖတ်မိသူ အလွန် နည်းပါးခဲ့တယ်။ အကယ်၍သာ ၎င်းဝတ္ထုကို လူကြိုက်များပြီး တိုက်တင်းနစ်ရဲ့ ကြမ္မာဆိုးကို ကြိုတင်သိထားကြရင် ၁၉၁၂ ခုနှစ် ဖြစ်ခဲ့ရတဲ့ မြောက်အတ္တလန္တိတ်သမုဒ္ဒရာထဲက ကြမ္မာဆိုးကို ရှောင်လွှဲနိုင်လေမလားလို့ တွေးတောစရာပါ။ အနည်းဆုံးတော့ ဝတ္ထုထဲမှာ ကြမ္မာဆိုးနဲ့ကြုံခဲ့ရတဲ့ သမုဒ္ဒရာထဲက လမ်းကြောင်းကို ရှောင်လွှဲပြီး တခြားလမ်းက ပြောင်းမောင်းသွားနိုင်ပါတယ်။

၁၉၃၅ ခုနှစ်၊ ဧပြီလထဲမှာ တိုက်တင်းနီယန်သင်္ဘောပေါ်က သင်္ဘောသားလေး ဝီလျံရီး(စ်)က သင်္ဘောဦးပိုင်းမှာ တာဝန်ကျနေခဲ့တယ်။ ၎င်းသင်္ဘောက အင်္ဂလန်ကနေ ကနေဒါဆီဦးတည်ခုတ်မောင်းနေတာ ဖြစ်တယ်။ ညသန်းခေါင်လောက်မှာ တစ်ဦးတည်းတာဝန်ထမ်းဆောင်နေရင်း လွန်ခဲ့တဲ့လက သူဖတ်ခဲ့တဲ့ FUTILITY ဝတ္ထုထဲက တိုက်တင်းနစ် သင်္ဘောကံကြမ္မာကို ပြန်သတိရနေတယ်။ အခုလည်း သူတာဝန် ထမ်းဆောင်နေတဲ့ သင်္ဘောက ဒီလမ်းကြောင်းအတိုင်း မောင်းနှင်နေတာကို တွေ့ရတယ်။ ဝတ္ထုနဲ့ တကယ့်ဖြစ်ရပ် တစ်ထပ်တည်း




တိုက်တင်းနစ်သင်္ဘောပုံ



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ကျန်ခဲ့ကြတဲ့ တိုက်တင်းနစ်မှခရီးသည်တွေတင်ပြီး ကာပါသီယားသင်္ဘောဆီ အသက်ကယ်လှေတွေ လှော်ခတ်လာစဉ်



မြောက်အိုင်ယာလန် ဘယ်(လ်)ဖတ်(စ်)မြို့ ရေကူးသင်္ဘောကျင်းမှာ တိုက်တင်းနစ်ကို တည်ဆောက်နေစဉ်ပုံ နောက်ခံပြီး အမေရိကမှာ တိုက်တင်းနစ်သင်္ဘောနစ်မြုပ်ခဲ့မှု စုံစမ်းရေးလုပ်နေပုံ



အသက်ရှင်ကျန်ရစ်သူတွေကို အမေရိကန်ပြည်ထောင်စုကမ်းခြေပေါ် တွဲတင်နေကြပုံ

ကြမ္မာဆိုးဝင်ခဲ့တဲ့ ဧပြီလမှာပဲ လက်ရှိမှာ တာဝန်ထမ်းနေတဲ့ သင်္ဘောကလည်း မြောက်အတ္တလန္တိတ်သမုဒ္ဒရာထဲက ၎င်းလမ်းကြောင်းအတိုင်း မောင်းနှင်နေတာကို တွေ့နေရတယ်။ ရီး(စ်)ရဲ့မွေးနေ့ကလည်း တိုက်တင်းနစ်ကြမ္မာဆိုးနဲ့ တိုးခဲ့ရတဲ့ ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ ဖြစ်နေတာကြောင့် ရီး(စ်) လည်း လုပ်ဖော်ကိုင်ဖက်တွေကိုတောင် အသိမပေးဘဲ အရေးပေါ် အန္တရာယ်အချက် ပေးပြီး ပါးစပ်ကလည်း အော်ဟစ်ရင်း သင်္ဘောအင်ဂျင်ကို အစွမ်းကုန်နောက်ပြန်ဆွဲ (FULL ASTERN) ဆွဲခဲ့တယ်။ အကယ်၍သာ ရီး(စ်)ရဲ့ အန္တရာယ်အချက်ပေးမှု စက္ကန့် အနည်းငယ်နောက်ကျခဲ့ရင် ၎င်းတို့ သင်္ဘောလည်း ယခင် တိုက်တင်းနစ်လို အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ နစ်မြုပ်ရမှာ သေချာတယ်။ အဲဒီ အချိန်မှာ မျောပါလာတဲ့ ရေခဲတုံးကြီးတစ်တုံးကို သွားမတိုက်ဘဲ သင်္ဘောကြီးအချိန်မီ နောက်ပြန်ဆုတ်ခဲ့မိတာကို ရေယာဉ်ဝန်ထမ်းတွေ တအံ့တသြ တွေ့ကြရတယ်။

ဒါတင်မက ၁၈၈၆ ခုနှစ်က ဗြိတိသျှစာနယ်ဇင်းသမား အီးဒဗလျူ စတက်ကလည်း မြောက်အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ ရေခဲတုံးကြီးတိုက်မိပြီး နစ်မြုပ်ခဲ့ရတဲ့ သင်္ဘောတစ်စီးအကြောင်း ရေးသားခဲ့တယ်။ သူ့ဝတ္ထုထဲက သင်္ဘောကြီးရဲ့ကပ္ပတိန်အမည်က အီးဂျေစမစ်။ တကယ်နစ်မြုပ်ခဲ့တဲ့ တိုက်တင်းနစ်ရဲ့ ကပ္ပတိန်အမည်ကလည်း အီးဂျေစမစ်ပါ။ ဒါပေမယ့် စာနယ်ဇင်းဆရာက သူ့စိတ်ကူးယဉ်ဝတ္ထုကို မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့တာကြောင့် ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှာ တိုက်တင်းနစ်သင်္ဘောကြီး ရေခဲတုံးနဲ့တိုက်မိပြီး နစ်မြုပ်ရာမှာ သူလည်း ပါဝင်သွားပြီး အသက်ဆုံးရှုံးခဲ့ရပါတယ်။

အောင်သန်းချစ်

RF;

*BEYOND THE IMPOSSIBLE*

*BY RICHARD LAZARUS.*



www.burmeseclassic.com

www.burmeseclassic.com

မောင်သန်းဆွေ (ထားဝယ်)

# မြန်မာမှုအာစဝ်ဦးအာလာနှင့် ၇ သင်ပြုရတာနာ



www.burmeseclassic.com


www.burmeseclassic.com

ဆင်မင်းကို အစဉ်အတိုင်း ခြံရံ ဆောင်ယူ၍ ထီးဖြူ စသော မင်း မြှောက်တန်ဆာ မင်းခမ်းမင်းနားအ ဆောင်အယောင်ကျင်းပရန် ဆင်မင်း နန်းတွင်ထားပြီးလျှင် လက်ဖွဲ့လက် ပမ်း၊ ဇာတ်ကြီးဇာတ်စုံ၊ ရုပ်သေး စသော ပွဲသဘင်ကြီးစွာခံတော်မူ သည်။

ဆဒ္ဒန်ဆင်မင်းကို တွေ့မြင်၍ ဖမ်းပေးကြသူ ပေန်းဦးကို ဗျတ္တသီရိ ဘွဲ့၊ ငတော်ကို ဗျတ္တသူရိန်ဘွဲ့၊ ငကနီ ကို ဗျတ္တဇေယျဘွဲ့၊ ငမောင်ကို ဗျတ္တ ဇေတာဘွဲ့နှင့် ငွေစင်ငါးရာ၊ ရွှေဖလား ငါးရာ၊ ငွေဖလား ငါးရာ၊ ပိတ်အုပ်ငါး ရာ၊ ဆာပါအုပ်ငါးရာ၊ ပိုးကျစ်စုံပုဆိုး ငါးရာ ဆုပေးတော်မူသည်။

အမတ်ကြီး မဟာမင်းလှကို ဆဒ္ဒန်ဆင်မင်းဝန်၊ ရွှေတောင်နရာ ကျော်၊ ရွှေတောင်သီဟကျော်သူတို့ ကို ဆဒ္ဒန်ဆင်မင်းဝန်ထောက်၊ ဂဇ ကျော်သူ၊ လက်ဝဲဇေယျတို့ကို ဆဒ္ဒန် ဆင်မင်းနားခံ၊ ဘယကျော်စွာ၊ ဘယ နန်သူတို့ကို ဆဒ္ဒန်ဆင်မင်းစာရေးကြီး ခန့်တော်မူ၍ ဆင်မင်းနန်းမှာ တက် သက်စီရင် ထိန်းအုပ်နေရသည်။

ဆဒ္ဒန်ဆင်မင်းကား လသား အရွယ်သာ ဖြစ်သောကြောင့် လူနို့ ထိန်းများထားကာ နို့တိုက်မွေးရ၏။ နို့ ထိန်း(၁၆)ဦးမှာ နေ့ညဉ့်အလှည့်ကျ နို့တိုက်ကြရ၏။ လူနို့စို့သောအခါ နှာမောင်းလေးကို ဦးခေါင်းပေါ်တွင် တင်လျက်နို့စို့၏။ ငယ်စဉ်ကပင် လူ နှင့် နီးကပ် ရင်းနှီးစွာ ကြီးပြင်းလာ သော ဆင်မင်းသည် လူ၏ စကားကို ကောင်းစွာ နားလည်၍ သူ၏လိုအင် ဆန္ဒတို့ကိုလည်း လူတို့ နားလည် အောင် နှုတ်ကမပြောတတ်စေကာမူ ဟန်အမူအရာဖြင့် ညွှန်ပြနိုင်လေ သည်။ ထိုကဲ့သို့ လူနို့ကို တိုက်ကျွေး မွေးမြူပြီးနောက် ကြီးပြင်းလာသော အခါတွင်လည်း သာမန်ဆင်များကဲ့ သို့ မိမိဘာသာ စားသောက်ခြင်း မပြုဘဲ လူတို့က ပြုပြင်ယုယ ကျွေး မွေးသည့် ငှက်ပျောသီး၊ အုန်းသီး၊ ကြံပင်၊ မြက်နု၊ မျှစ်နုကလေးများကို သာ စားလေသည်။ ကြံများကို အခွံ ခွာ၍ အဆစ်များကိုဖြတ်ကာပယ်ပြီး ရွှေအင်တုံတွင် ထည့်၍ပေးမှ စား သည်။ ဆင်များစားသော အစား များသာမက ထမင်း၊ ဟင်း မုန့်မျိုးစုံ၊ ကွမ်းယာ၊ လက်ဖက်များကိုလည်း စား တတ်လေသည်။ ကွမ်းများကိုလည်း လူတို့စားသကဲ့သို့ ကွမ်း၊ ထုံး၊ ကွမ်း သီး၊ ဆေးမုံစပါး၊ ရှားစေး မကျန် ကောင်းမွန်စွာ ကွမ်းယာများယာ၍ ရွှေကွမ်းခွက်တွင် ထည့်၍ ကျွေးရ သည်။ အဖျော်ယမကာများကိုလည်း သောက်တတ်သည်။ စားသောက် ဖွယ်တို့ကို ကျွေးသောအခါ၌လည်း စည်းကမ်းစနစ်ကျကျ သူ့ခွက်နှင့်သူ ကျွေးမှ စားသောက်သည်။ မှားယွင်း သောခွက်နှင့်ထည့်ကျွေးမိလျှင် ၎င်း အမှုထမ်းအား နှာမောင်းဖြင့် ပုတ် ခတ် ရိုက်နှက်ကာ ထည့်သည့် ရွှေ ခွက်ကိုပါ မှောက်ပစ်တတ်သည်။ လူ တို့၏ အရိပ်အကဲကိုလည်း အလွန် သိလေသည်။ ကျင်ကြီး၊ ကျင်ငယ်တို့ ကိုလည်း စည်းကမ်းတကျ ငွေအင်တုံ တွင်း၌သာ သန့်ရှင်းစွာစွန့်လေသည်။ ဆင်မင်းအနီးသို့ သွားရောက်ကြည့်ရှု လျှင် ကုန္ဒြေသိက္ခာဖြင့် ကြည့်ရှုရ သည်။ ကုန္ဒြေမဲ့ပြုကျင့်မှုကို မကြိုက် ပေ။ လပြည့်၊ လကွယ် သီတင်းနေ့တို့ တွင် ဘုရားပုထိုးများသို့ အဖူးအမြော် ထွက်ခြင်း၊ ရဟန်းသံဃာတော်တို့ အား လူမင်းတို့ကဲ့သို့ပင် ဝါဝင်, ဝါ ထွက် နှစ်ကူးအခါတို့တွင် သက်နှ်း ပရိက္ခရာ, ဆွမ်းဘောဇဉ်တို့ကို ကပ် လှူခြင်း၊ ပရိတ်တရားနာခြင်း၊ ရွှေက ရားဖြင့် ရေစက်သွန်းခြင်းများကို ပြု လုပ်၍ ဝါတွင်းသီတင်းနေ့များတွင်





www.burmeseclassic.com


www.burmeseclassic.com

လည်း လူတို့ ဥပုသ်သီတင်းဆောက်တည်သကဲ့သို့ မွန်းလွဲသည့်အခါတွင် ရေမှတစ်ပါး အစားအစာတို့ကို မစားမသောက်ဘဲနေလေသည်။ ဆင်မင်းအထံတွင် ရဟန်းသံဃာတော်များက သီလပေးခြင်း၊ ပရိတ်ရွတ်ခြင်းများကို ပြုလုပ်သောအခါ ပုဆစ်ဒူးတုပ်ဝပ်လျက် နှာမောင်းကို ဦးခေါင်းထက်တွင်တင်ကာ ရှိခိုးနာယူလေ့ရှိသည်။ ဝါဝင်,ဝါထွက်အခါကြီးရက်ကြီးများတွင်လည်း ဆင်မင်း၏ကျေးကျွန်ခြွေရံမှုထမ်းတို့က ဆင်မင်းအားလူမင်းတို့ကို ပူဇော်သကဲ့သို့ကန်တော့ပူဇော်ကြရသည်။ ဆင်မင်းကလည်း ပြန်၍ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်မှစ၍ ဆင်မင်းစာရေးစာချီအမှုထမ်းအရာထမ်းနှင့်ဆင်မင်းကျေးကျွန်အားလုံးတို့ကို ဆုလာဘ်များ ပေးကမ်း ချီးမြှင့်လေသည်။ဆုလာဘ်များပေးရန် အဝတ်အထည်၊ ရွှေ၊ ငွေစသည်တို့ကို ခင်းကျင်းထားပေးပြီးသောအခါ ဆင်မင်းကြီး၏ သဘောဆန္ဒအတိုင်း သူပေးလိုသောအမှုထမ်းအား သင့်တော်သည့်ဆုတို့ကို သူ့ဘာသာသူ ရွေးချယ် ယူငင်ပြီး ပေးလေသည်။ ဆုတော်ချီးမြှင့်သင့်သူတို့ကို သင့်လျော်အောင် ထိုက်တန်ရာကို ရွေးချယ် ယူငင်ပြီးပေးလေသည်။ ဆုတော်ချီးမြှင့်သင့်သူတို့ကို သင့်လျော်အောင် ထိုက်တန်ရာကို ရွေးချယ်ပေးတတ်လေသည်။

မဟာမုနိဘုရားကြီးကိုလည်း မှုခ်ဝမှနေ၍ မကြာခဏ ဖူးမြော်လေသည်။ ပုဂံမင်းလက်ထက်တော်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရားအရှေ့မုခ်မှာ ဆင်မင်းငွေနှင့် အုတ်တံတားခင်းခိုင်းသောကြောင့် တံတားခင်းရသည်။ ယခုတိုင် ဆင်မင်းတံတားဟုတွင်လေသည်။ ဆင်မင်းကြီးမှာ သိန်းပေါင်းများစွာ ကြွယ်ဝချမ်းသာ၍ ဘုရားတန်ဆောင်းကျောင်းကန်ဇရပ်မှစ၍ ကုသိုလ်အများ ဆောက်လုပ်လှူဒါန်းလေသည်။ ဆင်မင်းကြီး၏ သိနားလည်မှုတို့မှာ အံ့ဖွယ်မဆုံးရှိချေသည်။ ဘကြီးတော်ဘုရားလက်ထက် ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲတွင် မြန်မာတို့အရေးနိမ့်၍ ၁၁၈၇ ခုနှစ် ရန္တပိုစာချုပ်အရ စစ်လျော်ကြေးကျပ်သုံးဒဂါးပြားရေတစ်ကုဋေပေးရမည်ဖြစ်ရာ မလုံလောက်သည့်အတွက် ဆင်မင်းထံသို့အကျိုးအကြောင်းပြောစေ၍ ဘုရင်မင်းမြတ်က ချေးငှားစေရသည်။ ဆင်မင်းကြီးထံမှ ရွှေတုံး၊ ငွေတုံးအမြောက်အမြားချေးယူ၍ ပေးဆပ်ရလေသည်။ ဆင်မင်းသဘောတူသည့် အထိမ်းအမှုအရာအနေဖြင့် ခေါင်းညိတ်ကာပြသော ရွှေငွေတို့ကိုသာ ယူခွင့်ရလေသည်။ တိုင်းနိုင်ငံအတွင်းတွင် လေမိုးကျမည်၊ ငလျင်လှုပ်မည်တို့ကိုလည်း ဆင်မင်းကြီးကြိုတင်၍သိတုတ်လေသည်။

ဘကြီးတော်ဘုရား လက်ထက်တော်တွင် တစ်နေ့သောအခါ ဆင်မင်းကြီးအိပ်နေကျဖြစ်သည့် အုတ်ဖြင့် တည်ဆောက်သော အုတ်နန်းတွင်းသို့ ဆင်မဝင်ဘဲ ငြင်းဆန်နေသည်ကို ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်တို့က အတင်းသွင်းလေလျှင် အသံကုန် အော်ဟစ်လေသည်ကို ဘုရင်မင်းမြတ်ကြား၍ မေးမြန်းလေသော် ဆင်မင်းကြီးကို အိပ်ရန် အုတ်နန်းတွင်းသို့သွင်း၍မရကြောင်း တင်လျှောက်လေသည်။ ဆင်မင်းကြီး နေလိုရာနေစေဟု အမိန့်တော်မှတ်သဖြင့် ဆင်မင်းကြီးသည် ထူးကိုဖြုတ်ခိုင်းပြီးလျှင် ကွင်းပြင်၌သာ အိပ်လေသည်။ အုတ်နန်းတွင်းသို့ ဝင်သမျှသော ဆင်ထိန်းအမှုထမ်းတို့ကို မြင်လျှင် 'သျှောင်'ကို ဆွဲ၍အတင်းထုတ်လေသည်။ လူအချို့တို့လည်း ဆင်မင်း၏ အပြုအမူကို နားမလည်သောကြောင့် ညဥ့်အခါ ဆင်မင်း မသိအောင် ဆင်မင်း၏အုတ်နန်းတွင်းသို့ တိတ်တဆိတ်ဝင်၍အိပ်ကြလေသည်။ ညဥ့်သန်းခေါင်ကျော်အချိန်ခန့်တွင် မြန်မာပြည်တစ်ပြည်လုံးတွင် ငလျင်ကြီးစွာလှုပ်၍ ဘုရားပုထိုးများစွာပြိုကျလေသည်။ ဆင်မင်း၏ အုတ်နန်းပြသာဒ်တော်လည်း ပြားပြားဝပ် ပြိုကျလေ၏။ တိတ်တဆိတ်ဝင်အိပ်ကြသောသူတို့လည်း သေကျေ ပျက်စီးကြလေသည်။

နန်းမတော် မယ်နု၏ မောင်စလင်းစား မောင်အို၏ ကုန်းချောမှုကြောင့် ဘကြီးတော်ဘုရားနှင့် ညီတော် သာယာဝတီ (ရွှေဘိုမင်း) တို့စိတ်ဝမ်းကွဲသဖြင့် ရွှေဘိုမင်းသည် အင်းဝမြို့တော်မှထွက်ခွာ၍ ညီတော်၊ နောင်တော်တို့ စစ်ပြိုင်အံ့ဖြစ်နေသည့်အချိန်အခါတွင် ဆဒ္ဒန်ဆင်မင်းကြီးလည်း စိတ်အလိုမကျဖြစ်ကာ တောဝင်သွားလေသည်။ ဆင်ဝန်၊ ဆင်ထိန်းတို့လည်း ဆင်မင်းအား မြင်တွေ့ရသော်လည်း ဆင်မင်းက အချဉ်းအကပ် အဖမ်းမခံချေ။ စားသောက်ရန် အစားအစာတို့ကို ကျွေးနေကျအတိုင်းပင် ပြင်ဆင်၍ တောစပ်တွင်ထားရသည်။ ညဥ့်အခါ၌သာ လာရောက် စားသောက်လေသည်။အဖမ်းကား မခံချေ။ စလင်းမင်းသား မောင်အိုနှင့် နန်းမတော်မယ်နုတို့၏ အကြံအစည်ကို မနှစ်မြို့သောကြောင့် ဆင်မင်းတောဝင်သွားသည်ဟူ၍ပင် တီး





www.burmeseclassic.com

www.burmeseclassic.com

တိုးပြောစမှတ်ပြုကြလေသည်။ ဆင်မင်းကြီး၏ တတ်သိလိမ္မာပုံတို့ကား ဆန်းကြယ်လှတော့သည်။ ညီတော်၊ နောင်တော် ကျေအေး၍ ရွှေဘိုမင်း နန်းတက်တော်မူပြီးမှ အသာတကြည် ပြန်၍ အဖမ်းခံလေသည်။ ရှေးဦးစွာ ရွှေဘိုမင်း ယာယီစံမြန်းသော စစ်ကိုင်းစံနန်းတော်အနီးရှိ ဆင်မင်းနန်းသို့ ၁၁၉၉ ခုနှစ်တွင် ဆင်မင်းအား ထားစေပြီး နောက်ထွက်စံတော်မူရာဖြစ်သည့် ကျောက်မြောင်းသို့ ရွှေဖောင်တော်နှင့် ပို့ရ၏။ 'မင်းဆက် ငါးသွယ် ဆဒ္ဒန်နွယ် ဆင်ဝယ် မနိုင်းသာ' ဆိုရမည့်ကဲ့သို့ ဘိုးတော်မင်းတရားကြီးမှစ၍ ဘကြီးတော်ဘုရား၊ ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းတရားကြီးလက်ထက်တော်အထိ မင်းငါးဆက်တိုင်တိုင် ဆင်မင်းကြီးအဖြစ်နှင့် နှစ်ပေါင်းငါးဆယ့်တစ်နှစ်တာမျှ ဆင်မင်း၏စည်းစိမ်ကိုခံစံသည့် ဆဒ္ဒန်ဆင်မင်းကား မည်သည့် ဆင်ဖြူတော်နှင့်မတူ အလွန်ထူးလှပေ၏။

နေပြည်တော်များ ပြောင်းရွှေ့တိုင်း ဆင်မင်းကြီးလည်း ဘုရင်နှင့်အတူ လိုက်ပါပြောင်းရွှေ့ရသည်။ ရွှေဘိုမင်းက ဘိုးတော်၊ နောင်တော်တို့နည်းတူ ဆင်မင်းအတွက် လယ်ကိုင်းမြို့ကို အသုံးကံကျွေးခံပေးတော်မူသည်။ ၁၂၃၉၊ နယုန်လဆန်း (၁၄) ရက်၊ သောကြာနေ့သို့အဝင် ညဥ့်သုံးချက်တီးကျော်အချိန်တွင် ဆင်မင်းကြီးကံကုန်လေသည်။ နိဗ္ဗာနပစ္စယ နာဂရာဇာ ဆဒ္ဒန်ဆင်မင်း ကံကုန်သည်ကို မင်းတုန်းမင်းတရားကြီးက ဘေးလောင်းတော် ဘိုးတော်ဘုရားလက်ထက် မင်းကွန်းအလယ်ကျွန်း စံနန်းတော်တွင် ကံကုန်သည့် သီရိမင်္ဂလာမဟာသုဘဒ္ဒါဆင်ဖြူတော်မ ကံကုန်ရာတွင် သဂြိုဟ်သည့်အခါ ပြုလုပ်သော အခမ်းအနားအစီအရင်နှင့် အလားတူ လုပ်ဆောင်စေရန် အမိန့်တော်ရှိသည်နှင့်အညီ ဆင်မင်း၏ အလောင်းတော်ကို စွပ်ဖားပေါ်တွင် တင်ဆောင်ကာ ထီးဖြူ အုပ်မိုး၍ ဘိုးတော်ဘုရားမှစ၍ မင်းငါးဆက်က သနားချီးမြှောက်သည့် ရွှေငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် ပြီးသော အဖိုးထိုက်တန်လှသည့် တန်ဆာ အဆောင်အယောင်များမှစ၍ ထီးဖြူ ယပ်မား၊ မင်းမင်းနား၊ ရွှေအင်၊ ရွှေကျည် စသောအဆောင်အယောင်များကို ဆင်မင်းအလောင်း၏ ဝဲ၊ ယာတွင် ခင်းကျင်းစေပြီးလျှင် တိုင်းသူပြည်သားတို့ကို သုံးရက် ရွှေနန်းတော်အတွင်း ဝင်ထွက် ကြည့်ရှု ဖူးမြော်စေသည်။ ၎င်းလပြည့်ကျော် နှစ်ရက်နေ့ ဆင်မင်းနန်းမှ ရွှေနန်းတော်မြောက်ဘက်သို့ မင်းခမ်းမင်းနားနှင့် ဆောင်ယူ၍ အနောက်တံခါးမှထွက်ပြီးလျှင် အဋဝီလမ်းအဆင်း ရေဖြန်းဆိပ်ကုန်းကွင်း မီးသဂြိုဟ်စေသည်။

ဆင်မင်း ကံကုန်သည့် နံနက်နေထွက်ချိန်တွင် တောင်အရပ်မှ အလွန်ကြီးသော ငှက်ကြီးငါးဆယ်ခန့်တို့သည် အုပ်လိုက်ပျံလာပြီး ဆင်မင်းကြီး၏အလောင်းတော်အထက် တည့်တည့်တွင် တစ်နာရီခန့် ပျံဝဲကာ နေပြီးမှ မြောက်အရပ်သို့ ပျံလေသည်။ ထိုကဲ့သို့ လူတို့မမြင်ဘူးသည့် ငှက်ပေါင်းစုံနှင့်တကွ တောနက်ရာတွင် သာနေလေ့ရှိသည့် ဥဒေါင်း၊ ကြိုးကြာ ကျေးငှက် သာလိကာမှစ၍ နှံပြီစုတ်ငှက်၊ စာကလေးငှက်ငယ်ကလေးများ ပါမကျန် တစ်အုပ်ပြီးတစ်အုပ် တစ်သုတ်ပြီးတစ်သုတ် ပျံဝဲကာလာ၍ ဆင်မင်း၏ အလောင်းတော်ပေါ်သို့ သုံးရက်တိုင်တိုင် အလှည့်မပြတ် ငှက်ကြီးများနည်းတူ တောင်က လာ၍ မြောက်သို့ပျံကာ ပူဇော်ကြလေ၏။

ဆင်မင်းကြီး၏ အကြောင်းအရာတို့ကား အံ့ဩ၍မကုန်နိုင်အောင် ထူးကဲလှသဖြင့် ရဟန်းပညာရှိ လူပညာရှိပုဂ္ဂိုလ်တို့က ဆင်မင်းသည် အလောင်းအလျာ တစ်ပါးပါးပင် ဖြစ်ပေမည်ဟု ထင်မှတ်ကြလေသည်။ ဘုရင်မင်းတရားကြီးမှ စ၍ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေမျိုးတော်၊ မှူးမတ်အပေါင်းတို့နှင့်တကွ ရဟန်းရှင်လူပြည်သူအပေါင်းတို့လည်း ဆင်မင်းကြီး လွန်သဖြင့် နှမြောတသ ကြေကွဲကြလေသည်။ လာရောက်ဖူးမြော်ကြသူ ပြည်သူပြည်သားအပေါင်းတို့လည်း ငွေတောင်ကြီးပြိုနေသည့်အလား အရှေ့သို့ ဦးခေါင်းပြုလျက် ပုဆစ်ဒူးတုပ်ကာ အဖိုးထိုက်တန်လှသည့် ဆင်မင်း၏ တန်ဆာများကို ဝတ်ဆင်လျက် ဘော်ငွေစင်ဖြင့် သွန်းလုပ်ထားသည့် ဆင်ဖြူတော်ရုပ်ကြီးကဲ့သို့ အဆောင်အယောင်တို့၏ ရွှေရောင်၊ငွေရောင်၊ ထီးဖြူတော်ရောင်တို့၏အကြားဝယ် ခံ့ညားစွာ ကံကုန်နေသည့် ဆဒ္ဒန်ဆင်မင်း၏ အလောင်းတော်ကို မြင်ကြရလေလျှင် ကြေကွဲဝမ်းနည်းကြကာ ဖြေမဆည်နိုင်ဘဲ ရင်တီးလက်ခတ် ရှိုက်ကြီးတငင် ငိုကြွေးကြလေသည်။ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်မှစ၍ ဆင်ဖြူတော်ကြီး၏ မှူထမ်း၊ ရာထမ်း၊ စာရေးစာချီ၊ ဆင်ထိန်းတို့မှာလည်း နှစ်ပေါင်း ငါးဆယ်ကျော် အလုပ်အကျွေးပြုခဲ့ရသည့် ဆင်မင်းကြီး ကံကုန်လေသည့်အတွက် ခိုကိုးရာမဲ့ဖြစ်ကြလေတော့သည်။ ဆင်မှူထမ်းတို့၏ သားမယားတို့လည်း ဆင်မင်းအလောင်းတော်ကို ရှိခိုးလျက် ငိုယိုမြည်တမ်းကာ ပူဆွေးကြလေသည်။

ဆင်မင်း၏ အလောင်းတော်ကို သုံးရက်စေ့သောအခါ အစဉ်အတိုင်း သဂြိုဟ်ရန် ဆောင်ယူလျက် မီးမရှို့မီ အစွယ်တော်အစုံကို ဖြတ်ယူပြီး နန်းဦး၌ထားလေသည်။ ဆင်မင်းကြီး၏ ယာဘက်အစွယ်အရင်းတွင် ဒေါင်းတံဆိပ်ကဲ့သို့ ဒေါင်းရုပ်အသွင်နှင့် ဝဲဘက်အစွယ်ရင်းတွင် ယုန်တံဆိပ်ကဲ့သို့ ယုန်ရုပ်အသွင် အထင်အရှားပါလေသည်။ ဆင်မင်း၏ အလောင်းတော်ကို မီးသဂြိုဟ်၍ အရိုးတို့ကို အိုးတွင်ထည့်လျက် မဟာဝိဇယရံသီဘုရားတံတိုင်းအတွင်း မြှုပ်နှံပြီးမှ အထက်ကအုတ်ခုံပလ္လင်တည်၍ အစဉ်ဥဒါန်းမော်ကွန်းဖြစ်စေခြင်းငှာ ဆဒ္ဒန်ဆင်မင်းပုံတူ ဆင်ရုပ်လုပ်ပြီး တန်ဆောင်းပြသာဒ်ဆောက်လုပ်ကာ 'နိဗ္ဗာန်န ပစ္စယ နာဂရာဇာ ဆဒ္ဒန်ဆင်မင်း' ဟူသော ဆင်မင်း၏ဘွဲ့ကို ရေးသားထားလေသတည်း။

(ဆက်ရန်)

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# အရပ်ရှစ်မျက်နှာမှ လာဘ်များစွာဝင်လာအောင်

## ကြီးလေးကြီးလာဘ်ခေါ် ကြေးစည်စမကိုဆောင်

### သုဒ္ဓ(နဝင်းမြို့)

အရင်ကဆိုရင် ငွေကို ကျွန်တော်ကလိုက်ရတယ်။ ကျွန်တော် လိုက်မမီခဲ့ဘူးဆရာ။ အခု ကျွန်တော့်နောက်ကို ငွေက လိုက်နေတယ် ဆရာ။ ကျွန်တော် ဘယ်ကိုမှ မလွတ်တော့ဘူး။ ငွေက ခြေလေးချောင်းပါတော့ သူက ပိုမြန်တယ် ။

တစ်နေ့သ၌ ကျွန်ုပ်သည် နေ့စဉ်ပြုမြဲဖြစ်သော နိစ္စဓူဝကျင့်ဝတ်နှင့် မဟာအဓိဋ္ဌာန်ကျင့်စဉ်တို့ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးပြီ ဖြစ်၍ အိမ်ရှေ့၌တည်ရှိနေသော ကျွန်ုပ်၏ အလုပ်ခန်းထဲမှာပင် ထိုင်လိုက်သည်။ အလုပ်စားပွဲသို့ ထိုင်လိုက်သည်နှင့် ပြုမြဲဖြစ်သော မေတ္တာသုတ်တော်ကို တစ်ခေါက်ရွတ်ဖတ်လိုက်ပါသည်။

ဒီရက်(၂)ရက်၊(၃)ရက်တည်းမှာပင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အအေးလှိုင်းဖြတ်သန်းမည်ဟု ကြေညာထားသည့်အတိုင်း မနက်(၇) နာရီ ထိုးပြီးချိန်အထိ ရောက်နေသော်လည်း အအေးဓာတ်က မပျောက်သေး။ နေမြင့်လာလေ အအေးပိုလေဖြစ်နေခဲ့သည်။ ကျွန်ုပ်၏ ဇနီးမှ နက်(စ်)ကော်ဖီမစ်ကို ပလိန်းဖျော်ပြီး လာပို့သွားပါသည်။ လားရှိုးမှ တပည့်တစ်ယောက် ပို့ပေးလိုက်သော ကိုးကန့်လက်ဖက်ခြောက်နှင့် နှပ်ထားသည့် လက်ဖက်ရည်ကြမ်းကိုလည်း ဘဲနှုတ်သီးဓာတ်ဘူးဖြင့် အသင့် လာရောက် ပေးပို့သွားခဲ့ပါသည်။

ကျွန်ုပ်သည် အအေးဓာတ်လွန်နေချိန် နွေးထွေးသွားစေရန် ကော်ဖီတစ်ငုံသောက်လိုက်ပါသည်။ နောက်အခါးရည်လေး ဆက်သောက်လိုက်နှင့် အတော် အဆင်ပြေနေပါတော့သည်။ ထိုစဉ်မှာပင် ကျွန်ုပ်အနေဖြင့် လုံးဝမျှော်လင့်မထားသော တပည့်မ မိမိလှိုင်တစ်ယောက် ရောက်လာခဲ့ပါသည်။

"ဆရာ"

ဟု ခေါ်သံနှင့်အတူ လူကလည်း ကျွန်ုပ်ထိုင်နေသော စားပွဲရှေ့တွင် ရောက်နေပါပြီ။

ကျွန်ုပ်မှာ လွန်စွာပင် အံ့အားသင့်သွားခဲ့ရပါတော့သည်။

"မိမိလှိုင်၊ အခုဘယ်ကနေရောက်လာတာလဲ"

ဟု မေးလိုက်ပါသည်။

မိမိလှိုင်မှာ ယခု ရွှေဘိုမြို့ မြို့မဈေးကြီးအနီးတွင် ပန်းပင်များ ရောင်းချနေကြောင်း ပြောပါသည်။ (ပန်းပင်ဟုသာ ပြောရပါသည်။ မေမြို့ ယခု ပြင်ဦးလွင်နှင့် မန္တလေးမြို့တို့မှ အိမ်ဝိုင်းများတွင် အလှစိုက်ပင်မျိုးစုံကို ထိုမြို့များမှ ဝယ်ယူလာခဲ့ပြီး တစ်ဆင့် ပြန်လည်ရောင်းချနေခြင်း ဖြစ်ပါသည်-စာရေးသူ)

စာဖတ်သူ မိတ်ဆွေများကို ကျွန်ုပ်၏တပည့်မဖြစ်သူ မိမိလှိုင်နှင့် မိတ်ဆက်ပေးရန် လိုအပ်မည်ဟု ယူဆ၍ မိမိလှိုင်အကြောင်း အနည်းငယ် ဖော်ပြပေးလိုက်ပါသည်။ မိမိလှိုင်သည် သူ လုပ်ကိုင်လိုသော အလုပ်အကိုင်တို့ကို မဖြစ်မနေ ကြိုးစားတတ်သူ ဖြစ်သည်။ စကားပြောလိမ္မာသူ ဖြစ်သည်။ လိုအပ်လျှင် ငိုပြတတ်သေးသည်။ ထို့ကြောင့် သူမ အကူအညီတောင်းခံရသူများက ပိုအောပြီး အကူအညီပေးတတ်ကြပါသည်။

မည်သည့်အရပ်ဒေသကိုမဆို သွားရဲလာရဲသူလည်း ဖြစ်ပါသည်။ 'တွေ့တဲ့သူနဲ့ သင့်အောင်ပေါင်း၊ ရောက်တဲ့နေရာ ပျော်အောင်နေ' ဆိုတဲ့ ဆောင်ပုဒ်က မိမိလှိုင်အတွက်များ ထားခဲ့သလားဟုပင် ထင်မှတ်ရပါသည်။ ဤမျှလောက်ဆိုလျှင် မိမိလှိုင်၏အကျင့်အထာကို သိလောက်ပါပြီ။

ကျွန်ုပ်တို့ ဆရာများ၏ အလုပ်မှာ ဆင်းရဲဒုက္ခရောက်နေသူများကို ချမ်းသာရရအောင် ကူညီ စောင့်ရှောက်ပေးရသောအလုပ် ဖြစ်ပါသည်။ အဆင်မပြေမှ ကျွန်ုပ်တို့ထံကိုရောက်လာကြပြီး သာယာနေချိန်တွင် ကျွန်ုပ်တို့နှင့် ဝေးဝေးနေထိုင်ကြမြဲ ဖြစ်ပါသည်။ ယခု မိမိလှိုင် တစ်ယောက် နားပူနားဆာလုပ်ရန် ရောက်လာခြင်း ဖြစ်ပါသည်။ သူ့ဆန္ဒပြည့်အောင် ငိုချင်းတစ်ပုဒ်၊ နှစ်ပုဒ်ဆိုလေဦးမလားဟု အတွေးရောက်နေခဲ့ပါတော့သည်။

"ကျွန်မ မရောက်တာ နှစ်တောင်ကြာသွားလို့ အခု မြို့ရောက်တုန်း ဆရာ့ဆီဝင်လာခဲ့တာပါ ဆရာ"


ဟု ပြုံးရွှင်ချိုမြစွာ ပြောပါတော့သည်။

"ဆရာ့အနေကတော့ မိလှိုင်ကို ကျန်းကျန်းမာမာနဲ့ တွေ့ရပြီး လုပ်ငန်း အဆင်ပြေတယ် ဆိုတာ သိရ

www.burmeseclassic.com

www.burmeseclassic.com

ကြီးလေးကြီးစမ ကြေးစည်ပုံ



ကြားရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်"

ဟု ပြန်ပြောလိုက်ပါသည်။

ကျွန်ုပ်မှာလည်း ဌာနမှအငြိမ်းစားမယူမီကာလကပင် စိုက်ပျိုးရေးသမား ဖြစ်သည်။ မွေးမြူရေးကို ဝါသနာမပါပါ။ စိုက်ပျိုးရေးဝါသနာအလျောက် စိုက်ပျိုးသော အပင်များမှာလည်း ပန်းမျိုးနှင့် အိမ်အလှစိုက်ပင်များကိုသာ အထူးပြု၍ စိုက်ပျိုးပါသည်။ ခြံနာမည်က 'သီရိမင်္ဂလာခြံ' ပါ။

ယခု ကျွန်ုပ်၏တပည့်မ မိမိလှိုင်တစ်ယောက် ပန်းပင်များတောင်းနေပြန်ပါပြီ။ သူတွေ့ကြုံနေရသော ခြံများတွင် မရှိသော 'ချစ်သူမျှော်ပန်း' ဟု အမည်ရှိသော ပန်းပင်ကို တောင်းဆိုနေပါတော့သည်။အထက်ကရေးသားခဲ့သည့်အတိုင်း ကူညီပေးရသူ ဆရာများ၏ တာဝန်အတိုင်း တပည့်မ၏ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါသည်။

ကျွန်ုပ် မိမိလှိုင်နှင့် စကားပြောစဉ်မှာပင် ဧည့်သည်တစ်ယောက် ရောက်လာခဲ့ပါသည်။ ထိုရောက်လာသောဧည့်သည်မှာ သူစိမ်းဧည့်သည် မဟုတ်ပါ။ ကျွန်ုပ် အမြဲတမ်း ကူညီစောင့်ရှောက်ပေးရသော တပည့် မောင်သိန်းမြင့် ဖြစ်ပါသည်။ မောင်သိန်းမြင့်သည် ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်သူ ဖြစ်ပါသည်။

"လာဟေ့ - မောင်သိန်းမြင့်၊ ဘယ်ကလှည့်ဝင်လာတာလဲ"

ဟု စကားဖြင့် ကြို၍နှုတ်ဆက်လိုက်ပါသည်။

မောင်သိန်းမြင့်က-

"လမ်းကြုံလို့ဝင်လာတာမဟုတ်ဘူး ဘိုးတော်။ အပူကပ်ရအောင် တခုတ်တရလာခဲ့တာပါ"

ဟု ပြန်လည် ပြောပြလေတော့သည်။

ကျွန်ုပ်သည် အရင်း၊ အဖျားမခွဲခြားဘဲ ဆင်းရဲဒုက္ခရောက်သူတို့ကို ချမ်းသာရာရအောင် ကူညီပေးရန်အတွက် ပါရမီအဓိဋ္ဌာန်ရှိသည့်အတိုင်း ယခု တပည့်မောင်သိန်းမြင့်၏ လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးရန် ဆုံးဖြတ်ပြီး အရပ်ရှစ်မျက်နှာမှ လာဘ်များစွာဝင်စေသော ကြီးလေးကြီးစမကြေးစည်အဆောင် စီရင်ရန်အတွက် လိုအပ်သည်များစွာကိုပြောပြပြီး ရက်ချိန်းပေးလိုက်ပါသည်။

တပည့် မောင်သိန်းမြင့် မရောက်လာခင်က ရောက်နှင့်နေပြီးဖြစ်သော တပည့်မ မိမိလှိုင်ကလည်း သူ့အတွက်ပါ စီမံပေးရန် တောင်းဆိုပါတော့သည်။ ကျွန်ုပ်သည် တပည့်များအတွက် ပြုဖွယ်ကိစ္စတို့ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီး မှာကြားရန်များကို အသိပေး ပြောကြား၍ အဆောင်ဖြစ်သော ကြီးလေးကြီးစမကြေးစည်များ ပေးအပ်လိုက်ပါသည်။

တပည့်များသည် မှီရသည့် မျက်နှာများအတိုင်း ပျော်ရွှင်စွာ ပြုံး



www.burmeseclassic.com

www.burmeseclassic.com

သွားပါတော့သည်။ တပည့်များပြန်သွားခဲ့ပြီဖြစ်၍ လက်စွဲတော် ဂြိုဟ်ပေါ်ပုတီးကို ကိုင်လိုက်ပါသည်။ ထိုသို့ ဂုဏ်တော်ပုတီးကိုစိပ်ရန် လက်နှင့် ကိုင်လိုက်ချိန်မှာပင် အတွေးဝင်လာခဲ့ပါသည်။ ကျွန်ုပ်၏အတွေးစုမှာ ယနေ့ လူတိုင်းလူတိုင်းတို့မှာ မိသားစုအရေးဖြစ်သော စားရေး၊ ဝတ်ရေး၊ နေရေး၊ လူမှုရေး စသည်များစွာအတွက် ချသတ္တဝါတို့နှင့် ပျားသတ္တဝါတို့ကဲ့သို့ပင် မနားတမ်း မအားမလပ်နိုင်အောင် အလုပ်လုပ်ကိုင်နေကြရသေသည်။

ကံချင်း၊ ဉာဏ်ချင်း၊ ဝီရိယချင်း မတူညီကြသည့်အတွက် အကျိုးပေးတို့ကလည်း မတူညီကြပါ။ လွန်ခဲ့သော (၁၅) နှစ်လောက်က ကျွန်ုပ်ထံရောက်လာခဲ့သော ဆန်ကုန်သည်ဘော်ဆွေတစ်ဦးပြောပြသည့် စကားတစ်ခုကို သတိရသွားပါသည်။ မိတ်ဆွေဆန်ကုန်သည်၏ပြောစကားမှာ-

'ဆရာရေ၊ ကံပွင့်ကံမြင့်တဲ့အစီအမံတွေ၊ အရောင်းအဝယ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လာဘ်ရွှင်အောင် စီမံပေးလိုက်တော့ တရုတ်စကားပုံလို ဖြစ်လာနေပြီ ဆရာ။ အရင်ကဆိုရင် ငွေကို ကျွန်တော်ကလိုက်ရတယ်။ ကျွန်တော် လိုက်မမီခဲ့ဘူး ဆရာ။ အခု ကျွန်တော့်နောက်ကို ငွေက လိုက်နေတယ် ဆရာ။ ကျွန်တော် ဘယ်ကိုမှ မလွတ်တော့ဘူး။ ငွေက ခြေလေးချောင်းပါတော့ သူက ပိုမြန်တယ် ဆရာ'

ဟု အားရပါးရ ပြောပြခဲ့ပါသည်။

ထိုစဉ်က ကျွန်ုပ်နှစ်သက်သော မြောင်းမြပေါ်ဆန်းဆန်အိတ် လာကန်တော့ရင်း ပြောသွားခဲ့ခြင်းပင်ဖြစ်ပါသည်။ ယခုလည်း ကျွန်ုပ်၏တပည့် မောင်သိန်းမြင့်ကဲ့သို့ အရောင်းအဝယ်ထိုင်းနေချိန်တွင် အရပ်ရှစ်မျက်နှာမှ မိတ်ဟောင်း၊ မိတ်သစ်များဝင်လာ၍ အရပ်ရှစ်မျက်နှာမှ လာဘ်လာဘ်ကာတို့ဝင်လာအောင် အဆောင်ကို စီမံကြလိုလျှင် စီမံနိုင်ကြစေရန် အပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

## ကြီးလေးကြီး စမကြေးစည်အဆောင်စီမံပုံ

**၁။ ဦးစွာရက်ရွေးခြင်း**

(က) ရက်ကောင်းရက်မြတ် တစ်ရက်ကို ရွေးချယ်ပါ။

(ခ) ရက်သတ်မှတ်ရန်မှာ (၉)ရက် ဖြစ်ပါသည်။

**၂။ စီမံရန်အတွက်**

ချက်ပန်းပါသောနံကာအချောကို ရွေးပါ။ အရောင်ရွေးရန်မလိုပါ။ (မိမိသဘောကျအရောင်ရွေးနိုင်ပါသည်။)

**၃။ ကြီးလေးကြီးစမကြေးစည်ပုံစီမံခြင်း**

ကြီးလေးကြီးစမကြေးစည်ကို သီးခြား ရေးသား ဖော်ပြထားပါသည်။ (မိမိကိုယ်တိုင် ရေးဆွဲစီမံခြင်း သို့မဟုတ် ကွန်ပျူတာပုံထုတ်၍ယူခြင်းတို့ ပြုလုပ်နိုင်ကြပါသည်။ စာရေးသူ)

**၄။ ကြီးလေးကြီးစမကြေးစည်ကို သိဒ္ဓိတင်ခြင်းကာလတွင်-**

(က) ရှေးဦးစွာ စတုလောကပါလ နတ်မင်းကြီးများ၊ ဝိဇ္ဇာလေးပါးတို့ ပင့်ဖိတ်ပါ။

(ခ) ဟိမဝန္တာနှင့် မဟာမြိုင်မှာ သီတင်းသုံးတော်မူကြသော ဆရာသခင်များ။

(ဂ) လာဘသိဒ္ဓိတန်ခိုးရှိသော ရှင်သီဝလိအရှင်မြတ်ကို ပင့်ထားပါ။

(ဃ) ဘုရားရှိခိုးကန်တော့ခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါ။

(င) ဒါနမှုများမှာ ပန်း (၃)မျိုး (မိမိနှစ်သက်ရာပန်း)၊ နံ့သာတိုင်၊ အလင်းတိုင်၊ သစ်သီး (၃)မျိုးတို့ ကပ်လှူပါရန်။

(စ) အောက်ပါအတိုင်း ရွတ်ဖတ်ပူဇော်ပေးရန်။

၁။ နမော ဗုဒ္ဓဿ နမော ဓမ္မဿ
နမော သံဃဿ။
သကလ လောကဓာတု မာ
တာပိတု ဗုဒ္ဓရက္ခနံကတံ။
သကလ လောကဓာတု မာ
တာပိတု ဓမ္မရက္ခနံကတံ။
သကလ လောကဓာတု မာ
တာပိတု သံဃရက္ခနံကတံ။
ရတ္တိံဝါ ဒိဝံဝါ သဒါမံ ရက္ခန္တု၊
(၃)ခေါက် ရွတ်ဆိုပါ။

၂။ သီဝလိစ မဟာနာမံ၊
ကုန္ဒာဒေဝါ သဗြဟ္မကာ။
မနုဿပုရိသောကတ္ထိ။
မဟာလာဘံ ဘဝိဿတိ။
(၉) ခေါက် ရွတ်ဆိုပါရန်။

(ဆ) ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း ပြုလုပ်ပါ။

**ရှင်းချက်**

မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းတို့မှာ မထူးဆန်းသောကိစ္စ ဖြစ်ပါသည်။ ဆုတောင်းခံခြင်းတွင် စာချစ်သူ (စီမံမည့် ယောဂီအနေဖြင့် သိသင့်သောအကြောင်း ပါရှိသည်ကို) သိရန် လိုအပ်ပါသည်။

ပထမအဆင့် ဆုတောင်းခံရာတွင် မိမိနှစ်လိုမှုရှိသလို ဆုမွန်တောင်းခံရပါမည်။ ဒုတိယအဆင့်အနေဖြင့် အောက်ပါအတိုင်း ရွတ်ဆိုရန် လိုအပ်ပါသည်။ စီမံသူ ယောဂီမှ ဆုတောင်းပြီးသည်နှင့် 'အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာနှင့် ဤအရပ်၊ ဤရွာ၊ ဤမြို့နယ်၊ ဤတိုင်း၊ ဤနိုင်ငံ၊ ဤကမ္ဘာနှင့် အနန္တကမ္ဘာ၊ အနန္တစကြဝဠာမှ လာဘ်တကာတို့များစွာ စုရုံး၍ ကျွန်ုပ်ထံသို့ အမြဲတစေ ရောက်ရှိစေ' ဟု အားပါးတရ ခွန်အားအပြည့်ဆိုရန် ဖြစ်ပါသည်။

(ဇ) ကနဦးမှ ပင့်ဖိတ်ထားသည့် ပုဂ္ဂိုလ်များအားလုံးကို နေရာဌာန ပြန်လည် ပို့ပါရန်။

ကျွန်ုပ်သည် နှစ်ပေါင်း (၅၀) ကျော်မျှ လေ့လာခဲ့ရသော ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ လွန်စွာ အစွမ်းထက်မြက်သော အဆောင်ကောင်းများ၊ ကျင့်စဉ်များကို အကြိုက်တူ၍ ဆောင်ရွက်ကြသူများ၊ လောကီစီးပွားတိုးတက်ကြစေရန် ရည်သန်ပြီး အဆက်မပြတ် ရေးသားလျက်ရှိပါသည်။ ယုံသူများကြည်ပြီး ကြည်သူများလင်ပါမည်ဟု ထပ်လောင်း တင်ပြလိုက်ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*
သုဒ္ဓ (နဝင်းမြို့)



www.burmeseclassic.com

www.burmeseclassic.com

(၁)

အနောက်ဘက် ပင်လယ်ပြင်ထဲ ငုပ်လျှိုး ပျောက်ကွယ်လုလု နေလုံးကြီးက ပုစွန်ဆီရောင်သန်းကာ ရဲတောက်နေခဲ့သည်။ ဒီအချိန်က သူ အိမ်ပြန်နေကျအချိန်ဖြစ်၏။ သူနှင့် ဘဝတူဖြစ်သည့် အိပ်တန်းပြန်ငှက်တစ်အုပ် ခေါင်းပေါ်မှ ဖြတ်ပျံသွားသည်ကို မော့ကြည့်မိရင်း ခတ်တက် (လှေလှော်တက်) ကိုင်ထားသည့် သူ့လက်တွေကို ပိုအားစိုက်လိုက်သည်။ ဒီအချိန်ဆို အမေ သူ့ကို မျှော်နေလောက်ပြီ ဖြစ်၏။

လှိုင်းကြက်ခွပ်ကလေးများကို ထိုးခွဲဖြတ်သန်း၍ တရိပ်ရိပ်ပြေးလွှားနေသော သူ့လှေကလေးက တကယ့် စင်ရော်ငှက်တစ်ကောင်လို။ ဟုတ်သည်။ သူ့လှေဦးရဲ့နံရံမှာ သူကိုယ်တိုင် အမည်ထိုးခဲ့တာက စင်ရော်။ သူ့နာမည်ကလည်း စင်ရော်။ ပင်လယ်ရယ်၊ သူရယ်၊ ဒီလှေလေးရယ်က တစ်သားတည်းကျနေခဲ့သည်။ ဘဝက ပင်လယ်မှာမွေး၊ ပင်လယ်မှာ ကြီးပြင်းခဲ့ရသောဘဝ ဖြစ်သည်နှင့် အညီပင် 'တံငါနားနီးတံငါ' ဟူသည့် စကားပုံအတိုင်း သူထပ်တူကျခဲ့သည်။ ဖခင်ကြီးကွယ်လွန်သွားသည့်အချိန်ကစ၍ မိသားစုထဲ အကြီးဆုံးဖြစ်သည့် သူသာ ကွန်တစ်လက်ဆွဲရင်း မိသားစုစားဝတ်နေရေးကို ဖြေရှင်းခဲ့ရသည်။အမေနှင့်ညီမလေးက မိန်းမသားချည်းဆိုတော့ တော်ရုံအလုပ်ကလေးတောင် ရဖို့မလွယ်။ ဒီတော့ သူကပဲ လှေတစ်စင်းနှင့် ပင်လယ်ထွက်သည့်အခါထွက်၊ ရွာချောင်းထဲ ကွန်ပစ်သည့်အခါပစ်နှင့် ဝမ်းရေးကို ဖြေရှင်းခဲ့ရသည်။

လူလားမြောက်သည့်အချိန်ထဲက ဖခင်ကြီးနှင့်အတူ ပင်လယ်ထဲ ခဏခဏလိုက်ခဲ့ဖူး၍ အထိုက်အလျောက်တော့ သူ့မှာအတွေ့အကြုံရှိသည်။ ပင်လယ်နှင့် အစိမ်းသက်သက်ဖြစ်မနေခဲ့။ ဖခင်ကြီးဆီမှ ရသော အတွေ့အကြုံနှင့် ကိုယ်တိုင်ကြုံတွေ့ရသော အတွေ့အကြုံများက သူ့အတွက် အတော်လေး အထောက်အကူပြုခဲ့လေသည်။ တစ်ခါတစ်ခါ မိသားစုသုံးယောက် စားနိုင်သောက်နိုင်သည့်အပြင် လက်ထဲမှာလည်း ငွေပိုငွေလျှံလေးတွေ ရှိတတ်သည်။

ဒီနေ့လည်း မဆိုးဘူးဟု ဆိုရမည်ဖြစ်၏။ ကုလားတန်ချောင်းဝနားပိုက်ချရင်း ငါးတော်တော်များများရလိုက်သည်။ ရေထရက်ဖြစ်နေ၍သာ ဒီလောက်ရလိုက်ခြင်းဖြစ်၏။ ရေသေရက်ဆို ငါးရှားသည်ကြောင့် တော်ရုံဖွဲ့နှင့်ရဖို့မလွယ်။ ရခဲ့လျှင်လည်း ဈေး



တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ဖြန်းခနဲထသွားကာ
ခေါင်းတစ်ခုလုံး ထူပူသွားသည်။
'ဘုရား ဘုရား ငါလာမိတာမှားပြီ' ဟူသော အသိက
သူ့ကို လုံးဝ ကြောက်လန့်သွားစေခဲ့သည်။
သူ့ကို လှည့်ကြည့်နေကြသည့် မျက်နှာများက မျက်နှာသာ
လှည့်ထားပြီး ကိုယ်တွေက . . .



www.burmeseclassic.com

www.burmeseclassic.com

ကောင်းရသည်။ သူရလာသော ငါးများကိုတော့ အမေနှင့် ညီမလေးက အကြီး၊ အသေးခွဲ၍ ရွာစဉ် လှည့်ရောင်းသည်။ တချို့ကိုတော့ ငါးဒိုင်မှာသွင်းသည်။ သူသဘောကတော့ ရသမျှ အကုန်လုံး ငါးဒိုင်မှာပဲ သွင်းလိုက်ချင်သည်။ ဒါပေမယ့် အမေက မရ။ ဒီလိုရောင်းတော့ ငွေပိုရတာပေါ့ဟု အကြောင်းပြကာ ဘယ်လိုမှပြောမရခဲ့။

ဒီနေ့တော့ သူနောက်ကျသဖြင့် ရလာသောငါးတွေကို ငါးဒိုင်မှာပဲ သွင်းရတော့မည်ဟုတွေးမိရင်း ပြုံးဖြစ်သည်။ ရွာချောင်းရိုးထဲတောင် ရောက်လာခဲ့ပြီဖြစ်၍ စောစောက ထက် ခပ်သွက်သွက်ကလေး လှော်ခပ်လိုက်သည်။ နို့မို့ အမေ စိုးရိမ်နေမှာစိုး၍ ဖြစ်၏။

(၂)

"အမလေး ကိုသာလှရဲ့၊ အလောင်းတောင် မမြင်လိုက်ရပါလားရှင့် အဟင့် ဟီး ဟီး. . ."

"စိတ်ကိုထိန်းပါအေ။ ဟိုကသေသလား၊ ရှင်သလားတောင် မသိသေးတဲ့ဟာ။ လိုက်သွားတဲ့လူတွေပြန်အလာကို စောင့်ကြည့်ပါဦး"

"အီးဟီး. . . ကျွန်မသိတယ် ကျွန်မစိတ်ထဲကသိနေတယ်။ ညက လှေမထွက်ခင် မသောက်ပါနဲ့ဆိုတာကို တားမရဘူးလေ။ ဟီး. . . ဟီး ပြီးတော့ ညက သူတံခါးလာခေါက်တယ်။ ကျွန်မ ထဖွင့်ကြည့်တော့ ဘယ်သူမှမရှိဘူး။ အမလေး- ကိုသာလှရဲ့၊ အဖြစ်ဆိုးလှချေရဲ့ ဟီး. . ."

ရွာထဲမှ ဆူညံဆူညံအသံများကြောင့် သူအိပ်ရာမှ နိုးလာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်နေကြတာလဲဟုသည့် သိချင်စိတ်ဖြင့် မျက်နှာပင်မသစ်နိုင်ဘဲ အိမ်ရှေ့ထွက်လာတော့ သူညီမလေး ထွေးငယ်က သတင်းတစ်ခု ဆီးပြောလိုက်သည်။

"ကိုကြီး၊ ညက ကိုကြီးသာလှ တစ်ယောက် လှေထွက်သွားတာ အခုဒီမနက်ထိ ပြန်မလာလို့ ရွာကလူတွေ လိုက်ရှာကြတာ လှေပဲတွေ့ပြီး လူလုံးဝရှာမတွေ့ဘူးတဲ့"

"ဟာ- ဟုတ်လား၊ ဖြစ်မှဖြစ်ရလေကွာ"

ကမန်းမတန်းပင် သူမျက်နှာသစ်၊ သွားတိုက်လိုက်ကာ ထမင်းကြမ်းပင် မစားတော့ဘဲ သာလှမိန်းမ သွယ်သွယ်တို့အိမ်ဘက်ကို လျှောက်လာမိသည်။ လမ်းမှာ လိုက်ရှာရာမှ ပြန်လာကြသည့် သူ့သူငယ်ချင်းတွေကို တွေ့ရသည်။ အားလုံး မျက်နှာမကောင်းကြ။သူငယ်ချင်းတစ်ယောက်က သူ့ပခုံးကိုဖက်ပြီး ခပ်တိုးတိုးပြောသည်။

"ဒီကောင် အမှုးလွန်ပြီးပဲ ရေထဲကျသလား မပြောတတ်ဘူး။ ခန္ဓာကိုယ်မှာတော့ ဘာဒဏ်ရာဒဏ်ချက်မှ မတွေ့ရဘူး။ အဲ- ဒါပေမယ့် လက်မှာတော့ ကြိုးပွန်းရာတစ်ချက်တော့ တွေ့တယ်"

သူ့စိတ်ထဲ တော်တော်ကလေး ထိခိုက်သွားခဲ့သည်။ သာလှနှင့် သူက ငယ်ငယ်လေးကတည်းက ခင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်သည်။ တစ်ခါတလေ သူနှင့်အတူ လှေတစ်စီးတည်းလိုက်ရင်း ငါးဖမ်းကြကာ တစ်ယောက် တစ်ဝက်ယူသည်။ ထိုသို့ ခွဲဝေယူသည့်အခါတိုင်း သာလှက သူ့ကိုပိုပေးတတ်သည်။သူ့အတင်းငြင်းဆန်ခဲ့သော်လည်း မရ။

"ငါကမိန်းမလုပ်ကျွေးတာ၊ မင်းက မိဘကို လုပ်ကျွေးရတာ။ ဒီတော့ ငါလည်း ကုသိုလ်နည်းနည်းတော့ ရတာပေါ့ကွာ ဟုတ်လား"

ဟူ၍ ပြောပြောရယ်နေတတ်သူ ဖြစ်၏။ ခက်သည်က ဒီကောင်က အသောက်အစားလေးတော့ရှိသည်။ အခုလည်း ဘာဖြစ်လို့လဲဆိုတာတော့ အတိအကျမသိ။ ဘာပဲဖြစ်ဖြစ် သူ သာလှမိန်းမကို အားပေးစကားပြောရင်း စိတ်မကောင်းခြင်းများစွာနှင့်ပြန်လာမိသည်။ စိတ်ထဲက တစ်စုံတစ်ခုကို တွေးမိသွားသည်။ ပင်လယ်မှာ မွေး၊ ပင်လယ်မှာ ကြီး၊ ပင်လယ်စာစား၊ ပင်လယ်မှာသေ။

ဆက်မတွေးချင်တော့။ ဒီအကြောင်းတွေကို သိနေခဲ့ပေမယ့် သူ ရုန်းမထွက်နိုင်ခဲ့။ ပြီးတော့ 'လှေဦးစိုမှ အူစိုရတဲ့ဘဝ' သူတို့ တံငါသည်တွေရဲ့ လက်သုံးစကား။ လှေဦးမှာ ရေစိုပါမှ စိုစိုပြည်ပြည်ကလေး စားရမည်။ လှေဦးခြောက်လျှင် အူလည်းခြောက်မည်။ မည်သူက ဘယ်နှရက် အူအခြောက်ခံနိုင်ပါမည်နည်း။ 'ငါ့ဝမ်းပူဆာ မနေသာ' ဟူထက် ငါ့မိသားစုအရေး၊ ငါ့အရေးဟူ၍သာတွေးရင်း ပင်လယ်ကို ရင်ဆိုင်နေကြရခြင်းဖြစ်သည်။

အိမ်ပြန်ရောက်တော့ အမေက မျက်နှာမကောင်း။ အမေလည်း ငါးရောင်းထွက်ရင်း သတင်းကြားခဲ့ပုံရသည်။ သူ့မျက်နှာကိုလိုက်ကြည့်ရင်း တစ်ခုခုပြောချင်နေပုံရ၏။ ဘာပြောချင်နေတယ်ဆိုတာကိုလည်း သူသိနေသည်။ ဒါပေမယ့် အမေ့ကို သူ မျက်နှာချင်းမဆိုင်ခဲ့။ အမေ့ရဲ့ စိုးရိမ်သောကတွေကိုသူ့စော်ကားခြင်းတော့ မဟုတ်ခဲ့ပေ။ ဒါပေမယ့် . . .။

(၃)

သာလှသေဆုံးပြီးသည့်နောက်ပိုင်း သုံး၊ လေးရက်လောက် အမေစိတ်ကျေနပ်အောင် ပင်လယ်ထဲမထွက်ဘဲ ရွာချောင်းရိုးတစ်လျှောက်မှာသာ ကွန်ပစ်လိုက်၊ ပိုက်ချလိုက်နှင့် နေပေးလိုက်သည်။ ပြောမည့်သာ ပြောရသည်။ ကွန်ပစ်ခြင်းကိုတော့ သူသဘောကျ၏။ ဘာကြောင့်ဆို သူတို့ တံငါသမားတွေရဲ့ အလုပ်တွေဖြစ်တဲ့ 'တိုင်ထောင်၊ ဘူးမျှော၊ တန်းချ၊ ပိုက်ချ' ဆိုတာ အစာနဲ့မျှားရတဲ့နည်းတွေပဲ မဟုတ်လား။ ငါးက အစာကို လာဟပ်မှ ငါးကပိုက်ကိုလာတိုးမှသာ မိနိုင်သည့် ဖမ်းနည်းမျိုးဖြစ်သည်။ ကွန်ပစ်တာကျတော့ ဒီလိုမဟုတ်။ ငါးက အစာကို လာဟပ်ခြင်း၊ မဟပ်ခြင်းလည်း မပူရ။ ပိုက်ကိုတိုးမှတိုးပါ့မလားဟူ၍လည်း မပူရ။ ဘာကြောင့်ဆို ငါးရှိရာကို ပစ်ဖမ်းသောနည်းမျိုး ဖြစ်သည်။ ဒါကြောင့်လည်း 'ကွန်တစ်ချက် ဟင်းတစ်ခွက်' ဆိုတဲ့ စကားပုံဖြစ်လာရခြင်း ဖြစ်၏။ မမိဘူးဆိုတာတော့မရှိ။ ဒါပေမယ့် ရေရိပ်ရေခြည်တော့ သိမှလည်း ဖြစ်မည်။ ပြီးတော့ ကွန်ပစ်သည်ဆိုသည်ကလည်း လွယ်ကူလှသော အလုပ်တော့ မဟုတ်။ လှုပ်ရှားနေသောလှေပေါ်မှ လေးလံလှသည့်ကွန်ကို ဝိုင်းစက်အောင် ပစ်နိုင်ဖို့အတွက် တော်တော်ကလေးကို လေ့ကျင့်ထားနိုင်မှ တော်ကာကျမည်ဖြစ်၏။

သူတောင် ငယ်စဉ်က ဖခင်ကြီးထံမှ ကွန်ပစ်အတတ်ပညာကို အတော်လေး သင်ယူခဲ့ရသည် မဟုတ်လား။ ပြီးတော့ ကွန်ပစ်ခြင်းက တစ်ယောက်တည်းတော့မရ။ နှစ်ယောက်ရှိမှသာ တစ်ယောက်က ကွန်ပစ်၊ တစ်ယောက်က လှေထိန်းနှင့် ဟန်ချက်ညီမှသာရမည်ဖြစ်၏။ ဒီအတွက် သာလှနှင့်သူ ခဏခဏတွဲကာ ကွန်ပစ်ခဲ့ကြဖူးသည်။ အခုတော့. . .။

(၄)

'စားရတဲ့ကလေး ငတ်ကိုငတ်တယ်' လို့ပဲ ဆိုရမလား ဒါမှမဟုတ် 'ရလေလိုလေ အို - တဏှာ' လို့ပဲဆိုရမလား မသိတော့။ ကြာတော့လည်း ချောင်းထဲမှာ ငါးရှာ၊ ပုစွန်ရှာရသည်ကို သူပျင်းရိလာခဲ့သည်။ ဒီအတွက် စိတ်ထဲမှာ မရိုးမရွလေးဖြစ်လာရင်း ဘာလုပ်ရင်ကောင်းမလဲဟု စဉ်းစားမိ၏။ လက်ထဲမှာလည်း ငွေစက အရင်လို မရွှင်တော့။ သားငါးကြီးကြီးမရသည်ကလည်း ကြာပြီမဟုတ်လား။ ဟာ - ဟုတ်ပြီ၊ ငါးကြီးဆို၍ သူ့စိတ်ထဲ တစ်ခုတွေးမိသွား၏။ ငါးမြင်းရင်းမျှားမည်။ ငါးမြင်းရင်းတစ်ကောင်လောက် ရလိုက်ရင် သူတို့မိသားစုအတွက် အတော်ကလေး အဆင်ပြေသွားနိုင်သည်မဟုတ်လား။ သူသိပ်အချိန်ဆွဲမနေတော့ဘဲ ငါးမြင်းရင်းများရန်အတွက် လိုအပ်သည်တို့ကို ပြင်ဆင်ရန် အိမ်စောင်ပြ



www.burmeseclassic.com

www.burmeseclassic.com

လာလိုက်သည်။

အိမ်ပြန်ရောက်တော့ ရေမချိုးသေးဘဲ ရွာအနောက်ဘက်တောထဲဝင်ကာ တောဘူးသီးခြောက်တစ်လုံးလိုက်ရှာလိုက်သည်။ ငါးမြင်းရင်းများဖို့အတွက် ဘောသီးအဖြစ် အသုံးပြုရန် ဖြစ်၏။ ထိုဘူးသီးမျိုးက မြေပြင်မှာနွယ်ပြီး အလေ့ကျပေါက်သည့် တောဘူးသီးမျိုးဖြစ်သည်။ အသားကခါးသဖြင့် ဘယ်သူမှချက်မစားကြ။ သူသိပ်မရှာလိုက်ရ။ သူ့စိတ်ကြိုက် အနေအထားအတိုင်း ခြောက်သွေ့နေသည့် ဘူးသီးခြောက်တစ်လုံးကိုရလိုက်သည်။ တောထဲမှပြန်ထွက်လာပြီး ရွာထဲရောက်တော့ ဦးလေးဝင်းနောင်ထံမှ ငါးသလောက်ပိုက်ဝင့်ငှားလာလိုက်သည်။ ငါးမြင်းရင်းများဖို့အတွက် အဓိကအစာက ငါးသလောက်မဟုတ်လား။ အိမ်ပြန်ရောက်တော့ ငါးမျှားကြိုးကို စိတ်ချရသည်အထိ ကျစ်ကာထားလိုက်သည်။ ဒီလောက်ဆို အဆင်ပြေသွားပြီ ဖြစ်သည်။ ဒီနေ့တော့ အချိန်မရှိတော့။ မနက်ဖြန်ညနေရေတက်ချိန်လောက်မှပဲ လုပ်ငန်းစတော့မည်ဟု ဆုံးဖြတ်ပြီး တစ်နေ့လုံး အနားယူနေလိုက်သည်။

(၇)

"သား၊ မင်းကို အမေပြောထားတယ်လေ။ လှေထွက်တဲ့အခါတိုင်း ဘုရားကိုဦးချသွားပါလို့ ဆိုတာ"

"ဟုတ်ကဲ့ပါ အမေရဲ့၊ သားစိတ်စောသွားလို့ပါ"

"အေးအေး -. သွား၊ ဦးချသွား။ ကိုယ်က အခြေအနေအရသာ ဝမ်းစာရေးအတွက် တံငါအလုပ်လုပ်နေရပေမယ့် ရတနာသုံးပါးကိုတော့ လက်မလွှတ်စေနဲ့။ အကုသိုလ်အလုပ်လုပ်နေရလို့ ဘုရားတောင်မရှိခိုးချင်တော့ပါဘူး ဆိုတဲ့ စကားက အတွေးချော်နေတဲ့စကားကွယ့်။ အကုသိုလ်အလုပ်လုပ်နေရတဲ့သူတွေက တကယ်ဆိုရင် သူများထက်တောင် ပိုပြီး ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်ရမှာ။ ဒါမှ တော်ကာကျမှာ မဟုတ်လား။ ကဲ- သွား၊ ဦးချသွား"

အမေက အဲဒီလိုဖြစ်သည်။ သူသည်လည်း အမေ့ဆန္ဒအတိုင်း တစ်သားတည်းကျအောင်နေခဲ့လိုက်၏။ အကျိုးယုတ်စရာမရှိဘူးမဟုတ်လား။ ခန္ဓာကိုယ်မှာ ငါးညှီနံ့နံနေပေမယ့် နှလုံးသားမှာမနံစေဖို့ကိုလည်း အမေက အမြဲဆုံးမတတ်သည်။ အခုလည်း သူစိတ်စောနေ၍ ဘုရားဦးမချသွားမိခြင်းကို ပြောနေခြင်း ဖြစ်သည်။ သူကလည်းသူပဲ ဖြစ်၏။ ခါတိုင်းဆို သတိပေးစရာတောင် မလိုခဲ့။ ပင်လယ်ထွက်တိုင်း ဘုရားဝတ်ချသွားတတ်သည်သာ။ သူဘုရားဝတ်ချပြီး တစ်လက်စတည်း အမေ့ကိုပါ ကန်တော့လိုက်သည်။ အမေက ဘေးမသီ ရန်မခဖို့ ဆုတောင်းပေးသည်။

*

ရွာချောင်းရိုးထဲမှာ ထွက်လာခဲ့ပြီး ရေငြိမ်သော တစ်နေရာ၌ ဦးလေးဝင်းနောင်ထံမှ ငှားလာသည့် ငါးသလောက်ပိုက်ကို ချထားလိုက်သည်။ 'ငါ့အတွက် ငါးသလောက်ဆူဆူဖြိုးဖြိုးတစ်ကောင် ယူခဲ့ကွာ' ဟု ဦးလေးဝင်းနောင် မှာလိုက်ပုံကို ကြားယောင်မိ၍ ပြုံးမိသေး၏။ သူဆေးပေါ့လိပ်တိုကို မီးညှိရှိုက်ဖွာလိုက်ရင်း ငါးသလောက်ပိုက်ချထားသည့် အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

သိပ်ကြာကြာမစောင့်လိုက်ရ။ ငါးသလောက်ပိုက်၏ ဖော့တိုင်လေးများ လှုပ်ယမ်းလာကာ ဝဲဂယက်ကလေးများ ပေါ်လာသည်။ ကမန်းကတန်းပင် သူပိုက်ကိုဆွဲတင်လိုက်ကာ မိနေသော ငါးသလောက်ကို ခပ်သွက်သွက်လေး ဖြုတ်ယူလိုက်သည်။ ပြီးမှ အသင့်ပြင်ထားသည့် ငါးမျှားချိတ်ဖြင့် ငါးသလောက်ကျောကုန်းအလယ်ကို ခပ်တဲတဲလေး ချိတ်ကာ ရေထဲပြန်လွှတ်ပေးလိုက်သည်။ ထိုသို့ ခပ်သွက်သွက်လေးမလုပ်လို့ မရ။ အဘယ်ကြောင့်ဆို ငါးသလောက်က အလွန်အသက်နုသောကြောင့် ဖြစ်၏။ ကုန်းပေါ်ရောက်ပြီး မိနစ်ပိုင်းအတွင်း၌ပင် သေသွားတတ်သည်။ ထိုသို့သေသွားသည်နှင့် တစ်ပြိုင်နက် အလုပ်မဖြစ်တော့။ငါးမြင်းရင်းက ငါးအရှင်နှင့်များမှမိနိုင်သလို ငါးမြင်းရင်းအစာကလည်း ငါးသလောက်ပဲ ဖြစ်၏။

ထို့နောက် ငါးသလောက်ပိုက်ကိုသိမ်း၍ လှေပေါ်ဆွဲတင်ထားလိုက်သည်။ ပြီးပြီ။ ဘာအလုပ်မှမရှိတော့။ ငါးသလောက်ကျောကုန်းမှာ ချိတ်ထားသည့် ငါးမျှားချိတ်ကြိုးနှင့် တွဲထားသော ဘူးသီးခြောက်မျောရာကိုသာ လိုက်ကြည့်ဖို့ပဲရှိတော့သည်။ တချို့က ဒါကို ဘူးမျှောသည်ဟု ခေါ်ကြခြင်း ဖြစ်၏။ ငါးသလောက်ကို မြင်လျှင် ငါးမြင်းရင်းက အရှိန်ဖြင့် ပြေးဟပ်မည်။ထိုအခါ ငါးသလောက် လွတ်ထွက်သွားကာ ငါးမြင်းရင်းကို မိမည် ဖြစ်သည်။ ထိုသို့ဖြစ်အောင်လည်း ငါးမျှားချိတ် ချိတ်စဉ်တုန်းက ခပ်တဲတဲလေးချိတ်ခဲ့ခြင်းဖြစ်၏။ နို့မို့ ငါးမျှားချိတ်စူးသည်နှင့် တစ်ပြိုင်နက် အစာနှင့်လုံးထွေးကာ ပြန်အန်လိုက်လျှင် လွတ်သွားတတ်သည်။ ဒါက ငါးလာဟပ်မှ။ အခုလောလောဆယ်တော့ စောင့်ကြည့်ရုံသာ။

ပင်လယ်ပြင်၏ ညနေဆည်းဆာက ဣန္ဒြေကြီးစွာနှင့်ပင် လှပနေခဲ့သည်။ ရွှေရောင်နေခြည်အောက်က တရိပ်ရိပ်ခုန်နေသော လှိုင်းကြပ်ခွပ်ကလေးများကလည်း သူ့မျက်စိထဲ တစ်မျိုးတော့ လှပနေခဲ့၏။ ဆားငန်ငွေ့သင်းသော ပင်လယ်လေကို ရှူရှိုက်လိုက်တိုင်း သူ့ကိုယ်ထဲ အားတချို့ လောင်းထည့်လိုက်သလို တစ်ကိုယ်လုံး လန်းဆန်းသွားသည်။ သူ ပင်လယ်မှာ ပျော်ဝင်နေခဲ့ပြီလား၊ သူ ပင်လယ်နှင့် တစ်သားတည်းကျနေခဲ့ပြီလား၊ ဒီပင်လယ်မှာပဲ ဘဝကိုမြုပ်နှံတော့မှာလား အတွေးထဲမှ သူငယ်ချင်းဖြစ်သူ သာလှကို မြင်ယောင်မိသည်။ ပင်လယ်မှာမွေး၊ ပင်လယ်မှာသေခဲ့သည်။ သူကော. . .၊ သူ့ဘဝကော. . .။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းပြန်ထုတ်လိုက်တိုင်း ရေရာသောအဖြေကို မရခဲ့။ တကယ်တမ်း အဖြေရှိသည်ဟုဆိုဦး၊ ထိုအဖြေကို သူမသိချင်။ အမေ၊ ညီမလေး ဒီမိသားစုတာဝန်၊ သားကြီးဖြစ်သည့် သူ့ တာဝန်ကျေချင်သည်။

ဘယ်လောက်တောင် အတွေး



www.burmeseclassic.com

www.burmeseclassic.com

နက်နေမိသည် မသိ။ နေတောင်ဝင်စပြုနေပြီ ဖြစ်သည်။ မကြာခင် အမှောင်သန်းလာတော့မည်။ အခုချိန်အထိ ဘာမှမထူးသည်ကြောင့် သူစိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ အင်းလေ- ဒီနေ့မရ၊ နောက်နေ့ပေါ့ဟု ကိုယ့်ကိုယ်ကိုယ်အားပေးရင်း စိတ်ထဲကတော့ တော်တော်လေးကို နောက်ကျိသွား၏။ ဒါကြောင့် အစာနှင့် မျှားသည့်နည်းကို သူသဘောမကျခြင်းဖြစ်သည်။ ငါးလာဟပ်မှ မိနိုင်ပြီး ငါးလာမဟပ်လျှင် ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဘာမှမတတ်နိုင်။ အခုလည်း ဒီအတိုင်းပဲဖြစ်၏။ ဘာမှလုပ်မရတော့။ ငါစာအဖြစ်တပ်ထားသည့် ငါးသလောက်ကိုပဲ ဟင်းစားယူသွားရုံသာ၊ အချိန်လည်းမရှိတော့ပြီမို့ ငါးမျှားချိတ်ကြိုးကို ဆွဲတင်ရန် ပြင်လိုက်သည်။

ထိုစဉ်-

"ဝုန်း"

"ဟာ - မိပြီ"

ဘော့သီးအဖြစ် အသုံးပြုထားသည့် ဘူးသီးခြောက် ရုတ်တရက်ဆိုသလို ရေထဲမြုပ်သွားပြီး ခဏတွင်းမှာပဲ ဝုန်းခနဲ ပြန်ပေါ်လာသည်။ အန္တရာယ်ကြုံပြီ ဟူသော အသိကြောင့်လားတော့ မပြောတတ်။ ရေအောက်က ငါးကြီး ဆွဲပြေးသဖြင့် သူ့လှေကလေးပါ ရေပြင်ပေါ် ရုပ်တိုက်မျောပါသွားသောကြောင့် ကမန်းကတန်းပင် ခတ်တက်နှစ်ချောင်းကိုကိုင်၍တောင့်ခံထားလိုက်ရလေသည်။ ဒါတောင်မှ တော်တော်နှင့် အရှိန်မသေသေး။ ဘူးသီးခြောက်ပါ မြုပ်သွားပြီဆိုကတည်းက အကောင်အတော်ကြီးမည်ဟု သူတွက်မိသည်။ ဒါပေမယ့် ဘယ်လောက်ကြီးကြီး ကိစ္စမရှိ။ ငါးမောအောင် စောင့်ရမည်။ အချိန်တော့ နည်းနည်းလိုသည်။ ခက်သည်က နေလုံးပါ ပျောက်သွားပြီဖြစ်၍ အမှောင်ထုက တဖြည်းဖြည်း နေရာယူလာပြီဖြစ်၏။ စိတ်ထဲတော့ နည်းနည်း စိုးရိမ်သွားခဲ့သည်။ ဒါပေမယ့် တစ်ကောင်ဆို ဆိုသလောက် မြိုးမြိုးမြက်မြက်လေးရမှာ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ရကိုရစေရမယ်ဟု မာန်တင်းလိုက်ရင်း ရေအောက်က ငါးကြီးနှင့်ပညာကုန်ပြိုင်နေလိုက်သည်။

တစ်အောင့်ကြာတော့ ငါးကြီးမောသွားသည် ထင်သည်။ မဆွဲနိုင်တော့။ သူခဏတော့သေချာအောင် စောင့်ကြည့်နေလိုက်သည်။ ဘူးသီးခြောက်ကတော့ လှုပ်ယမ်းနေသေး၏။ ခဏအကြာ လုံးဝ ငြိမ်သက်သွားသည်။ သူ ခတ်တက်ကိုခဏလွှတ်၍ ငါးမျှားကြိုးကို အသာလေးဆွဲကြည့်လိုက်သည်။ ချက်ချင်းတော့ ဆွဲတင်၍မဖြစ်သေး။ ငါးမျှားချိတ်စူးဝင်နေသည့်နေရာက အပျော့သားဆိုလျှင်တော့ ကိစ္စမရှိ။ အမာသားဖြစ်နေလျှင် အခန့်မသင့်ပါက လွတ်သွားနိုင်သောကြောင့် သူလျှော့လိုက်၊ တင်းလိုက်လုပ်ရင်း ဆွဲကြည့်လိုက်၏။

ချက်ချင်းဆိုသလို ငါးမျှားကြိုး တင်းခနဲဖြစ်သွားပြီး ငါးကြီးဆွဲရာနောက် သူ့လှေ ပြန်ပါသွားသဖြင့် ကမန်းကတန်း ပြန်ထိန်းထားရသည်။ ဒီတစ်ခါ ပိုကြမ်းလာသည်။ ငါးကြီးက ဗျူဟာပြောင်းသွားပြီ ဖြစ်သည်။ အရင်လို **ဆွဲပြေး**ရုံသက်သက်မဟုတ်တော့။ **တစ်ခါ**တစ်ခါ သူ့လှေကိုပါ ရေအောက်ကို နစ်သွားအောင် အားထုတ်လာသည်။ သူလည်း ရှိသမျှအားနှင့် လှေကို ထိန်းထားရသည်။ လှေနစ်မှာတော့မပူရ။ ဘယ်လောက်ပဲကြီးကြီး လှေတစ်စီးလုံးကိုတော့ ဘယ်လိုနည်းမျိုးနှင့်မှ နစ်နိုင်မည်မဟုတ်။ သူစိုးရိမ်လာသည်က အမှောင်။ ဝန်းကျင်ကိုတောင် ကောင်းကောင်းမမြင်ရတော့။နာရီဝက်ကျော်လေးဆယ့်ငါးမိနစ်လောက်ပင် ရှိနေပြီ ဖြစ်သည်။ အခုချိန်အထိ ငါးကြီးက အရှုံးမပေးသေး။ တော်ရုံငါးဆိုဒီအချိန်လောက်တောင်မကြာ။ အခုဥစ္စာ ငါးမှဟုတ်ရဲ့လားဟုပင် တွေးရင်း စိတ်ထဲ မသင်္ကာဖြစ်လာသည်။ အိုကွာ၊ ဘာဖြစ်ဖြစ် ဒီတစ်ခါမောရင်တော့ မရရအောင် ဆွဲတင်မယ်ဟု တွေးရင်း လှေကို အားကုန်ထုတ်ထိန်းကာ ငါးကြီးအမောကိုစောင့်နေလိုက်သည်။

ပင်လယ်ကလုံးဝမှောင်သွားပြီဖြစ်သလို လှိုင်းလည်း နည်းနည်းထလာသည်။ လေကလည်း ပိုပြင်းလာပြီ ဖြစ်၏။ သူ့အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်ရင်း စိုးရွံ့စိတ်တွေကို ဖယ်ထုတ်လိုက်သည်။ ငါးမျှားကြိုးကို ခပ်တင်းတင်း ဆွဲကြည့်လိုက်တော့ စီးစီးပိုင်ပိုင်နှင့်ပါလာ၏၊မရုန်းတော့။ သေချာပြီ၊ ငါးကြီးမောသွားပြီ။ သူလည်း ပိုသေချာအောင် သူ့ခါးမှာ ကြိုးတစ်ချောင်းကို ချည်၍ ကျန်တစ်စကို လှေနံရံမှာ ချည်ထားလိုက်သည်။ ဒါဆို ရေထဲမကျနိုင်တော့။

ငါးမျှားကြိုးကို တစ်ချက်ဆွဲတင်တိုင်း အလိုက်သင့်ပါလာသည်။ လုံးဝမရုန်းကန်တော့။သူလည်း သတိကြီးကြီးထားပြီး တစ်ချက်ပြီးတစ်ချက် ဆွဲတင်နေရသည်။ နောက်ဆုံးတစ်ချက် အားကုန်ဆွဲအတင် -

"ဟာ"

"ဝုန်း"

"ဝေါ. . . ဝုန်း"

ဘွားခနဲ ရေပေါ် ပေါ်လာသောငါးကြီးကို လက်ကျန်အလင်းရောင်လေးနှင့် တွေ့လိုက်ရ၍ ဟာခနဲဖြစ်သွားသည်။ တစ်ပြိုင်တည်းလိုလို တစ်ချိန်လုံး ငြိမ်သက်နေသည့် ငါးကြီးက ရေပေါ်ရောက်မှ ဆောင့်ရုန်းလိုက်၍ သူပါ ရေထဲကျမတတ်ဖြစ်သွား၏။ လက်ကတော့ ကြိုးကို လုံးဝမလွှတ်။ အားကုန်ဆွဲထားလိုက်သဖြင့် ငါးကြီးလည်း ရေအောက်ပြန်ငုပ်၍မရတော့သလို သူ့လှေကလေးလည်း အထိန်းအကွပ်မရှိတော့။ ငါးကြီးဆွဲပြေးရာနောက် ရေမှုန်ရေမွှားများက တဝေါဝေါဖြစ်နေခဲ့သည်။ အလျှော့ပေးဖို့တော့ မဖြစ်နိုင်။ ဒီလောက်ကြိုးစားထားပြီးမှတော့ လက်မလွှတ်ချင်တော့။ ရှိသမျှခွန်အားတွေအားလုံး လက်အစုံဆီပို့ထား၍ အားကုန်ဆွဲထားလိုက်သည်။

လှိုင်းထန်လာသလို ငါးကြီး[illegible] ရုန်းကန်မှုကလည်း လျော့မသွားသည့်အပြင် ပိုမြန်လာသလို ထင်[illegible]သည်။ ပင်လယ်က ဝေါဝေါဝုန်းဝုန်း အသံများနှင့်ဆူညံနေသည်။ သူ့တ[illegible] ကိုယ်လုံးလည်း ရေတွေလား၊ [illegible] တွေလားတော့မသိ ရွှဲရွှဲနစ်လျက်[illegible] အခိုက် လှိုင်းသံလေသံများကြား[illegible]



www.burmeseclassic.com

www.burmeseclassic.com

အသံတစ်ခု သူကြားလိုက်ရသည်။

"သူငယ်ချင်းရေ- လွှတ်လိုက်၊ လွှတ်လိုက်တော့"

"သူငယ်ချင်းရေ၊ လွှတ်လိုက်"

ပွဲတင်သံများနှင့်အတူ အသံက ဝေးသွားခဲ့သည်။ ဘယ်ကအသံလဲ။ ဒီအသံကို သူ ရင်းရင်းနှီးနှီး ကြားဖူးသည်။ဘယ်သူလဲ၊ ဘယ်သူ့အသံလဲ။ သာလှ၊ စိတ်ထဲ ဟာခနဲဖြစ်သွားသည်။ ဒါ သာလှအသံ။ ဘုရား၊ ဘုရား စိတ်ထဲမှဘုရားတမိရင်း တစ်စုံတစ်ခု သူဆက်စပ်တွေးမိသွား၏။ သာလှ သေတုန်းက လက်မှာ ကြိုးပွန်းရာနှင့်။ အခု သူ့လက်ထဲ ပေါက်ပြန်ာကျင်လျက်။ သူဘာလုပ်ရမလဲ။ လွှတ်လိုက်ရတော့မလား။ ပြီးတော့ ဘယ်နားရောက်လို့ ရောက်နေမှန်းလဲ မသိတော့။ လှိုင်းကလည်း ပိုကြမ်းလာပြီဖြစ်သည်။ ထိုစဉ် အသံတစ်ခုက လွင့်လာပြန်သည်။

"သူငယ်ချင်း လွှတ်လိုက်၊ အဲဒါ ဘုရားစောင့်တဲ့ ငါးကြီး။ ငါ ကြုံခဲ့ရတာ အဲဒီငါးကြီး၊ အဲဒီငါးကြီး"

အသံပျောက်သွားပြန်သည်။

ဒါ ဘုရားစောင့်ငါးကြီးတဲ့။ သူ ဘာလုပ်ရမှာလဲ။ 'မတတ်သာလို့ ခန္ဓာကိုယ်မှာ ငါးညီနံ့နံ့ခဲ့ပေမယ့် နှလုံးသားက မွှေးမြဖြူစင်နေရမယ် ကွယ့်' ဆိုတဲ့ အမေ့စကားတချို့ နားထဲ ကြားယောင်မိသည်။ ဘာမှတွေဝေနေဖို့ မလိုတော့။ ပေါက်ပြန်ာကျင်နေသော လက်ကို အသာလေး လွှတ်ပေးလိုက်သည်။ ထို့နောက် လှေနံရံမှာ ချည်ထားသည့် ငါးမျှားကြိုးကို ဓားနှင့် ဒုတ်ခနဲ ခုတ်ဖြတ်ပစ်လိုက်သည်။ နှုတ်မှလည်း 'သွားပေဦးတော့ ငါးကြီး ရေ' ဟု နှုတ်ဆက်လိုက်ရင်း မောဟိုက်နေသော ခန္ဓာကိုယ်ကို လှေဝမ်းထဲ ဖြည်းဖြည်းချင်း လှဲချလိုက်၏။ ကောင်းကင်နက်ထဲက ကြယ်စင်တချို့ သူ့ကို ကောင်းချီးပေးနေသလို။

(၆)

ခဏမျှ အမောဖြေပြီးနောက် ရေစီးအတိုင်း မျောနေသည့် လှေကို အနီးစပ်ဆုံး ကမ်းတစ်ခုဆီ ဦးတည် လှော်ခတ်လိုက်သည်။ ငါးကြီးဆွဲပြေးရာနောက် တရွတ်တိုက်ပါလာခဲ့၍ ဘယ်ဆီရောက်နေမှန်းပင် မသိနိုင်တော့။ ဘာပဲဖြစ်ဖြစ် လောလော ဆယ် နီးရာကမ်းတစ်ခုတော့ ရှာရမည်။ လှေကို ကမ်းရှိမည်ထင်ရာဘက်ကို လှော်ခတ်လာရင်း သူ့နားထဲ အသံတချို့ ကြားလိုက်ရသည်။ သီချင်းသံ၊ ရင်ဘတ်ထဲ လှိုက်ခနဲ ဝမ်းသာသွားမိသည်။ ဘယ်ကလာတဲ့ သီချင်းသံလဲ။ သူ ပတ်ဝန်းကျင်ကို လိုက်ကြည့်မိတော့ သူလှော်ခတ်နေသည့်ဘက်နှင့် ဆန့်ကျင်ဘက်မှာ မီးရောင်များကို တွေ့လိုက်သည်။

"ဒါ. . . ဒါ ရွာတစ်ခုပဲ"

ဝမ်းသာလွန်းအားကြီး၍ နှုတ်မှ လွှတ်ခနဲပင် အသံထွက်သွားမိသည်။ ဘာမှစဉ်းစားနေစရာမလို။ လှေဦးကို ဦးတည်ရာပြောင်းလိုက်သည်။ ဟိုဘက်ကမ်း၊ မီးများလင်းလက်နေသည့် ဟိုဘက်ကမ်းကို သူ အားကုန် လှော်ခတ်လာခဲ့သည်။

*

နီးရာကမ်းကို လှေဦးထိုးတင်ကပ်လိုက်ပြီး သီချင်းသံကြားရာဘက်ကိုမှန်းဆ၍ လျှောက်လာလိုက်သည်။ သီချင်းသံက တဖြည်းဖြည်းနှင့်နီးလာသလို မီးရောင်များလည်း တွေ့လာရပြီဖြစ်သည်။ ထူးဆန်းနေသည်က သူ လျှောက်လာသောလမ်းတစ်လျှောက် အိမ်တစ်လုံးတောင် မတွေ့ရသေးခြင်း ဖြစ်သည်။ လမ်းထောင့်ချိုးတစ်ခုသို့အရောက် သူဟာခနဲဖြစ်သွားသည်။ ပွဲဈေးတန်းကြီးတစ်ခု။ မီးရောင်စုံ လင်းလက်နေသလို လူတွေအများအပြားကလည်း ကြိတ်ကြိတ်တိုးနေကြသည်။

'အင်း- ငါကတော့ ကံကောင်းတယ်လို့ ပြောရမလားဘဲ။ ပွဲဈေးနဲ့တော့ တိုးနေပြီ'

ဟု စိတ်ထဲမှ တွေးမိရင်း ပွဲဈေးလမ်းမအတိုင်း လျှောက်လာမိ၏။ ထူးနေသည်က သူတိုးဝင်သွားသည်နှင့်တစ်ပြိုင်နက် သူ့ကို လမ်းဖယ်ပေးကြပြီး အထူးအဆန်းသဖွယ် လိုက်ကြည့်နေကြခြင်း ဖြစ်သည်။

'အင်းလေ- ငါ့ကို လူစိမ်းတစ်ယောက်မို့ ကြည့်ကြတာနေမှာပေါ့'

ဟု ဖြေတွေးတွေးရင်း ဆက်ဒေါမောနေမိ၏။

လျှောက်ရင်းလျှောက်ရင်းနှင့် ဗိုက်ထဲက တကျုတ်ကျုတ် မြည်လာသည်။ ဟုတ်သား၊ အခုချိန်အထိ သူ ဘာမှမစားရသေး။ ထိုစဉ် မျက်စိက ထမင်းကြော်ဆိုင်တစ်ဆိုင်ကို ရောက်သွားသည်။ ဆာလောင်မှုက ပိုမိုပြင်းလာသောကြောင့် ခြေလှမ်းတို့က ဆိုင်ထဲအလိုလိုရောက်သွားခဲ့သည်။ နီးစပ်ရာ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း ဆိုင်ရှင်ကို အကဲခတ်ကြည့်တော့ ဆိုင်ရှင်ကလည်း သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်နှင့် ကြုံသွားသည်။သူမျက်နှာလွှဲလိုက်ရင်း တခြားစားပွဲဝိုင်းတွေကိုပါ အကဲခတ်မိလိုက်၏။ လူအားလုံးကလည်း သူ့ကို အထူးအဆန်းသဖွယ်ကြည့်နေကြသည်။ သူ ဘယ်သူ့ကိုမှ ကြည့်မနေတော့ဘဲ ထမင်းကြော်မှာရန် ဆိုင်ရှင်ဘက်ကို ပြန်လှည့်လိုက်မှ စိတ်ထဲမသင်္ကာဖြစ်သွားပြီး သူ့ကိုကြည့်နေကြသူတွေဘက် တစ်ခါပြန်လှည့်ကြည့်မိ၏။

"ဟာ - ဘုရား၊ ဘုရား"

တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ဖြန်းခနဲထသွားကာ ခေါင်းတစ်ခုလုံး ထူပူသွားသည်။ 'ဘုရား ဘုရား ငါလာမိတာမှားပြီ' ဟူသော အသိက သူ့ကို လုံးဝ ကြောက်လန့်သွားစေခဲ့သည်။ သူ့ကို လှည့်ကြည့်နေကြသည့် မျက်နှာများက မျက်နှာသာ လှည့်ထားပြီး ကိုယ်တွေက ရှေ့ဘက်မှာပဲရှိနေခဲ့သည်။ ရှင်းရှင်းပြောရလျှင် ကျောဘက်ကိုမျက်နှာရောက်နေခြင်း ဖြစ်၏။ ဒါ. . . ဒါလူတွေမဟုတ်။ တစ်ဦး၊နှစ်ဦးတည်းမဟုတ်။ အားလုံး ဒီအတိုင်းပင်။ ကြောက်စိတ်ကို ဘယ်လိုမှထိန်းမရနိုင်တော့သဖြင့် သူထရပ်သွားပြီး ထွက်ပြေးရန် ပြင်လိုက်စဉ် စောစောက ဆိုင်ရှင်ဖြစ်ပုံရသည့်လူက သူ့အနားကို မျက်နှာသေကြီးဖြင့် လျှောက်လာသည်။ ကြောက်စိတ်က တစ်ကိုယ်လုံးကို လွှမ်းမိုးထား၍လား မပြောတတ်။ ဆေးမိထားသူတစ်ဦးလို တစ်ကိုယ်လုံး လှုပ်ရှား၍ မရ။ ထိုလူကြီး



www.burmeseclassic.com

www.burmeseclassic.com

က သူ့ကို စူးစိုက်ကြည့်ပြီး ခေါင်းကို ချာခနဲလှည့်လိုက်သည်။ စောစောက ပြောခဲ့သလို ခေါင်းသာလည်သွားပြီး ကိုယ်လုံးက ဒီအတိုင်းပဲရှိနေခဲ့သည်။ ထိုမြင်ကွင်းကို သူအနီးကပ်ပြီးမြင်လိုက်ရသည့်ခဏ -

"အား. . . မလာနဲ့၊ ငါ့ကို မခြောက်ကြနဲ့ သွား၊ သွား"

"ဝုန်း. . . ခွမ်း"

သူသွေးရူးသွေးတန်း အသံကုန်အော်ဟစ်ပြီး အတင်းတိုးတိုက်ထွက်ပြေးမိသည်။ ခြေထောက်က မြေကြီးနှင့်ပင်ထိသည်ဟု မထင်ရ။ စောစောက မီးများဖြင့် လင်းထိန်နေခဲ့သော်လည်း အခုတော့ မှောင်မိုက်နေသည်။ ကြားခဲ့ရသော သီချင်းသံတွေလဲ ဘယ်ပျောက်ကုန်မှန်း မသိ။ သူ့အနောက်မှ 'မပြေးနဲ့၊ ပြန်လာခဲ့' ဟူသော အသံနက်ကြီးများဖြင့် လိုက်လာကြသောကြောင့် သူလှေဆိပ်ရှိရာ ဘက်ကိုသာ အားစိုက်ပြေးလာမိသည်။ တစ်နေရာအရောက်-

"ဒုတ်"

"အား. . ."

ခြေသလုံးမှ ပြင်းထန်သော နာကျင်မှုနှင့်အတူ သူတစ်ကိုယ်လုံး ခွေခေါက်လဲပြိုကျသွားသည်။ အနောက်မှ အသံများကလည်း တဖြည်းဖြည်း နီးလာသည်ကြောင့် ကြောက်စိတ်နှင့်အတူ အားတင်းရင်း ဆက်ပြေးရန် ပြန်ထလိုက်သည်။

"အား. . ."

မရတော့။ ခြေထောက်ကလုံးဝ ထောက်လို့ပင် မရ။ အသံများက အရမ်းနီးလာပြီဖြစ်၏။ သူကယောင်ကတမ်းဖြင့်ပင်-

"ဘုရားကယ်ပါ၊ တပည့်တော်ကို ကယ်ပါ။ အမေရေ၊ သားကို ကယ်ပါဦး"

ကြောက်စိတ်ကြောင့်လား၊ မောဟိုက်မှုကြောင့်လားမသိ။ သတိရှိတစ်ချက်၊မရှိတစ်ချက်ဖြစ်နေသည်။

ထိုစဉ်မှာပဲ -

"တောက် - ဟေ့၊ အားလုံးရပ်စမ်း။ ဒုက္ခရောက်လာသူကို ဒုက္ခထပ်ပေးကြဦးမလို့လား။ သွား - ကိုယ့်နေရာကိုယ်ပြန်ကြ၊ သွားသွားကြစမ်း"

နားထဲ ကြားတစ်ချက်၊ မကြားတစ်ချက်။ တကယ်လား၊ အိပ်မက်လား။အသံတွေလည်းမကြားရတော့။ သူလွတ်သွားပြီလား။ ထို့နောက် သူ့ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက်သွားသည်ကိုသာ နောက်ဆုံးသိလိုက်ရပြီး ကျန်တာ ဘာမှမသိရတော့ပေ။

(၇)

မျက်နှာပေါ် ခပ်နွေးနွေး ကျဆင်းနေသော နေရောင်ခြည်က ဘယ်လောက်တောင် ကြာနေပြီလဲ မသိ။ စပ်ဖျဉ်းဖျဉ်းဖြစ်လာသောကြောင့် မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လိုက်သည်။

"ဟင်"

သူလှေပေါ်ပြန်ရောက်နေပြီဖြစ်၏။ ဘယ်ကိုရောက်နေတာလဲဟု စိုးရိမ်စိတ်ဖြင့် သူလူးလဲထရင်း ဘေးဘီဝဲယာကြည့်မိတော့ ရင်ထဲလှိုက်ခနဲပျော်သွားခဲ့သည်။ ရွာချောင်းရိုးကိုတောင် မြင်နေရပြီဖြစ်၏။ သူတစ်ညလုံး လှေနှင့်မျောနေခဲ့ခြင်း ဖြစ်မည်။ ကံကောင်းထောက်မစွာပဲ ဒီရေကျချိန်နှင့်ကြုံ၍သာ ရွာပြန်ရောက်လာခြင်း ဖြစ်၏။ နို့မို့ဆို အတွေးနှင့်တောင် ကြက်သီးဖြန်းခနဲထသွားခဲ့သည်။ ပြီးတော့မှ ညက အဖြစ်အပျက်ကို ပြန်သတိရမိသည်။ သူလှေပေါ် ဘယ်လိုရောက်လာတာလဲ။ သူအိပ်မက်မက်ခဲ့တာလား။ ဝေခွဲမရ။

ဘာပဲဖြစ်ဖြစ် သူရွာကိုပြန်ရောက်တော့မည် ဖြစ်သည်။ ထိုစဉ် နေပူရှိန်ကြောင့်လား မသိ။ ခြေထောက်က တစစ်စစ်ကိုက်၍နာလာမှ ခြေထောက်ကို ငုံ့ကြည့်မိသည်။ ခြေသလုံးထက် ညိုမည်းနေသော ဒဏ်ရာတစ်ခု။ ဒါဆို ညက သူ. . .။

*

အိမ်ပြန်ရောက်တော့ အမေနှင့် ညီမလေးက သူ့ကို မျက်ရည်များနှင့် ဆီးကြိုကြသည်။ သူဖျောင်းဖျနှစ်သိမ့်ရင်း ညက ကြုံတွေ့ခဲ့ရသမျှကို ပြန်ပြောပြလိုက်သည်။ သူ့စကားဆုံးတော့ အမေက သူ့ကိုဖက်ငိုရင်း-

"မသေကောင်းမပျောက်ကောင်း သားရယ်။တော်ပြီ-သား၊ အမေ့စကားနားထောင်စမ်း။ ဒီအလုပ်ကို မင်းမလုပ်ရတော့ဘူး။ ပြောစမ်း၊ မလုပ်တော့ဘူးလို့ အမေ့ကို ကတိပေးစမ်းပါ သားကြီးရယ် အဟင့်ဟင့်"

သူ့စိတ်ထဲ တော်တော်လေးထိခိုက်သွားခဲ့၏။ သူ့ကြောင့် အမေ့မှာ သောကကြီးစွာရောက်ခဲ့ရသည်။ သူဆုံးဖြတ်ချက်တစ်ခုကို ရဲဝံ့စွာချလိုက်ရင်း-

"စိတ်ချ အမေ၊ သား ဒီတံငါအလုပ်ကိုစွန့်မယ်။ လှေကိုရောင်းပြီး မြေကွက်ကလေးတစ်ခုဝယ်မယ်။ ပြီးရင် အဲဒီမှာ စိုက်ပျိုးရေးလုပ်ပြီး သားအမေ့ကို လုပ်ကျွေးမယ် ဟုတ်လား"

"သာဓု သာဓု သာဓုပါ သားရယ်"

သားအမိနှစ်ယောက် မျက်ရည်ကိုယ်စီဖြင့် ခပ်တင်းတင်း ပွေ့ဖက်ထားမိ၏။ ညီမလေးက သူ့ကိုကြည့်၍-

"ကိုကြီး သိလား၊ ညက ကိုကြီးပြန်မလာလို့ အမေလေ တစ်ရေးမှ မအိပ်ဘူး။ ဘုရားဆောင်ရှေ့မှာ တစ်ညလုံးထိုင်ပြီး ကိုကြီးကို မေတ္တာပို့နေခဲ့တာ"

ညီမလေးစကားသံကြားတော့ သူ့ရင်ဘတ်ထဲ နွေးထွေးသွားခဲ့သည်။ မေတ္တာ ကြီးမားလှသော အမေ့ကျေးဇူးကြောင့် သူလွတ်ခဲ့ရသည် မဟုတ်လား။ သူလည်း အမေ့ကို ကတိပေးထားခဲ့သည့်အတိုင်း ဖြစ်အောင်လုပ်တော့မည်ဟု စိတ်ထဲ သန္နိဋ္ဌာန်ချလိုက်သည်။ ဒါအမေ့ဆန္ဒ။ တစ်ထပ်တည်းကျအောင် သူကြိုးစားမည်။ ဒါလည်း တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ကူးခြင်းပဲ မဟုတ်လား။ ညက ကူးခဲ့ရသည့် တစ်ဖက်ကမ်းက လင်းလက်နေသည့် မီးများမှာ အန္တရာယ်မီးများဖြစ်၏။ ဒီတစ်ခါ သူကူးရမည့် ဟိုဘက်ကမ်းမှာလည်း မီးများလင်းနေခဲ့ပါသည်။ ဒီမီးအိမ်များကတော့ လောင်စာမလို၊ ဓာတ်ငွေ့မလိုဘဲ မေတ္တာများနဲ့ လင်းထိန်နေခြင်းပါဟု အတွေးနှင့် ပြုံးမိရင်း. . .။

သုတာအောင် (ကန်ဘဲနီ)



www.burmeseclassic.com

www.burmeseclassic.com



# ခေတ်သစ်မှသည် ရိုးရာဆီသို့ ၁၄

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

သာမန်အရပ်သားများ၊ ဆေးပညာမသိနားမလည်သူများက လတ်တလော ရောဂါဝေဒနာ သက်သာလျှင် ဆေးဟု ဆုံးဖြတ်မှားကြ၏။ ဆေးဝါးတို့၏သဘောသည် ရေတိုတွင် ဆေးစွမ်းပြရောဂါသက်သာပြီး ရေရှည်တွင် ဘေးအန္တရာယ်ပိုကြီးသောဆေးလည်းရှိ၏။ ထို့အပြင် ဆေးဝါးတစ်ရပ်သည် မည်သည့်ရောဂါကိုမျှ မပျောက်ကင်းဘဲ သက်သာရုံမျှသာ ပြုစွမ်း၏။ ၎င်းဆေးကိုမသောက်ဘဲ ဖြတ်လိုက်သည်နှင့် ရောဂါထပြန်၏။ ထိုအခါ ဆေးမဖြတ်ရဲတော့ဘဲ ပြန်သောက်ရတော့၏။ တစ်သက်လုံး ထိုဆေးဝါးအပေါ်တွင်သာ လုံးလုံးမှီခိုနေရတော့မည့်ဆေးမျိုးဖြစ်၏။



ယနေ့ နောက်ဆုံး တိုးတက်သည်ထက် တိုးတက်လာသောခေတ်သစ်သည် မီဒီယာခေတ်၊ အင်တာနက်ခေတ် ဖြစ်လာ၏။ အင်တာနက်ခေတ်ဖြစ်လာသည်နှင့်အညီ အင်တာနက်ထဲမှနေ၍ လူသားတို့၏ ရောဂါဘယကုသရေး၊ ဆေးဝါးသုံးစွဲရေးနှင့် သက်ရှည်ကျန်းမာရေးတို့ကို အကြောင်းပြုပြီး ဆေးကြော်ငြာအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ကြော်ငြာလာကြ၏။ အချို့ကလည်း သဘောရိုးအမှန်အတိုင်း ကြော်ငြာသည်များရှိသလို အချို့ကလည်း ကြီးကျယ်သော စီးပွားရေးရည်ရွယ်ချက်အတွက် သာသာထိုးထိုး လွန်လွန်ကဲကဲဖြင့် မိမိတို့၏ ဆေးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများကို အစွမ်းကုန် အမွမ်းတင်ကာ တန်ဖိုးကြီးကြီး၊ ဈေးနှုန်းမြင့်မြင့်ဖြင့် ရောင်းချကြ၏။

အချို့ဆိုလျှင် ပုံမှန်ဆေးရောင်းချရေး၊ ရောဂါဘယကုသရေး၊ ရောဂါဘယပျောက်ကင်းရေး၊ သက်ရှည်ကျန်းမာရေးတို့ကို ခုတုံးလုပ် အသုံးချ၍ သူတို့၏မှောင်ခိုစီးပွားရေးကွန်ရက်ကြီးကို ဖြန့်ကြက်ကာ အသုံးပြုလာကြ၏။

သူတို့၏ လုပ်ငန်းကို မှောင်ခိုစီးပွားရေးဟုဆိုရခြင်းမှာ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ရင်းမြစ်မူလအခြေခံအားလုံးကို ဖျောက်ထားကြ၏။ သူတို့၏ဆေးဝါးများ၊ လူသုံးပစ္စည်းများတွင် ဘယ်လို အစွမ်းထက်သည့် ဆေးပစ္စည်းများပါသည်။ သဘာဝသစ်သီးသစ်ဥများပါသည်။ ဘယ်ကဲ့သို့ ဇရာဆန့်ကျင်ဓာတ်ပါသည်။ အာဟာရဓာတ်မည်ရွေ့မည်မျှပါသည်။ ရုပ်ရည်ကိုနုပျိုလှပစေသည်။ အသားအရေကိုဖြူဝင်းကြည်လင်လာစေသည်။ ထို့အပြင် ခန္ဓာကိုယ်၏ ခုခံအားစနစ်ကိုတိုးမြှင့်ပေးနိုင်သည့် အမြင်အာရုံ၊ အကြားအာရုံများကို ကောင်းမွန်သည်။ အာရုံကြောများကို ကောင်းမွန်စေသည်။ အဆီစုဝေးခြင်းကို တားဆီးပေးပြီး ခန္ဓာကိုယ်မှအဆိပ်များကို ခြေဖျက်ပေးနိုင်သည်။

ဤဆေးသည် အဆီကျ၍ ပိန်သွားသော်လည်း အရေပြားများ လျော့တွဲခြင်းမရှိဘဲ အရေပြားကို ကျစ်လျစ် တင်းရင်းစေ၏။ ကာယစွမ်းအားနှင့်ဉာဏစွမ်းအားတို့ကောင်းစေ၏။ အာရုံစူးစိုက်မှုကို ကောင်းစွာထောက်ပံ့ပေး၏။ စိတ်ဖိစီးမှုများသူများသောက်ပါက စိတ်ဖိစီးမှုကိုလျော့ကျစေ၏။ အစာလွန်ကဲစွာစားခြင်းကိုတားမြစ်ပေး၏။ အဆုတ်အားကိုကောင်းမွန်စေပြီး ချောင်းဆိုးကောင်းစေ၏။အသည်း၊ ကျောက်ကပ်ရောဂါများအတွက် အထူး သင့်လျော်၏။ ကင်ဆာရောဂါမဖြစ်အောင် တားဆီးပေးနိုင်၏။ သွေးထဲရှိ သကြားဓာတ်ကို လျော့ချပေးနိုင်သဖြင့် ဆီးချိုသွေးချိုရောဂါအတွက် သုံးစွဲနိုင်၏။

ဤဆေးကို အမြဲတမ်းစွဲစားပါက ကင်ဆာရောဂါကို ကာကွယ်ပေး၏။ ကင်ဆာရောဂါဖြစ်ပွားနေသူများအတွက် အကောင်းဆုံး အာဟာရဆေး ဖြစ်သည်။ သွေးပေါင်ချိန်ကို ထိန်းညှိပေးသည်။ ကိုလက်စထရောပမာဏကို ကျန်းမာရေးအတွက် ညီညွတ်သည့်ပမာဏ၌ ထိန်းညှိပေး၏။ နှလုံးရောဂါအမျိုးမျိုးကို သိသာစွာသက်သာစေသည်။ ခန္ဓာကိုယ်မှ အဆိပ်အတောက်ဖြစ်စေသောဓာတုပစ္စည်းများနှင့် သတ္တုအဆိပ်များကို ဖယ်ရှားပေး၏။ အရေပြားကို နုပျိုစေပြီး ဆံပင်အရောင်ကို တောက်ပစေ၏။

**ကိုယ်နံ့ဆိုးခြင်းကိုလျော့စေခြင်း**

စသည် အထက်ပါ ဆေးညွှန်းကြော်ငြာများသည် ကြော်ငြာအများစုအသုံးပြုသည့် ပင်တိုင်ပြုစကားလုံးများ၊ ဝေါဟာရများ ဖြစ်သည်။ အဆိုပါ ကောင်းမွန်သည့် အချက်အလက်များကိုသာ ရှေ့တန်းတင် ဖော်ပေး၍ အကြီးအကျယ် ဖော်ထုတ်ပြောဆိုကြ၏။

အဆိုပါ ဆေးကြော်ငြာပါ ဆွဲဆောင်သည့် ဝေါဟာရများ ရောဂါများအပေါ် သက်ရောက်သည့် အခြေအနေများ၊ အားသာချက်၊ အကျိုးပြုချက်၊ ကောင်းကျိုးရလဒ်များကို သာသာထိုးထိုး လွန်လွန်ကဲကဲ ဖော်ပြချက်များသည် အချို့လည်း ဆေးဝါးတစ်မျိုးတည်းအပေါ်၌ စုရုံးဖော်ပြကြ၏။ အချို့လည်း ဆေးဝါးလေးငါးခြောက်မျိုးအဖြစ် ခွဲ၍ထုတ်လုပ်ပြီး ဖြန့်ကြက် ကြော်ငြာသည်လည်း ရှိပါသည်။

ထိုဆေးဝါးတို့၏အစွမ်းအာနိသင်ကိုသာ ထူးထူးကဲကဲဖော်ပြသော်လည်း ထိုဆေးဝါးများကို မည်သည့်ဆေးပစ္စည်းများဖြင့် ထုတ်လုပ်သည်ကိုကား လုံးဝဖော်ပြမထားဘဲ အစွမ်းထက်မြက်သော သဘာဝ သစ်သီးဝလံများ၊ သစ်သီးသစ်ဥသစ်များမှ ထုတ်လုပ်ထားသည်ဟု အကြမ်းဖျင်းဖြန်း၍သာ ဖော်ပြထားပါသည်။ ထို့ထက်ပို၍ ဆေးဝါးဖော်စပ်ပုံ၊ ဆေးနည်း၊ ဆေးဖွဲ့စည်းတို့ကို ဖော်ပြရန်ကား ဝေးလာဝေးတော့၏။ထို့အပြင် အဆိုပါ ဆေးဝါးထုတ်လုပ်သည့် နေရာဒေသကို ဖော်ပြရာတွင်လည်း အမေရိကန်တွင်လုပ်သည်။ ဆွစ်ဇာလန်တွင်လုပ်သည်ဟုသာ ဖော်ပြထား၏။ နေရာအတိအကျလိပ်စာကိုကား ဖော်ပြမထားပေ။

ဆေးကုမ္ပဏီ၏ လိပ်စာတည်နေရာကိုလည်း ဖော်ပြမထားပါ။ ထိုမျှမက ဆေးညွှန်းတွင် နိုင်ငံတကာ မည်သည့်လက်မှတ်များရထားသည်ဟု ဖော်ပြထားသော်လည်း မူလထုတ်လုပ်သည့် နိုင်ငံ၏ဆေးဝါးခွင့်ပြုချက်၊ ထုတ်လုပ်ခွင့် တစ်စုံတစ်ရာမျှ မပါရှိပေ။ ထို့အပြင် လက်ရှိဖြန့်ချိသော နိုင်ငံ၏ ဆေးဝါးခွင့်ပြုချက် အမှတ်အသားလည်း တစ်စုံတစ်ရာ မပါရှိပေ။

ထို့ကြောင့် အဆိုပါဆေးဝါးများကို နိုင်ငံတွင်းသို့ တရားဝင် တင်သွင်းခြင်းမဟုတ်ဘဲ အောက်လမ်း မှောင်ခိုလမ်းများမှ တင်သွင်းလာခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ် မြန်မာနိုင်ငံတွင်း၌တွင်ပင် လျှို့ဝှက်စွာ ထုတ်လုပ်ပြီး အခြားသော နိုင်ငံများမှ ထုတ်လုပ်တင်သွင်းဖြန့်ချိသယောင် ပြုလုပ်ထားခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

ထိုဆေးဝါးများ၏ ဆေးတံဆိပ်များတွင် လက်ရှိဆေးဝါးကို မြန်မာနိုင်ငံတွင်း ဖြန့်ချိရောင်းချနေသော်လည်း မြန်မာနိုင်ငံရှိ ကုမ္ပဏီရုံးခန်းလိပ်စာသည် လည်းကောင်း၊ ဆက်သွယ်ရန်လိပ်စာ တစ်စုံတစ်ရာသည် လည်းကောင်း မပါရှိပေ။

အဆိုပါ ဆေးဝါးကို ဖြန့်ချိရောင်းချရာတွင်လည်း ဖြန့်ချိသူများ သာသိသော လျှို့ဝှက်လမ်းကြောင်းများဖြင့် ဆက်သွယ်၍ အိမ်တိုင်ရာရောက် သွားရောက်ပြီး ရောင်းချကြ၏။ မည်သည့်ဆေးဆိုင်တွင်မျှ တင်မရောင်းကြပေ။ ရောင်းချသူနှင့် ဆေးဝါးသုံးစွဲသူတို့ တိုက်ရိုက်ဖြန့်စနစ်၊ တစ်ဦးချင်း ဆက်သွယ်ရောင်းချသည့်စနစ်ကို ကျင့်သုံးကြ၏။

ထို့အပြင် သီးသန့်နေရာသတ်မှတ်၍ အုပ်စုငယ်များဖွဲ့ပြီး သင်တန်းပေးကြ၏။ သင်တန်းပေးသည်ဆိုသော်လည်း ဆေးဝါးဆေးပညာသဘောတရားတို့ထက် ဆေး၏ အစွမ်းထက်မြက်သော အာနိသင်ကို ပြောပြစည်းရုံးသော၊ ဆေးရောင်းချပေးသူများ၏ ကြီးမားသော ရပိုင်ခွင့်များ၊ အခွင့်အရေးများ၊ ငွေကြေးများ မက်လုံးများအကြောင်းတို့ကိုသာ ဦးစားပေး ပြောဆိုစည်းရုံးကြ၏။

မက်လုံးများပေး၍ ပြောဆိုစည်းရုံးရာတွင် ပြင်ပဆေးရောင်းချသူထက် အဖွဲ့ဝင်အဖြစ် ဆေးရောင်းချပေးသူက မည်ကဲ့သို့ ထူးကဲသော



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးများရမည့်အကြောင်း၊ လူဘယ်မျှစည်းရုံးနိုင်လျှင် အဆင့်မည်မျှတက်၍ ဆေးမည်မျှရောင်းချနိုင်လျှင် ငွေကြေးဘယ်နှဆရမည်ဖြစ်ကြောင်း၊ ထို့ထက်ပို၍ စွမ်းဆောင်နိုင်လျှင် တိုက်၊ ကား၊ နိုင်ငံခြားခရီးစသည်တို့ပါ ရရှိခံစားရမည် ဖြစ်ကြောင်း မက်လုံးပေးကြ၏။ ရာသက်ပန်ဘဝတစ်သက်လုံးအတွက်၊ နောင်ရေးအတွက် မည်မျှခိုင်လုံသွားမည်ဖြစ်ကြောင်းအထိ မက်လုံးပေးကြ၏။

ထိုမက်လုံးများဖြင့် ထိုလုပ်ငန်းနှင့်ပတ်သက်သောလူများ၏ မှောင်ခိုလုပ်ငန်း၌ ကောင်းစွာစေစားအသုံးချကြ၏။ သူတို့၏ မှောင်ခိုလုပ်ငန်းမှာ ခေတ်သစ်မှောင်ခိုလုပ်ငန်းမျိုး ဖြစ်သဖြင့် အကာအကွယ်ပေါင်းများစွာပြုလုပ်ထားသဖြင့် တော်ရုံကြည့်ရုံမျှဖြင့် မှောင်ခိုလုပ်ငန်းမှန်း မသိသာနိုင်ပေ။ သို့ပါသောကြောင့် သူတို့၏လုပ်ငန်းတွင် မသိနားမလည်သူများသည် သားကောင်များဖြစ်သွားကြရ၏။ သူတို့၏ လှည့်ကွက်ပရိယာယ်တို့သည် နက်နဲငုပ်ကွယ်လွန်းသဖြင့် သိနိုင်ခဲကာ အချို့ဆိုလျှင် ပညာတတ်များ၊ ငွေကြေးချမ်းသာသူများပင်လျှင် သူတို့ကျော့ကွင်းကွန်ရက်ယန္တရားတွင် နယ်ရုပ်များဖြစ်သွားကြရသည်များပင် ရှိ၏။

### အခြေအမြစ်မရှိသော်လည်း ဈေးအကြီးဆုံး

အထက်ပါအတိုင်း လိပ်စာမပါ၊ ဆေးနည်းမပါ၊ ခွင့်ပြုချက်မပါ၊ လိုင်စင်နံပါတ်မပါ စသည့် ဘာမပါညာမပါသော အင်တာနက်မှ ကြော်ငြာဆေး၊ အွန်လိုင်းမှ ကြော်ငြာဆေး၊ တရားမဝင် လက်ကမ်းကြော်ငြာများဖြင့်ကြော်ငြာသောဆေး၊ ရပ်ကွက်တွင်းသင်တန်းငယ်လေးများ၊ အချင်းချင်း တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ပြီး ရောင်းသောဆေး၊ ရပ်ကွက်အတွင်းရှိ လူအချင်းချင်း လက်တို့ပြီး အကြီးအကျယ် အမွှမ်းတင်ကာ ရောင်းချသောဆေး၊ တစ်အိမ်တက်ဆင်း တိုးတိုးကြော်ငြာပြီး ရောင်းချသောဆေးတို့သည် မည်သည့် ခိုင်မာမှု တစ်ခုတလေမျှ မရှိသော်လည်း သူတို့ဆေး၏ တန်ဖိုးကား ကြီးမားလှလေ၏။ ထိုဆေးတို့၏ တစ်လစာလျှင် တစ်သိန်း၊ နှစ်သိန်းမှသည် လေး၊ ငါးသိန်းအလယ်၊ သိန်းဆယ်ဂဏန်းများအထိ ရှိကြလေ၏။ ထို့ကြောင့်ဆေး၏ တစ်ရက်စာတန်ဖိုးမှာ လေး၊ ငါးထောင်မှသည် သောင်းဂဏန်းအသေး၊သောင်းဂဏန်းအကြီးများအထိ ကုန်ကျကြရလေ၏။ သူတို့၏ ဆေးများသည် အဘယ်အတွက်ကြောင့် ထိုမျှ ဈေးကြီးရပါသနည်း။ သူတို့၏ ဆေးညွှန်းဖော်ပြချက်များအရဆိုရပါမူ သဘာဝသစ်သီးသစ်ဥသစ်ဖုများမှ ထုတ်လုပ်သည်ဟုဆိုခြင်း၊ ဆေးညွှန်းများ၊ လက်ကမ်းကြော်ငြာများ၊ ဆေးတံဆိပ်များတွင် ဖော်ပြထားသည့်ပုံများအရ ဖော်ပြထားသည့်ပုံများတွင် ပါဝင်သည့်သစ်သီးသစ်ဥသစ်ဖုံပုံများမှာ စပျစ်သီးများ၊ နှင်းသီးများ၊ သလဲသီးများ၊ ရဲယိုသီး၊ ဆီးသီး၊ စတော်ဘယ်ရီသီး၊ မင်းဂွတ်သီး၊ ရှားစောင်းလက်ပပ်၊ လင်ဇီးမှို၊ ဂျင်ဆင်း၊ ကြက်သွန်ဖြူ ပဲပင်ပေါက်အနွယ်ဝင် ပဲအမျိုးအစားများ စသည်တို့သာ ပါဝင်နေကြောင်း တွေ့ရပါသည်။

၎င်းတို့ထဲမှ အများစုမှာ ဈေးနှုန်းသက်သာပြီး ပေါများစွာ ထွက်ရှိသောရုက္ခပစ္စည်းများ ဖြစ်ပါသည်။ ထိုအထဲမှ အနည်းစုသာ ဈေးနှုန်းအတန်ငယ်ကြီးသောပစ္စည်း ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် အဆိုပါ ဆေးတို့၏ဈေးနှုန်းမှာ မည်သည့်အတွက်ကြောင့် အဆမတန် ကြီးမြင့်ရပါသနည်း။ ဤနေရာ၌ အဆမတန်ဟုဆိုရခြင်းမှာ ဖြစ်သင့်သည့် မူလတန်ဖိုးထက် ဆယ်ဆမက၊ အဆတစ်ရာမကတင်ထားသောကြောင့် ဖြစ်ပါသည်။ ထုတ်လုပ်သည့် နည်းစနစ်အား မည်သည့်နည်းစနစ်ဖြင့် ထုတ်လုပ်သည်ဖြစ်စေ ထိုမျှလောက်မကုန်ကြနိုင်သောကြောင့်ပင် ဖြစ်၏။

ထိုကဲ့သို့ အဆရာထောင်ချီ၍ အမြတ်တင်ပြီး ရောင်းချသော လုပ်ငန်းမျိုးကို လူယဉ်ကျေးမှု ရှုထောင့်အရ လည်းကောင်း၊ လူကျင့်ဝတ်သိက္ခာပိုင်းမှ လည်းကောင်း၊ ဘာသာရေးရှုထောင့်မှ လည်းကောင်း၊ မည်သည့်ရှုထောင့်မှကြည့်ကြည့် အရုပ်ဆိုး အကျည်းတန်သောကိစ္စ ဖြစ်ပါသည်။ လွန်စွာ ကိုယ်ချင်းစာတရားခေါင်းပါးသောကိစ္စ ဖြစ်ပါသည်။ မည်သည့်နည်းဖြင့်ကြည့်ကြည့် သမ္မာအာဇီဝမဖြစ်ဘဲ မိစ္ဆာဇီဝသာ ဖြစ်ပါလိမ့်မည်။ တစ်နည်းအားဖြင့်ဆိုရပါက လူအချင်းချင်း လှည့်ပတ်ခြင်းလုပ်ငန်းသာ ဖြစ်ပါသည်။

ထိုကဲ့သို့ မူလရှိရင်းတန်ဖိုးအမှန်ထက် အဆရာထောင်မက တန်ဖိုးအဆမတန်မြှင့်ထားပြီး အမျိုးမျိုးသော ဖုံးကွယ်မှု၊ လိမ်လည်မှု၊ ကြီးကျယ်သောဝေါဟာရပြုထားမှု၊ အစွမ်းသတ္တိဆိုင်ရာ အဆမတန် မြှင့်တင်ထားမှုတို့ကို ထိုဆေးဝါးအား အောက်ခြေမှ လက်တွေ့ရောင်းချပေးရသောလူများက အမှန်အတိုင်း ရိပ်မိသိရှိချင်မှ သိပါလိမ့်မည်။ သို့သော် ထိုဆေးဝါး၊ ပစ္စည်းတို့ကို အမှန်တကယ်ထုတ်လုပ်ခဲ့သည့် အစစ်အမှန်တန်ဖိုးနှင့် တကယ့် ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ပစ်မှတ်ရှာဖွေချက်များကိုကား နောက်ကွယ်မှ မဟာဗျူဟာချမှတ်ပေးနေသည့် ကြိုးကိုင်ဆရာကြီးများက အသိဆုံး ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်လည်း အောက်ခြေဈေးကွက်တွင် ဆေးအများဆုံးရောင်းချနိုင်သူ (ဝါ) သားကောင် အမဲပစ်မှတ်အများဆုံးရှာ ဖွေပေးနိုင်သူအား ငွေကြေးကို လည်းကောင်း၊ အသင်းအဖွဲ့ဝင်အဆင့်အတန်း တိုးမြှင့်မှုကို လည်းကောင်း၊ အခြားများစွာသော ဂုဏ်ပြုမှုများကို ပြုလုပ်ပေးကြခြင်း ဖြစ်၏။ ထိုကဲ့သို့ ကြီးကျယ်သော ငွေကြေးသုံးစွဲမှု၊ အကုန်အကျခံမှုတို့ကို အဆိုပါတစ်ဦးတည်းအားသာ ပြုလုပ်ပေးခြင်းမဟုတ်။ ထိုပုဂ္ဂိုလ်၏ သက်ဆိုင်ရာ ပတ်သက်ရာပတ်သက်ကြောင်း ပုဂ္ဂိုလ်အဆင့်ဆင့်တို့အားပါ မက်လုံးပေးဆွဲဆောင်သည့် ငွေကြေးသုံးစွဲမှုများ၊ ဂုဏ်ပြုမှုများ ပြုလုပ်ကြ၏။

ထိုသို့ပြုလုပ်ပြီး သူတို့အဖွဲ့ဂိုဏ်းဂဏအင်အားကို တိုးချဲ့ကာ သူတို့၏ အင်ပါယာနယ်ပယ်ကို ချဲ့ထွင်ကြ၏။ ရှေ့အဖွဲ့ဝင်များကို မက်လုံး



www.burmeseclassic.com

www.burmeseclassic.com

များများပေးပြီး သာမကပြကာ နောက်အဖွဲ့ဝင် ပဉ္စမံလက်မရှိတပ်သားသစ်များ ပိုမိုရရှိစေလေ၏။ ထိုသို့ လုပ်ငန်း ကြီးထွားရန် လိုအပ်သော ကုန်ကျစရိတ်များအား မည်မျှပင် ထုတ်နုတ် ကုန်ကျရသော်လည်း သူတို့အိတ်ထဲမှ တစ်ပြားတစ်ချပ်မျှ မကုန်ကျရပေ။ လူနာတို့ထံမှရသည် အဆမတန် အမြတ်တင်ထား၍ ရသောငွေကြေးတို့ဖြင့်သာ ငါးကြင်းဆီနှင့်ငါးကြင်းကြော် သုံးစွဲရသောကြောင့်ဖြစ်၏။ အဆိုပါ ဆေးကုမ္ပဏီတို့သည်ငွေကြေးတို့ကို ဗုံးပေါလအော သုံးစွဲပြီးသည့်အပြင် သူတို့အတွက်ကားကြီးကျယ်သော အမြတ်အစွန်းများရရှိကာ အလျှံပယ် ကြွယ်ဝချမ်းသာနေကြပါသည်။

ထိုကဲ့သို့သော ကြီးကျယ်သည့်အမြတ်အစွန်းများ၊ ငွေကြေးများကိုမည်သည့်နေရာမှ ရရှိကြပါသနည်းစဉ်းစားကြည့်လျှင် ခပ်ရှင်းရှင်းပင်တွေ့မြင်နိုင်ပါသည်။ ထိုငွေတို့ကို လူနာတို့ထံမှသာရရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း လူနာတို့ထံမှ အဆမတန် အမြတ်အစွန်းတင်ထားသည့်ကိစ္စမှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားနေပါသည်။ သို့ပါသောကြောင့် အောက်ခြေတွင် ပဉ္စမံတပ်သားအဖြစ် အသုံးချခံနေကြရသူများသည် ထိုကိစ္စကို သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ ပါဝင်လှုပ်ရှားနေသူများသည် လူအချင်းချင်း လှည့်ပတ်သည့်လုပ်ငန်း၊ မတရားအမြတ်တင်လှည့်ပတ် ဖြားယောင်းလုပ်ကိုင်သည့်ဒုစရိုက်လုပ်ငန်းကြီး(ဝါ)ဒုစရိုက်ဂိုဏ်းကြီးတွင် ပါဝင်နေသည့် အကုသိုလ်အလုပ်များကို စိတ်တူသဘောတူ လုပ်ကိုင်နေခြင်း ဖြစ်ကြောင်း နားလည်ထားသင့်ပါသည်။ သို့ပါသောကြောင့် အဆိုပါ မိမိ၏ အကုသိုလ်အကျိုးဆက်တို့သည် မိမိတို့၏ ယခုပစ္စုပ္ပန်ဘဝတွင်ရော နောင်အနာဂတ်ဘဝနှင့် သံသရာတွင်ပါ နွားခြေရာနောက်သို့အစဉ်လိုက်နေသည့် လှည့်ဘီးပမာဖြစ်နေမည်ကိုကား ယုံမှားသံသယမဖြစ်အပ်ပေ။

**အကျိုးအမြတ်ကြီးသလောက်**

**ဘာမှတာဝန်မယူရသည့်လုပ်ငန်း**

ဤလုပ်ငန်းသည် အမြတ်အစွန်း အဆရာ၊ ထောင်ချီ၍ တင်ယူနိုင်ပြီး နောက်ကွယ်မှ အဓိကလက်သည်ကို ကိုယ်ယောင်ဖျောက်ထားသဖြင့် ဘာတာဝန်ကိုမှမယူကြောင်း ထုတ်ဖော် ပြသနေခြင်းပင် ဖြစ်၏။ အကယ်၍ ထိုဆေးဝါးသောက်ပြီး တစ်စုံတစ်ရာ ပြဿနာပေါ်ခဲ့လျှင်လည်းကောင်း၊ အသက်အန္တရာယ်ထိခိုက်ခဲ့လျှင်သော် လည်းကောင်း၊ ရာသက်ပန် မစွမ်းမသန်ဖြစ်သွားခဲ့လျှင်သော်လည်းကောင်း မည်သူ့ကို တာဝန်ယူစေမည်နည်း။ မည်သူ့ကို နစ်နာကြေးတောင်းမည်နည်း။ မည်သူ့ကို တရားတဘောင်အရေးဆိုမည်နည်း။ ထိုသူတို့အား ထိန်းချုပ်ထားသည့် ဆေးဝါးဥပဒေသည် လည်းကောင်း၊ အမိန့်တစ်စုံတစ်ရာ ကန့်သတ်ချက်သည် လည်းကောင်း၊ သူတို့အပေါ် တစ်စုံတစ်ရာ ထိန်းချုပ်မှုပြုနိုင်မည့် အာဏာတစ်ရပ်သည်လည်းကောင်း မည်သို့မျှ မသက်ရောက်နိုင်အောင် သူတို့သည် လုံခြုံစွာ တိမ်းရှောင်နေနိုင်မှုကို ကြိုတင်၍ အကွက်ကျကျ စီစဉ်ထားသောကြောင့် ဖြစ်၏။

ထို့အပြင် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ်သည် သူတို့လက်ထဲတွင်သာရှိ၏။ ထိုဆေးဝါးများ စသည့်ပစ္စည်းများထဲတွင် သူတို့ထည့်ချင်ရာထည့်နိုင်သည်။ သူတို့ထုတ်လုပ်သည့်ပစ္စည်း၊ဆေးဝါးများကို စစ်ဆေး ကွပ်ကဲ ကြပ်မတ်ပေးမည့်သူလည်း မရှိပေ။ သူတို့၏ ဆေးဝါးများကို စစ်ဆေး ကွပ်ကဲဖို့ နေနေသာသာ သူတို့ထုတ်လုပ်သည့် ပစ္စည်းများ ဆေးဝါးများကို မည်သည့်အရပ်၊ နေရာ၊ ဒေသတွင် ထုတ်လုပ်သည်ဆိုခြင်းကိုပင် မည်သည့်အစားအစာနှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲ စစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးတစ်ယောက်ကမျှ သိရှိခြင်း မရှိပေ။

ထို့မှတစ်ဖန် သူတို့သည် သူတို့၏ ဆေးဝါးများ၊လူသုံးပစ္စည်းများထဲတွင် အစွမ်းအာနိသင် အပြကောင်းစေရန် (ဝါ) သမားဂုဏ်ပြကောင်းစေရန် အစားအစာနှင့် ဆေးဝါးများ လူသုံးကုန်ပစ္စည်းများတွင် အသုံးပြုရန်မသင့်သည့်ဆေးဝါးများ၊ ဓာတုပစ္စည်းများ၊ လတ်တလော အာနိသင်အပြကောင်းသော်လည်း ရေရှည်တွင်ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို ထည့်ချင်လည်းထည့်နိုင်ပါသည်။ သို့တည်းမဟုတ် ခွင့်ပြုသည့် ဆေးဝါး၊ ဓာတုပစ္စည်းကိုပင် ကန့်သတ်ထားသည်ထက် ပိုမိုထည့်သွင်းနိုင်၏။ ဤကိစ္စများသည် အလွန်ပင် သိမ်မွေ့ပါသည်။ နက်နဲပါသည်။ သိမြင်နိုင်ခဲပါသည်။ ရေတို့ဖြင့်လည်း အဖြေမဖော်ပါ။ နှစ်ပေါင်းများစွာကြာမှလည်း ပေါ်ချင်ပေါ်မည်။

ထိုမျှမက သူတို့သည် သူတို့ဆေးဝါးများ၊ ပစ္စည်းများအား အရောင်အသွေးလှစေရန်၊ ရနံ့ကောင်းစေရန်၊ အရသာကောင်းစေရန် အမျိုးမျိုးသော ဓာတုပစ္စည်းများ၊ အတုအစားထိုးပစ္စည်းအမျိုးမျိုးကို အသုံးပြုမည်ကား သေချာလှသည်။

အထူးသဖြင့် သူတို့သည် ယခုအခါ ရေတိုပြဿနာပေါ်နိုင်မည့်ပစ္စည်းတို့ကို ရှောင်ကြမည် ဖြစ်သော်လည်း တဖြည်းဖြည်းဖြင့် ဤလုပ်ငန်းငန်းသည် လွန်စွာ အကျိုးအမြတ်ကြီးသည့်လုပ်ငန်းဖြစ်ကြောင်း သိရှိလာကြသဖြင့် အပြိုင်အဆိုင် လိုက်လုပ်လာကြမည်ဖြစ်၏။ ထိုအခါ မိမိဆေးပစ္စည်း၊ သမားဂုဏ်အစွမ်းပြကောင်းစေရန် အစွမ်းအာနိသင်ပြင်းသည့်ပစ္စည်းများကို ထည့်သွင်းကြမည် ဖြစ်၏။ ထိုသို့ အစွမ်းအာနိသင်ပြင်းသည့်ဆေးပစ္စည်းတို့သည် ဘေးထွက်ဆိုးကျိုးအန္တရာယ်ကား ကျိန်းသေပေါက်ဖြစ်ပေါ်လာမည် ဖြစ်၏။

ထို့အပြင် သူတို့လုပ်ငန်း၏ လွတ်လပ်ခွင့်ရနေသည့်အကြောင်းမှာ သူတို့သည် ၎င်းတို့၏ဆေးပစ္စည်းကို ဆေးဝါးဟု မသတ်မှတ်ဘဲ ဓာတ်စာလိုလို၊ အာဟာရပစ္စည်းလိုလိုဖြင့် ဟိုလိုလိုဒီလိုလိုလုပ်ထားကြ၏။ ထို့ကြောင့် တိုင်းရင်းဆေး၊ ရိုးရာဆေးများဆိုင်ရာ ဆေးဝါးစစ်ဆေးရေးအဖွဲ့များကလည်း မိမိတို့နှင့်မဆိုင်ဟု ဆိုပြီး ဘေးဖယ်ထား၏။ထို့အတူ အနောက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းဆေးဝါးစစ်ဆေးရေးအဖွဲ့များကလည်း ၎င်းတို့နှင့်မဆိုင်ဟုဆိုပြီး ဘေးဖယ်ထား၏။ ထို့ကြောင့် ၎င်းတို့သည် ကြားချောင်ပြီး လွတ်နေကြ၏။ ထိုမျှမက ၎င်းတို့၏စီစဉ်ထားရှိမှု အကွက်စေ့ပုံမှာ ၎င်းတို့၏ဆေးကို မည်သည့်ဆေးဆိုင်၊ ဆေးခန်းတွင်မျှ တင်မရောင်းဘဲ သုံးစွဲမည်သူ၏လက်ထဲသို့ တိုက်ရိုက်ထည့်ရောင်းသဖြင့် သူတို့ပစ္စည်းကို စစ်ဆေးရန် မဆိုထားဘိ ကိုယ်တိုင်သုံးစွဲသူ မဟုတ်လျှင် မြင်တွေ့ရန်ပင် အတော်ခက်ခဲသည့်ကိစ္စဖြစ်၏။ သို့ပါ၍ ဤပြဿနာကို မည်သို့ဖြေရှင်းပါမည်နည်း။ အလွယ်ဆုံးသောနည်းမှာ သုံးစွဲသူများကိုယ်တိုင် သတိရှိရန်ကား အရေးကြီးဆုံး ဖြစ်ပါမည်။

သူတို့လုပ်ငန်း၏ နောက်ထပ်အားသာချက်တစ်ရပ်မှာ လုပ်ငန်းတည်နေရာနှင့် လိုင်စင်အထောက်အထား အခိုင်အမာမရှိသဖြင့် သူတို့လုပ်ငန်းကို အမြတ်ခွန် စသည်တို့ကောက်ခံခြင်း၊ ပြင်ဆန်းခြင်းတို့လည်း တစ်စုံတစ်ရာမျှ မပြုနိုင်သောကြောင့် ဖြစ်၏။

ထို့အပြင် သူတို့လုပ်ငန်း၏ နောက်ထပ်အားသာချက်မှာ ရောဂါတစ်ရပ်အတွက် သီးသန့်ရောဂါကုဆေး မဟုတ်သဖြင့် ဟိုရောဂါပျောက်သလိုလို ဒီရောဂါပျောက်သလိုလိုနှင့် ဟိုလိုဒီလိုလုပ်ထားသဖြင့် ဆေးဝယ်သောက်ပြီး ရောဂါမပျောက်လျှင်လည်း ရှောင်တိမ်းနိုင်ပါသည်။

ထိုမျှမက သူတို့ဆေးဝါးပစ္စည်းများကို ဈေးကွက်တွင် တိုက်ရိုက်ရောင်းချသူအများစုမှာ ဆေးဝါးကိုရော ဆေးပညာကိုပါ မတတ်ကျွမ်းသူ သာမန်အရပ်သားများသာ ဖြစ်ပါသည်။ သူတို့ကား ဆေးညွှန်းနှင့် လူသုအား ဆွဲဆောင် စည်းရုံးနိုင်မည့် အဟောအပြောမျိုးကိုသာ သင်ကြားလေ့ကျင့်ပေးထားသည့် သင်တန်းမျိုး၊ ဆွေးနွေးပွဲမျိုးကို တက်ရောက်ဖူးသူများသာ ဖြစ်ပါသည်။ ထို့ကြောင့်သည်း တွေ့သမျှ ရောဂါကို ဤဆေးဖြင့် ပျောက်ရမည်ဟု အာမခံပြောကြားကာ ဆေးကိုသာ အတင်းရောင်းကြ၏။ အကယ်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပါက ဆေးသဘောတရား၊ ရောဂါသဘောတရားတို့ကို မသိနားမလည်သော ထိုသူများက မည်သို့ဖြေရှင်းပါမည်။ သို့သော် အချို့နေရာများတွင် ယုတ္တိရှိစေရန်နှင့် လူအထင်ကြီးစေရန် ဆရာဝန်အချို့ကို ဈေးကောင်းပေး၍ ခန့်အပ်ထားသည်လည်း ရှိ၏။

**ရောဂါသက်သာတိုင်း ဆေးကောင်းဟု မဆုံးဖြတ်သင့်**

သာမန်အရပ်သားများ၊ ဆေးပညာမသိနားမလည်သူများက လတ်တလော ရောဂါဝေဒနာ သက်သာလျှင် ဆေးဟု ဆုံးဖြတ်မှားကြ၏။ ဆေးဝါးတို့၏သဘောတွင် ရေတိုတွင် ဆေးစွမ်းပြ ရောဂါသက်သာပြီး ရေရှည်တွင် ဘေးအန္တရာယ်ပိုကြီးသော ဆေးလည်းရှိ၏။ ထို့အပြင် ဆေးဝါးတစ်ရပ်သည် မည်သည့်ရောဂါကိုမျှ မပျောက်ကင်းဘဲ သက်သာရုံမျှသာ ပြုစွမ်း၏။ ၎င်းဆေးကို မသောက်ဘဲ ဖြတ်လိုက်သည်နှင့် ရောဂါထပြန်၏။ ထိုအခါ ဆေးမဖြတ်ရဲတော့ဘဲ ပြန်သောက်ရတော့၏။ တစ်သက်လုံး ထိုဆေးဝါးအပေါ်တွင်သာ လုံးလုံးမှီခိုနေရတော့မည့် ဆေးမျိုးဖြစ်၏။ ဆေးရောင်းသူမှ ထိုလူနာအပေါ် တစ်သက်လုံး ဆေးရောင်းစားပြီး ချုပ်ကိုင်သွားမည့်ဆေးမျိုး ဖြစ်၏။ ယခု ဈေးကွက်တွင် ဈေးကြီးကြီးဖြင့် မှောင်ခိုရောင်းချနေသည့် ဆေးမျိုးမှာ ဤဆေးမျိုးတို့က ပို၍များ၏။

- - ဆေးပညာသဘောတရားအရ ဆိုရပါမူ သက်ဆိုင်ရာ အမှန်တကယ်ဖြစ်ပွားနေသည့် ရောဂါကို တိုက်ရိုက်ကုထုံးဆေးဝါးနည်းစနစ် ကုထုံးတို့ဖြင့် မကုသဘဲ အပေါ်ယံကြောမျှသာဖြန်း၍ ကုသနေခြင်း၊ သက်သာသည်ဟုထင်ရသော ဆေးမျိုးကိုသာ တကယ့်ကုထုံးဟု ထင်မှတ်ပြီး အမြဲအစွဲအသုံးပြုနေခြင်းသည် အလွန်အန္တရာယ်ကြီးလှပါသည်။ မူလရောဂါကိုလည်း မကြီးထွားသင့်ဘဲ ကြီးသထက်ကြီးအောင် အားမွေးအချိန်ပေးသကဲ့သို့ ဖြစ်စေသည်ကို သတိပြုရပါမည်။

ဆက်လက်ပြီး ငွေကြေးအတော်အသင့်သုံးစွဲရုံဖြင့် သက်ရှည်ကျန်းမာရေးအတွက် ကောင်းစွာကျေးဇူးပြုကာ နှလုံးအား၊ သွေးအား၊ ကိုယ်ငွေ့ (ဥသ္မာအား) တို့ကို အထူးကောင်းမွန်စေသည့် ဆေးတော်တစ်လက်ကို သုံးစွဲသူများကိုယ်တိုင် လက်တွေ့ ဖော်စပ်ပြီး စိတ်ချစွာ မှီဝဲနိုင်သောဆေးတစ်လက်ကို ဖော်ပြလိုပါသည်။

**သက်ရှည်ကျန်းမာအားဆေး**

၁။ ဇီရာ (၄) ပဲသား၊
၂။ ဇာတိပ္ဖိုလ်သီး (၄) ပဲသား၊
၃။ ဖာလာ (၄) ပဲသား၊
၄။ ပန်းနု (၄) ပဲသား၊
၅။ သစ်ကြံပိုးခေါက် (၄) ပဲသား၊
၆။ ဆေးပုစွန်ထုပ် (၄) ပဲသား၊
၇။ သန်လျက်ကြီး (၄) ပဲသား၊
၈။ ဥပသကာ (၄) ပဲသား၊
၉။ ကွက္ကရာ (၄) ပဲသား၊
၁၀။ ကြံ့သွေး (၄) ပဲသား၊
၁၁။ ကုံကုမ (၄) ပဲသား၊
၁၂။ ငှက်သိုက် (၄) ပဲသား၊
၁၃။ ငါးကြီးအန်ဖတ် (၄) ပဲသား၊
၁၄။ ဂေါ်ရောစဉ်း (၁) ပဲသား၊
၁၅။ ဒန္တကူးနီ (၈) ပဲသား၊
၁၆။ နံ့သာနီ (၂) ကျပ်၊ (၄) ပဲသား၊
၁၇။ နံ့သာဖြူ (၂) ကျပ်၊ (၄) ပဲသား၊
၁၈။ နွယ်ချို (၂) ကျပ်၊ (၄) ပဲသား၊
၁၉။ လေးညှင်း (၃) ကျပ်၊ (၄) ပဲသား

တို့ကို မှန်ကန်စွာစုယူပြီး အမှုန့်ပြုပါ။ အမှတ်စဉ် (၁၁၊ ၁၂၊ ၁၃၊ ၁၄) တို့ကို သီးခြား ထုထောင်းပြီးမှ အားလုံး ရောစပ်ရပါမည်။ ၎င်းကို ပျားရည်ကောင်းကောင်းဖြင့်တေ၍ နေ့စဉ် ညပိုင်း၌ တစ်ခွက်စာ (၄) ပဲသားစားပါ။ ပုံမှန်စွဲစားသွားပါက နှလုံးရည်သန့်ခြင်း၊ သွေးသန့်ခြင်း၊ ကိုယ်ငွေ့ကောင်းခြင်း၊ သွေးသစ်သွေးကောင်းဖြစ်စေခြင်း၊ သက်ရှည်ကျန်းမာခြင်းအကျိုးများကိုရရှိစေပါသည်။

*ကျန်းခံ့သာ၍မာပါစေ*

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

အားလပ်နေချိန်များတွင် စာရေးဆရာပီပီ ကုန်ကြမ်းရှာရင်း ခရီးထွက်လိုသည်မှာ လူ့စိတ်ပင် ဖြစ်ပါလိမ့်မည်။ တစ်ဦးတည်းလည်း ခရီးမထွက်လို၊ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ၊ တပည့်ရင်းများဖြင့် တပျော်တပါးထွက်လိုသည်။ အိမ်က SUNNY (pick up) ကားကလေးကလည်း 99 Model။ အလွန်သန္တေကောင်းသည်။ ခရီးအကြိမ်ကြိမ်ထွက်ဖူးသည်။ မချူချာ။ သို့သော် (ပ) အက္ခရာ ဖြစ်သဖြင့် မကြာမတင် ဖျက်သိမ်းရန် ကညနသို့ အပ်ရပေတော့မည်။ယခင်က မထိခိုက်မပွန်းပွဲ့ရအောင်ဂရုစိုက်ပြီး ရွှရွှကလေးစီးခဲ့သော်လည်း ယခုတော့ နှမြောစရာမရှိတော့။ ခပ်ကြမ်းကြမ်း စီးနိုင်ပေပြီ။ အိမ်အနီးမှ ဦးတင်မောင်တို့၊ ကိုမိုးကျော်တို့ ကားများက မော်ဒယ်နိမ့်၊ နံပါတ်နိမ့် (ထ)၊ (ဒ)အက္ခရာများ ဖြစ်ကြသော်လည်း ကညန မအပ်ဘဲ ဝယ်သူလာသဖြင့် ရောင်းကြရာ သိန်း (၁၃၀)၊ (၁၄၀) ရကြသည်။ ကျွန်တော်တို့ အလှည့်ကျတော့မှ ကားဟောင်းဈေးကွက် ကကျပြီး ဝယ်ရန်လာမေးမည့်သူပင် မရှိတော့။ ကံအကျိုးပေးပေ့ါလေ။

ခရီးဝေးရက်ကြာကြာထွက်ရန် အဖော်ရှာတော့လည်း ပင်စင်စားသစ်တောအရေးပိုင် ဦးနေအောင်က အသက်အရွယ်ကြီးချေပြီ။ သူ၏ စီးပွားရေးလုပ်ငန်းများဖြင့် ရက်ကြာကြာ ခရီးဝေးမလိုက်နိုင်တော့။ တောအုပ်ကိုဇော်မင်းနှင့် ကျော်စိန်ဝင်းတို့ကလည်း သူတို့၏ မိသားစုကိစ္စများကြောင့် မလိုက်နိုင်ပြန်ပါ။ သာယာဝတီနယ်ဘက်က တပည့်ကျော်များ ဖြစ်ကြသည့် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့အား စာရေးအကြောင်းကြားထားသော်လည်း အကြောင်းမပြန်ကြသေးပါ။ တစ်ခါ





www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ ကျော်ကြီးပါ အဆစ်ပါသွားတာ။အမှန်က သူတို့နှစ်ယောက်လုံးဝ မဟုတ်ဘူး ဆရာ၊ အချောင်နာမည်ကြီးလို့ ခံရတာ။ ဒါကြောင့် အခု အာမခံရတာ တရားခံ မမိသေးတော့ တရားသေမလွှတ်ပေးဘဲ အာမခံပဲ ပေးမှာ"

"ဟေ- အဲဒါဆို ဘယ်သူ့လက်ချက်လဲ၊ မြွေပွေး ပိုးထိခံရတာပေါ့ နော်။ ဒီကောင်တွေတော့ မဟုတ်ဘဲခံရတာ အောင့်သက်သက်နေမှာပဲ"

"ဟုတ်တယ်ဆရာ၊ အမှန်က ကျွန်တော့်လက်ချက်ပဲ။ သူတို့အိမ်ဘက်သွားရင်း အပြန်အသုံးစရိတ်လိုနေတာနဲ့ ကြုံတုန်းသမလာခဲ့တာ"

"တန်ဖိုးအတော်များသလား"

"သိန်းရာဂဏန်းလောက် ပါ ဆရာရယ်။ ခရီးသွားဟန်လွှဲ အပျင်းပြေ လွယ်လွယ်ရတာနဲ့ တစ်ဦးတည်း ဖောက်ခဲ့တာ"

"ဟကောင်ရ၊ ဟိုကောင်တွေ မသိဘူးလား"

"မသိဘူး ဆရာ၊ သူတို့ အချောင်ခံရတာ။ ကျွန်တော်ကလည်း မပြောရသေးဘူး။ ကျွန်တော် အပြင်ကပဲ လိုအပ်သမျှ ထောက်ပံ့နေတာ။ ကျွန်တော်လည်း မရည်ရွယ်ပါဘူး ဆရာ။ အဲဒီညက ကျွန်တော် ပုသိမ်မြို့အပြင် သဘော်ဆိပ်ကတက်ပြီး ည (၉) နာရီလောက်ပေါ့။ သူခိုးမြင့်သိန်းတို့အိမ်အသွား လမ်းမှာ မင်းသမီးရွှေဆိုင်သိမ်းနေတာနဲ့ကြုံတယ်။ အာမခံ တရုတ်သော့ကြီး တံခါးမှာ ခတ်နေတယ်။ ကျွန်တော့်လက်ကလည်း အလိုလိုယားလာတယ်။ မြင့်သိန်းတို့နဲ့တိုင်ပင်ပြီးလုပ်ဖို့ပဲ။ သယ်န်းကျွန်းဘုရားလမ်းက မြင့်သိန်းတို့အိမ်သွားတော့ သူတို့အိမ်ခြေရင်းအိမ်က အသုဘဖြစ်နေတယ်။ အသုဘရှိတော့ ဖဲဝိုင်းရှိတာပေါ့။ မဏ္ဍပ်ထဲမှာ မြင့်သိန်းနဲ့ ကျော်ကြီး ဖဲရိုက်နေတာတွေ့ရပါတယ်။ ကျွန်တော်လည်း ကျွန်တော့် အဆောင်တွေကြောင့် အသုဘအိမ်ထဲ မဝင်တော့ဘူး။ လှမ်းခေါ်ရင်လည်း ပတ်ဝန်းကျင်ကမှတ်မိမယ်။ နောက်ပြီး သူတို့ကို နောက်ချင်စချင်တာနဲ့ ပြန်ထွက်ခဲ့တယ်။ သူတို့က တစ်ညလုံးရိုက်မှာဆိုတော့ သက်သေ အလီဘိုင်ပြနိုင်တယ်လေ။ နာမည်ကြီးလို့ အချုပ်ခံရလည်း ခဏပေါ့လို့ စဉ်းစားမိတာနဲ့ ကျွန်တော် တစ်ဦးတည်း လုပ်ခဲ့တာပါ"

"အင်း - အဲဒီနှစ်ကောင်က ရဲမှတ်တမ်းတင် နာမည်ကျော် ဖောက်ထွင်းသမားတွေဆိုတော့ ထိခနဲဆို ဖမ်းဆွဲပြီပေါ့။ မင်းကို သူတို့က ဆက်သွယ်အကူအညီတောင်းတာလား"

"ဒါကတော့ ထုံးစံအတိုင်းပေါ့ ဆရာရယ်၊ ဒီညီအစ်ကိုတွေပဲ ရှိကြတာ။ ကျွန်တော် အကျိုးအကြောင်းသိရတော့ ရန်ကုန်က ကျွန်တော့်လူယုံကိုယ်စားလှယ်နဲ့ ရှေ့နေငှားပေးတယ်။ ထောင်ဝင်စာကိစ္စနဲ့ လိုအပ်တာတွေ ဝယ်ဖို့ခြမ်းဖို့၊ ပေးကမ်းဖို့တွေကို ကျွန်တော်ကပဲ နောက်ကွယ်က ပံ့ပိုးကူညီခဲ့တာပါ"

"ရဲက မင်းမှန်းမရိပ်မိနိုင်ဘူးလား"

"မရိပ်မိနိုင်ဘူး ဆရာ။ ကျွန်တော်က မြင့်သိန်းတို့အိမ်ကို မဝင်ခဲ့ဘူးလေ။ လူရိပ်လူယောင်တောင်မပြခဲ့ဘူး။ အဝေးက လှမ်းအကဲခတ်ပြီး လူတွေများတော့ ပြန်လှည့်ခဲ့တယ်။ ရွှေဆိုင်ကိုလည်း ခပ်တည်တည် ရှေ့ကဝင်၊ သော့ဖွင့်ပြီး စောစောစီးစီး သမခဲ့တာ။ ပိုင်ရှင်လိုလို ဘာလိုလိုပေါ့ ဆရာရယ်။ ပြီးတာနဲ့ ညတွင်းချင်း မန္တလေးအမြန်ရထားနဲ့ ပြန်ခဲ့တာ။ ရွှေဆိုင်အဖောက်ခံရတာလည်း မနက်ဖွင့်တော့မှ သိမှာပါ ဆရာ။ ကျွန်တော်တို့ သမ္မာရင့်သူခိုးကြီးတွေ လက်ရာမှန်း မသိအောင်လည်း ရွှေဆိုင်ထဲမှာမွှေနှောက်ပစ်ခဲ့တယ်။ မြင့်သိန်းနဲ့ ကျော်ကြီးက အသုဘအိမ်ဖဲဝိုင်းကယ်လို့ သက်သေ အလီဘိုင်ပြနိုင်းပြီး ဒီနေ့ အချုပ်အာမခံရကြမှာပါ"

"သူတို့တွေ မင်းလက်ချက်မှန်း သိရင်တော့ မင်းကို ကောင်းကောင်း ဆဲကြလိမ့်မယ်"

"မဆဲစေရပါဘူး ဆရာရယ်၊ ကျွန်တော့်ကို ကျေးဇူးတောင်တင်နေဦးမယ်။ သူတို့ ဖောက်ထွင်းမှုမှာ မပါပေမယ့် အနစ်နာခံရတဲ့အတွက် ကျွန်တော်က ရှယ်ယာခွဲပေးဦးမှာပါ။ ဒါနဲ့ ဆရာ ထောင်ထဲကို လိုက်ခဲ့ဦးမှာလား"

"မလိုက်တော့ဘူး၊ မင်းကိုယ်တိုင်လည်း ထောင်ဝင်းထဲ မဝင်နဲ့။ ထောင်ဘူးဝ အပြင်ဆိုင်တစ်ခုက စောင့်နေ။ ကလေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး ခေါ်ခိုင်း။ ရဲက အရပ်ဝတ်နဲ့ ဖြစ်စေ၊ ယူနီဖောင်းနဲ့ ဖြစ်စေ ဒီကောင်နှစ်ကောင်ကို စောင့်ကြည့်နေမှာ အသေအချာပဲ။ မင်းတောင် ရုပ်ဖျက်သွားသင့်တယ်။ ပြီးရင် ငါ့အိမ်ခေါ်လာခဲ့။ ငါ မန္တလေးကို ခရီးထွက်ဖို့ မင်းတို့ကို မျှော်နေတာ။ အခုအချိန် မင်းလည်း ရန်ကုန်မှာမနေတာ အကောင်းဆုံးပဲ"

"ဟုတ်ကဲ့ပါ၊ ဒါနဲ့ ဆရာ၊ ခရီးက ဘယ်တော့ထွက်ကြမှာလဲ"

"မင်းတို့ ငါ့အိမ်ရောက်တာနဲ့ ချက်ချင်းထွက်မယ်။ ငါ ကားအဆင်သင့်လုပ်ပြီး စောင့်နေမယ်"

"ဟိုကောင်တွေရဲ့ အစားအသောက်နဲ့ အဝတ်အထည်ကိစ္စကော ဆရာ"

"လမ်းကျ ကြုံရာမြို့မှ စီစဉ်ပေးတာပေါ့။ မင်းလည်း သူတို့ကို ကြိုရင် ကား အဆင်သင့်ငှားထား။ ထောင်အနီးမှာ စားသောက်မနေကြနဲ့။ ချက်ချင်း ပြန်လာခဲ့ကြ။ ရဲက နောက်ယောင်ခံလိုက်, မလိုက်လည်း သတိထား။ ဒါနဲ့ ငါသိသမျှ ထောင်အထက အချုပ်အာမခံဆိုရင် ညနေပိုင်းလွှတ်တာ၊ မနက်ပိုင်းလွှတ်တာက ထောင်ကျတွေ"

"သူတို့ညက ရုံးပြန်နောက်ကျတယ်ဆရာ၊ မှတ်တမ်းဝင် သူခိုးကြီးတွေမို့ ရုံးရှေ့မလွှတ်ဘဲ ထောင်ပြန်ပို့တာ။ ဒါကြောင့် ထောင်က လူကျန်အနေနဲ့ စောစောလွှတ်ပေးတာပါ"

ပုဏ္ဏားတင်ဦးထွက်သွားသည်နှင့် ကျွန်တော့်ကားကို ဆီ၊ ရေ၊ ဝိုင် စစ်ဆေးပြီး စက်နှိုးကြည့်သည်။ ဘဉ် ကောင်းသော ကားကလေးမှာ သခင့်အလိုကျ အဆင်သင့်၊ ဓာတ်ဆီ (၁၀) ဂါလံဝင် (၂) ပုံးနှင့် အသုံးအဆောင်များတင်သည်။ ကားဆီတိုင်ကီအတွင်း၌လည်း ဓာတ်ဆီက အပြည့်။



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်တစ်ပုံးနှင့်Tool Box၊ သောက်ရေသန့်ဘူးကြီးနှစ်လုံးနှင့် စပယ်ယာတာယာကို စစ်ဆေးပြီးတော့ ကျွန်တော့်အလုပ်ပြီးပြီ။ ယာဉ်မောင်းကတော့ ကျွန်တော်နှင့် သူခိုးမြင့်သိန်း၊ ကျော်ကြီးတို့က ကျွမ်းသည်၊ ပုဏ္ဏားတင်ဦးကတော့ ယာဉ်မောင်းဖို့ မပြောနှင့် စက်ဘီးတောင်မစီးတတ်။

ကျွန်တော် မနက်စာစားပြီး ရေချိုးအဝတ်လဲပြီးသည်နှင့် ပုဏ္ဏားတင်ဦး ခေါင်းဆောင်ပြီး တပည့်များ လမ်းလျှောက် ဝင်လာကြသည်။ ကားကို လမ်းမကြီးပေါ်၌ ရပ်ခိုင်းပြီး ခြေရာဖျောက်၍ ဝင်လာခြင်း ဖြစ်သည်။ ဖောက်ထွင်းဝိဇ္ဇာ၊ နာမည်ကြီးသူခိုးများ ဖြစ်ကြသဖြင့် အရိပ်အကဲ ပါးနပ်ကြပေသည်။

❐

"ကဲ- ကားပေါ်တက်ကြ၊ မန္တလေးက ပုဏ္ဏားက လူစိမ်းဆိုတော့ ကားရှေ့ခန်းကစီး။ ဟိုနှစ်ကောင်က အနောက်ခန်းကလိုက်ခဲ့။ ခေါင်းခန်းနားကပ်ပြီးစီးကြ။ ထောက်ကြန့်ကျော်မှ လွတ်လွတ်လပ်လပ်စီး။ အဲဒီကျမှ အစာကျွေးမယ်၊ အဝတ်ဆင်မယ်"

"ဟုတ်-ဆရာ"

ကျွန်တော့်အထာကို သိသော တပည့်များက ဘယ်သွားမည်၊ ဘယ်လာမည် ပြန်လှန်မမေး။ လူလွတ်များဖြစ်ကြ၍လည်း နောက်ဆံတင်းစရာမလို။ ကျွန်တော် ကားကို ကိုယ်တိုင်မောင်း၍ ရပ်ကွက်တစ်ဖက်ထိပ်မှ လှည့်ပြီးထွက်ခဲ့သည်။ ထင်သည့်အတိုင်းပင် ပုဏ္ဏားတို့ ကားရပ်ခဲ့သောလမ်းမကြီးပေါ်၌ ရဲကားရောက်နေပြီး အနီးရှိ ဈေးဆိုင်များအား စုံစမ်းမေးမြန်းနေသည်။

"တွေ့လား ပုဏ္ဏား၊ မင်းတို့အဘတွေ နောက်ယောင်ခံပြီး လိုက်လာကြတာ"

"ဟုတ်ပါ့ ဆရာရယ်၊ သိသိကလေးပဲနော်။ ဒါနဲ့များတောင် ကျော်ကြီးတို့ကို ဘာကြောင့် လွှတ်ပေးရတာလဲ"

"သူတို့မဟုတ်မှန်း သိပေမယ့် တွင်းဆက်နောက်ကို လိုက်တာပေါ့ကွာ"

ကျွန်တော် ကားကို အင်းစိန်လမ်းမကြီးမှ ပါရမီလမ်းသို့ ချိုးဝင်ပြီး ပြည်လမ်းမပေါ်သို့ တက်လိုက်သည်။ ထိုမှ ထောက်ကြန့်ဘက်သို့ အေးဆေးစွာမောင်းခဲ့တော့သည်။ ထောက်ကြန့်က စားသောက်ဆိုင်တစ်ဆိုင်တွင် မနက်စာဝင်၍ ကျွေးမွေးပြီး အနီးရှိ ဆံပင်ညှပ်ဆိုင်တွင် ဆံပင်တိုတိုညှပ်စေသည်။ ထိုအချိန်တွင် ပုဏ္ဏားတင်ဦးက မြင့်သိန်းနှင့် ကျော်ကြီးတို့အတွက် အဝတ်အစားနှင့် အသုံးအဆောင်များ သွားရောက် ဝယ်နေပြီဖြစ်သည်။ တစ်နာရီခန့်ကြာတော့ အဝတ်အစားပုံစံများပြောင်း၍ ခရီးဆက်ထွက်ခဲ့ကြပါသည်။ ညောင်လေးပင်ရောက်မှ နေ့လယ်စာစားကြသည်။ အချိန်က မွန်းလွဲ(၁)နာရီခန့်။

"ကဲ-ဟေ့ လွတ်ကင်းနယ်မြေရောက်ပြီ။ စားချင်ရာစား၊ သောက်ချင်ရာသောက်တော့။ မင်းတို့ကိုလွတ်လပ်ခွင့်ပေးတယ်"

မြင့်သိန်းက-

"(၆)လလောက် ထောင်ထဲမှာနေခဲ့ရတော့ အရက်တောင် ပြတ်သွားပါပြီ ဆရာရယ်"

"ဒါဆို မသောက်တော့ဘူးပေါ့၊ လိမ္မာလိုက်တာကွာ"

"မဟုတ်ဘူး ဆရာ၊ အခုမှ အတိုးချသောက်မှာ"

"ဟား . ဟား . ဟား ချီးမွမ်းတာ စောသွားတယ်"

"ကျော်ကြီးကကောကွာ"

"ကျွန်တော်တို့ကို ချောက်ချတဲ့ ပုဏ္ဏားကို မကျေနပ်ဘူးဆရာ။ သူ့ကို ညှဉ်းတဲ့အနေနဲ့ အဝသောက်မယ်"

ထိုစဉ် ပုဏ္ဏားက -

"သောက်ကြပါ၊ စိတ်ကြိုက်သောက်ကြပါ။ ငါ့မှာ မင်းတို့ကို ပြုစုဖို့ သိန်း (၅၀) တောင် ယူလာခဲ့တာ ကုန်အောင်သာ သုံးကြစမ်းပါ။ မန္တလေးအိမ်ရောက်ရင်လည်း မင်းတို့အတွက် နစ်နာကြေး ဝေစုပေးမယ်"

"အေး - အဲဒါမှ တို့ ပုဏ္ဏားကွ။ ဘော်ဒါစိတ်ရှိတယ်။ ဒါနဲ့ တို့ကို မန္တလေးအိမ်ရောက်ရင် ဘယ်လောက်စီခွဲပေးမယ်"

"သိန်း (၅၀) စီ ခွဲပေးမယ်"

"မနည်းဘူးလား"

"မြင့်သိန်းရယ်၊ ငါတစ်ယောက်တည်းလုပ်ရတာကွ။ မင်းတို့ ထောင်ထဲမှာ (၆) လ နေရတုန်းကလည်း ထောင်ဝင်စာ တစ်ပတ်တစ်ကြိမ် နှစ်ယောက်စာ မှန်မှန်ပို့တယ်။ မင်းတို့ ခိုင်းလို့ ဟိုလူ့ပေးဒီလူ့ပေးကလည်း ရှိသေးတယ်။ နောက်ပြီး ရှေ့နေငှားတာနဲ့လမ်းစရိတ်နဲ့ ငါ့မှာ သိန်း(၁၀၀) လောက်ကုန်သွားတယ်"

"ဘယ်လောက်ရသလဲ ပုဏ္ဏား"

ကျွန်တော်က ဝင်မေးရာ -

"သိန်း (၅၀၀) လောက်ပါ ဆရာရယ်"

မြင့်သိန်းက-

"ကျေးဇူးပဲ ပုဏ္ဏားရေ၊ ငါတို့ကတော့ ပုဏ္ဏားကျေးဇူးကြီးတယ် ဆိုပြီး ထောင်ကထွက်တာနဲ့ နှစ်ယောက်ပေါင်းရှာပြီး ပြန်ဆပ်ဖို့ တိုင်ပင်ထားကြတာ"

ကျော်ကြီးက-

"ကျေးဇူးပဲ ပုဏ္ဏားရေ၊ ကျွန်တော်တို့ ဘုမသိဘမသိ အဖမ်းခံရပြီး ထောင်ထဲရောက်တော့ ထောင်က အရင်လို မဟုတ်တော့ဘူးဗျို့။ တီဗီတွေ၊ သောက်ရေသန့်တွေ၊ ရေလောင်းအိမ်သာတွေနဲ့။ သန့်သန့်ရှင်းရှင်း အဆင့်မြင့်နေတာ။ အစားအစာကလည်း အရင်လိုမဟုတ်ဘူး။ အတော် သန့်တယ်။ တစ်ပတ်နှစ်ကြိမ်၊ အသားကျွေးတယ်။ ကျွန်တော်တို့က အချုပ်သားဆိုတော့ အဆောင်သန့်ရှင်းရေးကလွဲပြီး ဘာအလုပ်မှလဲ မလုပ်ရတော့ ထောင်ထဲမှာ စားလိုက်၊ အိပ်လိုက်၊ စကားပြောလိုက်နဲ့ ဗိုက်ကျနေကြတာ၊ ကျွန်တော်တို့ကိုကြည့်ပါလား၊ (၆) လလောက် ထောင်ထဲမှာ အနားယူလိုက်တာ ဝပြီးအသားအရေတောင် စိုပြည်လာတယ်"

"အေးအေး- အပြန်ကျတော့ ထောင်ထဲပြန်နားပေါ့။ အခု အင်းစိန်ထောင်ပိုင်ကြီးက ငါ့ဘော်ဒါပဲ။ အင်းစိန်ရဲစခန်းမှူးကလည်း ငါ့မိတ်ဆွေ။ ငါပြောဆိုပြီး အပ်ပေးပါ့မယ်"

"အဲအဲ-မလုပ်ပါနဲ့ ဆရာရယ်၊ ထောင်ထဲမှာ ဘယ်လောက်ပဲ အနေအထားကောင်းကောင်း မလွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးဆရာ။ အချိန်နဲ့ အိပ်ရတာ၊ အချိန်နဲ့အိပ်။ အချိန်နဲ့စားရတာ။ အပြင်မှာလို ဖဲဝိုင်းလည်းမရှိ၊ အရက်ဆိုင်လည်းမရှိနဲ့ ပြီး - ပိုဆိုးတာက ထောင်ထဲမှာ ဆေးလိပ်ကင်းစင်နယ်မြေဖြစ်သွားတော့ ကျွန်တော်ရောက်စက အတော်ဒုက္ခရောက်တယ် ဆရာရယ်"

သူခိုးမြင့်သိန်းက အရက်သောက်နေရင်း စီးကရက်တဖွာဖွာဖြင့်ဝင်၍ကန့်ကွက်သည်။ ကျွန်တော့်တပည့်များအား ကျွန်တော် သဘောကျစွာ ကြည့်လိုက်တော့ ပုဏ္ဏားဆင်ထားသည့် လည်ကတုံးရှပ်အင်္ကျီဖြူ လက်တိုကိုယ်စီ၊ ဦးဘဂျမ်းပုဆိုးနှင့် လွန်စွာ သပ်ရပ်သားနားနေကြသည်။

ညောင်လေးပင်မြို့က ကားပြန်ထွက်တော့ ကျွန်တော်နှင့် ပုဏ္ဏားက နောက်ခန်းပြောင်း၍ လွတ်လပ်စွာ စီးကြသည်။နောက်ခန်း၌နှစ်ယောက်တည်းမို့ ထိုင်ခုံပေါ် ခြေထောက်ဆန့်၍လည်း စီးလို့ရသည်။ မြင့်သိန်းနှင့် ကျော်ကြီးက ရှေ့ခန်းပြောင်း၍ တစ်လဲစီမောင်းကြသည်။ Pick up ကား၏ အားနည်းချက်က ရှေ့ခန်းနှင့် နောက်ခန်း စကားပြော၍မရခြင်းပင်။ ပိန်းဇလုတ်၊ ကျောက်တံခါး၊ ဖြူး၊ ဇေယျဝတီအထိ လမ်းဘေး၌ ကောက်စိုက်သမများ၊ လှည်းမောင်းသူများ၊ ဈေးဆိုင်ကလေးများ၌ ကုလားလူမျိုးများသာ အများစု တွေ့ရသည်။ ကျွန်တော်တို့ တောင်ငူမြို့ကို ရောက်တော့ မွန်းလွဲ (၂) နာရီကျော်ခန့်။ ထီးနိုကန်ရပ်ကွက် ဘောလုံး ကွင်းအနီးရှိ မြန်မာဘီယာဆိုင်တွင် ခေတ္တနားရင်း အပန်းဖြေသောက်ကြပြန်သည်။

"ဆရာ၊ ဒီည ဘယ်မှာ ညအိပ်မှာလဲ"

သူခိုးမြင့်သိန်းကမေးလာသည်။ ကျွန်တော်ကလည်း သွားမည့်နေရာကို အတိအကျပြောမထား။ မန္တလေးဘက်ပဲဟု အကြမ်းဖျင်း ပြောထားသည်။

"လောလောဆယ် ကျောက်ဆည်ကို သွားမယ်။ အဲဒီကရွာတစ်ရွာမှာ နှစ်ရက်၊ သုံးရက်နားပြီး ညအိပ်မယ်။ အခုသွားမယ့်ကိစ္စက မန္တလေးလည်းသွားရင်း မင်းတို့သူခိုးတွေအတွက် သိဒ္ဓိတင်ပေးဖို့လည်းပါတယ်"

"ပုဏ္ဏား၊ ဒီနေ့ဘာနေ့လဲ"

"သောကြာနေ့ဆရာ"

အဲဒါပြောတာ မဟုတ်ဘူး။ မြန်မာလို ဘယ်နှရက်နေ့လဲလို့ မေးတာကွ"

"ဟုတ်ပါ့ဆရာရယ်၊ ကျွန်တော်တောင် မေ့တော့မလို။ တန်ဆောင်မုန်းလပြည့်နေ့ ဆရာ။ မနက်ဖြန် လပြည့်ကျော် (၁)ရက်နေ့"

"ကျွန်တော်တို့ သူခိုးကြီးတွေ အင်းဝက သူခိုးကြီးငတက်ပြားရဲ့ မရှိခဏဘုရားမှာ သိဒ္ဓိတင် ဆုတောင်းပွဲလုပ်ရမှာ။ မြင့်သိန်းတို့ကိစ္စနဲ့ ကျွန်တော်တောင် မေ့နေမိတယ်"

"အေး - အဲဒါကြောင့် ငါက တံပွားဦး အင်းဝနဲ့နီးတဲ့ ရွာကလေးတစ်ရွာမှာ စတည်းချပြီး မင်းတို့ကို ပါရမီဖြည့်ပေးမလို့ပါ"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

❐

ကျွန်တော်တို့ကားကလေး နေပြည်တော် လယ်ဝေးမြို့ဝင်ခါနီးတော့ အရှေ့တွင် ခရီးသည်တင်အဝေးပြေးကားကြီးတစ်စီးပျက်နေဟန်ဖြင့် လမ်းဘေး၌ ရပ်ထားသည့် ခရီးသည်များလည်း အောက်ဆင်းနေကြသည်။ ထိုစဉ် ကားစပယ်ယာဖြစ်ဟန်တူသူက ကျွန်တော်တို့ကားကိုလှမ်းတားသည်။ ကျော်ကြီးက ကားကို ရပ်မေးတော့-

"ကားဆရာ၊ တစ်ဆိတ်လောက် ကူညီပါ။ ကျွန်တော်တို့ ကားပေါ်မှာ မွေးမယ့်လူနာပါလာပါတယ်။ အဲဒါ ဗိုက်နာနေလို့ အချိန်မီ နေပြည်တော် ဆေးရုံကြီးပို့ဖို့ ကူညီစေချင်ပါတယ်"

"သူ့မှာအဖော်ကောပါသလား"

"ပါပါတယ်၊သူ့ညီမပါပါတယ်"

"အေး - အဲဒါဆိုလည်း တင်ဗျာ။ ကျွန်တော်တို့ ဆေးရုံကြီးအထိ အသေအချာ လိုက်ပို့လိုက်ပါ့မယ်။ စိတ်ချပါ"

ကိုယ်ဝန်ဆောင်အမျိုးသမီးအား မိန်းမအဖော်နှစ်ယောက် တွဲလာပြီး ညီမဖြစ်ဟန်တူသူက ခရီးဆောင်လက်ဆွဲအိတ်နှင့် အသုံးအဆောင်ပစ္စည်းများ မနိုင်မနင်း ဆွဲလာသဖြင့် မြင့်သိန်းနှင့် ကျော်ကြီးက ဝိုင်းကူညီကြသည်။ ထိုင်ခုံများအား ခေါက်ပြီး ကြမ်းပြင်၌ ဖျာခင်း၍ ထိုင်ကြသဖြင့် မြင့်သိန်းနှင့် ကျော်ကြီးလည်း ကြမ်းပြင်၌ ထိုင်ကြသည်။ ပုဏ္ဏားနှင့် ကျွန်တော်က ရှေ့ခန်းပြောင်းပြီး ကျွန်တော်က ကားကို ဖြည်းဖြည်းမှန်မှန်မောင်းသည်။ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော် ပျဉ်းမနားမှာ (၈) မိုင်ကျော်ခန့်သာ ဝေးသဖြင့် နာရီဝက်ခန့်နှင့် နေပြည်တော်ဆေးရုံကြီးရှေ့သို့ ရောက်သည်။ ဆရာမများက ဆီးကြိုပြီး လူနာအား မွေးခန်းထဲသို့ ပို့၊ ကျွန်တော်တို့လည်း လူမှုရေးအရ ဧည့်ခန်းထဲ၌ထိုင်စောင့်နေကြရသည်။ နာရီဝက်ခန့်ကြာတော့ ညီမဖြစ်သူအမျိုးသမီးကလေး မွေးခန်းထဲမှထွက်လာပြီး-

"ကျေးဇူးတင်လိုက်တာ အစ်ကိုတို့ရယ်၊ အစ်မမွေးပါပြီ။ ယောက်ျားကလေး မွေးပါတယ်။ မိခင်ရောကလေးပါ နေကောင်းကြပါတယ်။ အချိန်မီကလေးပါ။ လမ်းမှာသာဆိုရင် မတွေးဝံ့စရာဘဲ"

"ရပါတယ် ညီမရယ်၊ ကူညီထိုက်လို့ ကူညီရတာပါ။ ဒါနဲ့ ညီမတို့က ဘယ်မြို့ကလဲ"

"ကျောက်ဆည်မြို့ ဆူးကုန်းရပ် တောင်ပိုင်းကပါရှင့်။ ကျွန်မက အလယ်တန်းပြဆရာမပါ။ မော်မော်လို့ခေါ်ပါတယ်။ မမနာမည်က သော်သော်ပါ။ သူ့ယောက်ျားက မလေးရှားမှာ အလုပ်သွားလုပ်နေတော့ မွေးဖွားခါနီး မိဘအိမ်ကို ပြန်ခေါ်လာတာပါရှင့်"

"ကျွန်တော်တို့လည်း ကျောက်ဆည်ကိုသွားကြမှာပါ။ မိဘတွေလိပ်စာပြောလိုက်ပါ။ ဝင်ပြီး အကြောင်းကြားပေးပါ့မယ်"

"ကျေးဇူးပါပဲအစ်ကို။ ဦးဘစိန်၊ ဒေါ်သောင်းလို့ ခေါ်ပါတယ်။ ဆူးကုန်းရပ် တောင်ပိုင်း ရောက်တာနဲ့ ဘယ်သူ့မေးမေး ရပါတယ်။ အဖေ၊ အမေတွေက အသက်ကြီးနေကြပြီ။ မောင်လေးနဲ့ ညီမလေးက ငယ်သေးတော့ လိုက်မလာကြဖို့ ပြောပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေးအေး - ကောင်းပါပြီကွယ်"

ထိုစဉ် ပုဏ္ဏားတင်ဦးက သူ့လွယ်အိတ်ကြီးကို ဇစ်ဖွင့်၍ တစ်ထောင်တန်ငွေစက္ကူအုပ်များ ထုတ်ပြီး-

"ညီမမှာ ငွေအင်အားနည်းလိမ့်မယ်။ ရော့ - ဟောဒီမှာ ငွေသုံးသိန်း၊ အစ်ကိုတို့အဖွဲ့က ကူညီတာ"

"ဟာ - မလုပ်ပါနဲ့ အစ်ကို၊ ကျွန်မမှာလည်း လေး,ငါးသောင်းပါလာပါတယ်။ မမမှာလည်း ပါလာမှာပါ။ အခုလို ကူညီတာလိုပဲ ကျေးဇူးတင်လှပါပြီရှင်"

"ယူလိုက်ပါ ညီမရယ်၊ အစ်ကိုတို့ကလှူဒါန်းတာပါ။ ဒီငွေသောက်ကအစ်ကိုတို့အတွက် မပြောပလောက်ပါဘူး။ဒုက္ခရောက်နေသူတွေကိုကယ်တင်တာဟာ အစ်ကိုတို့အလုပ်ပါ"

"ဟုတ်ကဲ့ပါ အစ်ကို၊ ဒါဆိုခဏစောင့်ကြပါဦး။ ကျွန်မ စာရေးပေးလိုက်ပါရစေ။ ကျွန်မတို့ မိဘတွေအိမ်ကိုဝင်ဖြစ်အောင် ဝင်လည်ပါနော်"

ဆရာမလေး မွေးခန်းထဲ ပြန်ဝင်သွားပြီး (၁၅) မိနစ်ခန့်ကြာတော့ သူနာပြုဆရာမကလေးနှင့်အတူ မွေးကင်းစ ကလေးလေးအား ပိုက်၍ထွက်လာပါသည်။ ကလေးမှာ နီရဲနေပြီး မဟာနဖူးနှင့် ခြေတံ၊ လက်တံ ရှည်ရှည် (၆) ပေါင် ရှိကြောင်း သိရသည်။

"ဒီမှာ ကျွန်မ စာရေးပေးလိုက်ပါတယ်။ အဖေနဲ့အမေကို ပေးပေးပါ ဆရာ။ ကလေးရော မိခင်ပါ နေကောင်းကြောင်း ပြောပေးပါ ဆရာ။ ဒီည ကျွန်မတို့အိမ်မှာပဲ ညစာစားပြီး ညအိပ်တည်းခိုကြပါရှင့်"

"အေးကွယ် - အားလုံးစိတ်ချရရင် အစ်ကိုတို့ သွားမယ်။ အရေးကြီးရင် ဖုန်းဆက်လိုက်ပါ။ ဒီမှာ အစ်ကို့ရဲ့ လိပ်စာကတ်နဲ့ ဖုန်းနံပါတ်"

"ဟုတ်ကဲ့ပါ အစ်ကို"

ကျွန်တော်တို့ ဆက်ထွက်ခဲ့ရာ ညနေ (၆) နာရီခန့်တွင် ကျောက်ဆည်သို့ ရောက်သည်။ ဆူးကုန်းရပ် မော်မော်တို့ အိမ်ရှေ့ရောက်တော့ ညနေ (၆:၃၀)။ အိမ်ထဲမှာ ကလေးတစ်ဦး ထွက်လာသဖြင့် စာပေးလိုက်တော့ အိမ်သားအားလုံး ထွက်ကြိုကြသည်။

အသက် (၆၀) ခန့်ရှိသော အဘိုးကြီးနှင့် ဇနီးဖြစ်သူတို့က ကျွန်တော်တို့အား အိမ်အပေါ်ထပ်သို့ခေါ်သွားပြီး နေရာထိုင်ခင်းပေးသည်။

"ကျေးဇူးတင်လိုက်တာ မောင်ရင်တို့ရယ်၊ အချိန်မီအောင် ဆေးရုံပို့ပေးတယ်၊ ငွေလည်းသုံးသိန်းတောင် ကူညီတယ် ဆိုတာ ဒီခေတ်မှာရှားပါးတဲ့ အကူအညီပါပဲ။ ကဲ- ခရီးပန်းလာတော့ ရေချိုးကြပါ။ ပြီးမှညစာထမင်းစားကြရင်း စကားပြောကြတာပေါ့။ ကဲ- အငယ်ကောင်၊ ဦးတို့ရေချိုးရအောင် ကူညီလိုက်။ အငယ်မက ညစာအတွက် ပြင်ဆင်"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော်တို့ကို ရေမိုးချိုးပြီး ညစာစားကြသည်။ ဟင်းက ပဲအမျိုးမျိုးဟင်းများနှင့် အသီးအရွက်ကြော်၊ ခွေးတောက်ရွက်ဟင်းချိုနှင့် ကြက်ဥမွှေကြော်သာ ဖြစ်သည်။ ငရုတ်သီးဆားထောင်းကလေးလည်း ပါသဖြင့် စား၍မြိန်သည်။ ညစာစားပြီး လက်ဖက်သုပ်နှင့် ရေနွေးကြမ်းဝိုင်းထိုင်ကြတော့ အဘက စကားစတော့သည်။

"အဘက အရင်က သစ်တောဌာနက တောခေါင်းကြီးပါ။ နေပြည်တော်ပျဉ်းမနား တောင်ညိုတောဘက်မှာ တာဝန်ကျတယ်။ ပင်စင်ယူခါနီး တစ်လလောက်အလိုမှာ သစ်တောစစ်ရင်း တောထဲမှာ ကျားနဲ့ ရင်ဆိုင်နေရတဲ့ ရသေ့ကြီးတစ်ဦးကို အသက်ကယ်လိုက်ဖူးတယ်။ ကျားကလည်း မာန်အတော်ကြီးတဲ့အကောင်။ အဘတို့ဝိုင်းပြီး သေနတ်နဲ့ပစ်လို့ သေခါနီးဆဲဆဲမှာတောင် ရသေ့ကြီးကို လက်နဲ့ ပုတ်သွားသေးတယ်။ အဲဒါကြောင့် အဘတို့က ရသေ့ကြီးကို စောင်ပုခက်နဲ့ ထမ်း၊ သစ်တောရုံးရောက်တော့ သစ်တိုက်ကားကြီးနဲ့ မြို့ဆေးရုံပို့ရတယ်။

ရသေ့ကြီးရတဲ့ ဒဏ်ရာဟာ အတော်ပြင်းတော့ ဆေးရုံအချိန်မီ ရောက်လို့ မသေတာ။ တစ်လလောက်ကြာအောင် ဆေးရုံမှာ ဆေးဝါးကုသမှုခံရတယ်။ အဘတို့လည်း မကြာခဏ သွားကြည့်ပြီး လိုအပ်တာလေးတွေ ထောက်ပံ့ပါတယ်။ ရသေ့ကြီးဆေးရုံကဆင်းတော့ အဘလည်း ပင်စင်ကျတဲ့နေ့ အလွဲအပြောင်းတွေ လုပ်နေတုန်း ရသေ့ကြီး အဘတို့သစ်တောရုံးကို ရောက်လာပြီး အဘကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ဟောဒီ ကြေးနီ မြေပုံလိပ်ကလေးပေးတယ်။ နေပြည်တော်ပျဉ်းမနားတောကြီးထဲက ရတနာသိုက် မြေပုံတစ်ခုပဲ။ အဘလည်း အသက်ကြီးပြီဆိုတော့ မရှာနိုင်တော့ပါဘူး။ အခုမှ တိုက်ဆိုင်ပြီး ထိုက်တန်သို့ လူကလေးတို့ကို ပေးတာပါ။ အားကောင်းမောင်းသန် လူရွယ်တွေပဲ ရှာနိုင်ကြမှာပါ။ အဘတို့ကတော့ အသက်လည်းကြီးပြီ။ ပင်စင်စားဆိုတော့လည်း တခြားကျေးဇူးဆပ်စရာ အဖိုးတန်ပစ္စည်းလည်း မရှိပါဘူး။ ရော့- ယူပါ။ စေတနာ၊ သဒ္ဓါစိတ်နဲ့ ကျေးဇူးဆပ်တာပါ"

ကျွန်တော် မြေပုံလိပ်ကလေးအား ကိုင်ကြည့်ရင်း အံ့သြမှင်တက်နေမိသည်။ တပည့်များကလည်း အံ့သြလျက် စကားသံပင် ဆိတ်နေသည်။ ရတနာမှုဆိုး ကျွန်တော်တို့နှင့်မှ တိုက်တိုက်ဆိုင်ဆိုင်။ အိုင်းစတိုင်း၏ နိယာမအတိုင်း သက်ရောက်မှုတိုင်း တန်ပြန်သက်ရောက်မှုရှိသည်ဟူသော သဘောပေလား။ 'ဇနိတံ ပါကံ ဇနေတိ' ဟူသော တန်ပြန်အကျိုးပေးကြောင့်လော။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ စေတနာအားလက်တွေ့ အကျိုးပေးခြင်း ဖြစ်ပါသည်။ စွန့်စား၍ ရရှိပါလျှင်လည်း ကျွန်တော်တို့က အဘတို့အား မမေ့ထားမည် မဟုတ်ပါ။ အကြောင်းကြောင့် အကျိုးဖြစ်သည်။ ရရှိလာမည့် အကျိုးကြောင့်လည်း ကျွန်တော်တို့ အဘတို့မိသားစုနှင့် ပြန်လည်ဆုံတွေ့ကြရပေဦးမည်။ ဤသည်ကပင် ပဋ္ဌာန်းဆက်သဘောတရား ဖြစ်ပါလိမ့်မည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားစိပ်နေတဲ့ ပုတီးက ဆင်စွယ်ပုတီးအစစ်နော်"

"ဟုတ်တယ် ဒကာကြီး"

"ပုတီးက ကြာပြီထင်ရဲ့၊ လက်ဆီတက်ပြီး ပြောင်နေတာပဲ။ အရှင်ဘုရား အတော်စိပ်ထားဟန်တူရဲ့"

"ဒီပုတီးဟာ နှစ် (၅၀)ကျော်ပြီ ဒကာကြီးရဲ့။ ဘုန်းကြီးဆရာတော်ကြီးရဲ့ ပုတီး။ ဒါကြောင့် လက်ဆီတက်ပြီး ပြောင်ချောင်နေတာ။ ဘုန်းကြီးစိပ်ထားလို့ မဟုတ်ပါဘူး"

"ဘုန်းကြီးက ပုတီးစိပ်တာဝါသနာပါသလားလို့"

"ဝါသနာပါတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ကိုရင်ဝတ်ကတည်းက စိပ်ဖြစ်နေတာ။ ကျုပ်တို့ငယ်ငယ်က ဆရာဘုန်းတော်ကြီးက ဘုရားဝတ်တက်ပြီး ကိုရင်၊ကျောင်းသားအားလုံး နေ့စဉ် ပုတီးကိုးပတ်စိပ်ကြရတယ်။ ဒါကြောင့် ဆေးလိပ်စွဲသူ၊ ကွမ်းစွဲသူတွေလို ပုတီးကို စွဲနေတာမျိုးရယ်ပါ။ စိပ်ချိန်ရောက်ရင် စိပ်လိုက်တာပဲ"

"ပုတီးစိပ်လို့ ဘာအကျိုးထူးတွေ ခံစားရတုံးဘုရား"

"ထူးထူးခြားခြား ဘာခံစားရတယ်ဆိုတာကိုတော့ သတိမထားမိပါဘူး ဒကာကြီးရယ်။ သူလိုကိုယ်လိုပါပဲ ဒကာကြီး"

ပုတီးစိပ်ရင် အကျိုးထူးရမယ်လို့ တထစ်ချတွက်ဆထားဟန်ရှိ၏။ ဒကာကြီးက ကျုပ်စကားကို သိပ်ပြီး သဘောတွေ့ဟန် မတူ။ ကိုယ်က အကျိုးမြော်ကိုးပြီး စိပ်တာမျိုး၊ သည့်အပြင် အမိဋ္ဌာန်ဝင်ပြီး စိပ်တာမျိုးတွေမဟုတ်တော့ အကျိုးထူးဆိုတာကို သတ်သတ်မှတ်မှတ် သတိမထားမိကြောင်းကို ရှင်းပြရသည်။

ကျုပ်တို့ငယ်စဉ်တုန်းက ယနေ့ခေတ်လို တရားထိုင်ကြသည့် ဘာဝနာကိစ္စ တောရွာတွေမှာ မထွန်းကားသေး။ ဥပုသ်သည်များလည်း မနက်သီလယူ၊ အိမ်ပြန်သူက ပြန်၊ မပြန်ကြသူများကတော့ စားသောက်၊ နေ့လယ် တစ်ရေးတစ်မော အိပ်ပြီးကြလျှင် နေကုန် ပုတီးစိပ်ကြသည်။

ပုတီးစိပ်ကြတာကလည်း အစဉ်အလာအတိုင်း အရဟံ ဆိုပြီး စိပ်ကြ၏။ ဒီကနေ့ခေတ်လို ဟိုဟာဖြစ်ဖို့၊ ဒီဟာဖြစ်ဖို့ ဆိုသည့် မက်လုံးပေးကာ စိမ်ရန်ဂါထာများနှင့် ဟိုဟိုဒီဒီဝါဒ်ဉ်များကို ဖော်ပြပေးသော စာအုပ်တွေကလည်း မရှိသေး။ ဥပုသ်သည်သည် ပုတီးစိပ်ကြရမည်ဟု မိရိုးဖလာအတိုင်း စိပ်ကြခြင်း ဖြစ်၏။

နောက် စာဖတ်သွက်သည့် ကိုရင် သို့မဟုတ် ကျောင်းသားတစ်ဦးဦးကို ဇိနတ္ထပကာသနီတို့၊ ဝိမာနဝတ္ထုမြန်မာပြန်တို့၊ ဗုဒ္ဓဝင်တို့လို စာကြီးပေကြီးတွေကို ဖတ်စေပြီး စာနာကြ၏။ ထိုမှတစ်ဆင့်တက်ကာ ဘုရားကုန်းတော်ပေါ်တွင် အဘိဓမ္မာတရားပွဲအမည်ဖြင့် ရွာနီးချုပ်စပ် ကျောင်းထိုင်ဆရာတော်များကို အလှည့်ကျပင့်၍ နေ့လယ်ခင်းမှာ တရားပွဲကျင်းပကြ၏။ ကောင်းတော့ကောင်း၏။ သို့ပေမယ့် ကျောင်းထိုင်ဘုန်းကြီးတိုင်း တရားဟောတတ်ကြသည်မဟုတ်၍ ဆရာတော်များ အသက်ကြီးမှ တရားကျက်ကြရသည်။ မမေ့အောင် နေ့စဉ် လေ့ကျင့်နေကြရသည်။

ကိုယ်တိုင် တရားဟောနေ၍ အခုပြန်တွေးမိမှ ထိုစဉ်က ဆရာ

www.burmeseclassic.com

www.burmeseclassic.com

လားဘုရား"

ဟု ဆိုကာ ဆက်လာပြန်၏။


လူမထူး၍ ပုတီးများ ထူးခြားလေမလားဟု လှည့်မေးဟန်တူ၏။

"ရော့ - ဒကာကြီးရယ်၊ ခက်တော့နေပြီ။ လူမှာမှထူးမလာတာ ပုတီးက ဘယ်လိုလုပ်ပြီးထူးမှာတုံး။ ဒါပေမယ့် နှစ်ကြာတဲ့ ဆင်စွယ်အစစ်မို့ ရောင်းစားရင်တော့ ဈေးကောင်းရနိုင်တယ်ဗျ"

ဟု နောက်ပြီးပြောလိုက်တော့မှ ဒကာကြီးလည်း ဦးချ၍ မကျေမချမ်းဖြင့် ပြန်သွားတော့၏။

တစ်ရာကို ဦးစွာမျှော်ကိုးပြီး ရနိုင်ခြေရှိပါမှ အဲဒီကိစ္စကို ဆောင်ရွက်လေ့ရှိတတ်ကြ၏။

အကျိုးဆိုတာကတော့ လူ့ခံစားချက်အလိုက် အမျိုးမျိုးရှိတတ်သည်။ ဘာရမှုရယ် ညာရမှုရယ်မဟုတ်ဘဲ ကိုယ့်စိတ်ခံနှင့်ကိုယ် စာဖတ်နေရ၊ ပုတီးစိပ်နေရ၊ စာရေးနေရ၊ တရားမှနေရ၊ ပရဟိတဆောင်ရွက်နေရခြင်းတို့ဖြင့် ကျေနပ်သူတွေလည်း အများအပြားရှိကြ၏။ ဒါကို အကျိုးဘာမှမရဟု မပြောဆိုနိုင်။ ဒကာကြီး ပြန်သွားမှ ဒီပုတီးက နာနာဘာဝလက်



# အရှင်ပညာသီဟာဘိဝံသ
## ( ပဉ္စနိကာယ )

တော်များ အတော်ပင်ပန်းကြမည်ကို စာနာ နားလည်ရ၏။ ခေတ်စနစ်အရ ဖတ်စရာစာအုပ်ကလည်း တောကျောင်းတွေမှာ ပေါပေါများများမရှိ။ ပါဠိပိဋကတ်ကျတော့လည်း အများစု တတ်မြောက်ခြင်း မရှိကြ။ နောက်ခုခေတ်လို ဆဌမူရိုက်မဟုတ်၍ စာလုံးများမှာ တစ်ပြင်တည်း ဖြစ်၏။ အဖြတ်အတောက် 'စာပိုဒ်ခွဲနည်းလှ၏။ စာရှာရမလွယ်ကူ။

"ဒါဆို ဒီပုတီးနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ဖြစ်စဉ်များကော မရှိဘူး

လူသားအများစုကတော့ ပုတီးစိပ်တာတို့၊ သက်သတ်လွတ်စားတာတို့၊ အဓိဋ္ဌာန်ဝင်တာတို့ကို ဆောင်ရွက်ကြလျှင် လောကီအကျိုးတစ်မျိုးမျိုးတော့ ရနိုင်သည်ဟု အမြင်ရှိကြ၏။ အစွဲသန်ကြ၏။ 'ဒါလုပ်လို့ ဘာအကျိုးရမှာလဲ' ဆိုကာ အကျိုးတစ်စုံ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် စွဲကိုင်ခံရသည့် ပုတီးဆိုတာကို 'ငါ့နှယ်-ပြောလိုက်ရအကောင်းသား' ဟု ဘာသာတွေးမိပြီး ပြုံးမိပါသေးတော့သည်။

လွန်ခဲ့သည့် နှစ်နှစ်ဆယ်ကျော် ၁၃၄၇ ခုနှစ် ညောင်စာရေးရွာ ရွှေမချူ ဆရာတော်ကြီးသည် သက်တော်(၉၃) နှစ်တွင် ပျံလွန်တော်မူ၏။ဆရာတော်ကြီး၏ ဘွဲ့အမည်တော်မှာ ဘဒ္ဒန္တပညာဝံသ ဖြစ်၏။ ဆရာတော်ကြီးသည် နံနက်အရုဏ်တွင် ရေနွေးကြမ်းနှင့် အချိုပွဲ အနည်းငယ်မျှ၊ နေ့ဆွမ်းကိုလည်း ကိုရင်၊ ကျောင်းသားများ ကပ်တာကိုသာ ဘုဉ်းပေးတော်မူ၏။ 'ချိုတယ်၊ ချဉ်တယ်၊ ပေါ့တယ်၊ ငန်တယ်' ဘာမှမပြော။ ကိုရင်တွေ စာချပေးချိန်ကလွဲလို့ အသက်ထက်ဆုံး တစ်နေကုန် တစ်ပါးတည်း သီတင်းသုံးတော်မူပြီး ပါးစပ်ကို တွတ်တွတ်ဆိုကာ လက်ကပုတီးမချဘဲ အမြဲစိပ်နေတတ်သည်။

ဆရာတော်ကြီးသည် မနက် (၃) နာရီခွဲ နွေး၊ မိုး၊ ဆောင်း ဘယ်ကာလမဆို ကျိန်းရာမှ အမြဲထပြီး နတ်လမ်း(စောင်းတန်း)မှာ အရုဏ်တက်ချိန်အထိ စင်္ကြံလျှောက် ပုတီးစိပ်နေတတ်သည်။ ပျံလွန်တော်မူသည့် ဝါတွင်းကလွဲလို့ ဖျားတယ်နာတယ်ဆိုတာ မရှိသလောက်ဖြစ်၍ စင်္ကြံလျှောက်ပုတီးစိပ်ခြင်း နိစ္စဘတ်ဝတ်က နေ့စဉ်မပျက်။

နတ်လမ်း (စောင်းတန်း) က ကျောင်းပေါက်မှနေ ကျောင်းမကြီးအထိ တောက်လျှောက် ကျောက်ပြားခင်း၊ အမိုးနှင့်ဖြစ်၏။ အရှေ့အနောက်သွယ်တန်းထား၏။ နတ်လမ်း(စောင်းတန်း)၏ မြောက်ဘက်တွင် ခြေတံရှည်ဓမ္မာရုံကြီး ရှိ၏။ မြို့၌ ဆေးကုသ၍မရ ဆုံးပါးလာသူများကို ရွာထဲ သွင်းခွင့်မသာလျှင် ဓမ္မာရုံအောက်တွင် ထားလေ့ရှိကြောင်းကို ယခင်က ရေးသားခဲ့ဖူး၏။ နတ်လမ်းတောင်ဘက်အလယ်သာသာခန့်တွင် ကျောင်းသား၊ ကိုရင်များက သရဲရှိသည်ဟု ထင်မှတ်ခံထားရသော ကရမက်ပင်ကြီးနှင့် မန်ကျည်းပင်ကြီးတို့ ရှိကြသည်။

တစ်နေ့ စင်္ကြံလျှောက်နေစဉ် စိပ်နေသည့် ပုတီးကို နောက်ကနေ လိုက်လိုက်ဆွဲနေသလိုမျိုး ပုတီးက တင်းတင်းသွားသည်။ ဆရာတော်ကြီးက ပုတီးကြိုးငြိတာပဲလို့ ထင်နေသတဲ့။ ဒါပေမယ့် ကရမက်ပင်နှင့် တစ်ပြေးတည်း နတ်လမ်းကိုရောက်တိုင်း ထိုကဲ့သို့ ပုတီးကို စွဲထားသလိုမျိုးဖြစ်ဖြစ်နေ၍ ဆရာတော်ကြီးက လှည့်ကြည့်လိုက်တော့ ရှေ့သွားနှစ်ချောင်းသာရှိပြီး ကျန်သွားအားလုံးကျိုးနေသည့် သွားကျိုးသရဲမကြီးက ပုတီးဆွဲလျက် ဆရာတော်ကြီးကိုရယ်ပြီး ကြည့်နေသတဲ့။

ဆရာတော်ကြီးက -

"ဟဲ့ဟဲ့- ငါ့ကျောင်းမှာ ကိုရင်တွေ၊ ကျောင်းသားတွေနဲ့၊ နင် ဒီမှာ နေလို့မဖြစ်ဘူး။ သွား သွား၊ သင့်ရာသွားလို့"

ပြောတော့ ဆရာတော်ကြီးကို ရှိခိုးပြီး လေသာကုန်း (ရွာသချိုင်းကုန်း) ဘက် ထွက်သွားသတဲ့။

ထိုအကြောင်း ဘယ်လိုပေါက်ကြားပြီး ကိုရင်ကြီးများ၊ ကျောင်းသားကြီးများ သိကြသည် မသိ။ ခုတိုင်ထိုကိစ္စ အမှန်ဖြစ်ကြောင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လက်ခံ ယုံကြည်နေကြသည်။

ဆရာတော်ကြီးနှင့်ပတ်သက်၍ ဖြစ်စဉ်နှစ်ရပ်ကို ဤသို့ မှတ်မိနေသည်။

ယခင်ဆောင်းပါးတွင် ရေးသားခဲ့သည့် လောကီဆရာ ငွေဒူးသည် တစ်နေ့တွင် ဆရာတော်ကြီးထံသို့ အောင်ကြီး၊ အောင်လေးအမည်ဖြင့် သူမွေးထားသည့် သရဲ (နာနာဘာဝ) နှစ်ကောင်ကို ကျောင်းမှာ ဆရာတော်ကြီး ဘာလုပ်နေသလဲဆိုတာကို သိရအောင် လွှတ်လိုက်သတဲ့။

ဆရာတော်ကြီးသီတင်းသုံးရာ ကျောင်းသစ်လှေကားရှေ့ ရေကန်ဘေးတွင် ရှင်သူငယ်ဂမုန်းရှိ၍ ထိုရှင်သူငယ်ဂမုန်းက ဘိုးသူတော်ကြီးအသွင်ဖြင့် အောင်ကြီး၊ အောင်လေး သရဲနှစ်ကောင်ကို တောင်ဝှေးဖြင့် လိုက်ရိုက်လို့ ထွက်ပြေးကြရသတဲ့။ ကျောင်းထဲကို လုံးဝ ဝင်ခွင့်မရ ကြောင်းနှင့် ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ကျေးလက်ထုံးစံအတိုင်း ပွင့်လင်းရာသီ တပို့တွဲလ၌ ရာပနကျင်းပရန် ရုပ်ကလာပ်တော်ကို ဓမ္မာရုံပေါ်တွင် အပူဇော်ခံထားရသည်။ တစ်နေ့ ညနေစောင်းတွင် ကိုတင်စိန် ဆိုသူသည် ဆရာတော်ကြီး၏ ကျောင်းပေါ်တွင် ဘုရားဝတ်တက်၊ ပုတီးစိပ်နေစဉ် အရပ်အရှည်ကြီးနှင့် ပုံသဏ္ဌာန်ကို တွေ့ရသဖြင့် ကျောင်းအောက်ထပ်သို့ ဆင်းပြေးခဲ့ရသည်။ထိုအကြောင်းကို ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒထေရ်ကို လျှောက်ထားတော့ ဆရာတော်က ဆေးထတာဖြစ်ကြောင်း ပြောဆိုကာ ကွမ်းအစ်ထဲတွင်ရှိသော ဆေးတောင့်ကို သိမ်းသွားကြောင်း မှတ်မိနေပါသည်။

ဆရာတော်ကြီးက ရှေးဆရာတော်ကြီးပိပိ ဟိုဆေးဒီဆေး ဖော်စပ်လေ့ရှိ၏။ သည့်ပြင် ငယ်နုစဉ်က မန္တလေးမြို့တွင် စာသင်ခဲ့သူဖြစ်၍ ဗေဒင်ပညာလည်း တတ်ကျွမ်းတော်မူသည်။ ထိုခေတ် ကျေးလက်နေကျောင်းထိုင်ဆရာတော်များသည် ဗိန္ဓောဆေးပညာနှင့် ဗေဒင်ပညာတို့ကို အထိုက်အလျောက် တတ်မြောက်ထားကြရသည်။ အဘယ်ကြောင့်ဆိုသော် တော်ရုံတန်ရုံ ဖျားနာများနှင့် မျက်စိနာခြင်း၊ အပမှီခြင်းတို့၌ ဆရာတော်ပေးသောဆေး၊ ဆရာတော်တိုက်သော ရေမန်းတို့ဖြင့် ပျောက်ကင်းကြ၏။ ယုံကြည်ခြင်း၊ မေတ္တာ၊ ကရုဏာတို့ကြောင့် ဖြစ်ဟန်တူ၏။ အလှူရက်၊ မင်္ဂလာဆောင်ရက်၊ အိမ်တိုင်ထူ၊ ကျွဲ၊ နွား စသော ပစ္စည်းပျောက်ရှက်စတို့၌လည်း ဗေဒင်တွက်ပေးကြ၏။ ယနေ့ခေတ်ကဲ့သို့ ခေတ်မီဆေးများ မပေါ်များသေး။ ရိုးရာအစွဲများကိုလည်း အလွန် ယုံကြည်ကြသောကြောင့် ဖြစ်၏။

ဆရာတော်ကြီးနောက် ဆရာတော် ဘဒ္ဒန္တစန္ဒမထေရ် (ဘုန်းကြီးဝကြီး) ၏ ငန်းဆေးခေါ် နန်းတွင်းလျှာဘိုဆေး၊ ခွေးရူးကိုက်ဆေး၊ ပယောဂဆေး၊ ဆေးသန်းဥတို့သည် ညောင်စာရေးနှင့် အနီးဝန်းကျင်ရွာတို့၌ ရပ်ဟန်းရှင်လူအားလုံးတို့ မေ့ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ဘူးသူမရှိသလောက်ဖြစ်ခဲ့၏။ ဆရာ တော်ကြီးနှင့် ငန်းဆေးကို တွဲလျက် မြင်ကြသည်။ ဟိုရွာဒီရွာ ဆရာတော် ကြီးအလှူကြွလာလျှင် ငန်းဆေးကို အလုအယက် တောင်းကြ၍ နှစ်စဉ် ဖော်ပြီး အလှူကြွတိုင်း ဆောင်ယူ သွားရသည်။ 'လက်ဖဝါးဖြန့်ရင် ငန်း ဆေးရမယ်'ဟုဆိုကာ ဆရာတော်ကြွ လာက ရဟန်းရှင်လူတို့သည် ဆရာ တော်ကြီးရှေ့တွင် လက်ဖဝါးဖြန့်ကြ သည်။

ပယောဂဆေးတို့တွင် ဆေးအ စောင့်သွင်းကြရ၏။ ဆေးအစောင့်တို့ သည် သမာဓိအား ဘယ်လောက်ရှိ တယ်၊ မရှိဘူး ဆိုတာကို သိရန် စမ်း သပ်လေ့ရှိသတဲ့။ ကိုတင်စိန်သည် ထိုစဉ်က နတ်ကခြင်း၊ အထက်လမ်း ဆရာကဲ့သို့ ပယောဂကုခြင်းများကို လုပ်ဆောင်နေချိန်ဖြစ်၍ စမ်းသပ် လိုက်ဟန်တူပါသည်။

အခု ကျုပ်ထံတွင် ရှိနေသော ပုတီးသည် ဆရာတော်ကြီး၏ ပုတီး ဖြစ်ပါသည်။ ဆရာတော်ကြီး ပျံလွန် တော်ပြီးနောက် ဆရာတော် ဘဒ္ဒန္တ စန္ဒမထေရ်က ထိုပုတီးကို အမွေခံ ဆက်စိပ်နေ၏။ ထိုဆရာတော်သည် ပုတီးကို ယူထားခြင်း ဖြစ်သည်။ ထို့ ကြောင့် ဤပုတီးကား သရဲမကြီးအ ဆွဲခံရသော ပုတီးထူးဖြစ်ကြောင်းကို ပြောလိုက်ရမှာဟု တွေးမိခြင်း ဖြစ် ၏။

ဆရာတော် ဘဒ္ဒန္တစန္ဒထေရ် ပျံလွန်တော်မူသဖြင့် ကဆုန်လမှ နယုန်လတိုင်အောင် ရွာတွင် ဈာပန ကိစ္စများဆောင်ရွက်ရန် တစ်လကျော် ကြာ နေရသည်။ ပျံလွန်တော်မူသော နေ့ နေ့လယ်တွင် ဆရာတော်၏ ရုပ် ကလာပ်တင်ရာ ခုတင်ကို ဝါးအစိမ်း တို့ကို ခွဲခြမ်းစိတ်ဖြာပြီး ဇာအဖြူများ ဖြင့် လိုက်(တန်ဆာ)ဆင်ကြရသည်။ လယ်သမားဆရာများ ဖြစ်ကြသည့် ကိုဇော်ကြီး၊ ကိုညွန့်ရွှေတို့နှင့်အတူ ရုပ်ကလာပ်အနီးတွင် ပြောကာဆို ကာဖြင့် နေကုန်နီးပါး နေဖြစ်သည်။

ညသန်းခေါင်ယံ တစ်ရေးနိုး တွင် နေ့လယ်က ဝါးစိမ်းအနံ့ကို သိ သိသာသာကြီး ရနေ၏။ ရုပ်ကလာပ် ကို တိုက်ကျောင်းကြီးပေါ်တွင် ထား သဖြင့် ရွာထဲက ကာလသားများ လာ အိပ်ကြသည်။ ရှေးကျောင်းအိုကြီး ပေါ်မှာတော့ အစ်ကိုဘုန်းကြီးနှင့် နှစ် ပါးတည်း အိပ်ကြခြင်းဖြစ်၍ ဆရာ တော်ကြီးများ အနံ့ပေးလေသလား။ ဝါးစိမ်းနံ့ကလည်း တစ်ညလုံး မပျောက်၊ ရော - ခက်ချေပြီဟု တွေး ကာ ကိုယ်မှာချွေးများစိုလာ၏။ တစ် ညလုံး အိပ်မပျော်တော့။ မေတ္တာပို့ ရတော့မလိုလို၊ အမျှပေးဝေရတော့ မလိုလိုဖြင့် အရုဏ်ကျင်း လင်းခဲ့ရ သည်။

နံနက် မိုးလင်းလို့ ကျောင်း အောက် ငုံ့ကြည့်လိုက်တော့မှ လိုက် ဆင်၍ပိုသော ဝါးခြမ်းခွဲများကို တွေ့ ရ၏။သည်တော့မှ 'သြော်- ဒါကြောင့် ညက ဝါးစိမ်းနံ့ရတာကိုး' ဟု အဖြစ် မှန်သိကာ ဘာသာရယ်ချင်နေမိ တော့၏။ အဖြစ်က အဲလိုပါ။

ဗီဒီယိုဇာတ်ကားများအချို့တွင် သံယောဇဉ်စပ်သူ ကွယ်လွန်သွားပါ က တစ်ခါတစ်ရံ ကွယ်လွန်သွားသူ ကို မြင်တွေ့ရသည်။ အနားသို့ ပြေး သွားပြီးကြည့်လိုက်တော့မှ ကွယ်လွန် သူမဟုတ်ဘဲ အခြားသူတစ်ယောက် ဖြစ်နေသော ပြကွက်များကို ကြည့်ဖူး ကြမည် ဖြစ်၏။

ဆရာတော်ကြီး ဈာပနပြီးစီး၍ နောက်တစ်နေ့ အရုဏ် စားသောက် ပြီး ရန်ကုန်သို့ ပြန်ရသည်။ ရန်ကုန် ပြန်တိုင်း ဆရာတော်ကြီးကို ဦးချနှုတ် ဆက်ရမြဲမို့ ဆရာတော်ကြီးကို အာရုံ ပြုပြီး ဆရာတော်၏ဓာတ်ပုံကို ဦးချ ရန် စိတ်ကူးပြီး တိုက်ကျောင်းဘက် လှည့်ပြီးလှမ်းကြည့်မိရာ သက်တော် ထင်ရှားရှိစဉ်ကဲ့သို့ ထိုင်မြဲနေရာတွင် ဆရာတော်ကြီးထိုင်လျက် ဦးချခံရန် အသင့်ရှိသည်ကို မြင်တွေ့လိုက်ရ သည်။ရင်မှာထိတ်သွား၏။ ရဲစိတ်မွေး ပြီး အနားရောက်အောင် သွားကြည့် တော့မှ ဆရာတော်ကြီးနှင့်အတူနေ ဦးရေဝတ ဖြစ်နေတာကို တွေ့ရပါ သည်။ သြော်- ဆန်းကြယ်ပေစွ။

ပထမဝါဆိုလဆန်း (၁၅) ရက် သည် ပဥ္စနိကာယ်ဆရာတော်၏သက် တော် (၈၀) ပြည့်မွေးနေ့မို့ နယ်က ဆရာတော်များလည်း ကျောင်းတိုက် သို့ ရောက်နေကြသည်။ ကျီးသဲမြို့ ဝေဠုဝန်ကျောင်းဆရာတော်ဦးသံဝရ က နာနာဘာဝနှင့် ပတ်သက်၍ သူ့ အတွေ့အကြုံကို ကျုပ်နေရာ သံယုတ် ကျောင်းဆောင် အလည်လာရင်း ဤ သို့ ပြောပြပါသည်။

ကျီးသဲတိုက်နယ် လိပ်ပုတ်ကုန်း ရွာမှ ဒကာမကြီးတစ်ဦး သားရှင်ပြုခါ နီးမှာ ကွယ်လွန်သွားရှာသည်။ မနက် ဖြန် ဆွမ်းသွတ်မည်ဖြစ်၍ အားလုံး အလုပ်ရှုပ်နေချိန် ရွာက အမျိုးသမီး တစ်ဦးကို ဝင်ပူးသတဲ့။ သူ့သားကို ရှင်မပြုရသေး၍ သူမကျွတ်ဘူးဖြစ် နေသေးသည်။ ထို့ကြောင့် မနက်ဖြန် ဆွမ်းသွတ်တွင် ဆရာတော်ဦးသံဝရ ကိုပါ ပင့်ပေးပါဟူ၍လည်း အပူးခံရ သူက ပြောသတဲ့။

ရွာဒကာတွေက ဆရာတော်ကို အကျိုးအကြောင်းလျှောက်ထား၍ ဆရာတော်ကိုယ်တိုင် ကြွရောက်၍ ဆွမ်းတရားဟောပေးနေခိုက် အမျိုး သမီးတစ်ဦး ထပူးပြန်၏။ ဆရာတော် က ကွန်လွန်သူ ဒကာမကြီးလားဟု မေးရာတွင် နှုတ်လေးလျှာလေးကြီး ဖြင့် ဟုတ်မှန်ကြောင်း ပြန်ပြော၍ ဆရာတော်က -

"အခု ဒကာမကြီးအတွက် ကုသိုလ်ကောင်းမှုလုပ်ပေးနေတာဖြစ် တယ်။ သရဏဂုံသီလ ခံယူဆောက် တည်ပါ"

ဟု ပြောဆိုကာ ကျကျနန တရားဟောပြီး အမျှပေးဝေကြောင်း နှင့် သာဓု၊ သာဓု ဟု ပီပီသသကြီး ခေါ်ဆိုပြီး ပူးဝင်နေခြင်းမှ ထွက်သွား ကြောင်းကို ပြောပြပါသည်။

မနေရလို့ သေရ၏။ သို့သော် ကိုယ့်နောက်တွင် လိုက်လာသည့် ကုသိုလ်ကောင်းမှုက ပါမလာ။ လူက သာ သေ၍ ကွဲကွာခဲ့ရ၏။ အစွဲက မကွဲ၍ မခွဲနိုင်မခွာရက် ဖြစ်ရပြန်၏။ ကုသိုလ်ပြုပေးလျှင် မကျွတ်လွတ် သည့်ဘဝမှ လွတ်မြောက်နိုင်တာကို သိထား၍သာ တော်သေး၏ဟု ဆိုရ ပါမည်။

အမည်က ဒေါ်စိုး။ ပရိယေ သနအလုပ်လုပ်ကာ အကြော်ကြော်



www.burmeseclassic.com

www.burmeseclassic.com

ရောင်းပြီး မိသားစုဝမ်းမီးကိုငြိမ်းရ၏။ လူမိုက်မို့၊ လိမ္မာမို့၊ ပညာရှိမို့၊ ပညာမဲ့မို့၊ ချမ်းသာသူမို့၊ ဆင်းရဲသူမို့ ခွဲခြားလျက် မျက်နှာလိုက်ပြီးမခေါ်တတ်သူကား ရှင်သေမင်း ဖြစ်၏။ မိသားစုကို အကြော်ကြော်ပြီး အကြော်ဗန်းခေါင်းပေါ် ရွက်လျက် ရွာရိုးကိုးပေါက်လျှောက်ကာ ရှာဖွေကျွေးမွေးခဲ့သည့် ဒေါ်စိုး မိသားစုအတွက် နောက်ဆံတင်းလျက် သေရရှာ၏။

သူမကျွတ်သည်ကို သူ့ဆွမ်းသွတ်ကုသိုလ်ပွဲမှာ အသိပေးသည်။ ဆွမ်းသွတ်တရားဟောနေစဉ် အိမ်တွင် ချိတ်ဆွဲထားသော မီးအိမ်မှာ သွက်သွက်ကာ လှုပ်ခါယမ်းနေသည်ကို တရားပေးကာ ဆရာတော် အပါအဝင် တရားနာပရိသတ်အားလုံးမြင်နေကြရ၏။ ဘာမှမတတ်နိုင်ကြ။

ထိုကိစ္စကိုလည်း ကိုယ်တွေ့အမှန်ကြုံခဲ့ရကြောင်းကို ဆရာတော်ဦးသံဝရက တစ်ဆက်တည်း ပြောပြ၍ သိရ၏။ ကြုံးမှန်သမျှ မည်သို့ပင်ခိုင်ပါစေ။ အလွန်ထက်သောဓားဖြင့် ဖြတ်က ပြတ်သည်သာ။ သံယောဇဉ်ကြိုးကား ပကတိဓားဖြင့် ဖြတ်လို့မပြတ်၊ ဉာဏ်ဓားဖြင့်သာ ဖြတ်ရ၏။ 'ကိုယ့်လမ်းကိုယ်သွားပါ၊ နောက်မဆံမတင်းပါနဲ့' ဆိုသော်လည်း လူသားတို့က ပုထုဇဉ်ပီပီ သံယောဇဉ်အမျှင်တန်းကိုအလွယ်မဖြတ်နိုင်ခဲ့ကြ။ဖြတ်ဖို့ ခဲယဉ်းလှ၏။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌နေစဉ် ဧရာဝတီတိုင်းဒေသကြီးက မိတ်ဆွေစာသင်သားတစ်ပါးကလည်း သူတို့အရပ်တွင် ညနေပိုင်း သေသူရည်မှန်း ဆောင်ရွက်နေသော ပရိတ်ရွတ်ကုသိုလ်ပွဲတွင် သံဃာသုံးပါး ပရိတ်ပေးနေခိုက် နေအိမ်ကြီးတစ်ဆောင်လုံး ယိမ်းထိုးနေခြင်း၊ အပြင်မှ ခဲများဖြင့် ပစ်ပေါက်နေခြင်းတို့ကြောင့် သံဃာများ ဆင်းလာခဲ့ရကြောင်း ကိုယ်တွေ့ကို ပြောပြဖူးသည်။

ပဉ္စနိကာယ်ဆွမ်းစားကျောင်းဘုန်းကြီးကလည်း ကျိုးသဲမြို့ ဂုံညင်းပင်ကျောင်းမှာ ဝါဆိုသင်္ကန်းကပ်ပြန်ဆောင်ရွက်စဉ်က ညနေပိုင်း ဒကာမတွေ ကျောင်းခြေရင်းမှာ ခုတ်ထစ်ချက်ပြုတ်ကြော်လှော်နေခိုက် အဝတ်တန်းကြိုးက အထက်သို့ ပင့်မသူမရှိဘဲ မြောက်တက်လှုပ်ယမ်းနေတာကို **အားလုံးမြင်ကြ၏။ သူ့ကိုယ်လည်းလာပြော၍** သူကိုယ်တိုင် မြင်ခဲ့ရကြောင်းကို ပြောပြဖူးသည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်နေစဉ် အရှေ့ဆွမ်းစားပြီး ကျောင်းတိုက် သံဃာကုန် ဆရာတော်ကြီးက နံနက်ခင်းဩဝါဒ အမြဲပေးလေ့ရှိ၏။ ဆရာတော်ကြီးဩဝါဒတွင် ဆရာနှင့် တပည့် နှစ်ပါး တောကျောင်းတစ်ကျောင်းတွင် အတူနေကြပြီး ဆရာဘုန်းတော်ကြီးက အရင်ပျံလွန်တော်မူသွား၏။

ပျံလွန်တော်မူသွားသော ဆရာဘုန်းကြီးက ညညဆို အတော်ခြောက်၍ တစ်ပါးတည်းကျန်နေသော တပည့်ဘုန်းကြီးလေးမှာ ညရောက်မှာကို စိုးရိမ်နေရသတဲ့။ ညတိုင်း မအိပ်ရဘူး ဖြစ်နေ၏။ ညစဉ်ညတိုင်း ပရိတ်ရွတ်၊ ကမ္မဝါစာဖတ်ကာနေရသည်။ ပျံလွန်တော်မူသွားသည့် ဆရာဘုန်းကြီးက ပူးပြီး -

"မောင်အဂ္ဂကာ ညညပရိတ်တွေရွတ်၊ ကမ္မဝါစာတွေဖတ်နဲ့ကွာ ငါ့မှာ နားငြီးနေတာပဲ။ ဒီကျောင်းက ငါမသွားဘူး။ မင်းထွက်သွား"

လို့ ပြောပြဖူး၏။ ကောင်းရော၊ ဘုန်းကြီးတစ္ဆေကမ္မဝါ မကြောက်အစားထဲက ဖြစ်၏။

နေရာတိုင်း မမြင်အပ်သော နာနာဘာဝ ရှိနေဟန်တူ၏။ ဩကာသလောသည် သတ္တလောကနှင့် မကင်း၍ဖြစ်၏။

တချို့ကျေးလက်တို့တွင် မနက်ဖြန် ဆွမ်းသွတ်မည်ဖြစ်က ဒီကနေ့လို ညနေတွင် သေစဉ်က မြှုပ်နှံသည့် သုသာန်သို့သွားကာ မြေပုံကို သစ်ခက်ဖြင့်ပုတ်၍ 'မင်းအတွက် မနက်ဖြန် ဆွမ်းသွတ်အမျှပေးဝေမှာဖြစ်လို့ လိုက်ခဲ့ပါ' ဟု ဖိတ်ခေါ်ခြင်းကိုပြုလေ့ရှိကြ၏။ တချို့ကလည်း 'လိုက်လာကြောင်းကို သိစေရန် သိသိသာသာ ထင်ထင်ရှားရှားပြဖို့' ကို ရယ်သလို မောသလိုပြောဆိုပြီး ဖိတ်ကြသည်။ ကိုယ်စားဖိတ်လာသည့်သစ်ခက်လေးကို အိမ်၏ခြေရင်းဘက် ခြံစည်းရိုး၌ ညှပ်ထားလေ့ရှိကြသည်။ နောက်တစ်နေ့ ဆွမ်းသွတ် အမျှအတန်းပေးဝေပြီးမှ သုသာန်သို့ သစ်ခက်ကို ပြန်ပို့ကြသည်။ တချို့ကျတော့ ပြန်ပို့ဖို့မေ့နေတတ်ကြ၏။ သည်တော့မှ ကမန်းကတန်း ရွာထိပ်သွားပြီး ပစ်လိုက်တာမျိုး၊ ဘုန်းကြီးကျောင်းဝင်းထဲသွားပြီးပစ်တာမျိုးတို့ကိုလုပ်တတ်ကြသည်။ သေချာတာကတော့ မိမိသေသွားပြီဆိုလျှင် မိမိအိမ်ကပင် မိမိကိုမဆိုထားနှင့် မိမိကပ်နေသည်ဟု အထင်ရှိသည့် သစ်ခက်ကိုပင် လက်သင့်မခံချင်ကြတော့။

ဆရာတော်ဦးသံဝရ ပြောပြသလိုမျိုး သူတို့ လိုက်ပါလာကြောင်းကို ပူးဝင်ခြင်း၊ မီးအိမ်လှုပ်ယမ်းခြင်းတို့ဖြင့် ပြသတာလည်း ဖြစ်နိုင်ပါသည်။ ပဉ္စနိကာယ်ဆွမ်းကျောင်းဘုန်းကြီး ပြောပြသလို ဒီနေရာမှာ သူတို့ရှိတယ်ဟု အသိပေးသလိုမျိုးလည်းဖြစ်နိုင်သည်။ သည့်အပြင် တောကျောင်းကျောင်းထိုင် ဆရာဘုန်းကြီးကဲ့သို့ ကိုယ်နှင့်မဆိုင်တော့သည့် ကျောင်းကို ကိုယ်ပိုင်သေး၏ဟုအစွဲဖြင့် သူများ နေထိုင်တာကို လက်မခံနိုင်ဘဲ ခြောက်လှန့်နေတာကလည်း သံဝေဂယူဖွယ်။ မြင်နိုင်ကောင်းသော အရာမျိုးမဟုတ်၍ တိတိကျကျ ပြောဖို့ကတော့ အမြင်၊ အကြားရသူများနှင့် တန်ခိုးရှင်တို့၏ အရာသာ ဖြစ်၏။ ဒါ့အပြင် ကိုယ်ဖိတ်သည့် ကွယ်သူပဲ လိုက်ပါလာသလား။ သို့မဟုတ် သချိုင်းက အခြားနာနာဘာဝတွေများ လိုက်ပါလာကြသလားဆိုတာကလည်း တွေးစရာ။

"တရားမဦးခင် အသေက ဦးရင်ဖြင့် ယောဂီ သင် ကိုယ်ကျိုးမုချ နည်းလိမ့်မယ်"

ဆိုသော ကျောင်းအနီးက မိုးကုတ်ရိပ်သာတွင် တရားစခန်းရက်တိုင်း မနက်အိပ်ရာနိုး တရားခွေထဲက ဆရာတော်ကြီး၏အသံကို ကြားယောင်ပြီး ကျောချမ်းနေမိပါတော့သည်။

အရှင်ပညာသီဟာဘိဝံသ

(ပဉ္စနိကာယ်)



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးရှမ်းဝိုင်းက ကညင်ကောက်ရွာမှ ရောက်လာသည့် လူတစ်စုကို မျက်မှောင်ကြုတ်၍ စူးစိုက်ပြီးကြည့်သည်။ ဆရာငယ်ဘဝတုန်းကတော့ ခုနစ်ရက်သားသမီးတွေ အုတ်ဖိနပ်(အုတ်လှေကား)က တက်လာပြီဆိုကတည်းက လာရင်းကိစ္စကို ဆီးပြီးပြောနိုင်သည်။ လာပင့်ကြ





www.burmeseclassic.com

www.burmeseclassic.com

သည့်သူများက အကျိုးအကြောင်း မပြောရဘဲ သူ့ဘာသာသူ အတပ် ဟောနိုင်ပြီ။ ဆရာကြီး ဦးရှမ်းဝိုင်းရဲ့ မှော်အတတ်တွေက ထက်မြက်သလောက် ကြည်လင် ပြတ်သားလှသော CD Scan တစ်ခုလို လာပင့်သောသူ၏ ရှေ့အကြောင်း၊ နောက်အကြောင်းတွေကို ဖောက်ထွင်း မြင်တွေ့နေကျ။ အခုတော့ ဆရာသက်၊ သမားသက်လည်းရင့်ပြီ။ ဇရာကလည်းထောင်းပြီ။ စကားလုံးတစ်လုံးနှင့်တစ်လုံးပင် လေသံက သိပ်ပြီးမဆက်ချင်တော့။ ဆရာကြီးရဲ့အသက်အပိုင်းအခြားက ခုနစ်ရက်သားသမီးများရဲ့ ကိစ္စအဝဝကို ခြေသိမ်းခေါင်းပိုက် ဆိုးခနဲဆတ်ခနဲထလုပ်ပေးရမည့်အရွယ် မဟုတ်တော့။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရင်း သမထလေး၊ဝိပဿနာလေး မျှတသလောက်အားထုတ်ရမည့်အရွယ်။ သို့သော် ဆရာကြီး တစ်သက်လုံးနီးပါး လုပ်လာခဲ့သည့်အလုပ်မို့ မလုပ်ဘဲ မနေနိုင်ပါ။အခါအားလျော်စွာ ရောက်လာနေကြသော၊ လာရောက် ပင့်ဆောင်ခေါ်ကြသော ပယောဂရောဂါသည်တွေ၊ အခြားသော အထွေထွေကိစ္စရှင်တွေကို အနာနှင့်ဆေးသင့်အောင် ပေးနေရတုန်းပင်။ ထိုက်သင့်သော အစီအမံတွေ ဆောင်ရွက်ပေးနေရတုန်းပင်။ ကိုယ့်ဒေသ၊ ကိုယ့်ဌာနက ကိုင်းစိုက်တောင်သူတွေချည်းဆိုတော့ ကိစ္စပြီးသော်မှ တန်ရာတန်ကြေးရယ်လို့ ရတတ်သည် မဟုတ်။ သဒ္ဓါကြေးနှင့် ပြီးရတာ များပါသည်။

အခုလည်း ဆရာကြီးရှေ့မှာ ကလေးမလေးနှင့်လူကြီးသုံးယောက် ရောက်နေပြီ။ (၁၆)အရွယ် မိန်းကလေးက သိုက်ထဲကလာသူဟုပြောလေ့ပြောထရှိသည့် သိုက်ဆက်ပါသူဖြစ်သည်။ သိုက်ဆက်ဆိုသော်လည်း အများထင်သလို ဥစ္စာပစ္စည်းက ပေါ်များလှသည် မဟုတ်။ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ ဖြူဖပ်ဖြူရော်မျက်နှာလေးပေါ်မှာ မျက်ကွင်းညိုညိုနှစ်ခုက ထင်းနေပါသည်။ ပြာနောက်နောက် နှုတ်ခမ်းအစုံက ခရမ်းပုပ်ရောင်သန်းကာ သွေ့ခြောက်နေ၏။ အာကာသယာဉ်ပေါ်မှ လ၏မျက်နှာပြင်ကိုရိုက်ယူထားသည့်အတိုင်း မျက်နှာမှာ ကျင်းချိုင့်အရေးအကြောင်းများထနေ၏။ ပါးလျားလှသည့် ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း နှုတ်သီးမာငှက်တစ်ကောင်က ပြင်းထန်စွာ ထိုးဆိတ်ထားသည့်နှယ် ဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်နှက်နေသည်။ နေ့ရောညပါ အော်ဟစ် ရုန်းကန် ငိုကြွေးထားရသည်မို့ ဆရာကြီး ဦးရှမ်းဝိုင်းထံ ရောက်တော့ အသံများပင် တိမ်ဝင်လို့သွားခဲ့သည်။ ဆေးရုံ၊ ဆေးခန်းနှင့် မသက်ဆိုင်သော ပယောဂရောဂါ အခြေအနေတစ်ခု။ မျက်ရည်တွေက မျက်လုံးနှစ်ဖက်မှာအပြည့်။

ဆရာကြီးက ငြိမ်သက်နေသည့် ကလေးမ၏လက်ကောက်ဝတ်ကို အသာအယာ စမ်းကြည့်သည်။ ပြီးနောက် လူနာ၏ခေါင်းရင်းဘက်ကထိုင်၍ ညာလက်ဖဝါးပြပြီး မန္တန်ရွတ် စမ်းသပ်ကြည့်၏။ ဒါ ပယောဂသေချာပြီဆိုသည့်ပုံဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်သေး၏။

"ကိုင်း. . . ပွဲတစ်ပွဲလောက်အားချင်းပြင်ကြရအောင်"

လူနာနှင့်အတူပါလာသူတွေက ပွဲပြင်ပေးတော့ ဆရာကြီးက ပွဲရှေ့မှာထိုင်ပြီး ထုံးစံအတိုင်း ပွဲအပ်၊ ပွဲဆက်၊ ပွဲကပ်သည့် အစီအစဉ်တွေ ဆောင်ရွက်နေသည်၊ မန္တန်တွေရွတ်သည်၊ အင်းတွေစီစဉ်သည်၊ ဆေးတွေ စီမံသည်၊ မီးတွေထွန်းသည် စသည့်အစီအမံများကို ဆင့်ကဲဆင့်ကဲပြုလုပ်ပြီး-

"ဒါ မရိုးဘူး။ ကလေးမက သိုက်ဆက် ဆိုပေမယ့် အခုဟာက သိုက်ကပြန်ခေါ်ချင်လို့လုပ်ထားတာ မဟုတ်ဘူး။ ဆရာက သရဲနဲ့ တိုက်ထားတာ။ ဒါလည်း ပယောဂတစ်မျိုးပေါ့။ ပယောဂကြောင့်ဖြစ်တဲ့ ပြုစားမျိုးကချည်း (၈၀) ရှိတယ်။ တူစာပေစာဖြင့် ပြုစားနည်း၊ ခြေရာယူခြေရာကောက် ပြုစားနည်း၊ နံသွပ်စီးပြုစားနည်း၊ ပေတကင်းသင်းပြုစားနည်း၊ အဌမုတ်နောက်ပြန်ချပြုစားနည်း စသည်ဖြင့် (၈၀) တောင်ရှိသဟ။ ကလေးမလေးက ခဏခဏ လန့်မယ်၊ ငိုမယ်၊ လူးလွန့်မယ်၊ နှုတ်ခမ်းရောင်မယ်၊ လက်သည်းနဲ့ ဆိတ်ထားသလိုမျိုး ဒဏ်ရာတွေရှိမယ်။ မောင်ရင်တို့ လူနာက ရှင်းရှင်းပြောရရင် သချိုင်းက သရဲနဲ့တိုက်ထားတာပေါ့ မပေါ့ဆနဲ့။ နေပါဦး၊ ဘာဖြစ်လို့ ချက်ချင်းမလာရတာလဲ"

ကလေးမက အနည်းငယ် လူးလွန့်လာပြန်ပါသည်။ ပြာနောက်နောက်နှုတ်ခမ်းများပင် တွန့်၍သွားခဲ့သေးသည်။ ဆရာကြီးက ဘုရားခန်းထဲက ဆေးလွယ်အိတ်ဟောင်းကြီးယူလာပြီးရှာသည်။ လွယ်အိတ်ကြီးထဲမှာ ဆေးဝါးတွေ စုံလှသည်။ ပထမ ဆေးတော်ကြီးဟု ခေါ်သောဆေးကို လက်ဝါးထဲထည့်ကာ အမိန့်ပြန်၍ ဦးခေါင်းကသပ်ချသည်။ သိဒ္ဓိရေစင်နှင့် ဖျန်းသည်။ ကလေးမက လူးလွန့်ရာက ငြိမ်သက်သွားသည်။

"ဆရာကြီးရယ်၊ ဘုရားကုန်းအနောက် ကညင်တောက်က လာရတာပါ။ တစ်ရက်ပျောက်နီး၊ နှစ်ရက်ပျောက်နီးနဲ့ ဆေးရုံတက်ကုရင်းကကြာသွားရတာပါ"

လူနာရှင်က ယောကျ်ားကြီးပေမယ့် မိဘဆိုတော့လည်း စိုးရိမ်စိတ်နှင့် ငိုချလိုက်သည်။ ဆရာကြီးထံ ချက်ချင်းမလာရောက်နိုင်သည့် ကိစ္စကို အသေးစိတ် ရှင်းပြသည်။ ဆရာကြီးက ကြေးစုတ်ကြီးတဝင့်ဝင့်နှင့် ရောဂါရှိသည့်နေရာတွေကို ထိုးခြေပစ်သည်။ မင်းလေးပါး (နှာချေဆေး) တွေ နှာခေါင်းဝမှာတေ့၍ ချေစေသည်။ ကလေးမတစ်ကိုယ်လုံး ပူရှိန်းသွားသည်။

"ကဲ- မောင်ရင်၊ မင်းနာမည်"

"မောင်မြပါ"

"ငါပြောတာလုပ်စမ်း။ သပြေနှစ်စည်းနဲ့ အပ်ချည်လုံးတစ်လုံး သွားယူစမ်း မြန်မြန်"

လူနာရှင် ဦးမောင်မြက ချက်ချင်းပင် အပ်ချည်လုံးနှင့် သပြေ (၂) စည်း ရှာယူလာပေးသည်။ ဆရာကြီးက အပ်ချည်မျှင်ဖြင့် လူနာရဲ့လက်လံနဲ့ ကိုးပြန်ကိုးလံတိုင်းသည်။ တစ်ပေခြား တစ်ထုံး ထုံးသည်။ အစနှင့်အဆုံး ပြန်ဆက်၍ တစ်ထုံးထုံးသည်။ အထုံး(၉)ထုံးပါသော ချည်မန်းကွင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားသည်။ ပြီးတော့ ကလေးမ၏ ဘယ်ပခုံးပေါ် ညာချိုင်းအောက်မှာထား၍ စလွယ်သိုင်းသည်။ သပြေပန်းတစ်စည်းအား လူနာ၏ဦးခေါင်းနားကပ်၍ နှုတ်မှ -

'ဥုံ သိဒ္ဓိကျက်သရေ ရွှန်းတင့်ဝေသော မြေဘုမ္မာထက် တစ်ရာ့တစ်ပါး လူအများတို့ ပွားများစရာ မကြာမျက်နှစ် သင်းကျစ်သရဖူ မှန်ကူဆံကျပ်ပန်းမန်အပ်သည့် သုံးကျိပ်သုံးပါး ခဝပ်တွားရ ကြီးမှာပုည ရွှေတော‌နှင့် နရဗိမာန်' စသည့် အစွဲချွတ်လွှဲမန္တန်ဖြင့် (၃) ကြိမ် (၃) ခါရွတ်၍ သပြေပန်းနှင့် ခြေဆုံးခေါင်းဆုံးသပ်ချကာ အစွဲချွတ်လေသည်။

"ဒီမှာမောင်ရင်၊ ဘုရားကျောင်းဆောင်ပေါ်က ငွေဖလားကြီးတစ်လုံးယူပြီး ရွှေထည့်၊ ငွေထည့်၊ ရေသန့်ထည့်၊ တရော်ကင်ပွန်းထည့်၊ (၂၅) ပြားစေ့ထည့်၊ ရေမွှေးထည့်၊ တောင်ထိပ်ဆေးတော်ကြီး ထည့်ပေးစမ်း။ မြန်ပစေ။ ကလေးမရဲ့ကံ၊ ငါ့ရဲ့ကံပဲကွာ"

လူနာ၏ ဖခင် ဦးမောင်မြကဆရာကြီး ညွှန်ကြားသည့်အတိုင်း လက်တုန်ခြေတုန်နှင့် ပြုလုပ်ပေးပါသည်။ သပြေညွှန့်လန်းလန်းတွေကို ရေဆေး၍ ပစ္စည်း (၆) မျိုးထည့်ထားသော ငွေဖလားကြီးထဲ ထိုးစိုက်ပေးသည်။ ပြီးတော့ ဆရာကြီးက အပေါ်ဖြူ အောက်ဖြူ ဝတ်ရုံဖြူကြီးဝတ်၍ မနောတဘက်အဖြူသိုင်းကာ ဆေးခွက်ငယ်ကို ဦးစွာကိုင်၍-

"ဤဆေးတော်သည် အနန္တော အနန္တငါးပါးနှင့်တကွ ပထမဉပဇ္ဈာယ်ဆရာတော်ဘုရားကြီးများ၏ စက်ဖြတ်ဆေး ဖြစ်စေရမည်။ ကာယကံရှင် သောကြာသမီးသည် အထက်ဆရာတော်ဘုရားကြီးများ၏ ဤဆေးတော်အား သောက်သုံးပြီးသည့်အချိန်မှစ၍ ဆံဖျားမှ ခြေဖျားအထိ (၃၂) ကောဋ္ဌာသတွင် ဖြစ်ပေါ် ကျရောက်နေသော ဂေါရာဘယမှန်သမျှ တွင်းလုံးကျွတ် ပပျောက်စေရမည်၊ ဘန်ပြန်စေရမည်'

စသည်ဖြင့် ရှည်လျားစွာ အ‌‌နုပြန်၍ တိုက်ချလိုက်လေသည်။ ပြီးတာနှင့် တစ်ဆက်တည်း ငွေဖလားပိုက်၍ သံပြေခက်ကိုင်ကာ-

"ဥုံ သိရဿိတေ ဗုဒ္ဓ သေဋ္ဌော၊ သာရိပုတ္တာစ ဒက္ခိဏေ ဝါမအံသေ မောဂ္ဂလာနော ပုရတ္တော ပိဋ္ဌကတယံ ပစ္ဆိမေတာဝအာနန္ဒော စတုဒိသာခိဏာသဝါ သမန္တာလောကပါလာစ ဣန္ဒာဒေဝါ"

အစရှိသော သိရဿိတေဂါထာတော်ကြီးအား မာန်၊ ဌာန်၊ ဟန်အပြည့်နှင့် စည်းချအစီအမံ နဝင်းဘိသိက်တော်ကြီးဖြင့် အစီအစဉ်တကျ ဆောင်ရွက်နေ၏။ တေ - ကာယကံရှင် သောကြာသမီး၏၊ သိရဿိ- ဦးခေါင်းရတနာမြတ်အင်္ဂါထက်၌ ဗုဒ္ဓသေဋ္ဌော - လူသုံးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် တိဋ္ဌတု- တည်နေတော်မူလှည့်ပါ ဘုရား။ ဒက္ခိဏေ- ကာယကံရှင်၏ လက်ယာပခုံး ညာလက်ရုံး၌၊ သာရိပုတ္တောစ - ပညာကြီးသောအရာ၌ ဧတဒဂ်ရတော်မူသော အရှင်သာရိပုတ္တရာ အဂ္ဂသာဝကရဟန္တာအရှင်မြတ်ကြီးသည်၊ တိဋ္ဌတု- တည်နေပါစေသတည်း ဘုရား"

ဆရာကြီး၏ အထက်ပါ အစီအမံများ ပြီးဆုံးသည်နှင့်ပင် လူနာကလေးမသည် သတိလစ်မေ့မြောနေရာမှ အသက်ပင်ပုံမှန်ရှူလာနိုင်ခဲ့သည်။ မျက်လုံးမျက်ဆန်များပင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့လေသည်။

"အဖေ၊ သမီးဘာဖြစ်သွားတာလဲ။ ဘယ်ကိုရောက်နေတာလဲ"

ဟုပင် မေးနိုင်ပြောနိုင်လာခဲ့သည်။ ပြာနောက်နောက်ဖူးဖူးရောင်နေသော နှုတ်ခမ်းအစုံနှင့် ငှက်နှုတ်သီးရာ ဒဏ်ရာဒဏ်ချက်များပင် ပြေပျောက်သွားလေတော့သည်။

"မောင့်ရင့်သမီးက သချိုင်းကသရဲနဲ့ တိုက်ထားခံရတာ။ ဆေးဦးလို့သာပေ့ါ။ ဒါ စီးပွားပြိုင်ကြ၊ လယ်ကန်သင်းလုကြရင်း ဖြစ်တာ။ တစ်ဖက်က ဆရာခေါ်ပြီး သရဲကို ဒီကလေးမရဲ့ တစ်ကိုယ်လုံးကို ဆိတ်ဆွဲခိုင်းထားတာ။ နှလုံးသည်းပွတ်ကို စိတ်နဲ့စေစားပြီး သတိလစ်အောင်လုပ်ထားတာ။ အထူးသဖြင့် နှုတ်ခမ်းတွေကို မပြောနိုင်မဆိုနိုင်အောင် ပိုပြီး ဆိတ်ခိုင်းထားတာပေ့ါကွယ်။ ဒါကြောင့်မို့ နှုတ်ခမ်းက ပိုပြီး ရောင်လာတာပေ့ါ။

ဒါမှ မောင်ရင်တို့မိသားစု စိတ်ဒုက္ခကိုယ်ဒုက္ခရောက်မယ်၊ ငွေကုန်မယ်၊ စီးပွားလျှော့မယ်၊ စီးပွားလျှော့ပြီး အသက်ဆုံးမယ်။ ပြောရရင်တော့ စီးပွားပျက်၊အသက်ဆုံးလုပ်ထားတာပေ့ါ မပေ့ါနဲ့။ ကလေးမအတွက်ကတော့ ဒါနဲ့ လုံလောက်ပြီ။ ဒါပေသည့် ကျန်တဲ့မောင်ရင်တို့မိသားစုဝင်တွေရော အိမ်တွေခြံတွေပါ ရှင်းလင်းထားဖို့၊ ဆေးပေါက်ထားဖို့တော့ လိုသေးတယ်နော့။ ဒါမှ စိတ်ချရမှာ"

"ဟုတ်ကဲ့ပါ အဘဆရာကြီး"

ကလေးမလေးအဖေ ဦးမောင်မြက ဆရာကြီးကို ယုံလည်းယုံကြည်သလို ကြည်လည်းကြည်ညိုသည်။ ကျေးဇူးလည်းတင်သည်။ သားအဖနှစ်ဦးစလုံး ဆရာကြီးကို ရှိခိုးကြသည်။ ဂါရဝပြုကြသည်။ အနောက်တိုင်းဖြစ် ခေတ်ပေါ် ဆေးရုံ, ဆေးခန်းများလည်းစုံ၊ ငွေလည်းကုန်ခဲ့ပြီမို့ လက်ကျန်ပိုက်ဆံလေး နှစ်သောင်းဖြင့် ဆရာကြီးကိုကန်တော့ကြသည်။ တိမ်ပုပ်မိုးရဲ့မျက်ရည်စိမ်းအသွင်သဏ္ဍာန်များ လွင့်စဉ်ကွယ်ပျောက်ကာ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝကင်းစင်ပသည့် ငွေလဝန်းကြီးနှယ် မျက်နှာထားနှင့် -

"မောင်ရင့်ပိုက်ဆံ နှစ်သောင်းပြန်ယူသွား၊ဆရာကြီးမယူပါဘူးကွယ်။ အိမ်မှာပြန်လုပ်ရမယ့် အစီအစဉ်တွေလည်း ရှိသေးတယ်။ အပ်ချည်နဲ့လုပ်ရတာက ချည်မန်းကွင်း၊ သပြေခက်နဲ့ သပ်ချပေးရတာက အစွဲချွတ်တာ။ တစ်နည်းအားဖြင့် တစ်ဖက်ကပြုလုပ်ထားတဲ့ ပယောဂစက်ခိုးစက်ငွေ့တွေကို ဖယ်ပစ်တာ။ ချည်မန်းကွင်းက ဆံဖျားမှခြေဖျားတိုင်အောင်ရှိနေတဲ့ အမှောင့်ပယောဂနဲ့ ကံဆိုးကံညံ့၊ ဓာတ်ဆိုးဓာတ်ညံ့၊ အတိတ်ဆိုးနိမိတ်ဆိုးတွေကို ချေချွတ်ပစ်တာ။ ငွေဖလားနဲ့သပြေခက်က ကံပြန်ကောင်းအောင် ကောင်းတဲ့ကံတွေကို ခေါ်ယူ

www.burmeseclassic.com

တာ။ ကောင်းတဲ့အတိတ်၊ ကောင်းတဲ့နိမိတ်နဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေဖြစ်အောင်လို့ ဟိတ်လုပ်ရတာ။ အဲဒီအထဲမှာ ရွှေဓာတ်ဖြစ်ဖို့ ရွှေပါရမယ်။ ငွေဓာတ်ဖြစ်ဖို့ ငွေပါရမယ်။ အညစ်အကြေးကင်းဖို့ တရော်ကင်ပွန်းပါရမယ်။ အန္တရာယ်ကာကွယ်နိုင်ဖို့ ပထမ ဆေးတော်ကြီးဒါမှမရရင် တောင်ထိပ်ဆေးတော်ကြီး ပါရမယ်ဗျာ။ ကဲ - လာ၊ လက်ဝါးဖြန့်၊ ဒီသားအဖနှစ်ဦးစလုံး ဒီနေ့ကစပြီး သက်ရှိထင်ရှားရှိတဲ့ ကာလပတ်လုံး လက်ဆယ်ချောင်း ဆေးဆယ်လက်ဖြစ်ပါစေဗျာ။ ကိုင်ရာဆေး၊ ရေးရာအက္ခရာဖြစ်ပါစေဗျာ။ ဆင်နက်ထဲ ဆင်ဖြူဝင်သကဲ့သို့ လောကအလယ်မှာထင်ရှားပါစေဗျာ။ တောင်ပေါ်မှာ အလံစိုက်ဘိသကဲ့သို့ အစစအရာရာ အောင်မြင်ကြပါစေဗျာ။ လောက၌ နေတစ်ဆူ၊ လတစ်ပါးထင်ရှားကျော်ကြားသောပုဂ္ဂိုလ်များဖြစ်ကြပါစေဗျာ။ ဆရာတော်ဘုရားကြီးများ၏ စောင့်ရှောက်မှုကို တိုက်ရိုက်ရရှိကြပါစေသတည်းဗျာ"

ထိုနေ့မနက်က ဆရာကြီးသည် ဘဏ်ပူဇော်ခအား လက်ခံသည့်အပြင် အကာအကွယ်အတွက် ပညာပါအပ်လိုက်သည်မို့ ဦးမောင်မြတို့ သားအဖ အပျော်ကြီးပျော်သွားကြသည်။ အပြန်ခရီး လှပသွားခဲ့ကြ၏။

ဆရာကြီး ဦးရှမ်းဝိုင်း လက်ရှိနေသည့် ထိပ်ဝကြီးရွာက ပယောဂလာကုသည့် သားအဖဇာတိ ဖြစ်သော ကညင်ကောက်ရွာနှင့် (၅) မိုင်လောက် ဝေးသည်။ ဦးမောင်မြက ကလေးလာပြကုသပြီးလျှင် ချက်ချင်းပြန်ဖို့ အစီအစဉ်ရှိသော်လည်း လူနာအခြေအနေက ဆိုးတာတစ်ကြောင်း၊ ခရီးဝေးခရီးကြမ်းဖြစ်သည်က တစ်ကြောင်းနှင့်မို့ ချက်ချင်း ထပြန်လို့ မဖြစ်နိုင်တော့။ အချိန်ရတာနှင့် ပတ်ဝန်းကျင်မှာ စုံစမ်းလို့ရသလောက် ဆရာကြီးက ရှမ်းပြည်နယ် ကျောက်မဲဒေသဇာတိဟု သိရသည်။ ဆရာငယ်ဘဝတုန်းကဆိုလျှင် အင်မတန်နယ်စုံသည်ဟု ပြောကြသည်။ ဟိုရွာကလာပင့်၊ ဒီရွာကလာပင့်ပေါ့။ ကန်ကိုးကန်၊ ကုန်းကိုးကုန်း၊ ကွင်းကိုးကွင်း၊ တောင်ကိုးတောင်၊ တောကိုးတော၊ အပင်ကိုးပင် အမိဋ္ဌာန်တွေ၊ မှော်တတ်စဉ်တွေ ကျင့်ကြံနေကျ။ ပယောဂသာဆိုလျှင် ဆရာကြီးပညာက မရဏမင်း၏ ပါးစပ်ထဲ ရောက်နေသည့်သူကိုသော်မှ ရအောင်ယူနိုင်သူ ဖြစ်သည်။ အနီးနားရပ်ရွာတွေက ပယောဂရောဂါသည်တွေအားလုံး ဆရာကြီး၏လက်နှင့် လွတ်ခဲ့သူ မရှိ။ ဆရာကြီးကယ်ခဲ့လို့ ကောင်းတဲ့သူတွေ များခဲ့ပြီ။

တစ်ခါမှာတော့ ဆရာကြီးတို့ရွာကို ဓာတ်ဗိန္ဒောအနာပေါက်ဆရာ ဆရာသွယ်နှင့် ဆရာကတော် ဂိုဏ်းဆရာမကြီး ဒေါ်ငွေအုံး ဆိုသူ ဆရာလင်မယား ပြောင်းရွှေ့လာခဲ့ကြ၏။ ဆရာသွယ်က အနာပေါက်ဆရာသက်သက်ဖြစ်သော်လည်း ဒေါ်ငွေအုံးက ပယောဂလေးဘာလေးကုသူဖြစ်သည်။ သည်အတွက် ဆရာကြီး ဦးရှမ်းဝိုင်း မပူပါ။ သည်နယ်တစ်ဝိုက်ရှိ ခုနစ်ရက်သားသမီးများအတွက် အနာဘေး၊ ပယောဂဘေးကလွတ်အောင် စောင့်ရှောက်နိုင်သူ နှစ်ဦးတိုးလေပြီဟု သဘောထားသည်။ သိတတ်စ အရွယ်တည်းကပင် မျိုးရိုးအရ သည်ပညာ၊ သည်အတတ်နှင့် အထိအတွေ့ရှိခဲ့သူ ဆိုတော့ ဆရာကြီးကို ကိုးကွယ်ကြသူမလျော့၊ အားကိုးမပျက်၊ မေတ္တာရှိကြမြဲ။ မြန်မာ့လောကီပညာတွင် ထိတ်ထိတ်ကြဲစာရင်းတွင် ပါဝင်သော ရှမ်းပညာဖြင့် အသက်မွေးကြသည့် ရှမ်းဆရာကြီးများပင် ဆရာကြီး ဦးရှမ်းဝိုင်းထံ ဝိုင်းဝိုင်းလည် ဆည်းကပ်ကြရသဖြင့် ဦးရှမ်းဝိုင်းဟုပင် တွင်ခဲ့ရသေးသည် မဟုတ်လား။

သည်နောက်မှာတော့ ဆရာကြီးတို့ရွာမှာ ယုံမှားသံသယသည် ရုတ်တရက် မိုးပေါ်ကကျလာသည့်နှယ် တရှိန်ရှိန်လောင်မြိုက်လာခဲ့၏။

"ဆရာကြီးဦးရှမ်းဝိုင်းက ပြုစားအတတ်မှာ တစ်ဖက်ကမ်းခပ်ပေါ့။ ကျုပ်ဒီနယ်ရောက်လာရတာ သူတော်စင်တွေ၊ အထက်က ဆရာကြီးတွေက အမိန့်ချလို့လာရတာ။ ကျုပ်က သာသနာ (၅၀၀၀) ဆေးတော်ကြီးနဲ့ စစ်လိုက်တော့ ကဝေမှ ရင့်လှပြီ။ ပွဲတွေပြင်တာဟာ ပြုစားဖမ်းစားသူကို ပ,သနေတာ မဟုတ်လား။ သတိရှိကြနော်၊ သတိရှိကြ။ ကြားလား"

သည်စကားလုံးတွေက ရွာနီးချုပ်စပ်မှာ နာဂစ်မုန်တိုင်းသတင်းနှယ် ထင်ထင်ပေါ်ပေါ်ရှိလာခဲ့၏။ များလှတစ်ချက်၊ လင်းဝက်ပိတုန်း၊ ငုံးဝင်ချိုနား၊ ပေါက်ဖြားညောင်ပင်၊ ထို့ပြင်တောင်ပို့၊ စို့ရောက်မိုးစွန်၊ တိမ်တံခွန်နှင့် ပြင်းထန်မိုးကြိုး၊ ပြစ်မျိုးတစ်နည်း၊ တော်လည်းငလျင်များနှင့် ထိတွေ့ရသည့်နှယ် မင်္ဂလာမရှိသောပြောသံဆိုသံတို့က ဆရာကြီး၏ ဂုဏ်နှင့် သိက္ခာတို့ကို လည်းကောင်း၊ အကျင့်စာရိတ္တကို လည်းကောင်း၊ မေတ္တာနှင့်စေတနာကိုလည်းကောင်း၊ ထိပါးချင်တိုင်း ထိပါးလာခဲ့သည်။ ဆရာကြီးကတော့ ဆောင်ရွက်နေကျအလုပ်တစ်ခုဖြစ်သည့် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကိုသာ ပွားများမြဲ ဖြစ်သည်။ ယောနိသော မနသိကာရဖြင့် သန့်ရှင်းစွာ ဆောက်တည်သည်။ သဒ္ဓါကြေးနှင့် ရောင့်ရဲသည်။ စာဂိတပမြဏ်မမှုဖြင့် နေထိုင်ခဲ့သည်။ သို့ပါသော်လည်း ဆရာကြီးအား ကဝေဆရာကြီး ဆိုသော သတင်းသည် ထိပ်ဝကြီး၊ ဂေါ်ဒူ၊ ပြာသာ၊ ဘုရားကုန်း၊ ကညင်ကောက် သည်နယ်တစ်ကြောမှာ မြေလျှောက်ပင်ကဲ့သို့ ရှိသည်ဖြစ်ရာ ခန္တီတရား တတ်နိုင်သမျှ လက်ကိုင်ထား၍ လုပ်ရင်းစွဲ မေတ္တာဘာဝနာကမ္မဋ္ဌာန်းဖြင့်ပင် စိတ်၏ငြိမ်းချမ်းမှု သန္တိသုခကို ကျင့်ကြံ နေထိုင်ခဲ့သည်။

ထိပ်ဝကြီးရွာထဲမှာ (၃) နှစ်ခန့်နေပြီးသောအခါ ရွာအနောက်တောင်ဘက်ရှိ ငှက်သိုက်ရိုးကိုင်းတောကြီးထဲမှာ ဆရာကြီး မေတ္တာကမ္မဋ္ဌာန်း အဓိဋ္ဌာန်တဲကလေးထိုးကာ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ မိသားစုဝင်များနှင့် အခြား ကြည်ညိုသူတို့ လာရောက် ပူဇော်ကြသော အာဟာရ လာဘ်လာဘတို့ဖြင့် ရပ်တည် ကျင့်ကြံနိုင်ခဲ့သည်။ ပယောဂရောဂါသည်တွေ ရှာရှာဖွေဖွေရောက်



www.burmeseclassic.com

www.burmeseclassic.com

လာကြတော့လည်း မေတ္တာရှေ့ထား၍ ကုသ ကယ်မ,ပေးသည်။ အခြားရွာတွေကိုတော့ ဆရာကြီး ဆေးကုမလိုက်နိုင်တော့။ သားငှက်တိရစ္ဆာန်များ ကျွေးမွေးရင်း ငှက်သိုက်ရိုးတောကြီးထဲမှာပဲနေသည်။

ဒီလိုနှင့် တစ်ခုသော တပေါင်းလပြည့်နေ့တစ်နေ့မှာ ဆရာကြီး ဆုံးရှာသည်။ ဆရာကြီး၏ဇီဝိန်ချုပ်သည့်ရုပ်ခန္ဓာကို ရွာဦးကျောင်းဆရာတော်နှင့် ကြည်ညိုသူတို့က ဘုရားကုန်းသုသာန်မှာ ဆောင်ရွက်ပေးခဲ့ကြ၏။ ဆရာကြီး၏ အဓိဋ္ဌာန်တဲကျောင်းကလေးကို ဖျက်ကြသည့်အခါ 'သဗ္ဗေသဒ္ဒါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ၊ မေတ္တာသတ္တော -အနန္တော' ဟု ရေးထားသည့် မမှုံ သံဝေဂစာရွက်ပိုင်းလေးတစ်ရွက်၊ စိပ်ပုတီးကလေးတစ်ကုံးနှင့် ကိုင်နေကျဆေးလွယ်အိတ်ဟောင်းကြီးတစ်လုံးကိုသာ တွေ့ကြရသည်။

ဆရာကြီးအလောင်းကို သွားရောက် သင်္ဂြိုဟ်သည့်နေ့က လင်းနို့များ၊ လင်းဆွဲများ၊ ဇီးကွက်များ၊ ကျီးကန်းများ၊ စာကလေးများ သည်းသည်းလှုပ်လှုပ်ဖြစ်ခဲ့ကြ၏။ကောင်းကင်မှ ဝေ့ဝဲရှုပ်ယှက်ခက်ခဲ့ကြသည်။ ငှက်သံမျိုးစုံကြားကြရသည်။ မဂဒဂီတများလားဟုပင် ထင်မှတ်မှားစရာ။ ငှက်များက ညောင်သီးစားရင်း စောင့်နေခဲ့ကြသည်။ မြွေတွန်သံများ၊ အိမ်မြှောင်စုတ်ထိုးသံများ၊ တောက်တဲ့အော်သံများ ထူးထူးခြားခြား စူးစူးရှရှ ကြားကြရသည်။ သည်ထူးခြားဖြစ်စဉ်ကို ယုံကြည်လက်ခံကြသူတွေရှိသလို မယုံကြည်ကြသူတွေလည်း ရှိသည်။ ရွာဦးကန်ကျောင်းဆရာတော်ကတော့ ဒကာကြီး ဦးရှမ်းဝိုင်းတစ်ယောက် ကောင်းရာသုဂတိရောက်မှာပါဟု မိန့်ပါသည်။ မည်သို့ပင်ရှိစေ သည်နယ်တစ်ဝိုက်၌တွင် ပယောဂရောဂါသည် ရွက်ကျပင်ပေါက်များနှယ် အပြိုင်းအရိုင်း ပြန်လည် ဦးမော့ ရှင်သန်လာခဲ့ပြန်လေသည်။

နန္ဒအောင်လံ

# မာလကာရွက် နှင့် ဆီးချို

## မောင်လှုယဉ်(မော်လမြိုင်)

အင်္ဂလိပ်လကုန်ပြီး အားရက်တစ်ရက်တွင် ကျွန်ုပ် မော်လမြိုင်မြို့သို့ တက်ခဲ့ပါသည်။ လကုန်ပိုင်းမို့ မဂ္ဂဇင်းများလည်း ကျော်ကျော်စာပေတွင် ကုန်သလောက်ရှိနေပြီး ဖြစ်မည်။ ကျွန်ုပ်၏ခြေတို့က ကျော်ကျော်စာပေသို့ ဦးတည်နေစဉ်-

"ဟေ့ - တောသားမြို့တက်ပြီး စာအုပ်လာမွှေနေတာလားကွ"

အသံက ရင်းနှီးလွန်းသည့်အသံမို့ လှည့်ကြည့်မိရာ အစ်ကိုလို့ခင်ရသည့် ကိုအောင်ခိုင် ဖြစ်နေသည်။

"ဟာ- အစ်ကို လှလို့၊ ဝလို့ပါလားဗျ"

"မင်း အခုမှတွေ့တာကိုး ညီရာ၊ လွန်ခဲ့တဲ့ နှစ်လလောက်ကတွေ့ရင် မင်း ဒီလိုပြောနိုင်မှာမဟုတ်ဘူး။ လာကွာ၊ လက်ဖက်ရည်သောက်ရင်း စကားပြောကြရအောင်"

ကျွန်ုပ်တို့နှစ်ဦး လက်ဖက်ရည်ဆိုင်သို့ထွက်ခဲ့ပြီး လက်ဖက်ရည် မှာသောက်ရင်း အစ်ကိုအောင်ခိုင်ပြောစကားကို နားထောင်ဖြစ်လေသည်။

"ဟကောင်ရ၊ ငါဆိုတဲ့ကောင်ကလည်း တေတေပေပေ နေတတ်တာ မင်းအသိပဲ။ အချိုလည်းကြိုက်ဆိုတော့ သူဌေးရောဂါစွဲတော့တာပေါ့ကွာ။ အစက ငါမသိသေးဘူးကွ၊ လမ်းဘေးမှာ အပေါ့သွားမိမှ သိရတာ။ ပထမတစ်ခါသွားတုန်းကတော့ မသိသေးဘူး၊ နှစ်နာရီကြာလောက် ဆီသွားချင်လာပြန်လို့ ခုနနေရာမှာ ထပ်သွားတော့ ဘာတွေ တွေ့တယ်ထင်လဲကွ"

"ကျွန်တော် ဘာသိမှာလဲဗျာ"

"ငါပေါက်ထားတဲ့ နေရာမှာ ပုရွက်ဆိတ်တွေ အုံနေတာ တွေ့ရတာကွ။ ငါလည်းလန့်သွားပြီး ဆရာဝန်နဲ့သွားတွေ့၊ ဆီးစစ်တော့ ဆီးချို့ရောဂါဆိုတာ သိရတာပဲကွ။ ဆရာဝန်ညွှန်ကြားတဲ့ဆေးရော မြန်မာဆေးပါ သောက်ပေမယ့် သက်သာရုံပဲ၊ လုံးလုံးမပျောက်ဘူးကွ။ အစားများတာနဲ့ ဆီးချိုပြန်ဖြစ်လာရောကွ။ သုံးနှစ်လောက် ခံစားနေရတယ်ကွ"

"အခုကော ပျောက်သွားပြီလား အစ်ကို"

"ခုတော့ ပျောက်သလောက်ရှိသွားပြီပေါ့ကွာ၊ အစားရှောင်စရာမလိုတော့ပါဘူး"

"အစ်ကို ဘာနဲ့တည့်သွားတာလဲဗျ၊ ပြောပြပါလား။ တခြား ဆီးချိုဝေဒနာရှင်တွေ တည့်လိုတည့်ငြားပေါ့ အစ်ကိုရာ၊ မဂ္ဂဇင်းထဲ ထည့်လိုက်မယ်လေ"

"ကောင်းတာပေါ့ကွာ၊ ငါ့ကိုဆေးနည်းပေးတဲ့သူရော ငါပါ ကုသိုလ်ရတာပေါ့။ ငါ့ရဲ့ဆီးချိုရောဂါ သက်သာသွားတာ မာလကာရွက်ပဲကွ"

"ဗျာ- မာလကာရွက် ဟုတ်လား၊ ရှင်းအောင် ပြောပြပါ အစ်ကိုရာ"

"ငွေကုန်ကြေးကျလည်း မရှိလို့ အထင်တော့မသေးနဲ့ကွ။ မာလကာရွက် မရင့်တရင့် ၂၀ ရွက်ကို ပြုတ်ပြီး ရေနွေးကြမ်းသောက်သလို သောက်ပေးရုံပဲကွ။ မာလကာရွက် မသောက်ချင်ရင် ကင်းပုံရွက်အခါးကိုကြော်စားချင်စား၊ တို့စားချင်စားကွာ။ ဆီးချို သက်သာပျောက်ကင်းသွားမယ်လို့ အစ်ကို့ကိုဆေးနည်းပေးတဲ့ဆရာကပြောခဲ့တာပဲ ညီလေးရေ"

ကောင်းကျိုးလိုရာ ပြည့်ပါစေ
မောင်လှုယဉ်(မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

# ကင်ဆာဘေးအန္တရာယ်လျော့ချရေးနှင့် ပတ်သက်၍


စောငုဝါ(ပျဉ်းမနား)
ဖုန်း - ၀၆၇-၂၃၂၆၄

ကင်ဆာဘေးအန္တရာယ်နှင့် ပတ်သက်၍ ကိုယ်တိုင် စိတ်ရော ကိုယ်ပါ လေ့လာ သိရှိထားရုံမက ကင်ဆာရောဂါကြောင့် လူမှုဒုက္ခများစွာ ကြုံတွေ့ ခံစားကြရ၊ ဘဝပျက်၊ စီးပွားပျက်၊ အချို့ အသက်ဆုံးရှုံးကြသည်အထိရှိနေကြသည်များကို တွေ့ရ၊ မြင်ရ၊ သိခဲ့ရပါသည်။ ထိုကင်ဆာရောဂါ ဖြစ်ပွား ခံစားလာသည်နှင့် အချို့က တတ်နိုင်အားပေါ်မူတည်၍ ပြည်ပနိုင်ငံများအထိ သွားရောက်ကုသမှုရှိနေတာလည်း တွေ့ရပါ၏။

အချို့ကတော့ တိုင်းရင်းဆေးကုထုံးနည်းနှင့် ကုသမှု ခံယူနေကြပါ၏။ အချို့ကတော့ သဘာဝကုထုံးနည်းများနှင့် ကုသခံယူကြ၊ မှိုဝဲအသုံးပြုကြ၏။ ယုံကြည်အားထားမှုနှင့် ဆန္ဒအရ ကုသမှု ခံယူကြရာတွင် အချို့လည်း ငွေကုန်အကျများပြီး သက်သာပျောက်ကင်းကြ၏။ အချို့ကျတော့ ငွေကုန်လူပန်း အသက်ပါ ဆုံးရှုံးကြ၏။

အချို့ကျတော့ အကုန်အကျများစွာ သက်သာရုံမက အချိန်တိုအတွင်း ထူးခြားစွာ ပျောက်ကင်း သက်သာသွားကြ၏။ အဆိုက်အန္တရာယ်အထိစိန်ခေါ်နေသော ကင်ဆာဝေဒနာများကို တိုက်ဖျက် ကာကွယ်ကုသနိုင်သော ထူးခြားလှသည့် သဘာဝကုထုံးနည်းကတော့ ကြံသရမူလီနွယ်ပင် ဖြစ်ပါ၏။ ၎င်းကြံသရမူလီနွယ်ပင်၏ ဆေးစွမ်းထက်မှုကြောင့် ကင်ဆာဝေဒနာမျိုးစုံ သက်သာ ပျောက်ကင်းကြတာ တွေ့ရပါသည်။

ကင်ဆာ အမျိုးအစားထဲတွင် အသည်းကင်ဆာကိုတောင် အချိန်တိုအတွင်း သက်သာ ပျောက်ကင်းသွားတာ အခိုင်အမာရှိနေပါ၏။ (၆) လခန့်သာ အသက်ရှင်နေနိုင်တော့မည်ဟု ပါရဂူ၏ ခန့်မှန်းချက်ပေးခံထားရသူ ၁၉၉၂ ခုနှစ်က အသည်းကင်ဆာ ဝေဒနာရှင်သည် ယနေ့အထိ အသက်ရှင်လျက်ရှိနေပါသည်။ ရက်ပိုင်းအတွင်း ကြံသရမူလီအရွက်ဆေးအစွမ်းဖြင့် ရှင်းရှင်းပျောက်ကင်းသွားပြီးနောက် ကြံသရမူလီအရွက်ကို မမှီဝဲတော့ဘဲ ရောဂါပြန်ဖြစ်လာတာမျိုး လုံးဝမရှိ။ ကျန်းမာပတတိရှိနေပါ၏။



ကြံသရမူလီအရွက်ကို အရည်ညှစ်သောက်၊ ဝါးစား၊ တို့စားမြှုပ်စား၊ သုပ်စား၍ သက်သာ ပျောက်ကင်းသွားကြတာပါ။ ဆေးသိပ္ပံသဘောအရ တစ်ဦးတစ်ယောက်သာ ကြံသရမူလီအရွက်ကြောင့် ပျောက်ကင်းတာမျိုးမဟုတ်ဘဲ နှစ်ပေါင်း (၂၀) အတွင်း ကင်ဆာဝေဒနာရှင်များစွာ ပျောက်ကင်းမှုရှိကြတာလည်း တွေ့ရပါ၏။ ထို့ကြောင့် ကြံသရမူလီဆေးအစွမ်းကြောင့် ကင်ဆာပျောက်နိုင်ကြောင်း ကောက်ချက်ချနိုင်ပြီဟု ယူဆမိပါသည်။

အတတ်ပညာရှင်တစ်ဦး၊သုတေသီတစ်ဦး၏ လေ့လာမှုမျိုး မဟုတ်ပါ။ ဝါသနာရှင်တစ်ဦး၊ စိုက်ပျိုးရေးကို လက်တွေ့ လုပ်ကိုင်နေသူတစ်ဦး၏ လေ့လာ သိရှိချက်မျှသာ ဖြစ်ပါ၏။ သက်သာ ပျောက်ကင်းသွားသူများ၏ သတင်းကို ခွင့်ပြုချက်ဖြင့် ထပ်ဆင့် မျှဝေ စာရေးသား ဖော်ထုတ်နေသူပါ။ ပညာရှင်များ၏ ဆန်းစစ်စမ်းသပ် သုတေသနပြု ဖော်ထုတ်နိုင်ပါက လူသားထုအကျိုး၊ တိုင်းပြည်အကျိုး များစွာရှိနိုင်မည်ဟုလည်း မျှော်မှန်း ယုံကြည်နေမိပါ၏။

ယခုအခါ ကင်ဆာဝေဒနာမျိုးစုံခံစားနေသူ များပြားနေသလို ဘီပိုး၊ စီပိုး၊ အသည်းခြောက်၊ အဆီဖုံး၊ နှလုံးသွေးကြောကျဉ်း၊ တီဘီရောဂါများအထိ ကြံသရမူလီအရွက် ဆေးအစွမ်းဖြင့် သက်သာ ပျောက်ကင်းသွားသူများရှိနေပါပြီ။ ကြံသရမူလီပင်သည် ပဉ္စငါးပါးစလုံး ဆေးဖက်ဝင်ပါ၏။ အထူးသဖြင့် အရွက်လတ်လတ်ဆတ်ဆတ်ကို ဝါးစား၊သုပ်စားရုံနှင့် ပျောက်ကင်းမှုရှိတာတစ်ကြောင်း၊ တစ်ပင်လုံးမှာ အရွက်ကသာ များစွာထွက်ရှိရရှိနိုင်၍ ၎င်းအပင်ကို ဝိုင်းစိုက်ပြီး လိုလျှင်သုံး၊ ဆန္ဒရှိလျှင် မျှဝေနိုင်ပေမည်။

ယခုအခါ ကင်ဆာဖြစ်ပွားမှုသည် ရောဂါဘယ်ဖြစ်ပွားမှုတွင် ထိပ်ဆုံးမှပါဝင်နေကြောင်း ပညာရှင်များမှ ထောက်ပြ ဖော်ထုတ် အသိပေးနေသလို မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ်၌ ဖေဖော်ဝါရီလ (၂၁) ရက်၊ (၂၂) ရက်နေ့များမှာ



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်တစ်ဦးမှ ဒန္တကူးနီတွင် ကင်ဆာဆဲ(လ်)များကို သေစေနိုင်သော ဒြပ်ပေါင်းများစွာ ပါဝင်နေသည့် စာတမ်းကို သုတေသနပြု တွေ့ရှိချက်အဖြစ် တင်သွင်းသွားပါသည်။ ထို့အပြင် ကင်ဆာရောဂါကို ပျောက်ကင်းစေနိုင်သော လဲလူနှင့် ဆေးအိုးပုတ်သတင်းများလည်း ထူးခြားစွာ ထွက်ပေါ်လာနေပါ၏။ ထိုအပင်များမှာလည်း ကင်ဆာပျောက်ကင်းစေနိုင်သည့် ဘယဆေးပင်များဖြစ်ကြသလို မှတ်တမ်းမတင်ရသေးသော အခြားဆေးပင်များလည်း ရှိနိုင်ပါသည်။ ရှိနေဦးမှာပါ။

စာရေးသူကိုယ်တိုင် အထူးပြုလေ့လာသိရှိထားသော ဣသရမူလီဆေးအစွမ်းကြောင့် အသက်အန္တရာယ်ကို စိန်ခေါ်နေသည့် ရောဂါဝေဒနာများကို ပြန်လည် စိန်ခေါ်တိုက်ဖျက်ကာကွယ် သက်သာပျောက်ကင်းမှုသတင်းများကို စာဖတ်ပရိသတ်များအတွက် ဆောင်းပါးများစွာ ရေး၍ အသိပေးနေခဲ့တာလည်း နှစ်များစွာကြာခဲ့ပါပြီ။ လွန်ခဲ့သောလအတွင်းက 'ဣသရမူလီနွယ်ပင်နှင့် ကင်ဆာဘေးအန္တရာယ်လျော့ချရေး' ခေါင်းစဉ်ဖြင့် စာအုပ်ကို Synergy Pubhication မှ တာဝန်ယူ ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။

စာအုပ်ကို ဝယ်ယူ ဖတ်ရှုသူများပြောသလို ယုံကြည်အားထားသူများ ဣသရမူလီနွယ်ပင်ကို ဝိုင်းစိုက်လာကြတာလည်း အားရဖွယ် တွေ့ရပါ၏။ မြန်မာပြည်တစ်နံတစ်လျားအပင်ရှိသူများလည်း ဆက်သွယ်လှုပ်ရှား ပါဝင်လာကြသည့်အတွက် ဝမ်းသာရပါ၏။ ဆန္ဒတူများသိုင်းဝိုင်းဝိုင်းဝန်းလာကြတာပါ။ အချို့က အာယုဒါနပြုကြပါသည်။ အချို့က စေတနာကြေးဖြင့် ကူညီကြ၏။ အချို့က ကာလဈေးကွက်ဖြင့် အရွက်ရော အပင်ကိုပါ ရောင်းကြ၏။ ယခုအခါ ဣသရမူလီဈေးကွက်လည်း ရှိလာနေတာတွေ့ရပါ၏။

စာရေးသူကိုယ်တိုင် အစွမ်းထက်ဆေးပင်များစွာကို နှစ်များစွာတိုင် စိုက်ပျိုး ထပ်ဆင့်မျှဝေ ကုသိုလ်ပြုနေခဲ့တာပါ။ ချမ်းသာကြွယ်ဝသူများ မဟုတ်၍ ယခုအခါ သား၊ မြေး၊ မြစ်များ၏စားဝတ်နေရေး လည်ပတ်နိုင်ရေးအတွက် ဣသရမူလီအရွက်နှင့် အပင်ပျိုးပင်များကို ရောင်းချခဲ့ရပါသည်။ ဆန္ဒနှင့် ဦးတည်ချက်ကိုပြောင်းလဲ လုပ်ကိုင်ခဲ့ရတာပါ။ လုပ်ငန်းများလည်ပတ်ရေး ခက်ခဲလာရတာလည်း (၃)နှစ်ကျော်ရှိခဲ့တာရယ်၊ အခြေအနေအရပ်ရပ်ကြောင့် အပင်များကို စိုက်ပျိုးရောင်းချခဲ့ရတာကို စာနာခွင့်လွှတ်နိုင်မည်ဟုလည်း မျှော်လင့်နေပါသည်။

ဣသရမူလီနွယ်ပင်ကို ဝိုင်းစိုက်လာသူများတွင် ဆန္ဒရှိသူများ၊ ဝါသနာရှင်များ၊ ဝေဒနာရှင်မိသားစုများ၊ ဝန်ထမ်းမိသားစုများ အပါအဝင် ပြည်သူလွှတ်တော်ကိုယ်စားလှယ်အချို့နှင့် စစ်ဘက်ဆိုင်ရာ အကြီးအကဲများအထိ ပါဝင်လာကြပါပြီ။ အချို့က ဘဝအတွက်ပြင်ဆင်မှုအဖြစ် ကြိုတင် စိုက်ထားကြ၏။ အချို့က စေတနာနှင့် ဝယ်ယူလက်ဆောင်ပေးကြ၏။ ထိုသို့ဖြစ်ရသည်မှာ ဝေဒနာ ခံစားနေရသူများ၏ ဣသရမူလီဆေးရွက် စားသုံးမှီဝဲပြီး အချိန်တိုအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းသည့် သတင်းကြောင့်လည်း ပါ၏။

ထိုသို့ ဣသရမူလီဆေးအစွမ်းကြောင့် ထူးခြားစွာ သက်သာပျောက်ကင်းသွားသော ဝေဒနာရှင်အချို့၏ သတင်းအချို့ကို ရေးသား အသိပေးဖော်ပြလိုက်ပါသည်။ ထိုပုဂ္ဂိုလ်များပျောက်ကင်းသက်သာသွားမှုသတင်းကလည်း ရက်ပိုင်း၊ လပိုင်းသာ ဖြစ်ပါသည်။

ပထမဦးဆုံး သတင်းကတော့ သယ်ယူပို့ဆောင်ရေးမှ ဦးက္ကဋ္ဌကြီး၏ သတင်းပါ။ ယခင်က နှလုံးရောဂါအပြင်းအထန် ခံစားခဲ့ဖူးသူပါ။ ယခုလည်း သူ့နှလုံးက ခွဲစိတ်ကုသမှုဖြစ်တော့မည့် အခြေအနေဟု သိရပါသည်။ စာရေးသူထံရောက်လာတော့ သူ့နှလုံးရောဂါအခြေအနေကို ပြောပြပါသည်။ စာရေးသူကလည်း နှလုံးသွေးကြောကျဉ်း ဝေဒနာရှင်များအတွက် မျှဝေနေကျအတိုင်း ဣသရမူလီအရွက် (၅)ရွက် ခူးပေး၍ မှီဝဲသုံးစွဲပုံကို ရှင်းပြလိုက်ပါ၏။

အပြန်မှာ 'ကျွန်တော် ဣသရမူလီကို ယုံကြည်စွာ မှီဝဲပါ့မယ်'ဟု ဆိုပါသည်။ ထို့နောက် လပိုင်းကျော်အတွင်း မတွေ့ဆုံဖြစ်ခဲ့ကြပါ။ ဒါပေမယ့် စစ်ဘက်ဆိုင်ရာမှပုဂ္ဂိုလ်တချို့ ရောက်လာရင်း ဦးက္ကဋ္ဌကြီး၏သတင်းကြားလာရပါ၏။ ထိုသတင်းက နှလုံးသွေးကြောကျဉ်းရောဂါကို မခွဲစိတ်ရတော့ဘဲ သက်သာ ပျောက်ကင်းသွားသည့် ဝမ်းသာစရာသတင်းပါ။ ဦးက္ကဋ္ဌကြီးက စစ်ရုံးချုပ်မှာ တာဝန်ထမ်းဆောင်နေသော ဗိုလ်ချုပ်တစ်ဦး၏ ညီဟုလည်း သိရပါ၏။ ထို့နောက်ပိုင်း စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့် မိတ်ဆွေများပါ အခါအားလျော်စွာ ရောက်လာကြပြန်ပါ၏။

ဗိုလ်ချုပ်တစ်ဦးဆိုလျှင် ပျိုးပင်များစွာ ဝယ်ယူသွားပြီး ပြန့်ပွားရေးလုပ်ဆောင်နေပါ၏။ အသက် (၈၀)ကျော်ဖခင်ကြီးလည်း သွေးကြောကျဉ်းဝေဒနာအတွက် ဣသရမူလီတစ်ရွက်နှင့် ငရုတ်ကောင်းတစ်စေ့ မှီဝဲနေသလို ဗိုလ်ချုပ်ကိုယ်တိုင်လည်း မှီဝဲနေပါ၏။ ထူးခြားတာက ဗိုလ်ချုပ် လွှတ်၍ ပုဂ္ဂိုလ်တချို့ ရောက်လာကြပြန်တာပါပဲ။

လွန်ခဲ့သော (၃) ပတ်က အင်္ဂါနေ့တစ်ရက်မှာ သယ်ယူပို့ဆောင်ရေး ဦးက္ကဋ္ဌကြီးနှင့် အတွင်းရေးမှူးတို့ ခြံထဲသို့ ရောက်လာကြပါသည်။ မအားလပ်သည့် တာဝန်တွေများလှသည့်ကြားက အချိန်ယူလာခဲ့ကြတာပါ။ စကားဝိုင်းမှာ ဦးက္ကဋ္ဌကြီးက ဣသရမူလီအရွက်နှင့် ငရုတ်ကောင်းတစ်စေ့ ဝါးစား ရေသောက်ခဲ့ရာမှာ တစ်ကြိမ်ထက်တစ်ကြိမ် ပြင်းထန်စွာ ခံစားခဲ့ရ၍ (၈)ကြိမ်မြောက်တွင် ရပ်နားခဲ့ရကြောင်း ဆိုပါသည်။ ရပ်နားပြီးနောက် တစ်ရက်ထက်တစ်ရက် ခံစားရမှု ထူးခြားစွာ သက်သာလာတာကြောင့် စစ်ဆေးရုံမှ ပါရဂူဆရာဝန်ကြီးနှင့် ပြသခဲ့ကြောင်း ဆိုပါသည်။

ဦးက္ကဋ္ဌကြီး ပြောပြသည်မှာ ဆေးပညာပိုင်းနှင့် ပကတိအခြေအနေများ ပါပါ၏။ ဆရာဝန်ကြီးမှ ယခင်ကနှင့်မတူ ယခုအချိန်တွင် ထူး



www.burmeseclassic.com

www.burmeseclassic.com

ခြားနေ၍ စမ်းသပ်စစ်ဆေးမှုများအရ တိုးတက်မှုရှိနေသောကြောင့် နည်းပညာကုထုံးဖြင့် ပိတ်နေသော သွေးကြောများကိုဖွင့်ကြည့်ရန် ညှိနှိုင်းလာ၍ ဥက္ကဋ္ဌကြီးကလက်ခံခဲ့ကြောင်း ဆိုပါသည်။ နည်းပညာပိုင်းလုပ်ထုံးလုပ်နည်းများကို ဥက္ကဋ္ဌကြီးမှ အသေးစိတ် ပြောပြရာမှ စက်ကိရိယာများ၏တန်ဖိုးနှင့် ကုသစရိတ်တန်ကြေးများလည်း ပါပါ၏။ အဓိကအချက်ကတော့ ယခင်က ခွဲစိတ်ကုသမှုကိုဖြစ်မည့် နှလုံးသွေးကြောကျဉ်းရောဂါ ပိတ်ဆို့နေသော သွေးကြောများကို အဆင်ပြေစွာဖွင့်၍ရခဲ့သလို လုံးဝအဆင်ပြေသွားကြောင်း အားရပါးရ ကျေနပ်မှုအပြည့်နှင့် ပြန်လည် ပြောပြခဲ့ပါသည်။

ဥက္ကဋ္ဌကြီး ပြန်လည်ပြောပြရာမှာ နှလုံးသွေးကြောကျဉ်းဖြစ်ရသည့် ပညာပိုင်း၊ နည်းပညာပိုင်း များစွာ ပါပါ၏။ ကုသပေးသော ပါရဂူဆရာဝန်မကြီးကိုယ်တိုင် အံ့သြပီတိဖြစ်ခဲ့ရကြောင်းလည်း သိရပါ၏။ အပြန်တွင် ဥက္ကဋ္ဌကြီးအတွက် ဣသရမူလီ (၅) ရွက်နှင့် စတင်ဖြစ်စပြုနေသော အတွင်းရေးမှူးအတွက် (၅) ရွက်ကို မျှဝေပေးခဲ့ပါ၏။

တပေါင်းလပြည့်နေ့က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် သံဃာတော်များ၊ သီလရှင်များနှင့် ထူးချွန်လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ အပ်နှင်းပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုင်ငံတော်မှ ကျင်းပပြုလုပ်ခဲ့ပါသည်။ စာရေးသူတို့ စာနယ်ဇင်းအဖွဲ့ကို ဗဟိုစာနယ်ဇင်းအဖွဲ့မှ တာဝန်ပေး၍ သွားရောက်လောင်းလှူခဲ့ပါ၏။ လောင်းလှူပွဲအပြီးတွင် ပို့ဆောင်ရေးမဏ္ဍပ်ရှေ့တွင် ဥက္ကဋ္ဌကြီးနှင့် ဆုံတွေ့စကားဆိုဖြစ်ခဲ့ကြပါသည်။

ဥက္ကဋ္ဌကြီးက ယှဉ်၍ ရပ်နေသောပုဂ္ဂိုလ်နှင့် မိတ်ဆက်ပေးရာ-

"ဆရာကြီး၊ သူက ဦးမြင့်ဆွေ။ ကျွန်တော့်လိုပဲ နှလုံးသွေးကြောကျဉ်းရောဂါကြောင့် ဆေးရုံတက်ကုသခဲ့တာ။ ကျွန်တော့်လိုပဲ ဣသရမူလီ တစ်ရွက်နဲ့ ငရုတ်ကောင်းတစ်စေ့ ဝါးစားပြီး (၃)ကြိမ်မြောက်မှာ ရပ်ထားခဲ့ရာက အခြေအနေ တိုးတက်လာလို့ မခွဲစိတ်ရတော့ဘဲ ကျွန်တော့်လိုပဲ သွေးကြောတွေဖွင့်လို့ရပြီး အခြေအနေကောင်းသွားတာ ရက်ပိုင်းပဲရှိသေးတယ်"

ဟု ဦးဆောင် ရှင်းပြပါ၏။ ဦးမြင့်ဆွေကတော့ အပြုံးများစွာနှင့်ပါ။ ရှင်းပြနေစဉ် ဥက္ကဋ္ဌကြီး၏ မျက်နှာအတွင်း အားရကျေနပ်မှုနှင့် ဝမ်းသာပီတိ အပြည့်လွှမ်းနေတာလည်း မြင်တွေ့ခဲ့ရပါ၏။ ပါရဂူဒေါက်တာမကြီးက သူတို့နှစ်ဦးဖြစ်စဉ်သည် ဆေးလောကအတွက် ပညာပိုင်းဆိုင်ရာ ထူးခြားနေကြောင်း ပြောဆိုမိရာမှ ဣသရမူလီ ဆေးအစွမ်းကြောင်း ပြောပြမိခဲ့သည်ဟုလည်း ဆိုပါသည်။ အကျိုးဆက်အဖြစ် ပါရဂူဆရာဝန်ကြီး အလွန်အံ့သြရုံမက စိတ်ဝင်စားသွားကြောင်း သိရပါသည်။ ဦးမြင့်ဆွေသည် ဌာနတစ်ခုမှ မြို့နယ်ဦးစီးမှူးဟု ဆိုပါသည်။

နောက်(၂)ရက်အကြာ ဦးမြင့်ဆွေနှင့် အိမ်နီးချင်းပုဂ္ဂိုလ်တစ်ဦး ဦးမြင့်ဆွေသတင်းကြောင့် နှလုံးသွေးကြောကျဉ်းဝေဒနာရှင်တစ်ယောက်အတွက်ဟုဆိုကာ ရောက်လာပါ၏။ စာရေးသူကလည်း မျှဝေနေကျအတိုင်း ဣသရမူလီ (၅) ရွက် ခူးပေးမိပါ၏။ သူတို့အပြန်မှာ ဣသရမူလီနွယ်ပင်နှင့် ကင်ဆာဘေးအန္တရာယ် လျှော့ချရေးစာအုပ်တစ်အုပ် ဝယ်ယူသွားပါသည်။

ထို့အတူ ရန်ကုန်တစ်ဖက်ကမ်း တွံတေးမြို့နယ်မှ စီပိုးဝေဒနာရှင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် ခေတ်မီကုထုံးနည်းဖြင့် ကုသ ခံယူနေရာမှ ဣသရမူလီဆေးအစွမ်းကို ယုံကြည်၍ ပြောင်းလဲ မှီဝဲသုံးစွဲခဲ့ရာမှ ထူးခြားစွာ သက်သာပျောက်ကင်းသွားပုံကို ဆရာမကြီးကိုယ်တိုင် ဖုန်းနှင့် ဆက်သွယ်ပြောပြချက်ကလည်း ထူးခြားနေပါ၏။

ဆရာမကြီးကိုယ်တိုင် ဖုန်းဆက်ပြောကြားရာတွင် စီပိုးရောဂါနှင့် စီပိုးအကောင်ရေကို ခေတ်မီနည်းနှင့် စစ်ဆေးခဲ့ရာမှ ပိုးကောင်ရေများ၍ အကြိမ်ကြိမ် သတ်မှတ်ချက်အတိုင်း ဆေးကုသခံခဲ့ရာ တစ်ကြိမ်ထက်တစ်ကြိမ် ခံနိုင်ရည်အားတွေ ကျဆင်းပြင်းထန်စွာ ဆေးတုံ့ပြန်မှု ခံစားခဲ့ရသည့် ဖြစ်စဉ်သာမက အကုန်အကျများစွာ ခံစားခဲ့ရကြောင်း ဆိုပါသည်။

ထိုသို့ ဆရာမကြီး ဆေးကုသခံစားနေရပုံများကို သိရှိသွားသော ကိုးကွယ်နေသည့် ကျောင်းထိုင်ဆရာတော်ကြီးမှ စာရေးသူ ရေးသားခဲ့သော ဣသရမူလီနွယ်ပင် (သို့မဟုတ်) ကင်ဆာပျောက်ဆေးပင်အကြောင်း သူရဿမဂ္ဂဇင်းပါ ဆောင်းပါးကို အသိပေး ပြောပြရုံမက မော်လမြိုင်မြို့မှ ဣသရမူလီအရွက် အလုံအလောက် ရှာဖွေပေးခဲ့ကြောင်း ဆိုပါသည်။

ထိုဣသရမူလီအရွက်များကို ရေခဲဘူးထဲမှာထည့်ပြီး မှီဝဲစားသုံးခဲ့ရာက တဖြည်းဖြည်း ထူးခြားစွာ သက်သာလာကြောင်း ပြောပြလာပါသည်။ ထိုဖြစ်စဉ်တွေကို စာတမ်းပြုရေးသားနေသည်ဟုလည်း ဆိုပါ၏။ စီပိုးအကောင်ရေ သန်းကျော်ကို ဆေးကြိမ်ရေ (၂၈) ကြိမ် ဆေးသွင်းကုသခံခဲ့ရာမှ ဆေးသွင်းကုသခံယူပြီးတိုင်း မလှုပ်နိုင်မကိုင်နိုင်နှင့် စိတ်ဆင်းရဲခြင်းများစွာ ခံစားခဲ့ရပုံများ အပါအဝင် ဆရာမကြီးကိုယ်တိုင် ခံစားတွေ့ရှိချက်များကို ၂၈-၁၂-၂၀၁၁ရက်နေ့ နံနက် (၁၁) နာရီခန့်တွင် ဖုန်းဆက်ပြောကြားလာပါ၏။

ဆရာမကြီးက အသက် (၆၈) နှစ်ရှိပါပြီ။ ယောဂီဝတ်ဖြင့် တရားဘာဝနာ ကျင့်ကြံပွားများရင်း ဘဝကိုတည်ဆောက်နေသူပါ။ ဖုန်းနံပါတ်ပေး၍ ဣသရမူလီအရွက်လိုအပ်သူများကို ကူညီလိုကြောင်းလည်း ဆိုပါ၏။ ဆေးပြန်စစ်ဆေးပြီး ထူးခြားလျှင် ဖုန်းဆက်ပြောပြပါမည်ဟုလည်း အသိပေးပါသည်။ လွန်ခဲ့သော ရက်ပိုင်းက ဆရာမကြီး ဖုန်းဆက်ပြောပြတာက စာရေးသူညွှန်သောလူအချို့လာကြောင်းနှင့် ဆေးပြန်စစ်ရာတွင် အသည်းလည်း အခြေအနေကောင်းလာပြီး ရေဖျဉ်းလည်း မရှိတော့ကြောင်း ပြောပြပါ၏။ ပိုးအကောင်ရေ မေးတော့ ဆရာဝန်က -

"ခင်ဗျားက ကျုပ်တို့ကုသနည်းနဲ့ ကုတာမှ မဟုတ်ဘဲ။ ဘာလို့ပိုးအကောင်ရေ သိချင်ရတာလဲ

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကြောင်းနှင့်-

"အဲဒါပါပဲ ဆရာရေ ဆရာဝန်ရဲ့ မှတ်ချက်ကို ဆရာကိုယ်တိုင်ပဲ ကောက်ချက်ဆွဲပါတော့"

ဟု ဆိုပါသည်။

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ လလယ်လောက်က ဖုန်းဆက်သွယ်မှု တစ်ခု ဝင်လာပါ၏။

"ကျွန်မက ဒေါက်တာပါ။ ကြ္ကာသရမှုလီနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်လို့ပါ။ အချိန်နည်းနည်းပေးပါ"

ဟု ဆိုပါသည်။

"ဟုတ်ကဲ့ပါ၊ ဘယ်လိုဆန္ဒနဲ့ ဆက်ပါသလဲ"

ဟု မေးမြန်းရာ-

"ကျွန်မရဲ့ ခင်ပွန်း အူမကြီးကင်ဆာ ဖြတ်တောက်ကုသခံထားရတာ နှစ်ချီကြာခဲ့ပါပြီ။ ဆေးရုံမှာပါ။ ကြ္ကာသရမှုလီသတင်းကြားလို့ မှီဝဲချင်လို့ပါ"

ဟု ဖြေပါ၏။

မေးလာသူက ဆရာဝန်၊ အူမကြီးကင်ဆာ ဖြတ်တောက် ကုသခံထားရသူ လူနာက ဆေးရုံမှာ နှစ်ချီကြာခဲ့ပြီ။ စာရေးသူအတွေးမှာ တစ်သီကြီး ပေါ်လာတာက လူနာ၏ ပကတိအခြေအနေ။ မိသားစု၏ မျှဝေ ခံစားနေကြရသော စိတ်မချမ်းသာမှုဝေဒနာများအပြင် ဆေးကုသစရိတ်များစွာ၊ ကုန်ကျမှုများအပြင် ယခုကောက်ရိုးတစ်မျှင်အဖြစ် လှမ်းလင့်လာတာတွေ ဖြစ်ပါ၏။

ဆံရာမ၏ ကမ်းလှမ်းချက်ကို စာရေးသူမှ-

"ဆရာမ၊ ကျွန်တော်က ဆေးကုသူ မဟုတ်ပါဘူး။ ကြ္ကာသရမှုလီ ဆေးအစွမ်းနဲ့ ပျောက်ကင်းသက်သာမှု သတင်းတွေကို စာဖတ်ပရိသတ်အတွက် အသိပေးဖို့ ရေးသား ဖော်ပြနေသလို အတတ်နိုင်ဆုံး ယုံကြည်အားထားသူတွေကို ထပ်ဆင့် မျှဝေနေတာပါ"

ဟု ရှင်းပြပြီး ကြ္ကာသရမှုလီအရှက်ရနိုင်သောနေရာနှင့် အနည်းဆုံး (၃)ပတ်နှင့် အထက်တစ်နေ့ (၃)ကြိမ် မပြတ်အောင် မှီဝဲရန်လိုပါကြောင်း အသိပေး ပြောပြ၍ ကြ္ကာသရမှုလီဆေးအစွမ်းများအပြင် သတိထားရန် အချက်အချို့ကို ပြောပြ၍ ရန်ကုန် ပဒုမ္မာလမ်းရှိ ဒေါ်စီစီထံ ကြ္ကာသရမှုလီအရွက်ရရေး ညွှန်ပြအသိပေးခဲ့ပါသည်။

၁၄-၂-၂၀၁၂ ရက်နေ့ညပိုင်း (၄း၄၀) နာရီခန့်တွင် ဒေါက်တာမှ ဖုန်းဆက်လာပါသည်။ အမျိုးသား (၆၁)နှစ်ရှိသူ အူမကြီးကင်ဆာဝေဒနာအတွက် ကြ္ကာသရမှုလီဆေးရွက် မှီဝဲစားသုံးပြီး (၃) ပတ်ပြည့်ပြီဖြစ်လို့ ဆေးပြန်စစ်လိုကြောင်း အသိပေးလာပါ၏။ ယခင်က ဖုန်းစဆက်စဉ်ကနှင့် လုံးဝမတူသောအသံ၊ အားရကျေနပ်မှု၊ ဝမ်းသာပီတိ ပျော်ရွှင်မှု လွှမ်းနေသောအသံအပြောကြောင့်-

"ကောင်းပါတယ် ဆရာမ။ ဆေးစစ်ပြီးလို့ ဆန္ဒရှိရင် အကျိုးအကြောင်းသိလိုပါတယ် ခင်ဗျ"

ဟု ဆိုရာ ဖုန်းထဲမှာပင် ဆရာမ၏ ရယ်သံနှင့် အပြုံးကို အဝေးကပင် စာရေးသူ မျှဝေ ခံစားမိခဲ့တာ အမှန်ပါ။

၂၀-၂-၂၀၁၂ ရက်နေ့နံနက် (၉) နာရီခန့်တွင် တယ်လီဖုန်းဆက်သွယ်မှုတစ်ခုဝင်လာပါသည်။ ဒေါက်တာ၏ ခင်ပွန်းဟု ဆိုပါသည်။ အူမကြီးကင်ဆာဖြတ်တောက်ကုသခံထားရသူ ယခု ကိုယ်တိုင်ဖုန်းဆက်လာတော့ အလွန် စိတ်ဝင်စားသွားရပါသည်။ လူနာ၏ ပြောပြချက်၊ ခံစားချက်၊ ဆေးကုသမှု ခံယူနေရစဉ် ဖြစ်ပေါ် ခံစားချက်များကို စာရေးသူ မျှဝေ ခံစားရသမျှ စာဖတ်ပရိသတ်သို့ ထပ်ဆင့် အသိပေး ဖော်ပြလိုက်ရပါသည်။

၂၀၀၉ ခုနှစ်အတွင်းမှာ ဗိုက်နာ ဗိုက်အောင့်လာ၍ ဇနီးသည်၏ ဦးဆောင်မှုဖြင့် ဆေးရုံတွင် တက်ရောက် ကုသခံခဲ့ရကြောင်း နောက်ဆုံး အူမကြီးကင်ဆာဖြစ်နေ၍ ဖြတ်တောက်ကုသခံယူရင်း တစ်နေ့ထက်တစ်နေ့ ပိုမို ဆိုးရွားလာသည်မှာ နောက်ဆုံး ပက်လက်အနေအထားမှပင် ခေါင်းမထောင်နိုင် လက်တောင် ကိုယ်တိုင်မ,မတင်နိုင်လောက်အောင် အထိခံစားခဲ့ရကြောင်း ရင်ဖွင့်ပြောပြလာပါသည်။ နှစ်ချီဝေဒနာခံစားခဲ့ရသည့် ဖြစ်စဉ်ကို စာရေးသူ မျှဝေ ခံစားရင်း သူ့အပြောမှာ မျောပါသွားခဲ့ရတာကိုလည်း ဝန်ခံပါ၏။

ဇနီး ဆရာဝန်မကြီးနှင့် ကုသပေးခဲ့ကြသော ဆရာဝန်များကိုယ်တိုင် မျှော်လင့်ချက်မရှိတော့ကြောင်း သူသိရှိခံစားနေရသလို သူ၏ ပြင်းပြသောဆန္ဒနှင့် ယုံကြည်ချက် စိတ်ဓာတ်အားမာန်တွေကို ပြန်ပြောလာသည်က မျှဝေ ခံစားတတ်သူများအတွက် အားကျဖွယ်၊ နမူနာကောင်း၊ စံပြစိတ်ဓာတ်ခံယူချက်မျိုးလည်း ဖြစ်နေပါ၏။ သူ့ရဲ့ခိုင်မာသောစိတ်ဓာတ်အားမာန်အပြင် ယုံကြည်ချက်အပြည့်ဖြင့် ဘုရားဂုဏ်တော်ကို မပြတ်ရွတ်ဆိုပူဇော်နေခဲ့ပုံကလည်း ထူးခြားနေပါ၏။ ယခင်(၃)ပတ်ကျော်က ကိုယ့်လက်ကိုတောင် မမြှောက်နိုင်သူ အူမကြီးကင်ဆာဝေဒနာရှင်သည် ကြ္ကာသရမှုလီအရွက် မှီဝဲစားသုံးပြီး (မိနစ်သုံးဆယ်)ကျော်တိုင် ဖုန်းဆက်ပြောကြားလာသည့် ဦးတင်၏ ပြောပြချက်များကို ဖော်ပြအသိပေးမိပါ၏။

နှစ်ချီကုသခံခဲ့ရသော အူမကြီးကင်ဆာဝေဒနာကြောင့် မိသားစု ဒုက္ခရောက်ခဲ့ရ၊ စိတ်ဆင်းရဲခဲ့ကြရုံမက ငွေအမြောက်အမြား ကုန်ကျခဲ့ရတာတွေဟာ သူ့ကြောင့်။ သူသေလို့ မဖြစ်ဘူး။ အဲဒီကြွေးတွေ ငါပြန်ဆပ်မယ်။ ငါ့မှာတာဝန်ရှိတယ်။ ဒီဝေဒနာကို ငါကျော်လွှားအောင်မြင်ရမယ် ဆိုသည့် စိတ်ဓာတ်အားမာန် ပြင်းပြသည့် ဆန္ဒနှင့် ရက်၊ လ၊ နှစ်တွေ ကျော်လွှားနိုင်ခဲ့ကြောင်း, ယုံကြည်ချက်အပြည့်ဖြင့် ဘုရားဂုဏ်တော်ကိုလည်း မပြတ် ရွတ်ဖတ် ပူဇော်နေခဲ့ကြောင်း ဆိုပါ၏။

ယခုတော့ သူ့အသက်ကို ကယ်တင်ခဲ့သည့် ကြ္ကာသရမှုလီအပင်တွေ စိုက်ပျိုးပြီး မျှဝေကုသိုလ်ပြုရန် စစ်ရုံးမှာရှိသော သားကို စာရေးသူထံ ဆက်သွယ်ဖို့ စီစဉ်ထားကြောင်း ဆိုပါသည်။ နောက် (၂) ရက်နေ့တော့ ဗိုလ်ကြီးတစ်ဦး ဖခင်၏ဆန္ဒရည်ရွယ်ချက်ကို ကူညီဖြည့်ဆည်းပေးရန်အတွက် ရောက်လာပါ၏။ စာရေးသူကလည်း တစ်ပင်လက်ဆောင်ပါးလိုက်၏။ နောက်ရက်တွင် လူနာမှ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်၍ ဣသရမူလီအပင် လက်ဆောင်ပေး၍ ကျေးဇူးတင်ပါကြောင်း၊ နှင့် စိုက်ပျိုးမျှဝေသွားမှာဖြစ်ကြောင်း အားမာန်အပြည့်ဖြင့် ပြောကြားလာပါသည်။

ဒေါက်တာ၏ ခင်ပွန်း လူနာ၏ နှစ်ချီခံစားခဲ့ရသော အူမကြီးကင်ဆာ သက်သာပျောက်ကင်းမှုသတင်းသည် ထူးခြားသတင်းတစ်ခုဖြစ်နေသလို ဆေးလောက ဆေးပညာသဘောအရလည်း အံ့ဖွယ်မှတ်တမ်းပြုနိုင်သည့် သတင်းကောင်းတစ်ခုဟုလည်း ထင်မြင် ယူဆမိပါ၏။ ပြီးပြည့်စုံသော သုတေသနပြု အဖြေမှန်များကိုတော့ ပညာရှင်များမှ ဖော်ထုတ် ရှာဖွေနိုင်မည်ဟုလည်း မျှော်လင့်မိပါသည်။ ဒေါက်တာနှင့် ခင်ပွန်းဖြစ်သူတို့၏ နာမည်အပြည့်အစုံကို ရေးသားဖော်ပြမှု မပြုတာကို စာနာခွင့်လွှတ်နိုင်မည်ဟု ယူဆမိပါသည်။ အောင်မြင်မှု အဖြစ်မှန်ဖြစ်ပါ၏။

ယခုအခါ သူ၏ အသက်ဘေးအန္တရာယ်ကို စိန်ခေါ် ဒုက္ခပေးခဲ့သော အူမကြီးကင်ဆာကိုသက်သာပျောက်ကင်းစေခဲ့သော ဣသရမူလီနွယ်ပင်ကို လိုအပ်သည့်အခါ အသုံးပြုရန်နှင့် မျှဝေနိုင်ရန် ပျိုးပင်များ စုဆောင်း စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိနေပါပြီ။

လွန်ခဲ့သော တစ်ပတ်က ရန်ကုန်မြို့တော်စည်ပင်မှအရာရှိတစ်ဦး ဖုန်းဆက်၍ မြို့တော်စည်ပင်ကောင်စီဝင်လူကြီးတစ်ဦး၏ ဇနီး ကင်ဆာဝေဒနာအတွက် စုံစမ်းမေး မြန်းလာပါသည်။ လွန်ခဲ့သောနှစ်များစွာက ကင်ဆာရောဂါကြောင့် သားအိမ်ထုတ် ကုသထားရာက ယခုအခါ အသည်းနှင့် အဆုတ်မှာ ကင်ဆာဆဲ(လ်)များ ပျံ့နှံ့နေ၍ ထိုင်းနိုင်ငံတွင် ပြသ ကုသရန် ရောက်နေကြောင်း ဆိုပါသည်။

စာရေးသူကလည်း ဣသရမူလီဆေးအစွမ်းဖြင့် ယခုအခါ ပျောက်ကင်းသက်သာမှုသတင်းတွေကြောင့် အများစု ယုံကြည်အားထားသူ များပြားလာကြောင်းနှင့် ပကတိအခြေအနေအချို့ကို ပြောပြအသိပေးမိပါ၏။ ဣသရမူလီဆေးအစွမ်းနှင့်ပတ်သက်၍ အောင်မြင်မှုသတင်းများ အပါအဝင် စာရေးသူလေ့လာသိရှိထားသမျှ မျိုးစိတ်မျိုးကွဲများနှင့် သမိုင်းစဉ်များ အကြောင်း စုပေါင်း ရေးသားထားသည့် 'ဣသရမူလီနွယ်ပင်နှင့် ကင်ဆာဘေးအန္တရာယ်လျှော့ချရေး' စာအုပ်လည်း ထုတ်ဝေဖြန့်ချိထားပြီ ဖြစ်ကြောင်း အသိပေး ပြောပြလိုက်ပါသည်။

၁၁-၃-၂၀၁၂ ခုနှစ် နေ့ခင်းပိုင်းတွင် ဖုန်းဆက်သွယ်မှုတစ်ခုနှင့်အတူ မြို့တော်ရန်ကုန်စည်ပင်ကောင်စီဝင်လူကြီးကိုယ်တိုင် နာမည်ပြောပြ၍-

ဆရာကြီးမှ တပည့်ကို ဣသရမူလီဆေးအစွမ်းကြောင်းပြောပြ၍ အားတက်ဝမ်းသာရပါတယ်ဟု ဆိုပါသည်။ စည်ပင်မှာ ဣသရမူလီတစ်ပင်စိုက်ပျိုးထားပြီး ဒေါ်စီစီထံမှလည်း အရွက်အချို့ရထားကြောင်းနှင့် ထိုင်းနိုင်ငံတွင်ရှိ ဝေဒနာရှင် ဇနီးနှင့် သမီးတို့ အခြေအနေကို ပြောပြလာပါသည်။ သူတို့ပြန်လာသည့်အခါ ဣသရမူလီအရွက် မှီဝဲပြီး ထူးခြားတွေ့ရှိချက်များကို အသိပေးပါမည်ဟု ဆိုပါသည်။

ညခင်းပိုင်းတွင် တပည့်ဖြစ်သူအရာရှိဖုန်းဆက်လာပြန်ပါသည်။ ဣသရမူလီစာအုပ်လိုက်ရှာနေတာ မရသေးကြောင်း ပြောလာ၍ Synergy Publication လိပ်စာနှင့် ဖုန်းနံပါတ်ကို ပြောပြလိုက်ပါ၏။ ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်နေပါသည်။

ဤဆောင်းပါးအဆုံးသတ်ခါနီး မနေ့က နေ့ခင်းပိုင်းတွင် စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးဟုဆိုပြီး ပျားမြီးရွက်စာအုပ်များအပြင် ယခု ဣသရမူလီစာအုပ်ကိုဖတ်ပြီး အသက် (၉၃) နှစ်ရှိ မိခင်ကြီး၏ သားအိမ်ကင်ဆာရောဂါအတွက် ဖုန်းဆက်သွယ်တိုင်ပင်လာပါသည်။ မိခင်ကြီးက အလွန် အသက်ကြီးတော့ ဆရာဝန်များကခွဲစိတ်ကုသဖို့မဖြစ်နိုင်ကြောင်းလည်း မှတ်ချက်ပြုထားသည်ဟု ဆိုပါသည်။ စာရေးသူကလည်း ဣသရမူလီဆေးအစွမ်းဖြင့် ဝေဒနာများ သက်သာပျောက်ကင်မှု လက်ရှိအခြေအနေသတင်းများကို ပြောပြမိပါ၏။

ဣသရမူလီအရွက်ကို မှီဝဲတိုက်ကျွေးလိုသည်ဟုဆို၍ မိခင်ကြီးက အသက် (၉၃)နှစ်ရှိသော်လည်း သွားလာ လှုပ်ရှားနိုင်ကြောင်းလည်း ဆိုသောကြောင့် စာရေးသူက အရွက်ရရှိနိုင်သော ရန်ကုန်ရှိ လိပ်စာအချို့ကို ပြောပြလိုက်ပါသည်။ ထို့အပြင် ဣသရမူလီက အပူဆေး၊ နွေရာသီမှာ အသက် (၉၃) နှစ်ရှိ မိခင်ကြီးကို တိုက် ကျွေးပြုစုရာမှာ အလွန်သတိထားဆင်ခြင်သင့်ကြောင်း၊ တိုက်ကျွေးရာမှာ အနည်းဆုံးမှ စတင်ရန်နှင့် ပထမတစ်ရက် တစ်ကြိမ်မှ အဆင်ပြေမှသာ နည်းနည်းချင်းတိုးသွားရန်နှင့် ရေနွေးကြမ်း ပြုလုပ်၍လည်း တိုက်ကျွေးနိုင်ကြောင်း၊ သုံးရက်တစ်ကြိမ်၊ ငါးရက်တစ်ကြိမ် အဆင်ပြေသလို ရပ်နားသင့်ကြောင်းနှင့် ပုံမှန်နှမ်းလှော်ဝါးစားရန် အကြံပြုလိုက်ပါသည်။

ဣသရမူလီဆေးအစွမ်းဖြင့် ယခုအခါ အသက်အန္တရာယ်အထိ စိန်ခေါ်နေသော ကြောက်စရာပိုးမွှားရောဂါများနှင့် ကင်ဆာရောဂါများ၊ နှလုံးသွေးကြောကျဉ်း ရောဂါများအထိ သက်သာ ပျောက်ကင်းမှုများ စွာရှိနေပါပြီ။

ရောဂါဖြစ်ပွားမှုကလည်း စိုးရိမ်ဖွယ်ကောင်းလောက်အောင် များပြားလာနေပါ၏။ ထို့ကြောင့် ပညာရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဣသရမူလီဆေးအစွမ်းကို သုတေသနပြု စမ်းသပ်၍ ဆောင်ရန်၊ ရှောင်ရန်နှင့် ဘေးထွက်ဆိုးကျိုးများကို ဖော်ထုတ်အဖြေရှာပါက နိုင်ငံတော်နှင့်ပြည်သူများအတွက် များစွာ အကျိုးရှိနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်မှုရှိနေတာ အမြဲပါ။

ထို့အတူ ဒေသအလိုက်မှာ ဆန္ဒရှိသူများ ဝိုင်းဝန်းစိုက်ပျိုး၍ မိသားစုများအလိုက် လိုအပ်လာသည့်အခါ အသုံးပြုနိုင်ရန်နှင့် စေတနာရှိသူများကလည်း မျှဝေ ကုသိုလ်ပြုနိုင်ရန်အတွက် ဣသရမူလီအပင်များကို တစ်နိုင်တစ်ပိုင် ပါဝင် စိုက်ပျိုးကြရန် လှုံ့ဆော် ဖိတ်ခေါ် လိုက်ရပါသည်။

စောဒဝါ (မြဦးမနား)



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသော ခြတောင်ပို့

မွှေးမွှေး(အင်းတော်)



စာရေးသူသည် မုံရွာ စီးပွားရေးတက္ကသိုလ်တွင် ကျောင်းတက်သဖြင့် ဘွဲ့ရပြီးသော်လည်း မုံရွာမြို့သို့ နှစ်စဉ် အလည်ရောက်ပါသည်။ စာရေးသူသည် ခရီးသွားခြင်းကိုနှစ်သက်သဖြင့် နှစ်စဉ် အခကြေးငွေမယူဘဲ ဆွမ်းကပ်၊ ဘုရားစုံဖူးရန် ပို့ဆောင်ပေးပါသည်။ ဆင်းရဲ ချမ်းသာမခွဲခြားဘဲ ငွေအနည်းဆုံးကုန်သည့်နည်းကိုသာ အသုံးပြုပြီး ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။ စာရေးသူသည် လူပေါင်း ၃၀ ကျော်အား ဦးဆောင်၍ မုံရွာ ဇောတိကကျောင်းတိုက်ရှိ သံဃာအပါး ၁၂၀၀ ကျော်အား ဆွမ်းကပ်ခဲ့သည်မှာ ၄ ကြိမ်မြောက်ရှိပြီ ဖြစ်ပါသည်။ ထိုကျောင်းတိုက်ရှိ ဦးပဥ္စင်းတစ်ပါး၏ ဆွမ်းဒကာဖြစ်သော ဦးလှစန်း+ဒေါ်မြသိန်းအိမ်သို့ အလည်သွားရောက်ဖြစ်ပါသည်။ တစ်အိမ်သားလုံးပင် သဘောကောင်းကြသဖြင့် ထိုအိမ်သို့နှစ်စဉ်ရောက်ရှိခြင်း ဖြစ်၏။ ထိုအိမ်သို့ရောက်ရှိစဉ် အိမ်အောက်ထပ် ဘုရားခန်းရှေ့တည့်တည့်၌ ထူးခြားစွာပေါက်ရောက်နေသော ခြတောင်ပို့တစ်ခုကို တွေ့ရှိရပါသည်။

စာရေးသူသည် ယခုလိုမျိုး ခြတောင်ပို့ကို မမြင်ဘူး၍ အံ့သြမိသော်လည်း စာရေးရန် စိတ်ကူးမရှိခဲ့ပေ။ ခြတောင်ပို့မှာ တစ်နှစ်ထက်တစ်နှစ်ကြီးလာသဖြင့် စာရေးသူပင် စိတ်ဝင်စားလာပြီး စာရေးချင်စိတ်ပေါက်လာပါတော့သည်။

ထို့ကြောင့် ဒေါ်မြသိန်းအား-

"တောင်ပို့ရဲ့ထူးခြားမှုလေးများ မရှိဘူးလား"

ဟု စာရေးသူ မေးမိပါသည်။

ဒေါ်မြသိန်းမှ-

"တောင်ပို့ စ,ပေါက်ပြီးချိန်ကစပြီး စီးပွားရေးမှာ သိသိသာသာ အဆင်ပြေလာပါတယ်။ ကျန်းမာရေးလည်း ကောင်းကြပါတယ်"

ဟု စာရေးသူအား ပြန်ပြောပါသည်။

ခြတောင်ပို့သည် သစ်ပင်ငုတ်ကြီးကဲ့သို့ ထီးထီးမားမားတည်ရှိနေပြီး အချွန်းနှစ်ခုဖြာ၍ အိမ်အပေါ်သို့ ထူးခြားစွာဖောက်တက်နေခြင်း ဖြစ်ပါသည်။ ထိုအိမ်တွင် တောင်ပို့နှင့်သက်ဆိုင်သောထူးခြားမှုများ ရှိနိုင်သည်ဟု စာရေးသူ ယူဆမိပါသည်။

တောင်ပို့စ,ပေါက်သည်မှာ နှစ်ပေါင်း ၅၅ နှစ်ရှိပြီဟု သိရပါသည်။ ယခုဆိုလျှင် တောင်ပို့မှာ လုံးပတ် ၆ ပေ၊ အမြင့် ၉ ပေခန့် ရှိနိုင်သည်။

အိမ်ထဲဝင်လိုက်သည်နှင့် ခြတောင်ပို့အား မြင်တွေ့ရသည်မှာ ရင်ထဲတွင် တစ်မျိုးကြီးဖြစ်မိပါသည်။

ထူးခြားသော တောင်ပို့အား တွေ့မြင်လိုပါက မုံရွာမြို့ အမှတ် ၆ စာသင်ကျောင်းအနီး၊ ထန်းတောအောင်တော်မူရပ် ဦးလှစန်းအိမ်၌ ကြည့်ရှုနိုင်ပါသည်။

မွှေးမွှေး(အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com

မွန်တိုင်းရင်းသားတို့တွင် သားချော့သီချင်း (၃)ပုဒ် ရှိ၏။ ယင်းတို့မှာ မွန်ဒိုင်သားချော့သီချင်း၊ မွန်ဒဲ့သားချော့သီချင်း၊ မွန်ညသားချော့သီချင်း ဟူ၍ ဖြစ်၏။ ယင်းသားချော့သီချင်းများ၏ မြန်မာပြန်အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်၏။

**မွန်ဒိုင်သားချော့သီချင်း**
**မြန်မာပြန် အဓိပ္ပာယ်**

*ဟီလေး ယိုလေ ချစ်သား လူကလေး ဂင်္ဂါခေါ် မဟာနဒီ မြစ်ဝှမ်းဒေသဟာ ငါတို့မွန်များရဲ့ နေရပ်ဟောင်း ဖြစ်တယ်။ ငါတို့ မွန်ဒိုင်များဟာ အဲဒီနေရပ်ဟောင်းက ထွက်ခွာလာခဲ့ရာ လင်္ကာကျွန်းသို့ ရောက်လာခဲ့ကြတယ်။ ရှေးကံကြမ္မာစီမံရာ နေရင်းဒေသမိဘများနဲ့ ကွဲကွာနေကြရတယ်။ ဘယ်အခါကျမှ နေရပ်ဟောင်းကို ပြန်ရောက်မလဲ သားမောင်ရယ်။*

မွန်ဒိုင်သားချော့သီးတွင် မဟာနဒီမြစ်ကို ဖော်ပြထားခြင်း မရှိ။ ဂင်္ဂါမြစ်ဟုသာ ပါရှိသည်။ ဤသည်ကို တောင်ပေါက်ဆရာတော်က ဂင်္ဂါသဒ္ဒါသည် သာမညမြစ်ကို ဟောသော သဒ္ဒါဖြစ်၏။ လိုအပ်သော မြစ်ကို ယူနိုင်ခွင့်ရှိသဖြင့် မဟာနဒီမြစ်ဟု ပြန်ဆိုခြင်းသည် အသင့်ယုတ္တိရှိသည်ဟု ဆို၏။ နောက်တစ်ကြောင်းကား သီချင်း၌ပါသော လင်္ကာ (တိကုံ) မြို့သည် နောင်အခါ ဥက္ကလာပအ



www.burmeseclassic.com

ဖြစ် ထင်ရှားလာဦးမည်ဖြစ်၏။ ယင်း ဥက္ကာလပကား အခြားမဟုတ်။ အိန္ဒိယတောင်ပိုင်း ကာလကတ္တားမြို့၊ တာမလတ္တိမြို့တို့မှ အနောက်တောင်ဘက် မဝေးလွန်းလှသော ယခု ဩရိဿနယ်ကို ရှေးက ဥက္ကလတိုင်းဟု ခေါ်၏။ ယင်းနေရာဟောင်း ဥက္ကလတိုင်းအမည်ကိုယူ၍ ရောက်ရှိနေသည့်နေရာသစ် ရန်ကုန်ဥက္ကလတွင် 'ပ' တစ်လုံးထပ်ထည့်၍ ဥက္ကလာပဟု မှည့်ခေါ်ခဲ့ခြင်း ဖြစ်၏။ ထိုနေရပ်ဟောင်း ဥက္ကလတိုင်း၌ မဟာနဒီမြစ်သည် ကြီးကျယ်ထင်ရှားစီးဆင်းလျက်ရှိ၏။ သည့်ကြောင့် ဂင်္ဂါကို မဟာနဒီဟု ပြန်ဆိုခြင်းသည် သင့်လျော်သည်မှူ ဆို၏။

**မွန်ဒွဲသီချင်း မြန်မာပြန်အဓိပ္ပာယ်**

*ဟီလေ ယိုလေ (ငြာသံပေးစကား) ချစ်သား လူကလေး ဂေါဒါဝတီမြစ်ဝ ကံရမန္တ (ကော်ရိုမင်ဒယ်) ခေါ် ပင်လယ်ကမ်းရိုးတန်းအရပ်ဟာ ငါတို့ မွန်တိုင်းရင်းသားများရဲ့ နေရပ်ဟောင်း ဖြစ်တယ်။ ငါတို့မှာ ရှေးဝိပါက်ကြမ္မာ ကံအားလျော်စွာ အရှင်သခင်နဲ့ ကွေကွင်းပြီး အဲဒီအရပ်က ထွက်ခွာလာခဲ့ကာ ဇယားနယ်နှင့် ဘီလူးကျွန်းဌာနသို့ ရောက်လာကြရတယ်။*

မူလမွန်ဘာသာသီချင်းကို လာပါင်ကြူင်ဂေါမေ (ပိုင်ကြုံဂိုမေ) ကို ဂေါဒါဝတီမြစ်ဟု ပြန်ဆိုထား ကြ၏။ ယင်းမြစ်ကား အိန္ဒိယပြည်တောင်ပိုင်း မဒရပ်နယ်မြောက်ပိုင်း ကလိင်္ဂတိုင်းအတွင်း စီးဆင်းလျက် ရှိ၏။ မြောက်ဘက် ဂေါဒါဝတီမြစ်နှင့် တောင်ဘက် ကာဝေရီမြစ်ကြား ပင်လယ်ကမ်းရိုးတန်းကို ကံရုံမန္တ (ကော်ရိုမင်ဒယ်) ဟု ခေါ်၏။ တောင်ပေါက်ဆရာတော်ကမူ စောရိုမန္တိသ် ပြန်ဆိုသင့်ကြောင်း မဒိလ်သည် မဏ္ဍမှလာဟန်တူကြောင်း၊ မွန်ဒ ဟူသော အမည်သည်လည်း ကောရဲမွန်ဒွဲမှ ဆင်းသက်လာဟန်တူကြောင်း ရေးသားခဲ့၏။

**မွန်ညသီချင်း မြန်မာပြန်အဓိပ္ပာယ်**

*အို - ချစ်သား လူကလေး၊ တိလင်္ဂဏ (တွိုက်လိုင်ဂဏ) အရပ်ဟာ ငါတို့နေရပ်ဟောင်း ဖြစ်တယ်။ ငါတို့ဘုရင်မင်းတရား ရှေးကုသိုလ်ကံနည်းလို့ စစ်ပွဲမှာ ကျဆုံးခဲ့ရတယ်။ ငါတို့ဟာ အဲဒီနေရပ်ဟောင်းမှ အရှေ့ဘက်ကို အလျင်အမြန် ထွက်ခွာလာခဲ့တာ သုဒ္ဓလုလင်လမ်းညွှန်လို့ ဂဝံကျောက်အငူရှိရာ သုဝဏ္ဏ ခေါ်ကောင်းမြတ်တဲ့မြို့ဟောင်းကို ရောက်လာကြရတယ် သားမောင်ရယ်။*

တိလင်္ဂဏအရပ်ကား အိန္ဒိယပြည်တောင်ပိုင်း၊ မဒရပ်နယ်မြောက်ပိုင်း ဂေါဒါဝတီမြစ် အောက်ဘက် ဂလိင်္ဂတိုင်း၊ ယင်းတိုင်းအနောက်ဘက်နယ်နှင့် ဆက်စပ်ရှိသောအရပ်ဖြစ်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဗုဒ္ဓနှစ် (၂၀၀) ကျော် (၃၀၀) အတွင်း ထိုအရပ်မှ လူမျိုးများ ပင်လယ်ကမ်းရိုးတန်း စစ်တောင်းမြစ်ဝသို့ဝင်ကာ ကေလာသတောင်အနီး သုဝဏ္ဏမြို့သို့ ဝင်ရောက် နေထိုင်ကြသည်ဟု ယူဆယ်ရှိ၏။

ပြင်သစ်ပညာရှင် Emmanuel Guillon က အဆိုပါ မွန်သားချော့သီချင်း (၃)ပုဒ်ကို မွန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့၏။

**Mon duin**

I *Hi la ya la!*
*From the banks of the Ganges River,*
*Homeland of the Mons,*
*We, the duin Mon, wandered once again*
*Before we came to Lagun.*
*The city of Trikuba [=Rangoon].*
*As the result of our previous Karma*
*We were separated from our kinsmen.*
*In what year, at what moment will we go back to the place where first we lived.*
*O child of my race?*

**Mon da**

II *Hi la ya la!*
*From the mouth of the Godha River,*
*Homeland of the Mons,*
*On the shores of the ocean deep,*
*At Coromandel, our homeland.*
*But without any place to call our own.*
*We bacame separated because of the changes in our Karma.*
*To the isle of Khamuin [=Bilugyun] we came,*
*To the shore of the land, my son!*

**Mon na**

III *Ha!*
*The Kind of the dear realm Tilangana,*
*Homeland of the Mons,*
*Had diminished his store of merit;*
*We were defeated, and fled as fast as we could to wards the East,*
*Toward the Red Lands, the cape, the old city. A barbarian,*
*A youth without guile, showed us the way,*
*And here we live, my son!*

မွန်သားချော့သီချင်း (၃) ပုဒ်သည် အဓိအားဖြင့် မွန်တိုင်းရင်းသားတို့၏ ရွှေ့ပြောင်းနေထိုင်မှု (Migration) ကို ဖော်ပြသောသီချင်းများ ဖြစ်၏။ မွန်တိုင်းရင်းသားတွင် မွန်ဒိုင်၊ မွန်ဒွဲ၊ မွန်ည ဟူ၍ မွန် (၃) မျိုးရှိကြောင်း ထိုသီချင်းများအရ သိရှိရ၏။ အိန္ဒိယနိုင်ငံ မဟာနဒီမြစ်ဝှမ်းမှ ရာမညတိုင်း ဒဂုံမြို့သို့ လာရောက်အခြေချ နေထိုင်သူများကို မွန်ဒိုင်၊ မဒရတ်မြောက်ပိုင်း ကောရယ်မန်တဲကမ်းရိုးတန်းမှ ရှေးအခေါ် (ဇယား



www.burmeseclassic.com

www.burmeseclassic.com

နယ်) သံလွင်မြစ် မုတ္တမသို့ ရောက်လာကြပြီး ဘီလူးကျွန်း၌ အခြေချနေထိုင်သူများကို မွန်ဒွဲ၊ အိန္ဒိယနိုင်ငံ တလင်္ဂဏတိုင်းမှ သုဝဏ္ဏဘုမ္မိ(သထုံ) သို့ အခြေချ နေထိုင်သူများကို မွန်ညစသည်ဖြင့် ဖော်ပြထား၏။ မွန်ကို အိန္ဒိယမှလာသည်ဟု ဆိုလိုရင်း ဖြစ်၏။

ဤနေရာ၌ ကာလကတ္တား တက္ကသိုလ်ဘာသာစကားနှင့် အသံထွက်ပညာပါမောက္ခ အက်(စ်)ကေ ချက်တာဂျီ၏ အယူအဆကို တင်ပြလို၏။ တောင်ဘက်မျိုး၏ ပင်ရင်းအုပ်စု(Proto-Austral-OID)၏ အခြေခံဒေသမှာ အရှေ့မြေထဲပင်လယ် (ပါလက်စတိုင်း) ဖြစ်၏။ အိန္ဒိယသို့ ပေါက်ရောက်လာသဖြင့် ၎င်းတို့မှ ဆင်းသက်လာသူများ ယနေ့တိုင် အိန္ဒိယတွင် ရှိနေ၏။ ၎င်းတို့၏အမူအကျင့်နှင့် အယူအဆများ အိန္ဒိယတွင် အမြောက်အမြား ကျန်ရှိနေသေး၏။ မစ္စတာချက်တာဂျီ၏အလိုအရ အဆိုပါ တောင်ဘက်ပင်ရင်းအုပ်စုမှ ဖြာထွက်သော အချို့လူမျိုးအုပ်စုငယ်များသည် အိန္ဒိယကိုကျော်၍ သြစတြေးယားသို့တိုင်အောင် ရောက်ရှိခဲ့ကြ၏။ အင်ဒိုနီးရှင်း၊ မေလန်နေရှင်းနှင့် ပိုလီနေရှင်း အပါအဝင် သြစတြေးနေရှင်းတို့၏ သွေး၌ တောင်ဘက်မျိုးနွယ်တို့၏ သွေးများ ပါဝင်နေ၏။ ထိုအုပ်စုသည် အိန္ဒိယမှတစ်ဆင့် အရှေ့သို့ ပေါက်ရောက်သွားသည်လည်း ရှိ၏။ အိန္ဒိယတွင် ကျန်ရစ်နေသူများလည်း ရှိ၏။ အာရိယန်တို့က ယင်းတို့ကို နိရှာဒဟုခေါ်၏။

အထက်ဖော်ပြပါ မွန်သားချော့သီချင်း (၃) ပုဒ်တွင် မွန်တို့သည် အိန္ဒိယနိုင်ငံ ၎ကာရိုမန်တဲကမ်းရိုးတန်း ဂေါဒါဝတီမြစ်ဝှမ်း တိလင်္ဂဏတို့မှလာသည်ဟု ဖော်ပြထားသဖြင့် ချက်တာဂျီ၏အယူအဆကို ထောက်ခံသလို ဖြစ်နေ၏။ ချက်တာဂျီ၏ သဘောမှာ သြစကြစ်ဘာသာစကားပြောသူများသည် အနောက်မှ အရှေ့သို့ ရွှေ့ပြောင်းလာပြီး အိန္ဒိယကိုကျော်ကာ သြစတြေးယားအထိ ရောက်သည်ဟု ဆို၏။ သြစကြစ်ဘာသာစကားပြောသူများ အိန္ဒိယနိုင်ငံတွင် မုဏ္ဍာလူမျိုးနှင့် ခါစီလူမျိုးများ ရှိ၏။ မြန်မာနိုင်ငံတွင် မွန်၊ ပလောင်၊ ဝများ ရှိ၏။ ဤသည်ကို ကြည့်ပြီး အချို့က ချက်တာဂျီ၏ အယူဆအကို လက်ခံလိုကြ၏။

မွန်သားချော့သီချင်း (၃) ပုဒ်သည် နေရင်းဒေသကို လွမ်းဆွတ်တသ တိုင်းခြားဒေသတွင် ကြာမြင့်စွာ ရောက်ရှိနေသည့်သူများသည် မိမိဇာတိရပ်ရွာ မိဘဆွေမျိုးများကို လွမ်းဆွတ်သတိရတတ်၏။ ရှေးအက အိန္ဒိယမှ လာရောက်နေထိုင်သူ (Indian Immigranls) များသည် ၎င်းတို့၏ ရပ်ရွာကို လွမ်းဆွတ် သတိရသောသီချင်းများ ရှိကောင်းရှိပေလိမ့်မည်။ မွန်ဘာသာသို့ ပြန်ဆိုထားသော ထိုသီချင်းမျိုးများလည်း ရှိပေလိမ့်မည်။ ထိုသီချင်း(၃)ပုဒ်သည် မွန်တို့၏ဒေသတွင် အိန္ဒိယသြဿသား၊ အာန္ဒြသား၊ ဒြဝိဠသားများရှိကြောင်း ရောင်ပြန်ဟပ်သည့်သဘော ဖြစ်၏။ မွန်တို့သည် အိန္ဒိယအရှေ့ဘက်ကမ်းခြေမှ ရွှေ့ပြောင်းလာသူများ လုံးဝ မဟုတ်ချေ။

ထို့အပြင် အဆိုပါ သီချင်း (၃) ပုဒ်၏ ရေးဖွဲ့ဟန်အစပ်အဟပ်နှင့် ဝေါဟာရအသုံးအနှုန်းကို လေ့လာလျှင် ယင်းသီချင်းများသည် ရှေးဟောင်းသီချင်း မဖြစ်နိုင်။ (၁၈) ရာစုနှောင်းပိုင်း သို့တည်းမဟုတ် (၁၉) ရာစုဦးပိုင်းတွင် ရေးဖွဲ့ခဲ့သည့်သီချင်းများသာ ဖြစ်မည်ဟု ယူဆရ၏။ သီချင်းတွင် သုံးစွဲထားသည့် မွန်ဒိုင်၊ မွန်ဒွဲ၊ မွန်ည ဟူ၍ ဝေါဟာရများသည် အေဒီ (၆) ရာစုထိုး လော့ပူရီ ပရုပထုံမွန်ကျောက်စာ၊ သုဝဏ္ဏဘုမ္မိ မွန်ကျောက်စာ၊ပုဂံခေတ်မွန်ကျောက်စာနှင့် ဟံသာဝတီခေတ်မွန်ကျောက်စာများတွင် သုံးနှုန်းထားသည်ကို လုံးဝ မတွေ့ရှိရချေ။ သားချော့သီချင်းနှင့် နတ်ကိုးကွယ်မှုဆိုင်ရာ ရေးသားချက်များတွင်သာ အနည်းငယ် တွေ့ရှိရ၏။

ဤအချက်နှင့်ပတ်သက်၍ မြန်မာစာပေလောက၌လည်း ရှိခဲ့၏။ မြန်မာစာပေလောကတွင် အလွန်ထင်ရှားသည့် 'သူတည်းတစ်ယောက်ကောင်းဖို့ရောက်မူ' ချီ သံဝေဂလင်္ကာ ရှိ၏။ ယင်းလင်္ကာကို နရပတိစည်သူလက်ထက် အနန္တသူရိယအမတ် ရေးသားသည်ဟု အစဉ်အဆက်မှတ်သားခဲ့ကြ၏။ သို့သော် လန်ဒန်တက္ကသိုလ် မြန်မာစာပါမောက္ခ ဒေါက်တာလှဘောက လင်္ကာပါဝေါဟာရ အသုံးအနှုန်းကိုကြည့်လျှင် ပုဂံခေတ်က ရေးသည့် လင်္ကာမဖြစ်နိုင်ကြောင်း ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ ဆိုရာ၌ ပုဂံခေတ်တွင် နန်းကို ကြငှန်းဟူ၍ မခေါ်သေးကြောင်း၊ ရွှေတောင်ဟုသာခေါ်ကြောင်း၊ နန်းတက်သည်ကို ရွှေတောင်တက်သည်ဟု သုံးနှုန်းကြောင်း၊ ထို့ကြောင့် သံဝေဂလင်္ကာသည် ပုဂံခေတ်ထက် နောက်ကျမည်ဖြစ်ကြောင်း မိန့်ဆိုခဲ့၏။ မွန်သားချော့သီချင်း(၃)ပုဒ်လည်း ထိုသဘောပင် ဖြစ်၏။

သားချော့သီချင်း (၃) ပုဒ် မြန်မာဘာသာဖြင့် ရေးသား ဖော်ပြသည့် စာအုပ်မှာ တောင်ပေါက်ဆရာတော်၏ သာသနိကပထဝီဝင်ကျမ်းဖြစ်၏။ အရေးစာအုပ်များမှာ ဆရာဦးသိမ်းမောင်၏ ရန်ကုန်ရာဇဝင်နှင့် ဆရာမလ၏ ပုသိမ်ရာဇဝင်တို့ ဖြစ်ကြ၏။ သို့သော် ယင်းစာအုပ်နှစ်အုပ်စလုံးသည် တောင်ပေါက်ဆရာတော်၏ သာသနိကပထဝီဝင်ကျမ်းတို့ကို ကိုးကား၍ ဖော်ပြခြင်း ဖြစ်၏။ မွန်သားချော့သီချင်းအကြောင်းကို မြန်မာဘာသာအပြင် ပထမဦးဆုံးရေးသည့် ပုဂ္ဂိုလ်သည် တောင်ပေါက်ဆရာတော် ဖြစ်မည်ထင်၏။ ထိုင်းသုတေသနပညာရှင် မဟာရှန် ဆိုသူသည် ပြင်သစ်နိုင်ငံစာကြည့်တိုက်တွင် မွန်သားချော့သီချင်းပေစာကို တွေ့ရှိရသည်ဟု ဆို၏။

သာသနာလင်္ကာရစာတမ်း လူမျိုး(၁၀၁)ပါးလင်္ကာတွင် 'မွန်တ၊ မွန်ညန်၊ မွန်နန်၊ မွန်တိ မုတ်ဘိလေးရိုး၊ မွန်မျိုးတည့်' ဟူ၍ ဖော်ပြထား၏။ အချို့ကမူ ယင်မွန်အမည်များကို မွန်တ၊ မွန်စ၊ မွန်ည ဟူ၍ ရေးသားခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ မွန်တို့ မြန်မာနိုင်ငံတွင်းသို့ ရွှေ့ပြောင်း ဝင်ရောက်မှု (Migration) သည် ဘီစီ ၂၀၀၀ ကတည်းက ဖြစ်၏။ ဘီစီ ၂၀၀၀ က အဖြစ်အပျက်ကို အေဒီ (၁၉) ရာစုကမှ ရေးသားသောသီချင်းက မည်သို့မျှ အထောက်အကူမပြုနိုင်။ သားချော့သီချင်းသည် မွန် Migrationအတွက် ခေတ်ပြိုင်အထောက်အထားလည်း မဟုတ်။ အမှန်စင်စစ် မွန်တိုင်းရင်းသားတို့သည် ဆိုခဲ့သည့်အတိုင်း အိန္ဒိယကလာခဲ့သည် မဟုတ်။ မွန်တို့၏ နေရင်းဒေသကား ယန်စီကျန်မြစ်ဝှမ်း ဖြစ်၏။ ယန်စီကျန်မြစ်ဝှမ်းတွင် မွန်တို့နေထိုင်ခဲ့သည့်အထောက်အထား ရှိ၏။

မွန်တိုင်းရင်းသားတို့သည် ယန်စီကျန်မြစ်ဝှမ်းမှ ဆင်းသက်လာသည်ဟု သမိုင်းပညာရှင်များက မိန့်ဆိုခဲ့ကြ၏။ ယင်းအဆိုသည် E.G Pullyblank ၏ အဆိုကို အခြေခံခြင်း ဖြစ်၏။ Pullyblank သည် ကင်ဘရစ်တက္ကသိုလ်မှ တရုတ်ပါမောက္ခတစ်ဦး ဖြစ်၏။ Pullyblank က ၁၉၆၆ ခုနှစ်ထုတ် JRAS စာစောင် အတွဲ (၁)နှင့် (၂)တွင် ယန်စီကျန်နှင့် ပတ်သက်၍ ရေးသားခဲ့၏။

ပူလီဘလန်းက 'ကျန်' ဟူသော ဝေါဟာရသည် မြစ်ကို ဟော၏။ ရှေးအခါက 'ကြန်' ဟု ရေးသားခေါ်ဝေါ်ခဲ့၏။ 'ကျန်'၊ 'ကြန်' ဝေါဟာရသည် မွန်စကား 'ကြုင်' မှ လာ၏။ မြစ်ဟု အဓိပ္ပာယ်ရ၏။ ယခု မျက်မှောက်ခေတ်တွင် ချောင်းဟု အနက်ပြောင်းလာ၏။ တရုတ်ပြည်တောင်ပိုင်းတွင် မြစ်ကို 'ကျန်' ဟု မခေါ်။ 'ဟို' ဟုသာ ခေါ်၏။ 'ကျန်'၊ 'ကြန်' ဟူသော ဝေါဟာရ အရင်းအမြစ်သည် မွန်စကား ဖြစ်၏။

ထို့အပြင် Jerry Norman နှင့် Tsw-Lin Mei ပညာရှင်နှစ်ဦးက တရုတ် မွေးစားထားသော မွန်ခမာစကားလုံး (၁၅) လုံးခန့် ရှိသည်ဟု ဆို၏။ ယင်းတို့အနက် (၉) လုံးသာ မွန်ခမာဝေါဟာရ ဖြစ်၏။ ကျန် (၆) လုံးမှာ ဗီယက်နမ်စကားနှင့် နီးစပ်ပြီး မွန်ခမာစကားနှင့် အခြေခံချင်းတူ၏။

| စဉ် | အဓိပ္ပာယ် | တရုတ် | ရှေးမွန် | ခေတ်မွန် |
|---|---|---|---|---|
| ၁။ | သေဆုံးခြင်း | tset | kcit | chat |
| ၂။ | ခွေး | sio(g) | cluiw/cl3 | kl3.klɔ |
| ၃။ | မြစ် | kran/krong | krund/krun | |
| ၄။ | ယင်ကောင် | riwəi/twi/wer | rui/ruy | |
| ၅။ | ကျား | k'la(g) | kla | kla |
| ၆။ | သွား | nga/ngra/ya | ngek/nek | |
| ၇။ | လေး | na/nuo/nu | tnga/tna | |
| ၈။ | နတ်ဆရာ | toyn/tən | dong/ton | |
| ၉။ | သား/ကလေး | kən/kia | kon/kən | |

ဤသည်ကိုကြည့်ခြင်းအားဖြင့် မွန်တို့၏ နေရင်းဒေသသည် ယန်စီကျန်မြစ်ဝှမ်းဖြစ်ပြီး ထိုယန်စီကျန်မြစ်ဝှမ်းမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြ၏။

နိုင်ခင်မောင်လေး


**ကျမ်းကိုးစာရင်း**

၁။ တောင်ပေါက်ဆရာတော်
သာသနိကပထဝီဝင်ကျမ်း

၂။ အမတ်ကြီး မဟာဓမ္မသင်္ကြန်
သာသနာလင်္ကာရစာတမ်း

၃။ ဦးသိမ်းမောင်
ရန်ကုန်ရာဇဝင်

၄။ မာဃ
ပုသိမ်ရာဇဝင်

**အင်္ဂလိပ်စာအုပ်**

1. Dr. Nai Pan Hla, The Signficant Role of the Mon in South East Asia.
2. Emamuel guillon, The Mon, a civilization of South East Asia.


## ငှက်ပျောဖူးမမည်းအောင် ပြုလုပ်နည်း

ငှက်ပျောသီးသည် အသားညက်ပြီး အရသာရှိသောကြောင့် ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ မရွေး ကြိုက်နှစ်သက်ကြသလို ငှက်ပျောပင်မှရသော ငှက်ပျောဖူးကလည်း လူကြိုက်များပါတယ်။

ငှက်ပျောဖူးသုပ်သည် မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သက်စွာ ပြုလုပ် စားသုံးကြသော လက်သုပ်တစ်မျိုးပဲ ဖြစ်ပါတယ်။ အချို့ဆိုင်တွေမှာ ဟင်းမည်တစ်မျိုးအဖြစ် ရောင်းတတ်ပါတယ်။

စာဖတ်သူတို့အိမ်မှာ ငှက်ပျောဖူးကို စီမံပြုလုပ်စားသုံးတဲ့အခါ ငှက်ပျောဖူးများ မည်းသွားတာကို တွေ့ဖူးမှာပါ။ ထိုသို့ ငှက်ပျောဖူး မမည်းစေရန်အတွက်ပြုလုပ်နည်းရှိပါတယ်။

ဓါးမှာ ငှက်ပျောဖူးရဲ့ထိပ်ကိုဖြတ်၍ အောက်စိုက်လိုက်ပါ။ ငှက်ပျောဖူးထဲမှ အစေးများ ထွက်လာပါလိမ့်မယ်။ ထိုအစေးများ ကုန်လောက်မှ ဇလုံတစ်လုံးမှာ ရေသန့်သန့်ထည့်ပြီး မန်ကျည်းသီးမှည့်ကို ထည့်ပါ။ မန်ကျည်းသီးနှစ်ရမှ ၎င်းဇလုံထဲ ငှက်ပျောဖူးကို ဓားနဲ့ပါးပါးလှီးပြီး စိမ်ထားလိုက်ပါ။

မည်းညစ်မှုမရှိတဲ့ ငှက်ပျောဖူးဖွေးဖွေးကို ရရှိပြီးနောက် ငှက်ပျောဖူးသုပ်ပြုလုပ်ရမယ့် အစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ပါ။

အိမ်ရှင်မများ ဗဟုသုတတစ်ခု တိုးပွားစေရန် တင်ပြအပ်ပါတယ်။

သဒ္ဒါ (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



*(ယခင်လမှအဆက်)*

**အလိုလိုသိရှိမှတ်မိစိတ်**

လူဝင်စားကိစ္စနှင့် ပတ်သက်၍ အကောင်းဆုံး သက်သေများကား ကလေးသူငယ်များပင် ဖြစ်သည်။ သူတို့သည် မျက်မှောက်ဘဝ၏အချက်အလက်များဖြင့် စိတ်အာရုံ ပိတ်ဆို့သွားစေရန် အကြောင်းမရှိတတ်သေးချေ။ လောကအတွေ့အကြုံ ချို့တဲ့မှုကြောင့်ပင်လျှင် လူကြီးသူမတို့၏ သွန်သင်မှုကြောင့်ဖြစ်စေ၊ အလိုလိုမှသားပြောဆိုစိတ်ဖြင့်ဖြစ်စေ မဟုတ်တမ်းတရားပြောရန်၊ ပြောရကျိုးနပ်ရန် အကြောင်းတရား မမြင်တတ်အောင် ရိုးသားနေကြသေးသည်။

လူကြီးသူမ မိဘတို့၏ လမ်းကြောင်းမှုကို ထည့်မတွက်ဘဲထားရန် မလွယ်သည့်တိုင်အောင် အတိတ်ဘဝက မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုးသားချင်း စသူတို့ပေါ် ထားသည့် စိတ်တို့ကို ကလေးဘဝ ဟန်လုပ်နိုင်စွမ်း မပြည့်ဝတတ်ကြသေးချေ။ ဘာနာဂျီ၏စကားမျိုးနှင့်ဆိုရလျှင် ကိစ္စတစ်ရပ်သည် အစစ်အမှန် ဟုတ်၊ မဟုတ် ကျွန်တော် အကဲဖြတ်ရာတွင် အလေးထားသောအချက်ကား ထိုသိရှိမှတ်မိစိတ် အလိုအလျောက်ဖြစ်ပေါ်မှု အတိုင်းအတာပင် ဖြစ်သည်။ တစ်နည်းပြောရလျှင် အလိုလိုပေါ်ပေါက်သော မှတ်မိစိတ်၊ သိစိတ်က အတိတ်ဘဝအထုံ မည်မျှ ခိုင်မာကြောင်းပြချက်ပင် ဖြစ်သည်။

ထိုမှတ်မိသိရှိမှုနှင့် ဒွန်တွဲနေသော အခြားအချက်တစ်ခုကား လူဝင်စားမှု ပထဝီအနေအထားပင် ဖြစ်သည်ဟု ဘာနာဂျီက ဆိုသည်။ ရုတ်တရက် ဘဝဆုံးပါးသွားရသူတို့သည် မပြီးမပြတ်သေးသောလုပ်ငန်း၊ မကုန်မခန်းနေသော သံယောဇဉ် သို့မဟုတ် ခံစားချက်ငတ်မွတ်မှုအရ ယေဘုယျအားဖြင့် ထိုသေဆုံးရာ အရပ်ဝန်းကျင်သို့ပင် ပြန်လည် ဆိုက်ရောက်လေ့ရှိတတ်ကြသည်။

သို့သော် အတိတ်ဘဝ အလိုအလျောက် မှတ်မိရချက်များကို နိုက်နိုက်ချွတ်ချွတ် လေးလေးနက်နက် သုတေသနပြု မှတ်တမ်းတင်သည့်တိုင်အောင် ယင်းအချက်များအား လူဝင်စားမှုအထောက်အထားဟု တရားသေ ယူဆသတ်မှတ်၍ရမည် မဟုတ်ချေ။ ဒေါက်တာ စတီဗင်ဆင်က သူ၏ အခိုင်လုံဆုံးအမှုကိုပင်လျှင် လူဝင်စားခြင်း ဖြစ်နိုင်ခြေရှိသည်ဟုသာ ကောက်ချက်ချလေ့ရှိခြင်းမှာ အလကားသက်သက် မဟုတ်ချေ။ ကျွန်တော် သုတေသနပြုခဲ့သမျှ အမှုများတွင် ချို့ယွင်းချက်များ ရှိကြသည်။ အချို့တွင် ချို့ယွင်းချက် ကြီးမား၏။ မည်သည့်အမှုတစ်ခု သို့မဟုတ် အမှုအားလုံးကို လူဝင်စားမှု သက်သေအထောက်အထားဖြင့် သတ်မှတ်၍ မရချေ။ လူဝင်စားမှု ဖြစ်နိုင်ခြေပြချက်များ ဖြစ်သည်ဟု စတီဗင်ဆင်က ဆိုခဲ့သည်။

အတိတ်ဘဝနှင့် ဆက်စပ်မှုကို ဒွိဟကင်းစွာနှင့် အသေးစိတ်အချက်အလက်များနှင့် အတိအကျအတည်ပြုပြီးနောက်တွင်ပင် ထိုကလေးသည် တစ်ချိန်က သူဆိုခဲ့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း မည်သူမျှ သက်သေမပြနိုင်ချေ။ ဖြစ်နိုင်ခြေမည်မျှရှိသည်ပင်ဆိုစေ ထိုကလေးငယ်အား ထိုသို့ပြောဆိုစေရန် တစ်ဖက်လှည့် တိုက်တွန်းအားပေးမှု ရှိနိုင်သည်။ စိတ်အာရုံခံစားမိခြင်း၊ ဝိညာဉ်ပူးခြင်း သို့မဟုတ် အသားလွတ် စိတ်အာရုံထင်မြင်ခြင်း တစ်နည်းပြောရလျှင် မျက်မှောက်ဘဝမှပင် အမှတ်တမဲ့ စိတ်စွဲလမ်းသွားချက်ပေါ် အခြေခံသော အတွေးအမြင်၏ လှစ်ဟချက်များ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့တိုင်အောင် ထိုထွေထွေပြားပြား အနက်ဖွင့်ဆိုချက်များသည် စတီဗင်ဆင်၏အမြင်ဖြင့် ပြောရပါလျှင် အနောက်တိုင်းသားများအတွက် လူဝင်စားခြင်းကိစ္စရပ်တစ်မျှပင် ဦးနှောက်စားစရာဖြစ်နေသည်။

လူဝင်စားခြင်းနှင့်ယှဉ်ပြီး သုံးသပ်စရာအချက်မှာ ဝိညာဉ်ပူးခြင်းပင် ဖြစ်သည်။ သို့တိုင်အောင် မွေးရာပါအမှတ်များကို ထည့်တွက်သောအခါတွင် ဤယူဆချက်သည်လည်း လက်ခံစရာမဖြစ်ပြန်ချေ။ ဒေါက်တာစတီဗင်ဆင်သည် ယခင်ဘဝက ကျည်သင့် သို့မဟုတ် ဓားထိုးခံရပြီး သေဆုံးခဲ့သည်ဟု ဆိုသော ကလေးများပေါ်တွင် တွေ့ရှိရသော မွေးရာပါအမှတ်ပေါင်း (၂၀၀) ကျော်ကို လေ့လာ သုတေသနပြုဖူးသည်။ ထိုအမှုများမှ (၁၇) မှုတွင်မူ ထိုကလေးငယ်က ဆိုညွှန်းသော ယခင်ဘဝကလူ၏ ဆေးရုံမှတ်တမ်းများကို စစ်ဆေးကြည့်ရှုရာ ထိုသေဆုံးသူ၏ ဓား သို့မဟုတ် သေနတ်ဒဏ်ရာများနှင့် ကလေးများတွင်တွေ့ရသော မွေးရာပါအမှတ်တို့ ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။

ဝီလျံဂျော့(ခ်)ဂျူနီယာ၏ အမှုတွင်မူ မွေးရာပါ အမှတ်သက်သေအထောက်အထားသည် အကြမ်းဖက်မှုနှင့် ဆက်စပ်နေခြင်း မရှိချေ။ ဤအမှုသည် လူမျိုးစုရိုးရာဒဏ္ဍာရီသဘောမျိုးဖြစ်နေသော်လည်း စတီဗင်ဆင်သည် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများကို တသီးတခြားစီ တွေ့ဆုံမေးမြန်းမှုပြုလျက် အထောက်အထားများကို ကောက်ယူခဲ့သည်။

ယင်းကိစ္စသည် ဝီလျံဂျော့(ခ်) စီနီယာဖြင့် စတင်ခဲ့သည်။ အလက်စကာပြည်နယ်တွင် နေထိုင်သော တလင်းဂစ်လူမျိုးနွယ်ဝင်တစ်ဦးဖြစ်သောသူသည် နာမည်ကြီး တံငါသည်တစ်ယောက် ဖြစ်ခဲ့သည်။ သူသည် လူဝင်စား ဆိုသည့်အချက်ကို ဒွိဟဖြစ်လာသောအခါတွင် သူ့သားဖြစ်သူ ရက်(ခ်)ဂျိနယ်ဂျော့(ခ်)ကို အောက်ပါအတိုင်း ကတိပြုခဲ့သည်။

"ဒီ ပြန်လည်မွေးဖွားတယ်ဆိုတဲ့ကိစ္စ ဟုတ်တယ်ဆိုရင် အဖေ မင်းရဲ့သားအဖြစ်နဲ့ ပြန်လာခဲ့မယ်"

သူ့ကို သူ၏ မွေးရာပါအမှတ်များ ဘယ်ဘက်ပခုံးထက်တွင် တစ်ခုနှင့် ဘက်ဘက်လက်မောင်းပေါ်တွင်တစ်ခုဖြစ်သူမှန်း သိပေလိမ့်မည်ဟု ဆိုသည်။ ထို့မျှသာမကသေး၊ သူ၏ရွှေနာရီကို ပေးထားခဲ့ပြီးနောက် လူဝင်စားဆိုပါလျှင် ထိုနာရီ ပြန်တောင်းယူမည်ဟု ကတိပြုခဲ့သည်။

ထို့နောက် မကြာခင်တွင် ထိုသူသည် ပင်လယ်ထဲ ငါးဖမ်းထွက်ရင်း ပျောက်သွားခဲ့သည်။ (၉) လမျှအကြာ ၁၉၅၀ ပြည့်နှစ်၊ မေလ (၅) ရက်နေ့တွင် ဆူဆန်ဂျော့(ခ်)သည် သူမ၏ နဝမမြောက်ကလေးကို ဖွားမြင်သည်။ ကလေးငယ်သည် အဘိုးဖြစ်သူတွင်ရှိခဲ့သော မွေးရာပါအမှတ်နှစ်ခုနှင့် ထပ်တူ အမှတ်နှစ်ခုဖြင့်



ယခင်ဘဝက ယောက်ျားဖြစ်ခဲ့သည်ဟု တစ်အဝ်ယုံကြည်သူ ဒိုလန်မစ်တြာသည် ယခုဘဝတွင် ဘောလုံးနှင့် ခရစ်ကတ်ကစားခြင်းကိုသာလျှင် အကြိုက်တွေ့နေခဲ့သည်။




ယခင်ဘဝက ဂျင်မီဝင်စားခဲ့သည်ဆိုသော ဂျယ်ရီမီအန်ဒါဆင် ဂျင်မီသည် ဂျင်မီအလ်ဟောဆာ ဟုသောအမည်ဖြင့် ယခင်ဘဝက ယာဉ်တိုက်မှုဖြင့် သေဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မွေးဖွားလာခဲ့သည်။ အမှတ်များက အရွယ်အစားထက်ဝက်ခန့် သေးငယ်နေခဲ့သည့်သာရှိခဲ့သည်။ ထိုကလေးငယ် ကင်ပွန်းတပ်ရေးနှင့် ပတ်သက်၍ အခြေအတင်ပြောစရာ မရှိခဲ့ချေ။ သူ့ကို ဝီလျံဂျော့(ခ်)ဂျူနီယာဟု အမည်ပေးလိုက်သည်။

ကလေးငယ်က သူ့အဘိုးနှင့် အတော်တူပုံကို မိသားစုဝင်များနှင့် မိတ်ဆွေများက မကြာမတင်တွင် သတိပြုမိကြသည်။ သူသည် အဘိုးအသေးစားနှင့်တူခဲ့သည်သာမက သူ့အဘိုးကဲ့သို့ပင် လမ်းလျှောက်ဟန်ရှိပြီး ရေကိုကြောက်သည့်တိုင်အောင် ငါးဖမ်းသည့်လုပ်ငန်းနှင့် သင်္ဘောများအကြောင်း အရွယ်နှင့်မလိုက်အောင် ကျွမ်းကျင်ကြောင်း ပြသခဲ့သည်။ သူသည် သူ့ကြီးတော်ကြီးကို ညီမဟုခေါ်ခဲ့သည်။ သူ၏ဦးလေးများနှင့် အဒေါ်များကို သူ့သားသမီးများဟု ခေါ်ခဲ့ပြီး သူ့အစ်ကိုများနှင့် အမေက သူ့ကို အဘိုးဟုခေါ်သည်ကိုလည်း မကန့်ကွက်ခဲ့ချေ။ (၄) နှစ်အရွယ်၌မူ ဆူဆန်ဂျော့(ခ်)က သူမ၏ လက်ဝတ်ရတနာသေတ္တာတွင်းမှ လက်ဝတ်ရတနာများကို ကြည့်ရှုချိန်တွင် မိဘအိပ်ခန်းထဲသို့ ယောင်လည်လည်ဖြင့် ရောက်လာသော သူသည် ဝီလျံဂျော့(ခ်)စီနီယာ ပိုင်ဆိုင်ခဲ့သော နာရီကို မြင်ပြီး -

"အဲဒါ ငါ့နာရီ"

ဟု ဆို၍ ကောက်ယူလိုက်သည်။ နောက်ဆုံးတွင် ကလေးသည် သူ့နာရီကို မပေးချင်ပေးချင်နှင့် လက်လွှတ်လိုက်သည်။ သူအနည်းငယ် အရွယ်ရလာသောအခါတွင် အတိတ်ဘဝအမှတ်ရချက်များ မှေးမှိန်သွားခဲ့ပါသော်လည်း သူ့နာရီဟု အရှင်ခံမှု လျော့ပါးမသွားခဲ့ချေ။

**ဖိုမ ဆိုင်ရာ ရှုပ်ထွေးမှု**

ယခင်ဘဝကို စိတ်စွဲလမ်းမှုသည် ဖို၊ မ ဆိုင်ရာကိစ္စကို ရှုပ်ထွေးစေနိုင်၏။ ယခင်ဘဝက ယောကျ်ားများဖြစ်ခဲ့သည်ဟု တပ်အပ် ယုံကြည်ခဲ့သော မိန်းကလေးနှစ်ဦးဖြစ်သူ အနောက်ဘင်္ဂလားဒေသမှ ဒိုလန်မစ်တြာနှင့် မြန်မာနိုင်ငံအထက်ပိုင်းမှ မတင်အောင်မျိုးတို့သည် တစ်နှစ်ပြီးတစ်နှစ် ယောကျ်ားအဝတ်အစားဝတ်ဆင်ရရေးနှင့် ယောကျ်ားလေးများ ကစားပွဲတွင်ပါဝင်ရရေးကိုသာ ကတ်သတ် တောင်းဆိုခဲ့ကြသည်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် မွေးဖွားခဲ့သော ဒိုလန်သည် အသက် (၃)နှစ်အရွယ်တွင် သူမအစ်ကို၏ အဝတ်အစားများကို ဝတ်ဆင်လာခဲ့ပြီး အသက်ကြီးလာသည်နှင့်အမျှ ဘောလုံးနှင့် ခရစ်ကက်ကစားခြင်းကိုသာ လျှင် အကြိုက်တွေ့လာခဲ့၏။ သူမအစ်ကို၏ အဝတ်အစားများ ညစ်ပေစေမည်ဆို၍ သူမ၏မိခင် ကိုနီကာ မစ်တြာက သူမကို ဆူပူသောအခါတွင် သူမသည် နာရန်ဖြာပါရှိ လက်ရှိ အိမ်မှ (၇၅)မိုင် ကွာဝေးသော ဘာ(ဒ်)ဝမ်မြို့တွင် နေထိုင်သည့် ယောကျ်ားလေးတစ်ယောက် ဖြစ်ခဲ့သည်ဟု စောဒကတက်ခဲ့၏။ သူမ ငိုကြွေးကြိုတိုက်မှုအဆုံးသတ်ရေးကို ရည်ရွယ်လျက် သူမ၏မိဘများက သူမကို ဘာ(ဒ်)ဝမ်မြို့သို့ခေါ်သွားရန် သဘောတူလိုက်သောအခါ သူမ၏ ပြောကြားချက် မှန်ပုံပေါက်ခဲ့၏။

၁၉၇၁ ခုနှစ်၊ အောက်တိုဘာလတွင် ပထမအကြိမ် သွားရောက်စဉ်တွင် ဒိုလန်၏ ယခင်ဘဝအိမ်ကို ရှာမတွေ့ခဲ့သော်လည်း ၁၉၇၂ ခုနှစ်၊ မတ်လတွင် ဒုတိယအကြိမ် သွားသောအခါ အကြွင်းမဲ့ အောင်မြင်ခဲ့သည်။ ထိုမြို့၏ အထင်ကရ အဆောက်အအုံဖြစ်သည့် အာနာပရောနာ ဝတ်ကျောင်းတော်မှစတင်၍ ဒိုလန်သည် မြေလိမ်မြွေကောက်လမ်းများကိုလိုက်၍ အာနတ်ဆာရန်းဒေး၏အိမ်သို့ ပေါက်ရောက်ခဲ့သည်။ ဆာရန်းဒေး၏ အငယ်ဆုံးသမီး ရီတာက သူမကို အိမ်ထဲသို့ဖိတ်ခေါ်လိုက်၏။ ဒိုလန်သည် အိမ်ထဲတွင် ကျွမ်းကျင်စွာ လျှောက်ပြေးခဲ့သည်။ အခန်းများကို မှတ်မိပြီး အခန်းတွင်းရှိ ပစ္စည်းများကို ပြောပြခဲ့သည်။ ထို့နောက်တွင် ရီတာ၏အစ်ကို နိရှစ်၏ ပစ္စည်းများကို ထောက်ပြခဲ့သည်။ ကျောင်းသားတစ်ဦးဖြစ်ပြီ အလွန်ထက်သန်သော အားကစားသမားတစ်ဦးဖြစ်ခဲ့သော နိရှစ်သည် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် ကာလကတ္တားဆေးရုံတွင် ဦးနှောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဒိုလန်သည် ဓာတ်ပုံထဲတွင် အမျိုးသမီးတစ်စုနှင့် ရပ်တန့်နေခဲ့သော နိရှစ်၏ မိခင်ကို မှတ်မိခဲ့သလို နောက်ဆက်တွဲ စမ်းသပ်မှုများတွင် ဆွေမျိုးသားချင်းနှင့် မိတ်ဆွေအတော်များများကို မှန်ကန်စွာ မှတ်မိခဲ့သည်။

မတင်အောင်မျိုး၏ အမျိုးသားဘဝမှတ်မိချက်က ပို၍ အားကောင်းသည်။ ၁၉၅၃ ခုနှစ်တွင် သူမသည် ယခင်ဘဝအရိပ်ကို (၄) နှစ်အရွယ်တွင် ပထမဦးဆုံး ခံစားမိခဲ့သည်။ သူမ ဖခင်နှင့် သူမ လမ်းလျှောက်ထွက်နေစဉ် သူတို့အထက်မှ လေယာဉ်ပျံတစ်စီးက ဖြတ်ကျော်ပျံသန်းသွားသည်။ ထို့နောက်တွင်မူ လေယာဉ်တစ်စီး ဖြတ်ကျော်ပျံသန်းသွားတိုင်း သူမ ကြောက်လန့်စာကြား ကုပ်၍ ငိုကြွေးပေသည်။ သူမအပြုအမူကြောင့် သူမကို ဆူပူသောအခါတွင် သူမက -

"အဖေတို့ဘာသိလို့လဲ။ ကျွန်မ သေနတ်နဲ့အပစ်ခံရပြီး သေသွားခဲ့တာ"

ဟု တုံ့ပြန်တတ်ခဲ့သည်။

သူမသည် ဒုတိယကမ္ဘာစစ်ကာလက ဂျပန်စစ်သည်တစ်ဦးအဖြစ် သူမမိသားစု၏ ရွာနားဘက်တွင် တာဝန်ကျစဉ် မဟာမိတ်လေယာဉ်ပျံက သေနတ်ဖြင့် ပစ်သွားသည်ကို ခံခဲ့ရပုံကို ပြောစပြုလာသည်။ သူမသည် ဘောင်းဘီတိုနှင့် ခါးပတ်ကြီးတစ်ခု ဝတ်ဆင်ရသည်ကို မှတ်မိလာသည်။ သူမထမင်းချက်ပြုတ်ရန် အကျီချွတ်ပြီးခါစမှာပင် လေယာဉ်ပျံက ထိုးဆင်းလာပြီး သေနတ်ဖြင့်ပစ်သွားသည်ကို ဖြန်ပြောင်းသတိရမိသည်။

သူမအရွယ်ရလာသည်နှင့်အမျှ မတင်အောင်မျိုးသည် ဂျပန်သို့ပြန်၍ ဇနီးနှင့် သားသမီးများကို တွေ့လိုကြောင်း ပြောကြားလာသည်။ ယောကျ်ားလေးအဝတ်အစားများသာ ဝတ်ဆင်ရန် တောင်းဆိုပြီး စစ်သားပုံ

www.burmeseclassic.com

www.burmeseclassic.com

တမ်းကစားရသည်ကို သဘောကျခဲ့သည်။ အသက်(၁၂)နှစ်အရွယ်တွင် မိန်းကလေးလိုဝတ်ဆင်ရန် အာဏာပိုင်များက တောင်းဆိုလာသောအခါ သူမကျောင်းထွက်လိုက်သည်။ အသက်(၁၉)နှစ်အရွယ်သို့ ရောက်သောအခါ သူမသည် သူမ၏ လိင်သဘာဝကို လုံးဝ ပစ်ချလိုက်သည်။ ယောကျ်ားလေးကဲ့သို့ပင် ဆက်လက်ဝတ်ဆင်ပြီး ယောကျ်ားယူလိုချင်စိတ်မရှိကြောင်း၊ မယားသာ လိုချင်ကြောင်း ဆိုလာသည်။

အသက် (၂၀) နှစ်လောက်ရောက်သောအခါတွင် ယခင်ဘဝကို ပြန်ပြောင်းအမှတ်ရချက်တို့သည် ထူးဆန်းသော သန္တေပါမြူကဲ့သို့ဘဝအပူပြင်းတွင် ပျံ့လွင့်သွားလေ့ ရှိသည်။ သို့သော် ထိုအချိန်လောက်တွင် အရွယ်ရောက်လာနေသည့် နှစ်များ၏ အပြုအမူများက လွှမ်းမိုးမည်မှာ အမှန်ပင်။ အခြားဒေသ၊ အခြားတစ်ဘဝကို ခံ့မင် တောင့်တစိတ်သည် မိဘနှင့် သားသမီးကို သဟဇာတ မကျစေနိုင်ချေ။ မိဘအတော်များများသည် ကလေးငယ်က ထိုသို့ အခြားတစ်ပါးသော သားချင်းများထံ သွားရောက်လိုကြောင်း တောင်းဆိုချက်ကို နှိပ်ကွပ်နိုင်လေ့ရှိပါသော်လည်း ကလေးများက သူတို့ ရင်းနှီးလှသော ထိုအခြားတစ်ပါးသောအိမ်သို့ ထွက်ပြေးခြင်းဖြင့် တုံ့ပြန်တတ်မှုလည်း ရှိသည်။

ဆန်ဖရန်စစ္စကိုမြို့မှစိတ်ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာဟယ်လင်ဝမ်ဘတ်ချ်ကမူ အတိတ်ဘဝကို ကလေးများ ပြန်ပြောင်းအမှတ်ရစေမှုကို အားမပေးချေ။ ထိုသို့အမှတ်ရခြင်းသည် လက်ရှိဘဝတွင် အံဝင်ခွင်ကျ နေထိုင်နိုင်ရေးပေါ် မလိုလားဖွယ် ဝန်ပိစေသည်ဟု သူမက ယူဆသည်။ သူမသည် လူဝင်စား သုတေသနလုပ်ငန်းများတွင် သူမပါဝင်ပတ်သက်ခြင်းမပြုခင် ကာလကြာမြင့်စွာ အလွန်တရာ အဆော့သန်သော (၅) နှစ်အရွယ် ကလေးသူငယ် ပီတာကို ကုသစဉ်ကအဖြစ်ကို ကောင်းစွာ အမှတ်ရမိသည်။ ကောင်လေးက ရဲသားဘဝအကြောင်း တစ်ယောက်တည်း ပြောလာသောအခါ တွင် သူမ တအံ့တသြဖြစ်ခဲ့မိသည်။

ကနဦးတွင်မူ ပီတာသည် ရုပ်မြင်သံကြားတွင် သူမြင်တွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုကို ပြန်ပြောင်းပြောနေခြင်း ဖြစ်နိုင်သည်ဟု သူမယူဆလိုက်၏။ သို့သော် သူ ကြာကြာပြောလေလေ သူ၏ကိုယ်တွေ့ဟု သူခံစားနေရသော အတွေ့အကြုံကို ပြောပြနေခြင်းဖြစ်ကြောင်း သူမ သဘောပေါက်လာခဲ့သည်။ ပီတာသည် သူ၏ရဲသားအဖြစ် ဘဝအကြောင်းကို အသက် (၃)နှစ်အရွယ်ကတည်းကပင် စတင်ပြောကြားလာခဲ့သော်လည်း သူမက 'ပေါက်ကရဇာတ်လမ်းတွေ လုပ်ကြံပြောမနေနဲ့'ဟု ဟန့်တားခဲ့ကြောင်း ပီတာ၏မိခင်က ဒေါက်တာဝမ်ဘတ်ကို ပြောကြားခဲ့သည်။

ဒေါက်တာ ဝမ်ဘတ်ချ်သည် ပီတာ ပြောပြနေသော ရာဇဝတ်မှုအကြောင်း ဇာတ်လမ်းလေးများကို အတော် သဘောကျခဲ့သည်။ သို့သော် တစ်နေ့တွင်မူ ပီတာသည် လမ်းလယ်ကောင်တွင်ရပ်၍ ယာဉ်ထိန်းရဲလုပ်လမ်းပြရန် ကြိုးစားသောကြောင့် ရဲတစ်ဦးက ဖမ်းခေါ်ပြီး အိမ်ပြန်ပို့ခဲ့ရသောအဖြစ် ကြုံသောအခါ သူမတွန့်သွားသည်။

"ကျွန်မနည်းနည်းအပြစ်မကင်းသလို ခံစားမိလိုက်တယ်။ ဘာလို့ဆိုတော့ သူက သူ့ရဲ့ ရဲသားဘဝ ယာဉ်ထိန်းရဲတာဝန်ကျပုံကို ကျွန်မကိုပြောပြခဲ့ပြီး သူ့ရဲ့အတိတ်ဘဝ ပြန်ပြောင်းအမှတ်ရချက်အတိုင်း လက်တွေ့ ဒီဘဝမှာ လုပ်လာနေခဲ့ရလို့ပဲ။ (၅)နှစ်သားအတွက် အတော် စိုးရိမ်စရာ အပြုအမူပဲပေါ့"

ဒေါက်တာဝမ်ဘတ်ချ်က ဆိုခဲ့သည်။

သူ့နာမည် ဂျင်မီပါဟု ဆိုခဲ့သော အိုကလာဟိုမာပြည်နယ် ဝေါကိုမစ်မြို့မှ (၂) နှစ်သားအရွယ်ကလေး၏ ဖြစ်ရပ်ကိုလည်း စိုးရိမ်စရာဟု ဆိုနိုင်သည်။

"မဟုတ်ဘူး။ မင်းနာမည် ဂျယ်ရီမီ၊ မင်းနာမည်ဂျယ်ရီမီအန်ဒါဆင်" ဟု မိဘများက အတင်းအကျပ် ဆိုခဲ့ရသည်။

သူ့အဘွားဖြစ်သူ နန်စီအန်ဒါဆင်နှင့်အတူ ရုပ်ပုံစာအုပ်တစ်အုပ်ကို လှန်လှောကြည့်နေခဲ့သော ဂျယ်ရီမီသည် နောက်ပွင့်ထရပ်ကားတစ်စီးပုံကိုတွေ့ပြီး ထိုအချိန်တွင် သတိမထားမိခဲ့သော သူ့ဖြစ်ရပ်၏ သဲလွန်စတစ်ခုကို ပေးခဲ့သည်။

"အဲဒီနောက်ပွင့်ဝက်ဂွန်က သူ့ကို ဝင်တိုက်ခဲ့တယ်။ လှည်းတိုက်လို့ သူသေသွားတယ်။ ကားမောင်းတဲ့သူကို သူဒေါသဖြစ်တယ်လို့ သူပြောခဲ့တယ်။ ကျွန်မ အဲဒါကို ဘယ်လိုမှ စိတ်ထဲမမှတ်ခဲ့ဘူး"

သူမ၏ အဘွားဖြစ်သူက ပြန်ပြောင်းအမှတ်ရခဲ့သည်။

နောက်တစ်ကြိမ်တွင်မူ ဂျယ်ရီမီ၏အဘိုး ဂျက်ဆန်သည် ကျောနာ၍ အိပ်ရာပေါ် လဲလျောင်းနေခဲ့သည်။

"ဘိုးဘိုး၊ ကျောက ဘာဖြစ်လို့လဲ။ အဘိုး သေလောက်အောင်နာနေလား"

ဂျယ်ရီမီက မေးခဲ့သည်။

ဂျက်က သူ့ကျောနာနေသည့်တိုင်အောင် သေလောက်သည်မဟုတ်ဟု ပြန်ဖြေခဲ့သည်။ ဤတွင် ဂျယ်ရီမီက ပြန်ဖြေခဲ့သည်။

"ကျွန်တော့် ကျောကတော့ တစ်ခါနာပြီး ကျွန်တော် သေသွားတယ်"

ဤကာလတစ်လျှောက်လုံးပင် လျှင် မိုင် (၉၀) အကွာအဝေးရှိ တွန်ကာဝါမြို့သုသာန်တွင် ဂျိမ်း(စ်)အလ်ပောဆာ (ဩဂုတ်လ ၂၂ ရက် ၁၉၅၂၊ ဩဂုတ်လ ၁၂ရက်၊ ၁၉၆၇) ဟု ကမ္ပည်းထိုးထားသော သချိုင်းကမ္ပည်းတိုင်တစ်ခု တည်နေခဲ့သည်။ ဂျင်မီပောဆာ ဟူသော အမည်ဖြင့် လူသိခဲ့သောသူသည် နန်စီအန်ဒါဆင်နှင့် ဂျယ်ရီမီ၏ဖခင် ရွန်အန်ဒါဆင်၏ဝမ်းကွဲအစ်ကိုမှ ထွန်းကားခဲ့သောသား ဖြစ်သည်။ တွန်ကာဝါမြို့ရှိ သူ၏ ဖခင်ဘက်မှ အဘွားဖြစ်သူ၏ လက်တွင် သူကြီးပြင်းခဲ့သည်။ ဂျင်မီကို အသက် (၁၅)နှစ်ပြည့် မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ခါနီး (၁၀) ရက်အလို အလွန်ပူအိုက်နေသော ဩဂုတ်လ၏နေ့တစ်နေ့တွင် အသက်ရှင်လျက် နောက်ဆုံးမြင်ခဲ့ရသည်။

အသက် (၁၄)နှစ်ရှိ ဂျင်မီဟောဆာနှင့် သူ၏သူငယ်ချင်း အသက် (၁၆)နှစ်အရွယ်ရှိ ကီဗင်လူးကပ်(စ်)သည် ဘစ်(ခ်)ဆီဒင်ကားတစ်စီးဖြင့် တစ်နာရီ (၇၅)မိုင်နှုန်း မောင်းနှင်နေခဲ့သည်ဟု ရဲ၏ယာဉ်တိုက်မှုမှတ်တမ်းများက ဆိုသည်။ လူးကပ်(စ်)မောင်းနှင်နေခဲ့သော ထိုကားသည် ကျေးလက်လမ်းဆုံတစ်ခုတွင် နောက်ပွင့်ဝက်ဂွန်ကားတစ်စီးကို ဝင်တိုက်ခဲ့သည်။ ကားသည် (၉၉) ပေမျှ လျှောတိုက်သွားပြီးနောက် ဒုတိယနောက်ပွင့်ထရပ်ကားတစ်စီးကို တိုက်မိပြီးနောက်ထပ် (၁၀၈) ပေမျှ လည်ထွက်သွား၏။ ထိုယာဉ်တိုက်မှုအကြောင်းသော် လည်းကောင်း၊ ယာဉ်တိုက်မှုမဖြစ်ခင်ကအကြောင်းသော် လည်းကောင်း လုံးဝ မမှတ်မိဟု ဆိုခဲ့သော ကီဗင်လူးကပ်(စ်)သည် ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ဂျင်မီမှာမူ သေဆုံးသွားခဲ့သည်။

ဂျယ်ရီမီအသက်(၅)နှစ်အရွယ် ၁၉၈၀ ပြည့်နှစ်၊ ဧပြီလတွင် သူ့ကို ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ နေရာသို့ ခေါ်ဆောင်သွားခဲ့သည်။ သူသည် ပတ်ဝန်းကျင်ကို မှတ်မိပုံဖြင့် အတော်စိတ်လှုပ်ရှားသွားဟန်ရှိခဲ့ပြီး ကားထဲမှ သူလွင့်ကျခဲ့ပုံကိုသရုပ်ပြခဲ့သည်။

"ကျွန်တော် ကျည်ဆန်တစ်တောင့်လိုသွားနေခဲ့တာ။ ဖုံးတစ်လုံးပေါက်ကွဲသွားသလိုပဲ"

ဟု သူက ဆိုခဲ့သည်။

ဂျင်မီ၏အလောင်းကို စစ်ဆေးကြည့်သောသုဘရာဇာက အလောင်းပေါ်တွင်တွေ့ခဲ့ရသော ဒဏ်ရာများသည် ဘေးခုံစီးခရီးသည်တစ်ဦး ရရှိလေ့ရှိသော ဒဏ်ရာမျိုးများ မဟုတ်ဘဲ ယာဉ်မောင်းတစ်ဦးရလေ့ရှိသော ဒဏ်ရာများဖြစ်ကြောင်း နောက်တွင် ပြောကြားလာသောအခါ ဂျယ်ရီမီက မအံ့သြခဲ့ချေ။ သူပင် ယာဉ်မောင်းခဲ့ကြောင်း ဂျယ်ရီမီက တောက်လျှောက်ပြောခဲ့သည် မဟုတ်လား။

## နှစ်နှစ်အရွယ် ရဟတ်ယာဉ်မှူး

သို့ဆိုပါလျှင် ဤ ထူးထူးခြားခြား ကလေးများသာလျှင် သူတို့၏ ယခင်ဘဝကို သိကြပါသလား။ အတိတ်ဘဝအကြောင်း ပြန်ပြောင်းအမှတ်ရမှုများ လွန်စွာနည်းပါးလှသောကြောင့် ဤစကားများသော ကလေးငယ်များသာလျှင် ပြန်လည်ဝင်စားသူများဖြစ်သည်ဟု ယူဆ၍မရကြောင်း ဒေါက်တာ စတီဗင်ဆင်က ဆိုသည်။ လူအတော်များများသည် လူဝင်စားဖြစ်နိုင်ကြသည်။ သို့သော် ထိုသို့ လူဝင်စားအဖြစ် မှတ်မိချက်များ ရေးရေးမျှသာ ဖြစ်သောကြောင့် သိစိတ်တွင် ထင်ပေါ်စေရန် အချို့လူများသို့မဟုတ် အချို့နေရာများကို တွေ့မြင်ရန် လိုကောင်းလိုပေမည်။ ဤအဖြစ် သို့မဟုတ် ဤဒေသ၊ ဤလူကို တွေ့ဖူးကြုံဖူးသည် ဟူသော အတွေ့အကြုံကို လူကြီးရောကလေးပါ ခံစားရလေ့ရှိကြပြီး ယင်းဖြစ်ရပ်မှာ အတိတ်လွန်ခဲ့သော ဘဝကဖြစ်ရပ်ကို မှတ်မိသည့်ပုံရိပ်များဟု ယူဆနိုင်သည်။ အချို့အိပ်မက်များနှင့် ပတ်သက်၍လည်း ထိုသို့ပင် ယူဆနိုင်သည်။

အိပ်မက်များနှင့် ကြုံဖူးဟန်အဖြစ်များသည် ယခင်ဘဝကို ညွှန်ပြနိုင်သည်။ သို့သော် ကိုယ်ပိုင်အသိ (သို့) လူမှုပုံသွင်းချက်မစွန်းထင်သော ကလေးငယ်၏ အလိုအလျောက် ထွက်ဆိုချက်သည် လူဝင်စားခြင်း ဖြစ်နိုင်သည် ဟူသော ထောက်ချက်ကို တစ်သီးပုဂ္ဂလ ယူဆချက်မှသည် အများပြည်သူတို့အမြင်သို့ ချပေးလိုက်သည်။

အသက် (၂) နှစ်နှင့် (၉)လ မျှသာရှိသေးပြီး ရဟတ်ယာဉ်ကို ထူးထူးခြားခြား သဘောကျ နှစ်ခြိုက်ပြီး ရဟတ်ယာဉ်မောင်းနှင်နည်းကို အိန္ဒိယ လေတပ်မှ လေယာဉ်မှူးတစ်ဦးအား တိတိကျကျလမ်းညွှန်ပြသနိုင်ခဲ့သည့် ရာမူး ဆိုသည့် ကောင်လေး လူဝင်စားဖြစ်သည် ဆိုသည့်အချက်ကို အလွန်အမင်း အယုံကြည်တန်သူမှသာလျှင် ဒွိဟဖြစ်ပေလိမ့်မည်။ တိုရွန်တိုမြို့မှ အခြားအသက် (၂) နှစ်အရွယ် ကလေးတစ်ဦးက ခါတ်လေ့ကား တံခါးပိတ်သွားသည်ကို မြင်သည်နှင့် ငယ်သံပါအောင် ချောက်ချောက်ချားချား အော်ဟစ်သည်ကို အလွန်တရာခံစားချက်ကင်းသူမှသာ လျှင်လျစ်လျူရှုနိုင်ပေမည်။ မိခင်ဖြစ်သူက -

"ပေါက်ကရအော်မနေနဲ့။ ခါတ်လှေကားက သားကို မသတ်ဘူး"

ဟု သူ့ ကို ဟန့်တားသောအခါတွင် -

"သတ်ခဲ့ဖူးတယ်"

ဟု ကလေးက ပြန်ဖြေကြားခဲ့သည်။

ကျယ်ပြန့်လှသော ကမ္ဘာတစ်ဝန်းတွင် ပုခက်တွင်း၏ တစ်ဖက်လွန် အောင်ပင် ကလေးငယ်များ၏အတိတ်ဘဝဇာတ်လမ်းများကို ရယူစုဆောင်းစမ်းသပ် အတည်ပြုပြီးနောက်တွင် ဒေါက်တာ စတီဗင်ဆင်နှင့် ဟီမန်ဒြာ ဘာနာဂျီတို့သည် လူဝင်စားခြင်းသည် လောက၏တကယ့်ဖြစ်စဉ်တစ်ရပ်ဟု လက်ခံလာရသည်။ မကြာခင်ကာလကကွယ်လွန်ခဲ့သော ဘာနာဂျီအတွက်မူ ဤကောက်ချက်သည် နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်မျှ သုတေသနပြုပြီးနောက် မရှောင်မလွှဲ မငြင်းပယ်နိုင်စွာချသော ကောက်ချက် ဖြစ်သည်။

"ကျွန်တော်က အမြဲတစေ လပ်နေတဲ့အချက်ကို ရှာဖွေပြီး ဒီဖြစ်စဉ်ကို တခြားနည်းလမ်းနဲ့ ဖြေရှင်းလို့ရလားလို့ အမြဲတစေ မေးမြန်းလာခဲ့ပါတယ်။ ဒါပေမယ့် ခြုံငုံကြည့်ရင်တော့ ဒီအမှုမှာ ပုံစံတွေရှိနေပြီး အဲဒါတွေက လူဝင်စားကိစ္စကို ယုံကြည်လာစေခဲ့တယ်"

ဟု သူက ပြောကြားခဲ့သည်။

စတီဗင်ဆင်ကမူ စရိုက်သဘာဝအရ ဘာနာဂျီထက် ပို၍ ပညာတတ်ဆန်ရှိပြီး သံသယစိတ်ကဲ၏။ သို့တိုင်အောင် ဤအားနာတတ်သော၊ ယတိပြတ်မပြောတတ်သော ပညာရှင်သည် 'အကျိုးအကြောင်းဆင်ခြင်ဉာဏ်ရှိတဲ့ လူတစ်ယောက်ဟာ ဘာသာရေးသဘောတရား ဒါမှမဟုတ် ယဉ်ကျေးမှုထုံးတမ်းလေလာ



www.burmeseclassic.com

www.burmeseclassic.com

သက်သက်အရမဟုတ်ဘဲ အထောက်အထားပေါ် မူတည်ပြီး လူဝင်စားမှုကို ယုံကြည်ချင်ရင် အခုအချိန်မှာ ယုံကြည်လို့ရတယ်'ဟု ဆိုခဲ့သည်။

ဤအထောက်အထားကို လက်ခံရန်မှာ ကလေးငယ်အားလုံးကို အမြင်သစ်ဖြင့် ကြည့်ရှုစိတ်ဝင်စား လေးစားရန်ပင် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ဤပြောစမှတ်ပြုလောက်သော ကလေးငယ်များ၊ မွေးကင်းစ လေးများထံမှ နီတိတစ်ခု ထွက်ပေါ်လာသည်ဆိုပါလျှင် ထိုအချက်ကား ဤကလေးသူငယ်များကို ယင်းတို့၏ မိဘများ ဖန်တီးမှုနှင့် ပြန်လည် ဖွံ့စည်း တည်ဆောက်မှုများထက် မိသားစုက သာမန်ပျိုးခင်းတစ်ခုအဖြစ်သာ တည်ရှိသော လူတစ်ဦး၏ ဘဝအစဉ်အဆက်ဖြစ်စဉ်၏ လက်တလောအဆင့်ဟု သတ်မှတ်ခြင်းကပို၍ အကြောင်းအကျိုး ညီညွတ်ပေမည်။

**စုံစမ်းစစ်ဆေးရေးသမားများ**

အာလက်စကားပြည်နယ်မှသည် ဇရီနိုင်ငံအထိ အတိတ်ဘဝကို ပြန်ပြောင်းအမှတ်ရသောကလေးများဟု ထင်မှတ်ရသော ကလေးများ၏ ဆွဲဆောင်မှုကြောင့် ဒေါက်တာ အိုင်အန်စတီဗင်ဆင်နှင့် ဟာမန်ဒြာဘာနာဂျီတို့သည် ကမ္ဘာတစ်ဝန်း အကြိမ်ကြိမ်လှည့်ခဲ့ဖူးပေသည်။ ဤကဲ့သို့ လိုက်လံ စုံစမ်းမှုတွင် အထီးတည်းသာဟု ဆိုလောက်သော သူတို့နှစ်ဦးတွင် အသွင်တူမှု လွန်စွာ နည်းပါးပေသည်။ အတိအကျ ပြောရပါလျှင် သာမန်အတွေးဖြင့် နားလည်ရခက်သော ကလေးများ၏ မှတ်မိချက်များကို နှစ်ပေါင်း (၂၀) ကျော်ကြာမျှ ရှေ့ဆောင်ရှေ့ရှုက် လေ့လာမှုပြုခဲ့သော ဤသူနှစ်ဦးလောက် ခြားနားလှသူတို့ ရှိနိုင်ခဲပေမည်။

အများအားဖြင့် လော့(စ်)အိန်ဂျ(လ်)မြို့တွင် အခြေစိုက်သော ဘာနာဂျီသည် အရပ်ပု၊ ဝဖိုင့်ဖိုင့် ဖြစ်သည်။ အသားရောင်ရင့်ပြီး ဖော်ဖော်ရွေရွေအသွင်ရှိသည်။ ကျော်ကြားမှုကို တပ်မက်သည့်ဟန်ပင် ရှိသည်။ ဟာဂျီးနီးယားပြည်နယ်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခတစ်ဦးဖြစ်သူ စတီဗင်ဆင်မှာမူ အရပ်ရှည်ရှည်၊ ကိုယ်လုံးသွယ်သွယ်၊ အသားလတ်လတ်နှင့် ဘာသိဘာသာနေတတ်သည့်စရိုက်ရှိသည်။ တစ်ချိန်က သူတို့ အတူတကွ အလုပ်လုပ်ကိုင်ခဲ့ကြပါသော်လည်း ကိုယ်ရေးကိုယ်တာနှင့် လုပ်ငန်းအမြင်စရိုက်တို့က ၁၉၆၄ ခုနှစ်ကာလကတည်းကပင် သူတို့ကို လမ်းခွဲစေခဲ့သည်။

သုတေသီတစ်စု၏ ပံ့ပိုးကူညီမှုဖြင့် စတီဗင်ဆင်သည် သူ၏ ပရစိတ်ပညာဌာန ကွန်ပျူတာ၌ ကလေးအမှု (၂၀၀၀)ကျော်ကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ဇနီးသည်နှင့်သုတေသနမိတ်ဆွေ မာဂစ်၏ အကူအညီအပံ့အပိုးမျှသာရှိခဲ့သော ဘာနာဂျီသည် ၁၉၅၅ ခုနှစ်ကာလမှ စတင်၍ မှုခင်းပေါင်း (၁၁၀၀) ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုစဉ်ကာလက သူ၏ဇာတိ အိန္ဒိယနိုင်ငံမှ တက္ကသိုလ်ပါမောက္ခတစ်ဦးက သူ့ကို -

"အဲဒီလိုလုပ်ရင် မင်းအသက်မွေးဝမ်းကျောင်းအလုပ်ကို မင်းဖျက်ဆီးရာရောက်မယ်"

ဟု သတိပေးခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကာလက လူတွေက ကျွန်တော့်ကို ဝါးလုံးရှည်ကြီးနဲ့တောင် မထိချင်ခဲ့ဘူး"

ဟု ၁၉၈၂ ခုနှစ်တွင် ဘာနာဂျီက ဝန်ခံခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်များကာလတွင် လူဝင်စားကိစ္စကို လက်ခံမှုများ ကျယ်ကျယ်ပြန့်ပြန့် ပိုရှိလာသည့်တိုင်အောင် သူသည် သိပ္ပံလောကအသိုက်အမြုံ၏ မပြတ်မလပ် ငြင်းပယ်ချမှုကို အန်တုနေရသေးသည်ပင် ဖြစ်သည်။ လူဝင်စားမှုနှင့် ပတ်သက်၍ သူရေးသားသော စာအုပ်များသည် ပေါ်ပင်ဈေးကွက်ကို ဦးတည်ချက်ထားခဲ့သော်လည်း စတီဗင်ဆင်၏လက်ရာများသည်ကား ပို၍ စာသမားပေသမားဆန်ဆန် အခန့်အတည်တင်ပြမှုများဖြစ်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ပရစိတ်ပညာဆိုင်ရာ အိန္ဒိယသိပ္ပံကို တည်ထောင်ခဲ့သော ဘာနာဂျီသည် ၁၉၇၀ပြည့်နှစ်ကာလကတည်းကပင် အမေရိကန်နိုင်ငံတွင် နေထိုင်လာခဲ့သည့် သုတေသီတစ်ဦးအနေဖြင့် သူသည် စုံထောက်၊ ရှေ့နေနှင့် စိတ်ပညာရှင်အဖြစ်ပါ ဆောင်ရွက်ရပြီး သူ၏ ရည်ရွယ်ချက်မှာ အထောက်အထားပေါ် မူတည်၍ လူဝင်စားမှုနှင့် ပတ်သက်ပြီး လူတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်အောင် ခိုင်လုံသော အထောက်အထားများ စုဆောင်းပေးရန် ဖြစ်သည်ဟု ဆိုခဲ့သည်။

Journal of Nervous and Mental Disease ကဲ့သို့ ဂုဏ်ရှိသောဂျာနယ်များတွင် ဆောင်းပါးများ ရေးသားခဲ့ဖူးသော ကနေဒါနိုင်ငံ မွန်ထရီ(လ်)မြို့ဖွား စတီဗင်ဆင်ကမူ ကိုယ်ရည်ကိုယ်သွေးနှင့် ပတ်သက်သော ခေတ်သစ်သဘောတရားများကို မကျေနပ်သောကြောင့် လူဝင်စားကိစ္စကို တစိုက်မတ်မတ် စူးစမ်းမှုပြုလာခဲ့သည်ဟု ဆိုသည်။ ဗီဇနှင့် ငယ်ဘဝပတ်ဝန်းကျင်ဩဇာကြောင့်ဟု ပြဆိုခြင်းမပြုနိုင်သော အချို့အကျင့်စရိုက်၊ အပြုအမူများသည် လူဝင်စားမှုတွင်အရင်းခံနေခြင်း ဖြစ်နိုင်သည်ဟု စတီဗင်ဆင်က ယူဆ၏။ စတီဗင်ဆင်၏ မိတ်ဆွေလည်းဖြစ်၊ လေးစားကြည်ညိုသူတစ်ဦးလည်းဖြစ်သော ဒေါက်တာ ဟယ်ရိုး(လ်)လိ(ဖ်)ကမူ သူ့ကို လွန်စွာ စနစ်ကျသူ၊ ဂရုစိုက်သူ၊ သတိကြီးသူ ဖြစ်သည်။ ဥပါဒါန်ဘက်သို့ ယိမ်းယိုင်ဟန်ပင်ရှိသော စိတ်ဓာတ်ရှိသည့် သုတေသီတစ်ဦးဖြစ်သည်ဟု ဆိုသည်။

"သူဟာ ကြီးမားလှတဲ့ အမှားတစ်ခုကို ပြုလုပ်နေတာ ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ်ရင် (၂၀) ရာစုရဲ့ ဂါလီလီယိုအဖြစ် ထင်ရှားမယ့်သူဖြစ်ချင်ဖြစ်မယ်"

ဟု လိ(ဖ်)က သူ့အကြောင်း ရည်ညွှန်းရေးသားခဲ့သည်။

*(ရှေ့လဆက်ဖတ်ပါ)*

တိုးထက်

*JOE FISHER* ၏ *The Case for Reincarnation* ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခု။

မိုးသံ လေသံ ခြိမ့်ခြိမ့်ညံပြီဆိုသည်နှင့် ယမ်းဖိုကုန်းရွာမှ လယ်သမား ကိုဆေးရိုးနှင့် မကြီးဒန်တို့သည် ဆင်ဖြူကျွန်းအထွက် ယမ်းဖိုကုန်းရွာအလွန် သရက်ချဉ်ရွာ၊ စမြင်ခင်းရွာတို့ကိုကျော်၍ ဗိုလ်ဝင်ရွာ၊ ပေါင်လောင်ရွာ၊ တောထွင်ရွာတို့တွင်ရှိသည့် လယ်သမားကြီးများဖြစ်ကြသော မောင်ဘတင်အေး၊ ရွှေကြာငုံရွာမှ မောင်စံရ၊ မောင်စံဝတို့လည်း ထွန်ရေးပြင်ကြလေပြီ။ ဝန်ထောက်ကြီးဘဝမှ ပင်စင်ရိက္ခာတော်ရ မြေပိုင်ရှင်တစ်ဖြစ်လဲကျွန်ုပ်လည်း လယ်ယာမြေ ပြည်သူပိုင်လုပ်ဥပဒေအရ ကင်းလွတ်ခွင့်ရသည့် လယ်များရှိရာ တောထွင်ရွာတွင် စာရင်းငှားများဖြင့် ကျွန်ုပ်၏နွား ၃ ရှဉ်းနှင့် လယ်ယာလုပ်ငန်း ဝင်ရတော့သည်။ တပည့်ကျော် ခင်မောင်၊ ထွန်းစိန်၊ မယ်တုပ်တို့မှာ လယ်ပြင်တွင် ကျွန်ုပ်ကိုယ်စားလှုပ်ရှားကြသည်။ ကျွန်ုပ်မှာ ဇရာကလည်းထောက်၊ ဝေဒနာကလည်းအပန်းမခံနိုင်သဖြင့် နှုတ်ဖြင့်သာစီမံခန့်ခွဲရပါသည်။ ကျွန်ုပ်၏အဘိုး ဦးလူကြီး၏ ပိုင်ဆိုင် လုပ်ခဲ့သော မြို့တောင်လယ်များလည်း လုပ်ခွင့်ရပါသည်။ အလွန်ပင် ကံကျေးချစနစ်ဖြင့် တည်ဆောက်ခဲ့သော စီးပွားရေးစနစ်တစ်ခုမှာ သူ့ခေတ်အခါမှာ မှန်သည်ဆိုငြားသော်လည်း အတွေးသစ်အမြင်သစ်များ ထွန်းကားလာရာ ကျွန်ုပ်မှာ အလုပ်တာဝန်ထမ်းဆောင်နေစဉ်တွင် ခေတ်သစ် အတွေးသစ်သဘောကြီး ခုတ်မောင်းသွားရာတွင် ရွက်လွှင့်သွားလာနေသော လှေငယ်လေးတစ်စီးပမာ သဘောကြီး၏လှိုင်းဂယက်တို့ ခံရပါသည်။ ကိုလိုနီစိတ်



www.burmeseclassic.com

www.burmeseclassic.com

မပျောက်သူ၊ မြေပိုင်ရှင်၊ ဘုရားထူးခံသူကောင်း စသော နာမဝိသေသနတို့သည် ကျွန်ုပ်ကို ကွယ်ရာတွင်တစ်မျိုး ပြောလေ့ရှိသော်လည်း ကျွန်ုပ်ပင်စင်ယူပြီးသောအခါတွင် ကျွန်ုပ်အား နားလည်ကြပါသည်။ နားလည်ကြသည့်အလျောက် တောရောမြို့ပါ နယ်တစ်ခွင်တွင် ကျွန်ုပ်အတွက် မေတ္တာသက်ဝင်ချစ်ခင်သောကြောင့် ဘဘကြီးဟု ခေါ်ကာ မြေပေါ်၊ မြေအောက်အဖွဲ့အစည်းတို့က လယ်ယာကိုမြတ်နိုးသူ၊ မြန်မာ့ခိုင်းနွားများကို ဝါသနာအလျောက် သုတေသနပြုသူဟု သတိပြု မေတ္တာပွားကြသဖြင့် မြောက်ဆိုလျှင် ပြောင်းခင်း လက်ရိုက်၊ အနောက် ကံပြား ဝက်သိုက်ရှန်းပင်ကန် မောင်ဝက်ကန်၊ တောင်ဘက်ဆိုလျှင် ကန်ပြည့် ကျွဲကျောင်းရွာများကို လှည်းကလေးကြော့ကြော့ဖြင့် ဇနီးဖြစ်သူနှင့်အတူ ညီဖိုးထွန်းအင်တို့သည် ယမ်းငွေ့များဝေနေချိန်ပင် ရွာမှ ဘဘကြီး၊ အလှူလာပြီးနံနက်စာသုံးဆောင်ပါဟု ဖိတ်ကြားသော် တပည့်သားမြေးတို့မေတ္တာကိုယုံကြည်သည့်အလျောက် သွားလာရသည်မှာ နေညိုချိန်တွင်အလွန်ပျော်စရာကောင်းလှပါသည် ဆိုသော် ထိုသို့သော အရသာကို ခံစားရယူခဲ့သူများက ဟုတ်ပါပေသည်၊ မှန်ပါပေသည်ဟု ဆိုကြပါမည်။ ဝန်ထောက်ဆိုသောရာထူး၊ မြေပိုင်ရှင်ဆိုသောဓနရှင်တို့သည် မရှိပြီဖြစ်၍ ယခုမှ ကျွန်ုပ်သည် ဘဝမှန်ကို လက်ခံပေါင်းသင်းလာသူများကို ကျွန်ုပ်တို့မိသားစုသည် ယုံကြည်အားထားရသည်။ အမှန်မတော့ ကျွန်ုပ်လုပ်ကိုင်ရသောလယ်မြေတို့မှာ ဘိုးစဉ်ဘောင်ဆက် မားမဦးချ လုပ်ကိုင်လာကြသောလယ်များဖြစ်၍ ဝါသနာအရ လုပ်ဆောင်ခြင်းသာ ဖြစ်သည်။

ကျွန်ုပ်တို့လယ်များသည် နေရာစရိုက် ဓလေ့အကျင့်များနှင့်ရှိကြ၏။ နတ်သားဖိုးလယ်နှင့် စပ်ဆိုင်သောကိစ္စတို့မှာ ရိုးရာနတ်များတင်မြှောက်ပ,သရသောအမှုတို့တွင် အသုံးပြုရသကဲ့သို့ အချို့သောလယ်မြေများမှာ ရေကောင်း မြေကောင်းပါလျက် သုံးနှစ်သုံးမိုးလုပ်ဆောင်ပြီးပါက လယ်လုပ်သားတို့မှ သုံးနှစ်ထက်ပို၍ လုပ်ကိုင်လိုသောဆန္ဒ မရှိကြ။

ကို လို နိ ေ ခ တ် မြို့ အ ပ် ကြီး း တ စ် ဦး း မှ တ် တ မ်း





www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်သုံးမိုး လုပ်ပြီးပြီဖြစ်၍ မိမိတူဖြစ်သူအားလွှဲပေးပါ၊ ညီကိုလွှဲပေးပါ၊ စသည်ဖြင့် ပြောဆို လွှဲပြောင်းလုပ်လေ့၊ ပြောင်းလုပ်လေ့ရှိ၏။ ယခုမူ ထိုသို့ လွှဲပြောင်းခြင်းအမှုတို့ကို ကျွန်ုပ်လည်းမလုပ်ရပြီ။ ဉာဉ်ကောင်းသောလယ်ကိုရွေး၍လယ်လုပ်သည်မှာ ကျွန်ုပ်အတွက် ဘဝတစ်ခုကို အပြောင်းအလဲ လုပ်ရသကဲ့သို့ စိတ်သစ်၊ လူသစ်၊ အတွေးသစ်ဖြင့် လုပ်ရသည်မှာ နှစ်သက်ဖွယ်ရာတစ်ခု ဖြစ်လေသည်။

တစ်နေ့သောအခါ ကျွန်ုပ်နှင့် ညီ-မောင်ဘိုးထွန်းအင်သည် လှည်းယဉ်ကလေးနှင့် တောထွင်ရွာမှအပြန် ပေါင်လောင်ရွာအနီးရောက်သောအခါ သူကြီးမကလေး မရင်မြင့်သည် လှမ်း၍နှုတ်ဆက်လေသည်။ ခေတ်ပညာတတ် အမျိုးကောင်းသမီး မရင်မြင့်သည် သူ့ဖခင်အရာကိုဆက်၍ယူသည်။ သူ့ကျေးရွာကို သူ့စိတ်ကြိုက် တိုးတက်အောင်ဆောင်မည်ဟူသောမာန်သည် သူ့အား ကျွန်ုပ်ကလေးစားရခြင်း ဖြစ်သည်။ ပေါင်လောင်ရွာမှအတွက် မင်းသားရေအိုးစင်တွင် နွားကျောက်နိတို့ကို ခေတ္တ အနားပေးရသည်။ ဘိုးထွန်းအင်အား ကျွန်ုပ်သဘောကျနှစ်သက်သောအကြောင်းတစ်ချက်မှာ ကျေးလူတရားကိုရာကြံ၍တင်တတ်ခြင်းနှင့် လူတစ်ဦးတစ်ယောက်အား သူ၏မျက်ကွယ်တွင် အတင်းအဖျင်း ပြောကြားခြင်း မရှိသည့်အတွက် ဖြစ်၏။

ယခုလည်း မင်းသားရေအိုးစင် ဇရပ်တွင် ဆင်ဖြူကျွန်းမှစက်ဘီးဖြင့် ပြန်လာကြသော ကျောင်းသားနှစ်ဦးသည် ဇရပ်၌နားနေသည်ကိုတွေ့ရသည်။

ဘိုးထွန်းအင်က "ကဲဟေ့-တွေ့တုန်းမေးရဦးမယ်၊ အခု တို့နားနေတဲ့ မင်းသားရေအိုးစင်အကြောင်း သိသလားကွ"ဟုမေးတော့သည်။ ကျောင်းသားများက မင်းသားလှူတဲ့ ရေအိုးစင်နဲ့ ဇရပ်လို့တော့ သိရပါတယ်ဟု တစ်ဦးကဖြေသည်။

"စလင်းမြို့စား မင်းသားကြီးဦးအိုဆိုတာ ဘကြီးတော်ဘုရားလက်ထက်တော်မှာရှိခဲ့တယ်။ မင်းသားကြီး ဦးအိုက နန်းမတော်မယ်နုရဲ့ မောင်တော်တယ်လို့ အဆိုရှိတယ်။ ငါပြောလိုတာက နန်းတွင်းရေး မဟုတ်ပါဘူး၊ ဟောဒီ ရေအိုးစင်ကြီးရယ်၊ ခုတို့ထိုင်နေတဲ့ ဇရပ်ကြီးရယ်၊ အခု လမ်းထိပ်တစ်ဖက်တစ်ချက်က ခြသေ့်ကြီး ၂ ကောင်နဲ့ ရွှေကြာငုံနားအထိ အုတ်တံတားကြီးက စလင်းမြို့စားမင်းသားကြီး ဦးအိုရဲ့ ကောင်းမှုပါပဲ။ တို့ မိုးတွင်းအခါသမယကျရင် ပြည့်ဝအင်းဘက်က ရေတွေကလျှံလာတော့ ဒီတံတားထိုးထားတဲ့နေရာကလမ်းဟာ ပျက်စီးသဗျ။ အဲဒါကို မင်းသားကြီးဦးအိုက တွေ့လို့ အုတ်တံတားကြီးထိုးပြီး စလင်းနယ်သူနယ်သားများ အကျိုးပြုခဲ့ခြင်းဖြစ်သဗျား" ဟု ဆိုသည်။

"ဘကြီးအင်ခင်ဗျာ၊ ကျွန်တော်က ဆင်ကျုံးကပါ။ ရှမ်းရွာကုန်းနဲ့ ဆင်ကျုံးရွာကူးတဲ့ တံတားက ဘယ်သူ့ကောင်းမှုပါလဲခင်ဗျာ" မေးလေသည်။

"အမောင်တို့က ဆင်ကျုံးကဆိုတော့ ပြောရမှာပေါ့။ စလင်းမြို့အနောက်ဘက်တံခါးမှာ ဆုတောင်းပြည့်ဘုရားကုန်းရင်ပြင်တော်ပေါ်မှာ ကုလားကျောင်းခံ ဘုရားကြီးတစ်ဆူရှိလေရဲ့။ အဲဒီ ဘုရားဒါယကာဟာ သူကောင်း ဦးအုပ်ကျော်ပါ။ ဦးအုပ်ကျော်က ဆင်ကျုံးနှင့် ရှမ်းရွာကုန်းကြားမှာရှိတဲ့ အုတ်တံတားကြီးကိုလှူပါတယ်" ဟု ဘိုးထွန်းအင်က ဖြေလေသည်။ "သူကောင်းဦးအုပ်ကျော်ဆိုတဲ့ အမည်ကို ကိုယ်နေသက္ကရာဇ် လယ်ပေါင် ယာပေါင် သက္ကရာဇ်တွေထဲမှာ တွေ့ရသဗျ"

ကျောင်းသား "ဘပြောတဲ့သက္ကရာဇ် ဆိုတာက ကောဇာသက္ကရာဇ်လား၊ သာသနာသက္ကရာဇ် ဆိုလိုတာလားခင်ဗျာ" ဟု မေးရာ၏။

"အမောင်တို့၊ တို့ရှေးရိုးစဉ်လာအခေါ် အရ စာချုပ်စာတမ်းကိုခေါ်တာပါ" ဟု ဘိုးထွန်းအင်က ပြောပြ၏။

"ဟံသာဝတီရောက်မင်းတရား မတိုင်မီ စနေမင်း လက်ထက်မှာ စလင်းမြို့မ မြေတိုင်သူကြီး ဦးအုပ်ကျော်ဆိုတာ အထင်အရှားရှိခဲ့သဗျ။ သူက ဆင်ကျုံးရွာနှင့်ရှမ်းကုန်းရွာ နှစ်ရွာကြားမှာ အုတ်တံတား လှူခဲ့ပါတယ်"ဟုပြော၏။ မင်းသားကြီးဦးအိုရဲ့အဆက်အနွယ်တော်ထဲက အရာရှိတစ်ဦးဖြစ်လာတော့ စလင်းဘက်ကို ခရီးကြုံလို့လှည့်လာပြီး အခု ဘတို့ထိုင်တဲ့ မင်းသားရေအိုးစင်ဇရပ်နဲ့ ရေတွင်းကိုပြုပြင်ခဲ့လို့ ခုလိုထိုင်ရတာပ" ဆိုပြန်သည်။

ကျောင်းသားများမှာ အမောပြေ သူတို့ပါလာသောမုန့်ပဲသရေစာများကိုစားကြရင်း ဘိုးထွန်းအင်ပြောပြသည်များကို နားထောင်ကြသည်။

တစ်ဦးသောကျောင်းသား "အဘိုးခင်ဗျာ၊ အခုစလင်းမြို့မှာတစ်စိတ်တဒေ ကျန်သေးတဲ့ မြို့ရိုးက ဘယ်မင်းလက်ထက်ကတည်းက ဆောက်တည်ထားသည်ကို သိလိုပါသည်"ဟု ဆိုတော့သည်။

ဤတွင် ဘိုးထွန်းအင်က ကျွန်ုပ်အားလှမ်းကြည့်တော့သည်။ မောင်ကျောင်းသား၏အမေးကို မဖြေလိုပြီ။ သူ့အကြည့်မှာ ကျွန်ုပ်အား ဤကလေးများကိုအိမ်သို့ခေါ်ပြီး ကျွန်ုပ်က အကိုးအကားနှင့်ပြောပေးပါဟု နှုတ်ကမဆိုလင့်ငြားသော်လည်း အကြည့်ဖြင့် အချက်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်လည်း ဘိုးထွန်းအင်အလိုကို မလွန်ဆန်သာ-

"ကိုင်းဟေ့- ဘတို့တော့ နေကလည်းညိုပြီဆိုတော့ အိမ်ပြန်မှဖြစ်မယ်။ အမောင်တို့ ဘအိမ်ကို မနက်ဖြန် ပြန်လာခဲ့ကြ။ ဆင်ကျုံးကဆိုတော့ အဘတို့ယာလုပ်တဲ့ မယ်လှတို့သိသလား" ပြောလိုက်ရသည်။ အမှန်မှာ ဆင်ကျုံးရွာမှ မယ်လှမှာ ကျွန်ုပ်ယောက္ခမ လယ်ပြင်ကျောင်းတောင်ဘက်ဆောင်၏ ဒါယကာမ အမေညက်၏ ယာကြီးကို လုပ်ကိုင်ပေးနေသော အမေညက်၏လူယုံဖြစ်ပါသည်။

ထို ကျောင်းသားတို့ကလည်း ကောင်းပါပြီဟု ဆိုသော် ကျွန်ုပ်တို့လည်း ကိုဘတင်အေးက လှည်းယဉ်



www.burmeseclassic.com

www.burmeseclassic.com


ပေါ်တွင် နွားစာအတွက်တင်ပေးသော မြက်ထုံးကို ခင်းပေးလိုက်ရာ ယခုခေတ် ဘိုင်စကုတ်ရုပ်ရှင်များထဲတွင်ပါလေ့ရှိသော စတူဒီဘေကာကားစီးရသည့်ပမာ စတိုင်ကျကျ၊ နွားများကလည်း ညနေစောင်းတွင် အိမ်ပြန်ခရီး ဖြစ်သဖြင့် လမ်းထိုးမကာ၊ သကျဟန်နှင့် စီးကာပြန်ရသည်မှာ လွန်စွာနှစ်သက်ဖွယ်ကောင်းလှ၏။

နောက်တစ်နေ့ နံနက် ၁၀ နာရီခန့်တွင် အမောင်ကျောင်းသားတို့လည်းရောက်လာသည်။ တစ်ဦးမှာ မယ်လှ၏မြေးဟုသိရသည်။ ကမ္ဘာကြီးသည် ထင်သလောက်မကျယ်၍ အသိမိတ်ဆွေတို့၏ အဆက်အနွယ်များနှင့်တွေ့ရသည်။ မယ်လှထံမှ သူယာမှထွက်သည့်သီးနှံတို့လည်း ပေးလိုက်သေးသည်။ ကျောင်းများအတွက် ဆွမ်းဟင်းတော့ရပြီ။

ထုံးစံအတိုင်း ဘိုးထွန်းအင်လည်း ကျောင်းဒကာဦးဘိုးရွှေနှင့် အတူရောက်လာသည်။ ကျွန်ုပ်လည်း ဆရာတော်အရှင်စိန္တာမဏိပြုစုတော်မူသော စလင်းမြို့သမိုင်းဖွင့်၍-

"ကဲ-မင်းတို့က လက်ရှိစလင်းမြို့ရိုးကြီးအကြောင်းကို သိလိုကြတယ်။ ငါတို့က မနေ့က လက်တန်းဖြေရင် ရပါတယ်။ ကြုံသခိုက် တို့သိသလောက် မင်းတို့ကိုပြောပြချင်လို့ အိမ်ကိုခေါ်ရတာပါ။ စလင်းမြို့အကြောင်းကို ရေးခဲ့ကြ၊ ပြုစုကြတဲ့ အခါ ဆရာတော်အရှင်စိန္တာမဏိထေရ်သားပြုစုတဲ့ စလင်းမြို့သမိုင်းဟာ အခြေခံကျပါတယ်။ ကုန်းဘောင်ခေတ် စလင်းမြို့ဖွဲ့စည်းပုံနဲ့ အုပ်ချုပ်ပုံကိုကြည့်ချင်လျှင် ဘိုးတော်ဘုရားလက်ထက် ကောက်ယူ တင်သွင်းခဲ့တဲ့ စလင်းစစ်တမ်းဟာ မြို့နယ်တစ်ခုလုံးအတွက် အရေးပါလှတယ်။ ကုန်းဘောင်ခေတ် စလင်းမြို့အုပ်ချုပ်ရေးကို မီးမောင်းထိုးပြသလို ဖြစ်သကွယ်" ဟု ပြောရသည်။

မနက်ကပင် သားတပည့် မောင်အေးမောင်ကို အခေါ်လွှတ်ထားသော မြေတိုင်းအင်စပိတ်တော်ကြီး ဦးသာဒွန်းဦးလည်း ရောက်လာသည်။ ကျွန်ုပ်တို့အဖွဲ့ စုံလင်သည်



အရှင်စိန္တာမဏိမထေရ် ပြုစုတော်မူသော စလင်းသမိုင်းကျမ်းကို ပေမူမှ လက်ရေးဖြင့် ကူးယူထားသော မောင်ပန်းတောင်၏လက်ရေးမူ

နှင့်တစ်ပြိုင်နက် စားဖွယ်သောက်ဖွယ်များကို အိုးသူကြီး မယ်မှုင်က တည်ခင်းဧည့်ခံလေသည်။

"ကဲ-အမောင်တို့ခုတွေ့ရတဲ့မြို့ရိုးတစ်ပိုင်းတစ်စတွေက ဆရာတော်ရှင်စိန္တာမဏိပြုစုတော်မူခဲ့တဲ့ စလင်းမြို့သမိုင်းအရဆိုရလျှင် 'သက္ကရာဇ် ၆၈၃ တစီးရှင်သီဟသူ မင်းကြီးသည် တောင်တွင်း ပွင့်လှဦးညီ သီဟပတေ့ အပါးတော်ကခွာမည်ကြံသည်ကိုသိတော်မူ၍ တောင်တွင်းသီဟပတေ့ ရိုင်းလေမူကား တောင်တလွဲရိုင်းလေရာလေသည်၊ အရေးမသင့်ခဲ့တကား။ ငါ၏နိုင်ငံတော်သည် အကွပ်မဲ့ကြမ်းကဲ့သို့ ဘုရမ်းတာရှိရှိလတ္တံ့၊ သည်ကိုတော်မူမြင်၍မရှိအောင် သမီးတော်စောပုလဲနှင့်ပေး၍ လူတကာတို့အစိုးအပွားကို ဆောင်စေမူ၏။ တစီးရှင်သီဟသူနတ်ရွာစံလျှင် မြန်မာပြည် ၄ စုကွဲ၍ မင်းထီးမူကြ၏။ တောင်တွင်းလည်း တမင်း၊ ပင်းယလည်း တမင်း၊ စစ်ကိုင်းလည်း တမင်း၊ ပုဂံလည်း တမင်း၊ ထီးဖြူမြောက်စည်နှင့်ကွ မင်းပြိုင်ပြုကြ၏။ ထိုအခါ စလင်းမြို့ကြီးသည် ရှမ်းဖျက်ဆီး၍ ပျက်စီးသည်နှင့် ကာလ လျားလတ်သော် ချင်းညည်းလှတို့ သားမြေးဖြစ်သော ချင်းသေမ္ဘာသည် ချင်းလင်းတို့ကို အုပ်ချုပ်စီရင်လျက် စလင်းမြို့တွင် တည်ထောင်နေ၏။ ထိုနောင်မှ တစီးရှင်သီဟသူသမီးတော်စောပုလဲ လင်သီဟပတေ့ကြီးသည် တစီးရှင်မင်းကြီး နတ်ရွာစံတော်မူလျှင် သမီးတော်စောပုလဲကို ကွာရှင်း၍ တောင်တွင်းကြီးမြို့ လယ်ကိုင်းမြို့ စသော အကြေတလွှား မြို့ပြတို့ကို လက်နက်နိုင်ငံပြုလုပ်ပြီးလျှင် ထီးဖြူမြောက်စည်နှင့်တကွ မင်းထီးမူ၍နေ၏။ ထိုအခါ ရှမ်းတို့သည် အဓိကရုဏ်းပြု၍ မြန်မာနိုင်ငံကို လုပ်ကြံသောကာလဖြစ်သောကြောင့် ကုလားကျမင်းသားတော်၊ နရပတိစည်သူ၊ ဇမ္ဗူလှည့်သွား၊ မင်းတရားကြီး တည်တော်မူသော စလင်းမြို့ကြီးသည် ကျယ်ဝန်းလှသည်။ မြို့လည်းပျက်စီးယိုယွင်းခဲ့ပြီ။ စစ်တိုက်စစ်ခံမြို့လည်းမကောင်းဟု တစီးရှင်သီဟသူ သမီးတော်စောပုလဲ လင်သီဟပတေ့သည် ကျုံးမြောင်းနက်စွာတူး၍။

သာသနာတော် ၁၉၀၅ ခု၊ ကောဇာသက္ကရာဇ် ၇၃၂ ခု၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ နက္ခတ် ၁၆ လုံး၊ တနင်္ဂနွေ၊ ပုဒ္ဓဟူး၊ ကုံရာသီတွင် ကြာသပတေး၊ စနေ၊ စန်းရာဟုလက် ဤဂြိုဟ်ငါးပါးသော ဂြိုဟ်တို့သည် ကရကဋ်ရာသီတွင် အင်္ဂါ မကာရရာသီ၌ ဥပ်ပြုလျက် နေ၀င်သုံးညဉ့် သုံးပဟိုရ်လွန်တွင် စလင်းမြို့ကြီးကိုချဲ့၍ ပစ္စင် ရင်တား တံခါး ကျုံးမြောင်းတို့နှင့်တကွ အုတ်ရိုးတည်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com

ကာလ အရှေ့မျက်နှာကို မင်းကြီး ကျွန်တော် စည်သားတို့ ကြီးကြပ်ရသောကြောင့် မင်းတုံးတံခါးဟု သမုတ်တော်မူ၍ တံခါးအဝကို တတာ ထားတော်မူ၏။ အနောက်မျက်နှာကို ကျွန်တော် မင်းတပ်သားတို့ ကြီးကြပ်ရသောကြောင့် မင်းတပ်တံခါးဟု သမုတ်တော်မူ၍ တံခါးအဝ တတာထားတော်မူ၏။ တောင်မျက်နှာ အရှေ့တံခါးကို မင်းကြီး ကျွန်တော် ပင်းဝသားတို့ကြီးကြပ်ရသောကြောင့် ပင်းဝတံခါးဟု သမုတ်တော်မူ၍ တံခါးအဝ တတာထားတော်မူ၏။ တောင်မျက်နှာ အနောက်တံခါးကို မင်းကြီး၏ကျွန်တော် ပုတိန်းသားတို့ ကြီးကြပ် တည်ထားရသောကြောင့် ပုတိန်းတံခါးဟု သမုတ်တော်မူ၍ တံခါးအဝ တတာထားတော်မူ၏။ မြောက်မျက်နှာအရှေ့တံခါးကို မင်းကြီးကျွန်တော် ပုခန်းငယ်သားတို့ ကြီးကြပ် တည်ထားရသောကြောင့် ပုခန်းငယ်တံခါးဟု သမုတ်တော်မူ၍ တံခါးအဝ တတာထားတော်မူ၏။ မြောက်မျက်နှာ အနောက်တံခါးကို မင်းကြီး၏ကျွန်တော် ယောသားတို့ကြီးကြပ်ရသောကြောင့် ယောတံခါးဟုသမုတ်တော်မူ၍ တံခါးအဝ တတာထားတော်မူ၏။ သည်ကိုရည်၍ မြို့ဘွဲ့ မော်ကွန်း၌၊

နရပတိစည်သူတည်တော်မူရင်း မြို့စလင်းကို မင်းသီဟပတေ့ ချဲ့၍ တစ်ဖန် တည်ပြန်ကာလ ဒွါရသညာ ရှေ့မျက်နှာမူ မင်းတုံး ဟူ၏။ တူရူ နောက်ရပ် မင်းတပ်ဝေါဟာ ဒက္ခိဏာတွင် ရှေ့မှာပင်းဝ နောက်မှာပန်းတိန်း၊ ခပ်သိမ်းရန်နုတ် ဥတ္တရဒိသာ သညာပြုငှန်း၊ ပခန်းငယ်ရှေ့၊ ထိုရွှေ့မှန်မော၊ ယောတံခါးမှခြောက်ဌာနကို တည်ထတုံပြီး ကျုံးကြီးနက်ကျယ် တာတဆယ်ကျ ချမ်းမြေ့ရေဟုန် ရန်မျိုးလုံသည် ပြည်စုံနဂရ မြို့ဌာနဟု မြို့ဘွဲ့တွင် စပ်ဆိုလေသည်။

မြို့တည်မော်ကွန်း၌လည်း-

နတ်ရွာသင်္ကြန်၊ တည်စဟန်ကား၊ သည်ပြန်တလိုက်၊ ပတ်ဝိုက်အုတ်ရိုး၊ သားမျိုးပျော်ခင်း၊ မြို့စလင်းဟု တည်ရင်းဌာန၊ နဂရကို၊ သီဟ



တရုတ်ပြေးမင်းလက်ထက် ပုဂံပြည်သို့ တရုတ်စစ်ကြီးရောက်ရာ စလင်းဝက်သည်းကန် နတ်မင်းလည်း တကောင်းမြန်လည်တွင် နတ်ချင်းတိုက်ပွဲဝင်ခဲ့သည်ဟု ဆိုသည်

ပတေ့ သုန်းတန်းကြွေ့လျက်၊ ချဲ့၍ တစ်ဖန် တည်ပြန်သည်ခေတ်၊ သက္ကရာဇ်ကား၊ နှစ်ခုနှစ်ရာ၊ လွန်လှာပြို့ပြဲ့၊ သုံးဆယ်ထွင့်နှံ့ဆောင်း နှစ်ခုနှောင်းမှ၊ တပေါင်းဆန်းတက်၊ ၆ ရက်ရာဇာ၊ အင်္ဂါနေ့မြတ်၊ နက္ခတ်ဆယ့်ခြောက်၊ လုံးလောက်တွက်ရေ၊ ကုန်နေ ဗုဒ္ဓဟူး၊ ဂဠုံပူးနှင့် တထူးတူဘက်၊ မြေကြွက်တွဲမှတ်၊ ကရကဋ်စက်ခန်း၊ လက်စန်းရာဟု၊ တစုတည်းသာ ဝင်ရောက်လာ၏။ မကာရ်တွင်း ခြင်္သေ့မင်းလည်း ရပ်တွင်းမြူးထူး၊ ဥတ်အိမ်မှူးလျက်၊ ညဥ့်ဦးချိန်ဆို သုံးပဟိုရ်တွင်၊ လူဗိုလ်စည်းကြပ်၊ သုန်းစွန်းကွပ်လျက်၊ နောက်ထပ်ထိုမင်း ဤစလင်းကား၊ တည်ခြင်းကောင်းစွာ မြို့ဇာတာသည် ပဏ္ဏာမသန်းရှေးအောင်ခန်းဟု မြို့တည်မော်ကွန်း၌ စပ်ဆိုလေသည်” ဟု ဘိုးထွန်းအင်က ဖတ်ကြားပြလေသည်။

ကျွန်ုပ်က ဆက်လက်၍ “အခုလက်ရှိ မြင်နေတဲ့ မြို့ရိုးတစ်စိတ်တစ်ဒေသကိုသာ မြင်ရတော့တာပါ။ စလင်းမြို့ရိုးက အများထင်သလို အုတ်ရိုးနှင့်သာ ဆောက်ထားတာ မဟုတ်ပါဘူး။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးမှာ ရန္တပိုစာချုပ် ချုပ်ဆိုအပြီး ရခိုင်ဘက်ကို စလင်းကနေ ဖြတ်ပြီးပြန်တဲ့ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးက စလင်းမြို့ရိုး တည်ဆောက်တာမှာ သစ်တပ်ပါ သေနတ်ပစ်စင်များနှင့်တကွ အခိုင်အမာ ဆောက်ထားခဲ့တယ်ဆိုပြီး အိန္ဒိယပြည် ကာလကတ္တားမြို့က ဂျာနယ်တစ်ခုမှာရေးသားချက်ကို မစ္စတာ ဂျေစကော့က သူရေးသားပြုစုတဲ့ အထက် မြန်မာပြည် ဂေဇက်တီးယားစာအုပ်မှာ ဖော်ပြထားပါတယ်။ တို့အရှင် ၂ ပါး ပါတော်မူပြီးသည့်နောက်ပိုင်းမှာ စလင်းကို မျိုးချစ်သူပုန်များက စီးနင်းတိုက်ခိုက်ပြီး မြို့တွင်းကနေပြီး အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်တာ အင်္ဂလိပ်တို့တပ်များက ၃ ရက်တောင် တိုက်ယူရတယ်။ မြို့ကိုပြန်သိမ်းပြီးတော့ မြို့ရိုးကို သစ်တပ်ကိုဖျက်၊ မြို့ရိုးကို မြို့ပတ်လမ်းလုပ်လိုက်တာ အခု မင်းတို့ပြောနေကြတဲ့ တောင်တာရိုး၊ မြောက်တာရိုးဆိုတာတွေ ဖြစ်တော့တာပါပဲ။ ဒုတိယကမ္ဘာစစ် ပြီးသည်အထိ ခုဆုတောင်းပြည့်ဘုရားကနေပြီး တောင်ရိုးဘက်ဆင်းတဲ့လမ်းတစ်လျှောက်မှာ သစ်တပ်က တိုင်လုံးကြီးများကို တွေ့ရသေးတယ်။ ဒီလိုပဲ စလင်းဆေးရုံမြောက်ဘက်ပေါက်မှာ ညောင်ပင်ကြီးရှိတယ်။ အရင်က မြို့ဝန်များနေခဲ့ပြီး ရုံးကလည်း ဒီမှာရှိခဲ့ပါလိမ့်မယ်။ ဆေးရုံမြောက်ဘက်မှာ ဟာစ်တိုင်ဆိုတဲ့ ကျွန်းတိုင်ကြီးတစ်လုံးရှိတယ်။ အခုတော့ ညောင်ပင်က မျိုထားတော့ တစ်စိတ်တစ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com

မြင်ရတာပေါ့။ အင်္ဂလိပ်လည်း ဗေဒင် ယတြာ ယုံတာပဲကွ။ မြေထဲပင်လယ်အဝင် ဂျီဘရော်တာ ကျောက်ဆောင်ကျွန်းကြီးရှိတယ်။ သဘာဝခံတပ်ကြီးပေါ့။ အင်္ဂလိပ် တပ်စွဲပြီးနေတာပေါ့။ ဗေဒင်ဆရာတစ်ဦးက ဒီကျွန်းပေါ်မှာ မျောက်မျိုးတုံးပြီးမရှိတဲ့နေ့မှာ ဗြိတိသျှတပ်တွေဆုတ်ခွာသွားမှာလို့ ဟောလိုက်လို့ ဒီနေ့အထိ အဲဒီကျွန်းမှာ မျောက်များကို နှစ်စဉ်သင်္ဘောများနှင့် ကမ္ဘာ့အရပ်ရပ်မှ မျောက်တွေကိုဖမ်းပြီး လွှတ်သတဲ့။ ငါတို့မြို့မှာလည်း နန်းတော်ရာဟောင်းနေရာ၊ မြို့ဝန်များတရားစီရင်ရာနေရာမှာ ဆေးရုံလုပ်တယ်၊ ရင်ခွဲရုံဆောက်တယ်။ ဇာတိသွေး ဇာတိမာန်မယ့် မြို့ရိုးကို ဖျက်လိုက်တာလည်း တစ်ကြောင်းပေါ့ဗျာ"

ဟု ပြောရသည်။

ဆင်ကျုံးမှကျောင်းသား 'ကျွန်တော်တို့ ငယ်စဉ်က စလင်းမြို့ကို ဗကပများ သင်္ကြန်အတက်နေ့မှာ ဝင်ရောက်စီးနင်းသတဲ့ခင်ဗျ။ အဲဒီတုန်းက စလင်းမြို့မှာ တိုက်ပိုင်ရဲမှူး ဦးဘသန်းလို့ ဆိုပါတယ်၊ တပ်မတော်နှင့်ရဲတပ်ဖွဲ့များက ပြန်လည်ခုခံလို့ ဗကပများ အထိနာပြီး အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားရပါတယ်လို့ သိရပါတယ်။ နောက်ပြီး တိုက်ပွဲဖြစ်နေစဉ်အတွင်း မြို့ကိုဝင်စီးနေတဲ့သူတွေကို မြင်းဖြူကြီးနှင့် ဝင်ရောက်တိုက်ခိုက်တဲ့ ပုဂ္ဂိုလ်ကြီးကို မြင်တွေ့လိုက်ရတယ်လို့ ဆိုပါတယ်။ အဲဒါ မြို့တော်ရှင် အရှင်သခင်လို့ ပြောကြတယ်။ အဲဒါ ဖြစ်နိုင်ပါသလား" ဟု ကျွန်ုပ်တို့အား မေးတော့သည်။

ကျောင်းဒကာကြီး ဦးဘိုးရွှေ- 'နိပါတ်တော်ထဲမှာ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် စစ်ဖြစ်ရာမှာ နတ်မင်းများလည်း ဝင်ရောက်တိုက်ကြတယ်လို့ ပါတယ်' ဟု ပြောလေသည်။

မြေစာရင်းအင်စပိတ်ကြီး ဦးသာဒွန်းဦးကမူ 'ဥရောပတိုက်မှာလည်း နတ်တွေ တိုက်ပွဲဝင်တိုက်ကြတဲ့အကြောင်းကို ဂရိသမိုင်းဝင်ပုံပြင်များထဲမှာ ဖတ်ရပါတယ်။ စစ်တိုက်ဝါသနာပါတဲ့ ဂျူနိုနတ်သမီးတို့အကြောင်း၊ အာချီလီး သူရဲကောင်းကို ကူညီတိုက်ပေးတာတို့တွေဟာ ဥရောပမှာ သမိုင်းဝင် ပုံပြင်တွေပဲ' ဟု ဆိုသည်။

ဘိုးထွန်းအင်ကမူ ဘိုးထွားကြီးကူးထားခဲ့သော အရှင်စိန္တာမဏိ၏ စလင်းသမိုင်းကို တစ်ရွက်စီလှန်၍ သူ ပြလိုသော စာပိုဒ်ကို ရှာနေလေသည်။

"အစ်ကိုကြီးရေ- တွေ့ပြီ၊ ကလေးတွေပြောတာကို ကျွန်တော်ကိုယ်တွေ့အရ ယုံတယ်။ အဲဒီနေ့က သောင်းကျန်းသူများက စေတုတ္တရာက ဦးစရဲ့ ကာကွယ်ရေးတပ်သားတွေသတ္တာန်နှင့် စလင်းမြောက်ဘက်က စေတီလှ သချိုင်းဇရပ်ထဲမှာနေကြ၊ တချို့ကလည်း အနောက်တံခါးက ဆုတောင်းပြည့်ဘုရားကုန်းတော်ပေါ်မှာ စခန်းချတော့ အမှတ်တမဲ့ပဲ။ ရဲကလည်း တပ်အကြောင်းကြားပြီးထင်၊ တပ်ခွဲကသိပြီးသားထင်။ ညကျတော့မှ ခွေးတွေကဟောင်၊ အခြေအနေထူးပါတယ်ဆိုပြီး ရဲနှင့် တပ်ခွဲတို့က သတိထားပြီး အသင့်နေတုန်း သောင်းကျန်းသူများက စ,ပစ်တော့မှ ပြန်ခုခံကြတာပေါ့ဗျာ။ သောင်းကျန်းသူများ အထိနာပြီး ဆုတ်သွားကြရတယ်။ တိုက်ပွဲဖြစ်နေတုန်း မြို့ရိုးနားတစ်ဝိုက်မှာနေကြတဲ့သူတွေက မြင်းခွာသံများကြားရကြောင်းကို နောက်တစ်နေ့ ဈေးထဲမှာပြောကြတာ ကြားရတယ်။ ဒါက ငါ တွေ့ကြုံတဲ့သူတွေပြောတာကို ပြန်ပြောတာ။ ဟောဒီကျမ်းက ဦးထွားကြီး ဆရာတော် အရှင်စိန္တာမဏိမထေရ်က ညှိနှိုင်းရှာဖွေပြီးရေးသားတော်မူတဲ့ စလင်းသမိုင်း ဘာကြောင့် ပြုစုပါသနည်း ဆိုသော် စလင်းမြို့ကို စားရသော စလင်းမင်းသမီး၏ဦးရီးတော် စလင်း၊ ကျပင်း ၂ မြို့၏အခွန် ဆယ်ဖို့တစ်ဖို့စားရသော (မြောက်နန်း မိဖုရားကြီး လင်ပန်းတိုက်စားမိဖုရား၊ ထနောင်းတိုင်မိဖုရား၊ သက်ပန်မိဖုရား၊ သရဖိန်းမိဖုရား၊ မိဖုရားငါးပါး၏ မောင်တော်) မြစ်စင် ၁၈ မြို့မှ စစ်ကဲတို့၏စစ်ကဲချုပ်ဖြစ်သည့် မင်းကြီးမင်းခေါင်သမိန်လောသည် တောင်းပန်သည့်အတွက် ဆရာတော်သည် ရာဇဝင်မဟာဝင် ကျမ်းဂန်တို့ကို ဖတ်ရှုလေ့လာပြီး ဤကျမ်းကိုရေးသားခြင်း ဖြစ်သဗျ။ သာသနာ ၂၄၁၉ ခု၊ ကောဇာနှစ် ၁၂၃၇ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့မှ ကျမ်းပြီးကြောင်း ပြဆိုထားတယ်။ ကဲ-ကျမ်းပါထဲကအတိုင်း နားဆင်ကြပေတော့။

စလင်းမြို့သည် တကောင်း၊ သရေခေတ္တရာမင်းဆက်တို့တွင် အထင်အရှား မဖြစ်မထွန်း မြို့ရွာမည်ကာမျှ ရှိချေသည်။ ပုဂံပြည်တွင် နရပတိစည်သူမင်းကြီးလက်ထက် စလင်းမြို့ကို မြို့၊ မြောင်း၊ ဆည် သုံးဌာန တစ်ပြိုင်နက်တည်း တည်တော်မူပြီးလျှင် အထိန်းသား တုရင်သိဥ္စည်း နန္ဒသူရိယတို့ကို မြို့စားထည့်ကြောင်း အစည်သမိုင်းဟောင်းတွင်ဆိုလေသည်။ ရာဇဝင်ကြီး၊ ရာဇဝင်လတ်တို့၌ကား ပုဂံ တရုတ်ပြေးမင်းလက်ထက် ပုဂံပြည်သို့ တရုတ်စစ်ကြီး ရောက်သောအခါ စလင်း ဝက်သီးကန်စောင့်နတ်၊ ငတင်ကျေးရှင်နတ်တို့သည် တကောင်း မန်လည်တွင် နတ်ချင်းတိုက်ကြ၍ မြားလက်နက်သင့်သောကြောင့် ပြန်ရကြောင်းသာ ဆိုသည်လို့ ဆရာတော်က ရေးသားတော်မူတယ်" ဟု ဘိုးထွန်းအင် ဖတ်ကြားပြလေရာ ကျွန်ုပ်တို့တွေမှာ လက်ရှိကြားသိရသော ဗကပများ စလင်းမြို့သို့ ဝင်စီးစဉ်က မြင်းခွာသံများ ကြားရသူများလည်းရှိခြင်း၊ မြင်းဖြူကြီးနှင့် တောင်တာရိုးတစ်ခွင်တွင် တိုက်ပွဲဝင်သည်ကို ညလသာသာတွင် မြင်ရသူများကလည်း ပြောဆိုခြင်းများရှိခဲ့ရာ မယုံမရှိနှင့်၊ စလင်းတွင် အရေးပေါ်က မြို့စောင့်နတ်တို့သည် စစ်ရေးစစ်ရာတွင် ပါဝင်ဆင်နွှဲ၍ စောင့်ရှောက်တော်မူကြောင်းကို ဆင်ကျုံးသား ကျောင်းသားတို့အား ပြောပြရင်း အင်စပိတ်တော်မင်း ဦးသာဒွန်းဦးကို နောင်လာနောင်သားတို့ မှတ်သားသိစေရန် နတ်တို့တိုက်ပွဲဝင်ခဲ့ကြောင်း သိစေရန် မှတ်တမ်းတင်စေရပါသတည်း။

အနောက်တံခါးမျိုးမောင်မျိုး



www.burmeseclassic.com

www.burmeseclassic.com

'ဖြတ်ထုံး' ဟူသည် ဓမ္မသတ်ကျမ်းများကိုမှီး၍ စီရင်ချက်ချမှု၊ အမှုသွား အမှုလာ၊ အမှုသည်၊ အမှုနှင့် အမှုဖြစ်သောနေရာ၊ အချိန် စသည်တို့ကို မှတ်တမ်းတင်ထားသောကျမ်းဖြစ်သည်။ ဖြတ်ထုံးကျမ်းများတွင် ရှေးရိုးရာ ဓလေ့များကိုမှီး၍ တရားခုံရုံးမှဆုံးဖြတ်ချက်များကို မှတ်တမ်းတင် ဖော်ပြထား၏။ ပိဋကတ်တော်သမိုင်း စာရင်းအရ ဖြတ်ထုံးပေါင်း ၃၅ စောင်ရှိကြောင်း သိရှိခွင့်ရပေသည်။ ရှေးမြန်မာဖြတ်ထုံးကျမ်းများတွင် သုဓမ္မာစာရီဖြတ်ထုံး၊ မဟောသဓာဖြတ်ထုံးကဲ့သို့သော ဇာတ်ဝတ္ထုပုံပြင်၊ ဒဏ္ဍာရီတို့ကို အခြေခံသော ဖြတ်ထုံးများ၊ အတုလဆရာတော်ဖြတ်ထုံး၊ သီရိသဃ်ပါလဝိနည်းဖြတ်ထုံးကဲ့သို့သော ဓမ္မဝတ်ကြောင်းဆိုင်ရာအခြေခံသောဖြတ်ထုံးများ၊ ဝိနည်းဆိုင်ရာ အခြေခံသော ဖြတ်ထုံးများ၊ ရေစကြိုခုံတော်ဖြတ်ထုံး၊ ရှင်ကျော်သူဖြတ်ထုံးကဲ့သို့သော တရားဓမ္မသတ်အခြေခံသော ဖြတ်ထုံးများကို တွေ့နိုင်သည်။ ထိုနည်းတူ ကိုလိုနီခေတ်တွင်လည်း ဦးမေအောင်၏ဓမ္မသတ်ဖြတ်ထုံး၊ လက်ရွေးစင်စီရင်ထုံး၊ မြန်မာပြည်ဖြတ်ထုံး၊ ဗုဒ္ဓဘာသာ ဓမ္မသတ်ဥပဒေလက်သုံး စသည့် ဖြတ်ထုံးများ ပေါ်ထွက်ခဲ့သည်။

'လျှောက်ထုံး' ဟူသည် ရှေးမြန်မာမင်းများအား မှူးမတ်ပညာရှိများက အကြောင်းအရာ မှုခင်းတစ်ရပ်နှင့် ပတ်သက်၍ မှတ်သားဖွယ် အကျိုးအကြောင်း အစဉ်အလာများနှင့် လျှောက်ထားချက် ဖြစ်သည်။ မည်သို့ဆောင်ရွက်သင့်ကြောင်း အကျိုးအကြောင်း အဆိုး၊ အကောင်းကို အထောက်အထားများဖြင့် ဆင်ခြင်ချင့်တွက် လျှောက်ထားချက် ဖြစ်၏။ ဓညဝတီ မင်းတိုင်ပင်အမတ်ကြီး မဟာပညာကျော်၏လျှောက်ထုံး၊ ဝန်ဇင်းမင်းရာဇာ၏လျှောက်ထုံး၊ လက်ဝဲနော်ရထာလျှောက်ထုံး၊ ဦးပေါ်ဦး၏ အယူတော်မင်္ဂလာ လျှောက်ထုံးများသည် ထင်ရှားသောလျှောက်ထုံးများဖြစ်သည်။

ဖြတ်ထုံး၊ လျှောက်ထုံးများတွင် မြန်မာ့ရိုးရာ ဓလေ့ထုံးစံ အယူအဆများ၊ မြန်မာမှုအတွေးအမြင်များကို အလေးထား အခြေခံလျှောက်ထားဆုံးဖြတ်ချက်ချခြင်းများ ပြုထားခဲ့သောကြောင့် ဖြတ်ထုံး၊ လျှောက်ထုံးများသည် မြန်မာမှုရိုးရာဓလေ့ထုံးစံ အယူအဆများ၏အနှစ်သာရ ဝိသေသများကို ဖော်ညွှန်းပြဆိုလျက် ရှိ၏။

မြန်မာစာပေသမိုင်းတွင် ပိဋကတ်စာပေသမိုင်း၏ စာရင်းအရ ဖြတ်ထုံးပေါင်း ၃၅ စောင် ရှိခဲ့သည့်အနက် ရေစကြိုခုံတော် ဖြတ်ထုံးနှင့် သုဓမ္မစာရီ ဖြတ်ထုံးတို့သည် အထူးထင်ရှားခဲ့ပါသည်။ ရေစကြိုခုံတော်ဖြတ်ထုံးသည် ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက်တွင် ရေစကြိုမြို့ဇာတိဖြစ်သော ရန္တမိတ်ကျော်ထင်ဘွဲ့ခံ ခုံတော်မောင်မှိုင်း၏စီရင်ဆုံးဖြတ်ခဲ့သော မှုခင်းများစီရင်ပုံ ဖြတ်ထုံးများ ဖြစ်သည်။ တရားဖြတ် ထုံးပေါင်း ၄၇ စောင် တွေ့ရှိခဲ့ရပြီး ခုံအမည် (တရားရုံးအမည်)၊ ရာထူး၊ နေ့စွဲ၊ သက္ကရာဇ်နှင့် ခုံအစစ်ခံ၊ ကောက်ချက်၊ ဖြတ်စာ၊ အမိန့်ဒဏ်ချုပ် အပြည့်အစုံပါရှိသော ဖြတ်ထုံးပေါင်း ၃၂ စောင် ဖြစ်ပြီး ဖြတ်ထုံးမည်ကာမတ္တသဘော ရှိသော ဖြတ်ထုံး ၁၅ စောင် ဖြစ်သည် ဟူ၍ မြန်မာစာပေ





www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်များ မှတ်တမ်းတင်ခဲ့သည်။

ရေစကြို ခုံတော်ဖြတ်ထုံးလာ ဖြတ်ထုံးများတွင် နှုတ်လွန်မှု၊ လက်လွန်မှု၊ အိမ်ထောင်မှု၊ အမွေမှု၊ မြေမှု၊ ငွေချေးမှု စသည့် အမှုအခင်းဆိုင်ရာ ဖြတ်ထုံးများကို အလေးထား တွေ့ရသည်။ အထူးသဖြင့် နှုတ်လွန်မှု ၆ မှု၊ အိမ်ထောင်မှု ၈ မှု၊ လက်လွန်မှု ၃ မှု၊ လက်ရောက်မှု ၂ ခုတို့ကို မှတ်တမ်းတင်ခဲ့သည်။

နှုတ်လွန်မှုနှင့်လက်လွန်မှု ဟူ



သည် မှုခင်းရေးရာကိစ္စများတွင် အခြားသော မှုခင်းရေးရာကိစ္စများကဲ့သို့ အရေးမကြီးသော်လည်း ရှေးခေတ်အခါက မိမိကိုယ်ပိုင် တရားသဖြင့် ပိုင်ဆိုင်သော အခွင့်အရေးကို အထိအပါးမခံလိုသော သဘောခံယူချက်ဖြင့် လက်ကိုဆွဲသည်၊ ဆံပင်ကိုဆွဲသည်၊ ကိုယ်စောင်းတိုက်သည်၊ နင်ပဲငဆ ပြောဆိုသည်တို့ကို တရားဥပဒေ၏ အဆုံးအဖြတ်ရှေ့မှောက်သို့ ရောက်ရှိ ဆုံးဖြတ်စေခဲ့ပြီး မိမိဘာသာ အလိုဆန္ဒအတိုင်း ဥပဒေလက်လွတ် ဖြေရှင်းခြင်း မပြု။ တရားခုံကိုလေးလေးစားစား အားကိုး အသိအမှတ် ပြုခဲ့၏။ ခုံမင်း၊ တရားသူကြီးက အဆုံးအဖြတ်ပြုသည့် အခါမှာလည်း တစ်ဦးကိုတစ်ဦး အာဃာတ မထား၊ မျက်နှာစုံညီ တရားလက်ဖက်စား၍ကျေအေး လက်ခံမှုပြုခဲ့ကြ၏။

ရေစကြို ခုံတော်ဖြတ်ထုံးဟာ နှုတ်လွန်မှု ၆ မျိုးတွင် နှုတ်လွန်မှုဖြတ်ထုံး ၁ သည် မိငြိမ်းအောင်က မိမင်းအောင်ကို နင့်လို ငါမတတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး' ဟူ၍ ပြောဆိုသော 'နင်' ဟူသော အပြောအဆိုကြောင့် လည်းကောင်း၊ နှုတ်လွန်မှုဖြတ်ထုံး ၂ သည် မိဖြူကို မိလှက 'ဒိန္နက်သဲဆင်းမ၊ တစ်လင်မှ နှစ်လင်သို့ အမြန်သင့်နေသူ မိန်းမ' ဟူသော အပြောအဆိုကြောင့် လည်းကောင်း၊ နှုတ်လွန်မှုဖြတ်ထုံး ၃ သည် ရွှေဘင်မယား မိဦးကို ငဖြူမယား မိကောင်းက 'သားသန္ဓေဖျက်သည်' ဟူသော အပြောအဆိုကြောင့် လည်းကောင်း၊ နှုတ်လွန်မှုဖြတ်ထုံး ၄ သည် ငပသီးက ငဖြူကို 'ငပသိတ်' ခေါ်ဆိုခံရမှု အပြောအဆိုကြောင့် လည်းကောင်း၊ နှုတ်လွန်မှုဖြတ်ထုံး ၅ သည် မိဝိုင်းက မိပြည့်ကို 'ပါးကိုပုတ်မည်၊ ပုံသား= အဖဟူ၍မရှိ၊ လူပေါင်းစုံနှင့်ရသောသမီး' ဟူသော အပြောအဆိုကြောင့် လည်းကောင်း၊ နှုတ်လွန်မှုဖြတ်ထုံး ၆ သည် ရှမ်းတိုင်းရင်းသား ငပေါ်အယ်က ငငှက်ကို 'ငငက်' ဟူသော ခေါ်ဆိုမှုကြောင့် လည်းကောင်း တရားခံရုံးမှဖြေရှင်းပေးခဲ့သော နှုတ်လွန်မှုတရားများ ဖြစ်၏။ ထို့ကြောင့် နှုတ်လွန်မှုဖြတ်ထုံးများသည် ရှေးမြန်မာတို့၏ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံစေလိုမှု၊ မိမိမကျေနပ်သော နာလိုခံခက်စကားဖြင့် ရန်စမရှည်စေဘဲ တရားရုံး၏အဆုံးအဖြတ်ခံယူသော တရားဥပဒေကိုလေးစားသောဓလေ့ထုံးစံကို သိရှိခွင့်ရရှိပေသည်။

ရေစကြိုဖြတ်ထုံးလာ ပျဉ်ခုံတိုက်မှု တရားဖြတ်ထုံးတွင် မြန်မာလူမျိုးတို့၏ အတိတ်နိမိတ်ကောက်ယူမှု အယူအဆ၊ ရိုးရာဓလေ့ကို ဖော်ထုတ်တင်ပြခဲ့၏။ ပျဉ်ခုံတိုက်မှုတရားဖြတ်ထုံးတွင် မိတောက ငဦး၏မယား အသုဘချသွားရာတွင် လူသေအလောင်းတင်သော ခုံနှင့်တလားသည် မိမိအိမ်မျက်နှာကြက်နှင့် အိမ်ကြမ်းစုန်းဖြင့် ထိမိခိုက်မိသည်ကိုမကျေမနပ်ဖြစ်သောကြောင့် တရားခုံရုံး၌ တရားစွဲဆိုသော အမှုဖြစ်စဉ်ကို မှတ်တမ်းတင်ခဲ့သည်။ ထိုဖြတ်ထုံးတွင် စီရင်ချက်အဖြစ်-

သေခမ်း သေနား တရားမှု၌ သေခမ်းကိရိယာ၊ အတင် (လူသေတင်သောခုံ)၊ စမြင်း (ခုံကလပ်)၊ ဗိတာန်ညောင်ရွက်၊ စန္တား (မီးရှူ့ရန်ထင်း)၊ ယမား (အသုဘယာဉ်ဆွဲသောဖျင်စ)၊ ကုတ္တီးထမင်း (အသုဘအတွက်ထုပ်၍ထည့်သောထမင်းထုပ်) စသည်တို့သည် အိမ်၏တံစက်မြိတ်အောက်သို့ ဝင်မိလျှင်၊ ထမ်းသွားသူတို့က တိုးမိလျှင် ငွေ ၃ ကျပ်လျော်စေ။ ပျဉ်ခုံနှင့်တိုက်မိလျှင် ပျဉ်ခုံထမ်းသူ တစ်ကျိပ် (၁၀ ဦး) ရှိသောကြောင့် ထမ်းသူတစ်ယောက်လျှင် ငွေ ၃ ကျပ်ကျစီဖြင့် မိတောအား ငဦးက ငွေ ၃၀ ကျပ်လျော်စေဟု ချမှတ်ခဲ့သည်။

ထိုစီရင်ချက်ဖြတ်ထုံးသည် အ,မင်္ဂလာမှု၊ အနိဋ္ဌာရုံတို့ကို မနှစ်သက်မလိုလားသော၊ မကျေနပ်သော ဖြစ်ရပ် ခံစားချက်ကို တရားခုံရုံးရှေ့မှောက်၌ ဖြေရှင်းတတ်သော ဓလေ့စရိုက်တစ်ရပ်ကိုသိခွင့်ရ၏။ အောင်အတိတ် အောင်နိမိတ်ဆောင်၍ မင်္ဂလာရှိမှုကိုသာ လိုလားသော မြန်မာမှုအယူအဆကို ဖော်ညွှန်းနေသည်။

'လျှောက်ထုံး' များတွင်လည်း 'ဖြတ်ထုံး' များနည်းတူ မြန်မာ့ရိုးရာဓလေ့ထုံးစံ အယူအဆများကို လေ့လာသိရှိခွင့်ရရှိစေသည်။ မြဝတီမင်းတိုင်ပင်အမတ်ကြီး မဟာပညာကျော်၏ လျှောက်ထုံးကျမ်းတွင် ကုလားဗျာလိက မီးချောင်းမြို့စားအရာတောင်းရာ၌ မဟာပညာကျော်၏လျှောက်ထားချက်သည် လေးစားဂုဏ်ယူဖွယ် မြန်မာမှုအတွေးအမြင်ကို အထင်အရှားတွေ့မြင်နိုင်သည်။ ယင်းလျှောက်ထုံးတွင် မီးချောင်းစားသေလွန်၍ ပေါင်းထုပ်ကျွန်းနေ ကုလားဗျာလိက ငွေအသပြာ ၁၀၀၀ ကျော်ကို မိဖုရားကြီးသို့ဆက်သ,၍ မီးချောင်းစားရာထူးကို မိမိအားဆက်ခံခွင့်ပြုရန်တောင်းခံခဲ့၏။ ယင်းသို့တောင်းခံမှုကို မဟာပညာကျော်ကလျှောက်ထားတင်ပြရာ၌ ကုလားနှင့် မြန်မာမှာ လူချင်းသာတူ၍ စိတ်ချင်းမတူပါ။ မြန်မာတို့သည် မိရိုးဖလာ ရတနာသုံးပါး ယုံကြည်ကိုင်းရှိုင်း၏။ မင်းတို့သည် သင်္ဂဟတရားလေးပါးနှင့်အညီ တရားသဖြင့် အုပ်ချုပ်သည်။ ထို့ကြောင့် မြန်မာနယ်တွင် မြို့စားခန့်လျှင် အမျိုးဘာသာသာသနာကို စောင့်ရှောက်မည့်စိတ်ဓာတ်အရင်းတည်သည်။ ဗျာလိသည် ဘာသာမတူ။ ထို့ကြောင့် မြန်မာတို့ဒေသ၌ ကုလားဗျာလိကို မြို့စားမပေးသင့်။ မြို့စားပေးလိုလျှင် ကုလားမြို့ရွာများကိုသာ ပေးသင့်ကြောင့် လူမျိုးခြားဝါဒလွှမ်းမိုးဝါးမျိုမှု ကာကွယ်ရေး၊ အမျိုးသားရေးအမြင်ဖြင့်တင်ပြခဲ့သည်။ မိဖုရားကြီး ငွေ ၁၀၀၀ ကျပ်လက်ခံခဲ့သည်မှာလည်း တရားနှင့်မလျော်။ ထို့ကြောင့် မိဖုရားကြီးက ငွေ ၁၀၀၀ ကျပ်ကို ဗျာလိအား ပြန်ပေးစေ ဟူ၍ ဆုံးဖြတ်ခဲ့သည်။

ထိုနည်းတူ ငယ်ကျွန် ငလုံးတင် အမ်းမြို့စားအရာ တောင်းရာလျှောက်ထုံးတွင်လည်း မဟာပညာကျော်အမတ်ကြီးက-

'ကျွန်တော် ငလုံးတင်သည် ပညာမရှိ၊ မကောင်းမှု၌ မွေ့လျော်သူ ဖြစ်၏။ ထိုသူမျိုးကို ချီးမြှင့်မြှောက်စားပါက သတ္တဝါအများဆင်းရဲရောက်မည် ဖြစ်သည်။ မင်းအနီး၌မထားသင့်ကြောင်း၊ မင်းပါးကပ်မြှောင်၍ အခွင့်အရေးယူရန် စောင့်နေသူကို ငဲ့ညှာခြင်း မရှိ။ အများအကျိုးအတွက်ရှေးရှုလျက် အမျိုးဂုဏ်မညှိုးနွမ်းစေလိုသော စေတနာဖြင့် တင်လျှောက်ဆုံးဖြတ်မှုပြုခဲ့သည်။

ဖြတ်ထုံး၊ လျှောက်ထုံးများသည် မြန်မာ့ရိုးရာဓလေ့ထုံးစံ အယူအဆများ၊ ယဉ်ကျေးမှုနှင့် အတွေးအမြင်များပေါ်၌ အခြေခံနေသည်။ ဖြတ်ထုံး၊ လျှောက်ထုံးများတွင် အပြောအဆို၊ အပြုအမူ၊ အတွေးအမြင်၊ အယူအဆ၊ လူမှုဆက်ဆံရေး၊ အုပ်ချုပ်ရေးအမြင်၊ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုများ ထင်ဟပ်နေသည်။ ရှေးခေတ်မြန်မာတို့၏ လူမှုရေးကြေးမုံအဖြစ် လည်းကောင်း၊ တရားဥပဒေ အထောက်အထားအဖြစ် လည်းကောင်း မြန်မာ့ရိုးရာဓလေ့ထုံးစံ အယူအဆများ၏ မှတ်ကျောက်အဖြစ်လည်းကောင်း မြန်မာ့စာပေလောကနှင့် သမိုင်းကြောင်း၌ ကမ္ဘည်းတင် ထင်ရှားလျက် ရှိနေပေသည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

## ၂

### အမျိုးသမီးများ၏ မျိုးပွားအင်္ဂါများတွင် ဖြစ်ပွားတတ်သောရောဂါများ



သားဥအိမ်ကင်ဆာသည် အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအနက် တတိယအဖြစ်အများဆုံးရောဂါ ဖြစ်နေပါသည်။ ၎င်းသည် မျိုးပွားအင်္ဂါတွင် ဖြစ်ပွားသောရောဂါ ဖြစ်သဖြင့် အမျိုးသမီးများကို အန္တရာယ်ပေးစေနိုင်သည့် ရောဂါများအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ၎င်းကို ဆေးပညာအခေါ်အဝေါ်အရ Ovarian Cancer ဟု ခေါ်ပါသည်။

သားဥအိမ်ကင်ဆာ ဖြစ်နိုင်သောအသက်အရွယ်မှာ အများအား

မိဘမျိုးရိုးထဲတွင် ကင်ဆာရောဂါဖြစ်ဖူးသူရှိခြင်း၊
အပျိုကြီးများသည်အိမ်ထောင်သည်ထက်
၅၀ ရာခိုင်နှုန်းခန့်ဖြစ်ပွားလွယ်ခြင်း၊
သားသမီးရှိသော်လည်းသားသမီးဦးရေနည်းပါးခြင်း၊
သွေးဆုံးစောခြင်းနှင့်
အလွန်အမင်းသွေးဆုံးနောက်ကျသူများ
မိခင်နို့မတိုက်သောမိခင်များ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အသက် ၄၀ ကျော်၊ ၅၀ ကျော် အရွယ်များ၌ဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။ ၂၀၀၃ ခုနှစ် World Cacer Report အရ (ကမ္ဘာ့ကင်ဆာအဖွဲ့ကြီး၏အစီရင်ခံစာ ဖွံ့ဖြိုးသောနိုင်ငံများတွင် ကြိုတင်စစ်ဆေးမှုကြောင့် ရောဂါနစည်သိရှိကာ ဆေးကုသမှု ခံယူနိုင်သဖြင့် ရောဂါဖြစ်ပွားသူများ၏ ၃၀ ရာခိုင်နှုန်းသာ အသေအပျောက်နှုန်းရှိပြီး ယခင်နှစ်များထက် ၇၀ ရာခိုင်နှုန်းထိ အသေအပျောက်နှုန်းကျဆင်းသွားခဲ့ပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခေတ်မီစမ်းသပ်ခြင်းနှင့် ကုသခြင်းကို ဆောင်ရွက်လာပြီဖြစ်၍ ယခင်က အသေအပျောက်နှုန်း ၈၀ ရာခိုင်နှုန်းခန့်ရှိရာမှ ယခု ၅၀ ရာခိုင်နှုန်းခန့်သာရှိပြီး ကျဆင်းသွားကြောင်း တွေ့ရှိရသည်။

နောက်လာမည့် ၅ နှစ်ခန့်အတွင်း ကင်ဆာရောဂါဖြစ်ပွားသူများ၏ထက်ဝက်ခန့်မှာ အသေအပျောက်နှုန်း ကျဆင်းသွားနိုင်ဖွယ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားပါသည်။ ဤသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဝမ်းမြောက်ဖွယ်သတင်းတစ်ပုဒ် ဖြစ်ပါသည်။

ရှေးယခင်က ကင်ဆာရောဂါဆိုလျှင် သေမင်းတမန်ဟု ခေါ်ဝေါ်ရလောက်အောင် ကြောက်မက်ဖွယ်သေဘေးနှင့်ရင်ဆိုင်ရမည့် ရောဂါဆိုးကြီးအဖြစ် သတ်မှတ်ထားကြပါသည်။ ကင်ဆာရောဂါရှင်ဟုဆိုလျှင် သေမင်းလက်မှတ်ရထားသူ ဟူ၍ မှတ်ထင်ထားကြပါသည်။ ယခုအခါတွင် ဆေးပညာ နည်းသစ်များပေါ်ထွန်းလာပြီဖြစ်သဖြင့် ခေတ်နှင့်အညီ ရောဂါများကို မျက်ခြည်မပြတ်ရန်ဂရုစိုက်ခြင်းဖြင့် ကင်ဆာရောဂါကြီးကို ယှဉ်ပြိုင်အနိုင်ယူနိုင်ပေမည်။

**ကင်ဆာဆဲလ်ဖြစ်ပွားရခြင်းအကြောင်းရင်း**

ခန္ဓာကိုယ်သည် ဆဲလ်အမျိုးအစား မတူကွဲပြားသော ရာပေါင်းများစွာသော ဆဲလ်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားပါသည်။ ဆဲလ်တို့၏ သဘာဝလက္ခဏာမှာ ဆဲလ်တိုင်းတွင် မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များ တူညီကြပါသည်။ ၎င်းအပြင် မိမိတည်ရှိနေသော သက်ဆိုင်ရာအင်္ဂါအစိတ်အပိုင်းအလိုက် လိုအပ်သည့်တာဝန်များကို ထမ်းဆောင်နေကြပါသည်။ ကျန်းမာသော ပုံမှန်ဆဲလ်များ၏လုပ်ဆောင်မှုကြောင့် ကျန်းမာသောခန္ဓာကိုယ်ပိုင်ရှင်များ ဖြစ်လာကြပါသည်။ ၎င်းဆဲလ်တို့သည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပြီးနောက် ဆဲလ်များ သက်တမ်းအလိုက်တည်ပြီး သေဆုံးသွားပါသည်။ ထို့နောက် နောက်ထပ်ဆဲလ်အသစ်များဖြစ်ပေါ်လာကာ လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်ခြင်းဖြင့် ပုံမှန်လည်ပတ်နေပါသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာသော ဆဲလ်များသည် ပုံမှန်မဟုတ်တော့ဘဲ ဇီဝကမ္မဖြစ်စဉ်ပြောင်းလဲလာပြီး ဆဲလ်များ ပိုမို ပွားလာခြင်း၊ ပုံသဏ္ဍာန်မမှန်သော ဆဲလ်များ ကြီးထွားလာခြင်း၊ လျင်မြန်စွာဆဲလ်ပွားခြင်း စသည်တို့ ဖြစ်ပွားကာ သာမန်အခြေအနေမှ စတင် ပြောင်းလဲလာပါသည်။ ထိုမှတစ်ဆင့် အဖုအကျိတ်အသွင်သို့ ပြောင်းလဲလာပါသည်။ ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်အတိုင်း ဆောင်ရွက်နေကြသော အင်္ဂါအစိတ်အပိုင်းများပေါ်သို့ ထိုအဖုအကျိတ်များက ဖိထားခြင်းဖြင့် ပုံမှန်ဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်ပြီး ပိတ်ဆို့မှုများဖြစ်ကာ ကျန်းမာရေးကိုထိခိုက်စေပါသည်။ ထိုအဖုအကျိတ်များသည် တစ်စတစ်စ ပိုမို ကြီးထွားလာပြီး ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းများကို ဒုက္ခပေးပါတော့သည်။

ထို့ပြင် ကင်ဆာဆဲလ်များ ဖြစ်ပေါ်စေနိုင်သည့် အစားအစာများ၊ အနေအထိုင် မှားယွင်းမှုတို့ကြောင့် သားဥအိမ်ကင်ဆာ ဖြစ်ပေါ်နိုင်၏။

**သားဥအိမ်ကင်ဆာဖြစ်နိုင်ခြေရှိသူများ**

မိဘမျိုးရိုးထဲတွင် ကင်ဆာရောဂါဖြစ်ဖူးသူရှိခြင်း၊ အပျိုကြီးများသည် အိမ်ထောင်သည်ထက် ၅၀ ရာခိုင်နှုန်းခန့် ဖြစ်ပွားလွယ်ခြင်း၊ သားသမီးရှိသော်လည်း သားသမီးဦးရေနည်းပါးခြင်း၊ သွေးဆုံးစောခြင်းနှင့် အလွန်အမင်း သွေးဆုံးနောက်ကျသူများ၊ မိခင်နို့မတိုက်သောမိခင်များတို့ ဖြစ်ပါသည်။

**သားဥအိမ်ကင်ဆာရောဂါ၏ လက္ခဏာများ**

ဝမ်းဗိုက်တစ်ခုလုံး (သို့) ချက်အပေါ်ပိုင်းရှိ ရင်ခေါင်းအရပ်၌ နာကျင်ကိုက်ခဲခြင်းဝေဒနာကို ခံစားရတတ်ပါသည်။ တစ်ခါတစ်ရံ ပြင်းထန်စွာထိုးအောင့်ခြင်း၊ မအီမသာဖြစ်ခြင်းတို့အပြင် ဤသို့ နာကျင်ကိုက်ခဲသည့်အတွက် မောပန်းနွမ်းနယ်ကာ မလုပ်ချင်မကိုင်ချင် ဖြစ်တတ်ပါသည်။

အစာမကြေ ရင်ပြည့်ရင်ကယ် ခံစားရသဖြင့် အစာစားရာတွင် ကောင်းစွာမစားနိုင်ဘဲ အစာအိမ်ရောဂါရှိသူကဲ့သို့ ခံစားရခြင်းတို့အပြင် အစာမာသည့်အစားအစာများနှင့် အစာမကြေနိုင်သော အစားအစာကိုစားပါက လေပွခြင်း၊ လေအန်ခြင်းတို့ ဖြစ်တတ်ပါသည်။ အစာမကြေခြင်းဝေဒနာကို ခံစားရသဖြင့် အစားအသောက်စားရာတွင် ဂရုတစိုက်ဆင်ခြင်ပြီး စားရသောကြောင့် အစားပျက်ခြင်းတို့ ဖြစ်တတ်သည်။

ဝမ်းဗိုက်နာခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် လေပွခြင်းတို့ကြောင့် အစာအိမ်ရောဂါနှင့် မှားယွင်းနိုင်သည်။ အထက်ပါ ဝေဒနာများကို ခံစားရသည့်အပြင် ခံတွင်းပျက်ခြင်းပါဖြစ်တတ်သဖြင့် ထိုရောဂါရှင်သည် အစားအသောက်မစားနိုင်ဘဲ တဖြည်းဖြည်းကျုံလှီလာတတ်ပါသည်။ အထက်ပါ ရောဂါလက္ခဏာများကိုခံစားရပါက တတ်ကျွမ်းနားလည်သည့် မီးယပ်သားဖွား အထူးကုဆရာဝန်ကြီးများနှင့် ပြသကာ ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်း စသည့် အဆင့်ဆင့်ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

**အဘယ်ကြောင့် ဝမ်းဗိုက်၌ နာကျင်မှုဝေဒနာကိုခံစားရသလဲ**



www.burmeseclassic.com

www.burmeseclassic.com

သားဥအိမ်သည် မျိုးပွားရမည့်တာဝန်ကိုဆောင်ရွက်ရန် ဝတ္တရားရှိသော်လည်း ထိုသားဥအိမ်၌ကင်ဆာဆဲလ်များ တဖြည်းဖြည်း ကြီးထွားပျံ့နှံ့ပြီး ဗိုက်အလယ်သို့ တိုက်ရိုက်ရောက်သွားကြပါသည်။ ထိုသို့ ကင်ဆာဆဲလ်များပျံ့နှံ့ပြီး အလုံးအကျိတ်များဖြစ်သောကြောင့် ဗိုက်မှတစ်ဆင့် ရင်ခေါင်းနေရာတွင် လည်းကောင်း၊ ဗိုက်တစ်ပြင်လုံးတွင် လည်းကောင်း ပထမ၌ ရိုးရိုးနာမှုဝေဒနာကို ခံစားရပေမည်။ ထိုမှတစ်ဆင့် အချိန်ကြာမြင့်လာလေ၊ အလုံးအကျိတ်ကြီးလာလေ ဖြစ်သဖြင့် နာကျင်မှုအပြင် ကိုက်ခဲခြင်းပါ ဖြစ်လာပါသည်။

ထိုမှတစ်ဆင့် ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများဖြစ်သော အသည်း၊ ကျောက်ကပ်ဆီသို့ ပျံ့နှံ့ကာ အန္တရာယ်ကြီးမားသော ကင်ဆာရောဂါအသွင်သို့ ပြောင်းလဲသွားပါသည်။ ဤရောဂါမှာ ရောဂါဖြစ်ခါစ၌ သိရှိလျှင် ပျောက်ကင်းအောင် ကုသနိုင်ပါသည်။ သို့သော်လည်း ဝေဒနာရှင်အများစုမှာ ဗိုက်အောင့်ခြင်း၊ လေပွခြင်း စသည့် ရိုးရိုးရောဂါဟု ထင်မှတ်ကာ သေချာစွာစမ်းသပ်မှုမလုပ်ဘဲ ရိုးရိုးဆေးထိုး၊ ဆေးသောက်ခြင်းဖြင့် ရောဂါသက်သာအောင် ပြုလုပ်ခဲ့ကြပါသည်။ သို့ဖြင့် တဖြည်းဖြည်း ရောဂါရင့်၍ မခံမရပ်နိုင်တော့မှ ဆေးရုံသို့ရောက်လာတတ်ပါသည်။ ဤရောဂါမှာ အခြားသောရောဂါများကဲ့သို့မဟုတ်ဘဲ ရောဂါနုစဉ်၌ကုသပျောက်ကင်းနိုင်သော်လည်း ရောဂါရင့်ပြီး ဗိုက်တစ်ခုလုံး ရောဂါပျံ့နှံ့ပါက ကုသရန် အလွန်ခက်ခဲပြီး နောက်ဆုံး အသက်ပေးလိုက်ရသည်အထိ အန္တရာယ်ကြီးမားလှပါသည်။

ထိုရောဂါ၏ အားနည်းချက်တစ်ခုမှာ ရောဂါနုစဉ်၌ ဝေဒနာများစွာ မပြင်းထန်သဖြင့် ရောဂါရှိမှုကို သိနိုင်ရန် အခြေအနေ နည်းပါးပါသည်။ အချို့သော အမျိုးသမီးများမှာ အမှတ်တမဲ့နေကြသဖြင့် ရောဂါမှန်ကိုမသိနိုင်ကြပေ။ တဖြည်းဖြည်း ရောဂါရင့်မှသာ သိနိုင်ပါသည်။ ထိုသို့ သိချိန်တွင် အခါနှောင်းသွားပြီဖြစ်၍ ကုသရန် အလွန်ခက်ခဲသည်။

**သားဥအိမ်ကင်ဆာနှင့်ရေဖျဉ်းစွဲခြင်း**

သားဥအိမ်ကင်ဆာနှင့် အစာအိမ်ရောဂါလက္ခဏာများသည် ရောဂါဖြစ်ခါစ၌ တူသည်ဟု ထင်ရသော်လည်း သားဥအိမ်ကင်ဆာဟု သိနိုင်ရန် အချက်တစ်ချက်မှာ ရောဂါဖြစ်ခြင်းနှင့်အတူ ရေဖျဉ်းစွဲခြင်းလက္ခဏာပြလေ့ရှိသောကြောင့် ဗိုက်ပူပြီး ရေဖျဉ်းစွဲလာပါသည်။

ထိုသို့ အထက်ပါ လက္ခဏာများဖြစ်ပေါ်လျှင် သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီးများနှင့် စေ့စေ့စပ်စပ်ပြသကာ လိုအပ်သောစစ်ဆေးမှု၊ ကြိုတင်ကာကွယ်မှု၊ ကုသမှုတို့ကို ခံယူခြင်းဖြင့် အသက်အန္တရာယ်မှကာကွယ်နိုင်ပေမည်။

**စမ်းသပ်စစ်ဆေးခြင်း**

၁။ CT Scan ရိုက်ခြင်း။

၂။ MRT ဟု ခေါ်သော ခေတ်မီစက်ကြီးဖြင့် သားဥအိမ်ကင်ဆာ ဟုတ်၊ မဟုတ်ကို ရှာဖွေခြင်း။
(အကယ်၍ သားဥအိမ်ကင်ဆာ ဖြစ်ပါက မည်သည့် အဆင့်သို့ရောက်နေခြင်းကို သိရှိနိုင်ပါသည်။)

၃။ Laparotamy ခေါ် ဗိုက်ဖွင့်၍ ရောဂါရှာဖွေခြင်း။

အထက်ပါနည်းများဖြင့် ရောဂါရှာဖွေပြီးနောက် လူနာတွင် သားဥအိမ်ကင်ဆာရောဂါ ဖြစ်နေပါက အောက်ပါနည်းများဖြင့် ကုသနိုင်ပါသည်။

**သားဥအိမ်ကင်ဆာရောဂါကုသခြင်း**

၁။ ဓာတုဆေးဖြင့်ကုသခြင်း၊

၂။ ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်း၊

၃။ ခွဲစိတ်ကုသခြင်းတို့ ဖြစ်ပါသည်။

**ဓာတုဆေးဖြင့်ကုသခြင်း**

ဓာတုဆေးဖြင့် ကုသခြင်းတွင် မခွဲစိတ်မီ ဆေးသွင်း၍ကုသခြင်းနှင့် ခွဲစိတ်ပြီးနောက် ဆေးသွင်း၍ ကုသနည်းဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ သားဥအိမ်ကင်ဆာသည် ဗိုက်တစ်ခုလုံးတွင်ပျံ့နှံ့နေပါက မခွဲစိတ်မီဆေးပေးခြင်းနည်းဖြင့် အသုံးပြုပါသည်။

ဤသို့ မခွဲစိတ်မီ ဆေးပေးခြင်းဖြင့်-

၁။ ကင်ဆာအစိုင်အခဲများ သေးသွားစေခြင်း။

၂။ ထိုကဲ့သို့ အရွယ်အစား သေးသွားသည့်အတွက် ခွဲစိတ်ရာ၌ လွယ်ကူခြင်း။

၃။ ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို ဓာတုဆေးက နှိမ်နင်းနိုင်သည့်အတွက် ပျံ့နှံ့သောဆဲလ်များ သေသွားသဖြင့် ကျန်အဖုအကျိတ်ကို လွယ်ကူစွာ ခွဲထုတ်နိုင်သည့်အတွက် အန္တရာယ်မှ တားဆီးနိုင်ပါသည်။

**ဓာတ်ရောင်ခြည်ပေး၍ကုသခြင်း**

ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်းနည်းတွင် မခွဲစိတ်မီ ဓာတ်ရောင်ခြည်ပေးခြင်းနှင့် ခွဲစိတ်ပြီးနောက် ဓာတ်ရောင်ခြည်ပေးခြင်း ဟူ၍ နှစ်နည်း ရှိပါသည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ ဓာတုဆေးပေး၍ကုသခြင်းနှင့် အတူတူပင် ဖြစ်ပါသည်။ ကင်ဆာရောဂါကု ဆရာဝန်ကြီးများသည် မည်သည့်နည်းဖြင့် ကုသသင့်သည်ကို ကင်ဆာရောဂါအခြေအနေပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ကြပါသည်။

**ခွဲစိတ်ကုသခြင်း**

ခွဲစိတ်ခြင်းမပြုလျှင်မဖြစ်သော အခြေအနေတွင် ဤနည်းကို အသုံးပြုသည်။ ယခုအခါတွင် ဆေးပညာရပ် များစွာ တိုးတက်ထွန်းကားလာပြီဖြစ်၍ အမျိုးသမီးများတွင် သားဥအိမ်နှင့်ပတ်သက်သော ရောဂါလက္ခဏာပြလာပါက တွေဝေဆိုင်းငံ့မနေဘဲ တတ်သိကျွမ်းကျင်သော မီးယပ်နှင့်သားဖွား အထူးကု ဆရာဝန်ကြီးများနှင့် ဆောလျင်စွာပြသရန် လိုအပ်ပါသည်။ သို့မှသာလျှင် သားဥအိမ်ကင်ဆာ ရောဂါဆိုးကြီး အန္တရာယ်မှလွတ်ကင်းနိုင်ပေမည်။

ခိုခိုဌေး

*Ref: Ovarian Cancer.*



www.burmeseclassic.com

www.burmeseclassic.com



*(ယခင်လမှအဆက်)*

ကဲ- ဟိုနှစ်ယောက်၊ မင်းတို့လည်း ရပ်နေရတာကြာပြီ ဆိုတော့ ညောင်းရောပေါ့။ သက်သာသလိုနေကြစေ"

ဟု ပြောလိုက်သည်နှင့်မျက်စိတစ်ဖက်လပ်နှင့် မုတ်ဆိတ်ကျင်စွယ်တို့မှာ တစ်ယောက်ကိုတစ်ယောက် ပြုံးတီပြုံးကြောင် ကြည့်ကြပြီး မီးပုံဘေးတွင် ပြန်ထိုင်ကြလေ၏။ ထိုသူနှစ်ယောက်ထံ ငှက်ပျောဖီးကြီးကို ကမ်းပေးလိုက်ရာ ဆာလွန်းလှသဖြင့် မြိန်ရှက်စွာစားသုံးကြပြီးနောက် မုတ်ဆိတ်ကျင်စွယ်က ဦးသူတော်ကြီးကို မသိမသာအကဲခတ်၍-

"ဦးသူတော်၊ ဦးသူတော် အစောနသုံးလိုက်တဲ့ပညာက ဘာပညာလဲ"

ဟု အရိုအမရှိ အပျာအမရှိ မေးလိုက်ရာ ဦးသူတော်က တဟဲဟဲရယ်ရင်း-

"ဘာရယ်လို့ မဟုတ်ပါဘူးကွာ၊ မင်းတို့လို သိုင်းသမားတွေသိတဲ့ အတွင်းအားတစ်ခုပေါ့။ ပြောရမယ်ဆိုရင် ဝီပါဝါလို့ခေါ်တဲ့ စိတ်တန်ခိုးစွမ်းအားပေါ့ကွာ။ အဲဒီ စိတ်လေးကိုနိုင်လိုက်ရင်တော့ အကုန်ပြီးစေတာပေါ့"

မုတ်ဆိတ်ကျင်စွယ်မှာ ဦးသူတော်ပြောကြားပုံကို နားမလည်နိုင်သဖြင့် ခေါင်းမွေးစုတ်ဖွားကို တဖြင်းဖြင်းကုတ်လိုက်ပြီး-

"ကျုပ်တို့တော့ တစ်ခါမှ မကြားဖူးဘူး ဦးသူတော်၊ သေသွားတဲ့ ကျုပ်တို့ဆရာဆီကလည်း ဦးသူတော်ပြောတဲ့ ဝီပါဝါဆိုတဲ့ဟာကြီးကို ကျုပ်တို့ မကြားဖူးဘူး"

"အေးပေါ့ကွာ- မင်းကများ ငါ့ညာနေသေးတယ်။ မီးသွေးတုံးကိုတောင် ပိတုန်းဖြစ်အောင် ပြုစားနိုင်တဲ့သူကများ ငါ့ကိုလာပြီး မေးနေသေးတယ်၊ ဟီဟိ။ အေး- မင်းတို့သုံးယောက်စလုံးရှိတာနဲ့ အတော်ပဲ။ ဒါမှ မင်းတို့လည်း သံသယရှင်းမှာ။ အကြောင်းကတော့ မင်းတို့ဆရာကိစ္စပေါ့။ မင်းတို့ဆရာသေတဲ့ကိစ္စမှာ ငါတို့နှစ်ယောက်ကို သံသယကင်းစေချင်တယ်"


ဟုပြောလိုက်ပြီး သုံးယောက်စလုံးကိုအကဲခတ်လိုက်ရာ ဗလကြီးကတုံ့ဆိုင်းမနေဘဲ-

"ကျုပ်ကတော့ အမြင်ရှင်းတယ်ဗျာ၊ ဘာလို့လဲဆို ဦးသူတော်မျက်နှာကို ကြည့်လိုက်ကတည်းက တကယ့်သူတော်ကောင်းကြီးလို့ ကျုပ်မြင်တယ်။ ဒီလိုပြောတာ ကျုပ်တို့အသက်ကိုကယ်တင်ခဲ့လို့ ပြောတာမဟုတ်ဘူးနော်။ မင်းတို့ပဲ စဉ်းစားကြည့်၊ ဦးသူတော်ကြီးသာ တို့ကိုသတ်မယ်ဆိုရင် ရှချောင်းဘေးမှာကတည်းက သုံးယောက်စလုံး သေနေလောက်ပြီ။ ပြီးတော့ တို့ကသာ သူ့ကိုသတ်ချင်နေကြတာ၊ သူက တို့ကိုသတ်ချင်တာ မဟုတ်ဘူး။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တည်းက တစ်ခုခုတော့လွဲနေပြီဆိုတာ ငါသိလိုက်တယ်။ ငါကတော့ ဦးသူတော်ကိုရော ဟိုကောင်လေးကိုပါ အမြင်ရှင်းတယ်ကွာ"

ဟု ဘွင်းဘွင်းကြီးပြောချလိုက်ရာ မုတ်ဆိတ်ကျင်စွယ်နှင့်လူသည် ဗလကြီးအား မကြည်သလို လှမ်းကြည့်လိုက်သည်ကို ကျွန်တော်တွေ့လိုက်ရလေ၏။ သို့သော် ဦးသူတော်ကြီးရှိနေသောကြောင့် အချိုးတစ်မျိုးပြောင်းသွားသည်ကို တွေ့ရပြန်သဖြင့် ကျွန်တော့်မှာ မုတ်ဆိတ်ကျင်စွယ်နှင့်လူကိုကြည့်ပြီး စိတ်ထဲမှ 'အတော်ကြောက်စရာကောင်းတဲ့လူ' ဟု မှတ်ချက်ပေးမိလေ၏။ ထိုလူ့စိတ်ထဲတွင် မည်သို့သောအကြံများ ရှိနေသည်ကို မသိရသော်လည်း လုံးဝစိတ်ချ ယုံကြည်ရမည့်သူတော့ မဖြစ်တန်ရာပေ။ သို့နှင့် ကျွန်တော်က ဦးသူတော်ကြီးကို လှမ်းကြည့်လိုက်မိသောအခါတွင် ဦးသူတော်ကလည်း ကျွန်တော့်ကို သတိ ဝီရိယနှင့်သာနေလော့ ဟူသောအကြည့်မျိုးနှင့် ကြည့်လိုက်သဖြင့် ကျွန်တော့်မှာ ဒီတစ်ညအဖို့ မီးဖိုဘေးတွင် ငုတ်တုတ်ထိုင်၍ မိုတင်ဆောင်ရမည့်ကိန်း ရှိတော့လေ၏။ ဗလကြီးမှာ ပွင့်ပွင့်လင်းလင်းနှင့် ယောက်ျားပီသလှသော်လည်း မုတ်ဆိတ်ကျင်စွယ်နှင့်လူမှာ ထိုသို့မဟုတ်သဖြင့် ကယ်မိတာ မှားလေစွဟုပင် စိတ်ထဲဖြစ်မိသေး၏။

ထို့နောက် ဦးသူတော်က-

"မောင်တို့ဆရာက တို့နဲ့ ဆန့်ကျင်ဘက်ပညာမှာတော့ အာဂပါပဲ။ ဒါပေမယ့် ဘုရားရှင်ကြီး ဟောခဲ့တဲ့ လမ်းစဉ်နဲ့ ဖြောင့်ဖြောင့်ကြီး လွဲနေတော့ ဒီလိုဟာမျိုးက အတွေးအခေါ် တိမ်းလိုက်တာနဲ့ အိမ်းခနဲ အောက်ဖြုတ်ကျသွားနိုင်တဲ့လမ်းကွယ့်။ ပြီးတော့ ကိုယ့်အတက်နဲ့ကိုယ်စူးစကားလိုပဲ သူစီရင်တဲ့ပညာက သူ့ကိုပြန်သတ်သလို ဖြစ်သွားတာပေါ့။ အဲဒါကြောင့် မင်းတို့ဆရာ သေတဲ့ကိစ္စနဲ့ပတ်သက်ပြီး တို့နှစ်ဦးကို သံသယမဖြင်ကြနဲ့။ ငါတို့နဲ့ဘာမှမဆိုင်ဘူး၊ ဟုတ်ပြီလား။ အခုကတည်းက ရှင်းအောင်ပြောရတယ်လေ။ နောင် ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ဘူး"

မုတ်ဆိတ်ကျင်စွယ်နှင့်လူမှာ သူ့ဘေးတွင် ထိုင်နေသော မျက်စိတစ်ဖက်လပ်၏ပေါင်အား လက်နှင့် လှမ်းကုတ်လိုက်သည်ကို ကျွန်တော် ဖျတ်ခနဲလှမ်းမြင်လိုက်သည်နှင့် တစ်ပြိုင်နက်-

"ဟုတ်တယ် ဦးသူတော်ရေ၊ အစပထမတော့ ကျုပ်တို့လည်း ဦးသူတော်ကို သတ်ချင်နေမိတယ်။ ဒါကလည်း သေသွားတဲ့ဆရာက ကျွန်တော့်ကိုအိပ်မက်ပေးပြီး ပြောလို့ပါ။ ဦးသူတော်ပြောပုံထောက်ရင် ဆရာသေတာ ဟိုအရိုးခေါင်းကြီးနဲ့များ ပတ်သက်နေလား မသိဘူးနော်"

"အမှန်ပေါ့ ငါ့လူရယ်၊ ပညာရှိ သတိဖြစ်ခဲ ဆိုသလိုပေါ့။ မောင့်ဆရာ သတိတစ်ချက်လွတ်သွားတယ်နဲ့တူပါတယ်။ ဒါမျိုးတွေက ဒီလောကမှာ မဆန်းတော့ပါဘူးကွာ။ ကိုယ်သာ အဲ့လမ်းစဉ်မလိုက်မိရင် ပြီးတာပါပဲ။ ဘာလို့လဲဆို လူ့ဘဝက အင်မတန်မှကို ရခဲတာပေါ့။ ရခဲတဲ့ လူ့ဘဝမှာ လူဖြစ်ရတုန်း စိတ်ကောင်းမွေး၊ သီလစောင့်မှ အပါယ်တံခါးပိတ်ပြီး အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန် ရောက်တော့မှာပေါ့ကွ။ ကဲ ကဲ- မောင်တို့လည်း တစ်နေကုန်ပင်ပန်းထားကြတော့ အိပ်စက်နားလိုက်ကြဦး၊ ညဉ့်တောင် အတော်နက်လာပြီ"

ဟု ပြောရင်း မီးဖိုကြီးထဲ သစ်ကိုင်းခြောက်များထည့်၍ ကျောက်ဖျာကြီးပေါ် စန့်စန့်ကြီး တက်အိပ်လေရာ မကြာမီမှာ တရှူးရှူး၊ တဖူးဖူးအဆင့်သို့ ရောက်သွားသည်နှင့် ကျွန်တော့်မှာ ဦးသူတော်ကြီးအား ကြည့်ပြီး တစ်စုံတစ်ရာကို စိုးရိမ်မှုဖြစ်မိသော်လည်း ဦးသူတော်မှာမူ ဖိုရုံထဲတွင်အိပ်နေရသကဲ့သို့ ရှိသဖြင့် များစွာ အံ့သြမိသေး၏။ ကျွန်တော်လည်း မီးဖိုဘေးတွင် ကောင်းမွန်စွာ မအိပ်စက်နိုင်သဖြင့် ဟိုဒီ လူးလွန့်ရင်း ဗလကြီးအိပ်နေရာသို့ ကြည့်လိုက်ရာ ဗကြီးမှာ လက်နှစ်ဖက်ကို ပေါင်ခြံထဲထည့်ကာ ကွေးကွေးကြီး အိပ်ပျော်လို့နေသော်လည်း မျက်စိတစ်ဖက်လပ်နှင့်မုတ်ဆိတ်ကျင်စွယ်တို့ကို ဂူထဲတွင် မတွေ့ရသဖြင့် ရင်ထဲ ထိတ်ခနဲ ဖြစ်မိပြီး ခေါင်းကိုထောင်၍ကြည့်မိလျှင် ဂူအပြင်ဘက်ဆီမှစကားပြောသံတိုးတိုးကို ကြားလိုက်ရသဖြင့် အသားကုန်နားစွင့်ပြီး နားထောင်မိလေ၏။

"ဟေ့ကောင်-အခွင့်အရေးဆိုတာ ရခဲတယ်ကွ။ ခေါတ်လုံးက ဟိုလူကြီးဆီမှာ။ အိပ်ပျော်နေတုန်းလုပ်မှ ရမှာပေါ့ကွ၊ မင်းက ဘာဖြစ်နေတာတုံး"

"ငါဘာမှမဖြစ်ဘူး၊ ဒါပေမယ့် ငါမလုပ်ချင်ဘူးကွာ။ ဘာလို့လဲဆို ကျေးဇူးရှင်ဖြစ်နေလို့"

"မင်းလည်း ဗလကြီးနဲ့ အတူတူပဲ တစ်ဖက်လပ်။ ဇကန္တ ဟိုအဘိုးကြီးပြုစားတာ ခံလိုက်ရပြီနဲ့တူတယ်။ ငါတို့ ဆရာ့မြေပုံပေါ်မှာ ဘာတွေ အမိဋ္ဌာန်ခဲ့ကြလဲ ဟေ့ကောင်"

"တော်ပါတော့ မုတ်ဆိတ်ရာ၊ မင်းလုပ်လို့ ခွေးပြေးဝက်ပြေးလည်း ပြေးရပြီးပြီ။ အခု ဘာတွေထပ်ပြီး လုပ်ဦးမလို့လဲ။ မင်းဘာသာမင်း လုပ်ချင်လုပ်၊ ငါတော့ ဆွဲမထည့်နဲ့ကွာ"

"အေး- ပြီးတာပဲ၊ ငါ ခေါတ်လုံးရသွားမှ ငါ့နောက်လိုက်ပါရစေလို့ လာမပြောနဲ့"

"အေးကွာ၊ မပြောပါဘူး။ မင်းသာ ရအောင်ယူကြည့်ပါဦး"

"ယူပြမယ် တစ်ဖက်လပ်၊ မင်းစောင့်ကြည့်နေ"

စကားသံများ တိတ်ဆိတ်သွားသောကြောင့် ကျွန်တော်လည်း ဂူပေါက်ဝသို့မျက်နှာမူပြီး မျက်လုံးကိုမှိတ်ချင်ယောင်ဆောင်၍ အိပ်မောကျသူသို့ ပါးစပ်မှ တဖူးဖူးဟောက်လိုက်သေး၏။ မကြာမီ ဂူအတွင်းသို့ ဝင်လာသော ခြေသံများကို ကြားလိုက်ရပြီးနောက် မုတ်ဆိတ်ကျင်စွယ်က ကျွန်တော့်ကို ကြည့်၍ 'လူက ခွေးပစ်တဲ့တုတ်လောက်ပဲရှိသေးတယ်၊ လေးခွကြီးကိုင်ပြီးတော့များ ဟောက်နေသေးရဲ့။ တစ်ခါတည်း ထုသတ်လိုက်ရတော့ကွာ' ဟုဆိုပြီး တင်ပါးကို ခြေထောက်နှင့်ခွာ်ရန်



www.burmeseclassic.com

www.burmeseclassic.com

ပြင်လိုက်သောအခါ ဦးသူတော်ကြီးထံမှ အဟာမ်း ဟူသော ချောင်းဟန့်သံထွက်ပေါ်လာသည်နှင့် မုတ်ဆိတ်ကျင်စွယ်နှင့်လူမှာ ကိုယ်ရှိန်သတ်လိုက်ပြီး မျက်စိတစ်ဖက်လပ်သောဝင်၍ကွေးနေလိုက်သည်ကို တွေ့ရလေသည်။ မျက်စိတစ်ဖက်လပ်မှာ တခေါ်ခေါ်နှင့် အိပ်ပျော်ခြင်းသို့ ရောက်သွားသော်လည်း အကြံသမား မုတ်ဆိတ်မှာ ဦးသူတော်အိပ်နေသော ကျောက်ဖျာကြီးဘက် မကြာခဏ ခေါင်းထောင်ကြည့်လိုက်၊ ငုတ်တုတ်ထထိုင်လိုက်၊ သက်ပြင်းကြီးချလိုက်စသည်ဖြင့် ဆုံးဖြတ်ချက်ချရန် ဝေခွဲမရဖြစ်နေစဉ် ဖြုန်းခနဲ မတ်တတ်ရပ်လိုက်ပြီး ကျောက်ရေအိုးဆီသွားကာ ရေကို တဂွတ်ဂွတ်သောက်ချလိုက်၍ ကျွန်တော်အိပ်နေသောအနားတွင်လာရပ်ပြီး အိပ်မောကျ၊ မကျ စစ်ဆေးကာ တစ်ဖန် ဦးသူတော်အိပ်နေသော ကျောက်ဖျာဘက်သို့ ခြေကိုဖွနင်းကာ သွားသည်နှင့် ကျွန်တော်လည်း ကမန်းကတန်းထ၍ ဦးသူတော်ကြီးအား သတိပေးရန် ပါးစပ်ပြင်လိုက်လျှင် စူးရှရှ စိမ်းရွှေရွှေ အနံ့ကြီးကိုရှူမိလိုက်သည်နှင့် ခေါင်းတစ်ခုလုံးမူးနောက်သွားပြီး လူလည်းခွေကျသွားလေတော့၏။

❂

မိုးစင်စင်လင်းသည်နှင့် သတိပြန်ရလာပြီး မျက်လုံးကိုဖွင့်ကြည့်ရာ ဦးသူတော်ကြီးကို ခပ်ဝါးဝါးတွေ့မြင်ရသဖြင့် မျက်လုံးများကိုပွတ်ပြီး ထပ်ကြည့်ပြန်ရာ ဝါးတားတားသာ မြင်ရလေ၏။ ထိုအခါမှ ဦးသူတော်လည်း ကျောက်ရေအိုးထဲမှ ရေကိုခပ်၍ ကျွန်တော့်ခေါင်းပေါ် လောင်းချလိုက်ပြီး ဇက်ပိုးကို နှစ်ချက်၊ သုံးချက်မျှ သက်ဝါးစောင်းနှင့် ရိုက်လိုက်လျှင် ခေါင်းတစ်ခုလုံး ကြည်လင်လို့လာပြီး အမြင်အာရုံများလည်း ကောင်းလို့လာ၏။ ထိုအခါမှ ကျွန်တော်လည်း မုတ်ဆိတ်ကျင်စွယ်ကို သတိရသဖြင့်-

"ဦးသူတော်၊ ဓာတ်လုံးကောရှိသေးရဲ့လား"

ဟု မေးလိုက်ရာ ဦးသူတော်က ခေါင်းကိုယမ်းပြီး-

"မရှိတော့ဘူးကွ၊ ပါသွားပြီ။ ဟို- မုတ်ဆိတ်မွေးနဲ့ကောင် ယူသွားပြီ။ ဒါကြောင့် ရှေးလူကြီးတွေ ပြောတာပေါ့။ အခြေနှစ်ချောင်း မကယ်ကောင်းတဲ့။ ငါကိုကလည်း ညံ့ပါတယ်ကွာ။ ဒီလိုမျိုးကောင်ကို တစ်ခါတည်း ချောက်ထဲကန်ချပစ်ရမှာ။ တောက်- နာသကွာ၊ ငါ့မှာ ရှေ့ဆက်ရမယ့်လမ်း ရှိသေးတယ်ကွ။ ဗလကြီး- အဲ့ကောင် ဘယ်ရွာမှာနေတာတုံး။ မင်းသိရင်လိုက်သွားပြီး အကျိုးအကြောင်း ပြောပြကွာ။ ဒီကောင် ဒုက္ခရောက်မှာစိုးလို့"

"နေတာတော့ တစ်ရွာတည်းပဲ ဦးသူတော်၊ ဒါပေမယ့် ကျွန်တော် မှိန်းလို့ကောင်းတုန်းဗျ"

ဟု အသံလေးလေးကြီးနှင့် ပြောလိုက်ရာ ဦးသူတော်က ဗလကြီး ခေါင်းပေါ်သို့ ကျွန်တော့်နည်းတူ ရေလောင်းချလိုက်မှပဲ ဗလကြီးလည်း စူးစူးဝါးဝါး ထလုပ်တော့၏။ မျက်စိတစ်ဖက်လပ်မှာလည်း ပိုးတုံးလုံးကောင်ကဲ့သို့ ကွေး၍အိပ်စက်လို့နေရာ ဦးသူတော်သည် နှိုးရန်ပြင်ပြီးမှ-

"ဗလကြီး၊ မင်းတို့ရွာက ဘယ်လောက်ဝေးလဲကွ"

ဟု မေးလိုက်ပြီး-

"သိပ်မဝေးရင် ငါတို့လိုက်လို့ရမလား၊ မင်းတို့ရွာမှာ တစ်ညလောက်တည်းပြီး. . ."

"တစ်ည မဟုတ်ပါဘူး ဦးသူတော်၊ တစ်သက်လုံးလည်း ရတယ်။ ရွာက သိပ်မဝေးပါဘူး၊ တောင်နှစ်တောင်ကိုကျော်ပြီး ကုန်းနှစ်ကုန်းဖြတ်ပြီးရင် ရောက်ပြီ"

ဟုပြောရာ ကျွန်တော့်မှာ ဗလကြီးစကားကိုကြားသည်နှင့် ဟိုက်ခနဲဖြစ်သွားတော့၏။ တစ်ဆက်တည်းပင် မုတ်ဆိတ်ကျင်စွယ်ကိုလည်း စိတ်ထဲမှကျိန်ဆဲမိလေ၏။ သို့နှင့်-

"မုတ်ဆိတ်တော့ကွာ၊ အတော့်ကိုဒုက္ခပေးတဲ့လူပဲ။ ဒီလူ ညကတည်းက ကြံနေတာ။ ဟိုမျက်စိတစ်ဖက်လပ်ကို အတင်းဆွယ်ပြီး ဓာတ်လုံးခိုးဖို့ လုပ်နေတာ။ ဟိုလူက လက်မခံတော့ သူကတောင် ဒေါကန်နေသေးတယ်။ ပြီးတော့ ကျုပ်အိပ်နေတဲ့နေရာကိုလာပြီး မီးခြစ်, ခြစ်တယ်။ အဲဒီမှာ ခပ်စူးစူးအနံ့ကြီးရပြီးတော့ ကျုပ်ခေါင်းတွေလေးလာပြီး ချောက်ကြီးထဲကျသွားသလို ဘာမှကိုမသိတော့ဘူး။ ဒီလူ့ဆီမှာ မဟုတ်တာယုတ်ဆေးဝါးတွေများရှိနေလား မပြောတတ်ဘူး"

"ဆေးဝါးမဟုတ်ဘူး ပေတုံးရဲ့၊ လူကိုမိန်းမောယစ်မူးစေတဲ့ သဘာဝအပင်တစ်မျိုးကို အသုံးပြုသွားတာ။ အနံ့က စိမ်းရွှေရွှေကြီးလေ၊ တို့လူကြီးတွေတောင် မခံနိုင်တာ၊ မင်းကလူငယ် ဆိုတော့ ပိုဆိုးတာပေါ့။ ငါ့အမှားပါကွာ၊ ငါကိုက ဒီကောင့်ကို လျှော့တွက်မိတာကိုးကွ"

ကျွန်တော်တို့ စကားပြောနေစဉ် မျက်စိတစ်ဖက်လပ်သည် တဝါးဝါးသမ်း၍ အိပ်ရာမှနိုးလာပြီး ဇက်ပိုးကိုလက်နှင့်နှိပ်ကာ-

"အိပ်လို့တော့ ကောင်းပါရဲ့၊ တစ်ကိုယ်လုံး အားမရှိတော့သလိုကြီး။ ဘယ်လိုကြီးမှန်း မသိပါဘူး၊ ခေါင်းထဲနောက်ကျိကျိနဲ့"

ဟု ပြောလေရာ ဗလကြီးက ထိုင်ရာမှထလိုက်ပြီး ရေတစ်ခွက်ခပ်၍ မျက်စိတစ်ဖက်လပ်၏ခေါင်းပေါ် လောင်းချလိုက်လေ၏။ ထိုအခါမှ မျက်စိတစ်ဖက်လပ်လည်း ဇက်ပိုးကို နှိပ်နယ်၍ 'ခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်ကွာ' ဟုပြော၍ ကျွန်တော်တို့အား ဝေ့ကြည့်လိုက်ပြီး-

"မုတ်ဆိတ်ကော၊ မုတ်ဆိတ်။ ဦးသူတော်ဆီက ဓာတ်လုံးခိုးပြီး လစ်သွားပြီနဲ့တူတယ်"

"အမှန်ပေါ့ တစ်ဖက်လပ်ရာ။ ဓာတ်လုံးခိုးတာတောင် မဟုတ်ဘူး၊ တို့ကိုတောင် ဆေးဝါးတွေသုံးပြီး အိပ်မွေ့ချသွားသေးတယ်ကွ။ အသေမသတ်သွားတာကိုတောင် ကြံဖန်ပြီး ကျေးဇူးတင်ရဦးမယ်။ တကယ့်ကောင်ပါပဲကွာ၊ ကိုယ့်ပစ္စည်းလည်း မဟုတ်ဘဲနဲ့"

"ဟိုက်- ဒုက္ခတော့ရောက်ပြီနဲ့တူတယ် ဦးသူတော်၊ ကျုပ်တို့ ဒီက နေသွားမှဖြစ်မှာဗျ"

မျက်စိတစ်ဖက်လပ်က စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com

တကြိုး ပြောလိုက်သဖြင့် ကျွန်တော့်မှာ ထိတ်ခနဲ ဖြစ်သွားပြီး စိတ်ထဲမှ-

'ဒီလူတော့ ဆေးအရှိန်မပြယ်သေးဘူးထင်တယ်'

ဟု အောက်မေ့မိလိုက်သော်လည်း သူ့ပုံစံမှာ တကယ့်ကို ထိတ်လန့်သောအသွင်ဆောင်နေသဖြင့် ဗလကြီးပင် မျက်လုံးကြီးပြူး၍ တစ်ဖက်လပ်အားကြည့်ပြီး-

"ဘာကိုဒုက္ခရောက်မှာလဲ တစ်ဖက်လပ်ရ။ မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့၊ ငါတောင် လန့်သွားတယ်"

"ကျုပ် ဒီကောင့်အကြောင်း ကောင်းကောင်းသိတယ် ဦးသူတော်၊ ဦးသူတော်ဓာတ်လုံးက ကာယသိဒ္ဓိ ပြီးတော့ ဒီကောင် ဟိုကိုသွားပြီး ရောင်းမှာ"

"ဘယ်ကိုသွားရောင်းမှာလဲကွ၊ နယ်စပ်ဘက်ကိုလား"

"မဟုတ်ဘူး- ဦးသူတော်၊ ဒီကောင် တောဘက်နဲ့ အဆက်အသွယ်ရှိတယ်။ ခုလောက်ဆို ရောက်တောင်ရောက်လောက်ပြီ။ အဲတော့ ဒီဘက်ကို တက်လာမှာပဲ။ အကောင်းဆုံးက ရှောင်နေတာ အကောင်းဆုံး ဦးသူတော်"

ဟု ပြော၍ ဂူအပြင်သို့ ကမန်းကတန်းပြေးပြီး ထွက်ကြည့်လိုက်ရာ များမကြာမီ အထိတ်တလန့်ပုံစံနှင့် ပြန်ဝင်လာပြီး-

"လာကုန်ပြီ ဦးသူတော်၊ လာကုန်ပြီ"

ဟု အော်ပြော၍ ပုန်းစရာနေရာကို လှည့်ပတ်လိုက်ရှာလေတော့၏။ ဗလကြီးမှာ ထင်းချောင်းအတိုကိုကိုင်၍ ရင်ကြီးကိုကော့ပြီး ဂူအပြင်သို့ ထွက်လိုက်သည်နှင့် ကျွန်တော့်မှာ ဗလကြီးကို များစွာ အထင်ကြီးမိသွားပြီး အတော်အားကိုးရတဲ့ လူပဲဟု စိတ်ထဲမှမှတ်ချက်ပေးရန် ပြင်လိုက်လျှင် ဗလကြီးမှာ ထင်းချောင်းကို ကမန်းကတန်းအဝေးသို့ လွှမ်းပစ်၍ ကျိုးနွံသောပုံသဏ္ဌာန်သို့ ရုတ်ခြည်း ပြောင်းလဲသွားရာ ကိုယ့်မျက်လုံးကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရတော့၏။ ဦးသူတော်မှာ တည်ငြိမ်သောမျက်နှာဖြင့် ကျွန်တော့်အား အနားသို့ခေါ်ထားပြီး ဆေးပြင်းလိပ်ကြီးကိုသာ အားရပါးရ ဖွာရှိုက်နေစဉ် မုတ်ဆိတ်ကျင်စွယ်သည် ဂူထဲသို့ဝင်လာပြီး ဦးသူတော်အား လက်ညှိုးထိုး၍ ဆရာကြီးဟုခေါ်သော ဆံပင်စုတ်ဖွားနှင့် လူအား-

"အဲ့အဘိုးကြီးပဲ ဆရာကြီး"

ဟု အသံဝဲဝဲနှင့်ပြောလိုက်ရာ ကျွန်တော့်မှာ မုတ်ဆိတ်ကျင်စွယ်အားကြည့်၍ ဒီလူ ဘယ်တုံးကများ စကားဝဲသွားပါလိမ့်ဟု တစ်ကိုယ်တည်း မေးမိသေး၏။ တစ်ဆက်တည်းပင် ဗလကြီး ဘာကြောင့်အချိုးပြောင်းသွားသည်ကိုလည်း သိလိုက်ရသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်လိုက်မိသေး၏။ လက်နက်ကိုင်အစောင့်နှစ်ယောက်မှာ ဂူပေါက်ဝတွင် သေနတ်များ ကိုယ်စီကိုင်၍ စောင့်နေကြပြီး ကျန်နှစ်ယောက်မှာ ဆရာကြီးဟုခေါ်သော စုတ်ဖွား၏ အနောက်တွင် သက်တော်စောင့်များကဲ့သို့ သေနတ်ပြောင်းများကို ကျွန်တော်နှင့်ဦးသူတော်ဘက် ထိုးချိန်လို့ထားရာ ဦးသူတော်ကြီးမှာ မည်သို့မျှမဖြစ်သော်လည်း ကျွန်တော့်မှာ ငယ်ရွယ်လှသေးသဖြင့် အလွန်ကိုကြောက်မိပေ၏။ ထိုအခြင်းအရာကို ဦးသူတော်က ဆရာကြီးဟုခေါ်သော စုတ်ဖွားအား လှမ်း၍-

"ဆရာကြီး၊ ဆရာကြီးရဲ့တပည့်တွေကို ပြောပေးပါဦး။ သေနတ်ပြောင်းကြီးတွေကို ကျုပ်တို့ဘက် မချိန်ထားပါနဲ့လို့။ ကျုပ်ကတော့ မကြောက်တတ်ပေမယ့် ဟောဒီက ကျုပ်ကောင်က ကြောက်တတ်တယ်ဗျ"

ဟု ပြောလိုက်လျှင် ဆရာကြီးစုတ်ဖွားကလည်း တပည့်နှစ်ယောက်အား သူတို့ဘာသာစကားနှင့် ပြောလိုက်၏။ ထိုအခါမှပဲ ကျွန်တော်လည်း အသက်ကိုဝအောင်ရှူရပြီး အသည်းနှလုံး ငြိမ်သွားတော့၏။ ဆရာကြီးစုတ်ဖွားမှာ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ယူလိုက်ပြီး ဦးသူတော်အားကမ်းပေးရာ ဦးသူတော်က ခေါင်းကို ယမ်းပြလိုက်ပြီး-

"ကျေးဇူးပါပဲ၊ ကျုပ်က ဆေးပြင်းလိပ်ပဲသောက်တဲ့သူပါ"

ဟု ပြောလိုက်လျှင် ဆရာကြီးစုတ်ဖွားသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး စီးကရက်တစ်လိပ်ကိုထုတ်၍မီးညှိလိုက်ပြီး ပါးစပ်တွင်ခဲကာ အရသာခံ ရှိုက်ဖွာလိုက်၏။ ပြီးမှ ဦးသူတော်အား သက်ာမကင်းပုံစံနှင့် ကြည့်လိုက်ပြီး-

"ခင်ဗျားတို့ ဘာသာလုပ်တာတုံး၊ တပ်ကလား"

"ကျုပ်တို့က ဆေးမြစ်လာရှာတာပါ။ ကျုပ်က ဘုန်းကြီးကျောင်းမှာ ကပ်နေရတဲ့သူ။ ဒီကောင်လေးက ကျောင်းသား။ ဘယ်တပ်ကမှ မဟုတ်ပါဘူး၊ သာမန် အရပ်သားတွေပါ"

"ဆရာကြီး၊ကျွန်တော်က ဆရာကြီးတို့ အမြဲဆက်ကြေးလာကောက်နေတဲ့ တုံးကျော်ရွာက ဗလကြီးပါ"

ဟု ဗလကြီးက ကျိုးနွံသည့်ဟန်နှင့် မိတ်ဆက်လိုက်ရာ ဆရာကြီးစုတ်ဖွား၏ လက်သည် ရုတ်တရက်မြောက်တက်သွားပြီး ဗလကြီးကိုရိုက်ချလိုက်သည်နှင့် ဗလကြီးမှာ ငိုက်ခနဲဖြစ်သွားပြီး နှာခေါင်းမှသွေးများစီးကျလာတော့၏။ တစ်ဖန် ဖိနပ်နှင့်ဆောင့်ကန်လိုက်ရာ ဗလကြီးထံမှ ဗွတ်ခနဲ အသံကြီးထွက်ပေါ်လာပြီး နောက်သို့လန်ကျသွားသည်ကို တွေ့ရ၏။ တပည့်နှစ်ယောက်အား ကျွန်တော်တို့နားမလည်သောစကားနှင့်ပြောလိုက်သည်နှင့် ထိုသူနှစ်ဦးမှာ ဗလကြီးကို ဆွဲမ,၍ ဂူပြင်သို့ ထုတ်ယူရန် ပြင်ကြသောအခါ ဦးသူတော်က ထိုသူတို့၏အကဲကို ရိပ်မိသွားပြီး-

"မလုပ်ကြပါနဲ့ဗျာ၊ လူသတ်ရလောက်အောင် အပြစ်မကြီးပါဘူး။ ပါးစပ်နဲ့ပြောလို့ရပါတယ်၊ မသတ်ကြပါနဲ့"

ဟု တောင်းပန်စကား ပြောလိုက်လျှင် ဆရာကြီး စုတ်ဖွားသည် ခါးတွင်ချိတ်ထားသော သေနတ်ကိုထုတ်၍ ဦးသူတော်ကြီး၏ရင်ဝအား ထိုးချိန်လိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com

"ဒါလေးကွေးလိုက်တာနဲ့ ဘာဖြစ်သွားမလဲဆိုတာ သိတယ် မဟုတ်လား။ ဟော့ကောင်- မုတ်ဆိတ်၊ မင်းယူလာတဲ့ ခေါက်လုံးက ဒီအဘိုးကြီးဟာလား"

"ဟုတ်ပါတယ် ဆရာကြီး။ ဓားတော့ ပြီးတယ်၊ သေနတ်ပြီး, မပြီးတော့ ကျွန်တော်လည်းမသိဘူး"

ဟု လေသံဝဲဝဲနှင့်ပြောလိုက်လျှင် ဆရာကြီးစုတ်ဖွားသည် နှုတ်ခမ်းတွန့်ရုံမျှပြုံးလိုက်ပြီး သူ့အိတ်ထဲမှ မုတ်ဆိတ်ကျင်စွယ် ခိုးသွားသော ဦးသူတော်ကြီး၏ခေါက်လုံးကို ထုတ်ယူ၍-

"ကဲ- ဖိုးသူတော်ကြီး၊ ခင်ဗျားပစ္စည်း တကယ် စွမ်း,မစွမ်း ခင်ဗျားကိုယ်တိုင်ပြရမယ်"

ဟု ပြောလေရာ ကျွန်တော့်မှာ ဒေါသများ အလိပ်လိုက်တက်လာပြီး မုတ်ဆိတ်အား တစ်စစီဖြစ်အောင် ပြုလုပ်ချင်ပါသော်လည်း သေနတ်ကြီးကို မြင်ရသည်နှင့် ဒေါသစိတ်များကို အတင်းမျိုထားရလေတော့၏။ မုတ်ဆိတ်ကျင်စွယ်မှာ ဆရာကြီးစုတ်ဖွားပြောသောစကားကို အလျင်အမြန်ထောက်ခံလိုက်ပြီး ဦးသူတော်ကြီးအား 'ခင်ဗျားတော့ သေမှာပဲ' ဟူသောပုံစံနှင့်ကြည့်၍ အူမြူးနေသည်ကိုတွေ့ရသဖြင့် ကျွန်တော့်မှာ 'မြန်မာပြည်ကြီး သူ့ကျွန်ဘဝရောက်တာ ဒီလိုလူမျိုးတွေကြောင့်ပါလား' ဟု စိတ်ထဲ တွေးမိတွေးရာ တွေးလိုက်မိသေး၏။ ဦးသူတော်ကြီးမှာ ဆရာကြီးစုတ်ဖွား ပြောလိုက်သည်နှင့် တုန်လှုပ်ခြင်းမရှိဘဲ ခြသေ့်မင်းကြီးကဲ့သို့ ကြောက်လန့်မှု ကင်းဝေးပြီး အေးဆေးတည်ငြိမ်သောမျက်နှာထားနှင့်-

"ဟုတ်တာပေါ့ ဆရာကြီးရယ်၊ ဆရာကြီးရဲ့စကားဟာ အထူးကိုသင့်လျော်လှပါတယ်။ ခေါက်လုံးက ကျုပ်ပစ္စည်းဆိုတော့ ကျုပ်ကိုယ်တိုင်ပဲစမ်းပြရမှာပေါ့။ ဒါမှလည်း တကယ်စွမ်း, မစွမ်း သိရမှာပေါ့။ ပေးပေး ဆရာကြီး ဒါနဲ့ ဒီမှာပဲ စမ်းမလို့လား"

ဟု ပြောလိုက်လျှင် ဆရာကြီးစုတ်ဆိတ်သည် ဂူကြီး၏ အနေအထားကိုကြည့်လိုက်ပြီး ခေါင်းကိုယမ်း၍-

"အပြင်မှာ စမ်းမယ်၊ ဒီထဲက အန္တရာယ်များတယ်။ ဒါနဲ့ ဖိုးသူတော်ကြီး၊ ခင်ဗျား သေမှာ မကြောက်ဘူးလား"

"ဩော်- ဆရာကြီးရယ်၊ သေတာများအဆန်းလုပ်လို့။ လောကမှာ တစ်ခါမွေးပြီးရင် တစ်ခါကတော့ သေမှာပဲလေ။ စောစောသေတာနဲ့ နောက်ကျမှသေတာပဲရှိတယ်၊ သေတာကတော့ အကုန်သေကြရမယ့် မသာတွေချည်းပဲ။ ဘာများဆန်းလို့တုံး ဆရာကြီးရယ်. . . ဟေးဟေး"

ဟုပင် ရယ်မော၍ ပြောဆိုလိုက်သဖြင့် မုတ်ဆိတ်သည် ဦးသူတော်ကြီးအား စိတ်မှကောင်းပါပေရဲ့လားဟူသော သဘောနှင့် ကြည့်ကာ လှည့်ထွက်သွားလေတော့၏။ ဗလကြီးမှာ မြေကြီးပေါ်တွင် ဝက်ကြီးတစ်ကောင်ကဲ့သို့ ရှိနေသဖြင့် ဗလကြီးကို ကြည့်ပြီး လွန်စွာ နားအေးပါပေ့ဟု စိတ်ထဲအောက်မေ့မိလေ၏။ မျက်စိတစ်ဖက်လပ်မှာ ကျောက်ခုတင်ကြီး၏ နောက်ဘက်တွင် ခေါင်းကို ပုပြီး ပုန်းနေသည်မှာ အသက်ရှူသံပင် မကြားနိုင်လောက်အောင် ဖြစ်၏။ ဂူထဲမှထွက်သည်နှင့် ကျွန်တော်က ဦးသူတော်ကြီးအား စိုးရိမ်တကြီးကြည့်လိုက်ပြီး-

"ဖြစ်ပါ့မလား-ဦးသူတော်။ ဓားမဟုတ်ဘူးနော်၊ သေနတ်ဗျ, သေနတ်။ တစ်ခါတည်း အသက်ပျောက်သွားနိုင်တယ်နော်။ ဟုတ်မှလည်းလုပ်ပါဗျာ၊ တော်ကြာ- ကျွန်တော်တစ်ယောက်တည်း ပြန်နေရဦးမယ်"

"ဟာ-ဒီကောင် ပေတုံး၊ ငတင့်သားကလည်းကွာ။ ဓားပြီးမှန်းတော့ ငါသိတာပေါ့ကွ၊ ကျည်ပြီး,မပြီးတော့ စမ်းရမှာပေါ့။ ဒါပေမယ့် ငါ မသေပါဘူးကွာ၊ မင်းကြည့်နေ။ ဘယ့်နှယ်ကွာ၊ သီလတွေ အထပ်ထပ်စောင့်ထားတဲ့ငါလိုသူတော်ကိုများ လာစမ်းချင်ကြသေးရဲ့။ လားလား-ပြောသာပြောရတယ်ကွ၊ ဒီမှာသေးတွေထွက်ကျကုန်ပြီ"

ဟု ဝတ်ထားသောပုဆိုးကိုဖြန့်ပြရာ စိုထိုင်းထိုင်းအကွက်ကြီးကို တွေ့လိုက်ရသဖြင့် ကျွန်တော်လည်း အားရပါးရ အော်ရယ်လိုက်ရာ-

"ဟော့ကောင်- အဲ့လောက်ကြီး မရယ်နဲ့လေကွာ၊ ရေတွေပါကွ။ ဂူထဲကမထွက်ခင် ရေလေးတော့သောက်သွားဦးမှပဲဆိုပြီး သောက်နေတာ။ ကောင်းကောင်းတောင် မသောက်လိုက်ရပါဘူးကွာ။ သေနတ်နဲ့ကျောဆောင့်ထိုးလို့ ရေတွေဖိတ်ပြီး ပုဆိုးကိုစိုကုန်တာပါကွ"

ဟု ပြောလျှင် ကျွန်တော်လည်း ထပ်မံ၍ တဟားဟားရယ်မောလိုက်ပြန်ရာ ဆရာကြီးစုတ်ဖွားက နောက်သို့လှည့်ကြည့်လိုက်ပြီး-

"ဘာတွေ ဒီလောက်ကြီးရယ်နေကြတာတုံး"

ဟု မေးလျှင် ဦးသူတော်က-

"ဘာရယ်မဟုတ်ပါဘူး ဆရာကြီးရယ်၊ ကျုပ်သေသွားရင် ရွာမှာကျန်ခဲ့တဲ့မိန်းမကို ဘုန်းကြီးလေးပင့်ပြီး ကောင်းကောင်းမွန်မွန် ဆွမ်းကျွေးဖို့ မှာနေတာပါ"

ဆရာကြီးမှာ ဦးသူတော်စကားကို ကြားပြီး တဟားဟား ရယ်မော၍ 'အတော်နောက်တဲ့ ဖိုးသူတော်ကြီးပဲ' ဟု ပြောလိုက်ပြီး အသင့်အတင့်ကျယ်ဝန်းသောနေရာ ရောက်သည်နှင့်-

"ကဲ- ဖိုးသူတော်ကြီး၊ ခင်ဗျားခေါက်လုံး တကယ်စွမ်း, မစွမ်း ကြည့်ရသေးတာပေါ့။ ဟိုမှာ သွားရပ်"

ဟု သေနတ်ကြီးကိုင်ပြီး ညွှန်ပြလိုက်သည်နှင့် ဦးသူတော်လည်း ခေါက်လုံးကို ပွတ်ခြေပြီး ပါးစပ်ထဲထည့်ကာ ပါးစောင်နေရာတွင် ငုံ၍ ဆရာကြီးစုတ်ဖွားအား စူးစိုက်ကြည့်နေသည်ကိုတွေ့ရ၏။ ကျွန်တော်မှာ ဆရာကြီးစုတ်ဖွားက သေနတ်ကို မိုးပေါ်ထောင်၍ ဒိန်းခနဲ ပစ်ဖောက်လိုက်သည်နှင့် အသံည်းနှလုံးများ ပြောင်းပြန်ဖြစ်သွားသည့်အလား ခံစားလိုက်ရပြီး လူလည်း လန့်ဖျပ်၍ ဟိုခုန် ဒီခုန် ခုန်မိလိုက်သေး၏။ ဦးသူတော်ကြီးမှာ ဖိုရုံထဲတွင် ရပ်နေသကဲ့သို့ရှိသဖြင့် လူမှဟုတ်ပါလေစဟုတွေးပြီးကြည့်မိ၏။

တစ်ဖန် ဆရာကြီး စုတ်ဖွား



www.burmeseclassic.com

www.burmeseclassic.com

သည် သေနတ်ကို ဦးသူတော်ထိပ်တည့်တည့် ချိန်ရွယ်ထားရမှ လက်ကိုရုပ်သိမ်းလိုက်ရာ ဦးသူတော်က ဆရာကြီးစုတ်ဖွားအား စိတ်မရှည်ဟန်နှင့်-

"ပစ်လေကွာ၊ ဘာလုပ်နေတာတုန်း။ ပစ်သာပစ်စမ်းပါကွ၊ ဒီမှာရပ်နေရတာ ညောင်းလှပြီ"

ဟု ပြောလိုက်လျှင် ဆရာကြီးစုတ်ဖွားလည်း မျက်နှာရဲခနဲဖြစ်သွားပြီး ဦးသူတော်ကြီးတည့်တည့် ပစ်ချလိုက်ရာ ကျွန်တော့်မှာ မျက်စိရောနားပါပိတ်ထားလိုက်ရတော့၏။ ဒိန်းဆိုသောအသံကြီး မကြားရသဖြင့် မျက်လုံးကို ကမန်းကတန်းဖွင့်ကာ ကြည့်လိုက်ရာ ဆရာကြီးစုတ်ဖွား၏ သေနတ်မှာ ဦးသူတော်ကြီးကို ချိန်၍ပစ်ခတ်သော်လည်း ချလော်က် ချလောက် ဟူသော အသံသာ ထွက်နေသဖြင့် ကျွန်တော့်မှာ များစွာ အံ့ဩသွားပြီး သေနတ်တောင်ပြီးပါလေ့ဟု ဦးသူတော်ကြီးအားကြည့်၍ ပြောလိုက်လျှင် ဆရာကြီးစုတ်ဖွားသည် မိုးပေါ်ထောင်၍ပစ်လိုက်ပြန်ရာ ဒိန်းခနဲအသံကြီး ထွက်သွားသဖြင့် ကျွန်တော်လည်း ခွေ့ခွေ့ခုန်သွားပြီး နားကိုပိတ်လိုက်ရတော့၏။ မုတ်ဆိတ်မှာ ထိုအခြင်းအရာကို မြင်သည်နှင့် မျက်စိမျက်နှာပျက်သွားပြီး ဦးသူတော်ကြီးအား မျက်လုံးပြူးကြီးနှင့် စားမတတ်ဝါးမတတ် ကြည့်နေရာမှ တစ်ဖန် အချိုးပြောင်းသွားပြီး-

"ယုံပြီ မဟုတ်လား ဆရာကြီး၊ ဒီဓာတ်လုံးက တကယ့်ကို စွမ်းတဲ့ဓာတ်လုံး။ ရှေးမြန်မာမင်းတွေသုံးခဲ့ကြတာလေ။ ဘာပဲပြောပြော ငွေတစ်သိန်းတော့ တန်တယ် ဆရာကြီး"

ဟု စကားသံဝဲဝဲနှင့်ပြောလိုက်လျှင် ကျွန်တော့်မှာ မုတ်ဆိတ်၏ ခေါင်းအား တုတ်နှင့် အသားကုန်ရိုက်ခွဲပစ်လိုက်ချင်တော့၏။ ဦးသူတော်ကြီးမှာ မုတ်ဆိတ်၏စကားကို ကြားသော်လည်း ဒေါသထွက်ခြင်းမရှိဘဲ ပါးစပ်ထဲမှဓာတ်လုံးကို ထုတ်ယူ၍-

"စဉ်းစားပေါ့ ဆရာကြီးရယ်၊ အဆောင်လက်ဖွဲ့ဆိုတာ ဆောင်တဲ့သူရဲ့ သီလ၊ သမာဓိနဲ့လည်း ဆိုင်တယ်။ ငွေတစ်သိန်းဆိုတာ ဒီခေတ်ကြီးထဲမှာ နည်းတဲ့ဟာ မဟုတ်ဘူး"

"ဟာ-ဒီဖိုးသူတော်ကြီးက တစ်မျောင့်။ ဒီမှာ အရောင်းအဝယ်လုပ်နေတာ၊ ဈေးလာမဖျက်ပစ်နဲ့။ ဟိုဘက်မှာ သွားထိုင်နေ"

ဟု မုတ်ဆိတ်က ဆရာကြီးစုတ်ဖွားအားကိုးနှင့်မာန်မဲလိုက်လျှင် ဆရာကြီးစုတ်ဖွားသည် ဦးသူတော်လက်ဝါးပေါ်မှဓာတ်လုံးကို လှမ်းယူလိုက်ပြီး မုတ်ဆိတ်အား-

"ကဲ- နောက်တစ်ခါ ထပ်စမ်းမယ်၊ သွား- ခင်ဗျား ဟိုမှာသွားရပ်"

"ဗျာ- ဆရာကြီး၊ ဘယ်လို- ထပ်စမ်းဦးမှာလား၊ စမ်းပြီးပြီလေ"

"ဟုတ်တယ်၊ ကျုပ် ထပ်စမ်းကြည့်ချင်သေးတယ်။ ကျုပ်ကျေနပ်လောက်မှ ငွေချေမယ်"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ကျင်စွယ်နှင့်လူမှာ ကိုယ့်အတက်နဲ့ကိုယ်စူးသကဲ့သို့ တစ်ကိုယ်လုံးတောင့်တောင့်ကြီးဖြစ်သွားသည်ကို တွေ့ရလေ၏။ ဆရာကြီးစုတ်ဖွား ညွှန်ပြသည့်နေရာသို့ မသွားသေးဘဲ ဓာတ်လုံးကြီးကိုကိုင်၍ တွေတွေကြီးရပ်နေသဖြင့် ဆရာကြီးစုတ်ဖွားက သေနတ်ကို မိုးပေါ်ထောင်၍ပစ်လိုက်ရာ ဒိန်းခနဲ အသံကြီးထွက်သွားသဖြင့် ကျွန်တော့်မှာ လန့်ဖျပ်ပြီး နားကိုပိတ်လိုက်ရပြန်၏။ ဦးသူတော်ကြီးမှာ မည်ကဲ့သို့မျှမဖြေဘဲ ဆေးပြင်းလိပ်ကြီးကိုသာ ခဲနေသဖြင့်-

"ဦးသူတော်. . . ဦးသူတော် မကြောက်ဘူးလား"

"ငါက ဘာကို ကြောက်ရမှာတုံး။ ဂျပန်ခေတ်တုန်းကတောင် မင်းအဖေ ငတင်နဲ့ငါ ဗုံးတွေကြားမှာ စိမ်ပြေနပြေ ကစားခဲ့ကြသေးတယ်၊ ဒီအသံက ဆိတ်အီးပေါက်သံလောက်ပဲ ရှိသေးတာကွ"

ဟုပြောလေရာ ကျွန်တော့်မှာ ဦးသူတော်ကြီးအား လူထူးလူဆန်းကြီးတစ်ယောက်ပါပေလားဟု ငေး၍ ကြည့်မိ၏။ မုတ်ဆိတ်ကျင်စွယ်မှာ ဦးသူတော်ဓာတ်လုံးကိုကိုင်၍ နေရာတွင်ရပ်နေသဖြင့် ဆရာကြီးစုတ်ဖွားက ဆဲဆိုကြိမ်းမောင်းပြီး-

"ဘာလဲ- ခင်ဗျား မစမ်းရဲဘူးလား၊ ဖိုးသူတော်ကြီးတောင် စမ်းပြီးပြီ။ ခင်ဗျား ကျုပ်ကို လာပြီး လိမ်မယ်မကြံနဲ့။ ပိုက်ဆံကျတော့ လိုချင်တယ်၊ ကိုယ်တိုင်ကျတော့ မစမ်းချင်ဘူး"

"စမ်းပါ့မယ် ဆရာကြီးရာ။ ကျည်မထွက်ရင်တော့ ငွေတစ်သိန်းတိတိနော် ဆရာကြီး"

"စိတ်ချစမ်းပါဗျာ၊ ခင်ဗျားဘက်က စိတ်ချရင် ကျုပ်ဘက်ကလည်း သေချာရမှာပေါ့"

မုတ်ဆိတ်ကျင်စွယ်မှာ ဓာတ်လုံးကို ဦးသူတော်ငုံသကဲ့သို့ ပါးစပ်ထဲငုံပြီး ရင်ကြီးကော့ကာ အသင့်အနေအထားရှိသော်လည်း မျက်လုံးမှာ ပြူးထွက်နေသဖြင့် ကျွန်တော့်မှာ ထိုသူအားကြည့်ပြီး အောင်ဘုပြောသော ဘီလူးသံပရာသီးစားတဲ့ မျက်နှာကို အမှတ်ရသွားသဖြင့် တစ်ကိုယ်တည်း ရယ်မိလေ၏။

"ဘာရယ်တာလဲကွ ပေတုံး"

"ဩော်- ဘာရယ်မဟုတ်ပါဘူး ဦးသူတော်ရာ၊ မုတ်ဆိတ်ကျင်စွယ် ဖြစ်နေတဲ့ပုံကို ကြည့်ပြီး အောင်ဘုပြောတဲ့ ဘီလူး သံပရာသီးစားတဲ့ မျက်နှာကို မျက်လုံးထဲ ပြေးမြင်မိလို့ပါ။ ကြည့်ပါလား၊ ကြောက်ပြီး မျက်လုံးကြီးထွက်ကျတော့မယ့်အတိုင်းပဲ"

"ဟေးဟေး- ဟုတ်ပါလားကွ။ ငါ့အလှည့်တုန်းကတော့ တဟီးဟီးလုပ်နေတဲ့ကောင်၊ သူ့အလှည့်ကျတော့။ ပေတုံး၊ မင်းကြောက်တတ်လား"

"ဦးသူတော်ကြီး ရှိနေတာပဲ၊ ကျုပ်က ဘာကြောက်ရမှာတုံး"

"အေး- ဒါဆိုလည်း ကြည့်ပေါ့ကွာ၊ လူတစ်ယောက်ရဲ့ထိပ်ကိုကျည်ဆန်ဖောက်သွားရင် ဘယ်လိုဖြစ်သွားတယ် ဆိုတာ မြင်ဖူးအောင်ကြည့်"

"ဟာ. . . ဦးသူတော်ကြီးကလည်း၊ မပြောကောင်း မဆိုကောင်းဗျာ"

"ပြောကောင်းလို့ပြောတာပေါ့ကွ။ အဆောင်လက်ဖွဲ့ဆိုတာ ဆောင်တဲ့သူရဲ့ သီလ၊ သမာဓိကို လိုပြီး



www.burmeseclassic.com

www.burmeseclassic.com

# သဲဝဲယားနာပျောက် လိမ်းဆေးနည်း

သဲဝဲယားနာသည် ခြေထောက်၊ ခြေချောင်းလေးများကြားတွင် ပေါ်ပေါက်တတ်သော အနာတစ်မျိုးဖြစ်ပြီး *အလွန်ပင် ပျောက်နိုင်ခဲသောအ*ရာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခြေထောက် ဟူသည်မှာ မြေပြင်ပေါ်၌ မသန့်သောနေရာ၊ သန့်သောနေရာများစွာသို့ သွားလာနေရသဖြင့် မသန့်သောအင်းဆက်ပိုးများ သဲဝဲအနာထဲသို့ ဝင်ရောက်နိုင်သောကြောင့် ဖြစ်ပါသည်။

ခြေထောက်သဲဝဲနာ ယားယံသဖြင့် လက်နှင့်ကုတ်ခြစ်သောအခါ လက်ချောင်းများအကြားသို့ပါ သဲဝဲယားနာ ကူးစက်ကာ ပြန့်ပွားလေတော့သည်။

သဲဝဲသည် ရေထဲ၊ သဲချောင်း၊ သဲမြစ်ထဲတွင် သွားလာ လုပ်ကိုင်ရသူများ၌ အများဆုံး ဖြစ်တတ်ပါ၏။ အသားစ အပွားလေးများ ပွဲကြွေကျတတ်သဖြင့် သဲဝဲစားယားနာ ဟူ၍လည်း ခေါ်ကြပါသည်။

ထိုသဲဝဲစား ယားနာအတွက် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ရပ်သုံးရွာသုံးဆေးနည်းကို တင်ပြပါမည်။

ငှက်ပျောပင်မှ ငှက်ပျောသီးသီးရန်ထွက်လာသော ငှက်ပျောဖူးမှ ငှက်ပျောသီး အဖီးလေးများ ထွက်လာချိန်တွင် ကွာကျ၊ ကြွေကျသော ငှက်ပျောဖူးအခွံကို အခြောက်လှန်း၍ ပြာချရပါသည်။ ထိုငှက်ပျောဖူးပြာနှင့် ကန့်ဝါအမှုန့် ဆတူရော၍ ခေါင်းလိမ်းအုန်းသီး (စားအုန်းဆီ မဟုတ်ပါ။) နှင့် ရောဖျော်ပြီး တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ လိမ်းပေးပါ။ အနည်းဆုံး ၇ ရက်မှ ၁၀ ရက်အထိ ဂရုတစိုက် လိမ်းပေးမှ သက်သာပျောက်ကင်းပါသည်။

သဲဝဲယားနာရှိသူသည် သီးသန့်အနေအထိုင် သန့်ရှင်းစေဖို့ လိုပါသည်။ အဘယ်ကြောင့်ဆိုသော် အခြားသူများကို ကူးစက်လွယ်သောကြောင့် ဖြစ်ပါသည်။ အထက်ပါလိမ်းဆေးနည်းကိုသာ မပျောက်မချင်း ဂရုစိုက်လိမ်းပေးပါ။ သက်သာပျောက်ကင်းသော၊ ဘေးထွက်ဆိုးကျိုး လုံးဝမရှိသောဆေးနည်းဖြစ်၍ တင်ပြလိုက်ပါသည်။

နေမင်း(နတ်မောက်)

BURMESE CLASSIC .com

စွမ်းတာကွ။ ငါက ငါ့ကိုယ်ငါ ယုံတယ်။ အဲဒါကြောင့်လည်း အပစ်ခံတာပေါ့"

"ဩော်- သူလည်း သူ့ကိုယ်သူယုံလို့နေမှာပေါ့ ဦးသူတော်ရာ။ ငွေတစ်သိန်းကြီးတောင်လေ။ အောင်မြင်သွားရင် ဦးသူတော်ကြီးကိုလည်း တစ်ဝက်ခွဲပေးမှာပေါ့ဗျ"

"ထွီ- မင်းမို့လို့ ဒီစကားပြောနေသေးတယ်။ ဒီလိုကောင်လား ပေးမှာ။ ဟော- သေနတ်နဲ့တော့ ချိန်ထားပြီဟေ့။ မှတ်ဆိတ်ရေ ဘုရားသာတ,တော့ကွ"

ဟု ပြောလိုက်လျှင် ဆရာကြီး စုတ်ဖွား ကိုင်ထားသော သေနတ်မှ ဒိန်းခနဲအသံကြီးထွက်သွားသည်နှင့် မုတ်ဆိတ်ပါးစပ်မှဓာတ်လုံး ခုန်ထွက်သွားပြီး လူလည်းလန်ကျသွားတော့၏။ မုတ်ဆိတ်မှာ နဖူးတွင်အပေါက်ကြီးဖြစ်၍ နောက်သို့ပွင့်ထွက်သွားရာ ဦးနှောက်မှာ ဖွာလန်ကျဲထွက်ကုန်သဖြင့် ကျွန်တော်မှာ ထိုအရာကြီးကြည့်မိပြီး သားငါးစားချင်စိတ်ပင် ကုန်သွားတော့၏။ ဆရာကြီး စုတ်ဖွားမှာ ဘာမှမဖြစ်သကဲ့သို့ရှိပြီး စီးကရက်ကိုခဲ၍-

"သူ့စရိုက်နဲ့သူ သွားပြီ ဖိုးသူတော်ကြီး၊ ဒီကောင် ဒါမျိုးတွေနဲ့ လိုက်လိမ်နေတာကြာပြီ။ အခုမှပဲ သေတော့တယ်။ ဒါနဲ့ ဦးသူတော်ကြီးကျတော့ ဘာလို့ ကျည်ဆန်မထွက်တာလဲ။ ကျုပ် သေသေချာချာကြီးကို ချိန်ပြီးပစ်တာ"

"ဩော်- ဆရာကြီးရယ်၊ ဒါကလည်း ဆောင်တဲ့သူရဲ့ သီလ သမာဓိနဲ့လည်း ဆိုင်တယ်လေ။ ဆရာကြီး- ကိုယ့်ကိုယ်ကိုယ်ယုံရင် ယူထားလိုက်လေ"

"မလုပ်ပါနဲ့ ဖိုးသူတော်ကြီးရယ်၊ ကျုပ်တို့နဲ့မကိုက်ပါဘူး။ ကျုပ် အဘိုးပေးတဲ့လက်ဖွဲ့တောင် ကျုပ်လွှင့်ပစ်လိုက်ပြီ၊ ဘာလို့လဲဆို အရက်နဲ့မိန်းမရှောင်ရမယ်ဆိုလို့။ ကဲ- ကျုပ်တို့သွားမယ်။ စိတ်ချမယ်နော်"

ဆရာကြီး စုတ်ဖွားတို့ ထွက်သွားသည်နှင့် ကျွန်တော်တို့လည်း ဂူသို့ သုတ်ခြေတင်ကြရာ တစ်ဖက်လပ်က ကျွန်တော်တို့ကိုမြင်သည်နှင့် မုတ်ဆိတ်အား မေးလျှင် သေပြီဟု သိရသည်နှင့် ရင်ဘတ်ဖိ၍ ကျောက်တုံးကိုမှီပြီး ထိုင်ချလိုက်လေတော့သတည်း။

လူဦးမင်း



www.burmeseclassic.com

www.burmeseclassic.com

ဘကြီးတော်မင်းတရားလက်ထက်တော်ကြီးတွင် မိုးကောင်းမြို့ အရှေ့မြောက်ယွန်းယွန်း ခရီးသုံးသောင်းကွာ မြစ်လယ်အတွင်းရှိ ကျွန်းတွင် ကျွန်းဖိုပင်နှင့်ကျွန်းမပင် နှစ်ပင်ရှိသည်။ ထိုကျွန်းမပင်နှင့် ကျွန်းဖိုပင်တို့သည် ညလူခြေတိတ်ချိန်များတွင် အတူပူးတွဲနေပြီး နံနက် အရုဏ်လာသည်နှင့်ခွာကြ၍ အပင်ထောင်မြဲထောင်နေသည်ဟု ဆို၏။



## လျှမ်းထက်
# ထူးဆန်းတွေ့လာရကွာကမ္ဘာ

"ရောဂါက တော်တော်ဆန်းတဲ့ရောဂါပေါ့ဗျာ။ ကျုပ်ဟာ တစ္ဆေ့သရဲလည်း မကြောက်၊ မိစ္ဆာဖလာလည်း အယူဝါဒ မရှိဘူး။ နို့ပေမယ့် ဒီလူကြီးကိစ္စတော့ အလောင်းကို ခွဲစိတ်ပြီးလို့ မြေမြှုပ်တဲ့အခါကျတော့ ခေါင်းနားပန်းကြီးပြီး ကြက်သီးမွေးညင်းထမိတယ် ဦးပန်းမောင်ရေ။

အလောင်းကို မြှုပ်ပြီးတော့ ဘာဖြစ်သလဲသိလား။ ကြို့ကုန်းမှာ ကျုပ်ဝယ်ထားတဲ့ခြံတစ်ခြံရှိတယ် ဦးပန်းမောင်ရဲ့။ ခြံက လူမနေပါဘူး၊ ခြံစောင့်အဘိုးကြီးတစ်ယောက်ပဲ ရှိတယ်။ ဦးမှတ်ကြီးရဲ့အလောင်းကို အဲဒီခြံရဲ့ထောင့်မှာ မြှုပ်လိုက်တယ်။

အဲဒီလို ကျုပ်ခြံထဲမှာမြှုပ်တာ တခြား မဟုတ်ဘူး၊ သေပြီးတဲ့နောက် သူ့ရဲ့ခန္ဓာကိုယ်ကြီးဟာ ရောဂါရဲ့ သတ္တိကြောင့် တစ်မျိုးတစ်မည်များ ပြောင်းလဲဦးမလားလို့ ထင်လို့ပါ။ ဒါနဲ့ပြီး တစ်လလောက်အကြာ ခြံစောင့်အဘိုးကြီးက အလောင်းမြှုပ်တဲ့နေရာ ခြေရင်းဘက်ကနေပြီး ရှားစောင်းပင်လို အပင်တစ်ပင် ပေါက်လာတာ တစ်တောင်လောက်ရှိပြီလို့ လာပြောတယ်။

ကျုပ်က ရှားစောင်းပင်ဆိုတာ ဘယ်နေရာမျိုးမဆို ပေါက်တတ်တာမျိုးပဲဗျာ၊ ဘာများထူးဆန်းလို့လဲလို့ ပြောလွှတ်လိုက်တယ်။ ဒါနဲ့ အမှတ်မဲ့နေလိုက်ပြီး နောက်သုံးလလောက်ကြာတော့ ခြံစောင့်အဘိုးကြီး တစ်ခါရောက်လာပြီး ဆရာရေ- ကျွန်တော်ပြောတဲ့ အပင်ကြီးဟာ လူတစ်ရပ်လောက်ရှိနေပြီ။ ဒီပြင်ရှားစောင်းပင်တွေလို ဆူးတွေဘာတွေမရှိဘူး၊ ပုံကလည်း လူကြီးတစ်ယောက် ရပ်သလိုပါပဲ ဆရာရယ်။ ခြေထောက်နေရာ, လက်နေရာ,ခေါင်းနေရာတွေက လူအတိုင်းပါပဲ ဆရာရယ်၊ လိုက်ကြည့်ပါဦးလို့ပြောတော့ လိုက်ကြည့်မိတယ်။ ဦးပန်းမောင်ရေ- ခေါင်းနဲ့, ခြေနဲ့, လက်နဲ့ သူ့နေရာနဲ့သူ ပေါက်နေလိုက်တာ။ အဝေးကနေများကြည့်ရင် လူစိမ်းကြီးတစ်ယောက် မတ်တတ်ရပ်နေသလိုပါပဲဗျာ၊ ကြောက်စရာကောင်းလိုက်တာ မပြောပါနဲ့။ လုံးပတ်ကလည်း မနည်းဘူး၊ တစ်ဖက်လောက်ရှိတယ်။

ဒီတော့ ကျုပ်ကလည်း ဦးမှတ်ကြီးမသေခင်က ပြောတဲ့ စကားတွေ သတိရပြီး အင်း- ငါထင်တဲ့အတိုင်း သူ့ကိုယ်ဟာ ရောဂါကြောင့် လူသားကနေပြီး သစ်ပင်ဘဝကိုပြောင်းသွားတာဖြစ်မယ်လို့ တွေးလိုက်တယ်။ ခင်ဗျားတို့၊ ကျုပ်တို့ ခန္ဓာကိုယ်ကြီးတွေဟာ သေပြီးတဲ့နောက် ကာဗွန်ဆိုတဲ့ မီးသွေးဓာတ် ပြောင်းလဲသွားရမယ် မဟုတ်လား"

အထက်ဖော်ပြပါ စာပိုဒ်သည် လွန်ခဲ့သည့် နှစ် ၄၀ ကျော်ခန့်က ဆရာကြီး ဒဂုန်ရွှေမျှား ရေးသားခဲ့သည့် 'လူသစ်ပင်' ဝတ္ထုမှစာပိုဒ်တစ်ပိုဒ်ကို မိတ္တူကူးယူ ဖော်ပြထားခြင်းဖြစ်ပါသည်။

ယင်းဝတ္ထု၏ အဓိက ဇာတ်ဆောင်မှာ ရေလုပ်သား ဦးမှတ်ကြီးဆိုသူ ဖြစ်၏။ သူ ငယ်စဉ်က လှေပျက်သဖြင့် အမည်မသိရသည့်ကျွန်းကလေးတစ်ကျွန်းပေါ်သို့ ရောက်သွားခဲ့သည်။ အစာရေစာပြတ်ခဲ့ရကာ ထိုကျွန်းပေါ်ရှိ ထူးဆန်းသောလူပုံသဏ္ဌာန်ပေါက်ရောက်နေသည့် ရှားစောင်းပင်၏ အရိုး၊ အရွက်များကိုစားမိခဲ့သည်။ သူ ထိုကျွန်းမှပြန်ရောက်လာခဲ့ရာမှ သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်းနှင့် သစ်ပင်များကဲ့သို့ ပြောင်းလာသည့်ရောဂါဝေဒနာ ရခဲ့သောဇာတ်လမ်း ဖြစ်သည်။ ဤဝတ္ထုကိုဖတ်ရှုခဲ့စဉ်ကမူ ကွယ်လွန်သူစာရေးဆရာကြီး ဒဂုန်ရွှေမျှားသည် စာရေးဆရာတို့သဘာဝအတိုင်း စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားခဲ့ခြင်းသာဖြစ်သည်ဟု ယူဆခဲ့မိ၏။ ကျွန်တော်တို့ ကျောင်းသားဘဝကလည်း ဗြိတိသျှအမျိုးသား ကမ္ဘာကျော် စာရေးဆရာကြီး အိတ်(ချ်)ဂျီဝဲ(လ်)၏ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရှုခဲ့ဖူးသည်။ ထိုဝတ္ထုဇာတ်လမ်းတွင် တောအတွင်း ရောက်သွားသော သစ်ခွပန်းမျိုးသစ်ရှာ သုတေသီနှစ်ယောက် သစ်ခွပန်းပင်တစ်မျိုးမှထုတ်လွှတ်သောအဆိပ်ငွေ့ကိုရှူမိရာမှ မေ့မြောသွားသည့် ဇာတ်လမ်း ဖြစ်သည်။

မှန်ပါသည်၊ ကျွန်တော်တို့သည် အာကာသထဲတွင် အာကာသလွန်းပြန်ယာဉ်များဖြင့် လူများပြုလုပ်ထားသော အာကာသစခန်းများသို့ အာကာသ သူရဲကောင်းများကို စေလွှတ်နိုင်ခဲ့ကြသည်သာမက အာကာ



www.burmeseclassic.com


www.burmeseclassic.com

သ သူရဲကောင်းများသည် အာကာသထဲတွင် စမ်းသပ် လမ်းလျှောက်ခဲ့ကြပြီ ဖြစ်သည်။ အင်္ဂါဂြိုဟ်သို့ပင် စမ်းသပ်ယာဉ်များစေလွှတ်၍ စမ်းသပ်နေခဲ့ကြပြီဖြစ်သည်သာမက အံ့ဖွယ်သရဲ အင်တာနက်ခေတ်ကြီးသို့ ရောက်ခဲ့ရာ သိပ္ပံပညာသည် လူသားတို့နှင့်လိုက်ဖက်အောင်ပင် တိုးတက်လာသည်ဟု ပြောစမှတ်ပြုကြသော်လည်း ကျွန်တော်တို့လူသားများ ထာဝစဉ် မှီခိုနေရသော ရုက္ခကမ္ဘာအကြောင်းကိုမူ သေသေချာချာ တိတိကျကျ မသိခဲ့ကြ။ စူးစမ်းလေ့လာဆဲသာ ဖြစ်နေသည်။ သစ်ပင်များတွင် အာရုံခံစားမှု ရှိ၊ မရှိကို သိပ္ပံပညာရှင်များ၊ သုတေသီများအတွင်း အငြင်းပွားဆဲ၊ စမ်းသပ်ဆဲပင် ဖြစ်နေသည်။

အမှန်အားဖြင့် လူသားတို့သည် ရုက္ခကမ္ဘာကို ထာဝစဉ် မှီခိုနေကြရသည်။ နေ့စဉ် စားသောက်ရန်အစားအစာကို ရုက္ခကမ္ဘာကပင် ပံ့ပိုးခဲ့ရပြီး လူသားတို့ကျန်းမာရေးအတွက် ဆေးဝါးထုတ်လုပ်ရန် ပရဆေးများကို ရုက္ခကမ္ဘာမှပင်ရရှိခဲ့ကြသည် မဟုတ်လော။ သို့သော် ကျွန်တော်တို့သည် ရုက္ခဗေဒကမ္ဘာ၏အံ့ဖွယ်သရဲဖြစ်ရပ်များကို တိတိကျကျ မသိကြရသေး။ ကျွန်တော်တို့ မြန်မာမင်းများ လက်ထက်တော်အခါက နိုင်ငံတော်တွင် ထူးထူးဆန်းဆန်း ဖြစ်ပေါ်လာတတ်သော အကြောင်းအရာများကို နန်းတွင်း ပုရပိုက်ဖြူတွင် မှတ်တမ်းတင်ထားလေ့ရှိ၏။ ဤသို့ မှတ်တမ်းတင်ရာတွင် ဓာတ်ပုံရိုက်ကူးသော နည်းပညာရပ် မပေါ်ပေါက်သဖြင့် နန်းတွင်းပန်းချီကျော်များကသာ ပန်းချီဖြင့် မှတ်တမ်းတင်ထားရလေ့ ရှိသည်။ ထို နန်းတွင်း ပုရပိုက်ဖြူတွင် ထူးဆန်းသော ရုက္ခကမ္ဘာနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားခဲ့၏။

ဘကြီးတော်မင်းတရား လက်ထက်တော်ကြီးတွင် မိုးကောင်းမြို့ အရှေ့မြောက်ယွန်းယွန်း ခရီးသုံးသောင်းကွာ မြစ်လယ်အတွင်းရှိ ကျွန်းတွင် ကျွန်းဖိုပင်နှင့်ကျွန်းမပင် နှစ်ပင် ရှိသည်။ ထိုကျွန်းမပင်နှင့် ကျွန်းဖိုပင်တို့သည် ညလူခြေတိတ်ချိန်များတွင် အတူပူးတွဲနေပြီး နံနက်အရုဏ်လာသည်နှင့်ခွာကြ၍ အပင်ထောင်မြဲထောင်နေသည်ဟု ဆို၏။ ဤသည်တို့မှာ ရှေးပဝေသဏီကလူအများ စနစ်တကျ မှတ်တမ်းတင်ထားခဲ့သည့် ထူးဆန်းသော ရုက္ခကမ္ဘာ၏ ကျွန်တော်တို့ မသိရသေးသောအချက်အလက်များ ဖြစ်သည်။

ယခု ရေးသားဖော်ပြမည့် ထူးဆန်းသော မနုဿ လူသားစားသစ်




ပင်မှာ ဤဆောင်းပါးအစတွင် ကျွန်တော်တို့လေးစားရသော ကွယ်လွန်သူ စာရေးဆရာကြီး ဒဂုန်ရွှေမျှားစိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားခဲ့သော 'လူသစ်ပင်' ဝတ္ထုကဲ့သို့ စိတ်ကူးယဉ်ပြီးရေးသားထားသော ဝတ္ထုမဟုတ်ပါ၊ အမှန်တကယ်ကြုံတွေ့ခဲ့ရသောဖြစ်ရပ်ဆန်း ဖြစ်ပါသည်။ ထိုအဖြစ်ဆန်းအား တောင်အာဖရိကတိုက်နှင့် အာဖရိကတိုက် အလယ်ပိုင်းတွင်နေထိုင်သော လူမျိုးနွယ်များ၏ပါးစပ်ပြောသမိုင်းများ၊ လက်ဆင့်ကမ်းဒဏ္ဍာရီများ၊ အာဖရိကတိုက်တွင်းနေထိုင်သော ပစ်(ဂ်)မီခေါ် လူပုလေးများ၏ ပုံပြင်များနှင့် ပါးစပ်ပြောသမိုင်းများ၊ မြောက်အမေရိကတိုက်ရှိ အီကွေဒါ၊ ဘိုလီးဗီးယား၊ ဘရာဇီး(လ်)၊ နီကရာဂွါ စသော နိုင်ငံများ၏တောတွင်းဒေသများ၊ အာဖရိကတိုက် အရှေ့ဘက် ကမ်းလွန်တွင်တည်ရှိသော မဒ်ဂါစကာ့ကျွန်းတွင် မှီတင်းနေထိုင်သော ဒေသခံ တိုင်းရင်းသားတို့၏ပုံပြင်များ၊ မှတ်တမ်းများတွင် ဖော်ပြခဲ့သည်။ ထိုလူသားစားသစ်ပင်အကြောင်းကို ၁၉ ရာစုနှောင်းပိုင်းအတွင်း အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့မှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ သိပ္ပံပညာမဂ္ဂဇင်းများ၊ ခရီးသွားမှတ်တမ်းများတွင် အကျယ်တဝင့် အထောက်အထားစုံစုံလင်လင်နှင့် ရေးသားဖော်ပြခဲ့ပြီး ထိုခရီးသည်များနှင့်အတူ လိုက်ပါသွားကြသော ပန်းချီကျော်များ မှတ်တမ်းတင်ရေးဆွဲထားသည့် ပန်းချီပုံများ (ဓာတ်ပုံရိုက်သော နည်းပညာ ထွန်းကားခြင်း မရှိသေးသောအချိန်) နှင့် ဝေဝေဆာဆာဖော်ပြထားသည်။

ထိုလူသားစားသစ်ပင်များကို မျက်ဝါးထင်ထင် တွေ့ကြရပါသည်ဆိုသော ပုဂ္ဂိုလ်အများမှာ လူအများလေးစားရသော နယ်သစ်ရှာဖွေသည့် မဟာခရီးသည်များ၊ သိပ္ပံပညာရှင်များ၊ အုပ်ချုပ်ရေးအရာရှိများ၊ ဘုရင်ခံများ ဖြစ်ကြသဖြင့် မဟုတ်မမှန်လုပ်ကြံပြောဆိုမည့်လူများ မဟုတ်ကြ။ သူတို့သည် လူအများလေးစားကြရသော၊ စိတ်ချယုံကြည်ရသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

လူသားစားသစ်ပင်အကြောင်းကို ကမ္ဘာကြီးတုန်လှုပ်သွားအောင် ပထမဆုံးတင်ပြခဲ့သူမှာ ဗြိတိသျှအမျိုးသား မဟာခရီးသည် ဂျေ ဒဗလျူ ဘူး(လ်) ဆိုသူ ဖြစ်သည်။ သူသည် ဝိတိုရိယဘုရင်မကြီး၏ လက်ထက်တော်ကြီးအခါက နာမည်ကျော်ကြားလူသိများသူ မဟာခရီးသည် ဖြစ်၏။ ခရစ်နှစ် ၁၈၈၇ ခုနှစ်တွင် ဂျေ ဒဗလျူ ဘူး(လ်)သည် သူ၏ခရီးသွားမှတ်တမ်းကြီးကို Land and Sea (ကျွန်တော်ခြေချခဲ့သောကုန်းမြေနှင့်အဏ္ဏဝါ) ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့ရာ ထိုခေတ်က သိပ္ပံပညာရှင်များနှင့် သတ္တဗေဒပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များအတွင်း အငြင်းပွားခဲ့ရသောမှတ်တမ်း ဖြစ်သည်။

သူ့မှတ်တမ်းတွင် အာဖရိကအလယ်ပိုင်း တောတွင်း၌ ဒေသခံ



www.burmeseclassic.com

www.burmeseclassic.com

များက 'ယာ-တီ-ဗီအို' ဟုခေါ်သော လူသားစားသစ်ပင်မျိုးနွယ်တစ်ခုကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။ ထိုလူသားစားသစ်ပင်ကို တောင်အမေရိကတိုက် အမေဇုံမြစ်ဝှမ်းရှိ တောတွင်း၌လည်းတွေ့ရပြီး ထိုသစ်ပင်ကို ဒေသခံလူအများက 'မိနာတော်အာ' ဟု ခေါ်ကြသည်။ ယင်းသစ်ပင်၏ ပင်စည်မှာ အတော်အသင့်သာမြင့်မား၍ သစ်ကိုင်းဟု ယူဆရသောအကိုင်းများမှာ နွယ်များကဲ့သို့ ပျော့ပျောင်းသွယ်နေသော်လည်း အလွန်သန်မာ၍ အဖျားများတွင် ဓားကဲ့သို့ ချွန်နေသည်။ ကံမကောင်းရှာသော ခရီးသွားများ၊ တောတွင်းမုဆိုးများသည် ထိုသစ်ပင်အောက် အမှတ်မဲ့ နားနားနေနေ ထိုင်မိသည်နှင့် နွယ်များနှင့်တူသော သစ်ကိုင်း၊ သစ်ခက်များသည် လူ့ခန္ဓာကိုယ်တစ်ခုလုံးကို ဆွဲပတ်ရစ်နှောင်ကာ အလွန်ကြီးမားသောစပါးကြီးမြွေကြီးများ တိရစ္ဆာန်သားကောင်ကို ညှစ်ယူသကဲ့သို့ ရစ်ပတ်သဖြင့် ထိုလူ၏ခန္ဓာကိုယ်မှာ အပိုင်းပိုင်း ပြတ်သွားရတော့သည်။ ထိုသူ့ခန္ဓာကိုယ်မှယိုစီးကျလာသော သွေးများကို ထိုသစ်ပင်က သောက်မျိုပစ်သည်ဟု ဆိုသည်။ မဟာခရီးသည် ဂျေ ဒဗလျူ ဘူး(လ်)နှင့်လိုက်ပါသွားသော ပန်းချီကျော်တစ်ဦးက တောတွင်းသားတစ်ဦးအား ထိုသစ်ပင်က ဆွဲယူ ရစ်ပတ်နေသောပုံကို ပန်းချီဖြင့် မှတ်တမ်းတင်ခဲ့သည်။

ဤလူသားစားသစ်ပင်နှင့် ပတ်သက်၍ ထူးခြားသော သတင်းဆောင်းပါးတစ်စောင်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ခရစ်နှစ် ၁၈၉၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ ထုတ်ဝေသော လန်ဒန် ရုပ်စုံသတင်းစာ (Illustrated London News) ကြီးတွင် ဖော်ပြခဲ့ရာ နိုင်ငံတကာမှသိပ္ပံပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များနှင့် သုတေသီအများက စိတ်ဝင်စားရသောသတင်း ဖြစ်ခဲ့သည်။ ဆောင်းပါးရှင်မှာ ထိုစဉ်က အတော်အသင့်လူသိများသော သိပ္ပံသုတေသီနှင့် မဟာခရီးသည်တစ်ဦးဖြစ်သူ ဒေါက်တာ အင်ဒရူးဝီလဆင်ဆိုသူ ဖြစ်၏။ သူသည် တောင်အမေရိကတိုက်တစ်နံတစ်လျား ခြေရာချင်းထပ်မျှ မနေမနား ခရီးသွားခဲ့သူတစ်ဦး ဖြစ်၏။ ထိုစဉ်က နာမည်ကျော် တော်ဝင်ပထဝီဝင်အသင်းမှ ထုတ်ဝေသော အမျိုးသား ပထဝီမဂ္ဂဇင်းကြီး၏ ပင်တိုင်ဆောင်းပါးရှင်လည်း ဖြစ်၏။ သူ တောင်အမေရိကတိုက် တောတွင်းနှင့် မက်ဆီကိုနိုင်ငံ စီရာမင်ဒရီတောတွင်းတွင် လည်းကောင်း၊ တောင်အမေရိကတိုက် အလယ်ပိုင်းဒေသရှိ တောတွင်းတွင် သူကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသော လူသားစားသစ်ပင်အကြောင်းကို သူ၏ဆောင်းပါးတွင် ခရေစေ့တွင်းကျရေးသား ဖော်ပြခဲ့သည်။ သူ့ဆောင်းပါးတွင်ပါရှိသော လူသားစားအပင်မှာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ဗြိတိသျှအမျိုးသား မဟာခရီးသည် ဂျေ ဒဗလျူ ဘူး(လ်) ရေးသားခဲ့သည့် 'ယာ-တီ-ဗီအို' ခေါ် လူသားစားသစ်ပင်နှင့် မျိုးမတူ၊ ထူးခြားနေသည်ကိုတွေ့ရသည်။ ဒေါက်တာ အင်ဒရူး ဝီလဆင် တွေ့ရသည့် လူသားစားအပင်၏ကိုင်းများမှာ မြွေငန်းများနှင့်ဆင်တူ၍ ယနေ့ တောတွင်းမုဆိုးဝတ္ထုများတွင် ဖော်ပြလေ့ရှိသော နွယ်ငန်းပင်များနှင့် ဆင်တူသည်ဟု ယူဆဖွယ်ဖြစ်၏။

ထိုလူသားစားပင်၏ နွယ်များနှင့်တူသောအကိုင်းအခက်များသည် ထိုသစ်ပင်တွင် လာရောက်နားကြသောငှက်များကို ရုတ်တရက်ဆွဲယူရစ်ပတ်၍သတ်ဖြတ်ပြီး သွေးများကိုသာသောက်ယူခြင်း ဖြစ်သည်။ ထိုသစ်ပင်၏အောက်တွင် ယခင်က ထိုနွယ်များ ရစ်ပတ်သတ်ဖြတ်ခဲ့သော ငှက်တို့၏အရိုးများ၊ ငှက်တောင်များ၊ ငှက်မွေးများ တောင်လိုပုံနေသည်ဟုသိရ၏။ ထိုသစ်ပင်မှ နွယ်နှင့်တူသော သစ်ကိုင်း တစ်ကိုင်းအား သူကိုယ်တိုင် ဆွဲကိုင်ကြည့်သောအခါ ထိုနွယ်နှင့်တူသော ကိုင်းသည် သူ့လက်အား အလွန်အားကောင်းသော မြွေတစ်ကောင် ရစ်ပတ်သကဲ့သို့ ဖျစ်ညှစ်ရစ်ပတ်ခဲ့သဖြင့် ထိုနွယ်နှင့်တူသောကိုင်းအား ဓားဖြင့်လှီးဖြတ်ပစ်ရတော့၏။ ထိုနွယ် ရစ်ပတ်ခံရသောလက်မှာ သွေးများစို့လျက်ရှိနေ၏။ နွယ်နှင့်တူသော ထိုသစ်ကိုင်းတွင် သွေးစုပ်နိုင်သော အပေါက်လေးများ ရှိနေသည်။ သူတို့အဖွဲ့တွင် ပါဝင်သော လမ်းပြတစ်ဦး၏ခွေးမှာလည်း ထိုသစ်ပင်၏နွယ်များက ရစ်ပတ်သဖြင့် ကယ်ဆယ်ခဲ့ရ၏။ ထူးဆန်းနေသည်မှာ ယင်းသစ်ပင်အောက်သို့ တောတွင်းတိရစ္ဆာန်များ ဝင်ရောက်ခိုခြင်း မရှိ ရှောင်ကွင်းသွားကြသည်။ ထိုလူသားစားသစ်ပင်သည် သုတေသီနှင့် မဟာခရီးသည် ဂျေ ဒဗလျူ ဘူး(လ်) တွေ့ရသည့် အပင်နှင့် မျိုးမတူသော လူသားစားအပင်တစ်မျိုးဖြစ်နိုင်သည်ဟု သုတေသီများက ယူဆခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေကာမူ လူ၊ တိရစ္ဆာန်များအား သတ်ဖြတ်စားသောက်သော လူသားစား သစ်ပင်၊ နွယ်ပင်များ ရှိသည် ဆိုသည်မှာ အငြင်းပွားစရာ မဟုတ်ဟု ဆိုရမည်ဖြစ်၏။

ခရစ်နှစ် ၁၈၇၈ ခုတွင် ဂျာမန်အမျိုးသား သိပ္ပံပညာရှင် ကား(လ်)ဂျင့် ဆိုသူနှင့် ပိုလန်အမျိုးသား ဒေါက်တာ ဝါလောစကီ ဆိုသူတို့သည် အာဖရိကတိုက် ကွန်ဂိုနိုင်ငံနှင့် အာဖရိကတိုက် အလယ်ပိုင်းဒေသများသို့ ခရီးထွက်ခဲ့ကြ၏။ တောနက်ဒေသတစ်ခုအတွင်း အလွန်ရေစီးသန်သော ချောင်းတစ်ချောင်းကို ဖြတ်ကူးကြစဉ် အမြင့် ၈ ပေခန့်ရှိပြီး သစ်ကိုင်းများက နွယ်များကဲ့သို့ ဖြစ်နေသော အပင်တစ်ပင်ကို တွေ့ကြသည်။ ထိုနွယ်ပင်ကဲ့သို့သော သစ်ကိုင်းများသည် ထိုသစ်ပင်အနီး ချဉ်းကပ်လာသော တိရစ္ဆာန်များနှင့် ငှက်များကို ရစ်ပတ်ဆွဲယူလေ့ရှိပြီး ရစ်ပတ်ကာ သွေးနှင့်အသားများကို စားသည်ဟု ဆို၏။ ယင်းသစ်ပင်ကိုမြင်သည်နှင့် လမ်းပြ ပစ်(ဂ်)မီလူမျိုးများသည် အလန့်တကြား ထွက်ပြေးသွားကြသည်။

သူတို့အဖွဲ့သည် ထိုထူးဆန်းသောသစ်ပင်ကို ရှောင်ကွင်းသွားကြရသည်ဟုဆိုသည်။ လမ်းပြ ပစ်(ဂ်)မီ လူမျိုးများ၏ပြောပြချက်အရ သူတို့



www.burmeseclassic.com

www.burmeseclassic.com

# အပေါ်တစ်လုံး၊ အောက်တစ်လုံး ကုသသည့်ထုံး

လူ ဟူသည် လူမျိုး၊ ဘာသာ မရွေး ကက္ကတိုလိင်၊ ပုလ္လိင်၊ ကျား/မ ဟူ၍ နှစ်မျိုးနှစ်စားရှိကြသည်တွင် သဘာဝတရားအရ ကိုယ်ခန္ဓာတည်ဆောက်မှုမှာလည်း မတူညီကြပါ။ လုံးရပ်သဏ္ဍာန်ကအစ ကိုယ်ခန္ဓာရှိ အင်္ဂါအစိတ်အပိုင်းများပါ ကွဲပြားခြားနားကြပါသည်။ ကိုယ်ခန္ဓာရှိ အင်္ဂါအစိတ်အပိုင်းများမှာ ဖြစ်ပေါ်သော ရောဂါဝေဒနာများမှာလည်း တစ်ဦးနှင့်တစ်ဦး မတူညီကြ။ ယောက်ျားအချင်းချင်းပင် ကွဲပြားမှုရှိပေသည်။


ယခု ဖော်ပြ ရေးသားမည့် အကြောင်းရပ်တစ်ခုမှာ ယောက်ျားများနှင့် သက်ဆိုင် ပတ်သက်သော ကြီးကြီး၊ ငယ်ငယ် ယောက်ျားသားများမှာသာဖြစ်တတ်သည့် ရာခိုင်နှုန်းနည်းနည်းဖြစ်ကြသော ယောက်ျားလိင်ပစ္စည်း ဝှေးစေ့နှစ်လုံးကိစ္စ ဖြစ်၏။ ယောက်ျားကလေးငယ်များနှင့် အချို့ ယောက်ျားသား လူကြီးများမှာ မိမိတို့ ကိုယ်ပိုင်ဝှေးစေ့နှစ်လုံးရှိသည်တွင် ကပ်ပယ်အိတ်ထဲမှာ တစ်လုံးရှိ၍ နောက်တစ်လုံးက အပေါ်တက်နေပါက အပေါ်တက်နေသောအလုံး အောက်ပြန်ကျပြီး ညီညီညွတ်ညွတ် နှစ်လုံးအတူဖြစ်နေစေရန်မှာ-

အသုဘကန်တော့ပွဲမှ ငှက်ပျောသီးအစိမ်းတစ်ဖီးကိုယူ၍ ငှက်ပျောသီးအညှာနှင့် (၂) လုံးတွဲ ဖဲ့ပြီး တစ်ခု (တွဲလျက်)၊ ငှက်ပျောသီးတစ်လုံးချင်း ဖြုတ်၍ (၂)လုံးကို ယူထားပါ၊ ပေါင်း (၄) လုံး ဖြစ်သည်။

**ပြုလုပ်နည်း**

(၂) လုံးတွဲ ငှက်ပျောသီးကြားမှာ တက်နေသောဝှေးစေ့ဥကိုညှပ်၍ တစ်လုံးချင်း ဖြုတ်ထားသော ငှက်ပျောသီးတစ်လုံးကို ဆောက်သဖွယ်ကိုင်ပြီး ကျန်ငှက်ပျောသီးတစ်လုံးက တူသဖွယ်သုံး၍ ညှပ်ထားသောငှက်ပျောသီးကြားကပစ္စည်းကို စတိ (၇) ချက်ရိုက်ပြီးလျှင် ငှက်ပျောသီး (၄) လုံးကို ကြိုးနှင့်ချည်၍ ကျပ်ခိုးစင်မှာ ထားပါ။ ငှက်ပျောသီး (၄) လုံးနွမ်းလျှင် တက်နေသောဥမှာ ကျလာတော့၏။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)




လူမျိုးနွယ်များမှ နတ်ဆရာများသည် ကလေးများ၊ အမျိုးသမီးငယ်များကို ဖမ်းဆီး၍ ထိုသစ်ပင်အား ပူဇော်လေ့ရှိကြသည်ဟု သိရ၏။ ယင်းပညာရှင်နှစ်ယောက်သည် သူတို့၏အတွေ့အကြုံများကို ဂျာနယ်များ၊ သတင်းစာများတွင် ဖော်ပြခဲ့ကြသဖြင့် ရှေးခေတ်ကာလက လူအများ ယုံကြည်ခဲ့သော လူသားစားသစ်ပင်ရှိသည် ဆိုသည့်အယူအဆမှာ ကောလာဟလသတင်းစကား ဒဏ္ဍာရီပုံပြင်မဟုတ်ဟု ယူဆဖွယ် ဖြစ်လာခဲ့ရ၏။

၁၉၂၄ ခုနှစ်၌မူ အမေရိကန်ပြည်ထောင်စု မစ်ချီကင်းမြို့မှ ဘုရင်ခံ ဆော်လမွန်အော့(စ်)ဘွန်းသည် 'လူသားစားသစ်ပင်များ အလေ့ကျပေါက်သည့် မဒဂါစကာကျွန်း' (Madagascar Land of The Man-eating Tree) ဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲ ရောင်းချရသည့် ခရီးသွားမှတ်တမ်းစာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။ သူသည် မဒဂါစကာကျွန်းသို့ရောက်ရှိလာခဲ့ပြီး တစ်ကျွန်းလုံး ခြေရာထပ်မျှ မနေမနားသွားရောက်၍ ချုံနွယ်သစ်ပင်များ၊ ငှက်များ၊ တိရစ္ဆာန်များကိုလေ့လာခဲ့သည်။ သူ့မှတ်တမ်းအရ 'မဒဂါစကာ' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ ထိုကျွန်းသူ ကျွန်းသားများ၏ဘာသာစကားအရ လူသားစားသစ်ပင်များ အလေ့ကျပေါက်ရာနေရာဟုဆိုသည် ဟူ၍ ဖော်ပြထားပါသည်။

ထိုကျွန်းတွင်နေထိုင်သော လူမျိုးနွယ်အများကမူ လူသားစားသစ်ပင်များနှင့် ပတ်သက်သော အစဉ်အလာဖြစ်ရပ်များကို အော့(စ်)ဘွန်းအားပြောပြခဲ့သည်ဟု ဆိုသည်။ သူ့စာအုပ်တွင်ဖော်ပြသည့် လူသားစားသစ်ပင်မှ အကိုင်းများမှာ နွယ်ငန်းများ ဖြစ်ကြသည်။ သစ်ပင်ထက် သို့မဟုတ်ဘဲ သစ်ပင်အောက်ရောက်ရှိလာသည့်လူများ၊ ငှက်များ၊ တိရစ္ဆာန်များကို နွယ်များဖြင့် ရစ်ပတ်သတ်ဖြတ်၍ သွေးကိုသောက်သည်ဟု ဆို၏။ ဤသို့သော လူသားစားအပင်များကို အရှေ့အိန္ဒိယကျွန်းစု (ယခု အင်ဒိုနီးရှား) နှင့် ဩစတြေးလျနိုင်ငံတောများတွင် တွေ့ရလေ့ရှိသည်ဟု ဆိုခဲ့ပါကြောင်း။

သျှမ်းထက်

*Ref; Unexplained Phenomena.*
*By- J. Michell.*



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရေစီးကြောင်းအရ ပစ္စည်းတစ်ခု၏အမည်မှာ ဝေါဟာရတို့ ပြောင်းလဲတတ်ပေ၏။ တံခါးဆိုလျှင် ပုံစံအမျိုးမျိုး၊ ဝေါဟာရအမျိုးမျိုးတို့ဖြင့် ခေတ်ရေစီးကြောင်းအလျောက် အမျိုးမျိုးပြောင်းလဲခဲ့၏။ ထိုအထဲတွင် 'ဒုန်းတံခါး' ဟူ၍ ရှေးအခါက ပေါ်ခဲ့ဖူးပါသည်။ ယခုခေတ်တွင် ကြားပင်ကြားဖူးကြမည် မဟုတ်ချေ။

ကျုပ်တို့ နေပြည်တော်ဒေသ ပျဉ်းမနားနှင့် တောင်ညို၊ဝန်းကျင်သည် ပိတ်မှောင်နေသောသစ်တောကြီးတို့ဖြင့် ရှိခဲ့ဖူး၏။ ထိုတောကြီး တောင်ကြီး၊ စိမ့်ကြီးမြိုင်ကြီးတွင် အမျိုးအမည်စုံလင်သော သစ်တို့ဖြင့် အတိပြီး၏။

သစ်မာများဖြစ်ကြသော ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း စသော တန်ဖိုးကြီးသစ်တို့လည်း ပေါ်ကြွယ်လှပေ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ပြန်ကပြေး၊ ဆိတ်နံ့တုန်း စသော ရွာတို့တွင် တိုင်လုံးကြီးများဖြင့် အိမ်ကြီးအိမ်ကောင်းတို့ဆောက်နိုင်ခဲ့ကြ၏။

ထိုသို့ ဆောက်ရာတွင် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီး သောင်းကျန်းသူများ စိုးမိုးသောခေတ်တွင် ပိုက်ဆံရှိသောအိမ်တို့က အဟန့်အတားအလို့ငှာ 'ဒုန်းတံခါး' ကို တပ်ဆင်ကြလေ၏။ ထိုခေတ်တို့တွင် သူခိုး၊ ဓားပြတို့သောင်းကျန်းကြရာ ဒုန်းတံခါးကို အဟန့်အတားထားလျက် ကာကွယ်တတ်ကြ၏။

'ဒုန်းတံခါး' ဟူသည်မှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက် စသော သစ်ကောင်းတို့ဖြင့်ပြုလုပ်၍ မရပေ။ တောသရက်၊ အိမ်သရက်ပင်တို့၏အသားဖြင့် ပြုလုပ်မှသာရလေ၏။ ဆိုရသော် သရက်ပျဉ်ချပ်ကို အသုံးပြုရ၏။

တောထဲတွင် အလေ့ကျပေါက်နေသော လူ (၃) ဖက်မျှ ကြီးမားသည့် သက်တမ်းရင့်တောသရက်ပင်ကြီးများရှိသလို ရွာတွင်းမှာလည်း လူနှစ်ဖက်စာမကကြီးမားသော သရက်ပင်ကြီးများ ရှိကြလေ၏။ ထိုတောသရက်ပင်တို့မှည့်ချိန်တွင် သရက်သီးမှည့်များဝင်းထိန်နေအောင် ကြွေကျလေ၏။ တောသရက်မှာ အရသာကောင်းသော်လည်း အလုံးသေး၏။ အသားပါး၏။ အစေ့ကြီး၏။ တောစော်နည်းနည်းနံ၏။ ထိုတောသရက်ကို ကျွန်ုပ်တို့က 'တောစာသရက်' ဟု ခေါ်ကြ၏။

(ကျွန်ုပ်တို့ မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာ၏ နာမည်ကြီးလုပ်ကွက်ထဲတွင် သရက်ပင်ပြန့် ဟူ

BURMESE CLASSIC

# မိုးကုတ်ကျော်ကျော်စိုး

# ဒုန်းတံခါး





www.burmeseclassic.com

www.burmeseclassic.com

သောလုပ်ကွက်တစ်ခု ရှိ၏။ အလွန်ကြီးမားသော တောသရက်ပင်ကြီးကို အစွဲပြုကာ မှည့်ခေါ်ထားသော လုပ်ကွက် ဖြစ်သည်။ ကျောက်ထွက်အား အလွန် ကောင်းခဲ့သော လုပ်ကွက်တစ်ခု ဖြစ်လေ၏။

ထိုသရက်ပင်ကြီး၏ ခြေရင်းတွင် ဆိုင်ရာပိုင်ရာနတ်ကွန်းဆောက်လျက် တွင်းတိုင်းမှအရိုအသေပြုကာ ပ,သ တင်မြှောက်ကြပါသည်။ ပတ္တမြားအနီ အများဆုံးထွက်ပြီး နီလာခေါ် အပြာ အထွက်နည်းလေ၏။)

ထိုသို့သော တောကြီးမြိုင်ကြီးတို့၌ တောသရက်ခေါ် သရက်ပင်ကြီးများ ရှိတတ်ကြပါသည်။ ဒုန်းတံခါးခေါ် ရန်သူများဖွင့်၍မရနိုင်သည့် တံခါး ပြုလုပ်လိုပါက ထိုသရက်သားပျဉ်ထူထူနှစ်ချပ် တံခါးရွက်လုပ်ရန် လိုအပ်ပါသည်။

အခြားသော သစ်သားတို့ဖြင့်ပြုပါက ပုဆိန်ဖြင့်ပေါက်သော် ခံနိုင်ရည်မရှိဘဲ ကွဲကြေကာ ပွင့်ထွက်ရလေ၏။ သရက်သားမှာမူ စေးပိုင်လိမ်ယှက်၍နေရာ အသားလည်းရင့်သဖြင့် ပုဆိန်ဖြင့် မည်မျှပေါက်ပါစေ၊ ပေါက်စာမထွက်ဘဲ တံခါးရွက်တွင် ပုဆိန်ရာသာ ထင်လေ၏။ တစ်နေကုန် ခုတ်သော်လည်း လက်ပန်းသာကျမည်၊ ပွင့်ထွက်ရန် မလွယ်ကူလှပေ။ သရက်သားရင့်ရင့်ကား ထိုမျှ ခံနိုင်ရည်ရှိလေ၏။





www.burmeseclassic.com

ထို့ကြောင့် ပုဆိန်ဖြင့် တဒုန်းဒုန်းခုတ်နေသော်လည်း ဘာမှမဖြစ်သဖြင့် 'ဒုန်းတံခါး' ဟူ၍ ရှေးလူတို့ ဒေသအလျောက် ခေါ်ဝေါ်သုံးစွဲခဲ့သော ဝေါဟာရ ဖြစ်သည်။ ယခုကဲ့သို့ ငြိမ်းချမ်းသောအသီးအပွင့်ကို ခံစားနေရသောခေတ်တွင် ဒုန်းတံခါးဟူသည်မရှိတော့ပြီဖြစ်သည်။ ခေတ်လူတို့ကြားဖူးကြမည်ပင် မဟုတ်ချေ။

ဒုန်းတံခါးပြုလုပ်ရန်မှာ ၂ လက်မ အထူ သို့မဟုတ် ၃ လက်မ အထူ ပျဉ်ချပ်ကြီး ၂ ချပ် လိုအပ်လေ၏။ ထိုပျဉ်ချပ်ကြီး ၂ ချပ်ကို ချောမွတ်အောင်ရွှေဘော်ထိုးကာ မည်သို့မှမပြုပြင်ဘဲ အထက်၊ အောက် အပေါက်ထဲသို့ စွပ်ရန် လုံးဝန်းသော အမင်းလေး ၂ ခု ပြုလုပ်ရန်သာ လို၏။ ပြီးလျှင် အထက်နှင့်အောက် အပေါက်ထဲသို့ စွပ်လိုက်ရုံဖြင့် တံခါးပြီး၏။

ထိုတံခါးအား (၄×၂) မင်းတုပ်ဖြင့်ကန့်လန့်ချကာ ပိတ်ထားလိုက်ရုံဖြင့် အပြင်မှ မည်မျှ ရိုက်၍ ထု၍ ဖွင့်ပါစေ၊ ဖွင့်မရတော့ပြီ ဖြစ်သည်။ အချို့မှာ တံခါးမကြီးအဝင်ခန်းအား သရက်ပျဉ်ချပ်ကြီးဖြင့်သာ ရိုက်၍ ကာထားကြလေ၏။

ထိုဒုန်းတံခါးနှင့် ဆက်နွယ်၍ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆိတ်နံ့တုန်းရွာတွင် ယခုထိတိုင် ကျေးရွာလူတို့ ဒုန်းတံခါးနှင့်ဆက်နွယ်၍ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် ပြောစမှတ်ဖြစ်နေပါသေးသည်။

## ဗိုလ်အာလူး

သူကား ဗမာကွန်မြူနစ်ပါတီသို့ တောခို ဝင်ရောက်လာခဲ့သော်လည်း မြန်မာ မဟုတ်၊ တရုတ်ဖြစ်သည်။ သူ့အမည် တရုတ်လို အားလူဖြစ်သော်လည်း သူတို့က အားလူဟု မခေါ်၊ အလွယ်တကူ အားလူနှင့် နီးစပ်ရာ အာလူးဟု ခေါ်ကြလေ၏။ သို့နှင့် ဗိုလ်အာလူး ဟူသည် ဆိတ်နံ့တုန်းတစ်ကြောတွင် ဖိမ့်ဖိမ့်တုန်အောင်ကြောက်ကြရသော ကွန်မြူနစ်ခေါင်းဆောင် ဖြစ်လာလေ၏။

သခင်သန်းထွန်းနှင့်တကွ ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီးများသည် ပဲခူးရိုးမဲ့ မဟာတော်လှန်ရေးဟူသော စကားလုံးကြီးကြီးများကြွေးကြော်၍ မည်မျှ နိုင်ငံရေးစိတ်ဓာတ်ပြင်းပြသည်ဆိုစေကာမူ၊ မည်မျှစည်းကမ်းထိန်းသိမ်းသည် ဆိုစေကာမူ ပဲခူးရိုးမနှင့် အတော်ပင်အလှမ်းဝေးသော ဆိတ်နံ့တုန်းဝန်းကျင်ရှိ ပိတောက်မြောင်ဝန်းကျင်တွင် အခြေချထားသော ဗိုလ်အာလူး၏တပ်စုမှာမူ ထိုဝန်းကျင်ဝယ် ထင်ရာကိုစိုင်းနေကြသောတပ်ဖွဲ့ ဖြစ်လေ၏။

ကျွန်ုပ်တို့သည် ထိုတောခိုသောင်းကျန်းနေသော တိုင်းပြည်ကို ပုန်ကန်နေသည့် သူပုန်များအား သူပုန်ဟူ၍ မခေါ်ရဲကြပေ။ ကွန်မြူနစ်ရဲဘော်များ ဟူ၍ ခေါ်ဆိုကြလေ၏။ ထိုသည်ကို အားကျလျက် ပြန်ကပြေး၊ ဆိတ်နံ့တုန်း စသော ရွာတို့မှ လူငယ်အချို့ တောခိုကာ ကွန်မြူနစ်ပါတီသို့ဝင်သူများ ရှိခဲ့ကြ၏။

ထို ဗိုလ်အာလူးတွင် လက်ထောက်တပည့် ဗိုလ်မုတ်ဆိတ် ဟူသော မိုက်ကန်းကန်း တပည့်တစ်ဦးရှိရာ ဗိုလ်အာလူးလက်ညိုးညွှန်သမျှကို ဗိုလ်မုတ်ဆိတ်က ရေဖြစ်စေခဲ့၏။ ရွှေလိုကရွှေ၊ ငွေလိုကငွေ၊ ရိက္ခာလိုကရိက္ခာ ဆရာ့အလိုကျ ပြည့်စုံစွာ ဖန်တီးပေးနိုင်ခဲ့သဖြင့် ထိုစခန်းတွင် ဗိုလ်အာလူး ပြီးပါက ဗိုလ်မုတ်ဆိတ်က ဩဇာညောင်း၏။

ထိုအချိန်တွင် လွတ်လပ်ရေးရပြီးစ,ဖြစ်ရာ ဥပဒေလက်တံသည် ကျေးလက်များသို့ အလှမ်းမမီနိုင်သေးသောခေတ်ဖြစ်ရာ ကွန်မြူနစ်တို့သည် အတန်ပင် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ကြ၏။

ကျွန်ုပ်တို့ပြန်ကပြေးရွာကိုအုပ်ချုပ်သော သူကြီး ကိုလေးသည်ပင်လျှင် ရွာ၌မနေရဲပေ။ (နေပြည်တော်) ပျဉ်းမနားမြို့ပေါ် တက်နေရ၏။ သူကြီးကတော်သာလျှင် ဈေးနေ့၌ ဈေးကောက်လာသည်ကို တွေ့ရ၏။ သူကြီးနှင့် သူကြီးကတော်တို့သည် လူချောလှလှများ ဖြစ်ကြလေ၏။

သူကြီးကတော် ဈေးကောက်၊ ကောက်သကဲ့သို့ ကွန်မြူနစ်ရဲဘော်များကလည်း ရိုင်ဖယ်သေနတ်လွယ်လျက် ဈေးကောက်လိုက်ကောက်နေသည်ကို ကလေးဘဝ၌ မြင်ခဲ့ဖူး၏။

ကျွန်ုပ်တို့ ကလေးများသည် ဈေးနေ့တိုင်း ဈေးလည်၍ မုန့်ဝယ်စားကြရာ ထိုသို့ မြင်ဖူးခြင်း ဖြစ်သည်။ အဲဒါ ကွန်မြူနစ်တွေဆိုသော လူပြောသူပြောကြောင့် ကွန်မြူနစ်ဆိုသူတို့ကို တငေးတမောကြည့်ဖြစ်၏။ သူကြီးကတော်ကိုမူ လုံးဝ ရန်မရှာပါ။

ဘာယူနီဖောင်းမှ မလို၊ သူလိုကိုယ်လို ပုဆိုးတိုတိုဝတ်သူက ဝတ်ထား၏။ ဘောင်းဘီရှည်၊ စွပ်ကျယ်လက်ပြတ်နှင့်လူလည်းပါ၏။ ကွန်မြူနစ်ဟူသည် သေနတ်လွယ်ထားသည်ကလွဲ၍ သူလိုကိုယ်လိုပါလား ဟူ၍ ကလေးအတွေးဖြင့် တွေးခဲ့ဖူး၏။

သို့နှင့်ပင် ဆိတ်နံ့တုန်း၊ ပြန်ကပြေး ဟူသော တောရွာတစ်ခွင်တွင် ကွန်မြူနစ်တို့သည် တိတ်ဆိတ်စွာစိုးမိုးနေလေတော့၏။

## ဗိုလ်အာလူးအိမ်ထောင်ကျခြင်း

ထိုစစ်ပြီးကာလ၌ ဆိတ်နံ့တုန်းရွာ၌ ပန်းတောင်ကိုင်၊ ကွမ်းတောင်ကိုင်ဟု ကျော်ကြားသော အလှပိုင်ရှင် မစပယ်တင်သည် လွန်စွာ ကျော်ကြား၏။ ထိုစပယ်တင်၌ ထူးခြားစွာပင် စံပယ်တင်မှဲ့ကလေးပါရာ ထိုစံပယ်တင်မှဲ့ကသည်ပင်လျှင် မစပယ်တင်၏အလှအား ဝိသေသ,သဖွယ် ဖြစ်၍နေ၏။ ထိုမှဲ့ကိုစွဲကာ 'စပယ်တင်' ဟု မှည့်ခေါ်ခြင်း ဖြစ်၏။

မျက်ခုံးမျက်လုံးလှလှ၊ အသားဖြူဖြူတွင် စံပယ်မှဲ့လေး ညာဘက်ပါးတွင် ထူးခြားစွာပါလာသောအခါ ရုပ်ရည်မှာတင့်တယ်လွန်းသဖြင့် မင်းကတော် စိုးကတော်ရုပ် ဟူ၍ လူတိုင်းက သတ်မှတ်ကြလေ၏။ သို့ကြောင့်လော မသိ၊ မစပယ်တင်အနေနှင့်လည်း မိမိအားစိတ်ဝင်စားကြသော လူပျိုကာလသားတို့အား စိတ်ဝင်စားခြင်း လုံးဝ မရှိခဲ့ပေ။

ထိုဝန်းကျင်ဝယ် တိတ်တဆိတ်သွားလာကျက်စားနေကြသော ကွန်မြူနစ်တို့သည် မစပယ်ကို သိနေကြ၏။ မစပယ်၏အလှကို ငေးမောကြ၏။ ထိုအထဲတွင် အသက် (၃၀) ဝန်းကျင်သာ ရှိသေးသော ဗိုလ်အာလူး

www.burmeseclassic.com

လည်း အပါအဝင် ဖြစ်ခဲ့၏။

ဗိုလ်အာလူးသည် (နေပြည်တော်) ပျဉ်းမနားမြို့မှ နိုင်ငံရေးဝါသနာပါသော တရုတ်လူမျိုး ဖြစ်ပေရာ ရုပ်ရည်မှာဖြူဖွေး၍ ချောမောလှပလေ၏။

မစပယ်ကို ချစ်မိသော ဗိုလ်အာလူးသည် ညအခါတွင် အိမ်အနီးတွင် တပည့်တို့အား ကင်းပုန်းချ၍ မစပယ်ထံ ရဲတင်းစွာပင် တက်လည်ရင်း ချစ်ရေးဆိုတော့၏။ မစပယ်၏ မိဘတို့မှာ သူတို့အလွန်ကြောက်ရသော ဗိုလ်အာလူးမှန်းသိသောအခါ လိမ္မာစွာပင် အလိုက်တသိ ရှောင်ပေးကြလေ၏။

ဗိုလ်အာလူး၏ အဖွဲ့များသည် လက်သံအလွန်ပြောင်ကြလေရာ သူတို့အမြင်ကတ်ပါက ဖမ်းခေါ်သွားပြီး ရွာအပြင်တွင် သတ်ပစ်ခဲ့တတ်လေ၏။ သို့ကြောင့် မစပယ်၏ မိဘတို့ အလိုက်သိရ၏။

(သူကြီးဦးဖိုးဟန်ခေါ် မုဆိုးကြီးဦးဖိုးဟန်၏သား သူကြီးကိုခင်မောင်နှင့် သူကြီးဦးပေါက်လှတို့မှာ ကွန်မြူနစ်တို့သတ်၍ သေခဲ့ရ၏။ ဗိုလ်တာရာ၏ မုဆိုးဝတ္ထုပေါင်း များစွာတွင် မုဆိုးကြီးဦးဖိုးဟန် ပါတတ်၏။ ထိုဦးဖိုးဟန်မှာ ဆိတ်နံတုန်းရွာသူကြီး ဦးဖိုးဟန်ပင် ဖြစ်သည်။ ထိုအချိန်တွင် ဆိတ်နံတုန်းရွာ၌ ဦးဖိုးဟန် အုပ်ချုပ်သောကာလ ဖြစ်လေ၏။)

ဘဝရေစက်ကြောင့်ပေလော မသိ၊ မစပယ်သည် ဗိုလ်အာလူးကို ချစ်မိကာ မိဘတို့အား အသိအမှတ်ပြုစေလျက် အကြင်လင်မယားအဖြစ် ပေါင်းသင်း၍ နေလေတော့၏။ ဗိုလ်အာလူးမှာ နိုင်ငံတော်ကို ဆန့်ကျင်သော ကွန်မြူနစ်ခေါင်းဆောင်ဖြစ်နေသည့်အတွက် ပေါ်ပေါ်လွင်လွင် လက်ထပ်မင်္ဂလာဆင်နွှဲခြင်းပြု၍ မရသကဲ့သို့ ပေါ်ပေါ်လွင်လွင်လည်း ပေါင်း၍မရနိုင်ခဲ့ပေ။ သို့ကြောင့် ညလူခြေတိတ်ချိန်များတွင် တိတ်တဆိတ် လာရောက်ပေါင်းသင်းနေထိုင်လေ့ရှိ၏။

**ရတနာတို့ကာကွယ်ရန်**

ဗိုလ်အာလူးနှင့် ပေါင်းသင်းနေထိုင်ပြီးနောက်ပိုင်းတွင် မစပယ်တင်တို့မိသားစုသည် မပူရ မပင်ရသောဘဝကို ရောက်ခဲ့လေ၏။ ဗိုလ်အာလူးသည် နိုင်ငံရေးကိစ္စတို့ရှိသေးရာ မစပယ်တင်နှင့် အချိန်ပြည့် ပေါင်းသင်းနိုင်ခြင်းမရှိခဲ့ပါ။ သို့သော် မကြာမကြာ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်၊ နားကပ် စသော ရွှေငွေရတနာပစ္စည်းများ အထုပ်လိုက်၊ အထုပ်လိုက် ပါလာသောအခါ ထိုရွှေငွေလက်ဝတ်ရတနာတို့ကို ကာကွယ်ရန် မူရင်းအိမ်အဝင်တံခါးကိုဖျက်၍ သရက်သားဖြင့် ပြုလုပ်သော ဒုန်းတံခါးကို ပြောင်းလဲ တပ်ဆင်လေတော့၏။ ဒုန်းတံခါး တပ်ဆင်ထားခဲ့သော် သူတို့၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပေါ် သို့တက်ရန် ခဲယဉ်းသွားခဲ့ပြီ ဖြစ်သည်။

တောရွာ ဟူသည် မည်သည့်အိမ်မဆို အိမ်အောက်၌ စပါး၊ ပဲ၊ ပြောင်းများထားခြင်း၊ ကျွဲ၊ နွားများထားခြင်းကြောင့် အကာအရံမထားဘဲ ဟင်းလင်းထားတတ်ကြသည်မှာ ထုံးစံဖြစ်၏။ အချို့မှာအိမ်အောက်၌ ဧည့်ခံစားပွဲချထားပြီးဧည့်ခံခြင်း၊ နားနေခြင်းတို့သာပြုပြီး အိပ်ချိန်တွင်သာ အိမ်ပေါ်တက်အိပ်လေ့ရှိ၏။ သို့ကြောင့် အိမ်ပေါ်တက်သော လှေကားအား ,အိမ်ရှေ့၌ပင် တပ်ထားလေ့ရှိသည်။

ဗိုလ်အာလူးသည် သူကိုယ်တိုင်မအားလပ်၍ မလာဖြစ်ခဲ့သော် သူ့တပည့်များအား ရတနာတို့ကိုလာ၍ပို့စေ၏။ ထိုရတနာများကိစ္စအတွက် ဗိုလ်မုတ်ဆိတ်နှင့် ကျန်သောတပည့်တို့မှာ ကျေနပ်မှုမရှိကြသော်လည်း ဗိုလ်အာလူးအား ဘာမှပြောဆိုရဲခြင်းမရှိခဲ့ကြပါ။ ကွန်မြူနစ်စနစ်ဟူသည် ထောင်တန်းရှိသည်မဟုတ်၊ မကျေနပ်သော် သတ်ပစ်သည်သာဖြစ်ရာ အထက်လူကြီးဖြစ်သော ဗိုလ်အာလူးအား မလှန်ရဲကြပါ။

သို့နှင့် မစပယ်တင်သည် ခင်မာရီ၊ ခင်မာသီ ဟူသော သမီးနှစ်ယောက်ကိုမွေးဖွားခဲ့လေ၏။ လှပဖြူဖွေးသောမိဘနှစ်ပါးမှ ပေါက်ဖွားရာ တရုတ်စပ်ဖြစ်သော ခင်မာရီ၊ ခင်မာသီတို့ ညီအစ်မသည် မျက်လုံး၊ မျက်ခုံး လှပစွာဖြင့် ဖွေးနှစ်အောင် လှပကြလေ၏။

ထို့နောက်တွင်ဝယ် ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်မှ ဗိုလ်တာရာ ဦးစီးသော တပ်စုတစ်စုသည် ဆရာတော်ကြီးကျောင်းတွင် စခန်းချကာအခြေချနေထိုင်ပြီး ဆိတ်နံတုန်း၊ ညောင်ပင်ကြီးစု၊ ပြန်ကပြေး စသောကျေးလက်များကို ငြိမ်းချမ်းအောင်ဆောင်ရွက်၏။ ထိုစဉ်ဝယ် ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ၏ တပ်များသည် ဆိတ်နံတုန်းတွင်သာ စခန်းချထားရာ ပြန်ကပြေးတွင် စစ်တပ်ချမထားသေးပေ။

တစ်နေ့တွင် မြောက်ဘက်ကမ်း ချောင်းကမ်းပါးတွင် စောင့်နေသော တပ်မတော်အား တောင်ဘက်ကမ်းခေါ် ကျွန်ုပ်တို့အိမ်ဝိုင်းမှနေ၍ ကွန်မြူနစ်တို့ လာရောက်တိုက်ခိုက်ရာ မတိုက်ခိုက်မီ နေရာယူပြီးသည်နှင့် ကျွန်ုပ်တို့မိသားစုအား အိမ်အောက်ဆင်းစေ၍ ပုန်းခိုင်းရာ ကျွန်ုပ်တို့မိသားစုသည် အိမ်အောက်၌ဆင်း၍ အိမ်တိုင်ကြီးများခြေရင်းတွင် ဝမ်းလျားမှောက်၍ပုန်းနေကြရလေ၏။

အိမ်ဝိုင်းထဲရှိ ထန်းပင်၊ ပေပင်၊ သရက်ပင် စသည်တို့တွင် နေရာယူကာ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်နေသည်တို့ကို ဝမ်းလျားမှောက်ရင်းမှ ချောင်းမြောင်း ကြည့်ရှုရလေ၏။ မျက်စိဖြင့် သုံး၊ လေးဦးသာမြင်ရပြီး အခြား ကွန်မြူနစ်တို့ကို မမြင်ရပေ။

ကျွန်ုပ်တို့ အိမ်ဝိုင်း၏မြောက်ဘက်၌ အဖေ့ညီမ ဒေါ်ကြွယ်အိမ်ဝိုင်းရှိပြီး ထိုမှ နည်းနည်းလွန်သော် ချောင်းဖြစ်သည်။ ထိုဒေါ်ကြွယ်အိမ်ဝိုင်းနှင့် ကျွန်ုပ်တို့အိမ်ဝိုင်းကို ခြေကုပ်ယူကာတိုက်နေခြင်း ဖြစ်သည်။

ထိုခေတ် ထိုအခါသည် တိုက်ပွဲသံ မကြာမကြာ ကြားဖူးနေရာ သေနတ်သံသည် အဆန်းမဟုတ်ချေ။ ဆန်းသည်မှာ မိမိ၏ မျက်စိရှေ့၌လာ၍တိုက်နေခြင်းသာ ဖြစ်ချေ၏။ ထို့ကြောင့် မျက်စိဖြင့် နီးနီးကပ်ကပ်မြင်ဖူးသောတိုက်ပွဲဟူ၍ ထိုတစ်ခါသာရှိခဲ့ဖူး၏။ နာရီဝက်ခန့်ကြာသော်



www.burmeseclassic.com

www.burmeseclassic.com

ကွန်မြူနစ်များ တစ်ဦးပြီးတစ်ဦး တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားသည်ကို မြင်နေရ၏။ အရေအတွက် တိတိကျကျ မမှတ်မိတော့ပေ။

သေနတ်သံများ တိတ်ဆိတ်သွားသောအခါ ကျွန်ုပ်တို့ ပုန်းကွယ်ရာမှ ထကြ၏။ ထိုအခါ အဖေက အမေ့အား ကွန်မြူနစ်ခေါင်းဆောင်တစ်ဦး လက်မောင်းကိုထိသွားတယ်။ အဲဒါကြောင့် ဒီကောင်တွေဆုတ်သွားတာဟု ပြောပြနေသံ ကြားရ၏။

ထိုသို့ တပ်မတော်မှ ဆိတ်နံ့တုန်း ဆရာတော်ကြီး ကျောင်းတွင် တပ်လာစွဲထားသောအခါ ကွန်မြူနစ်တို့သည် ယခင်ကဲ့သို့ တံခါးမရှိ ဓားမရှိ ဝင်ချင်တိုင်းဝင်၍ မရတော့ပေ။ ဗိုလ်အာလူးမှာလည်း အတော်ပင် အခက်ကြုံရတော့၏။

**အလင်းဝင်ကြသောခေတ်**

ကျွန်ုပ်တို့ပြန်ကပြေးရွာမှ ဦးစံလှ၏ညီဖြစ်သော ဦးစံမြနှင့် မတင်ဥတို့သည် လွတ်လပ်ရေးအကြိုခေတ်တွင်မွေးဖွားသော ကျွန်ုပ်တို့နှင့်ရွယ်တူဖြစ်ဟန်တူသည့် သမီးအကြီးဆုံးအား မြင့်မြင့်စိုး ဟူ၍ မှည့်ခေါ်လေ၏။

ကွန်မြူနစ်တို့ တောရွာများအား ကြီးစိုးသောခေတ်တွင် အရင်းရှင်ဟုခေါ်သော လယ်ပိုင်များထံမှ လယ်မြေများကို သိမ်းကာ ဘုတ်စနစ်ဖြင့် လယ်ယာစိုက်ပျိုးစေ၏။ ထိုဘုတ်စနစ်ပေါ်သော ခေတ်တွင် မွေးသောဒုတိယသမီးအား ဘုတ်ကြီးဟု အမှတ်တရမှည့်ခေါ်၏။ ကျောင်းအမည်မှာ အခြားအမည် ဖြစ်၏။

နောင်သော် ဘုတ်စနစ်မှသည် လယ်လုပ်သူ လယ်ပိုင်စေ ဟူသော လက်ငုတ်လက်ရင်း လုပ်ကိုင်နေသူသာ လယ်ပိုင်စေသော ငုတ်စနစ်ပေါ်လာပြန်၏။ ထိုငုတ်ခေတ်တွင် မွေးသော တတိယသမီးအား ငုတ်ကြီးဟု မှည့်ခေါ်ပြန်၏။ ကျောင်းအမည်မှာမူ ငုတ်ကြီး မဟုတ်ပေ။ ငုတ်ကြီးမှာ အိမ်အခေါ် ဖြစ်၏။

ထို့နောက်တွင်မူ တောခိုနေသူတို့အား အလင်းဝင်ကြပါရန် ဖိတ်ခေါ်မှုကြောင့် လည်းကောင်း၊ ကြာဝါးမှခါးမှန်းသိ ဟူသော စကားပုံကဲ့သို့ မှားယွင်းနေသော မိမိတို့လမ်းစဉ်အား စိတ်ကုန်သောကြောင့် လည်းကောင်း၊ ကျွန်ုပ်တို့ရွာမှ ကွန်မြူနစ်ခေါင်းဆောင်များဖြစ်ကြသော ကာကီးအေးမောင်၊ ဦးအောင်လှစသောသူတို့သည် အလင်းဝင်ရောက်လာကြကာ ကွန်မြူနစ်တို့ အများအပြား အလင်းဝင်သောခေတ်သို့ ရောက်ခဲ့၏။ ထိုခေတ်၌မွေးသော စတုတ္ထသမီးအား အလင်း ဟူ၍မှည့်ခေါ်ခဲ့လေ၏။

(တော်လှန်ရေးအစိုးရမှ အုပ်ချုပ်သောအခါ နိုင်ငံတော်တစ်ခွင် အရင်းရှင်များပိုင်ဆိုင်သော လုပ်ငန်းတို့အား ပြည်သူပိုင်သိမ်းပြီးနောက် ပြည်သူတို့သည် ပပက ခေါ် ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်းမှ ဖွင့်လှစ်ရောင်းချသောဆိုင်တို့တွင် ဆီ၊ ဆန်တို့တန်းစီတိုးရသောခေတ်သို့ ရောက်ခဲ့၏။

ထိုခေတ်တွင်မွေးသော သားတစ်ယောက်အား ဆီတိုး၊ နောက်တစ်ယောက်အာ ဆန်တိုး ဟူ၍ ခေတ်ကာလကိုမမေ့စေရန် မှည့်ခေါ်ခဲ့လေ၏။ အတော်ပင် ဆန်းကြယ်သော စိတ်ကူး ဖြစ်ခဲ့လေ၏။ ခေတ်စနစ်တို့ကို မွေးဖွားသော ကလေး၌ မှည့်ထားရာ ကျွန်ုပ်သည် ဦးစံမြတ်၏ စိတ်ကူးကို လွန်စွာ သဘောကျခဲ့သူဖြစ်သည်။ အသက် ၉၀ ကျော်ပြီဖြစ်သောဦးစံမြ ရှိနေပါသေးသည်။)

ထိုသို့ ကွန်မြူနစ်များ အလင်းဝင်ရောက်ကြသောအခါ ဗိုလ်အာလူးမှာလည်း ဝါဒမှိုင်းခိုးငွေ့တို့ ပျက်စပြုလာခဲ့၏။ နဂိုကပင် တရုတ်လူမျိုးဖြစ်ခဲ့ရာ တောထဲ ဆက်လက်နေထိုင်ပါက ဘဝတွင် မည်သို့မျှ အကျိုးမရှိနိုင်ကြောင်း သဘောပေါက်ခဲ့၏။ တရုတ်ဟူသည် စီးပွားရေးသမားများဖြစ်သဖြင့် မိမိအိမ်ကို ပို့ထားသော လက်ဝတ်ရတနာတို့သည် လုပ်ငန်းတစ်ခုအတွက် အရင်းအနှီးလုပ်၍ရနိုင်ကြောင်းလည်း သိ၏။ ပြီးသော် မိမိ၏ ဇနီး၊ သားသမီးများဖြင့်လည်း အန္တရာယ်ကင်းရာတွင် လွတ်လပ်ပျော်ရွှင်စွာ နေလို၏။

အလင်းတည်းဟူသော ဂယက်သည် အမှောင်တွင်းသို့ ရောက်ရှိနေသော သူ့အား လာ၍ရိုက်ခတ်စပြုလာ၏။ အလင်းကို တမ်းတလာ၏။ အလင်းကိုမြတ်နိုးရမှန်း သိလာခဲ့၏။ သို့သော် မိမိသည် တပ်စုတစ်စုကို ဦးဆောင်နေသူဖြစ်ရာ စိတ်ကူးသည် လက်တွေ့ ဖြစ်လာရန် ခက်ခဲလှပေ၏။

**စာကလေးတစ်စောင်**

စာမှာ ဆိတ်နံ့တုန်းရွာတွင် တပ်စွဲထားသော ဗိုလ်တာရာမှ သူ့ထံ လူကြုံပါးလိုက်သောစာ ဖြစ်လေ၏။ နိုင်ငံတော်အစိုးရမှ အလင်းဝင်လာသူများအားအပြစ်မယူဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးနေချိန်တွင် အချိန်မီ အလင်းဝင်လာပါရန်၊ အလင်းဝင်လိုပါက ဆိတ်နံ့တုန်းရွာဆရာတော်ကြီးကျောင်းဝင်းတွင် တပ်စွဲထားသော ဗိုလ်တာရာထံ လာရောက်တွေ့ဆုံပါရန်၊ လာရောက်တွေ့ဆုံစဉ် အန္တရာယ်တစ်စုံတစ်ရာပြုမည် မဟုတ်ဘဲ ကောင်းမွန်စွာ စောင့်ရှောက်ပါမည့်အကြောင်း ဖြစ်လေ၏။

ဗိုလ်အာလူးသည် စာကိုဖတ်ကာ အိတ်ကပ်ထဲထည့်ထားလိုက်လေ၏။ ဗိုလ်တာရာ ဟူသည်မှာ တော်လှန်ရေးကာလ မတိုင်မီကတည်းက သူနှင့်ရင်းနှီးပြီးသားဖြစ်သလို ဆွေမျိုးလည်း တော်စပ်လေ၏။ အမျိုးစပ်သော် အစ်ကိုတော်စပ်သူဖြစ်သည်။

ညီအစ်ကိုသည် ညီအစ်ကိုသာဖြစ်ပြီး ဝါဒမှိုင်းတည်းဟူသော အရာသည် အဖွဲ့တွင်မျက်လုံးကိုဖုံးအုပ်ထားသောအခါ တောင်ဘက်ကမ်းခေါ် ပြန်ကပြေးဝန်းကျင်တွင် လှုပ်ရှားနေသော ဗိုလ်ကာကီးအေးမောင်အဖွဲ့နှင့်ပေါင်းကာ ဗိုလ်တာရာတပ်ဖွဲ့အား စိန်ခေါ်၍တိုက်ခဲ့ဖူး၏။ မိမိတို့ဘက်မှ ကွန်မြူနစ်ခေါင်းဆောင်တစ်ဦး လက်မောင်းကို ထိမှန်သဖြင့် တပ်ဆုတ်ခဲ့ရဖူးလေ၏။

ဗိုလ်တာရာ တပ်စွဲထားသော နေရာမှာ ဆရာတော်ကြီးကျောင်းရှိ ဘုရားတိုက်ခေါ် စေတီပေါင်းများစွာ တည်ထားသောနေရာဖြစ်၍ ကျန်သောနေရာတို့မှာ ဟင်းလင်းပြင် လယ်ကွင်းများဖြစ်ရာ ဒုက္ခာအ



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ရှိသော်လည်း မိမိတို့တိုက်ရမည့်ဘက်တွင် သတ်ကွင်းသဖွယ်ဖြစ်နေရာ ထိုတပ်သို့သွားရောက်တိုက်ခိုက်ခြင်းမရှိခဲ့ပေ။

အမှောင်ထုအတွင်းသို့ ရောက်နေသော မိမိအား ဆွေမျိုးတော်စပ်သူ အစ်ကို ဗိုလ်တာရာမှ အလင်းသို့ဝင်ရောက်၍ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ပါရန် သို့မဟုတ် မိမိနှင့်လာရောက်ဆွေးနွေးပါရန် ဖိတ်ခေါ်စာရောက်လာသောအခါ ဗိုလ်အာလူးသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်လေ၏။

ဤသည်မှာ နက်ဖြန်တွင် ဗိုလ်တာရာနှင့် သွားရောက်တွေ့ဆုံမည်ဟူသော ဆုံးဖြတ်ချက် ဖြစ်လေ၏။ ထို့ကြောင့် စာတစ်စောင်ကောက်ရေးကာ တပ်သားတစ်ဦးအား တောထဲလာသောလူကြုံတစ်ဦးအားစောင့်၍ ပေးခိုင်းလိုက်လေ၏။

## ဗိုလ်အာလူး လုပ်ကြံခံရခြင်း

ဗိုလ်အာလူးတို့စခန်းသည် ပိတောက်မြောင်လျှိုမှသည် အတန်ငယ်ဝေးသော တောအုပ်တွင်း တစ်နေရာတွင် တည်ရှိ၏။ သစ်ထုတ်လုပ်ရေးစခန်းတစ်ခုမှ ဆင်တစ်ကောင်ကို ဆင့်ခေါ်ထားရာ ထိုဆင်ကိုစီး၍ ကိုယ်ရံတပည့် ၂ ဦးအား ဆင်အောက်မှလိုက်စေလျက် စခန်းမှထွက်ခဲ့လေ၏။

ပိတောက်မြောင်မှသည် ၄ လိုက်ချောင်းသို့ဆင်းသော ရှည်လျားသည့် ချပ်ကြားလမ်းကြီးတစ်ခုရှိ၏။ ထိုလမ်းအား ပိတောက်မြောင်ချပ်ကြားလမ်းဟုခေါ်ကာ ထိုလမ်းသည် သစ်တောကြီးများအတိပြီးသော သစ်တောကြီးသို့ဝင်ရာ တစ်ခုတည်းသော ဝင်ပေါက် ဖြစ်လေ၏။ ထွက်ပေါက်လည်း ဖြစ်၏။ ကျန်သောနေရာတို့သည် မြင့်မားသော ချောင်းကမ်းပါးတို့ဖြင့် အတိပြီး၏။

ဆင်ဦးစီးသည် ဆင်၏ လည်ပင်းပေါ်တွင်ထိုင်ကာ နားရွက်နှစ်ဖက်ကြား ခြေထိုးထည့်လျက် နားရွက်နှစ်ခုကိုခြေဖြင့်တို့ကာ ချွန်းကိုင်လျက် မောင်းနေ၏။ အဆင်းသည် အတန်ငယ် မတ်စောက်ရာ ဆင်သည် ပုံမှန်ဖြစ်အောင် ခြေထိန်း၍ ဆင်းနေ၏။

ပိတောက်မြောင်ချပ်ကြားဆင်းအား ကျွဲလှည်း၊ နွားလှည်းများ ဖြစ်ပါက အရှိန်မများစေရန် ကျွဲ၊ နွားတို့အား နှာခေါင်းကြိုးနာနာဆွဲရသောနေရာ ဖြစ်၏။ ထိုသို့ဆွဲလျှင်ပင် အတန်ငယ် မတ်စောက်သောလမ်းဖြစ်သဖြင့် အဆင်းတွင် ခပ်သွက်သွက်သာ ဆင်း၍ရလေ၏။

ဆင်ထိန်းတစ်ဦးသည် လှံရှည်တစ်ချောင်းဖြင့် ဆင်၏ဘေးမှကပ်လျက် ပါလာသော်လည်း ကိုယ်ရံရဲဘော်နှစ်ဦးမှာမူ ဆင်နောက်မှ ခပ်သွက်သွက် လိုက်ပါနေရ၏။ ဆင်ဖြည်းဖြည်းသွားသည် ဆိုသော်လည်း လူခပ်သွက်သွက် မပြေးရုံတစ်မည်သွားသလောက်မြန်ရာ ဆင်ထိန်းအနေနှင့် အလေ့အကျင့်ရပြီးဖြစ်သော်လည်း ရဲဘော်နှစ်ဦးမှာ အတော်ပင်အမီလိုက်နေရ၏။

ပိတောက်မြောင်ချပ်ကြားသည် မြေသားနံရံနှစ်ဖက် ကာရံထားသော လမ်းဖြစ်ရာ ဆင်၏ကျောပေါ်တွင် လိုက်ပါလာသော ဗိုလ်အာလူးမှာမူ အထင်းသား ပေါ်လွင်လျက် ရှိ၏။ အောက်မှလိုက်သောဆင်ထိန်းနှင့် ရဲဘော်တို့ကိုမူ အပေါ်မှ ကြည့်လျှင် မြင်ရခြင်း မရှိပေ။

ပိတောက်မြောင် ချပ်ကြားအလယ်သို့အရောက်တွင် ဒိုင်းဟူသော သေနတ်သံတစ်ချက် ပေါ်ထွက်လာကာ ဗိုလ်အာလူးသည် ဆင်ကျောထဲသို့ လန်၍ လဲကျသွားလေတော့၏။ သေနတ်သံသည် နောက်တစ်ချက်ထပ်၍ ပေါ်မလာတော့ပေ။

ချပ်ကြားထဲဖြစ်နေ၍ ရဲဘော်များလည်း ဘာမှမတတ်နိုင်ကြသဖြင့် ဆင်ကို ချောင်းထဲသဲခုံရောက်အောင် အမြန် မောင်းခိုင်းရ၏။ ချောင်းထဲရောက်၍ ဆင်ကိုဝပ်စေပြီး ဗိုလ်အာလူးကို ပြုစုသော်လည်း ကျည်ဆန်မှာ ဘယ်ဘက်ရင်အုံ တည့်တည့်ကို ထိမှန်သဖြင့် ခဏအတွင်းမှာပင် ဗိုလ်အာလူး ကျဆုံးသွားတော့သည်။

လုပ်ကြံသူသည် အသေအချာကြိုတင်နေရာယူကာ ချပ်ကြားနှုတ်ခမ်းတွင် အစီအရီ ပေါက်နေသော သစ်ပင်ကြီးများကို အကာအကွယ်ယူ၍ အနီးကပ် အပိုင်လုပ်ကြံသွားခြင်း ဖြစ်သည်။ သည်ဇရိယာ သည်ဝန်းကျင်သည် မိမိပိုင်နက်၊ မိမိ၏အခြေချရာ ဟူ၍ ဝန်းကျင်ကို စိတ်ချမိသော ဗိုလ်အာလူးသည် မိမိ၏နယ်မြေတွင်ပင် မိုက်ဇာတ်သိမ်းခဲ့ရလေတော့၏။ အလင်းပွင့်ကို မြင်ခွင့်ရမသွားရှာ၊ အမှောင်၌ပင် နိဂုံးချုပ်ခဲ့ရလေပြီ။

## ပူဆွေးသောက ဗျာပါဒ

ဗိုလ်အာလူး ဆင်ဖြင့် ဆိတ်နံ့တုန်းသို့သွားစဉ် ပိတောက်မြောင်ချပ်ကြား၌ မသမာသူတို့ လုပ်ကြံခံရသဖြင့် ဆုံးပါးသွားပြီဖြစ်ကြောင်း ဗိုလ်မှတ်ဆိတ်မှ မစပယ်တင်ထံ စာဖြင့် လူကြုံပါး၍အကြောင်းကြားလာခဲ့ရာ မစပယ်သည် လည်းကောင်း၊ သမီးလေးများဖြစ်သည့် ခင်မာရီနှင့်ခင်မာသီတို့သည် လည်းကောင်း များစွာပူဆွေးသောက ဗျာပါဒ ဖြစ်ရရှာလေ၏။

အခြားသူတို့ အမြင်မှန်ရကာ တစ်နေ့တခြား တဖွဲဖွဲ အလင်းသို့ဝင်ရောက်လာကြသောအခါ မစပယ်တင်သည်လည်း မိမိ၏ ခင်ပွန်းကို အလင်းသို့ ဝင်စေချင်လှ၏။ တွေ့လျှင် တိုက်တွန်းချင်လွန်းလှ၏။ အမှန်သော် ဥပဒေဘောင်တွင်း၌ နေထိုင်ခြင်းသာ ထာဝရအေးချမ်းမည်မဟုတ်ပါလား။ သို့ကြောင့် သည်တစ်ခါတွေ့လျှင် မရ,ရအောင် ပြောမည်ဟု ကြံရွယ်ထားခဲ့မိ၏။

ဥပဒေလက်တံသည် ပြန်ကပြေး၊ ဆိတ်နံ့တုန်း စသော ရွာများ၌ စိုးမိုးစပြုနေပြီဖြစ်၍ ယခင်ကလို ကွန်မြူနစ်များ စိတ်သွားတိုင်းကိုယ်မပါနိုင်တော့ပြီ။ သို့ကြောင့် ခင်ပွန်းဖြစ်သူ ဗိုလ်အာလူးနှင့်မတွေ့ရသည်မှာပင် အတန်ကြာခဲ့ပြီ ဖြစ်၏။

တပ်မတော်မှ တပ်စုတစ်စု အခြေစိုက်၍ နယ်မြေအေးချမ်းရေးကိုဆောင်ရွက်နေသောအခါ တောနေကွန်မြူနစ်တို့ နေရာကျဉ်းသွားခဲ့တော့၏။ သို့ကြောင့် တွေ့ရန်ခက်ခဲသောအခြေအနေသို့ ရောက်ခဲ့ရ၏။

သူ ငယ်စဉ် အပျိုဘဝ၌ လူ



www.burmeseclassic.com

www.burmeseclassic.com

တိုင်းက ကတော်ရုပ်ဟု ဆိုကြသော အခါ အခြောက်တိုက်ဘဝင်မြင့်ခဲ့ဖူး၏။ မည်သည့် စစ်ဗိုလ်နှင့် ရပါမည်လဲဟု မျှော်လင့်တောင့်တခဲ့ဖူး၏။

စစ်တပ် ဟူသည် သူတို့ရွာ၌ ဗိုလ်တာရာတို့တပ်များ လာရောက်တပ်စွဲလေမှ မြင်ဖူးခြင်းဖြစ်ရာ ထိုအချိန်ဝယ် သူသည် ကွန်မြူနစ်ခေါင်းဆောင်ကတော် ဖြစ်၍နေလေပြီ။ သို့သော် ဗိုလ်အာလူး၏ကတော်ပေမို့ အရှိန်အဝါ လွန်စွာကြီးမားခဲ့လေ၏။ မည်သူကမျှ မုန်းတင်းမဆိုရဲ၊ မည်သူကမျှ မျက်စောင်းပင် မခဲရဲကြပေ။ ပစ္စည်းဥစ္စာမှာမူ ဗိုလ်အာလူး၏ကျေးဇူးကြောင့် ပြည့်စုံ၍နေ၏။

မိမိတို့မိသားစုကို အရှိန်အဝါဖြင့် များစွာ အကာအကွယ်ပေးခဲ့သော ခင်ပွန်းသည်မရှိတော့ပြီကို သိရသောအခါ ယနေ့မှ စ၍ မိမိတို့မိသားစု အကာအကွယ်မဲ့သွားပြီဟု ခံစားသိရှိလိုက်၏။ တစ်နေ့နေ့ တစ်ချိန်ချိန် အန္တရာယ်ကျရောက်လာနိုင်၏။

ထို့ကြောင့် နေဝင်မိုးချုပ်သည်နှင့် ဒုန်းတံခါးကို မင်းတုပ်ကြီး အသေအချာပိတ်လျက် အိပ်စက်လေတော့၏။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ရရှာသော မစပယ်တင်သည် လူမသိအောင် ကျိတ်၍ ခံစားရရှာ၏။ အံ့ပုန်းပူမို့ လူမသိခြင်းသာဖြစ်ပါလေ၏။

**အလှတွင် ကျော်ကြားသော အပျိုပေါက်**

နှစ်ဖက်သောမိဘတို့၏ ထွားကျိုင်းမှု၊ အသားဖြူမှု၊ လှပမှုတို့သည် သမီးကြီး ခင်မာရီထံ သက်ရောက်ခဲ့၏။ မည်းမှောင်၍ကွေးညွတ်နေသော မျက်ခုံး၊ လှပသောမျက်ဝန်းနက်နှင့် မျက်တောင်ကော့ကြီးများ၊ ပေါ်လွင်သောနှာတံ၊ စုစုနှင့် ထွေးနေသော, လုံးဝန်းသောပါးစပ်တို့သည် ဖြူဖွေးသော အသားအရေနှင့် လိုက်ဖက်အောင် သူ့အလှကို အစွမ်းကုန်အားဖြည့်ထားလေ၏။

လူကောင်ထွားမှုကြောင့် အရွယ်မတိုင်မီပင် အပျိုပေါက်ဖြစ်လာသော ခင်မာရီသည် လူတကာငေးလောက်အောင်ပင် လှပသော အလှပိုင်ရှင်လေး ဖြစ်လာခဲ့၏။

အလှတွင် အယဉ်ဆင့်ဟူဘိသို့ သူ၏ ဆံပင်မှာလည်း နက်မှောင်သန်စွမ်းကာ တံကောက်ကွေးမျှထိ ရှည်လျားလှလေ၏။ ဆံပင်တွင် စွဲမက်ဖွယ်သော လိုင်းကြီးတွန့်များလည်းပါလေရာ သူ၏ဆံပင် ဖြန့်ချထားခဲ့ပါလျှင် လွန်စွာပင် ကျက်သရေရှိလှပေ၏။

ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့ဖြင့် အလွန် တင့်တယ်လှပသော အပျိုပေါက်မလေး ခင်မာရီသည် အိမ်တွင်ရှိနေသော စီးမြင်းအား စီးကာ (နေပြည်တော်)ပျဉ်းမနားမြို့ စသည်တို့ကို သွားလာလေ့ရှိ၏။

ထိုသို့မြင်းစီးတိုင်း သူ့ဆံပင်ကို ဖြန့်၍ချထားလေ့ရှိပြီး မြင်းကို ဒုန်းစီးလေ့ရှိရာ သူ့ဆံပင်သည် လေထဲတွင် တန်း၍နေလေ၏။ မြင်းစီး ထိုမျှကျွမ်းကျင်သူလေးဖြစ်ရာ သူမြင်းစီးလာလျှင် လူတို့သည် အံ့သြငေးမောကာ မျက်စိတစ်ဆုံးကြည့်ကျန်လေ့ရှိ၏။ လွန်စွာမှပင် ကြည့်၍ကောင်းလှပေ၏။

သို့သော်လည်း လှပလွန်းသော ထောင်ထောင်မောင်းမောင်း ထိုမိန်းကလေး၏မျက်နှာသည် ဝန်းကျင်ကို ဘယ်သောအခါမှ စိတ်ဝင်စားဟန်ပြလေ့မရှိဘဲ အမြဲလိုလို တင်းမာ၍နေရာ မည်သူတစ်ဦးတစ်ယောက်ကမှ စ,ရဲခြင်း မရှိခဲ့ကြပေ။

လူတိုင်းကပင် သူ့အား ဗိုလ်အာလူး၏သမီးဟူ၍ သိထားပြီး ဖြစ်သည်။ ဖခင် ဗိုလ်အာလူး သေဆုံးပြီးသည့်တိုင် ကွန်မြူနစ်ဟူသောဝါဒကို လက်ကိုင်ပြုလျက် တောခိုသောင်းကျန်းနေသူတို့သည် မိမိတို့ဝန်းကျင်တွင်ရှိနေသေးကြောင်း သိထားသောလူတို့သည် ထိုအရှိန်အဝါဖြင့်ပင် မစပယ်တင်တို့မိသားစုကို ခွန်းကြီးခွန်းငယ် ပြောဆိုရဲခြင်း မရှိကြပေ။

ထိုခင်မာရီ အပျိုပေါက်အရွယ်မှာပင် ဆိတ်နံ့တုန်းရွာ ဆရာတော်ကြီး ကျောင်းဝိုင်းတွင် တပ်စွဲထားသော ဗိုလ်တာရာတို့ တပ်စုသည် တပ်ပြန်ရုပ်သိမ်းသွားခဲ့ပေတော့၏။

ကြောင်မရှိသော် ကြွက်တို့ ထကြွသောင်းကျန်းတော့မည်ကို သိပြီးဖြစ်ရာ ပြည်သူတို့ ရင်တထိတ်ထိတ်နှင့်ရှိရပြန်လေ၏။

**ဓားပြလာတိုက်ပြီ**

ခေတ်ကာလသည် ရာနှုန်းပြည့် ငြိမ်သက်အေးချမ်းခြင်း မရှိသေးရာ ဆိတ်နံ့တုန်းရွာကြီးသည် စောစီးစွာပင် အိပ်စက်သွားသဖြင့် ရွာတစ်ခုလုံး တိတ်ဆိတ်နေလေ၏။ ည ၈ နာရီခန့်တွင် ထိုတိတ်ဆိတ်မှုအား ဆူညံသံတို့ဖြင့် စတင်ဖြိုခွင်းလေတော့၏။

"ဒေါ်စပယ်တင် တံခါးဖွင့်ပေးပါ"

"ဒုန်း ဒုန်း ဒုန်း"
"တံခါးမြန်မြန်ဖွင့်ပါ"
"ဒုန်း ဒုန်း ဒုန်း"

ဟူသော ဆူညံသောအသံတို့ကို ကြားရလေတော့၏။ ထိုသို့ ကြားလျှင်ပင် အိမ်တိုင်းက ဓားပြလာတိုက်နေပြီကို သိသဖြင့် အချို့မှာ တုတ်တုတ်မျှပင် မလှုပ်ရဲကြပေ။

မစပယ်တင်တို့ အိမ်ကြီးသည် ဆိတ်နံ့တုန်းရွာကြီး၏ အလယ်တွင်ရှိရာ ဆူညံဆူညံဖြင့်အော်ဟစ်၍ တံခါးဖွင့်ခိုင်းရဲသော ဓားပြသည် သာမန်ဓားပြများ မဟုတ်၊ အင်အားကြီးသော လက်နက်ကိုင်အဖွဲ့ကြီးတစ်ခု ဖြစ်သည်ကို လူတိုင်းက အတပ်သိလေ၏။

ရွာရှိလူများမှာလည်း ဓား၊ လှံ၊ တုတ်တို့မှလွဲ၍ လက်နက်ဟူ၍ မရှိရာ သေနတ်သမားအုပ်စုအား တုနိုင်စွမ်း မရှိသဖြင့် ရင်တွင် မချိသော်လည်း ခေါင်းငုံ့ကာ ခံနေကြရသော ဘဝ ဖြစ်လေ၏။

ရွာတွင် လူမိုက်ဟုနာမည်ကြီးသော ကိုထွန်းရသည် သူကြီးဦးဖိုးဟန်၏ လက်စွဲတပည့် ဖြစ်သည်။ မစပယ်တင်တို့အိမ်သည် ကိုထွန်းရအိမ်၏ ခပ်လှမ်းလှမ်း၊ အရှေ့မြောက်ဘက်တွင်ရှိ၏။ ထို့ကြောင့် မှောင်ရိပ်ခိုကာ သွားချောင်းကြည့်လျှင် ဓားပြစုစုပေါင်း ၈ ဦးခန့် သေနတ်ကိုယ်စီကိုင်ထားသည်ကို တွေ့သဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့လေ၏။ ကိုထွန်းရမှာ မြန်မာ့သိုင်းပညာတတ်



www.burmeseclassic.com

www.burmeseclassic.com

သူ ဖြစ်သည်။

"ဟေ့- ဖွင့်ဆိုတာ မကြားဘူးလား။ ကောင်းကောင်းပြောနေတာနော်၊ စိတ်တိုလာရင် မကောင်းဘူး"

ဟူသော အသံကိုလည်း ကြားရ၏။ ဖွင့်မပေးသောအခါ ရရာသစ်တုံးတို့ဖြင့် တဒုန်းဒုန်း ဆောင့်ကာ တံခါးမကြီးအား ဖွင့်နေသံ ကြားရလေ၏။

အမှောင်ရိပ်တွင် မတ်တတ်ရပ်ကာ ကြည့်နေစဉ် အနီးသို့ လူတစ်ဦး ချဉ်းကပ်လာသဖြင့် ကိုထွန်းရသည် အသင့်အနေအထားဖြင့် ပုံစံပြောင်းလိုက်၏။

"ထွန်းရ- ငါပါကွ၊ စံလှပါ"

"ငါသွားကြည့်ပြီးပြီ စံလှရ၊ ဒီကောင်တွေ သေနတ်ကိုယ်စီနဲ့ ၈ ယောက်လောက်ရှိတယ်။ တောထဲက ကောင်တွေပဲ ဖြစ်မယ်။ ကပ်လို့မရနိုင်တာနဲ့ ငါနောက်ဆုတ်လာတာ"

"ရွာကလူတွေလည်း ကြောက်တော့ တစ်ယောက်မှမထွက်ရဲကြဘူးဟ။ မတတ်နိုင်ဘူးကွာ၊ အမှောင်ထဲက အဲဒီကောင်တွေကို ဟန့်တားကြည့်တာပေါ့"

"မင်းက ဘာနဲ့ဟန့်တားမှာလဲ"

"ပါးစပ်နဲ့ပေါ့ဟ"

"အေးကွာ- ဒါဆိုလည်း လုပ်ကြည့်ပေါ့"

"ဒါဆို လာကွာ၊ အိမ်နဲ့အနီးဆုံးအမှောင်ရိပ်ကို သွားရအောင်"

ဟု ဆိုကာ နှစ်ယောက်သား မစပယ်တင်တို့အိမ်နှင့်မလှမ်းမကမ်း အမှောင်ရိပ်၌ ကပ်မိကြ၏။ ကိုစံလှမှာ လူကောင် ကြီးထွားသလောက် အသံသြဇာကလည်း ကောင်းသူဖြစ်သည်။ ရွာတွင် သြဇာရှိသော လူမှန်လူမိုက်ကြီးဖြစ်၍ ရွာကလူများ သူ့ကိုကြောက်ကြသည်။

ဓားပြများသည် စပယ်တင်တို့ထံတွင် များစွာသော ရွှေငွေရတနာတို့ ရှိမှန်းသိထားသဖြင့် ယခုကဲ့သို့ အပိုင်လာတိုက်ခြင်းဖြစ်ကြောင်း ကိုထွန်းရတို့သိကြသည်။ တပ်ဆင်ထားသော ဒုန်းတံခါးအား သဲကြီးမဲကြီး ရိုက်ဖျက်လျက်ရှိသဖြင့် တဒုန်းဒုန်းဖြင့် ဆူညံနေ၏။ တိတ်ဆိတ်သော ညဉ့်ယံမို့ တစ်ရွာလုံးလိုလို ကြားနေကြရသော်လည်း မည်သို့မျှ မတတ်နိုင်ကြပေ။ မိမိတို့အိမ်သို့ ကူးမလာပါစေနှင့်ဟုသာ ဆုတောင်းရင်း ငြိမ်သက်နေကြရလေ၏။

"ဟေ့ကောင်တွေ- မင်းတို့ကွာ၊ မုဆိုးမအိမ်ကို မတရားမလုပ်ပါနဲ့ကွ"

ဟု အောင်မြင်သောအသံကြီးဖြင့် ကိုစံလှမှ လှမ်း၍အော်လေ၏။ ထိုအခါ ဓားပြအုပ်စုမှ-

"ဘယ်×××လဲကွ၊ ငါတို့ကိုလာပြော. . ."

"ဒိုင်း"

ဟူသော ဆဲသံနှင့်သေနတ်သံ ထပ်ဆင့်ထွက်ပေါ်လာရာ ကိုထွန်းရနှင့် ကိုစံလှတို့ ချက်ချင်းပင် နောက်သို့ ပြန်ပြေးခဲ့ရလေတော့၏။ လက်ရှိနဲ့ လက်မဲ့ ဘာမှလုပ်၍မရပါချေ။

**ဒုန်းတံခါး**

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

"ဟေ့ကောင်တွေ၊ ဘေးအိမ်တစ်အိမ်မှာ ပုဆိန်သွားတောင်းစမ်း။ ပုဆိန်ကို မရရအောင် ရှာလာခဲ့။ ပုဆိန်နဲ့ခုတ်ဖွင့်ရင် ဘာလို့ မရ,ရမှာလဲ"

ဟု ခေါင်းဆောင်လုပ်သူက ခိုင်းရာ ထိုစဉ် အိမ်ရှေ့တံခါးရှုတ်တရက်ပွင့်လာပြီး အပျိုပေါက်စ ခင်မာရီသည် မတ်တတ်ရပ်နေသူ ခေါင်းဆောင်ရှိရာသို့ ပုဆိန်ဖြင့် လှမ်းပစ်လိုက်သဖြင့် ရှုတ်တရက်ရှောင်လိုက်ရလေ၏။

"ပုဆိန်သွားရှာမနေနဲ့၊ အဲဒီပုဆိန်နဲ့ဖွင့်"

ဟု ရှုတ်တရက်အော်ပြောကာ တံခါး ချက်ချင်းပြန်ပိတ်သွားလေ၏။ သတ္တိကောင်းလွန်းသော မိန်းကလေးပါပေ။

"ဟေ့ကောင်တွေ၊ ရအောင်ခုတ်ဖွင့်စမ်းကွာ"

ဟု ပုဆိန်ပေးကာ ခုတ်ဖွင့်စေ၏။ တဒုန်းဒုန်းဖြင့် ဆူညံစွာခုတ်ဖွင့်နေသော်လည်း ဒုန်းတံခါးမှာ အရာပင်မယွင်းသောအခါ ညဉ့်အတော်နက်ချိန်တွင် လက်လျှော့ကာ ပြန်သွားကြလေ၏။

ကံကောင်းသည်မှာ မိသားစုကို ရန်မရှာခြင်း၊ အိမ်ကိုမီးရှို့မသွားခြင်းပင် ဖြစ်ပါသည်။ မစပယ်တင်တို့မိသားစုသည် ဒုန်းတံခါး ကြိုတင်စီမံထားမှုကြောင့်သာ ဓားပြတို့၏ရန်မှ လွတ်ခဲ့ရခြင်း ဖြစ်လေ၏။

ဆိတ်နံ့တုန်း ရွာသားတို့သည်လည်း ဒုန်းတံခါး၏လက်တွေ့ခိုင်မာမှုကိုသိရသောအခါ မအေးချမ်းသေးသော ထိုခေတ်ထိုအခါတွင် ချမ်းသာသူတို့သည် ဒုန်းတံခါး တပ်ဆင်ကြလေ၏။ ဒုန်းတံခါးမှာ နာမည်လည်းကြီးသွား၏။ မည်မျှကြီးသလဲဆိုပါက ယခုခေတ်ထိတိုင် ပြောစမှတ်ကျန်ရစ်လေ၏။

မြင်းစီးကြမ်းသော အပျိုပေါက် ခင်မာရီ၏ ပုဆိန်ဖြင့် ပစ်ရဲသော သတ္တိကိုလည်း ယခုအထိ အသိအမှတ်ပြုနေဆဲရှိ၏။

**အိမ်ထောင်ကျပြီးနောက်**

ရှိုက်ဖိုကြီး,ငယ် အသွယ်သွယ်တို့ဖြင့် ပြစ်မျိုးမဲ့မထင်အောင် ချောမောလှပသော ခင်မာရီသည် ဆိတ်နံ့တုန်းရွာ၌ အလှဆုံး ဖြစ်ခဲ့၏။ သို့သော် တင်းမာခက်ထန်သောအသွင်ကြောင့် မည်သည့်လူပျိုမှ စ,ရဲခြင်း မရှိပေ။

ကာလအတန်ကြာသော် လှပသော ကျောင်းဆရာလေးတစ်ဦးနှင့် အိမ်ထောင်ကျသွားလေ၏။ ထိုသို့ အိမ်ထောင်ကျပြီးနောက်ပိုင်း ရွာလယ်ရှိအိမ်ကြီးကိုရောင်းကာ မိသားစုလိုက် အခြားဒေသသို့ ပြောင်းရွှေ့သွားလေတော့၏။

သို့သော် ဒုန်းတံခါးနှင့် ဆက်နွှယ်၍ ပြောဖြစ်ပါက မစပယ်တင်တို့မိသားစုအကြောင်းကား မပါမဖြစ် သကဲ့သို့ ယခုအထိတိုင် ပြောစမှတ်တွင်ကာ ကျန်ရစ်လေသတည်း။

**မှတ်ချက်**

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) မှလွဲ၍ အမည်မှန်များပြောင်းလဲထားပါသည်။

*ပြောပြသူ ရပ်မိရပ်ဖတို့အား ကျေးဇူးအထူးတင်လျက်*

မိုးကုတ်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

မဟာနွယ်(မန်းတက္ကသိုလ်)

'ကတိသစ္စာ တည်သောအခါ၊
ဩဇာလေးနက် ပေါ်ဆီတက်ရှ၍၊
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'

မှန်ကန်သောစကား ဖြစ်၏။

ဤကမ္ဘာမြေကြီးတွင် ပေါက်ရောက်နေကြသော သစ်ပင်၊ ပန်းပင်၊ နွယ်မြက်တို့သည်ကား ဆေးဖက်ဝင်သောဆေးပင်များသာ ဖြစ်ကြပါ၏။ မသိသူများက ကျော်သွားကြ၏။ သိသူများကတော့ ဖော်စားကြ၏။

မှန်ပါသည်။

ဆေးပညာရပ်များကို လေ့လာလိုက်စားသူ အချို့သာ ဆေးပင်ကို အနည်းငယ်မျှသိရှိကြပါ၏။ မြန်မာ့ဆေးပညာကား အလွန် နက်ရှိုင်းကျယ်ဝန်းလှပါ၏။ တိမ်မယောင်နှင့် နက်လှ၏။ လွယ်မယောင်နှင့်လည်း ခက်လှပါ၏။

ဤဆောင်းပါးတွင် အနာဆိုး၊ အနာပျက်၊ အနာလုံး၊ အနာခဲအကြောင်းကို တစေ့တစောင်း တင်ပြသွားပါမည်။

✿

လူတို့၏ခန္ဓာကိုယ်တွင် အနာဆိုး၊ အနာပျက်ဝင်ရောက်လာလျှင် အခံရခက်၏။ အနေရခက်၏။ အအိပ်ရခက်၏။ အမြဲတမ်း အော်ဟစ်နေကြရ၏။ အနာဆိုး ဟူသော အမည်နှင့် လိုက်ဖက်ညီစွာ အနာကားဆိုးရွားလှပါ၏။ ခန္ဓာကိုယ်ပေါ်၌ အနာဆိုးပေါ်စကတည်းကပင် နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ အောင့်ခြင်း၊ ရောင်ရမ်းခြင်း၊ အချို့အနာများမှာ ပြည်တက်၍ ပြည်ပေါက်ထွက်လာတတ်ကြ၏။

ပြည်တက်မည်ပြုသောအခါ အနာမှကိုက်ခဲခြင်း၊ မခံမရပ်နိုင်အောင်နာကျင်ခြင်း၊ ပူလောင်ခြင်း၊ အောင့်ခြင်း၊ တင်းခြင်း စသော ဝေဒနာတို့ကိုခံစားရ၏။ ယင်းကြောင့်လည်း ထိုဝေဒနာကို 'အနာဆိုး' ဟု ခေါ်ဆိုကြ၏။

အနာမှာ အနာဆိုး၊ အနာကောင်းဟုရှိသလော ဟူ၍ မေးစရာရှိ၏။ ရှိပါသည်၊ လူသားတို့ကို ဒုက္ခရောက်စေသော အနာပေါက်တို့အား အနာဆိုးဟု သတ်မှတ်ထားကြ၏။ အနာပေါက်သော်လည်း အခါအားလျော်စွာ ပြည်တက်၊ ပြည်ပေါက်ထွက်ပြီး ပိန်ကျပျောက်ကင်းသွားပါလျှင် အနာကောင်းဟု ခေါ်ဆိုနိုင်ပါ၏။ ဤနေရာတွင် အနာဆိုးစာရင်းဝင် အနာဆိုး အချို့ကို တင်ပြသွားပါမည်။

**လုံးရမ်းသက်တန့်နာ**

ဤအနာသည် များသောအားဖြင့် လူတို့၏ပေါင်အရင်း၌ စတင်ပေါက်လာတတ်၏။ အနာပေါက်ခါစတွင် နာကျင်လာ၏။ တစ်နေ့ထက်တစ်နေ့ အနာလုံးမှာ ကြီးထွားစ,ပြုလာ၏။ ဆေးမတင်၊ ဆေးမကုဘဲထားပါက အနာလုံးမှာ ကြီးထွားလာပြီး နောက်ဆုံး ပြည်တက်လာ၏။ ပြည်ပေါက်ထွက်လာတတ်၏။ ယင်းအခြေအနေမျိုးဖြစ်လာလျှင် အနာမှာ မပျောက်ကင်းနိုင်ဘဲ လူကိုဒုက္ခရောက်စေတတ်၏။ လူနာမှာ အပြင်းဖျားလာ၏။ အစားပျက်လာ၏။ အအိပ်ပျက်လာ၏။ အနေရခက်လာ၏။ အချို့အနာမှ သက်တန့်ကောင်များ ဖြစ်ပေါ်လာတတ်၏။ သက်တန့်ကောင်သည် အနာအတွင်းမှ စတင်ဖြစ်ပေါ်လာ၏။ သက်တန့်ကောင်သည် အနာလုံးမှစတင်ကာ အသားကောင်းများကို ထိုးဖောက်၍ ဝင်ရောက် စားသောက်လာတတ်သည်။ တစ်နေ့ တစ်နေ့မှာ သက်တန့်ကောင်သည် အသားကောင်းကို ၂ လက်မ၊ ၃ လက်မခန့်တိုင်အောင် ထိုးဖောက်စားသောက် ဝင်ရောက်လာတတ်၏။ နောက်ဆုံး လူနာမှာ ဒုက္ခရောက်သွားရလေ၏။ သက်တန့်ကောင်၏ အရှည်မှာ ၁ လက်မမှ ၃ လက်မခန့် ရှိ၏။

**လုံးရမ်းသက်တန့်နာပျောက်ဆေး**

အနာအကျိတ်အခဲ စတင်ပေါ်လာလျှင် သုံးဖန်လှဆေးမြစ်ကိုတူးယူပါ။ ရေစင်ကြယ်အောင်ဆေးပါ။ သန့်ရှင်းသော ကျောက်ပျဉ်ပေါ်၌ သွေးပါ။ ရလာသောဆေးရည်ပျောင်းပျောင်းနွဲ့နွဲ့မှာ ဆားအနည်းငယ်ထည့်၍ အနာလုံးကို ခပ်ထူထူလိမ်းပေးပါ။ သောက်ဆေးအဖြစ်လည်း ဟင်းစားဇွန်း တစ်ဇွန်းခန့် သောက်ပေးပါ။ တစ်နေ့ ၃ ကြိမ် လိမ်းပါ။ ဆေးသောက်ပါ။

**ဆေးအကျိုးကား**

အနာမှာ နုလျှင်ပိန်၍ အနာရင့်လျှင် ပြည်တက်ပြီး ပြည်ပေါက်လာပါလိမ့်မည်။ အနာမှာ သဘာဝအလျောက် သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

**သုံးဖန်လှဆေးပင်၏သဏ္ဌာန်**

ဆေးပင်သည် နွယ်ယောင်ပင်ယောင် ဖြစ်၏။ မိုးဦးကျအချိန်ကာလတွင် ဆေးပင်၏အရွက်များထွက်လာ၏။ အဝေးမှကြည့်လျှင် အပင်ဖျားမှထွက်လာသော အရွက်တို့ကိုဖြူဖွေးစွာ မြင်တွေ့ရ၏။ ပန်းပွင့်လားဟု ထင်မှတ်ရ၏။ ဆေးပင်အနီးသို့ကပ်ကြည့်သောအခါမှ ရွက်နုဖြစ်နေကြောင်း တွေ့ရတတ်၏။ တစ်ပင်တည်းမှာပင် အရွက်နှစ်မျိုး၊ သုံးမျိုးကိုတွေ့ကြရ၏။ ယင်းကြောင့်လည်း ထိုဆေးပင်ကို သုံးဖန်လှဟူ၍ ခေါ်ဆိုကြ။

ဆေးပင်၏အပွင့်မှာ အပင်၏ထိပ်မှပွင့်၏။ တစ်ခါတစ်ရံမှာ အပင်၏ အခက်အလက်ကြားမှလည်း ပွင့်တတ်၏။ အပွင့်မှာ အဝါရောင်ဖြစ်၏။ အချို့ကား အနီရောင် ဖြစ်၏။ ပန်းပွင့်မှာ အခြားသောပန်းများနှင့်မတူ၊ တစ်မူထူးခြားစွာ ပွင့်လာတတ်ကြ၏။ ပန်းပွင့်များမှာ အဆုပ်အဆုပ် ပွင့်ကြ၏။

တချို့မှာ အရွက်ဖြူနားမှကပ်လျက် တစ်ခက်လျှင် တစ်ပွင့်၊ တစ်ခက်လျှင် နှစ်ပွင့်,သုံးပွင့် စသည်ဖြင့်ထွက်၍လည်း ပွင့်လာတတ်ကြ၏။ များသောအားဖြင့် ဆေးပင်သည်



သူရဇ္ဇမဂ္ဂဇင်း
၂၀၁၂ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

အေးသောရာသီဥတုကို ကြိုက်နှစ်သက်၏။ သဲဆန်သောမြေ၌ အပေါက်များ၏။ တစ်နည်းဆိုရလျှင် သဲနုန်းမြေတွင် ဆေးပင်ကိုတွေ့ရှိရတတ်၏။ အရွက်၏အရောင်မှာ အဖြူ အနီ၊ အစိမ်းအားဖြင့် ရွက်ရောင် ၃ မျိုး ရှိကြ၏။

**ဆေးပင်ကိုတွေ့ရှိနိုင်သောနေရာ**

ဤဆေးပင်ကို စိမ့်ဆန်သောမြေ၊ တောင်စောင်းနေရာများတွင် တွေ့ရှိနိုင်ပါသည်။

**အနာ၌ ပြည် ရှိ၊ မရှိ စမ်းသပ်နည်း**

အနာလုံးထဲ၌ ပြည် ရှိ၊ မရှိ သိဖို့ရန် လိုအပ်လှပါသည်။ အချို့ ဆေးဆရာများသည် အနာလုံးကို ကြည့်ပြီး ပြည်ရှိသည်အထင်နှင့် ဓားဖြင့် ခွဲစိတ်ကြပါ၏။ ထိုအခါ အနာ၌ပြည် မရှိဘဲ သွေးသာထွက်လာသည်ကို တွေ့ရ၏။

ယင်းသို့ ပြုလုပ်လိုက်ခြင်းအားဖြင့် အနာရှိန်ဒဏ်အပြင် ဓားဒဏ် အနာကိုပါ ခံစားရလာ၏။ ထိုကဲ့သို့ မဖြစ်သင့်ပေ။ ယင်းကြောင့်လည်း ရှေးက ရခိုင်တိုင်းရင်းသမားတော်ကြီးများသည် အနာထဲ၌ ပြည် ရှိ၊ မရှိကိုစမ်းသပ်လာကြရ၏။

**အနာအထဲ၌ ပြည်ရှိ၊ မရှိ စမ်းသပ်ဆေး**

မန်ကျည်းသီးမှည့်နှစ် ၁ ကျပ်သား၊ မဖောက်ထုံး ၁ ကျပ်သား။

**ပြုလုပ်နည်း**

ဆေးတို့ကို ပန်းကန်တစ်ခုထဲ၌ ရောစပ်ပါ။ ရောစပ်ပြီး ချက်ချင်း အနာပေါ်မှာလိမ်းပေးပါ။ အနာတစ်ခုလုံး ပူသွားပါလိမ့်မည်။ မခံမရပ်နိုင်အောင်ပူလာပါက အနာလုံးထဲ၌ ပြည်မရှိပါ။ အနာကိုဆွဲစုပ်ဘိသကဲ့သို့ခံစားရပါလိမ့်မည်။ အနာမှာ ပြည်ရှိနေပါက အနည်းငယ်သာပူပါလိမ့်မည်၊ မခံမရပ်နိုင်အောင် မပူပါ။

**ဆေး၏အကျိုးကျေးဇူး**

ဆက်လက်ပြီး ဆေးကိုလိမ်းပေးပါက အနာမှာ ပြည်မဖြစ်တော့ဘဲ ပိန်သွားပါလိမ့်မည်။

**နောက်စမ်းသပ်နည်း**

ဟင်းဂလာပင်၏အရွက်ကို ရေစင်ကြယ်အောင် ဆေး၍ ကြိတ်ပါ။ ညက်သောအခါ အနာလုံးပေါ်မှာ အုပ်ပေးပါ။ အနာပူလာပါလိမ့်မည်။ အနာပူလာပါက အနာမှာ ပြည်မရှိပါ။ ဆက်လက်ပြီး တစ်နေ့ ၂ ကြိမ် အုပ်ပေးပါက အနာမှာ ပိန်သွားပါလိမ့်မည်၊ ပြည်မဖြစ်တော့ပါ။

အနာဆိုး ဖြစ်လာသောအခါ အနာမှာ မန်းရောက်လာတတ်၏။ မန်းတက်လာသောလက္ခဏာမှာ အနာတစ်ခုလုံး နာကျင်ခြင်း၊ ပူ၍လာခြင်း၊ ကိုက်ခဲခြင်း၊ ရောင်ရမ်းလာခြင်း၊ အနာရှိန်ကြောင့် လူနာမှာ အဖျားဝင်လာခြင်း စသည်တို့ ဖြစ်ပေါ်လာလျှင် အနာမှာမန်းတက်နေပြီဟုသိရ၏။ မန်းမကျလျှင် အနာမှာ သက်သာပျောက်ကင်းခြင်း မရှိပါ။ မန်းသည်လည်း အနာ၏ အဓိကကျသောနေရာမှပါဝင်၏။ အနာမှာ မန်းရှိပြီဟုသိလျှင် မန်းချန်တို့ကို ချပေးရ၏။

**အနာမန်းချဆေး**

**ဆေးကား**

ယမ်းစိမ်း၊ ပိတ်ချင်း၊ ထုံး၊ နနွင်းစိမ်း၊ ကျပ်ခိုး ၁ ကျပ်သားစီ စုပါ။

**ပြုလုပ်နည်း**

ဆေးတို့ကို ညက်စွာကြိတ်ပါ။ လေလုံသောပုလင်း၌ထည့်၍ သိမ်းဆည်းထားပါ။

**အသုံးပြုရန်**

အမျိုးသမီးများ နို့နာမှ စ၍ အနာမှန်သမျှမှာ ထည့်ပေးပါ။

**ဆေး၏အကျိုးကျေးဇူး**

မန်း ဟူသမျှ ကျ၏။ အနာကျက်၏။ အနာသက်သာပျောက်ကင်းလာပါလိမ့်မည်။

**တစ်နည်းမန်းချဆေး**

ခရေစေ့(ချရားစေ့)၊ ကြက်ဟင်းခါးစေ့၊ မြက်နံ့သာဥ၊ ကန့်ဘလူဥ၊ ဆေးပုလဲ၊ သမ္ဘုန္နွယ်မြစ် ဆေးတို့ကို ၁ ကျပ်သားစီ စုထားပါ။

**ပြုလုပ်နည်း**

ဆေးတို့ကို အမှုန့်ပြုထားပါ။ လေလုံသောပုလင်း၌ထည့်၍ သိမ်းဆည်းထားပါ။

**အသုံးပြုပါရန်**

မန်းတက်နေသော အနာမှာ ထည့်ပါ၊ မန်းရည်များကျဆင်းလာ၏။

**ဆေး၏အကျိုးကျေးဇူး**

မန်းချန်တက်နေသော အနာဟူသမျှ သက်သာပျောက်ကင်းပါလိမ့်မည်။

**အပင်း**

အပင်း ဆိုသည်မှာ အနာဆိုး၊ အနာဟောင်း၊ အနာစိမ်းတို့မှာ အသားပင်း၊ အရိုးပင်း၊ အဆီပင်း၊ အရေပင်း၊ ဝါဂွမ်းပင်းတို့ ပိတ်တတ်ကြ၏။

အပင်းပိတ်ခြင်းကို လေ့လာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရ၏။ အနာရနေသော လူနာတစ်ဦးအနီးမှာ ဝက်သားတွဲ၊ အမဲသားတွဲ၊ ကြက်သားစိမ်း၊ ဝါဂွမ်း စသည်တို့ကိုကိုင်၍ ရပ်လာ၏။ ထိုအခါ လူနာ၏အနာမှာ ဝက်သားပင်း၊ အမဲသားပင်း၊ ကြက်သားပင်း၊ အရိုးပင်း၊ အဆီပင်းနှင့် ဝါဂွမ်းပင်းတို့ပိတ်တတ်ကြ၏။

အပင်းဝင်ရောက်နေသော အနာသည် အလွန်နာကျင်၏။ ကိုက်ခဲ၏။ ထိခိုက်မိပါက သွေးထွက်လာတတ်၏။ အနာမှာ အထူး နာကျင်ပြီး ခံရခက်လှ၏။ အနာမှာ ကျက်လာခြင်းမရှိ၊ တာရှည်စွာ ခံစားနေရ၏။ အချို့ အပင်းမှာ ဝက်သားပင်း ဖြစ်ပါက ဝက်သားနှင့်တူသောအပင်း ဖြစ်နေ၏။ အမဲသားပင်း ဖြစ်ပါကလည်း အမဲသားနှင့်တူသောအပင်း ဖြစ်နေတတ်၏။ အလားတူပင် အနာထဲ၌ အပင်းတစ်ခုခုဝင်နေပါက အနာမှာ ပျောက်ကင်းခြင်းမရှိတော့ပါ။ ထိုအပင်းကို ထွက်သွားစေရန် ရှေးဦးစွာ အပင်းထွက်ဆေးတို့ကို ထည့်ပေးရ၏။ အပင်းထွက်သွားမှသာ အနာကျက်ဆေးထည့်ပေးရ၏။

**အပင်းကျွတ်ဆေး**

ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်းစိမ်း၊ မိသလင်၊ နနွင်းစိမ်း၊ မဖောက်ထုံး ၁ ကျပ်သားစီ စုပါ။ ကျစ်ခိုး ၆ ကျပ်သား ထည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ပြုလုပ်နည်း**

အားလုံးကို အမှုန့်ပြုထားပါ။ အတောင့်လုပ်ထားပါ။

**အသုံးပြုရန်**

အနာမှာ အပင်းပိတ်ထားပါက ဆေးကိုထည့်ပေးပါ။

**ဆေး၏အကျိုးကျေးဇူး**

အနာထဲမှ အပင်းကျွတ်ကျ၏။ အညှော်၊ မန်းရည်၊ ချန်ရည်တို့ ကျလာပါလိမ့်မည်။

**(တစ်နည်း) အပင်းစားဆေး**

ခံတက်ခေါက်၊ မိဿလင်ဥ၊ ကံ့ကော်ဝတ်ဆံ ၁ ကျပ်သားစီ စုပါ။ ဆားရိုးရိုး ၂ ပဲသား။

**ပြုလုပ်နည်း**

အားလုံးကို အမှုန့်ပြုပါ။ လေလုံသောပုလင်း၌ ထည့်၍သိမ်းဆည်းထားပါ။

**အသုံးပြုပါရန်**

အနာ၌ အပင်းဟူသမျှ အရည်ပျော်၍ ကျသွားပါလိမ့်မည်။ မန်းရည်၊ ချန်ရည်များ ကျလာပါလိမ့်မည်။ အပင်းထွက်က အနာကျက်လာပါလိမ့်မည်။ အနာကျက်လာပါက အနာဆိုး သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**(တစ်နည်း) အပင်းထုတ်ဆေး**

ပိတောက်မှို၊ ဖျောက်ဆိပ်၊ ကနခို၊ ဖြူဆူး၊ လိပ်ကျောက်ဆူး၊ မဟာကာ ၁ ကျပ်သားစီ စုပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးကို အမှုန့်ပြုထားပါ။ လေလုံသောပုလင်း၌ ထည့်၍ သိမ်းဆည်းထားပါ။

**ဆေးအသုံးပြုပါရန်**

အနာဆိုးထဲ၌ အသားပင်း၊ အရိုးပင်းပိတ်ခြင်း စသည်တို့ကို ဆေးထည့်ပေးပါ။

**ဆေး၏အကျိုးကျေးဇူး**

အသားပင်း၊ အရိုးပင်း ထွက်ကျလာပါလိမ့်မည်။ အနာကျက်ပြီး သက်သာပျောက်ကင်းပါလိမ့်မည်။

တစ်ဖန် ဝမ်းတွင်း၌ သွေးပင်း၊ လေပင်း၊ အရိုးပင်း၊ အသားပင်း၊ ဗူးအပင်း၊ ကြည်တိုင်ပင်း စသည်တို့ကို အပြင်မှ လိမ်းပေးပါ။ အပင်းများ ပျော်ဆင်းကျလာပါလိမ့်မည်။ ဆေးကို အနည်းငယ်မျှ ဝမ်းတွင်းထဲသို့ တိုက်ပေးပါက ဝမ်းထဲ၌ အပင်းဟူသမျှ ထွက်ကျလာပါလိမ့်မည်။

အနာဆိုးရောဂါမှာ အပင်းသည် အဓိကနေရာက ပါဝင်၏။ ဆေးဆရာတစ်ဦးသည် အနာ၌ အပင်းပိတ်ထားသည်ကို သတိမထားမိပါက ရောဂါမှာ သက်သာမှုမရရှိဘဲ အနာတိုးပွားလာပါလိမ့်မည်။ ဤအချက်ကို သတိပြုရပါမည်။

**အနာဆိုး**

အနာဆိုးရောဂါသည် လူကို ဒုက္ခပေးတတ်၏။ အချိန်မီ ဆေးကုသပေးမှသာ ရောဂါပျောက်ကင်းပါလိမ့်မည်။

**အနာဆိုးပျောက်ဆေး**

ဆားရိုးရိုး၊ ချင်း၊ မြင်းခွာရွက် ဆေးအားလုံး ၁ ကျပ်သားစီ ချိန်ယူပါ။ စုဆောင်းပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးကို အမှုန့်ပြုထားပါ။ လေလုံသောပုလင်း၌ ထည့်၍ သိမ်းထည့်ထားပါ။

**ပျောက်ကင်းသောရောဂါများ**

မေးဖျားဝက်ခြံ၊ အနာလုံးအမျိုးမျိုး၊ အနာရောင်ရမ်း၊ အနာဆိုး၊ အနာပျက်၊ သားပျက်လိုက်၊ မန်းနာ၊ ချန်နာတို့အတွက် ဆေးကိုလိမ်းပေးပါ။ ဆေးကို ခပ်ထူထူလိမ်းပေးရပါမည်။ ပြီးလျှင် ကြပ်ထုပ်ထိုးပေးပါ။

မှတ်ချက်-

မေးဖျားဝက်ခြံနာကို အညှော်မိ၍ အနာဝင်သော် အပြင်းဖျားလာ၏။ တစ်ကိုယ်လုံး ညိုမည်းလာ၏။ နောက်ဆုံး လူနာမှာဒုက္ခရောက်သွားရလေ၏။ အထက်ဖော်ပြပါဆေးကို လိမ်းပေးခြင်းဖြင့် အနာပြန်ထွက်လာ၏။ နောက်ဆုံး မေးဖျားဝက်ခြံအနာမှအညှော်ထွက်ကျလာပြီး ရောဂါမှာလည်း သက်သာပျောက်ကင်းသွားလေ၏။

**သက်တန့်နာ**

သက်တန့်နာမှာ လုံးရမ်းသက်တန့်၊ ဝမ်းတွင်းသက်တန့်၊ ရိုးလျှောက်သက်တန့် စသည်ဖြင့် အနာအမျိုးမျိုးရှိကြ၏။ ဤနေရာတွင် ဝမ်းတွင်းသက်တန့်နှင့် ရိုးလျှောက်သက်တန့် အကြောင်းကို တင်ပြသွားပါမည်။

**ဝမ်းတွင်းသက်တန့်နာ**

ဝမ်းတွင်းသက်တန့်နာ ဆိုသည်မှာ ဝမ်းခေါင်း၊ ရင်ခေါင်းအတွင်း၌ ဖြစ်တတ်ကြ၏။

**ရောဂါလက္ခဏာမှာ**

ဝမ်းတွင်းသက်တန့်နာကြောင့် ဝမ်းပြင်တစ်ခုလုံး နာကျင်ကိုက်ခဲလာ၏။ ဝမ်းဗိုက်ပေါ် လက်မတင်နိုင်အောင် နာကျင်လာ၏။ ပထမ အနာပေါ်စတွင် အနည်းငယ် နာကျင်ကိုက်ခဲရာမှ အနာရင့်လာသောအခါ မနေနိုင်မထိုင်နိုင်အောင် နာကျင်လာ၏။ဝမ်းဗိုက်ထဲမှာ အနာလုံးပေါ်လာ၏။ အနာလုံးမှာမာကျောပြီး ဝမ်းဗိုက်တစ်ခုလုံး မို့မောက်လာ၏။ ပြင်းစွာကိုက်ခဲလာ၏။

လူနာမှာလည်း အပြင်းဖျားလာ၏။ အော်ဟစ်ညည်းညူလာ၏။ အထက်ဖော်ပြပါ လက္ခဏာတို့ကို တွေ့ရလျှင် ဝမ်းတွင်းသက်တန့်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

**ဝမ်းတွင်းသက်တန့်ပျောက်ဆေး**

တိုင်းရင်းမြန်မာဆေးများသည် နွယ်၊ မြက်၊ သစ်ပင်တို့သာ ဖြစ်ကြ၏။ ထိုနွယ်၊ မြက်၊ သစ်ပင်တို့ကား သူနေရာနှင့်သူ အစွမ်းထက်မြက်ကြ၏။ လက်တွေ့အသုံးပြုပါက ဆေးကသက်သေခံပါလိမ့်မည်။

**ဆေးကား ဤသို့တည်း**

အရွက်သုံးခွရှိ ခပ်ချိုဥ၊ မိဿလင် (ပုလဲ)၊ နနွင်းစိမ်း၊ အုံတုံပင်၏ အခေါက် ၅ ကျပ်သားစီစုဆောင်းပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးကို အမှုန့်ပြုပါ။

**ဆေးကုသပုံ**

ဆေးတို့ကို ရေနွေးအနည်းငယ်နှင့်ရောနှော၍ ပျောင်းပျောင်းနွဲ့နွဲ့ ဖြစ်လာသောအခါ အနာတစ်ခုလုံး (ဝမ်းဗိုက်တစ်ခုလုံး) ကို ခပ်ထူထူအုံပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

**ဆေး၏အကျိုးကျေးဇူး**

အနာငယ်ပါက ပိန်သွားပါလိမ့်မည်။ အနာပြည်တက်နေပါက သဘာဝအလျောက် ပေါက်ကျလာပါလိမ့်မည်။ ဝမ်းတွင်းမှပျော့ဆင်းလာပါလိမ့်မည်။ ကြောက်စရာမလိုပါ၊ ဆေးကိုသာ ဆက်လက်အုံပေးရပါမည်။ သက်သာပျောက်ကင်းပါလိမ့်မည်။

## ရိုးလျှောက်သက်တန့်နာ

ရိုးလျှောက်သက်တန့်နာ ဆိုသည်မှာ သက်တန့်အမျိုးအစားထဲမှ တစ်ခုအပါအဝင် ဖြစ်ပါ၏။ အနာပေါက်လာသောအခါမှာ အရိုးနားမှကပ်၍ ပေါက်လာတတ်၏။ အနာပြည်တက်၍ ရင့်လာသောအခါ အရိုးနားကပ်၍ ဖောက်စားစပြုလာ၏။ အနာသည် လက်ဝဲ၊ လက်ယာသို့ ပြောင်းရွှေ့သွားလာခြင်းမရှိဘဲ အရိုးတစ်လျှောက်လုံးကို ကပ်၍ ဖောက်စားသွားလေ၏။ ယင်းကြောင့်လည်း ထိုသက်တန့်ကို ရိုးလျှောက်သက်တန့်နာဟု ခေါ်ဆိုကြလေ၏။

**ရိုးလျှောက်သက်တန့်နာပျောက်ဆေး**

ပေါက်ပင်နီပွင့်၊ ပန်းညို ဆေးနှစ်မျိုးကို ညီမျှစွာစုဆောင်းထားပါ။

**ပြုလုပ်နည်း**

အထက်ဖော်ပြပါ ဆေးတို့ကို အမှုန့်ပြုထားပါ။ ပျားရည်စစ်စစ်နှင့် နှော့ပါ၊ ရောပါ။ ဆေးတောင့်ပြုလုပ်ထားပါ။

**အသုံးပြုပါရန်နှင့်ဆေး၏အကျိုး**

ရိုးလျှောက်သက်တန့်နာမှာ ထည့်ပေးပါ။ အနာသည် ရှေ့သို့ လျှောက်မသွားတော့ဘဲ ရပ်တန့်နေ၏။ ဆေးကို တစ်နေ့တစ်ကြိမ် မှန်မှန်ထည့်ပေးသောအားဖြင့် ရောဂါပျောက်ကင်းသွားပါလိမ့်မည်။

## သက်တန့်ကောင်

သက်တန့်ရောဂါသည် အလွန်ဆန်းပြီး ကျယ်ပြန့်လှပါ၏။ သက်တန့်နာအမျိုးအစားမှာလည်း များလှ၏။ သက်တန့်နာဟု ဆိုရုံမျှနှင့် ပြည့်စုံပါချေ။ ရှေးသမားတော်ကြီးအချို့မှာ သက်တန့်နာတစ်ခုတည်းကိုသာကုသကြသော ဆရာကြီးများပင်ရှိခဲ့ကြ၏။ ဤသည်ကိုထောက်လျှင် သက်တန့်နာမှာ တစ်မျိုးတစ်စားတည်း မဟုတ်ကြောင်း ထင်ရှားလှပါ၏။

သက်တန့်နာနှင့် ပတ်သက်၍ လက်လှမ်းမီသလောက် လေ့လာသောအခါမှာ သက်တန့်အမျိုးအစားပေါင်းမြောက်မြားစွာရှိကြောင်း တွေ့ရှိရ၏။ သာဓကအနေဖြင့် တင်ပြရလျှင် သက်တန့်ငစည်၊ ပြည်သက်တန့်၊ ရေသက်တန့်၊ သက်တန့်ဝက်ဘာ စသည်တို့ကို တွေ့လာရသည်။ သက်တန့်အမျိုးစားများသလောက် ဆေးတို့မှာလည်း အမျိုးအစား များပြားလှ၏။ ဆေးတို့ကား တစ်နည်းနှင့်တစ်နည်း မတူကြပါချေ။ ရှေးသမားတော်ကြီးများသည် အဆိုပါဆေးတို့ကို လက်တွေ့အသုံးချသွားခဲ့ကြ၏။ လူနာများမှာလည်း ချမ်းသာ၊ ကျန်းမာလာကြ၏။

ရှေးသမားတော်ကြီး၏ တိုင်းရင်းမြန်မာဆေးပညာ အမြော်အမြင်ကြီးမားပုံတို့ကိုလည်း သိခွင့်ရရှိလာခဲ့ကြ၏။ ဆေးနည်းမှာ တစ်ခုနှင့်တစ်ခု မတူကြသော်လည်း ရောဂါသက်သာ ပျောက်ကင်းခြင်းမှာကား အတူတူပင်ဖြစ်ပါ၏။ ဆေးမှာလည်း အပူဆေး၊ အအေးဆေး ဟူ၍ နှစ်မျိုးနှစ်စား အကျဉ်းအားဖြင့် ရှိကြ၏။

အပူဆေး၊ အအေးဆေးတို့ကို မှျတစွာသုံးစွဲခဲ့ကြသော ရှေးသမားတော်ကြီးများကိုလည်း အထူး ကျေးဇူးတင်ကြရမည် ဖြစ်၏။ ဂုဏ်ယူကြရမည်သာ ဖြစ်ပါ၏။

ရှေးရခိုင်တိုင်းရင်းသမားတော်ကြီးများ၏ သက်တန့်ရောဂါဝေဒနာအပေါ်မှာ ဝေဖန်ဆန်းစစ် ချမှတ်ထားကြသော ဆေးချက်များ၊ သက်တန့်ရောဂါ၏ လက္ခဏာအပေါ်မှာ သုံးသပ်ဆုံးဖြတ်ကြသော ဆေးပညာရပ်များ၊ ကောက်နုတ်ချမှတ်ထားကြသော ဆေးပညာရပ်တို့ကိုကား အံ့မခန်းနိုင်စရာ လေ့လာတွေ့ကြရပါ၏။ ချီးကျူးဂုဏ်ယူဖွယ်ရာလည်းဖြစ်ပါ၏။ ရှေးဆရာကြီးတို့၏ဆေးပညာရပ်များ၏ အတိမ်အနက်တို့ကိုလည်း လေ့လာသိရှိခွင့်ရရှိကြပါ၏။

သက်တန့်ကောင်မှာ အနာထဲမှသဘာဝအလျောက် ဖြစ်ပေါ်လာ၏။ မည်သည့်ပိုးကောင်တို့မှလည်း ထည့်သွင်းပေးခြင်း မရှိပါ။ သက်တန့်ကောင်၏အရှည်ပမာဏမှာ ၁ လက်မမှ ၃ လက်မခန့်တိုင်အောင် ရှည်ကြ၏။ ယင်းသက်တန့်ကောင်တို့သည် အရှင်မြန်၏။ အသားကောင်းတို့ကို ထိုးဖောက် ဝင်ရောက် စားသောက်တတ်ကြ၏။ သတိထားရမည့်အချက်ပင် ဖြစ်ပါ၏။

## သက်တန့်ကောင်ပြတ်ဆေး

နွားခေါင်းပူကြီးမြစ်၊ နနွင်းတက်၊ မဖောက်ထုံး ၂ ကျပ်သားစီ စုပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးကို အမှုန့်ပြုထား၊ လေလုံသောပုလင်း၌ ထည့်၍ သိမ်းဆည်းထားပါ။

**အသုံးပြုပါရန်**

သက်တန့်အနာမှာ ဆေးမှုန့်ကို ရေနွေးအနည်းငယ်နှင့်စပ်၍ အနာကို ကြက်ခြေ (×) ခတ်ပေးပါ။

**ဆေး၏အကျိုးကျေးဇူး**

သက်တန့်ကောင် ကြေသွားပါလိမ့်မည်။ သက်တန့်ကောင်ရှိလျှင်လည်း သက်တန့်ကောင်မှာ အပိုင်းအပိုင်းပြတ်၍ ထွက်လာလိမ့်မည်။ ဉာဏ်ရှိတိုင်း အသုံးပြုနိုင်ပါ၏။ ဤဆေးသည် သက်တန့်ရောဂါမှန်သမျှ၌ အသုံးပြုနိုင်ပါသည်။

သို့ဖြင့် သက်တန့်ရောဂါဝေဒနာသည်ကား အလွန် နက်ရှိုင်းကျယ်ဝန်းလှ၏။ အနာဆိုး၊ အနာပျက်တို့ကို နိုင်နင်းစွာကုသနိုင်သော ဆရာသည် လောကသံသရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာ ကျေးဇူးတရားများကိုလည်း ရရှိနိုင်ပါလိမ့်မည်။ ဤလောကတွင်လည်း ထင်ရှားကျော်ကြားသော ဆေးဆရာကြီးတစ်ဆူ ဖြစ်လာပါလိမ့်မည်။

အထူးသဖြင့် သက်တန့်ငစည်၊ ပြည်သက်တန့်၊ ရေသက်တန့်၊ သက်တန့်ဝက်ဘာ စသည့် သက်တန့်ရောဂါမျိုးစုံကို လက္ခဏာနှင့်တကွ ဆေးတို့ကိုပါ အလျဉ်းသင့်သလိုရေးသားတင်ပြသွားမည် ဖြစ်ပါသည်။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။

*တိုင်းရင်းဆေးပညာ ဗဟုသုတ*
*ပြည့်ဝကုံလုံ ပြည့်စုံနိုင်ကြပါစေ*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ငေါင်းခြေတစ်ချောင်း

မျိုးသစ်



ပဌာမ

'ငေါင်းခြေတစ်ချောင်း မစားကောင်း'

သို့နှယ် လူကြီးသူမတို့ ပြောခဲ့ဖူး၏။ သို့စဉ်လျက် 'ငေါင်း' ဟူသော သတ္တဝါသည် ယုံတမ်းစကားမဟုတ်ပေ၊ နာနာဘာဝတို့၏ အယောင်ဆောင်ပြခြင်းလည်း မဟုတ်သကဲ့သို့ ကြက်လို, ငှက်လို ပျံသန်းနိုင်ခြင်းလည်းမရှိ လူခေါင်းသဏ္ဌာန်နှင့် လက်, ခြေပါသော ထူးခြားသည့် သတ္တဝါဆန်းပင်။ အမျိုးတုံး ရှားပါးသော သတ္တဝါတစ်မျိုးဟု ဆိုနိုင်ပါသည်။ ညာခြေထောက် တစ်ချောင်းတည်းပါသော လူလိုသတ္တဝါ (တစ်မျိုး) ဟူ၍ တစ်နည်းပြောရပါမည်။ ရှေးမြန်မာတိုင်းရင်းဆေးပညာရှင်ကြီးတို့၏ ထိပ်ကပ်နာပျောက်ဆေးတွင် ဒေါင်းရိုး၊ ငေါင်းရိုးတို့ ပါဝင်ကြောင်း သိရှိခဲ့ရ၏။ ထို့အတူ တိမ်သလ္လာပျောက် မျက်စဉ်းတွင်လည်း ငေါင်းရိုး ပါရှိသည်။

ဟုမ္မလင်းနယ်စပ် နန့်တောရွာ၊ ဆင်လမောင်းရွာ၊ ကိုးတောင်ရွာများအနီး တောကြီးအတွင်း ငေါင်းခြေရာတွေ့သဖြင့် မုဆိုးများ လိုက်ရှာခဲ့ဖူးသည်။ ငေါင်းသည် ခြေတစ်ချောင်းတည်းကို ထောက်ဆွ၊ ထောက်ဆွဖြင့် ခြေတစ်ပေါင်ကျိုးခုန်သကဲ့သို့ သွားတတ်ပြီး ဦးခေါင်းနောက်စေ့နေရာရှိ အောက်ချင်းငှက်နှုတ်သီးလို ချွန်ချွန်အတက်ကြီးဖြင့် ကသစ်အိုင်ပင်များ တစ်ရပ်ကျော်ကျော်အမြင့်၌ ပေါက်ကာ ကြာကြာရပ်၏။(ညအိပ်သည် ဟု ဆိုနိုင်သည်။) ကနန်းဘာသာစကားအရ စောက်ကွန်း (ခြေတစ်ချောင်းပါသောအကောင်) ဟုခေါ်

www.burmeseclassic.com

www.burmeseclassic.com





သူရဋ္ဌမဂ္ဂဇင်း၊
၂၀၁၂ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပန်းမောက်မြို့နယ် တောင်ချပ်ကြားကြီးထဲမှ ငေါင်းသေအရိုးများ တွေ့ခဲ့ကြောင်း အဆိုရှိပြန်ပါသည်။ မြန်မာပြည်မြောက်ပိုင်း အင်းတော်မြို့နယ်အတွင်း တောပျော်ဆရာတော်တစ်ပါး၏ မိန့်ဆိုချက်အရ ငေါင်းသည် လူအသွင်သဏ္ဍာန်ခြေတစ်ချောင်းပါရှိကြောင်း၊ ဒူးဆစ်ကွေး၍မရကြောင်း၊ သစ်ပင်မှီလျက်အိပ်တတ်ပြီး ပြေးရာ၌ အလွန်လျင်မြန်ကြောင်းသိခဲ့ရသည်။ မြစ်ကြီးနားခရိုင် ကောက်ကွေ့ချောင်းဖျားတွင် ဆင်ခေါင်း၊ ဦးခေါင်းရစ်ဆင်ရှာသွားရာမှ နောက်စေ့တွင် အချွန်အတက်ကြီးပါပြီး ခြေလေးချောင်းဖြင့် ခုန်ပေါက်ထွက်သွားသော ငေါင်းသတ္တဝါကိုမြင်လိုက်ဖူးကြောင်း ကြားသိရပြန်၏။

၁၉၅၅ ခုနှစ်တွင် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဆယ်လော်ရွာနှင့်ဆယ့်သုံးမိုင်အကွာ ကဝါးပွန်းရွာမှ ရှေ့တည့်တည့် တောကြီးအတွင်း (ရွာမှနှစ်မိုင်ခွဲခန့်အကွာ) တွင် ဝဂျစ်ခန်ဆိုသူ အိမ်ဆောက်ရန် သစ်ပျဉ်များ ရှာဖွေခွဲစိတ်ခဲ့၏။ သစ်များသပ်ရိုက်ပြီးအိမ်ပြန်ခဲ့ရာ နောက်နေ့တောထဲပြန်အသွားတွင် သပ်ကိုဆွဲနုတ်ခဲ့သဖြင့် လက်တစ်ဖက်က သပ်ရိုက်ထားသော ကွဲကြောင်းအတွင်း နှိုက်ထားမိ၍ လက်ညပ်သဖြင့် အော်နေသည့် ငေါင်းတစ်ကောင်ကို ပက်ပင်း တွေ့မြင်ခဲ့ရသည်။ သက်ဆိုင်ရာသို့ အကြောင်းကြားသည့်အတွက် ဆယ်လော်ရွာရဲစခန်းမှ ရဲအုပ် စိန်ခါးကန်နှင့် ရဲသားနှစ်ဦး၊ ကျောင်းဆရာလှဖဲအလီဘူတို့ လိုက်သွားပြီး ကြိုးချည်ဖမ်းဆီးခဲ့၏။ ဆယ်လော်ရွာစခန်းတွင်တစ်ညထားပြီး မြစ်ကြီးနား သစ်တောရုံးသို့ပို့ရန် စီစဉ်ခဲ့သော်လည်း နံနက်ပိုင်းတွင် သေဆုံးသွားသည်။ ထိုငေါင်း၏ကိုယ်ခန္ဓာသည် ပြားချပ်ပြီး လက်မောင်းထွားကျိုင်းကာ အရပ် ငါးပေ တစ်လက်မရှိသည်။ ဒူးဆစ်မရှိ၊ ခါးတစ်ဆစ်နှင့် ခြေမျက်စိတစ်ဆစ်စီသာ ရှိ၏။ နဖူးခေါက်လက်မကျော်ကျယ်၍ ပြောင်နေပြီး မေးကောက်၏။ ခေါင်းနောက်စေ့တွင် ပေါက်ချွန်ကဲ့သို့ အမောက်ပမာ အရိုးကြီးပါရှိကာ သစ်ပင်ပေါ်များရာ တောနက်ပိုင်းတွင် နေလေ့ရှိ၏။ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ဘယ်, ညာ လွဲပြောင်း၍ ကိုင်တွယ်သွားတတ်သည်ဟု လေ့လာခဲ့ဖူးသည့် နန့်မွန်ရွာမှ အမတ်ဟောင်းကြီးတစ်ဦးက ဆိုပြန်သည်။ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးအနောက်ဘက် နန္ဒယ်ရွာ လယ်သမားများက ဆည်ပိတ်ထားသည်ကို လာဖောက်သော ငေါင်းတစ်ကောင်အကြောင်းကို ပြောပြခဲ့ဖူးပါသည်။ လယ်သမားများ ထောင်ထားသည့် ဆီလူးနေသော ငှက်ပျောဖက်ကို နင်းမိပြီး ချော်လဲသဖြင့် ဖမ်းမိခဲ့၏။ ငေါင်းသည် ငှက် မဟုတ်ပေ၊ အရပ်ငါးပေခန့်ရှိ၍ ဒူးပိုင်းတွင် အဆစ်လုံးဝမရှိသော လူပုံသဏ္ဍာန်သတ္တဝါပင်။

ခိုင်လုံသောအထောက်အထားတစ်ခုမှာ ကုန်းဘောင်မင်းများလက်ထက် ရွှေတိုက်တွင်ထားသည့် (ရွှေနန်းစဉ် လက်သုံးတော် ပုရပိုက်ဖြူ) ဖြစ်သည်။ အဆိုပါ ဆေးရေးပုရပိုက်၌(လူမျောက်၊ ကိန္နရာအသေခြောက်၊ နဂါး၊ ဂဠုန်အသေခြောက်၊ ရေသူမ၊ နဂါးငါးကောင်၊ ကျွန်းဖို၊ကျွန်းမပင်၊ နှင့် လူငေါင်းများ) ပုံ ပါရှိသည်။ အမျိုးသမီးမျက်နှာနှင့်တူ၍ ဆံပင်တိုပြီး အသံမှာ ငှက်သံ၊ အသားမစားဟု ဆိုထား၏။ ခင်မင်ရင်းနှီးသူများထံလေ့လာခဲ့ရာ ဟင်္သာတမြို့ တာကလေး (လင်းလွန်းပင်) ရပ်နေ အသက် ၇၅ နှစ်ရှိ ဦးထွန်းမြတ်ထံတွင် ယခင်ဖလင်များနှင့်ရိုက်ရသောကြောင့် ပုံနှင့်ဖလင်တို့ ပျက်စီးသွားပြီဖြစ်သော်လည်း ငေါင်းတစ်ကောင်ပုံကို စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း ဥရုမြစ်အနီးမှရိုက်ကူးရရှိခဲ့ဖူးသည်။ အရပ်ပု၍ ခြေတစ်ချောင်းတည်းရှိပြီး လိမ့်ပြေးကာ သစ်ပင်ကိုအမှီပြု ရပ်နိုင်ကြောင်း၊ အပြေးအလွှား မြန်ဆန်သကဲ့သို့ သစ်ပင်တက်ကျွမ်းကျင်ကြောင်း၊ အအေးကြိုက်ပြီး ပူလာလျှင်မောပန်းတတ်ကြောင်း၊ အမက ကိုယ်လုံး သေးသွယ်ပုညက်၍ အထီးကမူ ကြီးထွားရှည်လျားကြောင်း၊ ဆံပင်မှာ နီကြောင်ကြောင်နှင့် အသီးအရွက်စားသတ္တဝါအဖြစ် လက်တွေ့ မျက်တွေ့ မြင်ဖူးခဲ့သော ဦးထွန်းမြတ်၏အပြောစကားတို့ကို ကြားခဲ့ရပြန်သည်။ အားလုံးသော ငေါင်းသတင်း အစအနတို့မှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်တစ်ဝိုက်တွင် ကြားသိရခြင်းများပင်။

မြန်မာနိုင်ငံ၌ အမြဲ စိမ်းလန်းသော သစ်တောကြီးများ ရှိသည်။ အလယ်ရိုးမ၊ ရခိုင်ရိုးမနှင့် ရှမ်းကုန်းမြေမြင့်၊ ဟူးကောင်းတောင်ကြားတို့တွင် ပို၍ ထူထပ်နေသည်ဟု ဆိုရမည်။ မြန်မာနိုင်ငံထွက် သယံဇာတပစ္စည်းထဲတွင် အဖိုးတန်သစ်များလည်း ပါနေ၏။ ထူထပ် အုပ်ဆိုင်းမှိုင်းညို့နေသော တောင်တောများထဲတွင် သားရဲတိရစ္ဆာန်များရှိသည့်နည်းတူ ထူးခြား ဆန်းပြားသော သတ္တဝါများလည်း ရှိနေခဲ့ကြသည် ဆိုရမည်။ လူသူမနီး တောကြီးများတွင် ယခင်ကရှိခဲ့ဖူးသော သက်ရှိသတ္တဝါများမှာ အကြောင်းအမျိုးမျိုးကြောင့် မျိုးတုံးပျောက်ကွယ်သွားကြပြီဖြစ်၍ အချို့သတ္တဝါများမှာလည်း မျိုးတုံးလုဘနန်း ဖြစ်ခဲ့ရပေသည်။ ငေါင်း ဆိုသော ထူးထူးဆန်းဆန်း သတ္တဝါတစ်မျိုး တစ်ချိန်က ရှိခဲ့ဖူးကြောင်း စာပေအထောက်အထားများ သာမက မျက်မြင်ဒိဋ္ဌ တွေ့ခဲ့ရသူ ပုဂ္ဂိုလ်ကြီးနှင့် ဆုံခဲ့ဖူးသည်ကိုမူ...။

ကျွန်တော် မရောက်သည်မှာ ကြာပြီဖြစ်သည့် အဘအိမ်ဘက်သို့ ထွက်ခဲ့၏။ အဘဆိုသူမှာ ကျွန်တော့် သူငယ်ချင်း မောင်တင်အောင်၏ဘိုးအေကြီးဖြစ်၍ နာမည်ရင်းမှာ ဦးဖြိုး (အချို့က အရွယ်ရ ဘကြီးဖြိုး) ဟု ခေါ်လေ့ရှိသည်။ အဘအသက်မှာ ကျွန်တော်နှင့်တွေ့စဉ်ကပင် ၈၀ နှစ် ကျော်ပေပြီ။ ကျွန်တော် ပျင်းပျင်းရှိလေတိုင်း တင်အောင်တို့အိမ်ရောက်လေ့ရှိသကဲ့သို့ ရောက်သည့်အခါတိုင်း အဘနှင့် စကားလက်ဆုံကျ



www.burmeseclassic.com

www.burmeseclassic.com

တတ်ပါသည်။ အဘက စီကာပတ်ကုံးပြောတတ်သောစကားထဲတွင် သူငယ်စဉ်က အနောက်ရိုးမ(ရခိုင်ရိုးမ) တောင်ခြေ တောလိုက်မုဆိုးကြီးများနှင့်သားကောင်များကို သွားရောက်ရှာဖွေသည့်အကြောင်း အမြဲ ပြောတတ်၏။ သို့နှယ် ပြောပြသည်ကိုပင် ကျွန်တော့်အနေနှင့် သဘောအကျဆုံး၊ စိတ်ပါဝင်စားဆုံး၊ နားထောင်၍ မငြီးဆုံး ဖြစ်ပါသည်။ ကျွန်တော် ခြံထဲသို့ဝင်လိုက်ကတည်းက တွေ့မြင်သည်နှင့်တစ်ပြိုင်နက် အဘက ပါးစောင်တွင်ခဲထားသည့် ဆေးတံကို ဖြုတ်၍ ပြုံးပြုံးကြီးဆီးကြိုနေသည်။ အဘနှင့်တွေ့စကပင် အဘ ဆေးတံကို တမက်တမောသောက်ခဲ့သည်။

"ဟကောင်ကြီး- မရောက်တာတောင် ကြာပြီ၊ ဘယ်များသွားနေသတုံးမြေးရဲ့။ တင်အောင်ကိုတောင် မေးမိသေးတယ်"

"ကျွန်တော့်မှာ အလုပ်တွေကလည်းများတော့ စိတ်သာရောက်ပေမယ့် လူကိုယ်တိုင်တော့ ခုမှပဲရောက်လာနိုင်တယ် အဘရေ"

"အေး. . ထိုင်လကွာ"

"ဟုတ်ကဲ့ အဘ"

ကျွန်တော်သည် အဘဘေးတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက် အဘကို တစ်ချက်မျှအကဲခတ်လိုက်မိ၏။ ကျွန်တော် မရောက်သည်မှာ ကြာ၍လားမသိ၊ အဘမှာ ပါးရိုးနားရိုးကြီးများကျပြီး မျက်နှာကချောင်ကာ မျက်ကွင်းများ ညိုရောင်သမ်းနေသည်။ ပုံပန်းက ပို၍ အိုစာသွားသယောင်။

"အဘ နေလို့ထိုင်လို့ကောင်းရဲ့လား"

"အေးကွယ်၊ ခုတစ်လောတော့ နေသာထိုင်သူ အရှိသား။ အသက်ကလည်းကြီးလာပြီလေ၊ တစ်ခါ တစ်ခါ မကောင်းလှပါဘူးကွာ"

အဘက စိတ်ပျက်လက်ပျက်ဟန်ဖြင့်ပြော၍ဆုံးသောအခါ လက်ထဲမှဆေးတံကို ပါးစောင်တွင်ပြန်ခဲလိုက်သည်။ အမှန်စင်စစ် တောနယ်မှ မြို့သို့ ပြောင်းလာသူများထဲတွင် အဘသည် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်ပေသည်။ ကျွန်တော် အဘနှင့် စကားပြတ်သွားသောအခါ တစ်အိမ်လုံးတိတ်ဆိတ်နေ၍ အိမ်ထဲသို့လှမ်းကြည့်မိ၏။ ဤတွင် အကင်းပါးလှသော အဘက-

"အဘ တစ်ယောက်တည်းကွ။ တချို့က ရွာပြန်ကြတယ်၊ မင်းသူငယ်ချင်း တင်အောင်က အပြင်ဆိုလား ဘီးဆွဲထွက်သွားတာပဲ"

တင်အောင်တစ်ယောက် ဘိုးအေကိုပတ်ပြီး ဘူတာပိုင်းရောက်နေပြီကို ကျွန်တော်က အစဉ်းသိ၊ တင်အောင့်ရည်းစားက ဘူတာပိုင်းမှာကိုး။

"သောက်လေကွာ ရေနွေး"

အဘက ရေနွေးငှဲ့ရင်းမှပြောလိုက်သည်။

"ဟုတ်ကဲ့ အဘ။ ကျွန်တော် အဘဆီလာရတာ ဗဟုသုတသိပ်တိုးတာပဲ။ ငယ်စဉ်က အဘဟာ တောကောင်တွေအကြောင်း၊ တောလိုက်တဲ့အကြောင်းကို ကောင်းကောင်းသိထားတော့ နားထောင်ရတာ စိတ်ဝင်စားစရာလို့ ပြောရမယ်၊ အများမသိတာတွေ ကြားရတယ်လေ"

"အေးပါကွာ၊ အဘကလည်း မင်းတို့မှာ ရဲဝံ့စွန့်စားလိုစိတ်တွေတိုးပွားလာစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောပြတာပေါ့"

"ဒါနဲ့ အဘ . . . ကျွန်တော် ဟိုတစ်ခေါက်လာတုန်းက မုဆိုးတွေ လုပ်ပုံကိုင်ပုံနဲ့ တောထဲက ထူးဆန်းတဲ့အကြောင်းတွေ ပြောပြမယ်ဆို"

ကျွန်တော်က အဘကို စကားစ,ဖော်ပေးလိုက်၏။ ထိုစဉ် အဘက ပါးစောင်တွင် ခဲထားသော ဆေးတံကို ခပ်ပြင်းပြင်း ဖွာရှိုက်လိုက်သော်လည်း မီးခိုးကား လုံးဝမထွက်၊ မီးသေနေသဖြင့် ပါးစောင်မှဖြုတ်လိုက်ပြီး ရိုးတံထဲမှ တံတွေးများကို သုံး၊ လေးကြိမ်မျှ ဆောင့်၍ ခါလိုက်၏။ ထို့နောက် ဆေးတံကိုခုံပေါ်တင်ပြီး အသင့်ချထားသည့် ရေနွေးပန်းကန်ကိုယူ၍ တစ်ငုံ ငုံကာ ပန်းကန်ကို ပြန်ချထားလိုက်ပြန်၏။

"အဘပြောတဲ့ တောတွင်းဇာတ်လမ်းတွေဟာ အဘကိုယ်တိုင်လူငယ်ဘဝက အတွေ့အကြုံတွေပါ၊ စိတ်ကူးယဉ်ဇာတ်လမ်းတွေ မဟုတ်ဘူးကွယ့်"

အဘက ရေနွေးတစ်ငုံ ထပ်သောက်နေပြန်သည်။

"အဘ တစ်ခါက ပြောခဲ့ဖူးတယ်၊ မုဆိုးဟာ ပစ်လို့ရတဲ့သားကောင်ထက် သူ့မြှားကိုအရင်ရှာတာ ဘာဖြစ်လို့လဲဟင်"

"ဪ. . . ဒါက ဒူးလေးနဲ့ အမဲလိုက်တဲ့မုဆိုးကို ပြောတာပါ။ ဘာကြောင့်လဲဆိုတော့ သူ တကူးတကလုပ်ထားရတဲ့ မြှားတန်ဖိုးက ကြီးတာကိုး"

"ဟာ- အဘကလည်း၊ ကြက်တောင်အမွေးနဲ့ ဝါးကိုလုပ်ထားတာ ဘယ်လောက်ဈေးကြီးမှာမို့လို့လဲ"

အဘက အဓိပ္ပာယ်ပါပါ ပြုံးလိုက်ပါသည်။

"ငါ့မြေးတို့လို မသိတဲ့လူတွေအဖို့တော့ တန်ဖိုးမရှိဘူး ထင်မှာပဲပေါ့။ မုဆိုးတစ်ယောက်ဟာ မြှားရှိလှ ဆယ်ချောင်းပဲ။ တချို့ ငါးချောင်း၊ ခြောက်ချောင်းကိုတောင် အနိုင်နိုင်။ တကယ် ခက်ခက်ခဲခဲ လုပ်ထားရတာလေ"

"ဗဟုသုတအဖြစ် ပြောပါဦး အဘရယ်"

"ခြောက်ခြောက်သွေ့သွေ့ အရွက်ကြွေတဲ့ရာသီမှာ မြှားလုပ်မယ့် မုဆိုးဟာ ဝါးရုံ တစ်တောပြီး တစ်တော မြှားလုပ်တဲ့ဝါးကို ရှာရတယ်။ တွေ့ရာဝါးနဲ့ မြှားလုပ်တာမဟုတ်ဘူး၊ ဝါးဟာ အဆစ်ညီရမယ်, ဖြောင့်စင်းရမယ်။ အဆစ်ညီ ဖြောင့်စင်းတိုင်းလည်း လုပ်တာ မဟုတ်ပြန်ဘူး"

"အဘပြောတာ ကျွန်တော် နားရှုပ်သွားပြီ"

"တော်ကြာ ငါ့မြေး သဘောပေါက်မှာပါ။ အဆစ်ညီ ဖြောင့်စင်းတဲ့ဝါးဟာ ဝါးရုံတိုင်းမှာ မရှိနိုင်ဘူးကွယ့်၊ တွေ့ဖို့ခဲယဉ်းတယ်။ တွေ့ပြီဆိုပါတော့- ဝါးရဲ့ လူတစ်ရပ်ကျော်ကအလုံးကို ဓားနှောင့်နဲ့ခေါက်လိုက်၊ ဝါးရွက်တွေ ကြွေကျလာလိမ့်မယ်။ ကြွေတဲ့ဝါးရွက်ကို သေချာကြည့်ရင် ချာလပတ်လည်ကျလာမယ့် ဝါးရွက်



www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့အပင်ကို မယူဘူး၊ အထက်ကနေ မြားပစ်လိုက်သလို ဖြောင့်ဖြောင့်မတ်မတ်ဆင်းလာပြီး မြေမှာစိုက်နေတဲ့အပင်ကို ရွေးခုတ်ရတာ။ ရပြန်တော့လည်း မြားက သပ်ရင် ရလှတစ်ချောင်း၊ နှစ်ချောင်းပဲ။ တောထဲခြေတိုတောင်လျှောက်ရှာရတာပါ"

"အဘပြောသလိုဖြင့် အင်မတန် ရှားမယ်နော်"

"ရှားလို့လည်း တန်ဖိုးကြီးတာပေါ့ကွာ။ ဂဝံကျောက်နဲ့ ပတ္တမြားကျောက်ချင်းတူတာပဲ၊ တန်ဖိုးချင်းကျတော့တူမတဲ့လား။ အေး ဒီလိုပဲ၊ မြားလုပ်တဲ့ဝါးက တန်ဖိုးကြီးတယ်။ အမြီးပိုင်းကို ကြက်မွေး၊ ဘဲမွေးသုံးသလို သားကောင်ကြီးပစ်ဖို့ သံပြားလည်း သုံးတတ်ကြတယ်"

"မုဆိုးအလုပ်က လက်ဝင်သားပဲ"

"မြေးရယ်. . . လက်မဝင်တဲ့အလုပ်ကော ရှိလို့လား။ သားကောင်ကိုပစ်တာထက်၊ ထောင်ဖမ်းတာကပိုလက်ဝင်သေးတယ်မောင်"

ဟု စကားဖြတ်လိုက်ပြီး အဘက ရေနွေးတစ်ကျိုက်၊ နှစ်ကျိုက်သောက်နေခိုက် ကျွန်တော်စောင့်နေရပါသည်။ အဘက ထုံးစံအတိုင်း ထမင်းစားပြီးနောက်ပိုင်း သရေစာစားလေ့မရှိ၊ ရေနွေးကြမ်းသာ တစ်ခွက်ပြီးတစ်ခွက် သောက်တတ်စမြဲ။

"အဘ ပြောခဲ့ဖူးတဲ့ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန် ဆိုတာကကော"

"အဲဒါက မြားမှာသုံးတဲ့အဆိပ်ပေါ့။ တစ်ခါခုန်၊ နှစ်ခါခုန်ရုံနဲ့ သေတယ်လို့ ပြောတာပဲ။ အဆိပ်ရဲ့ပြင်းထန် ထိရောက်မှုသဘောကို ညွှန်းတယ်"

"မြားဆိပ်က ဘယ်လိုရှာရတာလဲ အဘ"

"အဆိပ်ပင်ကိုလည်း တပင်တပန်းရှာစုတာပဲ၊ မတော်တဆတွေ့ရင် မှတ်ထားပြီး ချက်ချင်း အဆိပ်သွားထုတ်ရတယ်။ သူများအဆိပ်ထုတ်ထားတဲ့အပင်ဟာ ကိုယ့်အတွက်မထိရောက်ဘူးဆိုတဲ့ အယူအဆကြောင့်ဆိုပါတော့။ အဆိပ်ပင်အောက်မှာ တိရစ္ဆာန်အသေလေးတွေ တွေ့ရတတ်တယ်။ နာနတ်ပင်ကလျှော်လိုမျိုးနဲ့ အဆိပ်ပင်ကိုထစ်ထားလို့ထွက်တဲ့အစေးကိုသုတ်ယူပြီး ဝါးဆစ်ဘူးထဲထည့်ရတယ်"

"ဒါဆို တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်အဆိပ် ရပြီပေါ့နော်"

"မရသေးဘူး၊ စမ်းသပ်ကြည့်ရသေးတာကွ။ အပ်လို၊ စူးလိုမျိုးနဲ့ ပိုးဟပ်လိုကောင်ကို အဆိပ်တို့ကြည့်၊ တစ်ဆွေ့ခုန်, နှစ်ဆွေ့ခုန် သေရင် မျောက်လောက်၊ ငှက်ကြီးတွေလောက် သေပြီ။ ပုတ်သင်ကို တို့ကြည့်၊ တစ်ဆွေ့ခုန်, နှစ်ဆွေ့ခုန်နဲ့သေရင် သမင်, ဒရယ်, ချေငယ်, စိုင်, ဆတ်, တောဝက်လိုအကောင်လတ် သေတယ်။ ကြွက်လောက်အကောင်စမ်းကြည့်လို့သေပြီဆို ပြောင်လိုအကောင်ကြီး စိတ်ချရတယ်"

"မုဆိုးအလုပ်ကလည်း မလွယ်ပါလား အဘရယ်"

"ဟုတ်တယ်၊ အလုပ်ကမလွယ်သလို မုဆိုးဟာ မျက်စိလျင် နားပါးရတယ်။ လေတင်၊ လေအောက် သိရတယ်။ အတွေ့အကြုံများပြီး လုပ်ငန်းကျွမ်းကျင်ရမယ်။ ဘာကိုမဆို ချက်ချင်းဆုံးဖြတ်နိုင်စွမ်းရှိရမယ်"

"ဒါနဲ့ အဘပြောခဲ့တယ်၊ နောက်တစ်ခေါက်လာရင် ငေါင်းအကြောင်း ပြောပြမယ်ဆို။ ငေါင်းက ဘယ်လိုလဲဟင်"

"အေး၊ မင်းတို့ ခေတ်လူငယ်တွေကိုပြောရင် စိတ်ဝေဒနာသည် ထင်မယ်။ ယုံမှာလည်း မဟုတ်ဘူး၊ အဘတို့တောင် မတွေ့ခင်က သိပ်မယုံခဲ့တာပါ၊ တွေ့လိုက်မှ ယုံတော့တယ်ဟေ့"

"နေပါဦး အဘရယ်၊ မယုံရလောက်အောင် ဒီငေါင်းက ဆန်းသလား"

"ဆန်းတာပေါ့ကွာ၊ သိပ်ဆန်းတယ်။ လူလိုသတ္တဝါကွ၊ လူလိုပဲ။"

"ဗျာ"

"အဲဒီတုန်းက အဘအသက် ၂၀ ကျော်၊ တောပစ်ဝါသနာကြီးချိန်ပေါ့. . ."

✿

ပေကုံးရွာမှ ဟသ်ာမြို့ အနောက်ဘက်အပိုင် ဓမ္မိကျေးရွာအုပ်စု နယ်စပ်တွင်ရှိသည့် ရွာငယ်လေးတစ်ရွာပင် ဖြစ်သည်။ အချိန်မှာ ညနေစောင်း၍ မိုးချုပ်ပေတော့မည်။ တိမ်တိုက်တွေကြားမှ နေလုံးသည် အနောက်ရိုးမတောင်စွယ်၌ ကွယ်စပြုလေပြီ။

"ဟေး- မောင်ဖြိုး"

ဝါးကိုင်း လေးတစ်ချောင်း (လင့်လေး)ကို ပခုံးထက်ထမ်းပြီး ရွာထဲသို့အဝင်၊ မောင်ဖြိုးတစ်ယောက် အိမ်လေးတစ်အိမ်ရှေ့တွင် နာမည်ခေါ်သံတစ်သံ ကြားလိုက်ရ၏။ အသံထွက်ပေါ်ရာ အိမ်လေးထဲ၌ လူခပ်ကြီးကြီး သုံး, လေးယောက်နှင့် လူရွယ်နှစ်ယောက်တို့ စကားဝိုင်းဖွဲ့ကာ ပြောဆိုနေသည်ကို တွေ့လိုက်ရခြင်းပင်။ ထိုလူသိုက်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် စောစောပိုင်းက ငှက်ပစ်မရ၍ မကျေမနပ်အောင့်သည်းအောင့်သက် ဖြစ်လာသူ မောင်ဖြိုးအဖို့ ညှိုးနွမ်းခဲ့သမျှသူ့မျက်နှာမှာ ဝင်းပသွားခဲ့သည်။

"ဟာ- ဘကြီးခေါင်ပါလား"

ဟု ဝမ်းသာအားရ ဟစ်ခေါ်ရင်း အိမ်လေးထဲ ခပ်သုတ်သုတ်ဝင်သွားသည်။

"လာကွာ။ ငါ့တူလည်း လက်ထဲက လေးကိုမချဘူး၊ ငါ ငယ်ငယ်တုန်းကလိုပဲ။ မင်းလည်း တစ်နေ့တော့ မုဆိုးနာမည်ကျော် ဖြစ်ဦးမပေါ့ကွာ"

ဘကြီးခေါင်၏စကားကြောင့် မောင်ဖြိုး ပီတိဖြစ်ရသည်။ မောင်ဖြိုးကိုယ်၌ကလည်း မုဆိုးဖြစ်ချင်နေသူပေပဲ။ ဘကြီးခေါင် (ဦးဖိုးခေါင်) မှာ မောင်ဖြိုး၏အဖေဘက်မှ ဘကြီးတော်စပ်သူတစ်ဦး ဖြစ်သည်။ သူငယ်စဉ်က မောင်ဖြိုးလိုပင် လင့်လေးတစ်ချောင်းကိုင်၍ ရွာနီးချုပ်စပ် (ဝန်းကျင်ပတ်ကုံး) အင်းစောင်းမကျန် ငှက်များ လိုက်လံပစ်ခတ် စားသောက်တတ်သည့် မုဆိုးပေါက်စတစ်ယောက်။ ထိုမှ တစ်စထက်တစ်စ ကိုင်းလေး၊ ကိုင်းလေးမှ ဒူးလေးအထိ အဆင့်တက်ကာ လူကြီးများ



www.burmeseclassic.com

www.burmeseclassic.com

(မုဆိုးများ)နှင့် ခရီးဝေးဝေးလံလံသို့ လိုက်ပြီး သားကောင်ကြီး, ငယ် ပစ်ခတ်တော့သည်။ ထိုအချိန်မှစ၍ မိရိုးဖလာ လယ်ယာကိုင်းကျွန်းလုပ်ငန်းများကိုကျောခိုင်းကာ ဒူးလေး ပခုံးထမ်း၊ ရိုးမတက်သည့် မုဆိုးအလုပ်မှာမွေ့ပျော်နေခဲ့သည်။ နှစ်, လများကြာမြင့်လာသည်နှင့်အမျှ ထိုနယ်တစ်ခွင် ဒူးလေးနာမည်ကျော် ဖိုးခေါင်ဖြစ်လာပြီး အမဲပစ် အမဲလိုက် အကျွမ်းကျင်ဆုံး မုဆိုးကြီးတစ်ဦး ဘဝ ရောက်ခဲ့ရ၏။ မုဆိုးလောကထဲ၌ သတင်းမွှေး ရေပန်းစားနေသူတစ်ဦးဆိုလျှင်လည်း မမှားပေ။

ယခု မောင်ဖြိုးနှင့်တွေ့ရသည့် အချိန်တွင် ဘကြီးခေါင်မှာ ရိုးမတောင်ခြေတွင် အိမ်ထောင်ရက်သားကျနေ၍ ဤကဲ့သို့ ပေကုံးရှိဆွေမျိုးများထံ (အလုပ်အားသည့်အခါ) အလည်လာလေ့ရှိတတ်သဖြင့် တွေ့ရခြင်းပါ။ ဘကြီးခေါင်လာလျှင် တောထွက်ပစ္စည်းလက်ဆောင်များ ပါလာသည်သာမက အပြန်ခရီးတွင်လည်း မောင်ဖြိုးတို့လို တောတက် အမဲပစ်ဝါသနာပါသော (ဆွေထဲမျိုးထဲ) က လူငယ်တချို့ကို စားစရိတ် အကုန်ခံ၍ ခေါ်သွားလေ့ရှိသည်မှာ သူ့ရဲ့အစဉ်အလာ။ ဘကြီးခေါင်နှင့်အတူ တောကြီးမျက်မဲထဲ၌ အမဲပစ်လိုက်ရသည့်အရသာထက် ထူးကဲကောင်းမွန် (ပီတိဖြစ်ရသည့်) အရသာမျိုး ရွာတွင်မခံစားဘူးသေး။ ရိုးမက အပြန်တွင် ဘကြီးခေါင်၏လက်ဆောင် ချေသားခြောက်၊ ဆတ်သားခြောက်၊ တောဝက်သားခြောက်များကို အိမ်အတွက် တစ်ထမ်းတစ်ပိုင် (မသယ်နိုင်လောက်အောင်) ပေးလိုက်ပြန်သည်။ မောင်ဖြိုးအနေနှင့် ဘကြီးခေါင်ကိုတွေ့စကပင် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာအားရဖြစ်နေ၏။ တောပစ်သွားချင်နေသည့် အာသီသ ပြည့်တော့မည် မဟုတ်ပါလား။

"ဘကြီးခေါင်က ဘယ်တော့ လောက်ပြန်မလဲ"

"ဟကောင်ရ- လာတာဖြင့် ခုမှ စောစောပြန်စေချင်ပြီလား။ ဆွေမျိုးတွေစုံအောင်တော့ တွေ့ပါရစေဦးငါ့လူရယ်။ ဟော့-ပေါစံ၊ ဒါ ငါ့တူလေး။ အမဲလိုက်တော့ တော်တော်ဝါသနာပါသကွ။

ဒီမှာ ဘကြီး နှစ်ရက်ပဲနေနိုင်မယ်။ အပြန်ကျရင် မင်းတို့လည်း လိုက်ခဲ့ကြ၊ အခုချိန်ဆို ချေသား, ဆတ်သားတော့ လှိုင်လှိုင်ကြီးပေါပြီပေါ့ကွာ"

ဘကြီးခေါင် စကားကြောင့် မောင်ဖြိုးမှာ ဝမ်းသာစိတ်ကိုမနည်းမျိုသိပ်ပြီး ကျိတ်၍ပြုံးမိပါသည်။ ဘကြီးခေါင်နှင့်အတူ ရွာမှပါလာသူ ပေါစံမှာ မုဆိုးကောင်းတစ်ယောက်ပင်။ ပေါစံက လူအုပ်ကြားထဲတွင် ဟန်ကျပန်ကျထိုင်နေသော မောင်ဖြိုးကို ပြုံးပြုံးကြီးကြည့်လိုက်သည်။

"ငါ့ညီကလည်း အဘခေါင်ပြောသလို တောလိုက်အမဲပစ် ဝါသနာကြီးတယ်နဲ့တူတယ်၊ ဟုတ်လား"

ဟုတ်တယ် အစ်ကိုရဲ့၊ ဘကြီးက တစ်နှစ်, နှစ်နှစ်လောက်ကမှခေါ်တာ၊ အရင်ကဆို ငယ်သေးတယ်ဆိုပြီးမခေါ်ဘူးလေ။ ဒါကြောင့် အစ်ကိုနဲ့မကြုံတာပါ။ ကျွန်တော် အားကြီးမုဆိုးဖြစ်ချင်တာဗျ"

"မုဆိုးပညာက ကျောင်းစာလို ဘာပြီးရင်ဘာသင်မယ်လို့ သတ်မှတ်ထားတာမဟုတ်ဘူး၊ ကြုံရင်ကြုံသလို လက်တွေ့ဖြစ်တဲ့ ကိစ္စတွေကို သင်ပေးသွားတာပဲ။ ဒါကို အတွေ့အကြုံလို့ပြောတာပဲပေါ့"

"ဟုတ်ပါတယ်။ ဘကြီးတို့၊ အစ်ကိုတို့နဲ့ ရွာနီးရင် သိပ်ဟန်ကျမှာ"

"အေး၊ တို့ပြန်ရင် လိုက်ဖြစ်အောင်လိုက်ခဲ့ကြ။ ဒီလက မြက်သားမွေးချိန်ဆိုတော့ သားကောင်တွေပေါမှပေါ။ မင်းဘကြီးရဲ့ဒူးလေးကလည်း ရှေ့ရောက်လာတဲ့ သားကောင်အလွတ်မပေးဘူးလေ၊ အသားအစိုရော အခြောက်ပါ သယ်လို့တောင်နိုင်မှာမဟုတ်တာ သေချာတယ်"

✪

ကဆုန်လ၏မိုးသည် ဖွဲဖွဲလေးရွာထားလိုက်ခြင်းကြောင့် နံနက်စောစောတွင် ပျံ့လွင့်နေသောမြေသင်းနံ့မှာထုံမွှေးနေသယောင်။ ရွက်နုလေးတွေ ဝေစီနေသည့် ကညင်ပင်ကြီးအပေါ်မှ ကြက်တူရွေးအုပ်တစ်အုပ်သည် ဘကြီးခေါင်တို့ စီးလာသောဆင်ကြီး၏ခလောက်သံကြောင့် အလန့်တကြားဖြင့် အဝေးသို့ ပျံသန်းသွားကြသည်။ ကိုပေါစံက ဆင်ဦးစီးလုပ်ကာ လိုက်ပါလာရာတွင် ဘကြီးခေါင်က ဆင်ကျောထက်မှဆောင်ပန်းပုခက်ထဲမှာ ဟန်ကျပန်ကျ မြိန့်မြိန့်ကြီး လိုက်ပါလာ၏။ မောင်ဖြိုးတစ်ယောက်သာ ဘကြီးခေါင်အနီးတွင် ထိုင်ရမလို ထရမလို ကုန်းကုန်းကွကွ ဖြစ်နေရှာသည်။ သူ့လက်ထဲတွင်လည်း လက်စွဲတော် ဝါးကိုင်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး အဝတ်အစား အချို့နှင့်လောက်စာလုံးများ ထည့်ထားသောလွယ်အိတ်ကို ပခုံးစလွယ်သိုင်းထားခဲ့သည်။ တောတွင်းကို ဖြတ်နေစဉ်တစ်ခါတစ်ခါ ဟိုမှ သည်မှ လန့်၍ ပြေးလွှားကြသော တောကြက်များကို မောင်ဖြိုးက အားမလိုအားမရ ဖြစ်ပြီး လက်ထဲမှလင့်လေးနှင့် ဆင်ထက်မှနေ၍ ပစ်ခတ်နေသည်။ ထိုအခါ ဘကြီးခေါင်က မျက်လုံးစွေကြည့်ရင်း ပြုံးလိုက်၏။ ကျန်-ရွာမှပါလာသော သာအေးနှင့်ကျော်ထူးတို့က မောင်ဖြိုးတို့နောက်တွင်ထိုင်ကာ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာကြသည်။

"ဘကြီးခေါင်၊ ကျွန်တော်တို့ရွာကို နေဝင်လောက် ရောက်သွားမှာပေါ့နော်"

မောင်ဖြိုးက တစ်လမ်းလုံးနှုတ်ဆိတ်လာသူ ဘကြီးခေါင်ကိုလှမ်းမေးလိုက်ခြင်းပါ။

"နေဝင်ချိန်တောင် ကြာမယ်မထင်ပါဘူးကွာ"

"ရွာရောက်ရင် တစ်ညပဲအိပ်ပြီး နောက်နေ့အမဲလိုက်ထွက်မယ်"

"အေးပါကွာ။ ကဲ- ပေါစံရေ မင်းထက်ဆိုးတဲ့ကောင်တော့ တွေ့နေပြီ"

ဘကြီးခေါင်က ဆင်ဦးမှ မုဆိုးပေါစံကို လှမ်းပြောလိုက်သည်တွင် ပေါစံက နောက်သို့ တစ်ချက်လှည့်၍ တဟင်းဟင်းရယ်ပြီး-



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုမှပေါ့ အဘခေါင်ရဲ့၊ မှဆိုးပေါက်စ ဆိုတာ တက်ကြွစိတ်နဲ့ အချိန်ရှိသရွေ့ လက်တည့်စမ်းချင်နေတာ ဓမ္မတာပါပဲ"

ဘကြီးခေါင်မှာ ပေါစံစကားကိုသဘောကျပြီး တဟဲဟဲ ရယ်နေတော့သည်။ သို့ဖြင့် စကားတပြောပြောနှင့်လာခဲ့ကြရာ နေ့လယ်ပိုင်း ညောင်သာရွာ၌ ခရီးတစ်ထောက်နားကြပြီး နံနက်စာစားကြသည်။ ထိုမှတစ်ဖန် ခရီးဆက်ကြရာ နေမဝင်မီမှာပင် ဘကြီးခေါင်တို့နေသည့် ကျားအိုင်ရွာသို့ ရောက်သွားကြ၏။ ကျားအိုင်ရွာမှာ တောင်ခြေနှင့် တစ်မိုင်ခန့်သာ ဝေးကွာသည်။ ဘကြီးခေါင် (ဦးဖိုးခေါင်) မှာ ကျားအိုင်ရွာ၌ ဩဇာတိက္ကမ ကြီးသူတစ်ယောက်ဖြစ်ရာ ဘကြီးခေါင်တို့လူစုရောက်လာကြသည်နှင့် ရွာမှ ကလေး, လူကြီးများ ခရီးဦးကြိုပြုကြ၏။ တချို့လူများက ဆင်ထက်မှ သာအေး၊ ကျော်ထူးနှင့် မောင်ဖြိုး လူရွယ်သုံးဦးတို့ကို ဝိုင်းကြည့်ပြီး အချင်းချင်းတီးတိုးပြောနေကြသည်။ ဘကြီးဖိုးခေါင်တို့အိမ်ရှေ့သို့ ရောက်သောအခါ ဘကြီးဖိုးခေါင်နှင့် လူရွယ်သုံးဦးကို ချထားခဲ့ပြီးနောက် ပေါစံက ဆင်ကိုစီးပြီး ရွာလယ်ပိုင်းဆီ ဆက်၍ထွက်ခွာသွားတော့၏။ ဘကြီးဖိုးခေါင်တို့အိမ်မှာ တစ်ထပ်အိမ်ဖြစ်၍ ခြေတံအမြင့် ဖြစ်သည်။ မောင်ဖြိုးတို့လူစုပါလာသဖြင့် ဘကြီးခေါင်၏ ဇနီး ဒေါ်အေးနှစ်နှင့် သမီး မြလေးတို့မှာ အိမ်ရှင်ပီပီ ဧည့်ဝတ်စောင့်ဝတ်အတွက် လတ်တလော အလုပ်ရှုပ်သွားကြသည်။

"ကဲ-မင်းတို့ဘာမှအားနာစရာ မရှိဘူး၊ နေတတ်သလိုသာနေကြ။ တော်တော်ကြာလောက်မှ ရေလေးမိုးလေးချိုးကြတာပေါ့"

စကားအဆုံးတွင် ဘကြီးခေါင်သည် အိမ်ခန်းတစ်ခုအတွင်းဝင်သွား၍ ကြီးတော်ဒေါ်အေးနှစ်က ဧည့်သည်တို့အတွက် အိမ်တွင်အခြောက်အခြမ်းသာရှိသောကြောင့် ဟင်းစားရှာရန် ရွာထဲထွက်သွားလေသည်။ မရောက်ဘူးသေးသော သာအေးနှင့်ကျော်ထူးတို့မှာ လူတစ်ဖက်နှီးနှီး အိမ်တိုင်များနှင့် သစ်ပေါ ဝါးပေါဒေသတွင် ဆောက်လုပ်ထားသဖြင့် ခမ်းနားထည်ဝါလှသည့် အိမ်ကြီးကို ချီးမွမ်းနေကြ၏။ သူတို့တွေ အိမ်ကြီးကို ချီးမွမ်းခန်းဖွင့်နေကြရာတွင် မောင်ဖြိုး မရှိ။ ထိုင်နေရာမှ မလှမ်းမကမ်းနံရံတွင်ချိတ်ဆွဲထားသည့် မြားဘူးနှင့်ဒူးလေးကြီးကို စိတ်ဝင်စားနေမိသည်။ ရင်းတိုက်နှစ်ဖြင့် လုပ်ထားသော ဒူးလေးကြီးမှာ လက်ရာမြောက်လှပြီး နက်စွေးကာ ကိုင်ရက်စရာမရှိလောက်အောင် သေသပ်လှပနေသည်။ ဤဒူးလေးကြီးမှာ ဘကြီးခေါင်ကို နာမည်တစ်လုံးတွင်စေမည့် လက်စွဲတော်ကြီးပင် မဟုတ်ပါလား။

ဘကြီးခေါင်၏ အိမ်ဦးခန်း၌ ကျားအရေပြားကြီးနှင့် ကျားသစ်အရေပြားကြီးနှစ်ချပ်ကိုလည်း လှပစွာခင်းကျင်းထားသေး၏။ နံရံအနှံ့၌ သမင်ချို၊ ဆတ်ချို၊ ပြောင်ချို စသည်ဖြင့် ချိုပေါင်းစုံကို အလှအပအဖြစ်ချိတ်ဆွဲထားပြန်၏။ မုဆိုးကြီးတစ်ယောက်အိမ်ပီပီ အခြားသောတောကောင်များ၏ ပစ္စည်းတို့မှာလည်း တစ်ပုံတစ်ပင်ကြီး။ မောင်ဖြိုးတို့လူသိုက် သဘောအကျကြီးကျနေမိ၏။

သာအေးနှင့်ကျော်ထူးတို့ မရောက်ဘူးလင့်ကစား မောင်ဖြိုးက နှစ်ကြိမ်လောက် ရောက်ခဲ့ပြီဖြစ်သဖြင့် ဘကြီးခေါင်ပြောပြခဲ့ဖူးသော တောတွင်းစွန့်စားခန်း အချို့ကို ထပ်ဆင့် ဖောက်သည်ချနိုင်ခဲ့ပါသည်။ သာအေးနှင့်ကျော်ထူးတို့ ပါးစပ်အဟောင်းသားဖြင့် အံ့သြကြရသည်။ ထိတ်လန့်ကြရသည်။ မောင်ဖြိုးက ကိုယ်တိုင်လုပ်ခဲ့ဖူးသည့်ပမာ ဟန်ပန်တွေဖြင့် ရှင်းပြနေ၏။

"တစ်နေ့ကျ ငါလည်း ဘကြီးခေါင်လိုမျိုး နာမည်ကြီးမုဆိုးတစ်ယောက်ဖြစ်အောင် ကြိုးစားနေတာပါ။ ဖြစ်လည်းဖြစ်ရမယ်လို့ သန္နိဋ္ဌာန်ချထားတယ်"

အေးအေးဆေးဆေး စကားစမြည်ပြောပြီးနောက် မောင်ဖြိုးတို့လူစု ဘကြီးခေါင်နှင့်အတူ ရေချိုးကြ၏။ ညစာစားချိန်တွင် ခရီးပန်းလာသဖြင့် ဆာဆာနှင့်အားရပါးရစားကြ၏။ သို့နောက် ထမင်းစားပြီးသည်နှင့် ရေနွေးကြမ်းဝိုင်း ဆက်ကြပြန်ပါသည်။ အပြင်တွင် အတော်လေးမှောင်လာပေပြီ။ တောင်ခြေ တောခြေဝယ် ဝေဆိုင်း အုံ့မှိုင်းမှုကြောင့် စောစီးစွာ မိုးချုပ်လေသလား မသိ။

မောင်ဖြိုးက ပန်းကန်ထဲမှ ဆတ်သားခြောက်ဖုတ် ဆီရွှဲရွှဲတစ်ဖတ်ကို ကောက်ယူ မြုံ့နေမိသည်။ ဘကြီးခေါင် ရေနွေးကြမ်းငှဲ့ပြီးဆဲဆဲသား သောက်မည်ပြုပြီးမှ အောက်သို့ပြန်ချ၍ ခြံဝင်းထဲဝင်လာသော မီးတုတ်ကိုင်ထားသူ သုံး, လေးဦးကို မေးလိုက်၏။

"ပေါက်ကျော်တို့လားဟေ့"

"ဟုတ်ပ့ါ အဘခေါင်ရေ"

"အေးအေး- ဟန်လိုက်လေကွာ။ လာကြ၊ လာကြ- ငါတို့လည်း အကြမ်းသောက်နေတာ၊ ခုပဲ မင်းတို့ဆီတောင်လျှောက်လာမလို့"

ဘကြီးခေါင် မသွားရတော့ဘဲ တွေ့လိုသူများ ရောက်လာသဖြင့် ဝမ်းသာနေပုံရသည်။ ပေါက်ကျော်တို့အဖွဲ့ ရေနွေးကြမ်းဝိုင်း ဝင်ထိုင်လိုက်ကြ၏။

"ရေနွေးကြမ်းသောက်ကြဟေ့။ ဪ- ပေါက်ကျော်၊ ငါတို့ မနက်စောစောပဲ အမဲပစ်ထွက်ကြမှာနော်။ မင်း အသင့်လုပ်ထား"

ပေါက်ကျော်ကား နာမည်နှင့်လိုက်အောင် ကိုယ်ဆစ်လက်ပေါက်များကောင်းပြီး သန်မာထွားကျိုင်းသူတစ်ယောက်ပါ။ ဘကြီးခေါင်စကားကို ပေါက်ကျော် သဘောကျသွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဒါဖြင့် အဘခေါင် တောထဲမှာ ဘယ်နှရက်လောက်ကြာမှာလဲ"

"ထုံးစံအတိုင်းပေ့ါကွာ၊ ဆန်နဲ့ဆားသာ ပြည့်ပြည့်စုံစုံပါရင် တော်ပြီ"

ဘကြီးခေါင်၏ 'ထုံးစံအတိုင်း' ဆိုသည်မှာ တစ်ညအိပ်၊ နှစ်ညအိပ်ကို ဆိုလိုသည်။ တောထဲတွင်ဆိုး အဖို့ အမဲသားငါးမရှားလှပေ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအတွက်တော့ ကျွန်တော့် တာဝန်သာထားလိုက်ပါ"

"အေး- မင်းကို ငါ မိတ်ဖွဲ့ပေးမယ်။ ငါ့တူ မောင်ဖြိုးတော့ မင်း သိပြီးသားပါ။ ဟောဒါက သာအေး၊ သူက ကျော်ထူး။ သူတို့လည်း ငါ့တူဝမ်းကွဲတွေပဲ။ သူ့နာမည်က ပေါက်ကျော် သူလည်း မုဆိုးပေါ့"

ဟု ဘကြီးခေါင်က မိတ်ဖွဲ့ပေးလိုက်ပါသည်။

"ကျုပ်တို့ကို မှတ်ထားပါဗျာ၊ သားချင်းတွေလို သဘောထားပါ"

ကိုပေါက်ကျော်တို့နှင့် စကားကောင်းနေခိုက် ပေါစံနှင့် လူတစ်ယောက်ရောက်လာသဖြင့် နောက်နေ့ အမဲပစ်ထွက်မည့်အစီအစဉ်ကို တိုင်ပင်ကြသည်။ ဒီနောက် အာလာပ သလ္လာပပြောနေပြီး ညဉ့်နက်မှလူစုခွဲဖြစ်သည်။

❂

အချိန်မှာ လင်းအရုဏ်တက်စ လင်းကြက်တွေပင် တွန်ကျူးခဲ့ကြပြီ။

"ဟေ့- ကိုဖြိုး၊ ကိုဖြိုး"

တရှူးရှူးဖြင့် အိပ်မောကျနေသောမောင်ဖြိုးကို သာအေးက လှုပ်ခါ၍နှိုးလိုက်ပြီးနောက် အိပ်ရာမှထလိုက်ကြရတော့သည်။ မောင်ဖြိုးကမန်းကတန်း သွားတိုက်၊ မျက်နှာသစ်(သန့်စင်)မှုလုပ်ငန်းများ လုပ်နေရ၏။ ယနေ့ တောတက်အမဲပစ်မည့်နေ့ မဟုတ်ပါလား။ ဘကြီးခေါင်နှင့်အတူ ကောက်ညှင်းပေါင်းပူပူ၊ ဆတ်သားခြောက်ဖုတ်တို့ကို သုတ်သီးသုတ်ပျာ စားလိုက်ရသည်။

မကြာမီ အိမ်ရှေ့မှလူသံသူသံများကြားရပြီးနောက် ပေါစံ၊ ပေါက်ကျော်၊ ဖိုးဆိတ်၊ ငတိုး၊ စိန်ကြီး၊ မြကျွန်တို့လူစု ပခုံးတွင် ဝန်စည်စလယ်များထမ်းကာ လက်ထဲ၌ ဒူးလေး၊ လင့်လေး၊ ဓား၊ လှံများ ကိုင်ဆောင်ပြီး ရောက်လာကြပါသည်။ ဘကြီးခေါင်မှာ တစ်ယောက်တည်း တိုလီမိုလီပစ္စည်းများ လွယ်အိတ်ထဲသို့ထည့်ရင်း အလုပ်ရှုပ်နေ၏။ ပြီးနောက် နံရံတွင်ချိတ်ထားသော မြားဘူးကို ပခုံးမှာစလွယ်သိုင်းလိုက်၍ ဒူးလေးကြီးကိုလည်း ဖြုတ်ယူ ထမ်းပိုးလိုက်သည်။ သည်တွင် မောင်ဖြိုးက ဘကြီးခေါင်ကိုကြည့်ရင်း အားကျမခံ သူ့အဝတ်အစားများနှင့် လောက်စာလုံးများ ထည့်ထားသော လွယ်အိတ်ကို နံရံမှဖြုတ်ကာ ပခုံးတွင် စလွယ်သိုင်း၍လွယ်ပြီး နံရံမှာ ကပ်ထောင်ထားသည့် ဝါးကိုင်းလေး (လင့်လေး) ကို ယူလိုက်သည်။ သို့နှယ် မောင်ဖြိုးလုပ်ကိုင်နေပုံကိုကြည့်ပြီး ပေါက်ကျော်တို့လူတစ်သိုက်က သဘောကျကာ ပြုံးနေကြပါတော့သည်။ အမှန်အားဖြင့် မောင်ဖြိုးက အမဲပစ်ထွက်မည့်အုပ်စုတွင် အငယ်ဆုံးတစ်ယောက်။

ဘကြီးခေါင် ဒူးလေးကြီးထမ်း၍ ပေါက်ကျော်တို့ရှိရာသို့ လျှောက်လှမ်းလာသည်။ ပေါက်ကျော်က စကားစ,လိုက်၏။

"အဘခေါင်၊ ကျုပ်တော့ ဟင်းစားအတွက် ဘာမှမယူခဲ့ဘူးနော်"

"အိုကွာ - ဆန်နဲ့ဆားသာ ပါပစေ၊ ဟင်းစားကို သူကတာဝန်ယူမှာ"

အဘခေါင်က သူ့ဒူးလေးကြီး ပုတ်ပြလိုက်ပါသည်။ အားလုံးကလည်း အဘခေါင်လက်နှင့်ဒူးလေးကြီးကို ယုံကြည်စိတ်ချပြီးသား။

"ဟ-ပေါစံ၊ ထုံးစံအတိုင်း နတ်မြှောက်ဖို့ ကွမ်းယာ ယာလေကွာ။ မင်းကလည်း သွားနေကျပဲဟာ၊ ပြောနေရဦးမှာလား"

ပေါစံ ထိုင်နေရာမှ ကသောကမျောထကာ ကွမ်းအစ်တစ်လုံးနှင့်အလုပ်များသွား၏။

အဘခေါင်တို့ မုဆိုးအဖွဲ့ (လူဆယ်ယောက်အုပ်စု) မှာ ရွာလမ်းကလေးအတိုင်း တောင်ခြေသို့ ဦးတည်ထွက်ခဲ့ကြ၏။ ရွာဦးသို့ရောက်သောအခါ ထိမ်ပင်ကြီးအောက် နတ်စင်ရှေ့တွင် တောပစ်လက်နက်များ စုပုံ၍ ဘကြီးခေါင်ယူလာသော ကွမ်းယာဖြင့် နတ်မြှောက်လိုက်သည်။

"ကဲ- ပ,သပြီးပြီ၊ ခရီးဆက်ကြမယ်ဟေ့"

အရှေ့စွန်းမှနေဝန်းသည် အတော်လေး မြင့်တက်စပြုလာပေပြီ။

နေရောင်ခြည်နုနုသည် စိမ်းလန်းကာ စိုပြည်နေသော ရိုးမကြီးကို တင့်ရွှန်းလှပစေသည်။ သာယာနာပျော်ဖွယ်ကောင်းသော ကျည်ကျည်ကျာကျာ ကျေးငှက်သံလေးများက ဘကြီးခေါင်တို့လူတစ်စုကို ခရီးဦးကြိုပြုနေသယောင်။ မရောက် မပေါက်သေးသူတို့အဖို့ တောအလှမှာ ရှုမောစရာ။ နေလုံးသည် မြင့်မှန်းမသိမြင့်လာသကဲ့သို့ ဘကြီးခေါင်တို့လူစုမှာလည်း ရိုးမတောင်စွယ်ပေါ်ကို တဖြည်းဖြည်း တက်မှန်းမသိ တက်လာခဲ့ကြသည်။ နေလုံး အတန်ပင်မြင့်နေစေကာမူ အချို့နေရာများတွင် နေရောင်ခြည် မကျရောက် မထိုးဖောက်နိုင်အောင် ခက်ကျိုင်းမားမား သစ်ပင်ကြီးများဖြင့် ပြည့်ညပ်နေတော့သည်။ ဘကြီးခေါင်တို့လူစု ယခုအချိန်အထိ ပစ်ရမည့် လောက်လောက်လားလားကောင် တစ်ကောင်တလေမျှမတွေ့ရသေး။ တစ်ယောက်နှင့်တစ်ယောက် အော်ကြီးဟစ်ကျယ်ပြောရမည့်နေရာ မဟုတ်သဖြင့် ငှက်သံနှင့် တီရစ္ဆာန်ငယ်လေးများအသံက တောအုပ်ကို စိုးမိုးထားသည်။ အတန်ကြာသွားမိသောအခါ ရှေ့ဆုံးမှ ဦးဆောင်သွားသူ ဘကြီးခေါင်က တုံ့ခနဲ ရပ်လိုက်ပြီး နောက်ကို အရေးတကြီးအချက်ပေး၍ မောင်ဖြိုးအား ခေါ်လိုက်၏။

"ဟေ့ မောင်ဖြိုး- အဘခေါ်နေတယ်ကွ၊ မင်းကို တစ်ခုခုခိုင်းမလို့နဲ့တူတယ်။ ခြေသံလုံလုံနဲ့ သွားလိုက်"

ပေါစံ၏ တီးတိုးစကား ဆုံးသည်နှင့်တစ်ပြိုင်နက် မောင်ဖြိုးက ဘကြီးအနီး ခြေသံ လုံးဝမကြားအောင် ချဉ်းကပ်သွားသည်။ ဘကြီးခေါင်က စကားသံမထွက်ဘဲ တစ်နေရာဆီ လက်ညှိုးညွှန်ပြသဖြင့် ကြည့်လိုက်ရာ မလှမ်းမကမ်း မြေကွက်လပ်ရှိ ရောမသစ်ပင်ကြီး၏အကိုင်းဆုံတွင်ပုနေသည်က ဒီးဒုတ်ကြီးတစ်ကောင်။ သည်တွင် မောင်ဖြိုးက ဆိုလိုရင်းအဓိပ္ပာယ်ကို ရိပ်စားမိသောကြောင့် အသင့်ပါလာသည့် လောက်စာလုံးကို လင့်လေးလောက်စာအိမ်တွင်ထည့်သွင်းကာ တစ်ချက်မြှောက်



www.burmeseclassic.com

www.burmeseclassic.com

၍ ချိန်ဆပြီး ပစ်လိုက်သည်။ လျှပ်တစ်ပြက်အတွင်း ဝှီးခနဲ မြည်သံပေးကာ ထွက်သွားသော မောင်ဖြိုး၏ ပစ်ချက်မှာ ဒီးဒုတ်ကြီး၏ခေါင်းကို ထိမှန်၍ မြေပေါ်သို့ ဗုန်းဗုန်းသားကျသွားစေသည်။ အမြင့်တစ်နေရာတွင် ပုဝင်နေသောပစ်မှတ်ကို ထိမှန်ရန် မလွယ်ပါ။

"ဟော့- ငဖြိုးလက်က မခေပါလားကွ"

ဘကြီးခေါင်က ဝမ်းသာအားရ ချီးကျူးလိုက်သည်။ မောင်ဖြိုး ဒီးဒုတ်ကြီးကိုသွားကောက်နေစဉ် ပေါ်စံတို့လူစု ရှေ့တိုးလာကြ၏။

"ပေါ်စံရေ၊ ငဖြိုးက အဟုတ်ကြီးပဲကွ"

"ဟုတ်တယ်အဘခေါင်၊ လက်စလက်နကတော့ မသေးဘူး။ ဒါလောက်အမြင့်၊ ပစ်ကွင်းကခပ်ကျဉ်းကျဉ်း။ မထိလောက်တာ အမှန်ပဲ အဘခေါင်ရဲ့"

"ကိုပေါ်စံရယ်၊ ဒါလောက်မဟုတ်ပါဘူး။ ဒီလက်မျိုးမရှိဘဲ ဘကြီးခေါင်နဲ့တောပစ်ဖို့လိုက်ခဲ့ရင် တကယ့်လူညံ့ ဆိုရမှာပေါ့"

မောင်ဖြိုးက သူပစ်ခတ်လိုက်သည့် ဒီးဒုတ်ကြီးကို လက်နှစ်ဖက်ဖြင့် တောင်ပံများ ဆွဲဆန့်ကြည့်ရင်း ပြောလိုက်ပြီးနောက် သူ့အပြောနှင့်သူ သဘောကျစွာ တစ်ချက်ရယ်လိုက်သေး၏။ ထို့နောက် အားလုံး ခရီးဆက်ကြပြန်ပါသည်။ တဖြည်းဖြည်း တောင်ကြောကို တက်ရာမှ တစ်ဖက်ကိုဆင်းသွားရသဖြင့် လျှိုမြောင်ထဲသို့ ရောက်လာခဲ့သည်။ လျှိုကြီးအတွင်း မြေကြီးပေါ်ကို ဘကြီးခေါင် သေချာကြည့်ပြီးနောက် ခါးကုန်း၍ ခြေရာတစ်ခုကို ပွတ်သပ်ကြည့်ကာ ဘေးပတ်ပတ်လည်ကိုလည်း ဂရုတစိုက်ကြည့်နေ၏။

"ဒါ ဆတ်ခြေရာတွေပဲကွ။ ဟောဟိုမှာ ချေးတွေတွေ့လား"

သည့်နောက် ဆတ်ချေးပုံများကို စူးစမ်းလေ့လာနေပြန်ပါသည်။

"ဒီကောင်သွားတာ သိပ်မကြာသေးဘူးဟ"

ပြောပြီးပြီးချင်း ဘကြီးခေါင် အချိန်မဆွဲဘဲ ဆတ်နောက်လိုက်ဖို့ပြင်သည်။

"ခြေသံကိုထိန်းပြီး သုတ်သုတ်လိုက်ခဲ့ကြဟေ့၊ မနက်စာအမီ ဟင်းစားပေါ့။ ဘကြီးခေါင်က ပြောရင်း ရှေ့ဆုံးမှသွားနှင့်၏။ ပေါ်စံတို့လူစု ဘကြီးခေါင်နောက်သို့ ကပ်လိုက်သွားသည်။ ဘကြီးခေါင်၏ မျက်လုံးအစုံမှာ တောင်မြောက်လေးပါးသို့ ကျီးကန်းမျက်စိပမာ မျက်စိရှင်ရှင်ထား၍လျှောက်လှမ်းခဲ့ရာ တဖြည်းဖြည်း လူတစ်ရပ် မရှိ့ တရှိ ကိုင်းတောစပ်သို့ ရောက်လာပါသည်။

"အဘခေါင် အဘခေါင်- ဟိုမှာဗျ၊ အကောင်ကြီး"

"အေးပါဟ- ငါမြင်ပါတယ် ဖိုးဆိတ်ရဲ့၊ မင်းတို့ ဒီမှာနေခဲ့"

ကိုင်းတောအလယ်မှ တလူပ်လူပ် တရွရွ အစာစားနေသော ဆတ်ကြီးကို ဖိုးဆိတ်က မေးဆတ်ပြနေသဖြင့် ဘကြီးခေါင်က အသံခပ်အုပ်အုပ်ဖြင့် ပြန်ပြောလိုက်၏။ ဘကြီးခေါင် ဆတ်ကြီးအနား ကပ်သွားပြီး ပစ်မည့်အစီအစဉ်မို့ မတို၊ မရှည် ကိုင်းတောအတွင်း မိကျောင်းတွားတွားကာ ဝင်သွားတော့သည်။ အားလုံးက အသည်းတထိတ်ထိတ် ရင်တဖိုဖို။ အသံမမြည်စေရန် ချောင်းမြောင်းသွားခါမှ ဒူးလေးကို ကိုင်းပင်ငြမ်၍ ဆွဲလိုက်သည့်တွင် အသံတစ်ချက်မြည်သွား၏။ ဒီတွင် အောက်သို့ကုန်း၍စားနေသော ဆတ်ကြီးခေါင်းထောင်ပြီး ဟို, ဒီ ကြည့်လိုက်သော်လည်း အကင်းပါးသူ ဘကြီးခေါင်က မလှုပ်ရှား။ အတန်ကြာမှ ပြန်၍ အစာ စားမြဲစားနေသည့် ဆတ်ကြီးရှိရာ ကိုင်းတောလယ်အထိ ရှေ့သို့ ဆက်မတိုးတော့ဘဲ ဝါးတစ်ရိုက်သာသာလောက်နေရာ၌ လက်ထဲမှဒူးလေးကို ကြိုးတင်လိုက်သည်။ ဘကြီးခေါင်ကို ကိုင်းပင်များက မြုပ်နေစေ၏။ ညီညာဖြောင့်တန်းသော မြားညှပ်ထဲသို့ထည့်သွင်းပြီး မုဆိုးဒူးထောက်အနေအထားထိုင်ကာ ဒူးလေးကိုပခုံးမှေးတင် အသက်အောင့်၍ ခလုတ်မောင်းကို ဆွဲလိုက်သည်။ ချိန်ထားသည်မှာ ဆတ်ကြီး၏လက်ပပ်နေရာ။

ဒူးလေးမှကြိုးရိုက်သံ ထောင်းခနဲ ထွက်လာပြီး ကုန်း၍အစာစားနေသော ဆတ်ကြီးခမျာ နေရာမှခုန်ပေါက်ပြေးထွက်သွားကာ ခြေလှမ်းဆယ်လှမ်းကျော်လောက်တွင် မြေပေါ်သို့ ထိုးလဲသွားတော့သည်။ ဒူးလေးမှမြားမှန်ပြီး သွေးရူးသွေးတန်းပြေးသွားနိုင်ခဲ့သေးသည့် ဆတ်ကြီးပါပေ။

"ဟေး-ဒါမှ တို့အဘခေါင်ကွ"

ရင်တဖိုဖို စောင့်ဆိုင်းနေကြသော ပေါ်စံတို့လူစု ဆတ်ကြီးလဲသွားသည်နှင့်တစ်ပြိုင်နက် မတိုင်ပင်ဘဲ ဝိုင်းအော်လိုက်သည့် အသံများ ညံစာသွားစေသည်။ ထို့နောက် ဆတ်ကြီးလဲသွားရာဆီသို့ သူထက်ငါဦး ပြေးသွားကြပြန်၏။ စောစောပိုင်းက ဘကြီးခေါင်ပစ်လိုက်သည့် မြားမှာ ဆတ်ကြီး၏လက်ပပ်နေရာတွင် တိတိကျကျ ထိမှန်ရုံမက မြားတစ်ဝက်သာသာ စူးဝင်နေသည်။ ပေါ်စံတို့လူစုကလည်း အချိန်ဖြုန်းမနေတော့ဘဲ ထိုနေရာ၌ပင် ဆတ်ကြီးကိုဖျက်လိုက်ကြတော့၏။ ထိုနေ့က ပွဲဦးထွက် မောင်ဖြိုးက ဒီးဒုတ်တစ်ကောင်၊ သည့်နောက် အဘခေါင်က အချိန် ခုနစ်ဆယ်နီးနီးရှိ ဆတ်ကြီးတစ်ကောင် ရလိုက်ပြန်သည်။ ရှေ့ခရီးဆက်ရာတွင် ပေါ်စံက အလတ်စား ချေတစ်ကောင်၊ ပေါက်ကျော်က ယုန်သုံးကောင်နှင့် တောဝက်တစ်ကောင် ဆင့်ကဲ ဆင့်ကဲ ရလိုက်သဖြင့် ထိုနေ့အဖို့ ဘကြီးခေါင်တို့ အမဲပစ်အဖွဲ့၏ထမင်းဝိုင်းမှာ ဟင်းလျာစုံလင်စွာ စည်ကား စိုပြည်နေတော့သည်။ ဘကြီးခေါင် ဆက်မထွက်တော့ဘဲ ထိုနေ့ ညအိပ်ရန်စခန်းကို သဲကျောက်တောင်ခြေရှိ ရေအတွက် နီးနီးနားနား ချောင်းစပ်တွင် သတ်မှတ်လိုက်၏။ ယင်းနေရာမှာ တောနက်နေပြီ ဖြစ်သောကြောင့် တောကောင်ကြီးများရန်ကို ကြောက်ရပေသည်။ ဘကြီးခေါင်ဝါးစပ်မှ တစ်စုံတစ်ခုကိုရွတ်ဖတ်ပြီး စည်းချနေပါသည်။ ကျန်သူများမှာ ထင်းစုသူ၊ မီးဖိုသူကဖို၊ ဝါးပင်များကိုခုတ်လှဲ၍



www.burmeseclassic.com

www.burmeseclassic.com

ကျားရန်ကာကွယ်ဖို့အတွက် ဝါးဆစ်များခုတ်သူကခုတ်ဖြင့် အလုပ်ကိုယ်စီလုပ်နေကြရ၏။ ညစာစားပြီး နေလုံးက လုံးဝပျောက်ကွယ်သွား၍ အမှောင်ထု ချင်းနင်း ဝင်ရောက်လာပါပြီ။ ညဘက်ရောက်သောအခါ ပေါစံ၊ ပေါက်ကျော်၊ မောင်ဖြိုးတို့ ချေသားခြောက်မီးဖုတ်နှင့် ရေနွေးကြမ်းဝိုင်းဖွဲ့နေကြစဉ် ဘကြီးခေါင်မှာ ဝါးဆစ်ဖြင့်လုပ်ထားသော ဆေးတံကြီးကိုခဲရင်း သစ်ပင်တွင်ကျောမှီကာ တစ်စုံတစ်ရာ တွေးတောနေဟန်ဖြင့် ငြိမ်ချက်သားကောင်းနေတော့၏။ ကျန်လူစုမှာ ချွေးတလုံးလုံးနှင့် ထိုနေ့ကရထားသောအသားများကို မီးဖိုတွင်ကျပ်တိုက်နေကြသည်။ စခန်းနှင့်အနီးအနားတွင် အိပ်တန်းတက်ကြသည့် ညဥ့်ငှက်ကလေးများ အော်မြည်သံက သာသာယာယာ။ တစ်ခါတစ်ခါ စခန်းနှင့်မနီးမဝေးမှ ချေတစ်ကောင် ဟောက်သံမှာ ကျယ်ကျယ်လောင်လောင်။ ဘကြီးခေါင်တစ်ယောက် ဒီည အိပ်ဖြစ်မည် မထင်။ ပါးစောင်တွင်ခဲထားသော ဝါးဆေးတံကြီးကမီးမပြတ်သေး။ သူ၏လက်စွဲတော် ဒူးလေးကို မြားအသင့်နှင့် ကျောမှီထားရာသစ်ပင်တွင် အလိုက်သင့် ထောင်ထားသည်။ အချိန်မှာ တဖြည်းဖြည်း ညဥ့်နက်မှန်း မသိ ညဥ့်နက်လာရာ မောင်ဖြိုး၊ သာအေးနှင့် ကျော်ထူးတို့သုံးဦးသားမှာ တစ်နေ့လုံး ခရီးပန်းမှုကြောင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေကြတော့သည်။ ပေါက်ကျော်၊ ပေါစံ၊ ဖိုးဆိတ်တို့လည်း အိပ်နေကြပြီ ဖြစ်သည်။ ဘကြီးခေါင်၊ ငတိုး၊ စိန်ကြီးနှင့် မြကျန်တို့တစ်စုလုံး ဒီညမအိပ်ကြဘဲ သူ့နေရာနှင့်သူ တောကောင်များဘေးမှ အားလုံးကိုကာကွယ်ရင်းစောင့်ပေးနေကြပါသည်။ ဒီညအဖို့ အိပ်ရန်မဖြင်။ တစ်ခါ တစ်ခါတွင် ဘကြီးခေါင်က မီးရဲရဲတောက်နေသော မီးဖိုကြီးထဲသို့ ညနေပိုင်းက အသင့်ခုတ်ထားသော ဝါးဆစ်များကို ထည့်၍ ဖုတ်လိုက်သဖြင့် ပေါက်ကွဲသောအသံများကြောင့် ဘေးပတ်ပတ်လည်မှညဥ့်ငှက်များ တစာစာအော်မြည်ကာ လန့်ဖျပ်ပြီး အဝေးသို့ ပျံထွက်ပြေးကုန်ကြပေပြီ။ စောစောက ဟောက်နေသော ချေသည်လည်း ထိတ်လန့်တကြား ပြေးလေသလား မသိ၊ ဟောက်သံ မကြားရတော့ပါ။ သို့နှယ် တောနက်အတွင်းမှာ အားကောင်းမောင်းသန် ယောက်ျားများ ချည်းသာဖြစ်၍ တော်တော့သည်။ အမှောင်ထုမှာ နက်ရှိုင်းလွန်းသဖြင့် ချောက်ချောက်ချားချားနှင့် လန့်ကြောက်စိုးထိတ်စရာ။ စောင့်နေသူများက ဘက်စုံ ထောင့်အသီးသီးတို့ကို ဂရုတစိုက် ကြည့်နေကြရ၏။ အမှောင်ထုအတွင်းမှ လှုပ်ရှားမှုကို အလစ်မပေးဝံ့။

"ဖောင်း. . ဖောင်း. . ဖောင်း"

ဝါးဆစ်များ ဆက်ကာ ဆက်ကာ ပေါက်ကွဲနေကြသံများကြောင့် မောင်ဖြိုး အိပ်နေရာမှလန့်နိုးလာပြီး ငေါက်ခနဲ ထထိုင်မိသည်။ သာအေးနှင့်ကျော်ထူးတို့လည်း မောင်ဖြိုးအရင်နိုးလာ၍ ထိုင်လျက်သား ကြည့်တိကြောင်တောင်လေးတွေ ဖြစ်နေကြ၏။ ညဥ့်ဦးကာလကဖိုထားသော မီးဖိုအတွင်းသို့ ဝါးဆစ်များကို စိန်ကြီးနှင့်မြကျန်တို့က အဆက်မပျက် ပစ်သွင်းနေသောကြောင့် ပေါက်ကွဲနေသံတို့မှာ တရစပ် ထွက်ပေါ်နေ၏။ အမှတ်တမဲ့ ခပ်လှမ်းလှမ်းမှ နားထောင်လျှင် တိုက်ပွဲတစ်ပွဲ ဆင်နွှဲနေသလိုလို။ မောင်ဖြိုး အိပ်မှုန်စုံမွှားနိုးထလာပြီး ကျော်ထူးတို့ကို တိုးတိုးမေးမိသည်။

"ဘယ်လိုတွေ ဖြစ်နေတာလဲ ကိုကျော်ထူး"

"ဟာ့အေး- ငါလည်း မပြောတတ်ဘူးကွ။ အကြောင်းတစ်ခုခုတော့ ရှိနေပြီနဲ့တူတယ်၊ လူတွေကလည်း ရုတ်ရုတ်သဲသဲဖြစ်လို့"

ကိုကျော်ထူး၏စကားကလည်း မရေမရာ။ မောင်ဖြိုး စကားဆက်မနေတော့ဘဲ အခြေအနေကို စောင့်ကြည့်လိုက်သည်။ ဘကြီးခေါင်ကိုယ်တိုင် ကြိုးတင်ထားသော ဒူးလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး မျက်လုံးဂနာမငြိမ်။

ဘကြီးခေါင်ကိုယ်တိုင် တစ်ခုခုကို စိုးထိတ်နေလေသလား မသိ၊ သူ့မျက်လုံးများက မောင်ဖြိုးတို့ဘက် ရောက်လာသော်လည်း စကားတော့ လုံးဝ မပြောပေ။ ပေါစံလက်ထဲမှ လင့်လေးကြီးနှင့် တစ်ချက် တစ်ချက် ဘေးဖက်ကိုပစ်လိုက်သည်။ ပေါက်ကျော်က လက်ထဲမှ ငှက်ကြီးတောင်ဓားကြီးကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ထား၏။ ကျန်လူများလက်ထဲတွင်လည်း ဓား၊ လှံကိုယ်စီ။ ဖြစ်ပေါ်လာမည့်ရန်ကို ဝိုင်းဝန်းရင်ဆိုင်ရန် အသင့်အနေအထားမျိုး။

တစ်အောင့်လောက်ကြာသောအခါ ငြိမ်သက်နေသည့် ဘကြီးခေါင် လှုပ်ရှားစပြုလာသည်။ ဘကြီးခေါင်ထံမှစကားသံပေါ် ထွက်လာ၏။

"ဟေး-ကိစ္စမရှိဘူး၊ ဒီကောင်တခြားကို ပြေးပါပြီကွာ"

ဒီတော့မှ စိန်ကြီးနှင့် မြကျန်တို့ ဝါးဆစ်ကိုမီးထဲအထည့်ရပ်သွားခဲ့သလို ကျန်လူများလည်း အသက်ရှုချောင်သွားသကဲ့သို့ လှုပ်ရှားလာနိုင်ကြသည်။ ဤတွင် မောင်ဖြိုး နေရာမှထကာ သူ့ဘကြီးခေါင်အနီးသို့ ကပ်လာခဲ့၏။

"ဘကြီးခေါင်၊ ဘာဖြစ်တာလဲဗျ"

"အလကား တောကောင်ပါကွာ"

ဘကြီးခေါင်က ဒါလောက်သာ ပြောသောကြောင့် မောင်ဖြိုး မကျေနပ်နိုင်သေးဘဲ စိန်ကြီးနှင့် မြကျန်ကိုမေးတော့မှ ရုပ်လုံးပေါ် လာသည်။

"မောင်ရင်မေးပေမယ့် ဘကြီးခေါင်က ကြောက်မှာစိုးလို့ ဘယ်ပြောမလဲ။ ဒီလိုကွ၊ တို့တွေ တစ်ညလုံး မအိပ်ဘဲစောင့်နေကြတာ။ အနီးအနားမှာ ကျားအတော်ကြီးကြီးတစ်ကောင်အသံ ကြားလိုက်ရတယ်။ အတော်လေးကြာရင်ပဲ ဟောဟိုချုံနားက အမြီးပုတ်သံကြားရပြန်တယ်"

မြကျန် ညွှန်ပြသော ချုံပုတ်ကို မောင်ဖြိုး ကြည့်လိုက်ရာ ညနေက ဘကြီးခေါင် စည်းချထားသော စည်းဝိုင်းအနီးမှချုံပုတ်ပင် ဖြစ်သည်။ ဒီတော့မှ မောင်ဖြိုးမှာ အလိုလို ကျောရိုးစိမ့်တက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ ဒီကောင်ကြီး လှည့်ပတ်ချောင်းနေတာ။ မလစ်လို့။ ဝါးဆစ်တွေ မီးထဲထည့်ဖောက်၊ လင့်လေးနဲ့ ဘေးဘီတွေပစ် လုပ်နေတာ ချက်ချင်း မပြေးသေးဘူး။ အတော်ကြာမှ မာန်လျှော့သွားတာလေ။ အခုတော့ ပြေးပါပြီ။ တို့လူစုကလည်း တောင့်တယ်၊ ဘယ်ဂရုစိုက်မလဲ။"

ထိုအခါမှ မောင်ဖြိုး ပင့်သက်ချနိုင်တော့သည်။ တောကြီးမြိုင်ကြီးထဲတွင် သားကောင်ရှာဖွေသည့်မုဆိုးတစ်လှည့် ဖြစ်သကဲ့သို့ မုဆိုးသည်လည်း သားကောင်ဖြစ်နိုင်သေးသည်ပဲ။

အလင်းရောင်က လာနေပေပြီ။ မကြာမတင် မိုးလင်းပေတော့မည်။ အားလုံးက ဆက်မအိပ်တော့ဘဲ ရေနွေးတည်သောက်ကြရင်း မိုးစင်စင်လင်းတော့သည်။ တစ်စ တစ်စ နေလုံးတက်လာပြီ ဖြစ်သည်။

မောင်ဖြိုး သူ့ဝါးကိုင်းလေးကို ဆွဲယူလိုက်ပြီး ပေါ်စံသွားရာနောက် လိုက်ခဲ့သည်။ ပေါ်စံကတော့သိမည် မထင်။ ပေါ်စံထွက်သွားရာ ချောင်းရိုးတစ်လျှောက်သို့ နောက်မှလိုက်သွားသည်။ အတော်လေးလျှောက်မိသောအခါ ပေါ်စံက ကုန်းပေါ်တက်သွားသော်လည်း မောင်ဖြိုးက ပေါ်စံနောက်ဆက်လိုက်မသွားဘဲ ချောင်းရိုးအတိုင်း လျှောက်သွားခဲ့၏။ သဲဆန်ဆန်ရေစပ်ပေါ်တွင် ထင်းထင်းကြီးမြင်ရသောခြေရာများကို ကြည့်မိရာ အံ့ဩသွားမိသဖြင့် အသေအချာ ထိုင်ကြည့်နေပြန်သည်။ မလှမ်းမကမ်းတွင်ရှိသေးသည့် ပေါ်စံကို အော်ခေါ်မိသည်အထိ တအံ့တဩဖြစ်မိခြင်းပါ။

"ဗျို့- ကိုပေါ်စံ၊ ဒီကို မြန်မြန်ဗျ"

ပေါ်စံလည်း မောင်ဖြိုးခေါ်သံကြောင့် ကသုတ်ကရက် ရောက်လာပြီး မောင်ဖြိုးပြသည့် ရေစပ်မှခြေရာများကို စေ့စေ့စပ်စပ်ကြည့်လိုက်၏။ မောင်ဖြိုးက သူ့အမူအရာကို အားမလိုအားမရ။

"ဒီခြေရာတွေက မဆန်းဘူးလား။ လူ့ခြေရာတွေဗျ၊ ကျုပ်တို့လူတွေလည်း ဒီဘက်မရောက်သေးပါဘူးဗျာ။ ခင်ဗျား သေသေချာချာ ကြည့်ပါဦး။ ခြေရာတွေက အရွယ်အစားအမျိုးမျိုး၊ ပြီးတော့ ဘယ်ဘက်ခြေရာတစ်ခုမှမပါဘူး၊ အားလုံးညာဘက်ချည်းပဲ။ တကယ်ဆန်းတာ"

မှန်ပါသည်။ လူ့ခြေရာအတိုင်းဖြစ်သော်လည်း ဘယ်ညာစုံခြေရာမျိုးမဟုတ်။ ညာတစ်ဖက်တည်းခြေရာသက်သက်။ ဆန်းဆန်းကြယ်ကြယ်မို့ မောင်ဖြိုး ပါးစပ်အဟောင်းသားဖြစ်နေသဖြင့် ကိုပေါ်စံပြုံးမိ၏။

"အေးလေ၊ မင်းအတွက်အတော့်ကို အထူးအဆန်းဖြစ်နေမှာပဲ။ ငါလည်း အရင်ကဆို မင်းထက်ဆိုးတယ်၊ မယုံဘူးကွ။ တကယ်တော့ ဒါတွေဟာ လူ့ခြေရာမဟုတ်ဘူး၊ ငေါင်းခြေရာတွေပါ။ ငေါင်းက တိရစ္ဆာန်"

"ဗျာ"

မောင်ဖြိုး ကြားရသည့်စကားကို မယုံဘဲ ပေါ်စံအား ဆတ်ခနဲမော့ကြည့်သည်။

"ဟာဗျာ၊ ခင်ဗျားဥစ္စာက မဟုတ်နိုင်တာ။ ဒီခြေရာက လူ့ခြေရာအစစ်မှအစစ်ဗျ၊ ကဲ-ဒီမှာကြည့်လေဗျာ"

ပြောပြောဆိုဆို မောင်ဖြိုးက တွေ့နေရသောခြေရာဘေးတွင် သူ့ခြေထောက်ကို ဆောင့်နင်းပြီး ထင်လာသည့်ခြေရာနှစ်ခုကို ထပ်တလဲလဲ အကြည့်ခိုင်းသည်။

"ကဲ- ခင်ဗျားယှဉ်ကြည့်၊ ဒါလား ငေါင်းခြေရာ"

"မင်း မယုံလည်း နေပေါ့ကွာ။ ပြောရရင်တော့ ရှည်မယ်၊ ငါလည်း မင်းအရွယ်လောက်က လူကြီးတွေနဲ့ လိုက်သွားတော့ တစ်ခါမိဖူးတယ်။ အဲဒီမှာ အကြားသတင်းစကားတွေ မယုံခဲ့တဲ့ငါ၊ ယုံရတော့တာပဲဟေ့"

"ဒါမျိုးသတ္တဝါကို မုဆိုးတိုင်း မြင်ဖူးတာ မဟုတ်ဘူး၊ ဒီကောင်တွေက နေရာတိုင်းလည်း မနေကြတာမျိုးတယ်။ သိပ်ရှားတာပဲ။ သူတို့ကို ဒုက္ခပေးမယ့် လူတွေနဲ့ဝေးရာမှာ နေကြတယ်လို့ပြောရမယ်။ အဲဒီ ငေါင်းမျိုးတွေ ရှိနေသေးတယ်ပေါ့။ မင်းကြားဖူးလား၊ ငေါင်း ခြေတစ်ချောင်း မစားကောင်းလို့ ဆိုတော့ ငေါင်းက ပြောသွားသေးသတဲ့။ ငေါင်းဆူ လူမသိ၊ ငေါင်းဆူ လူမသိ ဆိုပဲ"

မောင်ဖြိုးက ကြားရသမျှအပေါ် မယုံရအခက်၊ ယုံရအခက်ဖြစ်နေ၏။

"ကဲ- သိပ်နောက်ကျနေမယ်။ မင်းတို့ ငါတို့ ကုသိုလ်ကံပဲ၊ တစ်သက်နဲ့တစ်ကိုယ် ကြားဖူး၊ မြင်ဖူးခဲလှတဲ့ ငေါင်းတွေတော့ ဒီအနီးအနားမှာရှိနေကြပြီ။ လာ၊ အဘခေါင်ကို မြန်မြန်သွားပြောကြရအောင်"

သို့ဖြင့် မောင်ဖြိုးနှင့်ပေါ်စံတို့ နှစ်ယောက် ဘကြီးခေါင်ကို အကျိုးအကြောင်း အမြန်သွားပြောလိုက်ကြ၏။ ဘကြီးခေါင်က ချက်ချင်းလိုက်လာ၍ ခြေရာများတွေ့ရသော ရေစပ် သဲပြင်ကို သေသေချာချာ ကြည့်ပြီး တစ်ချက်မျှပြုံးသည်။

"အင်း. . . ငါ့မုဆိုးတစ်သက်မှာတော့ ဒီသတ္တဝါမျိုးမိတာ နှစ်ကြိမ်ရှိခဲ့ပြီ။ အခုလည်း သုံးကြိမ်မြောက်အောင်တော့ တစ်ခါထပ်ဖမ်းရဦးမှာပေါ့လေ"

သူ့ကိုယ်သူပြောသကဲ့သို့ ပြောနေပြီးနောက် ပေါ်စံဘက်လှည့်ကာ ခိုင်းလိုက်သည်။

"ကဲဟေ့ ပေါ်စံ၊ ကြိုးတစ်ခွေ ခပ်မြန်မြန်သွားယူစမ်းကွာ"

ပေါ်စံလည်း စခန်းချရာသို့ အပြေးလွှားထွက်သွားသည်။

"ငါလည်း ဟိုဘက်ခြမ်းသာအရောက်အပေါက်များပေမယ့် ဒီဘက်ကိုမရောက်တာ အခါလည်လောက်ရှိသွားပြီ။ နဂိုကလည်း ဒီနေရာမှာ ဒီလိုသတ္တဝါမျိုး တစ်ခါမှမတွေ့ဖူးဘူး၊ ကြားလည်းမကြားဘူး။ အခု ဒီအကောင်တွေ ဘယ်ကဘယ်လိုတွေများ ရောက်လာကြပါလိမ့်"

ပြောပြီး ဘကြီးခေါင် စဉ်းစားဟန်ဖြင့် ခြေရာတွေကို ငြိမ်သက်စွာကြည့်နေ၏။ မောင်ဖြိုးကတော့ လိပ်ခဲတည်းလည်း ဖြစ်နေသည့် ပြဿနာကို မကျေနပ်။

"နေပါဦး ဘကြီးခေါင်ရ၊ ဒီငေါင်းဆိုတာ လူမဟုတ်ဘူးလား"

"ဘယ်ဟုတ်လိမ့်မတုံး ငါ့လူရဲ့၊

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်ကွ"

ဘကြီးခေါင် ပြုံးလိုက်သည်။

"ရော့-အဘခေါင်"

ပေါစံ မောကြီးပန်းကြီး ပြန်ရောက်လာပြီး လက်ထဲမှကြိုးခွေကို ဘကြီးခေါင်အား လှမ်းပေးလိုက်၏။

"အေး-ဟုတ်ပြီ။ ရော့-မြကျန်၊ ဒီအစကို ဟိုသမန်းပင်မှာသွားချည်လိုက်"

ဘကြီးခေါင်သွားရာသို့ အစဉ်တစိုက်လိုက်လာခဲ့မိသူ မြကျန်၊ အလုပ်ရသွား၏။ မြကျန်က ဘကြီးခေါင်ပေးသော ကြိုးတစ်ဖက်ကိုဆွဲယူသွားပြီး သမန်းပင်၌ ဘကြီးခေါင်မှာသည့်အတိုင်း မြေကြီးမှ တစ်တောင် မရှိ၊ တရှိန်၌ ချည်လိုက်သည်။ ကြိုးကို ချည်တန်းထားပုံ အနေအထားမှာ ချောင်းရိုးနှင့်အလျားလိုက် (အပြိုင်) ဖြစ်ပြီး ရေစပ်နှင့်ငါးလှမ်းခန့် ကွာဝေးမည် ဖြစ်၏။ ကြိုး၏ကျန်တစ်ဖက်စကို ဘကြီးခေါင်က ကိုင်ပြီး နောက်ဘက်ချုံပုတ်တစ်ခုဆီ. သို့အရောက် ဆွဲယူသွားသည်။ ချုံပုတ်နောက် ရောက်လျှင်ရောက်ချင်း ကြိုးကို မြေပေါ်သို့လျှောချလိုက်ပြီး သူကိုင်ထားသည့်အစကို ချုံပုတ်မှ လက်ကောက်ဝတ်သာသာအကိုင်းတွင် ချည်နှောင်၍ အပြင်ပြန်ထွက်လာ၏။ လူအားလုံးက ဘကြီးခေါင်လုပ်သမျှ ကိုင်သမျှ စိတ်ပါဝင်စားစွာဖြင့်ဝိုင်းကြည့်နေကြသည်။ ဘကြီးခေါင်သည် သူတန်း၍ချထားသော ကြိုးများကို စစ်ဆေးသလို လိုက်လံကြည့်ရှုကာ အားလုံးကိုတာဝန်ပေးလိုက်သည်။

"အေး-ဟုတ်ပြီ၊ အဲဒီ ကြိုးတွေကိုမမြင်ရအောင် သဲတွေနဲ့ဖုံးကြစမ်းဟေ့"

အားလုံးကလည်း ဘကြီးခေါင်ပြောသည့်အတိုင်း မြေပေါ်တွင်မြင်နေရသော ကြိုးတန်းကြီးများကို သဲများနှင့် သေသေသပ်သပ် ဖုံးအုပ်လိုက်ကြသည်။ ပြီးစီးသွားသည့်တိုင် အချို့နေရာများတွင် သေသပ်မှုမရှိဘဲ ကချော်ကချွတ်ဖြစ်နေပါက စိတ်တိုင်းမကျသူ ဘကြီးခေါင်က သူကိုယ်တိုင်ပင် ထပ်ကာဖုံးဖိလိုက်၏။

"တော်လောက်ပြီ၊ အချိန်လည်း သိပ်မရှိတော့ဘူး။ ဒီကောင်မျိုးတွေဟာ တို့ တစ်ခါဖမ်းတုန်းက အခုလို မနက်ဘက်မှာ တစ်ခါ ရေသောက်ဆင်းတတ်တယ်။ မင်းတို့ကို ငါ နေရာချပေးထားမယ်။ ငါ့ဆီကအော်သံကြားတာနဲ့ မင်းတို့ကလည်း အော်ပေးထားကြ။ တကယ်လို့များ အဲဒီကောင် မြေပေါ်လဲသွားတာနဲ့တစ်ပြိုင်နက် မင်းတို့အားလုံးက ပြေးပြီးတော့သာ ဝိုင်းဖမ်းကြပေတော့။ ကဲ-ငတိုး၊ မြကျန်-မင်း ဟိုချုံပုတ်နောက်ကစောင့်။ ပေါက်ကျော်၊ ဟိုချုံကစောင့်။ စိန်ကြီးနဲ့ပေါစံတို့က ဟိုတုံးဘေးကစောင့်"

ဘကြီးခေါင်သည် လူအားလုံးအား ချောင်းကိုကျောပေး၍ ကုန်းဘက်သို့ မျက်နှာမူစေပြီး 'ပ'စောက်ပုံသဏ္ဍာန် ကြိုးနှင့် ၁၀ လှမ်း၊ ၁၅ လှမ်းအကွာအဝေးတို့မှ အကွက်ကျကျ နေရာချထားလိုက်သည်။ ဘကြီးခေါင်ကိုယ်တိုင်လည်း ချုံပုတ်နောက်ဘက်ရှိ ကြိုးစရှိရာသွား၍ ကြိုးကို လက်တစ်ဖက်နှင့် ကျစ်ကျစ်ပါနေအောင်ဆုပ်ကိုင်ပြီး စောင့်ဆိုင်းနေပါတော့သည်။

အချိန်မှာ နေမြင့်လာပြီဖြစ်၍ ခန့်မှန်းလျှင် ဆွမ်းခံဝင်ချိန်သာသာ။ တစ်တော တစ်တောင်လုံးက ကျေးငှက်တို့အသံ၊ သစ်ပင် သစ်ကိုင်းထက်တွင် ဆော့ကစားနေကြသည့် မျောက်တို့၏အသံများသာ ကြားနေရသည်။

ကြိုးရှည်တစ်ချောင်းနှင့်တစ်စုံတစ်ရာကိုငံ့လင့်နေသူများအဖို့. . ။

ချေပေါက် သုံး, လေးကောင် ဘကြီးခေါင်တို့စောင့်ဆိုင်းရာ ရေဆိပ်သို့ ရေသောက်ပြီးနောက် ပြန်တက်သွားကြသည်။ ထို့နောက် အသံများဆူညံစွာဆင်းလာသော မျောက်တစ်အုပ်။ တော်တော်နှင့်ပြန်မတက်သေးဘဲ ရေသောက်သည့်အကောင်ကသောက်၊ ဆော့သည့် အကောင်ကဆော့ ဖြောင်းဆန်နေကြပြီး အားရလောက်မှ တက်သွားကြ၏။ သည့်နောက် ကျားသစ်တစ်ကောင် ဆင်းလာပြန်သည်။ မည်သည့်သားကောင်မှ နောက်ထပ်ရေသောက်ဆင်းမလာတော့ပေ။

အချိန်အတော်ကြာသည်အထိ ဘကြီးခေါင်တို့ လူစုမှာ ဖွဲကောင်းကောင်းနှင့် ငြိမ်နေသော်လည်း အကြောင်းမထူးလှ။ တစ်ချို့ တစ်ချို့ စိတ်မရှည်နိုင်သူမှာ ဘကြီးခေါင်အနီးမှ မောင်ဖြိုးပင်။ လူငယ်ပီပီ စိတ်ကမြန်နေသည်။ ရေသောက်ဆင်းလာသည့် သားရဲတိရစ္ဆာန်များ မြင်မှာလည်းစိုးသေး၏။ စောင့်ရချိန် ကြာညောင်းသည်နှင့်အမျှ ပျင်းရိ ငြီးငွေ့လာသဖြင့် ဘကြီးခေါင်ကိုလှမ်းကြည့်မိ၏။ ဘကြီးခေါင်က ကုန်းဆင်းလမ်းကို မျက်တောင်မခတ်တမ်း ကြည့်နေသောကြောင့် မျက်လုံးပြူးသွား၏။ မုဆိုး ဟူသည် သားကောင်ကို စိတ်ရှည်လက်ရှည် စောင့်နိုင်ရမည်။ ဆိုသော ဘကြီးခေါင်၏စကားမှာ သတိပြုစရာ၊ မှတ်သားလောက်စရာ ပါပဲလား။

ထိုစဉ်ခဏ ခြေသံလိုလို တဘုတ်ဘုတ်မြည်သံ ကြားလိုက်ရသောကြောင့် မောင်ဖြိုး ခေါင်းထောင်လာမိသလို ဘကြီးခေါင်၏မျက်လုံးများလည်း အရောင်လက်လာလေသည်။ ဘကြီးခေါင် 'မေးကြောများထောင်လာပြီး ကြိုးကို တင်းတင်းရင်းရင်းကိုင်ထား၏။ မောင်ဖြိုး ရင်တဒုတ်ဒုတ်ခုန်စွာဖြင့် လမ်းပေါ်ကိုကြည့်နေစဉ် လျှပ်တစ်ပြက် ထွက်ပေါ်လာသည့်မြင်ကွင်းမှာ ကိုယ့်မျက်စိကိုယ် မယုံနိုင်လောက်အောင် ဆန်းကြယ်နေသည်။ တကယ်တမ်း လူဆိုလျှင် ၁၈ နှစ်အရွယ်ပြောရမည့် အနေအထား။ ထိုသတ္တဝါကို ထင်ထင်လင်းလင်းကြီးပင် မောင်ဖြိုး တွေ့ရပါပြီ။ 'ဒါဟာ ငေါင်းခေါ်တဲ့ တိရစ္ဆာန်' ဆိုသောအသိဖြင့် မောင်ဖြိုး မြင်နေရပါသည်။ ထူးဆန်းမှုကို အံ့ဩလွန်း၍လား မသိ၊ သူ့နှုတ်ခမ်းအစုံမှာ စေ့၍မရဘဲ တဆတ်ဆတ်တုန် ပွင့်အာနေတော့၏။ ရေစပ်ဆီသို့ ဆင်းလာသောငေါင်းမှာ တစ်ကောင်တည်းဖြစ်ပြီး အထီးမဟုတ်၊ အမကောင်သာ။ ငေါင်းမလေး၏ ကိုယ်လက်အင်္ဂါတို့မှာ လူတစ်ယောက်နှယ်မခြားနားလှ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထက်မှ ဆံပင်များကလည်း အင်္ဂလိပ်မ၏ဆံပင်ကဲ့သို့ နီကြောင်၍ ကျောပြင်၌ ဝဲနေ၏။ ကျယ်ပြန့်သောနဖူး၊ ပေါ်လွင်သည့်နှာတံ၊ ဝိုင်းစက်သောမျက်လုံး၊ နက်မှောင်သည့်မျက်ခုံးတို့မှာ ငေါင်းမလေး၏အလှကိုဆောင်နေကြတော့သည်။ တင်းရင်းလှသောရင်သားအစုံ၊ သေးသိမ်သည့်ခါး၊ စွင့်ကားသောတင်တို့နှင့်အသားအရောင်ညိုစစမှာ ငေါင်းမလေး၏ခန္ဓာကိုယ်အလှကို ဖော်ကျူးနေ၏။ အစစ လူတစ်ယောက်ပမာ တူညီပြည့်စုံလင့်ကစား ကွဲပြားချက်ကား ညာဘက်ခြေတစ်ချောင်းသာ ပါရှိ၍ ကျန်တစ်ဖက်မှာ ပေါင်အရင်းမှနေ၍ လုံးဝမရှိ၊ ငုံးတိတိ။ သူလာပုံက ခြေတစ်ပေါင်ကျိုးခုန်လာသကဲ့သို့ ခုန်ဆွခုန်ဆွ လာပေမယ့် မြန်ဆန်လှသည်။ ငေါင်းမလေးက ပေါက်ကျော်၊ ပေါစံ၊ စိန်ကြီး၊ ငတိုး၊ မြကျန်တို့ကို ဖြတ်ကျော်လာပြီးနောက် ဘကြီးခေါင်၏ ညာသံပေးမှု ပေါ်ထွက်လာ၏။

"ဝိုင်းကြဟေ့၊ လိုက်ကြဟ"

ဘကြီးခေါင်၏ ညာသံနောက်တွင် ပေါ်ထွက်လာသောအသံတို့မှာ အုတ်အုတ်ကျက်ကျက်နှင့် ကြောက်ခမန်းလိလိ။ ငေါင်းမကလေးသည် ထိတ်ထိတ်လန့်လန့်ဖြင့် ဟိုဟိုသည်သည်ကြည့်လိုက်ပြီး ရေဆိပ်ဘက်သို့ လျှင်မြန်စွာ ကွေ့ပတ် ပြေးဆင်းလာရာ ဘကြီးခေါင်က လက်ထဲမှကြိုးကို တအား ဆောင့်ဆွဲလိုက်တော့သည်။ ထိုစဉ် အရှိန်ဖြင့်ပြေးဆင်းလာသော ငေါင်းမလေး၏ခြေထောက်မှာ တန်းထားသော ဘကြီးခေါင်ဆုပ်ကိုင်ထားသည့်ကြိုးကိုတိုက်မိပြီး တစ်ဖက်သို့ အရှိန်နှင့်လဲကျသွားရှာသည်။

"ဖမ်းကြဟေ့၊ ဖမ်းကြ"

ဘကြီးခေါင်ထံမှ အသံထွက်ပေါ်လာသည်နှင့် တစ်ပြေးညီ ပုန်းအောင်းနေသူများက ထွက်လာပြီး ကသောကမျောဖြင့် ငေါင်းမလေးကိုဝိုင်းဖမ်းလိုက်ကြ၏။ အစပထမတွင် ငေါင်းမလေးက ဘကြီးခေါင်တို့လူစုကို ကြောက်အားလန့်အားဖြင့် ခံသတ်နေသေးသည်။ ယောက်ျားသားများဖြစ်သည်သာမက အားချင်းကလည်း မမျှသဖြင့် ဘကြီးခေါင်တို့လက်တွင်း ရောက်ခဲ့ရ၏။ ပိုင်ပိုင်နိုင်နိုင်ဖမ်းမိပြီ ဆိုကတည်းက ငေါင်းမလေးကိုမတ်တတ်ရပ်စေပြီး သမန်းပင်တွင်ကျောမှီကာ လက်နှစ်ဖက်လွတ်၍ ခါးကို ကြိုးနှင့်သမန်းပင်ပတ်ပြီး ချည်နှောင်လိုက်သည်။ လူများက တအံ့တဩဖြင့် ကြည့်ရှုနေသောအခါ ငေါင်းမလေး၏ပါးစပ်မှာ စူးရှစွာအော်နေပြီး နီကြောင်နေသောဆံပင်များကို လေထဲတွင် ဝဲပျံနေသည်အထိ ခေါင်းတစ်ခါခါ ရှိနေတော့၏။ မမြင်ဘူးသေးမီက အကြောက်အကန်ငြင်းခုံခဲ့သော မောင်ဖြိုးတစ်ယောက်မှာ စကားမပြောနိုင်တော့ဘဲ တိတ်ဆိတ်စွာ ငုတ်တုတ်ထိုင်သွားပါပြီ။ မြင်နေရသည့် ငေါင်းမလေးဖြစ်နေပုံက သနားစရာ ခေါင်းတစ်ခါခါရှိနေရင်းက ဝိုင်းစက်သောမျက်လုံးအစုံမှ မျက်ရည်အသွယ်သွယ်တို့သည် ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျနေပါသည်။ မောင်ဖြိုးရင်ထဲဝယ် ဆို့နစ်လာကာ ကြည့်ရင်းသနားလာသဖြင့် ငေါင်းမလေးကိုလွှတ်ပေးချင်စိတ်များ တဖွားဖွား ပေါ်နေ၏။ သူ့တွင် အားအင်ကုန်ခန်းနေလေသလားမသိ ငေါင်းမလေး၏လက်နှစ်ဖက်မှာ ခါးတွင်ချည်နှောင်ထားသည့်ကြိုးကို အတန်တန် မဖြေနိုင့်ဖြေနိုင်ဖြေနေသော်လည်း အရာမထင်။ ဖြေ၍မရနိုင်မှန်း ဝိုင်းဝန်းကြည့်နေသူများ အသနားခံသော မျက်လုံးလေးနှင့်ကြည့်၍ ပါးစပ်မှ (တကက်ကက်ဖြင့်) နားမလည်နိုင်သည့် ဘာသာစကားဖြင့် ပြောနေရှာသည်။ မြင်သူတိုင်း ရင်ထဲမှာမကောင်းကြ။

အထူးအဆန်းဆုံးက ငေါင်းမလေး။ သူ၏လုံးကျစ်နေသော ရင်သားမို့မို့တစ်ဖက်ကို တုန်ရီနေသည့် လက်နှစ်ဖက်နှင့် ဖျစ်ညှစ်ကာပြရာ ဖြူဥသောနို့ရည်များသည် အပြင်သို့ ပန်းထွက်လာတော့သည်။ ဒီနောက် ခေါင်းကိုညိတ်လိုက်၊ ခါးမှကြိုးကို ဖြေလိုက်၊ ပါးစပ်က တစ်စုံတစ်ရာ ပြောသလို တကက်ကက်မြည်လိုက်၊ နို့ကိုညှစ်ပြလိုက်ဖြင့် အရူးမီးဝိုင်းဖြစ်နေ၏။သာအေးက မျက်နှာမကောင်းဖြစ်နေသူ အဘခေါင်အနီး ကပ်လာသည်။

"အဘခေါင်၊ ဒါ သူ ဘာလုပ်ပြနေတာလဲဟင်"

"အဲဒါ မင်းတို့မသိကြလို့၊ သူ့ကိုလွှတ်ပေးဖို့ ပြောနေတာ။ အင်း-သိပ်သနားစရာကောင်းတဲ့ အကောင်မျိုးပါ။ လူကိုလည်း ဘာမှရန်မရှာတတ်ကြဘူး။ သူ နို့ညှစ်ပြတဲ့ အဓိပ္ပာယ်ကော သိကြရဲ့လား"

"မသိဘူး အဘခေါင်ရ"

သာအေးက ငေါင်းမကလေးကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

"အေး၊ သူ့မှာသားသမီးရှိနေတဲ့ အကြောင်းကိုပြောပြနေတာ။ ပါးစပ်က မပြောတတ်တော့ မင်းမြင်တဲ့အတိုင်းပဲလေ"

"ဟာ-အဘခေါင်ကလည်း၊ မဟုတ်နိုင်တာဗျာ"

စိန်ကြီးက မခံမချိမခံသာ ဝင်ငြင်းလိုက်၏။ ဒီလောက်အသိရှိမည်ဟု သူ မထင်။

"ခက်လှပါလားတဲ့ ငစိန်၊ နင်ငါ့လောက်သိဦးမှာလား"

ဘကြီးခေါင်က ပြောပြီးနောက် ငေါင်းမလေးကိုမျက်တောင်မခတ်ငေးစိုက်ကြည့်နေသော မောင်ဖြိုးပခုံးတစ်ဖက်ကို အသာအယာပုတ်လိုက်၏။ ဖြုန်းခနဲ မောင်ဖြိုးမှာ အလန့်တကြားနှင့် ဘကြီးခေါင်ဘက် လှည့်ကြည့်လိုက်ရာ ဘကြီးခေါင်မျက်နှာကြီး ပြုံးနေသည်။

"ဘယ့်နှယ်လဲ ငါ့တူရ၊ အံ့သြနေသလားကွ။ အေး၊ ငေါင်းဆိုတာ အဲဒါပဲ။ ကဲ- သေသေချာချာ ကြည့်စမ်း၊ ခြေထောက်တစ်ဖက်မရှိတာကလွဲရင် ဘယ်လောက်များ လူနဲ့တူသလဲလို့။ ဒါပေမယ့် ဒါဟာ လူမဟုတ်ဘူး၊ တိရစ္ဆာန်ပဲပေါ့ကွယ်"

"ဟုတ်တယ် ဘကြီးခေါင်ရာ၊ ကျုပ်တော့ ဘာမှမပြောတတ်သလောက်ပဲအံ့သြနေတယ်။ တစ်သက်နဲ့တစ်ကိုယ် ဆိုသလို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဒီအကြောင်း ရွာမှာပြန်ပြောရင် ကိုကျော်ထူးနဲ့ ကိုသာအေးတို့ပါပေ့လို့ပဲ၊ နို့မို့ ဘယ်သူကမှယုံမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သည့် စပါးကြီးသည်းခြေ

**ဝင်းဇော်(သုံးဆယ်)**

ကျွန်တော်၏ယောက်ဖ (ကျွန်တော့်အစ်မ၏ယောကျ်ား)က အရက်ကို အလွန်ကြိုက်သည်။ သည်တော့ အရက်ကို မနက်ကတည်းက နည်းနည်းချင်း သောက်သည်။ ညနေစောင်းလျှင်တော့ မူးအောင် သောက်သည်။ အစ်မနှင့် မညားခင်ကတည်းက သောက်ခဲ့သည့်အရက်ကို အစ်မနှင့် ညား၍ စီးပွားရေး ပိုမိုအဆင်ပြေလာတော့ ပိုသောက်လာသည်။

အရက်သည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ အများဆုံးပေးသည်။ အရက်လျှော့သောက်ဖို့ ပြောပေမယ့် မရ။ အရက်သောက်ခြင်းသည် သူ့အား ဆိုးကျိုးကို ပေးမည်ဆိုသည်ကို သူမသိရှာ။ အရက်မူးလာလျှင် သမံတလင်းတွင် အိပ်နေတတ်သည်။

တစ်ခုသော ဆောင်းရာသီ၏ မနက်မှာတော့ ယောက်ဖဖြစ်သူ လေငန်းဖြတ်သွားသည်။ စကားမပြောနိုင်တော့။ ခန္ဓာကိုယ်၏ ဘယ်ဘက်တစ်ခြမ်းသည် လှုပ်ရှားမရတော့။ အစ်မက သူ့ယောကျ်ား လေငန်းဖြတ်သည်နှင့် ဆောက်တည်ရာမရ ဖြစ်သွားသည်။ စိုးရိမ်မှုတွေလွန်ကဲသွားသည်။ သူ့ယောကျ်ားကို ကားပေါ်တင်၍ ရန်ကုန်မြို့မှ ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနသို့ခေါ်သွားသည်။ ကျွမ်းကျင်သော ပါရဂူပညာရှင်များ၏ ကုသပေးမှုကြောင့် ခြေနှင့်လက်တို့ အနည်းငယ် လှုပ်၍ ရလာသည်။ စကားကိုတော့ ပီပီသသမပြောနိုင်သေး။ လျှာလေးနေသဖြင့် သူပြောသည့်စကားက ဝူးဝူးဝါးဝါး။ ဘယ်သူမှ နားမလည်။ သူပြောသည့် စကားကို နားမလည်ရကောင်းလားဟု သူက ဒေါသဖြစ်သည်။ ဝေဒနာသည်ဖြစ်နေ၍ အားလုံးက သူ့ကို ခွင့်လွှတ်ပေးကြသည်။

ဘကြီးခေါင်က ပြုံးပြုံးကြီးနဲ့ ခေါင်းတညိတ်ညိတ်။

"ကဲ-ငါ သူ့ကိုလွှတ်လိုက်တော့မယ်၊ ကျေနပ်ပြီလား ငါ့လူတို့"

အားလုံးက ငေါင်းမလေးကို သနားစိတ်ဖြင့် ကျေနပ်ကြောင်း ဝိုင်းပြောနေသည်မှာ တစ်ယောက်တစ်ပေါက်။ ဘကြီးခေါင် ပြုံးနေပါသည်။

မုဆိုးတို့မည်သည် သို့နှယ် ငေါင်းကိုဖမ်းမိလျှင် သတ်၍မစားရ စည်းထားရသည်။

ဘကြီးခေါင် ငေါင်းမလေးအနီးသို့တိုးကပ်လိုက်ပြီး ချည်နှောင်သောကြိုးများ ဖြေပေးလိုက်ရာ ငေါင်းမလေးသည် ဝမ်းသာအားရသည့် အရှိုက်အယောင်များနှင့် ကုန်းပေါ်သို့ အလျင်အမြန် ခုန်ဆွခုန်ဆွ ထွက်သွားတော့သည်။ အဖွဲ့သားများအားလုံးကလည်း ငေါင်းမလေးပြေးထွက်သွားရာနောက်သို့ လုံးဝ ပျောက်ကွယ်သွားသည်အထိ ကြည့်နေကြ၏။

ဘကြီးခေါင် လေးတွဲ့သော သက်ပြင်းကြီးချကာ ရေစပ်သို့ဆင်း၍ လက်နှစ်ဖက်ကို ဆေးကြောပြီး မျက်နှာသစ်နေစဉ် အဝေးမှ ကျယ်လောင်သောအော်သံကြောင့် လှည့်ကြည့်မိသည်။

"ဟ. . . ဟ. . . ဟ"

ကုန်းမြင့်အထက်ပိုင်းမှ အော်ဟစ်နေသော စောစောပိုင်းက ဖမ်းထားသည့် ငေါင်းမလေးပါ။ မသိနိုင်သောဘာသာစကားဖြစ်စေကာမူ သူတို့တွေကိုခေါ်နေခြင်းက အထင်အရှားပင်။ ယခုတစ်ကြိမ်တွင်မူ ငေါင်းမလေးတစ်ကောင်တည်းမဟုတ်၊ ခပ်ဖြူဖြူ ငေါင်းသေးသေးလေး တစ်ကောင်ကို သူက ကိုင်မ,ထားသည်။ ထိုငေါင်းကလေးကို ဘကြီးခေါင်တို့ဘက်သို့မျက်နှာပေး၍ ချိုင်းနှစ်ဖက်မှကိုင်မြှောက်ကာ အော်သံနှင့်အတူ ပြရှာ၏။ ငေါင်းပေါက်ကလေးမှာလည်း သူ့မိခင်လိုပင် ညာခြေတစ်ချောင်းသာရှိသည်။ ဘကြီးခေါင်က ငေါင်းမတွင် သားသမီးရှိကြောင်း ပြောသည့်တိုင် စိန်ကြီး အကြောက် အကန် ငြင်းခဲ့၏။ ယခုအခါ စိန်ကြီးခမျာ အံ့သြစိတ်ဖြင့် ဘကြီးခေါင်ကို ဝန်ခံသောမျက်နှာနှင့် လေးလေးစားစားကြည့်နေသည်။ ငေါင်းမလေး၏ မျက်နှာတစ်ခုလုံး ပြုံးနေသယောင်ယောင်။ ဘကြီးခေါင်တို့လူသိုက်ကလည်း ငေါင်းမလေး၏သဘောထားကို နားလည်သည့်အနေနှင့် ပြန်လည်၍ လက်များဝှေ့ယမ်း နှုတ်ဆက်ကြသည်။ ငေါင်းမလေးမှာ ကလေးမြှောက်ပြ၍ အော်ဟစ်ပြီး ခုန်ဆွခုန်ဆွဖြင့် တောင်ထဲဝင်သွားသည်ကို နောက်ဆုံး မြင်လိုက်ရခြင်းပါ။

❂

အဘဖြိုးပြောပြခဲ့သော 'ငေါင်း' အကြောင်း သူ ငယ်စဉ်က အတွေ့အကြုံကို ကြားခဲ့ရသည်။ တောကြီးတောင်ကြီးများတွင် သို့နှယ် ထူးခြားဆန်းကြယ်မှုများ၊ တိရစ္ဆာန်များ ရှိနေဦးမည်မှာ မလွဲပါ။ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ဖူးသူတွေလည်း ရှိနေပေဦးမည်သာ။

မျိုးသစ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အဖေက တိုင်းရင်းဆေးဆရာဖြစ်၍ ယောက်ဖ၏ လျှာကို စပါးကြီးသည်းခြေဖြင့် မကြာခဏ ပွတ်ခိုင်းသည်။ စပါးကြီးသည်းခြေ၏ အရသာက အဆမတန် ခါးတော့ လျှာက လှုပ်ရှားလာသည်။ လေငန်းဖြတ်၍ စကားမပြောနိုင်သူကို အထက်ပါအတိုင်း လျှာကို စပါးကြီးသည်းခြေနှင့် မကြာခဏ ပွတ်ပေးရသည်။ နောက်ကျပါက လေငန်းရောဂါသည်မှာ စကား လုံးဝ မပီတော့။ သေသည်အထိ သည်အတိုင်းနေသွားရသည်။ အဖေက ဆေးဆရာဆိုတော့ အထာသိသည်။

လေငန်းဝေဒနာသည်၏ လျှာကို စပါးကြီးသည်းခြေဖြင့် ဆွဲပေးရာတွင် သတိထားရသည်။ လေငန်းဝေဒနာသည်မှာ ဦးနှောက်နှင့် အာရုံကြောနှင့် ပတ်သက်ပြီး ဖြစ်ပွားသည့် ရောဂါမို့ သူ့ပါးစပ်ထဲသို့ လက်ထည့်လျှင် တအားကိုက်တတ်သည်မို့ အန္တရာယ်ရှိသည်။

ထိုကဲ့သို့ လျှာကို စပါးကြီးသည်းခြေဖြင့် ပွတ်ပေးသောအခါ ယောက်ဖက စကားပြောလာသည်။ ပထမတော့ မပီမသ။ တဖြည်းဖြည်းနှင့် သူ့စကားကို နားလည်လာကြသည်။ အားလုံး ဝမ်းသာလာရသည်။ ခြေနှင့် လက်ကလည်း လှုပ်ရှားလာနိုင်သည်။ လေ့ကျင့်ခန်းလုပ်ပေးတော့ လမ်းလျှောက်နိုင်ပါသည်။

လေငန်းရောဂါသည်တိုင်းအတွက် အလွန် အစွမ်းထက်လှသော စပါးကြီးသည်းခြေကို ကျွန်တော့်အဖေက စနစ်တကျ သိမ်းဆည်းထားသည်။ မြို့ပေါ်က မိတ်ဆွေတွေ လေငန်းဖြစ်သည်ဟုကြားလျှင် အဖေက စပါးကြီးသည်းခြေပုလင်းလေးကို ယူကာ ဝေဒနာရှင်ထံသို့သွားသည်။ လေဖြတ်သူ စကားပြောနိုင်အောင်၊ လမ်းလျှောက်အောင် အစွမ်းကုန် ကူညီသည်။ အဖေသည် ဇီဝိတဒါန အလှူတွေ အများကြီးလုပ်သွားသူဖြစ်သည်။

သာမန်လူများက စပါးကြီးသည်းခြေ၏ ဆေးစွမ်းထက်ပုံကို မသိကြချေ။ စပါးကြီးသည်းခြေ၏ အစွမ်းကို သိထားသူတိုင်းက အိမ်တိုင်းမှာ ဆောင်ထားတတ်ကြသည်။

အဖျားအနာရောဂါကြီးသူများ အနေဖြင့် စပါးကြီးသည်းခြေကို နံ့သာဖြူနှင့်ရော၍ (၅) ရက်ခန့် ဆက်တိုက် သောက်သုံးလျှင် အဖျားကျပြီး သက်သာ ပျောက်ကင်းသွားစေပါသည်။

ထို့ပြင် အကျိတ်၊ အဖု၊ အရိုးစူး၊ သံစူးအနာများအတွက် စပါးကြီးသည်းခြေကို ကျောက်ပျဉ်တွင် ခပ်ပျစ်ပျစ် သွေးလိမ်းပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။ ထို့ကြောင့် ရောဂါမျိုးစုံအတွက် အစွမ်းထက်သောစပါးကြီးသည်းခြေကို အိမ်တိုင်း ဆောင်ထားသင့်ပါသည်။

စပါးကြီးသည်းခြေအစစ်ရရန်ဆိုသည်ကလည်း မလွယ်လှချေ။ ယနေ့ကာလလို အတုကို အစစ်ပါဟု လိမ်ညာ ရောင်းချနေသောအချိန်တွင် အတုကို အစစ်ထင်ပြီး ဝယ်မိကာ အသုံးပြုသော်လည်း လုံးဝ အစွမ်းမထက်သော ဖြစ်ရပ်များကို ကြားသိနေရပါသည်။ သည်တော့ စပါးကြီး သည်းခြေကို ဝယ်ပြီးဆောင်ထားမည်ဆိုလျှင် အတုနှင့်အစစ် ခွဲခြားသိနိုင်စေရန် ရေးသား တင်ပြပေးချင်ပါ သည်။

ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် အဘိုး တိုင်းရင်းဆေးဆရာ၊ အဖေ တိုင်းရင်းဆေးဆရာတို့ လက်သုံးဆေးအဖြစ် အသုံးပြုခဲ့ကြသည်ကို အမြဲ မြင်တွေ့နေရသောကြောင့် လည်းကောင်း၊ အဘိုးနှင့် အဖေက စပါးကြီးသည်းခြေကို အတုနှင့်အစစ်ခွဲခြားတတ်စေရန် သင်ကြားပေးခဲ့သောကြောင့် လည်းကောင်း အတုနှင့်အစစ်ကို ခွဲခြားသိခဲ့ရသည်။ ပညာအမွေပေးခဲ့ကြသော အဘိုးနှင့် အဖေတို့၏ ကျေးဇူးတရားများကို အစဉ်အမြဲ သတိရနေမိပါသည်။

တိုင်းရင်းဆေးပညာကို စိတ်ဝင်စားသူတိုင်း သိရှိနိုင်စေရန် စပါးကြီးသည်းခြေအတုနှင့် အစစ်ခွဲခြားနည်းကို စေတနာရှေ့ထားကာ တင်ပြပါရစေ။ ကျွန်တော် တင်ပြသည့်အတိုင်း စမ်းသပ်ပြီးမှ ဝယ်ယူအသုံးပြုကြစေချင်ပါသည်။ စမ်းသပ်နည်းမှာ-

(က) စပါးကြီးသည်းခြေကို လက်ဖြင့် ကိုင်ကြည့်ပြီးနောက် လက်ကို ရေဆေးလိုက်ပါ။ လက်သည် ရေနှင့် ဆေးသော်လည်း လက်မှာ စပါးကြီးသည်းခြေအညှီနံ့ကျန်နေမှ စပါးသည်းခြေ စစ်ပါသည်။

(ခ) လက်ခံ့ပေါ်တွင် စပါးကြီးသည်းခြေကိုသုတ်၍ လက်ဖဝါးပြင်ကို လျှာဖြင့်လျက်ကြည့်လျှင်သော်လည်းကောင်း၊ လက်ဖဝါးကို စပါးကြီးသည်းခြေသုတ်၍ လက်ခုံကိုလျှာဖြင့် လျက်ကြည့်လျှင်သော်လည်းကောင်း အခါးဓာတ်အရသာကို စွဲစွဲမြဲမြဲ ခံစားရသည်။ (ဤထူးခြားချက်မှာ အံ့ဩစရာကောင်းလှပါသည်။)

(ဂ) မီးခြစ်ဆံတစ်ချောင်းတွင် စပါးကြီးသည်းခြေအနည်းငယ် သုတ်ချ၍ ရေထဲသို့ ပစ်ချလိုက်ပါ။ မီးခြစ်ဆံသည် ရေပေါ်တွင် ငြိမ်မနေဘဲ လှုပ်ရှားနေသည်။ (ဤအရာသည်လည်း ထူးခြားမှုပင် ဖြစ်သည်။)

(ဃ) တစ်စုံတစ်ယောက်၏ ခြေရာကို စပါးကြီးသည်းခြေဖြင့် အသက်အောင့်၍ ခုနစ်ခါတို့ပြီး ကွယ်ရာမှာ ပုန်းနေလိုက်ပါ။ ထိုသူသည် မိမိခြေရာနေရာသို့ အကြောင်းကိစ္စမရှိဘဲ ပြန်ရောက်လာတတ်သည်။

ထိုဂမ္ဘီရနည်းကို လူမမြင်အောင် လူခြေတိတ်ချိန်မှ ပြုလုပ်ရသည်။ လူသိလျှင်သော် လည်းကောင်း၊ အဖော်နှင့် ပြုလုပ်လျှင်သော်လည်းကောင်း ထိုကိစ္စ မအောင်မြင်တော့ပါ။ ရှေးလူကြီးများသည် သူခိုးခိုးခံရလျှင် သူခိုးခြေရာကို စပါးကြီးသည်းခြေနှင့်တို့၍ သူခိုးဖမ်းတတ်ကြောင်း သိရပါသည်။

ဝင်းဇော် (သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

လောကီနယ်ပယ်တွင် အဆိုးနှင့် အကောင်းသည် အမြဲ ဒွန်တွဲလျက်နေသည်။ အဆိုးချည်းသက်သက်မရှိသလို အကောင်းချည်းသက်သက်လည်း မရှိပါ။ ယနေ့ ကမ္ဘာသူကမ္ဘာသားများ၏ အခြေအနေကို ကြည့်မည်ဆိုလျှင် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဘေး၊ ရောဂါဘယဘေး စသည့်အဆိုးပေါင်းစုံနှင့် ကြုံတွေ့နေရပါသည်။ တစ်ဖက်က ကြည့်တော့ အံ့မခန်းလောက်အောင် တိုးတက် မြင့်မားလာသော လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှု စသည့် အကောင်းများကိုလည်း မြင်တွေ့နေရပေသည်။

ကျန်းမာရေးပညာရှင်များသည် အဆက်မပြတ် ပေါ်ပေါက်နေသော ရောဂါဆန်းများအတွက် ဆေးစွမ်းကောင်းများကို အပတ်အကုတ် ကြိုးပမ်းအားထုတ်လျက် ဖော်ထုတ်နေကြသည်။ ကျန်းမာရေးဘက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ တိုးတက်မှုများမှာလည်း အံ့မခန်းလောက်အောင်ရှိပေသည်။ ခေတ်မီဆေးဝါးများအပြင် မူလလက်ဟောင်း တိုင်းရင်းဆေးများကိုလည်း ခေတ်နှင့်အညီ တိုးတက်အောင်ကြိုးပမ်းနေကြသည်။ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းဆေးများနှင့် ကုသမှုများကို ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် အဘက်ဘက်က ကြိုးပမ်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကမ္ဘာသူ ကမ္ဘာသားများ၏ ကျန်းမာရေး အခြေအနေ တိုးတက်နေသည်ဟု ဆိုရမည်။

၁၉၅၀ ပြည့်လောက်က ကမ္ဘာသူ ကမ္ဘာသားများ၏ ပျမ်းမျှသက်တမ်းသည် ၄၈ နှစ်ရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၆၈ နှစ်သို့ တိုးတက်လာသည်။ ကမ္ဘာသူ ကမ္ဘာသားများ၏ကျန်းမာရေးတိုးတက်ခြင်း သာဓကပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတိုင်းတွင် သက်ကြီးရွယ်အိုများပေါ်များလာ၏။ အသက် ၁၀၀ နှစ်ကျော်သူများပင် များပြားလာသည်။ တရုတ်ပြည်တွင် အသက် ၁၀၀ နှစ်ကျော်သူ ဦးရေ ထောင်ကျော်ရှိကြောင်း သတင်းများကဖော်ပြထားသည်။ မြန်မာနိုင်ငံတွင်လည်း အသက် ၁၀၀ နှစ်ကျော်သူ အများအပြား ရှိကြပါသည်။

ယေဘုယျအားဖြင့် အသက် ၆၀ နှစ်ကျော်လျှင် လူအိုဟု သတ်မှတ်ကြပါသည်။ အစိုးရဝန်ထမ်းဆိုလျှင် အသက် ၆၀ ပြည့်က အငြိမ်းစားခွင့်ပြုကြပါသည်။ လူအိုများကို မြန်မာမှုနယ်ပယ်တွင် အိုမင်းမစွမ်းသူဟု ခေါ်ကြပါသည်။ အိုမင်းလာက အစွမ်းမရှိတော့ပါ။ ကာယအား၊ ဉာဏအားတို့ ဆုတ်ယုတ်လာပြီ ဖြစ်၍ လုပ်ငန်းတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်မည် မဟုတ်တော့သဖြင့် လုပ်ငန်းတာဝန်မှအနားယူစေခြင်း ဖြစ်ပါသည်။ ဝန်ထမ်းမဟုတ်သူများအနေဖြင့် ထိုသို့ အနားမရသော်လည်း မိမိတို့ ထမ်းဆောင်နေရသည့်တာဝန်ကို နိုင်နိုင်နင်းနင်း မထမ်းဆောင်နိုင်တော့ပါ။ မထမ်းဆောင်၍ မရသဖြင့် ထမ်း




www.burmeseclassic.com

www.burmeseclassic.com

ဆောင်နေရသော် ပင်ပန်းကြီးကြပါသည်။

လူအိုများသည် ဆင်းရဲသား၊ လူလတ်တန်းစား၊ ချမ်းသာသူများ စသည်ဖြင့် အလွှာအားလုံးတွင် ရှိသည်။ ပတ်ဝန်းကျင် အခြေအနေအရ ပင်ပန်းမှုတွင်၊ ဆင်းရဲမှုတွင် ကွာခြားမည်ဖြစ်သော်လည်း ကိုယ်တွင်းဆင်းရဲမှုဖြစ်သည့်အရာ ဖိစီးခြင်းကြောင့်ခံရသော ဆင်းရဲခြင်းမှာ အတူတူပင် ဖြစ်သည်။

လူအိုများသည် မအိုခင်က ဖြစ်ရာဘဝ၊ ရသည့် အခြေအနေပေါ် မူတည်ပြီး လူမှုရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည်ချည်း ဖြစ်သည်။ လူမှုရေး ဟူသည် နိုင်ငံ၏ အရေးပင် ဖြစ်ပါသည်။ လူအများ ပေါင်းစုပြီး နယ်နိမိတ်သတ်မှတ်ကာ နေထိုင်ကြသော နေရာသည် နိုင်ငံပင် ဖြစ်သည်။ ထို့ကြောင့် စားဝတ်နေရေး အစရှိသည့် လူမှုရေးရာမှန်သမျှသည် နိုင်ငံရေးပင် ဖြစ်တော့၏။ ထို့ကြောင့် ထိုလူအိုများသည် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ အလွှာအသီးသီးတွင်ရှိကြသော လူအိုများအနက် မိမိတို့မှီခိုရာ မိသားစုတွင် မိမိတာဝန်ကို မနိုင်မနင်း ထမ်းဆောင်နေရသူများဖြစ်ပါက ထိုလူအိုတို့ကို ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းကူညီပေးသင့်ကြပါသည်။

မည်သည့်ဘာသာဝင်မဆို ဘာသာတရား ယုံကြည်မှု ရှိသူများအတွက် တမလွန်ဘဝကို ယုံကြည်ကြပေသည်။ တမလွန်ဘဝ ကောင်းစားရေးအတွက် ပြုလုပ်လိုကြသည်။ လူမှုရေးတာဝန် ထမ်းဆောင်နေရစဉ်က ဆန္ဒရှိသလောက် မလုပ်ဆောင်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ လူမှုရေးတာဝန်မထမ်းဆောင်နိုင်တော့ အိုမင်းမစွမ်းအချိန်တွင် ကျန်ရှိသေးသည့် နောက်ဆုံးနေ့များကို တမလွန်ဘဝအတွက် မိမိတစ်ဦးတည်းအတွက် လုပ်ဆောင်လိုကြသည်။

ပြည့်စုံသောမိသားစုရှိသည့် လူအိုများမှာ မိမိတမလွန်ဘဝအတွက် ကြောင့်ကြမဲ့စွာ လုပ်ဆောင်နိုင်ကြသည်။ အချို့လည်း ပရဟိတလုပ်ငန်းများနှင့် အမျိုးဘာသာ သာသနာ အကျိုးအတွက် မကြောင့်မကြ လုပ်ဆောင်နိုင်ကြသည်။ ထိုသူမျိုးမှာ အလွန်နည်းသော လူနည်းစုမျှသာ ဖြစ်သည်။ အများစုမှာ မပြည့်စုံသော မိသားစုများကိုမှီခိုပြီး ဆင်းရဲကြီးစွာ နေကြရပါသည်။ အချို့သူများအဖို့ ကျန်းမာရေးအတွက် အသာထားလို့ ဝမ်းစာရေးပင် မသေထမင်း စားပြီး နောက်ဆုံးရက်များကို ဆင်းရဲကြီးစွာ ဖြတ်သန်းနေရသည်။

ချမ်းသာသည့်အိမ် ဖြစ်စေ၊ ဆင်းရဲသည့်အိမ် ဖြစ်စေ အိမ်ဟူသမျှတွင် မီးပုံကြီး ၃ ပုံ ဖိုခံ့လောက်ဆိုင် တောက်လောင်လျက် ရှိသည်။ အိမ်သားအားလုံးသည် ထိုမီးပုံကြီး ၃ ပုံ၏အလယ်တွင် နေကြရ၏။ လူအိုများဖြစ်သောသူများသည်လည်း အိမ်သားများဖြစ်၍ မီးဟပ်ခံရသည်။ ထိုမီးပုံကြီး ၃ ပုံတို့ကား လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ ဖြစ်သည်။

ထိုမီးပုံကြီး ၃ ပုံ၏အလယ်တွင် မီးဟပ်ခံနေရသော လူအိုများသည် တမလွန်ဘဝအတွက် စိတ်အေးချမ်းသာစွာ အဘယ်သို့ ကျင့်ကြံအားထုတ်နေနိုင်ပါမည်နည်း။ စောစောကပြောခဲ့သလို ပြည့်စုံသော မိသားစုမှလူအိုများသည် ထိုမီးပုံကြီး ၃ ပုံမှလွတ်သောအရပ်သို့ တရားစခန်းဝင်၊ ဥပုသ်ရက်ရှည်စောင့် စသည်ဖြင့် သွားရောက်ကျင့်ကြံ အားထုတ်နိုင်ကြသည်။ ဤသို့ ပြုနိုင်ရန်မှာ ပြည့်စုံမှ ဖြစ်ပေမည်။ မပြည့်စုံသူများအတွက် အခွင့်အရေး မရှိလှပေ။ ထိုသို့သောသူများကို ပတ်ဝန်းကျင်က ကူညီဖြည့်ဆည်းပြီးမှ ပါရမီဖြည့်သင့်ပေသည်။ အချို့ တရားစခန်းများဟွင် ဤအခွင့်အရေးမျိုး ရရှိသော်လည်း နည်းပါးသေးသည်။ ထို့အပြင် တရားစခန်း (ရိပ်သာ) တို့မှာ ကျန်းမာရေးမကောင်းသူများအတွက် မသင့်လျော်ပေ။ ဆင်းရဲနွမ်းပါးသောလူအိုများအတွက် ပံ့ပိုးဖြည့်ဆည်းပေးရမည်မှာ ကျန်းမာရေး အစရှိသည်တို့နှင့် ကြောင့်ကြမှု နည်းနိုင်သမျှ နည်းပါးစေရန် ဖြစ်သည်။

မပြည့်စုံသောမိသားစုကို အကြမ်းအားဖြင့် ၃ မျိုး ခွဲနိုင်ပါသည်။

ၾင်းတို့မှာ-

၁။ အဆိုးရွားဆုံးအခြေအနေ၊

၂။ သူ့ထက် အနည်းငယ်သာသော အခြေအနေ၊

၃။ သူ့ထက် အနည်းငယ်သာသော အခြေအနေ ဟူ၍ ဖြစ်သည်။

ထို သုံးစားစလုံးတွင်ရှိသော သက်ကြီးရွယ်အိုများကိုလည်း ၃ စား ခွဲနိုင်ပါသည်။

ၾင်းတို့မှာ-

(၁) ရိပ်သာ, တရားစခန်းများသို့ သွားလည်းသွားလို၊ မိသားစုမှာလည်း သွားရန်အခြေအနေပေးသော်လည်း ကျန်းမာရေးအခြေအနေအရ မသွားနိုင်သူများ၊ ရိပ်သာ, တရားစခန်းများသည် တရားအားထုတ်ရန်အတွက်အဓိကထားခြင်းဖြစ်၍ သတ်မှတ်သည့်စနစ်နှင့် စည်းကမ်းအတိုင်းလိုက်နာကျင့်ကြံအားထုတ်နိုင်မှ ဖြစ်ပါမည်။ အိပ်ရာထဲလဲနေသော အခြေအနေမဟုတ်သည့်တိုင်အောင် ရိပ်သာ၏စနစ်၊ စည်းကမ်းအတိုင်းလိုက်နာကျင့်ကြံအားထုတ်နိုင်သည့် ကျန်းမာရေးအခြေအနေမရှိသူများ မသွားနိုင်ကြပါ။ ထို့ကြောင့် မီးပုံအတွင်းမှ လွတ်လိုလျက် ရုန်းမထွက်နိုင်ခြင်း ဖြစ်ပါသည်။

(၂) ထိုမီးပုံအတွင်းမှ ထွက်လည်းထွက်လို၊ ကျန်းမာရေးလည်း အခြေအနေပေးပါလျက် ရုန်းမထွက်နိုင်သူများ ရှိကြပါသည်။ ၾင်းတို့မှာ အိုမင်းမစွမ်း ဖြစ်နေသော်လည်း ဆင်းရဲသောမိသားစုအတွက် အသင့်အတင့် အကူအညီရပြီး မိသားစုအတွက် မရှိမဖြစ်လိုအပ်နေသူများဖြစ်ကြသည်။ ဥပမာ ကလေးထိန်း၊ အိမ်စောင့် စသည့် တာဝန်များကို ထမ်းနေရသောကြောင့် ဖြစ်ပါသည်။

(၃) ထိုအဘိုး၊ အဘွားများမှာ သားသမီးများ၊ မြေး,မြစ်များအပေါ် သံယောဇဉ်ကြီးပြီး စိတ်မချသဖြင့် ခွဲမသွားနိုင်သူများ ဖြစ်ကြပါသည်။ ကျွန်တော့်မိတ်ဆွေတစ်ဦးသည် မြေးတစ်ယောက်ယောက် နေမကောင်းဖြစ်လျှင် ထိုမြေးအနား ညလုံးပေါက်



www.burmeseclassic.com

www.burmeseclassic.com

မအိပ်ဘဲ ငုတ်တုတ်ထိုင်စောင့်သူ။ သူက 'သူတို့မိဘတွေက စိတ်ချရတာ မဟုတ်ဘူး၊ အိပ်ပျော်ချင်ပျော်နေကြမှာ။ သူတို့အိပ်ပျော်နေတုန်း ကလေးတက်နေရင် ဘယ့်နှယ်လုပ်မလဲ။ အဲဒါကြောင့် သူတို့ကို စိတ်မချလို့ ကျွန်တော် ထိုင်စောင့်တာ' ဟု ပြောပါသည်။

ထိုအဘိုး၊ အဘွား ၃ မျိုးလုံးသည် မပြည့်စုံသူမိသားစု ၃ စားစလုံးတွင် ရှိသည်။

လူငယ်တစ်ဦးသည် ဆင်းရဲလွန်းသဖြင့် ကျောင်းမနေနိုင်ဘဲ အရက်ဆိုင်တွင် အရက်သောက်သူများအား အရက်ချပေး၊ အမြည်းချပေး အလုပ်ဖြင့် ဘဝကို ရုန်းကန်ရသည်။ ထိုလူငယ်သည် တစ်ချိန်တွင် ကမ္ဘာကျော်သမ္မတကြီး ဖြစ်လာသည်။ သူကား အမေရိကန်သမ္မတ လင်ကွန်းတည်း။

လူငယ်တစ်ယောက်၏ အနာဂတ်သည် သန်းကြွယ်သူဌေးကြီး၊ ပညာရှင်ပါမောက္ခကြီး၊ နိုင်ငံ့ခေါင်းဆောင်ကြီး၊ သမ္မတ၊ ရှင်ဘုရင်စသည်တို့ အားလုံးရှိသည်။ မျှော်မှန်းနိုင်သည်။

အိုမင်းရင့်ရော်သူတို့၏ အနာဂတ်ကား သင်္ချိုင်းသာလျှင် ဖြစ်တော့သည်။ မပြည့်စုံသောသူများထဲမှ သင်္ချိုင်းကိုသွားနေကြသော အိုမင်းရင့်ရော်သူများမှာ ၃ စား ရှိသည်။

ၚင်းတို့မှာ-

၁။ အလွန်အမင်း ပင်ပန်းဆင်းရဲစွာဖြင့် ခက်ခက်ခဲခဲသွားနေကြရသူများ၊

၂။ ပင်ပန်းဆင်းရဲစွာဖြင့် ခက်ခက်ခဲခဲသွားနေကြရသူများ၊

၃။ ခက်ခက်ခဲခဲသွားနေကြသူများ ဟူ၍ ဖြစ်သည်။

သူတို့ကို အတတ်နိုင်ဆုံး သက်သက်သာသာဖြင့် သွားနိုင်အောင် ထောက်ပံ့မည်ဆိုလျှင် အလွန်ကျေးဇူးတင် ကြည်နူး ဝမ်းမြောက်ကြပေမည်။

မီးပုံ ၃ ပုံဘေးမှရှောင်ပြေးနေသူ အိုမင်းရင့်ရော်သူတို့အတွက် အကောင်းဆုံးနေရာမှာ ဘိုးဘွားရိပ်သာများပင် ဖြစ်သည်။ ဘိုးဘွားရိပ်သာများတွင် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရှိပြီး ကြောင့်ကြကင်းစွာဖြင့် တမလွန်ဘဝအတွက် အေးချမ်းစွာ ကြိုးပမ်း အားထုတ်နိုင်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဘိုးဘွားရိပ်သာများ နည်းပါးသေးသည်။ ထို့အပြင် ကျွန်တော် သိရသမျှ မည်မျှ ကျပ်တည်းဆင်းရဲသော မှီခိုခံရသူများကို မှီခိုနေရသောဘိုးဘွားများ ဖြစ်ပါစေ၊ မှီခိုရမည့်သူရှိလျှင် ဘိုးဘွားရိပ်သာများက လက်မခံကြပါ။

လင်မယား ၂ယောက်၊ ကလေး ၂ယောက် တစ်ဖက်ဖက်မှ မိအို၊ဖအို ၂ ယောက်ရှိသော မိသားစုသည် ထမင်းကို ဆားဖြူးစားလျှင်ပင် တစ်နေ့ ၁၀၀၀ ကုန်ပေမည်။ အိမ်ငှားနေရသော် အစွန်အဖျား ဆင်းရဲသားရပ်ကွက်ရှိ နေရရုံအခန်းပင်လျှင် တစ်လ ၁၀၀၀၀ ကျပ်ပတ်ဝန်းကျင် ရှိသည်။ မီးသွေးဖိုး၊ ရေဖိုး စသည်ဖြင့် မငတ်ရုံစား၊ မပေါ်ရုံဝတ်၊ ဖြစ်သလို နေလျှင်ပင် တစ်လ ၆ သောင်း၊ ၇ သောင်း ကုန်နိုင်သည်။ ဝင်ငွေမမှန်သော ပုံကျသမားများ ကုန်းရုန်းရှာရပေမည်။ ဒီအထဲ လင်မယား ၂ဦးအနက် တစ်ယောက်ယောက် နာတာရှည်၊ ဒုက္ခိတ ဖြစ်နေသော် မတွေးဝံ့သောဘဝပင် ဖြစ်သည်။ ကလေးတွေကျောင်းထားသော် ၂ သောင်း၊ ၃ သောင်း ထပ်တက်ဦးမည်။ ယခုအစိုးရမှ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်သည် ၎င်းတို့အတွက် ထိထိရောက်ရောက် အကျိုးပြုနိုင်ပါသည်။

စောစောက စာရင်းတွင် ကျန်းမာရေးအတွက်အသုံး လုံးဝ မပါပါ။ ကျွတ်ရန် ရှည်ထွက်လာသောသွားဝါးမရအောင်နာသဖြင့် ဆေးရုံ၊ ဆေးခန်းမသွားနိုင်သောလူအိုများ အစားအစာကို ရေဖြင့်မျိုချရသည်ကို မြင်ဖူးခဲ့ပါသည်။ ဒုက္ခိတအမယ်အိုကြီးက တုန်ချည့် တုန်ချည့်ဖြင့် အလှူထွက်ခံကျွေးသော မိသားစုကိုလျှင် မြင်ဖူးခဲ့ပါသည်။ ထိုသို့သော အဘိုးအို၊ အဘွားအိုများအတွက် နွားနို့တစ်ခွက်၊ ကိတ်မုန့်တစ်ချပ်ဆိုသည်ကို အိပ်မက်ပင် မမက်နိုင်ပါ။ ကျွန်တော် ဆင်းရဲသားရပ်ကွက်တွင် နေခဲ့သဖြင့် များစွာ တွေ့ခဲ့ဖူးပါသည်။ ထိုစဉ်က လူတစ်ယောက်က ကျွန်တော့်ကို အသက်ဘယ်လောက်ရှိပြီလဲဟု မေးပါသည်။ ကျွန်တော်က (၇၈) နှစ်လို့ ပြောတော့ သူက (၈၅) နှစ်ပြည့်ရင် အထောက်အပံ့ရတယ်လို့ ပြောသံကြားတယ်ဟု ဆိုပါသည်။ ကျွန်တော် မစပ်စုမိသဖြင့် မည်သူထောက်ပံ့မှန်း မသိပါ။ အသက်ကို အဓိကမထားထားဘဲ ဘဝအခြေအနေကို အဓိကထားသင့်ပါသည်။ ဝဋ်ကြီးသူမှအပ ထိုသူမျိုးတွင် အသက် ၈၀ ကျော်သူ နည်းမည်ထင်ပါသည်။

စာကြည့်တိုက်ဖောင်ဒေးရှင်း၊ ပညာရေးဖောင်ဒေးရှင်း စသည်ဖြင့် ဖောင်ဒေးရှင်းများ အများအပြားပေါ်ထွက်လာသည်ကို အားရဖွယ်ရာ တွေ့ရပါသည်။ လူငယ်များ၏အနာဂတ်အရေး၊ တိုင်းပြည်၏အနာဂတ်အရေးအတွက် အလွန် အကျိုးကြီးပါသည်။ ထို့ပြင် အနာဂတ်မရှိတော့သော သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး ဖောင်ဒေးရှင်းများလျှင်လည်း ကောင်းမည်ဟုမျှော်လင့်မိပါသည်။

အခြား နိုင်ငံများတွင် ငွေကြေးချမ်းသာသူများသည် မိဘမဲ့ကလေးများစောင့်ရှောက်ရေးဂေဟာနှင့် ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ကြကြောင်း ကြားသိရပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း တတ်နိုင်သူများ (စုပေါင်း၍ဖြစ်စေ) ဘိုးဘွားရိပ်သာများ တည်ထောင်နိုင်လျှင် ကောင်းမည်ဟု စဉ်းစားမိပါသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအသင်းအဖွဲ့များဖွဲ့စည်းပြီး ဆင်းရဲသားရပ်/ကျေးများသို့ သွားလာ၊ ထိထိရောက်ရောက် ထိတွေ့ပြီး သူတို့၏နောက်ဆုံးခရီးအတွက် လိုအပ်ချက်များကို တတ်အားသရွေ့ ဖြည့်ဆည်းပေးခြင်းဖြင့် နှစ်သိမ့်ပေးနိုင်ကြလျှင်ကောင်းမည်ဟု အသက် ၈၂ နှစ် ရှိပြီဖြစ်သော သက်ကြီးရွယ်အို (ဒုက္ခိတ)တစ်ယောက်အနေဖြင့် ဆင်ခြင်မျှော်လင့်မိပါသတည်း။

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးသြဘာနှင့် ပတ်သက်သော အကြောင်းအရာများသည် ၂၀၀၆ ခုနှစ်၊ ဇွန်လတွင် ရပ်တန့်သွားခဲ့၏။ **ဘိုးသြဘာနှင့်အစွမ်းထက်ဂါတာများ အမှတ် (၄)** မှာ ဖြစ်၏။ ဘိုးသြဘာသည် သုရဇ္ဇမဂ္ဂဇင်းကြီးနှင့် တစ်နှစ်တည်း မွေးဖွားလာသောကြောင့် ဖွားဖက်တော်ဟုလည်း ဆိုနိုင်ပါသည်။ ဘိုးသြဘာသည် ဂမ္ဘီရဆန်လွန်းသော ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် ဘိုးသြဘာနှင့် ပတ်သက်သော အကြောင်းအရာများသည် ရေးသား၍မကုန်နိုင်လောက်အောင် များပြားသည်။ သာမန်လူတို့လက်ခံနိုင်ဖွယ်မရှိသော အကြောင်းအရာတို့သည် ဘိုးသြဘာ၌ရှိသည်။ ထူးဆန်း အံ့ဖွယ်များဖြင့် ပြည့်နှင့်နေသည်။

ဆင်၊ ကျား၊ မိကျောင်း စသော သားရဲများနှင့် ပတ်သက်ခြင်းသည်ကား ဘိုးသြဘာအဖို့ လက်တစ်ဆုပ်စာမျှပင် မရှိပေ။ နေ့စဉ်လိုလို တွေ့နေရသော အကြောင်းအရာလေးများသာ ဖြစ်သည်။ ကြမ်းတမ်းလွန်းသော မြေဖုတ်ဘီလူးတို့သည်လည်း ဘိုးသြဘာနှင့်တွေ့လျှင် အရည်ပျော်သွားကြရသည်။

အစွမ်းထက်လှပါသည်ဟု ဆိုကြသော လူသားသိပ္ပံပညာရှင်တို့ ပြုပြင်ဖန်တီးထားကြသော လက်နက်တို့သည်လည်း ဘိုးသြဘာနှင့် ရင်မဆိုင်ကြပေ။ သဘာဝဖြစ်သော နွေ၊ မိုး၊ ဆောင်းရာသီဥတုများသည်ပင် ဘိုးသြဘာ၏ကျေးဇူးကို သိကြသည်။ အချိန်လပ်၍ ကင်းပြတ်နေသော ရာသီဥတုတို့ကိုလည်း ပြန်လည် ဖြစ်ပေါ်စေနိုင်သည်။

မိတ်ဆက်နေလျှင် စာပိုရှုံသာရှိသည်။ စာဖတ်သူတို့ကို ဘိုးသြဘာနှင့် ကိုယ်တိုင် တွေ့ပေးလိုက်လျှင် အကောင်းဆုံးသာ ဖြစ်ပေလိမ့်မည်။ တစ်ဆင့်ကြားသည် ပြတ်သားမှု နည်း၍ မေးဖွယ်များ ရှိနေတတ်သောကြောင့် ကိုယ်တိုင် တွေ့ဆုံသည်က အရှင်းဆုံး ဖြစ်ပေ၏။

❐

နေမွန်းတည့်တော့မည်။ နွေခေါင်နွေဖျားသို့ရောက်လာ၍ အလွန်ပူ၏။ တောတန်းတောင်စွယ်တို့သည်လည်း ရွက်အိုမြေခ အရိုးဖြိုင်ဖြိုင်ကျကုန်ကြပြီ ဖြစ်သောကြောင့် အပူဒဏ်ကို သာ၍ကဲစေသည်။ ခြောက်သွေ့သော ရာသီဖြစ်၍ တိုက်ခတ်သောလေသည်လည်း လေပူသာ ဖြစ်သည်။

ယခု ဘိုးသြဘာသည် ကျွဲကူးဆိပ်ကမ်းမှ ပြန်လာခဲ့သည်။ ကျွဲကူးဆိပ်ကမ်းတွင် အင်္ဂလိပ်ဝန်ထောက်ကြီး ရုံးထိုင်သည်။ အင်္ဂလိပ်ဝန်ထောက်ကြီးသည် သံကြိုးတန်းများ သွယ်တန်းရာ၌ လယ်ယာဥယျာဉ်အတော်များများ ပျက်စီးကုန်၍ ပတ်ဝန်းကျင်ရွာသားများက အပျက်အစီး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သက်သာစေရန်အတွက် အင်္ဂလိပ်ဝန်ထောက်ကြီးအား ပြောပေးပါရန် ဘိုးသြဘာအား တောင်းပန်ကြသဖြင့် မငြင်းသာသည့်အဆုံး ဘိုးသြဘာကိုယ်တိုင် သွားနေရသည်။

"နောက်တစ်ခေါက် ငါဒီကောင်တွေဆီ မသွားတော့ဘူးကွာ။ ဝန်ထောက် ဆိုတဲ့ အကောင်ကိုပဲ ခေါ်လိုက်တော့မယ်။ ငါခေါ်လို့မလာရင် ကြိမ်လုံးနဲ့သွားချမယ်။ သူတို့သံကြိုးဝန်ထောက်ရုံးကိုလည်း မီးနဲ့ရှို့မယ်"

ဟု ဘိုးသြဘာက ဒေါသထွက်ထွက်ဖြင့်ပြောသည်။ ကိုယ်မှာလည်း ချွေးတွေနစ်နေပြီ။

ဦးထွန်းမြအောင်က ဘာမှ မပြောဘဲ နောက်မှလိုက်နေ၏။ ဘိုးသြဘာ ဒေါသထွက်နေသည်ကို သိ၍လည်း မပြောရဲခြင်း ဖြစ်သည်။ ပြောမိ၍ သဘောမကျလျှင်လည်း လက်စွဲတော် ကြိမ်လုံးက မိမိဘက် လှည့်မလာဟု မပြောနိုင်သည်အထိ အစွမ်းထက်သည်။ (ဦးထွန်းမြအောင်မှာ စာရေးသူ၏အဘိုး ဖြစ်သည်။)

ဦးကျီးဖြူ၏ လယ်ချောင်းကိုရောက်လျှင် မိုးရာသီမှာသာ ရေရှိပြီး နွေရာသီတွင် ရေကင်းပြတ်၍ ခြောက်ကပ်နေသော ချောင်းသဲခုံလေးတွင် မတ်တတ်ရပ်လိုက်ပြီး ဟိုဟိုဒီဒီကြည့်သည်။ ထို့နောက် ဦးထွန်းမြအောင်အား ပြောသည်။

"ဟေး-ထွန်းမြအောင်၊ မင်းဟိုခမောင်းပင်အောက်မှာ သွားနေချေ၊ ငါရေချိုးလိုက်ဦးမယ်။ လူတွေလာရင် အဲဒီခမောင်းပင်အောက်မှာပဲ နေခိုင်းထား"

ဦးထွန်းမြအောင် အံ့သြသွားသည် ရေလည်းမရှိပါဘဲလျက် ဘာရေကိုချိုးမှာပါလိမ့်။

"ဟေ့ကောင် သွားလေ၊ ဘာကြောင်ကြည့်နေတာလဲ"

ဘိုးသြဘာက ဟောက်ထုတ်သဖြင့် ဦးထွန်းမြအောင်သည် ခပ်သုတ်သုတ်ပင် ခမောင်းပင်အောက်ဘက်ကို လျှောက်လာခဲ့ရသည်။ ဘိုးသြဘာ ရပ်ကျန်ခဲ့သည့် ခမောင်းပင်အကြားတွင် ချောင်းခြောက်ကလေးနှင့် အလှမ်းငါးဆယ်ကျော်မျှ လှမ်းသည်။ ထိုအကြားတွင် အပင်ကလေးများရှိသော်လည်း နွေရာသီဖြစ်သောကြောင့် အရွက်မရှိ၍ ဟင်းလင်းပြင်ကြီးသာဖြစ်နေသည်။

သို့သော် ဦးထွန်းမြအောင် ခမောင်းပင်အောက်သို့ ရောက်၍ နောက်ပြန်ကြည့်လိုက်သောအခါ ရိုးတံဖြိုင်ဖြိုင်ဖြစ်နေသော အပင်လေးများသည် ရွက်နုများဝေလျက် စိမ်းစိုနေကြ၏။ ထို့ကြောင့် ဦးထွန်းမြအောင် မျက်လုံးပြူးသွားရ၏။ သူဖြတ်လာတုန်းက ရိုးတံကျဲကျဲနှင့် အပင်လေးများသည် ယခုတွင် ရွက်နုဝေလျက်ရှိနေလေ၏။

အခြားသောတောတန်းတောင်စွယ်များကို ကြည့်သည်။ အားလုံးရိုးတံကျဲကျဲသာဖြစ်၏။ တစ်ဖန် ဘိုးသြဘာဘက်ကိုကြည့်လိုက်သောအခါ ခုတင်က ရွက်နုဝေပြီး စိမ်းစိုနေကြသော အပင်လေးများသည် အားလုံးရိုးတံကျဲကျဲပြန်ဖြစ်လျက် ရေချိုးပြီးကိုယ်ရေသက်နေသော ဘိုးသြဘာကိုပင် ကောင်းစွာမြင်နေရလေသည်။

ဘိုးသြဘာက လက်ယပ်ခေါ်နေ၍ ဦးထွန်းမြအောင် ပြေးလိုက်သွားသည်။ ထိုအခါလည်း ဘိုးသြဘာချိုးသောရေကို မတွေ့ရဘဲ အိုင်ခြောက်ထဲတွင် ရေပြည့်ခဲ့သော ရေစိုသဲမြေနှင့် ကမ်းနားဖူးကိုသာ တွေ့ရလေသည်။ ဘိုးသြဘာလည်း ကိုယ်ကရေတို့ကို သုတ်သပ်ပြီး အဝတ်ခြောက်များကိုလဲဝတ်နေ၏။

"ဟာ - ဘိုး၊ ထူးဆန်းလှချည်လား။ ခုတင်က ရေမရှိဘူး၊ ဒီအပင်လေးတွေမှာလည်း အရွက်မရှိဘူး၊ ကျွန်တော် ဟိုခမောင်းပင်အောက်ရောက်လို့ ပြန်ကြည့်လိုက်တော့ ဒီအပင်ကလေးတွေ ရွက်နုဝေနေတာတွေ့ရတယ်။ တစ်အောင့်ကြာလို့ပြန်ကြည့်လိုက်တော့ ရွက်နုမရှိပြန်ဘူး။ ဘိုးလည်း ရေမရှိတဲ့အိုင်က ရေကိုချိုးတယ်ဆိုတော့ ဘယ်လိုသဘောလဲဘိုး"

"သွား သွား၊ ကိုယ်နဲ့မဆိုင်တာကို လျှောက်မေးမနေနဲ့"

ဟု ပြောပြီး ဘိုးသြဘာကလွယ်အိတ်ကလေးကို ကောက်လွယ်ပြီး လက်စွဲတော် တောင်ကြိမ်လုံး(တောင်ဝှေး)ကို ကောက်ကိုင်သဖြင့် ဦးထွန်းမြအောင်လည်း ဆက်မမေးရဲတော့ပေ။ ထူးဆန်းလှချည်လား ဟူ၍သာ စိတ်ထဲတွင် တအံ့တသြဖြစ်၍နေလေ၏။

"အေး အေး အေး"

"××××"

"ရပါတယ်၊ အဆင်ပြေသလိုပေါ့ကွယ်။ ဗိုက်ပြည့်ရင်ပြီးတာပါပဲ"

"×××"

"ဒီကိစ္စက အရေးမကြီးပါဘူး။ ကပ္ပိယပါတာပဲ"

ဘိုးသြဘာတစ်ယောက်တည်း စကားပြောနေသည်။ ဗိုက်ပြည့်ရင်၊ ကပ္ပိယပါတယ် ဟုလည်း ကြားလိုက်သည်။ နေမွန်းတည့်ခါနီးဖြစ်လာနေ၍ ဘိုးသြဘာသည် ဗိုက်ဆာလွန်းသောကြောင့် စားသောက်ရေးနှင့်ပတ်သက်ပြီး ယောင်ယမ်းပြောနေလေသလားဟု ထင်ရသည်။

ထို့ကြောင့် ဦးထွန်းမြအောင်က -

"ဘိုး၊ နေ့လယ်စာအတွက် ကျွန်တော် စီစဉ်ထားခဲ့တယ်။ ဒါကြောင့် တန်းတင်ရွာထဲက ကျွန်တော့်အိမ်ကိုပဲ တန်းသွားရအောင်"

ဟု ပြောလိုက်၏။

ဘိုးသြဘာ နောက်လှည့်ကြည့်ပြီး -

"ဒါဆိုရင် မင်း ငါ့ကို အစက ဘာလို့မပြောတာလဲ"

"ပြောစရာလိုသေးလို့လား ဘိုးရယ်၊ နှစ်ယောက်တည်း တစ်ခရီးသွားနေကြတဲ့ဥစ္စာ။ ဘိုးရဲ့စားရေးသောက်ရေးကိစ္စကို ကျွန်တော် တာဝန်ယူရမှာပေါ့"

"တော်ပြီ၊ ဟိုရှေ့က တန်းတင်ချောင်းထဲမှာရှိတဲ့ ကျောက်လုံးအိုင်ကိုပဲ သွားတော့မယ်"

ကျောက်လုံးအိုင် ဟူသည်မှာ ဦးထွန်းမြအောင်၏ လယ်တောစတွင်ရှိသည်။ ကျောက်လုံးအိုင်တွင် နွေရာမိုးရာ ရေမခန်းပေ။ အိုင်ထဲတွင် ရေဆင်းချိုး၍ရသလို လက်ယက်တွင်းကလေးရှိသဖြင့် သောက်ရလည်းရသည်။ သွားနေဆဲ လမ်းမှ



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ခြောက်တောကိုဖြတ်ပြီး ကျောက်လုံးအိုင်ဘက်ကို သွားနေလေ၏။

ကျောက်လုံးအိုင်ကို ရောက်လျှင် သောက်ရေတွင်းလေးကို နွားများ ကုန်းသောက်ထားကြ၍ သဲကမ်းပါးပြိုကျနေ၏။ ဘိုးသြဘာက ပြိုကျနေသောသဲများကို လက်ဖြင့်ပက်တင်သည်။ ဦးထွန်းမြအောင်လည်း ဘိုးသြဘာနည်းတူ သဲများကိုကူပြီးပက်တင်ပေးသည်။ လက်ယက်တွင်းလေးက တစ်တောင်သာသာခန့်နက်သောကြောင့် ချက်ချင်းပြီးသွားပြီး ရေကြည်များ စိမ့်ထွက်လာသည်။

"သွား၊ မင်းဟိုကျောက်တုံးပေါ်က ထမင်းထုပ်ကိုယူလိုက်"

ဦးထွန်းမြအောင် အံ့သြသွားရပြန်သည်။ ဘယ်အချိန်က ဘယ်သူတင်ထားမှန်းမသိတဲ့ ထမင်းထုပ်တစ်သည် ကျောက်တုံးကြီးပေါ်တွင် ရှိနေ၏။ ဦးထွန်းမြအောင်သွားယူပြီး ဖွင့်ကြည့်လိုက်ရာအထဲတွင် ထမင်းနှင့်ရော၍ ထန်းလျက်လုံး၊ ကြံသကာ၊ ငှက်ပျောသီးမှည့်နှင့် အုန်းသီးစိတ်၊ သရက်သီးစိတ်များလည်း ပါလေသည်။

သို့မှ ဘိုးသြဘာတစ်ယောက်တည်း စားရေးသောက်ရေးနှင့်ပတ်သက်ပြီး စကားပြောနေသည်ကို ဦးထွန်းမြအောင် နားလည်လိုက်ရသည်။ ထူးဆန်းလွန်းပါဘိ။ နေမြင့်၍ ဗိုက်ဆာလွန်နေမှန်းသိ၍ထင်သည်။ ဘိုးသြဘာ သူတစ်ယောက်တည်း ဦးစွာမစားဘဲ ထမင်းထုပ်ကြီးကို ထက်ဝက်ခွဲပေးပြီး ဦးထွန်းမြအောင်ကိုပါ တစ်ပြိုင်နက် စားစေသည်။

ဘာအရသာနှင့်မျှ မတူသော ထမင်းနှင့် အသီးမှည့်များပင် ဖြစ်၏။ လူတို့ ဖန်တီးထားသော ဆီဦးထောပတ်အရသာမျိုးလည်း မဟုတ်ပေ။ သဘာဝထမင်းနှင့် သစ်သီးအရသာမျိုးနှင့်လည်းမတူ။ ထူးဆန်းလွန်းသည်။ဘိုးသြဘာကို နတ်များလှူဒါန်းသော နတ်သုဒ္ဓါပင် ဖြစ်လေသလားဟု ဦးထွန်းမြအောင် ယူဆလိုက်မိသည်။

ရှေးအခါက ဗားမဲ့ဆရာဟု ပုဂ္ဂိုလ်ထူးတစ်ပါး ပေါ်ထွန်းခဲ့ဖူး၏။ အံ့ဖွယ်သရဲ ထူးဆန်းလွန်းဘိသည်။ လောကီပေါက်ပုဂ္ဂိုလ်ထူးကြီးဟု ဆိုစမှတ်ပြုကြသည်။ တစ်နေ့သောအခါတွင် မင်းကမျက်၍ တောင်ခေါင်းကို အလုံပိတ်ပြီး အစာရေစာဖြတ်ကာ ရက်ပေါင်း(၄၀)ထားသည်။

ရက်ပေါင်း(၄၀)ပြည့်သော် သေလောက်ပြီဟုထင်၍ တောင်ခေါင်းကို ဖွင့်ကြည့်ကြ၏။ ထိုအခါ ဗားမဲ့ဆရာသည် မသေသည့်အပြင် ဝင်းပြောင်ဝဖြိုးလျက် နဂိုထက်ပင် ကျန်းမာသန်စွမ်းနေသည်ကို တွေ့ကြရသည်ဟုဆို၏။ နတ်များက အစာကျွေးထားကြသည်ဟု ဆိုသတတ်။ ထို့ကြောင့် မင်းအမတ်အပေါင်းတို့မှာ အံ့သြ၍မဆုံး ချီးမွမ်း၍လည်းမကုန်ဖြစ်ကြရသည်။

ထိုဗားမဲ့ဆရာကို ပိတ်လှောင်သတ်ခဲ့သော တောင်ခေါင်းသည် ယခုတိုင် မြောက်ဦးမှာ ရှိသည်။ အလှမ်းဝေးသောကြောင့် လူအရောက်အပေါက်နည်းသည်။ တောချုံပိတ်ပေါင်းများ ဖုံးလွှမ်းနေသည်။ ကြာခဲ့ပြီဖြစ်၍ သိသူပင် ခပ်ရှားရှားဖြစ်လာနေသည့်အကြောင်းကို မြောက်ဦးသားတို့က ပြောပြကြသည်။

ယခု ဘိုးသြဘာကိုလည်း နေလွန်လျှင် မနက်စာ ကင်းပြတ်မည်စိုး၍ နတ်များကထမင်းထုပ်ပေးကြလေသလား။ ထမင်းထုပ်ပေးကြမည့်အကြောင်းကိုပြောနေစဉ်တွင် ဦးထွန်းမြအောင်ကြားလိုက်ရလေသလား။ ထူးဆန်းလွန်းသော ပုဂ္ဂိုလ်ထူးကြီးဖြစ်၍ အတတ်မဆိုသာ။ ကြည်ညိုသဒ္ဓါကို ခွဲ၍ယုံရမည်သာ ဖြစ်သည်။

ထမင်းစားပြီးကြသော အချိန်တွင် နေ့လယ် ဆယ့်နှစ်နာရီ ရှိနေလေ၏။ ချောင်းဟိုဘက်ကမ်း သည်ဘက်ကမ်း သစ်ပင်ကြီးများ ခက်ချင်းယှက်နေ၍နေမထိုးပေ။ကျောက်အိုင်ကြီး၏ အအေးဓာတ်ရှိနေသောကြောင့် ပတ်ဝန်းကျင်က အပင်များလည်း ရွက်နုဝေလျက်ရှိနေကြသည်။

"ထွန်းမြအောင်၊ ငါ့ကို ဟိုကပေါက်ရွက်နဲ့ ရေခပ်ပေးစမ်း"

ဦးထွန်းမြအောင်သည် ချောင်းကမ်းဖူးတွင် ပေါက်နေသော ပေါက်ပင်မှ ရွက်နုသုံး၊ လေးရွက်ကို ပြေးခူးပြီး ထပ်ကာ ကတော့လုပ်၍ ရေခပ်ပြီး ဘိုးသြဘာအား ပေး၏။ ဘိုးသြဘာ အကုန်သောက်ပြီး နောက်တစ်ခွက် ထပ်တောင်း၍ ခပ်ပေးလိုက်ပြန်သည်။ ထို့နောက် ဦးထွန်းမြအောင်လည်း ရေခပ်သောက်သည်။

"နေပူတယ်။. ဒီမှာနားနေပြီး နေအေးမှ ဆက်သွားမယ်"

"ရွာထဲဝင်နားရင် မကောင်းဘူးလား ဘိုး"

"မကောင်းဘူး လူရှုပ်တယ်။ ဒီမှာပဲနားမယ်"

ဘိုးသြဘာရှိသော အရပ်သည် လူအုံသည်။ တွေ့နေမြင်နေကျဖြစ်သော်လည်း ဘိုးသြဘာကလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချိုချိုသာသာ ပြောဆိုလေ့ မရှိပေ။ စိတ်နှင့်မတွေ့လျှင် ဟောက်သည်ကများ၏။

သို့သော် ဘိုးသြဘာသကို လူတိုင်း ချစ်ကြ၏။ ပေးကြကျွေးကြလှူဒါန်းကြ၏။ ဘိုးသြဘာရောက်သောအရပ်တိုင်းတွင် ထန်းလျက်၊ ကြံသကာ၊ သြဇာ၊ ငှက်ပျော၊ အုန်း၊ သရက်များပုံ၏။ ဘိုးသြဘာလည်း နေရာတွင် နည်းနည်းစားပြီး ထားခဲ့၏။ ထိုအခါ ရွာရှိကလေးများ ဗိုက်ကား၏။

"ဟေး-ထွန်းမြအောင်၊ မအိပ်နဲ့နော် "

ငိုက်မျဉ်းနေသော ဦးထွန်းမြအောင်သည် ဘိုးသြဘာ လှမ်းအော်လိုက်၍လန့်ဖျပ်သွားသည်။ မျက်လုံးလည်း ပြူးသွားသည်။ ယခင်အခါများတွင် ဦးထွန်းမြအောင် နေ့ခင်းမအိပ်တတ်ပေ။ ဒီနေ့ ကောက်ရသော ထမင်းထုပ်ကို စားလိုက်၍ အရသာရှိလွန်းသောကြောင့်ပင်ထင်၏။ ထမင်းဆီတက်ပြီး အလိုလိုငိုက်မျဉ်းလာ၏။ သတိထားနေရင်းက ငိုက်ခနဲဖြစ်သွားမိပြန်သည်။

"ကဲ - ငါပြောတာ မကြားဘူးလား။ မင်းအိပ်ရင် သေလိမ့်မယ်"

ဘိုးသြဘာက စိုက်ကြည့်ပြီး ပြောလိုက်၍ ဦးထွန်းမြအောင် လန့်သွားသည်။ တဒင်္ဂတွင် အိပ်ချင်ပြေသွားသည်။ နောက်တစ်ကြိမ် ဘိုးသြ



www.burmeseclassic.com

www.burmeseclassic.com

ဘာကို ကြည့်မိပြန်သည်။ ဘိုးသြဘာသည် ဦးထွန်းမြအောင်အား စိုက်ကြည့်နေဆဲ ဖြစ်သည်။ ထို့ကြောင့် ဦးထွန်းမြအောင်မှာ မနေတတ်မထိုင်တတ်ဖြစ်သွားရ၏။

"ဟော့ကောင် မင်း ငါ့အနားလာခဲ့"

"မငိုက်တော့ဘူးလေ ဘိုး"

"လာခဲ့စမ်းပါ"

ဦးထွန်းမြအောင် ကြောက်သွားသည်။ ဘိုးသြဘာ၏ ကြိမ်ကိုလည်း ကြည့်သည်။ ထို့နောက် မတ်တတ်ထရပ်လိုက်၏။ ဘိုးသြဘာသည် အလွန်အမင်း စိတ်တိုတတ်သောကြောင့် လိုက်မရိုက်ဟု မပြောနိုင်ပေ။

"လာခဲ့စမ်းပါ၊ ငါ့အနားကို။ မင်းကို ငါ ဘာမှမလုပ်ဘူး။ မင်းငိုက်ရာကနေ အိပ်ပျော်သွားရင်သေမှာစိုးလို့။ လာ - ငါ့အနားမှာနေ"

ဦးထွန်းမြအောင်သည် မချင့်မရဲဖြင့် ဘိုးသြဘာ၏ အနားသို့ တစ်လှမ်းချင်းတိုးသွား၏။ တစ်လံကွာခန့်အရောက်တွင် ရပ်လိုက်သည်။

"အေး၊ အဲဒီမှာထိုင်"

ဟု ပြောပြီး ဘိုးသြဘာသည် သူ့လွယ်အိတ်ထဲကို လက်နှိုက်၏။ လက်ကိုပြန်နုတ်သောအခါ ပုတီးတစ်ကုံး ပါလာသည်။

"ရော့ - ဒီပုတီးနဲ့ ဘုရားဂုဏ်တော်ကို သုံးပတ်စိပ်။ ဗုဒ္ဓဂုဏ်တော်သုံးပတ်ပြည့်ရင် သရဏဂုံကို ဆယ်ခေါက်ပွား။ သရဏဂုံကို ပွားတဲ့အခါ ပုတီးစိပ်စရာမလိုဘူး။ ပုတီးစိပ်တဲ့အခါရော သရဏဂုံကို ပွားများတဲ့အခါပါ အတတ်နိုင်ဆုံး သမာဓိစိတ်ကို ရအောင်ယူ။ စိတ်ကိုမပြန့်လွင့်စေနဲ့"

ဦးထွန်းမြအောင်လည်း ဘိုးသြဘာခိုင်းသည့်အတိုင်း ဗုဒ္ဓဂုဏ်တော်ကို ပုတီးစိပ်ခြင်း၊ သရဏဂုံပွားများခြင်းတို့ကို ပြုလုပ်လေ၏။ ဆယ့်ငါးမိနစ်ခန့်ကြာလျှင် မျက်စိကိုဖွင့်ကြည့်လိုက်၏။ ဘိုးသြဘာကစိုက်ကြည့်နေရင်း -

"ငါပြောတဲ့အတိုင်း ဗုဒ္ဓဂုဏ်နဲ့ သရဏဂုံခေါက်ရေ ပြည့်ပြီလား"

"ပြည့်ပြီ ဘိုး"

"ပြည့်ရင် ခုတင်ကစားလိုက်တဲ့ အာဟာရအတွက် မေတ္တာပွားရဦးမယ်။ ဒီအနီးနားပတ်ဝန်းကျင်မှာရှိကြတဲ့ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်တွေကစပြီး သက်ရှိသတ္တဝါအားလုံး သုံးဆယ့်တစ်ဘုံ စကြဝဠာအနန္တတိုင်အောင် မေတ္တာပို့ပွား။ အတတ်နိုင်ဆုံး စိတ်ကိုငြိမ်အောင်ထားပြီး မေတ္တာသမာဓိကို ရအောင်ပွား"

ဦးထွန်းမြအောင်မှာ ဘိုးသြဘာ ခိုင်းသည့်အတိုင်း မေတ္တာကမ္မဋ္ဌာန်းကို ပွားများရပြန်သည်။ အိပ်ငိုက်မည်စိုး၍ သမာဓိကိုတည်အောင်ထားပြီးပွားများသည်။ မေတ္တာစိတ်ကိုလည်း ရည်စူးသော အရပ်ကိုရောက်အောင် မလွှတ်တမ်း ပွားများသည်။ ထို့နောက် မျက်စိကို ဖွင့်ကြည့်လိုက်သည်။

"ငါပြောတဲ့အတိုင်း မေတ္တာပို့လို့ အဆင်ပြေရဲ့လား"

"ပြေတယ် ဘိုး"

"အေး-ဒါဆိုရင်မင်းအိပ်တော့"

အစကမူ ကမူးရှူးထိုးအိပ်ချင်သည်။ ယခုထိုသို့မဟုတ်ပေ။ ဗုဒ္ဓရမ္မဏသမာဓိနှင့် မေတ္တာသမာဓိတို့၏ အဟုန်ကြောင့်ထင်သည်။ စိတ်နှလုံးကိုယ်လက်များ ပေါ့ပါးပြီးရွှင်သောနှလုံးဖြင့်သာ ကြည်လင်လျက်ရှိ၏။ အိပ်ချင်စိတ်သည်လည်း လေးတေးတေးကြီး မဟုတ်တော့ပေ။ သို့သော်လည်း သဲပေါင်တွင် ခေါင်းပေါင်း၊ ပုဆိုးကိုဖြန့်ခင်းပြီး အိပ်ချလိုက်၏။

အိပ်ပျော်နေရင်းပင် ဦးထွန်းမြအောင်၏ကိုယ်ခန္ဓာသည် ကောင်းကင်တွင် ပျံနေသကဲ့သို့ရှိသည်။ အလွန်အမင်း ပေါ့ပါးနေသည်။ သွေးလေများ လေးဖင့်ချောက်ချားခြင်းလည်း မရှိပေ။ သဲပေါင်တွင် အိပ်နေရသည်ပင်လျှင် ငှက်ပျောရွက်ပေါ် တက်အိပ်ရသလို အမြင့်တစ်နေရာ၌ ကြေးမုံမှန်ပြင်တွင် အိပ်နေရဘိသကဲ့သို့အလားရှိနေလေသည်။

"ဟိုက်ကောင်၊ ထတော့"

"ဘိုးသြဘာက အော်နိုးလိုက်၍ ဦးထွန်းမြအောင် ဆတ်ခနဲထထိုင်လိုက်၏။

"သွား၊ သဲတွင်းမှာ မျက်နှာသစ်ချေ"

ဦးထွန်းမြအောင်သည် မျက်နှာသစ်၏။ ကုပ်ပိုးကိုရေဆွတ်၏။ အလွန် ကြည်လင်သန့်ရှင်းသော စိတ်နှလုံးနှင့် ပေါ့ပါးသွက်လက်သောခန္ဓာကိုယ်ကြောင့် အလိုလိုပင် ထခုန်ချင်စိတ်ပေါက်လာ၏။ ဘိုးသြဘာက ဦးထွန်းမြအောင် တက်ကြွနေသည်ကို ကြည့်ကာ -

"မင်းအင်္ဂလိပ်သံကြီးဝန်ထောက်ကြီးကို လက်ရဖမ်းပေးနိုင်မလား"

ဟု မေးသည်။

"ဟာ- ဖမ်းတာပေါ့ ဘိုးရယ်။ အခု ငါးမိနစ် ဆယ်မိနစ်အတွင်း ကြိုးတုပ်ပြီး ထမ်းယူလာခဲ့မယ်"

ဘိုးသြဘာ တစ်ချက်ပြုံးလိုက်ပြီး -

"တော်စမ်းပါ၊ မင်းမှာ အခုရှိနေတဲ့အားတွေကို သမာဓိနဲ့ထိန်းထားနိုင်ရင်တော့ တည်ပါလိမ့်မယ်။ အိမ်ထောင်ရေးမှာသာ သွားသုံးရင်တော့ တစ်ပတ်ခံရင် ကံကောင်းပဲ"

ဟု ပြောပြီး ဘိုးသြဘာ အသံထွက်အောင် ရယ်လေ၏။ ထို့နောက်နေလည်းအေးပြီဖြစ်၍ ကျောက်လုံးအိုင်နားမှ ထွက်လာခဲ့ကြသည်။

(ဆက်ရန်)

မင်းဟိန်းထိုက်

**စာကြွင်း**

*၁။ ဘိုးသြဘာ ပြောသည့် အတိုင်း မှန်၏။ တစ်ပတ်အတွင်းမှာပင် ဦးထွန်းမြအောင်၏ အင်အားများ ကုန်ခန်းပြီး နဂိုမူလအတိုင်း ပြန်ဖြစ်သွားလေသည်။*

*၂။ ဦးထွန်းမြအောင်တို့ ငယ်စဉ် ဘိုးသြဘာကို တွေ့ဖူးစကပင် အသက် (၅၀) အရွယ်သည် နောက်ထပ် နှစ်ပေါင်း (၄၀) တွင်လည်း ထိုအရွယ်သာ ဖြစ်သည်။*

*၃။ ဤသည်မှာ ဘိုးသြဘာသည် ဦးထွန်းမြအောင်နှင့် စားခဲ့ရသော အာဟာရမျိုးကို စားသုံးနေရ၍ ပြည့်ဖြိုးလာသောအားကို ထိန်းထားလေသလားဟု ယူဆရသည်။*



www.burmeseclassic.com

www.burmeseclassic.com

မင်းဘူး-ပုလဲဥတ္တမ

# ကဝေ့ပြင်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ဓမ္မာရုံ၌ ဖြစ်၏။ ၂၀၁၁ ခု၊ မေလအတွင်းဝယ် တရားဟော ဓမ္မကထိကအကျော် ဆရာတော်က ဟောပြော ချီးမြှင့်သော တရားပွဲ ဖြစ်သည်။ ဆရာတော်သည် တစ်ဖက်က ပရိယတ္တိ စာချလုပ်ငန်း တစ်ဖက်၊ ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများတစ်ဖက်နှင့်မို့ ဤဓမ္မာရုံတွင် တရားချီးမြှင့်ခြင်း ဆက်တိုက်မပြုနိုင်။ နှစ်ရက် ပေးလိုက်၊ သုံးရက်ပေးလိုက်နှင့် ဖြစ်သည်။ တစ်ရက်တွင် ဆရာတော်က တရားဟော အတွေ့အကြုံတစ်ရပ်ကို ထည့်သွင်းဟောပြောခဲ့သည်။

'လွန်ခဲ့တဲ့ နှစ်များစွာတုန်းကပေါ့၊ ဘုန်းကြီးရဲ့ဆွေမျိုးတစ်ယောက် ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက်နေလို့ ဘုန်းကြီးလည်း လူနာမေးသွားခဲ့တယ်။ ဒါနဲ့ ဘုန်းကြီးက ယခုရွတ်ဖတ်သောပရိတ်သည် ဤအခန်းပရဝဏ်အတွင်းအတွက်သာ ဖြစ်သည်လို့ အဓိဋ္ဌာန်လိုက်တယ်။ ပြီးတော့ မေတ္တာသုတ်ကို စတင် ရွတ်ဖတ်ခဲ့တယ်။ အဲဒီတုန်းမှာပဲ ကလောက်ဆိုတဲ့အသံကို ကြားရတယ်။ ပိတ်ထားတဲ့ ပြတင်းပေါက် ကန့်လန့်မင်းတုပ်ဟာ မည်သူမျှမဖွင့်ဘဲနဲ့ သူ့ဘာသာလည်ပြီး အပေါ်တက်ကာ ဖွင့်မယ့်အနေအထား ရောက်သွားတယ်။ ပြီးတော့ ပြတင်းပေါက်တံခါး ကျွီဆိုနှစ်ချပ်လုံးပဲ လူကဆွဲဖွင့်သလို ပွင့်သွားတယ်။ အဲဒီနောက် အခန်းထဲကို အင်မတန်စူးရှတဲ့ အပုပ်နံ့ကြီး ဝင်လာခဲ့တယ်။ ဘုန်းကြီးလည်း မေတ္တာ





www.burmeseclassic.com

www.burmeseclassic.com

ပို့ အမှုပေးလိုက်ပါတယ်။ နောက်နှစ်ရက်ခန့်လည်းကြာရော ဆွေမျိုးလူနာလည်း ဆုံးတော့တာပါပဲ'

ကျွန်တော်က ဆရာတော်၏ တစ္ဆေပုံပြင်ကို နားထောင်ပြီးသကာလ ဖိလစ်ပိုင်လူမျိုးပြောသည့် တစ္ဆေပုံပြင်ကို သတိရမိသည်။

၁၉၉၃ ခုနှစ် ဒုတိယ ၆ လ ပိုင်းက ဖြစ်၏။ မကာအိုမြို့တွင် ဘဏ်လုံခြုံရေးတာဝန် ထမ်းဆောင်နေသော ကျွန်တော့်အား လုံခြုံရေးကုမ္ပဏီက ဘဏ်ပိတ်ရက် တနင်္ဂနွေနေ့များတွင် မကာအို ဂီတပညာသင်ကျောင်း(အိုင်စီအမ်-၃) ၌ တာဝန်ချသည်။ ယင်းဂီတကျောင်းသည် အခြား မော်ကွန်းတိုက်၊ စာကြည့်တိုက်၊ ပန်းချီသင်တန်းကျောင်းတို့ကဲ့သို့ပင် မကာအို ယဉ်ကျေးမှုဝန်ကြီးဌာန၏ အောက်တွင် ရှိသည်။ ထိုစဉ်က တွဲကျသူမှာ ဖိလစ်ပိုင်လူမျိုး လောရင့်(စ်) ဖြစ်သည်။ လောရင့်(စ်)၏ ဇနီးသည် သန့်ရှင်းရေးကုမ္ပဏီတွင် အလုပ်လုပ်သည်။ အလုပ်ပြီးသော် အိမ်မပြန်ဘဲ ခင်ပွန်းတာဝန်ကျရာ နေရာတွင်လာနေကာ လောရင့်(စ်) အလုပ်ဆင်းမှ အိမ်သို့အတူပြန်ကြသည်။ 'ဘာလို့လဲ၊ နင်ကလည်း အလုပ်ပြီးရင် အိမ်တန်းပြန်ပြီး အိမ်မှာနားနေပေါ့။ အိမ်မှာနေရင်း အလုပ်ဆင်းမယ့် နင့်ယောကျ်ားအတွက် ဟင်းတွေ၊ ထမင်းတွေ ချက်ထားပေါ့' ဟု ပြောရာ ကြောက်လို့ အိမ်မပြန်တာဟု လောရင့်(စ်)၏ဇနီးက ပြောသည်။ သူတို့အိမ်မှာ သရဲခြောက်တယ်ဟု ဆိုသည်။ အိမ်မှာ လင်မယားနှစ်ယောက် အတူရှိနေတုန်းပင် ကက်ဆက်က မည်သူမျှ မဖွင့်ရဘဲ ကလောက်ဆို ခလုတ်က အောက်သို့ကျသွားကာ သီချင်းသံ ထွက်လာသည်ဟု ဆိုသည်။ ဒါဆိုရင်တော့ ဟုတ်သည်။ လောရင့်(စ်)၏ ဇနီးသည် သရဲတစ္ဆေသာ ကြောက်သည်၊ လူသေကောင်ကို သူမ မကြောက်ပါ။ သူ၏ သန့်ရှင်းရေးတာဝန်က မကာအိုမြို့ စန်းတင်ဆေးရုံကြီးဖြစ်ပြီး တစ်ခါတလေ အခုလေးတင် သေသွားတဲ့လူသေ ဘေးမှာထားလို့ ထမင်းစားကြရတာပဲဟုလည်း ပြောသည်။ ကြောက်မှန်းသိ၍ ကျွန်တော်က သူ့ကို စ,သည်။ ညနေ ၆ နာရီတွင် အပေါ်တက်၍ ပေါ်တူဂီအလံကိုချသည်။ (ထိုအချိန်က မကာအိုသည် ပေါ်တူဂီ ကိုလိုနီအချိန် ဖြစ်သည်။) ချလာသောအလံကို တန်းလျားပေါ်၌ လှဲအိပ်နေသော လောရင့်(စ်)၏ဇနီးအပေါ် လွှမ်းခြုံပေးရာ ငါလူသေကောင် မဟုတ်ဘူး ဆိုပြီး ထပြေးသည်။ စစ်အခမ်းအနားနှင့် သင်္ဂြိုဟ်သော အသုဘများတွင် ဤကဲ့သို့ နိုင်ငံတော်အလံကိုလွှမ်းပေးသည့်သဘော ကျွန်တော်ကနောက်ခြင်း ဖြစ်သည်။

တစ်ခါတော့ လောရင့် (စ်) က ပြော၏။ 'သချိုင်းမှာ တစ္ဆေမရှိဘူးကွ ဝမ်းရဲ' ဟုဆိုသည်။ သူက ကျွန်တော့်ကို 'ဝမ်း' လို့ပဲခေါ်သည်။ 'မင်း ဘယ်လိုလုပ် သိလို့လဲ' ဟု ကျွန်တော်က ပြန်မေးသည်။ 'ငါ့ကွာ အဖေနဲ့စိတ်ဆိုးပြီးတော့ အိမ်ပေါ်ကဆင်းလာပြီး အိပ်စရာနေရာမရှိတော့ သချိုင်းက အုတ်ဂူပေါ်မှာ အိပ်ခဲ့တာပေါ့။ တစ်ညလုံး လေကလေးတဖြူးဖြူးနဲ့ အိပ်လို့ကောင်းလိုက်တာကွာ။ ဘာတစ္ဆေမှ မရှိပါဘူး၊ ခြောက်တာမခံခဲ့ရပါဘူး' လို့ သူက ပြောသည်။ ဒါတင်မက သူက ကျွန်တော့်ကိုမေးလိုက်သေးသည်၊ 'တစ္ဆေက ဘယ်မှာရှိသလဲ သိလား'။ ကျွန်တော်က 'အင်း- ပြောစမ်းပါဦး' ဟု သူ့စကားကို ထောက်ပေးသည်။ 'ချပ်(ခ်ျ)(ဘုရားရှိခိုးကျောင်း) မှာ ရှိတာကွ' ဟု သူကဆိုသည်။ ကျွန်တော်က သူ့ကို တရုတ်လို 'ကောင်းချော်လား' လို့ ပြောလိုက်သည်။ ဤတရုတ်စကားကို ဖိလစ်ပိုင်လူမျိုး လောရင့်(စ်)နားလည်ပါသည်။ မကာအိုမှာ သူအလုပ်လုပ်တာ နှစ်အနည်းငယ်ရှိပြီမို့ အသုံးများသော တရုတ်စကားကို နားရည်ဝနေပြီ ဖြစ်ပါသည်။

ကွမ်တုံတရုတ်လို 'ကောင်းချော်လား' ဆိုသည်က 'တလွဲပြောတော့မယ်ကွာ' ဟု အဓိပ္ပာယ်ရ၏။ ကြည့်လေ- သူပြောတာက သချိုင်းမှာ တစ္ဆေ မရှိ၊ ဘုရားကျောင်းမှာရှိသည်တဲ့။ ဒါကြောင့် ကျွန်တော်က 'တလွဲကွာ' ဟု ပြောခြင်းပါ။ သူက စကားကို ဆက်လေသည်။

'ဟုတ်တယ်ကွ။ အဲဒီနေ့ကကွာ၊ ငါက ချပ်(ခ်ျ)ထဲက တန်းလျားပေါ်မှာ တစ်ယောက်တည်း အိပ်နေတာ။ ဘေးက စကားပြောသံတွေကြားရလို့ ခေါင်းထောင်ကြည့်တော့ ဘယ်သူမှလည်း မရှိဘူး။ လူရှိရင်မြင်နိုင်လောက်တဲ့ အလင်းရောင်လည်း ရှိနေတာပဲ။ သူတို့က ရယ်စရာတွေလည်း ပြောတယ်၊ ပြီးတော့ တို့ဌာနရဲ့သမိုင်းကိုလည်း ပြောနေကြတာ'

ဤကား ဖိလစ်ပိုင်ပြောသော တစ္ဆေပုံပြင်ပင်တည်း။

လောရင့်(စ်) တစ်ခါကလည်း ပြောဖူးသည်။ ကလေးဘဝတုန်းက ရွာပြင်တွင် အခင်းကြီးသွားနေစဉ် ဝတ်ဖြူအစုံနှင့် ဖာသာကြီးတစ်ဦးကို မြင်ရသည်။ ခန္ဓာကိုယ်နှင့်အောက်ပိုင်းသာမြင်ရ၍ မျက်နှာကိုမူ မမြင်ရဟုဆို၏။ သူက ကြောက်အားလန့်အားနှင့် အိမ်ပြန်ပြေးပြီး သူ့အဖေကိုခေါ်ရာ သူ့အဖေက သေနတ်ဆွဲပြီးလိုက်လာခဲ့သည်။ စောစောက သူမြင်ရသော ဝတ်ဖြူအစုံနှင့်ဖာသာကို မတွေ့ရတော့ပါဟု ဆိုပါသည်။ ဒါမျိုးကို မိတ်ဆွေ ဆရာဝန်ကလည်း ပြောဖူး၏။ ပြည်ရွှေဆံတော်ဘုရားကို ညဥ့်နက်မှသူတစ်ယောက်တည်း တက်သွားရာ အပေါ်လှေကားထစ်တွေကနေ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ယောက်ဆင်း လာတာမြင်ရ၏။ သို့သော် မျက်နှာကိုမူမမြင်ရဟု ဆိုလေသည်။ လောရင့်(စ်) ကလေးဘဝကမြင်ရသော ဝတ်စုံအဖြူနှင့်ပုဂ္ဂိုလ်မှာ သူတို့ဘာသာဝင်ဘိုးတော် ဖြစ်ပါလိမ့်မည်။ မိတ်ဆွေဆရာဝန် မြင်ရသော ရွှေဆံတော်ဘုရား စောင်းတန်းက ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်ကမူ မြန်မာဘိုးတော်ဖြစ်မည်ထင်ပါသည်။

ကျွန်တော်သည် ရုံးကြီးတစ်ရုံးတွင် ၁၈ နှစ် တာဝန်ထမ်းခဲ့သည်။ ပထမဦးဆုံး တာဝန်ထမ်းသော ရုံးကြီးသည် ရန်ကုန်မြို့ ကမ်းနားလမ်းတွင်ရှိကာ ဂျပန်ခေတ်က ကင်ပေတိုင်ရုံး ဖြစ်ခဲ့သည်။ နောက်-လွတ်လပ်ရေးရပြီးသောအခါ တရားရုံးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ကျွန်တော်တို့ ငယ်စဉ်က အမွေမှုဖြင့် ညီအစ်ကိုနှစ်ယောက် တရားရင်ဆိုင်စဉ် တရားခွင်၌ ညီက အစ်ကို့ကို သေနတ်ဖြင့် ပစ်သတ်သောအမှုသတင်းကို ဖတ်ခဲ့ဖူးသည်။ ယခု ကြီးလာသောအခါ ထိုစဉ်က တရားခွင်ရုံးခန်းလုပ်ရာ အခန်းကို ရောက်ခဲ့သည်။ တရားခွင်တွင် ပစ်ခတ်စဉ်က တစ်တောင့်သောကျည်ဆန်သည် ဘေးချော်ကာ အဝင်က ဆင်နားရွက်တံခါးကို ထိခဲ့သည်။ ယခုအခါ ထိုဆင်နားရွက်တံခါးမှာလည်း အပြောင်းအလဲမရှိဘဲ ကျည်ဆန်ဖြတ်သွားရာ အပေါက်ကလည်း ယခုတိုင် ရှိနေလေသည်။ ထိုရုံးမှသည် ရာထူးတက်ကာ သုတေသနဌာနသို့ ရောက်သည်။ ယင်း သုတေသနဌာန ဆိုသည်မှာ ယခင် ရှားဖရက်လမ်း၊ ယခု ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်မှာ ရှိသည်။ ယခု ဘဏ်နှစ်ခု ရှိသည်။ တစ်ခုက လမ်းထောင့်ရှိ ဘဏ် ၂ ဖြစ်ကာ တစ်ခုက ယခင် ကျွန်တော်တို့ဝင်၊ ထွက်ရာအပေါက် ဘဏ် ၄ ဖြစ်လို့နေ၏။

တစ်ရက်၌ တာဝန်မှူး ဂျူတီကျသည်။ တာဝန်မှူးတာဝန်က ညနေ ၅ နာရီမှ နောက်နေ့မနက် ၉ နာရီထိ ဖြစ်သည်။ ကျွန်တော်၏မိခင်ဌာနခွဲတွင် အချိန်ပိုတာဝန်ထမ်းသူတွေရှိနေသဖြင့် ည ၇ နာရီခန့်အထိ သူတို့နှင့်အတူ ရှိနေခဲ့သည်။ အားလုံးပြန်မည်ပြုတော့ ပြတင်းပေါက်တွေပိတ်၊ မီးခလုတ်တွေပိတ်ကာ အဝင်တံခါးကိုသော့ခတ်ပြီး အောက်သို့ဆင်းခဲ့သည်။ အောက်ထပ်တွင် ခဏနေသောအခါ ရှေ့က စကြံမှာလမ်းလျှောက်နေစဉ် ကျွန်တော်တို့အခန်းတမီးလင်းနေတာတွေ့ရသည်။ ကျွန်တော်ပဲ မီးခလုတ်တွေ အသေအချာပိတ်ခဲ့သောအခန်းက ယခု ဘာဖြစ်လို့ မီးလင်းနေရတာလဲ။ လုံခြုံရေးမောင်စိန်ထွန်းကိုခေါ်ကာ ဓာတ်လှေကားဖြင့်တက်ခဲ့သည်။ အဝင်တံခါးကိုသော့ဖွင့်၍ အခန်းကိုဝင်စဉ်မှာပဲ မီးကငြိမ်းသွားပြန်သည်။ မီးခေါင်းချောင်နေတာ ဖြစ်နိုင်သည်။ စောစောတုန်းက မီးခေါင်းချောင်ပြီး မီးငြိမ်းနေတာကို ခလုတ်ပိတ်ပြီးပြီထင်ခဲ့မိခြင်း ဖြစ်ပါသည်။ ယခု မီးလုံးခလုတ်ကိုပိတ်ခဲ့သည်၊ အခန်းတံခါးကိုသော့ပြန်ခတ်ပြီး ထွက်လာခဲ့၏။

ဓာတ်လှေကားမရောက်ခင်မှာ မိန်းတံခါးတစ်ခုရှိသည်။ ယင်းတံခါးကို ကျွန်တော်က ကုန်း၍သော့ခတ်နေစဉ်ဝယ် လုံခြုံရေးမောင်စိန်ထွန်းက 'ဟိုမှာ၊ ဟိုမှာ-မိန်းမတစ်ယောက် ဆံပင်ဖားလျားချလို့ စားပွဲပေါ်မှာထိုင်နေတယ်' ဟု အော်သည်။ တစ်ဖက်က ရုံးခန်းသည် စာနယ်ဇင်းဌာနဖြစ်သည်။ စာနယ်ဇင်းလုံခြုံရေးက ကုလားကြီး မာမက် ဖြစ်သည်။ 'လာပါကွာ၊ မာမက်ရဲ့မိန်းမ နေမှာပါ' ဟု မောင်စိန်ထွန်းကိုပြောပြီး အောက်သို့ဆင်းခဲ့ကြ၏။ ရုံးရှေ့ စကြံဝယ် မာမက်၏မိန်းမကို မြင်တော့ 'ဟာ၊ ဟာ' ဆိုပြီး အော်ပြန်သည်။ မာမက်တို့ကလည်း 'ဘာလဲ၊ ဘာလဲ' ဟုမေးကြ၏။ အပေါ်မှာ မိန်းမတစ်ယောက်ဟု မောင်စိန်ထွန်းက တုန်လှုပ်ချောက်ချားစွာ ပြောသည်။ သို့နှင့် 'ကဲ-လာပြန်တက်ကြည့်ကြမယ်' ဆိုကာ မောင်စိန်ထွန်းကိုခေါ်၍ သူမြင်ခဲ့သည်ဆိုသောစားပွဲဆီသို့ သွားကြည့်ကြသည်။ မည်သူမျှ မရှိပါ။ ရုံးခန်းအားလုံးကလည်း သော့ခတ်လို့ထားပါသည်။ သို့နှင့် အောက်သို့ပြန်ဆင်းခဲ့ကြ၏။ တိုးအေးသဘော်က ရန်ကုန်မြစ်အတွင်း နစ်စဉ်ဝယ် စာနယ်ဇင်းဌာနက လက်နှိပ်စက်စာရေးမတစ်ဦး ပါသွားကာ ကွယ်လွန်ခဲ့၏။ ယင်းအမျိုးသမီးသည် မကျွတ်မလွတ်ဆဲရှိနေခဲ့ဟန်တူပါ၏။ ယင်းကား ပြည်တွင်း၌ ကျွန်တော် ကြုံဖူးခဲ့သော တစ္ဆေပုံပြင်သာ ဖြစ်သည်။ ယင်းအဖြစ်ကလွဲသော် တစ္ဆေဇာတ်လမ်း၊ တစ္ဆေပုံပြင် ဟူ၍ တစ်ခါမှ မကြုံဘူးခဲ့ပါပေ။

တစ္ဆေပုံပြင် များစွာ ရှိသည်။ ကြုံဖူးသူလည်း ရှိသည်။ များသောအားဖြင့်တော့ ကြားဖူးသူများပဲ ရှိလေသည်။ တစ္ဆေဆိုတာ အခြောက်ခံချင်ပါတယ် ဆို၍လည်း ခြောက်ခံရသည် မဟုတ်ပါ။ အကြောင်းသင့်မှ တွေ့ကြရတာပါ။ ကျွန်တော့်သူငယ်ချင်း ဖိလစ်ပိုင်လူမျိုး လောရင့်(စ်)လိုသချိုင်းကုန်းကဂူပေါ် သွားအိပ်တာတောင်မှ တွေ့ခဲ့ရတာမှမဟုတ်ပါဘဲလား။ ဤတစ္ဆေ အနှီတစ္ဆေကို နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရသည်က မကာအိုမြို့ရောက်သွားတော့မှ ဖြစ်သည်။ ထိုမြို့သည် ခေတ်မီ တိုးတက်သည် ဆိုပေမယ့် မြို့ဟောင်း ဖြစ်၏။ ပေါ်တူဂီကိုလိုနီအဖြစ် ၁၉၉၉ ခုနှစ်ထိ နှစ်ပေါင်း ၄၀၀ ကျော် နေခဲ့သည်။ ပေါ်တူဂီ ကိုလိုနီဘဝက ဆောက်ခဲ့သောရုံးတွေက အတော် အိုဟောင်း၏။ တစ္ဆေတို့မည်သည် ညမှခြောက်သည်ဟု မထင်ပါနှင့်၊ နေ့မှာလည်း ခြောက်ပါ၏။ အေ. အမ်. စီ. အမ် ဆိုသည်က မကာအိုမြို့ ငွေကြေးဆိုင်ရာ အာဏာပိုင်အဖွဲ့ရုံး ဖြစ်၏။ ယခင်က ဆေးရုံဟောင်း ဖြစ်သည်။ စန်းတင်ဆေးရုံကြီး အသစ်ဆောက်ပြီးတော့မှ ဤအဆောက်အအုံကို အေ-အမ်-စီ-အမ်ရုံးအဖြစ် ပြောင်းလဲခဲ့ခြင်းပင်။ ဤရုံးတွင် တနင်္ဂနွေနေ့များ၌ ကျွန်တော်က အချိန်ပိုင်းတာဝန်ကို ၁၉၉၂ ခုနှစ်၊ ဇွန်လမှသည် ၁၉၉၃ ခုနှစ်၊ ဇွန်လခန့်အထိ ကျခဲ့ဖူးသည်။ လူဝမ်ကျွန်းက ဘီစီအမ်ဘဏ်လုံခြုံရေး ကျွန်တော့်ကို လုံခြုံရေးကုမ္ပဏီက တနင်္ဂနွေဘဏ်ပိတ်ရက်၌ နေ့တာဝန် အချိန်ပိုင်းချခြင်းပါ။ ထိုကာလအတွင်း နေ့တာဝန်တွင် မည်သည့်ထူးခြားချက်မျှ မတွေ့ခဲ့ပါ။ တစ်ညတော့ ညတာဝန် ကျခဲ့ဖူးပါသည်။ ယင်းရုံးကနေ အခြား နေရာသို့ အချိန်ပိုင်းတာဝန် ပြောင်းသွားခဲ့သည်။ တစ်ရက်၊ ရုံးပိတ်ရက် ဖြစ်သည်။ ယင်းရုံးရှိ နေ့တာဝန်ကျ ဖိလစ်ပိုင်သူငယ်ချင်းများထံ သွားရောက် လည်ပတ်ခဲ့သည်။ ဤရုံးကိုဝင်ဝင်ချင်း လော်ဆီခေါ် ဧည့်ကြိုကောင်တာ ရှိသည်။ ယင်းကောင်တာတွင် ကျွန်တော်က ဖိလစ်ပိုင်လေးများနှင့် ရပ်စကားပြောနေသည်။ ဤရုံးသည် ကုန်းမြင့်လေးမှာ ရှိသည်။ ရုံးအတက် လှေကားထစ် ၁၀ ထစ်ခန့်ကို ကျောက်ပြားခင်းထားသည်။ ယင်းကျောက်ပြားလှေကားထစ်ကို ရှူးဖိနပ်ဖြင့်တက်လာသော ခြေသံ တခွပ်ခွပ် ကြားရသည်။ သို့နှင့် ဖိလစ်ပိုင်လူငယ်တစ်ယောက်အား လူတစ်ယောက်လာ



www.burmeseclassic.com

www.burmeseclassic.com

နေတယ်၊ သွားကြည့်စမ်းပါဟုပြောလိုက်ပါသည်။ ဖိလစ်ပိုင်လူငယ်က သွားကြည့်သည်၊ မည်သူမျှ မရှိပါ။ ဤခြေသံကို ကျွန်တော်တင်မကဘဲ သူတို့လည်း ကြားပါသည်။ အချိန်က မွန်းလွဲ ၃ နာရီအချိန် ဖြစ်သည်။ ဒါကြောင့် တစ္ဆေဆိုတာ ညမှမဟုတ်၊ နေ့မှာလည်း ခြောက်သည်ဟု ပြောခဲ့ခြင်းပါ။

❂

စန်းတင် ဆေးရုံကြီး၌ တနင်္ဂနွေ အချိန်ပိုင်းကျစဉ်က ဖြစ်သည်။ ကျွန်တော်က ကားထားရာနေရာတွင် တာဝန်ကျသည်။ စာသင်ဆောင်လုံခြုံရေးကောင်တာတွင် သူငယ်ချင်း ဖိလစ်ပိုင်အမျိုးသမီးက တာဝန်ကျသည်။ ညနေ ၅ နာရီခန့်တွင် ဖိလစ်ပိုင်မက ကျွန်တော့်ဆီလာပြီး 'နေရာလဲပါ။ ဟိုမှာ ငါ တစ္ဆေခြောက်ခံရတယ်၊ မနေရဲဘူး' ဟု ပြောသည်။ ဘယ်လိုဖြစ်တာလဲ၊ ငါ့ကို ပြောပါဦးဟု မေးရာ အော်တိုမစ်တစ်မှန်တံခါးက အလိုလို ပွင့်သွားတယ်ဟု ပြော၏။ အော်တိုမစ်တစ်မှန်တံခါး ဆိုသည်က လူဝင်လာသည်နှင့် လူ့အရှိန်ဖြင့် တံခါးက ဘေးကိုပွင့်သွားသောတံခါး ဖြစ်သည်။ လူဖွင့်စရာမလိုပါ။ ယင်းတံခါးမျိုးသည် လေပြင်းတိုက်လျှင်လည်း သူ့အလိုလိုပွင့်တတ်သည်။ လေနည်းနည်းပြင်းက တံခါးမှာ ပွင့်လိုက်၊ ပိတ်လိုက်ပင် ဖြစ်နေတတ်သည်။ ထို့ကြောင့် လေတိုက်လို့ ပွင့်တာပါဟာ။ နင်ကလည်း၊ ကြောက်စရာမရှိ ကြောက်နေတာပဲဟု သူ့ကို ပြောလိုက်သည်။ သူက လေတိုက်လို့ပွင့်ရင် အပြင်တံခါးပွင့်မှာပေါ့ဟဲ့၊ ခုဟာက အတွင်းတံခါးပွင့်တာဟု ပြန်ပြောသဖြင့် သူ့ကို ကျွန်တော့်နေရာ၌ နေစေကာ ကျွန်တော်က သူ့နေရာသွားနေရသည်။ မှန်ပါသည်၊ အော်တိုမစ်တစ်တံခါးက နှစ်ထပ်ဖြစ်သည်။ လေတိုက်လို့ ပွင့်လျှင် အပြင်တံခါးပွင့်၊ ယင်းမှ လေဖြင့်ဝင်လာကာ အတွင်းတံခါးပါ ပွင့်ဆိုက လေကြောင့်ပွင့်တာ ဖြစ်နိုင်ပါ၏။ ယခု သူတွေ့ကြုံရသည်မှာ အပြင်တံခါးက လုံးဝမပွင့်ဘဲနှင့် အတွင်းတံခါးက သူ့အလိုလို ပွင့်သွားခြင်း ဖြစ်သည်။ အတွင်းတံခါးတစ်ချပ်တည်း လူမဝင်ဘဲ မည်သို့မျှမပွင့်နိုင်ပါ။ ပြီးတော့ ဤတံခါးကို သူက ရှောင်၍မရ၊ သူထိုင်နေသည့်ကောင်တာ၏ရှေ့တည့်တည့်တံခါး ဖြစ်၏။

အစိုးရ မော်ကွန်းတိုက်တွင် စနေ ညနေ ၇ နာရီမှ ည ၁၀ နာရီထိ၊ တနင်္ဂနွေကို မနက် ၉ နာရီမှ ည ၉ နာရီအထိ အချိန်ပိုင်းတာဝန်အဖြစ် ၁၉၉၅ ခု၊ ဇွန်လ ၁၀ ရက်နေ့မှ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်ထိ ကျခဲ့သည်။ တစ်ခုသော စနေ နေ့ခင်း ဖြစ်သည်။ ဓာတ်လှေကားက လူမပါဘဲ သူ့အလိုလို အပေါ်တက်သွားသည်။ မကာအို၌ ရုံးပိတ်ရက်ဖြစ်သော်လည်း မော်ကွန်းတိုက်က နေ့လယ် ၁၂ နာရီမှ ညနေ ၆ နာရီအထိ သုတေသီများအတွက် ဖွင့်သည်။ လာသောသုတေသီက တစ်ဦးခန့်၊ တစ်ခါတလေ နှစ်ဦးခန့် ရှိသည်။ ဧည့်သည်သုတေသီသည် စာဖတ်ခန်းကလွဲပြီး တခြားရုံးခန်းများသို့ မသွားရပါ။ ထိုအချိန်တွင် တာဝန်ကျ မော်ကွန်းလက်ထောက်တစ်ဦး (သုတေသီများကို ကူညီရန်) နှင့် ရုံးဝေယျာဝစ္စအလုပ်သမား အမျိုးသမီးတစ်ဦး ရှိပါသည်။ တစ်ခါတစ်ရံ ညွှန်ကြားရေးမှူး ဒါရိုက်တာ အမျိုးသမီး ရှိတတ်သည်။ ထိုနေ့၌ ဒါရိုက်တာ ဒေါက်တာ ဟဲလင်နာ ရှိနေသည်ကို ကျွန်တော် ကောင်းစွာ မှတ်မိသည်။ ပေါ်တူဂီ အရာရှိအမျိုးသမီးက ဒါရိုက်တာ တာဝန်ထမ်းနေခြင်း ဖြစ်သည်။

ဓာတ်လှေကားတို့မည်သည် လူမပါဘဲ အပေါ်သို့တက်ရိုးထုံးစံ မရှိပါ။ ခေတ်မီဓာတ်လှေကားများတွင် မတော့ အလိုအလျောက် အောက်ဆင်းသောစနစ် ပါရှိသည်။ လူတစ်ယောက် ဓာတ်လှေကားတွင်း ဝင်၍ အပေါ်ထပ်သို့တက်ကာ အပြင်သို့ ထွက်သွားမည်။ ခေတ်မီ ဓာတ်လှေကားစနစ်က ငါးမိနစ် လူမရှိဘဲ အပေါ်တွင် ရှိမည်၊ ငါးမိနစ်စေ့သော် အော်တိုမစ်တစ်စနစ်အရ အောက်သို့ပြန်ကျ၏။ ဤမော်ကွန်းတိုက်က ဓာတ်လှေကားတွင် ထိုသို့သောဓာတ်လှေကားစနစ်မရှိပါ၊ ဓာတ်လှေကားအိုကြီး ဖြစ်သည်။ ကဲ-ကောင်းပါပြီ၊ ရုံးတွင်းလူတစ်ယောက်က အောက်သို့ဆင်းရန်ခလုတ်နှိပ်၍ ဓာတ်လှေကားကိုခေါ်မည်၊ ခလုတ်နှိပ်ပြီးခါမှ ကိစ္စရှိ၍ သူ့အခန်း ပြန်သွားမည်၊ စောစောက ခလုတ်နှိပ်ထားသောကြောင့် ဓာတ်လှေကားက အပေါ်တက်သွားတာကော မဖြစ်နိုင်ဘူးလား။ ရုံးဖွင့်ရက် ဝန်ထမ်းအများကြီးရှိနေချိန်တွင် ဖြစ်နိုင်ပါသည်။ ယခုက စနေ ညနေခင်း ဖြစ်သည်။ မော်ကွန်းလက်ထောက်က သုတေသီနှင့်အတူ စာဖတ်ခန်းထဲမှာ ရှိနေသည်။ အလုပ်သမား အမျိုးသမီးက မီးဖိုချောင်ထဲမှာ ရှိသည်။ ဒါရိုက်တာက သူ့အခန်းမှာရှိနေသည်ကို သိအောင်ကြည့်ထားရသည်။ ဤကဲ့သို့ အပေါ်ထပ်တွင် လူတစ်ယောက်မှမရှိဘဲ ဓာတ်လှေကားက သူ့အလိုလို အပေါ်တက်သွားခြင်းက ခြောက်တာပဲ ဖြစ်သည်။

၂၀၀၁ ခုနှစ်၊ မေ ၃၁ ရက်ညမှစ,ကာ ဤရုံး၏ ညတာဝန် အမြဲတမ်းကျတော့မှ ဤရုံးရှိ မကျွတ်မလွတ်သောပုဂ္ဂိုလ်နှင့် ကျွန်တော်တို့ ပွဲကြီးပွဲကောင်းတွေ့တော့သည်။ ညတာဝန် ၂ နှစ်ခွဲလုံးလုံးကို ဤရုံးက တစ္ဆေနှင့်ရန်ဖြစ်ခဲ့သည်။ ကျွန်တော်ကလည်း ရွတ်ဖတ်နေသော ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ၊ ပရိတ်ကြီး ၁၁ သုတ်၊ ဓာရဏပရိတ်အားကိုးနှင့်မကြောက်ဘဲ တုံ့ပြန်သည်။ ပေါ်တူဂီတစ္ဆေဖြစ်သည်။ ပေါ်တူဂီလိုဆဲလျှင် ပိုဆိုးသည်။ မမြင်အပ်သောပုဂ္ဂိုလ်သည် ရုပ်ပစ္စည်းတစ်ခုကို ကိုင်တွယ်နိုင်သည်။ ကင်းလှည့်ရင်း အပေါ်ထပ်အိမ်သာဝင်ရာ ရေစင်တွင် ပန်းကန်ဆေးဖတ်က အလယ်ကောင်တွင်ရှိနေ၍ ဘေးက ပစ္စည်းထားသည့်ခွက်ထဲ ရွှေ့ခဲ့သည်။ နောက်နှစ်နာရီအကြာ အိမ်သာနောက်တစ်ခါဝင်ရာ ယင်းပန်းကန်ဆေးဖတ်က အလယ်ကောင်ပြန်ရောက်နေသည်။ ရုံးတစ်ရုံးလုံး ကျွန်တော်တစ်ယောက်လွဲပြီး မည်သူမျှမရှိပါ။ အေးအေး- နင်ပဲ ငါ့ကိုခြောက်နိုင်မလား၊ ငါက နင့်ကို ခြောက်မလားဆိုပြီး တစ်ရုံးလုံးပိတ်



www.burmeseclassic.com

www.burmeseclassic.com

၍ ၂၄ ပစ္စည်းတွေရွတ်ပစ်လိုက်၏။

ပဌာန်း ပစ္စယုဒ္ဒေသ ပါဠိနှင့် ပဌာန်း ပစ္စယနိဒ္ဒေသပါဠိတို့ကို မကောင်းဆိုးရွား အလွန် ကြောက်ပါသည်။ ထို့ကြောင့် ပဌာန်းပစ္စယုဒ္ဒေသခေါ် ၂၄ ပစ္စည်းကိုသာ ရွတ်ဖတ်ပါ။ ကင်းလှည့်သော နံပါတ်လေးအခန်းတွင် အော်တိုမစ်တစ်ရေစုပ်စက် ရှိသည်။ ယင်း ၂ မိနစ် တစ်ခါခန့် ဒုန်းဆိုမြည်ကာ မီးလုံးအနီကြီးလင်းသည်။ ယင်းမီးလုံးအနီဘေးတွင် အချိန်ထိုးခုံ ရှိ၏။ ယင်းခုံတွင် အီလက်ထရွန်နစ်ကီရီယာတို့က တီတီမြည်ကာ မီးနီလေးလင်းသည်။ တစ်ရက်တွင် ယင်းအချိန်ထိုးခုံတွင် ကီရီယာကိုထိုးခိုက် ရေစုပ်စက်ဘက်က ဒုန်းဆိုမြည်ကာ မီးလုံးကြီး လင်းသွားသည်။ ကျွန်တော့်ကီရီယာက မြည်သံနှင့် မီးနီလေးကို မကြားရ၊ မမြင်ရတော့ပါ။ ထိုးပြီးပြီအောက်မေ့ပြီး နံပါတ် ၅ အခန်းသို့ကူးသွားကာ အချိန်ထိုးသည်။ နံပါတ် ၄ မမိခဲ့သည်မို့ နံပါတ် ၅ ကို ထိုး၍မရတော့ပါ။ နံပါတ် ၄ ကို ပြန်သွားရသည်။ အခန်းချင်းကပ်လျက်မို့ တော်ပါသေးသည်။ နောက်တစ်ခါ ဤသို့ ဖြစ်ပြန်သည်။ သို့နှင့် နောက်အခန်း ၄ သို့ ဝင်မည်ပြုသော် သတိနှင့်သွားသည်။ အချိန်ထိုးခုံအပေါ်သို့ ကီရီယာတင်သည်နှင့် ဒုန်းဆိုမြည်ကာ မီးလုံးနီကြီး လင်းသည်။ 'ဟေတုပစ္စယော' ဟု အကျယ်ကြီး အော်လိုက်သည်။ 'ဟင်' ဆိုသောအသံ ကြားလိုက်ရသည်။ နောင်နံပါတ် ၄ အခန်းသို့ ဝင်သော် ကျွန်တော် အချိန်ထိုးချိန်နှင့် ရေစုပ်စက် ဒုန်းမြည်သံတို့ တိုက်ဆိုင်ခြင်း မရှိတော့ပါ။

ညဘက် ပဌာန်းပစ္စယနိဒ္ဒေသ ရွတ်နေလျှင် ယင်း မကောင်းဆိုးဝါးသည် တုတ်တုတ်မျှမလှုပ်ရဲ။ မနက်လင်း၍ ပညာသုတ်များဖြစ်ကြသော ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်များရွတ်နေလျှင်မူ အဝင်ဝ လူရိပ်ဖမ်းမြည်သော လျှပ်စစ်ခေါင်းလောင်းက မည်သူမျှမဖြတ်ဘဲ 'တီးတောင်၊ တီးတောင်' မြည်ကာ နှောင့်ယှက်လေသည်။ ကင်းလှည့်ပြီး ကြား နှစ်နာရီမှာ ကျွန်တော် အိပ်သည်။ အိပ်ပျော်နေပြီဆိုလျှင် ယင်းခေါင်းလောင်းက 'တီးတောင်၊ တီးတောင်' နှင့် မြည်သည်။ မကောင်းဆိုးဝါးက အိပ်မရအောင် နှောင့်ယှက်ခြင်းပင်။ ဘာကြောင့်လဲတော့မသိ၊ 'သာဓု . . သာဓု . . သာဓု' ဟု ခေါ်လိုက်သော် ထိုညအဖို့ နောက်ထပ်မနှောင့်ယှက်တော့ပါ။ နှစ်နာရီ တစ်ခါထရန် နာရီကိုနှိုးစက်ပေးထားရာ နှိုးစက်ကိုလာ၍ပိတ်ထားသည်။ မိုဘိုင်းဖုန်း နာရီနှိုးစက်ပေးပြီးတင်ထားရာ ရိုးရိုးနာရီရော မိုဘိုင်းဖုန်းနှိုးစက်ကိုပါ ပိတ်သည်။ မိုဘိုင်းဖုန်းနှိုးစက်ပေးပြီး ရှပ်အင်္ကျီအိတ်ထဲ ထည့်ထားရပါသည်။ ပဌာန်းတန်ခိုးကြောင့် လူကိုတော့ထိရဲဟန်မတူပါဘူး။ သူရဇ္ဇမဂ္ဂဇင်းကို အေးဂျင့်ထံက ဝယ်ဖတ်ရင်း သူရဇ္ဇမဂ္ဂဇင်းပါ 'စမ' တစ်ခုကို မိတ္တူကူး၊ ပလတ်စတစ်လောင်းပြီး နာရီကိုနှိုးစက်ဖွင့်၍ နာရီပေါ်တင်ထားသည်။ 'စမ' တန်ခိုးကြောင့် ဒီတစ်ခါတော့ နာရီနှိုးစက်ခလုတ်ကို မကောင်းဆိုးဝါး မထိရဲတော့ပါ။

အဝေးပြေးမှာတုန်းက သူရဇ္ဇမဂ္ဂဇင်း အပါအဝင် ဘာသာရေးနှင့် ဂမ္ဘီရမဂ္ဂဇင်းများကို အေးဂျင့်ထံက ဝယ်ယူဖတ်ရှုခဲ့သည်။ မဂ္ဂဇင်းတစ်စောင်တွင် စာရေးသူတစ်ဦးက လွန်ခဲ့သော ခုနစ်နှစ်ခန့်က ကွယ်လွန်ခဲ့သောမိခင်က အိပ်မက်ပေးကြောင်း၊ အိမ်က ပန်းကန်သေတ္တာအောက်ခြေရှိ သတင်းစာစက္ကူကို လှန်လိုက်ပါ၊ ငွေတစ်သောင်းထားခဲ့ကြောင်း၊ ယင်းငွေကိုယူ၍ တရုတ်လူမျိုးတို့၏ထုံးစံ တမလွန်ငွေစက္ကူဝယ်၍ပို့ပေးစေလိုကြောင်း၊ အမေ ဖဲရှုံးနေကြောင်း စသည်ဖြင့် ရေးသားပါရှိခဲ့သည်။ အဝေးကပြန်လာပြီးသော် တစ်ရက်တွင် အဆိုပါ စာရေးသူနှင့်လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ဆုံ၍ ယင်းအကြောင်းကို ပြောပြသည်။ ယင်းစာရေးသူက ဟုတ်တယ်၊ တစ်ဆယ်တန် အပြာရောင် 'စံလင်း' စက္ကူတွေဟု ပြော၏။ ထိုအခါ ယင်းစားပွဲတွင်ထိုင်နေသော အခြားပုဂ္ဂိုလ်တစ်ဦးက 'တစ္ဆေက ဖဲရိုက်ရတယ်လို့' ဟု သရော်လေသည်။ ယင်းပုဂ္ဂိုလ်သည် ဤတမလွန်လောကအကြောင်း မယုံကြည်ရအောင် သိပ္ပံပညာရှင်ကြီးလား ဆိုတော့လည်း မဟုတ်၊ ပရိယတ္တိစာတတ်လားဆိုတော့လည်း ပရိတ်ကြီးတောင်မရတဲ့သူ။ ငါ့စကား နွားရ ပြောလိုက်သူသာ ဖြစ်သည်။ သူများပြောသမျှအမှား၊ ကိုယ်ပြောသမျှအမှန်သာဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိကြီးသူသာ ဖြစ်သည်။

ဆရာဝန် တင်ရွှေသည် အမ်ဘီဘီအက်(စ်) ဘွဲ့ရ ဆရာဝန် ဖြစ်သည်။ ဇနီးသည်ဘက်က တရုတ်သွေးပါ၍ အိမ်တွင် တစ္ဆေကြီးပွဲကျွေးမွေးပြုလုပ်ခဲ့ကြောင်း၊ ကျွေးမွေးပြီးပါက စားသောက်ပြီးလျှင် ကြွလိုရာကြွနိုင်ပါပြီဟု ပြောကာ ဝါးပြားလေးတွင်အကြွေစေ့များတင်၍ လေထဲသို့မြှောက်ရကြောင်း၊ ခေါင်းချည်းကျပါစေ, ပန်းချည်းကျပါစေဟုပြောရကြောင်း၊ တစ်ခါသော် လူငယ်တစ်ယောက်က နောက်ပြောင်၍ စားပြီးလည်း ကြိုက်သလောက်နေကြပါဟု ပြောခဲ့ကြောင်း၊ ထိုအခါ အကြွေစေ့ကို ထုံးစံနှင့်အညီ မည်သို့မျှမြှောက်၍မရကြောင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်က တောင်းပန်ပြီးခါမှ ထုံးစံနှင့်အညီ မြှောက်ရာ အကြွေစေ့ ခေါင်းချည်းကျခဲ့ကြောင်း ရေးသားသည်ကို တစ်ခါက ဖတ်ခဲ့ရဖူးပါသည်။ ဤကဲ့သို့ သိပ္ပံသမား ဆရာဝန်ကပင် လက်ခံရေးသားခဲ့သောကိစ္စကို မိမိကိုယ်တိုင်လည်း ဤတမလွန်လောကအကြောင်း နားမလည်ဘဲ သရော်သည့်ပုဂ္ဂိုလ်သည် နေရာတကာ လူစွာလူတတ်လုပ်ချင်သူမို့ပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော်က ဒါတွေ ရေးဖြစ်နေသည်မှာ ယုံပါဟုဇွတ်တိုက်တွန်းနေမဟုတ်ပါ။ သို့သော် လောကတွင် မိမိသိနားလည်ခြင်းမရှိသော ပညာတွေ၊ အကြောင်းအရာတွေ ရှိသေးသည် ဆိုသည်ကို လက်ခံဖို့ရန်အတွက်သာ ပြောတာပါ။ သိပ္ပံပညာသည် အကန့်အသတ်သဘော ရှိနေသောပညာသာ ဖြစ်သည်။ နာမ်လောကနှင့်သိပ္ပံပညာ မည်သို့မျှ မဆိုင်ချေ။ သိပ္ပံဆိုသည်မှာ လက်တွေ့စမ်းသပ်မှု ရှိရသည်။ နာမ်လောကသည် လက်တွေ့စမ်းသပ်မှုလွန်လောက ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားသော တရားတော်တွင် ၃၁ ဘုံအကြောင်းပါသည်၊ အပါယ် ၄ ပါးအကြောင်းပါသည်။ သရဲတစ္ဆေသည်



www.burmeseclassic.com

www.burmeseclassic.com

# ဖောက်၊ သန်း ကင်းအောင် ကျိန်နည်းဆောင်



ဦးခေါင်းအရေပြားမှ ဖောက်များထသဖြင့် အလွန် ယားလှပါသည်။ တဗျင်းဗျင်းကုတ်ရသဖြင့် အရေပြားနာကျင်ပြီး ဆံပင်များလည်း ကျွတ်ထွက်သည်။

ဖောက်ထရသည့်အထဲတွင် သန်းမ၊ သန်းထီးတို့ ကြီးထွားပေါက်ပွားကာ ခေါင်းတုံးရိတ်ပစ်ချင်စိတ်ပင် ပေါက်လာရပါသည်။

ဖောက်သေ၊ သန်းကင်း၊ ဆံပင်မည်းနက် ပျော့ပျောင်း သန်မာသည်ဆိုသော ခေတ်ပေါ် ခေါင်းလျှော်ရည်တွေနှင့် လျှော်ကြည့်သည်။ ၃ ကြိမ်လောက်လျှော်လိုက်ရာ ဆံပင်ကျွတ်၊ ဆံပင်ပြတ်၊ ဆံပင်အပေါက်ကြသွားသည်။ မဖြစ်၊ မဖြစ်တော့။ နည်းလမ်းရှာကြံရပါတော့သည်။

လိုလျှင်ကြံဆ နည်းလမ်းရဆိုသလို နောက်ဆုံးမှ မိမိတို့ မြန်မာ့ရိုးရာနည်းစနစ်ကသာ အကောင်းဆုံး ဖြစ်သည်ကို သိလိုက်ရပါသည်။ ထိုနည်းမှာ ဈေးမှ အဝါရောင်သမ်းပြီး ရင့်သော ရှောက်သီးတစ်လုံး၊ သံပရာသီးတစ်လုံး ဝယ်ပါ။

ထို့နောက် ရှောက်သီးကိုထက်ခြမ်းခွဲပြီး တစ်ခေါင်းလုံး နှံ့အောင် ပွတ်တိုက်ပေးပါ။ ရှောက်သီးနှစ်ခြမ်းနဲ့ ပွတ်တိုက်ပြီးလျှင် ခေတ္တနားပါ။

ပြီးနောက် သံပရာသီးကိုလည်း ထက်ခြမ်းခွဲပြီး ဦးခေါင်းအရေပြားထိ စွတ်စိုအောင် ဖြည်းဖြည်းရွရွ ပွတ်တိုက်ပေးပါ။

ပြီးပြီဆိုမှ ပွတ်တိုက်ပြီးသော ရှောက်သီးခွံ၊ သံပရာသီးခွံများကို ကင်ပွန်းသီး ၅ တောင့်နှင့် ပြုတ်ကျိုပြီး တစ်ပွက်၊ နှစ်ပွက်ဆူလျှင် အအေးခံပါ။ ထိုပြုတ်ရည်နှင့် ခေါင်းလျှော်ပေးလိုက်ပါ။

တစ်ပတ် ၁ ကြိမ်၊ ၃ ကြိမ်ပြုလုပ်ပြီးပြီဆိုလျှင် ဖောက်၊ သန်းကင်းပြီး ဦးခေါင်းမှာ အေးမြပေ့ါပါး လန်းဆန်းနေပါလိမ့်မည်။ အသုံးပြုပြီးသောနည်းစနစ်ဖြစ်၍ တင်ပြအပ်ပါသည်။

*ကျန်းမာ၊ ချမ်းသာ လန်းဖြာကြပါစေ*

နတ်မောက်-လှမြင့်သစ်

---

အပါယ် ၄ ပါးတွင်ပါသော ပြိတ္တာပေတ ဖြစ်သည်။ 'အပါယ် ၄ ပါးကို မယုံဘူးလား' တရားတော်အား အလုံးစုံ မယုံကြည်ရာရောက်သည်။

စပ်လျဉ်း၍ ဆရာတော် (အရှင်အာဒိစ္စရံသီ) ရေးသားခဲ့သည်များကို ပြောပြလိုပါသည်။ စာရေးဆရာဆန်းလွင်သည် ဒဿနိကဗေဒဌာနက ဆရာတစ်ဦး ဖြစ်သည်။ ဆရာသည် မူလက ဗုဒ္ဓဘာသာဝင် မဟုတ်ဘဲ ဘာသာခြား ဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် အမှုထမ်းနေစဉ် ဆရာ ဒေါက်တာ ခင်မောင်ဝင်းက ဆရာဆန်းလွင်ကို ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့သည်။ နောက်ဆုံး ရဟန်းဝတ်နှင့် တောင်ငူ မြတ်စောညီနောင်ဘုရားတွင် ပျံလွန်တော်မူခဲ့သည်။ ဆရာက ရှင်အာဒိစ္စရံသီဘွဲ့နှင့် ဗုဒ္ဓစာပေ၊ ဝိပဿနာပညာစာအုပ်များ ရေးသွားခဲ့သည်။

ဆရာ၏ 'ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သူ လူတစ်ယောက်အကြောင်း' စာအုပ်ကိုဖတ်ကြည့်ပါ။ မူလက ၄ တွဲရှိပြီး စုပေါင်းထုတ်ထားတာလည်း ရှိသည်။ ယင်းစာအုပ်တွင် ပဉ္စလက်, ရက္ခစိုးမှော်, တမလွန်လောကတို့ရှိကြောင်း၊ သူ လေ့လာလိုက်စားခဲ့ကြောင်း၊ သို့သော် အချည်းနှီးသာဖြစ်ပြီး ဝိပဿနာပညာကိုသာလိုက်စားကြပါဟု တိုက်တွန်းခဲ့သည်။

ကျွန်တော် ပြောလိုသည်မှာ ဗေဒင်ပညာရှိသည်၊ လက္ခဏာပညာရှိသည်၊ အယူတော်မင်္ဂလာခေါ်နိမိတ်ဖတ်သည့်ပညာ ရှိသည်၊ အခြား ဂမ္ဘီရပညာများစွာရှိသေးသည်။ နတ်ကို မယုံဘူးလား၊ နတ်စင်ကို ရိုက်ချိုးဖူးသလား။ ကျွန်တော်က နတ်စင်ရိုက်ချိုးခဲ့သူ ဖြစ်သည်။ အရပ်ထဲက နတ်စင်မဟုတ်၊ အိမ်ကနတ်စင်ဖြစ်သည်။ နတ်ကိုမယုံ၍ မဟုတ်၊ ကျွန်တော့်အိမ်တွင် ကျွန်တော့်ခွင့်ပြုချက်မရှိဘဲ ပိုင်စိုးပိုင်နင်း နတ်စင်ရိုက်သွားသောယောက္ခမကို အမြင်ကတ်၍ ရိုက်ချိုးခဲ့ခြင်း ဖြစ်သည်။ ၃၇ မင်းနတ်ဆိုတာ ရှိသည်။ သရဲ တစ္ဆေ ပြိတ္တာ မှင်စာ ဆိုတာ ရှိသည်။ ရက္ခစိုးဆိုတာ ရှိသည်။ မယုံလျှင်နေပါ၊ ကိုးကွယ်စရာ မလိုပါ။ မယုံလျှင်နေပါ၊ သူ့ကိုမစော်ကားပါနှင့်။ မပတ်သက်ပါနှင့်။ မသရော်ပါနှင့်။ မလှောင်ပြောင်ပါနှင့်။ မြန်မာစကားတွင် ဘီလူးစည်း၊ လူစည်းဆိုတာ ရှိသည်။ ကိုယ့်စည်းနှင့်ကိုယ် နေပါ။ အဲဒီလို မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တွေ၏အန္တရာယ်အပေး မခံရအောင် မိမိ၏စရဏကို ထူထောင်ထားပါ။ ပုတီးစိပ်နိုင်သော် ပုတီးစိပ်၊ ရွတ်ဖတ်နိုင်သော် ရွတ်ဖတ်။ ပဋ္ဌာန်း, ပရိတ်ကြီးရွတ်ဖို့ရာ သိပ်ခက်ခဲနေသလား၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဖတ်ပြီး စရဏထူထောင်၍ရသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ပဲ ဘုရားဂုဏ်တော် ကိုးပါးတော့ ရမည်ထင်သည်။ ဘုရားဂုဏ်တော်ကိုးပါးသည် တန်ခိုးရှိသည်၊ အကာအကွယ်ရှိသည်။ ဘာကြောင့်ပါလဲ။ ကိလေသာ လုံးဝကင်းစင်သော၊ အာသဝေါတရား ကင်းစင်သော ဘုရား၏ဂုဏ်တော်တွေမို့ပဲ ဖြစ်ပါသည်။

မင်းဘူး-ဗိုလ်ဥက္ကာမြ



www.burmeseclassic.com

www.burmeseclassic.com


# သွားချမ်းသာပင်

**ဗာတိဂုဏ်-မျိုးမြင့်အောင်**

ကျွန်ုပ်သည် ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်များကိုသာ အစဉ်တစိုက် ရေးသားလာခဲ့သူ ဖြစ်ပေသည်။ ယခုလည်း ကိုယ်တိုင် ရောဂါဆိုးတစ်ခုမှ အမှတ်မထင် လွတ်မြောက်ချမ်းသာခဲ့ရသည်ကို တင်ပြမည်ပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဘာမှတန်ဖိုးမရှိဟု ထင်မှတ်ရသော အရာတစ်ခုက တန်ဖိုးကြီးမားလှပါသည်ဟုဆိုသော အရာများထက်ပင် ပိုမို၍ အသုံးတည့်နေသည်ကို တွေ့ကြုံရတတ်ပါသည်။ လူသားတို့အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် အသုံးတည့်ခဲ့ပြီ ဆိုပါက လက်ဆင့်ကမ်းသင့်သည်သာပင် ဖြစ်၏။ ကောင်းမှုကို လက်ဆင့်ကမ်းခြင်းသည် မြတ်နိုးဖွယ်ရာမလေ့တစ်ခုဟု ဆိုရပါမည်။

လူသားတို့အတွက် အမြတ်ဆုံးသောလာဘ်တစ်ပါးသည် 'ကျန်းမာခြင်း' ဟုဆိုကြပါသည်။ ကျွန်ုပ်ကဲ့သို့ ကိုယ်တိုင်တွေ့ကြုံခံစားရလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ထိုရောဂါဝေဒနာမျိုး ခံစားနေရသူများကိုတွေ့ရှိရလျှင်သော် လည်းကောင်း မေတ္တာစိတ်ဖြင့်ယှဉ်၍ ကူညီနိုင်ကြစေရန် ရည်သန်၍ ရေးသားရခြင်း ဖြစ်ပါသည်။

၁၉၇၄ ခုနှစ်က ကျွန်ုပ်သည် မကွေးမြို့ မြသလွန်ဘုရား စောင်းတန်း၌ ဗေဒင်ဟောခန်းဖွင့်၍ထားပါသည်။ မှတ်မှတ်ရရ တပို့တွဲလထဲတွင် ဖြစ်ပါသည်။ ကျွန်ုပ်၌ ရေစီးတမ်းပြိုဟု ပြောကြသော ဝေဒနာတစ်ခုခံစားနေရသည်မှာ ၂ လနီးပါး ရှိနေပြီ ဖြစ်ပါသည်။ ထိုရောဂါ၏ လက္ခဏာမှာ သွားဖုံးများရောင်နေပြီး ထက်ဖြင့်ထိမိလျှင်ပင် အလွန် နာကျင်စွာခံစားရပါသည်။ သွားတို့၏ အခြေများမှ လည်းကောင်း၊ ရောင်၍နေသောသွားဖုံးများမှ လည်းကောင်း သွေးပုပ်များ အဆက်မပြတ် စိမ့်ထွက်နေပါသည်။ ဆိုးရွားသောအနံ့အသက်များထွက်ပေါ်နေသဖြင့် အနီးအနားတွင် ဆားကျက်ရေ အမြဲထားပေးရပါသည်။ မကြာခဏဆိုသလို ပလုတ်ကျင်းပေးရပါသည်။ သွားများမှာလည်း အခွေလိုက် ယိုင်နဲ့၍နေပါသည်။ ညှော်နံလျှင်သော်လည်းကောင်း၊ ခါတ်ချပ်လျှင်သော်လည်းကောင်း ပိုမို ဆိုးရွားလာပြီး အိပ်မရအောင် နာကျင်ကိုက်ခဲသော ဝေဒနာကို ခံစားရပါသည်။ ပါးစပ်မှလည်း မကောင်းသော အနံ့ဆိုးများ ထွက်၍နေပါသည်။ မိမိကိုယ်တိုင်ပင်လျှင် ထိုအနံ့ကိုမခံနိုင်ပါ။ နံနက်လင်းသည်နှင့် ရေနွေးတစ်အိုးတည်၍ ဆားကျက်ရေ ပြုလုပ်ထားရပါသည်။ ထိုဆားကျက်ရေဖြင့် မကြာခဏ ပလုတ်ကျင်းမှသာလျှင် သက်



လိပ်ဆူးရွှေပင် သို့မဟုတ် ဓန္တသုခပင်ကို အနီးကပ် မြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

သာရာရပါသည်။

ထိုကာလသည် ရွှေစက်တော်ဘုရားပွဲချိန် ဖြစ်နေသဖြင့် မကွေးမြသလွန်ဘုရား၌လည်း လွန်စွာစည်ကားလေ့ရှိပါသည်။ ဗေဒင်မေးသောသူများမှာလည်း အဆက်မပြတ်ရှိနေတတ်၏။ ထိုရက်စုများက ကျွန်ုပ်သည် ဆိုင်ကိုပိတ်ထားလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကဲ့သို့သော ဗေဒင်ဆရာတစ်ယောက်၏ ပါးစပ်မှ ဆိုးရွားသော အနံ့အသက်ထွက်ပေါ်နေစဉ် ဗေဒင်ဟောရန် မသင့်တော်၍ပင် ဖြစ်ပါသည်။ ထိုဝေဒနာ စတင်ဖြစ်ပွားချိန်က ဆေးခန်းသို့သွား၍ ဆေးထိုး၊ ဆေးသောက် ၁၀ ရက်ခန့် ပြုလုပ်ခဲ့ရာ အတော်ပင်သက်သာသွားခဲ့ပါသည်။ အလုပ်များနေသောအချိန်မျိုး ဖြစ်သဖြင့်လည်းကောင်း၊ ဘုရားစောင်းတန်းနှင့် သွားရမည့် ဆေးခန်းမှာ ဝေးကွာလှပြီး တကူးတကဖြစ်နေသဖြင့်လည်းကောင်း မသွားဖြစ်ခဲ့တာပါ။ တစ်ဖန်ကျွန်ုပ်နှင့်ရင်းနှီးသော မြန်မာဆေးဆရာကပေးသည့် စားဆေးနှင့် သွားဖုံးကိုသိပ်၍ပေးရသော ဆေးမှုန့်များဖြင့် ပြောင်းလဲ၍ကုသဖြစ်ခဲ့ပါသည်။ ထိုဆရာသည်လည်း ကျော်ကြားသူတစ်ဦးပင် ဖြစ်ပါသည်။

ထိုဆရာသည် မြသလွန်ဘုရားပေါ်သို့ နေ့စဉ် ပုတီးစိပ်လာသူ ဖြစ်သည်။ ကျွန်ုပ်အတွက် ဆေးကို သူနှင့်အတူ ယူဆောင်လာသဖြင့် အဆင်ပြေသည်။ ကျွန်ုပ်အဖို့ အလုပ်အကိုင်လည်းမပျက်၊ ငွေကုန်လည်းသက်သာသဖြင့် မြန်မာဆေးဖြင့် ပြောင်းလဲကုသခဲ့ခြင်း ဖြစ်ပါသည်။ သို့နှင့် ၁၅ ရက်ခန့်အကြာတွင် အတော်ပင် သက်သာသွားခဲ့ပြန်သည်။ ထိုဆရာ အဓိဋ္ဌာန်ခရီးထွက်သွားပြန်သဖြင့် ဆေးပြတ်သွားပြန်ပါသည်။ ကျွန်ုပ်လည်း သက်သာနေသည်ကတစ်ကြောင်း၊ အလုပ်များချိန်ဖြစ်နေသည်ကတစ်ကြောင်းတို့ကြောင့် နေမြဲတိုင်းပင် နေလိုက်ပါသည်။ ယခုတစ်ဖန် ပြန်လည်ဖြစ်ပေါ်လာသောအခါ၌ကား ဖော်ပြခဲ့သည့်အတိုင်း အလွန် ဆိုးရွားလှသဖြင့် ဆိုင်ပိတ်ရသည့်အဆင့်သို့ပင် ရောက်ရှိလာရခြင်း ဖြစ်ပါသည်။

ထိုနေ့ နေ့လယ် ၁ နာရီခန့်ချိန်တွင် ဖြစ်ပါသည်။ ဧရာဝတီမြစ်ဆိပ်ကမ်းသို့ရေချိုးသွားရန် မြသလွန်ဘုရား၏ အနောက်စောင်းတန်းမှ ဆင်းလာခဲ့ပါသည်။ စောင်းတန်းတစ်ဝက်ခန့် ဆင်းမိလျှင် ရေချိုး၍ပြန်တက်လာသော ဆရာငလေးဒေါ်ဉာဏနှင့် တွေ့ပါတော့သည်။ ကျွန်ုပ်တို့ မကွေးဒေသတွင် သီလရှင်များကို 'ဆရာလေး' ဟုသာ ခေါ်ဝေါ်လေ့ရှိကြပါသည်။ ဒေါ်ဉာဏသည် ကျွန်ုပ်၏ဆိုင်ခန်းအနီးရှိ ကျောင်းတိုက်၌ သီတင်းသုံးပါသည်။ ကျွန်ုပ်သည် ဆရာလေးအား အခါအားလျော်စွာ လှူဒါန်းလေ့ရှိပါသည်။

ကျွန်ုပ်ကိုမြင်သည်နှင့်-

"မောင်မျိုးမြင့်အောင် ဆိုင်မဖွင့်ဘဲ ဘာလို့ပိတ်ထားရတာလဲ"

"ဆရာလေးရေ၊ ကျွန်တော့်မှာ ရောဂါရနေတယ်။ ရေစီးကမ်းပြိုနာလို့ပြောကြတာပဲ။ သွားဖုံးတွေကနာ၊ သွားတွေကနဲ့၊ သွေးပုပ်တွေကလည်း တာရစပ်ထွက်နေတယ်။ အနံ့လည်း ဆိုးတယ်။ ဒါကြောင့် စကားပြောရတာ အဆင်မပြေတာနဲ့ဘဲ ဆိုင်ကို ခဏပိတ်ထားရတယ် ဆရာလေး"

"ဒါလေးများကွယ် စောစောကတည်းက ဆရာလေးကို ပြောပါလား၊ ကျောင်းကိုလာနေတာပဲ။ ဟော- ဟိုမှာတွေ့လား၊ အဲဒီအပင်က အရွက်ကိုခူးပြီး ညက်အောင်ဝါးလိုက်၊ ပြီးတော့ သွားခြေတွေကိုလုံအောင်သိပ်မလုံသေးရင်ထပ်ပြီးဝါးပေါ့။ ပြီးတော့ ငုံထား။ တံတွေးလောက်ပဲ ထွေးရတယ်၊ ဆေးတွေပါမသွားစေနဲ့။ ညအိပ်ရာဝင်ငုံတာက ပိုပြီး ကောင်းတယ်။ တစ်ညလုံး ဆေးတွေရှိနေတော့ ရောဂါပျောက်တာ မြန်တယ်။ နေ့ဆိုရင်တော့ ထွေးခံ အနားမှာထားပေါ့။ အဲဒီလို ဒုက္ခခံပြီး ၃ ရက်လောက်ပဲ ငုံကြည့်စမ်းပါ။ တစ်ခါတည်း သက်သာပျောက်ကင်းသွားလိမ့်မယ်။ ဆရာလေး ကိုယ်တိုင်လည်း အဲဒီလိုရောဂါမျိုးကို အသက် ၂၀ လောက်ကဖြစ်ခဲ့ဖူးတယ်။ တော်တော်ခံရခက်တာပဲ။ အဲဒီဆေးရွက်နဲ့ပဲပျောက်သွားတာ၊ တစ်ခါမှထပ်ပြီး မဖြစ်တော့ဘူး။ အခုဆိုရင် ဆရာလေး အသက် ၆၀ ပြည့်တော့မယ်။ ဒီမှာကြည့်ပါလား၊ သွားတွေလည်း အခုထိ မနဲ့တော့ဘူး, ခိုင်နေတာပဲ"

ဆရာလေးသည် ပြောလည်းပြော၊ ပါးစပ်ကိုလည်းဟပြပါသည်။ ဆရာလေး၏ ညီညာသောသွားများသည် ဖြူဝင်းနေပြီး ကျိုးပဲ့ရာပင် မတွေ့ရပါ။ ကျွန်ုပ်၏စိတ်ထဲ၌ လုံးဝနီးပါး ယုံကြည်မှုမရှိသော်လည်း ဆရာလေး၏စေတနာအား မလေးစားရာ ရောက်သွားမှာကို စိုးရိမ်မိသဖြင့်-

"ဟုတ်လား ဆရာလေး၊ ဒါဆိုရင် အဲဒီအပင်ကို ဘာပင်လို့ခေါ်သလဲ"

"ငါတို့အရပ်ဒေသမှာ ခေါ်ကြတာကတော့ လိပ်ဆူးရွှေပင်လို့ပြောကြတာပဲ။ ဆေးဆရာတွေကတော့ ဒန္တသုခပင်လို့ ပြောတာပဲ။ သူတို့ပြောတာက ပိုပြီး သဘာဝကျလိမ့်မယ်။ ဘာလို့လဲဆိုတော့ အဲဒီပါဠိကို အဓိပ္ပာယ်ပြန်ကြည့်တဲ့အခါ ဒန္တက သွား-ကို ပြောတာ။ သုခကတော့ ချမ်းသာခြင်း-ပဲလေ။ သွားချမ်းသာပင်လို့ခေါ်တာက ပိုပြီးမှန်လိမ့်မယ်။ ကဲ- ဆရာလေးလည်း စာဝါချပေးရဦးမှာမို့လို့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာလေး၊ အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်"

ဆရာလေး ထွက်ခွာသွားပြီးနောက် ကျွန်ုပ်သည် ထိုဆေးပင်ကို



www.burmeseclassic.com

www.burmeseclassic.com

သေချာစွာ ကြည့်ရှုလေ့လာနေမိပါသည်။ စိတ်ထဲကတော့ ဤမျှဆိုးရွားသောရောဂါအား သက်သာပျောက်ကင်းချမ်းသာမည် ဆိုသည်ကို မယုံနိုင်ပါ။ သို့သော်လည်း စမ်းသပ်ခြင်းတော့ပြုရပေမည်။

❂

ထိုအပင်သည် ၃ ပေမှ ၅ ပေခန့်အထိ မြင့်သည်ကို တွေ့ရ၏။ အဆစ်တိုင်းတွင် ဆူးဖြူကလေးများအစုလိုက်ရှိနေကြ၏။ အပွင့်မှာ အဝါရောင် ဖြစ်သည်။ ထိုလရာသီက အပွင့်ရှိနေပါသေးသည်။ ဒီဇင်ဘာလဆိုလျှင် အပွင့်နှင့်အရွက်များ မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေတတ်ပါသည်။ အမြဲ မြင်တွေ့နေရသောမြင်ကွင်း ဖြစ်သဖြင့် သိရခြင်း ဖြစ်ပါ၏။ ယခုအချိန်ကား အပွင့်ကျချိန်၊ အရွက်ကျချိန် ဖြစ်နေပါသည်။ (ထိုလိပ်ဆူးရှေပင်ခေါ် ဒန္တသုခ ဆေးပင်အားအလွယ်တကူ ရှာဖွေနိုင်ကြရန်အတွက် ဓာတ်ပုံဖြင့် ဖော်ပြပေးထားပါသည်။) အခြားသောအရပ်ဒေသများတွင် ထိုအပင်အား မည်သို့ခေါ်ဆိုကြသည်ကိုတော့ မသိပါ။ ကျွန်ုပ်လည်း အရွက်များကိုခူးယူပြီးနောက် ရေချိုးဆင်းပါတော့သည်။

ဆိုင်ခန်းသို့ ပြန်ရောက်သောအခါ ဆားကျက်ရေကိုငုံ၍ထွေးပြီး ခံတွင်းသန့်ရှင်းလိုက်ပါသည်။ ဆေးရွက် ၅ ရွက်ခန့် ထုပ်၍ဝါးပြီး သွားဖုံးအခြေများကို သိပ်ပေးလိုက်ပါ၏။ မလုံလောက်သေး၍ ထပ်ဝါးပြီးသိပ်ရပြန်ပါသည်။ ပြည့်သွားသောအခါ အိပ်ရာပေါ်တွင် ပက်လက်လှန်ပြီး လှဲနေလိုက်ပါသည်။ တံတွေးထွေးလိုသောအခါ အဆင်သင့်ဖြစ်ရန် ခုတင်အောက်တွင် ထွေးခံထားရပါသည်။ ၁၅ မိနစ်ခန့် ကြာသောအခါ ကျွန်ုပ်၏ပါးစပ်တစ်ခုလုံး အနည်းငယ်စပ်ပြီး ပူရှိန်းရှိန်း ဖြစ်လာသည်။ ပါးစပ်ကြီးမှာလည်း ကြီးလာသကဲ့သို့ ထင်ရပါသည်။ တဖြည်းဖြည်းနှင့် ထူအန်းအန်းကြီး ဖြစ်လာသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆေးများကို ထွေးထုတ်လိုက်ပြီး ပလုတ်ကျင်း၍ ရေနွေးတစ်ခွက်သောက်လိုက်သည်။ ကျွန်ုပ်



သည် ရေနွေးကြမ်းသောက်ရင်း စဉ်းစားမိသည်မှာ ယခင်ဆေးများသိပ်ခဲ့စဉ်ကာလက ဤကဲ့သို့ ခံစားရခြင်းများမရှိခဲ့ဘူးပေ။ ယခုကဲ့သို့ အနည်းငယ်စပ်၍ ပူရှိန်းရှိန်း ဖြစ်လာခြင်း၊ ပါးစပ်ကြီးလာသကဲ့သို့ ထင်ရခြင်းနှင့် ထူအန်းအန်းဖြစ်လာခြင်းများ မကြုံခဲ့ရပေ။ တစ်မူထူးခြားနေသည် ဖြစ်သောကြောင့် ကျွန်ုပ်သည် စိတ်ဝင်စားသွားပါသည်။ စိတ်ထဲ၌လည်း တကယ်ပဲ ဒီရောဂါကိုပျောက်နိုင်တဲ့ ဆေးများဖြစ်နေလေမလားဟု တွေးမိတော့၏။

ထိုသို့ အတွေးဝင်လာသည်နှင့် ကျွန်ုပ်သည် အနောက်တောင်းတန်းသို့ ချက်ချင်း ပြန်ဆင်းသွားပြီး ရသရွေ့ ဆေးရွက်များကိုခူးယူလျက် ပြန်လာပါသည်။ ၎င်းနောက် ဆရာလေးမှာကြားထားသည့်အတိုင်း ပြုလုပ်ပါတော့သည်။ ထိုနေ့က ညစာကို ဆန်ပြုတ်ဖြင့် ပြီးလိုက်ပါသည်။ ညအိပ်ရာဝင်သောအခါလည်း ဆေးသိပ်လျက်နှင့်ပင် အိပ်လိုက်ပါသည်။ သို့နှင့် ၂ ရက်ခန့်ကြာသောအခါ ပူရှိန်းရှိန်းဖြစ်ခြင်း လျော့လာသည်။ ပါးစပ်ကြီးလာသည်ဟုလည်း မထင်ရတော့ပါ။ ထူအန်းအန်းလည်း မဖြစ်တော့ပါ။ ၄ ရက်မြောက်သောနေ့တွင် အထက်ပါ ခံစားရခြင်းများ လုံးဝမရှိတော့ပေ။ ထိုနေ့တွင် ဆေးရွက်၏အရသာမှ ပူရှိန်းရှိန်းနှင့်စပ်သလိုလိုရှိမနေတော့ဘဲ အနည်းငယ်မျှ သက်တက်တက်ရှိနေသည်ကို တွေ့ရ၏။

သိလိုသဖြင့် နောက်ထပ် ၁ ရက် ဝါးကြည့်ပြန်ရာ အနည်းငယ်မျှ ခါးသက်သက်ရှိနေသည်ပင် ဖြစ်၏။ အရသာမှာ ပြောင်းလဲမသွားပါ။ ထိုနေ့တွင် ကျွန်ုပ်သည် သွားများကို နှုတ်၍ကြည့်ရာ မနှုတ်တော့ပေ။ သွားဖုံးများမှာလည်း လက်ဖြင့်ဖိနှိပ်၍ရလာ၏။ ပါးစပ်မှအနံ့ဆိုးနှင့်တကွ သွေးစိမ့်ယိုခြင်းလည်းမရှိတော့ပါ။ ကျွန်ုပ်လည်း ဝမ်းသာအားရဖြင့် သွားတိုက်ကြည့်လိုက်ပါသည်။ သွားပွတ်တံနှင့် အတန်ကြာ ကင်းကွာခဲ့သဖြင့် စမ်းသပ်ကြည့်ခြင်း ဖြစ်ပါသည်။ သွားတိုက်ရာ၌လည်း မည်သည့်နာကျင်မှုမျှ မဖြစ်တော့ပေ။ ထို့ကြောင့် ထိုရောဂါဆိုးမှ လွတ်ကင်းသွားပြီကို သိလိုက်ရပါတော့သည်။ ဆရာလေးဒေါ်ဉာဏအား လှူဖွယ်ဝတ္ထုများလှူဒါန်းရင်း ရောဂါပျောက်ကင်းသွားပြီဖြစ်ကြောင်း သွားရောက် လျှောက်ထားရပါသည်။

ယခု ဆရာလေး ဒေါ်ဉာဏ ကွယ်လွန်ခဲ့သည်မှာ ကြာမြင့်လှပေပြီ။ ကျွန်ုပ်သည်ပင်လျှင် အသက် ၆၀ မှ စွန်းခဲ့ပြီ ဖြစ်၏။ ယခု စာရေးနေသည့်အချိန်တိုင်အောင် ထိုရောဂါဖြစ်ပွားခြင်း မရှိတော့ပါ။ သွားများလည်း ခိုင်ခံ့နေပါသည်။ သို့ဖြစ်၍ ဆရာလေးပြောပြခဲ့သော 'တစ်ခါတည်း သက်သာပျောက်ကင်းသွားလိမ့်မယ်' ဆိုသည့်စကားကို ကိုယ်တွေ့အားဖြင့် လက်ခံလိုက်ရပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤဆေးပင်ကို ဆရာလေး ဒေါ်ဉာဏပြောပြခဲ့သည့်အတိုင်း 'သွားချမ်းသာပင်' ဟု အမည်သစ်ပေး၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်ကဲ့သို့ ဖော်ပြပါဝေဒနာမျိုးကို ခံစားနေသူများ တွေ့ခဲ့ပါက အချိန်ကုန်၊ ငွေကုန် သက်သာ၍ ရောဂါ သက်သာပျောက်ကင်းစေနိုင်သော လိပ်ဆူးရှေပင် သို့မဟုတ် ဒန္တသုခပင် သို့မဟုတ် သွားချမ်းသာပင်အား ဓာတ်ပုံတကွဖော်ပြ၍ ကိုယ်တွေ့ဆောင်းပါးကို ရေးသားလိုက်ရပါသတည်း။

ဇာတိဂုဏ်-မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com



# သဘော်ရွက်ဖြင့် ကင်ဆာရောဂါကုသခြင်း

**စွမ်းထက်နောင်**

ကင်ဆာရောဂါဆဲလ်များ ကြီးထွားခြင်းအား သဘော်ရွက်ဖြင့် အောင်မြင်စွာ တားဆီးနိုင်ခဲ့သည့် ဓာတ်ခွဲခန်းစမ်းသပ်ချက်ကို အင်တာနက်တွင် ဖတ်လိုက်ရပါသည်။

ရိုးရာတိုင်းရင်းဆေးများတွင် ကင်ဆာရောဂါဆန့်ကျင်ရေးအတွက် အသုံးပြုခဲ့သော သဘော်ရွက်များဖြင့် ဖလော်ရီဒါတက္ကသိုလ် (UNIVERSITY OF FLORIDA) ရှိ သုတေသနပညာရှင် နမ်ဒန် (NAM DANG M.D.Ph.D) နှင့် လုပ်ဖော်ကိုင်ဖက် ပညာရှင်များမှ ကင်ဆာရောဂါဆဲလ်များကို စမ်းသပ်ခဲ့ပါသည်။ ကင်ဆာဆဲလ်များ ကြီးထွားခြင်းနှင့် ဟန့်တားရပ်တန့်မှုကို စမ်းသပ်ခဲ့ရာတွင် အလွန်အံ့အားသင့်စွာပင် တွေ့ခဲ့ရပါသည်။

သားအိမ်၊ ရင်သား၊ အသည်း၊ အဆုတ်နှင့် ပန်ကရိယ စသည့် ကင်ဆာဆဲလ်များကို ဆန့်ကျင်တိုက်ခိုက်နိုင်ကြောင်း တွေ့ရှိခဲ့ကြ၏။ သုတေသနပညာရှင်များက သဘော်ရွက် အခြောက်မှ အဆီအနှစ်(Extract)ကို ထုတ်၍ ကင်ဆာဆဲလ်များနှင့် စမ်းသပ်ခဲ့ခြင်းဖြစ်၏။ ကင်ဆာဆဲလ်များသည် သဘော်ရွက်၏ Extract များကို လက်ခံရရှိသည့်အခါ ကြီးထွားခြင်းမရှိတော့ကြောင်းကို တွေ့ရှိရပြီး သဘော်ရွက်၏ Extract ကို များစွာ လက်ခံရရှိလေ ကင်ဆာဆဲလ်များ ကြီးထွားမှုကိုဆန့်ကျင်သည့် စွမ်းရည် ပိုမိုထွက်ရှိလေဖြစ်ကြောင်း တွေ့ရပါသည်။

အထက်ပါ စမ်းသပ်ချက် သုတေသနစာတမ်းကို ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့ ထုတ်ဝေသော JOUMAL OF ETHNOPHARCOLOGY) တွင် ဖော်ပြထားပါသည်။ သဘော်ရွက်သည် ပင်ကိုခုခံအားစနစ်ကို ပုံမှန်ဖြစ်စေရန်နှင့် စွမ်းရည်တိုးတက်ရန် ပြုလုပ်နိုင်စွမ်းရှိကြောင်း၊ ကင်ဆာရောဂါအမျိုးမျိုးကို တိုက်ရိုက် ဆန့်ကျင်နိုင်စွမ်းရှိသည့်အပြင် ခုခံအားစနစ်ကိုပါ တိုးတက်စေပြီး ထိုခုခံအားစနစ်က ကင်ဆာရောဂါကို တိုက်ခိုက်နိုင်ကြောင်း ဆိုပါသည်။ သဘော်ရွက်ကို ကင်ဆာရောဂါ ကုသနိုင်သည့် ဆေးအဖြစ် အသုံးပြုနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးမရှိဘဲ ပင်ကိုသဘာဝဆဲလ်အကောင်းများကို အဆိပ်အတောက်မဖြစ်ကြောင်း၊ အခြားကင်ဆာရောဂါကုသသည့်နည်းများကို ထိခိုက်နှောင့်ယှက်မှုမရှိကြောင်းနှင့် သဘော်ရွက်ကို တာရှည်စွာ သုံးစွဲခြင်းကြောင့် အန္တရာယ်မဖြစ်ကြောင်း၊ တာရှည်စွာ သုံးစွဲပါက ပိုမိုအကျိုးရှိကြောင်း ပြောကြားပါသည်။

လေ့လာမှုများအရ ဓာတ်ခွဲခန်း၌ ကင်ဆာဆဲလ် အမျိုးအစား (၁၀) မျိုး၏ ကင်ဆာဆဲလ်တစ်ခုချင်းစီအတွင်းသို့ သဘော်ရွက်ထည့်ပြီး (၂၄) နာရီအကြာတွင် တိုင်းတာစစ်ဆေးကြည့်ရာ ကင်ဆာဆဲလ်များ ကြီးထွားမှုမှာ နှေးကွေးစေခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

အလားတူ ကင်ဆာရောဂါဆန့်ကျင်သည့် ဆိုင်တိုကင်းမော်လီကျူးများထုတ်လုပ်မှုကို သဘော်ရွက်၏ Extract ဖြင့် အကျိုးသက်ရောက်မှုများအား လေ့လာခဲ့ပါသည်။ သဘော်ရွက်သည် ကင်ဆာရောဂါအား ထိခိုက် ဆန့်ကျင်နိုင်သည့် ဆိုင်တိုကင်းမော်လီကျူးကို တိုးတက်များပြားစွာ ထုတ်လုပ်ပေးမှုကြောင့် အရေးကြီးသည့် ကိုယ်ခံခုခံအားစနစ် ပုံမှန်လုပ်ဆောင်နိုင်ရန်နှင့် တိုးတက်စေရန် ပြုလုပ်ပေးကြောင်း တွေ့ရှိရပါသည်။

ထို လေ့လာ တွေ့ရှိချက်များကြောင့် သဘော်ရွက်တွင် ပါဝင်သော ဓာတ်များသည် ပင်ကိုခုခံအားစနစ်နှင့် ပတ်သက်သော ရောဂါပိုးကူးစက်ခြင်း၊ ပင်ကိုခုခံအားစနစ်ကျဆင်းခြင်းနှင့် ကင်ဆာရောဂါကို ကုသနိုင်ခြင်းများ ဖြစ်လာနိုင်ကြောင်း ဆိုပါသည်။ UNIVERSITY OF TEXAS မှ သုတေသနပညာရှင် Bharat B. Aggarwal Ph.D Anderson Cancer Centre) မှ သဘော်သီးကို နေ့စဉ် စားသုံးခြင်းဖြင့် ကုန်ခန်းသွားသော စွမ်းအင်များကို ပြန်လည် ရရှိကြောင်း၊ သဘော်သီးတွင် ကျန်းမာရေး ပိုမိုကောင်းမွန်စေသော အင်ဇိုင်းဓာတ်မှာ ပက်ပိန်း ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ဓာတ်ခွဲခန်းတွင် ကင်ဆာဆဲလ်များကို သေးငယ်စေသော အောင်မြင်မှုများမှတစ်ဆင့် တိရစ္ဆာန်များနှင့် လူများအပေါ် စမ်းသပ် အောင်မြင်နိုင်မည်ဟု ပြောကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သဘော်ရွက်သည် ကင်ဆာကို တိုက်ခိုက်နိုင်သလား မေးခွန်းများကို ကင်ဆာသုံ့တေသန ပညာရှင်များက သဘော်ရွက်တွင် ပါဝင်သော အင်ဇိုင်းများသည် ကင်ဆာရောဂါကို ကာကွယ်နိုင်ရုံမက ကုသနိုင်သည်ဟု ယုံကြည်ကြကြောင်း ဖြေကြားပါသည်။ သဘော်ရွက်တွင် (Enzyme Papain) ဇီဝအထောက်အကူပြု ပက်ပိန်းအင်ဇိုင်း ပါဝင်၏။ ယခင်က ပက်ပိန်းအင်ဇိုင်းများသည် အစာခြေစနစ်ကိုသာ ပံ့ပိုး ကူညီနိုင်သည်ဟု ယူဆခဲ့ပြီး လွန်ခဲ့သော (၁၅) နှစ်မှစ၍ ယခုအထိ လေ့လာမှုများအရ ပက်ပိန်းအင်ဇိုင်းကို (ပါးစပ်မှ စားသောက်ခြင်း) အစာအိမ်မှ ဖြတ်သန်းစေခြင်းဖြင့် ကင်ဆာရောဂါကို ကြိုတင်ကာကွယ် ကုသနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ ဓာတ်ခွဲခန်းနှင့် ဆေးကုသမှု လေ့လာချက်များအရ ပက်ပိန်းသည် ကင်ဆာကို တိုက်ခိုက်နိုင်သော အင်ဇိုင်းဖြစ်ကြောင်း မှန်ကန်စွာ သက်သေပြနိုင်ခဲ့ပြီး သဘော်ရွက်တွင် ပါဝင်သည့် ပက်ပိန်းကို ကင်ဆာရောဂါ ကာကွယ်ရန်နှင့် ကုသရန်ဆေးများ အဖြစ် ထုတ်လုပ်ခဲ့ကြ၏။ ဓာတ်ခွဲခန်းနှင့် ဆေးကုသမှု လေ့လာချက်များအရ ပက်ပိန်းကို စားခြင်းဖြင့် ကင်ဆာဆဲလ်များအပေါ် သို့ ပရိုတင်းအမျှင်များ ဖုံးအုပ်ခြင်းမှ ကင်းဝေးစေသည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်၏ ကင်ဆာဆဲလ်များကို ဖယ်ရှားသတ်ပစ်ခြင်းပင် ဖြစ်သည်။ ပက်ပိန်းအင်ဇိုင်းများသည် အပူချိန် (၁၅၀) ဒီဂရီဖာရင်ဟိုက်တွင်ရှိသော ရေနွေးတွင် ပို၍ အစွမ်းထက်သည်ဟု သိရှိရပါသည်။

အစာစားပြီးနောက် သဘော်သီးမှည့်ကို စားသုံးပါက အစာကြေပြီး အစာအိမ်ရောဂါကာကွယ်၏။ အစာကြေစေရန် ခဲယဉ်းသည့် အစာမခြေနိုင်သော အသားများကို အစာခြေပစ်နိုင်သည်။ ခန္ဓာကိုယ်ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ကိုယ်ဖောကိုယ်ရောင်ဖြစ်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရေများစုဝေးခြင်းများ ပျောက်၍ အဆစ်ရောင်ရောဂါများနှင့် နာတာရှည်ရောဂါများ သက်သာစေပါသည်။ ဓာတ်တိုးဆန့်ကျင်သည့်အာနိသင် (Antioxidant). များစွာ ပါဝင်မှုကြောင့် ကော်ရယ်စတောများကျစေပြီး လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ရုတ်တရက် နှလုံးရပ်သွားခြင်းနှင့် ဆီးချိုရောဂါကို ကာကွယ်၏။ သဘော်သီးကို စားခြင်း၊ ဖျော်ရည်လုပ်သောက်ခြင်းသည် အဖျားရောဂါ၊ တုပ်ကွေးနှင့်အအေးမိခြင်းရောဂါများကို ကာကွယ်ခြင်းပင် ဖြစ်၏။

ရောဂါများကို ကာကွယ်ပေးသော ပဋိဇီဝဆေးပင် (Antibiotic) ဖြစ်၏။ ဝမ်းဗိုက်အတွင်းတွင်ရှိသော ကပ်ပါးပိုးများကို သဘော်သီးနှင့် အရွက်တွင် ပါဝင်သော ပက်ပိန်းဇီဝအကူပစ္စည်းများက ဖျက်ဆီးပစ်၏။ အစာအိမ်မှအစာမခြေနိုင်သည့်(Dead Foods) အသားများကို အစာခြေနိုင်၏။အူမကြီးကင်ဆာရောဂါဖြစ်ရခြင်းမှာ အူမကြီးအတွင်း၌ တိုးပွားလာသော အသားပိုမှတစ်ဆင့် တဖြည်းဖြည်းနှင့် ပြောင်းလဲလာခြင်းဖြစ်၍ ပက်ပိန်းဇီဝ အကူပစ္စည်းများသည် ထိုအသားပိုများကို ဖျက်ဆီးပစ်နိုင်၏။အစာအိမ်အတွင်းရှိ ကြီးမားသော အသားဓာတ် ပရိုတိန်းတို့ကို ပက်ပိန်းမှကြေစေသဖြင့် သန်ကောင်၊ တုပ်ကောင်များကို သေစေခြင်း ဖြစ်၏။ အထူးသဖြင့် ဓာတ်ရောင်ခြည်ကင်ခြင်း၊ ဓာတုဆေးဝါးများဖြင့်ကုသခြင်းကြောင့် ဖြစ်ပေါ်သော ဘေးထွက် ဆိုးကျိုးများဖြစ်သည့် ခံတွင်းတွင် အစာမျိုရခက်ခဲမှုများကို သက်သာပျောက်ကင်းစေသည်။ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို ကောင်းမွန်စေရန် လှုံ့ဆော်ပေး၍ ကင်ဆာကိုဆန့်ကျင်တိုက်ခိုက်နိုင်၏။

ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များဓာတ်စုလွတ်များကြောင့် ဆီးချိုရောဂါ၊ သွက်ချာပါဒရောဂါ၊ ပါကင်ဆန်ရောဂါ (Parkisans)၊ သတိမေ့ရောဂါ (Alzheimers) နှင့် ကင်ဆာရောဂါများ ဖြစ်တတ်ပါသည်။ ထိုရောဂါများနှင့် ဓာတ်စုလွတ်များ (Freeradicals) ကို ဆန့်ကျင် တိုက်ခိုက်နိုင်သော ဓာတ်တိုးဆန့်ကျင်သည့် ဓာတ် သည် သဘော်သီးနှင့် အရွက်များတွင် များစွာ ပါဝင်၏။

သဘော်သီးကို သုံးဆောင်မည်ဆိုပါက သတိထားရန်အချက်မှာ သဘော်သီးအစိမ်းသည် အမှည့်ထက် Proteolysesenzymes papain and chymo papain) ပို၍ ပါဝင်၍ များစွာ မစားသင့်ပါ။ သတိပြု စားသင့်ပါသည်။ အရွက်၊ ပင်စည်များ၊ အရည်များပါ ဖျော်ရည်အဖြစ် ပြုလုပ်နိုင်၏။

### သဘော်သီးအရွက်၏ အာနိသင်များ

မိခွဲ ကိုယ်တစ်ခုလုံး၏ အသားဓာတ်များနှင့် စွမ်းအင်ခွန်အားများကို တိုးတက်စေရန် ထိန်းသိမ်းပေးပြီး ကြွက်သားများ ပြန်လည် သန်စွမ်းစေပါသည်။ နှလုံးသွေးကြောစနစ်၊ ခုခံအားစနစ်၊ အစာကြေစနစ်များကို ထောက်ပံ့ကူညီ တိုးတက်စေ၍ အစာခြေရည်များ ပိုမိုထုတ်ပေးကာ အရေပြားရောဂါများ၊ နှင်းခူ၊ ပွေး၊ ဝဲရောဂါများကို သဘော်သီးအခွံဖြင့် အသုံးပြုကုသနိုင်၏။

ဗီတာမင်အေ များစွာ ပါဝင်သောကြောင့် မျက်စိအတွင်းတိမ်ဖြစ်မှုကိုလည်း ကာကွယ်ပေးပါသည်။ ဆေးလိပ်သောက်သုံးခဲ့သူများနှင့်ဆေးလိပ်သောက်သုံးနေသူများ အဆုတ်ပွန်ရောင်ခြင်းအတွက် ကာကွယ်ပြီး အအေးမိခြင်းနှင့် ဝမ်းချုပ်ခြင်းပျောက်ကင်းစေ၍ နှလုံးသွေးကြောနှင့် အစာခြေစနစ်အတွက် ကောင်းမွန်ကြောင်း သိရှိရပါသည်။ အူမကြီးကင်ဆာနှင့် အခြားကင်ဆာများအတွက် အလွန်ကောင်းမွန်သော ဆေးဝါး ဖြစ်ပါသည်။


သဘော်သီးတွင် ပါဝင်သော အာဟာရများမှာ ရေ၊ အသားဓာတ်၊ အဆီဓာတ်၊ ပြာဓာတ်၊ အမျှင်နှင့် သကြား၊ ဂလူးကို့စ် ပါဝင်ပြီး သတ္တုဓာတ်များအနေဖြင့် ကယ်လ်စီယမ်၊ သံ၊ မဂ္ဂနီစီယမ်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ သွပ်၊ ကြေးနီ၊ မဂ္ဂနီဆယ်နီယမ်၊ ဆယ်လနီယမ် (Selenium) ပါဝင်ကြပါသည်။

ဗီတာမင်များပါဝင်မှုမှာ ဗီတာ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပင်အသီး

မင်စီ၊ (Thiamin Riboflavin, Niacin) ဗီတာမင် B5၊ (Panrtothenic Acid) B6၊ ဖောလစ်အက်စစ်၊ (Chlorine) B12၊ ဗီတာမင် A, (Beta Caroline) (Alpha Carolina) အဆီတွင် ပျော်ဝင်သော ဗီတာမင်A (Lycopene) လိုင်ကိုပိန်း (Latin)၊ ဗီတာမင် E၊ ဗီတာမင် K နှင့် ဆေးဖက်ဝင်သည့် အဆီများ ပါဝင်ပါသည်။

သင်္ဘောသီးသည် ကျန်းမာရေးအတွက် အလွန် ကောင်းမွန်သော အသီးဖြစ်၍ နေထိုင်မကောင်းဖြစ်ခြင်း၊ ရောဂါဖြစ်ပွားမှုများကို ကုသနိုင်သည့်အပြင် အထွေအထွေ ကျန်းမာရေးချို့တဲ့မှုများကို ကာကွယ်ပြီး အသည်းရောင်ရောဂါဖြစ်ပြီးနောက်သော်လည်းကောင်း၊ နာမကျန်းဖြစ်ပြီးနောက်သော် လည်းကောင်း နာလန်ထူရန် အကောင်းဆုံးအစာ ဖြစ်သည်။ တိုင်းရင်းဆေးအလိုအရ သင်္ဘောရွက်အခြောက်များအား ရေနွေးဖြင့် ဆူအောင်ပြုတ်ပြီး ကင်ဆာရောဂါနှင့် အချို့ရောဂါများကို ကုသသည်ဟု သိရပါသည်။ သင်္ဘောရွက်ရေနွေးကြမ်းသည် လက်ဖက်ရည်ကဲ့သို့အရသာရှိသည်။ လိမ္မော်ရည်ကဲ့သို့ ဘေးထွက်ဆိုးကျိုး အနည်းငယ်ရှိ၏။ စိတ်အာရုံအမြဲလန်းဆန်းစေ၍ စိတ်ခေတ်တက်ကြွစေ၏။ လေ့လာမှုပေါင်းများစွာအရ ကင်ဆာရောဂါကို ဓာတုဗေဒဆေးဝါးများတိုက်ကျွေးခြင်း၊ ဓာတ်ကင်ခြင်းများကုသည့်နည်းတူ ပက်ပိန်းအင်ဇိုင်းများဖြင့် ကုသခြင်းသည်လည်း အကျိုးရလဒ်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

ပက်ပိန်းအင်ဇိုင်းများက အစာအိမ်မှ အစာမခြေနိုင်သော အစာများကို အစာခြေရှင်းလင်းစေ၏။ ခန္ဓာကိုယ်၏ ပန်ကရိယမှ အစာကြေစေသော အင်ဇိုင်းများကို ထုတ်ပေးပါသည်။ အစာကြူးသောသူများသည် အစာများစွာ၊ အသားများစွာတို့ကို စားသုံးသောအခါ ပန်ကရိယမှအစာခြေရည်အင်ဇိုင်းများ လုံလောက်စွာ မထုတ်ပေးနိုင်တော့သဖြင့် အစာမကြေတော့ပါ။ ထိုသို့ဖြစ်က သင်္ဘောရွက်ရေနွေးကြမ်းကို သောက်သုံးသင့်ပါသည်။ ခန္ဓာကိုယ်မှ အစာခြေအက်ဆစ်ထုတ်လုပ်မှု လျော့နည်း၍ ဝမ်းပျက်လေတက်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ နှလုံးနာကျင်ခြင်း သက်သာစေ၏။ များစွာသောက်ပါက ဝမ်းဗိုက်မအီမသာဖြစ်တတ်ပါသည်။ နူးနပ်ရန် ခက်ခဲသည့် မာသော အသားများကို ချက်ပြုတ်ရာတွင် သင်္ဘောသီးအရွက်များထည့်၍သော် လည်းကောင်း၊ ပွတ်တိုက်၍သော် လည်းကောင်း အသုံးပြုနိုင်ပါသည်။

၂၀၁၂ ခု၊ ဇန်နဝါရီလထုတ် သူရဇ္ဇမဂ္ဂဇင်း၌ မောင်မောင်သိန်း (သတင်းထောက်-ဇီးကုန်း) ရေးသားသည့် 'ဆေးဖက်ဝင် သင်္ဘောသီး' ဆောင်းပါးတွင်လည်း သင်္ဘောသီးတစ်ပင်လုံး၏ ဆေးဖက်ဝင်ပုံကို ဖော်ပြထားရာတွင် သင်္ဘောတစ်ပင်လုံးအား နုပ်နုပ်စဉ်း၍ပြာချပြီး ထိုပြာအားဆားချက်ပါ။ရရှိလာသောဆားအား ပျားရည်ဖြင့် နေ့စဉ်မှီဝဲပေးပါက အသက်ရှည်ခြင်းနှင့် ရောဂါဝေဒနာအပေါင်းမှ ကင်းဝေးစေသည်ဟု ဖော်ပြထားပါသည်။ သင်္ဘောဖိုအစေးသည် ပိုမိုအစွမ်းထက်သည်ဟု ဆိုပါသည်။

တစ်ဖန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်လည်း သင်္ဘောအဖိုပင်တစ်ပင်လုံးအား နုပ်နုပ်စဉ်း၍ ပြာချပါသည်။ ထိုပြာအား ရေဖြင့်ရောမွှေပါ။ ပြီး - အနယ်ထိုင်စစ်ယူကာ ရက္ခမူဆားပြုလုပ်၍ ပျားရည်ဖြင့် ရောစားပါက ကင်ဆာရောဂါနှင့် အခြားရောဂါများ ပျောက်ကင်းစေကြောင်း ဖော်ပြထားပြန်ပါသည်။

ဗြိတိသျှဗိန္ဓောဆေးအာနိသင်ကျမ်း၌ သင်္ဘောသီး အာနိသင်ကို ဖော်ပြထားရာတွင် သင်္ဘောသီးအရင့်မှ ထုတ်ယူရသောအစေးကို ပက်ပိန်း (PAPAIN) (PAPAYOTIN) ဟုခေါ်၏။ ခြောက်သွေ့သောအခါ ဖြူသောအမှုန့် ဖြစ်လာသည်။ ပက်ပိန်းကား အူသိမ်ထဲ၌လည်း အစာခြေနိုင်၏။ ထိုကျဉ်နာနေသော အစာအိမ်အတွင်းတွင်လည်း မနာမကျင်ခြင်းလည်းဖြစ်၏။ ဝမ်းတွင်းရှိ သန်လုံးကောင်ရှည်နှင့် သန်ပြား၊ တုတ်ကောင်များကို လည်းနိုင်၏။ (Diptheria) ခေါ် အာခေါင်နာရောဂါကို ဤအမှုန့်ဖြင့် ပက်ပေးလျှင် အနာအမြေးဖတ်များကွာ၍ ထွက်၏။ ထို့ပြင် ကြွက်နို့ကို ထည့်သော် ပျောက်နိုင်သည်။ လျှာကွဲသော လျှာနာကို ဤဆေးတစ်ဆ၊ ဂရစ်ဆလင်း ဆယ်ဆနှင့် ရောပွတ်သော် ပျောက်၏။ ဤဆေးနှင့် အစာအိမ်အတွင်းရှိအနာများမှစ၍ ကင်ဆာအနာကိုပင် ကုသ၍ပျောက်ဖူး၏ဟု ဆို၏။

ဆရာမင်းယုဝေ ရေးသားသည့် 'ကင်ဆာရောဂါနှင့် သင်္ဘောရွက်' ဆောင်းပါးတွင်လည်း ဆရာကြီးဦးတင်အောင် (ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှ တာဝန်ခံဆရာဝန်ကြီး) မှ ကင်ဆာနှင့် ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်ကို ပြောကြားရာတွင် အောက်ပါအတိုင်း ဖြစ်၏။

"ကင်ဆာဝေဒနာရှင် ဆရာတော်တစ်ပါး လွန်ခဲ့သောငါးလခန့်က ကျွန်တော်တို့ဌာနကို ရောက်လာတယ်။ ဆရာတော်က ကင်ဆာရောဂါရနေလို့ ဓာတ်ရောင်ခြည်ကင်ဖို့ စီစဉ်တော့ ဆရာတော်က လက်မခံဘူး ပြန်ကြွသွားတယ်။ (၃) လကျော်လောက်မှာ အဲဒီဆရာတော် ပြန်ကြွလာတယ်။ ကျွန်တော်တို့ သူ့ရောဂါကို



www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးကြည့်တဲ့အခါ ကင်ဆာရောဂါ ပျောက်ကင်းနေတာကို တွေ့ရတယ်။ ကျွန်တော်တို့လည်းပဲ ဝမ်းသာမဆုံးဖြစ်သွားတယ်။ ဒါနဲ့ ဆရာတော်ဒီကြားထဲ ဘာဆေးတွေသောက်လဲလို့ မေးကြည့်ပါတယ်။ ဆရာတော်က သင်္ဘောရွက်အစိမ်းကိုပဲ အရည်ညှစ်သောက်တယ်လို့ ပြောတယ်။ ဒီနောက် ဆရာတော်လည်း အားရဝမ်းသာ ပြန်ကြွသွားတာပဲ။ ဆရာတော်ရဲ့ ကင်ဆာရောဂါဟာ သင်္ဘောရွက်အစိမ်းကြောင့် ပျောက်တယ်လို့ ထင်တာပဲ။ အတိအကျတော့ မပြောနိုင်ဘူး။ ဆေးသိပ္ပံသဘောအရ တစ်ဦးတစ်ယောက် သင်္ဘောရွက်ကြောင့် ကင်ဆာရောဂါ ပျောက်တယ်ဆိုပေမယ့် အားလုံး ပျောက်လိမ့်မယ်လို့ ကောက်ချက်ချမပြောနိုင်ဘူး။ ကင်ဆာအမျိုးအစားနဲ့ ကင်ဆာလူနာပေါင်းများစွာကို စမ်းသပ်ကြည့်ပြီး ပျောက်မှ အတည်ပြုပြောနိုင်မှာပါ"

ဟု ပါရှိပါသည်။

ထို့ပြင် ဆရာ မင်းယုဝေ၏ ဆောင်းပါးထဲ၌ပင် ဒေါက်တာခင်ရွှေ (တိရစ္ဆာန်ဆေးကုဆရာဝန်) ဘာသာပြန်ဆို ရေးသားသည့် 'ကင်ဆာရောဂါ ပျောက်စေသော သင်္ဘောရွက်' ဆောင်းပါးကိုပါ တင်ပြချင်ပါသေးသည်။ ဩစတေးလျနိုင်ငံ ရွှေကမ်းခြေရှိ လူများသည် သင်္ဘောရွက်ရည်ဖြင့် ကင်ဆာရောဂါ ပျောက်စေကြောင်း ရေးသားခဲ့ပါသည်။ သင်္ဘောရွက်ပြုတ်ရည်ကို သောက်ခြင်းဖြင့် ကင်ဆာရောဂါပျောက်သည့် လူနာ (၁၆) ဦး ရှိခဲ့ကြောင်း ရေးသားထားပါသည်။ စာရေးသူလည်း သင်္ဘောရွက်ဖြင့် ကင်ဆာရောဂါသုတေသနပြုမှုများ၊ သင်္ဘောရွက်၏ အာနိသင်များကို အင်တာနက်တွင် ရှာဖွေဖတ်ရှုရာ ကံအားလျော်စွာ ဒေါက်တာခင်ရွှေ (တိရစ္ဆာန်ဆေးကုဆရာဝန်) ဘာသာပြန်ထားသည့် စာပိုဒ်မူရင်းများကို ဖတ်ရှုရပါသည်။ ဆရာမင်းယုဝေ ဆောင်းပါးထဲမှ ဒေါက်တာခင်ရွှေ ဘာသာပြန်ဆိုထားသည့်အတိုင်း ရေးသားထားသည်ကို တွေ့ရှိရပါသည်။

**သင်္ဘောသီးအရွက်၏ အာနိသင်များအကျဉ်းချုပ်**

၁။ ကင်ဆာကို ကာကွယ်ကုသနိုင်ပြီး ခါတ်မတည့်မှုကြောင့် ဖြစ်ပေါ်သော နာမကျန်းမှုများကုသကာ ကွယ်နိုင်ပါသည်။

၂။ ခန္ဓာကိုယ်၏ သက်ရှိအင်အားနှင့်စွမ်းအင်ကို ပြန်လည်လုပ်ဆောင်ပေးနိုင်သည်။

၃။ နှလုံးသွေးကြောများ ဆိုင်သောစနစ်ကို ကောင်းမွန်စေ၍ အထောက်အကူဖြစ်၏။

၄။ ပင်ကို ခုခံအားစနစ်ကို သန်မာစေပြီး ရောဂါများကို ခံနိုင်ရှိ၍ ရောဂါပြီးစေ၏။

၅။ မျက်စိအမြင်အား ကောင်းမွန်စေပြီး တိမ်စွဲကပ်ခြင်းကို ကာကွယ်၏။ ရောဂါများကို ကာကွယ်သည့် သတ္တိရှိကြောင်းနှင့် ရောဂါများကို ကာကွယ်သည့် ပဋိဇီဝဆေးဖြစ်သည်။

၆။ နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းကို သက်သာပျောက်ကင်းစေ၏။

၇။ ဖျားနာခြင်းနှင့် ဝမ်းချုပ်ခြင်းကို ပပျောက်စေ၏။

၈။ သားအိမ်၊ ရင်သား၊ အသည်း၊ အဆုတ်နှင့်ပန်ကရိယကင်ဆာရောဂါအမျိုးမျိုးကို ခုခံတိုက်ခိုက်နိုင်ပြီး နှလုံးသွေးကြောနှင့် အစာခြေစနစ်များကို ကောင်းမွန်စေပါသည်။

**သင်္ဘောရွက်လက်ဖက်ရည်လုပ်နည်း**

၁။ သင်္ဘောရွက်ကို အရိပ်ထဲတွင် အခြောက်ခံပြီး လက်ဖက်ခြောက်ကဲ့သို့ အသုံးပြု၍ ရေနွေးကြမ်းအဖြစ် သုံးဆောင်နိုင်ပါသည်။ သင်္ဘောရွက်သည် အကြိတ်များ ကြီးထွားခြင်းကို ပယ်ဖျောက်စေ၍ အကြိတ်ဖြစ်ပေါ်မှုကို ဆန့်ကျင်သည့် အာနိသင်ရှိကြောင်း တိုကျိုတက္ကသိုလ်ဆေးသိပ္ပံသုတေသနမှ သုတေသနပြုမှုအရလည်း သိရှိရပါသည်။

၂။ သင်္ဘောရွက်မနုမရင့်ကိုနှစ်ရွက်သန့်ရှင်းဆေးကြောပြီး ရေစင်ပါက နုပ်နုပ်ဖြတ်လှီးပါ။ ရေသန့် (၁) လီတာဖြင့် ရောစပ်ကျို၍ ရေတစ်ဝက်ခန့်ကျန်သည့်အခါ မီးဖိုပေါ်မှချပြီး (၄) နာရီအနယ်ထိုင်ထားပါ။ တစ်ကြိမ် (50ml) တစ်နေ့ (၃)ကြိမ် သောက်နိုင်ပါသည်။ ထိုအရည် နောက်ကျိသွားပါက မသုံးရပါ။

၃။ သင်္ဘောရွက် အနေတော် (၄) ရွက်ကို သန့်ရှင်းဆေးကြောပြီး ရေစင်ပါက ဖြတ်လှီးပါ။ ရေ (၂) လီတာဖြင့် အပူပေးကျိုပါ။ တစ်ဝက်ကျန်သည့်အခါ အရည်စစ်ယူကာ ဖန်ပုလင်းတွင်ထည့်၍ ရေခဲသေတ္တာထည့်သိမ်းပါ။ တစ်ကြိမ် (50ml) တစ်နေ့ (၃) ကြိမ် သောက်နိုင်ပါသည်။ ထိုအရည် နောက်ကျိသွားပါက မသုံးရပါ။

ကျွန်တော်သည် သဘာဝအာဟာရများနှင့် ကင်ဆာရောဂါကို ကုသနည်းများက အင်တာနက်၌ ရှာဖွေလေ့လာခဲ့သကဲ့သို့ ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ စာရေးဆရာကြီးများ ရေးသားထားသည့် ကင်ဆာရောဂါနှင့်ပတ်သက်သည့် လက်လှမ်းမီရာ စာအုပ်များကို လေ့လာခဲ့ပါသည်။ လေ့လာ တွေ့ရှိချက်များကို အများပြည်သူများ ဗဟုသုတရရှိစေရန်သော် လည်းကောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များအတွက်သော် လည်းကောင်း တစ်စုံတစ်ရာ အကျိုးပြုနိုင်လိမ့်မည်ဟု ယူဆကာ ရေးသား တင်ပြအပ်ပါသည်။

*ကျန်းမာရေးအသိ ပညာဗဟုသုတများ တိုးပွားစေပြီး ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားနိုင်ကြပါစေ။*

စွမ်းထက်နောင်

**ကိုးကား**

- အင်တာနက်
- ကင်ဆာရောဂါနှင့် သင်္ဘောရွက်
  ဆရာမင်းယုဝေ
- ဗြိတိသျှဗိန္ဓောဆေးအာနိသင်ကျမ်း
- သူရဇ္ဇမဂ္ဂဇင်း၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟောမန္တ၏ ဆေးသားများ ပါးလျားစပြုလာချိန်တွင် ရန်ကုန်ကောလိပ်၌ ကျောင်းသွားနေသော ထွန်းကျော်မင်းကို တစ်အိမ်သားလုံးက ခါတိုင်းနှစ်တွေလို မျှော်နေကြသည်။ သို့သော် ယခု ဂိမှာန၏ စုတ်ချက်များကသာ အရာရာတိုင်းမှာ စွန်းထင်း ပေကျံစပြုလာသည်။ ထွန်းကျော်မင်းတစ်ယောက်ကား ရန်ကုန်ကောလိပ် ပြန်ရောက်မလာသေး။ စစ်တကောင်းသွား အာရကန်ဖလိုတီလာကမ္ဘာကြီးသင်္ဘောဆိပ်ကို ဆင်းဆင်းမျှော်ကြရသည့်မှာလည်း အမောပင်။ သို့သော် ယခုအထိ ထွန်းကျော်မင်းကား ဘယ်သင်္ဘောပတ်နှင့်မှ ပါမလာသေး။

# ထွန်းကျော်

## ဤလမ်းခရီး လွမ်းမပြီးနိုင်

သုရဋ္ဌမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဒေါ်သန္တာဖြူနှင့် တစ်အိမ်သားလုံးမှာ ထွန်းကျော်မင်းနှင့်အတူ ရန်ကုန်ကောလိပ်တွင် ကျောင်းနေရန်သွားကြသော အောင်ကျော်ဦး၊ ထွန်းမြဦးတို့၏ မိဘများအိမ်ကို သတင်းမေးရောက်ကြရပြန်သည်။ အောင်ကျော်ဦး၊ထွန်းမြဦးတို့မိဘများမှာလည်း သူတို့မိသားစုလိုပင် သားများကိုမျှော်ရင်း ကြောင့်ကြစိုးရိမ်ကြီးလျက်ရှိကြသည်။ရန်ကုန်ကောလိပ်မှ သားများသတင်းကိုသာ ဘာမှမကြားရသော်လည်း စစ်သတင်းများကမူ တစ်နေ့တစ်မျိုး ကမ်းသာမြို့သို့ ရောက်လာနေသည်။

အိန္ဒိယပြည်ဘက်တွင် ကောလိပ်ကျောင်းသွားတက်နေကြသော မိမိတို့ကမ်းသာမြို့က ကျောင်းသားများကမူ မိမိမြို့၊ မိမိအိမ်သို့ အလျှိုလျှို ပြန်ရောက်လာကြသည်။ သူတို့အနောက်ပြည် ကောလိပ်ကျောင်းသားများဆီက ကြားရသော အိန္ဒိယရေဒီယိုသတင်းအရဆိုလျှင် အင်ဒိုချိုင်းနားနှင့် ယိုးဒယားပြည်တို့ကို သိမ်းပိုက်ထားသော ဂျပန်တို့သည် အရှေ့မြန်မာပြည်ကို စစ်ဆင်တိုက်ခိုက်နေကြပြီ။ မကြာခင် မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်တော့မည်။ ယခုလောက်ဆိုလျှင် ရန်ကုန်မြို့ကိုပင် ဝင်ရောက် သိမ်းပိုက်သွားလေပလား။ ထို့ကြောင့်သာ သူ့သားများ ပြန်ရောက်မလာနိုင်ကြခြင်း ဖြစ်မည်ဟု မိဘဆွေမျိုးများက သောကများနေကြလေသည်။

ထိုအခါ ဒေါ်သန္တာဖြူက သူ့ခင်ပွန်း ဦးသင်္ဂါကျော်ကို အပြစ်တင်မဆုံး ဖြစ်လာသည်။

"သားကြီးကို သူများလိုပဲ အိန္ဒိယပြည်မှာ ကျောင်းသွားနေပါစေဆိုတာ ရှင်က အမျိုးမျိုးအကြောင်းပြပြီး ကန့်ကွက်ခဲ့တာလေ။ ကိုယ့်ပြည်မှာ ကောလိပ်ရှိရက်နဲ့ ကုလားပြည်မှာ ကျောင်းသွားမထားနိုင်ပါဘူးဆို။အခုတော့ ကုလားပြည်က ကျောင်းသားတွေပဲ ကိုယ့်အိမ်၊ကိုယ့်မြို့ပြန်ရောက်လာကြတယ်၊ ရှင့်သားက ပြန်ရောက်မလာ. . ."

"ဟာ - ငါ့သားတစ်ယောက်တည်းလားကွ။ ကိုကျော်ခေါင်၊ ကိုကျော်မြတို့သားတွေလည်း ပြန်မှမရောက်သေးတာ။ မင်းသားကလည်း ကုလားပြည် သွားမနေချင်ဘူး။ ရန်ကုန်ပဲ သွားနေချင်တယ်၊ ထွန်းမြဦး၊ အောင်ကျော်ဦးတို့နဲ့ အဖော်ရတယ်၊ ရန်ကုန်ကောလိပ်ပဲ နေမယ်ဆိုလို့ လွှတ်လိုက်ရတာ။ ခုမှ ငါ့အပြစ် လာဖြစ်နေပါလား"

"ဖြစ်ရမယ်လေ၊ ကလေးတွေ ရန်ကုန်နေချင်အောင် ရှင်ပဲအမျိုးမျိုး ပြောလွှတ်နေတာကိုး။ ရန်ကုန်က ကိုယ့်တိုင်းကိုယ့်ပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ. . ."

"ဒါကတော့ ဟုတ်တယ်လေ။ ကုလားပြည်နဲ့စာရင် ကိုယ့်တိုင်းကိုယ့်ပြည်ပဲ သန္တာရယ်။ ငါလည်း ဒီလို ဂျပန်တွေနဲ့ စစ်ကြီးဖြစ်လာမယ်မှန်း သိရင် သားကြီးကို ဘယ်လွှတ်ပါ့မလဲကွယ်။ အိန္ဒိယပြည်ပဲသွားနေပြောမှာပေါ့"

ဒေါ်သန္တာဖြူ ပြောသည်မှာ အဆုံးတော့ မဆိုသာသလို ဦးသင်္ဂါကျော် ပြောသည်မှာလည်း အပြစ်မဆိုသာ။ ထွန်းကျော်မင်း မည၀တီမှ တက္ကသိုလ်ဝင်တန်း အောင်ပြီးကတည်းက အိန္ဒိယကောလိပ်နေရေးနှင့် အရှေ့ပြည် ရန်ကုန်ကောလိပ်နေရေးတို့ကို သူတို့ဇနီးမောင်နှံ အချီအချ လွန်ဆွဲပွဲလုပ်ခဲ့ကြရသည်။

အိန္ဒိယတွင် ထွန်းကျော်မင်းကောလိပ်သွားနေလျှင် မိမိအရပ်နှင့်လည်းနီးသည့်အပြင် ဆွေမျိုးလည်းရှိသဖြင့် ဒေါ်သန္တာဖြူက အိန္ဒိယတွင်





www.burmeseclassic.com

www.burmeseclassic.com

သူ့သားကြီး ထွန်းကျော်မင်းကို ကောလိပ်သွားထားချင်သည်။ သို့သော် အမျိုးဘာသာ သာသနာအစွဲကြီးကြသော ဓညဝတီပြည်သား သူ့ခင်ပွန်း ဦးသင်္ဂါကျော်နှင့် သူ့အဖေ ဦးအောင်တိုင်တို့ကမူ ယခု သူတို့လူဖြစ်၍ နေနေကြရသည်ကပင် တိုင်းစွန်ပြည်ဖျား ဇနပုဒ်အရပ် ဘာသာသာသနာမထွန်းကားသောအရပ်ဖြစ်ရာ သားဦး မြေးဦး ထွန်းကျော်မင်းကို သာသနာဘာသာထွန်းကားနေသော ရန်ကုန်ကောလိပ်နေရန် ပြောဆို ဆုံးမ၍ အဘိုးနှင့် အဖေတို့က လွှတ်လိုက်ကြရသည်။

ထို့ကြောင့် ယခု အိန္ဒိယကောလိပ်တွင် ကျောင်းသွားနေကြသော ကမ်းသာမြို့မှ ကျောင်းသားများက ပြန်ရောက်လာပြီး သူ့သားကြီး၊ သူ့မြေးကြီး ထွန်းကျော်မင်း ရန်ကုန်က ပြန်မရောက်လာသေးသောအခါ ဒေါ်သန္တာဖြူနှင့် ဒေါ်ကြာဦးဖြူတို့မှာ သူတို့ခင်ပွန်းများကို အပြစ်တင်မဆုံးဖြစ်နေကြသည်။ ဓညဝတီတွင် တက္ကသိုလ်ဝင်တန်းကျောင်းသွားနေသော သားငယ် ထွန်းကျော်လင်းကမူ -

"အစ်ကိုကြီးက နွေရာသီကျောင်းရက်ရှည်ပိတ်လို့ ပြန်လာတာတောင် သင်္ဘောတစ်ပတ်က လနဲ့ချီကြာချင်ကြာတတ်တာပဲ။ အစ်ကိုကြီးတစ်ယောက်တည်းမှ မဟုတ်တာ။ ကိုထွန်းမြဦးတို့၊ ကိုအောင်ကျော်ဦးတို့လည်း ခုပြန်မရောက်ကြသေးပါဘူး။ သိပ်လည်းပူမနေစမ်းပါနဲ့"

ဟု သူ့အမေနှင့် သူ့အဘွားတို့ကို ဖျောင်းဖျစကားပြောထားသည်။

သို့သော် ထွန်းကျော်လင်း၏ စကားက နှစ်ပတ်ပင်မခံ။ သူ့အစ်ကို ထွန်းကျော်မင်းတို့နှင့် ရန်ကုန်ကောလိပ်သွားနေကြသော မြစ်နားတန်းက ဦးကျော်ခေါင်၊ဒေါ်ရွှေအိမ်သူတို့ သားကြီး အောင်ကျော်ဦးတစ်ယောက် မိမိတို့ ကမ်းသာမြို့ကလေးသို့ပြန်ရောက်လာသည်။ ဓညဝတီနှင့် ရန်ကုန် သင်္ဘောပတ်ကို ပိတ်လိုက်သဖြင့် သူသည် တောင်ကုတ်တောင်ကြားလမ်းပြည်ဘက်က ခဲရာခဲဆစ် မိမိအရပ်သို့ ခရီးရှည်လှည့်လာခဲ့ရသည်ဟု ပြောပြသည်၊

သူပြန်လာသော လမ်းခရီးအကြားတွင် ဂျပန်လေယာဉ်များက ရန်ကုန်မြို့ကို ဗုံးလာကြဲနေကြပြီ ဆိုသောသတင်းကိုလည်း ကြားခဲ့ရသည်။ ထွန်းကျော်မင်း၊ ထွန်းကျော်လင်းတို့အဘိုး ဦးအောင်တိုင်ကမူ အောင်ကျော်ဦး ကြားခဲ့ရသည် ဆိုသောသတင်းကို အတည်မပြုချင်။ အိန္ဒိယရေဒီယို နေ့စဉ် နားထောင်တတ်သော မြို့ပိုင်ကြီး ဦးကျော်ဇံဝေက သူ့ကိုဘာမှမပြောပါလားဟု ဆိုသည်။

ဂျပန်တို့ ရန်ကုန်မြို့ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့ကပင် အမှန်တကယ် ဗုံးကြဲ တိုက်ခိုက်လာပြီ ဆိုသည်ကို အောင်ကျော်ဦးကလည်း တိတိကျကျ မပြောပြတတ်။ လမ်း၌ တောင်ကုတ်ကကြားခဲ့ရသည်ဟုသာ မရေမရာဆိုသည်။ သူနှင့်အတူ ရန်ကုန်ကောလိပ်တွင် ကျောင်းအတူတက်နေခဲ့ကြသော ကမ်းသာမြို့မှ ထွန်းကျော်မင်းနှင့် ထွန်းမြဦးတို့နှစ်ယောက်သည် ဂျပန်လေယာဉ်များ မော်လမြိုင်ကို ဗုံးလာမကြဲခင်ကပင် သခင်ပေါက်စ ရန်ကုန်ကျောင်းသားများနှင့်အတူ ဂျပန်ကြိုလိုက်သွားကြသည်။ စာမေးပွဲလည်းမဖြေခဲ့ကြ။ သူတို့ပါ ဂျပန်ကြိုလိုက်ရန် ခေါ်ခဲ့ကြသော်လည်း သူဖျားနေ၍ ကျန်ရစ်ခဲ့သည်ဟု ဆို၏။

အောင်ကျော်ဦး၏ စကားကို ကြားရသောအခါ ထွန်းကျော်မင်း၏ မိဘဘိုးဘွားညီအစ်ကိုမောင်နှမဆွေမျိုးများနှင့် ထွန်းမြဦး၏ မိဘဘိုးဘွားညီအစ်ကိုမောင်နှမဆွေမျိုးများမှာ ပို၍ စိုးရိမ်သောကဖြစ်သွားကြသည်။ ယခု သူတို့ကို အုပ်ချုပ်နေသူမှာ အင်္ဂလိပ်အစိုးရ၊ သူတို့နေထိုင်ကြရသည်မှာလည်း တိုင်းစွန်ပြည်ဖျား ဇနပုဒ်အရပ်၊ သူ့သားများ ဂျပန်ကြိုလိုက်သွားကြသည်၊ ဂျပန်စစ်တပ်ထဲ ဝင်သွားကြသည်ဆိုလျှင် အင်္ဂလိပ်မင်းများက သူတို့ကို အရေးယူ ထောင်ချပစ်လေမလားဟူသော ပူပန်သောကတစ်ခုကလည်း ထပ်တိုးလာပြန်ရာ ထွန်းကျော်မင်းမိဘတွေနှင့် ထွန်းမြဦးမိဘတွေမှာ သူတို့သားနှစ်ယောက် ဂျပန်ကြိုလိုက်သွားကြသည်၊ ဂျပန်စစ်တပ်ထဲ ဝင်သွားကြသည်ဆိုသော စကားကို မိဘကလွဲလျှင် မည်သူ့ကိုမျှမပြောကြရန် အောင်ကျော်ဦးကိုပါ ပါးစပ်ပိတ်ခိုင်းထားကြရပြန်သည်။

ယခုလို တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်တွင် ပုလိပ်တွေက သဲ့သဲ့ကြားသည်နှင့် ချက်ချင်း အိမ်ထဲရောက်လာကြမည်။ ထို့ကြောင့် ထွန်းကျော်မင်းနှင့် ထွန်းမြဦးတို့ မိဘတွေမှာ ညည ခွေးဟောင်သံ ကြားတိုင်း ပုလိပ်များ အိမ်ကို လာဝိုင်းကြလေသလားနှင့် မအိပ်နိုင်မစားနိုင်ဖြစ်နေကြသည်။ ရပ်ရွာမြို့ပြဒိုင်အာခီလူကြီးထဲ ပါနေရသော ထွန်းကျော်မင်းတို့အဖေ ဦးသင်္ဂါကျော်ကမူ အောင်ကျော်ဦးအား ဤကိစ္စနှင့်ပတ်သတ်၍ လုံးဝမဟာရန် သတိပေးထားသည်။သူနှုတ်မလုံလျှင် ပုလိပ်တွေက အောင်ကျော်ဦးကိုပါ ခေါ်ပြီးစစ်လားမေးလားလုပ်လာကြလိမ့်မည် ဆိုသဖြင့် အောင်ကျော်ဦးမှာလည်း ထွန်းမင်းကျော်၊ ထွန်းမြဦးတို့အကြောင်းကို နောက်ပိုင်း၌ လုံးဝ စကားထဲ ထည့်မပြောတော့ဘဲ မသိဘူးဟုသာ တွင်တွင်ပြောနေရလေသည်။ ပြည်စွန်းတိုင်းဖျားဇနပုဒ်အရပ်ကြားကျသော ကမ်းသာမြို့ကလေးသည် ထိုအချိန်မှစပြီး စစ်သတင်းတွေနှင့် လှုပ်ရှားစပြုလာသည်။

❐

သည်နှစ် ဥဩတွန်သံ စောသည်။ ဆောင်းကုန်မြန်သည်၊ နွေသစ်စောသည်ဟု သဇင်ဖြူ စိတ်ထဲတွေးနေမိသည်။ နွေသရုပ်များက ပေါမန္တ၏ ဆေးသားမှုန်ဝါးဝါးများကို ရက်ပိုင်းအတွင်း ဝါးမြိုပစ်လိုက်သည်။

တိုင်းရေးပြည်ရွာ မသာယာသောကြောင့် အစ်ကိုငယ် ထွန်းကျော်လင်းလည်း ကျောင်းဆက်နေရန် ဓညဝတီကို မပြန်ဖြစ်တော့။ သားကြီးသတင်းကိုလည်း ဘာသံမှမကြားရသော ဒေါ်သန္တာဖြူနှင့် ဦးသင်္ဂါကျော်တို့ကလည်း သားငယ်ကို မျက်စိအောက်က အပျောက်မခံနိုင်ကြ။ အဘိုး၊ အဘွားတို့ကလည်း သားငယ်ကို ကိုယ့်မြို့ကိုယ့်ရွာ၌ပင် ဘယ်ကိုသွားသွား မိဘဘိုးဘွားတို့ကို မှာကြား ပြောဆိုပြီးမှ သွားရမည်ဟု အမိန့်ထုတ်ထားသည်။

ခြံဝင်းထဲရှိ သီးပင်သီးပွင့်များ



www.burmeseclassic.com

www.burmeseclassic.com

သည်နှင်းခါးအရိုက်တွင် နွေသစ်ရွက်များ ကြွေလွင့်သွားသည့်ပမာ မြေခကြွေကျကုန်သည်။ ဤသည်ပင် သဇင်ဖြူက နွေနိမိတ်ဟု ထင်နေသည်။ ခါတိုင်းနှစ် နွေရာသီ ကျောင်းပိတ်ရက်များကို သတိရနေသည်။ အဘိုး၊ အဘွားနှင့်တကွ တစ်အိမ်လုံးက နွေရာသီ ကျောင်းပိတ်ရက်ကို လိုလိုလားလား တမ်းတမ်းတတ မျှော်လင့် **စောင့်စား**တတ်ကြသည်။ နွေ**ကျောင်းရက်**ရှည်ပိတ်လျှင် ရန်ကုန်နှင့် မဥ္စလတီတို့တွင် အတန်းကြီးကျောင်းသွားနေကြသော ကမ်းသာမကောလိပ်ကျောင်းသားကြီးများနှင့် အစ်ကိုနှစ်ယောက်လည်း အိမ်ပြန်ရောက်လာတတ်ကြသည်။

အစ်ကိုကြီး ထွန်းကျော်မင်း ကျောင်းကြီးပိတ်၍ ရန်ကုန်က ပြန်လာလျှင် သီချင်းဓာတ်ပြားများပါလာတက်သည်။ ထိုဓာတ်ပြားတွေမှာ အိန္ဒိယပြည် ခတ်(လုပ်)ဓာတ်ပြားများဖြစ်နေသဖြင့် တစ်ချို့တွေမှာ အိမ်၌ဝယ်ထားပြီးသား ဓာတ်ပြားများ ဖြစ်နေတတ်သည်။ ထို့ကြောင့် အမေက ငွေကုန်ခံဝယ်လာရကောင်းလားဟု အစ်ကိုကြီးကိုအပြစ်တင်တတ်သည်။

အစ်ကိုကြီးကလည်း ဗမာသီချင်းတွေထဲမှာ သူအကြိုက်ဆုံး သီချင်းတွေကို အမေနှင့် သူနှမငယ်တို့ နားထောင်ရအောင် ဝယ်လာတာဟု ဆိုသည်။ ဤသည်ကို အဘွားကမူ ကုလားမ အဆိုတော် နန္ဒာရာရှာဝီ အရုပီလပါတို့သီချင်းလို နားမစွဲဘူးဟုပြော၏။

ထိုအခါ အစ်ကိုကြီးထွန်းကျော်မင်းက-

"ကုလားမကတော့ ကုလားသီချင်းပဲ ကြိုက်မှာပေါ့"

ဟုပြောကာ အိန္ဒိယဘက်ကမ်းမွေး အိန္ဒိယပြည်သူမ အဘွားကို စတတ်၏။ အစ်ကိုငယ် ထွန်းကျော်လင်းနှင့်သဇင်ဖြူတို့ကတော့ အစ်ကိုကြီးရှေ့တွင် သူ့အကြိုက်၊ ကိုယ့်အကြိုက် ဓာတ်ပြားလုရင်း ရန်ဖြစ်နေတတ်ကြသည်။ သူ့ဓာတ်ပြားငါ့ဓာတ်ပြား ငါအရင်ဖွင့်မည်၊ သူအရင်ဖွင့်မည်နှင့် မောင်နှမတွေ စိတ်ကောက်တတ်ကြ၏။

ထိုအခါ အမေက မောင်နှမတွေ စိတ်ပြေသွားအောင် ပုရွက်ဆိတ် (မုန့်စိမ်းပေါင်း)၊ ခွေးချေးဆုတ် (ထမင်းခြောက်ထောင်း)မုန့်၊ ဖက်ထုပ်မုန့်တစ်ခုခု လုပ်ကျွေး၍ မောင်နှမတွေကို အစားနှင့်ခေါ် ၍ဖြေသိမ့်တတ်သည်။

မောင်နှမတွေစိတ်ပြေသွားလျှင် ညနေစောင်း လယ်တောထွက်ကြ၏။ မြင်းကြီးတိမ်ပျံကို အဖ်နာရ်ဂက လှည်းတပ်ပေးသည်။ ချူသံတလွင်လွင်နှင့် မြင်းလှည်းက ကုန်းပေါ်တာရိုးအတိုင်း ဖုန်တထောင်းထောင်းနှင့်သွားနေတုန်း လယ်တောက နွားခလောက်သံ၊ ချူသံများကို အဝေးကြီးကပင် ကြားနေရသည်။

လယ်ကွင်းပတ်လည်တွင် မီးခိုးတလူလူထွက်နေသော ကုလားလယ်ကူလီများတဲထဲကတဲတစ်လုံးရှေ့တွင် အဖ်နာရ်ဂက မြင်းလှည်းကို ရပ်နားလိုက်သည်။ လယ်ကူလီများက သူတို့မောင်နှမကို သူ့ထက်ငါဦး လက်ဖြစ်ဒိန်ချဉ်၊ နို့ခမ်းတို့နှင့် ဧည့်ခံကြ၏။ အလယ်တန်းတုန်းက အိန္ဒိယဘက်တွင် ကျောင်းပြောင်းနေပြီး အထက်တန်းရောက်မှ မဥ္စလတီတွင်ကျောင်းပြန်ပြောင်းနေသူ။ ယခုရန်ကုန်ကောလိပ်သွားတက်နေသော အစ်ကိုကြီးကိုတော့ မျက်နှာနည်းနည်းစိမ်းသဖြင့် ထွန်းကျော်လင်းနှင့် သဇင်ဖြူတို့လောက် အရောမဝင်ရဲကြ။

ညနေဆည်းဆာအရောင်ကို ကောင်းကင်အနောက်ဘက်ခြမ်းတွင် မြင်ရတော့မှ အိမ်ပြန်လာတတ်ကြသည်။ ထိုအချိန်တွင် ငှက်တော်များ မြူးအော်ချိန်၊ ကျွဲကျောင်းငှက်များ မွှားဖမ်းချိန် လယ်ကွင်းက ဗျိုင်းဖြူများလည်း တောတန်းသို့ အိပ်တန်းလုရန် ပျံကြချိန်၊ တိမ်တောက်ချိန်ဖြစ်သဖြင့် အရာရာတိုင်း လှပနေချိန်ပင်။

အိမ်ပြန်ရောက်ကြလျှင် အမေနှင့်ချန္ဒိမာ(စန္ဒီ)တို့က လက်ဆွဲဓာတ်မီးထွန်း၍ လယ်တောပြန်များကို ကြိုဆိုနေကြချိန်ဖြစ်သည်။ ယခုမူ အိမ်မှာ မောင်နှမနှစ်ယောက်သာရှိသဖြင့် လယ်တောဘက်လည်း မရောက်ဖြစ်ကြ။ ဂျပန်ကြိုလိုက်သွားသည် ဆိုသော အစ်ကိုကြီးကား ဘယ်အရပ် ဘယ်ဒေသ ရောက်နေသည် မသိ။ သေမှန်းပျောက်မှန်းလည်း မသိရ။

ထို့ကြောင့် အမေက ညနေထမင်းဝိုင်းပြင်တိုင်း မျက်ရည်ဝဲနေတတ်သည်။ သည်ကြားထဲ အစ်ကိုငယ် ထွန်းကျော်လင်းက တစ်နေ့တလေတွင် ထမင်းစားအမီပင် အိမ်ပြန်မရောက်တတ်။ အဘိုး၊ အဘွား၊ အမေ၊ အဖေတို့က မည်မျှ ပြောထားပြောထား ဟိုသတင်းသည်သတင်း လျှောက်နားထောင်၍ အိမ်ကပ်သည်မရှိ။ တစ်နေ့လုံး ဈေးပိုင်းဘက်၌သာ အချိန်ဖြုန်းနေသည်။ သူပြန်လာလျှင် တစ်စုံတစ်ခုသတင်းတော့ ပါလာတတ်၏။ သို့သော် သူ့သတင်းတွေမှာ အိန္ဒိယရေဒီယိုသတင်းလိုပင် မှန်သည်က နည်းသည်ဟု အဘိုးကပြောသည်။

ကိုအောင်ကျော်ဦးကတော့ တစ်ခါတစ်ခါ ပေါက်ချလာပြီး သဇင်ဖြူတို့ မိသားစုကို အားပေး နှစ်သိမ့်စကားပြောတက်သည်။

"ထွန်းထွန်းတို့က ဘီအေ၊ အိုင်အေကျောင်းသားကြီးတွေပဲ ကြီးကြီး။ ဂျပန်စစ်တပ်ထဲ ရောက်ရင်လည်း ဗိုလ်ဖြစ်ကြမှာပဲ၊ သိပ်ဆင်းဆင်းရဲရဲတော့ရှိမှာမဟုတ်ပါဘူး" တဲ့။

အဘိုးဦးတိုင်အောင်က သူ့မြေးကြီးသောကနှင့် စစ်သတင်းများကို သိချင်နေသဖြင့် မြို့ပိုင်ကြီးအိမ်ကို သွားသွား စနည်းနာတတ်သည်။ သို့သော် အိန္ဒိယက ရေဒီယိုသတင်းတွေကလည်း မမှန်ဟု ညည်းတတ်ပြန်၏။ အဖေကလည်း အဘိုးလိုပင် ဈေးပိုင်း၊ ဂါတ်တဲပိုင်းကို အသွားများနေသည်။

ထို့ကြောင့် အမေက-

"စစ်ကြီးဖြစ်လာတာ ကိုယ်ကဘာတတ်နိုင်မှာမို့လဲ။ ကိုယ်တတ်နိုင်တာက တလင်းက စပါးတွေ မဖိတ်မစဉ်ဖို့ဘဲ မြန်မြန်ငွေပေါ်ဖို့ပဲ။ ခုလို လယ်ကူလီကုလားတွေနဲ့ချည်း လယ်ကိုပစ်ထားလို့ဖြစ်မတဲ့လား။ စစ်ကြီးကလည်း နောက်ထပ် ဘယ်နှနှစ်တောင်ဆက်ဖြစ်နေမလဲ မသိတာ၊ လယ်တောကိုလည်း ဆင်းကြည့်ပါဦးလားတော်"

ဟု အဖေ အိမ်ပြန်ရောက်လာတိုင်း နေ့စဉ်လိုလို သတိပေးနေတတ်သည်။

ဒေါ်သန္တာဖြူမှာ သားကြီးအ



www.burmeseclassic.com

www.burmeseclassic.com

တွက် သောကရောက်နေသော်လည်း သူ့လယ်သူ့ယာကိုမမေ့။ လက်ရှိပကတိ အခြေအနေကိုလည်း ဦးသခေါ်ကျော်ထက် တွေးခေါ်သုံးသပ်တတ်သည်။ ယခုအချိန်မှာ စပါးများရိတ်သိမ်းပြီး၍ တလင်းပျောက် စက်ရောက်ရမည့်အချိန်မို့ လယ်ကူလီကုလားများကို ကြပ်ကြပ်မတ်မတ်စောင့်ခိုင်းတတ်ရမည်ကို သူသိသည်။

တိုင်းရေးပြည်ရွာ မသာယာသည်ကိုအကြောင်းပြု၍ လယ်ကူလီများ စပါးခိုးရောင်းကြမှာကို ကြောင့်ကြနေသည်။ လောလောဆယ်မှာ စစ်ကြီးထက် သူ့လယ်သူ့ယာထွက် သူ့စပါးများကို ပို၍ စိတ်စောနေသည်။

ဦးသခေါ်ကျော်ကမူ စစ်ကြီး သူတို့ဆီရောက်လာမှာ တွေးကြောက်နေ၏။ စစ်သတင်းများကြောင့် စိတ်ဓာတ်လည်း ချောက်ချားနေသည်။ အမှန်ကတော့ ဦးသခေါ်ကျော်တစ်ယောက်တည်းသာ မဟုတ်။ ကမ်းသာတစ်မြို့လုံးရှိ လူတွေက မတွေ့ဘူး၊ မကြုံဘူးကြသော စစ်ကြီးကို အကြောက်ကြီး ကြောက်ရွံ့နေကြသည်။

ယခင်က တွေ့ဖူးခံစားခဲ့ဖူးကြသော လူကြီးသူမ မိအိုဖအိုများ၏ ပြောစကားနှင့် စစ်ကြီးကိုအကြောက်လန့်နေကြသည်။ မိန်းမသူများကလည်း ဟိုတုန်းကလို ထမင်းကြမ်းခဲများကို ရေကပြင်ကနေ ဗုန်းခနဲဘတ်ခနဲ လွှင့်မပစ်ရဲကြတော့။ စစ်ကြီးရောက်လာလျှင် ငတ်ပြတ်မှာစိုး၍ ထမင်းကျန်၊ ဟင်းကျန်တို့ကို အခြောက်အခြမ်း လှန်းထားကြသည်။ တစ်ချို့ မိန်းမသူများမှာ အကြောက်လွန်ကာ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာအနေနှင့် သက်ကြီးရွယ်အိုများဆီတွင် မသိုးထမင်းမသိုးဟင်းများကိုပင် အချက်အပြုတ်သင်နေကြသည်။ အစုတ်အပြဲတွေကို ဖာထေးချုပ်လုပ်နေကြသည်။

သည်လိုနှင့် ပို၍ ချောက်ချားစရာကောင်းသော နေ့တစ်နေ့သည် ကမ်းသာမြို့ကလေးသို့ မခေါ်ပင့်ချေရောက်လာလေတော့သည်။

ဘူးသီးတောင်၊မောင်တောလမ်းမကြီးဆီက လူအုပ်ကြီးသည် တစ်သုတ်ပြီးတစ်သုတ် ကမ်းသာမြို့ထဲဝင်လာနေကြသည်။ လူအုပ်ထဲတွင် မသွားနိုင်ကြတော့သဖြင့် အထမ်းနှင့် ခေါ်လာကြသူများကို မြင်နေရသည်။ တစ်ချို့မိန်းမသူများမှာ ခါးထစ်ခွင်တွင် ကလေးတစ်ယောက်ကို ချီထားပြီး လက်တွင်လည်း ကလေးငယ်တစ်ယောက်ကိုဆွဲကာ လူအုပ်ကြီးနောက်ကို ပင်ပန်းကြီးစွာ လိုက်ပါလာကြသည်။ လူအားလုံးမှာ အူရီယာ၊ မွတ်စလင်၊ ဟိန္ဒူ စသည် အိန္ဒိယလူမျိုးများချည်း ဖြစ်ကြသည်။

ကမ်းသာမှာ မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဝမြို့ ဖြစ်၏။ ထိုခေတ်ထိုအခါက ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဟူ၍လည်း မပေါ်ပေါက်သေးရာ ကုလားလူမျိုးအားလုံးကို ရခိုင်တို့က အိန္ဒိယသားများဟူသာ အသိအမှတ်ပြုထားကြသည်။ ကမ်းသာနှင့် နီလာ၊ ပန်းတောင်း၊ ကယုချောင်းမြို့များသို့ သွားသော အာရကန်ဖလိုတီလာကုမ္ပဏီမှ နှစ်ထပ်သင်္ဘောတစ်စီးအပြင် မြေဝတီ၊ စစ်တွေ၊ စစ်တကောင်းအထိ ပြေးဆွဲနေသော ဆင်ဒီယားသင်္ဘောကုမ္ပဏီ(Syndia company)ပိုင်သင်္ဘောကြီးများလည်း ရှိသည်။

ထို့ကြောင့် ယခုဘူးသီးတောင်၊မောင်တောဘက်က ရောက်လာကြသော အိန္ဒိယသားများမှာ ထိုသင်္ဘောများနှင့် အိန္ဒိယပြည်ကို ပြေးကြရမည့် စစ်ပြေးဒုက္ခသည်များ ဖြစ်ကြ၏။

၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ကို ဂျပန်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်လာပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံရှိ အိန္ဒိယလူမျိုးများမှာ အိန္ဒိယပြည်ဘက်သို့ ကုန်းလမ်း၊ ရေလမ်းတို့နှင့် ပြေးခဲ့ကြရသည်။ မြန်မာပြည်အထက်ပိုင်းမှ အိန္ဒိယလူမျိုးများသည် တောတောင်ထူထပ်ပြီး သားရဲတိရစ္ဆာန်များ ပေါများသော ဟူးကောင်း၊ မဏိပူတောင်ကြားလမ်းက အသက်စွန့်ပြီး ပြေးကြရသလို မြန်မာနိုင်ငံအောက်ပိုင်းရှိ အိန္ဒိယလူမျိုးများကလည်း အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်းအတိုင်း အရှေ့မြန်မာပြည်မှ အလုံးအရင်းနှင့်ရာထောင်ပေါင်းများစွာ ပြေးလာနေကြသည်။

အရှေ့မြန်မာပြည်မှ ပြေးလာကြသူများသည် ဘူးသီးတောင်၊မောင်တောမှ တစ်ဖန် ယခု ကမ်းသာကို ရောက်လာကြသည်။လူအုပ်ကြီးတစ်သုတ်ပြီးတစ်သုတ် မြို့ထဲဝင်လာနေကြချိန်တွင် သဇင်ဖြူအဘိုးနှင့်အဖေတို့က လယ်တောသို့ ရောက်နေကြသည်။ အိမ်မှာ သဇင်ဖြူအဘွား၊ သဇင်ဖြူအမေ၊ သဇင်ဖြူ၊ ချန္ဒိမာနှင့် အစ်ကိုလေးတို့သာ ရှိကြသည်။

ဘူးသီးတောင် - မောင်တောလမ်းအတိုင်း တစ်သုတ်ပြီးတစ်သုတ် မြို့ထဲ ဝင်လာနေကြသော အိန္ဒိယလူအုပ်ကြီးကို ဝရန်တာပေါ်ကထွက်ကြည့်ကြသည်။

"မေမေ၊ ကျွန်တော် ခြံဝဘက်ထွက်ကြည့်လိုက်မယ်။ လူအုပ်ကြီးကမနည်းဘူးဗျ"

အိမ်ရှေ့ခြံဝင်းထဲရှိ သီးပင်စားပင်တွေကွယ်နေသဖြင့် လူအုပ်ကြီးကို ရှင်းရှင်းလင်းလင်း မမြင်ရသော ထွန်းကျော်လင်းက ခြံဝဘက်ထွက်ကြည့်လိုက်မည်ဟု သူ့အမေကို ပြောသည်။

"ဟဲ့ - သား၊ မသွားနဲ့ ကိုငယ်။ ဘယ်ကကုလားအုပ်တွေမှန်းလဲ မသိဘူး။ အမေတို့ခြံထဲ ကုလားအုပ်တွေ ဝင်လာကြရင် ဘယ့်နှယ်လုပ်မလဲ။ အိမ်မှာ ယောကျ်ားသား ကြီးတော့ကြီးမဆိုလို့ ကိုငယ်ပဲရှိတာ။ မသွားနဲ့သား၊ မသွားပါနဲ့"

"ဟာ - အမေကလည်း ကျွန်တော်တို့ခြံထဲကို ကုလားအုပ်တွေ မဝင်ပါဘူးဗျ။ သင်္ဘောဆိပ်ဘက်၊ ဈေးဘက်သွားနေကြတာပါ။ စစ်ပြေးတွေဆိုတာနဲ့ တူတယ်။ ခဏသွားကြည့်လိုက်မယ်ဗျာ"

မြေဝတီတွင် တက္ကသိုလ်ဝင်တန်းထိ ကျောင်းသွားနေဖူးသူ ထွန်းကျော်လင်းက ခြံဝဘက် ပြေးထွက်သွားသည်။

ထွန်းကျော်လင်းသည် ခြံဝဘက် ငေးကြည့်ပြီး-

"အမေ အမေ၊ လူအုပ်ကြီးက ဈေးနားကုန်ဘောင်ထက်မှာ တန့်(ရပ်)နေကြတယ်"

ဟု လှမ်းပြော၏။

ထွန်းကျော်လင်း အော်ပြောလိုက်သံကြောင့် အိမ်ကြီးအနောက်ဆောင်ထဲရောက်နေသော သူ့အဘွားဒေါ်ကြာဦးဖြူလည်း ဝရန်တာပေါ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ ဒေါ်ကြာဦးဖြူ၊ ဒေါ်သန္တာဖြူ၊ သဇင်ဖြူနှင့် အိမ်ဖော် ချန္ဒိမာတို့က ထင်မြင်ချက်အမျိုးမျိုး ပြောကာ လူအုပ်ကြီးကို ငေးကြည့်နေကြသည်။

မကြာမီမှာပင် လယ်တောသွားနေကြသော ဦးအောင်တိုင်တို့သမီးယောက်ျားမနှစ်ယောက် လယ်တောကပြန်ရောက်လာကြသည်။ ချန္ဒိမာ၏ အဖေအဇ္ဇနာရ်က မြင်းလှည်းကို အိမ်နောက်ဘက် မြင်းဇောင်းသို့ မောင်းသွား၏။ သူ့အဘွား၊ သူ့အဘိုးနှင့် အတူ ထွန်းကျော်လင်းလည်း ခြံဝကအိမ်ပေါ် ပြန်တက်လိုက်လာသည်။ အချိန်မှာ ညနေငါးနာရီကျော်နေပြီ။

"အရှေ့ပြည်က ကုလားတွေတော့ အကုန်ပြေးလာကြပြီ။ ငါတို့တိုင်းပြည်လည်း ဘာဖြစ်လာမယ် မသိသေးဘူး၊ ထမင်းစားပြီးမှ ဈေးပိုင်းဘက်သွားကြည့်ရဦးမယ်။ သဇင်ဘိုးဘိုးတို့အတွက် ထမင်းပြင်တော့ မြေးရယ်"

ဦးအောင်တိုင်က ခရီးရောက်မဆိုက် ထမင်းပြင်ခိုင်းသည်။

"ပါပါ၊ ရေမချိုးတော့ဘူး"

"ငါ မချိုးတော့ဘူး၊ သခ်ါကော"

"ကျွန်တော်တော့ တစ်ပုံး၊ နှစ်ပုံး သွားလောင်းလိုက်ဦးမယ်။ အခင်ကြီး(ဦးကြီး)စားနှင့်ပါ"

ထွန်းကျော်လင်း၊ သဇင်ဖြူတို့အဖေကို ဒေါ်သန္တာဖြူက ရေလဲပုဆိုးနှင့် ပဝါ သွားယူပေးလိုက်သည်။

ဦးသခ်ါကျော် ရေချိုးရန် ဆင်းသွားသောအခါ မိသားစုအားလုံး မီးဖိုဆောင်ထဲ စုပြုံရောက်လာကြသည်။ သူတို့၏ ထင်မြင်ချက်တွေကို တစ်ယောက်တစ်မျိုးပြောရင်း ထမင်းဝိုင်းစားနေချိန်တွင် မြို့ရွာအုပ်ချုပ်ရေးအဖွဲ့ထဲပါသော ဦးသခ်ါကျော်ကို အရေးပေါ်အစည်းအဝေး လာဖိတ်သည်ဟုပြောပြီး ဒိုင်အာခီလူကြီး ဦးအောင်သာကျော်၏သား ထွန်းသာဦး လာခေါ်အကြောင်းကြားသည်။

ထွန်းသာဦးမှာ ထွန်းကျော်လင်းနှင့် ခရဝတီတွင် ကျောင်းသွားနေဖက်ဖြစ်သဖြင့် ယနေ့ပြေးရောက်လာကြသော အရှေ့မြန်မာပြည်က ကုလားစစ်ပြေးတွေအကြောင်းပြောနေကြသည်။ သူက အာရှလူငယ်အဖွဲ့ထဲ ပါဝင်ဖူးပြီး အစိုးရကို လိုလားသူ မဟုတ်သဖြင့် ဦးသခ်ါကျော်က-

"ထွန်းသာ၊ ထမင်းစားပြီးပြီးချင်း ငါလာမယ်လို့မင်းအဖေကိုပြောလိုက်။ မင်းလည်း ဘယ်မှသဝေထိုးမနေနဲ့ဦး၊ မိုးချုပ်တော့မယ် အိမ်ပြန်တော့။ မင်းတို့မြင်တဲ့သိတဲ့အတိုင်းပဲ။ တိုင်းရေးပြည်ရေးက ကောင်းတာမဟုတ်ဘူး"

ဟု ပြောလွှတ်လိုက်သည်။

ရန်ကုန်ကောလိပ်တွင် ကျောင်းသွားနေသော သူ့မြေးကြီး ဂျပန်ကြိုလိုက်သွား၍ အိမ်ပြန်ရောက်မလာကတည်းက စိတ်သောကများနေသော လယ်ပိုင်ရှင်ကြီး ဦးအောင်တိုင်ကလည်း သူ့သမက် ဦးသခ်ါကျော်ကို လာခေါ်ရင်း အာပေါင်အာရင်းသန်သန်နှင့် ဗြိတိသျှအုပ်ချုပ်ရေးကို ထင်ရာမြင်ရာ လျှောက်ပြောနေသော ထွန်းသာဦးကို ဘယ်တုံးကပင် မျက်စိစပါးမွေးစူးနေသည်မသိ သူ့လက်သုံးစကားနှင့် -

"မင်းတို့ကလေးတွေ ဟိုမရောက်ဒီမရောက်နဲ့၊ ကြည့်နေကြနော်။ အတော်ကြာရင် ပုလိပ်လက်ထဲရောက်သွားလို့ မိဘတွေ ထမင်းသွားပို့နေရမယ်"

ဟု အသားလွတ် နှင်သလိုပြောလိုက်ပြန်သည်။

သူ့အဘိုးက ထွန်းသာဦးအား ထိုသို့ပြောလိုက်သည်ကို ထွန်းကျော်လင်းနှင့် သဇင်ဖြူတို့က အားနာသွားကြသည်။

ထမင်းစားပြီးသည်နှင့် ဒိုင်အာခီအဖွဲ့ဝင်လူကြီးဖြစ်သော ဦးသခ်ါကျော်သည် ချန္ဒိမာတို့အဖေ အဇ္ဇနာရ်ခေါ်ကာ မြို့ဘက်ထွက်သွားသည်။

❐

ဦးသခ်ါကျော် မြို့ထဲကပြန်လာတော့ ညသန်းခေါင်ကျော်နေပြီ။ သို့သော် အိမ်သားတွေမှာ စစ်ပြေးတွေအကြောင်း သိချင်နေကြသဖြင့် မည်သူမျှ အိပ်မပျော်နိုင်ကြသေး။

ဦးသခ်ါကျော် ပြန်ရောက်လာသည်နှင့် အကုန်သူ ဦးသခ်ါကျော်နား ဝိုင်းစုထိုင်ကြသည်။

ဦးသခ်ါကျော်က ကိုယ့်မြို့ကိုယ့်ရပ်အကြောင်းနှင့် စစ်ပြေးတွေအခြေအနေကို ပြောပြရသည်။ တစ်အိမ်လုံးရှိ လူတွေမှာ အသက်ပင်ပြင်းပြင်းမရှူမိကြဘဲ ဦးသခ်ါကျော်၏ စကားကိုသာ နားစိုက်ထောင်နေကြသည်။

အရှေ့ပြည်ကပြေးလာကြသော စစ်ပြေးကုလားများထဲတွင် ဆင်းရဲနွမ်းပါး၍ တစ်လမ်းလုံး တောင်းစားငတ်ပြတ်လာကြသူ၊ ရောဂါဘယနှင့် နာမကျန်းဖြစ်လာကြသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ အလွန်အတိဒုက္ခရောက်လာကြသည်။ ထို့ကြောင့် မြို့ပိုင်နှင့် အစိုးရပိုင်းမှ တာဝန်ရှိသူများသည် တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသော အိန္ဒိယလူမျိုးများကို အစားအစာ ထောက်ပံ့ ပေးကမ်းကြရမည်ဟု ဦးသခ်ါကျော်က ပြောပြသည်။

ထိုနေ့မှစ၍ ကမ်းသာမြို့ကလေး၏ အခြေအနေမှာလည်း ရှုပ်ထွေးစပြုလာ၏။

ဆင်းရဲနွမ်းပါးသူ ကုလားမိသားစုတချို့ဆိုလျှင် ထမင်းမစားခဲ့ကြရသည်မှာ တစ်ရက်၊ နှစ်ရက်ပင်ရှိပြီဟု ဆိုသဖြင့် မြို့ပိုင်နှင့် ကမ်းသာမြို့သူမြို့သားများက ရှိသမျှ ထမင်း၊ ဟင်းများကို ချကျွေးကြသည်။ ညတွင်းချင်း ချက်ပြုတ်ကြော်လှော်သူများနှင့် ရှင်ပြုရဟန်းခံပွဲတော်ကြီးထက်ပင် ချက်မစဲ၊ ကျွေးမစဲဖြစ်နေကြသည်။

ထိုအထဲတွင် ငတ်ငတ်နှင့် အဝပြစားမိ၍ စားပိုနစ်ကာ အန်သူ တစ်ယောက်နှင့် အူပေါက်သေသူ နှစ်ယောက်ကြောင့် ပို၍အလုပ်ရှုပ်ကုန်ကြရပြန်သည်။ စစ်ပြေးကုလားအသုဘကိစ္စကို သူတို့ထုံးစံအရ ချက်ချင်းသဂြိုဟ်ကြရပြန်ရာ မြို့ခံအာဏာပိုင်တွေမှာ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ကုန်ကြရပြန့်သည်။

ထို့ကြောင့် မြို့ပိုင်နှင့် ဒိုင်အာခီလူကြီးများအနေနှင့် လောလောလတ်လတ်ရောက်လာကြသော စစ်ပြေးဒုက္ခသည်များကို မမေးမြန်း မစုံစမ်းဘဲ ချက်ချင်း မည်သူမျှ ထမင်းမကျွေးရ၊ အစားအသောက်မပေးရဟု ဟန့်တားမိန့်ထုတ်ပြန်ရ၏။ လောလောလတ်လတ် ရောက်လာကြသော စစ်ပြေးဒုက္ခသည်များထဲမှ တစ်ရက်၊ နှစ်



www.burmeseclassic.com

www.burmeseclassic.com

ရက် ထမင်းမစားခဲ့ကြရသူများကို ဦးစွာ ရွေးထုတ်ကြရသည်။ အိုးကြီး အိုးငယ်တွေနှင့် ခံထားကြသော ထမင်းရည်များကို ဦးစွာ တိုက်ကျွေးကြရသည်။ ထမင်းရည်ဆန်ပြုတ်၊ နို့တို့ကို တစ်ရက်၊ နှစ်ရက်ကျွေးပြီးမှ ထမင်းရည်ဆန်ပြုတ်သောက်ရသည်ကို မတင်းတိမ်၍တောင် ခိုးစားကြသည်လည်း ရှိနေသည်ဟု ဆိုသည်။ သို့သော် ထမင်းခိုးစား၍ သေသံပျောက်သံတော့ နောက်ထပ် မကြားကြရပေ။

သက်ဆိုင်ရာ မြို့အာဏာပိုင်များက ဆင်းရဲနွမ်းပါးသူများအား ထိုသို့ စီစဉ်ပေးနေကြချိန်တွင် စစ်ပြေးထဲတွင် ငွေကြေးချမ်းသာသူများလည်း ပါလာကြရာ မြို့ကကျွေးသော အစားအစာများကို သူတို့ဇာတ်အရ မစားလို၍ ဝယ်ခြမ်းချက်စားနေကြပြန်ရာ ကမ်းသာတစ်မြို့လုံးရှိ သားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးတွေမှာ နေ့ချင်းညချင်း ထိုးတက်သွားသည်။ ဟင်းသီးဟင်းရွက်ဈေးတင်မက ဆန်ဈေးပါထိုးတက်သွားပြန်ရာ ခေါင်းရှုပ်ကြရပြန်သည်။

ကမ်းသာတစ်မြို့လုံးမှာ ဘယ်နေရာကြည့်ကြည့် ဘုရားကျောင်းကန်နှင့် ဇရပ်လယ်တဲယာတဲများပါ မကျန် စစ်ပြေးဒုက္ခသည်များနှင့်ပြည့်လာနေသည်။ ထို့ကြောင့် ကမ်းသာတွင် သောက်ရေ၊ သုံးရေကိုပါ ကန်တွင် အစောင့်ချပြီး ခွဲတမ်းနှင့်ပေးနေကြရသည်။

နောက်ပိုင်းရောက်လာကြသော စစ်ပြေးဒုက္ခသည်များသည် မည်မျှအသက်စွန့်ပြေးလာကြရသည်မသိ အကြောက်လွန်ကာ သင်္ဘောပတ်ကိုပင် မစောင့်နိုင်ကြတော့ဘဲ လှေကြီး၊ လှေငယ်များကို စုပေါင်းငှားရမ်း၍ အဆမတန် ဈေးကြီးပေးကာ ဟိုဘက်ကမ်းရှိ ကယုချောင်း၊ နီလာ၊ ပန်းတောင်းဘက်ကို ဒရေသောပါး ငှားရမ်း ကူးသွားနေကြသည်။ ထို့ကြောင့် လှေဆိပ်နားတစ်လျှောက်တွင် နေ့ရောညပါ လှေတွေ၊ လူတွေနှင့် ဖွေးဖွေးလှုပ်နေသည်။

ထိုသို့ ဗရုတ်သုတ်ခဖြစ်နေကြချိန်တွင် ငွေကြေးမတတ်နိုင်၍ လှေကြီး၊ လှေငယ်တွေကို ငှားရမ်းကာ တစ်ဘက်ကမ်းကို မကူးနိုင်ကြသေးဘဲ သင်္ဘောစောင့်နေကြရသော အိန္ဒိယလူမျိုးများကို သက်ဆိုင်ရာအာဏာပိုင်များက စနစ်တကျ နေရာချထားပေးခြင်း၊ အစားအသောက် ကျွေးမွေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ စစ်တကောင်းမှ သင်္ဘောများ မှာကြားပြီး အိန္ဒိယပြည်ဘက်သို့ပို့ပေးခြင်းအလုပ်များကို နေ့စဉ် လူခွဲတာဝန်ယူ၍ အသီးသီး သူ့တာဝန်နှင့်သူ လုပ်ပေးနေကြရသည်။

ထို့ကြောင့် ဒိုင်အာခီလူကြီးများထဲ ပါဝင်နေသော ဦးအောင်တိုင်တို့ သမီးယောက္ခမတို့မှာ သူတို့၏ လယ်ယာစပါးများကို လှည့်မကြည့်နိုင်ဘဲ ချန္ဒိမာအဖေအဇံနာရ်နှင့်သာ ယာယီလွှဲထားလိုက်ကြရသည်။

တစ်နေ့တွင် ချန္ဒိမာအဖေ အဇံနာရ်က -

"အရှင်ကြီး၊ ခုအရှေ့ဗမာပြည်က အိန္ဒိယသားတွေ ပြေးလာကြရသလို အရှင်ကြီးတို့၊ ကျွန်တော်တို့လည်း တစ်နေ့ ကိုယ့်မြို့၊ ကိုယ့်ရွာကို ပစ်ပြီးပြေးကြရလိမ့်မယ်"

ဟု ဦးအောင်တိုင်ကို ပြောသည်။

အရှင်ကြီး၊ အရှင် ဆိုသည်မှာ သူ့ကို ဝယ်ငှားထားသူ၊ ပိုင်ဆိုင်သူ၊ အရှင်သခင် ဟူသော သဘောနှင့် သူတို့ထုံးစံခေါ်သလို ဦးအောင်တိုင်ကို အရှင်ကြီး၊ ဦးအောင်တိုင်၏မိန်းမ ဒေါ်ကြာဦးဖြူကို အရှင်မကြီး၊ ဦးအောင်တိုင်သမက် ဦးသင်္ခါကျော်ကို အရှင်၊ ဦးသင်္ခါကျော်မိန်းမ ဒေါ်သန္တာဖြူကို အရှင်မ၊ သားသမီးများကို အရှင့်သား၊ အရှင့်သမီးဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိသည်။

"မင်းကိုဘယ်သူပြောလဲအဇံ။ ရေဒီယိုနေ့တိုင်းနားထောင်နေတဲ့ မြို့ပိုင်ကြီးကတော့ မကြာခင် အင်္ဂလိပ်တွေက ဂျပန်ကို ပြန်တိုက်တော့မယ် ဆိုပါလားကွ"

"မြို့ပိုင်ကြီးက အင်္ဂလိပ်မင်းသစ္စာခံမို့ အရှင်ကြီးကို ညာပြောတာ။ ကျွန်တော့်တို့လူမျိုး ဟိန္ဒူကြီး တစ်ယောက်က ကျွန်တော့်ကို သေသေချာချာမှာသွားတယ်။ အင်္ဂလိပ်တွေ စစ်ရှုံးနေပြီတဲ့။ တစ်နေ့ကျရင် ဂျပန်တွေ ကမ်းသာကို ရောက်လာလိမ့်မယ်။ ဂျပန်ရေဒီယိုက ဒေလီကို ချီတက်ကြစို့လို့ ကြွေးကြော်အသံလွှင့်တာ သူကြားခဲ့ရတယ်တဲ့။ မိတ်ဆွေတို့ ပြေးဖို့ပြင်ထားကြ၊ ခုမြန်မာတစ်ပြည်လုံးကို ဂျပန်တွေသိမ်းသွားပြီ။ သူ ပြည်မြို့က ပြေးလာတာလို့ ပြောတာလို့ ပြောတယ် အရှင်ကြီး"

အဇံနာရ် စကားကြောင့် ဦးအောင်တိုင် ခဏငိုင်သွားသည်။ ပြီးမှ -

"ဂျပန်တွေ တို့ပြည်ကိုမရောက်နိုင်ပါဘူးကွာ။ အင်္ဂလိပ်က ထောင်ချောက်ဆင်ပြီး အောင်မြင်စွာ တမင်ဆုတ်ခွာပေးနေတာလို့ မြို့ပိုင်က ငါ့ကိုပြောတယ်။ မကြာခင် အင်္ဂလိပ်က ဂျပန်တွေကို ပြန်တိုက်လိမ့်မယ်။ မင်း ဘာမှမပူနဲ့၊ မနက်ဖြန် မင်းကောင်တွေကို စပါးစက်ပို့ဖို့ကိစ္စပဲ စီစဉ် ကြားလား။ မင်းတောပြောတောင်ပြောပြောမနေနဲ့ဦး။ မင်းတို့ငါတို့က အင်္ဂလိပ်အုပ်ချုပ်ရေးလက်ထဲ နေနေရတာ၊ မင်းတောပြောတောင်ပြောလျှောက်ပြောလို့ အချုပ်ထဲရောက်နေဦးမယ်။ မင်းကောင်တွေကိုလည်း ဘာမှမပြောနဲ့၊ ကိုယ်က စကားမချွန်းနဲ့။ စပါးတွေစက်အရောက်ပို့ဖို့ပဲလုပ်။ အထွေအထူးဘာမှစဉ်းစားမနေနဲ့"

ဦးအောင်တိုင်က ခပ်မာမာ ပြောလိုက်သဖြင့် အဇံနာရ်က နောက်ထပ် ဘာမှပြန်မပြောတော့ဘဲ -

"ဟုတ်ကဲ့ပါ၊ စိတ်ချပါ အရှင်ကြီး"

ဟုသာ ပြောပြီး အိမ်နောက်ဘက်ရှိ သူ့အိမ်ကိုပြန်သွားသည်။

❐

ချန္ဒိမာတို့အဖေ အဇံနာရ်အား သူ့လူမျိုး ဟိန္ဒူကြီးတစ်ယောက်က ပြောသွားသည် ဆိုသော စကားကို ယခုအခါ မည်သူမျှ မငြင်းနိုင်ကြတော့။ ၁၉၄၂ ခုနှစ်၊ မတ်လ ၂၃ရက်နေ့တွင် ဓညဝတီမြို့တော် စစ်တွေကို ဂျပန်လေယာဉ်များ ဗုံးလာကြဲချနေပြီ ဆိုသောသတင်းမှာ တောမီးပမာပျံ့နှံ့၍ ကမ်းသာသို့ ရောက်လာလေသည်။

ထိုအခါ ဓညဝတီဘက်တွင် မိဘညီအစ်ကိုမောင်နှမဆွေမျိုးများ ရှိနေကြသော ဦးအောင်တိုင်နှင့် ဦးသင်္ခါကျော်တို့မှာ မိဘညီအစ်ကိုမောင်နှမများအတွက် သောကရောက်



www.burmeseclassic.com

www.burmeseclassic.com

ကြရပြန်သည်။

ကမ်းသာတစ်မြို့လုံးရှိ လူတွေအားလုံးမှာလည်း ကျိုးလန့်စာစားဖြစ်ကုန်ကြသည်။ ကမ်းသာမြို့ပတ်ဝန်းကျင်ရှိရွာများမှ ကျေးလက်နေတောသူတောင်သားများသည် ကမ်းသာကို ဆင်ပြေးလာကြသည်။ ကမ်းသာကမြို့နေလူများ မည်သည့်အရပ်ကိုပြေးကြရမည်နည်း။ အိန္ဒိယပြည်သားကုလားများ ပြေးကြသလို အိန္ဒိယပြည်ဘက်ကို ပြေးကြရမည်လား။

မြို့ရွာပတ်ဝန်းကျင်တွင် အခြေအနေ ကျိုးလန့်စာစားဖြစ်ပြီး ရှုပ်ထွေးလာသလို သဇင်ဖြူတို့ အိမ်တွင်းရေးပြဿနာမှာလည်း နေ့ချင်းညချင်း ရှုပ်ထွေးလာပြန်သည်။

ထိုနေ့က မှတ်မှတ်ရရ လက်ဆွဲဓာတ်မီး မီးစာပြုတ်ကျသွားသဖြင့် ဦးသခင်္ဂါကျော်က မီးစာအသစ်လဲတပ်နေသည်။ ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့က အိန္ဒိယအဆိုကျော် လက်ချရာနန်ဓာတ်ပြားကို ဓာတ်ပြားထည့်ထားသောသေတ္တာကြီး ရှေ့ချ၍ ရှာဖွေနေကြသည်။ ထိုဓာတ်ပြားမှာ ကုန်ခဲ့သောနှစ်က စိန်မျှောင်ဘုရားဖူးသွားသူများနှင့် ဘုရားပွဲမှာဆုံကြ၍ ဖလောင်းချိတ်၊ ပန်းဝါ(ရာမူး)ရှိ ဒေါ်သန္တာဖြူ၏ ယောက်မတစ်ယောက်က အမှတ်တရပေးလိုက်သော ဓာတ်ပြား ဖြစ်သည်။

အကြိမ်ကြိမ်အခါခါ ဖွင့်နားထောင်ပြီးကြပြီးဖြစ်သော်လည်း မရိုးနိုင်သော လက်ချရာနန်ဓာတ်ပြားကို ယနေ့ညလည်း ဖွင့်နားထောင်ကြရန် သမီးအမိနှစ်ယောက် ရှာဖွေနေကြခြင်း ဖြစ်၏။

လက်ချရာနန်၏ ဓာတ်ပြားမှာ ရောမ၊ ခေါမခေတ်က သူရဲကောင်းများအကြောင်းကို ဂုဏ်ပြုချီးပ၍ ဖွဲ့ဆိုထားသောသီချင်း ဖြစ်သည်။ ယူပန်ကြိုလိုက်သွားသည် ဆိုသောသားကြီးထွန်းကျော်မင်းကို ဒေါ်သန္တာဖြူက စိတ်ပြေလက်ပျောက် အလွမ်းပြေ လက်ချရာနန်အသံနှင့် ဖြေသိမ့်နေချင်ပုံရသည်။

ထိုအချိန်တွင် မြင်းလှျောက်စီးပြီး မြင်းဇောင်းဘက်က အိမ်ပေါ်တက်လာသော ထွန်းကျော်လင်းက-

"ပါပါ၊ ချန္ဒီမာတို့အိမ်မှာ ဘာဖြစ်နေလဲမသိဘူး ချန္ဒီမာ့အဖေ အော်ငေါက်နေသံနဲ့ ချန္ဒီမာ ငိုနေသံကြားခဲ့ရတယ်"

ဟု ပြောလာသည်။

ဦးသခင်္ဂါကျော်သည် လက်ဆွဲဓာတ်မီး၏ ဆီခွက်ထဲ အရက်ပြန်ကိုမီးရှို့ရင်း ထွန်းကျော်လင်းဘက် တစ်ချက်လှမ်းကြည့်၏။

"အဇ်၊ အုန်းရည်ယစ်လာလို့နဲ့တူတယ်ကွာ"

ဟု ပေါ့ပေါ့ပင် ပြောလိုက်သည်။

တစ်ခါတစ်ခါတွင် အဇံနာရ်မှာ မနိုရည်မူးပြီး သူ့သမီးကို အော်ငေါက်တတ်မှန်း သိထားသဖြင့် ဦးသခင်္ဂါကျော်ကပြောခြင်း ဖြစ်သည်။

"မေမေတို့ဘာဓာတ်ပြားရှာနေကြလဲ"

"လက်ရှရာနန်ဓာတ်ပြားလေသား။ မနှစ်ကမှ ဟိုဘက်ကမ်းကသားတို့အရီးရှင်ပေးလိုက်တဲ့ ဓာတ်ပြား"

"အဲ့ဒီဓာတ်ပြားကို ကျွန်တော်သူသူတို့ကို ငှားထားတယ်အမေ"

ထွန်းကျော်လင်းစကားကြောင့် ဒေါ်သန္တာဖြူ ချက်ချင်း မျက်နှာတည်သွားသည်။

ထွန်းကျော်လင်းက 'သူသူတို့' ဟု ဆိုသည်မှာ ဦးကျော်ခေါင်၊ ဒေါ်ရွှေအိမ်သူတို့၏ သမီးနှစ်ယောက်၊ အောင်ကျော်ဦး၏ ညီမ လှဒါသူနှင့် မြဒါသူတို့ကို ဆိုလိုခြင်းဖြစ်သည်။

သူတို့ညီအစ်မ နှစ်ယောက်စလုံး၏ နာမည်တွင် 'သူ' ပါသဖြင့် သူတို့မိသားစုကို ပြောဆိုကြလျှင် 'သူသူတို့အဖေ၊ သူသူတို့အမေ၊ သူသူတို့အစ်ကို၊ သူသူတို့ညီအစ်မ၊ သူသူတို့အိမ်သား' ဟု ခေါ်ဆိုပြောတတ်ကြသည်။

ထိုနည်းလည်းကောင်းပင် ထွန်းကျော်လင်းတို့အိမ်သားများမှာလည်း သားကြီးရော သားငယ်မှာပါ 'ထွန်း' ပါနေသဖြင့် 'ထွန်းထွန်းတို့ညီအစ်ကို၊ ထွန်းထွန်းတို့ညီမ၊ ထွန်းထွန်းတို့အဖေ၊ ထွန်းထွန်းတို့အမေ၊ ထွန်းထွန်းတို့အိမ်သားတွေ' ဟု ပြောတတ်ကြသည်မှာ သူတို့၏ ရပ်ဓလေ့ရွာဓလေ့ပင်။

"နင် သူသူတို့ကို ဘယ်တုံးကငှားထားလဲ၊ ကြာပလား"

"မကြာသေးပါဘူး အမေ၊ ဟိုတစ်နေ့. . ."

ထွန်းကျော်လင်း၏ စကားမဆုံးမီပင် ချန္ဒီမာ ငိုယိုပြီး အိမ်ပေါ်တက်လာ၏။ အိမ်သားအားလုံး၏အကြည့်များက ချန္ဒီမာဆီ စုပြုံရောက်သွားကြသည်။

"ဘာဖြစ်ပြန်ပလဲ သမီးစန္ဒီ"

"ပါပါက ဟိုဘက်ကမ်းကိုလိုက်ရမယ်တဲ့။ အရှင်မတို့ဆီမှာ မနေတော့ဘူးပြောတယ်။ ဂျပန်တွေလာရင် ချန္ဒီတို့ ပါပါတို့ကို သတ်လိမ့်မယ်တဲ့။ အရှင်မလယ်တောကလူတွေလည်း အားလုံး ဟိုဘက်ကမ်းပြန်ဖို့ အထုပ်အပိုးတွေ ပြင်ပြီးကြပြီလို့ ပါပါကပြောပါတယ်။ သမီးမလိုက်ချင်ဘူးပြောလို့ ပါပါက ရိုက်တယ်"

ချန္ဒီမာတို့အဖေ အဇံနာရ်နှင့်တကွ လယ်ကူလီတစ်ဆယ်ကျော်တို့ကပါ ဟိုဘက်ကမ်းအိန္ဒိယပြည်ဘက်ကို ပြန်ကြတော့မည်ဟူသော စကားကို ကြားလိုက်ကြရသောအခါ အိမ်သားတွေအားလုံးမှာ ချက်ချင်း တွေတွေဝေဝေဖြစ်သွားကြသည်။

ချန္ဒီမာမှာ သဇင်ဖြူနှင့် ရွယ်တူဖြစ်၏။ ရှစ်နှစ်သမီးကပင် သူ့အမေဆုံးပါးသွားခဲ့ရာ သူတို့သမီးအဖ နှစ်ယောက်ကို လယ်တောက အိမ်ခြံဝင်းထဲ ခေါ်ထားခဲ့၏။

အဇံနာရ်မှာ လယ်ပိုင်ရှင်ကြီးဦးအောင်တိုင်၏ လက်ရုံးဖြစ်သလို ချန္ဒီမာမှာလည်း ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့၏ မီးဖိုဆောင် ကူဖော်လောင်ဖက်ဖြစ်လာသည်။ ယခုအခါ သားသမီးနှင့် မိဘလိုဖြစ်နေကြပြီး ချန္ဒီမာကလည်း တစ်အိမ်သားလုံးကို ဆွေမျိုးအရင်းအချာလို အားကိုးတကြီး ခင်မင်နေရှာသည်။

ထို့ကြောင့် ယခု စစ်ကြီးဖြစ်လာလျှင် သူ့အဖေ အိန္ဒိယ ပြန်တော့မည်ဆိုသောအခါ သူက မလိုက်ချင်ဖြစ်နေသည်။ ဤအရပ်မွေး၍ ဤအရပ်၌ပင် ကြီးပြင်းလာခဲ့သော ချန္ဒီမာမှာ ဤအိမ်သားတွေကိုခွဲပြီး ဟိုဘက်ကမ်းတွင် လိုက်ရမှာ ကြောက်နေသည်။ သူတို့မိဘဘိုးဘွားများ ဟိုဘက်ကမ်းတွင် အလွန်ဆင်းရဲဒုက္ခရောက်ခဲ့ရသည်ကို ငယ်စဉ်က အိပ်ရာဝင်ပုံပြင်ပမာ သူ့အမေ ပြောပြခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်ကို နားစွဲနေသည်။

သူ့အဖေ အဖ်နာရ်ကလည်း ဦးအောင်တိုင်ဆီ၌ တစ်ဆယ့်လေးနှစ်သားကတည်းကပင် လယ်ကူလီ စာရင်းငှားအဖြစ် ဟိုဘက်ကမ်းက လာနေသူ ဖြစ်သည်။ ထိုစဉ်က လယ်ပိုင်ရှင် ဦးအောင်တိုင်ဆီ၌ လယ်ကူလီ အယောက်နှစ်ဆယ်ကျော် ရှိသည်။ ထိုလယ်ကူလီများထဲက အဖ်နာကို ဦးအောင်တိုင်က သဘောကျခဲ့သည်။ အလုပ်အကိုင်လည်းကောင်း၊ စိတ်သဘောထားလည်း ဖြူစင်သဖြင့် တစ်အိမ်သားလုံးက ဝိုင်း၍အရေးပေးခြင်းကိုခံရသည်။ ယင်းကြောင့်လည်း လယ်သိမ်းပြီးချိန်မှာပင် တခြားလယ်ကူလီများလို ဟိုဘက်ကမ်းမပြန်ဘဲ ဦးအောင်တိုင်လက်တဲ၌သာ တော၀က်တိမည်ရလုပ်၍နေတတ်သည်။ ခိုင်းလိုက်လျှင်လည်း မငြိုမငြင် စေတနာပါပါလုပ်ကိုင်ပေးတတ်၏။ ထို့ကြောင့်လည်း ဦးအောင်တိုင်က အဖ်နာရ်ကို လယ်ကူလီခေါင်းခန့်ခဲ့၏။

အဖ်နာရ် လယ်ကူလီခေါင်းဖြစ်၍ မကြာမီမှာပင် ချန္ဒိမာတို့အမေဖြစ်လာမည့် သူ့ဇနီးလောင်း မာဂရီယာကို ဟိုဘက်ကမ်းရှိ သူတို့ရွာမှ တောင်းယူလာသည်။ သူတို့သည် လယ်တဲ၌ပင် နေကြ၏။ မနက် ဦးအောင်တိုင်တို့သမီးယောက္ခမကို မြင်းလှည်းနှင့် အိမ်လာခေါ်လျှင် သူ့ဇနီးကိုပါခေါ်လာ၍ အိမ်သားများကိုအပ်တတ်သည်။ အိမ်မှာ ထမင်းချက် ဟင်းချက်ကအစ တောက်တိုမည်ရ ခိုင်းပါဟု ပြောပြီး အိမ်ပေါ်ထိုးတင်ထားခဲ့သည်။ မာဂရီယာလည်း အဖ်နာရ်လိုပင် သဘောကောင်းမနော ကောင်းဖြစ်သဖြင့် အဖ်နာရ်ကို ခင်သလို အိမ်သားများလည်း မာဂရီယာကို ခင်ကြသည်။ ခိုင်းကြသည်။

ညနေ ဦးအောင်တိုင်တို့ သမီးယောက္ခမကို အိမ်ပြန်ပို့ပြီးလျှင် အဖ်နာရ်က သူ့ဇနီးကို လယ်တဲပြန်ခေါ်သွားတတ်သည်။ သည်လိုနှင့် ချန္ဒိမာကို မွေးဖွားခဲ့၏။ ချန္ဒိမာ ရှစ်နှစ်သမီးအရွယ်တွင် မာဂရီယာမှာ မီးယပ်ရောဂါနှင့် ဆုံးပါးသွားခဲ့သည်။ ထိုအခါ သူတို့သမီးအဖနှစ်ယောက်ကို ဦးအောင်တိုင်က လယ်တဲမှာ မထားတော့ဘဲ အိမ်ခြံဝင်းထဲ အိမ်လေးဆောက်ပေးပြီး ခေါ်ထားသည်။ လယ်တဲက မြင်းဇောင်းနှင့် မြင်းများကိုလည်း ခြံထဲ ပြောင်းသွင်းထားလိုက်သည်။

အဖ်နာရ်မှာ သူ့မိန်းမ ဆုံးပြီး နောက်ပိုင်းမှာ တစ်ခါတစ်ခါ မနိရည် အရက်မူးတတ်သည်။ အဖ်နာရ် သူ့မိန်းမကို လွမ်း၍ စိတ်ဖိစီးမှုဖြစ်၍ အရက်နှင့် ဖြေဖျောက်နေတာလား ထင်ပြီး ဦးအောင်တိုင်က -

"ဟိုဘက်ကမ်းမှာ မင်းကြိုက်တဲ့ မိန်းမ တွေ့ထားရင် သွားယူပါ"

ဟု ပြောဖူး၏။

ဤသည်ကို အဖ်နာရ်က သူ့မိတဆိုးလေး ချန္ဒိမာ ယောက်ျားရမှ သူမိန်းမယူမည်ဟု ဆိုသည်။ ထိုအခါ ဦးအောင်တိုင်၏ဇနီးဒေါ်ကြာဦးဖြူက -

"ဒါဆို နင့်သမီး ခုအပျိုဖြစ်ပြီပဲ။ နင်တို့ရွာ ဟိုဘက်ကမ်းမှာ နင်သဘောကျတဲ့ ကာလသားရှိရင် နင်တို့ထုံးစံအတိုင်း သွားတောင်းပေးစားလိုက်ပါလား။ နင်တို့မှာ ငယ်ငယ်ကပင် လျာတားထားတာရှိတတ်တယ်ဆို။ နင့်သမီး အိမ်ထောင်ကျပြီး နင်လည်း မိန်းမယူလိုက်။ နင် ခုလို ညနေတိုင်း အရက်ယစ်(မူး)လာတာတော့ ငါမကြိုက်ဘူးနော်"

ဟု ပြောဖူးသည်။

အဖ်နာရ် အရက်မူးလျှင် လယ်ထဲရှိ ဇာတ်မတူသူတွေနှင့် အချင်းချင်းဇာတ်ရှုပ်လာတတ်သည်။ အထူးသဖြင့် ဘာသာအယူမတူသူများနှင့် ပြောရင်းဆိုရင်း ရန်ဖြစ်တတ်သည်။ အမဲသား နွားသားများ မစားသော အဖ်နာရ်နှင့် အမဲသားစားသောလယ်ကူလီများ ခဏခဏ စကားများကြသည်။ ထိုမှစ၍ နွားခိုးပြီးပေါ်စားကြသောကိစ္စပင် ဖြစ်လာ၏။

ဦးအောင်တိုင်မြေး ထွန်းထွန်းတို့ ညီအစ်ကိုနှစ်ယောက်ကလည်း ကြီးပြင်းလာကြပြီး လောကဓာတ် ကျောင်းသားတွေဖြစ်လေရာ မြေးတွေမှာ အစားအသောက်အနေအထိုင် ရှောင်ကြသူတွေ မဟုတ်။ အမဲသားကို အဖ်နာတို့လိုပင် တစ်အိမ်သားလုံးက ကျေးဇူးရှင်၏ အသားဟု မစားကြသလို ဝက်သားကျပြန်တော့လည်း ဇာတ်မတူသော လယ်ကူလီများကို ငဲ့ရသဖြင့် မစားဖြစ်ကြ။

ဤသည်ကို မြေးတွေက မကျေနပ်ကြ။ ကျောင်းပိတ်၍ မိမိရွာကို ပြန်ရောက်လာကြလျှင် ညီအစ်ကို ဝမ်းကွဲတွေ၊ ကျောင်းနေဖက် သူငယ်ချင်းတွေပါ လယ်တောထဲ ခေါ်သွားပြီး တောင်ခြေဘက်မှာ တောကစားကြရအောင်ဟုပြောပြီး အမဲပစ်တတ်ကြသည်။

တောင်ခြေ တောထဲမှ ချေ၊ ဆတ်၊ တော၀က်တို့ရလာလျှင် လယ်တဲရှိ လယ်ကူလီများကို ပေါ်ခိုင်းပြီး ချက်ပြုတ် ကြော်လှော်စားကြသည်။ အကောင်လိုက်၊ အခြမ်းလိုက် ဖုတ်ကင်၍လည်း မနိရည်နှင့် မြည်းကြစားကြသည်။ အထူးသဖြင့် စားသူနည်း၍ တော၀က်တွေ ပေါများသော အရပ်ဖြစ်ရာ တော၀က်တစ်ကောင်လုံးကို လယ်ထဲမှာ ကင်စားကြသည်လည်း ရှိ၏။

ထိုအခါ မြေကျင်းအောင်းသားနှင့် ဝက်သားကို လုံးဝမစားကြသည့် အပြင် လှည့်၍ပင်မကြည့်ရဲကြသော လယ်ကူလီတွေက သူတို့တဲ၊ သူတို့နေရာနားမှာ သူ့မြေးတွေနှင့် အပေါင်းအသင်းတွေက သူတို့ကို လာစော်ကားနေကြပါသည်ဟု ဦးအောင်တိုင်ဆီ အတိုင်အတောရောက်လာသည်။

ထို့ကြောင့် သူ့မြေးထွန်းထွန်းတို့ ညီအစ်ကို နှစ်ယောက်နှင့်တကွ သူ့သူငယ်ချင်း အပေါင်းအသင်းအားလုံးကို လယ်တောသွား၍ ပျော်ပွဲစားမလုပ်ရဟု ဦးအောင်တိုင်က တစ်ချက်လွှတ်အမိန့် ထုတ်ပြန်ထားရသည်။ ဤသည်ကို မြေးထွန်းထွန်းတို့က သူ့သူငယ်ချင်းများ အိမ်လာပြီး အမဲလိုက်ပျော်ပွဲစားသွားကြမည်ဟု လာခေါ်လျှင်-

"အရှင်ကြီးကိုသာ မဟုတ်ဘူး၊ လယ်ကူလီအရှင်လေးတွေကိုလည်း ကြောက်နေရတယ်ဟ"

ဟု သူ့အဘိုးကို မကြားတကြား စကားနာထိုးတတ်သည်။

(ဆက်ရန်)

ဗိုးတေဇော်



www.burmeseclassic.com

www.burmeseclassic.com

'မြားမိုးရွာသည်
ဖြိုင်ဖြိုင်လောဖြိုင်ဖြိုင်။
လင်းပြင်ပြည့်မျှ ငှက်လင်းတ
လတိုင်းလော လတိုင်း လတိုင်း။
မြင်းသည်သိန်းသန်း များစွာလွန်း
သည်

ထက်ဝန်းရံသ မနိုင်မနိုင်။
ပြေးလျှင်တစ်စီး
မြင်းသည်လည်း မြင်းသည်လည်း
နှင်တံ မကမ်းခင်သည်လည်း
မကမ်းခင်သည်လည်း'

ဤကား ပုဂံခေတ် နိဂုံးပိုင်း၌ ကျူးကျော် တိုက်ခိုက်လာသော တရုတ်စစ်တပ်၏ အကြောဘဏီ မြင်းစစ်သည်တို့နှင့် ရင်ဆိုင် တိုက်ခိုက် တွန်းလှန်ခဲ့ရပုံကို နောင်တွင် ပင်းယ ငါးစီးရှင်ကျော်စွာမင်း ဖြစ်လာမည့် မြင်စိုင်းမင်းညီနောင် သုံးဖော်ထဲမှ ညီအငယ်ဆုံး ဖြစ်သည့်



ဒုတိယကမ္ဘာစစ်အတွင်းက ပါး(လ်)ဟာဘာရေတပ်စခန်းကို ရန်သူတို့ လာရောက် ပုံးကြဲမည်ကို ကြိုတင် ဟောပြောနိုင်ခဲ့သလို သမ္မတကြီးရှေဘဲ့ ကွယ်လွန်မည့် အချိန်နှင့် အိုက်ဆင်ဟောင်ဝါ သမ္မတအဖြစ်ရွေးကောက်ခံရမည်ကို တင်ကူး ဟောပြောနိုင်ခဲ့သည်မှာ လေဒီ မြင်းမလေး၏ ထူးထွေဆန်းပြားမှုတို့ပင် ဖြစ်သည်။ ထိုခေတ်က ထင်ပေါ်ကျော်ကြားသော မနောမဟိဒ္ဓိဗေဒ ပါရဂူ ဒေါက်တာရိုင်းနှင့် အဖွဲ့က သုတေသနပြု လေ့လာစူးစမ်းခဲ့ရာ လေဒီမြင်းမလေးတွင် ထူးခြား ထူးဆန်းသော တန်ခိုးသိဒ္ဓိရှိကြောင်းကို လက်ခံအတည်ပြုသွားခဲ့သည်။

www.burmeseclassic.com

သီဟသူ၏မှတ်တမ်းတင်ထားသောကာချင်းထဲမှ တစ်ပိုင်းတစ်စ ဖြစ်သည်။ စိတ်ဝင်စားစရာ တစ်ခုက လင်းပြင်၊ လတိုင်း ဆိုသော ဝေါဟာရတို့သည် ပေါရာဏစကားများ ဖြစ်ကြလေရာ လင်းပြင်မှာ 'ကွင်းပြင်'ဟု အနက်ရှိပြီး လတိုင်းမှာ 'သချိုင်း' ဟု အဓိပ္ပာယ်ရှိသည်။

ဤနေရာမှာ အဓိကထားပြောချင်သည်က ရှေးခေတ် ရှေးအခါက မြင်းတို့ကို စစ်ရေးစစ်ရာ၌ အထူးတလည် အသုံးပြုခဲ့ကြသည် ဟူခြင်းဖြစ်၏။ ရှေးရှေး တိုင်းရှင် ပြည်ရှင်ဧကရာဇ်မင်းတို့ တပ်တော်၏ စစ်အင်္ဂါလေးပါးထဲဝယ်-

၁။ ဟတ္ထိဂတ = ဆင်စစ်သည် (ဆင်တပ်)၊
၂။ အဿဂတ = မြင်းစစ်သည် (မြင်းတပ်)၊
၃။ ရထဂတ = ရထားစစ်သည် (ရထားတပ်)၊
၄။ ပတ္တိကာ = ခြေလျင်စစ်သည် (ခြေလျင်တပ်)

ဟုရှိရာတွင် အဿဂတ (မြင်းတပ်) ၌ မြင်းသည် မရှိမဖြစ် အခရာကျနေသလို ရထဂတ (ရထားတပ်) မှာလည်း မြင်းသည် ပဓာနကျသော နေရာမှပါနေသည်။ အဘယ်ကြောင့်ဆိုသော် ရထားတို့ကို မြင်းကဆွဲမှ သက်ဝင်လှုပ်ရှားနိုင်သည် မဟုတ်ပါလော။

နောက် ရာဇသနင်း ပြည့်ရှင်မင်းတို့ မြှောက်စားသော စစ်သူရဲကောင်း ၁၃ ပါးထဲမှာ အဿာရောဟ (မြင်းစီးစစ်တိုက်သူရဲကောင်း)၊ ရထိက (ရထားစီး စစ်တိုက်သူရဲကောင်း)တို့ ရှေ့တန်းမှပါဝင်နေပေသည်။ ပြီး-စစ်မက်ဆင်နွှဲလျှင် ကြုံတွေ့လေ့ရှိသော စစ်သံ ၁၀ ပါးထဲတွင် ဆင်သံ၊ ရထားသံ၊ ဗိုလ်ခြေသံ၊ သေနတ်အမြောက်သံ၊ တိုက်မောင်းသံ၊ တိုက်စည်သံ၊ တံပိုးသံ၊ စည်ကြီးသံတို့နှင့်အတူ မြင်းသံသည်လည်း အပါအဝင် ဆို၏။

လိုရင်းဆိုရလျှင် မြင်းသည် ထီးရှင်နန်းရှင် ပြည့်ရှင်မင်းတို့၏ရာဇသင်္ကေတနိမိတ်ပုံ ဟူ၍ ရနေပေသည်။ ဥဒါဟရုဏ်ဆိုရသော် စကြဝတေးမင်း၏ ရတနာ ၇ ပါးထဲဝယ် စကြာရတနာ၊ ဆင်ရတနာ၊ မိဖုရားရတနာ၊ ပတ္တမြားရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာနှင့်အတူ မြင်းရတနာသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဗောဓိသတ္တလောင်းလျာ သိဒ္ဓတ္ထမင်းသား၏ဖွားဖက်တော် ၇ ပါး စာရင်းထဲ၌ ဗောဓိပင်၊ ကာဠုဒါယီအမတ်၊ ယသောဓရာမင်းသမီး၊ ဆန္နအမတ်၊ ရွှေအိုးကြီးလေးလုံးနှင့်အတူ ကဏ္ဍကမြင်းဖြူတော်သည်လည်း ပါဝင်နေပေသည်။

သို့ကလို မြင်းကို စစ်မက်ရေးရာ၌ လည်းကောင်း၊ ရာဇသင်္ကေတနိမိတ်ပုံအနေဖြင့် လည်းကောင်း အသုံးပြုခဲ့ကြသလို ခရီးသွားလာရေးယာဉ်အဖြစ်၊ သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ်၊ ဂုဏ်ဒြပ် ဩဇာတိက္ကမ၏ပြယုဂ်အဖြစ်၊ ကြွယ်ဝချမ်းသာမှု၏ သရုပ်ပုံအဖြစ် တခုတ်တရ အသုံးပြုခဲ့ကြသည်။

ဤတွင် မေးစရာ၊ တွေးစရာ ဖြစ်လာသည်က ထိုကဲ့သို့ တလေးတနက် တန်ဖိုးထား အသုံးပြုခဲ့ရသော မြင်းဟူသည် အဘယ်နည်း။ အဘယ်သို့သော သတ္တဝါနည်း။ ရှေးမြင်းကြန်အင်လက္ခဏာကျမ်းများ ဖြစ်ကြသော ရှေးသက္ကတ အဿကြန္ထကျမ်းများထဲတွင် မြင်းနှင့်ပတ်သက်၍ ဤသို့ ဖော်ညွှန်းထားသည်ကို တွေ့ရှိရသည်။ ၎င်းတို့ကိုမဖော်ပြမီ မြန်မာစာအဘိဓာန်ထဲ၌ 'မြင်း' ဆိုသောဝေါဟာရကို 'ခွာလုံးနှင့် ခြေလေးချောင်းရှိ၍ အဟုန်ပြင်းစွာပြေးနိုင်သော မြက်စား၊ သွေးပူ၊ နို့တိုက်တိရစ္ဆာန်တစ်မျိုး' ဟု ဖွင့်ဆိုထားသည်ကိုတင်ပြချင်ပါ၏။ ဆိုခဲ့သော သက္ကတမြင်းကြန်ကျမ်းရှိ ပြဆိုထားသော မြင်းအမျိုးအစားကို ဖော်ပြရလျှင်-

၁။ သိန္ဓောမျိုး - မန်ကျည်းစေ့ရောင် ခြေလေးဖက် မည်းနက်၏။
၂။ သုဝဏ္ဏသာမမျိုး - ရွှေစင်တုနှိုင်းဟုလည်း ခေါ်၏။ ရွှေဝါရောင်အဆင်း ရှိသည်။
၃။ အာကာသဘိန္နမျိုး- ကောင်းကင်ခွဲမျိုးလည်းခေါ်၏။ ကိုယ်လုံးဆွတ်ဆွတ်ဖြူသည်။
၄။ ဝလာဟကမျိုး - တိမ်တိုက်ပျံလည်းဟူ၏။ တိမ်ပြာရောင်အဆင်း ရှိသည်။
၅။ ဝလာဟကသိယ်မျိုး - ရောင်စုံပြိုးပြက် ရှိသည်။
၆။ လောမျိုး - ခြေလေးဖက်ကြီး၍ မျက်လုံးငယ်သည်။
၇။ လိုမျိုး - သေးငယ်ကျစ်လျစ်၍ တောင့်ခိုင်သည်။
၈။ ပွေးမျိုး - ခြေ၊ နှာရောင်တို၍ ကိုယ်နှင့်အမြီး ရှည်လျားသည်။
၉။ ပုစဉ်းမျိုး - ခြေလေးဖက်၊ အမြီး ရှည်၍ ကိုယ်ထည် တိုသည်။
၁၀။ မြည်းမျိုး - နံကိုင်းသည်၊ နားရွက် ကြီးသည်၊ ခြေတိုသည်၊ အသံကျယ်လောင်သည် ဟူ၍ ဖြစ်၏။

ဆက်နွှယ် ဝေဖန် စောကြောစရာတစ်ခုက နဂါး၊ ဂဠုန်၊ ဆဒ္ဒန်ဆင်မျိုး၊ သိန္ဓဝမြင်းမျိုး၊ ဝလာဟကမြင်းမျိုး၊ အာကာသ ဘိန္နမြင်းမျိုး၊ ဝလာသဝ (ဝလာဟကသိယ်) မြင်းမျိုး၊ သုဝဏ္ဏသာမမြင်းမျိုး ဤသတ္တဝါ ၈ မျိုးတို့ကား မိမိတို့ကမ္ဗဇိဒ္ဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံ အထူးထူးသော သဏ္ဌာန်ကို ဖန်ဆင်းနိုင်၏။ ၎င်းတို့ကဖြစ်သော အမြုတေဓာတ်များကို ၎င်းတို့သေလျှင် နတ်ဘီလူး၊ ကုမ္ဘဏ်တို့ကထုတ်ယူ၍ ဝေဿဝဏ္ဏနတ်မင်းကြီးထံ ပို့ဆက်ရကုန်၏။ လူတို့မသုံးဆောင်ရကုန်ဟု သုတေသနသရုပ်ပြအဘိဓာန်၌ ဖော်ပြထားချက်ကိုပင် ဖြစ်၏။ ဆိုလိုရင်းက အထက်ဖော်ပြပါ မြင်းမျိုး ၁၀ ပါးထဲက သိန္ဓောမျိုး၊ သုဝဏ္ဏသာမမျိုး၊ အာကာသဘိန္နမျိုး၊ ဝလာဟကမျိုး၊ ဝလာဟကသိယ်မျိုးတို့သည် လူသားတို့နှင့် လားလားမထိုက်၊ နတ်ဒေဝတာတို့နှင့်ထိုက်တန်သည်ဟု ဆိုချင်တာလား။ သို့တစေ စကြဝတေးမင်းတို့နှင့် စကြာရတနာ အပါဝင် ရတနာ ၇ ပါးထဲတွင် မြေလျှိုးမိုးပျံ နတ်



www.burmeseclassic.com

www.burmeseclassic.com

မြင်းပျံတစ်မျိုး ပါဝင်သည်က စိတ်ဝင်စားစရာပင်။ နောက်စိတ်ဝင်စားစရာတစ်ခုက အင်းဝခေတ် ပဒေသရာဇာအမတ်ကြီး၏ မဏိကက် ပြဇာတ်ထဲက မဏိကက်မြင်းသည် မြေလျှိုးမိုးပျံ နတ်မြင်းပျံဟု ဖော်ညွှန်းချက်ပင် ဖြစ်သည်။ အနှစ်ချုပ်လိုက်လျှင် နတ်မြင်းပျံများကို လူသာမန်တို့ ပိုင်ဆိုင်ခွင့်မရသော်လည်း စကြဝတေးမင်း အပါအဝင် ဘုန်းရှင် ကံရှင် ပါရမီရှင်တို့ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆိုလိုရာရောက်နေသလား။

ပြီး- ထိုသုတေသန သရုပ်ပြအဘိဓာန်ထဲမှာ မြင်းဦးခေါင်းမှ အမြူတေပုလဲမျိုး ရရှိတတ်သည်ဟုဆိုထားချက်ကလည်း တလေးတနက်ထားစရာပင်။ နောက်သုတေသနကျမ်းတစ်ခု အလိုအရလည်း ဟယမုတ္တာ၊ ဂဇမုတ္တာ၊ ရထမုတ္တာ၊ အမလကမုတ္တာ၊ ဝလယမုတ္တာ၊ ဝေဓမုတ္တာ၊ ကတုမဖလမုတ္တာ၊ ပကတိမုတ္တာ ဆိုသော ပုလဲ ၈ မျိုးရှိရာ၌ ဟယမုတ္တာကို မြင်းနှင့်တူသောပုလဲဟု ဖော်ပြထားချက်က အလေးဂရုပြု စိစစ်ဝေဖန်စရာပင်။

တစ်ခါ ဆက်နွှယ် အတွေးနယ်ချဲ့စရာကောင်းလှသည့် ဦးကျော်ထွန်း၏ ကိုးခန်းပျို့ ငြိကာထဲဝယ် ဖော်ပြချက်ကား သိန္ဓောမြင်း ဟူသည် သိန္ဓုမြစ်နား အရပ်ဌာနတို့၌ ပေါက်ဖွားသော မြင်းကောင်း မြင်းမွန်မျိုး ဖြစ်သည်။ သိန္ဓုမြစ်သည် အိန္ဒိယတိုက်ငယ် အနောက်ဘက်ရှိ မြစ်ကြီးတစ်စင်း ဖြစ်သည်။ ကဝိလက္ခဏာဒီပနီမှာ သိန္ဓောသဒ္ဒါအား 'သမုဒ္ဒရာ' ကို ယူ၍ သမုဒ္ဒရာအနီး၌ဖြစ်သောမြင်းမျိုးဟု ရေးသားဖော်ပြထားသော်လည်း အင်္ဂုတ္တိုရ် အဋ္ဌကထာတွင် မြင်းကောင်း မြင်းမွန်တို့သည် သိန္ဓုမြစ်အနီး၌ဖြစ်သည် ဆိုခြင်းနှင့်မညီဟု ဆိုထားသည်။ ထို သိန္ဓော ဟူသော စကားသည် သိန္ဓဝ ဟူသော ပါဠိဝေါဟာရမှ လာသည် ဆို၏။

ဤနေရာမှာ ဆက်စပ် ဝေဖန်စောကြောစရာတစ်ခုက အင်းဝရွှေပြည် မင်းခေါင်မင်း လက်ထက် တရုတ်စစ်သည်တို့ ကျူးကျော်လာရောက်ပြီး နှစ်ပြည်ထောင် ရင်ဆိုင်စစ်ထိုးမလား၊ တစ်ဖက်မှ သူရဲကောင်းတစ်ဦးစီ မြင်းမြင်းချင်း၊ ဆင်ဆင်ချင်း စီးချင်းထိုးမလားဟု စိန်ခေါ်ရာ မင်းခေါင်မင်းက စီးချင်းထိုးရန် ရွေးချယ်ပြီး မွန်သူရဲကောင်း သမိန်ဗရမ်းအား အင်းဝဘက်မှ စီးချင်းထိုးပေးရန် မိန့်မြွက်သည်။ သို့အတွက် သမိန်ဗရမ်းသည် ဘုရင့်တပ်တော်နှင့် အင်းဝရွှေပြည်အနှံ့တွင် သူလိုချင်သော မြင်းကောင်းရှာဖွေရာ မတွေ့ဘဲ နောက်ဆုံးမှ အင်းဝမြို့စွန်တစ်နေရာရှိ မန်ကျည်းစေ့ရောင်မြင်းအား တွေ့ရှိ ရွေးချယ်ပြီး ထိုမြင်းနှင့်ပင် တရုတ်သူရဲကောင်း စလုံကျော်ခေါင်နှင့် ယှဉ်ပြိုင်စီးချင်းထိုးခဲ့ရာ သမိန်ဗရမ်းသည် အနိုင်ယူခဲ့သည် ဟူ၏။ ဤတွင် ညွှန်းဆိုချင်သည်က သမိန်ဗရမ်း အသုံးပြုခဲ့သော မန်ကျည်းစေ့ရောင်မြင်းသည် သက္ကတအဘိဓာန်ကျမ်းလာ သိန္ဓောမြင်းမျိုးဟု ယူချင်တာလား။ သို့လိုပင် ပင်းယပြည့်ရှင် ငါးစီးရှင်ကျော်စွာမင်း ပိုင်ဆိုင်ခဲ့သော မြင်းစိုင်းကျော်ဟု ခေါ်သော မြင်းကောင်းသည် ဝလာဟကမြင်းမျိုးနှင့်သိန္ဓောမြင်းမျိုးမှမွေးဖွားလာသည်ဟု ဖော်ပြထားသည်မှာလည်း လေ့လာသုံးသပ်စရာ ဖြစ်နေသည်က ဧကန်ပင်။

စိတ်ဝင်စားစရာတစ်ခုက ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် မဟောသဓာဇာတ်တော်ကြီးထဲမှ မိတ္ထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးအမိန့်တော်နှင့် ရွှေနန်းတော်သို့ ဝင်ရောက်လာသော မဟောသဓာ သတို့သားနှင့် သူ့ဖခင် သူဌေးကြီးတို့သည် မဟောသဓာ သတို့သား ကျိတ်စီစဉ်ထားသည့်အတိုင်း မဟောသဓာ သတို့သားသည် သူ့ဖခင် သူဌေးကြီးအတွက်ခင်းထားသော နေရာမှာ ဝင်ထိုင်ပြီး ဖခင်သူဌေးကြီးက မဟောသဓာ သတို့သားအတွက် ခင်းထားသောနေရာတွင် ဝင်ရောက်ထိုင်လေသည်။ ၎င်းကိုမြင်သော သေနကအမတ်နှင့် ရွှေနန်းတော်ရှိ အမတ်များ ကဲ့ရဲ့ရှုတ်ချ၏။ ထိုအခါ မဟောသဓာသတို့သားက အာဇာနည်မြင်းမနှင့်မြင်းထီးတို့မှမွေးသော အဿတိုရ်ရဲ မြင်းကို ဥပမာပေး၍ ဖထက်သားက မြင့်မြတ်ကြောင်း ဂုဏ်တင် လျှောက်ထားခြင်းကိုပင် ဖြစ်၏။ အများအားဖြင့် မြင်းနှင့်မြည်းတို့ စပ်မွေးလျှင် တောင်ပေါ် ဝန်တင် ဝန်သယ်ရာတွင် အသုံးပြုရသော လားဟုခေါ်သော မြင်းနှင့်တူသည့် တိရစ္ဆာန် ပေါက်ဖွားခဲ့သည်ဟု နားလည်ထားသော်လည်း ဇာတ်တော်ကြီးများ အပါအဝင် တချို့ရှေးကျမ်းများ၌ အာဇာနည်မြင်းမနှင့် မြည်းထီးတို့ ပေါင်းစပ်ဖွားလျှင် တိမ်ညွန့်စား ကောင်းကင်ခွစွမ်းရည်များနှင့်ပြည့်စုံပြီး ကြန်အင်လက္ခဏာကောင်းများနှင့် ပြည့်စုံသော အဿတိုရ်မြင်းကို ရရှိလာသည်ဟုဖော်ပြထားချက်က အလေးဂရုပြု ဆင်ခြင်သုံးသပ်စရာပင်။

သို့တလိုပင် ကိုရီးယားဒဏ္ဍာရီတစ်ခုမှာလည်း မြင်းသည် နဂါးမှ ပေါက်ဖွားလာသည်ဟု တလျှို့ဝှက်ဝှက် တဆန်းကြယ်ကြယ် ဖော်ကျူးထားခြင်းပင် ဖြစ်သည်။ ၁၆ ရာစုက ပြုစုခဲ့သော မာဂျောင် မြင်းကြန်အင်လက္ခဏာကျမ်းထဲတွင် အရှေ့ပင်လယ်၌နေထိုင်သော ကူဂန်နဂါးမင်းနှင့် ကူလီယိုဂျာ နဂါးမိဖုရားထံမှ ဘိတို ဆိုသော ကလေးကို မွေးပြီး ဘိတို အရွယ်ရောက်၍ အိမ်ထောင်ကျလျှင် ခိရင် ဆိုသော ကလေးကို မွေးကာ ခိရင်အရွယ်ရောက်၍ အိမ်ထောင်ကျလျှင် ယုန်ဂု ဟူသောမြင်းအာဇာနည်ကို မွေးဖွားခဲ့သည်ဟု တထူးတဆန်း ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။ ရှေးတရုတ်တို့သည် မြင်းတစ်ပိုင်း၊ နဂါးတစ်ပိုင်း ဖြစ်သော ချီလင်း ဆိုသောအဆောင်ကို သြဇာအာဏာ၊ ချမ်းသာကြွယ်ဝမှု၊ သားကောင်းရတနာ၊ ရာထူးဌာနန္တရ စသည်တို့အတွက် ဆောင်ကြဉ်းလေ့ရှိသည် ဟူ၏။

ထိုသို့ပင်လျှင် ဂရိဒဏ္ဍာရီတစ်ခု အလိုအရ ရွက်သင်္ဘောများဖြင့် ဒေသအနှံ့အပြားသို့လှည့်လည်ကာ ဒုက္ခမျိုးစုံခံ၍ ရွှေသိုးမွေးရှာဖွေခဲ့ကြသော ဂျက်ဆန်နှင့် အာဂိုနော့တို့၏ ဆရာသခင်သည် ချီရွန်



www.burmeseclassic.com

www.burmeseclassic.com

(Cheron) ဟု ဆို၏။ ထိုချိရွန် ဆိုသူမှာ ကိုယ်ခန္ဓာနှင့်ခြေထောက်နေရာသည် မြင်းဖြစ်ပြီး လည်ပင်းနှင့် ဦးခေါင်းနေရာတွင် ခါးအထက်ပိုင်းလူကိုယ်ခန္ဓာ အပြည့်အဝပါရှိသော စင်တော (Centaur) ဟုခေါ် လူတစ်ပိုင်း၊ မြင်းတစ်ပိုင်း သတ္တဝါတစ်မျိုးဟု ဆို၏။ ထိုချိရွန် သေလွန်သောအခါတွင် သူ၏ဂုဏ်ဒြပ်ကို ဇုနတ်မင်းကြီးက နှစ်မြို့က်သောကြောင့် မိုးကောင်းကင်ပြင်ပေါ် လူတစ်ပိုင်း၊ မြင်းတစ်ပိုင်း နက္ခတ်အစုကို မှတ်တမ်းတင်ဖော်ဆောင်ပေးခဲ့သည် ဆို၏။ ထိုလူတစ်ပိုင်း၊ မြင်းတစ်ပိုင်း နက္ခတ်အစုကို ဓနုရာသီ (နတ်တော်လ) ၏ရာသီရုပ်အဖြစ် ရှေးပညာရှိတို့က သတ်မှတ်ပညတ်ခဲ့ကြသည် ဟူ၏။

ဥရောပ ဒဏ္ဍာရီများထဲမှာ လူတစ်ပိုင်း၊ မြင်းတစ်ပိုင်း စင်တောသတ္တဝါကဲ့သို့ပင် နဖူးတည့်တည့်၌ ဦးချိုပေါက်နေသော ယူနီကွန်မြင်းများ၊ တောင်ပံပါသော မြင်းပျံများ၊ မြေလျှိုးမိုးပျံ နတ်မြင်းပျံများ၊ မြင်းတစ်ပိုင်း, နဂါးတစ်ပိုင်း သတ္တဝါများ၊ စကြ္ကာမအတတ်, ဘူတာဝါဟာနအတတ်တို့နှင့် ပြုလုပ်ထားသော ယန္တရားမြင်းပျံရုပ်၊ မှော်အတတ်နှင့်ပြုလုပ်သောမြင်းများ စသည် စသည်တို့ကို ထူးထွေဆန်းပြားစွာ တွေ့ရှိရပါသေးသည်။

တစ်ဖန် တခြား ဥရောပဒဏ္ဍာရီတစ်ခုမှာလည်း ဂရိသူရဲကောင်းပါစီးယပ်(စ်)၏ကြင်ရာတော် အင်ဒရိုမီဒါမင်းသမီး၏ ခမည်းတော်နှင့်မယ်တော်များ ဖြစ်ကြသော အီသီးယိုးပီးယားပြည့်ရှင် စီဖီးယပ်(စ်) ဘုရင်ကြီးနှင့် ကာစီအိုပီယား မိဖုရားကြီးကို ဇုနတ်မင်းကြီးက နှစ်မြို့က်သဖြင့် သူတို့သေလွန်သောအခါဝယ် ဘုရင်ကြီးကို 'မြင်းတာရာ' အဖြစ် လည်းကောင်း၊ မိဖုရားကြီးကို 'ဗျိုင်းတာရာ' အဖြစ် လည်းကောင်း မိုးကောင်းကင်ပေါ် မှာမှတ်တမ်းတင်ပေးခဲ့သည် ဆို၏။

တစ်ခါ မြန်မာ အပါအဝင် အရှေ့တိုင်း နက္ခတ်ကျမ်းများ၌လည်း မေထုန်ရာသီ (နယုန်လ) တွင် မြင်းတာရာသည် စန်းနှင့်ယှဉ်၍ လင်းပ၏။ 'ကိုးလုံးယှဉ်လာ မြင်းတာရာ၊ ယှဉ်လာ သုံးလုံးဆို။ မြင်းတာရာသည် ကုလားပြည်၊ ရောင်ခြည်လင်းသကို' ဟု စာဆိုရှိသလို ၎င်းမြင်းတာရာသည် သရဝဏ်နက္ခတ်၊ ဓနသိဋ္ဌိနက္ခတ်၊ သတ္တဘိသျှနက္ခတ်တို့ဖြင့် ယှဉ်၍ သွားတတ်သည်ဟု ဆိုထားသည်။ နောက်ပြီး နက္ခတ် ၂၇ လုံးပါ အသဝနီနက္ခတ်နှင့်စပ်လျဉ်း၍ အသဝနီ၊ ခြောက်လုံးညီ၊ တူပြီး မြင်းခေါင်းဆို။ အသဝနီနက္ခတ်သည် ဆ-ခြောက်လုံးတို့တည်၊ အဿသိသံ - မြင်းဦးခေါင်းသဏ္ဍာန် ရှိ၏၊ ဂေါတမပူရဿ- ကျွမ်းပြန်၏၊ တတ္တံအာ-အတိတ်တည်း ဟူသော ဖော်ပြချက်များကိုလည်းတွေ့ရှိရပေသည်။ ရှေးနက္ခတ်ပုံပြင်များတွင် အသဝနီနက္ခတ်နှင့်ပတ်သက်သော အခန်းတွင် စီးပွားပျက်သူဌေးသားသည် နာနာရုပ်အတတ်သင်ပြီး ထိုအတတ်ဖြင့် သူကိုယ်တိုင် မြင်းအဖြစ် ဖန်ဆင်းကာ ပြည့်ရှင်မင်းကြီးအား အကြိမ်ကြိမ် လိမ်၍သွားရောက်ရောင်းချမှုကြောင့် ပြဿနာအရှုပ်အထွေးများဖြစ်ရပုံကို သင်ခန်းစာယူဖွယ်ရာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

နောက် မြင်းနှင့်ပတ်သက်သော လျှို့ဝှက်ဆန်းပြားချက်များကို ဖော်ပြရရင်တော့ မြန်မာသင်္ကြန်တွက်ရိုးလာ အကြောင်းခြင်းရာတချို့ကိုပင် ဖြစ်သည်။ မဟာသင်္ကြန်တွက်ရိုးအရ ကြာသပတေးနေ့ သင်္ကြန်ဝင်သောနှစ်များတွင် ရွှေအဆင်းနှင့်တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် သိန္ဓောမြင်းကိုစီးနင်းကာ ရေချမ်းအိုးကိုပိုက်ပြီး သင်္ကြန်မင်းကြီးသည် အနောက်ဘက်ကနေ အရှေ့တောင်ဘက်သို့ ဝင်သည်ဟု ပြဆိုထားသည်ကို တွေ့ရှိရလေသည်။ ထိုသို့ပင် ကဝိလမိုင်းတွက်ရိုးအရ ၆ ခုကြွင်း အဒြနှစ်တွင် နှစ်ကိုမြင်းစောင့်၏၊ ခြေလေးဖက်၏ အဓိပတိကားမြင်းဟု ဖော်ပြချက်ကလည်း အတိတ်စိမ်းတစ်ခုကို ညွှန်းဆိုသလိုပင်။ ပြီး- တရုတ်၊ ကိုရီးယား စသည့် အရှေ့ဖျားနိုင်ငံတို့၌ နှစ်သစ်ကူး တွက်ရိုးများတွင် ကြွက်နှစ်၊ နွားနှစ်၊ ကျားနှစ်၊ ယုန်နှစ်၊ နဂါးနှစ်၊ မြွေနှစ်၊ မြင်းနှစ်၊ သိုးနှစ်၊ မျောက်နှစ်၊ ကြက်နှစ်၊ ခွေးနှစ်၊ ဝက်နှစ်ဟုရှိရာ မြင်းနှစ်မှာ မျှော်လင့်တောင့်တထားသော အရာများသည် မြင်း၏သဘောသဘာဝအတိုင်း လျင်လျင်မြန်မြန် ပြည့်ပြည့်စုံစုံ ဖြစ်တတ်သည် ဟူ၍ ဤမြင်း၏နှစ်သည် နဂါးနှစ်ကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံလျက် လိုအင်ဆန္ဒရည်ရွယ်ချက်တို့ ထူးထူးခြားခြား အောင်မြင် ပြီးပြည့်စုံတတ်သည် ဆို၏။

တစ်ဖန် ရှေးဟိန္ဒူ ဗြာဟ္မဏကျမ်းဂန်များထဲတွင် သူရိယနတ်မင်း၊ အာဒိတျနတ်မင်း၊ ဣန္ဒကနတ်မင်း၊ ကာ(လ်)ကျီးနတ်မင်းတို့၏ စီးတော်ယာဉ်သည် မြင်း (သို့) မြင်းကဆွဲသောရထားဟု ဖော်ကျူးထားသည်ကို တွေ့ရှိရပါသည်။ ပြီး-ဟိန္ဒူကျမ်း အချို့ဝယ် တနင်္ဂနွေနေ့ကို မြင်း၊ တနင်္လာနေ့ကို သမင်၊ အင်္ဂါနေ့ကို ဆိတ်၊ ဗုဒ္ဓဟူးနေ့ကို ခြင်္သေ့၊ ကြာသပတေးနေ့ကို ဆင်၊ သောကြာနေ့ကို မြင်းဖြူ၊ စနေနေ့ကို ကျွဲ၊ ရာဟုနေ့ကို ကြောင်၊ ကိတ်နေ့ကို ငါး အစရှိသဖြင့် စိုးမိုးသည်ဟု ဆိုထားချက်က မေးစရာတွေးစရာပင်။

ထို့ပြင် မြန်မာ့ဗုဒ္ဓသာသနိကအဆောက်အအုံများ, မုခ်ဝများမှာ ရှေ့၌ ခြင်္သေ့ရုပ်များ၊ ဆင်ရုပ်များရှိနှင့်ကြသလို ကိုရီးယားဗုဒ္ဓသာသနိကအဆောက်အအုံများ၏အရှေ့မှာ, မုခ်ဝများရှေ့မှာ မြင်းရုပ်များ ရှိနှင့်နေသည်က တလေးတနက်ထားစရာဖြစ်သည်။ သို့ကလိုပင် ကိုရီးယားမြို့ပြကျေးရွာ တချို့က နတ်စင်နတ်ကွန်းများဝယ် မြင်းရုပ်နှစ်ရုပ်ထားရှိခြင်းက ယုံကြည်မှုဓလေ့အဖြစ် စွဲရစ်နေပြီ ဖြစ်သည်။ မြင်းရုပ်တစ်ရုပ်က သေသူဝိညာဉ်များကို ကောင်းရာမွန်ရာဗိမာန်သို့ ပို့ဆောင်ပေးရန် ဖြစ်သည်ဟု ယုံစွဲကြသည်။ နှိုင်းယှဉ်ဖော်ပြစရာကောင်းနေသည်က မြန်မာ့မြို့ပြကျေးရွာအချို့က နတ်ကွန်းနတ်နန်းများတွင် မြင်းရုပ်များနှင့် မြင်းဖြူရှင် နတ်ရုပ်များ ရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com

ဟူခြင်းပင် ဖြစ်၏။ မြင်းဖြူရှင် နတ်လေးပါး ရှိသည်။ ၎င်းတို့မှာ ယမားမြင်းဖြူရှင်နတ်၊ ကန္နီမြင်းဖြူရှင်နတ်၊ ရွှေပြည့်ကျွန်း မြင်းဖြူရှင်နတ်၊ ရွှေစစ်သင်မြင်းဖြူရှင်နတ် ဟူ၍ ဖြစ်၏။ ကိုရီးယားတို့၏ယုံကြည်စွဲလမ်းမှုနှင့် မြန်မာတို့၏ ယုံကြည် စွဲလမ်းမှုတို့ ထပ်တူယိုးစွဲဖြစ်နေသလားလို့။

နောက် မြင်းနှင့်ဆက်နွှယ်လို့ ဖော်ပြစရာကောင်းနေတဲ့ အချက်တစ်ခုက ရှေးမြန်မာကျမ်း တချို့တွင် ကိ- အဘယ်နည်း၊ နရာ- လူလော, နတ်လောဟု မေးမြန်းယူရသော ကိန္နရာ၏ ရုပ်အသွင်လက္ခဏာကို ဖော်ပြရာဝယ် မြင်းမျက်နှာနှင့် လူအသွင်သဏ္ဌာန်ဟု ညွှန်းဆိုချက်ပင် ဖြစ်သည်။ ဤသည်နှင့် ထပ်တူမဟုတ်သော်လည်း ယှဉ်ဖက် စောကြောစရာလေးတစ်ခုကတော့ ရွှေဘုံနိဒါန်းလာ ပဥ္စရူပရုပ်၊ သတ္တရူပရုပ်၊ နဝရူပရုပ်၊ ဒသရူပရုပ်၊ ဒွါဒသရူပရုပ်များကို ထူးခြားသောတိရစ္ဆာန်တို့မှ အရေးပါသော ကိုယ်ခန္ဓာအစိတ်ပိုင်းများဖြင့် ဆက်စပ် သရုပ်ဖော်ရာမှာ မြင်းနားရွက်၊ မြင်းခြေ၊ မြင်းလက်များကို အလျဉ်းသင့်စွာ ဆက်စပ်ဖော်ပြကြသည်ကို အလေးဂရုပြုဖွယ် တွေ့ရှိရသည်။ ထိုပဥ္စရူပရုပ် အစရှိသည်တို့ကို ရှေးတုန်းက ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်၊ မင်းညီမင်းသားတို့စီးနင်းသော မင်္ဂလာလှေဖောင်တော်အဖြစ် ဖန်ဆောင်ခဲ့ကြသည်ကို အလေးအနက်ပြုဖွယ် တွေ့ရှိရ၏။ မေးစရာ၊ တွေးစရာဖြစ်လာသည်က ထိုပဥ္စရူပအရုပ်တို့သည် ဂမ္ဘီရဆိုင်ရာ သရုပ်ပုံများ ဖြစ်နေကြသလား။ ဆက်စပ်ပြောရလျှင် ရခိုင်နဝရူပံရုပ်တု ထင်ပေါ်လာသော ဗျာလရုပ်မှာ ထူးခြားသော တိရစ္ဆာန် ၉ မျိုးထံမှ အရေးပါသော ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်မျိုးစီပါရှိကြပြီး သိဒ္ဓိဝင်အဖြစ် စီရင်ထားကြသည် ဟူ၏။ ထိုဗျာလရုပ်များတွင် မြင်း၏နားရွက်ကိုထည့်သွင်းဆက်စပ်ဖော်ပြကြသည်။ ထိုသို့ ဖော်ပြရခြင်းမှာ မြင်းသည် အကြားအာရုံ အလွန် ထက်သန်ပြီး သခင်နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းများကို အလွန် သိရှိနားလည်သည့် အတွက်ကြောင့်ဟု ရှေးလောကီကျမ်း တချို့မှာ ညွှန်းဆိုကြသည် ဟူ၏။ ဤအဆိုသည် ဘယ်မျှလောက် မှန်ကန်မှုရှိနိုင်ပါ့မလဲ။

မှန်နန်းရာဇဝင်ထဲ၌ ပုဂံပြည်ရှင် စုက္ကတေးမင်းနှင့် စီးချင်းထိုးလိုသဖြင့် ဖခမည်းတော် နန်းကျဘုရင် ကြောင်းဖြူမင်းထံ အနော်ရထာမင်းသားက အကြံဉာဏ်တောင်းခံရာ ကြောင်းဖြူမင်းသည် သူ၏ သိုဝှက်ထားသော အရိန္ဒမာလှံ၊ သီလဝံသမား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားဦးသျှောင်ကို အနော်ရထာမင်းသားအား ပေးနှင်းပြီးလျှင် 'ငါ့မြင်းမူကားငါနန်းကျကတည်းကပင် လွှတ်၍ရှိလေသည်။ ငါဝတ်သောလက်စွပ်ကိုပြလျှင် အဖမ်းခံလိမ့်မည်။ ရလျှင် မြင်းကိုယူ၍ ပုပ္ပားအရပ်၌ အလုံးအရပ်များအောင် ဆည်းပူးလေ။ အင်အားနှင့်ပြည့်စုံမှ အမောင့်နောင်တော်ကိုလုပ်ကြံလေ' ဟု မိန့်တော်မူသည်။ ထို့နောက် အနော်ရထာမင်းသားသည် လွှတ်နေသော ဖခမည်းတော်၏မြင်းကို ဖခမည်းတော်၏ လက်စွပ်ပြ၍ဖမ်းရာ ရရှိလေသည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ဤစကားသည် ဒဏ္ဍာရီစကားလား၊ အမှန်အတည်စကားလား။ ပြီး-ရွှေပြည့်ကျွန် မြင်းဖြူရှင်ဇာတ်လမ်းတွင်လည်း ငယ်ကျွန် ငပြည့် စီးလာသော မြင်းသူတော်စင်သည် သူ့သခင် နရပတိစည်သူမင်းသား၏ ကိုယ်နံ့ကို ခရီးဝေးတစ်နေရာမှရလျှင်ပင် မြည်ဟီးသည်ဟု ပြဆိုထားပေသည်။

တစ်ခါ ၁၁၂၁ ခုနှစ်လောက်က ဖုသရထားခေါ် ဖုတ်သွင်းရထားနှင့် ပတ်သက်ပြီး လက်ဝဲနော်ရထာ အမတ်ကမေးလျှောက်လျှက် တောင်တွင်းသာသနာပိုင်ဆရာတော်ကြီး၏ ဖြေကြားချက်က အလွန်တရာ စိတ်ဝင်စားစရာကောင်းနေပေသည်။ ၎င်းမှာ 'ဖုတ်သွင်းရထား ဟူသည်ကား မင်းစီးမင်္ဂလာရထားကိုပင် ဆိုလို၏။ ထိုဖုတ်သွင်းရထားကို ဥယျာဉ်၊ ရေကန်သို့ မင်းထွက်လျှင် မြင်းက,၍စီးစမြဲ ဖြစ်သည်။ မင်းမရှိ၍ မင်းလျာရှာသောအခါလည်း ရှေးက,မြတိုင်းမြင်းကိုက,ပြီးလျှင် မင်းဖြစ်ထိုက်သူရှိရာဆိုက်စေသော်ဟု ပြည်သူအပေါင်းတို့ သစ္စာအဓိဋ္ဌာန်ပြုလျှင် ထိုဖုတ်သွင်းရထားကို မြင်းပင်ရုန်း၍ မင်းပြုထိုက်သသူရှိရာ ဆိုက်ရောက်လေသည်။ တစ်စုံတစ်ခု ဝိဇ္ဇာမယဖြင့်သွားသည် မဟုတ်၊ ပကတိပင် မြင်းရုန်း၍သွားသည်။ လူတို့၏ သစ္စာအဓိဋ္ဌာန်အာနုဘော်ကြောင့် မင်းပြုထိုက်သသူရှိရာကို ဆိုက်ရောက်လေသည်' ဟူ၍ ဖြစ်၏။ ဤနေရာမှာ ဖုတ်သွင်းရထား(ဖုသရထား)ကို ဆွဲသောမြင်းနှင့် စပ်လျဉ်း၍ မေးစရာ တွေးစရာ ဖြစ်လာသည်ကတော့ အမှန်ပင်။

ယင်းကို မတွေးတောမဆင်ခြင်ခင် 'သီလက မပေးနိုင်သော ပစ္စည်းဥစ္စာသည် မရှိသကဲ့သို့ ခန္တီမေတ္တာက မနိုင်သော ဘေးရန်လည်း မရှိစကောင်း။ ထို့ထက် သစ္စာတရားက မပြုလုပ် မစွမ်းဆောင်နိုင်သော အရာဟူ၍ မရှိချေ။ တိရစ္ဆာန်များ၏ သစ္စာများဖြင့်ပင် မိုးကိုရွာစေနိုင်၏။ လောင်နေသောမီး, စီးနေသောရေကို ငြိမ်းစေ, တန့်စေနိုင်၏။ သစ္စာစကားကား ကမ္ဘာ့နိယာမ၊ အမှန်သဘာဝသက်သက်တည်း။ ပညာမျက်စိဖြင့်ကြည့်လျှင် လူသာပမာနမဟုတ်၊ မှန်ကန်ခြင်းသည်သာ အဓိက ဖြစ်သည်' ဟူသော လယ်တီဆရာတော်ဘုရားကြီး၏အဆိုအမိန့်ကို ဆင်ခြင်သုံးသပ် နှလုံးသွင်းဖို့ လိုမည်ထင်၏။

ဤနေရာ၌ လိုရင်းကိုဆုပ်ကိုင်၍ပြောရလျှင် ပြုလိုက်သော သစ္စာအဓိဋ္ဌာန်၏အာနုဘော်က မင်းလျာရှာဖွေသော ဖုတ်သွင်းရထား (ဖုသရထား) ကို က,ဆွဲသည့် မြင်းတို့၏ မနောအာရုံကို လှုံ့ဆော်နှိုးဆွပေး၍ မင်းလျာရှိရာသို့ ဦးတည် ရောက်ရှိသွားစေသလား၊ မြင်းတို့၏မနောအာရုံမှာ မွေးကတည်းကပင် တွေးတောစိတ်, ဆင်ခြင်စိတ်, အမှတ်သညာစိတ်များရှိနေသလား။ အနော်ရထာမင်းသား၏ဖခမည်းတော် ကြောင်းဖြူမင်း၏ လွှတ်နေသောမြင်းကို ဒွေ



www.burmeseclassic.com

www.burmeseclassic.com

လက်စွပ်ပြကာ ဖမ်းဆီး၍ရသည်ဟု ဆိုခြင်းမှာ ဒဏ္ဍာရီစကားမဟုတ်နိုင်ဟုထင်သည်။ သခင်၏အသံ၊ သခင်၏ကိုယ်နံ့ကို သိသည်ဟု ဆိုသည်မှာ အရပ်စကားမဟုတ်ဟု ထင်သည်။ မြင်းသည် အကြားအာရုံ အလွန်ကောင်းသည်ဟု ဆိုထားပြန်သေးသည်။ ရန်သူ၊ မိတ်ဆွေကို ခွဲခြားသိကြသည်ဟု ပြောကြပြန်သေးသည်။

ဤတွင် ဆိုခဲ့သည်များနှင့်နှိုင်းယှဉ်ဝေဖန် စောကြောစရာတစ်ခုကို တင်ပြချင်ပါသည်။ အမေရိကန်ပြည်ထောင်စုက ရစ်(ချ်)မွန် ဆိုသူ ပိုင်ဆိုင်သော ၁၉၂၄ ခုနှစ်တွင် ပေါက်ဖွားသည့် လေဒီ အမည်ရှိသော မြင်းမလေးသည် အင်မတိအင်မတန် ထူးထွေဆန်းပြားသည် ဟူ၏။ ပိုင်ရှင်ဖြစ်သူသည် လေဒီ မြင်းမကလေးကို ၄ နှစ်သမီးအရွယ်လောက်တွင် အပျော်သဘောဖြင့် ကလေးကစားစရာ အက္ခရာ အန်စာတုံးများကို ရေတွက်ခြင်း၊ အန်စာတုံးအက္ခရာများဖြင့် စာလုံးပေါင်းခြင်း၊ အန်စာတုံးအပုံထဲမှ လိုရာများကိုရွေးချယ်ပြီး ဘေးဖယ်ပြခြင်း စသည်တို့ကို သင်ကြားပေးခဲ့လေသည်။

အချိန်အတော်ကြာပြီး တစ်နေ့သ၌ဝယ် သူတို့၏မြင်းဇောင်းအနီးမှ ဖြတ်သန်းသွားသော လယ်ထွန်စက်တစ်စီးကို လေဒီ မြင်းမလေး လိုက်ကြည့်ပြီး 'လယ်ထွန်စက်' ဟူသော စာလုံးကို ပေါင်းပြလိုက်ရာ မြင်းပိုင်ရှင်သည် အလွန်အမင်း အံ့အားသင့်ခဲ့ရလေသည်။ နောက်တွင် မြင်းပိုင်ရှင်သည် မြင်းစားကျင်း အထက်နားတွင်တန်းတစ်ခုထိုးကာ အက္ခရာရေးထားသော သံပြားလေးများကို ချိတ်ဆွဲထားလျက် လေဒီမြင်းမလေးကို ၎င်းသံပြားလေးများအား ရွေးချယ်လျက် နှာဖျားဖြင့်ထိုးပြတတ်အောင် သင်ကြား လေ့ကျင့်ပေးလေ၏။ မေးခွန်းများကိုဖြေဆိုစေရာတွင် အဖြေစာလုံးပါသော အက္ခရာများကို တစ်ခုချင်းစီ နှာဖျားနှင့်ထိုးပြပေးခြင်းဖြင့် အဖြေပေးတတ်အောင် လေ့ကျင့်သင်ယူစေခဲ့ရာ နောင်တွင် အောင်အောင်မြင်မြင်နှင့် ကျွမ်းကျင်တတ်မြောက်ခဲ့လေသည်။

သို့နှင့် လူသားတို့၏နှုတ်ဖြင့် မေးမြန်းသမျှကို လေဒီ မြင်းမလေးသည် အံ့ဝင်ခွင်ကျစွာ ထိထိမိမိ အဖြေပေးနိုင်သောကြောင့် နာမည်ထင်ပေါ်မှုသည် တစ်စ တစ်စ ကျယ်ပြန့်လာခဲ့သည်။ နောင်တွင် လူသားတို့ မေးသမျှကို လေဒီမြင်းမလေးဖြေဆိုမှုသည် တဖြည်းဖြည်း ဗေဒင်ဟောပြောမှုဆန်လာခဲ့သည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကံကြမ္မာကို ခွဲခွဲခြားခြား ဟောပြော ဖြေဆိုနိုင်လာခဲ့သည်။

လောင်းကစားဆိုင်ရာ မြင်းပွဲများ၌ နိုင်မည့်မြင်း၊ အပယ်ခံရမည့်မြင်းများကို တိတိပပ ဟောပြောနိုင်သည်မှာ အကြိမ်ကြိမ်အခါခါ ဖြစ်သဖြင့် လေဒီမြင်းမလေးသည် နာမည်ကြီးသည်ထက် ကြီးလာခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ပါး(လ်)ဟာဘာရေတပ်စခန်းကို ရန်သူတို့ လာရောက်ဗုံးကြဲမည်ကို ကြိုတင် ဟောပြောနိုင်ခဲ့သလို သမ္မတကြီး ရုစဘဲ့ကွယ်လွန်မည့်အချိန်နှင့် အိုက်ဆင်ဟောင်ဝါ သမ္မတအဖြစ်ရွေးကောက်ခံရမည်ကို တင်ကူး ဟောပြောနိုင်ခဲ့သည်မှာ လေဒီ မြင်းမလေး၏ ထူးထွေဆန်းပြားမှုတို့ပင် ဖြစ်သည်။ ပြီးလေဒီမြင်းမလေးသည် သူ၏ဟောပြောမှုဖြင့် ရဲများကို ထဲထဲဝင်ဝင်၊ ထိထိတွေ့တွေ့ အကူအညီပေးနိုင်ခဲ့သည်မှာ အကြိမ်ကြိမ် ဖြစ်သည်။ အထူးသဖြင့် ကလေးပျောက်မှု၊ လူပျောက်မှုတို့၌ တိတိကျကျ မှန်မှန်ကန်ကန် ဖြေကြား အကူအညီပေးနိုင်ခဲ့သည်။ ထိုခေတ်က ထင်ပေါ်ကျော်ကြားသော မနောမဟိဒ္ဓိဗေဒပါရဂူ ဒေါက်တာရိုင်းနှင့်အဖွဲ့က သုတေသနပြု လေ့လာ စူးစမ်းခဲ့ရာ လေဒီ မြင်းမလေးတွင် ထူးခြား၊ ထူးဆန်းသော တန်ခိုးသိဒ္ဓိရှိကြောင်းကို လက်ခံအတည်ပြုသွားခဲ့သည်။

လေဒီမြင်းမလေးမှာ အသက် ၃၀ ကျော်၌ သေဆုံးခဲ့သည်။ လေဒီမြင်းမကလေးကို သူမ မသေဆုံးမီလေး၌ သုတေသီတစ်စုက လေဒီမြင်းမလေး ဤကဲ့သို့ တန်ခိုးသိဒ္ဓိရရှိခဲ့ရာမှာ ဘယ်သိဒ္ဓိရှင်က အကူအညီပေးခဲ့လို့လဲဟု မေးမြန်းခဲ့ရာ လေဒီမြင်းမလေးက 'မြင်း' ဟု အဖြေပေးခဲ့သဖြင့် မေးခွန်းမေးသူများအတွက် ပို၍ အရှုပ်အထွေး ဖြစ်ခဲ့ရသည် ဟူ၏။ လေဒီမြင်းမလေးသည် ပါးစပ်က အသံထွက်၍မေးသော မေးခွန်းကို အဖြေပေးနိုင်သလို အသံမထွက်ဘဲ စိတ်ကူးဖြင့် မေးမြန်းသည်ကိုလည်း ဖြေနိုင်သည်ဆို၏။ နောက်ဆုံး ထပ်ကိန်းရင်းအထိမြင့်သော သင်္ချာပုစ္ဆာကို တွက်ချက် အဖြေပေးနိုင်သည်ဆို၏။

၂၀ ရာစု စောစောပိုင်းက ဂျာမနီပြည်က အဲ(လ်)ဘာဖဲ(လ်)မြင်းသည်လည်း လေဒီမြင်းမကလေးလို နာမည်ထင်ရှားခဲ့သည်။ သူဖြေဆိုပုံက ပျဉ်ပြားပေါ်တွင် သူ့ခွာဖြင့်ပေါက်ပြီး ကြေးနန်းရိုက်သလို အချက်ပေးဖြေကြားသည် ဟူ၏။ သူသည် မေးခွန်းမေးသမျှတို့ကို ဖြေဆိုနိုင်သလို သင်္ချာပုစ္ဆာကိုလည်း တွက်ချက် အဖြေထုတ်ပေးနိုင်သည် ဆို၏။

ဖော်ပြခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းဆိုရလျှင် မြင်းတို့၌ ထူးခြားသော မနောစွမ်းရည်၊ မနောသိဒ္ဓိ ရှိနေသလား။ မြင်းတို့နှင့် ပတ်သက်သည့် ဒဏ္ဍာရီများသည် ဂန္ဓာရီဆိုင်ရာများ ဖြစ်နေသလား။ ဘယ်လိုပဲဖြစ်ဖြစ်၊ မြင်း၏ထူးထွေဆန်းပြားမှုများကိုလေ့လာရင်း လေ့လာရင်းဖြင့် ဂမ္ဘီရမှော်ရုံမြိုင်ထဲကို ဝင်ရောက်မှန်းမသိ ဝင်ရောက်သွားသလားလို့။

ဖုန်းရှိန်အောင်

စာကိုး

၁။ မောင်ကျောက်တိုင်၊ စိတ်တန်ခိုးကိုလေ့လာခြင်း။

၂။ အေးအေးလှဲ၊ တစ်ဟုန်ထိုး တိုးတက်မည့် မြင်းနှစ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၃/၉၀)။

၃။ ရှင်ဩဘာသဘိဝံသ၊ သုတေသန သရုပ်ပြအဘိဓာန်။

၄။ မှန်နန်းရာဇဝင်။

၅။ ဦးကျော်ထွန်း၊ ကိုးခန်းပျို့ဒီကာ။

၆။ ရှာဖွေစုဆောင်းမှုများ။

၇။ ပေါင်းတည် - ဘုန်းကြည်၊ နက္ခတ်ကြည့်ရှုနည်းနှင့် ကြယ်ပုံပြင်များ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ စာမရေးဖြစ်တာ ကြာခဲ့ပြီ။ နွေက နေကပူသည်။ အလှူတွေကလည်း များလှသည်။ နေပူလို့ စာကိုမရေးချင်။ အလှူတွေသွား၊ နေ့ခင်းပိုင်း အပျင်းကကပ်လို့ စာလည်း မဖတ်ဖြစ်၊ မရေးဖြစ်ပါ။ စာရေးနေကျ ဂျာနယ်၊ မဂ္ဂဇင်း စာစောင်တို့သို့ ကျွန်မ စာမှုမပို့နိုင်။ စာရေးရန် စိတ်ကူးကလည်း မရ။ ဘာရေးရမလဲဟု တွေးပါသော်လည်း တွေး၍မရနိုင်ပါ။

သည်လိုနှင့်ပင် ဟိုစာအုပ်ဖတ်၊ သည်စာအုပ်လှန်နှင့် ကျွန်မ မှတ်သားထားသော အတိုအထွာလေးတွေကို ဖတ်မိပါသည်။ ဖတ်မိသည့်စာက စိတ်အကြောင်း။ ဘုရားကိုယ်တော်မြတ်ကြီးက 'ရဟန်းတို့၊ စိတ်ကဲ့သို့ လျင်မြန်သော အခြားတရားတစ်ပါးကို ငါဘုရား မြင်တော်မမူ။ ဥပမာပြု၍လည်း မလွယ်ကူ'ဟူသော စာကိုလည်းကောင်း၊ စိတ်သည် နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူး ဖန်တီးသူ ဖြစ်၏။ အကြင်သူသည် မကောင်းယုတ်မာသောစိတ်ဖြင့် ပြောသော် လည်းကောင်း၊ ပြုသော်လည်းကောင်း လှည်းဘီးသည် နွား၏ခြေရာနောက်သို့လိုက်သကဲ့သို့ ဆင်းရဲခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လေ၏ ဟူ၍လည်းကောင်း၊ စိတ်သည် နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူးဖန်တီးသူ ဖြစ်၏။ အကြင်သူသည် ကောင်းမွန် ကြည်လင်သောစိတ်ဖြင့်ပြောသော် လည်းကောင်း၊ ပြုသော် လည်းကောင်း အရိပ်သည် သူ၏နောက်သို့ ကပ်၍ပါ





www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏ နောက်သို့ ထက်ကြပ်မကွာ ကပ်၍ ပါလေ၏ ဟူ၍ လည်းကောင်း ဖတ်မိလိုက်လေသည်။

လူ့စိတ်ဟာ မျောက်စိတ်လိုပဲ ဟူ၍ အရပ်ထဲတွင်ပြောနေကြတတ်ပါသည်။ မျောက်စိတ်နှင့် တူသောစိတ်သည် ကောင်းတာကိုလည်း လုပ်မိပါလိမ့်မည်၊ ဆိုးတာကိုလည်း လုပ်မိပါလိမ့်မည်။

ဆိုးတာလုပ်မိပါက ဆင်းရဲခြင်းတို့သည် နွားခြေရာနောက်က ကပ်ပါသည့် လှည်းဘီးကဲ့သို့ဟု ဥပမာပေး၏။ ကောင်းတာလုပ်မိသောစိတ်ကြောင့် လူ့နောက်သို့ အရိပ်ကပ်ပါသကဲ့သို့ ချမ်းသာခြင်းတို့သည် ထက်ကြပ်မကွာ လိုက်တတ်သည်ဟု ဆိုထားပေရာ ကောင်းစွာ လုပ်နိုင်ရန်၊ ကောင်းစွာ ပြောနိုင်ရန်၊ ဤကဲ့သို့ ကောင်းစွာပြော၊ ကောင်းစွာလုပ်နိုင်ရန် မိမိစိတ်ကိုကောင်းကောင်းထားဖို့ လိုပါလိမ့်မည်။

တည်ကြည်သောစိတ်၊ ခိုင်မြဲသောစိတ် ရှိရမည်။ သမာဓိတည်ရမည်၊ ရှိရမည်ဟု ပြောရမလား။

ဤသို့ သူများရေးထားတာတွေ၊ ကူးထား, မှတ်ထားတာတွေကို ဖတ်ရင်း ကျွန်မ၏စိတ်သည် ဖြုတ်ခနဲ သုမေဓာရှင်ရသေ့က ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဗျာဒိတ်ခံစဉ်ကာလကို တွေးမိလိုက်ပါသည်။

ရှေးအခါက ရဟန်းတစ်ပါးသည် နန်းတွင်းသူတစ်ဦးထံတွင် မုန်ညင်းဆီကို အလှူခံလေ့ရှိပါသည်။ မုန်ညင်းဆီလှူသူ နန်းတွင်းသူလေးက-

"အရှင်ဘုရား၊ ဘာပြုလို့ နေ့တိုင်း တပည့်တော်ဆီမှာ မုန်ညင်းဆီ အလှူခံပါသလဲ ဘုရား"

ဟူ၍ မေးလျှောက်လိုက်သည်။

အလှူခံယူသော ရဟန်းတော်က-

"ဒါယကာမ၊ ဤမုန်ညင်းဆီကို အလှူခံရတာ ပေါရာဏ ဒီပင်္ကရာဘုရားကို ဆီမီးနဲ့လှူဒါန်းပူဇော်ဖို့ပါ။ ဒီလို ပူဇော်ပြီး ဘုရားဆုပန်မလို့ပါ"

ဟူ၍ ပြန်လည် မိန့်ကြားလိုက်သည်။ နန်းတွင်းသူလေးက-

"တပည့်တော်ကော ဘုရားဆုပန်လို့ မရဘူးလား ဘုရား"

ထပ်ဆင့် မေးပြန်ရာ ရဟန်းတော်က-

"မသိဘူး၊ ဒါပေမယ့် ဘုရားရှင်ကို လျှောက်ထားကြည့်ဦးမယ်"

ဟူ၍ မိန့်တော်မူလေသည်။

နောက်တစ်ကြိမ် မုန်ညင်းဆီ အလှူခံသောအခါ ရဟန်းတော်က-

"ဒကာမလေး၊ ဘုရားဆုပန်ရင် ယောကျ်ားမှာ ပန်ရတာပါတဲ့။ ဒကာမလေး ဘုရားဆုပန်ချင် ယောကျ်ားဆုကို အရင်တောင်းပါ"

ဟူ၍ မိန့်တော်မူလိုက်၏။

နန်းတွင်းသူလေးသည် ရဟန်းတော်အား မုန်ညင်းဆီ လှူမြဲလှူ၏။ ရဟန်းတော်ကလည်း ပေါရာဏဒီပင်္ကရာထံ ဆီမီးလှူမြဲလှူ၏။ ဘုရားဖြစ်ရန် ဆုပန်မြဲပန်ခဲ့လေသည်။

ကမ္ဘာပေါင်းများစွာ ကြာသောအခါ မုန်ညင်းဆီလှူပြီး ဘုရားဆုပန်ခဲ့သော ရဟန်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရား ဖြစ်လာခဲ့လေသည်။ ရဟန်းတော်ကလေးအား မုန်ညင်းဆီလှူခဲ့သူ နန်းတွင်းသူလေးမှာ သုမေဓာရှင်ရသေ့အဖြစ် ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဗျာဒိတ်ပန်း ခံယူသူ ဖြစ်လာခဲ့ပေသည်။

ကျွန်မ စာတွေဖတ်ပါသည်။

စည်းကမ်းတော့ မရှိပါ။ ဘယ်စာအုပ်က ဘယ်သူရေးတာ ဟူ၍ မှတ်ထားခြင်းအလေ့ မရှိခဲ့ပါ။ မှတ်သားတာတွေကို ရေးနေခြင်း ဖြစ်ပါသည်။ စာရှုသူများအနေဖြင့် စာစုလိုပါက စာအုပ်တွေ ရှာဖတ်ပါဟုသာ အကြံပြုပါရစေ။

ဤနေရာတွင် ဂေါတမ မြတ်စွာဘုရားရှင် အလောင်းတော်သည် ဘုရားဖြစ်ချင်သည် ဟူ၍ စိတ်ဖြင့်ကြံစည် ဆုတောင်းခဲ့သည်မှာ ကမ္ဘာပေါင်း ၇ သင်္ချေ ကြာခဲ့၏။ နှုတ်က ဖွင့်ဟပြီး ဘုရားစင်စစ်ဖြစ်ရပါလို၏ ဟူ၍ ဆုတောင်းတာက နှစ်ပေါင်း ၉ သင်္ချေ ကြာခဲ့၏ ဟူ၍ မှတ်မိပြန်ပါသည်။

မည်မျှတည်ကြည်ခိုင်မာသည့် စိတ်ဓာတ်မျိုးဖြစ်ပါသနည်း။ ဤသို့ တည်ကြည် ခိုင်မာသောစိတ်ကြောင့်ပင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဗောဓိပင်ရင်းဝယ် မာရ်ငါးပါးကို အောင်တော်မူပြီး ဘုရားစင်စစ် ဖြစ်ခဲ့တော့၏။

ကောင်းသောအပြော၊ ကောင်းသောအလုပ်တို့က အောင်ပန်းကို ဆွတ်ယူနိုင်ခဲ့လေပြီ။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားထံတွင် မိမိ၏ခန္ဓာကိုယ်ကို တံတားသဖွယ်ပြုပြီး ရှင်တော်ဘုရားနှင့် နောက်ပါ သံဃာတော်တို့ကြွသွားနိုင်ရန် ပြုခဲ့၏။

ဒီပင်္ကရာမြတ်စွာဘုရားရှင်က သုမေဓာရှင်ရသေ့အား-

"အသင် ရသေ့သည် ခုဘဝတွင်ပင် ကျွတ်တမ်းဝင်လိုပါက ရနိုင်လေသည်။ အကယ်၍ နှစ်ပေါင်းလေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာရှည်အောင် ပါရမီတွေ ဖြည့်နိုင်မည်ဆိုပါက ငါဘုရားကဲ့သို့ပင် သဗ္ဗညုတ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်မည်" ဟူ၍ မိန့်တော်မူလေရာ သုမေဓာရှင်ရသေ့က ငါကဲ့သို့ ဘုရားဖြစ်နိုင်သည့် ပါရမီဓာတ်ခံ ရှိပါလျက်နှင့် ယခုဘဝ ကျွတ်တမ်းဝင်လိုက်ပါက တစ်ကိုယ်ကောင်းဆန်ရာကျပေလိမ့်မည်၊ လေးသင်္ချေ ကမ္ဘာတစ်သိန်းသည် ကြာလှသည်ဟု မတွေးဘဲ ဘုရားစင်စစ်ဧကန်ဖြစ်ရန်သာ ဘုရားဆုကို ပန်တော်မူခဲ့လေသည်။

ထိုစဉ်က သုမိတ္တာအမျိုးသမီးကလည်း သုမေဓာရှင်ရသေ့၏ဘုရားဆုပန်ရာ ကာလတစ်လျှောက်တွင် သူသည် ပါရမီဖြည့်ဖက်အဖြစ် ဆုပန်ခဲ့လေသည်။

ထိုဘုရားဆု ပန်ဆင်ပွဲ ဗျာဒိတ်ခံယူဆဲ ကာလတွင် သုမေဓာရှင်ရသေ့အား ဒီပင်္ကရာ ဘုရားရှင်၏ ဗျာဒိတ်စကားကို နားဆင်နေသူ သုမေဓာရှင်ရသေ့၏ သူငယ်ချင်း မေဃ မည်သော လုလင်သည် အနီးတွင် အတူရှိနေပေသည်။

မေဃလုလင်သည် သုမေဓာ သတို့သား ရသေ့ဝတ်သောအခါ အတူလိုက်ဝတ်၏။ တရားလွန်သောအ



www.burmeseclassic.com

www.burmeseclassic.com

ခါ အတူလိုက်ကျင့်၏။ သီလစင်ကြယ်၏။ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုနာခံခဲ့၏။ မေဃလုလင်သည် သုမေဓာရှင်ရသေ့နှင့် အတူတကွသာ ဖြစ်ပါသော်လည်း သူ့တွင် ဦးတည်ချက်၊ ရည်ရွယ်ချက်မဲ့နေ၏။

ထိုသို့နှင့်ပင် ကမ္ဘာပေါင်းလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတို့ ကုန်လွန်ခဲ့သည်။ သုမေဓာရှင်ရသေ့သည် ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်တော်မူခဲ့ပြီ။

သုမိတ္တာသတို့သမီးသည် ရာဟုလာမယ်တော် ဖြစ်ခဲ့ပြီ။ တစ်နေ့သောအခါဝယ် မဃရှစ် အမည်ရှိသော ရဟန်းတော်တစ်ပါးသည် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာကျောင်းတော်သို့သွားပြီး ဘုရားရှင်အား ဖူးမြော်သည်။

ထိုအခါ ဘုရားရှင်က-

"မဃရှစ်၊ မတွေ့တာကြာပြီနော်'

ဟု မိန့်တော်မူလေသည်။

ဤသို့ မိန့်တော်မူရသော အကြောင်းရင်း ရှိပါသည်။

သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံစဉ်က အတူရှိခဲ့သော သုမေဓာရှင်ရသေ့၏အကျွမ်းဝင်ချစ်ခင်သူ မေဃလုလင်သည် ရှိခဲ့၏။

သူ၏ ပထမပိုင်းစိတ်တို့တည်ငြိမ်သက်ပါသော်လည်း နောက်ပိုင်းတွင် မသူတော် အပေါင်းအဖော်တို့နှင့်ပေါင်းမိသည့်အတွက် အကုသိုလ်မှုတို့ကိုများစွာပြုခဲ့၏။ မေဃလုလင်ဘဝက စုတေသောအခါ မကောင်းမှုကံအစွမ်းကြောင့် ဖရိုဖရဲ ပျက်စီးသွင့်စဉ် ငရဲတွင်နစ်ဝင်ခဲ့ရ၏။ ကြာမြင့်စွာသော ကာလပတ်လုံး ဘုရားအလောင်းတော် ပါရမီ ဖြည့်ကျင့်သည့် ကောင်းမှုလုပ်ငန်းတွင် နစ်ဝင်ခနေစဉ်တွင် မေဃလုလင်မှာ ငရဲတွင်နစ်ဝင်နေ၍ တစ်ဦးနှင့်တစ်ဦးမတွေ့ရတော့ချေ။

ငရဲသားဘဝမှ လွတ်လာသောမေဃလုလင်သည် မဟာသမုဒ္ဒရာတွင် တိမိင်္ဂလငါးကြီး ဖြစ်လျက်ရှိ၏။ စိတ်ဆိုးစိတ်ရိုင်းမကုန်သေးသော ငါးကြီးသည် ကုန်သည်တို့စီးလာသည့်လှေကို တွေ့လိုက်ရ၏။ သူ၏ကျောနှင့် လှေကိုမ,တင်ပြီး မှောက်လိုက်မည်ဟု စိတ်ရိုင်းဝင်နေ၏။

ထိုအခါတွင် လှေခရီးသွားတို့က ကြောက်အားပိုပြီး-

"ဂေါတမ မြတ်စွာဘုရား ကယ်တော်မူပါ၊ ဂေါတမ မြတ်စွာဘုရား ကယ်တော်မူပါ"

ဟူ၍

အော်လိုက်ကြ၏။ ငါးကြီးသည် ဂေါတမ ဟူသောအသံ၊ မြတ်စွာဘုရားဟူသောအသံကို ကြားလိုက်သောအခါ ထိုအခါတွင် ကျွတ်ချိန်တန်သော တိမိင်္ဂလ ငါးကြီးသည် ရှေးကမ္ဘာပေါင်း များစွာက ကျင့်သုံးခဲ့သောတရား၊ ဂေါတမ ဘုရားအလောင်းတော်နှင့် သူငယ်ချင်းဆိုသော အကြောင်းတရားတို့ကို သတိရခဲ့မိ၏။ ထိုဘဝမှစုတေပြီး သာဝတ္ထိပြည်တွင် သူကြွယ်၏သား မဃရှစ် ဟူ၍ ဖြစ်ခဲ့လေသည်။

မိုက်သည့်သူကို ပေါင်းမိ၍ ချစ်သည့်သူငယ်ချင်းနှင့် ကွဲကွာပြီး ငရဲတွင်ကျခဲ့ရပေသည်။

မျောက်ကဲ့သို့စိတ်၊ သူမိုက်နှင့်ပေါင်းမိ၍ ငရဲကိုကျသောစိတ်။

ဘုရားအလောင်းတော် ရသေ့ကြီးအား သိကြားမင်းက ဆု (၃) ဆု ပေးပါမည်၊ တောင်းပါဟူ၍ပြောရာ အလောင်းတော်ရသေ့က-

"အမှတ်(၁) သူမိုက်နှင့်မပေါင်းပါရစေနှင့်၊ အမှတ်(၂) သူမိုက်နှင့် မပေါင်းပါရစေနှင့်၊ အမှတ်(၃) သူမိုက်နှင့် မပေါင်းပါရစေနှင့်"

ဟူ၍ ဖြစ်ပါသည်။

သိကြားမင်းက-

"သူမိုက်ကို ဘာလို့ ဒီလောက်ကွေကွင်းချင်ရပါသလဲ"

ဟု မေးရာ-

"သူမိုက်သည် သူလည်းမိုက်၏၊ သူတစ်ပါးကိုလည်း မိုက်စေ၏"

ဟူ၍ ပြန်ပြောသည်။

လောကနီတိတွင် ဦးချိုရှိသော သတ္တဝါကို ဘယ်လောက် အကွာအဝေးကရှောင်၊ တစ်နည်းအားဖြင့် ယူဇနာ ဘယ်လောက်ကရှောင်၊ လူမိုက်ကိုတော့ အဲဒီထက် ပို၍ ဝေးသောအရပ်ကရှောင်။ ရွာကိုပစ်ချင်ပစ်ရပါစေ၊ လူမိုက်ကိုတော့ ဝေးစွာရှောင် ဟု ဆိုမိန့်ကြောင်း ကြားဖူးပါသည်။

ဤနေရာတွင် ဦးတည်ရည်မှန်းချက်ရှိသော သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ရန်စိတ်နှင့် ကမ္ဘာပေါင်း ၇ သင်္ချေကျော်၊ နှုတ်ဖြင့် ကမ္ဘာပေါင်း ၉ သင်္ချေကျော် ဆုတောင်းခဲ့၏။ ဗျာဒိတ်ရပြီး ကမ္ဘာပေါင်း လေးသင်္ချေကျော် ပါရမီတွေ ဖြည့်ကျင့်ခဲ့၏။

စိတ်ကူးမပြောင်း၊ ဦးတည်ချက်မပြောင်း တည်ကြည်ခိုင်မြဲသော စိတ်တို့ဖြင့် လိုရာကိုရစေရန် အားထုတ်ခဲ့၏။

မေဃ လုလင်ကား ဦးတည်ချက်မဲ့ခဲ့၏။ ရည်မှန်းချက်မရှိ၊ မကောင်းသောမိတ်ဆွေ ရှိခဲ့၏။ လားရာဂတိမမြဲ၊ ကစဥ့်ကရဲသံသရာတွင် လွင့်မျောခဲ့ရပေပြီ။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကြီးဝယ် ဘုရားရှင်က ပုဗ္ဗေနိဝါသဉာဏ်တော်ဖြင့် မတွေ့ရတာကြာပြီနော်ဟု ဖွင့်ဟနှုတ်ဆက်တော်မူခဲ့သော ကြာမြင်းကား ကမ္ဘာပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ဖြစ်ပါသည်။

ဤစာဖတ်မိသူ မြေးအရွယ်လူငယ်တို့အား မှာချင်ပါသည်။ တည်ကြည်ခိုင်မြဲသောစိတ်ဓာတ် ရှိကြပါ။ အစအဦး သွားရာလမ်းသည် ဘဝ၏ ရည်မှန်းချက်၊ ဦးတည်ချက်တို့ ရှိကြပါ။ လူမိုက်သည် မိမိကိုယ်ကို မိုက်မှန်းသိပါက သူ့အားလူလိမ္မာဟုခေါ်နိုင်၏။ မိမိကိုယ်ကို မိုက်မှန်းမသိသူကား လူမိုက်အစစ် ဖြစ်ပါသည်။


လူငယ်လေးတို့ ကောင်းသောအပြော, ကောင်းသောအလုပ် လုပ်နိုင်ကြပါစေ၊ ရည်မှန်းချက်ကောင်းထားပြီး ထိုရည်မှန်းချက်သို့ရောက်အောင် သွားနိုင်ကြပါစေ၊ လူမိုက်နှင့်ဝေးကွာကြပါစေဟု ဆန္ဒပြုပါသည်။ ခိုင်မြဲ တည်တံ့သော စိတ်ဓာတ်ပိုင်ရှင်တွေ ဖြစ်နိုင်ကြပါစေ ဟူ၍။

မကြွယ်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com



(၁)

မဖွားငြိမ်း အသက် (၇၀) ပြည့်ရန် ရက်ပိုင်းမျှသာ လိုတော့၏။

သို့ဖြစ်ငြား မဖွားငြိမ်းမျက်စိများက မှုန်ခြင်း၊ မှိန်ခြင်း မရှိ။ အနီး၊ အဝေး ကောင်းကောင်း မြင်ရ၏။ ကြည်လင်ပြတ်သားခြင်း ရှိ၏။

သည်ကနေ့ မဖွားငြိမ်း မျက်စိကို ပွတ်သပ်ကြည့်မိသည်။

အမြင်မှားသည်လား။ မဖွားငြိမ်း အမြင်မမှားနိုင်။ ကိုယ့်မျက်စိကို မဖွားငြိမ်း ယုံကြည်သည်။

လွန်ခဲ့သောလအနည်းငယ်က မဖွားငြိမ်း သည်နေရာကို ရောက်ပါသည်။ သည်သို့ပင် မြင်ခဲ့၊ တွေ့ခဲ့ပါသည်။

ထန်းရွက်တဲကလေးတစ်လုံး။ ထန်းရွက်တဲကလေးအတွင်းမှာ ဝါးကွပ်ပျစ်ကလေး၊ အုတ်ခဲသုံးလုံးထပ်ပြီးတင်ထားပါသော သောက်ရေအိုးကလေး၊ သောက်ရေအိုးလေးကို သံပန်းကန်ပြားတစ်ချပ်ဖုံးထားပြီး ပန်းကန်ပြားပေါ်မှာ အုန်းမှုတ်ခွက်လေးတင်ထားသည်။ အုန်းမှုတ်ခွက်အသစ်ကလေး ဖြစ်သည်။ လက်ကိုင်ဝါးရိုးလေးပင် တပ်ထားပါသည်။

ပြီးနောက် မျက်ခုံးမွေးများ၊ ဆံပင်များ ဆွတ်ဆွတ်ဖြူလျက်ရှိသော အဘတစ်ယောက်က ဝါးကွပ်ပျစ်ကလေးပေါ် ထိုင်လျက်သား။ အသားအရေက ကြည်စင်လွန်းလှသည်။ မျက်ဝန်းများက တောက်ပလွန်းလှသည်။

မဖွားငြိမ်းကို မမှိတ်မသုန်ကြည့်နေသည်။

"ရေအေးအေးသောက်ဗျ"

လို့ အဘကဆိုသဖြင့် မဖွားငြိမ်း ဝါးလက်ကိုင်ရိုးလေးကိုင်လျက် ပန်းကန်ပြားကိုဖွင့်ပြီး အုန်းမှုတ်ခွက်ဖြင့် ရေကိုခပ်ပြီးသောက်လိုက်သည်။

ရေက အေးအေးမြမြ ရေချိုဖြစ်သည်။ အုန်းသီးနံ့က မွှေးမွှေး။

မဖွားငြိမ်း အမောပြေသွား၏။ အင်အားများတိုးလာသကဲ့သို့လည်း ခံစားရသည်။

အဘက ရုတ်ခြည်း ဝါးကွပ်ပျစ်ကလေးမှထလျက် တောင်ဘက်ဘုရားရှိရာထသွားသည်။ အဘနောက်ပိုင်းကို ကောင်းစွာ မြင်လိုက်ရသည်။

ထန်းရွက်တဲလေးအတွင်း မြေပြင်က အမှိုက်သရိုက်မရှိ။

ဗိုလ်ကျိုင်းဘုရားက ရေထွက်ရွာအနီးမှာ ရှိပါ၏။

ရှေးဟောင်းဘုရားတစ်ဆူ ဖြစ်ပါသည်။ ဘုရားထီးတော်က မရှိတော့။ ပြိုကျပျက်စီးလျက် သစ်ပင်ချုံနွယ်များ အုပ်မိုးနေပြီ။ ဘုရားပွဲတော်ရက်ရောက်ပါမှ ရေထွက်ရွာသူရွာသားများထွက်လာပြီး သစ်ပင်ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းသည်။ ထုံး






www.burmeseclassic.com

www.burmeseclassic.com





သက်န်းတော်များ ကပ်လျှပြီး ဘုရားပွဲ ကျင်းပမြဲ။

နောက်ပိုင်း ထုံးသက်န်းတော်များ မိုးဒဏ်လေဒဏ်ကြောင့် အရောင်လွင့်လျက် သစ်ပင်ချုံနွယ်များ အုပ်မိုးလာပြန်ပါသည်။

မဖွားငြိမ်းပိုင် မြေပဲကုန်း၊ နှမ်းခင်းများက ဗိုလ်ကျိုင်းဘုရားအရှေ့ဘက်မှာရှိသည်။

ထန်းရွက်တဲလေးတစ်လုံးနှင့် အဘကို ဗိုလ်ကျိုင်းဘုရား၏မြောက်ဘက်ကုန်းမြေမှာ မဖွားငြိမ်း တွေ့ခဲ့ရ၏။ အုန်းမှုတ်ခွက်အသစ်ကလေးနှင့် မဖွားငြိမ်း ရေတစ်ခွက်ပင် ခပ်သောက်ခဲ့သေး၏။

နောက် (၁၅) ရက်အကြာ မဖွားငြိမ်း ရောက်ခဲ့၏။

ထန်းရွက်တဲကလေးကို ဘုရား၏အရှေ့ဘက်ကုန်းမြေမှာ တွေ့လိုက်ရသည်။ ဝါးကွပ်ပျစ်လေးပေါ် အဘက ထိုင်လျက်သား။ ဝါးရိုးတပ် အုန်းမှုတ်ခွက်ကလေးနှင့် သောက်ရေအိုးကလေးကလည်း အုတ်ခဲသုံးလုံးထပ်ပြီးတင်လျက်သား။

မဖွားငြိမ်း ဘုရားမြောက်ဘက်ကိုလျှောက်လာသည်။

ထန်းရွက်တဲကလေးက မရှိ။ မိုးနံချုံများ၊ ပြသတ်ပင်များကိုသာ တွေ့လိုက်ရသည်။

မဖွားငြိမ်း အမှတ်မှားသည်သာ။

အရင်တစ်ခေါက်က ထန်းရွက်တဲကလေးသည် ဘုရားအရှေ့ဘက်မှာ ရှိနေခြင်းလား။ မဖွားငြိမ်း အတွေးမှားခဲ့၏။

မဖွားငြိမ်း အမှတ်မမှားနိုင်။ မကျေမနပ်နှင့် ဗိုလ်ကျိုင်းဘုရားအရှေ့ဘက်ကို မဖွားငြိမ်း ဆက်ပြီး ပြန်လျှောက်လာခဲ့၏။

အဘက မရှိတော့။ အဘကို မတွေ့ရတော့။

အုန်းမှုတ်ခွက်ကလေးဖြင့် ရေကို ခပ်သောက်လိုက်သည်။

အုန်းသီးနံ့ကလေးမွှေးမွှေး၊ ရေက အေးအေးမြမြပင်။

မဖွားငြိမ်း အင်အားများ တိုးလာပြီး အမောပြေသွားခဲ့ပါသည်။

မဖွားငြိမ်းက မောက်ကျိုးရွာသူဖြစ်သည်။

မောက်ကျိုးရွာ၏တောင်ဘက် မိုင်ဝက်အကွာမှာ ရေထွက်ရွာက ရှိနေ၏။ နှစ်ရွာစလုံး စစ်ကိုင်း-ရွှေဘို ကားလမ်းအရှေ့ဘက်မှာ ရှိပါသည်။

မောက်ကျိုးရွာ၏အရှေ့ဘက်မှာ တောင်၊ မြောက် ဆည်မြောင်းရှိသည်။ ဆည်မြောင်းကို ဒေသက မူးလို့ ခေါ်သည်။

ဆည်မြောင်းရိုးကို မူးရိုးလို့ သိကြသည်။

မူးရိုးလေးက ရှစ်ပေနီးပါး အကျယ်ရှိ၏။ ကိုယ်ပိုင်ကား အသေးတစ်စီး မောင်းနိုင်သည်။ တမာပင်များ၊ ကုက္ကိုပင်များ၊ ထနောင်းပင်များ စီတန်းလျက်ရှိသည်။

မူးရိုးလေးနှင့် ကပ်ပြီး လှည်းလမ်းကလေး။

မောက်ကျိုးရွာ၏ တောင်ဘက်မှာ ဗိုလ်တဲတစ်လုံး ရှိသည်။ ဗိုလ်တဲနှင့် ကုန်းလေးငါးကွက်ခြားပြီး မဖွားငြိမ်း မြေပဲကုန်း၊ နှမ်းခင်းများ ရှိနေသည်။

လေးဧကနီးပါးရှိ၏။

မူးရိုးကလေးအတိုင်း လာလို့ရ၏။ ကားလမ်းအတိုင်းလာပြီး အရှေ့ချိုးကွေ့လာလျှင်လည်း ဖြစ်၏။

မဖွားငြိမ်းက မူးရိုးလေးအတိုင်း သွားတတ်သည်။

မြေပဲခင်း၊ နှမ်းခင်းများ ကြည့်၏။ ပေါင်းသင်မြက်ရှင်း၏၊ ဗိုလ်ကျိုင်းဘုရားကုန်းပေါ် နားသည်။ ပေါင်းသင်ရာမှာသုံးသော ပေါက်ပြားငယ်ဖြင့် ဘုရားကုန်းတော်ပေါ်ရှိမြက်များ, အမှိုက်များကို ရှင်းသည်၊ သန့်စင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို ရိုသေစွာ ကန်တော့။ ဥပစာအတွင်း ရှိရှိသမျှ မေတ္တာပို့၊ အမျှအတန်းပေးဝေပြီးမှ ပြန်သည်။

ထန်းရွက်တဲလေးသည် လည်းကောင်း၊ အဘသည် လည်းကောင်း အရင်က မရှိခဲ့၊ မတွေ့ခဲ့။

လွန်ခဲ့သောလကမှ တွေ့ခဲ့ခြင်းဖြစ်သည်။

စစဦး တွေ့သည်က ဗိုလ်ကျိုင်းဘုရား၏ မြောက်ဘက်ကုန်းမြေမှာ ဖြစ်သည်။

နောက် (၁၅) ရက်အတွင်းမှာ ဘုရား၏အရှေ့ဘက်မှာ ဖြစ်သည်။

မဖွားငြိမ်း အမှတ်မှားသည် ထင်ခဲ့၏။ မဖွားငြိမ်း အမှတ်မမှားပါ။

အသက်(၇၀)ထဲဝင်ချိန် မဖွားငြိမ်း ဒုက္ခစုံတွေ့ရသည်။ စိတ်အေးချမ်းမှုများ ပျောက်ကွယ်ခဲ့ပါသည်။

မနက် အိပ်ရာထမှ ဆန်အိုးကို ဖွင့်၏။

ဆန်က လက်တစ်ဆုပ်စာမျှ ရှိတော့၏။ သားအမိနှစ်ယောက်အတွက် မချက်လောက်တော့။ ရေစင်စင်ဆေး၊ ဆန်ပြုတ်အိုး တည်လိုက်ရသည်။

အိမ်ရှေ့ခန်း သားအငယ်ဆုံးလူမမာ မောင်ထွေးက အိပ်ရာကနိုးပြား မှိန်းလျက်နေသည်။ အသားအရေက မကောင်း။ ညစ်ထေးထေးဖြစ်လျက် အနံ့က ညှီစို့စို့အနံ့ထွက်နေသည်။

မောက်ကျိုးရွာနှင့်လှတောရွာက နှစ်မိုင်အကွာအဝေး ရှိ၏။

နွားပွဲစားခင်မောင်ဝင်းက နွားမောင်းရန် မောင်ထွေးကို ငှားသည်။ ခိုင်းနွားများကို မနက်အလင်း လှတောနွားပွဲဈေးအရောက် မောင်းပို့ရသည်။

အလင်းရောင်ကောင်းကောင်းမရမီ မူးရိုးအတိုင်းပို့ရသည်။ တစ်ခေါက် နွားမောင်းခ (၂၀၀၀) မောင်[illegible] ရသည်။

ခေါက်ကျိုးဗိုလ်တဲအလွန်မှာ [illegible]သွား ပိုးထိသည်။ ရွာကို လှည်း[illegible] [illegible]ခဲ့ရသည်။ ပိုးကောင်က [illegible]

မဖွားငြိမ်းလက်ထဲမှာ ငွေသားက မရှိ။ ဆေးရုံ, ဆေးခန်း မပို့နိုင်။ ရွာဆရာရပ်ဆရာကလည်း ပိုက်ဆံမတတ်နိုင်သဖြင့် နောက်ထပ် လာမကြည့်တော့။

မောင်ထွေးက သတိလစ်ချင်လစ်သွားသည်၊ ပြန်လည်လာချင်လာသည်။

မောင်ထွေးညည်းသံ ကြားရတိုင်း မဖွားငြိမ်း မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။

မဖွားငြိမ်း အပူကြီးသည်။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ဖြစ်ခဲ့၏။ ဟင်းရွက်ခူးရန် လွယ်အိတ်တစ်လုံးဆွဲထွက်လာသည်။ ဟင်းရွက်စုံ ရသမျှရောင်းပြီးမှ ဆန်ဝယ်ရမည်။

မဖွားငြိမ်း ထွက်ခဲ့ပြား ဟင်းရွက်စုံခူးချင်စိတ်က မရှိ။ မခူးလို့က မဖြစ်။ လျှောက်လာလျက် စိတ်က သားလူမမာရှိရာ လွင့်နေသည်။

မူးရိုးကလေးမှ ရေဆိုးကို ဖြတ်သည်။ ကုန်းလေး၊ ငါးကွက် ကျော်ခဲ့ပြီ။ မဖွားငြိမ်း မြေပဲကုန်းထိပ်ရောက်ခဲ့၏။ မြေပဲတစ်ဆုပ် စမ်းနုတ်ကြည့်သည်။ ပါလာသောမြေပဲများက မရင့်သေး။မြေပဲနုတ်ရက် စောင့်ရဦးမည်။

မြေပဲပေါ်မှ ငွေပေါ်မည်။

မဖွားငြိမ်း သက်မချလျက် မြေပဲကုန်းမှ ထသည်။ ဗိုလ်ကျိုင်းဘုရားဝန်းကျင် ဟင်းရွက်ခူးရန် ထွက်လာသည်။

ကန်စွန်းရွက်၊ခွေးတောက်ရွက်၊ မန်ကျည်းရွက်၊ ခံတက်ရွက် အစုံခူးနိုင်ပါ၏။ မဖွားငြိမ်း ဟင်းရွက်မခူးဖြစ်သေး။

အရင် ဘုရားကန်တော့ချင်သေးသည်။ သန့်ရှင်းရေးမလုပ်နိုင်ပြား ဘုရားကို ရိုသေစွာ ကန်တော့မည်။

မဖွားငြိမ်း ဘုရားကုန်းအခြေအရှေ့မှ တက်လာသည်။

မဖွားငြိမ်း အံ့သြသွားခဲ့သည်။

ဗိုလ်ကျိုင်းဘုရားအရှေ့ဘက်မှာ ထန်းရွက်တဲကလေး မတွေ့ရ။ မြောက်ဘက်မှာများလား ဆိုပြီး လျှောက်လာသည်။ မြောက်ဘက်မှာလည်း မရှိ။

ထိုနည်းအတူ အနောက်ဘက်မှာလည်း မတွေ့ရ။

မဖွားငြိမ်း ဆက်လျှောက်ခဲ့၏။ ဘုရားတောင်ဘက်ကို ရောက်ခဲ့၏။ မျက်ဝန်းအမြင်မှာ ထန်းရွက်တဲလေးက ပြက်ပြက်ထင်ထင် ပေါ်လာ၏။

မဖွားငြိမ်း လောလောဆယ် အပူမေ့လျက် စိတ်ထဲဝမ်းသာသွားသည့်နှယ်ရှိခဲ့၏။ ဖြစ်ခဲ့၏။

ထန်းရွက်တဲကလေးအောက် ဝါးကွပ်ပျစ်ကလေးပေါ်မှာ အဘက ထိုင်လျက် မဖွားငြိမ်းကို ကြည့်နေသည်။

အုန်းမှုတ်ခွက်အသစ်ကလေးနှင့် သောက်ရေအိုးကလေးကလည်း အုတ်ခဲသုံးခဲထပ်ပြီး တင်ထားမြဲ။

"အပူကြီးလှသကိုးဗျ။ အေးဗျာ၊ ရေကလေးသောက်လိုက်ပါဦးဗျနော"

လို့ အဘက မဖွားငြိမ်းကို စကားဆိုပါသည်။

မဖွားငြိမ်း အုန်းမှုတ်ခွက်လေးဖြင့် ညင်သာစွာ ရေကို ခပ်သောက်သည်။ မဖွားငြိမ်းရင်ထဲ အေးမြလန်းဆန်းသွားသကဲ့သို့ အားအင်များလည်း တိုးလာခဲ့သည်။

အဘရှေ့မြေပြင်မှာ မဖွားငြိမ်း ကျုံ့ကျုံ့ကလေး ထိုင်လိုက်သည်။

ထူးဆန်းစွာ အဘကို မဖွားငြိမ်း ကန်တော့ချင်သောစိတ်လည်း ဖြစ်လာခဲ့သည့်အတွက် လွယ်အိတ်လေး ပခုံးတင်ပြီး ရိုသေစွာကန်တော့လိုက်သည်။

အဘက မဖွားငြိမ်းကို မမှိတ်မသုန်ကြည့်နေဆဲ။

သည်အချိန်အထိ မဖွားငြိမ်း အဘမျက်နှာကို ကောင်းစွာမကြည့်ဖြစ်သေး၊ မကြည့်မိသေး။

အဘကို ရိုသေစွာ ကန်တော့ပြီး မျက်နှာမော့လျက် အဘကိုကြည့်သည်။

အဘက မဖွားငြိမ်းကို မကြည့်တော့။ အဘ မျက်နှာလွှဲထားသည်။ အဘ အနောက်ဘက်ကို ကြည့်နေသည်။ သို့စင်လျက် အဘမျက်နှာမှ အေးချမ်းမှုကို မဖွားငြိမ်းသတိပြုသွားမိသည်။

"ဟင်"

လို့ မဖွားငြိမ်း နှုတ်မှ[illegible]သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။

'အဖေပါလား'

လို့လည်း မဖွားငြိမ်း စိတ်ထဲမှာ စကားပြောမိနေသည်။

မဖွားငြိမ်း၏ သွားလေသူအဖေနှင့် အဘက တော်တော်တူနေသည်။

မဖွားငြိမ်း၏ စိတ်မှာ ဖြစ်ပျက်နေသမျှ အဘ သိရှိနားလည်ပုံရပါ၏။အဘ ဝါးကွပ်ပျစ်ပေါ်မှထသည်။

အဘလက်ထဲမှာ ဝါးဆစ်ဘူးလေးတစ်ဘူးရှိနေ၏။ သုံးလက်မအရွယ် တစ်ဖက်ဖွင့် ဖြစ်သည်။

"မငြိမ်း၊ ဟောဒီမှာ ဆေး။ ညည်းလည်းသောက်၊ အိမ်က လူမမာကိုလည်းတိုက်။ ဆန္ဒပြည့်လိမ့်များ"

အဘနှုတ်မှပြောပြီး ဝါးဆစ်ဘူးကလေးကို မဖွားငြိမ်းလက်ထဲထည့်လျက် ရုတ်ခြည်း အဘ ဗိုလ်ကျိုင်းဘုရားအနောက်ဘက်ကုန်းအတိုင်း လျှောက်သွားသည်။

မဖွားငြိမ်းအမြင်မှာ အဘမရှိတော့။

မဖွားငြိမ်း ထိုင်ရာမှမထနိုင်။

သတိလစ်သွားသကဲ့သို့ ဖြစ်ခဲ့သည်။ အချိန်နည်းနည်းကြာသွား၏။ လက်ထဲမှ ဝါးဆစ်ဘူးလေးကို ကြည့်မိသည်။ ဝါးဆစ်ဘူးကလေးက ချောသည်။အဆီများဖြင့်စိုလျက် တောက်ပသည်။ အညိုရောင်ဝါးကြောလေးများကို ကောင်းစွာ တွေ့မြင်ရ၏။

တစ်ဖက်က ဝါးဆစ်ပိတ်၊ တစ်ဖက်က ဝါဂွမ်းအနည်းငယ်ဖြင့် ပိတ်ထားသည်။ သုံးလက်မအရွယ် ဝါးဘူးလေးကိုင်လျက် မဖွားငြိမ်း ငိုင်နေမိသည်။

'မငြိမ်း' လို့ ခေါ်သူမှာ မဖွားငြိမ်း၏ဘဝတွင် ကျေးဇူးရှင်ဖခင်ကြီးမှလွဲ၍ အခြား မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါ၊ မရှိခဲ့။

(၂)

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်လျက်ရှိ၏။

အရှေ့တောင်ထောင့်မှ လေပြည်အေးအေးကလေး တစ်ချက်တိုက်ခတ်သွားသည်။ မဖွားငြိမ်း ထိုင်ရာမှ ထသည်။

အဘနောက်လိုက်ရန် စိတ်ကူးမိသည်။ သို့ဖြစ်ငြား မဖွားငြိမ်းမလိုက်ဖြစ်။ မဖွားငြိမ်း လိုက်လျှင်လည်း အဘကို တွေ့မည်မထင်။

မနက် အိပ်ရာထမှစပြီး မဖွားငြိမ်း မည်သည့်အစားအသောက်မျှ မစားသောက်ရသေး။

ထန်းရွက်တဲကလေးအတွင်း ရေအေးအေးတစ်ခွက်သာ မဖွားငြိမ်း သောက်ထားခြင်း ရှိ၏။

မဖွားငြိမ်း ဗိုက်ဝသကဲ့သို့ရှိလာ၏။ အိမ်မှ လူမမာကိုလည်း သတိရလာသည်။ ဆန်ပြုတ်အိုးက ကျက်နေလောက်ပါပြီ။

မြေး အေးကြည်မလည်း အိမ်ကိုရောက်နေလောက်ပြီ။ သူ့ဦးလေးကို မြေးမက ဆန်ပြုတ်ခပ်တိုက်ချင်တိုက်နေလောက်ပြီ။

မဖွားငြိမ်း အရှေ့ဘက်သို့ ကုန်းအတိုင်း ဆင်းလာသည်။

ကန်စွန်းရွက် အနည်းငယ် ခူးသည်။ ခွေးတောက်ရွက်များများရ၏။ ခူးနေကျ မန်ကျည်းပင်က နုနေပြီ။

သို့သော် မဖွားငြိမ်း မခူးချင်တော့။ ခူးရမည့်ကိုင်းများက မမှီတမီရှိသည်။

လှည်းလမ်းဘေး ချုံတစ်ချုံမှာ ကြက်ဟင်းခါးသီးများ ပွတ်ခဲနေ၏။ မဖွားငြိမ်း ကြက်ဟင်းခါးသီး ဆွတ်သည်။ လွယ်အိတ်ထဲမှာ ပြည့်နေပြီ။

အောက်ဆုံးမှာ အဘပေးသော ဝါးဆစ်ဘူးကလေးကို စမ်းခဲ့မိသေး၏။

အောက်ဘက်မှ ကြက်ဟင်းခါးသီးဆွတ်နေစဉ် ခေါင်းတယမ်းယမ်းနှင့် မြွေစိမ်းခေါင်းပြားတစ်ကောင်ကို မဖွားငြိမ်းလက်နှင့် မနီးမဝေးမှာ တွေ့လိုက်ရ၏။

လှမ်းမပေါက်သည်မှာ မဖွားငြိမ်း ကံကောင်းခြင်းပါတကား။

'မြွေစိမ်းခေါင်းပြား မြွေပွေးသား' ဆိုသောစကား ရှိ၏။ အဆိပ်ပြင်းပါဘိခြင်း။ အရိုးကွဲမတတ် နာမည်။အသက်မသေတောင် အကြောများဆိုင်းပြီး လူစဉ်မမီဖြစ်ရပေဦးမည်။

မြွေစိမ်းခေါင်းပြားက မဖွားငြိမ်း ရှိရာဘက် ကူးလာနေပြီ ဖြစ်၏။

မဖွားငြိမ်း နောက်ကို ဆုတ်လိုက်ရသည်။

လွယ်အိတ်ထဲမှာလည်း ဟင်းရွက်များ အပြည့်အသိပ်ဖြစ်နေပြီ။ ဆက်မခူးချင်တော့။ မဖွားငြိမ်း မူရိုးလေးအတိုင်း လျှောက်ပြန်ခဲ့သည်။

နေက ထန်းတစ်ဖျားခန့်အမြင့်မှာ ရှိနေပြီ။

မဖွားငြိမ်း သွက်သွက်လျှောက်သည်။

မြေး အေးကြည်မ ရောက်နေလျှင် အကြောင်းမဟုတ်။အေးကြည်မ မရောက်သေးလျှင် သား မောင်ထွေး ဆာနေမည်။

အေးကြည်မကို တစ်ခါတစ်ရံ သူ့အမေ မဖွားငြိမ်းသမီးအလတ် ခင်စိန်မက မလွှတ်တတ်။ အထူးသဖြင့် အမေဖြစ်သူကို စိတ်တိုင်းမကျစိတ်ဆိုးစိတ်ကောက်နေချိန် မလွှတ်တော့။

မဖွားငြိမ်းမှာ သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိ၏။

အကြီးဆုံးက မောင်ဦး ဖြစ်ပြီး အလတ်သမီးခင်စိန်မနှင့် အငယ်ဆုံး မောင်ထွေးတို့ ဖြစ်သည်။

အိမ်ဝိုင်းထဲဝင်လိုက်ချိန် မြေး အေးကြည်မကိုသာမက သားကြီး မောင်ဦးနှင့် အလတ် ခင်စိန်မပါ ရောက်နေတာ တွေ့လိုက်ရသည်။

မြေးမနှင့် သားကြီး၊ သမီးတို့ မျက်နှာမကောင်းကြ။

အိမ်ကျပ်ခိုးစင်ပေါ်မှ စကောတစ်ချပ်ချပြီး လွယ်အိတ်ထဲမှ အသီးအရွက်စုံကိုထည့်သည်။ လွယ်အိတ်ကို တိုင်မှာချိတ်လိုက်၏။

"ထမင်းလည်း ချက်ထားတာ မရှိဘူး"

လို့ အလတ်မ ခင်စိန်က မဖွားငြိမ်း ထိုင်မှမထိုင်ရသေးမီ စကားဆိုသည်။

"ဆန်ကုန်နေလို့ဟဲ့။ ဟောဒီ အသီးအရွက်တွေရောင်းပြီးမှ ဆန်ဝယ်ရမှာတော်"

လို့ မဖွားငြိမ်း ပြောဖြစ်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ခင်စိန်မ စကားမဆက်တော့။

"အမေ၊ ဆေးဆရာ လာမကြည့်ဘူးလား"

လို့ သားကြီး မောင်ဦးက ပြောလာပြန်၏။

"အေးကွယ်- ငွေမထည့်နိုင်လို့ ထင်ရဲ့၊ လာမကြည့်တော့ပါဘူး"

လို့ မဖွားငြိမ်းက သားကြီးကို ကြည့်ပြီး ပြန်ဖြေသည်။ သားကြီး မောင်ဦး စကားမဆက်တော့။

သားကြီးက စီးပွားရေးတော်ပါ၏။ မိန်းမကြောက်ရသည်။ မိခင်ကြီးကို မထောက်ပံ့ဝံ့၊ မထောက်ပံ့ရဲ။

ခင်စိန်မကတော့ ယောကျ်ားမကြောက်ရ။ သို့သော် ခင်စိန်မ စီးပွားရေးက မပြည့်စုံ။ စီးပွားမတော်။ စီးပွားမဖြစ်။

ခမျာများ ကူညီထောက်ပံ့လိုသောစိတ်ရှိမည်ဖြစ်ငြား လက်တွေ့မဖြစ်နိုင်။

အငယ်ဆုံးသား မောင်ထွေးကပေ၏။ သောက်သောက်စားစားဖြစ်၏။ မိခင်ကြီးပစ္စည်းကို အများဆုံးဖြုန်းသူ ဖြစ်၏။ အိမ်ထောင်ဖက်မှာ မိသားစုများပြီး စီးပွားရေးအဆင်မပြေ။ စီးပွားရေးခွဲမရ။ လုပ်သမျှမဖြစ်တော့ မောင်ထွေး ပိုသောက်ခဲ့၏။ မောင်ထွေး အိမ်ထောင်ရေး အဆင်မပြေ။

မဖွားငြိမ်းအိမ်ကို မောင်ထွေးဆင်းလာသည်။

ယခုလို မောင်ထွေး ဖြစ်နေသည်ကိုပင် အိမ်ထောင်ဖက်မှာ လာပြီး ကြည့်ခြင်းမရှိ။

ဒုက္ခအဖုံဖုံ သောကအစုံကို မဖွားငြိမ်း ခါးစည်းခံရသည်။

"ကျုပ်ကို ဒီအတိုင်း ထားခဲ့ရသလား။ ကျုပ်ကိုပါ ခေါ်ပါတော်"

လို့ သွားလေသူ ယောကျ်ားကိုတ,ပြီး မဖွားငြိမ်း အော်ငိုတတ်ခဲ့သည်။

မောင်ထွေးအခန်းထဲကို ဝင်ခဲ့ကြ၏။

မောင်ထွေးက မျက်ဝန်းအစုံကို မှိတ်ထား၏။ အသက်ကို ပြင်းစွာရှူနေသည်၊ အိပ်ရာဘေးမှာ ဆန်ပြုတ်ပန်းကန်လေးရှိသည်။

"ဦးလေးက မသောက်ချင်ဘူးဆိုလို့ မတိုက်ရသေးဘူး အဘွား"

လို့ မြေး အေးကြည်မက ပြောပြခဲ့သည်။

"ဘယ်လိုနေလဲ သား"

လို့ မဖွားငြိမ်းက မေးပြီး လက်ကလေးတွေကို ဆုပ်ကိုင်ကြည့်သည်။

မောင်ထွေးလက်များက ချွေးစေးများနှင့် စိုထိုင်းထိုင်းဖြစ်လျက် အေးစက်နေသည်။ မောင်ထွေးမျက်ဝန်းအစုံကိုဖွင့်သည်။ သို့သော် ခုတင်ဘေးမှာရှိနေသူများကို မြင်ပုံမပေါ်။ မျက်ဝန်းအစုံ ပြန်ပိတ်သွား၏။ အသံများကို ကြားရပုံရှိသည်။

မျက်ဝန်းအစုံ ပိတ်ထားငြားနှုတ်ခမ်းများက တလှုပ်လှုပ်ဖြစ်လာ၏။ အသံတိုးတိုးကလေး ထွက်လာသည်။

"အမေ၊ ကျုပ်မျက်လုံးတွေ ဘာမှမမြင်ရဘူး။ အခိုးတွေနဲ့ ပိတ်နေသလိုပဲ အမေ။ ရေသောက်ချင်တယ် အမေ"

လို့ ဖြစ်သည်။

မောင်ဦးက ညီဖြစ်သူကို ကြင်နာစွာ ပွေ့ထူသည်။

ခင်စိန်မက ရေခပ်ပြီး တိုက်သည်။

မောင်ထွေးက ရေသောက်မည့်ဆဲဆဲ-

"ဟဲ့ ဟဲ့ - ခဏနေဦး၊ အမေ ဆေးတိုက်ဦးမယ်"

ဟု ဆိုလျက် မဖွားငြိမ်း အခန်းအပြင်ဘက်ထွက်သွားသည်။

'ဆေးဆရာ မလာဘူးလို့လည်း ပြောရဲ့၊ အမေ ဘယ်ကဆေးများ တိုက်ဦးမလို့တုံး'

လို့ သားကြီးမောင်ဦး တွေးနေသည်။

ခင်စိန်မက ရေခွက်ကလေး ကိုင်ပြီး စောင့်နေသည်။

မဖွားငြိမ်းအခန်းထဲကို ဝါးဆစ်ဘူးကလေးကိုင်လျက် ဝင်လာသည်။ ဝါးဆစ်ဘူးကလေးတစ်ဖက်မှ ဝါဂွမ်းလေးများကို ထုတ်လိုက်သည်။ အတွင်းမှာ အဖြူရောင်ဆေးအမှုန့်များကို တွေ့လိုက်ရသည်။

ဆေးမှုန့် အနည်းငယ်ကို မဖွားငြိမ်း သောက်ကြည့်သည်။ ခါးသက်သက်၊ ချဉ်တင်တင်အရသာကို သိလိုက်ရသည်။

ပြီးနောက် ဆေးမှုန့်အနည်းငယ်ကို လက်ဖက်ရည်ကြွမ်းပန်းကန်လုံးထဲမှာထည့်ပြီး ရေနှင့် မဖွားငြိမ်းဖျော်သည်။

သားမောင်ထွေးကို ဖြည်းဖြည်းသောက်စေသည်။ မောင်ထွေးက ရေနည်းနည်းထပ်သောက်သည်။

"ဆန်ပြုတ်သောက်မလား"

လို့ ခင်စိန်မ မေးသောအခါ မောင်ထွေး ခေါင်းယမ်းပြလျက်-

"အိပ်ချင်တယ်ဗျာ"

လို့ ဆိုခဲ့၏။

ညင်သာစွာ ခေါင်းအုံးပေါ် ချပေးလိုက်သည်။

မောင်ထွေးက အိပ်ရာပေါ်မှာ ဆတ်ခနဲ ဆတ်ခနဲ တွန့်ပြီး ငြိမ်ကျသွားသည်။

မောင်ဦးက ရင်ဘတ်ပေါ်သို့ လက်တင်ကြည့်ပြီး -

"ဟာ"

လို့ အော်သည်။ မျက်စိမျက်နှာလည်းပျက်နေသည်။

ခင်စိန်မက အော်ငိုပြီး အခန်းအပြင်ဘက်ထွက်သွား၏။

မဖွားငြိမ်း ဝါးဆစ်ဘူးလေး မြဲမြဲဆုပ်ကိုင်လျက် မောင်ထွေးခုတင်ဘေးမှာ ပုံပြီးလဲကျသွား၏။ မိုက်ခနဲမူးသွားခြင်း ဖြစ်၏။

"အဘွားလဲသွားပြီ၊ လုပ်ကြပါဦး"

လို့ မြေးအေးကြည်မအော်သံကို မဖွားငြိမ်း နောက်ဆုံးကြားလိုက်ရသည်။

မဖွားငြိမ်းသည် တစ်ဦးတည်းသောသမီး ဖြစ်ပါ၏။

မဖွားငြိမ်းငယ်ငယ်ကပင် မိခင်ကြီး ဆုံးပါးခဲ့၏။

တစ်ပင်လဲမှ တစ်ပင်ထူ ဆိုစကားရှိပါငြား အရွယ်ကောင်းသေးပါလျက် ဖခင်ကြီးက အိမ်ထောင်သစ်မထူ။ တစ်ဦးတည်းသောသမီးကလေးကိုသာ အရိပ်တကြည့်ကြည့်နှင့် ပြုစုပျိုးထောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို ကြိုးစားလုပ်သည်။

လယ်ငါးဧက၊ အခြောက်ခင်း ခုနစ်ဧက လုပ်ကိုင်ခွင့်ရှိသည်။ လူမငှားဘဲ ကိုယ်တိုင်ဆင်းလုပ်ခဲ့၏။

လယ်များစိုက်ပျိုးပြီးချိန် လက်သမားအလုပ်ကို လုပ်လိုက်သေး၏။ အငှားအိမ်ဆောက်၊ ကျီဆောက်မရှိလျှင် အိမ်မှာပင် ပရိဘောဂလုပ်ပြီး ရောင်းသည်။

လယ်အလုပ်၊ ယာအလုပ်ကိုသာ ကျွမ်းကျွမ်းကျင်ကျင်ရှိသည် မဟုတ်။ လက်သမားအလုပ်အကိုင်ကိုလည်း ဖြန်းဖြန်းကွဲတတ်မြောက်လိမ့်မှာသည်။

အသောက်အစားမရှိ၊ ထုပ်ထုပ်ပိုက်ပိုက်ဖြစ်သဖြင့် သမီးကို ရွှေတွဲလဲငွေတွဲလဲ တင့်တင့်တယ်တယ်ထားနိုင်ပါသည်။ အိမ်ကြီးရခိုင်နှင့် နေနိုင်ခဲ့၏။

မုဆိုးဖိုဖြစ်ငြား သမီးရှင်များသဘောကျခဲ့သဖြင့် စပ်ဟပ်ကြပါသော်လည်း ခေါင်းယမ်း ငြင်းဆိုခဲ့ပါ၏။

"ကျုပ်သမီး မျက်နှာမငယ်စေချင်ဘူးဗျာ"

လို့ ဆိုခဲ့၏။ ပြောခဲ့၏။

သမီးမဖွားငြိမ်းကလည်း အဖေကို အလွန်ပင်ချစ်ပါသည်။

မဖွားငြိမ်း အသက် (၁၈) နှစ်ပြည့်ချိန် ဖခင်ကြီးက သူ့လက်သမားလက်ထောက် မောင်ချစ်စိန်နှင့် ပေးစားခဲ့ပါ၏။ မဖွားငြိမ်း ဖခင်ကြီးစကားနားထောင်ခဲ့ပါသည်။

မောင်ချစ်စိန်က ပကတိရိုးသားဖြူစင်သည်။ လက်သမားပညာကိုလည်း ဆရာကဲ့သို့ ခြေရာနင်း တတ်မြောက်သည်။ အသောက်အစား၊ လောင်းကစား မရှိ။

တောင်သူလုပ်ငန်းကိုတော့ မောင်ချစ်စိန် မလုပ်တတ်ပါ။

အပ်ထည်အဆောက်အအုံများကို လက်သမားခေါင်းဆောင်အဖြစ် မောင်ချစ်စိန်ကို လုပ်ကိုင်စေခဲ့၏။ တောင်သူလုပ်ငန်းကို မြေဧကတော်တော်များများ တိုးချဲ့ဝယ်ပြီး ဖခင်ကြီးက ဦးစီးဦးကိုင်လုပ်ခဲ့သည်။

မဖွားငြိမ်းတို့ စီးပွား ဒီရေအလားတက်ခဲ့ပါသည်။

သားနှစ်ယောက်၊ သမီးတစ်ယောက် သားဆက်မွေးခဲ့သည်။ တစ်ဦးချင်း နာမည်ပေးကင်ပွန်းတပ်ဆွမ်းကျွေးခဲ့သည်။

"ပေါးပေါး- ငါ့မြေးတွေကြီးရင် နားမယ်ကွ။အေးအေးဆေးဆေးကုမပေ့"

လို့ ကြွေးကြော်သည်။

ရွာဦးကျောင်းဆရာတော်သည် ဘကြီးအရင်း ဖြစ်၏။ အခါကြီးရက်ကြီးရှိမှသာမဟုတ်၊ ဥပုသ်သီတင်းရက်တိုင်း ဘကြီးကျောင်းကို ရောက်ဖြစ်ခဲ့၏။ဘကြီးဆရာတော်ထံမှ တိုင်းရင်းဆေးပညာကို လေ့လာ သင်ယူရရှိခဲ့၏။

အချိန်တိုတိုအတွင်း တိုင်းရင်းဆေးပညာကို အောင်အောင်မြင်မြင် တတ်ကျွမ်းခဲ့ပြန်ပါသည်။

ဆေးကုသည်ကို အခကြေးငွေဖြင့်ယူပြီး မကုပါ။ စေတနာသန့်သန့်ဖြင့် ကုသပေးခြင်း ဖြစ်သည်။

ဘကြီးဘုန်းကြီးကလည်း အခကြေးငွေဖြင့် ဆေးကုခြင်းကိုမကြိုက်၊ မနှစ်သက်။ ဘကြီးဆန္ဒကို လိုက်လျောသည်ထက် ကိုယ်၌ကလည်း ဆေးကုခ မယူချင်။

လယ်လုပ်သဖြင့် ပိုက်ဆံရသည်။

လက်သမားလုပ်သဖြင့် ပိုက်ဆံရသည်။

ဆေးကုသသဖြင့် ရသောပိုက်ဆံကို မသုံးချင်။ နွမ်းပါးသောလူနာများအတွက် ဓာတ်စာ အစရှိသဖြင့် စားနပ်ရိက္ခာပင် မပြည့်မစုံခြင်းကို ဖြည့်ဆည်းပေးခဲ့သည်။

သားကြီးမောင်ဦးက (၈) နှစ်၊ သမီးလတ် ခင်စိန်မက (၇) နှစ်၊ အငယ်မောင်ထွေးက (၆) နှစ်။

မြေးများကို ရှင်ပြု နားသ,ချင်လာသည်။

အထက်ပိုင်းမှအဆောက်အအုံများ ဆောက်လုပ်ရန် လာခေါ်အပ်နှံသည်။ အခကြေးငွေလည်း ကောင်းကောင်းပေးသဖြင့် လက်ခံလိုက်၏။

"အဖေကလည်း ပြည့်စုံပါတယ်။ ဒီအတိုင်းလည်း အဖေ့မြေးတွေ လှူနိုင်ပါတယ်၊ လက်မခံပါနဲ့"

လို့ မဖွားငြိမ်း တားခဲ့ဆိုခဲ့သေးသည်။

"ဟ - အလုပ် ဆိုတာ ရှိတုန်းလုပ်ရသဟ။ ပြီးတော့ အလုပ်ကိုလုပ်နိုင်တုန်း လုပ်ရမှာလေ။ အိုရ၊ နာရတော့မှာပါဗျာ။ နောက်ကိုလုပ်ချင်တောင် လုပ်ရမှာမဟုတ်ဘူးဗျား"

လို့ ပြန်ပြောသည်။

အထက်ပိုင်းမှာ ယောက္ခမနှင့်သမက် နှစ်ယောက်စလုံး တပည့်များနှင့် တက်သွားကြ၏။ တစ်နှစ်ကျော်ကျော် ကြာခဲ့သည်။

ရွာတောင်သူလုပ်ငန်းကို လူငှားလုပ်ခဲ့ရ၏။

ပြန်လာချိန် အထုပ်နှင့်အထည်ပါလာ၏။ အကျိုးအမြတ်ကောင်းကောင်းရခဲ့၏။

သို့သော် ငွေကြေးဥစ္စာများစွာရလာငြား ယောက္ခမနှင့်သမက် နှစ်ယောက်စလုံး ကျန်းမာရေးချို့ယွင်းလာသည်။

ငှက်ဖျားပါလာသည်။

ကိုယ့်ဆေးကိုယ်ဖော်ကုသခဲ့သည်။

အထက်ငှက်က ကြမ်းသည်။

မြေးများကို သုံးရက် ထမင်းရည်ချောင်းစီး အလှူကြီးပေးသည်။ ရွာမှာ အစည်ကားဆုံး အလှူပွဲကြီးဖြစ်သည်။

အလှူပြီး တစ်လမျှကြာသည်။ ယောက္ခမနှင့်သမက် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသည်။

"လုပ်ကြပါဦး၊ ကယ်ကြပါဦး။ မကယ်နိုင်ကြတော့ဘူးလား။ ဆေးသမားလည်း သေရတာပါပဲလား"

လို့ မဖွားငြိမ်းအော်ငိုရင်း သတိလစ်သည်။

သားသမီးများ အားငယ်မည်စိုးသဖြင့် မဖွားငြိမ်း နောက်ပိုင်းရက်များ မငိုတော့။

တောင်သူခွင်မှာ လူငှားများနှင့် ရင်ပေါင်တန်း အလုပ်လုပ်ခဲ့သည်။ ရှိပြီးပစ္စည်းဥစ္စာ မပျောက်ပျက်အောင် ထိန်းသိမ်းခဲ့သည်။

သို့စင်လျက် -

သားမောင်ဦးကို ခေတ်ပညာတတ်ဖြစ်အောင် ကျောင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၀) တန်းဖြေပြီး အောင်စာရင်းမထွက်မီ ရွာတောင်ပိုင်းမှ မိန်းကလေးကို ယူသည်။

မောင်ဦးယောက္ခမများက ပြည့်စုံသည်။ တောင်သူကြီးများ ဖြစ်ပါသည်။ မောင်ဦးမိန်းမက မာနကြီးသည်။ စိတ်တိုင်းကျ မင်္ဂလာပွဲကြီးကျင်းပပေးရသည်။ တော်တော်များများကုန်သွားသည်။

လမကြာမီ ခင်စိန်မယောက်ျားနောက်လိုက်သည်။ (၈) တန်းပင် မဖြေလိုက်ရ။ ပညာတစ်ပိုင်းတစ်စနှင့် ယောက်ျားယူသည်ကို မကျေနပ်ငြားလက်ခံရပြန်သည်။

ခင်စိန်မယောက်ျားမိဘများက ပိုပိုလျှံလျှံမဖြစ်။ စားနိုင်သောက်နိုင် အဆင့်သာ ဖြစ်၏။

ခင်စိန်မ လူတစ်လုံးသူတစ်လုံးဖြစ်အောင် အိမ်ခွဲဆောက်ခိုင်းရ၏။ လယ်မြေကေအချို့ ခွဲပေးရသည်။

ခင်စိန်မက သားဆက်သည်။ ကျန်းမာရေးမကောင်း ဖြစ်သည်။ ဆေးရုံဆေးခန်းနေရချိန်က အိမ်မှာနေရသည့်အချိန်ထက် များသည်။

ခင်စိန်မ စီးပွားရေးမတော်၊ မကောင်း။

မဖွားငြိမ်း ခင်စိန်မကို ထပ်ကြည့်ရသည်။ ရွှေတိုငွေစခွဲပေးရပြန်သည်။ ခင်စိန်မ ရသည်ဆိုတော့ ချွေးမကြီး မောင်ဦးမိန်းမကလည်း ပြည့်စုံသော်ငြား ထပ်တောင်းခဲ့၏။ အထုပ်ဖြေပေးရပြန်သည်။

အငယ်ဆုံးသား မောင်ထွေးက မလိမ္မာ။ ကျောင်းမှာထက် အပြင်မှာနေချိန်က များသည်။ အသောက်အစား၊ လောင်းကစားလုပ်ပြီး ရန်ဖြစ်သည်။

မဖွားငြိမ်းပစ္စည်းကို အများဆုံးဖြုန်းခဲ့သည်။

မောင်ထွေး တစ်ရွာတည်းသူနှင့်ယူမည်ဆိုတော့ ကျေနပ်ဝမ်းသာစွာ တောင်းရမ်းပေးခဲ့၏။

အိမ်ထောင်ကျလျှင် ပြုပြင်လိမ့်မည်ဟု မဖွားငြိမ်း ယူဆသည်။

သို့သော် -

မောင်ထွေးက မပြင်။ အိမ်ထောင်ကျစနှစ်မှာ ငြိမ်သေးသည်။ မိသားစုကများသည်။ မောင်ထွေးအိမ်ထောင်ဖက်က အကြီးဆုံး ဖြစ်သဖြင့် အိုးခွဲအိမ်ခွဲလုပ်မရ။

လုပ်သမျှ အဆင်မပြေ။ မောင်ထွေး-ပိုသောက်သည်။

မောင်ထွေးအိမ်ထောင်ရေးက အဆင်မပြေ။

လက်သမားဆရာ အကျော်အမော် ဆောက်လုပ်ခဲ့သောအိမ်ကြီး၊ စီးပွားဥစ္စာပြည့်စုံချိန်ကဆောက်ခဲ့သောအိမ်ကြီး၊ သည်အိမ်ကြီးကို ထားခဲ့ရသည်။ မပြုပြင်နိုင်။

သားသမီးများ မပြည့်စုံတိုင်းပေးခဲ့၊ ပံ့ပိုးခဲ့ရသဖြင့် မဖွားငြိမ်း အလုပ်မရှိတော့။

အသက်အရွယ်လည်းရလာပြီ။

သမီးခင်စိန်မနှင့်တစ်နှစ်ကျော်နေခဲ့သည်။ သမက်က ရိုသေမှုနည်း၏။ အလုပ်မလုပ်ချင်။ လက်ကြောမတင်း။ နေရာတိုင်း သမီးခင်စိန်မသာ သားသမီးတန်းလန်းနှင့် ပြေးရလွှားရသည်။

မဖွားငြိမ်း စိတ်မချမ်းသာ။

ခင်စိန်မအိမ်မှာ မီးဖိုချောင်ဝင်ပေးရ၏။ ကလေးထိန်းပေးရ၏။ တောင်သူလုပ်ငန်းမှာ ပါခဲ့ရ၏။

သားကြီးက မကြည့်ရက်ဟုဆိုပြီး မဖွားငြိမ်းကို ခေါ်သည်။ ခင်စိန်မကို စိတ်မချငြား မောင်နှမ မတည့်မည်စိုးသဖြင့် လိုက်ခဲ့ရသည်။

တစ်လှည့်စီနေမည့်အကြောင်း ပြောခဲ့ရ၏။

သားကြီးအိမ်မှာလည်း တစ်နှစ်မျှသာ နေဖြစ်သည်။ သားကြီးမိန်းမနှင့် မြေးများက စိမ်းသည်။

မဖွားငြိမ်းရောက်ချိန် အိမ်အကူမိန်းကလေးများကို နားလိုက်သည်။ မဖွားငြိမ်း မီးဖိုဝင်ရသည်။ အလျှော်အဖွပ် တစ်အိမ်လုံးစာလုပ်ရ၏။ ကလေးထိန်းခဲ့ရသည်။

အစားအသောက်ကို ပေးသမျှသာ စားခဲ့ရ၏။

အသက်အရွယ်ရလာပြီ ဆိုတော့ နားချင်သည်။

သားကြီးအိမ်မှ မဖွားငြိမ်းဆင်းခဲ့သည်။ လူအိုပြီ ဆိုသည်နှင့် အိမ်လည်းအိုပြီ။

အိုသောအိမ်ကြီးမှာ ပြန်နေရသည်။

(၄)ဧကမြေပဲကုန်းများကို သားကြီးနှင့် ခင်စိန်မ တစ်နှစ်စီ ချထားလုပ်ကိုင်စေသည်။

မဖွားငြိမ်းကိုယ်တိုင်က ဟင်းရွက်ဟင်းသီးခူးခဲ့ရ၏။ ရသမျှ ဆန်နှင့်လဲရသည်။

ညဉ့်အိပ်ညဉ့်နေ အဖော်ရှိအောင်ဆိုပြီး ခင်စိန်မက သမီးအေးကြည်မကို ညပိုင်း ပို့ပေးခဲ့သည်။

ခွေးမောင်း၊ ကျီးစောင့်၊ ကြက်နှင်၊ မြေးထိန်းဘဝမှ မဖွားငြိမ်း လွတ်ခဲ့ရ၏။ အသက် (၇၀) ဝင်ချိန် မဖွားငြိမ်းထံ ဒုက္ခရည့်သည်အစုံရောက်ခဲ့သည်။

လောကဓံလှိုင်းကြီးအောက်မြုပ်မသွားအောင် ကြံ့ကြံ့ခံခဲ့ရသည်။

သည်အချိန် -

မောင်ထွေး အိမ်ကိုပြန်လာ၏။ အသောက်အစားမလုပ်တော့ပါဟု ကတိပေးသဖြင့် ဝမ်းသာခဲ့ရ၏။

ရသမျှအလုပ် မောင်ထွေးလုပ်သည်။ မဖွားငြိမ်းကို အချို့အဝက်အပ်သည်။ အချို့အဝက် သားသမီးများကိုပေး၏။

နွားပွဲစား ခင်မောင်ဝင်းအလုပ်ကို လက်ခံခဲ့၏။

ဗိုလ်တဲအလွန် မူးရိုးပေါ် ပိုးထိသည်။ ပိုးကောင်က မရလိုက်။

"ဟော- အဘွား သတိရလာပြီ"

ဆိုသော အေးကြည်မအသံကို ကြားလိုက်ရသည်။ အားလုံး စိုးရိမ်ကြီးစွာ စောင့်ကြည့်နေကြသည်ကို သတိထားလိုက်မိသည်။

သားမောင်ထွေးက သတိမရသေး။

(၃)

"ဆေးဘယ်ကရလဲလို့ မမေးတော့ပါဘူးဗျာ။ ဆေးဖော်နည်းမရခဲ့ပါဘူးဗျာ။ ရှေးသမားတော်ကြီးတွေ တစ်လက်ကိုင်ဆေးပါပဲ။ အသက်ရှည်မယ်၊ အနာရောဂါကင်းမယ်၊ အဆိပ်မှန်သမျှ ဖြေနိုင်မယ်။ အေးဗျာ-

www.burmeseclassic.com

www.burmeseclassic.com

ဆေးမန်ကျည်းစေ့လောက် သောက်ထားရင် (၄၅) ရက် အစာမစားဘဲ အာဟာရပြည့်နေနိုင်တယ်လို့ ကြားရဖူးပါတယ်”

သက်တော် (၁၀၉) နှစ်ပြည့် သက်တော်ရှည်ဆရာတော် ဘကြီးဘုန်းကြီး ကြွလာပါသည်။

မဖွားငြိမ်းနှင့်မောင်ထွေးအခြေအနေကို ကြည့်ရှုသည်။

မဖွားငြိမ်း လက်မှာ ဆုပ်ကိုင်ထားသော ဝါးဆစ်ပိတ်ဘူးကလေးနှင့် ဆေးများ တွေ့ရှိသဖြင့် အထက်ပါအတိုင်း ဘုန်းကြီး မိန့်ကြားခြင်း ဖြစ်သည်။

မဖွားငြိမ်းတို့အဖြစ်က တစ်ရွာလုံး အုန်းအုန်းကျက်ကျက်ဖြစ်ခဲ့ရသည်။ ဘကြီးဘုန်းကြီးကိုပင် ပြေးလျှောက်သူရှိခဲ့၏။

ဘကြီးဘုန်းကြီးက သက်တော်တစ်ရာကျော်ငြား ကျန်းမာရေးကောင်းသည်။ ကိုယ်တိုင် ဆွမ်းခံနိုင်သည်။ဥပုသ်သီတင်းရက်တိုင်း သီလပေးတရားဟောသည်။ သို့ဖြစ်ငြား ဘကြီးဘုန်းကြီး သက်တစ်ရာပြည့်ချိန်မှအစ ဆေးမကုတော့၊ ဆေးမကိုင်တော့။

“အေးဗျာ - ဟောဒီမှာ ဆေးနည်းနည်းရှိသေးရဲ့။ ဒကာမကြီးမဖွားငြိမ်းတို့အတွက်က မလိုတော့ပါဘူး၊ ပြည့်စုံပါပြီ။ နောက်နှစ်ရက်အပြည့်မှာ မောင်ထွေး လူကောင်းပကတိသွားနိုင်လာနိုင်ပါပြီ။ ဆေးလိုအပ်သူတ ဘုန်းကြီးအပါးမှာ ရှိနေပါပြီ။ ဘုန်းကြီးက ဆေးမကု၊ ဆေးမကိုင်တော့ဘူးလို့ ဆုံးဖြတ်ထားပါရဲ့။ ကံကောင်းကံထူးကြပါပေတယ်။ မဖွားငြိမ်း လျှမယ်မဟုတ်လားဗျာ”

လို့ ဆက်မိန့်ကြားချိန် မဖွားငြိမ်းက-

“တင်ပါ့ဘုရား၊ တပည့်တော်မ ဓမ်းမြောက်ဝမ်းသာ လှူပါတယ်ဘုရား”

လို့ မဆိုင်းမတွ ပြန်လည်လျှောက်ထားသည်။

အဲဒီအတွက် မဖွားငြိမ်း ကိုယ့်ကိုယ်ကိုယ် အံ့သြစိတ်လည်း ဖြစ်ခဲ့ပါ၏၊

မဖွားငြိမ်း သတိရလာပြီး ပေါ့ပါးလန်းဆန်းလျက်ရှိသည်။ သွား၍လာ၍လည်းကောင်းနေသည်။

နေ့ (၁၂) နာရီမှာ ဘကြီးဘုန်းကြီး ပြန်ကြွသည်။

သာဓုသုံးကြိမ်ခေါ်လျက်-

“နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ”

လို့ ဆုပေးသွားခဲ့ပါသည်။

မဖွားငြိမ်း စိတ်မှာ အေးချမ်းလျက်ရှိသည်။

ညနေ (၃) နာရီမှာ မောင်ထွေး သတိရလာခဲ့၏။ အံ့သြစရာကောင်းပါ၏။ ဘကြီးဘုန်းကြီး မိန့်ကြားသကဲ့သို့ မောင်ထွေးလည်း နေကောင်းလာပါပြီ။ နှစ်ရက်အတွင်း အသားအရေများ မှန်လာခဲ့၏။ ညစ်ထေးထေးမရှိ၊ ဝင်းပ ဖြူစင်လာပါ၏။ ညှီစို့စို့အနံ့လည်း ပျောက်သွားသည်။

ခြေထောက်မှ အနာလည်း ပျောက်သွားပြီ ဖြစ်၏။

တစ်လအတွင်း မောင်ထွေး အလုပ်ပြန်လုပ်နိုင်ခဲ့သည်။ မောင်ထွေးအဖေ၏ တပည့် လက်သမားဆရာကြီးတစ်ယောက်က မောင်ထွေးကခေါ်ပြီး ပညာပေး အလုပ်ခိုင်းခဲ့၏။

မောင်ထွေး လက်သမားပညာကို တတ်မြောက်ခဲ့၏။ အချိန်တိုအတွင်း ကျွမ်းကျွမ်းကျင်ကျင်ရှိသဖြင့် ဆရာကပင် အံ့သြဝမ်းမြောက်ချီးမွမ်းခဲ့သည်။ တပည့်လက်သားများနှင့် အလုပ်ပါခွဲပေးသည်။

ယခု အိမ်ကြီးကို ပြင်ပြီးသွားပြီ။

မောင်ထွေးမိန်းမနှင့် သားသမီးများလည်း အိမ်ပေါ်ရောက်လာကြပြီ။ ဖွားအေကိုလည်း ရိုသေကိုင်းရှိုင်းမှုရှိပါသည်။

မဖွားငြိမ်း မည်သည့်အလုပ်မျှ မလုပ်ရတော့။

ဆရာတော်ကျောင်းသို့ မှန်မှန်သွားခဲ့၏။ ဆရာတော့်တရား နာယူခဲ့သည်။ အလှူဒါနပြု တရားထိုင်နေခွင့်ရပါပြီ။

ဆရာတော့် လူရင်းဒကာ ကိုထွန်းဇံ ဆိုသူ ရှိသည်။

ကိုထွန်းဇံက မြို့မှာ ရွှေဆိုင်ရှိသည်။ အရောင်းအဝယ်ကောင်းပြီး စီးပွားချမ်းသာသည်။ မိသားစုကိုတိုက်တာ၊ စိန်၊ ရွှေ၊ ကားနှင့် တင့်တင့်တယ်တယ်ထားနိုင်၏။ သားသမီးများက ပညာပြည့်စုံပြီး လိမ္မာရေးခြားရှိသည်။ မိဘရွှေဆိုင်ကို ကူညီလုပ်ကိုင်ခဲ့ကြသည်။ ဆိုင်ခွဲဖွင့်နိုင်သည်အထိ အောင်မြင်ကြသည်။

ကိုထွန်းဇံဘဝမှာ အစစကုံလုံပြည့်စုံ ကြွယ်ဝသဖြင့် ပျော်ရွှင်ဖွယ်အတိဖြစ်သည်ဟု ဆိုနိုင်ပါ၏။

သို့ဖြစ်ငြား ကိုထွန်းဇံ မပျော်ရွှင်ခဲ့၊ မပျော်ရွှင်ပါ။

ကိုထွန်းဇံလည်ပင်း အကျိတ်သေးသေးကလေးတစ်လုံး စတင်တွေ့ရှိသည်မှအစ ကိုထွန်းဇံ ပျော်ရွှင်ခြင်းတွေ ပျောက်ကွယ်ခဲ့ပါ၏။

နာမည်ကြီးဆရာဝန်များ၊ ဆေးခန်း၊ ဆေးရုံများအားလုံး ပြသခဲ့၏။

စိတ်ကျေနပ်မှုမရှိ။

အကျိတ်က တစ်နေ့တခြားကြီးလာသည်။ ကျောက်ပေဒိုးတစ်လုံးအရွယ်အထိ ဖြစ်လာသည်။

နောက်ဆုံး ဆရာဝန်ကြီးက ခွဲစိတ်ကင်ရန် အကြံပေးခဲ့သည်ဟု ကြားရ၏။

ကိုထွန်းဇံက မလုပ်ချင်။ သူ့အနာ ပျောက်ကင်းချမ်းသာပါမည် အာမခံမရှိသောအလုပ် မလုပ်ချင်။

‘ဘုရားမှတစ်ပါး အားကိုးရာမရှိ’ ဟုလည်း ခံယူ ယုံကြည်ထားသည်။

ကိုထွန်းဇံ အလှူဒါန ကောင်းစွာလုပ်ခဲ့သည်။

မြို့ပေါ် ပရိယတ္တိစာသင်တိုက်ကြီးတစ်တိုက်အတွက် အဆောက်အအုံတစ်လုံး စတင်လှူဒါန်းသည်။

ငါးခန်းသုံးခန်း အာစီနှစ်ထပ်ကျောင်းဆောင်ကြီး။

ကိုယ်တိုင် ကြီးကြပ် ဆောက်လုပ်နေချိန်. . .

ကျောင်းဆောင်ကြီးပြီးချိန် ရေစက်ချသည်အထိ နေရပါမလားလို့ စိတ်သောကသည် ကိုထွန်းဇံကို အမြဲနှိပ်စက်လျက်ရှိသည်။

အချိန်လေးရသည်နှင့် ဆရာရင်း ဆရာတော်ကျောင်း ဆရာတော့်ခြေရင်း ခိုလှုံသည်။ ပစ္စည်းလေးပါးလှူသည်။ ဆည်းကပ်ကိုးကွယ်သည်။

ဆရာတော်ကြီးက တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

ဆေးပညာ အကျော်အမော် ဆိုသည်ကိုလည်း ကိုထွန်းဇံ သိသည်။

ဆရာတော်ကြီးအသက်(၁၀၀) ပြည့်ချိန်မှအစ ဆေးမကုတော့၊ ဆေးမကိုင်တော့ ဆိုသည်ကိုလည်း ကိုထွန်းဇံ သိသည်။

သို့စင်လျက် မိမိလည်း အကျိတ်အနာအတွက် ဆရာတော်ကြီးထံမှ တစ်စုံတစ်ရာ မျှော်လင့်လျက်ရှိသည်၊ မျှော်လင့်ခဲ့သည်။

ဆရာတော်ကြီးက ကိုထွန်းဇံ အနာနှင့်ပတ်သက်ပြီး ပကတိ တုဏှိဘာဝေ။ မည်သို့မျှ မမိန့်ကြား။ ဝေဖန်ပြောဆိုခြင်း မရှိ။

ရက်ရှည်ခဲ့ပေမင့် ကိုထွန်းဇံ စိတ်မပျက်။ ဆရာရင်း၊ ဒကာရင်းပီပီ လိုအပ်သမျှ လှူဖြဲထွန်းမြဲဝင်မြဲထွက်မြဲ။

ဥပုသ်ရက်တစ်ရက် ဖြစ်သည်။

ဆရာတော်ကြီးကျောင်း စည်ကားသည်။ ကျောင်းဆောင်အပြည့် ပရိသတ်ရှိသည်။ သီလပေးတရားဟောပြီးချိန် ကိုထွန်းဇံ မြို့ကိုပြန်ရန် ပြင်နေသည်။

တရားဟောပလ္လင်ပေါ်မှဆရာတော်ကြီး မဆင်းသေး။

ဥပုသ်သီလယူသူများလည်း မပြန်ကြသေး။

"ကိုထွန်းဇံ၊ ရှေ့ကိုလာပါ"

"ဒကာမကြီး မဖွားငြိမ်း၊ ရှေ့ကိုလာပါ"

ဆရာတော်ကြီး၏ကပ္ပိယထံမှ အသံထွက်လာသဖြင့် အားလုံး အံ့အားသင့် စိတ်ဝင်စားခဲ့ကြသည်။

ကိုထွန်းဇံ ဆရာတော်ကြီးကို ရိုသေစွာ ကန်တော့သည်။ မဖွားငြိမ်းက ဝတ်ချကန်တော့ရင်း မည်သို့မိန့်ကြားမလဲလို့ နားစွင့်နေသည်။

"ဟောဒီဆေးကို မဖွားငြိမ်းလှူဒါန်းတာနော်ဗျာ"

ဘကြီးဘုန်းကြီးလက်မှာ သုံးလက်မဝါးဆစ်ဘူးကလေး။

"မှန်ပါဘုရား"

မဖွားငြိမ်း ရိုသေစွာ လျှောက်ထားသည်။

ဘကြီးဘုန်းကြီးက ဒကာတစ်ဦးကို သောက်ရေတစ်ခွက် ခပ်ခိုင်းသည်။ ကိုထွန်းဇံကို အပါးမှာရပ်စေသည်။

"ကိစ္စမြားမြောင် လူတို့ဘောင်တဲ့၊ ဟုတ်ကြလားဗျာတို့။ လူတွေနဲ့ ဝေးဝေးနေချင်တယ်ဗျာ။ မနေခဲ့ရဘူး။ ဒကာ၊ ဒကာမတွေ ဘာသာအကျိုးဆောင်ရွက်ရတာ အားမရဘူးဗျာ။ အသက်တစ်ရာပြည့်မှ ဆေးမကိုင်တော့ဘူးလို့လည်း ဆုံးဖြတ်ထားပါရဲ့။ အေးဗျာ- ဒကာရင်းဆရာရင်းနဲ့ ကြုံလာပြီဆိုတော့ နေလို့မရဘူး။ ဘယ်မှာလဲ ကိုယ့်အတွက် ပဋိပတ်ထားပါတော့ဗျာ။ ကိုထွန်းဇံ၊ ဟောဒီမှာ ဆေးဗျ။ လှူသူရှိလို့ ခင်ဗျား ကံကောင်းတယ်။ ကံကောင်းကြပါစေဗျာတို့"

ဘကြီးဘုန်းကြီး သက်တော်ရှည်ဆရာတော်ကြီးက တိုးတိုးလေး မိန့်ကြားစကားဆိုရင်း ကိုထွန်းဇံကို ဝါးဆစ်ဘူးထဲမှ ဆေးအနည်းငယ် မန်ကျည်းစေ့ခန့် သောက်စေသည်။ ဒကာတစ်ဦး ခပ်လာသော ရေကို တိုက်သည်။

ဝါးဆစ်ဘူးလေးကို မဖွားငြိမ်း လက်ထဲပြန်ပေးသည်။

ဆရာတော်ကြီး ပလ္လင်ပေါ်မှ ဆင်းပြီး အခန်းထဲ ပြန်ကြွသည်။ မကြွမီ-

"ကိုထွန်းဇံအတွက် အခန်းပြင်ထားရဲ့ မဟုတ်လား။ မနက်ဖြန်မှ ကိုထွန်းဇံ မြို့ကိုပြန်နိုင်ပါလိမ့်မယ်ဗျား"

လို့ ကပ္ပိယကို မိန့်ကြားသွားခဲ့ပါသည်။

ကိုထွန်းဇံ ဆေးသောက်ပြီး ယိုင်သွားသည်။ ဘေးမှတစ်ယောက်က တွဲလိုက်ရသည်။ ကပ္ပိယကြီးက ကိုထွန်းဇံကိုတွဲလျက် ပြင်ထားသော အခန်းပို့၏။

ကိုထွန်းဇံ အိပ်ပျော်သွားသည်။

သတိမေ့သွားသည်ဟုလည်း ဆိုနိုင်ပါသည်။

သတင်းစကားရသဖြင့် စိုးရိမ်ပူပန်စွာ ကိုထွန်းဇံမိသားစုများ၊ မိတ်ဆွေများ နောက်တစ်နေ့စောစောကားနှစ်စီးဖြင့် ရောက်လာသည်။

ဒီအချိန် ကိုထွန်းဇံ ကောင်းစွာ သတိရနေပြီ။ လူတစ်ကိုယ်လုံးလည်း ပေါ့ပါးလန်းဆန်းနေပြီဟု ဆိုသည်။

ဆရာတော်ကြီးကို ဝတ်ချကန်တော့လျက် ပြန်ခွင့်တောင်းသည်။ အားလုံး ပျော်ရွှင်စွာ ကျောင်းဝင်းအတွင်းမှ ထွက်သွားခဲ့ကြသည်။

ကိုထွန်းဇံ၏လည်ပင်းအကျိတ်၊ လည်ပင်းအနာက တဖြည်းဖြည်း ပိန်လာသည်။ နောက်ပိုင်း ချပ်သွားသည်။

သုံးလအတွင်း ရှင်းရှင်းပျောက်သွားပါပြီ။

ကိုထွန်းဇံက မဖွားငြိမ်းကို-

"ကျေးဇူးဆပ်ပါရစေ၊ လိုတာပြောပါ"

လို့ ဆိုခဲ့၏။

မဖွားငြိမ်းက 'သူ့အတွက်မလိုပါ။ လိုအပ်သောနေရာ ကူညီပါ၊ လှူပါ' လို့ ပြန်ပြောခဲ့သည်။

ငါးခန်းသုံးခန်း အာစီနှစ်ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်နေရာမှာ မောင်ထွေးတို့လက်သမားအဖွဲ့ကို အားဖြည့်လုပ်ဆောင် အကူအညီတောင်းခံခဲ့သည်။

လုပ်ငန်းအတွက် လိုအပ်သောအရင်းအနှီးကို ထုတ်ပေးခဲ့ပါ၏။

(၄)

လေက အေးအေးငြိမ့်ငြိမ့်တိုက်နေသည်။

ရွက်ဝါတချို့နှင့် အမှိုက်များ လွင့်စဉ်လာသဖြင့် ထိန်းပေးလိုက်ရသည်။ မှုးရိုးလေးအတိုင်း မှန်မှန်လျှောက်လာခဲ့သည်။

ဗိုလ်တဲကိုလွန်လာပြီ။

လှည်းလမ်းကလေးဘက်ဆင်းခဲ့သည်။ ထိုမှ ရေဆိုးကိုဖြတ်သည်။ ရေဆိုးမှာ ရေက မရှိတော့။ သဲပြင်သာ ဖြစ်သည်။

စိမ်းစိမ်းညို့ညို့ မြေပဲခင်းများကို ဖြတ်လာခဲ့၏။

လေးဧကမြေပဲခင်းထိပ် ရပ်၏။ မြေပဲပင်အချို့ကို လက်ဖြင့် စမ်းနုတ်သည်။ နုတ်၍ပါလာသမျှ မြေပဲပင်များ အုန်းကောင်းလှသည်။

မြေပဲရှဦးမှာပါလားလို့ မဖွားငြိမ်း သိလိုက်သည်။



www.burmeseclassic.com

[redacted] www.burmeseclassic.com

သင်၏လုပ်ငန်းတွင် ဘေးရန်ကင်း၍

# လာဘ်တွေရှင်အောင်

နဝင်းမြို့တော်

**အောင်(သိဒ္ဓိရာဇာ)**

တပို့တွဲလဆန်း (၁၅) ရက်မှ တပို့တွဲလပြည့်နေ့မှာ ကျွန်းပ်တို့မြို့တွင် ရှေးရိုးအစဉ်အလာတစ်ရပ်ရှိခဲ့ပါသည်။ ထိုအစဉ်အလာမှာ လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်လောက် ဆိုလျှင် ကျွန်းပ်တို့မြို့၏ ကုသိန္နာရုံတောင်၏ ပွဲတော်ရက် ဖြစ်သည်။ ထိုပွဲရက်တွင် ရှေးရှေးက မြန်မာကြီး၏ ရိုးရာဓလေ့အတိုင်း နွားအလှပြိုင်ပွဲများ၊ နွားလှည်းပြိုင်ပွဲများနှင့် လွန်စွာစည်ကားလှပါသည်။

ထိုတောင်တွင် နှစ်စဉ်ကျင်းပသောပွဲကို ဒေသခံများအားလုံးက တောင်ပေါ်ပွဲဟု ခေါ်ကြပါသည်။ ထိုပွဲ၏ အထူးပြုထားသော စားစရာမှာမူ ရာသီစာဖြစ်သော 'ထမနဲပွဲ' ဟုလည်း အမည်တစ်မျိုးဖြင့် ခေါ်ကြပါသည်။ အခုအခါမှာတော့ နွားပွဲများ မရှိကြတော့ပါ။ ဟိုစဉ်က ကြံရိုးများလည်း ရောင်းချသူရှိသလို ဒေါနပန်းများကိုလည်း ရောင်းချသည့် ပန်းသည်ကလည်း ပေါမှပေါပါ။ ပြီးခဲ့သော ဆယ်စုနှစ်လောက်ကစပြီး ပွဲခင်းမှာ စက္ကူ (နံကာဘူးခွံ) များနှင့် ပြုလုပ်သော ကလေးများဆောင်းသည့် ဦးထုပ်မျိုးစုံပါ ကာလကြီးရောဂါလို့ ပြောရမလားဟု ထင်မိပါသည်။ ကျန်ကျောင်းဦးထုပ်၊ ပေါင်ချိန်ဦးထုပ်၊ ကျန်ကျောင်းဓားတို့က အစားဝင်လာခဲ့ပါသည်။ စစ်သူကြီးခမောက်နှင့်ဓားများနေရာကို နေရာယူနေပါပြီ။

နောက်အိုးပွဲလည်းဖြစ်လာခဲ့ပါတော့သည်။ ကျွန်ုပ်တို့ မြို့ဝန်းကျင်မှဖြစ်သော မြိုင်အိုး၊ ပုခန်းအိုး၊ ငါးသရောက်အိုး၊ နဘက်အိုး စသည့်ပေါ့။ မြေဖြင့် ပြုလုပ်သည့် မြေအိုးများမှာလည်း မျိုးစုံလှပါသည်။ ကလေးကစားစရာ အိုးပုတ်၊ ချိုးရုပ်မှအစ ရေအိုးများ၊ အလှစိုက်ပန်းအိုးတို့ စသည့် အိုးသည်များကလည်း ပွဲရက်မတိုင်မီကပင် ကြိုပြီးရောက်နေကြပြီ ဖြစ်ပါသည်။

တပို့တွဲလပြည့်ညနှင့် မနက်ပိုင်းမှာ အတော်အေးတတ်ပါသည်။ ယခုနှစ်မှာတော့ မအေးတော့ပါ။ အအေးကြိုက်သူများအတွက် နေကောင်းရုံ ရာသီဥတုပင် ဖြစ်နေခဲ့ပါတော့သည်။ မနက်ပိုင်း ကျွန်ုပ်မှာ မနက်အစောစာကို ဝမ်းမီးငြိမ်းစေရန် ရေနွေးကြမ်းခါးခါးနှင့် စားသောက်နေစဉ်မှာပင် ဧည့်သည်ရောက်လာခဲ့ပါတော့သည်။

ဧည့်သည်မှာ ကျွန်ုပ်ထံ လာလေ့လာထမရှိသောသူ ဖြစ်ပါသည်။

ဗိုလ်ကျိုင်းဘုရားကုန်းခြေအတိုင်း တက်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိမ်းစိုစိုရှိသည်။ ဘေးမှာ ကန်စွန်းရွက်များက နုပျိုသန်စွမ်းလှသည်။ ကြက်ဟင်းခါးသီးချုံများမှာ သီးကင်းများ တွေ့နေရ၏။

မန်ကျည်းပင်များ မနုသေး။

မဖွားငြိမ်း ဟင်းရွက်ခူးရန်မလိုတော့။ အိမ်အတွက် တစ်နပ်စာချက်စားရန် ခူးခွင့်ကို သား မောင်ထွေးက ပေးပါသည်။

မဖွားငြိမ်း ပြုံးမိခဲ့သည်။

ဗိုလ်ကျိုင်းဘုရားအရှေ့ဘက်မှ တက်ခဲ့သည်။

ထန်းရွက်တဲကလေးကို တွေ့ချင်သည်၊ မတွေ့။ တောင်ဘက်ကို လျှောက်ခဲ့၏။ မရှိ။ အနောက်ဘက်ကို လျှောက်၏။ မြောက်ဘက်ကို လျှောက်၏။

ထန်းရွက်တဲကလေးကို မတွေ့ရ။

ဝါးကွပ်ပျစ်ကလေး မရှိ။ ဝါးရိုးတပ်အုန်းမှုတ်ခွက်ကလေးနှင့်သောက်ရေအိုးလေးမရှိ။ ထို့အတူ မျက်ခုံးမွေးများ၊ ဆံပင်များ ဆွတ်ဆွတ်ဖြူနေသောအစာကို မတွေ့ရ။

တောင်မှလာသော လေပြည်အေးအေးကလေး မဖွားငြိမ်းကို တိုးခွေ့ဝင်သွားငြား မဖွားငြိမ်းရင်က မအေး။

အသားအရေက ကြည်စင်လွန်းလှသော, မျက်ဝန်းများက တောက်ပလွန်းလှသော ထိုအဘ၊ မဖွားငြိမ်း၏ ကျေးဇူးရှင် သွားလေသူ ဖခင်ကြီးနှင့် တူလှသော ထိုအဘ၊ ထိုအဘကို မဖွားငြိမ်း တွေ့ချင်သည်။ တွေ့ချင်ပါသည်။

'ဆေးဘယ်ကရလဲလို့ မမေးတော့ပါဘူးဗျာ'

လို့ မိန့်ကြားခဲ့ပါသော ဘကြီးဘုန်းကြီး သက်တော်ရှည်ဆရာတော်ကြီး။

သက်တော် (၁၁၀) ထဲအဝင်မှာ ဘကြီးဘုန်းကြီး ခန္ဓာဝန်ချသွားသည်။ မနှစ်က ဘုန်းကြီးပျံပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။

ဗိုလ်ကျိုင်းဘုရားအနောက်ဘက်ကုန်းမြေပေါ် မဖွားငြိမ်းလက်ထဲမှာ ဝါးဆစ်ဘူးကလေးကိုင်လျက် ငိုင်နေသည်။

အနောက်စူးစူးကားလမ်းအနီး ညောင်ပင်တစ်ပင်ပေါ်မှ ဥဩတစ်ကောင်၏ 'ဥဩ. . . ဥဩ. . .' ဆိုသောအသံကလေး အဖွားငြိမ်းရှိရာ လွင့်ပျံ့လာသည်။

လေပြည် အေးအေးကလေး တောင်အရပ်မှ တိုက်ခတ်လျက်ရှိ၏။

အေးဇော်မြင့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ထံ မရောက်ဘူး၊ မလာဘူးခဲ့သော်လည်း ကျွန်ုပ်ရေးသော ကျင့်စဉ်များနှင့် ကျွန်ုပ်၏ စာများကို အမြဲတမ်း ဖတ်နေပြီး အားထုတ်နေသူ ဖြစ်ကြောင်း နောက်မှ သိရှိခဲ့ရပါသည်။

"ဆရာအောင်နှင့် တွေ့ချင်လို့ပါ"

ဟုပြောရင်း ကျွန်ုပ်၏အိမ်ခန်းသို့ ဝင်ရောက်လာခဲ့ပါတော့သည်။

ကျွန်ုပ်မှလည်း-

"ဆရာအောင် ဆိုတာ ကျွန်တော်ပါ။ ဘာများအကူအညီပေးရမလဲ ပြောပါ"

ဟု ပြန်လည် ပြောလိုက်ရပါတော့သည်။

ကျွန်ုပ်မှ ဧည့်သည်ကို နေရာပေးပြီး လာရောက်သည့်အကြောင်းကိစ္စကို တိတိပပ စုံစမ်းမေးမြန်းရပါတော့သည်။ ကျွန်ုပ် စကားဆုံးသွားသည်နှင့် ဧည့်သည်မှ အောက်ပါအတိုင်း ပြောပြပါတော့သည်။

"ကျွန်တော် ဆရာ့ဆီလာတဲ့အကြောင်းက ဒီလိုပါ ဆရာ။ ကျွန်တော်က ဆရာ့ရဲ့စာဖတ်ပရိသတ်ပါ။ ဆရာရေးတဲ့ကျင့်စဉ်တွေကို အတော်များများကျင့်ခဲ့ပါတယ်။ အောင်မြင်မှုရှိပါတယ် ဆရာ။

အခု ကျွန်တော့်မှာ လုပ်ငန်းတွေ များလာနေတယ် ဆရာ။ သားတွေကို တချို့ ဦးစီးစေပြီး တချို့လုပ်ငန်းတွေမှာကျတော့ သမက်ကို ဦးစီးခိုင်းထားပြီး ကျွန်တော်ကတော့ လုပ်ငန်းပွဲရုံလုပ်ငန်းကိုပဲ လုပ်ကိုင်ပါတယ် ဆရာ။ လုပ်ငန်းခွဲတွေက မော်တော်ယာဉ်နဲ့ ရေယာဉ်တွေပါ ဆရာ။ ယာဉ်တွေကို အန္တရာယ်ကင်းစေချင်တယ်။ နောက် အဲဒီယာဉ်တွေနဲ့ လာဘ်ရွှင် ငွေဝင်ကောင်းချင်တယ် ဆရာ။ အဲဒါ အကူအညီတောင်းရအောင် လာခဲ့တာပါ"

ဟု သူ၏ လာရင်းကို ပြောပြပါတော့သည်။

"ဒီအထုပ်တွေကတော့ ဆရာ ဘုရားခန်းမှာ သုံးဖို့ အလင်းတိုင် (ဖယောင်းတိုင်) ထုပ်များနဲ့ နံ့သာတိုင် (အမွှေးတိုင်) ထုပ်တွေပါ ဆရာ။ တစ်ထုပ်ကတော့ ဒီနေ့ လပြည့်နေ့မို့ ထမနဲပါ ဝယ်လာခဲ့တာပါ"

ဟုပင် ရှင်းပြနေလိုက်ပါသေးသည်။

ထိုစဉ်မှာပင် ကျွန်ုပ်တို့မြို့၏ အနောက်တောင်ယွန်းယွန်းမှာ တည်ရှိသော ကျေးရွာတစ်ရွာမှ တပည့် မောင်မောင်စိုးတစ်ယောက် ရောက်လာခဲ့ပါသည်။ မောင်မောင်စိုးကတော့ စတီးသုံးဆင့်ချိုင့်တစ်ချိုင့်ပါ လာလေသည်။

"ဆရာ့ဆီ ထမနဲလာကန်တော့တာပါ ဆရာ။ အရုဏ်ကပ်ချိန်မမီပေမယ့် နေ့ဆွမ်းတော့မီပါတယ်"

ဟု ပြောလေသည်။

ထိုသို့ ကျွန်ုပ်၏တပည့် မောင်မောင်စိုး ပြောစကားကို ဧည့်သည်မှ စူးစမ်းသောအကြည့်ဖြင့် မောင်မောင်စိုးကို ကြည့်လေတော့၏။ ထိုအခါတွင် မောင်မောင်စိုးက အောက်ပါအတိုင်း ပြောပြလိုက်ပါတော့၏။

"ကျွန်တော့်ဆရာက တပည့်တွေကဖြစ်စေ၊ ဘယ်သူတွေကပဲဖြစ်စေ ကန်တော့ကြ၊ ပို့ကြတဲ့ စားဖွယ်၊ မုန့် အစစတို့ကို ဦးစွာပထမ မြတ်စွာဘုရားကို ကပ်လှူလိုက်တာဗျ။ ပြီးမှပဲ ဆရာကစားလေ့စားထရှိလို့ အခု ကျွန်တော်ပို့တဲ့ထမနဲက နေ့ခင်းဆွမ်းကပ်ချိန်ပဲ မီတော့မှာမို့ ပြောတာပါ"

ဟု ရှင်းပြနေပါသည်။

မောင်မောင်စိုးမှာ ကျွန်ုပ်နှင့် ဧည့်သည်တို့ အနီးအနားမှ ခွာသွားခဲ့ပါသည်။ ကျွန်ုပ်လည်း ဧည့်သည်အား စစ်ဆေးတွက်ချက်ပေးပြီး ဧည့်သည်၏ တောင်းဆိုချက်ကို လက်ခံကာ စီမံရမည့် ဝန်ဆောင်ခနှင့် ရက်ချိန်းတို့ကို ပြောပြလိုက်ပါသည်။

ကျွန်ုပ်၏တပည့် မောင်မောင်စိုးအတွက်ပါ စီမံဆောင်ရွက်ပေးခဲ့ရပါသည်။ ရက်ချိန်းနေ့မှာ ကာယကံရှင်များ၏ လက်ဝယ်သို့ အဘယလာဘသိဒ္ဓိစမတော်ကို အပ်နှံပေးလိုက်ပါသည်။

ကျွန်ုပ်၏ စာဖတ်ပရိသတ်ဖြစ်သူဧည့်သည်နှင့် ကျွန်ုပ်၏တပည့်တို့အား စီမံပေးခဲ့သော စမတော်ကို သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်သူ ပရိသတ်များ၊ ဝိဇ္ဇာဓရဂန္ဓာရီပညာကို ယုံကြည် ကိုးစားကြသူများနှင့် မိမိတို့ စီးပွားရေးလုပ်ငန်းများတွင် မော်တော်ယာဉ်များ၊ မော်တော်ရေယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့ယာဉ်များတွင် ချိတ်ဆွဲထားနိုင်ရန်အတွက် အပြည့်အစုံ ရေးသား ဖော်ပြပေးလိုက်ပါသည်။

အဘယလာဘသိဒ္ဓိ စမတော်တွင် -

ဗျည်း, စမ, ဘုရား ပါဝင်ခြင်း၊ လက်ဝဲတွင် ရှင်သီဝလိရဟန္တာနှင့် လက်ယာတွင် ရှင်ဥပဂုတ္တရဟန္တာတို့ ပါဝင်နေခြင်း၊ ကြိုးလေးကြိုးပေါ်တွင် စဓဗဝ စမကြီးများဆင်၍ နဝင်းအညွန့်တင်ထားခြင်း၊ အောက်ခြေတွင် အရဟံနဝင်းအညွန့် အထွတ်ထားရှိ၍ ညှပ်ထားသော 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဂါထာတော်ကို 'အိုင်'ဖြင့် ပလ္လင်အလား ထားရှိခြင်းတို့မှာ လွန်စွာ ထူးခြားလှသော စမတော် ဖြစ်ပါသည်။

အဘယလာဘသိဒ္ဓိ စမတော် စီမံရပုံ အပြည့်အစုံမှာ-

**၁။ ရက်ရွေးချယ်ရခြင်း**

(က)လဆန်းရက်ဖွားများအနေဖြင့် စနေနေ့တွင် စတင်ပါ။

(ခ) လဆုတ်ရက်ဖွားများအနေဖြင့် အင်္ဂါနေ့တွင် စတင်ပါ။

**၂။ ကာလသတ်မှတ်ရခြင်း**

(က) အိုင်ဖွဲ့ထားသော ဂါထာတော်ကို (၇)ရက် ပူဇော်ရပါသည်။ ပူဇော်ရပုံမှာ တစ်နေ့လျှင် (၁၀၈) လုံးပါသော ဂုဏ်တော်ပုတီးကုံးဖြင့် ဂါထာတော်တစ်ခေါက် ပုတီးတစ်လုံးချပြီး ပုတီးတစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

(ခ) ဒိဝါတပတိဂါထာတော်ကို မိမိသက်စေ့ ရွတ်ပူဇော်ရန်မှာ (၇) ရက် ဖြစ်ပါသည်။

(ဂ) နမောတေဂါထာတော်ကိုလည်း မိမိသက်စေ့ ရွတ်ဖတ်ပူဇော်ရန် (၇) ရက်ပင် ဖြစ်ပါသည်။ စုစုပေါင်း (၂၁) ရက် ဖြစ်ပါသည်။

(ဃ) စမတော်ကို သိဒ္ဓိတင်ရာတွင် နေ့စဉ်နေ့တိုင်း ဦးစွာ အခါ



www.burmeseclassic.com

www.burmeseclassic.com

လိုက် ဆောင်ရွက်ရန်များကို ဖော်ပြထားပါသည်။

သာသနာတော်စောင့်နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ သိကြား၊ ဗြဟ္မာတို့အား ပင့်ဖိတ်ပါ။

ဟိမဝန္တာနှင့် မဟာမြိုင်မှာ သီတင်းသုံးတော်မူကြသော ဆရာသခင်များကို ပင့်ဖိတ်ထားပါ။

**ဒါနမှု**

၁။ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပါ။

၂။ ဆွမ်းဖြူကို သကြားဖြင့်ဖြူး၍ (၃)ပွဲ ကပ်လှူပါ။

**ဘုရားကန်တော့ခြင်းများ**

(က) ဘုရားကန်တော့ခြင်း၊
(ခ) သီလခံယူခြင်း၊
(ဂ) မေတ္တာပို့သခြင်းနှင့်

အထက်တွင် ဖော်ပြထားခဲ့ပြီးဖြစ်သော အစဉ်နံပါတ်(၂)၏ အပိုင်း (က)၊ (ခ)၊ (ဂ) တို့ကို သူ့ရက်နှင့်သူ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဃ) ဆုတောင်းပါ။
(င) ကုသိုလ်အမျှပေးဝေပါ။
(စ) မူလပင့်ဖိတ်ထားခဲ့သော နတ်မင်းများ၊ ပုဂ္ဂိုလ်များအားလုံးကို နေရပ်သို့ ပြန်လည်ပို့ပါ။

မှတ်ချက်-

အဘယလာဘသိဒ္ဓိစမပုံတော်ကို အောက်တွင် သီးခြား ရေးသား ဖော်ပြထားပါသည်။

စက္ကူအသုံးပြုလျှင် အဖြူရောင်စက္ကူကိုသုံးပါ။

နံကာအချောကို သုံးလိုလျှင် အစိမ်းနုကို ဖြစ်စေ၊ အပြာနုကို ဖြစ်စေ သုံးစွဲရပါမည်။


ကွန်ပျူတာဖြင့် ပုံစံကူးယူပုံထုတ်နိုင်ကြပါသည်။

စီမံပြီးသွားသော အဘယလာဘသိဒ္ဓိစမပုံတော်ကို နံ့သာတိုင်ကိုသာလျှင် ကပ်လှူ ပူဇော်ရပါမည်။ အလင်းတိုင် လုံးဝ မကပ်လှူရပါ။

ပုံတော်ကို အလူမီနီယံပေါင်နှင့်ဖြစ်စေ၊ မှန်ပေါင်နှင့်ဖြစ်စေ ထားပါရန်၊

အများမြင်သာသည့် မြင့်သော၊

**အဘယလာဘသိဒ္ဓိစမပုံတော်**



မြတ်သောနေရာမှာ ချိတ်ထားပါရန်။

မြတ်စွာဘုရားရှင်၏ တပည့်သားတော်များ ဖြစ်သော ရဟန်းသံဃာတော်များ ထိုစမတော်ပူဇော်ထားသော ယာဉ်ပေါ်တွင် ပါဝင်ပါက သီးသန့်နေရာပေးလှူကြရန် ဖြစ်ပါသည်။

ကျွန်ုပ်သည် နှစ်ကာလ (၄၀) ကျော်လာသည့်တိုင်အောင် ဝိဇ္ဇာမရဂမ္ဘီရပညာရပ်ကို ဆရာများစွာဖြင့် လေ့လာ သင်ယူခဲ့ခြင်း၊ စည်းကမ်းအရ ကိုယ်တိုင်ကျင့်ကြံခဲ့ခြင်း စသည့် အတွေ့အကြုံများစွာထဲမှ စာချစ်သူမိတ်ဆွေများဖြစ်သော သူရဇ္ဇမဂ္ဂဇင်းကြီး၏ပရိသတ်တို့အတွက် စီးပွားရှာနေသောယာဉ်များတွင်သာ မဟုတ်မူဘဲ မိမိတို့ ဉာဏ်ရှိသလို စီမံဆောင်ရွက်နိုင်ကြပါသည်။

ယခု စမတော် စီမံခဲ့သော ပိုင်ရှင်ဆရာ၏မေတ္တာရပ်ခံချက်ကို ကျွန်ုပ်မှ ယခုခေတ်နှင့် လျော်ညီအောင် အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။ ဤစမတော်ကို ယုံကြည်စွာသုံးခြင်း၊ ဆောင်ခြင်းတို့ဖြင့် စီးပွားတက်လာကြသူများတို့သည် အများနှင့် သက်ဆိုင်ရာ နေရာများတွင် ကုသိုလ်ပြုပါရန်၊ သာသနာတော်သုံးရပ်ကို သင်ကြား ပို့ချနေသော စာသင်တိုက်ကြီးများကို မိမိတို့ သဒ္ဓါပြဋ္ဌာန်းသည့်အတိုင်း ကပ်လှူကြပါရန် မေတ္တာရှေ့ထား၍ ရေးသားလိုက်ပါသည်။

ပညာပေးခဲ့ကြသော ဆရာအပေါင်းတို့အား ဤစာစုဖြင့် ကန်တော့လိုက်ပါသည်။

*ကောင်းမှုကိစ္စမှန်သမျှ*
*လိုလား တောင့်တတိုင်း*
*ရရှိပြည့်စုံပါစေ*

အောင်(သိဒ္ဓိရာဇာ)
နဝင်းမြို့တော်



www.burmeseclassic.com

www.burmeseclassic.com

စာတိုက်နှင့် အိမ်က လမ်းခပ်မှန်မှန်လေး လျှောက်လျှင် မိနစ်(၃၀)ထက်မပို။ အသွား၊ အပြန် လမ်းပဲ လျှောက်၏။ တစ်ခါတလေ ကားလမ်းမကြီးရှိ မလက်ဖောင်းအတိုင်း လျှောက်၊ တစ်ခါတလေ ဖြတ်လမ်းကသွား၏။ ရွှေဘုံသာဘုန်းတော်ကြီးကျောင်းဝိုင်း၊ လျှပ်စစ်ရုံး၊ လေသာကုန်းနှင့် အိုးဘိုရပ်လွန်လျှင် စာတိုက်ကို ရောက်ပြီ ဖြစ်၏။

ပညာရွှေတောင်အတွက် စာမူပို့ရန် ထိုလမ်းအတိုင်း မနက်(၉)နာရီခန့် အိမ်မှ ထွက်ခဲ့၏။ လျှပ်စစ်ရုံးဆင်းလမ်းမရောက်ခင် မဟေသီ အလှပြုပြင်ရေးဆိုင်မှ ပိုင်ရှင် ဒေါ်တင်တင်မာနှင့် တွေ့သဖြင့် သူမ၏အိမ်သို့ ခေတ္တဝင်ရောက်၍ နားလိုက်၏။

"ဟာ - များလှချည်လားဗျာ၊ ဘုရားပန်းတွေက ကျက်သရေရှိလိုက်တာ"

"ဟုတ်တယ် ဆရာရေ၊ ဒီနေ့ မနက်စာဟင်းမချက်တော့ဘူး။ ညက ဟင်းကျန်ပဲ နွှေးစားတော့မယ်။ ဟင်းချက်စရာဝယ်မယ့်ငွေကို ပန်းတွေဝယ်ပြီး ဘုရားကို ကပ်ထားတာပါ"

"စိတ်ကူးကောင်းတဲ့ မမာရဲ့ သဒ္ဓါစိတ်ကို ချီးကျူးတယ်ဗျာ။ ဆရာတော်တွေရဲ့ပုံတော်တွေကလည်း များတယ်နော်"

"ဟုတ်တယ်ဆရာ၊ ရဟန္တာလို့ ထင်ရှားကျော်ကြားခဲ့တဲ့ ဆရာတော်ကြီးတွေရဲ့ ပုံတော်တွေချည်းပဲ။ ပြီးတော့ အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်၊ ဘိုးပေါက်ဆိန် စတဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေရဲ့ ပုံတွေလည်းပါတယ် ဆရာ။ ကြည့်ပါဦး"

ဒေါ်တင်တင်မာ၏ ဘုရားကျောင်းဆောင်၌ ပြင်ထားသော ကန်တော့ပွဲတွေ၊ တင်ထားသော သစ်သီး၊ ဆွမ်း၊ ပန်းနှင့် မုန့်စုံနေ၏။ ကြည်နူးချမ်းမြေ့စရာ၊ အေးချမ်းငြိမ်သက်စရာ၊ ကြည်ညို ဦးညွှတ်ချင်စရာကောင်းလှ၏။

"ဘုရားအလုပ်၊ တရားအလုပ်တွေ တော်တော်လုပ်နေပြီထင်တယ်"

ကျွန်ုပ်၏အမေးကို ချက်ချင်း မတုံ့ပြန်သေးဘဲ တယ်လီဖုန်းလာနေ၍ သူမမှာ တယ်လီဖုန်းရှိရာသို့ ပြေးရပြန်၏။ အတော်ကြာမှ-

"အာရုံနှစ်ပြီးတော့ကို ကျွန်မလုပ်နေပြီ ဆရာ။ တရားကို မညာတမ်းလုပ်ခဲ့တဲ့အချိန်ကစပြီး တဖြည်းဖြည်း အဆင်ပြေလာတဲ့ ကျွန်မတို့အကြောင်းကို ဆရာ့ကို ပြောချင်နေတာ ကြာပြီ"

"ဟာ- နားထောင်မှာပေါ့ဗျာ။ ကျွန်တော်စိတ်ဝင်စားပါတယ်။ ကိုယ်မလုပ်နိုင်သေးပေမယ့် တကယ်လုပ်နေသူတွေကို တွေ့မြင်နေရတော့ ချီးကျူးတယ်၊ လေးစားတယ်၊ အားကျတယ် မမာရေ"

"လေးစားအားကျနေရုံနဲ့ မပြီးဘူး ဆရာရေ။ တရားရအောင် အပြေးအလွှားလုပ်ရမယ့် အရွယ်တောင် ကျော်လာပြီ မဟုတ်လား။ ကျွန်မ တိုက်တွန်းနေတာ ကြာပြီနော်"

"ကျေးဇူးတင်ပါတယ်ဗျာ။ ညာလို့မရတဲ့ တရားအလုပ်ကို ပြီးစလွယ်





www.burmeseclassic.com

www.burmeseclassic.com

မလုပ်ချင်လို့ အချိန်ယူနေတာပါ။ သိပ်မကြာပါဘူး၊ တစ်နေ့နေ့ပေါ့။ တရားလုပ်ခဲ့တဲ့အချိန်ကစပြီး အဆင်ပြေလာတဲ့အကြောင်း ဆိုတာလေး ဆက်ပါဦး"

ကျွန်ုပ်၏စကား ဆုံးသည်နှင့် သရက်သီးစိတ်ပန်းကန်ပြားနှင့် အအေးဖန်ခွက်ကို စားပွဲပေါ် တင်ရင်းက မတင်တင်မာ ကုလားထိုင်ပေါ်သို့ အကျအန လာထိုင်၏။

"အဲ - ဘယ်ကစပြောရမလဲ။ မှတ်မိပြီ၊ မှတ်မိပြီ။ ဒီလို ဆရာရေ၊ လွန်ခဲ့တဲ့ (၉) နှစ်၊ (၁၀) နှစ်လောက်ကပေါ့"

❒

ရေနံချောင်းမှနေပြီး ငွေးချို (၂၉) မိုင်၊ ကျောက်ပန်းတောင်း (၃၅) မိုင်၊ ပုပ္ပား (၄၃) မိုင် ရှိ၏။ နံနက် (၈) နာရီလောက်က ထွက်လာတော့ ကျွန်မတို့ စီးလာသည့် ရေနံချောင်း- ကျောက်ပန်းတောင်း ဒတ်ဆန်းကားလေးသည် ငွေးချိုကို ရောက်တော့ ခဏနား၏။ ငွေးချိုက လမ်းဆုံ၊ အနောက်မြောက်ဘက်၌ ချောက်မြို့ရှိ၏။ ငွေးချိုနှင့် (၁၇) မိုင်။ ငွေးချိုက





www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက် ကျောက်ပန်းတောင်းသို့ (၆)မိုင် ဆိုင်းဘုတ်လေးတွေ ရေးထားဏ်။

ဒီဇင်ဘာ၏ ဆောင်းအငွေ့အသက်လေးတွေကြောင့် ခရီးသွားရတာ အေးအေးချမ်းချမ်းလေး ရှိ၏။ ပူလောင် အိုက်စပ်သော မိုးခေါင်ရေရှားဒေသ၏ အခြေအနေတွေက ဆောင်းအခါသမယနှင့် အနားယူ ရှောင်ပုန်းနေကြဟန် တူ၏။ သဘာဝ ဝန်းကျင်မှန်သမျှ စိမ့်စိမ့်အေးအေးရှိနေ၍ ကားစီးရသူခရီးသည်အားလုံး တငြိမ့်ငြိမ့်နှင့် ဇိမ်တွေ့ကြရသောအချိန် ဖြစ်ပါ၏။ ဆောင်းကာလက ဘယ်ရာသီနှင့် မတူအောင် ခရီးသွားလို့ ကောင်းသောအချိန်အခါ ဖြစ်ပါ၏။ မြောက်လေအဝှေ့၌ ပါလာသည့် နှင်းငွေ့လေးတွေကို ရှူရှိုက်ပွတ်သပ်ရင်းက ကားစီးရတာ ပျင်းရိငြီးငွေ့ခြင်း၊ ပင်ပန်းခြင်းမရှိဘဲ သက်သောင့်သက်သာနှင့်မို့ စိတ်အေးချမ်းသာရှိကြ၏။

ကားက လိုအပ်သော စက်သုံးဆီထည့်နေစဉ်အတွင်း ကျွန်မတို့တစ်သိုက် ကားအောက်သို့ ခဏဆင်းပြီး အညောင်းဆန့်ကြ၏။ အဝေးပြေးကားများ ခေတ္တရပ်နားရာစခန်းများ၌ ထုံးစံအလိုလို တွေ့နေရသော ခေါင်းရွက်ဈေးသည် အမျိုးသမီးငယ်လေးတွေကလည်း သူတို့မျက်နှာကိုမကြည့်လိုက်နှင့် ဈေးဝယ်တော့မည်အထင်ဖြင့် အနားသို့ တိုးကပ်လာကြ၏။ သူတို့ရောင်းကုန်လေးတွေအကြောင်း ဇွတ်အတင်းရှင်းပြပြီး ဈေးရောင်းကြတော့၏။ အဲဒီဒုက္ခကတော့ ခရီးသွားတိုင်း တွေ့ရသည့် ဒုက္ခ။

ကျွန်မနှင့်အတူ ခရီးသွားဖော်များဖြစ်ကြသည့် တရားရုံးချုပ်ရှေ့နေ ဒေါ်အိအိဇင်၊ တရားရေးမှုကိုတင့်ဝေ၊ ဇနီး မစိုးစိုးနှင့် သူတို့၏ သားငယ်လေးတစ်ယောက်တို့သည် လိုအပ်မည့် အစားအသောက်လေးများ ဝယ်ယူပြီး ကားပေါ်သို့ ပြန်တက်ကြ၏။ ဆီထည့်ပြီးပြီဖြစ်၍ မကြာမီ ကားလေးက ငွေးချို့ ခင်ကြီးဆင့်တောင်တန်းအလယ်ကြောမှ ဖောက်လုပ်ထားသော ကျောက်ပန်းတောင်းလမ်းမကြီးအတိုင်း စက်ကုန်ဖွင့်၍ ခရီးနှင်နေပြီ ဖြစ်၏။ ကျွန်မတို့အဖော်တစ်သိုက်၏ ဦးတည်ရာ ခရီးစဉ်ကား ပုပ္ပား၌ ကျင်းပပြုလုပ်မည့် အဘဘိုးမင်းခေါင်၏ ဆေးပေါင်းပွဲတော်သို့ တက်ရောက်ရန် ဖြစ်ပါ၏။ နှစ်စဉ်တန်ဆောင်းမုန်းလပြည့်ည၌ ကျင်းပသော အဘ၏ ဆေးပေါင်းပွဲတော်နှင့် တော်သလင်းလဆန်း၂ ရက်တွင် ကျင်းပသော အဘဘိုးမင်းခေါင် ထွက်ရာပေါက်ခဲ့ရာ ဂူအတွင်း၌ တည်ထားခဲ့သည့် ရွှေခေါင်းလောင်းစေတီပူဇော်ပွဲ ဟူ၍ (၂) ပွဲရှိရာ ကျွန်မတို့က နှစ်စဉ် ပွဲတော် နှစ်ခုစလုံး မပျက်မကွက် တက်ရောက်ကြသော အဘဘိုးမင်းခေါင်နှင့် ပဋ္ဌာန်းဆက်ရှိကြသည့် သမီးတော်များ ဖြစ်ပါသည်။

ရေနံချောင်းမှကားပေါ်ရောက်ပြီဆိုကတည်းက သရဏဂုံသုံးပါးကို တစ်လမ်းလုံး ကျွန်မ ရွတ်ဆို ပူဇော်လာခဲ့ပါ၏။ ဒတ်ဆန်းကားလေးကလည်း လေးမှ လွတ်တင်လိုက်သည့် မြားပမာ လမ်းဘေးဝဲယာရှိ သစ်ပင်၊ အဆောက်အအုံများကို တရိပ်ရိပ်နှင့် နောက်မှာ ချန်ထားရစ်ခဲ့ပြီး ငွေးချို-ကျောက်ပန်းတောင်းခရီးကို ဆက်လက် ချီတက်နေ၏။

ညင်ညင်သာသာ မဟုတ်ဘဲ ကားဘရိတ်ကို ဆောင့်နင်းပြီးမှ ကားရပ်လိုက်၍ ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။ မျက်စိစုံမှိတ်ပြီး သရဏဂုံသုံးပါး ရွတ်ပွားလာသော ကျွန်မမှာလည်း ဟိုသည်ယိမ်းထိုးသွားပြီး ထိတ်ထိတ်ပျာပျာနှင့် မျက်စိဖွင့်ကြည့်လိုက်၏။

"ခရီးသည်များ ဂိတ်ဆုံးရောက်ပါပြီ ခင်ဗျား။ ကိုယ့်ပစ္စည်းလေးတွေကို သေချာ စစ်ဆေး ယူငင်ပြီးမှ ကားပေါ်မှဆင်းကြပါ။ ကျန်ရှိပစ္စည်း တာဝန်မယူပါခင်ဗျ"

ကားစပယ်ယာလေး၏ အော်သံကြောင့် ကျောက်ပန်းတောင်းမြို့ကို ရောက်ပြီ ဖြစ်ကြောင်း ကျွန်မ သိလိုက်၏။ အရှေ့တည့်တည့်လမ်းက မိတ္ထီလာ၊ မန္တလေး၊ အရှေ့မြောက်ဘက်သွားရမည့်လမ်းက ပုပ္ပား၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံလမ်း။ ကျွန်မတို့အဖွဲ့က ပုပ္ပားခရီးဆက်ရမည့် ခရီးသည်များဖြစ်၍ ကျောက်ပန်းတောင်း-ပုပ္ပားသွားမည့်ကားကို စုံစမ်းကြရဦးမည် ဖြစ်၏။ အနီးရှိ စားသောက်ဆိုင်အတွင်းဝင်ပြီး တစ်ခုခုစားသောက်ကြရင်းက ပုပ္ပားသွားရမည့်ခရီးစဉ်ကို မေးမြန်း စုံစမ်းကြမည်ဟူ၍ တိုင်ပင်ကြပြီး ကျွန်မတို့တစ်သိုက် စားသောက်ဆိုင်အတွင်း ဝင်လိုက်ကြပါတော့၏။

ကျွန်မတို့ဒတ်ဆန်းကားရှေ့က ရပ်နားထားသည့် မော်တော်ယာဉ်ကို ဆိုင်အတွင်းခုံမှာထိုင်မိမှ လှမ်းကြည့်မိ၏။ ကားရှေ့ခန်း၌ ပါလာသည့် ပုဂ္ဂိုလ်ကြီးက အဘဘိုးမင်းခေါင်နှင့် တထေရာတည်းလိုထင်ရ၏။ ကိုယ်နေဟန်ထား၊ မျက်နှာသွင်ပြင်၊ အဝတ်အစားမှအစ အားလုံးတူနေ၏။ ကျွန်မက အနီးခုံ၌ ကပ်လျက်ထိုင်နေသော မစိုးစိုးကို လက်ကုပ်ပြီး မေးထိုးပြ၏။ မစိုးစိုးမှတစ်ဆင့် မအိအိဇင်၊ ကိုတင်ဝေပါ ကျွန်မလှမ်းကြည့်နေသောကားကို မြင်သွားကြပြီး သူတို့လည်း ပါးစပ်အဟောင်းသားနှင့် ဖြစ်ကုန်၏။

"အေးဟယ် - အဘဘိုးမင်းခေါင်နဲ့ တထေရာတည်းပဲနော်"

ရှေ့နေမကြီးဖြစ်သူ ဒေါ်အိအိဇင်၏ အံ့သြဟန်ပါနေသည့် အာမေဋိတ်သံ ဖြစ်ပါသည်။ ကားရှေ့ခန်း၌ ထိုင်နေသည့် ပုဂ္ဂိုလ်ကြီးသည် ခဏအကြာတွင် ကားအောက်သို့ ဆင်းလိုက်ပြီး အရိပ်ကောင်းလှသော စားသောက်ဆိုင်ကြီးရှေ့ရှိ ကုက္ကိုပင်ကြီးအောက်၌ လမ်းလျှောက်နေလေတော့၏။ တစ်ချက်တစ်ချက် ကျွန်မတို့ရှိရာဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ ကျွန်မရင်ထဲ၌ ကြည်နူးပီတိဖြစ်သွားသလိုလို၊ ကျောထဲကစိမ့်ခနဲဖြစ်သွားသလိုလို ခံစားလိုက်ရ၏။ မအိအိဇင်၊ မစိုးစိုးတို့တစ်သိုက်တော့ ဘယ်လိုနေမည်မသိ။ ထိုပုဂ္ဂိုလ်ကြီးနှင့်အတူ ကားနောက်ခန်း၌ ယောကျ်ား၊ မိန်းမ (၇) ယောက်ခန့်ပါ၏။ သူတို့လည်း ကားပေါ်မှ အောက်သို့ ဆင်းကြသည့်အခါ ကားပေါ်၌ ထီးတည်းကြီး ကျန်ရစ်နေသည်မှာ ထို



www.burmeseclassic.com

www.burmeseclassic.com

တစ်ထိုင်စာမက ကြီးမားသော 'ရေချမ်းအိုးကြီး' တစ်ခုပင် ဖြစ်ပါ၏။

"ဒီအချိန်မှာ တို့အဖွဲ့ ရေချမ်းအိုးကြီးကို မြင်လိုက်ရတာ ကောင်းသောနိမိတ်ပဲပေါ့။ အစစအရာရာ အားလုံး အဆင်ပြေကြမှာ မလွဲဘူး"

ခရီးအနီး၊ အဝေး မည့်သည့် အရပ်ဒေသကိုပဲသွားသွား တွေ့မြင်ရသော အမြင်နိတ်မိတ်ကို အမြဲတမ်း ကောက်လေ့ရှိသူ ကျွန်မ၏ စကားကြောင့် အားလုံး ရွှင်ရွှင်ပြုံးပြုံးဖြစ်နေကြ၏။

"ဟုတ်တယ်၊ အစ်မကြီးစကားကို ကျွန်တော် အကြွင်းမဲ့ ထောက်ခံတယ်။လက်ရှိအခြေအနေမှာ စရဏကျင့်စဉ်အားတွေ၊ တရားအလုပ်တွေနဲ့မွေ့ပျော်နေတဲ့အစ်မကြီးမှာ သမာဓိအားတွေ စုစုစည်းစည်းရှိနေပြီဆိုတာ ယုံကြည်ဖို့ပဲ"

ကိုတင့်ဝေစကားကို အားလုံး အသံတိတ်ထောက်ခံကြသည့်အလား ပြုံင်တူ ခေါင်းညိတ် အသိအမှတ်ပြုကြ၏။ ထိုစဉ် ရေချမ်းအိုးကြီးတင်ထားသောကားပေါ်သို့ လူတွေအားလုံး တက်သွားကြသလို အဘဘိုးမင်းခေါင်နှင့်တူနေသူ ပုဂ္ဂိုလ်ကြီးလည်း ကားရှေ့ခန်း ဝင်ရောက်ပြီးသည်နှင့် သူတို့ကားလေးက ပုပ္ပားဘက်ဆီသို့ သွားသည့် ကားလမ်းမတိုင်း မောင်းထွက်သွားသည်ကို တွေ့လိုက်ကြရ၏။

"မဟုတ်မှလွဲရော အဲဒီအဖွဲ့ ပုပ္ပာဆေးပေါင်းပွဲတော်ကို လာကြတဲ့အဖွဲ့ဖြစ်မှာသေချာတယ်။ တို့နဲ့ ပုပ္ပားမှာ ဆုံရလောက်တယ်။ ကိုတင့်ဝေရေ၊ ပုပ္ပားသွားမယ့်ကား စုံစမ်းတော့။ ကျွန်မတို့အဖွဲ့လည်း ခရီးဆက်ဖို့သင့်ပြီ"

"ဟုတ်ကဲ့ အစ်မကြီး၊ ကျွန်တော်သွားလိုက်ပါ့မယ်။ အားလုံး စားရင်း နားရင်း စောင့်နေကြပါ။ ကားတွေက ပေါပါတယ်"

ကိုတင့်ဝေထွက်သွားပြီး မကြာခင် ကျောက်ပန်းတောင်း-ပုပ္ပားပြေးဆွဲနေသည့် ဒတ်ဆန်းကားလေးတစ်စီး ခေါ်လာသဖြင့် ကျွန်မတို့အဖွဲ့ အားလုံး အဆင်ပြေသွား၏။

*'xxxဝိဇ္ဇာဇော်ဂျီxxxဇော်ဂျီတွေ ဆေးကြိတ်ပါတယ်xxxပန်းပဲမောင်တင့်တယ်xxxနတ်မောင်နှမရယ်xxx ပျော်စံမြန်းတဲ့xxx'*

ကိုသုမောင် ဆိုခဲ့တဲ့ သီချင်းထဲက တောင်တော်ရွှေပုပ္ပား။ တစ်နည်းအားဖြင့် ကျွန်မတို့ မြေလတ်က အိုအေစစ်စခန်းကလေးတစ်ခုဖြစ်တဲ့ စံကားဝါမြေ ပုပ္ပားမြို့ကလေးသို့ ခရီးသည်တင်ကားလေးက အကွေ့အတက်၊ အလိမ်အကောက်များလှသောတောင်ပေါ်လမ်းအတိုင်း တရိပ်ရိပ် ပြေးတက်လျက် ရှိ၏။ ခြောက်သွေ့ပူပြင်းလှသော ရေနံမြေဒေသမှ အေးချမ်းသာယာ စိမ်းလန်းဝေဖြာရှိလှသော ပုပ္ပားမြေကို ခရီးထွက်လာရသည့် ကျွန်မမှာ စိတ်လက်ပေါ့ပါးကြည်နူးမှုတွေတဖွားဖွားနှင့် ကလေးငယ်တစ်ဦးအလား ပျော်ရွှင်မဆုံး အားလုံးထဲမှာ ထိပ်ဆုံးက ကဲနေ၏။ တစ်ချက်တစ်ချက် အိမ်၌ထားရစ်ခဲ့ရသောမိခင်ကြီးနှင့် ကျွန်မ၏ သားငယ် သုံးယောက်။ ပြီးတော့ အလှပြုပြင်ရေးဆိုင်ကို ကြီးကြပ်နေရသော ကျွန်မ၏မောင်ငယ်များကို သတိရလာသည့်အခါ စိတ်က နောက်ဆံတင်းသလို ဖြစ်ဖြစ်သွား၏။

'ငါဘာဖြစ်နေတာလဲ၊ (၁) ရက် (၂) ရက်လောက်ပဲ ကြာမှာပဲဥစ္စာ။ ပြီးတော့ အပျော်ခရီးထွက်လာတာမှ မဟုတ်ဘဲ။ အဘရဲ့ ဆေးပွဲတော်ကို လာခဲ့ရတာပဲ။ ဘာလို့ နောက်ဆံတင်းနေရတာလဲ မိမာ'

ကိုယ့်ဘာသာ ဖြေတွေးတွေးပြီး သတိကပ်ရင်း သရဏဂုံကို ကျွန်မ ရွတ်ဖတ်နေမိလေတော့၏။ နာမည်ကျော် ပုပ္ပား 'သုံးထပ်ကွေ့' ကျော်သည်နှင့် မကြာမီ ကျွန်မတို့အဖွဲ့ ပုပ္ပားမြို့လေးမှတစ်ဆင့် တောင်ကလပ်ဘက်သို့ ရောက်ရှိသွားလေတော့၏။

❒

ကျွန်မတို့အဖွဲ့ကို တောင်ကလပ် ရွှေဂူချောင်၌ ထမင်းဆိုင်ဖွင့်နေသည့် ကိုမြင့်အောင်က နေရာချပေးသဖြင့် ကျယ်ဝန်း သန့်ပြန့်သော အဆောင်တစ်ခုတွင် သက်သောင့်သက်သာ နားခိုရပါ၏။ ဆေးပေါင်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည်မှာ များမှများ တွေ့နေရ၏။ ဇရပ်၊ တန်ဆောင်း၊ အဆောက်အအုံမှန်သမျှ လူတွေ ဖွေးဖွေးလှုပ်နေ၏။ ကျောက်ပန်းတောင်းစားသောက်ဆိုင်ရှေ့၌ တွေ့ခဲ့ရသော ညောင်ရေအိုးကြီးတင်ထားသော ကားကိုလည်း ကျွန်မတို့နှင့်ကပ်လျက်အဆောင်ရှေ့၌ ရပ်ထားသည်ကို တွေ့လိုက်ရ၏။ ကားပေါ်၌ ညောင်ရေအိုးကြီးကိုမမြင်တော့။ ခရီးပန်းလာသဖြင့် ကျွန်မတို့ ဘယ်မှမသွားဘဲ လဲလျောင်းအနားယူကြ၏။

"ညနေစောင်းရောက်မှ မမာတို့အဖွဲ့ တောင်ကလပ်ပေါ် တက်ကြပေါ့။ ညစာကို စောစောစားနိုင်အောင် ကျွန်တော် စီစဉ်ထားတယ်။ ဒီနေ့ည (၁၁) နာရီလောက်မှာ ဆေးပွဲတော်စ,လိမ့်မယ်။ ဘလေးမင်းခေါင် ဦးစီးမှာလို့ ပြောတယ်"

"နေပါဦး ကိုမြင့်အောင်ရဲ့၊ ဘလေးမင်းခေါင်က ဘယ်သူတုံး။ သူက ဘယ်မှာရှိနေတာလဲ"

"ခုတော့ တွေ့လို့မရဘူး မမာ၊ ဦးပြည့်စုံ အရင်က တရားထိုင်ခဲ့တဲ့ ဂူတွေဘက်ထွက်သွားတယ်။ ဘလေးက သိဒ္ဓိတင်ကျင့်စဉ်အတွက် ပုတီးစိပ်သွားတာလို့ ပြောတယ်။ နေပြည်တော်-တပ်ကုန်းဘက်က လာတာပါ။ ညကျရင် မမာတို့အဖွဲ့အားလုံး တွေ့ရမှာပါ"

"ကျေးဇူးပဲ ကိုမြင့်အောင်ရေ၊ လုပ်စရာရှိတာလုပ်ပါ။ ကျွန်မတို့အဖွဲ့အတွက် သိပ်ပြီးတော့ အပင်ပန်းခံမနေပါနဲ့၊ အားနာပါတယ်"

ကျွန်မစကားကို ပြုံးဖြဲဖြဲနှင့် နားထောင်ပြီး ရှေ့နေ ဒေါ်အိအိဇင်နှင့် စကားကောင်းနေခဲ့သူမှာ ကိုမြင့်အောင် ဖြစ်၏။ သူတို့နှစ်ယောက် စကားပြောချိန်တော်တော်ကြာ၏။ ကျွန်မကတော့ မည်သူနှင့်မျှ မရောတော့ဘဲ ပုတီးတစ်ကုံးနှင့် မျက်စိစုံမှိတ်ပြီး တရားအလုပ်ကို လုပ်နေမိတော့၏။ ကိုတင့်ဝေ၊ မစိုးစိုးနှင့် သူတို့သားလေးတို့ကတော့ တောင်ကလပ် ပေါ်တက်ရန် ထွက်ခွာသွားကြ



www.burmeseclassic.com

www.burmeseclassic.com

၏။ အနယ်နယ်မှ လာရောက်ကြသူတွေ များလွန်းလှ၍ လူတွေ ပျားပန်းခပ် လှုပ်ရှားသွားလာနေကြ၏။ ဟိုမှဒီမှ ဥဒဟို မရပ်မနား ကိုယ့်စိတ်ကူးနှင့်ကိုယ် အလုပ်တွေရှုပ်နေကြပုံပေါ်၏။

ဒီလိုနှင့် ညနေဘက်တွင် ရေမိုးချိုးသန့်စင် အဝတ်အစားတွေ လဲကြ၏။ ကျွန်မတို့အဖွဲ့ကတော့ အပေါ်အင်္ကျီဖြူ၊ ယောဂီရောင်ထဘီနှင့် ပုတီးလေးတွေ လက်မှာ ဆွဲကြလို့၊ တန်ဆောင်မုန်းလပြည့် ဒီနေ့ညမှာ အောင်သိဒ္ဓိ ဆင်ခံ၊ မြင်းခံရုပ်တုဖွင့်ပွဲနှင့်အတူ ဆေးပေါင်းပွဲတော်ကိုကျင်းပမည် ဖြစ်ကြောင်း သိရ၏။ ဘလေးမင်းခေါင်းတို့အဖွဲ့ နေပြည်တော် တပ်ကုန်းမှ ယူဆောင်လာသော ဆေးညောင်ရေအိုးကြီးက ဒီပွဲမှာ အဓိကအသုံးကျနေကြောင်း ကျွန်မတို့နောက်မှ သိကြရ၏။ အချိန်က စောသေးသဖြင့် ကြည့်ရှုချင်စရာ၊ လေ့လာစရာများရှိရာသို့ ကိုမြင့်အောင်က လိုက်ပြ၏။ ကိုမြင့်အောင်နှင့် ရှေ့နေ မအိအိဇင်က မကြာခဏစကားတွေတတွတ်တွတ်ပြောနေတာ မြင်ရ၏။ ဘာတွေပြောနေကြမှန်းမသိ။ (နောက်မှ သိရသည်မှာ အမှုတစ်ခုနှင့် ရင်ဆိုင်နေရသော ကိုမြင့်အောင်က မအိအိဇင်ကို အမှုလိုက်ရန် ရှေ့နေငှားထားကြောင်း၊ အမှုကိစ္စ ဆွေးနွေးကြကြောင်း သိရ၏။)

လည်စရာပတ်စရာက များများစားစားမရှိ။ တောင်ကလပ်ရှိ မျောက်တွေနှင့် ဆော့ရလွန်း၍ ထင်၏၊ ကိုတင့်ဝေတို့ သားငယ်လေးတောင် အိပ်ပျော်နေလေပြီ။ အားလုံးကိုယ့်နေရာလေးမှာကိုယ် သက်သက်သာသာ အနားယူကြ၏။ ကျွန်မကတော့ ဘုရားရှိခိုး၊ မေတ္တာပို့၏။ နတ်ကောင်းနတ်မြတ်များ၊ ဝိဇ္ဇာ၊ ဇော်ဂျီများနှင့် အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၊ ပုပ္ပားမယ်တော်နှင့် သားတော်နှစ်ပါးတို့အပြင် မြင်အပ်၊ မမြင်သတ္တဝါအားလုံးကို အမျှဝေ၏။ မေတ္တာအထပ်ထပ်ပို့၏။ မိခင်အိုကြီးအား လုပ်ကျွေးပြုစုနေရသော၊ လူမမည်သားငယ်သုံးယောက်အား ပြုစုစောင့်ရှောက်နေရသောဘုရားတပည့်တော် သမီးအား ကြည့်ရှုစောင့်မကြပါရန် စိတ်ထဲက အကြိမ်ကြိမ် ပန်ကြားနေမိ၏။ ဘုရားဝတ်ပြုပြီးသည်နှင့် အားနေသောအချိန်ဟူ၍ မထား၊ သရဏဂုံ (၉) ပတ်ကို ကျွန်မဆက်ပြီး ပုတီးစိပ်နေမိတော့၏။ ပုတီးစိပ်ရင်း စိပ်ရင်းက ကျွန်မမှေးခနဲဖြစ်သွား၏။

❐

"နောက်ကျရင် နေရာမရတတ်ဘူး သမီး၊ ဘာပြုလို့ ဝီရိယနည်းနေတာလဲ။ ထတော့၊ အချိန်ကျပြီ"

အနားကကပ်ပြီးနှိုးလိုက်သော အသံတစ်ခုကြောင့် ကျွန်မအိပ်ပျော်နေရာမှ လန့်နိုးသွား၏။ ပုတီးပတ်ရေပြည့်သွားသည်နှင့် ခဏ မျက်စိမှိတ်မှိန်းနေရင်းက ကျွန်မခေတ္တအိပ်ပျော်ခဲ့ခြင်းဖြစ်မည်။ ကရုဏာသံနှင့်ဩဇာအပြည့်လွှမ်းသော အဘတစ်ဦး၏ အသံကြောင့် ကျွန်မ လန့်နိုးတော့ ကျွန်မ အနီးအနားမှာ တစ်စုံတစ်ယောက်မှ ရှိမနေကြ။ မအိအိဇင်တို့အဖွဲ့က ကျွန်မနှင့် ပေ (၂၀) ခန့်ကွာဝေးသော နေရာတစ်စု၌ စုထိုင်နေပြီး စကားပြောနေကြသည်ကို ကျွန်မ လှမ်းမြင်ရ၏။ ကျွန်မ နိုးလာသည်ကို မြင်ရ၍ မစိုးစိုးနှင့် မအိအိဇင်တို့နှစ်ယောက် ကျွန်မအနီးကို လျှောက်လာကြ၏။

"မမာ နိုးပြီးနော်၊ အိပ်ပါစေဆိုပြီး ကျွန်မတို့စောင့်နေကြတာ အစီအစဉ်က ည(၁၁)နာရီတိတိစမှာတဲ့။ အခု (၁၀) နာရီခွဲပြီးလို့ (၁၀) မိနစ်ကျော်သွားပြီ။ တခြားသူတွေ အကုန်လုံးနိုးနိုး သွားကုန်ကြပြီလေ။ ပြင်စရာရှိတာပြင်တော့၊ သွားကြမယ်"

မအိအိဇင် နှိုးဆော်မှ သတိဝင်လာပြီး လုပ်စရာရှိတာ ကျွန်မအမြန်လုပ်ရတော့၏။ ဆေးပေါင်းပွဲတော်ကျင်းပရာ ခန်းမဆောင်ကြီးအရှေ့ရောက်တော့ လူတွေပြည့်နေပြီ ဖြစ်သည်။ ကျွန်မတို့အဖွဲ့ နေရာမရတော့။ အပြင်ဘက် မြက်ခင်းလေးပေါ်၌သာ နေရာယူကြရတော့၏။ ပရိသတ် (၃၀၀) ကျော် (၄၀၀) နီးပါးခန့် ရှိပေမည်။ ငါးပေခန့်ရှိမည့် ရွှေရောင်ဝင်းအိနေသော ဗုဒ္ဓဆင်းတုတော်ရှေ့တွင် အုန်းငှက်ပျောပွဲများ၊ ကန်တော့ပွဲအမျိုးမျိုးများလှူဒါန်းထားသည်။ ထွက်ရပ်ပေါက်ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုဓာတ်ပုံများကိုလည်း ကျွန်မ လှမ်းမြင်ဖူးတွေ့နေရပါ၏။ ဘလေးမင်းခေါင်က ပရိသတ်အားလုံး၏ရှေ့၌ မတ်တတ်ဖြင့် တရားဟောရန်ပြင်ဆင်နေ၏။ ဘလေးမင်းခေါင်၏ အနီးတွင် ကျွန်မတို့တစ်သိုက် မြင်ခဲ့ရသော ညောင်ရေအိုးကြီးကိုလည်း ကျွန်မတို့ ထင်ထင်ရှားရှား လှမ်းမြင်နေရသည်။

လက်နှစ်ဖက်ကို နဖူးထိပ်မှာတင်၍ မျက်စိကို စုံမှိတ်ပြီး ဘုရားအာရုံပြုလိုက်၏။ ပြီးမှ နတ်ပြဟ္မာအပေါင်းနှင့်တကွ စကြဝဠာအတွင်းရှိ တရားနာထိုက်သူအားလုံး ကျွန်မနှင့်အတူ တရားနာယူရန်နှင့် ဗုဒ္ဓရှင်တော်ဘုရား၏ တရားစစ်တရားမှန်များကို ဘလေးမင်းခေါင်မှဟောကြားပြသခဲ့ပါက တစ်လုံးမကျန် ကြားရပါစေ၊ မိခင်အိုကြီးနှင့် ရင်သွေးငယ်များကို လုပ်ကျွေးနေရင်းက သာသနာပြုလုပ်ငန်းများကို ကိုယ်ဖိရင်ဖိ တပည့်တော်မ ဆောင်ရွက်နိုင်ပါရစေ ဟူသော ဆုတောင်းများဖြင့် ရွှေရောင်ဝင်းအိနေသော မြတ်ဘုရားရုပ်တုတော်အား အာရုံစူးစိုက် ကန်တော့လိုက်၏။

မကြာခင် ဘလေးမင်းခေါင်က ဆေးပေါင်းပွဲတော်မစတင်မီ တရားစကား ဟောကြားရာ၌ မြတ်ဘုရားကိုယ်တော်မြတ်ကြီး၏ အဆုံးအမတရားတော်အတိုင်း ကျင့်ကြံနေထိုင်ကြရန်၊ သရဏဂုံ ဆောက်တည်ပြီး ငါးပါးသီလ လုံခြုံကြရန်၊ လောဘဒေါသ မာန်မာနတွေ ထိန်းသိမ်းကြလို့ မေတ္တာတရား အားလုံးအပေါ်ထားရှိကြရန်၊ ခွေး, ကြောင်, ငှက်လေးလေးတွေကအစ ကျွေးမွေး စောင့်ရှောက်ကြရန်နှင့် တရားကို တကယ်ခင်တွယ်လျှင် ဘုရားရှင်က ကယ်တင် ချီးမြှင့်ခြင်းကို ခံယူကြရမှာ ဖြစ်ကြောင်း အကျယ်တဝင့် ဟောကြားဆုံးမပေးသွားသည့်အဆုံး၌ အားလုံးသာဓု သုံးကြိမ် ခေါ်သံအဆုံးတွင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ ဆုတောင်းအား ထပ်မံ၍ စိတ်ထဲမှ တောင်းဆိုနေမိခဲ့ပါ၏။ ထိုသို့ရှိနေစဉ် -

"နောက်ဆုံးနားက ဆုတောင်းနေတဲ့ သမီးလေး လိုရာဆန္ဒပြည့်စေ"

ဟူသော ကြည်လင်ပြတ်သားသည့် စကားသံကို ဘလေးမင်းခေါင်မှ နှုတ်မှပြောလိုက်သည်ကို အားလုံးကြားလိုက်ရ၏။ ကျွန်မ၏ နှုတ်မှလည်း 'ပေးတဲ့ဆုနဲ့ ပြည့်ပါရစေဘုရား' ဟူသော အသံထွက်သွား၏။ တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းတွေထသလိုဖြစ်နေ၏။ ဘလေးမင်းခေါင်က မြတ်ဗုဒ္ဓဆင်းတုတော်အား အတန်ကြာအောင် အာရုံပြုရှိခိုးကန်တော့နေပြီးလျှင် ထိုင်ရာမှ ညင်သာစွာထလာ၍ ပရိသတ်ဘက်သို့ မျက်နှာမူလိုက်၏။ ဆေးညောင်ရေအိုးနှုတ်ခမ်းတစ်ဖက်ကို လက်တစ်ဖက်မှ ကိုင်ထားရင်းက -

"သရဏဂုံသုံးပါး နေ့စဉ် (၉) ပတ်စိပ်"

ဟူသော စကားကို ဆက်ပြော၏။ ပရိသတ်က အဆက်အစပ်မရှိ၍ ဘယ်သူ့ကို ရည်ရွယ်ပြောနေတာလိမ့်ဟူသော ဝေဝါးအတွေးများဖြင့် ကြောင်ကြည့်နေကြ၏။ ကျွန်မစိတ်က ဘလေးမင်းခေါင် ကျွန်မကို ပြောနေတာဟု အလိုလိုသိနေ၏။

"စိပ်မှာပါဘုရား"

ဟူသောအသံ ကျွန်မထံက ထွက်သွားပြန်၏။ ဒီတစ်ခါ ပရိသတ်တွေ တအံ့တသြဖြစ်ကြပြီး ကျွန်မနှင့် ဘလေးမင်းခေါင်တို့နှစ်ဦး နာမ်ချင်းဆက်သွယ်၍စကားပြောနေကြသည်ဟု သူတို့ဒွိဟဖြစ်နေတွေးနေကြ၏။

ဘလေးမင်းခေါင် ခဏငြိမ်သွားပြန်၏။ မျက်စိကို စုံမှိတ်ပြီး တစ်စံတစ်ရာ ရွတ်ဆိုနေသည်မှာ ခဏကြာသွား၏။ တုပ်တုပ်မှမလှုပ်သော ပရိသတ်က တချို့ ကျွန်မကို ကွက်ကြည့်ကွက်ကြည့်လုပ်ကြ၏။ ကျွန်မက နဖူးပေါ် လက်တင်လျက် ရှိခိုးနေသည့်ပုံစံဖြင့် စိတ်ကို တည်ငြိမ်စွာထား၍ ဘလေးမင်းခေါင်ဆီသို့ အာရုံညွှတ်လိုက်၏။

"ရာသက်ပန်နေ၀်"

ဟူ၍ ဘလေးမင်းခေါင်ထံမှ စကားသံကြားလိုက်ရသည်နှင့် ကျွန်မနှုတ်မှလည်း တစ်ပြိုင်နက် -

"ခန္ဓာဝန်ထမ်းဆောင်နိုင်သမျှ ဆောက်တည်ပါမည်"

ဟူသော အဖြေစကားတွေက အလိုအလျောက် ထွက်သွား၏။ ပရိသတ်အားလုံးက ဘလေးမင်းခေါင်နှင့် ကျွန်မ၏ အမေး၊ အဖြေစကားတွေကြောင့် အံ့သြမဆုံးဖြစ်နေကြ၏။ ပိုပြီး အံ့သြထူးဆန်းဝမ်းသာနေကြသူများက မအိအိဇင်၊ ကိုမြင့်အောင်နှင့် ကျွန်မတို့အဖွဲ့ပဲ ဖြစ်ပါ၏။

"မမာရေ၊ အဘဘိုးမင်းခေါင်က အမိန့်ချပေးနေတာပဲ။ ခင်ဗျားတော့ ကံထူးရှင်ပဲဗျာ။ အားလုံးထဲမှာ တစ်ယောက်ထဲရွေးပြီး မှာနေတာ အံ့သြလို့ မဆုံးဘူး"

ဟူ၍ ကိုမြင့်အောင်က ပြောသလို မအိအိဇင်နှင့် စိုးစိုးတို့၊ ကိုတင်ဝေတို့တစ်သိုက်ကလည်း ဤသို့ ပြောကြ၏။

"အဘမှာတဲ့အတိုင်း လုပ်ပေတော့ မမာရေ။ ပဋ္ဌာန်းဆက်အတော်နီးစပ်နေလို့ ခုလို မမာကို ဘိုးတော်က အမိန့်ရှိနေတာ ထင်တယ်။ ကုသိုလ်အတော်ထူးတယ်ဗျာ။ ရှေ့လျှောက် မမာတော့ အဆင်ပြေပြေနဲ့သာသနာပြုရမယ့်အလုပ်တွေ လုပ်ရတော့မယ်ထင်တယ်"

အားလုံးက ဝမ်းသာအယ်လဲ မှတ်ချက်ပြုကြသလို ဝိုင်းကြည့်နေကြသူတွေက များမှများ။ နေရာမရ၍ နောက်ပိတ်ဆုံးလောက်မှာ ထိုင်နေရသည့်ကျွန်မကိုမှရွေးပြီး ဘလေးမင်းခေါင်က ညွှန်ကြားနေသည်မှာ အဘဘိုးမင်းခေါင်၏ မိန့်မှာချက်တွေပဲလား မသိနိုင်တော့။ ကျွန်မကို ရွေးပြီးမှာနေသည် ဆိုတာတော့ စိတ်က အလိုလိုသိနေ၍ ပြန်ဖြေမိနေခြင်းဖြစ်၏။

'ပီတိငါးဖြာ' ဟူ၍ ကျွန်မ မှတ်သားဖူး၏။

၁။ **ခုဒ္ဒကာပီတိ** - ကြက်သီးထသွားခြင်း၊

၂။ **ခဏိကာပီတိ**-လျှပ်ပြက်သကဲ့သို့ တစ်ခဏနှစ်သက်ခြင်း။

၃။ **ဩက္ကန္တိကာပီတိ**- လှိုင်းတံပိုးထသကဲ့သို့ သိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်အောင် နှစ်သက်ခြင်း။

၄။ **ဥဗ္ဗေဂါပီတိ** - မိမိကိုယ်ကို ကြွမြောက်သွားသည်ဟု ထင်ရအောင် ကြည်နူး နှစ်သက်ခြင်း။

၅။ **ဖရဏာပီတိ** - အကြောပေါင်းတစ်ထောင်စိမ့်အောင် နှစ်သက်ကြည်နူးရခြင်း။

ဟူသော ပီတိငါးဖြာတို့တွင် ထိုဆေးပေါင်းပွဲတော် ကျင်းပခဲ့သည့် ပုပ္ပား၏ တန်ဆောင်မုန်းလပြည့်ညခံစားခဲ့ရမှုကား အမှတ်စဉ် (၁) ဖြစ်သော 'ခုဒ္ဒကာပီတိ' အမျိုးအစားလားဟူ၍ မပြောတတ်တော့ပြီ။ တွေးမိတိုင်း ကျေနပ်ရွှင်မြူး ကြည်နူးမိရသော ပီတိစိတ်တွေကတော့ ယနေ့ထက်တိုင် ဖြစ်နေပါတော့၏။

❐

"အဲလိုဆိုရင် မတင်တင်မာက သရဏဂုံကို အချိန်မှန်မှန် စိပ်နေပြီပေါ့"

"စိပ်တယ် ဆရာ၊ ကျန်တဲ့ အချိန်အားတွေမှာလည်း စရဏကျင့်စဉ်တွေ ကျွန်မ သန်ရာသန်ရာ အမြဲလုပ်တယ်"

"ထူးခြားမှုက. . ."

"ထူးခြားပြီလား ဆရာရယ်။ အဲဒီအချိန်ကစပြီး စီးပွားရေးတဖြည်းဖြည်းကောင်းလာတယ်။ အခုဆိုရင် သား သုံးယောက်စလုံး ဗန်ကောက်မှာ ရောက်နေကြပြီ။ အချိန်မှန်ငွေပို့တယ်။ ပို့ရင်လည်း အနည်းဆုံး တစ်ဆယ်ပဲ ဆရာ။ မေမေ့ကိုလည်း ကွယ်လွန်ချိန်အထိ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုပြီး စိတ်ချမ်းသာအောင်ထားနိုင်ခဲ့တယ်။ ပြီးတော့ အလှူအတန်းဘက်မှာလည်း တတ်စွမ်းသရွေ့ ဘယ်အဖွဲ့အစည်းတွေကိုမှ မလွတ်အောင် လှူဒါန်းနေနိုင်တယ်"

"အေးဗျာ - သဒ္ဓါစိတ်နဲ့ ယုံကြည်ချက်ပြင်းလာရင် အကြောင်းတရားလိုက်ပြီး အကျိုးဆက်ရတယ် ဆိုတာ ကျွန်တော် ယုံပါပြီ။ မမာ ဘာပြောချင်သေးလဲ"

ကျွန်တော်၏ အမေးစကားကို မတင်တင်မာက ရုတ်တရက် ပြန်မဖြေ



www.burmeseclassic.com

www.burmeseclassic.com

# အညတြပင်ငယ် ရွှမ်းအားထည်

**တင်တင်နွဲ့** (ရန်ကုန်တက္ကသိုလ်)

၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလလယ်လောက်မှာ ကျွန်မတို့ရဲ့ စာပေမိတ်ဆွေ ဆရာရွှေပြည်စိုး(မိုးကုတ်)တစ်ယောက် ကျွန်မတို့မိသားစုနေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)ကို အလည်အပတ်ရောက်ရှိလို့လာပါတယ်။ဆရာရွှေပြည်စိုးနဲ့က ဖုန်းနဲ့ မကြာမကြာဆက်သွယ် စကာပြောဖူးပေမယ့်လူကို မမြင်ဖူးသေးပါဘူး။ ရန်ကုန်ကိုလာခဲ့ဖို့လည်း ကျွန်မတို့မိသားစုက ဖိတ်ခေါ်ထားတာပါ။ လာမယ့်မနက် ဆရာ ဖုန်းဆက်လာတော့ ဆရာ့ကို ကျွေးမွေးဖို့ ကျွန်မဈေးသွားပါတယ်။ ဈေးကပြန်လာတော့ ဆရာကရောက်နေပါပြီ။ ဆရာက နေပြည်တော် ပြန်ကပြေးသား ဆိုပေမယ့် မိုးကုတ်နဲ့ မိုင်းရှူးမှာ အနေကြာလို့လား မသိဘူး။ ရှမ်းပြည်သားပုံစံ ဘောင်းဘီရှည်နဲ့ ဂျာကင်နဲ့ ဦးထုပ်ကလည်း ဆောင်းလို့ပါ။ အခုမှ တွေ့ကြပေမယ့်လည်း ဆွေမျိုးသားချင်းပမာ စကားလက်ဆုံပြောမကုန်နိုင်ပါဘူး။

မနက်စာထမင်းဝိုင်းကို ကိုယ့်မိသားစုစားတဲ့ပုံစံလေးနဲ့ပဲ ချက်ကျွေးခဲ့ပါတယ်။ အရည်သောက်ဟင်းချိုအဖြစ် ပေါက်ပန်းဖြူရွက်ကို ပုစွန်ခြောက်နဲ့ ကြော်ချက်လေးချက်ပါတယ်။

အဲဒီမှာ ဆရာက-

"ဆရာမ၊ ကျွန်တော်က ပေါက်ပန်းဖြူရွက်ကို တို့စရာအဖြစ် ပြုတ်စားဖူးတာ။ ဟင်းချက်တာကို စားဖူးတာ ဒါပထမဆုံးပဲ။ စားလို့လည်း ကောင်းတယ်ဗျ"

"ဟုတ်တယ် ဆရာ၊ ကျွန်မလည်းကြိုက်လို့ မကြာမကြာချက်စားတယ်။ မိန်းမတွေ သွေးသားညီညွတ်ဖို့ ပေါက်ပန်းဖြူက ဆေးဖက်ဝင်တယ် ဆရာ။ တစ်ပတ်ကို နှစ်ရက်လောက်တော့ ချက်စားဖြစ်တယ်"

"အစာလည်းဆေး၊ ဆေးလည်းအစာဆိုသလိုပေါ့ ဆရာမရယ်"

"ဟုတ်ပါတယ် ဆရာ၊ ဖတ်မှတ်ထားတာတွေကို အသုံးချတာပါ ဆရာ"

❒

ဒီဇင်ဘာနံနက်ခင်းတွင် ဆရာရယ်၊ ဦးမောင်မောင်အေးရယ်၊ ကျွန်မရယ် မင်းရဲကျော်စွာလမ်းတစ်လျှောက် လမ်းလျှောက်ထွက်ကြရင်း ရေးသားဖြစ်သည့်စာများအကြောင်း၊ ရေးသားရခြင်းရည်ရွယ်ချက်များကို ပြောဖြစ်ကြပါသည်။ ကျွန်မ၏ မဟာကာကြံ့ဆစ်၊ တောင်ဆီးဖြူ၊ အိုးပုတ်ပင်ဆောင်းပါးများအကြောင်းလည်း ဆွေးနွေးဖြစ်ပါသည်။ ဆရာသည် လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး အပင်အုပ်လေးတစ်စုကို လက်ညှိုးထိုးကာ-

"ဆရာမ၊ ဒီအပင်ကိုသိလား"

"သိတာပေါ့ ဆရာရယ်၊ ကျွန်မတို့ငယ်ငယ် မူလတန်းအရွယ်လောက်တုန်းကဆို အဲဒီအသီးခြောက်တွေ

---

သေးဘဲ မျက်နှာလေးတည်သွားပြီး စဉ်းစားဟန်ပြု၏။

ပြီးမှ-

"ဒီလိုပါ ဆရာ- မိဘကို စောင့်ရှောက်တာ၊ ဘာသာ၊ သာသနာကို တကယ် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ပြီး သဒ္ဓါစိတ်အပြည့်နဲ့ အလုပ်တကယ်လုပ်ရင် ရှင်တော်မြတ်ဘုရားနဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေက စောင့်ကြည့် ကယ်တင် ပံ့ပိုးပေးနေတယ်ဆိုတာ လက်တွေ့ပဲ။ အဲဒါတွေကို စာဖတ်သူအများလည်း လေ့လာသိရှိနိုင်အောင် ဆရာ ရေးစေချင်တယ်။ ကျွန်မ ပြောတာတွေ ဆရာမယုံရင် ရှေ့နေကြီး ဒေါ်အိအိဇင်နဲ့ တက္ကွ ကိုတင့်ဝေတို့မိသားစုကို မေးကြည့်နိုင်ပါတယ်"

"ဟာ - အဲလိုမဟုတ်ပါဘူး။ မတင်တင်မာက ဘုရား၊တရားအလုပ်တကယ်လက်တွေ့ လုပ်နေတယ်ဆိုတာ ကျွန်တော်လည်းသိ၊ လူတိုင်းလည်း သိနေတာပဲ ဥစ္စာ။ မယုံလို့ ဘယ်ဖြစ်မလဲ။ ရေးဖြစ်အောင်ရေးမှာပါ။ တစ်ဖက်တစ်လမ်းက ဘာသာ၊ သာသနာအလုပ်ကို စာရေးခြင်းဖြင့် ဆောင်ရွက်နေတယ်လို့ ခံယူပြီး ရေးမှာပါဗျာ"

"ကျေးဇူးပဲ ဆရာ၊ ထမင်းစားပြီးမှ ပြန်ပါ။ ဒီနေ့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ကို ဆွမ်းပို့ရတယ်။ ဆွမ်းကျန်ကွမ်းကျန်တွေ အများကြီးပဲ ဆရာ။ ဘာမှအားနာစရာမရှိပါဘူး"

ထိုနေ့က ဒေါ်တင်တင်မာ နေအိမ်၌ နံနက်စာထမင်းစားပြီးမှ ကျွန်ုပ်အိမ်ပြန်ခဲ့ရတော့၏။ ရေးကွက်လေး တစ်ပုဒ်ရလာခဲ့သော်လည်း ခေါင်းစီးကအစ ဘယ်လိုရွေးလို့ရေးရမည်ကို တစ်လမ်းလုံးစဉ်းစားရင်း ပူပြင်းသောနေပူရှိန်ကိုတောင် မေ့လျော့၍နေမိလေတော့၏။

*တရားအလုပ်*
*အားထုတ်ကြိုးကုတ်*
*ဆောင်ရွက်နိုင်ကြစေ*

နွေဦးမွန် (ရေနံချောင်း)



www.burmeseclassic.com

www.burmeseclassic.com

ခူးပြီး သူများအလစ်မှာ လွယ်အိတ်အမွေးတို့၊ ဆံပင်တို့၊ ဘောင်းဘီတို့၊ အကျီတို့မှာ လိုက်ကပ်ကြတာလေ။ ကိုယ်လစ်ရင်လည်း ကိုယ်ခံပေါ့။ ဆံပင်နဲ့လွယ်အိတ်အမွေးမှာကပ်ရင် ခွာရခက်တယ် ဆရာရဲ့။ ကျွန်မတို့ကတော့ ကပ်စေးနဲ့ပင်လို့ ခေါ်တာပါပဲ"

"ဟုတ်တယ် ဆရာမ။ အဲဒီကပ်စေးနဲ့ပင်ရယ်၊ ဟောဒီနားက အရွက်ချွန်ပြီး အဝါရောင်ပွင့်တဲ့အပွင့်ရယ်၊ ဒီမှာကြည့် - ဒီတစ်မျိုးက အရွက်ဝိုင်းပြီး အဝါရောင်ပွင့်တဲ့အပင်ရယ် အဲဒီသုံးမျိုးစလုံးဟာ ဝက်ချေးပနဲအုပ်စုဝင်အပင်တွေပဲ"

"ဆရာပြတဲ့ အရွက်ချွန်ပြီး အဝါရောင်ပွင့်တဲ့အပင်ကို ကျွန်မတို့က တံမြက်စည်းပင်လို့ ခေါ်တယ်။ ဒီမှာတွေ့တဲ့အပင်က သိပ်မမြင့်ဘူး။ ကျွန်မတို့ မော်လမြိုင်ဇာတိရွာမှာ (၃) ပေ၊ (၄) ပေလောက် မြင့်တယ်။ ကျွန်မအဘိုးဆို အဲဒီအပင်တွေ ခုတ်ပြီး အခြောက်လှန်း၊ အရွက်ကြွေသွားရင် ရိုးတံတွေကို နီးနဲ့စည်းပြီး နွားရုံကုန်းလှည်း၊ အမှိုက်လှည်းတဲ့ တံမြက်စည်းလုပ်တယ်"

"ဆရာမ၊ အဲဒီ ကြွေသွားတဲ့ အရွက်ခြောက်ကို လက်ဖက်ခြောက်အစား ရေနွေးကြမ်းခတ်သောက်ရင် အသည်းရောင်အသားဝါရောဂါနဲ့ ဆီးချိုရောဂါ ပျောက်တယ်ဗျ။ စွဲတော့ သောက်ရမှာပေါ့"

"ဆရာ၊ ဒါဆို တံမြက်စည်းပင်က တော်တော်စွမ်းတာပဲနော်။ သာမန်အမြင်ဆို ဘာမှအသုံးမဝင်တဲ့ ချုံပင်ပေါ့။ ဒါကြောင့် ဖြစ်မယ်နော်၊ ဆရာဇီဝကဟာ ဆေးဖက်မဝင်တဲ့ အပင်တစ်ပင်မှကို ရှာမတွေ့ခဲ့ဘူး ဆိုတာ"

"ဟုတ်တယ် ဆရာမရေ၊ ဒီကပ်စေးနဲ့ပင်ဆို ကျွန်တော့် ကိုယ်တွေ့ဗျို့။ အသီးရော အရွက်ပါ အပွန်ကို ဆေးစွမ်းထက်တယ်။ ဆရာမ ဒီအပင်ကို သေချာ ဓာတ်ပုံရိုက်ပြီး သုရဿမဂ္ဂဇင်းကြီးကနေ စာဖတ်ပရိသတ်ကို တင်ပြပေးပါဗျာ"

❐

ဆရာရွှေပြည်စိုး နေပြည်တော် ပြန်သွားခဲ့ပေပြီ။ ဆရာလာစဉ်က ဦးမောင်မောင်အေးမှာလည်း ကျန်းမာရေးအခြေအနေကြောင့် နေရာအနှံ့ လိုက်ပို့ချင်သော်လည်း လိုက်မပို့နိုင်ဘဲ ဝင်္ကြေးတော်ပြေဘုရားကိုသာ လိုက်ပို့ဖြစ်ခဲ့သည်။ ဧည့်ဝတ်မကျေသည်ကို အားနာမိပါသည်။

❐

ကပ်စေနဲ့ပင်အကြောင်း ရေးမည်ဆိုပြီး မှတ်တမ်းဓာတ်ပုံများရိုက်ထား၊ ထုတ်ထားသော်လည်း တော်ရုံနဲ့ မရေးဖြစ်ခဲ့ပေ။ ဆရာပြောပြတာ မေ့သွားတာတွေလည်း ရှိနေသောကြောင့် ဖြစ်ပါသည်။

❐

နေပြည်တော်မှ ဆရာ ဖုန်းဆက်လာသောအခါ ကပ်စေးနဲ့ပင် အသုံးဝင်ပုံ အသေးစိတ်ကို စာနဲ့ ရေးပေးလာပါဟု မှာရသည်။ ဆရာ ရေးလာပေးသည့်စာကို ရရှိသည်မှာ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယအပတ်ကတည်းက ဖြစ်ပါသည်။

သို့သော် ဆရာ၏ ကိုယ်တွေ့ အဖိုးထိုက်တန်လှသော အကြောင်းအရာ၊ အပေါ်ယံအမြင်တွင် တန်ဖိုးမဲ့ လမ်းဘေးချုံပင်၊ အမြင်နှင့် အထင်သေးသိမ်လှသော ထိုအညတြပင်၏ ဆေးအစွမ်းကို အခုမှကျွန်မရေးဖြစ်ခဲ့ပါသည်။

ဆရာ၏ စာတွင် ရေးသားထားသည်မှာ-

ဆရာမ ဒေါ်တင်တင်နွဲ့ ခင်ဗျား-

ဝက်ချေးပနဲအုပ်စု ကပ်စေးနဲ့အရွက် အသုံးဝင်ပုံကို ကျွန်တော် ပြောပြပါမယ်။ ကျွန်တော် မိုးကုတ်ကျောက်ဖျာမှာ တွင်းလုပ်နေစဉ်ကပါ။ အသက် (၁၀) ကျော်ပဲ ရှိပါသေးတယ်။ ဒူးခေါင်းမှာ အနီဖုကလေး ပေါက်လာပြီး အဲဒီအဖုကလေးဟာ အလွန်နာလာရင်း ပေါင်တန်းသွားခဲ့ပါတယ်။ ကွေးလို့မရအောင် နာတာပါ။ မိုးကုတ်အခေါ် သွေးစုနာလို့ သိရပါတယ်။ အဲဒီလို ပေါင်တန်းနေတာကို ကျွန်တော်နေတဲ့အိမ်ရဲ့ တောင်ဘက်က ဒေါ်ရင်ရဲ့သား မောင်မြင့်က မြင်တော့ ပြုံးနေပါတယ်။ အဲဒီတုန်းက မောင်မြင့်က (၁၀) တန်းကျောင်းသားပါ။

'လေးကျော်စိုး၊ ဘာဖြစ်တာလဲ'

လို့ မေးတော့ -

'သွေးစုနာပေါက်တာ'

လို့ ပြောပြပါတယ်။

အဲဒီမှာ-

'ကျွန်တော် ကုပေးမယ်'

လို့ ပြောပြီး ရွာအပြင်က ဝက်ချေးပနဲအုပ်စု ကပ်စေးနဲ့ရွက် လက်တစ်ဆုပ်စာခူးလာပြီး ကျွန်တော့်အိမ်မှာ ငရုတ်ဆုံသန့်သန့်နဲ့ ထောင်းပါတယ်။ ညက်သွားတော့ ဇွန်းကြီးကြီးထဲ အုန်းဆီနည်းနည်းထည့်ပြီး မီးကင်ပါတယ်။ ပွက်တယ်ဆိုတာနဲ့ ချပါတယ်။ အဲဒီမှာ ပလတ်စတစ်စကို ဝိုင်းဝိုင်းလေးညှပ်ပြီး ဆေးခပ်နွေးနွေးလေးပုံပါတယ်။ ပြီးတော့ အနာကိုကပ်ပြီး ပုဆိုးစုတ်နဲ့ ပတ်တီးစည်းပေးပါတယ်။ နောက်နေ့ အိပ်ရာထတော့ ရောင်နေတာရောနာနေတာပါ သက်သာ ပျောက်ကင်းနေပါပြီ။ ဆေးကိုခွာလိုက်တော့ အနာအဖုထိပ်က ပြည်ခဲကလေး ဆေးနဲ့အတူ ကပ်ပါလာပါတယ်။ ဒါနဲ့ ကျေးဇူးတင်လွန်းလို့ ကျေးဇူးတင်စကားပြောရပါတယ်။ မောင်မြင့်ကတော့ ထုံးစံအတိုင်း ပြုံးပြုံးနဲ့ပါ။

'မောင်မြင့်၊ မင်းဒီဆေးနည်း ဘယ်သူ့ဆီကရတာလဲ'

ဆိုတော့ -

'တရုတ်တစ်ယောက်ဆီကပါ' တဲ့။ သူ သွေးစုနာဖြစ်တဲ့အခါက ကုပေးလို့ ဒီဆေးနည်း ရထားတာပါတဲ့။ အဖိုးနည်းဝန်ပါ တစ်နိုင်ငံလုံးရှိတဲ့အပင်မို့ လူတိုင်း လက်လှမ်းမီပါတယ်။ ပြီးတော့ ဆရာမရေ ချိုင်းမှာပေါက်တဲ့ ကိန္နရီနာဆိုတာတွေ၊ ကျောမှာ ပေါက်တာတွေ၊ ခန္ဓာကိုယ်အနှံ့ပေါက်တဲ့ အနာမှန်သမျှ သွေးစုနာလို့ ခေါ်ကြတာပါ။ အဲဒီအနာဟာ ကူးစက်နိုင်စွမ်းရှိတယ်။ အရည်ထိတဲ့နေရာမှာ ပြန်ပေါက်တတ်တယ်။ ပြီးတော့ (၇)လုံးအထိ ပေါက်တတ်တယ်။ အဲဒီ ကပ်စေးနဲ့ဆေး တင်လိုက်လို့ကတော့ (၇) လုံးမပြောနဲ့ တစ်သက်လုံး အနာစိမ်းမပေါက်



www.burmeseclassic.com

www.burmeseclassic.com

တော့ပါဘူး။ မျိုးဆက်ပြတ်သွားတဲ့အထိ စွမ်းတာပါ။ ကျွန်တော် မိုင်းရှူးတောင်ပေါ်မှာ လူအများအပြားကို ဒီဆေးနဲ့ကယ်တင်ခဲ့ဖူးပါတယ်။ ဘယ်လောက်စွမ်းတယ်ဆိုတာ သိလာလိမ့်မယ်။

ပြီးတော့ ကပ်စေးနဲ့အသီး။ အဲဒါကလည်း အရမ်းစွမ်းပါတယ်။ ကျွန်တော် အိမ်ထောင်ကျပြီးစ (၃၀) ကျော်ကျော်မှာပဲ မြိုင်ကြီးလုပ်ကွက်မှာ ဖောက်တွင်းလုပ်တော့ အလွန်ရှည်တဲ့ ဆူးခက်ပင်တွေ ရှိပါတယ်။ အောက်ကိုမကြည့်ဘဲ အထက်ကိုမော့ကြည့်ပြီးသွားတဲ့အခါ အဲဒီဆူးခက်ကိုတက်နင်းမိပြီး ဖိနပ်ကိုဖောက်ကာ ခြေဖဝါးမှာစိုက်နေပါတယ်။ ဆူးတွေက (၂) လက်မလောက်ရှည်တဲ့ ဆူးခက်ကြီးတွေပါ။ ဆူးပင်ရဲ့ခြေရင်းမှာ အဲဒီလိုဆူးခက်တွေ အုံခဲနေတတ်ပါတယ်။ ဆူးခက်ကြီးကို ဆွဲနုတ်တဲ့အခါ အတော်နုတ်ယူရပါတယ်။ ညပိုင်းကျတော့ ခြေဖမိုးတစ်ခုလုံးကွဲမတတ်ရောင်တက်လာပြီး ခြေထောက်ရတာ အတော်နာလာပါတယ်။ ဆူးဆွေးမို့ ဆူးဖျားကျိုးကျန်ရစ်တဲ့အနာဖြစ်သွားတာပါ။

ဒါနဲ့ ရွာမှာ ဖွားပုဆိုတဲ့ အဘွားကြီးက ထမင်းနဲ့ နနွင်းရောပြီးနယ်၊ ငှက်ပျောဖက်နဲ့ မီးဖုတ်ပြီး အုံပေးပါတယ်။ အဲဒီလိုလုပ်လည်း မထူးခြားပါဘူး။ ဒါနဲ့ ကျွန်တော် မိုးကုတ်ကို ပြန်ပါတယ်။ ဆေးခန်းသွားပြတော့ ခွဲရမယ်တဲ့။ ဒါနဲ့ နောက်ဆေးခန်းပြောင်းပြတော့လည်း ခွဲရမယ်ပဲပြောတော့ကာ ဒီအတိုင်းပဲခွဲရမှာကြောက်လို့ ပေပြီးနေပါတယ်။

အဲဒီမှာ ဇနီး မေမာလာက-

'ဒါဆိုရင် ဖွားပါးဆီ သွားပြမယ်'

ဆိုပြီး အိမ်အနောက်ဘက်လမ်းလေးဆုံတည့်တည့်က ဖွားပါးဆီခေါ်သွားပါတယ်။ ဆေးကုတဲ့ တရုတ်အဘွားပါ။ ဈေးဆိုင်လေးလည်းတည်ထားပါတယ်။ ဖြစ်ကြောင်းကုန်စင်မေးပြီး -

'ဆူးကျန်နေတာပေါ့။ ခဏစောင့်'

ဆိုပြီး အသီးလေးတွေ လက်တစ်ဆုပ်နီးနီး ခူးလာပြီး ကျောက်ငရုတ်ဆုံနဲ့ တချောက်ချောက်ထောင်းပါတယ်။ ဘာသီးရယ်လို့တော့ မပြတော့ မသိပါဘူး။

စေးကပ်စေးကပ်နဲ့ ပျစ်တွဲတွဲ အသီးထောင်းကို အနာဝခြေဖဝါးမှာ အုံပေးတော့ ကော်လို ကပ်ပါတယ်။ ပြီးမှ ပလတ်စတစ်ဝိုင်းဝိုင်းလေး အပေါ်မှာကပ်ပြီး ပတ်တီးစည်းပေးလိုက်တာပါပဲ။ ပိုက်ဆံတော့ မကန်တော့ခဲ့ပါဘူး။

မနက်မိုးလင်းတော့ ရောင်တာ၊ နာတာ လုံးဝ မရှိတော့ပါဘူး။ မြန်လိုက်တာ၊ ယူပစ်သလား အောက်မေ့ရပါတယ်။ ဖွားပါးဆီသွားပြီးပြတော့ ပတ်တီးဖြေပြီး ကပ်စေးတဲ့ အသီးထောင်းကိုခွာလိုက်တော့ အဲဒီအစေးရဲ့ထိပ်ဖျားမှာ ပြည်ကလေးနဲ့အတူ ဆူးမည်းမည်းလေးပါလာတာပါပဲ။ ပြည်ဟာ အတောင့်လိုက်ကလေးပါ။ အတော်အံ့ဩစရာကောင်းတဲ့ ဆေးနည်းပါ။

ဒါနဲ့ဘာအသီးလေးတွေပါလိမ့်ဆိုပြီး သတိထားကြည့်တော့ အမွေးအမှင်လေးတွေနဲ့ ကပ်စေးနဲ့အသီးလေးတွေ ဖြစ်နေတာပါပဲ။ ဒါနဲ့ ကျွန်တော်က ကျေးဇူးတင်လွန်းလို့ မင်္ဂလာဆောင်စဉ်က လက်ဖွဲ့ရထားတဲ့ ရက်ကန်းသည်ပုံ၊ ဗိုလ်ချုပ်ခေါင်းပုံပါတဲ့ ဦးနုခေတ်က ပိုက်ဆံ ငါးကျပ်တန် (၁၀)ရွက်တိတိ ကန်တော့တော့ ဖွားပါးက ဝမ်းသာလွန်းလို့ ဆုတွေပေးပါတယ်။ ဒါက ကိုယ်တွေ့ပါ။

ဆရာမရဲ့အတတ်ပညာနဲ့ဆိုင်းဝိုင်း ဖွဲ့နွဲ့ပြီး ရေးပြပါ။ အကျိုးပြုဆောင်းပါးတစ်ပုဒ်ဖြစ်လာမှာ သေချာပါတယ်။ ဆရာမလည်း ကြုံရင် သုံးကြည့်ပါ။

*ချမ်းမြေ့ကြပါစေ*
*ရွှေပြည်စိုး(မိုးကုတ်)*

ဆရာ၏ ကိုယ်တွေ့စာကို အရင်းအတိုင်း တင်ပြရခြင်း ဖြစ်ပါသည်။ ဆောင်းရာသီ လမ်းဘေးပေါက်အပင်များကျချိန်တွင် ကပ်စေးနဲ့ပင်ကို ရှားရှားပါးပါး ရှာဖွေခတ်ပုံမှတ်တမ်းတင်ရသော်လည်း ယခုလိုမိုးရာသီတွင်မူ လမ်းဘေး တစ်ဖက်တစ်ချက် ပေါများစွာပေါက်နေကြပြီဖြစ်သည်။

ခရီးဆောင် မြန်မာအဘိဓာန်စာအုပ်တွင် ဝက်ချေးပနဲကို (၁) အရိုးအခက်ကို တံမြက်စည်းလုပ်ရသောအပင်နိမ့်တစ်မျိုး၊ (၂) ရွှေတံတိုင်းပင်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကပ်စေးနဲ့ကို နာမ်အနေနှင့် တွယ်ကပ်တတ်သောအသီးရှိသည့် အပင်ငယ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဟုတ်ပါသည်။ တကယ်ကို တွယ်ကပ်တတ်ပါသည်။ အသီးနုစဉ်မတွယ်ကပ်နိုင်ပါ။အသီးတစ်လုံးတွင် အမြွှာငါးမြွှာပါသည်။ နုစဉ် အသီးခွံမှ စုတ်ဖွားမွေးများပျော့သော်လည်း ရင့်၍ ခြောက်သွားသောအခါ စုတ်ဖွားမွေးများမာလာပြီး အမြွှာများကွဲထွက်ကာ ထိုချိတောထဲတိုးမိပါက လုံချည်တွင် အသီးမြွှာများ ကပ်ပါလာမည် ဖြစ်သည်။

အပွင့်သည် ခေါင်ရန်းပန်းအသေးစားလေးပမာဖြစ်သည်။ နုဖပ်လွန်းသည်။ မနက် ပွင့်၊ ညနေ ညှိုးသည်။

အရွက်သည် အမွေးစုတ်စုတ်နှင့်ကြမ်းသည်။

လမ်းဘေးများတွင် အလေ့ကျပေါက်လေ့ ရှိသည်။ အလိုရှိသူများသွားလာရင်း ဂရုစိုက်ကြည့်ပါက ထိုကပ်စေးနဲ့ပင်များကို အလွယ်တကူမြင်တွေ့နိုင်ပေသည်။

စာဖတ်ပရိသတ်များ ကပ်စေးနဲ့ပင်ဆေးအစွမ်းနဲ့ သွေးစုနာဝေဒနာများ၊ ဆူးကျန်ဝေဒနာများမှ ကင်းဝေးပြီး ကျန်းမာခြင်းဆုလာဘ်နှင့် ပြည့်ဝကြပါစေ။

*ဆရာရွှေပြည်စိုး(မိုးကုတ်)သို့ ကျေးဇူးတင်စွာဖြင့်*

တင်တင်နွဲ့
(ရန်ကုန်တက္ကသိုလ်)




www.burmeseclassic.com


www.burmeseclassic.com

ဝေစည်(ရွှေဘို)

# ခွေးလေးယားအနုက်အဆိပ်ဖြေသီး



ခွေးလေးယားအသီးများ



ခွေးလေးယားအစေ့နှင့်အရွက်များ

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏ ဟူသော ဆိုရိုးစကား ရှိထားပါသည်။ သမားတော်ကြီး ဇီဝကပင်လျှင် ဆေးဖက်မဝင်သော အပင်ကို မတွေ့ဘူးပါဟု ဆိုထားပါသည်။

တိုက်နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေသော တပည့် ဆရာဝန်လေးက ပဲသီးတောင့်လေးများယူလာပါသည်။ ဤပဲသီးတောင့်လေးများကိုပြုတ်ပြီး သောက်လာခဲ့သော မြွေကိုက်လူနာမှာ မြွေဆိပ် လုံးဝမတက်ကြောင်း၊ သူ့ကို ကိုက်သော မြွေကိုလည်း ရိုက်သတ်ယူလာကြပြီး မြွေစွယ်ရာများကိုပါ တွေ့ရသဖြင့် သာ မြွေကိုက်ခြင်းဟုသိရပါကြောင်း၊

မြွေကိုက်ဒဏ်ရာပေါ်သို့ ပဲသီးတောင့်အစိမ်းများကို လူနာကိုယ်တိုင် ကြေကြေညက်ညက်ဝါးပြီး ဝါးဖတ်ဖြင့် အုံပေးပါသည်။ အရည်ကို မျိုချပါသတဲ့။ တဲအတွင်း မီးဖိုပေါ်မှ ပွက်ပွက်ဆူနေသောရေနွေးအိုးက အဆင်သင့်ရှိနေရာ ပဲသီးတောင့်များထည့်ပြီး ပြုတ်ထားသောအရည်ကိုသောက်ပါသတဲ့။ စိတ်ချရအောင်ဆိုပြီး ဆိုင်ကယ်ပေါ်တင်ပြီး (လူနာကို အလယ်ကထားပြီး သုံးယောက်စီးလာကြပါသည်။) ဆေးရုံအရောက်ပို့ကြခြင်းဖြစ်ပါသည်တဲ့။

ဆရာဝန်လေးက ထိုပဲတောင့်လေးကို ယခုမှ မြင်ဖူး၊ ကြားဖူး၊ တွေ့ခြင်းဖြစ်ရာ ကျွန်မက ထိုပဲတောင့်အကြောင်းကို ရှင်းပြလိုက်ရပါသည်။

ထိုပဲသီးတောင့်ကလေးသည် ဘော်ကုက္ကိုသီးနှင့်တူပြီး အနက်ရောင်ရင့်ရင့်ဖြစ်ကာ အစေ့ (၄) (၅) စေ့ပါတတ်ပါသည်။ အစေ့လေးပေါ်မှာရှိတဲ့ (SEED COAT) MICROPYLE မှာ အဝါရောင်ရှိပြီး ဆက်ရက်ငှက်ငယ်၏ပါးစပ်နှင့် တူပါသည်။

ထိုပဲသီးတောင့်ကို ဒေသအခေါ်အားဖြင့် ခွေးလေးယားသီးအနက်ဟု ခေါ်ပါသည်။

ရုက္ခဗေဒအမည် - MUCUNA PRU-RIENS VAR UTILIS။ အင်္ဂလိပ်ဘာသာဖြင့် COW-HEDGE OR-COW-ITCH PLANT။ ဟင်ဒီဘာသာဖြင့် KAVANCH။ တရုတ်ဘာသာဖြင့် AUNG LAUK။ မွန်ဘာသာဖြင့် PW-EKON CLAW။ ပါဠိဘာသာဖြင့် ကဏ္ဍုရ၊ ကပိကစ္ဆု၊ မက္ကဋီဟု ခေါ်ဆိုကြ၏။ မြန်မာနိုင်ငံတွင် ရခိုင် စစ်တွေ၌ ပဲတက်အနက် (ဝါ) ခွေးရေးပဲ။ချင်းတောင်တွင် ရာ၊ ယုံနစ်၊ ဘူရှူး။မန္တလေးတွင် ဖေ့ငယ်ပဲ၊ ခွေးလေးပဲဟု ခေါ်ကြပါသည်။

ပဲတောင့်သည် အလျား (၃) လက်မရှိပြီး အနံ လက်ညှိုးလုံးခန့်ရှိပါသည်။

၁၉၁၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် TROPICAL AGRICULTURIST မဂ္ဂဇင်းတွင် ထိုပဲသီးကို ကျွဲ၊ နွား၊ မြင်းများအားကျွေးလျှင် ရောဂါကင်း၍ ဝဖြိုးသန်မာစေကြောင်း၊ လူများအတန်အသင့်စားသုံးလျှင် အားဆေးတစ်မျိုးဖြစ်ကြောင်း၊ များစွာစားသုံးပါက ဝမ်းလျှောဝမ်းသက်စေကြောင်း ဖော်ပြထားပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယင်းပဲနုနုခူးပြီး ပြုတ်သုပ်စားကြ၊ ကြော်စားကြ၊ ချက်စားကြပါသည်။ အဆိပ်ဖြေဆေးအဖြစ်အများဆုံး သုံးကြပါသည်။ မြွေ့ကင်းစသည် ကိုက်လျှင် အသီးနုနုကို ပြုတ်ပြီး အရည်သောက်ကြ၊ ပြုတ်ပြီး အသီးနုကို နှမ်းလှော်၊ မြေပဲလှော်၊ ကြက်သွန်ဖြူဆီချက်တို့ဖြင့် သုပ်စားကြခြင်းဖြင့် မြွေဆိပ်၊ ကင်းဆိပ်များ သက်သာ ပျောက်ကင်းစေပါသည်။

ဤခွေးလေးယားအနက်ကို စားသုံးလျှင် ဝမ်းသက်စေပါသည်။ တန်ဆေး လွန်ဘေး ဆိုသော အဆိုနှင့်အညီ သင့်တင့်မျှတစွာ စားသုံးသင့်ပါသည်။

ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းပုစွန်ခေါ် ကင်းမလက်မည်းဟု သုံးမျိုးရှိရာ လူတိုင်း ကင်း (၁) မျိုးပြီးကြပါသည်။ ထိုကင်းသုံးမျိုးမှ ကင်းခြေများ ကိုက်ခံရပြီး ကင်းပြီးလျှင် အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ကြွက်တက်ခြင်းများဖြစ်တတ်ရာ ဤခွေးလေးယားသီးနက်အတောင့်ကို ပြုတ်၍သောက်ခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

မိမိတို့ လက်တစ်ကမ်းတွင် ရနိုင်သော ကျေးလက်ဟင်းတစ်မျိုးဖြစ်သော ဤအဆိပ်ဖြေဆေးကို သုံးစွဲကြည့်ကြပါဟု တိုက်တွန်းလိုက်ပါသည်။

မှတ်ချက်။ ။ *ခွေးလေးယားသီးပင်သည် နွယ်ပင်အမျိုးအစား ဖြစ်ပါသည်။*

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလကား ၁၉၅၀ပြည့် နှစ်က ဖြစ်ပါသည်။ အညာဒေသ ရှားစောင်းရွာတွင် နေထိုင်ကြသော ရွာသူရွာသားများသည် လယ်ယာ လုပ်ငန်းဖြင့် အသက်မွေးကြသည်။ ကိုမောင်ဟန်တို့ မိသားစုသည်လည်း အများနည်းတူ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ကိုမောင်ဟန် တို့မိသားစုသည်လည်း အများနည်း တူ လယ်ယာလုပ်ငန်းဖြင့်ပင် အသက် မွေးကြသည်။

ကိုမောင်ဟန်၏ဇနီး မချော ယဉ်က နာမည်နှင့်လိုက်အောင် ချော လည်းချော၊ ယဉ်လည်းယဉ် ဆိုသကဲ့ သို့ အပျိုဘဝတုန်းက ရှားစောင်းရွာ တစ်ရွာလုံး မချောယဉ် အလှဆုံးလို့ ပြောရလောက်အောင် ရှားစောင်းရွာ တွင်သာမက ရွာနီးချုပ်စပ်ရွာများဖြစ် သည့် ပိတောက်တန်း၊ စမ်းကောက်၊ အလယ်ကန်ရွာများတွင်လည်း မချော ယဉ်၏ အချောအလှသတင်းက ကာ လသားတို့နှုတ်ဖျားတွင် အချိန်ပြည့်ရှိ နေသည်။ မိဘနှစ်ပါးမှာလည်း ချမ်း သာကြွယ်ဝကြသည့်အလျောက် တစ် ဦးတည်းသော သမီးလေးကို အစစ အရာရာ လိုလေသေးမရှိအောင်ထား သည့်ကြားမှ ကိုမောင်ဟန်နောက် ကောက်ကောက်ပါအောင် လိုက်ပြေး ခဲ့သည်။

ဘယ်လိုမှ မထင်မှတ်သည့်အ ဖြစ်နှင့် ကြုံရသော မိဘနှစ်ပါးမှာ ယမ်းပုံမီးကျ ဒေါသဖြစ်ကြသည်။ သို့သော် ရွာမိရွာဖတို့မှ ဖျောင်းဖျ တောင်းပန်သောကြောင့် မောင်မယ်စုံ ကန်တော့ခြင်းကို ကျေနပ်လက်ခံခဲ့ ကြသည်။ ကိုမောင်ဟန်၏ မိဘနှစ် ပါးက ကိုမောင်ဟန် ရှင်လိုင်ပြန်တစ် နှစ်အကြာ ကျောက်ရောဂါဖြင့် ကွယ် လွန်ကြသည့်နောက် ကိုမောင်ဟန်၏ အစ်မ မသိန်းခင်က အစ်မကြီး အမိ အရာဆိုသလို ကျွေးမွေးစောင့်ရှောက် ခဲ့သည်။ မသိန်းခင်၏ ခင်ပွန်း ကို ထွန်းသာကလည်း သဘောမနော ကောင်းသည့်အားလျော်စွာ ယောက် ဖဖြစ်သူ ကိုမောင်ဟန်အား ညီတစ် ယောက်ပမာ အစစအရာရာ ကူညီ စောင့်ရှောက်ခဲ့သည်။



ကိုမောင်ဟန်၊ မချောယဉ်တို့ ဇနီးမောင်နှံ နှစ်ယောက်ကတော့ ဘဝတစ်ခုကို နှစ်ယောက်ပေါင်းကြ၍ တည်ဆောက်ကြခြင်း လောကဓံကို ရင်ဆိုင်ခဲ့ကြသည်။ ကိုမောင်ဟန်က အသောက်အစား ကင်းသလောက် သဘောကောင်း ရိုးသားသည်။ ကို မောင်ဟန်၏ ထူးခြားသော မွေးရာပါ ဗီဇစိတ်ရင်းက တစ်ဖက်သားကို အလွန်သနားတတ်သည်။ တစ်နေ့ လယ်တောကအပြန် လမ်းတွင် အား ပြတ်လဲနေသော ခွေးပေါက်စလေး တစ်ကောင်ကိုတွေ့ရသည်။ ကိုမောင် ဟန်ကိုမြင်တော့ ခွေးပေါက်စလေးက အားပြတ်နေသည့်ကြားမှ အမြီးကိုနှန့် ပြရှာသည်။

ကိုမောင်ဟန်က သနားတတ် သူပီပီ ခွေးပေါက်စလေးကို လက်တစ် ဖက်ဖြင့်ပွေ့၍ အိမ်သို့ ခေါ်လာခဲ့ သည်။ အိမ်ရောက်တော့ သူ့ဇနီး မချောယဉ်က သူ့အား ဒုက္ခရှာရန် ကော ဟူသည့် အကြည့်ဖြင့် ကြည့် လိုက်သောကြောင့် ကိုမောင်ဟန်က-

“သတ္တဝါရဲ့အသက်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ကယ်ကောင်းပါတယ်ကွာ။ ညဦးက ကျန်တဲ့ ထမင်းကြမ်းကို ထမင်းရည် လေးထည့်ပြီးယူခဲ့ပါကွာ"

မချောယဉ်က ကိုမောင်ဟန် ပြောသည့်အတိုင်း ဆောင်ရွက်ပေး လိုက်သည်။

"ဒီခွေးလေးကို လမ်းပေါ်က ကောက်ရလို့ ကောက်ရခေါ်ကြတာ ပေါ့ကွယ်"

❒

ခွေးပေါက်စလေး ကောက်ရ ကိုမောင်ဟန်တို့အိမ်ရောက်သည့်နေ့ မှစ၍ အစာရေစာ ဝဝလင်လင် စား ရသောကြောင့် သုံးလအကြာတွင် အားအင်ပြည့်ဖြိုးလာ၍ ဝဝကစ်ကစ် ဖြစ်လာသည်။ ကိုမောင်ဟန်လယ်ထဲ ကိုင်းထဲသို့ သွားတိုင်း ကောက်ရ အမြဲ





www.burmeseclassic.com

www.burmeseclassic.com

တမ်း လိုက်သည်။ အထူးသဖြင့် ကိုမောင်ဟန်၏ ခြံပေါက်ခိုင်းနွားတစ်ရှဉ်းကို အလွန်ခင်သည်။ နေ့လယ်နေ့ခင်း နွားကျောင်းစားကျက်တွင်လည်း နွားနှစ်ကောင်နောက်သို့ တကောက်ကောက် လိုက်နေတတ်သည်။ယခုတော့ ကောက်ရ ကိုမောင်ဟန်တို့အိမ်ရောက်လာသည်မှာ တစ်နှစ်ကျော်ခဲ့ပြီ ဖြစ်သောကြောင့် သန်မာ ထွားကျိုင်းလာသည်နှင့်အမျှ ကိုမောင်ဟန်၊ မချောယဉ်တို့အတွက် အားကိုးရသော ခွေးဖာစ်ကောင် ဖြစ်လာသည်။

တစ်ခုသော လကွယ်ည သန်းခေါင်ယံအချိန် ဖြစ်သည်။ မိုးဦးကျဖြစ်သည့်အားလျော်စွာ ကောင်းကင်ပြင်တစ်ခုလုံး မိုးသားတိမ်လိပ်တို့ဖြင့် အုံ့မှိုင်းနေသည့်အတွက် ကြယ်ရောင်များလည်း လင်းလက်ခွင့် မရကြပေ။ တစ်ရွာလုံး အိပ်မောကျနေချိန်တွင် ကောက်ရ၏ ဟောင်သံက ဖြိုခွင်းလိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

"ကိုမောင်ဟန်၊ ကိုမောင်ဟန် နောက်ဘေး နွားတင်းကုပ်ဆီက ကောက်ရ ဟောင်သံကြားတယ်"

"တိုးတိုးပြော ချောယဉ်၊ ငါလည်းကြားတယ်။ အောက်ကို ရမ်းဆင်းလို့ မဖြစ်ဘူး။ သူခိုးလား၊ ဓားပြလား တစ်ခုခုတော့ဖြစ်ဖို့ သေချာတယ်။ ခဏအခြေအနေစောင့်ကြည့်ရအောင်"

ကိုမောင်ဟန် စကားမဆုံးမီ ကောက်ရ အိမ်ပေါ်ကြမ်းပြင်သို့ ပြေးတက်လာပြီး ကျူထရံတံခါးကို သူ့ဦးခေါင်းဖြင့် အတင်းဆောင့်တွန်းတော့သည်။

"ဟာ - ကောက်ရ တံခါးကို ခေါင်းနဲ့တိုးနေတယ်၊ အန္တရာယ်တော့ ရှိနေပြီ။ တံခါးကိုဖွင့်လို့မဖြစ်သေးဘူး။ ငါ နောက်ဘက် ပြတင်းပေါက်ကနေ အခြေအနေကိုအကဲခတ်လိုက်ဦးမယ်"

"တော်ကလည်း၊ စဉ်းစဉ်းစားစားပြောပါ။ ဒါလောက် မှောင်ပိန်းနေတာ ဘယ်လိုလုပ်မြင်ရမှာလဲ"

"ခြေသံတွေဘာတွေကြားရမလားလို့ပေါ့ကွ"

ထိုခဏ၌ ကောက်ရအိမ်ပေါ်မှ အပြေးဆင်းသွားပြီး နွားတင်းကုပ်မြောက်ဘက် သရက်ဥယျာဉ်ဆီသို့ ဟောင်နေပြန်သည်။ ကိုမောင်ဟန် မီးအုပ်ဆောင်းကို အမြန် ထွန်းပြီး လက်တစ်ဖက်မှ ကိုင်းခုတ်ဓားရှည်ကိုင်၍ မချောယဉ်နှင့်အတူ နွားတင်းကုပ်သို့ ဆင်းကြည့်ကြသည်။ တင်းကုပ်ထဲတွင် နွားတစ်ရှဉ်းလုံး မရှိတော့ပေ။

"ဟာ- တို့နွားတွေသူခိုးနောက်ပါသွားပြီ၊ သူခိုးဗျို့ သူခိုး၊ သူခိုး. ."

ကိုမောင်ဟန်၏ အော်ဟစ်သံကြောင့် အိမ်နီးနားချင်းများ နိုးကုန်ကြကာ မီးအုပ်ဆောင်းကိုယ်စီ တုတ်ဓားများ ကိုင်ဆွဲ၍ ကိုမောင်ဟန်တို့ အိမ်ဝိုင်းထဲသို့ စုရုံးရောက်လာကြပြီး အကြောင်းစုံ မေးမြန်းကြစဉ် တစ်ကိုယ်လုံး သွေးအလူးလူးဖြင့် ပြန်လာသော ကောက်ရကို တွေ့လိုက်ရသည်။

"ဟာ- ကောက်ရကို သူခိုးက ဓားနဲ့ ခုတ်လွှတ်တာဗျ။ ဒီအနီးအနားမှာပဲ"

အိမ်နီးချင်း ကိုဖိုးခင်၏ စကားမဆုံးမီ ကောက်ရ ရွာမြောက်ဘက် သရက်တောဆီသို့ ပြန်ပြေးသောကြောင့် ကိုမောင်ဟန်နှင့် ရွာသားများ ကောက်ရပြေးရာနောက်သို့ မီးတုတ်၊ ဓား၊ လှံ ကိုယ်စီကိုင်၍ လိုက်သွားကြရာ ကန်ကြီးတန်းလန်းနှင့် နွားနှစ်ကောင်အနီးတွင် ဓားဒဏ်ရာနှင့် သေနေသော ကောက်ရကို တွေ့လိုက်ကြရသည်။

"သူခိုးတွေက ကျုပ်တို့ ဝိုင်းလိုက်လာမှန်းသိလို့ နွားနှစ်ကောင်ထားခဲ့ပြီး ကောက်ရကို ဓားနဲ့ ခုတ်ပစ်ခဲ့တာဗျ။ ဒီကောင်တွေ တော်တော်လူစိတ်ကင်းမဲ့တဲ့ကောင်တွေ"

"ဟာ - ရာကျော်ကလည်း၊ လူစိတ်ကင်းမဲ့လို့ သူခိုး၊ ဓားပြဖြစ်နေတာပေါ့ကွ"

ကိုမောင်ဟန်က ဓားဒဏ်ရာဖြင့်အသက်ပျောက်နေသည့် ကောက်ရကိုကြည့်ရင်း ဝမ်းနည်းကြေကွဲစွာ ခံစားနေရသည်။ရွာလူကြီးဦးဖိုးမောင်က ရွာသားများအား-

"ရွာစည်းတန်းမလုံတဲ့နေရာတွေကို ဆူးတာ(ဆီးကိုင်း)တွေ ထပ်ပြီး ပြင်ကြရမယ်။ ညတိုင်း အလှည့်ကျကင်းစောင့်မှဖြစ်မယ်"

မည်သို့ဖြစ်စေ ကိုမောင်ဟန်၊ မချောယဉ်တို့က သခင်အပေါ် သစ္စာရှိသော ကောက်ရကို နှမြောတသကြသည်။ အထူးသဖြင့် ကိုမောင်ဟန်လယ်ထဲကိုင်းထဲသွားလျှင် လူရောနွားပါ အမြဲတမ်း လိုက်ပါစောင့်ရှောက်တတ်သော ကောက်ရကို မျက်စိထဲမြင်ယောင်နေမိကြသည်။

"ကျုပ်ကတော့ ကောက်ရသွားတာလာတာပဲ မြင်ယောင်နေတယ်"

"ဘယ်တတ်နိုင်မှာလဲ မချောယဉ်။ သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

သူတို့အိမ်က ရွာမြောက်ပိုင်းအစွန်တွင်ရှိနေသည့်အတွက် အိမ်နောက်ဘက် စည်းရိုးတန်းများကို ဆူးခတ်များနှင့် ကာထားပြီး နွားတင်းကုပ်ကို သစ်သားပြားများနှင့် ခိုင်ခံ့အောင် ရိုက်ထားလိုက်သည်။ နွားအသွင်း၊ အထုတ်တံခါးပေါက် (ယင်းမလျှိုပေါက်) ကို သစ်သားချောင်းထိုး၍ သပ်ချထားသဖြင့် နွားသူခိုးများရန်မှ ကင်းဝေးနိုင်သည်။

"ကိုမောင်ဟန်၊ တော် မနက်ဖြန်ကျရင် ကံလည်ရွာကို နှမ်းဖိုးငွေသွားယူမလို့ဆို။ သွားရင်လည်း စောစောသွားပါလား။ တော်ကြာ အပြန်မိုးချုပ်နေမယ်။ အဖော်ရအောင် တော့်ယောက်ဖ အစ်ကိုကြီးထွန်းသာကို ခေါ်သွားပါလား"

မချောယဉ်က ကိုမောင်ဟန်အား စိုးရိမ်စိတ်ဖြင့် သတိပေးပြောလိုက်သည်။

"ငါလည်း သူ့ကိုခေါ်ဖို့ စဉ်းစားပြီးသားပါ။ ပြီးတော့ ရှားစောင်းရွာနဲ့ ကန်လည်ရွာက အသွား၊အပြန် လေးနာရီလောက်ပဲကြာတာ"

"ကန်လည်ရွာကအမျိုးတွေကရောက်တုန်း တစ်ညတလေ အိပ်ပါလားလို့ ပြောလည်း အိပ်မနေနဲ့နော်။ အိမ်မှာက ကျုပ်တစ်ယောက်တည်း မနေရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်ဟန်က သူ့ကို စိတ်မချနိုင်၍ တတွတ်တွတ်မှာနေသော မချောယဉ်အား နှစ်သိမ့်စကားဖြင့်-

"စိတ်ချပါ ချောယဉ်၊ ကျုပ်နေ့ချင်းရောက်အောင်ပြန်ခဲ့မယ်"

❐

"ဟဲင်- ကိုမောင်ဟန်၊ အဲဒီနွားက ဘယ်သူ့နွားလဲ"

"ငါ့လက်ထဲကနွား ငါ့နွားပေါ့ဟ"

"တော် - ဘယ်လို ဘယ်လို၊ ကျုပ် နားမရှင်းပါဘူး"

မချောယဉ်က ကိုမောင်ဟန်ကို နားမလည်သည့် မျက်ဝန်းတစ်စုံဖြင့် ကြည့်လိုက်သည်။

"ဒီလို ချောယဉ်ရေ၊ ကန်လည်ရွာမှာ နှမ်းရောင်းထားတဲ့ ငွေယူပြီး အပြန်မှာ အဲဒီရွာက ဘမှိန်နဲ့ပေါက်စတို့ အမဲပေါ်ဖို့ နွားတစ်ကောင်ဆွဲလာတာတွေ့လို့ အကျိုးအကြောင်း မေးကြည့်တော့ အမြတ်ရရင် ရောင်းမယ်ပြောတာနဲ့ အမြတ်ပေးပြီးဝယ်ခဲ့တာ။ အသက်တစ်ချောင်း ကယ်ကောင်းပါတယ်"

"ဒါဆိုရင် နွားတစ်ကောင် ပိုနေမှာပေါ့"

"ကိုထွန်းသာက သူ့နွားတစ်ကောင်ရောင်းထားလို့ ငါ့နွားတစ်ကောင်ကို သူလှည့်ဝယ်ဖို့ ပြောထားတယ်"

"ဒါဆိုလည်းပြီးရော"

မချောယဉ်က အိမ်ပေါ်မှ ရေတစ်မှုတ်ခပ်ယူလာပြီး ကိုမောင်ဟန်အား ပေးလိုက်သည်။ ကိုမောင်ဟန်က ဝယ်လာသောနွား၏ ကျောကုန်းပေါ်သို့ ရွှေရေ၊ ငွေရေသဘောမျိုး လောင်းချလိုက်သည်။

"ကဲ. . . ဖေ့သားကြီး၊ မင်းအသက်ဘေးက လွတ်လာပြီ။ ငါ့လက်ထဲမှာ ချမ်းချမ်းသာသာနေပေတော့"

ကိုမောင်ဟန်က ရေမှုတ်ကို မချောယဉ်အား ပြန်ပေးလိုက်သည်။ မချောယဉ် နွားကိုကြည့်ရင်း-

"နွားက အစာမဝလို့ ပိန်နေပေမယ့် အမွေးကတော့ နီရဲနေတာပဲနော် ကိုမောင်ဟန်"

"အေးကွ၊ သူ့ခြေထောက် ခွာဆစ်တွေကအစ အနီရောင်ဆိုတော့ ရိုးနီလို့ခေါ်မယ်ကွာ"

ထိုခဏ၌ ရွာတောင်ပိုင်းမှ ဦးသာဝ ရောက်လာသည်။

"သတ်မယ့်ဆဲဆဲ နွားတစ်ကောင်ကို ဝယ်လာတယ်ကြားလို့လာကြည့်တာ။ တော်ကြာ ခိုးရာပါနွားဖြစ်နေမှာစိုးလို့"

"မဟုတ်ဘူး ဘကြီး၊ ကန်လည်ရွာက ထန်းသမား ဖိုးနီရဲ့နွားပါ"

"ဒါဆိုလည်း ရှင်းပါတယ်။ သူ့တစ်ပါးအသက်ကိုကယ်တာ အလွန်မွန်မြတ်တဲ့အလုပ်ပါ။ ပြီးတော့ မောင်ဟန်ကတော့ သူတစ်ပါးကို သနားတတ်တဲ့နေရာမှာတော့ ရွာမှ ရှားပါကွာ"

"ဟုတ်ပ့ါ ဦးကြီးရယ်၊ ဟိုတစ်လောက တောထဲမှာ မျက်စိလည်လမ်းမှားလာတဲ့ လူတစ်ယောက်ကိုတွေ့လို့ သူ့ထမင်းထုပ်ကျွေးလိုက်တဲ့အပြင် အဲဒီလူမှာ အကျႌမပါလို့ သူ့အကျႌကို ချွတ်ပေးလိုက်တယ်တဲ့"

"ချောယဉ်ရယ်၊ နင်ကိုယ်ချင်းစာကြည့်စမ်းပါ။ ထမင်းဆာတဲ့အထဲ ကျောတပြောင်ပြောင်နဲ့ ဘယ်လောက်နေပူလိုက်မလဲ။ သနားဖို့ကောင်းတယ်"

❐

ကိုမောင်ဟန်၊ မချောယဉ်တို့၏ စီးပွားရေးက နွားကြီး ရိုးနီ ရောက်သည့်နေ့မှစ၍တဖြည်းဖြည်း တစ်စတစ်စ ပြောင်းလဲ တိုးတက်လာသကဲ့သို့ နွားကြီးရိုးနီမှာလည်း ရောက်စကလို နံရိုးအပြိုင်းပြိုင်းနှင့် မဟုတ်တော့ဘဲ စိုစိုပြည်ပြည် ဝဝဖိုးဖိုး လေးဖက်လေးတန် တောင့်တင်းသော နွားတစ်ကောင် ဖြစ်လာသည်။ ရိုးနီ၏ ထူးခြားချက်မှာ ကိုမောင်ဟန်ကိုမမြင်လျှင် တဘူးဘူး အော်မြည်နေတတ်သည်။

"ကိုမောင်ဟန်၊ တော် ကိုင်းထဲကိုသွားရင် ညနေမိုးချုပ်အောင်မနေနဲ့ စောစောပြန်လာနော်"

ဟိုတစ်လောက ကျောက်တံခါးရွာက ကိုင်းထွန်နေတဲ့ လူကို ဓားပြတွေက သေနတ်နဲ့ချိန်ပြီး နွားတွေကိုဆွဲသွားလို့တဲ့။ တော့်ကို စိတ်မချလို့ပြောတာ သတိဝီရိယနဲ့ သွားနော်"

မချောယဉ် သတိပေးစကားပြောမှ ကိုမောင်ဟန် ညက သူ့အိပ်မက်ကို သတိရသည်။ အိပ်မက်ထဲတွင် ရဲရဲတောက်နေသော မီးစတစ်ခုက ကိုမောင်ဟန်ဆီသို့ ဦးတည်လာနေသည်ကိုတွေ့လိုက်ရသောကြောင့် သူအတင်းထပြေးရန်ပြင်လိုက်သည်။ သို့သော် သူတစ်ကိုယ်လုံး လုံးဝလှုပ်ရှားမရပေ။ မီးစကြီးက သူ့ရင်ဘတ်နှင့် နီးလာပေပြီ။ ကိုမောင်ဟန် အသက်ရှူမဝအောင် မွန်းကျပ်လာသည်။ ထိုခဏ၌ တစ်ဦးတစ်ယောက်က ထိုမီးစကြီးကို ဟန့်တား ဆွဲယူလိုက်သကဲ့သို့ ရုတ်တရက် ပျောက်ကွယ်သွားသည်။ အိပ်မက်မှ လန့်နိုးတော့ ကိုမောင်ဟန်တစ်ကိုယ်လုံး ဇောချွေးများရွှဲနစ်နေသည်။

'အိပ်မက်က မက်ချင်ရာ မက်တာပဲလေ'

ဟု တွေးရင်း ရွာမြောက်ဘက်ကိုင်းကွက်ရှိရာသို့ နွားနှစ်ကောင်ကို မောင်းလာခဲ့သည်။ ကိုင်းကွက်မရောက်ခင် တစ်ပင်စမ်းကွေ့သို့အရောက် ဝါးရုံတောထဲမှ ရုတ်တရက် လူနှစ်ယောက် ထွက်လာပြီး တစ်ယောက်က ကိုမောင်ဟန်အား သေနတ်ဖြင့် ချိန်ထားလိုက်သည်။

"ဟေ့ကောင်၊ ခုခံမယ်မကြံနဲ့။ လောလောဆယ် မင်းခါးကြားမှာထိုးလာတဲ့ဓားကို ဟိုဘက်နားမှာ ချွတ်ထားလိုက်၊ နွားတွေကို ဟိုသစ်ပင်မှာ ချည်ထားလိုက်။ခိုင်းတဲ့အတိုင်းမလုပ်ရင် ဒီမှာတွေ့လား သေနတ်၊ သေသွားမယ်"

ကိုမောင်ဟန်က ဓားပြတွေ ခိုင်းသည့်အတိုင်း ဓားကို လမ်းဘေးတွင်ချွတ်ထားလိုက်ပြီး နွားနှစ်ကောင်ကို နီးရာသစ်ပင်တွင် ချည်ထားလိုက်သည်။

"နွားတွေကို ယူသွားပါဗျာ၊ ကျုပ်ကိုတော့ မသတ်ပါနဲ့"

ကိုမောင်ဟန်ကြောက်ကြောက်လန့်လန့်နှင့် ပြောမိပြောရာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တို့ကိုကလန်ကဆန်မလုပ်ရင် လက်ဖျားနဲ့တောင် မတို့ဘူး။ ဒါပေမယ့် မင်းနွားတွေကို တို့ဆွဲသွားတဲ့အခါ မင်းက ရွာပြန်ပြေးပြီး ရွာသားတွေကိုပြောရင် တို့နှစ်ယောက်ကို မိနိုင်တယ်။ ဒီတော့ ဟေ့ကောင် ငမဲ၊ ဒီကောင်ကို သစ်ပင်မှာ လက်ပြန်ကြိုးတုပ်ထားလိုက်"

ဓားကိုင်ထားသော ငမဲဆိုသူက လွယ်အိတ်ညစ်ထပ်ထပ်ထဲမှ ကြိုးတစ်ချောင်းထုတ်၍ သစ်ပင်တွင် လက်ပြန်ကြိုးတုပ်ထားလိုက်သည်။

"ခင်ဗျားတို့ ပြောတော့၊ ကျုပ်ကို လက်ဖျားနဲ့တောင် မတို့ဘူးဆို"

"ဟေ့ကောင် စကားမရှည်နဲ့။ တို့လုပ်ချင်သလိုလုပ်မယ်ကွာ၊ မသေချင်ရင် ပါးစပ်ပိတ်ထား"

ကိုမောင်ဟန် လက်ပြန်ကြိုးတုပ်ခံထားရသည့်ကြားမှ ဓားပြနှစ်ယောက်၏ မျက်နှာများကို မဝံ့မရဲ ကြည့်လိုက်သည်။ ဓားပြခေါင်းဆောင်က ရိပ်မိသွားသည်။

"အောင်မယ်- မင်းက တို့မျက်နှာတွေကို မှတ်မိအောင် ခိုးကြည့်နေတယ်ပေါ့။ အေးပေါ့ကွာ၊ မင်းက သေရမယ့်အကောင်ဆိုတော့ တို့ကို ဝဝအောင်ကြည့်ထားပေါ့ကွာ"

ဓားပြခေါင်းဆောင်က ပြောပြောဆိုဆို သေနတ်ကို မောင်းတင်လိုက်သောကြောင့် ကိုမောင်ဟန်တစ်ယောက် တထစ်ချသေရတော့မည်ဟု သိလိုက်ရသည့်ခဏဝယ် သူ့နှလုံးခုန်သံကို သူ့နားမှာ ပြန်ကြားနေသည်ဟုထင်မိသည်။ ဒူးများတဆတ်ဆတ်တုန်၍ အာခေါင်တစ်ခုလုံး ခြောက်ကပ်သွားသည်။ လမ်းဘေးသစ်ပင်တွင် ချည်ထားသော နွားနှစ်ကောင်အနက် ရိုးနီ ဆိုသော နွားမှာ နှာသံ တရှုံးရှုံးတရှဲရှဲနှင့် လှည့်ပတ်ရုန်းနေသည်။ ကိုမောင်ဟန် တစ်ယောက်ဘယ်လိုနည်းနှင့်မျှ သေဘေးမှ မလွတ်နိုင်တော့မှန်း သိရသောကြောင့် သရဏဂုံကို စိတ်ထဲမှ ရွတ်ဆိုနေသည်။

"ကိုယ့်ကိုရန်မူတဲ့သူကိုလည်း မေတ္တာပို့ရတယ် ဒကာ မောင်ဟန်"

ရွာဦးကျောင်း ဆရာတော်၏ ဩဝါဒကို ပြန်လည် ကြားယောင်မိသောကြောင့် ဓားပြနှစ်ယောက်အား မေတ္တာပို့လိုက်သည်။

"နေဦး ဆရာ၊ ဒီကောင်ကို သေနတ်နဲ့ပစ်ရင် ပတ်ဝန်းကျင်က ကြားမယ်၊ ကျည်လည်းကုန်မယ်။ ဒီတော့ ကျုပ်ဓားနဲ့ပဲ ရှင်းလိုက်မယ်"

"ငမဲ- မင်းတော်တယ်ကွာ၊ ရှင်းလိုက်တော့"

"ကဲကွာ- သေပေရော့"

"ဝုန်း. . ရှူး. . ဒုတ်"

"အား. . ဗုန်း"

ကိုမောင်ဟန် ကြောက်ကြောက်ဖြင့် မှိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ နွားကြီးရိုးနီက ဓားသမားအား အတင်းလိုမ့်ဝှေ့နေသည်ကို အံ့ဩဖွယ် တွေ့လိုက်ရသည်။ ဘယ်လိုမှ မထင်မှတ်သော မြင်ကွင်းကြောင့် ငေးကြောင်နေသော ဓားပြခေါင်းဆောင်က ကိုမောင်ဟန်အား သေနတ်ဖြင့်ချိန်လိုက်စဉ် သခွတ်ပင်နောက်ကွယ်မှ လူတစ်ယောက် အပြေးထွက်သွားပြီး ဝါးကျစ်တုတ်ဖြင့် ဓားပြဦးခေါင်းကို ရိုက်ချလိုက်သည်။

"ခွပ်"

"အား"

ဓားပြခေါင်းဆောင်မှာ ရှေ့သို့ မှောက်လျက်သား လဲကျသွားသည်။ ထိုလူသည် လဲကျသွားသော ဓားပြဦးခေါင်းအား နောက်တစ်ချက် ထပ်ရိုက်လိုက်သည်။ ပြီးတော့ သစ်ပင်တွင် လက်ပြန်ကြိုးတုပ်ထားခံရသော ကိုမောင်ဟန်ဆီသို့ အပြေးလာ၍ ကြိုးဖြေပေးလိုက်သည်။ ထူးဆန်းသော ဖြစ်ရပ်များကြောင့် ကိုမောင်ဟန်က ထိုလူအား အငေးသားကြည့်နေသည်။ အိပ်မက်မက်နေသလားဟု ထင်မိသည်။

နွားကြီးရိုးနီက လဲကျနေသော ဓားပြ၏ ရင်ဘတ်ပေါ်သို့ ရှေ့ခြေထောက်နှစ်ချောင်းဖြင့် တက်နင်းထားသည်ကိုတွေ့လိုက်ရသည်။ ကြိုးဖြေပေးသောလူက ကိုမောင်ဟန်ကို စေ့စေ့ကြည့်ရင်းမှ-

"ဟာ - နောင်ကြီးကို ကျုပ်မှတ်မိပြီ။ လွန်ခဲ့တဲ့သုံးလလောက်က ကျုပ်တောထဲမှာ ထင်းခွေရင်း မျက်စိလည်လမ်းစပျောက်နေလို့ နောင်ကြီးနဲ့တွေ့ပြီး နောင်ကြီးထမင်းထုပ် ကျုပ်ကို ကျွေးတာ၊ ပြီးတော့ ကျုပ်မှာအကျႌမပါလို့ နောင်ကြီးရဲ့အကျႌ ကျုပ်ကို ချွတ်ပေးလိုက်တာ"

ထိုသူပြောလိုက်မှ ကိုမောင်ဟန် မျက်စိထဲတွင် တရေးရေး မြင်ယောင်လာသည်။

"အင်း. . . ဟို - ခင်ဗျား ကိုဖိုး. . ဖိုး. . ."

"ဖိုးထော်လေ နောင်ကြီး၊ ဖိုးထော်"

ကိုဖိုးထော်ဆိုသူက ကိုမောင်ဟန်ပခုံးကို လှုပ်ကိုင်ရင်း အားရပါးရ ပြောလိုက်သည်။

"မှတ်မိပြီ ကိုဖိုးတော်၊ မှတ်မိပြီ။ တိုက်ဆိုင်လိုက်တာဗျာ၊ ခင်ဗျားက ဒီကို ဘယ်လိုရောက်လာတာလဲ"

ကိုမောင်ဟန်က ဖိုးထော်လက်ကို ပြန်လည် ဆုပ်ကိုင်ထားရင်း ပြောလိုက်သည်။

"ကျုပ်က ဒီဘက်ကို ဝါးခုတ်အောင်လာတာ။ လမ်းဘေးက လူသံတွေကြားလို့ မသင်္ကာတာနဲ့ ဝါးရုံတောစပ်ကနေ ချောင်းကြည့်လိုက်တော့ ဓားပြတစ်ယောက်က နောင်ကြီးကို သေနတ်နဲ့ချိန်နေတုန်း ကျုပ်လည်း လက်ထဲမှာရှိတဲ့ ဝါးကျစ်တုတ်နဲ့ အပြေးဝင်ရိုက်ရတာ။ ခုတော့ ကျုပ်ကယ်လိုက်တဲ့လူဟာ ကျုပ်ရဲ့ထမင်းရှင်ဖြစ်နေတော့ ကျုပ်ဘဝတစ်လျှောက်မှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲ"

ကိုဖိုးထော်က တုန်ယင်လှိုက်လှဲသောအသံဖြင့် ပြောလိုက်သည်။ ကိုမောင်ဟန်ကလည်း-

"ကျုပ်ဘဝမှာလည်း မိနစ်ပိုင်းအတွင်း သေဘေးတွေကလွတ်ခဲ့ရတဲ့အတွက်ကြောင့် ကျုပ်ဘဝမှာလည်း ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲဗျာ"

ကိုမောင်ဟန်၏ရင်ထဲမှာတော့ မေတ္တာ ရောင်ပြန်ဟပ်သည် ဟူ၍သာ. . . ။

*လောကလူသားအားလုံး*
*မေတ္တာတရားပွားများနိုင်ကြပါစေ*

မောင်မောင်ညွှန့် (သ[illegible])



www.burmeseclassic.com

www.burmeseclassic.com



# စေတနာမေတ္တာများစွာဖြင့် . . .

## ဆရာဦးမောင်မောင်သန်း

( ရ င် ကို အေး မြ စေ သ ၁ း )

"သူငယ်ချင်း၊ မင်း"

"အေး - ပြောလေ"

"မင်းရေးထားတဲ့အတိုင်း ငါ ဖတ်ရလို့ ဗိုးတက်နဲ့ ရွှေလာ၊ ငွေလာ အိုးလည်း လုပ်ထားတယ်။ အဆင် တော့ နည်းနည်းစပြီးပြေလာသား"

ငယ်သူငယ်ချင်း ဝေတိုးဖြစ်၏။

ငယ်ငယ်က ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ပြီး နှစ်ပေါင်း(၃၀) ကျော်၊ (၄၀) နီးပါးကြာမှ ယခုတစ် ကြိမ်ပါနှင့်ဆို နှစ်ကြိမ်သာဆုံကြသေး ၏၊

ဆုံမယ့်ဆုံတော့ သူက အငှား ဆာ့ဥမောင်း ကားဆရာ၊ ကျွန်ုပ်က သူ့ကားကိုတားပြီးစီးသည့်သူ။

"ငါက မင်းနဲ့ အဲလိုအတူတူ သွားချင်တာကွ"

"ဘာဖြစ်လို့"

"ငါ့အမျိုးသမီးက မင်းစာဖတ် ချင်သတ်ကွ။ သူက မင်းရေးတာတွေ ဖတ်ပြီး ငါ့ကို ပြန်ပြောပြတယ်။ နားထောင်ရတာ ဗဟုသုတများတယ် လေ။ ဒါကြောင့် အခု မင်းနဲ့အတူတူ သွားရတော့ ငါပိုဝမ်းသာတယ်"

"အေးပါ"

သူငယ်ချင်းနှစ်ယောက် စကား တပြောပြောနှင့်လာကြရင်း ရန်ကင်း သို့အရောက် ကားကြီးတစ်စီးပေါ်မှ ဖျတ်ခနဲ လွှင့်ပစ်လိုက်သော အချို ရည်ဘူးခွံကို နှစ်ယောက်သား စိတ် ဝင်တစား ကြည့်နေလိုက်၏။

"ဒါမဖြစ်သင့်ဘူးလို့ မင်းဆို ပြောမှာပဲနော်"

ကျုပ်ပြုံးနေလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဩော်-ငါ့မိန်းမပြောပြောပြလို့ မင်းအကြောင်းတွေ သိသိလာရတာ ကိုး။ ငါတောင်ပြောလိုက်သေး၊ ဒီ ကောင်ကြီးဟာ ငယ်ငယ်ကတည်း က စကားအပြောအဆိုမကြွမ်းဘူး။ ကရာတေးသာ သူဝါသနာပါလို့ ကစားတာ။ လူမကြွမ်းစိတ်မကြွမ်း ဘူးလို့"

"အေး - မင်းပြောလို့ ဟုတ် တယ်၊ ငါပြောချင်တာလေးတွေ မင်း ကို ပြောပြမယ်။ ခုကြည့် - ဟိုကား ကြီးကောင်းလိုက်တာ၊ အဲဒီအပေါ်က အမှိုက်ပစ်ချသွားပြီ။ ဘာပဲပြောပြော လမ်းပေါ်မှာ အမှိုက်ရောက်သွားပြီ။ ဒါ တစ်ဦးချင်းစီရဲ့စိတ်ထားနဲ့လည်း ဆိုင်တယ်သူငယ်ချင်း။ ဘေးကဘယ် လောက်ပဲ စည်းကမ်းတွေ ဘယ် လောက် သတ်မှတ်သတ်မှတ် ကိုယ့် ရင်ထဲမှာကိုက ဖြစ်သလိုနေတတ်ရင်၊ ဖြစ်သလိုသွားတတ်ရင် ဖြစ်သလိုလုပ် နေမှာပဲ။ ခုပဲကြည့်၊ ဘယ်သူမှ ဂရု စိုက်စရာမလိုဘူးဆိုတဲ့ပုံစံမျိုးနဲ့ အမှိုက် ပစ်ချတာလား၊ မသိလို့အမှိုက်ပစ်ချ တာလား ဒါကတော့ ကာကယ်ရှင်မှ ပဲသိမယ်။ ဒါဟာ သူ့ရဲ့ စိတ်ပိုင်းဆိုင် ရာနဲ့ဆိုင်ပြီး ဘယ်သူမှ ဂရုစိုက်စရာ မလိုဘူးဆိုတဲ့စိတ်နဲ့ အမှိုက်ပစ်ချ လိုက်သူဟာ စည်းကမ်းကို တန်ဖိုး မထားတဲ့သူလို့ပြောလို့ရတယ်။ ဒီလို တွေပစ်ချတာတွေ မင်းလည်း တွေ့ နေမှာပဲ၊ ငါလည်းတွေ့နေရတာပဲ"

"ဟာ - တွေ့တာပေါ့"

"အဲဒီ အမှိုက်ပစ်ချလိုက်သူ ဟာ ဒီလမ်းပေါ်ကို သူလည်းဆင်းပြီး အမှိုက်ရှင်းနိုင်တာ မဟုတ်ဘူး"

"ဘယ်. . ဝေးသေး "

"သူဟာ ကားပေါ်ကနေပြီး အောက်ကို ခဏဆင်း၊ တံမြက်စည်း ကိုင်လှည်းတဲ့စိတ်ကူးတစ်ခုကူးလိုက်၊ လမ်းကိုသန့်ရှင်းရေးလုပ်ကြည့်လိုက်။ သူလို့ပဲ ကားပေါ်က တစ်ယောက်က အမှိုက်ပစ်ချသွားရင် သူဘယ်လိုနေ မလဲ။ ဒီလိုမှမဟုတ်ရင် လမ်းပေါ်မှာ အမှိုက်ဆူးငြောင့်ခလုတ်ကန်သင်း ရှင်းရှင်းနဲ့ သွားလာနိုင်အောင် သန့် ရှင်းပေးထားတဲ့သူတွေ၊ ဒီလိုသန့်ရှင်း ရအောင် စီမံပေးကြတဲ့သူတွေကို ကျေးဇူးတင်ရမယ်လေ"

"အေး - မင်းပြောတာ ဟုတ် တယ်"

"ဘယ်သူမှမမြင်ပါဘူး ဆိုတဲ့ စိတ်နဲ့ အမှိုက်ပစ်ချတာဆိုရင်လည်း သူ့လိပ်ပြာသူမလုံတာ၊ သူ့ကိုယ်သူ မရှက်တာ။ ဒါက ခိုးကြောင်ခိုးဝှက် စိတ်ပဲ။ ဒီလို ခိုးကြောင်ခိုးဝှက်လုပ် တတ်တဲ့အကျင့်ဟာ တော်တော်ဆိုး တယ်"

သူငယ်ချင်း ခေါင်းလေးတညိတ် ညိတ်နှင့်လုပ်နေ၏။ ကုက္ကိုင်းမီးပွိုင့် တွင် ကားရပ်ထားကြရင်း ဟိုဟိုဒီဒီ ကြည့်နေလိုက်ကြ၏။ ပြီးမှ မြင်ကွင်း တစ်ခုကို လှမ်းအမြင် -

ကားပေါ်က ကွမ်းတံတွေးထွေး ချတာလည်း ဒီလိုပဲပေါ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ရာ။ ဒါဘာမှမဖြစ်လောက်ပါဘူးကွာ ဆိုတဲ့စိတ်နဲ့ ထွေးချလိုက်ပေမယ့် ဘာမှမဖြစ်လောက်ပါဘူးဆိုတဲ့အကျင့်ရှိသူတွေများလာရင် လမ်းဟာ အရုပ်ဆိုး အကျည်းတန်နေပြီသာမှတ်"

"ဒါမျိုးဆိုတာ မင်း ခုနပြောသလို လူတစ်ဦးချင်းစီရဲ့စိတ်ဓာတ်နဲ့ပဲ ဆိုင်တယ်"

"မှန်တယ်လေ - သူမထွေးဘူး၊ ထွေးမယ် ဘယ်သူကစောင့်ကြည့်နေလို့ရမှာလဲ။ ဘယ်အချိန်ထွေးမှာလဲ စောင့်ကြည့်ဦးမယ်ဆိုပြီး ဘယ်သူမှမရှိဘူး။ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းသတ်မှတ်ရမှာ။ ဒီလို စားတတ်ရင် အိတ်လေးတစ်ခု ဆောင်ထားပေါ့။ အဲဒီထဲ ထွေးချ ဘေးမှာထား ဂိတ်ရောက်မှ အမှိုက်ပုံးထဲကို သေချာစည်းကမ်းရှိရှိထည့်ပေါ့။ ဒါဘာမှခက်တဲ့ကိစ္စလည်းမဟုတ်ဘူး။ ပင်ပင်ပန်းပန်းလုပ်ရတာလဲ မရှိဘူး။ ရှက်စရာလည်းမဟုတ်ဘူး။ ကိုယ်က ဒီလိုစည်းကမ်းရှိပြရင် သူများကတောင်မှလိုက်အတုယူဦးမယ်"

"ဒါပေမယ့်နော် မင်းကိုငါပြောမယ်။ တို့နေတဲ့ တိုက်လှေကားဘေးထောင့်တွေမှာတော့ မြင်မကောင်းဘူး"

"သိတယ်၊ ငါလည်း မိတ်ဆွေတွေဆီသွားရင် တွေ့တယ် မြင်မကောင်းဘူး။ တိုက်ထောင့်ချိုး လှေကားကွေ့တွေမှာ ထွေးထားတဲ့ ကွမ်းတံထွေးတွေဟာ။ မကောင်းဘူးကွာ ကိုယ်နေတဲ့ အဆောက်အအုံပဲကွာ၊ သူထွေးလို့ ကိုယ်ထွေးမယ်ဆိုတာမျိုးကတော့ မကောင်းဘူးလေ။ ကိုယ်နေတဲ့အဆောက်အအုံလှပဖို့ ကိုယ့်တာဝန်လို့ ခံယူထားလိုက်ရင် ဒီလိုထွေးဖြစ်မှာမဟုတ်တော့ဘူး။ ကွမ်းကြိုက်ရင်စားပေါ့ ဘာဖြစ်လဲ။ ဒါပေမယ့် စည်းကမ်းရှိရင် ဘာမှမဖြစ်ပါဘူး။ ကိုယ်ထွေးတတ်တဲ့ အကျင့်ရှိရင် ပလတ်စတစ်အိတ်လေးတစ်ခုဆောင်သွား၊ လမ်းမှာထွေး။ အမှိုက်ပုံးဆိရောက်မှထည့်လိုက်ရင်ရတာပဲ

"အေးပေါ့၊ အေးပေါ့"

"ဂရုမစိုက်ဘူး ဆိုပြီးတော့ဘဲထွေးထွေး၊ ဘယ်သူမှမမြင်ပါဘူးဆိုပြီးတော့ပဲထွေးထွေး ထွေးတဲ့သူရဲ့စိတ်ဓာတ်ဟာ တော်တော်လေး အကျည်းတန်သွားပြီ။သူဟာ သူနေထိုင်တဲ့အဆောက်အအုံကို သူပြန်ပြီးတန်ဖိုးထားရကောင်းမှန်းမသိဘူး။ဒါဘယ်သူဆေးမလဲ။ သူ့လက်ညှိုးထိုး၊ ကိုယ့်လက်ညှိုးထိုးပဲလုပ်မှာပဲ"

"မှန်တယ်၊ ကျွန်တော် ဆေးလိုက်ပါ့မယ်လို့ ဘယ်သူမှရှိမှာမဟုတ်ဘူး"

"လူဆိုတာ ကိုယ်တစ်ခုခုလုပ်ရင် ကိုယ်လုပ်တဲ့အရိပ်က ကိုယ့်နောက်ကို တကောက်ကောက်လိုက်တာပဲ။ မကောင်းတဲ့အကျင့်ကို ဒါအသေးအမွှားပါလို့ လုပ်လို့မရဘူး။ ဒီအသေးအမွှားက တဖြည်းဖြည်းများလာပြီး ကြီးထွားလာရင် လူကို သူကပြန်နိုင်သွားပြီ။ ဆေးလိပ်သောက်တဲ့သူနဲ့ အရက်သောက်တဲ့သူကိုကြည့်လေ။ တစ်လိပ်က စခဲ့တာပဲ၊ တစ်ခွက်က စခဲ့တာပဲ။ ဒါပေမယ့် အဲဒီအကျင့်ဟာ သူတို့ကိုပြန်နိုင်သွားပြီ၊ သူတို့မဖြတ်နိုင်တော့ဘူး။ အဲဒါ သူတို့လုပ်ခဲ့တဲ့အကြောင်းက သူတို့အတွက် အကျိုးအဖြစ် နောက်ကလိုက်လာတာပဲ။ ဘာလဲ - ဆိုးကျိုး"

သူငယ်ချင်း သဘောကျရင်း တဟားဟားနှင့်မောင်းလာ၏။

"မင်းစဉ်းစားကြည့်လေ၊ စည်းကမ်းရှိရှိ နေတတ်ထိုင်တတ်တာနဲ့ ပရမ်းပတာလေ"

"ဟုတ်ပါတယ်"

"ဥပမာကွာ ငါတစ်ခုပြောမယ်။ ဆိုကြပါစို့၊ အများသူငါ အပန်းဖြေဖို့၊ အညောင်းအညာပြေလမ်းလျှောက်ဖို့၊ ကျန်းမာရေးလေ့ကျင့်ခန်းတွေလုပ်ဖို့၊ လေကောင်းလေသန့်ရှူဖို့ တံတားကြီးတွေရဲ့ထိပ်မှာ စက်ဘီးမစီးရ ဆိုတာ ရေးထားတယ်။ ဒါပေမယ့် ခပ်တည်တည်နဲ့ စီးနေတဲ့သူတွေရှိနေတယ်။ မျက်နှာပြောင်ပြောင်ပဲ၊ မှင်သေသေပဲ ဒီတံတားကြီးတွေပေါ်မှာ စီးခွင့်ရထားသလားတောင် ထင်ရတယ်"

"အေး - အဲဒါကြီးကျတော့"

"ဘယ်သူမှ ဂရုမစိုက်ဘူး ခပ်တည်တည်ပဲ။ ခင်ဗျားဗျာ၊ ဒီပေါ်မှာ စက်ဘီးမစီးရလို့ သတ်မှတ်ထားတာ ဘာလို့စီးလဲလို့မေးလိုက်ရင် ခွပ်ခနဲတောင် ပိတ်ထိုးပြီး မင်းနဲ့ဘာဆိုင်လဲတောင်လုပ်သွားဦးမယ်။ ဘယ်သူကပြောမှာလဲ၊ ဒါဟာ စီးသွားတဲ့သူရဲ့စိတ်ဓာတ်ပဲ။ သူဟာ စည်းကမ်းကိုတန်ဖိုးမထားတတ်ဘူး။ တချို့ကျ လူငယ်လေးတွေ။ ဒီကလေးတွေဟာထားပါတော့ ငယ်သေးလို့။ အကျိုးအကြောင်းပြောပြပြီး တားရင်းရမယ်။ အသက်ကြီးကြီးတွေ စီးနေတာကျတော့ ဘယ်လိုပြောကြတော့မလဲ"

"ခုနက မင်းပြောသလို ထိုးသွားမှာကွ"

"အေး - အဲဒါပဲ သူငယ်ချင်း။ ကိုယ့်ကြောင့် သူများစိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုတာ အဲဒါပဲ။ လူရှေ့မှာ ဆင်းတွန်းသွားသလိုလို့နဲ့၊ လူလစ်တာနဲ့ ဂိတ်ကလူတွေ မမြင်လောက်တော့ဘူးထင်တာနဲ့ စီးတော့တာပဲ။ ဒါဟာ ခိုးကြောင်ခိုးဝှက်နိုင်လွန်းတဲ့ စိတ်ဓာတ်ကြီးကွာ၊ တွေးကြည့်ရင် ရှက်စရာကြီး။ သူ့စရိုက်ကိုက လစ်ရင်လစ်သလို လုပ်တတ်တာမို့ သူဟာ စည်းကမ်းကြီးမားလှတဲ့နေရာမျိုးတွေမှာ တာဝန်ထမ်းဆောင်ရရင်၊ စည်းကမ်းကြီးမားလှတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေမှာ တာဝန်ယူရမယ်ဆိုရင် ယုံလို့ကောင်းပါတော့မလား သူ့ကို"

"အေး - ခပ်လွယ်လွယ်စိတ်ဓာတ်ပဲနော်။ စည်းကမ်းသတ်မှတ်ထားတဲ့ နေရာတစ်ခုရဲ့ တန်ဖိုးကိုနားမလည်တာ။ ဪ-ဒီနေရာဟာ အများသူငါအတွက်ပါလား ဆိုတာမသိတာ။မင်းခုနပြောသလို သူလည်း ဒီလိုနေရာမျိုး ဖန်တီးပေးနိုင်တာ မဟုတ်ဘူး။ ဖန်တီးပေးထားတဲ့နေရာရဲ့ စည်းကမ်းကျတော့လည်း မလိုက်နာတော်တော်လေးကို ခက်ပါတယ်။ 'ဒီနေရာ စက်ဘီးမစီးရဘူးလေဗျာ။ ဒီတံတားကြီးပေါ်မှာ စက်ဘီးစီးခွင့်မပြုဘူး။ ဟိုမှာ စာတွေလည်း ရေးထားတယ် ဆင်းပါ'လို့ပြောမှ လူမိတဲ့မျက်နှာနဲ့ ဆင်းတွန်းသွားရတာထက်စာရင် သတ်မှတ်ထားတဲ့ စည်းကမ်းကိုလိုက်နာလိုက်ရင် ပြီးနေပြီပဲ။ သူများ



www.burmeseclassic.com

www.burmeseclassic.com

ပြောမှ လုပ်ရတယ်ဆိုတာ ဘယ်လိုလုပ်ပြီး အရည်အချင်းရှိတဲ့လူလို့ခေါ်တော့မလဲ။ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းသတ်မှတ်ပေးရမယ်လေ။ဗြော်ဒီနေရာဟာ အများသူငါ ကျန်းမာရေး လေ့ကျင့်ပြီး လေကောင်းလေကောင်းရှူတဲ့နေရာ၊ စက်ဘီးမစီးရတဲ့နေရာ ငါမစီးဘူးဆိုတဲ့ စည်းကမ်းကို ကိုယ့်ကိုယ်ကိုယ် ပေးလိုက်ရင်ပြီးနေတာပဲကွာ"

"လူအမျိုးမျိုးပေါ့ သူငယ်ချင်းရာ။ စည်းကမ်းကိုလိုက်နာတဲ့သူတွေရှိကြသလို မလိုက်နာကြတဲ့သူတချို့လည်း ရှိမှာပေါ့။ မင်းပြောသလို သူများပြောမှလုပ်တဲ့သူတွေပေါ့ကွာ။ ကိုယ့်အသိတရားနဲ့ကိုယ်မလုပ်တဲ့သူတွေပေါ့။ မင်းပြောသလို သူများပြောမှ လုပ်တဲ့သူတွေပေါ့ကွာ။ ကိုယ့်အသိတရားနဲ့ကိုယ်မလုပ်တဲ့သူတွေပေါ့"

"ဒါကိုယ်ပိုင်အရည်အချင်းမရှိသလိုဖြစ်သွားတာပေါ့။ ဘယ်သူမှ ငါ့လာပြောစရာမလိုဘူး၊ ငါ့မှာလည်း စည်းကမ်းရှိတယ် ဆိုတာမျိုး ဖြစ်နေရမှာကွ"

"မင်း အဲဒါမပြောနဲ့၊ မင်းပြောလို့ ငါပြောပြရဦးမယ်။ တို့လည်း ဒီလိုပဲ မနည်းသတိထားမောင်းရတယ်။ တို့ရှေ့မှာကွာ ဖြုန်းခနဲထိုးရပ်ပြီး လူတင်၊ လူချလုပ်တဲ့ကားတွေ တို့အမြဲကြုံနေရတာပဲ"

"အေး - ငါလည်း အမြဲကြုံရတယ်။ ငါမောင်းရင်လည်း တော်တော်လေးကိုကွာတဲ့နေရာကပဲ မောင်းရဲတယ်။ (၄)၊(၅)ပေအထိတောင်မကပ်ရဲဘူး။ ဘာလို့လဲဆိုတော့ မင်းပြောသလို ဖျိုးခနဲဖျတ်ခနဲ ရပ်လိုက်ရင် မလွယ်ဘူးလေ။ တော်တော်ဝေးဝေးနောက်ကလိုက်တာပဲ ဘေးကင်းတယ်။ ရပ်လိုက်ရင် လမ်းလယ်ကောင်တည့်တည့် အလယ်မျဉ်းဖြူမှာကိုရပ်တာ။ ကိုယ်ကလည်း သူပြန်ထွက်မှ ထွက်လို့ရတယ်လေ ဘယ်လိုလုပ်မလဲ။ တစ်ဖက် ယာဉ်ကြောဘက်က ကျော်တက်လို့လည်း မဖြစ်ဘူးလေ၊ လမ်းပြောင်းပြန်ကြီး"

"အေး - အဲဒါတော်တော်ခက်နေတာကွ"

"ငါလေ့လာကြည့်တယ်။ တချို့ပေါ့ကွာ ကားဂိတ်အထိ လျှောက်မလာကြတော့ဘဲ လမ်းကနေ လှမ်းတားတော့ ကားတွေကလည်း တားတာကို ရပ်ပေးရပြန်တာပဲ။ လမ်းကတားတဲ့သူနဲ့ လှမ်းတားတာမြင်လို့ လမ်းလယ်ကောင်မျဉ်းဖြူမှာ ဘိုးခနဲ ဘတ်ခနဲ ရပ်လိုက်တဲ့သူ ဘယ်သူ့ကို အပြစ်ပြောမလဲ။ ဘယ်သူစည်းကမ်းမရှိဘူးလို့ပြောမလဲ။ မင်းသွားပြောကြည့်လေ ယာဉ်မောင်းကို။ ခင်ဗျားဗျာ ဟိုမှာလှမ်းတားနေတာ မမြင်ဘူးလား၊ တားတာကို ရပ်မပေးတော့ဘူးလား။ ဒါ ခရီးသည်ဗျ၊ ခင်ဗျားကိုယ်ချင်းစာစိတ်မရှိဘူးလားလို့ ပြန်ပြောရင် မင်းဘာပြန်ပြောမလဲ"

"အဲဒါ - ဟို. . . "

သူငယ်ချင်း စိတ်ညစ်သွားပုံရသည်။ ရယ်ကြဲကြဲနှင့် ခေါင်းညိတ်နေ၏။

"တားတဲ့သူနဲ့ ရပ်ပေးတဲ့သူအင်း - ခက်တာပဲနော်"

"မင်းတို့ ငါတို့က မောင်းတဲ့ဘက်ကကြည့်ပြောနေတာလေ။ အဲဒီကားကိုတားပြီးစီးတဲ့လူဘက်က မင်းကြည့်ကြည့်လိုက်။ သူကတော့ ရပ်ပေးတဲ့သူကို အရမ်းကျေးဇူးတင်နေမှာကွ။ကားနောက်ဘက်မှာ ကားတွေပိတ်ကျပ်ကုန်တာ၊ ချက်ချင်းရပ်ပစ်ရတာ သူမသိဘူးလေ။ အဲဒီကားနောက်ကလိုက်လာရတဲ့ ကားတွေဘယ်လောက်အန္တရာယ်များတယ်ဆိုတာ သူမသိဘူး"

"အေး - မသိနိုင်ဘူး၊ သူက ကားပေါ်ပဲတက်သွားမှာ"

"ဟုတ်တယ်၊ ဒါဟာခုနငါပြောတဲ့ တစ်ဦးချင်းစီရဲ့ စည်းကမ်းအသိနဲ့ပဲ ဆိုင်တော့တယ်။ တားတဲ့သူကလည်း လှမ်းတားလိုက်လို့ လမ်းလယ်ခေါင်မှာ ရပ်ပေးရတာ စည်းကမ်းမကျဘူး။ သဘာဝလည်းမကျဘူး။ အန္တရာယ်လည်းများတယ်။ ဒီတော့ ဖုတ်ပူမီးတိုက် ပြေးပြေးလွှားလွှား ထွက်လာရလို့ တားရပါတယ်ဆိုတဲ့ အစား စောစောလေးကြိုပြီးထွက်၊ ကားဂိတ်မှာ အများသူငါလိုပဲ စနစ်တကျစီးဆိုရင် ရပ်တဲ့သူတွေကလည်း ဒီလိုရပ်တော့မှာမဟုတ်တော့ဘူး ငါထင်တယ်လေ"

"မှတ်တိုင်မရောက်ခင် ဆင်းချင်တဲ့ကိစ္စမျိုးဆိုရင်ကော"

"ဒါကတော့ ယာဉ်မောင်းတွေနဲ့ဆိုင်ပြီ၊ ကားဆရာတွေနဲ့ဆိုင်ပြီ။သူတို့က စည်းကမ်းရှိရှိ မှတ်တိုင်မှာပဲ ရပ်ပေးမယ်ဆိုရင် ဆင်းလို့မရတော့ဘူးလေ။ ငါခဏခဏကြုံဖူးပါတယ်။ မဆင်းပါနဲ့ မဆင်းနဲ့၊ မှတ်တိုင်မှာရပ်ပေးမယ် မှတ်တိုင်မှာ ရပ်ပေးမယ်ဆိုတဲ့ကားတွေ အများကြီး။ မီးပွိုင့်တွေမှာဆင်းခွင့်မပြုဘဲ ယာဉ်နောက်လိုက်တွေကိုယ်တိုင် အပေါက်ဝပိတ်ရပ်ပြီး တားထားတဲ့ ကားတွေ တစ်ပုံကြီး။ အမှန်ကအဲသလိုဖြစ်နေရမယ်။ဘယ်လောက်ကောင်းလဲ။ အဲဒီလို စည်းကမ်းကြီးတဲ့ကားတွေက ယာဉ်မောင်းတွေကို၊ ယာဉ်နောက်လိုက်တွေကိုတော့ မချီးကျူးဘဲ မနေနိုင်ဘူး တကယ်စည်းကမ်းလိုက်နာတဲ့သူတွေကွ။ ခုဟာက တချို့တလေ ထထဖောက်နေကြတာ လွန်လွန်းတယ်။ ဘယ်လိုလဲဆိုတော့ ဆော့ကစားတဲ့အရွယ်၊ အလွန်အပေါင်းအသင်းခင်တဲ့ အရွယ်မျိုးပေါ့ကွာ။ အဲဒီအရွယ်မျိုးရောက်လို့ မိဘက ဟိုသွားဒီသွား မသင့်တော်လို့ ဆုံးမရင် နားလည်ပြီး လိုက်နာတာမျိုးပေါ့။ မိဘရှေ့တော့ ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆိုပြီး မိဘဘယ်အချိန်လစ်မလဲ၊ လစ်တာနဲ့ ငါလည်း လစ်မှဆိုရင်တော့ သူ့ရင်ထဲမှာကိုက တကယ်စည်းကမ်းမလိုက်နာတာဘဲ။ သူဟာ တကယ်စည်းကမ်းလိုက်နာပြီး မိဘစကားကို တကယ်နားထောင်သူဆိုရင် မိဘက သူ့တစ်ယောက်တည်း ထားခဲ့ပြီး အလုပ်သွားလည်း သူသွားမှာလာမှာမဟုတ်တော့ဘူး၊ မိဘက မသင့်တော်ဘူးဆိုတဲ့နေရာမျိုး သူမရောက်တော့ဘူး ဒီလိုမျိုးပဲပေါ့ကွာ"

"မှန်တာပေါ့ကွာ၊ ကိုယ့်အသိနဲ့ကိုယ်ဆိုရင်တော့"

"ဥပမာကွာ၊ မင်း အခု ကားမောင်းတယ်။ ခရီးသည်တာမြင်လို့ လှမ်းတားတာနဲ့ ဖျက်ခနဲ လမ်းလယ်ကောင်မကျတကျမှာ ရပ်လိုက်တယ်ဆိုရင် မင်းကားဖြစ်ပါစေ ငါမစီး



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး"

"ဘာဖြစ်လို့၊ ဩော် - ဟိုတစ်လောက မင်းရေးထားတဲ့ အန္တရာယ်ကင်းချင်တဲ့ ယာဉ်မောင်းတွေအတွက် ဆိုလားဘာလား ငါ့မိန်းမ ဖတ်ပြတယ်။ ငါလည်း ဒါကြားလိုက်တယ်"

"အေးလေ၊ သူက ခမ်လွယ်လွယ်လုပ်တတ်တယ်လေ။ စနစ်တကျ စည်းကမ်းရှိရှိ လမ်းဘေးချရပ်တာမှ မဟုတ်တာ။ ဒါဖြင့် အဲဒီလိုလူမျိုးကိုယုံပြီး မလိုက်ရဲတော့ဘူးလေ။ သူမောင်းနေတဲ့အချိန်မှာ သူ့သဘောလေ"

"အေးအေး - ဟုတ်တယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းအိမ်ကို ငါလာလည်မယ် ဆိုပါတော့။ မင်းအိမ်မှာ ငါကွမ်းစားပြီး ကြုံရာမှာ ဖြစ်ခနဲ ထွေးမယ်ကွာ၊ ချွဲဟက်မယ်၊ ထွေးမယ်။ ပြီးရင် ထိုင်ချင်တဲ့နေရာ ထိုင်မယ်။ ဒါဆို မင်း ဘယ်လိုမှ ခွင့်ပြုနိုင်မှာမဟုတ်တော့ဘူး။ ငါ့မှာစည်းကမ်းမရှိတာ ဘယ်ခွင့်ပြုမလဲ။ ဒီလိုကိုယ်ချင်းစာရမယ်လေ ကိုယ့်အိမ်ဆိုရင်"

"မှန်တယ် - အိမ်လည်း အိမ်စည်းကမ်းရှိတာပဲ၊ လမ်းမလည်း လမ်းစည်းကမ်းရှိတာပဲ မှန်တယ်"

"မြို့ဆင်ခြေဖုံးတချို့နေရာတွေမှာဆိုရင် မီးပွိုင့်ကို စနစ်တကျ တန်းစီတာမျိုးမလုပ်ဘဲ ဘယ်ဘက်မျဉ်းသေရဲ့ ဟိုဘက်ယာဉ်ကြောကနေ အတင်းကျော်၊ ခေါင်းကြီးတွေ ထိုးထား၊ ပြီးရင် လက်ညှိုးထောင်ပြ၊ အတင်းဝင်၊ ကားလေးတွေက ဘာလုပ်ရမှန်းမသိ ရပ်ထားပေးရနဲ့ အကျည်းတန်လွန်းပါတယ်။ ဒါတွေဟာ မဖြစ်သင့်ဘူး"

"နေရာတော်တော်များများမှာ ဖြစ်နေတယ် အဲဒါမျိုး"

"မင်းစဉ်းစားကြည့်လေ။ သူများလည်း အချိန်နဲ့အခါနဲ့ သွားနေလာနေကြတာပဲ။ အားလုံးဟာ ကိုယ့်အလုပ်နဲ့ကိုယ် အရေးကြီးတာချည်းပဲ။ ဥပမာကွာ ကလေး ကျောင်းပို့မယ်၊ ကျောင်းကြိုမယ်၊ တာဝန်တစ်ခုနဲ့ သွားမယ်လာမယ်၊ ဒီပြင် အရေးတကြီးကိစ္စနဲ့တွေရှိတယ် ဘယ်လိုလုပ်မလဲ"

"ဟုတ်တာပေါ့၊ အဲဒါကတော့"

"စည်းကမ်းဟာ ရင်ထဲရောက်ဖို့၊ လိုက်နာဖို့၊ အသိတရားထဲရောက်သွားဖို့ ဒါပဲလိုအပ်ပါတယ်။ မတရားကြီး တရကြမ်းနင်းကန်မောင်းတော့ရော ဖြစ်သွားတော့ရော။ ငါမြင်တာတော့၊ စာစောင်တွေထဲ ဖတ်ရတာတော့ ဖြစ်လိုက်ရင် ပြေးတာချည်းပါပဲ။ နင်းကန်မောင်း၊ ဖြစ်ရင်ပြေး။ဒီလိုပြေးရင်းနဲ့ တစ်ခါက ငါကြုံတာပြောဦးမယ်။ တစ်နေရာမှာကွာ မျဉ်းသေလမ်းလယ်ကောင်မှာ ရပ်လိုက်၊ လူတင်လိုက်လုပ်နေလို့ (၂)ခါ (၃)ခါလောက်လည်း သူတို့လုပ်ပြီးရော ငါကလည်း ဘေးနားလေးကနေ တက်ကျော်ပြီး ရှေ့ကို ကျော်တက်မောင်းတာပေါ့ကွာ။ သူက ဖြည်းဖြည်းချင်းရပ်လိုက်၊ တင်လိုက်လုပ်နေလို့ ငါကလည်း ဖြည်းဖြည်းချင်းမောင်းတာပါပဲ။ သူ့ရှေ့လည်းရောက်ရော နောက်ကနေ မီးတောက်ပြီး အတင်းလိုက်နင်းလိုက်၊ ဘရိတ်ကို တရှူးရှူးလုပ်လိုက်နဲ့ ကားက ကပ်နေတာပဲ။ တရကြမ်းလိုက်နင်းလိုက်၊ ဘရိတ်သံပေးလိုက်၊ ဟွန်းသံပေးလိုက်၊ မီးတောက်လိုက်နဲ့ကျောချမ်းလောက်တယ်။ဘေးကပ်ရပ်လို့ရတဲ့နေရာမျိုးကျ ငါလည်း ဘေးချရှောင်လိုက်တယ်။ ပြီးတော့ ဘာမှဟုတ်တာလည်း မဟုတ်ဘူး"

"ခုနလိုပဲ လမ်းလယ်ကောင်ရပ်လိုက်၊ တင်လိုက်ချလိုက်၊ လူလှမ်းခေါ်လိုက်ပဲ"

"ဆိုးတယ်၊ ဆိုးတယ်။ ငါဆိုနေ့တိုင်းမောင်းနေရတော့ ကြုံတယ် ကြုံတယ် အဲဒါမျိုးတွေ"

"အမှန်က လမ်းမကြီးတွေဟာ ကျယ်ပါတယ်ကွာ။ (၄) လမ်းသွားတွေ၊ (၆)လမ်းသွားတွေ အကျယ်ကြီးတွေပါ။ ကားတွေက ခရီးသည်အတင်၊ အချလုပ်ရင် စည်းကမ်းရှိရှိနဲ့ မှတ်တိုင်မှာကပ်ရပ်ပေးပြီး လူတင်၊ လူချလုပ်ရင် လမ်းတွေက အကျယ်ကြီးပါ။ မှတ်တိုင်တွေလည်း စနစ်တကျလုပ်ပေးထားတာပဲ၊ ခုဆိုလှမှလှ။ မရပ်တဲ့သူကမရပ်ဘဲ လမ်းလယ်ကောင်ရပ် တင်,ချလုပ်တာတို့၊ မှတ်တိုင်နဲ့ ရှစ်ပေ, ဆယ်ပေနီးပါး ခွာရပ်တာတို့လုပ်နေတော့ ကားတွေသွားရလာရတာ လမ်းတွေကျဉ်းကုန်သလိုဖြစ်ကုန်တာပေါ့။ အမှန်က လမ်းမကြီးတွေကမကျဉ်းဘူး"

"ဟုတ်တယ်၊ မကျဉ်းဘူး။ မင်းပြောသလိုပဲ၊ မှတ်တိုင်နဲ့ ခွာခွာကြီးတွေမှာ နေရာတွေ ယူလွန်းရပ်လွန်းလို့ ဒီလိုဖြစ်နေတာ"

"တစ်ခါတစ်ခါ တွေ့တယ်ကွ။ စည်းကမ်းထိန်းသိမ်းသူတွေရှိတဲ့မှတ်တိုင်တွေမှာဆိုရင် အဲဒီမှတ်တိုင်ရှေ့ကပ်ရပ်တယ်။ မရပ်လို့လည်းမရဘူး၊ စည်းကမ်းထိန်းသူတွေက ကြပ်မတ်ပြီး လမ်းညွှန်နေတာကိုး။ ပြီးတော့ အကြာကြီးရပ်ထားလို့လည်းမရဘူး။ ငါတော့ကွာ အဲဒီလိုပုဂ္ဂိုလ်တွေမြင်ရင် ဟာ- ဒီလို စည်းကမ်းကြီးကြပ်သူတွေ မှတ်တိုင်တော်တော်များများမှာ စည်းကမ်းသတ်မှတ်ပေးကြရင် အရမ်းကို ကောင်းသွားပြီလို့ တွေးရတာအမော။ တကယ် သဘောကျတယ်။ အဲဒီကျ စည်းကမ်းအရမ်းရှိတာပဲ။ စည်းကမ်းလည်းရှိရော လမ်းမကြီးတွေဟာ အကျယ်ကြီးတွေပါလား ဆိုတာ ပိုထင်ရှားပါတယ်။ မောင်းပါလေ့ကွာ၊ အေးအေးဆေးဆေး"

"ဟုတ်တယ်"

"တစ်ခါကွာ ငါကြုံခဲ့ဖူးတယ်။ အဝိုင်းတစ်ခုရဲ့အကျော်လေးနားတင် ကားလေးငါးစီး အရှိန်တွေနဲ့ မောင်းလာပြီး အဲဒီမှာ နှစ်ထပ်တွေရပ်၊ လူတွေဆင်း၊ လူတွေခေါ်နဲ့။ ငါက အဲဒီတုန်းက အငှားယာဉ်နဲ့ သွားတာ။ ကားတွေ ချက်ချင်း ပိတ်သွားပဲ၊ ဒါတကယ့်နေရာကြီးနော်။ ယာဉ်မောင်းကိုပြောရတယ်။ ဖြည်းဖြည်းပဲနောက်ကလိုက်ပါ ကျော်မတက်ပါနဲ့၊ ကျွန်တော် မစီးရဲလို့ပါလို့ ပြောရတယ်"

"ဘယ်လောက်မှလဲ ပိုထွက်မလာပါဘူးကွာ။ တရကြမ်းဖြစ်နေတော့ ခရီးသည်တွေ မစီးရဲကြတာဘဲ အဖတ်တင်မယ်။ တချို့ရှိတယ်ကွ အဲဒါမျိုးတွေ။ မင်းအဲဒါတော်သေးတာပေါ့။ လမ်းချိုးတို့လမ်းကွေ့တို့မှာ ကားတွေရပ်ပြီး ခရီးသည်အတင်အချလုပ်ရင် ပိုဆိုးရော။ ရှေ့တိုးမရ နောက်ဆုတ်မရနဲ့ ဘာမှလဲ မမြင်ရတော့ဘူး။ မြင်ကွင်းတွေ ပိတ်ကုန်



www.burmeseclassic.com

www.burmeseclassic.com

ရော။ တစ်ဖက်ယာဉ်ကြောကကားကို မမြင်ရလို့ ကျော်လည်းမတက်ရဲ။ အဲဒီလိုကွေ့တွေမှာ ထိုးရပ်တာတွေဟာ တော်တော်တော်ဆိုးတယ် တချို့ ဖေါ့ကွာ"

"ကောင်းတဲ့လူတွေ များပါတယ်။ တချို့တစ်ဦးတလေကြောင့် တော်တော်လေး အကျည်းတန်လွန်းတယ်။ မှတ်တိုင်မှာကပ်ရပ်တဲ့ကားတွေ များကြပါတယ်။ ခုနလို ထင်ရာလုပ်တတ်တဲ့လူတချို့ကြောင့်လည်း လမ်းကြီးတွေ ကျဉ်းသွားသလိုဖြစ်၊ မင်း ခုနလို မမောင်းရဲဖြစ်ကုန်တာ။ ခုနပြောသလို အဲဒီတစ်ဦးတလေရဲ့ စိတ်ကလေးတွေ ပြုပြင်သွားကြရင် ပြီးပြီ။ လမ်းတွေရော အကျယ်ကြီးဆိုတာ သိသာထင်ရှားတဲ့အပြင် ယာဉ်တွေလည်း လှသထက်လှနေမှာပဲ"

"မင်းပြောတာ မှန်တယ် သူငယ်ချင်း။မင်းခုပြောသလို တရကြမ်းမောင်းတာတွေလျှော့၊ မှန်မှန်လေးမောင်းဆိုရင် စီးရတဲ့ ခရီးသည်တွေလည်း စိတ်ချမ်းသာတာပေါ့။ ငါကိုယ်တိုင် ကားသိမ်းပြီး အိမ်ပြန်ရင်ကို ခုနကလိုမျိုး အမောင်းကြမ်းတာတွေကို စီးကိုမစီးရဲတာ ဘုရား,တနေရတယ်"

"မဖြစ်သေးရင်တော့ ဘာမှမဖြစ်ဘူးပေါ့ကွာ။ ဖြစ်သွားတဲ့အခါကျတော့လည်းပြေးတာချည်းပါပဲ။ ကျွန်တော် စည်းကမ်းမရှိ တအားမောင်းမိလို့ ဘရိတ်ကို တအားစွတ်နင်းမိရာကနေ ဘရိတ်ပေါက်သွားတဲ့အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်လို့ ဘယ်သူမှပြောမှာမဟုတ်ဘူး"

"ဘယ်. . . ဝေးသေး"

"မင်းလည်း ဘယ်တော့မှအရှိန်နဲ့ မမောင်းနဲ့။ ဘရိတ်ဆိုတာ ဝါရှာလေးက သေးသေးလေး။ စည်းနဲ့ကမ်းနဲ့သာမောင်း၊ အန္တရာယ်ကင်းတယ်"

"အေးပါ၊ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို တို့တွေ လိုက်နာရမှာပေါ့"

"မင်းအဆင်ပြေတယ်မို့လား"

"ပြေပါတယ်။ မင်းရေးထားတဲ့အတိုင်း ငါ့မိန်းမက ကားဝှီးတက်ကို မိဘ္ဘူကူး ပလတ်စတစ်အိတ်ထဲထည့်ပြီး ဘုရားဆောင်မှာ တင်ထားတယ်။ အဲဒီပေါ်မှာ သောက်တော်ရေ ကပ်တယ် ဘုရားကို"

"အေး- ဟုတ်တယ်၊ ဒါပေမယ့် မင်းလုပ်ရင် ပိုကောင်းတာပေါ့"

"လုပ်ဖြစ်ပါတယ်၊ ငါလုပ်ဖြစ်တာများတယ်။ ငါလည်း အဲဒါပေါ့ကွာ၊ မင်းနဲ့ ခုပြောလာသလိုပဲ ပရမ်းပတာမောင်းတဲ့သူတချို့ကြောင့် ကားမောင်းရတာ တထိတ်ထိတ်ပဲ။ ဖြစ်သွားရင် ကိုယ်က စိုက်မလုပ်နိုင်ဘူး။ မီးပွိုင့်တွေမှာရပ်စောင့်နေရတဲ့ ကားတန်းတွေကြား ရောက်နေရင်လည်း ခပ်လန့်လန့်ပဲ။ အဲဒါကြောင့် မင်းကိုမြင်တော့ ငါဝမ်းသာသွားတာကွ။ ကြုံတုန်း ငါ့ကိုလည်း အန္တရာယ်ကင်းအောင်လေးထပ်ပြောခဲ့ပါဦး သူငယ်ချင်းရာ"

"မင်းသမ္ဗုဒ္ဓေရွတ်လေ"

"ရွတ်တယ်"

"ဘယ်လိုရွတ်လဲ"

"ဒီလိုပဲ မောင်းနေရင်း သတိရရင် ရွတ်နေတာ။ ဘယ်နှခေါက်တွေဘာတွေ မမှတ်တော့ဘူး"

"ဒီလိုရွတ်လေ၊ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားဆောင်ရှေ့မှာ ပုဆစ်တုပ်ထိုင်၊ လက်အုပ်ချီထားပြီး ရွတ် သက်စေ့"

"ဟာ - အကြာကြီး ဆိုတော့ လက်အုပ်ကချီထားနိုင်ပါ့မလား"

"ချီမထားနိုင်လည်း ညောင်းရင် လက်ချပြီးရွတ်။ ပြီးခါနီးရင်တော့ လက်အုပ်ချီ။ ပြီးတာနဲ့ ခေါင်းတွေ၊ မျက်နှာတွေ သပ်လိုက်။ ဒါ နေ့တိုင်း မဖြစ်မနေလုပ်ရမှာ"

"လုပ်မှာပေါ့"

"ပြီးတော့ ငါပြောမယ်။ မင်း ဆိုပါတော့ကွာ၊ ဥက္ကလာကနေ မြို့ထဲလာမယ် ဆိုပါတော့။ ဥက္ကလာက ကားစထွက်လာပြီ မင်းသိနေတာပဲ၊ ရန်ကင်းမရောက်ခင် မိုးကောင်းဘိုးဘိုးကြီးကို မေတ္တာကြိုပို့ထားပေါ့"

"ဩော်"

"ပြီးရင် မင်းဗဟန်းဘက်ရောက်မယ်။ မရောက်ခင် သိဂ္ဂုတ္တရတောင်ပိုင်ဘိုးဘိုးကြီးကို မေတ္တာပို့"

"အေး"

"ပြီးရင် မင်းမြို့ထဲသွားမယ်။ ဘယ်ဘက်လဲ၊ မြို့လယ်ကောင် လမ်း (၃၀) ဘက် ဝန်းကျင်ဆိုရင် ဆူးလေဘိုးဘိုးကြီးကို မေတ္တာလှမ်းပို့။ ဗိုလ်တထောင်ဘက်ဆိုရင် ဗိုလ်တထောင်ဘိုးဘိုးကြီးကို မေတ္တာလှမ်းပို့"

"ဩော် - သဘောပေါက်ပြီ။ ကြည့်မြင်တိုင်ဘက်သွားမယ်ဆိုရင် ကိုးထပ်ကြီးဘိုးဘိုးကြီး"

"အေးပေါ့၊ ဒါဘာခက်တာမှတ်လို့။ မေတ္တာပို့ရတဲ့ကိစ္စပဲ"

"အေးနော် - လွယ်သား။ ဒါပေမယ့် အကျင့်မရသေးခင်တော့ သတိလေးထားပြီး မေတ္တာပို့မှ"

"ငါတော့ အမြဲတမ်း အဲသလို မေတ္တာပို့ပြီးသွားလို့လား မသိဘူး၊ ကားဘီးလေတောင်မလျော့ဘူး"

"အေး - ကောင်းတယ်ကွာ"

"မေတ္တာတရားဟာ အန္တရာယ်အကင်းဆုံးပဲ"

"အေးပါ၊ မင်းပြောတာ ငါယုံတယ် ငါလုပ်မယ်။ ခုပဲ ဆူးလေဘိုးဘိုးကြီးကို ငါမေတ္တာပို့ပြီ၊ ဆူးလေရောက်ပြီ"

"အေး - ကောင်းတယ်။ ပြီးရင် ပန်းဆိုးတန်းဘက်ကွေ့၊ ပညာရွှေတောင်စာအုပ်တိုက်ရှေ့ထိပေါ့"

"အေးပါ၊ ငါ သိပါတယ်"

"နောက်လည်း မင်းနဲ့ငါနဲ့ လမ်းကြုံရင် တို့သူငယ်ချင်းနှစ်ယောက် ခုလိုပဲ အာလာပသလ္လာပတွေပြောကြသေးတာပေါ့"

"အေးပါ၊ ငါ့မိန်းမကို ငါပြန်ပြောပြလိုက်မယ်။ မင်းနဲ့အတူ စကားတွေ အများကြီးပြောကြတာကို"

"ဆန်းလားကွာ၊ သူငယ်ချင်းချင်းစကားပြောတာ"

သူ၏ပခုံးကို လှမ်းပုတ်ပြီး ပြောလိုက်သည့်အချိန် ပညာရွှေတောင်စာအုပ်တိုက်ကြီးရှေ့သို့ ရောက်ပြီဖြစ်၏။

သူအလွန်ငြင်းနေသည့်ကြားမှ ကားခ ကျသင့်ငွေများ ပေးလိုက်ပြီး သူငယ်ချင်းအား ပြုံးပြလိုက်လေတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ်သင်္ကြန် ကျိုက်ထိုမြို့နယ် ဗဟိုမဏ္ဍပ်၌ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်းခံရ၏။

သင်္ကြန်ရောက်လျှင် သတင်းသမားတို့ သတင်းလိုက်၍ ကောင်းကြ၏။ သို့ရာတွင် ကျွန်ုပ်မှာ သတင်းမရခါမှနေရော။ သင်္ကြန်ဆိုလျှင် ပြဿနာပေါင်းစုံနှင့်မို့ စိတ်ညစ်ရ၏။ သို့ရာတွင် တစ်နှစ်တစ်ခါ ရှောင်လွှဲမရသဖြင့် သည်အချိန်ရောက်လျှင် ဆုံးစည်းရစမြဲ။

မြို့နယ်ဗဟိုမဏ္ဍပ်က သင်္ကြန်အကြိုနေ့ ညနေ (၆) နာရီတွင် ဖွင့်သဖြင့် ကျွန်ုပ်နေသော သိမ်ဇရပ်က သွား၍ အဆင်မပြေ။ သိမ်ဇရပ်နှင့် ကျိုက်ထိုက ခရီးမိုင် (၂၀) ကျော်ဝေး၏။ မဏ္ဍပ်ဖွင့်သည့်အချိန်၊ ဖျော်ဖြေသည့်အချိန်နှင့်ဆိုလျှင် အိမ်ပြန်နောက်ကျမည်။မိုးချုပ်လျှင် ဆိုင်ကယ်မောင်း၍ မကောင်းတော့။ ထို့ကြောင့်လည်း နောက်တစ်နေ့ဖြစ်သော သင်္ကြန်အကျနေ့နံနက်ပိုင်း သွားရန် စီစဉ်ရ၏။

သင်္ကြန်အကြိုနေ့တစ်နေ့လုံး သိမ်ဇရပ်ရဲစခန်းအပိုင်တွင် အမှုအခင်းမရှိ။ ကျိုက်ထိုကလည်း ဘာမှထူးထူးထွေထွေ မကြားရ။

သင်္ကြန်အကျနေ့ နံနက် (၈) နာရီခွဲခန့်တွင် ကျွန်ုပ်တစ်ယောက်တည်း ကျိုက်ထိုသို့ ဆိုင်ကယ်နှင့် ထွက်ခဲ့၏။ လမ်း၌ ရေပက်သူများရှိသော်လည်း သိပ်မများသဖြင့် အေးအေးဆေးဆေးပင်။ ကျိုက်ထိုဗဟိုမဏ္ဍပ်ရောက်တော့ တာဝန်ရှိသူများကို မျက်နှာပြပြီး သတင်းရေးရန်အတွက် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်၏။ ဗဟိုမဏ္ဍပ်၌ တစ်နာရီခန့်ထိုင်ပြီး ကျိုက်ပေါလောဘုရားဘက်သို့ သွားရန် စီစဉ်၏။

ထိုအချိန်မှာပင် တပ်ဖွဲ့ဝင်တစ်ယောက် အနားသို့ ရောက်လာ၏။


"ဆရာ၊ သစ်ဆိပ်ပင်မှာ ဆိုင်ကယ်နဲ့ ကား တိုက်မိတာ ဆိုင်ကယ်သမား ကားကြိတ်သေတယ်။ ကားကတော့ မောင်းပြေးသွားတယ်လို့ ကြားတယ်"

ဟု ပြော၏။

သစ်ဆိပ်ပင်ကျေးရွာမှာ သိမ်ဇရပ်ရဲစခန်းအပိုင်တွင်ဖြစ်၏။သင်္ကြန်ရက်တွင် အမှုကြီးတစ်မှုဖြင့် ရုံဖွင့်ပြီဖြစ်၏။

အမှုအခင်းဖြစ်လျှင် သတင်းဓာတ်ပုံက အရေးကြီးသဖြင့် ချက်ချင်းသွားရန် ဖြစ်သော်လည်း သင်္ကြန်ရက် ယာဉ်တိုက်မှုများက နှစ်စဉ်ဖြစ်နေကျ ရိုးနေပြီဖြစ်၍ အပူတပြင်းရယူရန် မကြိုးစားတော့။ သိမ်ဇရပ်ပြန်တော့မှ အကျိုးအကြောင်းမေးမည်ဟု စီစဉ်ပြီး ကျိုက်ပေါလောဘုရားဘက် ထွက်ခဲ့၏။ ကျိုက်ပေါလောဘုရားဘက်တွင်လည်း ထူးထူးခြားခြားမရှိသဖြင့် သိမ်ဇရပ် ပြန်ခဲ့၏။

အပြန်လမ်းတွင်တော့ ကျိုက်ထိုဘက်သို့လာကြသော နှစ်ယောက်စီး၊ သုံးယောက်စီး ရေပက်ခံဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ကဗျာတော်တော်များများကို တွေ့ရ၏။ အားလုံးလိုလို မူးယစ်ကာ အော်ဟစ် ပျော်ပါးနေကြ၏။ ဆရာသမားတို့က ဆိုင်ကယ်ကို လမ်းလယ်မှ မောင်းခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းခြင်းတို့ဖြင့် စည်းကမ်းမဲ့ပျော်ပါးနေကြရာ ကျွန်ုပ်လည်း သူတို့ကို ရှောင်ကွင်း၍ သတိထား မောင်းနှင်ခဲ့ရ၏။

သစ်ဆိပ်ပင်ကျေးရွာသို့ရောက်တော့ ယာဉ်တိုက်မှု စစ်ဆေးနေကြသော ကျိုက်ထိုရဲစခန်းနှင့် သိမ်ဇရပ်ရဲစခန်းတို့မှအဖွဲ့များနှင့် တွေ့သဖြင့် ဆိုင်ကယ်ရပ်ပြီး သတင်းဝင်ယူ၏။

ဖြစ်ပုံက ကျိုက်ထိုတွင် ရေကစားရန်လာသော သုံးယောက်စီး ဆိုင်ကယ်က လမ်းဘေးချည်ထားသော ထော်လာဂျီတစ်စီးကို အရှိန်ပြင်းပြင်းနှင့် ကျော်တက်စဉ် ဆိုင်ကယ်နောက်ဆုံးမှ ထိုင်လိုက်ပါသူ ပြုတ်ကျပြီး ရှေ့မှကားတစ်စီးကကြိတ်မိခြင်း ဖြစ်၏။ လူသေတော့ ကားသမားကမောင်းပြေးသလို ဆိုင်ကယ်သမားကလည်း အဖော်ကို ထားပစ်ခဲ့၏။ ယာဉ်တိုက်မှုဖြစ်ပြီး ကားမောင်းပြေးသည်ကို သိသည်နှင့် သိမ်ဇရပ်စခန်းမှူးနှင့်အဖွဲ့က ဝေါမြို့သို့ ဆက်သွယ်ပြီး ချက်ချင်းလိုက်ကြ၏။ ဝေါတွင် ကားကို ဖမ်းမိ၏။ ဆိုင်ကယ်သမားကိုတော့ ဖမ်းမိနိုင်ရေး ကြိုးစားနေကြ၏။ ကားကြိတ်ခံရသူ၏ အလောင်းမှာမူ သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ ပို့နှင့်ပြီး ဖြစ်၏။

ကျွန်ုပ်လည်း အလုပ်ကိစ္စပြီးသည်နှင့် နှုတ်ဆက်ပြီး ထွက်ခဲ့ရာ သိမ်ဇရပ်နှင့် (၅) မိုင်ခန့်ဝေးသော ခဝဲချောင်းတံတားသို့ ရောက်ခဲ့၏။ တံတားတစ်ဖက်ထိပ် ရဲကင်းရှေ့ တံတောင်ဆစ်ချိုးကွေ့တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိထားကြောင်း သိရသဖြင့် စုံစမ်းရပြန်၏။

တာဝန်မှူး ဒုရဲအုပ်ငွေဝင်းက-

"မူးပြီး မောင်းကြတော့ လမ်းကြောင်းမှားပြီးဝင်တိုက်မိတာပါဆရာ။ လူတွေကတော့ ပွန်းပဲ့ရုံလောက်ပါပဲ။ ခုနကလည်း တံတားဟိုဘက်ထိပ်ကွေ့မှာ ဆိုင်ကယ်နှစ်စီးတိုက်ကြလို့ မောင်းသူတစ်ယောက်သေပြီး ကျန်တဲ့လူတွေ ဒဏ်ရာရလို့ ဆေးရုံပို့ရတယ်"

ဟု ပြောပြရာ ကျွန်ုပ်လည်း လူသေမှုဖြစ်စဉ်ကား အသေးစိတ်





www.burmeseclassic.com

www.burmeseclassic.com

မေးမြန်းသတင်းယူ၏။ လူသေမှုဖြစ်ပွားသော ဆိုင်ကယ်နှစ်စီးမှာ ကားလမ်းဘေး မြက်တောထဲတွင် လဲနေသဖြင့် ဓာတ်ပုံရိုက်ယူ၏။ သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် သကြိန်အကျနေ့ မွန်းမတည့်မီမှာပင် အလောင်းနှစ်လောင်းရောက်နေပြီ ဖြစ်၏။

ကျွန်ုပ်လည်း ပြန်ခဲ့ရာ သိမ်ဇရပ်ရောက်တော့ တိုက်နယ်ဆေးရုံဝင်ပြီး ဆိုင်ကယ်တိုက်မှုမှ လူနာများကို ဝင်ကြည့်၏။ သိပ်ပြီး ဆိုးဆိုးရွားရွားတော့ မဖြစ်ကြ။

ခဏအကြာတွင် သိမ်ဇရပ်စခန်းမှူး ရဲအုပ်မျိုးသက် ရောက်လာသဖြင့် စကားပြောကြရင်း လူနာကြည့်ရာသို့ လိုက်သွားရပြန်၏။

လူနာဆောင်မှအပြန်တွင် ရဲအုပ်မျိုးသက်က-

"ကင်မရာလည်း မပါဘူး။ ဓာတ်ပုံရိုက်စရာလည်းရှိတယ်။ ပါတယ် မဟုတ်လား"

ဟု မေး၏။

ကျွန်ုပ်က-

"ပါတယ်လေ၊ လူနာပုံတွေလား"

ပြန်မေးရာ ရဲအုပ်မျိုးသက်က-

"မဟုတ်ဘူး၊ ရင်ခွဲရုံက အလောင်းတွေရိုက်မှာ"

ဟု ပြော၏။

အလောင်းများဟု ဆိုသဖြင့် ကျွန်ုပ်စိတ်က တစ်မျိုးဖြစ်သွား၏။

"အားတော့နာတယ်ဗျာ။ ကင်မရာထဲမှာ ကလေးပုံတွေ၊ တခြားမိသားစုပုံတွေလည်း ရိုက်ထားတာရှိနေလို့ မဖြစ်ဘူး။ တခြားကင်မရာရှာရင် ကောင်းမယ်"

ကျွန်ုပ်ပြောလိုက်သဖြင့် ရဲအုပ်မျိုးသက်လည်း ကင်မရာအရှာထွက်သွား၏။ ကင်မရာအကူအညီမပေးနိုင်သဖြင့် အားနာမိသော်လည်း မတတ်နိုင်။ အလောင်းပုံများနှင့် မိသားစုပုံများရောရိုက်ပေးထားသည်ကို ကာယကံရှင်များ မြင်တွေ့လျှင်လည်း မသင့်တော်။ ရိုက်ပေးထားသည်ကတော့ မေတ္တာသက်သက်။ အခကြေးငွေနှင့်လည်း မဟုတ်။ ဘာဖြစ်ဖြစ် ကာယကံရှင် စိတ်အနှောင့်အယှက်ဖြစ်တာမျိုးတော့ အဖြစ်မခံချင်။

အလောင်းပုံ မရိုက်ချင်ရခြင်းမှာ အခြားအကြောင်းတစ်ခုလည်းရှိသေး၏။ ထိုကိစ္စကလည်း ယုံရခက်ခက်၊ မယုံရခက်ခက်။ ခုချိန်အထိ ဟုတ်၊ မဟုတ် မှန်၊ မမှန် ဝေခွဲ၍မရ။

အဖြစ်က သည်လို။

ကျွန်ုပ် သတင်းလောကကို ရောက်စအချိန်က ၁၉၉၆- ၉၇ ခုနှစ်ဝန်းကျင်က ဖြစ်၏။ ကျွန်ုပ်မှာ ရွှေနေရွှေရုပ်လောကမှလာသူမို့ နီးစပ်မှုရှိသော မှုခင်းသတင်းများကို ပို၍အားသန်၏။ မှုခင်းသတင်းနောက်သို့လည်း အသဲအမဲလိုက်၏။ ထိုစဉ်က ဒီဂျစ်တယ်ကင်မရာများ အသုံးနည်းသေးသဖြင့် ကျွန်ုပ်တို့မှာ ဖလင်ကင်မရာများကိုသာ သုံးကြ၏။

ကျွန်ုပ်သည် သုံးနေကျ ကင်မရာ အဆင်မပြေတော့သဖြင့် အသစ်တစ်လုံးဝယ်ရန် စဉ်းစားသည်။ ကင်မရာအသစ်ဝယ်မည့်အကြောင်း မိတ်ဆွေ ဓာတ်ပုံဆရာနှင့် တိုင်ပင်၏။

မိတ်ဆွေက-

"အခု တရုတ်ကဝင်တဲ့ ဖီးနစ်တူးအိုဖိုက်ကင်မရာက ပုံထွက်အတော်ကောင်းတယ်လို့ပြောကြတယ်။ ကင်မရာကသာ တရုတ်လုပ်၊ မှန်ဘီလူးက ဂျာမနီမှန်ဘီလူးလို့ ဆိုတယ်။ အဖိုးနည်းဝန်ပါ ဖီးနစ်ဝယ် ကိုင်ပါလား"

ဟု ပြော၏။

သတင်းထောက်ကင်မရာက သတင်းဓာတ်ပုံသာ အဓိကထားရိုက်ရသည်မို့ ပုံထွက်ကောင်းပြီး ဈေးချိုသည်ဆိုလျှင် အဆင်ပြေ၏။ လုပ်ငန်းသဘာဝအရ ပျက်လျှင်၊ ပျောက်ရှ ဆုံးရှုံးလျှင်လည်း တန်ဖိုးနည်းလျှင် အဆုံးအရှုံး သက်သာသည်မို့ မိတ်ဆွေပြောသည့် ကင်မရာကို စိတ်ဝင်စားမိ၏။ မိတ်ဆွေက ကင်မရာရောင်းသည့် ဆိုင်လိပ်စာကိုပါ ပေး၏။

ကျွန်ုပ်လည်း မိတ်ဆွေပြောသည့် ဖီးနစ်တူးအိုဖိုက်ကင်မရာကို ဝယ်ရန် ရန်ကုန်ရောက်တော့ (၃၄) လမ်းအလယ်ဘလောက်ရှိ ရောင်စုံကမ္ဘာကင်မရာနှင့် ဓာတ်ပုံပစ္စည်းအရောင်းဆိုင်ကို ရောက်၏။ (ထိုစဉ်က ဓာတ်ပုံကူးဆိုင်မဖွင့်သေး။) ဖီးနစ်တူးအိုဖိုက်ကင်မရာဈေးကိုစုံစမ်းရာ (၇၀၀၀) ဆိုသဖြင့် ဈေးသင့်၏။ ဆိုင်ရှင်ကလည်း သုံးပျော်ကြောင်း ရှင်းပြ၏။ သို့နှင့် ကျွန်ုပ်လည်း ကင်မရာတစ်လုံး၊ ဓာတ်ခဲလေးလုံးသုံး၊ မီးခွက်တစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများဝယ်ယူရာ ငွေတစ်သောင်းခန့် ကုန်ကျ၏။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဆိုင်ရှင်ပြောသလိုပင် ဖီးနစ်တူးအိုဖိုက်ကင်မရာက ပုံထွက်အတော်ကောင်း၏။ ရောင်စုံဆိုလျှင် ပို၍ သိသာသည်။ ကျွန်ုပ်အနေနှင့် သတင်းဓာတ်ပုံဆိုလျှင် အဖြူ အမည်းသာ အရိုက်များသည်။ ကျွန်ုပ်မှာ အပေါင်းအသင်းလည်းများ၊ ကင်မရာကလည်းပုံထွက်ကောင်းသဖြင့် မိတ်ဆွေများက သူတို့တစ်တွေ၏ ရှင်ပြု၊ အလှူနှင့် အခြားအခမ်းအနားများတွင် ရိုက်ပေးရန် အကူအညီတောင်း၏။ ကျွန်ုပ်လည်း ကူညီသည့်အနေနှင့် လည်းကောင်း၊ ပိုက်ဆံရသဖြင့် လည်းကောင်း လိုက်ရိုက်ပေး၏။ မင်္ဂလာဆောင်များ ဆိုလျှင်တော့ ကိုယ့်ဂုဏ်သိက္ခာထိန်းသည့်အနေနှင့် လိုက်မရိုက်။ သတင်းထောက်က ဓာတ်ပုံရိုက်စားသည့်အဖြစ်မျိုး အရောက်မခံ။ တကယ်တမ်း လုပ်စားလျှင် မည်သို့ရှိမည် မသိသော်လည်း အပျော်တမ်းရိုက်တော့မှ အလုပ်ပေါ်နေ၏။ ထို့ကြောင့်လည်း နှစ်လခန့်နှင့် ကင်မရာဖိုးကျေသွား၏။

ကျွန်ုပ်၏ ကင်မရာကို အလှူအတန်းနှင့် အခြားအခမ်းအနားများတွင် ရိုက်ပေးသော်လည်း သတင်းနှင့်ပတ်သက်၍ လူသေအလောင်းတွေကိုတော့ သီးသန့်မရိုက်။ ရှောင်လွှဲမရမှသာ ရိုက်သည်။ လူသေအလောင်းပုံတွေက ရိုက်ပြီး ဂျာနယ်များသို့ ပေးပို့လျှင်လည်း ကန့်သတ်ထားသဖြင့်မသုံး။ သည်တော့ ဖလင်ကုန်ခံ၍လည်း မရိုက်တော့။

တစ်နေ့နေ့လယ်တွင် အကျွန်း



www.burmeseclassic.com

www.burmeseclassic.com

ဦးစီးဌာနတွင် အကျဉ်းသားအချင်းချင်း ရန်ဖြစ်ရာမှ တစ်ဦးသေဆုံးသည့်သတင်း ကြားသဖြင့် ရဲစခန်းသို့ ရောက်သွား၏။ ရဲစခန်း၌ သတင်းယူပြီးနောက် တိုက်နယ်ဆေးရုံသို့ သွား၏။ တိုက်နယ်ဆေးရုံတွင် နယ်ထိန်း ရဲတပ်ကြပ်ကြီး မြင့်စိန်နှင့် ဆုံ၏။

ဆရာမြင့်စိန်က ကျွန်ုပ်နှင့်ခင်ပြီး ပြောမနာဆိုမနာ ဖြစ်၏။

"ကိုယ့်ဆရာ၊ သက်နိုင်ဦးကိစ္စလား"

ဟု မေး၏။

ကျွန်ုပ်က-

"ဟုတ်တယ်လေဗျာ၊ ဒဏ်ရာအခြေအနေ ဆရာဝန်ကို မေးမလို့ပါ။ အမှုနဲ့ ပတ်သက်ပြီး ဘာထူးခြားတာရှိသေးသလဲ"

ဟု ပြန်မေးရာ ဆရာမြင့်စိန်က-

"တခြားတော့ ဘာမှမထူးခြားပါဘူး။ သက်နိုင်ဦးက မူးယစ်မှုနဲ့ ကျတဲ့ နှစ်ကြီးသမား။ ရိုက်လိုက်တဲ့ ဖိုးထင်ကလည်း အမှုပေါင်းစုံနဲ့ နှစ်ကြီးသမား။ ဖိုးထင်က လူမိုက်ဆိုတော့ လက်ယဉ်တာပေါ့။ လူကောင်ကလည်းသေးတော့ လုပ်မယ်ဆိုရင် တစ်ချက်တည်းနဲ့ အပိုင်လုပ်လိုက်တဲ့သဘောပေါ့။ ကိုယ့်ဆရာ ဆရာဝန်ကို စောင့်မယ်ဆိုရင် ကြာလိမ့်မယ်။ ဒီနေ့ လခထုတ်ရက်၊ ကျိုက်ထိုသွားတယ်။ တရားရုံးသက်သေခံရော အစည်းအဝေးပါ ရှိတယ်လို့ ဆရာမက ပြောတယ်"

ဟု ပြောသည်။

ကျွန်ုပ်က-

"ခင်ဗျားကော ဆရာဝန်ဆီလာတာ မဟုတ်လား"

မေးရာ ဆရာမြင့်စိန်က-

"မဟုတ်ဘူး၊ ကျွန်တော် သက်နိုင်ဦးအလောင်းကို ဓာတ်ပုံရိုက်ဖို့အတွက် ဓာတ်ပုံဆရာကိုစောင့်နေတာ။ သာဗျာ - ခဏထိုင်ရအောင်"

ဟု ပြောသဖြင့် အနီးအနားရှိ ခုံတန်းရှည်တွင် ထိုင်ကြ၏။ နောက်တော့ အမှုကိစ္စများအကြောင်း ပြောကြ၏။ နာရီဝက်ခန့် စကားပြောပြီးနောက် ကျွန်ုပ်လည်း ပြန်ရန် ဆရာမြင့်စိန်ကို နှုတ်ဆက်၏။

ဆရာမြင့်စိန်က-

"ကျွန်တော့်ဓာတ်ပုံဆရာလည်း ရောက်မလာဘူး။ တခြားအလုပ်တွေလည်း ရှိသေးတယ်။ ကြုံတုန်း ကူညီတဲ့အနေနဲ့ အလောင်းပုံ သုံး၊ လေးပုံလောက် ရိုက်ပေးပါလားဗျာ။ ကိုယ့်ဆရာလည်းသုံးဖို့ယူပေါ့"

ဟု ပြောရာ ကျွန်ုပ်မှာ အတော်ပင် တွန့်သွားရ၏။ ရင်ခွဲရုံထဲဝင်၍ အလောင်းကို နီးနီးကပ်ကပ် ဓာတ်ပုံရိုက်သည့်အလုပ်မျိုးမလုပ်လို့။ ဆရာမြင့်စိန်က နောက်ပြောင်တတ်သူမို့ သူ့စကားက အတည်လိုလို နောက်ပြောသလိုလည်း ဖြစ်နေ၏။

ကျွန်ုပ်က-

"ပြဿနာမရှာနဲ့ဗျာ၊ ဓာတ်ပုံဆရာလာမှပဲရိုက်။ အလောင်းပုံက ကျွန်တော်လည်း သုံးလို့မရဘူး"

ဟု ပြောလိုက်၏။

ဆရာမြင့်စိန်က-

"ကိုယ့်ဆရာ မသုံးလို့ မရိုက်ပေးဘူး ဆိုတာတော့ မဖြစ်သင့်သေးဘူးလေဗျာ။ မရိုက်ရဲဘူးဆိုလည်း အမှန်အတိုင်းပြောပေါ့"

ဟု စ၏။ ဆက်၍-

"ဒီလိုပဲ ကိုယ့်ဆရာရဲ့။ တချို့က လူသေအလောင်းဆိုရင် ကြည့်ချင်တာ ရှေ့ဆုံးက။ ကြည့်ပြီးလို့ ညဘက်ရောက်ရင် မျက်စိထဲပြန်မြင်ပြီး အပေါ့အပါးတောင် မသွားရဲတော့ဘူး။ ကိုယ့်ဆရာက ဒီလိုတော့ မဟုတ်ပါဘူးနော်"

ဟု မခံချင်အောင် ပြောနေပြန်၏။

ဤတွင် ကျွန်ုပ်က-

"ကြောက်လို့ မဟုတ်ဘူးဗျ။ ကင်မရာကျက်သရေယုတ်မှာစိုးလို့ မရိုက်တာ။ ကျွန်တော် သွားမယ်"

ဟု ပြော၍ ထလိုက်ပြီးမှ ဆရာမြင့်စိန်၏ မျက်နှာကို ကြည့်ပြီး အားနာသလိုဖြစ်သွား၏။ ဆရာမြင့်စိန်က အလုပ်များသူ၊ အလုပ်ကြိုးစားသူမို့ ဓာတ်ပုံဆရာကိုစောင့်ရင်း အချိန်မကုန်စေချင်။ နောက်ပြီး သူ့စ,နောက်သည်ကိုလည်း မခံချင်စိတ်ကလေးဖြစ်မိ၏။

ထို့ကြောင့်လည်း ကျွန်ုပ်က-

"လူသေအလောင်းပဲ၊ ဘာကြောက်စရာရှိသလဲ။ ရိုက်ပေးမယ်ဗျာ၊ ရိုက်မယ်"

ဟု ပြောရာ ဆရာမြင့်စိန်က-

"ဒီလိုမှပေါ့ဗျာ၊ ဘာကြောက်စရာရှိသလဲ"

ဟု ထပ်၍ နောက်ဖြစ်အောင် နောက်၏။

နောက်တော့ နှစ်ယောက်သားတာဝန်ခံ ကိုသန်းအောင်ကို ပြောပြီးနောက် ရင်ခွဲရုံထဲ ဝင်ခဲ့ကြ၏။

တိုက်နယ်ဆေးရုံ၏ ရင်ခွဲရုံမှာ ခပ်ကျဉ်းကျဉ်းဖြစ်၏။ ရင်ခွဲရုံအတွင်းရှိ ကွန်ကရစ်ခုတင်ပေါ်၌ အကျဉ်းဦးစီးဝတ်စုံနှင့် သက်နိုင်ဦးအလောင်းကို ပက်လက်အနေအထားမြင်တွေ့ရ၏။ အလောင်းမှာ (၂၄) နာရီ မပြည့်သေးသဖြင့် ပုံမပျက်။ ကျွန်ုပ်လည်း အနေအထားကို ရွေးချယ်ရ၏။ ဘေးတိုက်ရိုက်ရန်အဆင်ပြေသော်လည်း မျက်နှာတည့်တည့်ရိုက်ဖို့ကျတော့ မလွယ်။

ဆရာမြင့်စိန်က-

"မျက်နှာတည့်တည့်ကရိုက်လို့ရအောင် ခုတင်ပေါ်တက်ပြီး အလောင်းကို ခွရိုက်မှဖြစ်မယ်"

ဟု ပြောရာ လူသေအလောင်းနှင့် နီးနီးကပ်ကပ် မနေခဲ့ဘူးသော ကျွန်ုပ်မှာ အတော်ပင် စိတ်ညစ်သွားရ၏။ သို့ပေမယ့် ကျွန်ုပ်မှာ ရွေးစရာအခြားနည်းလမ်း မရှိတော့သဖြင့် ဆရာမြင့်စိန်ပြောသည့်အတိုင်း ခုတင်ပေါ်တက်၍ ဓာတ်ပုံရိုက်ရန် စီစဉ်ရ၏။ ကျွန်ုပ်မှာ ပုဆိုးရှည်ရှည်ဝတ်တတ်သူမို့ ပုဆိုးနှင့် အလောင်း မထိစေရန် ဦးစွာခါးတောင်းကျိုက်၏။ နောက်မှ ခုတင်ပေါ်ကိုတက်ပြီးတော့ အလောင်းကိုခွရပ်ကာ မျက်နှာကို သေချာစွာ ချိန်၏။ ကျွန်ုပ်သည် လူသေအလောင်း၏ မျက်နှာနှင့် မျက်နှာချင်းဆိုင်ဖြစ်နေ၏။

စိတ်ကြိုက် သုံး၊ လေးပုံ ရိုက်ပြီးတော့ ခုတင်ပေါ်မှ အလောင်းကို မထိမိအောင် သတိထားပြီး ဆင်း၏။ နောက်မှ-

"ဒီလောက်ဆို ရပြီ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

လား”

ဟု မေးရာ ဆရာမြင့်စိန်က-

“ရပြီလေ၊ ကျေးဇူးပါပဲ။ ဓာတ်ပုံတော့ နက်ဖြန်ရအောင် ကူညီပါဦး”

ဟု ပြော၏။

ကျွန်ုပ်အတွက်တော့ လူသေအလောင်းနှင့် အနီးကပ်ဆုံးနေကာ အလုပ်လုပ်ဖူးခြင်းသည် ပထမဆုံးအတွေ့အကြုံ ဖြစ်၏။ ဆရာမြင့်စိန်နှင့်လမ်းခွဲပြန်လာရင်း ထူးခြားသောအတွေ့အကြုံသစ်ပေးခဲ့သည့် ဆရာမြင့်စိန်ကိုပင် ကျေးဇူးတင်မိ၏။

❐

ကျွန်ုပ်သုံးနေသော ဖီးနစ်တူးအိုဖိုက်ကင်မရာမှာ တရုတ်လုပ်ပင်ဖြစ်သော်လည်း လက်ထဲရောက်ပြီးနောက် တစ်ကြိမ်တစ်ခါမှဒုက္ခမပေး။ အကြမ်းပတမ်းလည်းခံသည်။ ကျွန်ုပ်မှာ ကျိုက်ထိုရဲစခန်းနှင့် သိမ်ဇရပ်ရဲစခန်းနှစ်ခုတွင် မှုခင်းသတင်းများကိုရယူရာ၌ မှုခင်းဓာတ်ပုံများလည်း အတော်ပင် ရိုက်ရ၏။ ရေကြီးသည့်နှစ်ကဆိုလျှင် မိုးထဲရေထဲ၌ပင် ရေကြီးကွင်းထဲဆင်းကာ မှတ်တမ်းပုံများကို လိုက်လံရိုက်ရ၏။ ကင်မရာကတော့ အေးအေးဆေးဆေးပင်။

သို့ရာတွင် ကင်မရာနှင့် ပတ်သက်၍ ထူးခြားမှုတစ်ခုကို သတိထားမိလာ၏။

အခြားတော့မဟုတ်။

ကင်မရာမှာ စိတ်ချရလောက်အောင် ကောင်းမွန်သဖြင့် အသုံးပြုပြီးသည်နှင့် သားရေလွယ်အိတ်ထဲ ပြန်ထည့်ထား၏။ သုံးစရာရှိမှ ပြန်ထုတ်၏။ တစ်ခါတလေတော့ အပြင်မထွက်ခင် အိမ်၌ ကင်မရာကို အိတ်ထဲမှထုတ်ယူပြီး ဖုန်သုတ်သန့်ရှင်းရေးလုပ်၏။ Speed, Aperture ကစား၏။ ထိုသို့ နံနက်ပိုင်း အိမ်၌ ကင်မရာကို ကလိလိုက်သည်နှင့် ထိုနေ့တွင် လူသတ်၊ လူသေကို သွေးထွက်သံယိုမှုတစ်ခုခုနှင့် ကြုံတွေ့ရပြီး ဓာတ်ပုံရိုက်ရ၏။

ကျွန်ုပ်သည် နာမ်လောကကို ယုံကြည်မှု လွန်ကဲသူ မဟုတ်သဖြင့် ၎င်းအဖြစ်မျိုးကို တိုက်ဆိုင်ခြင်းသာဖြစ်သည်ဟုသဘောထားသော်လည်း ကြုံရဖန်များ၍ သတိထားမိလာခြင်းဖြစ်၏။

တစ်နေ့တွင် ဟုတ်လိုဟုတ်ငြား စမ်းသပ်လိုသဖြင့် နံနက်ပိုင်း အိမ်မှမထွက်ခွာမီ ကင်မရာကို ဖုန်သုတ်ပြီး Speed, Aperture ကစား၏။ ထိုနေ့နံနက်ပိုင်းတွင် ကန်တော့ဦးရပ်ကွက် ကုန်းအဆင်း၌ ဂဝံကျောက်တင်ကားကြီးတစ်စီး ဘရိတ်ပေါက်၍ တိမ်းမှောက်ကာ ဂဝံကျောက်များပေါ် ထိုင်လိုက်လာကြသော အလုပ်သမားသုံးဦး သေပြီး ငါးဦးခန့် ဒဏ်ရာရ၏။ မှောက်နေသောကား၊ ဂဝံကျောက်များပိနေသော အလောင်းပုံများနှင့် ဒဏ်ရာရသောလူနာများ၏ပုံများကို ရိုက်ရ၏။ မယုံသေးသဖြင့် ထပ်မံစမ်းသပ်ပြန်၏။

ထိုနေ့ နေ့ခင်းပိုင်းတွင် သစ်ဆိပ်ပင်လေးရွာ၌ လူသတ်မှုဖြစ်သဖြင့် အခင်းဖြစ်ရပ်ပုံများကိုသာ ရိုက်ရ၏။ သည်တော့လည်း ကင်မရာကို မကလိရဲလောက်အောင် ဖြစ်လာ၏။ မိတ်ဆွေသတင်းထောက်တစ်ဦးကို ပြောပြတော့ ဈေးခေါ်ကောင်းတာပေါ့ဟု မယုံသလို နောက်ပြော၏။

ကျွန်ုပ်မှာ ကြုံရဖန်များလာသောအခါ ကင်မရာကို ကိုင်ရမှာပင် ဝန်လေးသလိုဖြစ်လာ၏။ ကင်မရာကလည်း ချို့ယွင်းချက်တစ်စုံတစ်ရာ မရှိသဖြင့် ပစ်ပယ်၍လည်း မရ။ သို့ရာတွင် နောက်ပိုင်းတွင် ဒီဂျစ်တယ်ကွန်ပက်ကင်မရာများမှာ သုံးရပိုအဆင်ပြေသဖြင့် ကျွန်ုပ်လည်း ဒီဂျစ်တယ်ကင်မရာ အသစ်တစ်လုံး ပြောင်းကိုင်၏။ ဖီးနစ်တူးအိုဖိုက်ကိုတော့ တူတစ်ယောက်ကို ပေးလိုက်၏။ တူတော်မောင်၏လက်တွင်တော့ ကင်မရာက သိပ်မခံ။ အဆုံးစွန်ပျက်စီးခြင်းသို့ရောက်သွားကြောင်း သိရ၏။

တစ်နေ့တွင် ကျွန်ုပ်တို့မြို့လေး၌ ယာဉ်မတော်တဆမှုတစ်ခု ဖြစ်၏။ လမ်းဖြတ်ကူးသောကလေးငယ်အား ကိုယ်ပိုင်ကားတစ်စီးက ပွတ်မိသလိုဖြစ်ပြီး ကလေးငယ် လဲကျသွား၏။ ဒဏ်ရာအနာတရ ကြီးကြီးမားမား မဖြစ် ပွန်းပဲ့ရုံလောက်သာ။

ယာဉ်မောင်းကတော့ ရဲစခန်း၌ ရှင်းရ၏။ ကလေး ဘာမှမဖြစ်သဖြင့် ကလေးမိဘများကလည်း အမှုမဖွင့်။ ယာဉ်မောင်းက ကလေးအတွက် မုန့်ဖိုးသဘော၊ ဆေးဖိုးဝါးခသဘောပေးသဖြင့် နှစ်ဦးနှစ်ဖက် ကျေနပ်သွားကြ၏။

ကိစ္စဝိစ္စပြီးတော့ ယာဉ်မောင်း ကိုမျိုးဇော်လတ်က ကျွန်ုပ်တို့ကို မိတ်ဖြစ်ဆွေဖြစ်သဘောမျိုးနှင့် လက်ဖက်ရည်ဆိုင် ခေါ်၏။ ကိုမျိုးဇော်လတ်မှာ ယာဉ်ပိုင်ရှင်ဖြစ်ပြီး ရန်ကုန်မြို့မှ ဖြစ်၏။

လက်ဖက်ရည်သောက်ရင်း ကိုမျိုးဇော်လတ်က-

“ဒီနယ်က ကျွန်တော်တို့နဲ့ ဘယ်လိုရေစက်တွေရှိခဲ့သလဲတော့ မသိဘူး။ အခု ကျွန်တော်က ယာဉ်မတော်တဆမှု ဖြစ်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က ကျွန်တော့်အစ်ကိုက အကျဉ်းကျနေတုန်း ထောင်သားချင်းရိုက်သတ်လို့ သေရတယ်။ အဲဒီတုန်းက ကျွန်တော် ရဲစခန်းကို ရောက်ရသေးတယ်။ အစ်ကို့ကို သဂြိုဟ်တာလည်း ဒီမြို့က သင်္ချိုင်းမှာပါ”

ဟု ပြော၏။

သူ့စကားကြောင့် ကျွန်ုပ် စိတ်ဝင်စားပြီးမေးရာ သူ့အစ်ကိုမှာ ကျွန်ုပ်ကိုယ်တိုင် အလောင်းကိုခွ၍ ဓာတ်ပုံရိုက်ယူခဲ့သော သက်နိုင်ဦး ဖြစ်ကြောင်း သိရ၏။

ကိုမျိုးဇော်လတ်၏ နောက်ဆက်တွဲစကားများက ကျွန်ုပ်နားထဲတွင် စွဲသွား၏။

“အစ်ကိုက တကယ်တော်တဲ့ ကင်မရာမင်းပါ။ ကင်မရာကိုလည်း သိပ်မြတ်နိုးတယ်။ အပေါင်းအသင်းများတဲ့လူဆိုတော့ လူပေါင်းမှားပြီး မူးယစ်ဆေးဝါးသုံးစွဲလို့ ထောင်ထဲရောက်တာ။ ထောင်ထဲရောက်တော့လည်း သူတစ်ပါးလက်ချက်နဲ့ သေရတယ်။ သိပ်နှမြောဖို့ကောင်းတယ်”

မင်းခေါင်နွံ



www.burmeseclassic.com

www.burmeseclassic.com

# တားရော့ဖတ်နည်း

မျိုးကျော်မင်းမြတ်

**(Fifth Card)**

**(ပဉ္စမမြောက်ကားချပ်)**

(၀)သူရှုးကားချပ်ဖြစ်ပါက သင်၏ ကာလတာရှည်စွာ ပျောက်ဆုံးနေခဲ့သော ဆွေမျိုးတစ်ဦးထံမှ သတင်းတစ်ခု ကြားရရန် သင်မျှော်လင့်နိုင်ပါသည်။

မင်းလုလင်ကျိုင်းတံကားချပ်ဖြစ်ပါက သင့်အား ကြည်ညိုလေးစားသူများထံမှ တစ်စုံတစ်ခုကြားရရန် မျှော်လင့်နိုင်ပါသည်။

သူရဲကောင်းကျိုင်းတံကားချပ်ဖြစ်ပါက သင့်အပေါင်းအသင်း မိတ်ဆွေထံမှ တစ်ခုခုကြားရန် မျှော်လင့်နိုင်ပါသည်။

မင်းလုလင်ဖလားကားချပ်ဖြစ်ပါက သင့်မသိစိတ်မှ တစ်စုံတစ်ရာကို ကြားရရန် မျှော်လင့်နိုင်ပါသည်။

သူရဲကောင်းဖလားကားချပ်ဖြစ်ပါက သင့်အတိုင်ပင်ခံ (ကောင်ဆယ်လာ) ထံမှ တစ်ခုခုကြားရရန် မျှော်လင့်နိုင်ပါသည်။

မင်းလုလင်ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက သင့်မိခင်ထံမှ တစ်ခုခုကြားရရန် မျှော်လင့်နိုင်ပါသည်။

သူရဲကောင်းငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက သင့်သူဌေးဖြစ်သူထံမှ တစ်စုံတစ်ရာ ကြားရနိုင်ပါသည်။

မင်းလုလင်ဓားကားချပ်ဖြစ်ပါက သင့်အား ကာကွယ်စောင့်ရှောက်ပေးသူထံမှ တစ်ခုခုကြားရရန် မျှော်လင့်နိုင်ပါသည်။

သူရဲကောင်းဓားကားချပ်ဖြစ်ပါက သင့်အစိတ်အပိုင်း (ကဏ္ဍ) အားလုံးများမှ တစ်စုံတစ်ရာ ကြားရရန် မျှော်လင့်နိုင်ပါသည်။

(၂၁) စကြဝဠာကားချပ်ဖြစ်ပါက သဘာဝမိခင်ကြီးထံမှ တစ်စုံတစ်ရာ ကြားနာသိရှိရန် မျှော်လင့်နိုင်ပါသည်။

**(Sixth Card)**


**(ဆဋ္ဌမမြောက်ကားချပ်)**

(၀)သူရှုးကားချပ်ဖြစ်ပါက သင့်အား စိတ်ရွှင်မြူးလန်းဆန်းစရာဖြစ်စေမည့် လုပ်ငန်းခွင်အတွင်းမှ (သို့) ရေဒီယိုမှလာသော အစီအစဉ်တစ်စုံတစ်ရာအား သင်ကြားရပါလိမ့်မည်။

မင်းလုလင်ကျိုင်းတံကားချပ်ဖြစ်ပါက တစ်စုံတစ်ဦး (သို့) တစ်စုံတစ်ရာနှင့်ပတ်သက်သော မှတ်ချက်တစ်ခုခုချဖြစ်ပါမည်။ တစ်ယောက်ယောက်နှင့် လျှို့ဝှက်သော အကြည့်များ အပြန်အလှန်ဖလှယ်ဖြစ်ပါမည်။

သူရဲကောင်းကျိုင်းတံကားချပ်ဖြစ်ပါက သင့်အား အကြောင်းကိစ္စတစ်ခုခုအတွက် နောက်ဆုံးအချိန်အထိ ရပ်နားစောင့်ဆိုင်းပေးရန် တောင်းဆိုခြင်းခံရပါလိမ့်မည်။

မင်းလုလင်ဖလားကားချပ်ဖြစ်ပါက သင့်အား ရုပ်/သံအစီအစဉ်တစ်ခုက နှစ်သက်စွဲလမ်းအောင် ဆွဲဆောင်ဖမ်းစားနိုင်ခြင်းဖြင့် ညအိပ်ရာဝင် နောက်ကျတတ်ပါသည်။




သူရဲကောင်းဖလားကားချပ်ဖြစ်ပါက တစ်စုံတစ်ဦးအား ငြိမ်းချမ်းစွာဆက်ဆံမှတ်ချက်ပြုလိုပါမည်။

မင်းလုလင် ငါးထောင့်ကြယ်စက်ဝိုင်းကားချပ် ဖြစ်ပါက သင်သည် တစ်စုံတစ်ရာသောအကြောင်းကြောင့် အာရုံပြောင်းလဲခြင်းရှိတတ်ပါသည်။

သူရဲကောင်း ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက သင်သည် ရုတ်တရက် အပြောင်းအလဲတစ်ခုခု (မဖြစ်မနေ) လုပ်ရတတ်ခြင်း ကြုံရနိုင်ပါသည်။

မင်းလုလင်ဓားကားချပ်ဖြစ်ပါက သင့်ခြေထောက်ပေါ် သင်ရပ်တည်နိုင်ရန်၊ အခြေခံကျသောအလုပ်တစ်ခုခုလုပ်ရန် တောင်းဆိုခြင်းခံရပါမည်။

သူရဲကောင်းဓားကားချပ်ဖြစ်ပါက တစ်ဦးတစ်ယောက်အား ကယ်တင်နိုင်ရေးအတွက် သင့်အား အကူအညီတောင်းခြင်းခံရပါလိမ့်မည်။

(၂၁) စကြဝဠာကားချပ်ဖြစ်ပါက သင့်အား (နှစ်ဦးနှစ်ဖက်) အကျိုးစီးပွားအတွက် လက်မှတ်ထိုးသဘောတူစာချုပ်ရန် ကမ်းလှမ်းလာပါမည်။

**(Seventh Card)**

**(သတ္တမမြောက်ကားချပ်)**

(၀) သူရှုးကားချပ် ဖြစ်ပါက ဖွံ့ဖြိုးတိုးတက်မှုများ တာရှည်ခံရန် ဟန်ချက်ညီခြင်း ရှိ၊ မရှိ သေချာစွာ သတိပြုရပါမည်။

မင်းလုလင်ကျိုင်းတံကားချပ်ဖြစ်ပါက သင်ဆိုလိုသော အဓိပ္ပာယ်ကို ရှင်းလင်းပီသ ပီပြင်အောင် သေချာစွာ ပြောဆိုတတ်ဖို့ လိုပါသည်။

သူရဲကောင်းကျိုင်းတံကားချပ်ဖြစ်ပါက သင်စကားပြောရန်အလှည့်ကျသည်နှင့် ပီပြင်မှုရှိစေရန် သတိပြုပြင်ဆင်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းလုလင်ဖလားကားချပ်ဖြစ်ပါ သတင်းစာအား (သင်လွှင့်မပစ်မီ) အကြောင်းအရာကို သေချာရှင်းလင်းအောင် ဖတ်မှတ်ပါ။

သူရဲကောင်းဖလားကားချပ်ဖြစ်ပါက ညွှန်ကြားချက်ပါ (စည်းကမ်း) များအား လိုက်နာနိုင်ရန် သင်သေချာစွာ ဖတ်ရှုဖို့ လိုအပ်ပါသည်။

မင်းလုလင် ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက သင် messages များကို ပိုမို ကောင်းမွန်လာအောင်လုပ်တတ်ဖို့ လိုပါသည်။

သူရဲကောင်း ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက စာအိတ်ကို သေချာစွာ လေ့လာစစ်ဆေးပါ။

မင်းလုလင်ဓားကားချပ်ဖြစ်ပါက သင် ဆုံးဖြတ်ချက်မချမီ (သို့) ကောက်ချက်မချမီ အချက်အလက်များကို သေချာစွာ ပြန်လှန် သုံးသပ်စစ်ဆေးပါ။

သူရဲကောင်းဓားကားချပ်ဖြစ်ပါက ပထမဆုံးသောနေရာသို့ရောက်ရှိရန် သေချာသော အစီအစဉ်များဆွဲရပါမည်။

(၂၁) စကြဝဠာကားချပ် ဖြစ်ပါက သင်ကြားနိုင်၊ မြင်နိုင်သည့်နေရာမှ သင်ကိုယ်တိုင် ဆက်လက်တည်ရှိနေနိုင်အောင် ကြိုးစားပါ။

**(Eight Card) (အဋ္ဌမမြောက်ကားချပ်)**

(၀) သူရူးကားချပ် ဖြစ်ပါက သတင်းများ စောစီးစွာကြားရတတ်သည်။ ထိုအခါ သင်သည် ပထမဦးဆုံးသော (သတင်း) ကြားသိရသူဖြစ်သည်။

မင်းလုလင်ကျိုင်းတံကားချပ်ဖြစ်ပါက သတင်းစကားကို နှုတ်မှလွှတ်ခနဲ ပြောဆိုမိပါမည်။

သူရဲကောင်းကျိုင်းတံကားချပ်ဖြစ်ပါက သတင်းက သင့်ထံမရောက်မီ အနည်းငယ် နောက်ကျနေသည်။ သင်သည် သတင်းကိုသိရှိရဖို့ နောက်ဆုံးလူ ဖြစ်ပါသည်။

မင်းလုလင်ဖလားကားချပ် ဖြစ်ပါက သတင်းစကားက တီးတိုးတီးတိုးဖြင့် ကြိုတင်(ကျယ်ပြန့်စွာ)ကြားလာရပါသည်။ သင်သည် သတင်းနှင့်ပတ်သက်၍ အတွင်းသိသိသူတစ်ယောက် ဖြစ်ပါသည်။

သူရဲကောင်းဖလားကားချပ်ဖြစ်ပါက သတင်းက လျင်မြန်စွာ ပျံ့နှံ့သွားပါသည်။ (သတင်းစာရှင်းလင်းပွဲမှတစ်ဆင့်)

မင်းလုလင်ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက သတင်းသည် အချိန်ကောင်း၌ ပေါ်လာပါမည်။ သင်သည် (သတင်းအား ပျံ့နှံ့ရန် ကူညီရပါမည်။)

သူရဲကောင်းငါးထောင့်ကြယ်စက်ဝိုင်းကားချပ် ဖြစ်ပါက သတင်းပေါက်ကြားမှုဖြစ်နေပါသည်။သို့သော် သင် ဆက်လက် တိတ်ဆိတ်စွာ နေနေရပါမည်။

မင်းလုလင်ဓားကားချပ်ဖြစ်ပါက သတင်းသည် အာရုံစိုက်ဖွယ် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည် (သို့) စိတ်ဝင်စားဖွယ်ကောင်းလာသည်။

သူရဲကောင်းဓားကားချပ် ဖြစ်ပါက သတင်းသည် (စတင်ဖြစ်ပျက်သည်နှင့်) သင့်ထံသို့ ရောက်ရှိလာပါမည်။

(၂၁) စကြဝဠာကားချပ် ဖြစ်ပါက သင်ကိုယ်တိုင် (သတင်းအချက်အလက်)များပင် ဖြစ်နေတတ်သည်။

**(Ninth Card) (နဝမမြောက်ကားချပ်)**

(၀) သူရူးကားချပ် ဖြစ်ပါက သင်သည် တစ်စုံတစ်ရာအား ကရော်ကမည်နိုင်စွာ (သို့) တာဝန်မဲ့စွာ ပို့လွှတ်လိုက်ပါသည်။

မင်းလုလင်ကျိုင်းတံကားချပ်ဖြစ်ပါက တစ်စုံတစ်ရာကိုစွမှတ်တမ်းတင်နိုင်ရန် သင်ပို့ဖြစ်ပါမည်။

သူရဲကောင်းကျိုင်းတံကားချပ်ဖြစ်ပါက သင့်ထံ (တစ်ဖန်ပြန်ရောက်လာစေရန်အတွက်) သင် တစ်ခုခုပို့လိုက်ရပါမည်။

မင်းလုလင်ဖလားကားချပ် ဖြစ်ပါက သင့်အယူအဆ အတွေးအခေါ်များကို ပို့လွှတ်ပေးရပါမည်။

သူရဲကောင်းဖလားကားချပ်ဖြစ်ပါက သင်တစ်စုံတစ်ခုသော အကြောင်းအရာကို အထူးဖြန့်ဝေခြင်းစနစ်ဖြင့် ပေးပို့ဖြန့်ဝေရပါမည်။

မင်းလုလင်ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက သင်၏ ချစ်ခင်တွယ်တာမှု (မေတ္တာကိုဖော်ပြသော) ကိုကင်ပြားပို့ပေးရပါမည်။

သူရဲကောင်းငါးထောင့်ကြယ်စက်ဝိုင်းကားချပ် ဖြစ်ပါက ပစ္စည်းအစိတ်အပိုင်းများ စုဝေးတပ်ဆင်နိုင်ရန် လိုအပ်ချက်အတွက် သင်တစ်ခုခုပို့ပေးရပါမည်။

မင်းလုလင်ဓားကားချပ် ဖြစ်ပါက သင်ဘေးဖယ်(ရွှေ့ဆိုင်း)ထားခဲ့သောအရာကို သင်ပို့ပေးရပါမည်။

သူရဲကောင်းဓားကားချပ် ဖြစ်ပါက ပြန်လည် နေရာချထားခြင်း၊ နောက်ခံ ထောက်ပံ့မှုပေးနိုင်ရေးအတွက် သင်တစ်ခုခုပို့ပေးရပါမည်။

(၂၁) စကြဝဠာကားချပ် ဖြစ်ပါက သင်သည် ဝေးလံသော အရပ်ဒေသတစ်ခုမှ တစ်စုံတစ်ခု ပို့ပေးရပါမည်။

**(လိုရာသုံးဖဲချပ်) (wild Card)**
**(နောက်ဆုံးကားချပ်)**
**(၁၀ ကတ်မြောက်ကားချပ်)**

(၀) သူရူးကားချပ် ဖြစ်ပါက ပျော်ရွှင်စရာ သတင်းတစ်ခုခု သင်လက်ခံ ကြားသိရပါလိမ့်မည်။

မင်းလုလင်ကျိုင်းတံကားချပ်ဖြစ်ပါက သင်သည် သတင်းစကားကို လိုလိုလားလား လက်ခံရယူပါမည်။

သူရဲကောင်းကျိုင်းတံကားချပ်ဖြစ်က အလားအလာကောင်းသော သတင်းစကားကို သင်ကြားသိ (လက်ခံ) ရရှိပါမည်။

မင်းလုလင်ဖလားကားချပ်ဖြစ်ပါက သတင်းကောင်း (ကြားချင်စရာ) တစ်ခုခုကို သင်လက်ခံကြားသိရပါလိမ့်မည်။

သူရဲကောင်းဖလားကားချပ်ဖြစ်ပါက သတင်းကောင်းတစ်ရပ်ကို သင်လက်ခံ ကြားသိရပါလိမ့်မည်။

မင်းလုလင်ငါးထောင့်ကြယ်စက်ဝိုင်းကားချပ်ဖြစ်ပါက စတာလင် (ပေါင်ငွေ) သတင်းတစ်ခုခုကို သင်လက်ခံကြားသိရပါလိမ့်မည်။

သူရဲကောင်းငါးထောင့်ကြယ်



www.burmeseclassic.com

www.burmeseclassic.com

စက်ဝိုင်းကားချပ် ဖြစ်ပါက သတင်း (အလိမ်/အမှား) များကို သင်လက်ခံရရှိပါလိမ့်မည်။

မင်းလုလင်ဓားကားချပ် ဖြစ်ပါက သင်သည် တိကျပြတ်သား (မှန်ကန်သော) သတင်းကို လက်ခံရရှိပါလိမ့်မည်။

သူရဲကောင်းဓားကားချပ် ဖြစ်ပါက သင်သည် ရုတ်တရက်ဖြစ်ပေါ်လာသောသတင်းကို လက်ခံ ရရှိပါလိမ့်မည်။

(၂၁) စကြဝဠာကားချပ်ဖြစ်ပါက သင်သည် အံ့ဩဖွယ်ကောင်းသော သတင်းတစ်ရပ်ကို လက်ခံရရှိပါလိမ့်မည်။

**တားရော့ဂမ္ဘီရကားချပ်များ၏ သဘောသဘာဝကို လေ့လာခြင်း (၂၂)**

ဤအခန်းတွင် အောက်ပါ ကားချပ်များကို အသုံးပြုပါမည်။

**အဓိကတားရော့ကားချပ်**
**(Major Cards)**

၁။ ပဉ္စလက်ဆရာကားချပ်
ကျိုင်းတံကားချပ်
(၁ မှ ၁၀ အထိ)
၂။ မယ်တော်ကားချပ်
ဖလားကားချပ် (၁မှ၁၀ အထိ)
၃။ ဧကရီကားချပ်
ငါးထောင့်ကြယ်စက်ဝိုင်းကားချပ် (၁ မှ ၁၀ အထိ)
၄။ ဧကရာဇ်ကားချပ်
ဓားကားချပ် (၁ မှ ၁၀ အထိ)
၅။ ရဟန်းမင်းကားချပ်
ဘုရင်နှင့်မိဖုရားကားချပ်များ
၆။ ချစ်သူများကားချပ်
မင်းလုလင်နှင့် သူရဲကောင်းကားချပ်
၇။ စစ်ရထားကားချပ်
၈။ တရားသူကြီးကားချပ်
(၀) သူရူးကားချပ်
၉။ ရသေ့ကားချပ်
(၂၁) စကြဝဠာကားချပ်
၁၀။ ကံကြမ္မာစက်ဝန်းကားချပ်

အထက်ပါ ကားချပ်များသည် ဟုတ်တယ်/မဟုတ်ဘူး (Yes / No) Question များအတွက် အသုံးပြုပါသည်။

အဓိကတားရော့ကားချပ် (၁ မှ ၁၀ အထိ) သည် လူတစ်ဦးချင်းစီနှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေဆိုပါသည်။

ကျိုင်းတံကားချပ် (၁ မှ ၁၀ ထိ) သည် အလုပ်အကိုင်နှင့် ပတ်သက်သောမေးခွန်း။

ဖလားကားချပ် (၁ မှ၁၀အထိ) သည် အချစ်ရေး/လူမှုဆက်ဆံရေးဆိုင်ရာမေးခွန်း။

ငါးထောင့်ကြယ်စက်ဝိုင်းကားချပ် (၁ မှ ၁၀ အထိ) သည် ငွေရေးကြေးရေးဆိုင်ရာမေးခွန်း။

ဓားကားချပ် (၁ မှ ၁၀ အထိ) သည် မဟာဗျူဟာဆိုင်ရာမေးခွန်း။

ဘုရင်၊ ဘုရင်မကားချပ်များသည် နေရာဒေသနှင့်ဆိုင်သောမေးခွန်း။

မင်းလုလင်နှင့် သူရဲကောင်းကားချပ်များသည် သတင်းအချက်ဆိုင်ရာမေးခွန်းတို့အတွက် အသုံးပြုပါသည်။

မေးခွန်းတစ်ခုစီအတွက် သက်ဆိုင်ရာ ကားချပ်အုပ်စု (၁) ခုစီအား သူရူးကားချပ်နှင့် စကြဝဠာကားချပ်တို့ ပါဝင်စေလျက် ကုလားဖန်ထိုးပါ။ ပြီးလျှင် အပေါ်ဆုံးကားချပ်ကို ဆွဲယူပါ။ ၎င်းသည် Cover ကားချပ်ပေါ်သို့ ကန့်လန့်ဖြတ်တင်ထားပေးပါ။ ၎င်းကားချပ်သည် Cross ကားချပ် ဖြစ်ပါသည်။

Cover နှင့် Cross ပုံစံကို အောက်ပါအတိုင်း တွေ့ရှိရပါမည်။

**မေဂျာကာတ်(၁၀)ချပ်အတွက်**
**Yes / No မေးခွန်း**
**(တစ်ဦးတစ်ယောက်ချင်းစီအတွက်)**

(၁) ပဉ္စလက်ဆရာကားချပ်မှ Cross ပြုလုပ်ပါက သူရူးကားချပ် ဖြစ်ပါက ဖြစ်နိုင်ခြေရှိသည်ကို ဖော်ပြပြီး စကြဝဠာကားချပ်ဖြစ်ပါက လုံးဝဥဿုံ သေချာမှုကို ဖော်ပြသည်။

(၂) မယ်တော်ကားချပ်မှCross ပြုလုပ်ခြင်းသည် သူရူးကားချပ် ဖြစ်ပါက ဖြစ်နိုင်ခြေကို ဖော်ပြပြီး စကြဝဠာကားချပ်ဖြစ်ပါက ဖြစ်ကောင်း ဖြစ်နိုင်ခြေရှိသည်ကို ဖော်ပြသည်။

(၃) ဧကရီကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ ဖြစ်နိုင်ခြေ၊ ဖြစ်နိုင်မည်ကို ဖော်ပြပြီး စကြဝဠာကားချပ်ဖြစ်ပါက သေချာပေါက်အခြေအနေကို ဖော်ပြသည်။

(၄) ဧကရာဇ်ကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ ဖြစ်တန်ရာရှိသည်ကို ဖော်ပြပြီး စကြဝဠာကားချပ်မှ အတိအကျဖြစ်မည်ကို ဖော်ပြသည်။

(၅) ရဟန်းမင်းကြီးကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ မျှော်လင့်ချက်ရှိသည်ကို ဖော်ပြပြီး စကြဝဠာကားချပ်မှ အခိုင်အမာဖြစ်ကြောင်းကို ဖော်ပြသည်။

(၆) ချစ်သူများကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ မသေချာ မရေရာမှုကို ဖော်ပြပြီး စကြဝဠာကားချပ်က သေချာမှုကိုဖော်ပြသည်။


(၇) စစ်ရထားကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ အလားအလာကောင်းခြင်းကို ဖော်ပြပြီး စကြဝဠာကားချပ်က အပြုသဘောဆောင်မှုကို ဖော်ပြသည်။

(၈) တရားသူကြီးကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ မသေချာမှုကို ဖော်ပြပြီး စကြဝဠာကားချပ်က ဆုံးဖြတ်ချက်ချပြီးကိစ္စကို ဖော်ပြသည်။

(၉) ရသေ့ကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်မှ ယခုတိုင်မလုပ်သေးရကြောင်းကို ဖော်ပြပြီး စကြဝဠာကားချပ်က စစ်မှန်မှုရှိကြောင်း ဖော်ပြသည်။

(၁၀) ကံကြမ္မာစက်ဝန်းကားချပ်မှ Cross ပြုလုပ်သော် သူရူးကားချပ်က မဟုတ်ကြောင်း ငြင်းဆိုပြီး စကြဝဠာကားချပ်က ဟုတ်မှတ်ကြောင်း ဖော်ပြသည်။

မျိုးကျော်မင်းမြင့်





www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က တီရစ္ဆာန် ချစ်ခဲ့သား။ အမြင်အကတ်ဆုံးတိရစ္ဆာန် ပြောပါ ဆိုရင် ကြောင်လို့ ပြောရမယ်ဗျ။ ဘယ့်နှယ်ဗျာ၊ အိမ်မှာ လူစားပြီး ကျန်တဲ့ ထမင်းနဲ့ ဟင်း ကျွေးတာကို ဒီကောင်တွေက နမ်းပြီးထွက်သွားပါလေရော။ ဘယ်လောက် မုန်းဖို့ ကောင်းသလဲ။ ဒီအကောင်တွေကိုပဲ ကျွေးဖို့ဆိုပြီး အထူးစီမံထားတဲ့ အာဟာရက ပေါ်လာပြန်တယ်။ တီထွင်တဲ့လူ ဘယ်လောက်တော်သလဲ ဆိုရင် ကြောင်စာကို စားပြီးရင် အိမ်ထမင်း၊ အိမ်ဟင်းကို လှည့်တောင် မကြည့်တော့ပါဘူး။ ဒီလောက် ကောင်းအောင် တီထွင်ကြတယ်လေ။

ဒီကောင်တွေကို မုန်းရာက နီတွတ်အပေါ်မှာ ချစ်တဲ့စိတ်ဝင်တာပဲလား။ ယခင်ယခင်ဘဝက သံယောဇဉ်ကြောင့်လားတော့ မသိပါဘူး။ ဒီကောင်နဲ့ စပြီးတွေ့တဲ့ပုံကို ပြောချင်ပါတယ်။တစ်နေ့ ထမင်းစားမကောင်းလို့ ထမင်းကျန်ဟင်းကျန်ကို အိမ်ထဲက ကြောင်စာခွက်ထဲတော့ မထည့်ချင်ပါဘူး။ သွားထည့်လည်း စားမယ့် အကောင်တွေမှ မဟုတ်တာ။ ဒါကြောင့် အိမ်ရှေ့က လမ်းဘေးမှာ ဘယ်အကောင်စားစား ပုံလိုက်မယ်လို့ ပန်းကန်ပြားနဲ့ ထွက်လာတာဗျ။

နီတွတ် ဆိုတာ သူ့နာမည် မဟုတ်ပါဘူး။ အမွေးက နီစပ်စပ်၊ မျက်နှာပေါက်က ခပ်ဆိုးဆိုး။ ပိန်လိုက်တာလည်း အရိုးပေါ်အရေတင်တဲ့ခန္ဓာကိုယ်နဲ့။ ကျုပ်ပါးစပ်က အလိုလို နီတွတ်လို့ ခေါ်မိသလို သူကလည်း 'ဒီနာမည်ကြိုက်တယ်ဗျ' ဆိုတဲ့အမူအရာနဲ့ အမြီးက တနန့်နန့်။ ကျုပ်က စက္ကူတစ်ရွက်ပေါ်မှာ ပုံလည်းပေးလိုက်ရော တုတ်လိုက်တာ ဘာပြောကောင်းမလဲ။

ကျုပ်က ကျွေးရင် ဒီလို ပြောင်အောင်စားမှ ကြိုက်တာ။ ဘာကျွေးကျွေးစားတဲ့သတ္တဝါထဲမှာ ခွေးပဲရှိပါတယ်။ ကြောင်ကတော့ အလွန်ကြေးများတဲ့အကောင်။ ကျွေးသမျှ ပြောင်အောင်စားလို့လည်း ဒီကောင်ကို သဘောကျမိတာပါ။ ဒီကောင်ရဲ့ ဓလေ့က အဲဒီလိုကျွေးတဲ့နေ့ကစပြီး ညနေပိုင်း သူ့ကိုကျွေးချိန်မှာ ဝပ်ပြီး စောင့်နေတယ်ဗျ။ သုံး၊ လေးရက် စောင့်တော့မှ ကျုပ်ကသဘောပေါက်လာတယ်။

အစာမစားရဘဲ သုံး၊ လေးရက်လောက် အိမ်ရှေ့မှာနေပြတဲ့ ဒီခွေးရဲ့ အပြုအမူကြောင့် ကျုပ်က သူ့ကို သနားသွားတာဖြစ်မယ်။ တကယ်တော့ ဖွဲ့ဆုကို ဒီကောင်ရလိုက်တာပါ။ ကျုပ်တို့အိမ်က စားကြွင်းစားကျန်မှန်သမျှ ဒီကောင့်ကို ညနေတိုင်း ကျွေးဖြစ်လာတယ်။ ဒီကောင်ကလည်း ညနေဆိုရင် ကျုပ်အိမ်ရှေ့မှာ နေတာမျိုး မဟုတ်တော့ဘူး။ ခြံထဲမှာဝပ်ပြီးစောင့်တဲ့ဓလေ့ ပြောင်းလာတယ်။ ကျုပ်တို့က အပြင်မှာ ကျွေးရင် ခွေးချင်းရန်ဖြစ်မှာစိုးလို့ ခြံထဲမှာ ကျွေးရင်းက ခြံဝင်းထဲကို တရားဝင်နေခွင့်ပြုသလိုဖြစ်လာတာပါ။

အခုလို ခြံဝင်းထဲမှာ ကျွေးတဲ့နေ့ကစပြီး ဒီကောင်က ဘယ်အိမ်ကိုမှ မသွားတော့ဘူး။ ခြံပိုင်ရှင်တစ်ဦးပုံစံနဲ့ လာသမျှကို ဟောင်တော့တာပါပဲ။

ကျုပ်တို့က-

"ဟဲ့- နီတွတ်၊ မဟောင်နဲ့။ ဒါမိတ်ဆွေ"

ဆိုမှ ဒီကောင်က အဟောင်ရပ်တော့တယ်။ လူပြောတာပဲ သိနေသလိုလို။ အခုလို အိမ်ရှင်က ဟန့်လိုက်ပြီဆိုတာနဲ့ သူနေနေကျနေရာမှာ ဝင်လာတဲ့လူနဲ့ ဘာမှမဆိုင်သလို လှည့်တောင် မကြည့်ပါဘူး။ အမူအရာက ချက်ချင်းကို သိသိသာသာ ပြောင်းတာဗျ။ အကင်းပါးတဲ့ခွေးလို့ ခေါ်နိုင်ပါတယ်။

ဒါကြောင့် နီတွတ် အိမ်မှာရှိတာနဲ့ ခြံတံခါးလည်း ပိတ်ရတော့တယ်။ အထူးသဖြင့် ရပ်ကွက်လူကြီး မပါတဲ့ အလှူခံဆိုရင်လည်း ဟောင်တာပါပဲ။ ဒီကောင်က ရပ်ကွက်လူကြီးကို သိသလို ဆွမ်းခံကြွတဲ့ကိုယ်တော်တွေလည်း မဟောင်ဘူးဗျ။ ကိုရင်နောက်မှာ အရပ်ဝတ်နဲ့ ကျောင်းသားလေးတွေပါတတ်တယ် မဟုတ်လား။အဲဒီလိုကျောင်းသားတွေ ဘယ်နှယောက်ပါပါ မဟောင်ရေးချ မဟောင်ပါဘဲ။

ဆွမ်းခံကြွချိန် မနက်ပိုင်းမှာ





www.burmeseclassic.com

www.burmeseclassic.com

(၁၀) နာရီခွဲလောက်အထိ ခြံတံခါးကို ဖွင့်ထားပါတယ်။ ဒီကောင်ကြီးက ဆွမ်းခံရဟန်းတော်တွေသာ မဟောင်တာ၊ အဲဒီအချိန်မှာ သူစိမ်းတစ်ယောက်က ရဟန်းနဲ့ပါလာသလိုလို လိုက်ဝင်ကြည့်။ ခြံတံခါးကျော်တာနဲ့ ဟောင်တော့တာပါပဲ။ နီတွတ် ခြံထဲကို ရောက်တဲ့နေ့ကစပြီး ခြံထဲမှာ အဝတ်လှန်းလို့ ပျောက်တာမရှိဘူး။ ပလတ်စတစ်ကောက်တတ်တဲ့ကောင်လေးတွေလည်း မဝင်ရဲတော့ဘူး။ အစားကျွေးတဲ့ကျေးဇူးကို တာဝန်ကျေအောင် ခြံစောင့်တာဝန်နဲ့ဆပ်နေသလိုပါပဲ။

တစ်နေ့မှာ ကျုပ်က ပြင်ဦးလွင်





www.burmeseclassic.com

www.burmeseclassic.com

ကို သွားရတယ်။ ကျုပ်ရဲ့သားက ဗိုလ်သင်တန်းဆင်းတော့မှာကိုး။ မဖြစ်မနေသွားရမယ့်ကိစ္စပေါ်လာတော့ နီတွတ်ကို မေ့တော့တာပေါ့။ သွားတာမှ မိသားတစ်စုလုံးကို သွားကြတာ။ ပြင်ဦးလွင်ရောက်ပြီး နှစ်ရက်လောက်ကြာမှ -

"ဟာ - နီတွတ်ကြီးကို ဘယ်သူကျွေးမှာလဲ။ အလို - ငါ့ပုဆိုးတစ်ထည်နဲ့ အင်္ကျီတစ်ထည်လည်း လှန်းခဲ့ပါလား။ ရက်သိပ်ကြာရင် သူခိုးနောက်တော့ပါမှာပဲ၊ မတတ်နိုင်ဘူး"

လို့ တစ်ယောက်တည်း ညည်းမိတယ်။

ပြင်ဦးလွင်မှာ စုစုပေါင်း (၅) ရက် ကြာခဲ့တာကိုး။ အိမ်ပြန်ရောက်တော့ အင်္ကျီနဲ့ ပုဆိုးက ရှိသေးတယ်ဗျ။ နီတွတ်လည်း ခြံထဲမှာရှိနေတယ်။ ခြံတံခါး သော့ခတ်ထားပေမယ့် ခွေးတိုးပေါက်က ဝင်တာ၊ ထွက်တာလုပ်မယ်ထင်တယ်။ ဒီကောင်ကြီးက ခြေထောက်ကို ခေါင်းနဲ့ခွေ့ပြီး ကြောင်တစ်ကောင်လို ခေါင်းနဲ့ပွတ်ပြီး-

"အူ အူ အူ အူ"

အသံကလည်း ပါသေးသဗျ။ သူ့အမူအရာကို ကျုပ်က ဒီလို သိသွားတယ်။

'သခင်တို့က ဘာလို့ ဒီလောက်တောင်ခွဲသွားရတာလဲ။ ကျွန်တော်မျိုး ဘာပစ္စည်းမှမပျောက်အောင် စောင့်ပေးပါတယ်။ နောက်ကို ဒီလောက်အကြာကြီး ခွဲမသွားပါနဲ့ သခင်'

လို့ ပြောနေသလိုပါပဲ။

အိမ်ဘေးနားက ဦးညွန့်မောင်က ကျုပ်တို့ ပြန်ရောက်တာတွေ့လို့ ခြံထဲကို ဝင်လာတယ်။ နီတွတ်က မဟောင်ဘူး။ အလို - သူစိမ်းဝင်ရင် ဟောင်တတ်တဲ့ခွေးက ဒီတစ်ခါတော့ မဟောင်ပါလားလို့ အံ့ဩသွားတာပေါ့။ ဒီကိစ္စကို ဦးညွန့်မောင်က ဒိတ်ပေါက်တယ်။ သူရှင်းပြတော့မှ သဘောပေါက်တော့တယ်။

"မင်းခွေးမဟောင်လို့ မင်းက အံ့ဩနေတယ် မဟုတ်လား။ ဘယ်လာဟောင်ပါ့မလဲ။ မင်းတို့သွားနေတုန်း ဒီကောင်ကြီးကို ငါက ထမင်းကျွေးထားတာလေ။ ငါက အစာကျွေးတဲ့ကျေးဇူးကို ဒီကောင်သိပုံရတယ်။ အံ့မယ်- နေ့ခင်းဘက်ဆို ငါ့အိမ်ကိုစောင့်ရှောက်တယ်။ အဲ- လမ်းထဲကို ပလတ်စတစ်ကောက်တဲ့ကောင်လေးတွေ၊ သူစိတ်နဲ့မတွေ့တဲ့သူတွေ လမ်းထဲလာရင်သာ လှစ်ခနဲ မင်းအိမ်ပြန်ပြေးတော့တာပဲ။

ငါက ဒီကောင် ဘာဖြစ်လို့ချက်ချင်းပြန်ပြေးရသလဲလို့ ကြည့်လိုက်တော့ လားလား- ဒီကောင်က ခြံထဲကနေ ဟောင်သံပေးနေတာကွ။ သဘောက ဒီအိမ်မှာ စောင့်ရှောက်တဲ့သူရှိနေတယ် ဆိုတာ သိအောင်ဟောင်ပြတဲ့သဘော။ ဒါကြောင့် မင်းအင်္ကျီနဲ့ပုဆိုး မပျောက်တာပေါ့။ မင်းဒီကောင်ကြီးကို မွေးရကျိုး၊ ကျွေးရကျိုးနပ်ပါတယ်"

ပြင်ဦးလွင်ကပြန်တာနဲ့ နီတွတ်တစ်ကောင် ရာထူးတိုးသွားတယ်။ ခရီးထွက်နေတုန်းမှာ သူ့တစ်ဝမ်းတစ်ခါးအတွက် သူ့ဘာသာရှာစားပြီး အိမ်ကိုစောင့်ရှောက်ပေးတဲ့အတွက် အိမ်ထဲမှာနေခွင့်ရတဲ့ခွေး ဖြစ်လာတယ်။ ဒါပေမယ့် ဒီကောင်က အရိပ်သုံးပါးနားလည်တဲ့ပုံပဲ။ အိမ်သားတွေက အခွင့်အရေးအပြည့်ပေးပေမယ့် ဖိနပ်ချွတ်မှာပဲ အိပ်ပါတယ်။

နီတွတ် သန္ဓေကောင်းတဲ့ အချက်တစ်ခုက လူမြင်ကွင်းမှာ ဘယ်တော့မှ အညစ်အကြေးမစွန့်ဘူး။ ခြံထဲမှာ ခွေးချေးကို မြင်ချင်လို့တောင် မမြင်ရဘူး။ မမြင်ဆို ဒီကောင်က လူမြင်ကွင်းမှာ စွန့်တာမျိုးမှ မရှိတာ။ ဘယ်နေရာမှာသွားသလဲလို့ သူ့သခင်ဇော်ထွန်းက လိုက်ကိုချောင်းကြည့်ရတဲ့အထိပါပဲ။ လားလား- ဒီကောင်က အညစ်အကြေးစွန့်ချင်လာရင် ခြံထောင့်က ပန်းချုံထဲကိုပြေးတာကိုး။ ဒါကြောင့် ခွေးချေးကို အိမ်သားတွေ မမြင်ရတာပါဘဲ။

ကိုဇော်ထွန်းက နီတွတ်ကို ညဘက်မှာ ဝင်လို့၊ ထွက်လို့ရအောင် အပေါက်တစ်ပေါက် ဖောက်ထားပေးပါတယ်။ ဒီအပေါက်ရှိတော့မှ နီတွတ်က ညဘက် မသက်သာသူလို စိတ်ထဲထင်လိုက်တာနဲ့ ခွေးတိုးပေါက်ကနေ ခြံထဲဆင်း၊ ဟောင်သင့်တာဟောင်ပြီးမှ သူ့နေရာကိုသူပြန်လာတာ။ ခြံထဲမှာ ဘာပဲလှန်းထားလှန်းထား အလစ်ဝင်သုတ်တာမျိုး မဖြစ်စေရဘူး။ နောက်ဆုံး ညဘက်မှာ မရုပ်မိလည်း ကိစ္စမရှိ။ နီတွတ်က အပြတ်စောင့်ရှောက်ပေးနေတော့ ပျောက်တယ်ဆိုတာမျိုး မရှိတော့ပါဘူး။

အိမ်ကိုစောင့်ရှောက်တဲ့နေရာမှာ စံချိန်စံညွှန်းတင်လောက်အောင် ထူးခြားတဲ့အချက် တစ်ချက်တစ်ချက်လည်း ရှိပါတယ်။ အမိက ဒီအချက်ကိုတင်ပြချင်လို့ ဒီအကြောင်းကို ရေးဖြစ်တာပါ။ ဒီအကြောင်းကိုလည်း နီတွတ်တစ်ကောင်ပဲ သိပါတယ်။ အိမ်သားတွေက ဖြစ်ပေါ်ပြီး တစ်လကျော်ကြာမှ သိကြတယ်။ ဒါတောင် တစ်ဖက်လူက ရှင်းပြလို့ သိတာမျိုးပါ။

ဒီဇာတ်ကြောင်း စတင် ပေါ်ပေါက်တာက ပင်လယ်ပိုင်းက ငါးခြောက်ကုန်သည်နှစ်ဦးလာတဲ့ကိစ္စက စ,တာပါပဲ။ အချိန်က ဆောင်းရာသီညနေပိုင်း။ ကိုဇော်ထွန်းရဲ့မိတ်ဟောင်းတွေပေါ့။ လူရင်းတွေဆိုတော့ ခြံတံခါးဖွင့်ပြီး ခရီးဦးကြိုဆိုလိုက်တယ်လေ။ ဒီအချိန်မှာ နီတွတ်ကြီးက ဟန့်တားတဲ့ကြားထဲက အဟောင်မရပ်ဘူး။ အရင်ကဆိုရင် 'ဟဲ့- ဒါ ငါ့မိတ်ဆွေ' လို့ ပြောလိုက်တာနဲ့ မီးကို ရေနဲ့ ငြိမ်းလိုက်သလို ငြိမ်းသွားတယ်။

ဒီတစ်ကြိမ်တော့ ဟန့်လို့မရ၊ ဟောက်လို့မရဘဲ တဝုတ်ဝုတ်အသံက ပြတ်တယ်မရှိဘူး။ ကိုက်တော့ မကိုက်ပါဘူး။ အဝေးကနေ အသံပေးနေတဲ့သဘောပါ။ ဒါနဲ့ ကိုဇော်ထွန်းက အိမ်ပေါ်ကို ခေါ်သွားတယ်။ ပါလာတဲ့ ငါးခြောက် (၁၀) အိတ်ကိုတော့ နောက်နေ့မနက်ရောက်မှ စက်လှေထဲ ဆင်းကြည့်မယ်ပေါ့။ ဒီနေ့က တော့ အချိန်မရှိတော့လို့ အိမ်မှာပဲ အိပ်ခိုင်းလိုက်တယ်။ ဒါက ပင်လယ်ကုန်သည်လာရင် ဒီလိုပဲ လက်ခံရတယ်။ ရပ်ဝေးခရီးသွားကုန်သည်တွေကိုး။

ဒါကြောင့် ပင်လယ်ကုန်နဲ့အလုပ်လုပ်တဲ့လူ မှန်သမျှ ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ဖို့တော့ တစ်ခန်းစာလောက် အသင့်လုပ်ထားရတယ်။ ဘယ်သူလာလာ အဆင်ပြေအောင်စီစဉ်ထားတာမျိုးပေါ့။ အဲဒီညမှာ ဧည့်သည်နှစ်ဦးက အသင့်လုပ်ထားတဲ့ အခန်းတစ်ခန်းမှာ အိပ်ကြတယ်။ ခက်နေတာက နီတွတ်ကြီးကိစ္စပါ။ ဒီကောင်ကြီးကို အိမ်ပေါ်မှာ တရားဝင် သွားလာခွင့်ပေးထားတော့ ဒီကောင်ကြီးက အိမ်ပေါ်ရောက်တာနဲ့ ရန်ငြိုးရှိသလို ဟောင်ပြန်တယ်။

ကိုဇော်ထွန်း ဆိုတာ ဧည့်သည်တွေကို ကိုက်မိမှာစိုးလို့ ကြိုးချည်ထားရတဲ့အထိ အလုပ်ရှုပ်သွားတယ်။ ဒါတောင် ကြိုးချည်လျက်က ဟောင်နေတုန်း။ နောက်ဘက် ထမင်းစားခန်းမှာ ထမင်းကျွေးတော့လည်း အဟောင်က မပျက်။ ဘယ်ဘဝက ရန်ငြိုးတွေရှိလို့ ဒီလောက်ဟောင်နေမှန်းကို မသိတော့ပါဘူး။

ည (၁၀) နာရီလောက်မှာ အခန်းထဲကို ဧည့်သည်တွေဝင်သွားမှ နီတွတ်ကြီးကို ကြိုးဖြေပေးရတယ်။ ဒီလို ကြိုးဖြေတယ်ဆိုတာလည်း ညဘက်မှာ အိမ်တွင်း၊အိမ်ပြင် ဒီကောင်ကြီးက စောင့်ရှောက်တယ်လေ။ ပြီးတော့ အညစ်အကြေးစွန့်နိုင်အောင် ကြိုးဖြေပေးတာလည်း ပါပါတယ်။ အရှင်းဆုံးပြောရရင် နီတွတ်ဟာ ကြိုးချည်မွေးရတဲ့ခွေးမျိုး မဟုတ်ပါဘူး။ ဒီတစ်ကြိမ်သာ မတတ်သာလို့ ခဏကြိုးချည်ရတဲ့အဖြစ်မျိုးနဲ့ ကြုံလိုက်တာပါ။

အဲဒီညက နီတွတ်က ဖိနပ်ချွတ်မှာ မအိပ်ဘူး။ ကိုဇော်ထွန်းတို့ လင်မယားအခန်းဝမှာ အိပ်တယ်။ ဒီလိုအိပ်တယ်ဆိုတာ ကိုဇော်ထွန်းတို့တောင် အစကမသိပါဘူး။ ညဥ့်(၁၂) နာရီကျော်ချိန်မှာ ဧည့်သည်အခန်းက တံခါးအဖွင့် နီတွတ်ကြီးက ထအဟောင်၊ ဧည့်သည်တွေလည်း တံခါးပြန်ပိတ်ရတာပေါ့။ နီတွတ်မှာ ကြိုးမှမချည်တာ။ ဒီတော့ ဘယ်လာအပြင်ထွက်ရဲပါ့မလဲ။

ကိုဇော်ထွန်း လန့်နိုးလို့ အပြင်ထွက်လာတော့ နီတွတ်က သူကိစ္စမဟုတ်သလို ခွေခွေလေး ပြန်အိပ်နေတယ်။ သဘောက-

'သခင်၊ ကျွန်တော့်ကို ကြိုးမချည်ပါနဲ့။ သခင်နိုးရင် ကျွန်တော် မဟောင်ပါဘူး' လို့ ပြောသလို အိပ်လျက်က အမြီးကို နှန့်ပြသေးသဗျ။

ကိုဇော်ထွန်းက-

"ကဲ - ကျုပ်နိုးတုန်း အပေါ့အပါးသွားချင်ရင် မီးတွေအကုန်ထွန်းထားတယ်၊ ကဲ - သွားကြ။ ဒီကောင်က ကျုပ်ရှိရင် မဟောင်ဘူး၊ စိတ်ချလက်ချသွားကြ"

ဒီတော့မှဧည့်သည်နှစ်ယောက်လည်း အိမ်သာသွားရဲတယ်။ ကိုဇော်ထွန်းတောင် ဒီကောင်ကြီး ဖိနပ်ချွတ်မှာအိပ်တာကနေ ဘာဖြစ်လို့ ငါ့အိပ်ခန်းဝ လာပြီးအိပ်တာလဲလို့ မစဉ်းစားတတ်အောင်ပါဘဲ။ တစ်ညလုံးလည်း အမြီးက တလှုပ်လှုပ်။ အိမ်ရှေ့သွားလိုက်၊ အိပ်ခန်းဝ ပြန်လာလိုက်နဲ့ နီတွတ်တစ်ကောင် အလုပ်ကိုရှုပ်နေတာပါပဲ။

မနက်မှာတော့ ဧည့်သည်နှစ်ယောက် ပြန်သွားတယ်။ နီတွတ်ကတော့ မျက်လုံးစိန်းစိန်းနဲ့ စူးစူးရဲရဲ လိုက်ကြည့်နေတုန်း။ သားကောင်ကို ကိုက်ဖို့ဟန်ပြင်ထားတဲ့အနေအထားမျိုးနဲ့။ ဟောင်တော့ မဟောင်တော့ဘူး။ရန်သူတစ်ယောက်လို ဧည့်သည်တွေကိုကြည့်တာဖြစ်လို့ ဧည့်သည်တွေလည်း သိပ်တောင်လှုပ်လှုပ်ရှားရှားမလုပ်ရဲတော့ပါဘူး။ အိမ်ရှင်မျက်နှာသာပေးတဲ့ခွေး မဟုတ်လား။

နောက် တစ်လကျော်ကြာတဲ့အခါ အဲဒီဧည့်သည်နှစ်ယောက်ထဲက တစ်ယောက်က ငှက်ဖျားရောဂါနဲ့ ဆေးရုံကြီး ရောက်လာတယ်။ အကူအညီတောင်းခံလာတော့ ကိုဇော်ထွန်းလည်း မိတ်ဆွေဟောင်းတွေဖြစ်နေလို့ ပစ်ထားလို့ ဘယ်လာဖြစ်ပါ့မလဲ။ ကိုဇော်ထွန်းက အပြင်ကိစ္စနဲ့ ဆေးဝါးတွေဝယ်ပေး ကိုဇော်ထွန်းရဲ့ ဇနီးက ထမင်းပို့တာဝန်တွေ ခွဲဝေယူရတာပေါ့။

ဆေးရုံမှာ (၅) ရက်မြောက်တက်နေချိန်မှာ လူနာလည်း ရောဂါစင်သွားလို့ လန်းလန်းဆန်းဆန်းဖြစ်လာတယ်။ နောက်နေ့လောက်ဆို ဆေးရုံက ဆင်းရတော့မှာပါ။ မဆင်းခင် ညနေပိုင်းမှာ ကိုဇော်ထွန်းဇနီးကို လူနာရှင်က ထူးထူးခြားခြား စကားတွေ ပြောလာတယ်။

"အစ်မကြီး၊ ကျွန်တော့်ဖြစ်ရပ်တစ်ခုကို ပြန်ပြီးပြောပြချင်တယ်။ ပြီးတော့ ကျွန်တော်တို့ကို ခွင့်လွှတ်စေချင်ပါတယ်။ အပြစ်ကို ဝန်ချတောင်းပန်တဲ့သဘောနဲ့လည်း ပြောပြချင်တာပါ။ အစ်မကြီးတို့က ကျွန်တော်တို့အပေါ် ကောင်းလွန်းတော့ ကျေးဇူးရှင်တွေကို ပြစ်မှားသလိုဖြစ်ခဲ့တာကြောင့် အခုလို ဝန်ချတောင်းပန်ချင်တာပါ"

"အမလေး - နင်ကလည်း၊ စကားတွေပလ္လင်ခံနေလိုက်တာ ပြောသာပြောပါ၊ ဘာဖြစ်ဖြစ် ခွင့်လွှတ်ရမှာပေါ့။ ကောင်းတူဆိုးဖက်လုပ်ခဲ့တဲ့လူတွေပဲ။ ကဲ - ပွင့်ပွင့်လင်းလင်းသာ ပြောပေတော့"

"ဒီလို အစ်မကြီးရဲ့၊ ကျွန်တော်တို့နှစ်ဦး သူများကုန်တွေကို ကယ်ရီခယူပြီး ပုသိမ်တက်လာတာ။ ညဘက်ဆလိုက်မီးမထွန်းဘဲ မောင်းလိုက်တာဘာသဘော်ကြီးနဲ့တိုက်မိမှန်းတောင် မသိပါဘူး။ အဲဒီသဘော်လည်း မီးမထွန်းဘူး။ ဘေးချင်းတိုက်မိပေမယ့် အဲဒီသဘော်က ဘာမှမဖြစ်ဘူးထင်တယ်၊ မောင်းပြေးတယ်လေ။

ကျွန်တော်တို့မှာ အသက်မသေရေးအတွက် ကမ်းကို ကူးပြေးရတာပေါ့။ ခရီးသည်မတင်တဲ့ ကုန်သဘော်ဖြစ်လို့ အားလုံးလိုလို ရေကူးတတ်ပါတယ်။ ဒီအဖြစ်မှာ ကုန်တွေဆုံးတယ်။ လူတော့ မသေဘူး။ ရွာလည်း ပြန်လို့မဖြစ်။ ငါးခြောက်ကုန်သည်တွေက ကျွန်တော်တို့ကို အပ်တာမျိုး မဟုတ်ဘူး။ ကျွန်တော်တို့က ဒီလောက် ဒီလောက် အမြတ်ရရစေမယ်၊ ပေးလိုက်ပါ။ တာဝန်ယူပါတယ်လို့ အာမဘာန္တေခံခဲ့တဲ့ကိစ္စ အစ်မကြီးရဲ့။

ရွာကိုပြန်တာနဲ့ ငါးခြောက်ကို မမေးဘူး၊ ဘယ်မှာလဲ ပိုက်ဆံလို့ မေးမှာ။ ဘာမှမပေးနိုင်ဘဲ သဘော်မြုပ်တယ်လို့ပြောလည်း ယုံမှာမဟုတ်ဘူး။ မရတာနဲ့ ဓားနဲ့ခုတ်ပွဲဖြစ်ဖို့များတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သိန္ဒဝင်

# ချေ(ဂျီ)ချိုလက်ဝါး

**မြင့်မြတ်စံ(ကသာမြေ)**

သတ္တဝါတို့၏ခန္ဓာကိုယ်ဖွဲ့စည်းမှုသည် ပရမာဏုမြူဖြင့် ဖွဲ့စည်းထားကြောင်း ထိုပရမာဏုမြူတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့ရာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုသည့် ဓာတ်ကြီးလေးပါးတို့သည်လည်း အညမည သဘောတရားဖြင့် အချင်းချင်း အကြောင်း၊ အကျိုးပြုကြသည်ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောဖော်ညွှန်ပြတော်မူခဲ့လေပြီ။

ထိုသို့အကြောင်းအကျိုးနှစ်ရပ်ကြောင့် ဖြူသည်၊ မည်းသည်၊ ပုသည်၊ ရှည်သည်၊ ပိန်သည်၊ ဝသည် စသည့် မတူညီသော သတ္တဝါတို့၏ခန္ဓာကိုယ် တည်ဆောက်မှုကိုလည်း ကံဟု ခေါ်စမှတ်ပြုကြသည်။

ကံ ဟုဆိုရာ၌ အတိတ်ကံ၊ ပစ္စုပ္ပန်ကံလို့ နှစ်မျိုးနှစ်စားရှိသည့်အနက် အတိတ်ကံ၏ အကျိုးပေးမှုကြောင့် ပစ္စုပ္ပန်တည့်တည့်တွင် ဤကဲ့သို့ ချေ၏ချို၌ လူ၏ လက်ဖဝါးနှင့်တူသည့် ထူးဆန်းသော ဂမ္ဘီရပစ္စည်းအဖြစ် တည်ရှိခဲ့ကြောင်းကိုလည်း ကောင်းစွာ မှတ်သားလိုက်ရပါ၏။

**ချေထိပ်ကြာနှင့် ချေချိုလက်ဝါးကာ**

ယနေ့ အသက်(၈၀)နှစ်ကျော်ရှိသော မုဆိုးကြီးတစ်ဦး ပြောပြချက်အရ -

“ငါတူရဲ့၊ ဓာတ်ပုံထဲကအတိုင်းဆိုရင် ချေချိုလက်ဝါးကာလို့ ခေါ်သကွယ့်။ အဘရဲ့မုဆိုးအတွေ့အကြုံရဆိုရင် ဒီကောင်ကို သေနတ်နဲ့ပစ်လို့မရဘူး။ ကျည်မီးမကူးဘူးပေါ့ကွယ်။ နောက်ပြီး ထိပ်မှာကြာပါတဲ့ ချေဆိုရင်လည်း ဒီအတိုင်းပဲ ကျည်မီးမကူးဘူး။ နောက်ပြီး ပစ်လို့ရပြန်ရင်လည်း သူ့ကိုမထိဘူး။ ကျည်ချော်တယ်ပေါ့ကွယ်။ နောက်ထပ်ဘာတွေစွမ်းတယ်တော့ မသိဘူး။ အဘရဲ့ အတွေ့အ

ဒါနဲ့ ကြုံရာမရဖြစ်ပြီး ပုသိမ်ကို ကျွန်တော့်သူငယ်ချင်းနဲ့ တက်လာတာပါ။ ဦးတည်ချက်မရှိဘဲ အစ်မကြီးတို့အိမ်ရောက်လာတာမျိုးပဲ။

အလာတုန်းက မားပြတိုက်ရကောင်မလား၊ ညဘက်မှာ တန်ဖိုးရှိတာ ခိုးထုတ်ရကောင်းမလားလို့ စဉ်းစားတယ်။ ယိုးဒယားဆိုင်ကယ်နဲ့ ကွန်ပျူတာတစ်စုံ မ,ထုတ်သွားရင်လည်း ဆုံးတဲ့ငါးခြောက်ဖိုး ကျေနိုင်တယ်။ ဒါကြောင့် မားပြတိုက်မယ့်ကိစ္စကို ဖျက်လိုက်ပြီး ဆိုင်ကယ်နဲ့ ကွန်ပျူတာယူဖို့ ဆုံးဖြတ်ထားလိုက်တယ်။

ဒီနေရာမှာ အစ်မကြီးအိမ်က ခွေးကြီးက ကျွန်တော်တို့မျက်လုံးကို ကြည့်ပြီး အဟောင်ကိုမပြတ်တော့ဘူး။ 'နင်တို့စိတ်ထဲကအကြံ ငါသိတယ်' လို့ ပြောနေသလိုပါပဲ။ ပြီးတာ ဆိုင်ကယ်ဘေးမှာ သွားအိပ်ပြတယ်၊ ကွန်ပျူတာစက်အောက်မှာ သွားအိပ်လိုက်၊ ကွန်ပျူတာကို အနံ့ခံ လိုက်လုပ်တာ မြင်နေတော့ ပိုပြီးဖြူတာပေါ့။ အစ်မကြီးတို့အခန်းကိုလှမ်းလည်းကြည့်ရော အခန်းဝမှာ သွားနေတော့တယ်။ ဒီကောင်ကြီးရဲ့ သိတတ်မှုဟာ အံ့သြဖွယ်ပဲ။ သခင်အပေါ်မှာ သစ္စာရှိတာ စံချိန်မီပဲ။ သူ့ကြောင့် ဘာပစ္စည်းမှလည်း မခိုးဖြစ်၊ မယူဖြစ်ဘဲ အကြံအစည်တွေပါပျက်သွားတယ် အစ်မရဲ့။

အခု ကျွန်တော် ငှက်ဖျားရောဂါနဲ့ ဆေးရုံတက်ရတော့ ကိုဇော်ထွန်းက မနေနိုင်ဘူး။ ညီတစ်ယောက်လို စောင့်ရှောက်တယ်။ အစ်မကြီးကလည်း မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ထမင်းပို့တယ်လေ။ ဒါကြောင့် ငါတို့တော့ ကျေးဇူးရှင်ကို ပြစ်မှားမိပြီ။ ဝန်ချတောင်းပန်ချင်တယ်။ အဖြစ်မှန်ကို ပြောပြပြီးမှ ခွင့်လွှတ်တဲ့ မေတ္တာကိုအလိုရှိတယ်ဗျာ။ဒါကြောင့် ဖုံးကွယ်မထားချင်လို့ ဖွင့်ပြောတာပါ။ ကျွန်တော်တို့အမှားကို ခွင့်လွှတ်နိုင်မလား အစ်မကြီး”

“အေး - ငါတို့လည်း ဘာမှဆုံးရှုံးတာ မရှိပါဘူး။ အဖြစ်မှန်သိရတော့ နိတ္တတ်ကြီးကို ပိုပြီးတောင်ချစ်သေးတယ်။ အခုလို အမြင်မှန်ရပြီး မကောင်းမှုကို မလုပ်ဖြစ်တာ နိတ္တတ်ကြောင့်ပဲ။ အားလုံးကို ခွင့်လွှတ်ပါတယ်ဟယ်”

ဒီဇာတ်ကြောင်းကတော့ ကိုဇော်ထွန်းတို့လင်မယား ပြန်ပြောပြလို့ သိတာပါ။ တစ်ခါတစ်ရံ လောကကြီးထဲမှာ ခွေး ဆိုတဲ့သတ္တဝါဟာ လူသားတွေအပေါ်မှာ အလွန်သစ္စာရှိတယ်ဆိုတဲ့အချက်ကို နိတ္တတ်ကြီးက ပြသနေသလိုပါပဲ။ ဂျာမနီက ခွေးတစ်ကောင်ရဲ့ သခင်ဟာ ဒုတိယကမ္ဘာစစ်မှာ သေသွားတယ်။ သူ့ခွေးက သူ့သခင်ပြန်လာလေ့ရှိတဲ့ ညနေ (၄) နာရီမှာ အမြဲပဲ ခြံဝမှာ သွားကြိုတယ်လေ။ ဒီအလုပ်ကို (၇)နှစ်တိတိ လုပ်နေလို့ ဘာလင်တစ်မြို့လုံး သိတာပါ။ ကျုပ်ကတော့ မြန်မာပြည်က နိတ္တတ်အကြောင်း ကမ္ဘာက သိရအောင် စာပေကတစ်ဆင့် အင်တာနက်ပို့ကြည့်မယ် စိတ်ကူးပါတယ်။

စိုးထွန်း(ညောင်ဒေ)



www.burmeseclassic.com

www.burmeseclassic.com

ကြုံအရကတော့ ဒါပါပဲကွယ်"

**ကိစ္စအိမ်မှာ တစ်ခါဆုံတယ်**

စာရေးသူ၏ ဖိတ်မန္တကပြုမှုကြောင့် ဆေးဆရာကြီး ဦးကျော်ဝင်း၊ ဘိသိက်ဆရာကြီး ဦးဖိုးရှန်၊ ဂမ္ဘီရဝါသနာရှင် ဦးသိန်းဝင်း စသည့် အပေါင်းအသင်းရောင်းရင်းတစ်စုတို့ရဲ့ ဗဟုသုတပေါင်းစုံကို ရောသမမွှေရန်အတွက် ကိစ္စအိမ်သို့ ချိတက်ခဲ့ကြပြီး-

"ဟော - ဆရာတို့ လာကြပြီလား။ လာ လာ၊ ဒီမှာထိုင်ကြရအောင်"

လို့ပြောရင်း စာရေးသူက လက်ပတ်နာရီကို ကြည့်လိုက်တော့ ညနေ (၆း၃၀)နာရီသာရှိသေးသည်။

"ဒီနေ့ ဆရာတို့အဖွဲ့နည်းနည်းစောတယ်နော်"

"နည်းနည်းစောတော့ နည်းနည်းပိုပြီး စကားပြောကြရတာပေါ့ဗျာ"

ဝင်လာသူများထဲမှ ဂမ္ဘီရဝါသနာရှင် ဦးသိန်းဝင်းက နှုတ်သွက်လျှာသွက်ပြန်ဖြေရင်း အသင့်ပြင်ဆင်ထားသောခုံများပေါ်သို့ အားလုံးဝင်ထိုင်ကြပြီး ခေတ္တမျှငြိမ်သွားပါသည်။ အဲဒီည စကားဝိုင်းလေးကတော့ ဗဟုသုတပြည့်ဝတဲ့စကားလေးတွေ ပြောသူကပြောကြ၊ နားထောင်သူကလည်း နားထောင်ကြရင်း မြန်မာ့ရိုးရာ ရေနွေးကြမ်းစကားဝိုင်းလေး တစ်မိုးသောက်လို့ ရပ်နားကြပြီး-

"ကျွန်တော်တို့ ပြန်ပါဦးမယ်ခင်ဗျာ"

လို့ နှုတ်ဆက်လိုက်တော့မှ-

"သြော် - ဒါနဲ့ ဆရာဦးဖိုးရှန်ညက ပြောပြသွားခဲ့တဲ့ ချေချိုလက်ဝါးအကြောင်းကို လာရောက်လေ့လာခွင့်ပြုပါဦး"

လို့ ဆိုရင်း -

"ကောင်းသော မင်္ဂလာနံနက်ခင်းပါ"

ဟု နှုတ်ခွန်းဆက်လို့ ပြန်သွားကြပါတော့သည်။

**မသိသူကျော်သွား၊ သိသူဖော်စား**

ဘိသိက်ဆရာကြီး ဦးဖိုးရှန်နေအိမ်က စာရေးသူနှင့် တစ်ရပ်တည်း အမှတ်(၅)ရပ်ကွက် (၁)လမ်း ကသာမြို့မှာ နေထိုင်ပါသည်။ စာရေးသူလည်း ၁၁ -၅ -၂၀၁၂ နေ့ (၁၂)နာရီအချိန်တွင် ဆရာဦးဖိုးရှန်အိမ်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာဦးဖိုးရှန်က စာရေးသူကို တွေ့တွေ့ချင်း-

"လာဗျို့ - စာရေးဆရာကြီး၊ ထမင်းသုံးဆောင်ပါဦး"

လို့ စတင် မိတ်ဆက်လိုက်ပါသည်။

"ဟုတ်ကဲ့ - ကျွန်တော်လည်း ထမင်းစားပြီးပြီးချင်းလာခဲ့တာ။ နေကလည်း ပူလိုက်တာဗျာ၊ ကဆုန် - နယုန်ဆွေ့ဆွေ့ခုန်ဆိုတဲ့ ဆိုရိုးစကားနဲ့ညီပါပေ့ဗျာ။ မိုးကလည်း တစ်ပေါက်မှ မကျလေတော့ ပိုဆိုးတာပေါ့ဗျာ။ ပြောပြောဆိုဆို စာရေးသူလည်း အိမ်အောက်မှာ ခင်းထားတဲ့ ခုံတန်းလျားပေါ်မှာ အမောဖြေရန် ထိုင်လိုက်ပါတော့သည်။

ထမင်းစားပြီးနောက် -

"ဦးမြင့်ကျော်ရေ လာဗျို့၊ အိမ်ပေါ်တက်ရအောင်။ အိမ်ပေါ်ရောက်မှ သိချင်တာ မေးတာပေါ့ဗျာ"

နှစ်ယောက်သား အိမ်ပေါ်တက်လိုက်ကြပါသည်။ အိမ်ပေါ်ရောက်တော့ ဘုရားကျောင်းဆောင်ဆီသို့ စာရေးသူအရင်သွားပြီး ကြည်ညိုဖွယ်ကောင်းအောင်ပြုပြင်ထားသည့် ဘုရားဆောင်တွင်းမှ မဟာမြတ်မုနိ ကိုယ်တော်မြတ်ကြီး၏ ပုံတော်ကို အားပါးတရ ဖူးမြော်လိုက်ပါသည်။ သြော် - ရင်တွင်းနှလုံးသား အေးမြသွားပါတကား။

"ဦးမြင့်ကျော်ရေ၊ ဒီပစ္စည်းက နှယ်နှယ်ရရပစ္စည်း မဟုတ်ဘူးဗျ"


ဆရာဦးဖိုးရှန်က သူ့ဆေးအိတ်အတွင်းမှ ထုတ်ယူလာပြီး စာရေးသူကိုပြပါသည်။ စာရေးသူလည်း အမှန်အတိုင်းဝန်ခံရလျှင် တစ်ခါမှ မမြင်ဘူးပါ။ ပြောသံသာကြားသိနေရပါသည်။ ချေချိုလက်ဝါး သို့မဟုတ် ချေ



ထူးဆန်းသော ဂမ္ဘီရပစ္စည်း ချေချို
လက်သန်းဘက်မှ တွေ့မြင်ရပုံ



ထူးဆန်းသော ဂမ္ဘီရပစ္စည်း ချေချိုပိုင်ရှင်
ဦးဖိုးရှန် ချေချိုကို ကိုင်ပြနေပုံ




ထူးဆန်းသော ဂမ္ဘီရပစ္စည်း ချေချို
ညာလက်ဝါး လက်မဘက်မှ တွေ့မြင်ရပုံ




www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော ဂမ္ဘီရပစ္စည်း ချေချို လက်ဖဝါးဘက်မှ တွေ့မြင်ရပုံ



ထူးဆန်းသော ဂမ္ဘီရပစ္စည်း ချေချို လက်ဖမိုးဘက်မှ တွေ့မြင်ရပုံ

ချိုလက်ဝါးကာအား ကိုင်တွယ်ပွတ်သပ်နေရင်း အံ့ဩနေမိသည်။အရှည် (၆) လက်မ၊ ဖြက် (၁ $\frac{၁}{၄}$') လက်မရှိ လူလက်ဝါးနှင့် ပုံသဏ္ဍာန်တူသော ထူးဆန်းသည့် ဂမ္ဘီရပစ္စည်းဖြစ်သော ချေချိုလက်ဝါးအား စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

ဘိသိက်ဆရာကြီး ဦးဖိုးရှန်ကလည်း-

"ကဲ- စာရေးဆရာကြီးရေ၊ သိချင်တာ မေးပေတော့။ ကျွန်တော်လည်း သိသမျှဖြေဖို့ အဆင်သင့်ပါပဲဗျာ"

စာရေးသူက -

"ဒီထူးဆန်းတဲ့ ဂမ္ဘီရဝင် ချေချိုလက်ဝါးလေးကို ဘယ်လိုဘယ်ပုံရပါသလဲ ဆရာ"

ဆရာက-

"ဒီပစ္စည်းလေးကို မိတ်ဆွေတစ်ယောက်က ပေးသွားတာပါ။ မောင်ရင့်အတွက် ဒီပစ္စည်းလေးက အသုံးဝင်ကောင်း ဝင်လိမ့်မယ်ဆိုပြီး ပေးသွားတာပါ"

စာရေးသူက-

"ဆရာအနေနဲ့ ဒီပစ္စည်းကို ဘယ်တော့လောက်က စတင်အသုံးချပါသလဲ ဆရာ"

"အင်း - ဒီပစ္စည်းကို ၁၉၉၂ ခုနှစ်လောက်က စတင်အသုံးပြုခဲ့တာပါ။ အဲဒီတုန်းက ပထမဆုံးအနေနဲ့ လည်ချောင်းထဲမှာ ငါးရိုးမျက်နေတဲ့ အမျိုးသမီးနှစ်ယောက်ရောက်လာပြီး 'ဆရာရယ်၊ သမီးလေးကို ကြည့်ပေးပါဦး။ သမီးလေးရဲ့ လည်ချောင်းထဲမှာ ငါးရိုးမျက်နေတာ ဘာနဲ့မှလုပ်လို့ မရဘူး။ ကြည့်စမ်းပါဦး ဆရာရယ်' ဆိုတော့ ဆရာလည်း ပယောဂနဲ့ အစွဲအမျိုးမျိုးကို စေတနာနဲ့ ကုသပေးနေတာပါ။ ဒီငါးရိုးမျက်တဲ့ကိစ္စကိုတော့ တစ်ခါမျှ မကုဘူးခဲ့တာကြောင့် ဆရာ သိသမျှတတ်သမျှနဲ့ ကုသပေးမယ်။ ပျောက်သွားရင်တော့ သမီးကံ၊ ဆရာရဲ့ကံပေါ့။ ကဲ- သမီးလေး ဒုးတုပ်ထိုင်ဆိုပြီး မန်းမှုတ်ပေးပြီး သိဒ္ဓိဝင်ဂမ္ဘီရပစ္စည်းဖြစ်တဲ့ ချေချိုလက်ဝါးလေးနဲ့ လည်ချောင်းအထက်မှအောက်ကို သပ်ချလိုက်တာ အံ့ဩစရာ ပျောက်ကင်း သက်သာသွားတာကို တွေ့လိုက်ရပါတယ်။ နောက် မကြာခင်ဆိုသလို ငါးရိုးမျက်သူများကိုလည်း ဒီနည်းနဲ့ပဲ ကုသပျောက်ကင်းခဲ့ပါတယ်။ ပထမဦးဆုံး သိဒ္ဓိဝင်ဂမ္ဘီရပစ္စည်း ချေချိုလက်ဝါးအစွမ်းထက်ပုံကို စသိခဲ့ပါတယ်"

စာရေးသူက-

"အဲဒီနောက်ကောဆရာ"

"အဲဒီနောက်တော့ စုန်းပယောဂ၊ နတ်ပယောဂ စတဲ့ ပယောဂမျိုးစုံကို စေတနာသက်သက်နဲ့ ကုသပေးခဲ့တယ်။ အဲဒီလိုကုသပေးတဲ့ နေရာမှာ ဒီချေချိုလက်ဝါးနဲ့ပဲ ကုသပေးခဲ့ပါတယ်။ မကြာသေးခင်က ကျွန်တော်ကုသပေးလိုက်တဲ့ ကိုအောင်ဝင်းဆိုတဲ့ ကာယကံရှင်တစ်ဦးအကြောင်းကိုပြောပြရင် သိဒ္ဓိဝင် ဂမ္ဘီရပစ္စည်းဖြစ်တဲ့ ချေချိုလက်ဝါးအကြောင်း ခြုံငုံမိမယ်လို့ ထင်ပါတယ်။

သိဒ္ဓိဝင်ဂမ္ဘီရပစ္စည်းဖြစ်တဲ့ ချေချိုလက်ဝါးရဲ့ အသုံးဝင်ပုံကို တတ်သလောက်မှတ်သလောက် တင်ပြလိုက်ပါတယ်။ ဒီထက်အသုံးဝင်၊ ဒီထက်ထက် ပို၍ သိရှိ နားလည်ပါက ပြန်လည် ဖြည့်စွက် တင်ပြပေးပါရန် လေးစားစွာဖြင့် တောင်းခံအပ်ပါသည်။

မြင့်မြတ်စံ (ကသာမြေ)




www.burmeseclassic.com


www.burmeseclassic.com

မင်းမင်းမြတ်

# သင့်မျက်နှာနှင့် သင့်ကျန်းမာရေး



နှာခေါင်းတည်ဆောက်ပုံ ရှည်လျားဖြောင့်စင်းခြင်းကြောင့် ကျန်းမာရေး ကောင်းမွန် ပြည့်စုံပါသည်



နှာတံရိုးအပေါ်တည့်တည့်၌ မှဲ့ပါရှိနေခြင်းသည် အစာအိမ်နှင့်ဆိုင်သောရောဂါ ဖြစ်နိုင်ပါသည်

## ကျန်းမာရေးမကောင်းသူ၏မျက်နှာ

*(အောက်ပါအချက်များအားဖြင့် သိနိုင်ပါသည်။)*

- နားရွက်၏ အရေပြားအရောင်က မျက်နှာပေါ်ရှိ အခြားအင်္ဂါအစိတ်အပိုင်းများ၏အရောင်ထက် (အရိပ်ထိုးသလို) မည်းမှောင်နေတတ်ပါသည်။
- အကယ်၍ သိသိသာသာ လွန်ကဲစွာ မည်းလာပါက ကျောက်ကပ်တွင် ပြဿနာ ရှိ၊ မရှိ ဆေးစစ်ချက် ရယူပါ။
- နားရွက်အရွယ်အစား သေးငယ်ပြီး အရောင်ဖျော့တော့ခြင်း၊ ခြောက်ခြင်းနှင့် နားရွက်နုတ်ခမ်းသားများ တွန့်ရှုံ့နေတတ်ပါသည်။
- မျက်လုံး အနေအထားသည် အိပ်ချင်မူးတူးပုံစံ၊ မှုန်ဝါးသည့်ပုံစံ (မကြည်မလင်) ဖြစ်နေပါမည်။
- နှာခေါင်းဧရိယာတစ်လျှောက် အဖုအပိမ့်၊ ချိုင့်နှင့် အရေးအကြောင်းများပါပြီး တစ်ခါတစ်ရံ မှဲ့ပါနေတတ်ပါသည်။
- နှာတံ အောက်သို့ နိမ့်ဆင်း (ပြားကပ်) လွန်းပြီး နှာခေါင်းပေါက်နှင့် အပေါ်နှုတ်ခမ်းတို့ ကြားနေရာကလည်း တိမ်လွန်း၊ တိုလွန်းစွာရှိနေပါမည်။

အထက်ဖော်ပြပါ ကျန်းမာရေးကောင်းသူ၏ မျက်နှာနှင့် ကျန်းမာရေးမကောင်းသူ၏ မျက်နှာတို့သည် ဆန့်ကျင်ဘက်အစွန်းနှစ်ခုအား နှိုင်းယှဉ်ဖော်ပြခြင်းသာဖြစ်ပြီး နားရွက်၊ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်၊ နှာခေါင်းပေါက်နှင့် အပေါ်နှုတ်ခမ်းတို့ကြားနေရာတို့ မကောင်းလွန်း၊ မဆိုးလွန်းရှိသူအနေဖြင့် ကျန်းမာရေး၌ အလယ်အလတ် (သင့်တင့်) ကောင်းမွန်နေပါမည်။


## နာမကျန်းဖြစ်တော့မည့်ဆဲဆဲ အခြေအနေကို ကြိုတင်လေ့လာခြင်း

ရုပ်လက္ခဏာပညာကို စတင်လိုက်စားသူအနေဖြင့် ကျန်းမာရေးဆိုင်ရာ အချက်အလက် အသေးစိတ်များအား ပြည့်စုံအောင် ခန့်မှန်းဟောကိန်းထုတ်နိုင်ခြင်း [illegible]သော်လည်း မျက်နှာပေါ်ရှိ အင်္ဂါအစိတ်အပိုင်းများ၏ ထူးခြားထင်ရှားမှုကို ကြည့်၍ ခိုင်မာစွာ အဖြေပေးနိုင်ပါသည်။

## အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ

နှာတံအလယ်တည့်တည့်၌ မှဲ့ရှိပါက မှဲ့အရွယ်အစား ပိုကြီးလေလေ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်နိုင်ခြေ အလားအလာ ပိုရှိလေလေ ဖြစ်ပါမည်။ နှာခေါင်းအရေပြားပေါ်၌ မွေးရာပါ အမှတ်၊ အကွက် (စာဖြူ၊ စာနီ) များ ပါရှိပါကလည်း ဝမ်းဗိုက်နှင့် အစာအိမ်ဆိုင်ရာရောဂါတစ်ခုခု ဖြစ်လာနိုင်ပါသည်။

## ခြေ လက်အင်္ဂါ (ခြေဆံ၊ လက်ဆံ) နှင့် ပတ်သက်သောရောဂါများ



နှာခေါင်းနှင့်ပါးစပ်အကြားရှိ ရယ်သောအခါပေါ်လာသော ပါးရေကြောင်း ပြတ်တောက်နေခြင်းကြောင့် ခြေ၊ လက်အင်္ဂါ မတော်တဆ ထိခိုက် (ကျိုး၊ ပြတ်) ခြင်း ရှိလာနိုင်ပါသည်

နှာခေါင်းနှင့် ပါးစပ်အကြားနေရာရှိ (ရယ်သောအချိန်ပေါ်လာသည့် ပါးရေကြောင်း) ပြတ်တောက်နေပါက ၎င်းပြတ်ကြောင်း ပို၍ဖောက်နက်




www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားလေလေ ခြေ၊ လက်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုနှင့်ဆိုင်သည့် ရောဂါဝေဒနာ (သို့) ထိခိုက်ပျက်စီးမှု ရှိလာတော့မည်ကို သတိမူရပါမည်။ အထူးသဖြင့် အသက် (၅၀) နှစ်နောက်ပိုင်း အရွယ်များတွင် ပိုမိုဖြစ်နိုင်ပါသည်။

**နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများ**



**သူငယ်အိမ်တစ်ဝိုက် အပြာရောင်ဖျော့ဖျော့ကွင်းတစ်ခု ပါရှိနေပြီး အပြင်သို့ အနည်းငယ် စူထွက်နေဟန်ရှိသည့် မျက်လုံးပုံစံ (နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများ ဖြစ်လာရန်ရှိသည့်လက္ခဏာကို ပြသည်)**


မျက်လုံးသူငယ်အိမ်တစ်ဝိုက် အပြာရောင်ဖျော့ဖျော့ ကွင်းသဏ္ဍာန် အမှတ်အသားနှင့် နားသန်သီးနှစ်ဖက်စလုံး၌ အရေးအကြောင်းတစ်ခုစီ ထင်ရှားစွာပါရှိခဲ့လျှင် နှလုံးသွေးကြောနှင့်ဆိုင်သည့် ရောဂါဝေဒနာများ ခံစားရတတ်ပါသည်။ တစ်ခါတစ်ရံ မျက်လုံးအစုံက အပြင်သို့ စူထွက်လျက် ရီဝေမှုန်ဝါးသည့် ပုံသဏ္ဍာန်အဖြစ်လည်း တွေ့ရတတ်ပါသည်။

**ကျောက်ကပ်နှင့်ဆိုင်သောရောဂါဝေဒနာများ**

နားရွက်ပေါ်ရှိ အရေပြားအရောင်သည် အခြားအင်္ဂါအစိတ်အပိုင်းများ၏ အရေပြားအရောင်ထက် သိသာထင်ရှားစွာ မည်းနက်နေပါက ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေရှိနေပါသည်။

**မီးယပ်ရောဂါ၊ သားဖွားမှုဆိုင်ရာ ရောဂါဝေဒနာများ**

အမျိုးသမီးတစ်ဦး၏ နှာခေါင်းနှင့် အပေါ်နှုတ်ခမ်းတို့ကြားနေရာက



**နှာခေါင်းနှင့် အပေါ်နှုတ်ခမ်းအကြားရှိနေရာ ကျယ်ပြန့် ရှည်လျား၍ အတွင်းဖောက်နက်နေခြင်းသည် သားသမီးရရှိမှုအတွက် အားကောင်းသည့်လက္ခဏာအဖြစ် ဖော်ပြနေပါသည်**


ဖောက်နက်ခြင်းမရှိဘဲ တိမ်လွန်း၊ ပြားလွန်းခြင်း ရှိနေပါက အဆိုပါ အမျိုးသမီး၏ သားသမီးမွေးဖွားရေးကိစ္စ၌ ပြဿနာရှိလာနိုင်ပါသည်။

၎င်းအပြင် ဝဲဘက်မျက်လုံးမှာ မီးသွေးခဲကဲ့သို့ မည်းနက်ပြီး သုန်မှုန်သောအသွင်ရှိနေခြင်း၊ မျက်ခွံအပြင်သားက ဖောင်းကားထွက်နေခြင်း၊ ဝဲဘက်မျက်လုံးအရောင်က ယာဘက်မျက်လုံးအရောင်ထက် အနည်းငယ်ပိုမည်းနေခြင်းတို့ကလည်း မီးယပ်နှင့် သားဖွားဆိုင်ရာရောဂါများကို ဖြစ်လာစေတတ်၏။ နှာခေါင်းပေါက်နှင့် အပေါ်နှုတ်ခမ်းကြားနေရာ ဖောက်နက် ရှည်လျား ကျယ်ပြန့်နေခြင်းသည် လူငယ်အရွယ်မှ လူလတ်ပိုင်း၊ လူလတ်ပိုင်းအရွယ်မှ သက်ကြီးပိုင်း အရွယ်သို့ အဆင့်ဆင့် ကူးပြောင်းရောက်ရှိသော်လည်း တစ်စုံတစ်ရာ

ထိခိုက်ခြင်း၊ ရောဂါဘယဝင်ရောက်ခြင်းမရှိဘဲ ကျန်းမာရေး ကောင်းမွန်စွာဖြင့် သဘာဝတရားအရသာ အရွယ်သုံးပါး အဆင့်ဆင့် ကူးပြောင်းသွားနိုင်ပါမည်။

မျက်လုံးသည် စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများအား အကောင်းဆုံး ညွှန်ပြပေးနိုင်သော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ မျက်လုံးအစုံကို ကြည့်ရှု၍ ရောဂါရှိ၊ မရှိ၊ စိတ်ခံစားချက်ဝေဒနာ ရှိ၊ မရှိ အလွယ်တကူ အဖြေထုတ်နိုင်ပါသည်။ ရုပ်လက္ခဏာပညာရပ်အရ မျက်ခုံးမွေးများ ကန့်လန့်ဖြတ်ပုံစံ (ရှုပ်ထွေးစွာ) ပေါက်ရောက်နေပြီး မေးစေ့ဇရိယာကလည်း ကျဉ်းမြောင်းကာ ပါးစပ်တည်ဆောက်ပုံကလည်း လေ့မှောက်ခုံပုံစံရှိနေပါက ထိုသူအား စိတ်ကျရောဂါဝေဒနာ ဝင်ရောက်တော့မည်ဟု ဟောကိန်းထုတ်နိုင်ပါသည်။

ရုပ်လက္ခဏာပညာရပ်သည် ကျန်းမာရေးညံ့သူတို့အား တိုက်ရိုက်ကုစားနိုင်ခြင်း မရှိသော်လည်း ရောဂါတစ်စုံတစ်ရာ ဖြစ်ပေါ် ကျရောက်လာမည့် နိမိတ်လက္ခဏာများအား အင်္ဂါအစိတ်အပိုင်းအလိုက် စိစစ်အဖြေထုတ်၍ ကြိုတင် ကာကွယ် ကုသနိုင်ရန် ကောင်းသော လမ်းညွှန်မှုများ ပေးနိုင်ပါသည်။ ဥပမာအားဖြင့် မျက်လုံးသူငယ်အိမ်တစ်ဝိုက် အပြာရောင်ကွင်းသဏ္ဍာန်ပါရှိပြီး နားသန်သီးပေါ်၌ ထင်ရှားသော အရေးအကြောင်း တစ်ခု သိသာစွာ ပါရှိခဲ့လျှင် နှလုံးရောဂါ(သို့)နှလုံးသွေးကြောဆိုင်ရာ



**မှုန်ဝါးသောပုံစံရှိမျက်လုံးသည် စိတ်ကျရောဂါခံစားနေရကြောင်း အသိပေးနေပါသည်**



**ပါးစပ်၏အောက်နှုတ်ခမ်းသားအောက်တွင် ပါရှိသော အကြေးနှင့် မေးချိုင့်သည် အရက်သေစာ လွန်စွာသောက်စားတတ်သူဖြစ်ကြောင်း ဖော်ပြနေပါသည်**



www.burmeseclassic.com

www.burmeseclassic.com

ရောဂါတစ်ခုခုဖြစ်နိုင်ကြောင်း ကြို တင် အသိပေးနိုင်ပါမည်။

**သက်ရှည်ကျန်းမာခြင်းကိုပြသော ရုပ်လက္ခဏာ**



သက်ရှည်ကျန်းမာခြင်းသဘော လက္ခဏာအား ထင်ရှားစွာပြသသော နေရာသည် မျက်နှာပေါ်ရှိ နှာခေါင်းနှင့် ပါးစပ်အကြား (ရယ်သောအခါ ပေါ်လာသည့် ပါးရေကြောင်း) (တရုတ်ဘာသာဖြင့် Fa Ling) နေရာပင် ဖြစ်၏။ ဖော်ပြထားသည့် ဓာတ်ပုံပိုင်ရှင်ကို လေ့လာပါက Laughter Lines သို့မဟုတ် Fa Ling သည် နှာခေါင်းမှ ပါးစပ်ပေါက် ဘေးနှစ်ဖက်သို့ တောက်လျှောက် ဆင်းသွားပြီး မေးစေ့အထိတိုင် ရောက်နေသည်ကို တွေ့ရပါမည်။

Laughter Lines (သို့) Fa Ling သည် အသက်ရှည် ကျန်းမာခြင်း သဘောကို ဖော်ပြသော်လည်း အသက် (၄၅)နှစ်မတိုင်မီ မပေါ်ပေါက်သင့်ပေ။ ၎င်းအသက်အရွယ်ကျော်လွန်ပြီး နောက်ပိုင်းမှသာ သက်ရှည်ကျန်းမာခြင်းနိမိတ်ကိုဆောင်ပါသည်။ အသက် (၄၅) နှစ်မတိုင်မီ ထိုပါးရေကြောင်းပေါ်လာခြင်းသည် ဘဝကို ခက်ခဲကြမ်းတမ်းစွာ ကျော်ဖြတ်ရသည့်သဘောကို ပြနေပါသည်။

အသက် (၄၅) နှစ်နောက်ပိုင်း ပေါ်လာသော Fa Ling သည် နှာခေါင်းမှ ပါးစပ်၊ မေးစေ့ထိတိုင် ရှည်လျား ကျယ်ပြန့်၍ အတွင်းဖောက်နက်နေပါက ပိုမိုကောင်းမွန်ပါသည်။

**ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ ထူးခြားသောရုပ်လက္ခဏာ (နမူနာဓာတ်ပုံပါရှိ)**

**Lance Armstrong (ကင်ဆာရောဂါမှ သေကံမရောက်ဘဲ လွတ်မြောက်ခဲ့သူ)**

Lance Armstrong သည် လိင်အင်္ဂါ ကင်ဆာရောဂါဝေဒနာရှင်တစ်ဦး ဖြစ်သည်။ သူ၏ကင်ဆာအမြစ်များက ဦးနှောက်ထိတိုင်ပျံ့နှံ့၍ သေလုနီးပါးဝေဒနာ ခံစားခဲ့ရသည်။ သို့သော်လည်း သူ၏ ထူးခြားသော ရုပ်လက္ခဏာများက သေကံမရောက် အောင် အောင်မြင်စွာ ကုသနိုင်မည့်အကြောင်း အထင်အရှား ဖော်ပြနေခဲ့သည်။ Feng Shui ပညာ ရှုထောင့်အရ Armstrong ၏ ဦးနှောက်အား ဓာတ်ကြီးငါးပါးအနက် သတ္တုဓာတ်က စိုးမိုး ကိုယ်စားပြုထားပြီး ၎င်းသတ္တုဓာတ်အား မျက်နှာ၏ယာဘက်အခြမ်းက ထင့်ဆင့်ကိုယ်စားပြုထားပါသည်။ Armstrong ၏ မျက်နှာဝဲဘက်ခြမ်းသည် ယာဘက်ခြမ်းထက် ပိုမို ကြည်လင်မှုရှိပြီး ဝဲဘက်မျက်လုံးက ယာဘက်ခြမ်းထက် အနည်းငယ်ပိုကြီးသည်ကို သတိထားမိနိုင်ပါသည်။ ၎င်းအပြင် ယာဘက်ပါးပြင်ထက် ဝဲဘက်ပါးပြင်က အနည်းငယ်ပိုကြီးနေပါသည်။

Armstrong ၏ ရောဂါဝေဒနာခံစားရမှုသည် မျက်နှာပေါ်ရှိ အင်္ဂါအစိတ်အပိုင်းများ တစ်ခုနှင့်တစ်ခု လိုက်ဖက်ညီညာမှုမရှိခြင်းနှင့် ဓာတ်ကြီးငါးပါးနှင့် ဆိုင်ရာဓာတ်များ၏ တစ်ခုနှင့်တစ်ခုမမျှတခြင်းကြောင့်ပင် ဖြစ်သည်။ Armstrong ၏ပါးစပ်သည် နှာခေါင်းထက် ပိုမိုသေးငယ်၍ နှာခေါင်းတည်ဆောက်ပုံက မျက်နှာအား လွှမ်းမိုးနေရာယူထားသည်။ သူ၏ နှုတ်ခမ်းနှစ်လွှာအနက်(အထူးသဖြင့်) အပေါ်နှုတ်ခမ်းက ပါးလွှာ၍ ဖြူဖပ်ဖြူရော်ဖြစ်နေပါသည်။ နှာခေါင်းသည် မြေဓာတ်ကို ကိုယ်စားပြုထားပြီး ပါးစပ်က ရေဓာတ်ကို ကိုယ်စားပြုသည်။ နှာခေါင်းအရွယ် အစားကြီး



၍ ပါးစပ်အား လွှမ်းမိုးထားခြင်းကြောင့် ရောဂါဝေဒနာ အစရှိသည့် မကောင်းသော နိမိတ်အာရုံများကို ဖြစ်လာစေပါသည်။

Armstrong ၏ မျက်လုံးကို လေ့လာပါက တောက်ပ အရောင်လက်၍ အသက်ပါ စူးရှမှု ရှိနေပါသည်။ မျက်ခုံးလိုင်း ဖြောင့်တန်းနေခြင်းက စိတ်အာရုံတစ်ခုတည်းကိုသာ ခိုင်မာ ပြတ်သားစွာရှိပြီး ရည်မှန်းချက်အား လွယ်လွယ်နှင့် အလျှော့မပေးတတ်သူဖြစ်ကြောင်း ပြနေပါသည်။

Armstrong ၏ မျက်နှာပေါ်မှ အင်္ဂါအစိတ်အပိုင်းအချို့၏ အားနည်းချက်နှင့် ဓာတ်ကြီးငါးပါးတို့ မမျှတခြင်းကြောင့် ရောဂါဝေဒနာ ခံစားခဲ့ရသော်လည်း သူ၏ မျက်နှာပေါ်ရှိ အသက်နှင့်ဆိုင်သောဌာန (မျက်ခုံးနှင့် နှာတံထိပ်ဖျားတို့အကြားနေရာ) ၌ သုံးမြောင့် (တြိဂံ) ပုံတစ်ခု ရှိနေခြင်းကြောင့် သေကံမရောက်ဘဲ ရှင်သန်နိုင်ခဲ့သည်။ ၎င်းတြိဂံပုံနေရာ၌ အသားဆူဖြိုးစွာရှိနေပြီး နယ်မြေဇရိယာ ကျယ်ဝန်းခြင်းတို့ကြောင့် အကောင်းမြင်တတ်သူ၊ ရည်မှန်းချက်ကြီးသူ၊ ရည်မှန်းချက်အတိုင်း ခိုင်မာစွာ ဆုံးဖြတ်တတ်သူအဖြစ် ပြောနိုင်ပါသည်။ နောက်ဆုံးတွင် Armstrong ၏စိတ်ဓာတ်ခိုင်မာမှုများက ကင်ဆာရောဂါဆိုးကြီးကိုပင် အမြစ်ပြတ် ချေမှုန်းနိုင်သည်အထိ အနိုင်ယူခဲ့သည်။

မင်းမင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ဘဝကို ကျွန်တော် သိတတ်စအရွယ်မှစ၍ လူဝင်စား တစ်ဦး ဖြစ်ခဲ့ကြောင်း သိရသည်။ ယခင်ဘဝဟောင်းကအဖြစ်များကို ပြန်ပြောင်းစဉ်းစားရာမှ ပီပီပြင်ပြင် သိလာရသည်။ တွေးလေတွေးလေ မှုန်ဝါးနေသော ပန်းချီကားတစ်ချပ်ကို သန့်ရှင်းလိုက်ရာမှ ပေါ်လွင်ထင်ရှားသလို မြင်ရ၏။ ဘဝဟောင်းက ရင်နာစရာဇာတ်ကြောင်းကို ပြန်လည်တူးဆွမိရာမှ လက်ရှိဘဝတွင် ဆောင်ရွက်ရမည့်ကိစ္စကို ခိုင်မာစွာ သိလိုက်ရသည်။

ဘဝဟောင်းက ကျွန်တော်သည် မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသ သောင်ယံဦးရွာသား ပင်လယ်ပျော်တစ်ဦး ဖြစ်သည်။ ရေလုပ်သားဘဝဖြင့် အသက်မွေးစဉ် အချစ်ဆုံးသူငယ်ချင်းက ရက်ရက်စက်စက်သတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ သူငယ်ချင်း ခွေမောင်းမှာ နဖူးတည့်တည့်တွင် မှဲ့နက်ရှိပြီး မိမိကို သတ်ဖြတ်ခဲ့ပုံကို ပီပီပြင်ပြင် မြင်ယောင်နေပါသည်။ ကျွန်တော့်ကို မွေးစက ဦးခေါင်းညာဘက်ခြမ်းတွင် အမာရွတ်တစ်ခုရှိ၍ ဆံပင်မပေါက်ဘဲ လက်နှစ်ဖက်ကို နောက်ပြန်ကြိုးအတုပ်ခံရ၍ လက်ကောက်ဝတ်နှစ်ဖက်မှာ ကြိုးရာကြောင့် အနည်းငယ်သိမ်နေပါသည်။ ခြေနှစ်ဖက်မှာလည်း အသားတုံ့ကြိုးဒဏ်ရာကြောင့် အနည်းငယ်သိမ်နေပါသည်။ ထိုဒဏ်ရာအမှတ်အသားများမှာ ထူးခြားချက်ဖြစ်သော်လည်း မိဘနှစ်ပါးနှင့် ဆွေမျိုးများက ဆက်စပ်မရသော်လည်း ကျွန်တော်က ပီပြင်စွာ သိလိုက်သည်။ ပင်လယ်ပိုင်းတွင် သူငယ်ချင်းနှင့်အတူ ငါးဖမ်းထွက်ရင်း ကျွန်တော်၏ဦးခေါင်းကို လှော်တက်ဖြင့်ရိုက်ပြီး သတိလစ်နေချိန် ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကိုကြိုးတုပ်၍ ပင်လယ်ထဲသို့ ပစ်ချခြင်းခံလိုက်ရသည်။ ပင်လယ်ထဲကျသွားပြီဟု ပြောရုံဖြင့် ဇာတ်သိမ်းခဲ့ရပါသည်။

လူငယ်စိတ်ဖြစ်၍ ယခင်ဘဝက သတ်ခဲ့သူကို လက်စားချေလိုပါသည်။ သို့သော် လွယ်ကူသောအလုပ်တော့ မဟုတ်ပါ။ သောင်ယံဦးရွာတွင် ကျွန်တော့်ကိုမွေးပြီး (၃)နှစ်အကြာတွင် သောင်းကျန်းသူများ၏ ဒဏ်ကို မခံနိုင်၍ မိဘများက တစ်ဦးတည်းသောသား ကျွန်တော့်ကို ခေါ်ကာ ရန်ကုန်မြို့သို့ပြောင်းခဲ့ကြသည်။ ရန်ကုန်တွင် ကြီးပြင်းလူလားမြောက်ခဲ့ရသဖြင့် သောင်ယံဦးရွာ ဘယ်မှာရှိသည်ကိုပင် မသိခဲ့ရပါ။ ရန်ကုန်ရောက်သည်နှင့် စီးပွားရေးအဆင်ပြေလာသဖြင့် လူချမ်းသာအသိုင်းအဝိုင်းသို့ ရောက်ခဲ့ရ၏။ ကျွန်တော် (၁၀) တန်းတက်သောအခါ မိဘများမှာ တိုက်နှင့်ကားနှင့် ပြည့်ပြည့်စုံစုံဖြစ်နေချေပြီ။ ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ တက်သောအခါ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်ခဲ့၏။

ပညာသင်ရင်း ဘာသာတွဲတူသည့် မသူဇာနှင့် ရင်းနှီးခဲ့သည်။ မသူဇာမှာ ရုပ်ရည်အချောအလှ မဟုတ်ဘဲ သာမန်အဆင့်သာ ရှိသော်လည်း ကျွန်တော် စိတ်ဝင်စားမိခဲ့သည်။ မသူဇာကို အဓိကစိတ်ဝင်စားမိသည်မှာ သူမသည် 'သောင်ယံဦးရွာသူ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ သာမန် ရင်းနှီးရာမှ တွေ့ဖန်များလာသည့်အခါ မသူဇာ၏ ရိုးသားဖြူစင်မှုကြောင့် မကြာမီ ချစ်သူဖြစ်ခဲ့သည်။

ချစ်သူဘဝသို့ရောက်သည်နှင့် ကျွန်တော်၏ဘဝဟောင်းအကြောင်းကို သူဇာထံမှ သိလိုသမျှ နှိုက်နှိုက်ချွတ်ချွတ်မေးသော်လည်း မသူဇာမှာ ငယ်ရွယ်ပြီး ခေတ်ကာလအလှမ်းကွာသဖြင့် သိလိုသည်များ သိခွင့်မရခဲ့ပါ။ ချစ်သူဘဝ ရှည်ကြာလာသည်နှင့် တစ်ဦးကိုတစ်ဦး မခွဲနိုင်မခွာရက် ဖြစ်လာ၏။ နောက်ဆုံးနှစ်သို့ရောက်ချိန် ဘဝရှေ့ရေး ဆွေးနွေးမိကြသည်၊ ကျွန်တော်က မိဘပိုင်သည့် ကုမ္ပဏီတွင် မန်နေဂျာလုပ်မည်ဖြစ်ပြီး မသူဇာက သူ့ရွာတွင် ကျောင်းဆရာမ လုပ်ရန် ရည်ရွယ်ထားပါသည်။ ခွဲခါနီး မသူဇာကို နှစ်သိမ့်ရသည်။

"မောင့်ကို စိတ်ချပါ မသူဇာရယ်။ မသူဇာတို့ရွာကို မောင်ဆက်



ဆက် လာခဲ့ပါ့မယ်။ မသူဇာရဲ့မိဘတွေကို ကိုယ်တိုင်လာတွေ့ပြီး နောက်တစ်ခေါက် မောင့်မိဘတွေနဲ့ လာပြီး တောင်းရမ်းမှာပါ"

"မောင်လာမယ့်ရက်ကို မသိရဘူးလား"

"သင်္ကြန်ပြီးတာနဲ့ အရောက်လာခဲ့မှာပါ"

"ဒါဆို သူဇာမျှော်နေမယ်နော်"

နောက်ဆုံးနေ့တွင် မသူဇာကို နှုတ်ဆက် ခွဲခွာလိုက်ရသည်။

ကျွန်တော့်တွင် လျှို့ဝှက်ချက်တစ်ခုရှိသည်။ မသူဇာကို ခိုင်းဆို


www.burmeseclassic.com

www.burmeseclassic.com

သည့်ရက်မတိုင်မီ သောင်ယံဦးရွာကို အရောက်သွားပြီး ငွေမောင်းကို ရှာမည်။ ငွေမောင်းကို ဖြစ်သည့်နည်းဖြင့် လက်စားချေရမည်။ ငယ်ရွယ်စဉ်က သွေးပူနေသဖြင့် သတ်ရန်ရည်ရွယ်ခဲ့သော်လည်း ယခုအခါ ထောက်ထားစရာများရှိလာပြီဖြစ်၍ ဥပဒေနှင့်လွတ်သည့် လက်စားချေနည်းမျိုးကိုသာသုံးရန် စဉ်းစားထားသည်။

တစ်နေ့ ရွှေတိဂုံဘုရားတွင် သူငယ်ချင်း ကျော်ဇောကို တွေ့ရသည်။ ကျော်ဇောမှာ ဘုန်းကြီးဝတ်နှင့် ဖြစ်သည်။ (၁၀)တန်း မအောင်သည်နှင့် ပညာရေးကို လက်လျှော့ကာ ရဟန်းပြုခဲ့ကြောင်းသိရသည်။ သောင်ယံဦးရွာ ရွှေမြင်တင်ကျောင်းတွင် သီတင်းသုံးနေကြောင်းသိရ၍ လာရောက်လည်ပတ်ချင်ကြောင်း ပြောပြသည်။ ဦးပဥ္စင်း ကျော်ဇော လွတ်လိုက်သည့် အသက် (၁၅) နှစ်အရွယ်ရှိ ဘုန်းကြီးကျောင်းသား မောင်သစ် ရောက်လာပြီး ခေါ်ပါသည်။ အကြိုနေ့တွင် ရန်ကုန်မှ နံနက်စောစောထွက်သည့် မော်တော်နှင့်လိုက်ခဲ့ကြသည်။ မော်တော်မှာ ဆိပ်ကမ်းတိုင်းကပ်၍ ကုန်တင်ကုန်ချလုပ်သဖြင့် ညနေစောင်းမှ သောင်ယံဦးရွာသို့ ရောက်ပါသည်။ ရွှေမြင်တင်ကျောင်းမှာ ချောင်းတစ်ဖက်ကမ်းတွင် တည်ရှိသဖြင့် ကူးတို့လှေနှင့် ကူးရဦးမည် ဖြစ်သည်၊

ချောင်းကမ်းပါးသို့ရောက်ချင်း မမျှော်လင့်ဘဲ မိုးသည်းထန်စွာ ရွာသဖြင့် မိုးရေများ ရွဲစိုခဲ့သည်။ ရန်ကုန်လိုဒေသတွင် အပူဒဏ်ကြောင့် မိုးကို မျှော်လင့်ကြသော်လည်း ပင်လယ်ပိုင်းတွင် မိုးသည်းထန်လာပြီး လေပြင်းတိုက်ပါက စိုးရိမ်စရာဖြစ်သည်။ မိုးရောလေပါ ပြင်းထန်ရုံမက မုန်တိုင်းပါရှိသဖြင့် ကူးတို့ဆိပ်တွင် လှေတစ်စီးမှ မရှိတော့ပါ။ နေမဝင်သေးသော်လည်း မိုးမှောင်ကျကာ လေပြင်းများကြောင့် ကူးတို့လှေ





www.burmeseclassic.com

www.burmeseclassic.com

သမားများ လုပ်ငန်းသိမ်းသွားကြ
ကြောင်း သိရသည်။ ကူးတို့လှေမရှိ
သဖြင့် ကြုံရာလှေနှင့်ကူးရန် လှေ
စောင့်သော်လည်း လှေမတွေ့ရပါ။
မုန်တိုင်းဝင်လာသဖြင့် ဒီရေတက်
ကာ ချောင်းတွင်း ရေပြင်မငြိမ်မ
သက်ဖြစ်နေသည်။ ထိုစဉ် လှေတစ်
စီးကိုတွေ့သဖြင့် အကူအညီတောင်း
ရသည်။

"ကျွန်တော်တို့ကို ကူညီပါ။
ရန်ကုန်ကလာတဲ့ ဧည့်သည်ပါ။ ဟို
ဘက်ကမ်းကို ကူးချင်လို့ပါ"

ကျွန်တော်က လှေကလူများ
ကြားအောင် အော်၍ပြောရသည်။

"မကြာခင် မုန်တိုင်းလာတော့
မယ်။ ဒီညတော့ ဒီဘက်ကမ်းမှာနား
ပါ"

လှေသေးသေးပေါ်တွင် အကျီ
မပါသော လူ(၄)ဦးက ဟိုဘက်ကမ်း
သို့ မသွားစေချင်ဟန်နှင့် ပြန်ပြော
ပါသည်။

"ချောင်းက ကျဉ်းကျဉ်းလေးပါ
ဗျာ။ (၁၀)မိနစ်လောက်နဲ့ ရောက်မှာ
ပါ။ ဒီနေ့ကူးချင်လို့ပါ ကူညီကြပါဗျာ"

"ဧည့်သည်ဒုက္ခရောက်မှာစိုးလို့
ပါ။ ကျုပ်တို့က ရေထဲမှာမွေးတဲ့လူ
ရေမကြောက်ပါဘူး"

"ကျေးဇူးပြုပြီး ပို့ပေးပါဗျာ။
ပို့ဆောင်ခပေးဆိုရင် ပေးပါ့မယ်"

"ပို့ခလိုချင်လို့ မဟုတ်ပါဘူး။
ဧည့်သည်အတွက် စိုးရိမ်လို့ပြောတာ
ပါ။ ဒါလောက်သွားချင်ရင် ပို့ပေးပါ
မယ်။ လှေပေါ်တက်ပါ"

နောက်ဆုံးတွင် လှေကို အနား
ကပ်ပေးသဖြင့် ကျွန်တော်တို့နှစ်ဦး
လှေပေါ်သို့ တက်ခဲ့ကြသည်။ လှေ
ပေါ်ကိုရောက်မှ သူတို့မပို့ချင်သည့်
အကြောင်းကို သိလိုက်ရသည်။ လှေ
ကငယ်ငယ်၊ လူက(၆)ယောက် မနိုင်
သည့်ဝန်ဖြစ်၍ လှေမှာနှုတ်ခမ်းပေါ်
ရုံသာရှိတော့သည်။ လေရောမိုးပါ
ပြင်းထန်သဖြင့် သူတို့စေတနာဖြင့်
ပြောကြောင်း နားလည်မိတော့သည်။
သို့သော် မိမိက ရောက်ချင်နေသဖြင့်
ဘုရားတ,၍သာလိုက်ခဲ့ရသည်။ ကျွန်
တော့်မှာ ရေကူးတတ်သည်ဆိုသော်
လည်း ရေကူးကန်ကျဉ်းကျဉ်းမှာသာ
ကူးဖူးရာ ရေစီးသန်သော မြစ်ချောင်း
များထဲတွင် ကူးဖူးသူ မဟုတ်ပါ။

လှေထွက်သည်နှင့် လေမှာ ပိုမို
ပြင်းထန်လာကာ မိုးမှောင်ပြီး တစ်
ဖက်ကမ်းကိုပင် မမြင်နိုင်တော့ပါ။
ရေလယ်သို့ရောက်ချိန် ပြင်းထန်
သော လှိုင်းလုံးကြောင့် လှေမှာ
မှောက်တက်သွားပြီး လှေပေါ်ရှိ လူ
အားလုံး လွင့်စဉ်သွားကြသည်။ ကျွန်
တော်သည် သတိကြီးစွာ လှေနံကို
ကိုင်ထားသော်လည်း လက်ကလွတ်
ပြီး လှေနှင့်ဝေးသောနေရာသို့ ရောက်
သွားပါသည်။ ရေထဲသို့ ရောက်သွား
သည်နှင့် ရေကူးရန် ကြိုးစားခဲ့သော်
လည်း မျက်နှာပေါ်သို့ ချောင်းရေများ
ပက်ဖျန်းသကဲ့သို့ရှိပြီး ရေနက်ထဲကို
နစ်မြုပ်သွားသည်။ ရေအောက်သို့
ရောက်၍ မြေကြီးနှင့် ခြေထောက်
ထိသည်နှင့် မြေကြီးကို ခြေကန်ကာ
ရေပေါ်သို့ပြန်တက်ခဲ့ပါသည်။ ရေ
ပြင်ပေါ်သို့ရောက်သော်လည်း ပတ်
ဝန်းကျင်တစ်ခွင်လုံး မှောင်နေသဖြင့်
မည်သည့်နေရာသို့ ဦးတည်ရမည်ကို
မသိနိုင်အောင်ရှိပါသည်။ ရေလှိုင်း
များ၏ ရိုက်ခတ်မှုကြောင့် ဒုတိယအ
ကြိမ် ရေအောက်သို့ရောက်သွားပြန်
သည်။ အသက်ရှူ၍မရတော့သဖြင့်
အားပြတ်ပြီး အသက်သေရတော့မည့်
အခြေသို့ရောက်ခဲ့ရတော့သည်။ မည်
သို့မျှ ကြိုးစား၍မရနိုင်တော့သဖြင့်
စိတ်ကို လျှော့ချလိုက်ကာ ဘုရားတ,
နေမိပါသည်။

ကျွန်တော်၏ဘဝအကျိုးပေးမှာ
ဆန်းကြယ်လှသည်။ ယခင်ဘဝက
သူများသတ်၍ ရေထဲတွင် အသက်
ဆုံးခဲ့ရပြီး ယခုဘဝတွင်လည်း ရေ
ထဲတွင် အသက်ဆုံးရပြန်တော့မည်။
စိတ်မှာ ထိန်းမရအောင် ဝေဝါးနေပါ
သည်။ အိပ်မက်ထဲ လမ်းလျှောက်နေ
သလိုခံစားရသည်။ ရေထု၏အောက်
ခြေ မြေပြင်တွင် ပြေးနေရသည်။
မည်သို့ပင်ပြေးပြေး ရေထုကို ကျော်
အောင် ပြေးမရပါ။ အားစိုက်၍ပြေး
ရလွန်းသဖြင့် မောဟိုက်နေသည်။
ရပ်နား၍မရသဖြင့် ဆက်တိုက်ပြေး
နေရသည်။ ရေထဲတွင် ပြေးနေရ
သော်လည်း မောလွန်း၍ရေငတ်နေ
သည်။ ရေအလွန်ဆာနေသည်။ ရေ
ပေးမည့်သူမရှိသဖြင့် ရေပေးပါရန်
အသံကုန်အော်လိုက်မိသည်။

"ရေပေးပါ၊ ရေပေးကြပါ"

လူက အသံကုန် အော်ပါသော်
လည်း အသံမှာ သဲ့သဲ့သာထွက်ပုံရ
သည်။

"မြတ်ကောင်း၊ သတိရပြီလား"

ကျွန်တော်၏အမည်ကိုခေါ်၍
မေးသံကြားရသည်။ သည်အသံကို
ကြားဖူးသလိုရှိသော်လည်း မသဲကွဲ
သဖြင့် အားစိုက်၍ နားထောင်မိ၏။

"မြတ်ကောင်း၊ မြတ်ကောင်း"

ကျွန်တော့်ကိုလှုပ်ပြီး မေးနေ
သည်။ သည်အသံသည် သူငယ်ချင်း
ကျော်ဇော၏အသံ ဖြစ်ရမည်။ ငယ်
သူငယ်ချင်း ကျော်ဇော ဖြစ်ပါက
လစ်ဟာနေသော မိမိဘဝဖြစ်စဉ်ကို
ဆက်စပ်တွေး၍ ရနိုင်သည်။ မိမိ
သည် ဦးပဥ္စင်းကျော်ဇောထံ အလည်
လာခဲ့၏။ ချောင်းကိုဖြတ်ကူးစဉ် ရေ
နစ်သည်။ ယခု မိမိ ဦးပဥ္စင်းကျော်
ဇောနှင့်တွေ့ရပြီဆိုပါက အသက်ရှင်
ခွင့်ရတော့မည်။ မိမိမသေနိုင်ဟုအား
တက်ပြီး မျက်လုံးကို ကြိုးစား၍ ဖွင့်
လိုက်သည်။ တစ်လောကလုံး မှောင်
နေပြီး ဘုရားကျောင်းဆောင်မှ
ဖယောင်းတိုင်မီးကိုသာ မှိတ်တုတ်
မှိတ်တုတ် မြင်နေရသည်။ ရွှေမြင်
တင်ဘုန်းကြီးကျောင်း ဖြစ်ရမည်ဟု
တွေးလိုက်မိသည်။

"မြတ်ကောင်း၊ မင်း သတိရပြီ
နော်"

"ဟုတ်ကဲ့၊ အဲ-မှန်လှပါဘုရား"

"ငါ့ဆီလာမှဖြစ်ရတယ်၊ မသေ
ကောင်းမပျောက်ကောင်းကွာ။ တစ်
ခါမှမရွာတဲ့မိုး၊ အဲဒီနေ့မှ ရွာလိုက်
တာ"

"တပည့်တော် ဘယ်လိုလုပ်ပြီး
ဒီနေရာရောက်လာသလဲ ဘုရား"

"လှေသမားတွေကောင်းလို့ပေါ့၊
သူတို့က ရေထဲမှာ ကျွမ်းကျင်ပြီးသား
ဆိုတော့ ရေနစ်တဲ့လူကို ကယ်တတ်
ပြုစုတတ်တယ်လေ။ မောင်ရင့်ကို ရေ
တွေအန်အောင် တစ်ယောက်တင်
လှည့် ပခုံးပေါ်ထမ်းပြီး ခုန်ကြတာ
မောင်ရင့်ရဲ့ဝမ်းထဲ ရေမကျန်တော့မှ



www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်စရာမရှိတော့လို့ ကျောင်းအရောက်လာပို့ကြတာ"

"သူတို့သာမကယ်ရင် တပည့်တော် အသက်မရှင်နိုင်ပါဘူး ဘုရား"

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့။ ရေနစ်တိုင်းလည်း မသေပါဘူး။ လူတစ်ယောက်ဟာ တကယ်သေဖို့ မလွယ်ပါဘူး။ ကဲ- မောင်ရင်လည်း နားနေလိုက်ဦး"

ဦးပဉ္စင်း ကျော်ဇောက လူ့အသက်သည် လွယ်လွယ်နှင့် မသေနိုင်ကြောင်းတရားသဘောပေါက်အောင် ပြောသွားသည်။ အသက်မသေနိုင်တော့ပြီဖြစ်၍ ထိုနေ့က အနားယူလိုက်သည်။ သင်္ကြန်ရက်အတွင်း ဥပုသ်သည်များ များပြားနေသဖြင့် ဦးပဉ္စင်းကျော်ဇောမှာ သီလပေးလိုက်၊ တရားဟောလိုက်နှင့် အလုပ်များနေ၏။ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသဖြင့် မသူဇာကို သတိရလာသည်။ မသူဇာထံသွားလိုသော်လည်း သင်္ကြန်လွန်မှလာခဲ့မည်ဟုမှာခဲ့၍ သင်္ကြန်ရက်ကျော်အောင် စောင့်ရပေဦးမည်။ မသူဇာထံ မသွားမီ ဦးငွေမောင်ကို စုံစမ်းရန် စိတ်ကူးမိ၏။

နှစ်ဆန်းတစ်ရက်နေ့၌ သောင်ယံဦးရွာသို့သွားရန်အတွက် ဦးပဉ္စင်းကျော်ဇောထံ လျှောက်ထားလိုက်သည်။

"ဦးပဉ္စင်း၊ တပည့်တော် သောင်ယံဦးရွာထဲ ခဏသွားပါရစေ"

"မောင်ရင့်ရဲ့ မိတ်ဆွေနဲ့ ချိန်းထားတဲ့ရက်ကို ရောက်ပြီလား"

"ချိန်းတဲ့ဆီကိုမသွားခင် ရွာထဲလေ့လာချင်လို့ပါ"

"ဘယ်အချိန်သွားမှာလဲ"

"အခုသွားချင်ပါတယ်"

"မောင်ရင့်ကိုတွေ့ချင်တဲ့ဒကာတစ်ဦး ရှိနေတယ်။ အခု ဘုရားခန်းမှာ တရားထိုင်နေတယ်။ မကြာမီ သူရောက်လာတော့မှာပါ။ သူနဲ့တွေ့ပြီးမှ ရွာထဲသွားလိုက်ပေါ့"

"ကောင်းပါပြီ အရှင်ဘုရား"

ဦးပဉ္စင်းကို နှုတ်ဆက်လိုက်ပြီး ပိတောက်ပင်အောက်သို့ လျှောက်ခဲ့သည်။ အကြိုနေ့က ပွင့်ခဲ့သော ပိတောက်လက်ကျန်များမှာ သင်းပျံ့နေဆဲ ဖြစ်သည်။ ပိတောက်ပင်အောက် ခုံတန်းလျားပေါ် ထိုင်နေစဉ် အနောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ အသက် (၆၀) ခန့် အရပ်ရှည်ရှည်နှင့်လူကြီးတစ်ယောက် အနီးသို့လျှောက်လာသည်ကို မြင်ရသည်။ ထိုလူကြီးကို တစ်ခါမှ မတွေ့ဘူးသဖြင့် စူးစိုက်ကြည့်မိပါသည်။

"မောင်ရင်လေး၊ ကျန်းမာရေးကောင်းသွားပြီလား"

"ခင်ဗျာ"

သူမေးသည်ကို ရုတ်တရက် ဘာပြန်ဖြေရမည်ကိုသဘောမပေါက်ပါ။

"မောင်ရင်လေး ရေနစ်တုန်းက ကျုပ်ကယ်ခဲ့တာလေ။ အခု ပုံမှန်ပြန်ဖြစ်နေတာ တွေ့ရတော့ ပြန်ပြီးကောင်းနေပြီထင်ပါရဲ့"

"ဪ - ကျွန်တော့်ကိုကယ်ခဲ့တာ ဦးလား။ ကျေးဇူးတင်ပါတယ် ဦးရယ်။ ဦးဆီကို လာပြီး ကျေးဇူးတင်ကြောင်းပြောရမှာ၊ မလာဖြစ်သေးလို့ တောင်းပန်ပါတယ် ဦးရယ်"

"အဲဒီနေ့က လေမိုးပြင်းထန်လို့ ဒီဘက်ကမ်းကို မကူးဖို့ အတန်တန်တားခဲ့ပါသေးတယ်။ တားမရလို့လိုက်ပို့တော့ ကျုပ်ထင်တဲ့အတိုင်း ဒုက္ခရောက်တော့တာပဲ။ မိုးမှောင်ကြီးကျပြီး ရေထဲမှာ ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ ကျုပ်လူတွေက မတွေ့တော့ဘူးဆိုပြီး လက်လျှော့နေကြပြီ။ ကျုပ်က အသက်တစ်ချောင်း ကယ်ကောင်းတယ်ဆိုပြီး မတွေ့မချင်းရှာလို့ မောင်ရင့်ကို ကယ်နိုင်တာ"

"ကျွန်တော့်မှာ ဦးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ ဦးက ဒီရွာကလား"

"ဟုတ်ပါတယ်၊ ကျုပ်က သောင်ယံဦးရွာသားပါ"

"ကျေးဇူးရှင်ရဲ့နာမည်ကို သိပါရစေ"

"ကျုပ်နာမည် ငွေမောင်းပါ"

"ဗျာ"

"ဘာဖြစ်လို့လဲ မောင်ရင်"

"မဟုတ်ပါဘူး ဦးရယ်၊ ကြားဖူးထားတဲ့နာမည်နဲ့ တူနေလို့ပါ"

ထိုစဉ် ဦးပဉ္စင်းကျော်ဇော အနီးသို့ရောက်လာသည်။

"ဦးငွေမောင်းဟာ ဒကာ့ရဲ့ အသက်သခင်ဖြစ်သလို ဘုန်းကြီးရဲ့ ရဟန်းဒကာလည်း ဖြစ်တယ်။ ဒီကျောင်းက ဝေယျာဝစ္စမှန်သမျှ ဦးငွေမောင်းရဲ့ကုသိုလ်တွေများတယ်"

ကျွန်တော် ဘာမှမပြောနိုင်တော့ပါ။ ကျွန်တော် သိသော ငွေမောင်းမှာ လူဆိုးလူမိုက်၊ အကုသိုလ်ဒုစရိုက်သမား၊ ကျွန်တော့်ကို သတ်ခဲ့သူ။ ယခု ဦးငွေမောင်းက တကယ်မြင့်မြတ်သူ။ လူများမှားလေသလားဟု ဦးငွေမောင်းကို စူးစိုက်ကြည့်လိုက်ရာ နဖူးတည့်တည့်မှ မှဲ့နက်ကြီးက ထင်ထင်ရှားရှား သက်သေခံနေပါသည်။

နောက်နေ့ နံနက်စောစော ကျောင်းမှလှေနှင့် မောင်သစ်က သောင်ယံဦးရွာသို့ လိုက်ပို့သည်။ မောင်သစ်က မသူဇာကို သိသည်ပြောသဖြင့် စိတ်ချပြီး လိုက်ခဲ့သည်။ ယခုတော့ သောင်ယံဦးချောင်းသည် တည်ငြိမ်နေပါသည်။ တသွင်သွင်စီးဆင်းနေသည့်ချောင်းရေက ကြည်နူးစရာကောင်းပါသည်။ ချောင်းရေကို ဖြတ်ကျော် တိုက်ခတ်လာသောလေကလည်း အေးမြနေပါသည်။ မသူဇာနှင့် တွေ့ရတော့မည်ဖြစ်၍ စိတ်ချမ်းသာနေပါသည်။ မောင်သစ်က မသူဇာတို့အိမ်ရှေ့အထိ လိုက်ပို့ပေးသဖြင့် အိမ်ဝတွင် မသူဇာကို မသင့်တွေ့လိုက်ရသည်။ မောင်သစ်ကိုပြန်လွှတ်လိုက်ပြီး မသူဇာဆီသို့ လျှောက်ခဲ့သည်။

"မောင်တကယ်လာတယ်နော်၊ ဝမ်းသာလိုက်တာ မောင်ရယ်"

"မောင်က မသူဇာကို မမြင်ရရင် မနေနိုင်တော့ လာရတာပေါ့"

"ဝမ်းသာလိုက်တာ မောင်ရယ်၊ မသူဇာတို့ရွာက ပျင်းစရာပဲနော်"

"မောင့်အတွက်တော့ မသူဇာရှိတဲ့နေရာဟာ နိဗ္ဗာန်ပါပဲ။ ဒီရွာကို မောင်သိပ်သဘောကျတာပဲ။ မသူဇာနဲ့သာတွေ့ရရင် သည်သောင်ယံက မခွာရက်တယ်ဖြစ်နေတော့မှာပါ"

"မောင်ကတော့ ပိုပြီ။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com

အတူစားရအောင်နော်”

“ဪ - ဒါထက် မသူဇာရဲ့ မိဘတွေကော”

“ဆွမ်းကျွေးတစ်ခု သွားနေကြတယ်။ မကြာခင် ပြန်ရောက်တော့မှာပါ။ အမေတို့နဲ့တွေ့ပြီးမှပြန်နော်”

“တွေ့ရမှာပေါ့”

မသူဇာ ပြင်ကျွေးသည့် ထမင်းကို လက်ဆုံစားရင်း စကားတွေပြောဖြစ်ခဲ့ကြသည်။

“မောင်က အခုဘယ်မှာတည်းပြီး ဘယ်ကလာတာလဲ”

“ရွှေမြင်တင်ဘုန်းကြီးကျောင်းမှာတည်းတယ်”

“ဒါဆို ဟိုနေ့က ရေနစ်တယ်ဆိုတာ မောင်များလားဟင်”

“ဟုတ်တာပေါ့။ ကံကောင်းလို့ မသေတာ။ မသူဇာကို ဘယ်သူပြောသလဲ”

“မောင့်ကိုကယ်ခဲ့တာ မသူဇာရဲ့အဖေပဲ”

“ဦးငွေမောင်းက မသူဇာရဲ့အဖေပေါ့နော်”

“ဟုတ်ပါတယ်၊ အဖေပြန်ပြောပြလို့ အားလုံးသိရတာပေါ့”

“တိုက်ဆိုင်လိုက်တာ”

ကျွန်တော် ပြောလိုက်သည့် တိုက်ဆိုင်ခြင်းကို မသူဇာ သဘောပေါက်မည် မထင်ပါ။ ကျွန်တော့်မှာ နေ့လယ်တွင် အမှောင်ဖုံးခြင်းခံလိုက်ရသည်။ ဦးငွေမောင်းမှာ ကျွန်တော်၏ရန်သူ။ ရန်သူသည် ချစ်ရသူ၏ အဖေမဖြစ်သင့်ပါ။ ကျွန်တော့်အဖြစ်ကို အလွန်စိတ်ပျက်မိပါသည်။ ရန်သူ၏သမီးနှင့် ပေါင်းသင်းဖို့မဖြစ်နိုင်ပါ။ နေရာက ချက်ချင်းထပြေးချင်ပါသည်။ ချက်ချင်းပြောင်းလဲသွားသော ကျွန်တော်၏ အမူအရာကိုကြည့်၍ မသူဇာ အံ့သြနေပုံရသည်။

“မောင်ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား”

“ဟုတ်တယ်၊ ရေမွန်းပြီး အအေးမိတဲ့ဒဏ်က ကောင်းကောင်းမပျောက်သေးဘူး။ သောက်နေကျဆေးလည်း မေ့လာတယ်။ မောင်ပြန်မှဖြစ်မယ်”

“အဖေတို့နဲ့တွေ့ပြီးမှ ပြန်မယ်ဆို”

“ဟုတ်တယ်၊ ရုတ်တရက် ခေါင်းမူးလာလို့ ဒီနေ့တော့ ပြန်ခွင့်ပြုပါ။ နောက်နေ့မှလာမယ်။မသူဇာရဲ့အဖေက ဦးငွေမောင်း ဟုတ်ပါတယ်နော်”

“ဟုတ်ပါတယ်၊ ဦးငွေမောင်းပါ”

“ဒါဆို အမေ့နာမည်ကကော”

“ဒေါ်မိမိလေးပါ”

ဪ - မိမိလေး၊ မိမိလေး။ ဘဝဟောင်းက မြတ်နိုးခဲ့ရသူ မိမိလေး။ အရင်ဘဝက အလွန်ချစ်သူ မိမိလေးနဲ့ အမုန်းဆုံးသူ ငွေမောင်းတို့နှင့် ရေစက်မကုန်နိုင်ပါကလား။ တစ်ခါမှ မျှော်လင့်မထားသည်များကြုံရသည့်အတွက် ကံကြမ္မာ၏လှည့်စားမှုဒဏ်ခံရပေတော့မည်။

မသူဇာကို နှုတ်ဆက်ပြီး လှေဆိပ်သို့ထွက်ခဲ့သည်။ မသူဇာ၏ရှေ့မှောက်ဝယ် ငွေမောင်းနှင့်မိမိလေးကို တစ်ပြိုင်တည်း မတွေ့ရဲပါ။ ကျောင်းသို့ပြန်ရောက်သော်လည်း ရှေ့ဆက်ရမည့်ခရီးအတွက် အဖြေမပေါ်သေးပါ။ ဦးငွေမောင်း ကံကောင်းလှသည်။ သူ့ကို လက်စားချေရန် မဖြစ်နိုင်တော့ပါ။ စိတ်ကိုလျှော့လိုက်ရပြီ။ သူသည် ကျွန်တော့်အသက်သခင်၊ ကျွန်တော့်ချစ်သူ၏အဖေ။ နောက်ပြီး လူကောင်းတစ်ယောက်ဖြစ်နေသူ။ အကောင်းဆုံးနည်းလမ်းမှာ တိတ်တဆိတ် ရန်ကုန်ပြန်ရန်သာ ဖြစ်သည်။ မပြန်ခင် အကျိုးအကြောင်းများကို ပြောခဲ့ချင်သေးသည်။ ဦးငွေမောင်းကို အဖြစ်မှန်ပြောလိုက်ရမှ ရင်ထဲရှင်းတော့မည်။

မောင်သစ်ကို နံနက်စောစောဦးငွေမောင်းထံ စေလွှတ်လိုက်သည်။ ဦးငွေမောင်းကို တစ်ပါတည်းခေါ်လာရန် ဖြစ်သည်။ ကျွန်တော်က ချောင်းကမ်းပါး အင်ကြင်းပင်ကြီးအောက်က စောင့်နေခဲ့သည်။ ဦးငွေမောင်းကို ပြောပြရန် ညက စဉ်းစားထားသော စကားများကို ပြန်တွေးနေရင်း စောင့်နေခဲ့သည်။ နာရီဝက်ခန့်အကြာ မောင်သစ်၏လှေ ရွာထိပ်က ထွက်လာသည်ကို မြင်ရ၏။ လှေပေါ်တွင် ဦးငွေမောင်း ပါလာပုံရသည်။ ကမ်းသို့ လှေကပ်သည်နှင့် ဦးငွေမောင်းက ကျွန်တော့်ဆီသို့ လျှောက်လာနေပါသည်။

“ဦးငွေမောင်းနဲ့ နှစ်ယောက်တည်း ပြောစရာရှိလို့ပါ”

“ဒီနေ့ မောင်မြတ်ကောင်း လာမယ်လို့ သမီးပြောလို့ ဦးက အိမ်က စောင့်နေတာ။ ဦးနဲ့ဘာပြောစရာရှိသလဲ။ ပြောစရာရှိရင်ပြောပါ”

“ဟုတ်ကဲ့၊ ပထမအစီအစဉ်ကတော့ အိမ်ကိုလာပြီး မသူဇာရဲ့မိဘတွေနဲ့ တွေ့ဖို့ပါပဲ။ ဒါပေမယ့် အဲဒီအစီအစဉ်ကိုဖျက်ပြီး ရန်ကုန်ပြန်တော့မယ်။ မပြန်ခင် ဦးနဲ့တွေ့ရတာပါ”

“ဘာလိုဖြစ်တာလဲ၊ သမီးပြောပြထားလို့ မောင်မြတ်ကောင်း လာမယ့် အစီအစဉ်ကို သိထားတယ်။ ဦးတို့ဘက်က မောင်မြတ်ကောင်းကို ကြိုဆိုနေပါတယ်။ သမီးရွေးချယ်တဲ့လူကို ဦးတို့က ကန့်ကွက်စရာမရှိပါဘူး။ သဘောတူပါတယ်”

“ဒါပေမယ့် ဒါတွေဟာ ပြီးခဲ့ပါပြီ။ အခု မသူဇာကို လက်ထပ်ဖို့ အစီအစဉ်မရှိတော့ပါဘူး။ ဦးတို့မိသားစုကိုလည်း မတွေ့ချင်တော့ဘူး”

“ဘယ်လို. . . . ဘယ်လိုဖြစ်တယ် ဆိုတာ ပြောပါဦးကွယ်”

“ပြောပါ့မယ်၊ ပြောချင်လို့ ဦးကို မှာလိုက်ရတာပါ”

ဦးငွေမောင်းမှာ ဘာများကြားရလေမလဲဟု စိတ်လှုပ်ရှားစွာ နားစွင့်နေပါသည်။ ကျွန်တော်က သောင်ယံဦးရွာကြီးကိုငေးကြည့်ရင်း ပြောပြနေမိပါသည်။

“ဟိုလွန်ခဲ့သော အနှစ် (၂၀) ကျော်က သောင်ယံဦးရွာမှာဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ပါ။ ဒီရွာမှာ မြတ်လွန်း၊ ငွေမောင်းနဲ့ မိမိလေးတို့ဟာ အချစ်ဆုံးသူငယ်ချင်းသုံးယောက်ပါ။ အရွယ်ရောက်လာတဲ့အချိန် မိမိလေးက ရွာမှာအလှဆုံးဆိုတော့ ကာလသားတွေက ဝိုင်းဝိုင်းလည်နေတာပေါ့။ မြတ်လွန်းနဲ့ ငွေမောင်းတို့လည်း အပြိုင်ပိုးခဲ့ကြတယ်။ မိမိလေးက မြတ်လွန်းရဲ့ အချစ်ကို လက်ခံလိုက်ပြီး မင်္ဂလာပွဲကျင်းပ

www.burmeseclassic.com

စီစဉ်နေချိန် ငွေမောင်းက မြတ်လွန်းကို ပင်လယ်ပိုင်းခေါ်သွားပြီး ခေါင်းကို လှော်တက်နဲ့ရိုက်၊ သတိမေ့နေတဲ့ မြတ်လွန်းကို ခြေတွေ၊ လက်တွေ ကြိုးနဲ့တုပ်ပြီး ပင်လယ်ထဲ ပစ်ချခဲ့တယ်။ ရေလုပ်သားတစ်ဦး ရေထဲသေတာ အထူးအဆန်းမဟုတ်တော့ ဘယ်သူမှ စုံစမ်းနေကြတော့ဘူး။ မြတ်လွန်း မရှိတော့မှ ငွေမောင်းက မိမိလေးကို သိမ်းပိုက်ခဲ့တယ်လေ။ ကျွန်တော် ပြောတဲ့ဇာတ်လမ်းကို ဦးငွေမောင်း လက်ခံပါသလား"

"ဒါဆိုရင် မောင်ရင်က. . ."

"ကျွန်တော်က အရင်ဘဝက မြတ်လွန်းပါ။ လူမှန်းသိစအရွယ်ကတည်းက ဘဝဟောင်းဇာတ်ကြောင်းကို အမှန်ပြန်မှတ်မိတယ်။ လူငယ်ဘဝတုန်းကတော့ လူငယ်စိတ်နဲ့ ဦးငွေမောင်းကို ပြန်သတ်ဖို့ စိတ်ကူးခဲ့ပါတယ်။ ရန်ကုန်မှာကြီးခဲ့တော့ ဦးငွေမောင်းကို ရှာခွင့်မရတာ ဦးငွေမောင်း ကံကောင်းတာပေါ့"

"မောင်မြတ်ကောင်းပြောတာတွေဟာ အားလုံးမှန်ကန်ကြောင်း ဦးဝန်ခံပါတယ်။ ဒီတော့ မောင်ရင် လက်စားချေချင်တယ်ဆိုရင် ကြိုက်သလိုလုပ်ပါ။ ရဲစခန်းမှာ အဖမ်းခံရမှာလား။ မောင်ရင်က ကျုပ်ကိုသတ်ချင်သတ်ပါ။ ဦးခံယူပါ့မယ်။ ဒါပေမယ့် အပြစ်မရှိတဲ့ သမီးလေး မသူဇာကို လက်ထပ်ဖို့ ကတိတော့ပေးပါ"

"စိတ်ရင်းအရပြောရရင် လက်စားချေချင်တာ အမှန်ပါ။ ဒါပေမယ့် မမျှော်လင့်ဘဲ ဦးက ကျွန်တော့်ရဲ့အသက်သခင်ကျေးဇူးရှင်ဖြစ်ခဲ့တာရယ်၊ လက်စားချေလိုက်လို့ ကျခံရမယ့်အပြစ်ဒဏ်ကို မခံချင်တာတွေကြောင့် ဦးကို ခွင့်လွှတ်လိုက်ပြီးပါပြီ။ ဒါပေမယ့် မသူဇာကို လက်ထပ်ဖို့ကိစ္စကတော့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ မနက်ဖြန် မော်တော်နဲ့ ရန်ကုန်ပြန်ဖို့ ဆုံးဖြတ်ခဲ့ပြီးပါပြီ။ ကျေးဇူးပြုပြီး မသူဇာကို နှုတ်ဆက်သွားကြောင်း ပြောပေးပါ"

ပြောစရာစကားများကို ကျေနပ်လောက်အောင်ပြောပြီး နောက်က ဦးငွေမောင်း ခေါ်နေသည်ကိုပင် လှည့်မကြည့်တော့ပါ။

"ဒီမှာ မောင်ရင်၊ ဒီမှာ. . .။ မောင်မြတ်ကောင်း နေပါဦး။ မောင်ရင် ခဏနေပါဦး"

နောက်ကခေါ်နေသော်လည်း လုံးဝ လှည့်မကြည့်တော့ဘဲ ရွှေမြင်တင်ကျောင်းသို့ အရောက်ပြန်ခဲ့ပါသည်။ ထိုညက လုံးဝ အိပ်မပျော်ဘဲ မိုးလင်းခဲ့ရသည်။ သောင်ယံဦးရွာကြီးကို ငေးကြည့်ရင်း ဆွေးရပါသည်။ ယခင်ဘဝက သောင်ယံဦးတွင် ဘဝကို ကြေကွဲခြင်းနှင့် အဆုံးသတ်ရသလို ယခုလည်း ဝမ်းနည်းစွာကျောခိုင်းရပေဦးမည်။ ရင်ထဲမှာ လှိုက်၍ ဘဝသည် တစ်စစီပြိုကွဲရသလို ခံစားရပါသည်။

နံနက်စောစောကျောင်းမှထွက်ခဲ့သည်။ မော်တော်ထွက်ရန် လိုသေးသော်လည်း မော်တော်ပေါ်တွင် မည်သူနှင့်မျှမတွေ့ရအောင် ရှောင်နေရန် စောစောလာခဲ့ခြင်း ဖြစ်၏။ အချိန်စောသေးသဖြင့် မော်တော်ပေါ်တွင် လူရှင်းနေပါသည်။ မော်တော်နှင့် အနီးဆုံးသို့ရောက်ချိန် နောက်က တစ်စုံတစ်ယောက် လိုက်လာသလို ခံစားရသည်။

"မြတ်လွန်း"

နောက်က ခေါ်သံကို ကြားရသော်လည်း ကျွန်တော်နှင့် မဆိုင်သလို လျှောက်ခဲ့သည်။

"မောင်မြတ်ကောင်း"

ကျွန်တော့်အမည်ကိုခေါ်လိုက်ခြင်းဖြစ်၍ လှည့်ကြည့်လိုက်ရာ အသက်(၅၀)ခန့် အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ အသားဝါဝါ၊ အရွယ်နှင့်မလိုက်အောင် လှပခံ့ညားနေပါသည်။ အနီးသို့ ကပ်လာမှ မြင်ဖူးသလိုရှိသော်လည်း ကျွန်တော့်အသိမဟုတ်ပါ။

"မြတ်လွန်း၊ ငါ မိမိလေးပါ"

"ဟင်"

ယခုအခါ အံ့ဩတုန်လှုပ်ရသူမှာ ကျွန်တော်ပါ။ ဘဝဟောင်းက မပေါင်းလိုက်ရသည့်ချစ်သူကို တွေ့လိုက်ရ၍ ရင်ခုန်နေမိသည်။

"ဒီမှာ မြတ်လွန်း၊ ငါ့ကို မမြင်ချင်လောက်အောင် မုန်းသွားပြီလား။ နင်မုန်းတဲ့လူစာရင်းမှာ ငါပါနေပြီပေါ့။ တကယ်တော့ ဒီအကြောင်းတွေကို ငါဘာမှမသိခဲ့ပါဘူး။ ညက ငွေမောင်းပြောပြပါမှ ဒီဇာတ်ကြောင်းကို သိရတာပါ။ နင့်အပေါ်စွဲလမ်းပြီး အချစ်ကြီးချစ်ခဲ့ရသူကို ဘဝပြောင်းတာနဲ့ ရန်သူလို သဘောထားလိုက်ပြီလား။ နင်နဲ့ကွဲခဲ့ပြီး ဒီဇာတ်လမ်းကို ညကမှ ငါသိရတာပါ"

ဒေါ်မိမိလေး၏စကားများက ရင်ကိုတိုက်ရိုက်ထိပါသည်။ ဒေါ်မိမိလေး မသိဟုပြောသည်မှာ ဖြစ်နိုင်သဖြင့် သူမကို သနားစရာအဖြစ် ကြည့်မိပါသည်။

"ဒေါ်မိမိလေးမှာ အပြစ်မရှိဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ မသူဇာ ကံမပါလို့ မပေါင်းရတာလို့ သဘောထားလိုက်ပါ"

"ငါ့မှာ အပြစ်မရှိသလို သနားစရာကောင်းတဲ့ သမီးမှာလည်း အပြစ်မရှိပါဘူး"

"မသူဇာမှာ အပြစ်မရှိပေမယ့် မဖြစ်နိုင်တော့လို့ တောင်းပန်ပါတယ်"

"အတိတ်ကအရိပ်မည်းကြောင့် သမီးလေး ဘာမှမသိဘဲ သနားစရာဖြစ်ရတယ်။ တကယ်တော့ ဒီဇာတ်လမ်းမှာ အပြစ်ရှိတာ ငွေမောင်းပါ။ ငွေမောင်းကလည်း သူ့အပြစ်ကို ဝန်ခံပါတယ်။ သူလည်း လောကမှာ မနေချင်လောက်အောင်ဖြစ်နေပြီး သေချင်တယ်ချည်း ပြောနေတယ်။ မင်းနဲ့ မသူဇာသာ ဒီဘဝမှာ မပေါင်းရရင် ငါ ငွေမောင်းကို သတ်ပြီး စက်တိုင်တက်ဖို့ ဆုံးဖြတ်ထားတယ်။ ကဲ-မင်းသွားချင်သွားတော့။ ဒီမော်တော်ထွက်တာနဲ့ ငွေမောင်းကို ငါသတ်ပြီဆိုတာ မင်းသိလိုက်ပါတော့"

ဒေါ်မိမိလေးသည် စကားဆုံးသည်နှင့် နောက်သို့လှည့်ထွက်သွားပါသည်။ ကျွန်တော် ဘာလုပ်ရမည်ကို မသိအောင်ရှိနေပါသည်။ ဝေခွဲမရဖြစ်နေစဉ် မသူဇာ၏ အသံကို ကြားလိုက်ရသည်။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘာမှမပြောနိုင်အောင် ရှိပါသည်။

"ညက ဖေဖေ ပြောပြမှ ဇာတ်လမ်းစုံကိုသိရတာပါ။ ဖေဖေကတော့ သူ့ကိုသတ်ကြပါ။ သူများမသတ်ရင် သူ့ကိုယ်သူ သတ်သေမယ် ပြောနေတယ်။ မသူဇာတော့ ဖေဖေ့ကို သိပ်သနားတာပဲ။ မေမေကလည်း မောင်နဲ့မသူဇာဝေးမှာကို သိပ်စိုးရိမ်တယ်။ မောင့်အပေါ်မှာလည်း မျှော်လင့်ချက်ထားတယ်။ အရင်ဘဝက မပေါင်းလိုက်ရတဲ့ချစ်သူကို ဒီဘဝမှာ သားတစ်ယောက်အဖြစ် တွေ့နေချင်ပုံရတယ်။ ဒီတော့ မောင်ရယ်၊ ဖေဖေတစ်ယောက် အပြစ်ရှိတာနဲ့ မသူဇာတို့ သားအမိအပေါ် မရက်စက်ချင်ပါနဲ့"

"မောင်က ဦးအပေါ် ခွင့်လွှတ်လိုက်ပါပြီ။ တကယ်တော့ ဦးဟာ အရင်ဘဝက မောင့်အသက်ကို သတ်ခဲ့ပေမယ့် ဒီဘဝမှာမောင့်အသက်ကို ကယ်တင်ခဲ့သူပါ။ ဦးပေးတဲ့အသက်ပဲ ရှိတာပါ။ ဦးသာမကယ်ရင် အခုလို မသူဇာကို တွေ့ဖို့တောင် မရှိပါဘူး"

"မောင်ပြောတော့ သည်သောင်ယံက မခွာရက်ပါဘူးဆို။ အခု ဒီသောင်ယံကို ခွာတော့မှာလား"

မျက်ရည်ဝဲနေသော မသူဇာကိုကြည့်ရင်း ရင်နင့်ရပါသည်။

"ဟုတ်ပါတယ် မသူဇာ၊ မောင်သည်သောင်ယံကခွာဖို့ ခက်နေပါတယ်"

"ဒါဆို. . ."

ကျွန်တော် မသူဇာကို ဖက်ထားလိုက်သည်။ မသူဇာကို ဖက်ထားသောလက်များကို မလွှတ်နိုင်သကဲ့သို့ သည်သောင်ယံကလည်း မခွာရက်အောင် ရှိပါတော့သည်။ ထိုစဉ် မော်တော်ဥသြဆွဲသံ ကြားရ၏။ နောက်ပြီး မော်တော်စက်နှိုးသံ ကြားနေရသည်။ မသူဇာနှင့် ကျွန်တော်သည် ထွက်ခွာသွားသည့် မော်တော်ကို ငေး၍ ကြည့်နေမိသည်။ ကြည့်ရင်းကြည့်ရင်း မော်တော်သည် ဝေး၍ဝေး၍. . .။

ကောင်းသော်

(၂၇၅)ကြိမ်မြောက်၊
၂၀၁၂ ခု၊ အောက်တိုဘာလ(၁)ရက်

ရ င် ကို အေး မြ စေ သော

## ဆရာဦးမောင်မောင်သန်း

(၂၇၅) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီး နီးလာပြန်ချေပြီ။

ကုဋေကြွယ်၊ သန်းကြွယ်သူဌေးလောင်းကြီးများအတွက် ချမ်းသာကြွယ်ဝခြင်းကိုဖြစ်စေမည့် ကိန်းဂဏန်းများအား ထင်ထင်ရှားရှား ပြသလိုက်ရပြန်ပါပြီ။

**တနင်္ဂနွေ သားသမီးများ**

စက်တင်ဘာ (၁၂)၊ (၁၉)၊ (၂၆) ရက်များတွင် ထီထိုးပါ။

တစ်နေ့တည်း ဘုရား (၅) ဆူ ပြည့်အောင် လှည့်လည် ဖူးမြော်ပါ။ ဘုရားတိုင်းမှာ ဖယောင်းတိုင်(၅)တိုင် ထွန်း၍ပူဇော်ပါ။ ဘုရားမှအပြန်မှာ ထီထိုးပါ။

အောက်တိုဘာလတွင် (၄၀)၊ (၄)၊ (၈)၊ (၂)၊ (၉)ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာ သားသမီးများ**

စက်တင်ဘာလ (၁၉)၊ (၂၀)၊ (၂၆) ရက်များတွင် ထီထိုးပါ။

တနင်္လာနေ့မနက် (၉) နာရီမှာ ဂုဏ်တော်ကွန်ချာကို နှုတ်က မပြတ်ရွတ်ပြီး အရှေ့ဘက်ကို သွားပါ။ စတွေ့သော ထီသည်မှာ ထီထိုးလိုက်ပါ။

အောက်တိုဘာလတွင် (၂၀)၊ (၂)၊ (၄)၊ (၈) ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါ သားသမီးများ**

စက်တင်ဘာလ (၂၁) ရက်၊ (၂၄) များမှာ ထီထိုးပါ။

'ရွှေ'ဘွဲ့အမည်ရှိသောဘုရားစေတီတစ်ဆူဆူကို သွားပြီး ရေသက်စေ့သပ္ပာယ်လိုက်ပါ။ ဘုရားမှအပြန်မှာ ထီထိုးပါ။

အောက်တိုဘာလတွင် (၄၄)၊ (၄)၊ (၈)၊ (၂) ဂဏန်းများ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

စက်တင်ဘာလ(၁၅)ရက်၊(၂၅) ရက်များမှာ ထီထိုးပါ။

မင်္ဂလာ၊ အလှူ စသည့် နိမိတ်ကောင်းတစ်ခုကိုမြင်သည်နှင့် ချက်ချင်း ထီထိုးလိုက်ပါ။

အောက်တိုဘာလတွင် (၂)၊ (၉)၊ (၄)၊ (၈)၊ (၅) ဂဏန်းများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

စက်တင်ဘာလ (၁၉)၊ (၂၂)၊ (၂၆) ရက်များမှာ ထီထိုးပါ။

'ရွှေ'ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွား၍ ဂုဏ်တော်ကွန်ချာကို နာရီဝက်ထိုင်ရွတ်ပြီး အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလ (၄)၊ (၈)၊ (၂)၊ (၉)၊ (၇)ဂဏန်းများ ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

စက်တင်ဘာလ (၂၀)၊ (၂၃)၊ (၂၇) ရက်များတွင် ထီထိုးပါ။

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ဖွင့်၍ ပူဇော်လာသော ထီသည်ထံမှာ ချက်ချင်း ထီထိုးလိုက်ပါ။

အောက်တိုဘာတွင် (၂)၊ (၉)၊ (၄)၊ (၈)၊ (၅) ဂဏန်းများ ကံစပ်နေပါသည်။

**စနေသားသမီးများ**

စက်တင်ဘာလ (၁၁)၊ (၁၈)၊ (၂၁) ရက်များတွင် ထီထိုးပါ။

ယခုလ ဆိုင် (၃) ဆိုင်ပြည့်အောင် ထီထိုးလိုက်ပါ။

အောက်တိုဘာလတွင်(၃)၊(၂)၊ (၇)ဂဏန်းများ ကံစပ်နေပါသည်။

*ချမ်းသာခြင်းများစွာဖြင့်*
*သာသနာပြုနိုင်ကြပါစေ*
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်
မကျည်းပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းရှိ


# ကသစ်ပင်များမှ ရေထွက်ခြင်း

## အေးလွင်(ကသာ)

စာမရေးဖြစ်သည်မှာ (၃) လ ခန့်ကြာပြီဖြစ်၍ စာရေးရမှာ စိတ်ထဲ တစ်မျိုးဖြစ်မိ၏။ စာမရေးဖြစ်သော်လည်း စာများကတော့ အတော်ဖတ်ဖြစ်သည်။ ၂၈-၆-၂၀၁၂ နေ့တွင် အင်းတော်မြို့နယ် နတ်မဟုတ်ကြီး ကျေးရွာမှ မိတ်ဆွေတစ်ဦးဖြစ်သူ မခင်မာဝင်းက စာတစ်စောင်ပို့ခဲ့၏။ မခင်မာဝင်း၏စာထဲတွင် အင်းတော်မြို့နယ် မန်ကျည်းပင်ကျေးရွာ ဘုန်းကြီးကျောင်းဝင်းထဲရှိ ကသစ်ပင်များမှ ရေများထွက်သည့်အကြောင်း၊ သွားရောက် လေ့လာမည်ဆိုပါက လိုက်ပါ ပို့ဆောင် ကူညီပေးမည့်အကြောင်းတို့ ဖြစ်သည်။


စာရေးသူနှင့် မခင်မာဝင်းမှာ ၂၀၁၂ ခုနှစ်၊ ပြာသိုလပြည့်နေ့ အမေနေ့ပွဲကျင်းပရာမှ ခင်မင်ခဲ့ကြ


ရေကျနေသော ကသစ်ပင်များ


ရေကျနေသော ကသစ်ပင်




ရေကျနေသော ကသစ်ပင်ကို ကြည့်နေပုံ


ရေကျနေသော ကသစ်ပင်





www.burmeseclassic.com

www.burmeseclassic.com



ရွာဦးစေတီ





လမ်းခင်းရှုခင်း



ခြင်း ဖြစ်သည်။ နတ်မဟုတ်ကြီးကျေး ရွာ အမေနေ့ဟောပြောပွဲသို့ စာရေး သူ၊ မောင်လေး (ကသာ)၊ ကျော်ဇင် (ကသာ) နှင့် အင်းတော်မြို့မှ စာရေး ဆရာများနှင့် ထီးချိုင့်မြို့မှ နာမည် ကျော် စာရေးဆရာကြီး မောင်ချစ် ထွေး (မဟာဝိဇ္ဇာ) တို့ သွားရောက်၍ အမေ့ဂုဏ်ရည်၊ အမေ့ကျေးဇူးများ အကြောင်း သွားရောက် ဟောပြောခဲ့ ဖူးသည်။

မခင်မာဝင်း၏စာရရချင်း သွား လိုသော်လည်း ၂၉-၆-၂၀၁၂ နေ့က မအားလပ်သဖြင့် (၃၀)ရက်နေ့တွင် မှ ခရီးထွက်ဖြစ်တော့သည်။ ကသာ မှ မနက်အစောထွက်ရန် ဆိုင်ကယ် ကို စက်နှိုးရာ စက်နှိုး၍မရသဖြင့် ဝပ် ရှော့သို့ပို့ပြီး ပြင်ဆင်ပြီးမှ ထွက်ရ သည်။ ထို့ကြောင့် စိတ်အေးလက် အေးဖြင့် ဘယ်အချိန်ရောက်ရောက်၊ ဘယ်အချိန်မှ ပြန်ရပြန်ရ စိတ်ထား ပြီးသွားခဲ့သည်။ အင်းတော်မြို့ရောက် ၍ ခဏနားပြီး နတ်မဟုတ်ကြီးကျေး ရွာသို့သွားခဲ့သည်။ လိုက်ပို့မည့် မခင် မာဝင်းက မရှိပါ။ သူမ၏ အမေ ဆေးရုံတက်နေသဖြင့် လူနာစောင့် နေကြောင်း သိရသဖြင့် အင်းတော် သို့ ပြန်သွားရပြီး ဆေးရုံ၌ သွားတွေ့ ရသည်။ အင်းတော်တွင် မနက်စာ စားပြီးမှ မခင်မာဝင်းနှင့် ခရီးဆက်ရ သည်။

ကသာမြို့မှ အင်းတော်မြို့သို့ (၁၈) မိုင်ခရီး ရှိသည်။ လမ်းဟာ မ



www.burmeseclassic.com


www.burmeseclassic.com




တာသစ်ရွက်မှ ရေများကျလာပုံ



ရေကျနေသော တာသစ်ပင်ကို မော့ကြည့်နေပုံ



တာသစ်ပင်မှ ယိုစီးကျလာသောရေကို ခံယူနေပုံ



ရေကျနေသော တာသစ်ပင်ကို လေ့လာနေပုံ




ရေကျနေသော တာသစ်ပင်ကို မြင်ရပုံ

ကောင်းပေ။ အင်းတော်မှ မဲဇာရွာသို့ ဆက်သွားရပြီး မဲဇာရွာမှတစ်ဆင့် ပင်သချေရွာကိုဖြတ်ကာ မဲဇာချောင်းကိုကူး၍ မန်ကျည်းပင်ရွာသို့ ခရီးဆက်ရသည်။ မဲဇာချောင်းသည် ရှေးယခင်က မော်တော်ကြီးများ သွားလာနိုင်သည်အထိ ရေအားကောင်းခဲ့သော်လည်း ယခုတော့ နွေရာသီ ဆိုလျှင် ရေပြတ်လုမတတ်ဖြစ်နေသည်ကို ဝမ်းနည်းဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရပြီ ဖြစ်သည်။ ချောင်းရိုးတစ်လျှောက် ရွှေရှာကြသော ရွှေဖောင်များမှ စွန့်ထွက်လိုက်သော သဲနုန်းမြေများ၊ သစ်တောပြုန်းတီးမှုကြောင့် မိုးရွာတိုင်း အတားအဆီးမရှိဝင်လာကြသော မြေများကြောင့် ချောင်းပြင်ကျယ်ကြီးဖြစ်၍ ချောင်း၏ ကြမ်းပြင်မှာ မြင့်တက်နေသည်။ မဲဇာချောင်းကို ယာယီတံတားပေါ်မှ ဖြတ်ကူးရသည်။ ခရီးသွားများလွန်းသဖြင့် တစ်ဖက်ကကူးပြီးမှ တစ်ဖက်က ကူးရ၏။ ဖြစ်သလိုတည်ဆောက်၍ ယိုင်နဲ့နေသောယာယီတံတားပေါ်မှ အရဲစွန့်၍ ဆိုင်ကယ်စီးရသည်။ မကျည်းပင်ရွာသို့ သုံးဘီးဆိုင်ကယ်များ၊ ကားများ၊ ဆိုင်ကယ်များစွာဖြင့် ခရီးသွားများကိုတွေ့ရသည်။ တံတားထိပ်တစ်ဖက်ဆီမှ လာသမျှဧည့်သည်များကို အဖျော်ရည်များ၊ မုန့်များဖြင့် ဧည့်ခံကျွေးမွေးကြသည်ကို တွေ့ရသည်။ ချစ်ခင် နှစ်သက်ဖွယ်မလေ့များဖြစ်၍ တွေ့မြင်ရသည်မှာ ကြည်



www.burmeseclassic.com

www.burmeseclassic.com


[illegible] ဆရာတော်



ကသစ်ပင်မှ ကုလားသောရောက်ကို ဝင်ယူစဉ်


ကသစ်ပင်တစ်ပင်မှ ရေကျနေသည်ကို ကြည့်နေစဉ်

နူးဖွယ်ကောင်းလှပါသည်။

မကျည်းပင်ရွာသို့ ရောက်၍ ကျောင်းဝင်းအဝင်ဝရှိ အိမ်တွင် ဆိုင်ကယ်အပ်ထားပြီး ဘုန်းကြီးကျောင်းထဲသို့ ဝင်ခဲ့သည်။ ကျောင်းတိုက်အောက်ထပ်တွင် လာသမျှဧည့်သည်များကို ထမင်းကျွေး၍ ဧည့်ခံသည်။ သက်သတ်လွတ်ဟင်းလျာ (၅) မျိုးခန့်ဖြင့် ကျွေးမွေးခြင်း ဖြစ်၏။ လက်ဖက်ရည်ကြမ်းဝိုင်း၌လည်း နာနတ်သီးစိတ်များ၊ သရက်သီးမှည့်များ၊ လက်ဖက်သုပ်၊ ဆေးလိပ်များဖြင့် ဧည့်ခံသည်ကို တွေ့ရသည်။ ကျောင်းထိုင်ဆရာတော်ကို ဝင်ရောက် ဖူးမြော်၍ ဂေါပကအဖွဲ့အား မိတ်ဆက်စကားပြောကြားပြီး အကျိုးအကြောင်းပြောပြရာ ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ကြပါသည်။ ခရီးရောက်မဆိုက်ပင် ကသစ်ပင်များကို ကြည့်ချင်သဖြင့် ပြောပြရာ ရွာထဲမှလူတစ်ဦးက လိုက်ပြပြီး ရှင်းလင်းပြောကြပါသည်။

ကျောင်းဝင်းကျယ်ကြီးထဲတွင် သစ်ပင်မျိုးစုံ ပေါက်ရောက်နေ၏။ ဆရာတော်စိုက်ပျိုးထားသော ကသစ်ပင်များမှာ အပင်မြင့်လှပေသည်။ သစ်ပင်များကြားထဲတွင် စိုက်ထားခြင်းဖြစ်၍ သစ်ပင်များမှာ အလင်းရောင်ရရန် တိုးထွက်ရသောကြောင့် အပင်များမှာ ဖြောင့်စင်းလှပြီး မြင့်မားပေသည်။ ကသစ်ပင်၏ အောက်ခြေကို ရာဇမတ်ကွက်ကာထားသည်။ အတွင်းထဲ၌ ဘုရားဆင်းတုတော်တစ်ဆူထားရှိပြီး ဇလုံများလည်း ချထားသည်။ ကသစ်ပင်ပေါ်မှ ကျ


ရေထွက်နေသော ကသစ်ပင်တစ်ပင်ကို ပြနေစဉ်



www.burmeseclassic.com

www.burmeseclassic.com


လာသော ရေမှုန်များကို ခံထားခြင်း ဖြစ်သည်။ ရေများကို သောက်ကြည့်သူများ၊ ဘူးဖြင့် ထည့်ယူသူများဖြင့် စည်ကားလှပေသည်။

စာရေးသူက ရေကို သောက်ကြည့်သောအခါ ရေသန့်ကို သောက်ရသလိုမျိုး အရသာရှိသည်ကို တွေ့ရသည်။ အပေါ်မှကျလာသော ရေမှုန်များကို လက်ဖြင့်ခံကြည့်သည်။ သစ်ကိုင်း၊ သစ်ရွက်များမှ ရေများထွက်၍ ကျလာခြင်း ဖြစ်သည်။ ကျောင်းဝင်းထဲရှိ သစ်ပင်များစွာထဲမှ နေရာအနှံ့ပေါက်နေသော ကသစ်ပင် (၉) ပင်ကသာ တစ်ပင်ပြီးတစ်ပင် ရေကျခြင်း ဖြစ်ပါသည်။ ကသစ်ပင်တစ်ပင်က ရေမှုန်များကျလာလိုက်၊ရပ်သွားလိုက်၊ အခြားနေရာမှာရှိသော ကသစ်ပင်က ရေထွက်လိုက်၊ ရပ်လိုက်ဖြင့် ရှိသည်ကို တွေ့ရ၏။ ကသစ်ပင်များက တစုတဝေးတည်းပေါက်နေခြင်းမျိုးမဟုတ်ဘဲ နေရာအနှံ့ပေါက်၍နေခြင်း ဖြစ်သည်။

၁၈-၆-၂၀၁၂ နေ့တွင် စတင်၍ ကျလာခြင်းဖြစ်ပြီး ၂၂-၆-၂၀၁၂ ရောက်မှသာ လူအများ သိရှိလာကြပြီး လာရောက် ကြည့်ရှုသူများလာခြင်း ဖြစ်သည်။ စာရေးသူ မြင်မိသော ကသစ်ပင် အောက်ခြေတွင် ရေကွက်များ တွေ့သဖြင့် မော့ကြည့်ရာ ယခင်ရက်များက ရေမှုန်များကျပြီး ယခု ရပ်သွားသောအပင် ဖြစ်ကြောင်း ရှင်းပြပါသည်။ ကသစ်ပင်၏အခေါက်များကို ဓားဖြင့်ခွာထားသည်ကိုလည်း တွေ့ရသည်။ ကသစ်ပင်အခေါက်အောက်မှ ရေများ စီးထွက်လာမလား ဟူသော အတွေးနှင့်ဖြစ်၏။ လက်ရှိ ရေအများဆုံးကျနေသော ကသစ်ပင်ခြေရင်းတွင် လူအများ လာရောက် ကြည့်ကြသည်ကို ကင်မရာဖြင့် မှတ်တမ်းတင်မိသည်။ ကသစ်ပင်ဘေးရှိ ရေစင်အဟောင်းကြီးပေါ်သို့တက်ပြီး အပေါ်မှ ဓာတ်ပုံရိုက်သည်။ ကသစ်ပင်အရွက်များတွင် ရေမှုန်အစုလေးများဖွဲ့၍ ကျဆင်းသည်ကို ဓာတ်ပုံရိုက်မိသည်။ ဓာတ်ပုံရိုက်ပြီးမှ ကျောင်းထဲသို့ပြန်ဝင်ကာ ရှာသူရှာသားများဖြင့် စကား


မဲကချောင်းကူးယာယီတံတား


ဧည့်သည်[illegible]ကို ကျွေးမွေးရန် ချက်ပြုတ်နေမှု





www.burmeseclassic.com

www.burmeseclassic.com

ပြောဖြစ်သည်။

ဆရာတော်ကို အနီးကပ် ဖူးမြင်မိသည်။ ဆရာတော်၏ သက်တော်မှာ (၈၂) နှစ်ရှိ၍ ဝါတော်မှာ (၅၄) ဝါရှိပြီး ဘွဲ့တော်မှာ ဦးစန္ဒဟု သိရပါသည်။ ဆရာတော်၏ရုပ်သွင်လက္ခဏာမှာ တည်ငြိမ်အေးချမ်းလှသဖြင့် ဖူးမြော်သူတို့မှာ စိတ်ကြည်လင်အေးမြမှုကို ရစေပါသည်။ ရခဲလှသောလူ့ဘဝတွင် သူတော်ကောင်းများနှင့် ဆုံရသည်က အမြတ်ဟု ယူဆရမည် ဖြစ်၏။ သီလပြည့်စုံသော ရဟန်းမှန်း ဖူးမြင်မိသည်နှင့် အလိုလိုခံစားသိရှိလာသည်။ သီလရှိသူသည် အလိုရှိရာ ပြည့်စုံနိုင်သည် ဟူသော အတွေးကလည်း ဝင်ရောက်လာပါသည်။

ဆရာတော်သည် ပြီးခဲ့သည့် တပေါင်းလဆန်းက ကျန်းမာရေးမကောင်းသဖြင့် အင်းတော်မြို့ရှိ ပြည်သူ့ဆေးရုံတွင် ကုသခံခဲ့ရကြောင်းလည်း သိရသည်။ ကျန်းမာရေးပြန်ကောင်းသည်နှင့် ယခုကဲ့သို့ ကသစ်ပင်မှ ရေများကျလာသဖြင့် လူအများကြိတ်ကြိတ်တိုး စည်ကားသည်ကို ကြုံရခြင်း ဖြစ်ပါသည်။

ကသစ်ပင်မှ ကျလာသောရေကို သောက်သူတချို့က ခေါင်းမူး၊ ခေါင်းကိုက်များ ပျောက်ကင်းကြသည်ဟု ပြောကြကြောင်း သိရပါသည်။ ဟိုးယခင်က ဆရာတော်၏ ရေမန်းကို ကျောင်းထဲတွင် ထား၏။ ရောဂါရှိသူများ လာရောက် သောက်သုံးရာ ပျောက်ကင်းခဲ့ဖူးကြောင်းလည်း ကြားသိခဲ့ရပါသည်။ ဆရာတော်ကို လာရောက် ဖူးမြော်ကြသော ပရိသတ်များစွာကို တစ်နေကုန်နီးပါး အဖူးမြော်ခံရသည်။ ရွာသူရွာသားများကလည်း လာသမျှ ဧည့်သည်များကို ထမင်းကျွေးခံကြရာ တစ်ရက်လျှင် ဆန် (၁၀) တင်း ချက်ကုန်ကြောင်း သိရပါသည်။ ဝေယျာဝစ္စအဖွဲ့ကလည်း မနားတမ်း ချက်ပြုတ်ကြသည်။ လိုအပ်သော ဆန်၊ အသီးအနှံများကို အနီးဝန်းကျင် ကျေးရွာများမှ ပေးပို့ကြကြောင်း သိရပါသည်။ ပင်သချော်ရွာ၊ ပိန္နဲပင်ရွာ၊ နတ်ရေတွင်းရွာ၊ မဲဇာရွာများမှ ပေးပို့ကြရာတွင် မဲဇာရွာက အများဆုံး လှူဒါန်းသည်ဟု သိရပါသည်။





ဘုန်းကြီးကျောင်းဝင်းမှ ဗောဓိညောင်ပင်

လာသမျှ ဧည့်သည်များကို မမောနိုင်မပန်းနိုင် ပျော်ရွှင်တက်ကြွစွာဖြင့် ချက်ပြုတ်ကြသော ဝေယျာဝစ္စ ဆွမ်းချက်အဖွဲ့ ချက်ပြုတ်နေသည်ကို ဓာတ်ပုံရိုက်မိသည်။ ပျော်ရွှင်စွာ စကားပြောကြသည်။ ရွာသူရွာသားများမှာ ရှမ်း-ဗမာများ ဖြစ်ကြသည်။ ရှေးခေတ်ဓလေ့ထုံးစံများ ရှိကြသေးသည့် ရွာသူရွာသားများ၏ ရိုးသားဖြူစင်သော စိတ်ထားများကို အသိအမှတ်ပြု၍ နှုတ်ဆက်ခဲ့ပါ၏။ စာရေးသူကို ညအိပ်နေထိုင်ရန်ခေါ်ကြသေးသည်။ အပြန်ခရီးလမ်းကတော့ စိတ်ကျေနပ်ခြင်းများစွာဖြင့် ပြန်ခဲ့ပါသည်။

အပြန်လမ်းခရီးတွင် စိတ်ထဲ၌ အတွေးတစ်ခု ပေါ်မိပါသည်။ ဤလောကကြီးတွင် အကြောင်းနှင့်အကျိုးသည် ဆက်စပ်နေသည်။ တစ်ခုခုပေါ်လာရန်အတွက် တစ်ခုခုနိမိတ်ပြတတ်သည်။ မြင်တတ်၊ သိတတ်၊ ကြည့်တတ်သော ပညာရှိလျှင် ယခုကိစ္စကို အဓိပ္ပာယ်ဖော်နိုင်မည်။ ယခု ကသစ်ပင်မှ ရေထွက်ခြင်းသည်လည်း ကောင်းသောအရာတစ်ခုခု ဖြစ်ပေါ်ရန်အတွက် နိမိတ်ပြခြင်းတစ်ခု ဖြစ်မည်ဟု ရိုးသားစွာ ယူဆမိပါသည်။

အေးလွင် (ကံသာ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း ကိုယ့်သမီးလေးလိုပဲ သဘောထားပြီး အစစအရာရာ ကူညီစောင့်ရှောက်ပေးလို့ မိသားစုလိုဖြစ်နေပါတယ်။

တစ်နေ့မှာ ကိုတင်ဝင်းက ကျွန်တော့်ကို အခုလို မေးပါတယ်။

"ဆရာ အခုလို တစ်ယောက်တည်းနေတာ မသင့်တော်ဘူးလေ။ အသက်ကြီးလာတဲ့အခါ စောင့်ရှောက်ဖို့ ဆေးပေးမီးယူ အဖော်လိုတာပေါ့။ ကျွန်တော့် ရှာပေးရမလား"

ကျွန်တော်ကလည်း စိတ်ထဲရှိတဲ့အတိုင်း ဝမ်းသာအားရနဲ့-

'ဟာ - ဘယ့်နှယ်မေးလိုက်ပါလိမ့် ကိုတင်ဝင်းရယ်။ လိုချင်တာပေါ့ဗျာ'

လို့ ချက်ချင်းကြီး ဖြေလိုက်လို့တော့ ဘယ်ကောင်းမှာလဲနော့။ နည်းနည်းတော့ အိုက်တင်ခံပြီး ပြန်ဖြေလိုက်ပါတယ်။

"ဆေးပေးမီးယူတော့ မလုပ်လိုက်ပါနဲ့ဗျာ။ ဆေးပေးဆေးယူလောက်ဆိုတော်ပါပြီ။ ကြည့်ကြည့်ဦးမယ်ဗျာ"

"ကျွန်တော်နဲ့ မိသားစုဆွေမျိုးအရင်းအချာလို ရင်းနှီးတဲ့ အပျိုကြီးတစ်ယောက်ရှိတယ်။ ဆရာတို့လူမျိုးထဲကပဲ။ တစ်လောကမှ အမေ ဆုံးသွားတော့ အိမ်ဖော်ကောင်မလေးတစ်ယောက်နဲ့အတူနေတယ်။ ဆရာစိတ်ဝင်စားရင် ကျွန်တော်ဆက်သွယ်ပေးမယ်လေ"

ဒီလိုနဲ့ အစ္စလာမ်ဘာသာဝင်တွေ ဥပုသ်ထွက်တဲ့ အိဒ်နေ့အထိမ်းအမှတ်နဲ့ ကိုတင်ဝင်းက ကျွန်တော်တို့နှစ်ဦးကို သူ့အိမ်ဖိတ်ပြီး ဧည့်ခံကျွေးမွေးရင်း တွေ့ပေးပါတယ်။ ဒီတရုတ်လင်မယားအတွက် အိဒ်နေ့ဟာ ဘဝမှာ အမှတ်တရပါပဲ။ သူ့ကိုတွေ့တွေ့ချင်းလည်း မောင်ပွင့်ဉာဏ်ရင်ခုန်မိပါတယ်။ ဒီစာကို ကျွန်တော့်ဇနီးအသစ်ကလေး မဖတ်မိအောင်တော့ ဝှက်ထားရမှာပါ။ တော်ကြာမကြီးမငယ် ဘာတွေလျှောက်ရေးနေတာလဲလို့ ကောမှာသေချာပါတယ်။

ကျွန်တော့်အသက်လား။ ဟုတ်ကဲ့၊ မပြောမဖြစ်တော့လည်း ပြောရမှာပေါ့။ သူနဲ့ တွေ့တော့ (၆၁) နှစ်ပါ။ ဒီအရွယ်ကြီးကျမှ ရင်ခုန်ရလားလို့ဆိုလာရင် သူက ကျွန်တော်ပိုးဖူးတဲ့ အမျိုးသမီးဖြစ်နေလို့ပါ။ သူက မော်လမြိုင်ဈေးကြီး ဈေးထဲမှာ အနှစ်(၂၀) ကျော်လောက် ဆိုင်ထိုင်ပြီး ဈေးရောင်းခဲ့ပါတယ်။အရပ်မြင့်မြင့်၊ ဖြူဖြူချောချော။ မြင်သူတိုင်း သဘောကျလောက်တာမို့ ကျွန်တော်လည်း ဝယ်စရာရှိ သူ့ဆိုင်ပဲတန်းသွားပြီး အားပေးဖြစ်ခဲ့တာပေါ့။ (မတော်လို့ သူဒီစာကို ဖတ်မိသွားရင်လည်း စိတ်မဆိုးလောက်ဖူးလို့ထင်ပါတယ်။)

သူ့နာမည် မေးကြည့်တော့ မမွေးလို့ ကြားလိုက်ရတဲ့အခါ ရင်ဘတ်ထဲကနေ ဒိန်းခနဲ မြည်သွားသလားထင်ရလောက်အောင် ပိုပြီးရင်ခုန်ရပြန်ပါတယ်။ ဆုံးပါးသွားတဲ့ဇနီးနာမည်ကလည်း မမွေးပါပဲ။ အမှန်အတိုင်းဝန်ခံပါ့မယ်။ မိုးနတ်မင်းကြီးက ကျွန်တော့်ကို သနားပြီး အစားပြန်ပေးတယ်လို့တောင် ထင်လိုက်မိပါတယ်။

နောက်တစ်ခါ မမေးမဖြစ်လို့ သူ့အသက်ကို မေးကြည့်တော့ (၅၃) နှစ်လို့ ဖြေပါတယ်။ ကျွန်တော်နဲ့ (၈) နှစ်ကွာပါတယ်။ အရင်ဇနီးက ကျွန်တော့်ထက် (၄) နှစ် ကြီးပါတယ်။ သူတို့နှစ်ယောက် အသက် (၁၂) နှစ်ကွာတာကို စဉ်းစားမိပြီး မေးကြည့်တော့ တရုတ်လို ခွေးနှစ်မှာ မွေးတာချင်းလည်း သွားတူနေပြန်ပါတယ်။ (တရုတ်လို အသက်တူရင် ဒါမှမဟုတ် ၁၂ နှစ်၊ ၂၄ နှစ် စသည်ဖြင့်ကွာရင် မွေးနှစ်အကောင်ချင်း တူပါတယ်) ကျွန်တော်က ကျားနှစ်မှာမွေးတာဆိုတော့ ကျားနှစ်ဖွားနဲ့ ခွေးနှစ်ဖွားတွေဟာ အိမ်ထောင်ဖက်ကောင်းတွေဖြစ်ထယ်နော်လို့ ပြောတော့ သူက ရှက်ပြုံးကလေးပြုံးပါတယ်။ အခုထက်ထိတော့ အခြေအနေကကောင်းနေပါတယ်။

မောင်နှမသားချင်းတွေ မေးကြည့်တော့ အစ်မနှစ်ယောက်နဲ့ညီမနှစ်ယောက်၊ အစ်ကိုတစ်ယောက်နဲ့ မောင်တစ်ယောက်ရှိတာ သိရတယ်။ ဟောဗျာ - ဆုံးသွားတဲ့ ကျွန်တော့်ဇနီးမှာလည်း အစ်ကိုတစ်ယောက်နဲ့ မောင်နှစ်ယောက် ရှိတယ်။ နောက်ထပ် တိုက်ဆိုင်မှုတွေရှိသေးတာကို မပြောတော့ပါဘူးဗျာ။မသိရင် မောင်ပွင့်ဉာဏ် လုပ်ကြံပြီး ရေးနေတယ်လို့တောင်ထင်မှာစိုးမိပါတယ်။ သူကိုယ်၌ကလည်း ဒီတိုက်ဆိုင်မှုတွေအတွက် အတော်ကြီးကို အံ့သြနေပါတယ်။

ဒီလိုနဲ့ အသိအကျွမ်းတွေ ဖြစ်သွားတော့ သူ့အိမ်၊ ကိုယ့်အိမ်အပြန်အလှန် လည်ပတ်ကြရင်း အကဲခတ်ကြတာပေါ့။ သူ့အိမ်ကလည်း (၃) ထပ်ပဲခင်ဗျ။ ရပ်ကွက်ချင်းကပ်လျက် တစ်လမ်းတည်းပေါ်မှာဆိုတော့ အိမ်ချင်းကလှမ်းကြည့်ရင်မြင်နေပါတယ်။ ဒါကိုသိတဲ့ ကျွန်တော့်တပည့်တွေက-

"ဆရာတို့က (၃) ထပ်တိုက်ပေါ်ကနေ အကြည့်ချင်းဆုံပြီး ရင်ခုန်သွားကြတယ်နဲ့ တူတယ်"

လို့ စ,ပါတယ်။

ကျွန်တော်က အခုလို ပြန်ဖြေလိုက်ပါတယ်။

"အိမ်ချင်းကအဝေးကြီးပါကွာ။ လူလုံးတောင်မမြင်ရပါဘူး။ ငါတို့က နှလုံးသားချင်း မြင်သွားကြတာကွ"

စာရေးဆရာ ကဗျာဆန်တာတော့ မဆန်းပါဘူးနော့။

ကျွန်တော်တို့ချင်း အဆင်ပြေသွားပေမယ့် သူ့မှာ အစ်ကိုတစ်ယောက် ဆုံးသွားလို့ မောင်နှမ (၆) ယောက်ကျန်သေးတာမို့ ဝတ္တရားရှိတဲ့အတိုင်း အသိပေးပြီး တိုင်ပင်ကြည့်လိုက်ပါဦးလို့ ပြောမိပါတယ်။ အဖြေက အင်မတန် အားရစရာကောင်းပါတယ်။ ထောက်ခံမဲတစ်မဲမှ မရပါဘူးတဲ့။ (ရွေးကောက်ပွဲကလည်း နီးနေပါပြီ။) ဒီအရွယ်ကျမှ ဘာဖြစ်လို့ အိမ်ထောင်ပြုချင်ရတာလဲတဲ့။ အေးအေးဆေးဆေးနေပါလားတဲ့။ အပူမရှာချင်ပါနဲ့တဲ့။ (မောင်ပွင့်ဉာဏ်ဟာ လူအေး ဆိုတာ သူတို့မသိလို့ ပြောတာပါ။)

တော်တော်ကိုယ်ချင်းစာတရားမရှိတဲ့ မောင်နှမတွေပဲလို့ ကျွန်တော့်စိတ်ထဲကနေ အပြစ်တွေတင်မိပါတယ်။ဟုတ်တယ်လေ၊ သူတို့အားလုံး လင်နဲ့မယားနဲ့သားနဲ့။ ဒီညီမအပျို



www.burmeseclassic.com

www.burmeseclassic.com

ကြီးကိုတော့ လင်မပေးစားချင်ကြဘူး။ ဒါနဲ့ သူ့ကို ကျွန်တော်ကမြောက်ပေးပါတယ်။

"ကိုယ်တို့က ဝတ္တုရားရှိတဲ့အတိုင်းအသိပေးတာပါ။ သူတို့သဘောမတူတာတော့ မတတ်နိုင်ဘူး။ ကိုယ်တို့ နှစ်ယောက်စလုံးက လူလွတ်တွေပဲ။ မိဘတွေလည်းမရှိတော့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပေါ့"

အဲဒီမှာ နောက်ပြဿနာတစ်ခုက ပေါ်လာပြန်ပါတယ်။ အဆိုတော်သန်းဖေလေး ဆိုသွားတဲ့သီချင်းထဲကလို 'မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာလည်း မရှိစမြဲမို့ မောင်တို့အချစ်များရယ်' လို့သာ ဟစ်ပြီးဆိုလိုက်ချင်တာပါပဲ။

သူ့အမေ ဆုံးသွားတော့ တစ်ယောက်တည်းနေလို့ မသင့်တော်တာနဲ့ ရန်ကုန်က ညီမအငယ်ဆုံးဆီမှာ လိုက်နေဖို့ ကတိပေးထားပါတယ်တဲ့။ ကျွန်တော်တို့နှစ်ယောက်အကြောင်းကို သိသွားတော့ မကြာခင်ပဲ မောင်နှမတွေအားလုံး သူ့ကို ရန်ကုန်ခေါ်သွားဖို့ စီစဉ်နေပါတယ်တဲ့။ သူကလည်း ကတိပေးထားတဲ့အတွက် ခဏလောက်တော့ သွားလိုက်နေမှကောင်းမယ်တဲ့။ အဲဒီ ခဏလောက် ဆိုတာ ဘယ်လောက်ကြာမှာလဲလို့ မေးကြည့်တော့ တစ်နှစ်လောက်ပေါ့တဲ့။ အောင်မယ်လေးဗျာလို့ ကျွန်တော် အော်လိုက်မိပါတယ်။ ဟုတ်တယ်လေ၊ အနေဝေးလို့ သွေးအေးသွားရင် ဆွေးရမှာက ကျွန်တော်ပါ။

ဒါနဲ့ အောင်သွယ်တော်ကြီးဆီ ပြေးပြီး အကြံဉာဏ်တောင်းရတယ်။ ကိုတင်ဝင်းပြောတဲ့စကားကို ကြားတော့ ကျွန်တော့်မှာ ရယ်ရမလိုငိုရမလိုတောင် ဖြစ်သွားပါတယ်။

"ဆရာတို့အဖြစ်က လူကြီးတွေချစ်ခြင်းကို လူငယ်တွေခွဲလို့ ကွဲရမလိုဖြစ်နေပါလား"

အကျိုးဆောင်ကြီး ပီသစွာနဲ့ အခုလို ဆက်ပြောပါတယ်။

"မပူပါနဲ့ ဆရာ၊ ကျွန်တော့်တာဝန်ထားပါ"

ကိုတင်ဝင်းက မမွှေးကို သူ့အိမ်ခေါ်ပြီးနားချပါတယ်။ ဆရာက မမွှေးအပေါ်မှာ အင်မတန်မှ ချစ်ခင်တဲ့စိတ်နဲ့ မျှော်လင့်နေတာ။ မမွှေး ရန်ကုန်ပြောင်းတော့မယ့်အကြောင်း ဆရာလာပြောတော့ ဆရာမျက်ရည်ဝဲနေတယ်။ မမွှေးသာ ဆရာ့ကို ဒီအတိုင်း အကြာကြီးထားသွားရင် ဆရာရူးသွားနိုင်တယ်ဘာတယ်နဲ့ သနားလောက်အောင် ပြောခဲ့တယ်ဆိုတာ ကျွန်တော် နောက်မှ သိရပါတယ်။

ကိုတင်ဝင်းရဲ့မိခင်ကြီးက ကျွန်တော်နဲ့လည်းခင်၊ မမွှေးကိုလည်း သမီးတစ်ယောက်လို သဘောထားပြီးဝိုင်းကူပြောပါတယ်။ ဒါနဲ့ပဲ ကိုတင်ဝင်းက ကျွန်တော့်ကို လှမ်းခေါ်ပြီး ချက်ချင်း တရားရုံးမှာ လက်မှတ်ထိုးတဲ့အခြေအနေရောက်သွားပါတယ်။ တစ်ပတ်လောက်အကြာမှာ သူလည်း မောင်နှမတွေစီစဉ်တဲ့အတိုင်း ရန်ကုန်ကို ပြောင်းသွားပါတော့တယ်။

ကျွန်တော့်ကျေးဇူးရှင် ကိုတင်ဝင်းဟာ အင်မတန် လိမ္မာပါးနပ်ပြီး အပြောကောင်းတဲ့ အကျိုးတော်ဆောင်ကြီးအစစ် ဖြစ်ပါတယ်။ ဒါကြောင့် မော်လမြိုင်မြို့အနီးပတ်ဝန်းကျင်နေ အပျိုကြီး၊ လူပျိုကြီးများ မျှော်လင့်ချက်မလျှော့လိုက်ကြပါနဲ့။ ကျွန်တော်ကတစ်ဆင့် ကိုတင်ဝင်းနဲ့ ဆက်သွယ်နိုင်ပါတယ်လို့ စေတနာကောင်းနဲ့ ကြေညာမောင်းခတ်လိုက်ပါတယ်။ တစ်ခုတော့ရှိသပေါ့ဗျာ။ ပေးရတာ အင်မတန်တန်တဲ့ အကျိုးဆောင်ခ ကော်မရှင်လေးတော့ မ,စရပါလိမ့်မယ်။

ကိုတင်ဝင်းကလည်း ပြောပါတယ်။ ဒါတွေဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါပဲတဲ့။ သူက ကြားဝင်ပြီး အကျိုးဆောင်ပေးရတာပါတဲ့။ သူတို့ကျမ်းစာမှာ အခုလို ဇနီးမောင်နှံနှစ်ဦး အတူပေါင်းဖက်နိုင်ဖို့ အကျိုးဆောင်ပေးရတာဟာ ဘုရားဝတ်ပြုဖို့ ဗလီဝတ်ကျောင်းတော်တစ်ဆောင် ဆောက်လုပ် လှူဒါန်းတာထက် ပိုပြီး ကုသိုလ်ရတယ်လို့ ဆိုပါတယ်။ အားပါးပါး - မနည်းမနောကုသိုလ်ရတဲ့အလုပ်ကြီးပါပဲကလား။

ဒီနေရာမှာ လူတွေရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်တွေ့ပြန် ထူသောအကျိုးပေးတတ်တာလေးပြောပြချင်ပါတယ်။ ကျွန်တော့် ပထမဇနီးနဲ့ တရားရုံးမှာ လက်မှတ်ထိုးတဲ့နေ့ဟာ ၁၉-၄-၁၉၇၄ ဖြစ်ပါတယ်။ အဲဒီနေ့ဟာ ဓိရည်ရွယ်ဘဲ ကျွန်တော့်ရဲ့အသက် (၂၄) နှစ်ပြည့်မွေးနေ့လည်း ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း လက်ထပ်ပြီး အတူမနေခဲ့ရပါ။ ၂၁-၄-၁၉၇၄ ရက်နေ့ မင်္ဂလာဆောင်ဧည့်ခံပွဲလုပ်ပြီးမှ အတူနေခဲ့ရပါတယ်။

ဒီတစ်ခါ ပိုဆိုးပါတယ်။ ၂၃-၁၁-၂၀၁၁ ရက်နေ့မှာ လက်မှတ်ထိုးပြီး (၅)လတိတိအကြာ ၂၃-၄-၂၀၁၂ ရက်နေ့မှာ ကျွန်တော် သူ့ကို ရန်ကုန်သွားလိုက်ခေါ်ပြီးမှ အတူနေရပါတယ်။ ဒီမှာတင် မောင်ပွင့်ဉာဏ် မိန်းမရခြင်းအကြောင်း ပြီးပါပြီ။ ဒါပေမယ့် အဆုံးသတ် ပြောစမှတ်ဖြစ်စရာလေးတစ်ခု ကျန်ပါသေးတယ်။

ကျွန်တော်တို့ရဲ့ မင်္ဂလာဆွမ်းကျွေးကို ၁၃-၅-၂၀၁၂ မှ ဆွေမျိုးမိတ်သင်္ဂဟတွေဖိတ်ပြီး အကျဉ်းရုံးပြုလုပ်ခဲ့ပါတယ်။ ဆွမ်းကျွေးလာတဲ့ ကျွန်တော့်တူမလေးတစ်ယောက်က ၂၀၁၂ ခုနှစ်၊ မေလထုတ် သူရဋ္ဌဇင်းမှာ ကျွန်တော် ရေးထားတဲ့ 'ကျွန်တော့်အတယ်' ဆောင်းပါးက 'လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) ကျော်က မင်္ဂလာဖိတ်စာတစ်စောင်' ဓာတ်ပုံကိုကြည့်ပြီး ကျွန်တော့်ကို အခုလို လှမ်းပြောလိုက်ပါတယ်။

"အဘိုးတို့ မင်္ဂလာဆောင်တာလည်း ၁၃-၅-၄၉ ဆိုတော့ ဒီနေ့ပဲပေါ့ဘကြီး"

သူပြောမှ ကျွန်တော်လည်း ကြည့်မိပါတယ်။ မိဘနှစ်ပါး လက်ထပ်ထိမ်းမြားခြင်း(၆၃)နှစ်တိတိပြည့်တဲ့နေ့မှာ မောင်ပွင့်ဉာဏ် လူသိရှင်ကြား ဇနီးမယားထပ်ရတာမို့ ကွယ်လွန်သူ ကျေးဇူးရှင် မိခင်ကြီးနဲ့ ဖခင်ကြီးတို့ကို ဘယ်လိုမှသတိမရဘဲမနေနိုင်လောက်အောင်ဖြစ်သွားရပါတော့တယ်။

မောင်ပွင့်ဉာဏ် (မောရှ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သီပေါမင်း လက်ထက်တွင် ဗြိတိသျှ - မြန်မာ ဆက်ဆံရေးသည် တဖြည်းဖြည်း ယိုယွင်းလာခဲ့သည်။ သီပေါမင်းနန်းတက်စဉ်ကပင် သီပေါမင်းအား မည်ကဲ့သို့ ဆက်ဆံသင့်သည်ကို ဗြိတိသျှတို့က ညှိနှိုင်းပြီး ဖြစ်သည်။ မင်းသစ်လက်ထက်တွင် မန္တလေးနေပြည်တော်ရှိ ဗြိတိသျှကိုယ်စားလှယ်၏ ဩဇာအရှိန်အဝါ မြင့်မားအောင် ဆောင်ရွက်သင့်သည်ဟု ယူဆကြသည်။ မင်းသစ်လက်ထက်၌ မန္တလေးနေပြည်တော်ရှိ ဗြိတိသျှကိုယ်စားလှယ်၏ ဩဇာအရှိန်အဝါ မြင့်မားအောင် ဆောင်ရွက်သင့်သည်ဟု ဗြိတိသျှတို့က ယူဆထားကြသည်။ ဗြိတိသျှကိုယ်စားလှယ်သည် ဘုရင့်အပါးတော်သို့ လွတ်လပ်စွာ ဝင်ထွက်ခွင့်ရှိချေမည်၊ မြန်မာဘုရင်ကလည်း ဗြိတိသျှကိုယ်စားလှယ်ကို သင့်တင့်လျောက်ပတ်စွာ လက်ခံရမည်၊ ကိုယ်စားလှယ်၏ တောင်းဆိုချက်များကို လေးမူရမည်။ ထို့ပြင် ဗြိတိသျှကိုယ်စားလှယ်၏ရာထူးဌာနန္တရနှင့်အညီ သင့်တင့် လျောက်ပတ်သော နေအိမ်နှင့် အစောင့်အကြပ် အဆောင်အယောင်တို့ကို ထားရှိခွင့်ပေးရမည်ဟု သဘောထားသည်။

အိန္ဒိယအစိုးရ နိုင်ငံခြားရေးရုံးမှ မန္တလေးမြို့ရှိ ဗြိတိသျှကိုယ်စားလှယ်ထံသို့ ၃၊ အောက်တိုဘာ၊ ၁၈၇၈ နေ့စွဲဖြင့် ပေးပို့သော ကြေးနန်းစာတွင်-

*'ဗြိတိသျှအစိုးရအပေါ် သဘောထားသစ်ဖြင့် လက်ခံခြင်း၊ အထူးသဖြင့် ဘုရင်တစ်ပါးထံသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာခွင့်ပြုခြင်းနှင့် အင်္ဂလိပ်ကိုယ်စားလှယ်၏ ဂုဏ်ဒြပ်နှင့် ဩဇာကို ပိုမို ထောက်ထားခြင်းများကို ဘုရင်သစ်က လိုက်လျောဆောင်ရွက်သည့် အတိုင်းအတာကိုလိုက်၍သာ အိန္ဒိယအစိုးရက ဘုရင်သစ်အား အသိအမှတ်ပြုရေး၊ ထောက်ပံ့ကူညီရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း မှူးမတ်တို့အား ပြောကြားရန် သင့်အား အရေးလွဲအပ်လိုက်သည်။'*

ဟူ၍ ဖော်ပြပါရှိရာ ဗြိတိသျှအစိုးရ၏ တင်းမာသောသဘောထားကို မြင်တွေ့နိုင်ပါသည်။ ဗြိတိသျှအစိုးရသည် မန္တလေးရှိ ဗြိတိသျှကိုယ်စားလှယ် မစ္စတာရှောအား မြန်မာဘုရင်အစိုးရနှင့် ဆက်ဆံရာတွင် အလျှော့မပေးရန် ညွှန်ကြားထားပြီးဖြစ်သည်။ မစ္စတာရှောကလည်း မိမိအစိုးရ၏ ညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာ ဆောင်ရွက်ခဲ့သည်။

သီပေါမင်း နန်းတက်ပြီး မကြာမီမှာပင် ဧရာဝတီမီးသင်္ဘောကပ္ပတိန်များနှင့် မြန်မာမင်းမှုထမ်းများကြား ပြဿနာများပေါ်ပေါက်ခဲ့သည်။ယင်းအရေးကိစ္စများကို တာဝန်ခံ ကိုင်တွယ် ဖြေရှင်းရသူမှာ နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူထားသူ ကင်းဝန်မင်းကြီး ဦးကောင်း ဖြစ်သည်။ ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော မီးသင်္ဘောမှာ ချင်းတွင်းခေါ် သင်္ဘောဖြစ်သည်။ ပြဿနာဖြစ်ရသည်မှာ ဤသို့ဖြစ်သည်။ တစ်နေ့သောနံနက်တွင် ချင်းတွင်းသင်္ဘော၏ ကပ္ပတိန် မစ္စတာဒွိုင်လ်သည် ရွံ့ညွှန်တို့ဖြင့် ပြည့်နေသောလမ်းကို ရှောင်လိုက်ရာတွင် မတော်တဆ မြစ်ရေကာတာကို ကျော်နင်းမိသည်။ ဤနေရာသည် တားမြစ်နယ်မြေ ဖြစ်သည်။ သင်္ဘောကပ္ပတိန်က တားမြစ်ထားသောနေရာမှန်းမသိ၍ နင်းမိခြင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာအမှုထမ်းများက ကန့်ကွက်ပြောဆိုသည့်အခါ သင်္ဘောကပ္ပတိန်သည် ဆင်ခြေပေး တုံ့ပြန်ခြင်းမရှိဘဲ အောက်သို့ဆင်းခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် မြန်မာအမှုထမ်းတို့က



**အကယ်၍ အောက်လက်ငယ်သားတို့အား အပြစ်တစ်စုံတစ်ရာမပေးမှု၍ အောက်လက်ငယ်သားကျေးကျွန်တို့၏အမှုကို မိမိအမှု ဟူ၍ မြန်မာအစိုးရတို့က ပြုလုပ်ခဲ့ပါလျှင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယခုတိုင်တည်ရှိသော မဟာမိတ်တို့၏ပြုမှုချက်များနှင့် မလိုက်လျောရာ ရောက်စေလိမ့်မည်။**



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောကပ္ပတိန်ကို ခေါ်ဆောင်သွားပြီး မတ်တတ်ရပ်ထူးခတ်၍ ဧရာဝတီမီးသင်္ဘော ကိုယ်စားလှယ် အိန္ဒြေနိုးလာသည့်တိုင်အောင် နှစ်နာရီကြာမျှ မိုးရွာထဲတွင်ထားသည်ဟု သိရှိရပါသည်။

ဗြိတိသျှကိုယ်စားလှယ်ကလည်း ကင်းဝန်မင်းကြီးထံ စာရေး၍မစ္စတာ ဒွိုင်လ်အပေါ် စွပ်စွဲပြောဆိုရန် မရှိပါလျှင် ယင်းကိစ္စနှင့် ပတ်သက်သော မြန်မာအရာရှိများကို သင့်လျော်သောအပြစ်ပေးရန် တိုင်တန်းခဲ့၏။ ကင်းဝန်မင်းကြီးက မစ္စတာ ဒွိုင်လ်အား သင်္ဘောသို့ ပြန်နိုင်ကြောင်း၊ အလိုရှိမှ ဆင့်ခေါ်မည်ဖြစ်ကြောင်း နှုတ်ဖြင့် ပြောကြားခဲ့သည်ဟု သိရှိရသည်။ သို့ရာတွင် ကင်းဝန်မင်းကြီးသည် မစ္စတာဒွိုင်လ်ကိစ္စနှင့် ပတ်သက်၍ စုံစမ်းအပြစ်ပေးရန် ဗြိတိသျှကိုယ်စားလှယ်၏ တောင်းပန်ခြင်းကို မလိုက်လျောပါဟု ဖြစ်ပျက်ပုံတို့ကို ဗြိတိသျှကိုယ်စားလှယ်က အိန္ဒိယအစိုးရ နိုင်ငံခြားဌာန အတွင်းဝန်မင်းလာလ်ထံ အကြောင်းကြားစာ ပေးပို့ခဲ့သည်။

အခင်းဖြစ်ပွားပြီးနောက် မစ္စတာရှောသည် နိုင်ငံခြားရေးဌာနတာဝန်ခံ ကင်းဝန်မင်းကြီးအားလည်း စာတစ်စောင်ပေးပို့ခဲ့သည်။ ပေးပို့သည့်ရက်စွဲမှာ ၄၊ စက်တင်ဘာ၊ ၁၈၇၈ ဖြစ်သည်။ ယင်းစာတွင် မစ္စတာရှောက မီးသင်္ဘောကပ္ပတိန်သည် အများသွားလာနေကြပြီး တားဆီး ပိတ်ဆို့ထားသည့် ပုံသဏ္ဌာန်မရှိသော ရေကာတာရိုးကို လမ်းပြုလုပ်မိကြောင်း၊ ထိုသူကို အမှုထမ်းများက ပြန်ခေါ်ရာတွင် မနာမယူ တစ်စုံတစ်ရာ ခုခံခြင်းမပြုဘဲ ချက်ချင်း အောက်သို့ သက်သေများရှေ့တွင်ဆင်းခဲ့ကြောင်း၊ ဤမျှနှင့် မရောင့်ရဲ မတင်းတိမ်သေးဘဲ ခေါ်ဆောင်သွား၍ သူ၏ ခြေများကို ထူးခတ်လျက် လူအများ သိသာအောင် နှစ်နာရီကြာမျှ ချုပ်နှောင်ထားကြောင်း တင်ပြသည်။

တစ်ဆက်တည်းမှာပင် မစ္စတာရှောက အင်္ဂလိပ်လူမျိုးတစ်ဦးအနေဖြင့် အပြစ်ကင်းသော အမှုတစ်မှုကို မသိနားမလည်၍ပြုမိတာ ဖြစ်ကြောင်း၊ တားမြစ်ထားသည်ဟု သိလျှင် သိသိချင်း ဆက်လက်ပြုမူခြင်းကို ရပ်စဲပါလျက် ချုပ်နှောင်ကာ ရှက်ဖွယ်လိလိရှိသောအပြစ်ဒဏ်ပေးခြင်းမှာ များစွာ မသင့်လျော်သည့်အပြင် နိုင်ထက်စီးနင်း နှိပ်စက်ရာ ရောက်ကြောင်း၊ ဤကိစ္စတွင် ဗြိတိသျှအစိုးရသည် များစွာနစ်နာသည်ဟု အောက်မေ့ရမည် ဖြစ်ကြောင်းကိုလည်း ကင်းဝန်မင်းကြီးအား တင်ပြခဲ့သည်။ ဤကိစ္စမှာ ကြီးကျယ်သောကိစ္စ မဟုတ်ပါ။ နှစ်ဦးနှစ်ဖက် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်လျှင် ပြေလည်မည့်ကိစ္စဖြစ်သော်လည်း မြန်မာအစိုးရက ဗြိတိသျှလူမျိုးတို့အား ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း မှတ်ယူနိုင်သည်ဟု ပြောကြားခြင်းကို ထောက်ရှု၍ ဗြိတိသျှတို့၏ တင်းမာမှုသဘောထားကို မြင်တွေ့နိုင်ပါသည်။

ဗြိတိသျှကိုယ်စားလှယ် မစ္စတာရှော၏ စာတွင် သူတစ်ပါး၏ အချုပ်အခြာအာဏာကို ဝင်ရောက် ထိပါးသည့် လေသံပါနေသည်ကိုလည်း သတိပြုမိသည်။ သာဓကအားဖြင့် စာသားထဲတွင် -

'ဤသို့ အပြစ်ကျူးလွန်သူ အောက်လက်အမှုထမ်းများကို မြန်မာမင်းအစိုးရက ထိုက်သင့်သော အပြစ်ဒဏ်ကို လျင်မြန်စွာ ပေးခဲ့သည်ရှိသော် ယခု နစ်နာချက်သည် ပပျောက်ပေလိမ့်မည်။ ၎င်းအပြင် မနှောင့်နှေးဘဲ သည်ကဲ့သို့ အရေးယူခြင်းကို မဟာမိတ်သဖွယ် ဆောင်ရွက်ပေးသည်ဟု ယူဆရပေလိမ့်မည်'

ဟူ၍ မြန်မာနိုင်ငံခြားရေးတာဝန်၏အာဏာနှင့်လုပ်ပိုင်ခွင့်ကို ထိပါးသည့်သဘောကို မြင်တွေ့ရသည်။

ဆက်လက်၍ မစ္စတာရှောက မြန်မာမင်းမှုထမ်းတို့အား မည်ကဲ့သို့ အပြစ်ပေးသင့်သည်ကိုလည်း စာတွင် ဆက်လက်၍ ဖော်ပြထားသည်။ ရှေ့က မီးသင်္ဘောကပ္ပတိန်ကိစ္စနှင့် စပ်လျဉ်း၍ သူ့အား ထူးခတ်သော အမှုထမ်းတို့၏အကြပ်ကို ကပ္ပတိန်မှာကဲ့သို့ နေရာတူ နည်းတူ ထူးခတ်စေလျှင်သော် လည်းကောင်း၊ သို့တည်းမဟုတ် ၎င်း၏ ပြစ်မှုကို အနောက်ပြင်နှင့် မြစ်ဆိပ်တွင် မောင်းကျော်ပြီး သံအရာရှိနှင့် ဧရာဝတီမီးသင်္ဘောကိုယ်စားလှယ် မစ္စတာအန္ဒြေနိုးထံ လာရောက် တောင်းပန်သင့်ကြောင်း၊ ဤသို့ပြုလုပ်လျှင် ဗြိတိသျှအစိုးရသည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ နောက်ထပ် ထပ်မံ မပြောဆိုစေရန် သံအရာရှိက တာဝန်ယူမည့် အကြောင်းကိုလည်း စာတွင် ဖော်ပြထားသည်။

မစ္စတာရှောက ယင်းစာတွင် ကင်းဝန်မင်းကြီးအား ခြိမ်းခြောက်သောသဘော သက်ရောက်သည့် စာသားကိုလည်း အောက်ပါတိုင်း ထည့်သွင်းထားသည်။

*'အကယ်၍ အောက်လက်ငယ်သားတို့အား အပြစ်တစ်စုံတစ်ရာမပေးမူ၍ အောက်လက်ငယ်သားကျေးကျွန်တို့၏အမှုကို မိမိအမှု ဟူ၍ မြန်မာအစိုးရတို့က ပြုလုပ်ခဲ့ပါလျှင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယခုတိုင် တည်ရှိသော မဟာမိတ်တို့၏ ပြုမူချက်များနှင့် မလိုက်လျောရာရောက်စေလိမ့်မည်။'*

အိန္ဒိယရှိ ဗြိတိသျှအာဏာပိုင်တို့သည် မန္တလေး နေပြည်တော်ရှိ ဗြိတိသျှကိုယ်စားလှယ် မစ္စတာရှောအား ကြေးနန်းရှိ၍ သင်္ဘောကပ္ပတိန်အရေးနှင့်စပ်လျဉ်းပြီး မည်ကဲ့သို့လုပ်ဆောင်နိုင်သင့်သည်ကိုလည်းလှမ်း၍ ညွှန်ကြားခဲ့သည်။ ယင်းကြေးနန်းစာတွင် သင့်သော လျော်ကြေးရရန် ခိုင်မာစွာ ပြောဆိုစေလိုကြောင်း၊ နောင်ကိုလည်းမပေါ်ပေါက်အောင် အာမခံစေလိုကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြန်ကြားခြင်း၊ ပြုမူခြင်းများကို ထောက်ရှုပြီး ဘုရင်အသစ်သည် ဗြိတိသျှအစိုးရအပေါ်တွင် မည်သို့သဘောထားသည်ကို ယူဆလိမ့်မည်ဖြစ်ကြောင်း၊ ဗြိတိသျှကိုယ်စားလှယ်အနေဖြင့် ပြောဆိုနိုင်ကြောင်း၊ လက်ထက်တော်သစ်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးရှိသော ဆက်ဆံမှုကို ပြုလုပ်လိမ့်မည်ဟု မစ္စတာရှော ယုံကြည်ကြောင်းကို ပြောဆိုခွင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်နိပါတ်တော်လာ ဗေဒင်ဟောကွက်များ

**နေဝိဇ္ဇာ**

ပြီးခဲ့သည့်လများက ဖော်ပြခဲ့သော ဟောကိန်းတို့၌ ဇနကကိန်း၊ ကုသလတိကကိန်း၊ မဟာဝိသုဒ္ဓလက္ခဏာဟောကိန်းများမှာ ဇာတ်နိပါတ်တော်လာသည်မှ မြန်မာ့ရိုးရာ ဗေဒင်ဟောကွက်တို့ ဖြစ်ပေါ်လာခဲ့ကြောင်း ရေးသားခဲ့သဖြင့် ထိုပညာရပ်များကို ရေးဖို့ လိုအပ်လာပါသည်။ လောကီပညာရှင်ကြီးတို့အတွက် မရည်ရွယ်ပါ။ ဝါသနာရှင်များနှင့် ရိုးရာမလေ့လိုက်စားသူများအတွက် ဗဟုသုတ အလို့ငှာ တင်ပြလိုက်ပါသည်။

**ဇနကကိန်း**

ဤကိန်းကို သိသူများပါသည်။ ဇာတ်တော်လည်း နားမစိမ်းကြပါ။ သို့သော် ရုပ်နှင့် နာမ်ခွဲပြီး မှတ်သားပုံကိုတော့ သိကြသူ နည်းပါလိမ့်မည်။ ဦးစွာ ဇာတ်တော်၏ ဖြစ်စဉ်ကို အကျဉ်းချုပ်တင်ပြလျှင် အခြားတိုင်းပြည်ဘုရင်တစ်ပါးက ဇနကမင်းသား ခမည်းတော်ဘုရင်၏ တိုင်းပြည်ကို စစ်မက်ပြု သိမ်းပိုက်ပြီး ဘုရင်အား အဆုံးစီရင်၏။ မိဖုရားခမျာ ကိုယ်ဝန်နှင့်အလွတ်ရုန်းထွက်ပြေးလျက် ဇနကမင်းသားဖွားမြင်ခဲ့၏။ အရွယ်ရောက်သော် ထီးနန်းပြန်ရဖို့အတွက် ငွေရှာရန် သင်္ဘောဖြင့် ကုန်ကူးသွားစဉ် သင်္ဘောပျက်၏။ မဏိမေခလာနတ်သမီးက ဆယ်ယူပြီး မိထိလာပြည်၏ ဥယျာဉ်သာတွင် ထား၏။ ထိုမင်းကား သူ၏ ခမည်းတော်ကို သတ်၍ ထီးနန်းယူသူဖြစ်၏။ ဇနကမင်းသား ခရီးထွက်စဉ် ကံတော်ကုန်သဖြင့် သမီးတော်တစ်ပါးသာရှိ၏။ ထီးနန်းအတွက် မင်းလောင်းရှာရာ ဇနကမင်းသားကို တွေ့ပြီး နန်းတင်၊ သမီးတော်နှင့်ထိမ်းမြား၊ နောက်ပိုင်း တောထွက်ပုံဖြစ်သည်။

ထို့ကြောင့် ဤကိန်း၌ မင်းသားသည် ထီးနန်းပြန်ရလိုမှုရည်ရွယ်ချက်ဖြင့် ခရီးထွက် ငွေရှာ ပင်လယ်ပြင် စတင်ထွက်ရာမှ ကိန်းစဉ်တည်ထားပါသည်။ ထို့ကြောင့် ကိန်းစဉ်ကို (၁) တည်၊ (၂) လွင့်၊ (၃) ပျက်၊ (၄) ဆယ် သို့မဟုတ် ကျောက် (၅) ထီး၊ (၆) နန်း၊ (၀) စံ သို့မဟုတ် လောကီအာရုံကာမဂုဏ်တို့ကို ရွံရှာသဖြင့် တောထွက်ကာ ငြိမ်းအေးစွာ နေထိုင်ပြီး ဈာန်သမာပတ်နှင့် မွေ့လျော်ပုံ ပြ၊ ဈာန်,ဟုလည်း ကျမ်းတချို့မှာရှိ၏။ (၁) သည် ဘဝရဲ့အခြေပြရပ်တည်မှုအင်အား၊ ပညာ, ဝါသနာအတွက် လုံးပမ်းနေချက်၊ ကောင်းဆိုးအားသာချက်မရှိ။ (၂) သည် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ရန် အလုပ်အကိုင် စသည် ကြိုးစား ရုန်းကန်

ကြောင်း၊ နိုင်ထက်ကလူ ပြုလုပ်ပြီးနောက် တရားနည်းလမ်းအတိုင်း ပြုလုပ်ရန်ငြင်းဆန်မှုသည် အိန္ဒိယအစိုးရသို့ မေတ္တာမဲ့သော ဆက်ဆံမှုစနစ်ရှိသည်ဟု ယူဆရလိမ့်မည် ဖြစ်ကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ကင်းဝန်မင်းကြီးသည် ချင်းတွင်းမီးသင်္ဘောကပ္ပတိန်အရေးတွင် အထူးသတိထား၍ကိုင်တွယ်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေး မပျက်ရလေအောင် အစွမ်းကုန် ဆောင်ရွက်ခဲ့သည်။ ဒွိုင်လ်အမှုတွင် တံခါးမှူးအား ရာထူးမှချ၍ ထောင်ချသည်။ ရာဇဝတ်ရုံး၌ ရဲအမှုထမ်းတို့အား မဟာမိတ်ဖြစ်သော ထိုင်းနိုင်ငံတို့မှ ဥရောပတိုက်သားတို့အား နှိပ်စက်ခြင်းမပြုရလေအောင် လူသိရှင်ကြားတားမြစ်ခဲ့၏။ ကင်းဝန်မင်းကြီး၏ ကိုင်တွယ်ဆောင်ရွက်မှုတို့ကို အားရ ကျေနပ်ကြောင်း ကြေးနန်းစာကိုလည်း အိန္ဒိယအာဏာပိုင်တို့ထံမှ မစ္စတာရှောလက်ခံရရှိခဲ့သည်။

အချုပ်ဆိုသော် သီပေါမင်းလက်ထက်တွင် ဗြိတိသျှတို့သည် ယင်းတို့အလိုကျ နှစ်နိုင်ငံဆက်ဆံရေးကို ပြုလုပ်သွားရန် သဘောထားချမှတ်ပြီး ဖြစ်သည်။ မင်းအသစ်ကို စမ်းသပ်လိုသည့်သဘော သက်ရောက်သည်။ ပြဿနာရှာမှုများကိုလည်း တစ်ခုပြီးတစ်ခု လုပ်ဆောင်လာခဲ့သည်။ ချင်းတွင်းသင်္ဘောကပ္ပတိန်အရေးသည် ဗြိတိသျှတို့ ဖန်တီးသော ပြဿနာများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သော ကင်းဝန်မင်းကြီး၏ သံတမန်ရေးရာကျွမ်းကျင်မှု၊ စိတ်ရှည်သည်းခံမှုတို့ကြောင့် နှစ်နိုင်ငံ မိတ်ပျက်မည့်အရေးများကို ရှောင်လွှဲနိုင်ခဲ့ပါကြောင်း တင်ပြလိုက်ပါသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး-**


၁။ အမျိုးသားခေါင်းဆောင်ကြီး ဆရာကြီး ဦးရာဇတ်၊ ရွှေနန်းတွင်းရေးတော်ပုံ၊ တတိယအကြိမ်၊ မန္တလေး၊ ထွန်းဦးစာပေ၊ ၂၀၀၇။

၂။ *Correspondence Relating To Burmah Since The Accession of king Theebaw, Burmah, 1886.*




www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပိုင်းဇနကကိန်း

| တည် | လွင့် | ပျက် | ကျောက် | ထီး | နန်း | စျာန် |
|---|---|---|---|---|---|---|
| အသက် ၁ | ၃ | ၅ | ၇ | ၉ | ၁၁ | ၁၃ |
| ၁၅ | ၁၇ | ၁၉ | ၂၁ | ၂၃ | ၂၅ | ၂၇ |
| ၂၉ | ၃၁ | ၃၃ | ၃၅ | ၃၇ | ၃၉ | ၄၁ |
| ၄၃ | ၄၅ | ၄၇ | ၄၉ | ၅၁ | ၅၃ | ၅၅ |
| ၅၇ | ၅၉ | ၆၁ | ၆၃ | ၆၅ | ၆၇ | ၆၉ |
| ၇၁ | ၇၃ | ၇၅ | ၇၇ | ၇၉ | ၈၁ | ၈၃ |
| တနင်္ဂနွေပုံစံ | | | | | | |

ချက်။ ကောင်း,ဆိုး (၅၀) ရာခိုင်နှုန်းစီရှိ။ (၃) သည် ပျက်စီးဆုံးရှုံးမှု၊ နာဖျားသောကဒုက္ခ ခံစားချက်၊ ကောင်းအားနည်းပါး ဆိုးအားများချိန်။ (၄) သည် ပြန်လည် ရှင်သန်အားထုတ်ဆဲ။ ကောင်း,ဆိုး (၅၀) ရာခိုင်နှုန်းစီရှိ။ (၅) သည် ဘဝ၏ သုခစံမြန်းရာအေးရိပ်သာ။ ကောင်းအား (၇၅) ရာခိုင်နှုန်း။ ဆိုးအား (၅)ရာခိုင်နှုန်းရှိ။ (၆) ကျန်းမာချမ်းသာချိန်။ ဆိုးအားနည်း ကောင်းအားများ။ (၀) ဘဝ၏ တည်ငြိမ်အေးချမ်းမှု၊ ကောင်းအားပြည့်ဝ၊ ဆိုးအားနည်း။

တွက်နည်းလွယ်သည်။ နံသင့်ဂဏန်းမှစပြီး တစ်ခုစီ တိုးချသွားရသည်။ ထိုကိန်းကို ရုပ်ပိုင်းဇနကကိန်းဟု ခေါ်သည်။ တနင်္ဂနွေသားသမီးဆို ၁၊ ၃၊ ၅။ အစဉ်အတိုင်းချသွားပါ။ ရုပ်ခန္ဓာ၏ တိုးတက်၊ ဆုတ်ယုတ်မှုအဖြေရှာကြည့်ပါလေ။

နာမ်စိတ်ပိုင်းဇနကကိန်းသည် စိတ်ချမ်းသာ၊ ဆင်းရဲမှုကို တိုင်းတာကောက်ယူခြင်း ဖြစ်သည်။ အထက်က ရုပ်ကိန်းနှင့်ညှိ၍ မည်သည့်နှစ်ကာလတွင် စိတ်ရောကိုယ်ပါ သုခပြည့်မည်၊ ဒုက္ခတွေ့မည် အဖြေရှာကြည့်ပြီး သုံးသပ်ပါ။ ဤကိန်းတွင် နာမည်ကို သာကောက်ရပါမည်။ ဥပမာ ခင်ခင်ဝင်းဆိုလျှင် ၂+၂+၄=၈ ရလိမ့်မည်။ ၎င်း (၈) ကို စတင်ချလိုက်ပြီး တစ်ခုစီ ထပ်တိုးချသွားပါ။

ဤကိန်းကို အဘိဓမ္မာ(၇)ကျမ်းမှလာသော မာတိကာဓာတုကထာကျမ်းမှ ထုတ်နုတ်ပြီး ဟောကိန်းဆင်ထားခြင်း ဖြစ်ပါသည်။ အဘိဓမ္မာ (၇) ကျမ်းကို ဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအား ဦးစီးပြု၍ တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလပတ်လုံး (၇) ဝါမြောက်ဝါကပ်ဟောခဲ့ရာတွင်-

မဟ္မသင်ဝိဘင်္ဂ ဒွါဒသရက်စီ<br>
ခြောက်ရက်ကြာ ကျမ်းဓာတုရယ်<br>
နှင့်၊<br>
ပုဂ္ဂလာခုနစ်ရက်၊ ဟောမြွက်ခဲ့<br>
သည်၊<br>
ကထာဝတ်ရက်ရှစ်ညီ၊<br>
ပဋ္ဌာဝီပဋ္ဌာနရယ်လို့<br>
လသုံးလီ မယ်တော်'မိ'ကိုကွယ်<br>
ဟောသည့်ရက်တမ်း။

ဟု စာကဗျာနှင့် သီကုံးစပ်ဆိုထားကြပါသည်။ ထို (၇) ကျမ်းတွင် ခြောက်ရက်ကြာဟောခဲ့သော မာတိကာဓာတုကထာကျမ်းမှ ကုသလတိကကိုယူခြင်း ဖြစ်ပါသည်။ တိက ဆိုသည်မှာ သုံးမျိုးစီခွဲခြားဟောပြခြင်း ဖြစ်သည်။ တိကကို တိက်ဟု ခေါ်ပါသည်။ ကုသလ၊ အကုသလ၊ အဗျာကတဟု ဤတိက်၌ သုံးမျိုးမှာ (၁) ကုသလာဓမ္မာ-ကောင်းမြတ်ချမ်းသာကျက်သရေမင်္ဂလာပြည့်ဝသောအခါ၊ ကောင်းစံကာလဟု အတိုမှတ်ထားပါ။ (၂) အကုသလာဓမ္မာ-မကောင်းညံ့ချာ မကျန်းမာ၍ ပူဗျာဒုက္ခပွေသောအခါ၊ ဆိုးစံကာလဟု အတိုမှတ်ထားပါ။ (၃) အဗျာကထာဓမ္မာ - ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်မမည် အဗျာကတဖြစ်၍ ကောင်းပြီးတိုးတက်မယ့်ကာလလည်း မဟုတ် သလို မကောင်းပြီး ဆုတ်ယုတ်မယ့်အခါလည်းမကျဘဲ သာမန်အကျိုးပေးနေတဲ့အချိန် ဖြစ်ပါသည်။

တွက်နည်းက သတ်မှတ်ချက်ရှိသည်။

ရုပ်ကုသလတိကကိန်းမှာ တနင်္ဂနွေသားသမီးများ (၄)မှစပြီး (၄၊ ၅၊ ၆) ကုသလ။ (၇၊ ၈၊ ၉) အကုသလ။ (၁၀၊ ၁၁၊ ၁၂) အဗျာကတဟု အစဉ်လိုက်ချသွားပါ။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးသားသမီးများဆိုလျှင် (၅) မှစပြီး (၅၊ ၆၊ ၇) ကုသလ၊ (၈၊ ၉၊ ၁၀) အကုသလ၊ (၁၁၊ ၁၂၊ ၁၃) အဗျာကတဟုဆက်စဉ်သွားပါ။အင်္ဂါသားသမီးများ (၆) မှစပြီး (၆၊ ၇၊ ၈) ကုသလ၊ (၉၊ ၁၀၊ ၁၁) အကုသလ၊ (၁၂၊ ၁၃၊ ၁၄) အဗျာကတဟု စီသွားပါ။ သောကြာသားသမီးများ (၈) မှစ၍ (၈၊ ၉၊ ၁၀) ကုသလ၊ (၁၁၊ ၁၂၊ ၁၃) အကုသလ၊ (၁၄၊ ၁၅၊ ၁၆) အဗျာကတဟု ဆက်ရေသွားပါ။ စနေသားသမီးများ (၇) မှစပြီး (၇၊ ၈၊ ၉) ကုသလ၊ (၁၀၊ ၁၁၊ ၁၂) အကုလ၊ (၁၃၊ ၁၄၊ ၁၅) အဗျာကတဟု စဉ်ရေသွားရပါလိမ့်မည်။

နာမ်ကိန်းသည် ဇနကကိန်းကဲ့သို့ နာမည်မှ နံသင့်ဂဏန်းကို အစဉ်အတိုင်း ချမှတ်သွားရပါမည်။ ရုပ်ကိန်းက အကုသိုလ်ဆိုးခံကာလ၊ နာမ်ကိန်းကလည်း ၎င်းကိန်းပါထပ်ကျနေလျှင် ကိုယ်ရောစိတ်ပါ ဆင်းရဲပိုပါလိမ့်မည်။ ရုပ်ကိန်း၊ နာမ်ကိန်းကုသိုလ်ကောင်းစံ ဆိုသော် ကိုယ်ရောစိတ်ပါ ချမ်းသာမည်။ ထိုသို့မှုလီသွင်း၍ ကောက်ယူ ဟောပြပါလေ။ နာမည် သူဇာလွင် ၆+၃+၄= ၁၃ စချရမည်။ (ယ-ရ-ရာဟုကို ၈ ယူ၊ လာ-ဗုဒ္ဓဟူးကို ၄ ယူပါ။)

**မဟာဝိသုဒ္ဓလက္ခဏာကိန်း**

ဤကိန်းဟော လက်ာတစ်ပိုဒ်ကို ပြီးခဲ့သော ဆောင်းပါးထဲ၌ နမူနာရေးသားပြခဲ့ဖူးပါသည်။

ထို့ကြောင့် အထူးမရေးသားတော့ပါ။ အသက်ကိုတည် (၄၇)စား



www.burmeseclassic.com

www.burmeseclassic.com

## နှာမ်ပိုင်းဇနကကိန်း (ခင်ခင်ဝင်း)

| တည် | လွှင့် | ပျက် | ကျော့က် | ထီး | နန်း | ရှာန် |
|---|---|---|---|---|---|---|
| ၈ | ၁၀ | ၁၂ | ၁၄ | ၁၆ | ၁၈ | ၂၀ |
| ၂၂ | ၂၄ | ၂၆ | ၂၈ | ၃၀ | ၃၂ | ၃၄ |
| ၃၆ | ၃၈ | ၄၀ | ၄၂ | ၄၄ | ၄၆ | ၄၈ |
| ၅၀ | ၅၂ | ၅၄ | ၅၆ | ၅၈ | ၆၀ | ၆၂ |
| ၆၄ | ၆၆ | ၆၈ | ၇၀ | ၇၂ | ၇၄ | ၇၆ |
| ၇၈ | ၈၀ | ၈၂ | ၈၄ | ၈၆ | ၈၈ | ၈၃ |

အကြွင်းအလိုက် လက်ာကြည့်မှတ်သောနည်း ဖြစ်သည်။ နောက် အရင်ဟောကိန်းလို အသက်၊ နာမည်၊ မွေးနံသုံးခုပေါင်းပြီး (၇)နှင့်စား၍လည်း အသုံးပြုနိုင်ပါသည်။ မည်သည့်နည်းက မှန်သည်၊ မှားသည်ကို ကိုယ်တိုင် အဖြေရှာကြည့် ဝေဖန်ကြပါလေ။

(၁) ကြွင်းမှာ တေမိမင်းသားသည် ခမည်းတော်၊ မယ်တော်တို့အား တရားဟောသောအခန်းကို ညွှန်းပါသည်။

လင်္ကာ-

အလောင်းတော်မြတ်တေမိ၊
မှတ်စေဘိကိန်းသာ၊
ဇာတ်ဖွေညီကြိမ်းအလာ၊
တိမ်းမကွာစေရ။
ရွှေပြည်မြတ်ထွက်ခန်းဝါကို၊
မင်္ဂလာလမ်းရှာတောသို့ဝင်ကြ။
အိုးအိမ်ပစ် လှမ်းကာခွာသည်။
ချမ်းသာရာဌာန။
မှန်းရာဟာတစ်ခါကျသည်သို့၊
ပမာဏကိုယ့်ကို။
မများထင်ကြင်သူပစ်ကြလို့။
ပြင်လူသစ်ပေါင်းလေပေါ့ဆို။
မြောက်ရပ်က ဖျက်ဆီးပိုသည်၊
သက်မီးလို ဖိုကြွဖို့၊
ပျို့အလှကွင်းလို့ဖယ်၊
ငြင်းစို့ထင့်ကွယ်။
တရားရ ဤလနှယ်၊ သီလသယ်
(သည်)လုပ်ခန်းပလေ့။

(၂)ကြွင်း ဟောကိန်းမှာ ဂဠုန်မင်း၊ နဂါးမင်း၊ သိကြားမင်းနှင့် ကောရဗျမင်းတို့ အလံထူ၍ သီလချင်းပြိုင်ဆိုင်ကြသောအခန်းကို ညွှန်းပါသည်။

လင်္ကာ-

ပြည်ဇမ္ဗူလောကတ္တ၊
ကောရဗ္ဗကြိမ်းပါ၊
ဟောအပ်စွကိန်းလာဝယ်၊
တိမ်းမကွာစေရ။
ယိုမယုတ်စီးပွားနေမှာ၊
ကြီးမားချေပေးခွင့်ပေပ။
စောင့်သီလ လက်မကွာလျှင်၊
အနဂ္ဂါတေဇ။
ပျက်ပါရင်ဆွေအလှ၊
ဝေဒနာ့ရောက်ရာ။
နောက်နှင့်တောင်ဧသန်ရပ်ဆီက၊
ကေဆံဖြစ်နှောင့်ယှက်မည်သာ။
ခိုကိုးတော့ နေ့သောကြာကို၊
တွေ့ထောက်ကာ အမှန်ရပါလိမ့်၊
နံအင်္ဂါ၊ စနေဂြိုဟ်၊
ဆည်းကပ်ဖို့လို၊
သောရီနတ် စသွယ်ကြိုသည်၊
မ,မယ်ဆို စောင့်တုန်းပ့ါလေး။

(၃)ကြွင်းဟောကိန်းမှာ ဒုကုလနှင့် ပါရိက သားသုဝဏ္ဏသျှမ် ရွှေအိုးထမ်း၍လာသောအခန်းကို ညွှန်းပါသည်။

လင်္ကာ-

မင်းဒုကူမယ်ပါရိငယ်ဇာတိခြိုးခြံ
နွယ်သာကိုတန်ခိုးမှန်။
အဖိုးတန်ရငြား။
ပူဒုက္ခတစ်ဖန်ကြွယ်၊
အမှန်တကယ် ထူး၍ဆင့်ပွား၊
ငါသာ သိကြားလာသည်၊ သနားစွာချင့်ထား။
စကားလျှာဖွင့်ကြားလို့၊
အင်အားလိုက်လျော့စွာ။
စက္ခုမှာဝေဖြိုး၊
သားရွှေအိုး ထမ်းလျက် ရောက်လာ။
ကျိန်းအလိုက်ကိန်းဆိုက်ပါတယ်။
တိမ်းစိုက်ရာကွာဝေးလို့။
ကြာမနှေးမှန်းရာစုံ၊
ချမ်းသာမည်ပုံ၊
ဇာတိကခေတ်ဖြင့်ကြုံပြီ၊
လှစ်ဖွင့်စုံရွှေထီးပ့ါလေး။

(၄) ခုကြွင်းအဟောမှာ ပုဏ္ဏကဘီလူးက ဝိဒူရအမတ်ကြီးအား မြင်းဖြင့် သယ်ဆောင်သွားပြီး တောင်စောင်းနှင့်တိုက်သောအခန်းကို ညွှန်း

## ကုသလတိကရုပ်ကိန်း (တနင်္ဂနွေ)

| | | | | | | |
|---|---|---|---|---|---|---|
| ၄၊၅၊၆<br>၅၈၊၅၉၊၆၀ | ၁၃၊၁၄၊၁၅<br>၆၇၊၆၈၊၆၉ | ၂၂၊၂၃၊၂၄<br>၇၆၊၇၇၊၇၈ | ၃၁၊၃၂၊၃၃<br>၈၅၊၈၆၊၈၇ | ၄၀၊၄၁၊၄၂ | ၄၉၊၅၀၊၅၁ | ကုသလာဓမ္မာ ကောင်းစံကာလ အသက်ပိုင်းများ |
| ၇၊၈၊၉<br>၆၁၊၆၂၊၆၃ | ၁၆၊၁၇၊၁၈<br>၇၀၊၇၁၊၇၂ | ၂၅၊၂၆၊၂၇<br>၇၉၊၈၀၊၈၁ | ၃၄၊၃၅၊၃၆<br>၈၈၊၈၉၊၉၀ | ၄၃၊၄၄၊၄၅ | ၅၂၊၅၃၊၅၄ | အကုသလာဓမ္မာ ဆိုးခံကာလ အသက်ပိုင်းများ |
| ၁၀၊၁၁၊၁၂<br>၆၄၊၆၅၊၆၆ | ၁၉၊၂၀၊၂၁<br>၇၃၊၇၄၊၇၅ | ၂၈၊၂၉၊၃၀<br>၈၂၊၈၃၊၈၄ | ၃၇၊၃၈၊၃၉<br>၉၁၊၉၂၊၉၃ | ၄၆၊၄၇၊၄၈ | ၅၅၊၅၆၊၅၇ | အဗျာကတာဓမ္မာ သာမန်အကျိုးပြုကာလ အသက်ပိုင်းများ |



www.burmeseclassic.com

www.burmeseclassic.com

## ကုသလတိကရုပ်ကိန်း (တနင်္လာ၊ ဗုဒ္ဓဟူး ကြာသပတေး)

| | | | | | |
|---|---|---|---|---|---|
| အသက်- ၅၊၆၊၇<br>၅၀၊၅၁၊၅၂ | ၁၄၊၁၅၊၁၆<br>၅၉၊၆၀၊၆၁ | ၂၃၊၂၄၊၂၅<br>၆၈၊၆၉၊၇၀ | ၃၂၊၃၃၊၃၄<br>၇၇၊၇၈၊၇၉ | ၄၁၊၄၂၊၄၃<br>၈၆၊၈၇၊၈၈ | ကုသလာဓမ္မာ ကောင်းစံကာလ အသက်ပိုင်းများ |
| ၈၊၉၊၁၀<br>၅၃၊၅၄၊၅၅ | ၁၇၊၁၈၊၁၉<br>၆၂၊၆၃၊၆၄ | ၂၆၊၂၇၊၂၈<br>၇၁၊၇၂၊၇၃ | ၃၅၊၃၆၊၃၇<br>၈၀၊၈၁၊၈၂ | ၄၄၊၄၅၊၄၆<br>၈၉၊၉၀၊၉၁ | အကုသလာဓမ္မာ ဆိုးခံကာလ အသက်ပိုင်းများ |
| ၁၁၊၁၂၊၁၃<br>၅၆၊၅၇၊၅၈ | ၂၀၊၂၁၊၂၂<br>၆၅၊၆၆၊၆၇ | ၂၉၊၃၀၊၃၁<br>၇၄၊၇၅၊၇၆ | ၃၈၊၃၉၊၄၀<br>၈၃၊၈၄၊၈၅ | ၄၇၊၄၈၊၄၉<br>၉၂၊၉၃၊၉၄ | အဗျာကတာဓမ္မာ သာမန်အကျိုးပြုကာလ အသက်ပိုင်းများ |

## ကုသလတိကရုပ်ကိန်း (အင်္ဂါသားသမီးများ)

| | | | | | | |
|---|---|---|---|---|---|---|
| ၆၊၇၊၈<br>၆၀၊၆၁၊၆၂ | ၁၅၊၁၆၊၁၇<br>၆၉၊၇၀၊၇၁ | ၂၄၊၂၅၊၂၆<br>၇၈၊၇၉၊၈၀ | ၃၃၊၃၄၊၃၅<br>၈၇၊၈၈၊၈၉ | ၄၂၊၄၃၊၄၄ | ၅၁၊၅၂၊၅၃ | ကုသလာဓမ္မာ ကောင်းစံကာလ အသက်ပိုင်းများ |
| ၉၊၁၀၊၁၁<br>၆၃၊၆၄၊၆၅ | ၁၈၊၁၉၊၂၀<br>၇၂၊၇၃၊၇၄ | ၂၇၊၂၈၊၂၉<br>၈၁၊၈၂၊၈၃ | ၃၆၊၃၇၊၃၈<br>၉၀၊၉၁၊၉၂ | ၄၅၊၄၆၊၄၇ | ၅၄၊၅၅၊၅၆ | အကုသလာဓမ္မာ ဆိုးခံကာလ အသက်ပိုင်းများ |
| ၁၂၊၁၃၊၁၄<br>၆၆၊၆၇၊၆၈ | ၂၁၊၂၂၊၂၃<br>၇၅၊၇၆၊၇၇ | ၃၀၊၃၁၊၃၂<br>၈၄၊၈၅၊၈၆ | ၃၉၊၄၀၊၄၁<br>၉၃၊၉၄၊၉၅ | ၄၈၊၄၉၊၅၀ | ၅၇၊၅၈၊၅၉ | အဗျာကတာဓမ္မာ သာမန်အကျိုးပြုကာလ အသက်ပိုင်းများ |

## ကုသလတိကရုပ်ကိန်း (သောကြာသားသမီးများ)

| | | | | | |
|---|---|---|---|---|---|
| ၈၊၉၊၁၀ | ၁၇၊၁၈၊၁၉ | ၂၆၊၂၇၊၂၈ | ၃၅၊၃၆၊၃၇<br>၅၃၊၅၄၊၅၅ | ၄၄၊၄၅၊၄၆<br>၆၂၊၆၃၊၆၄ | ကုသလာဓမ္မာ ကောင်းစံကာလ အသက်ပိုင်းများ |
| ၁၁၊၁၂၊၁၃ | ၂၀၊၂၁၊၂၂ | ၂၉၊၃၀၊၃၁ | ၃၈၊၃၉၊၄၀<br>၅၆၊၅၇၊၅၈ | ၄၇၊၄၈၊၄၉<br>၆၅၊၆၆၊၆၇ | အကုသလာဓမ္မာ ဆိုးခံကာလ အသက်ပိုင်းများ |
| ၁၄၊၁၅၊၁၆ | ၂၃၊၂၄၊၂၅ | ၃၂၊၃၃၊၃၄ | ၄၁၊၄၂၊၄၃<br>၅၉၊၆၀၊၆၁ | ၅၀၊၅၁၊၅၂<br>၆၈၊၆၉၊၇၀ | အဗျာကတာဓမ္မာ သာမန်အကျိုးပြုကာလ အသက်ပိုင်းများ |

## ကုသလတိကရုပ်ကိန်း (စနေသားသမီးများ)

| | | | | | | |
|---|---|---|---|---|---|---|
| ၇၊၈၊၉<br>၆၁၊၆၂၊၆၃ | ၁၆၊၁၇၊၁၈<br>၇၀၊၇၁၊၇၂ | ၂၅၊၂၆၊၂၇<br>၇၉၊၈၀၊၈၁ | ၃၄၊၃၅၊၃၆<br>၈၈၊၈၉၊၉၀ | ၄၃၊၄၄၊၄၅ | ၅၂၊၅၃၊၅၄ | ကုသလာဓမ္မာ ကောင်းစံကာလ အသက်ပိုင်းများ |
| ၁၀၊၁၁၊၁၂<br>၆၄၊၆၅၊၆၆ | ၁၉၊၂၀၊၂၁<br>၇၃၊၇၄၊၇၅ | ၂၈၊၂၉၊ ၃၀<br>၈၂၊၈၃၊၈၄ | ၃၇၊၃၈၊၃၉ | ၄၆၊၄၇၊၄၈ | ၅၅၊၅၆၊၅၇ | အကုသလာဓမ္မာ ဆိုးခံကာလ အသက်ပိုင်းများ |
| ၁၃၊၁၄၊၁၅<br>၆၇၊၆၈၊၆၉ | ၂၂၊၂၃၊၂၄<br>၇၆၊၇၇၊၇၈ | ၃၁၊၃၂၊၃၃<br>၈၅၊၈၆၊၈၇ | ၄၀၊၄၁၊၄၂ | ၄၉၊၅၀၊၅၁ | ၅၈၊၅၉၊၆၀ | အဗျာကတာဓမ္မာ သာမန်အကျိုးပြုကာလ အသက်ပိုင်းများ |



www.burmeseclassic.com

www.burmeseclassic.com

ကုသလတိကနှာမ်ကိန်း (သူဇာလွင်)

| | | | | | |
|---|---|---|---|---|---|
| ၁၃၊၁၄၊၁၅ | ၂၂၊၂၃၊၂၄ | ၃၁၊၃၂၊၃၃<br>၅၈၊၅၉၊၆၀ | ၄၀၊၄၁၊၄၂<br>၆၇၊၆၈၊၆၉ | ၄၉၊၅၀၊၅၁<br>၇၆၊၇၇၊၇၈ | ကုသလာဓမ္မာ<br>ကောင်းစံကာလ<br>အသက်ပိုင်းများ |
| ၁၆၊၁၇၊၁၈ | ၂၅၊၂၆၊၂၇ | ၃၄၊၃၅၊၃၆<br>၆၁၊၆၂၊၆၃ | ၄၃၊၄၄၊၄၅<br>၇၀၊၇၁၊၇၂ | ၅၂၊၅၃၊၅၄<br>၇၉၊၈၀၊၈၁ | အကုသလာဓမ္မာ<br>ဆိုးခံကာလ<br>အသက်ပိုင်းများ |
| ၁၉၊၂၀၊၂၁ | ၂၈၊၂၉၊၃၀ | ၃၇၊၃၈၊၃၉<br>၆၄၊၆၅၊၆၆ | ၄၆၊၄၇၊၄၈<br>၇၃၊၇၄၊၇၅ | ၅၅၊၅၆၊၅၇<br>၈၂၊၈၃၊၈၄ | အဗျာကတာဓမ္မာ<br>သာမန်အကျိုးပြုကာလ<br>အသက်ပိုင်းများ |

ဆိုပါသည်။

**လင်္ကာ-**

ကံအကုန်ိုပ်စက်လို့၊ စိတ်မျက်ဖို့
ကြီးအောင်၊
ထိပ်တက်ဆို့ မီးလောင်သည်၊
ညီးညီးပြောင်တောက်ပွား။
ဇာတာညှို့အဟောကြုံပြီ၊
သဘောပုံတွေးလို့သနား။
ဘုရားနှင့်သိကြားကယ်ပါ၊
ပွားမကျယ်စကား။
များအလယ်တခြားမို့၊
တရားနှင့်နှိုင်းယှဉ်။
မြတ်ဝိဒူဂုဏ်မကြွေသာဘူး၊
ပုဏ္ဏကမြင်းမိုက်နှင့်နှင်။
လောင်းဗုဒ္ဓ ထွန်းတင်ဆောင်၊
မလွတ်ရှောင်သေငြားလို့၊ ထွေ
ပြား တဲ့မှုအနေ၊ တွေးရှုသံဝေ။
ဘေးယခု ပျက်ပစေဆို၊
လက္ခဏာကျရင်းမို့လေး။

(၅) ကြွင်းအဟောမှာ နေမိမင်းကြီးအား မာတလိနတ်သားက နတ်ပြည်သို့ တင်ဆောင်သောအခန်းကို ညွှန်းဆိုထားပါသည်။

**လင်္ကာ-**

ကောင်းရာမှာ ကောင်းကာဆင့်၊
ကောင်းလာခွင့်ကျိန်းကြုံ။
ကောင်းရှာခြင်း ကိန်းအဟုံတွင်၊
ကိန်းအစုံလွှံလို့။
ကောင်းမချို့ ကောင်းဖို့တွေမှာ၊
ကောင်းတိုးဝေကဲကြပါစို့။
ကောင်းသမျှ ကောင်းညွတ်ဝင်
အောင်၊ ကောင်းလွတ်စင်ဟာမို့။
ကောင်းထွန်းတင် ပဏ္ဍာကြို့ကြရ၊
ပမာသို့ထူးစွာ။
နေမိဆွေစကြာမောင်းပါလို့၊
ထွက်လာကြောင်းကောင်းတဲ့ မူ
ရာ။
ကောင်းအချက်ကောင်းတက်ကွာ
သည်၊ ကောင်းထက်သာ ဆို
ကောင်းလို့နဂိုကောင်းတံဦးထင်၊
ဆိုးဖို့မမြင်။
ဇာတာမြတ် ကောင်းဟိတ်ရှင်
ရယ်၊
လောင်းထိပ်တင်လွန်ကဲလို့လေး။

(၆) ခုကြွင်း အဟောမှာ ဘူရိဒတ်နဂါးမင်းကို အလမ္ပာယ်ဆရာ ဖမ်းမိသောအခန်းကို ညွှန်းဆိုသည်။

**လင်္ကာ-**

အလောင်းတော်ရေနာဂ၊ မြွေရာ
ဇလေးစွာ၊ ပြေ (ပြည်) ဌာနဝေး
ကွာသည်၊ အေးစရာမရှိ။
ဒေဝဒတ်လက်ထဲကြုံပြီ၊
ခက်ခဲပုံဘေးတွေကာဖိ။
သည်ကိန်းရောက်အခါဆိုင်ညီ၊
ဇာတာတိုင်နေမထိ။
ကြမ္မာယိုင်ခွေအိသို့၊ ကြွေမချိ
သည်းမှာ၊ မှီခိုသူ ယခုမှားပါလို့၊
အမှုအားများမည့်မကြာ။
ကျွဲပျောက်နှင့်ကျွန်ကွာ၊
လွန်တရာရှုပ်ထွေး၍၊ နှုတ်ရေး
ကြောင့် ရန်ခိုက်မြင်၊
ထိန်းစောင့်စေချင်
သူနှိမ်စက်ကံစဝင်သည်၊
ခံရအနှင်လွတ်ခဲလိမ့်လေး။

(၇) ကြွင်း အဟောမှာ အင်္ဂုလိမာလ လူသတ်သမားကြီး၌ အန္တရာယ်မကျရောက်စေရန် မိခင်ကလိုက်၍သွားသောအခန်းကို ညွှန်းပါသည်။

**လင်္ကာ-**

ကံကုသိုလ်မတည့်ခိုက်၊
အရွဲ့တိုက်ပစ်မယ်၊တကယ့်ထိုက်
ခေတ်အလယ်မှာ၊ မြစ်သဖွယ်
ယိုစီး။
နေ့ရက်ဆက်ငွေကြေးကုန်သည်၊
ပေဆွေးပုံမီးတောက်ကကြီး၊
ကပ်ရောဂါထက်ကြွပ်မှီသည်၊
သတ်ဖြတ်မည်အနီး။
ဆက်စပ်ညီအကြီးဟု၊ တသီးပ
ထိုသူ၊ ပျောက်မပြေ ကြောက်ပေ
ကြလေတော့၊ နောက်မွေ့စကင်း
လို့ မပြူ။
မှုဒုက္ခစစထူပြီ။ တစ်လပူ ငန့်ရေး
ပ၊ ပျံ့မွှေး၍သတင်းလာ၊
ကောင်းရမည်သာ။
စောင့်သီလကိုယ်မကွာလျှင်၊
ဆိုစရာ လွတ်ကင်းလိမ့်လေး။

စလေ ဆရာကြီး ဦးပုည၏ အဟောတေးထပ်မှာ ဤတွင် ဆုံးပါပြီ။ လင်္ကာတို့ကို ဉာဏ်ချဲ့အဖြေရှာရင်း ဘဝအလင်းအား မြင်နိုင်ကြပါစေ။

ဆက်လက်ပြီး တိမ်မြုပ်နေသော ဇာတ်နိပါတ် ပိဋကတ်တော်လာ ဗေဒင်ကိန်းများကို ရှာဖွေရသမျှ တင်ပြပါဦးမည်။

နေဝင်ဒွာ



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

**ဆရာဒလမင်းခေါင်**

*(ယခင်လမှအဆက်)*

**သရဂဏန်း၏ စိတ်တွင်းဖော်ပြချက် တစ်နည်း စိတ်ဝိညာဉ်တွန်းအား (နာမ်ပိုင်းဆိုင်ရာ သရဂဏန်းဖော်ပြချက်)**

**(VOWEL NUMEROLOGY TABLE OF YOUR HEART'S DESIRE OR SOUL'S URGE)**

**သရ (၁) ဂဏန်း**

လွတ်လွတ်လပ်လပ် ရွေးချယ်လှုပ်ရှား ဆောင်ရွက်စိတ် ရှိသည်။ နယ်ပယ်သစ်၊ ကဏ္ဍသစ် ရှာဖွေလိုစိတ်ရှိသည်။ အသစ်သစ်ရှာဖွေရသည်ကို နှစ်သက်သည်။ ဖန်တီးတီထွင်လိုသည်။ အရင်းကျကျ ဆောင်ရွက်တတ်သည်။ ရည်မှန်းချက် ကြီးကြီးမားမားထားရှိသည်။ ကြီးပွားချမ်းသာလိုသည်။ ဦးစီးခေါင်းဆောင် ဖြစ်လိုသည်။ တစ်ကိုယ်ကောင်းဆန်၍ ဝေဖန်ပြစ်တင်တတ်သည်။ဘဝင်မြင့်၍ နိုင်ထက်ကလူ ပြုမူတတ်သည်။ လုပ်ငန်းကြီးကြီးလုပ်ကိုင်လိုသည်။ အသေးစိတ်ကို သူများကို ခိုင်းတတ်သည်။ အတတ်ပညာကို ဦးစားပေးတတ်၍ ရိုးသားသစ္စာရှိသူ ဖြစ်သည်။ သရ (၁) ဂဏန်းသည် စိတ်လည်းမရှည်၊ သည်းမခံတတ်၊ ဆက်ဆံရေးညံ့သည်။ အမြင်ကျဉ်းသည်။ (ထိုအချက်များ ပြုပြင်နိုင်အောင် ကြိုးစားသင့်သည်။)

**သရ (၂) ဂဏန်း**

သဟဇာငြိမ်းချမ်းမှုနှင့် အမှန်တရား လိုလားသူ ဖြစ်သည်။ တေးဂီတနှင့် အနုပညာကို မြတ်နိုးသူ ဖြစ်သည်။ အကယ်၍ နာမည်တွင် (၆) ဂဏန်းတစ်လုံး ပေါ်လွင်ထင်ရှားပါက စကားပြောကောင်းသူ ဖြစ်သည်။ ယဉ်ကျေး သိမ်မွေ့၍ မရိုင်းပျ။ စိတ်ထိခိုက်လွယ်သည်။ ခံစားချက်လည်း ပြင်းထန်တတ်သည်။ တခြားသူများ ဦးဆောင်ရာနောက်ကို လိုက်သည်။ ဆက်ဆံရေးကောင်းသည်။ နောက်ကထောက်ခံအားပေးသည်။ အများကို ဆွဲဆောင်နိုင်၍ လူအများ၏ ချစ်ခင်လေးစားခံရသည်။ ဆန့်ကျင်ဘက်လိင်ကိုနှစ်သက်သည်။ စည်းကမ်းမရှိတတ်၊ ပျော့ညံ့၍ သူတစ်ပါး အနိုင်ကျင့်ခံရသည်။ ရည်မှန်းချက်ကြီးကြီး မရှိသူ ဖြစ်သည်။ ပညာစုံအောင် ဆည်းပူးတတ်သည်။ တစ်ခါတစ်ခါ စိတ်စွမ်းရည်ထူးပေါ်တတ်သည်။ (၂) သရဂဏန်းသမားများ တိကျပြတ်သားသော ရည်မှန်းချက်ထားရန် လိုသည်။

**သရ (၃) ဂဏန်း**

စကားပြောခြင်း၊ စာရေးခြင်း၊ လှုပ်ရှားမှုများတွင် ပေါ်လွင်အောင် လုပ်တတ်သည်။ အဖွဲ့အစည်း၊ မိတ်ဆွေ၊ ပျော်ပွဲရွှင်ပွဲကို နှစ်သက်သည်။ ရည်မှန်းချက်ကြီးမား၍ လွတ်လပ်မှုကို လိုလားသည်။ မကြောက်တတ်။ လေးလေးနက်နက် စဉ်းစားတွေးခေါ်တတ်ပြီး အသိပညာကို ရှာမှီးတတ်သူ ဖြစ်သည်။ အသေးစိတ်လုပ်ခြင်း၊ ဖြည်းဖြည်းမှန်မှန်လုပ်ခြင်းကို သဘောမကျ။

ထိုးထွင်းသိမြင်၍ စိတ်ကူးစိတ်သန်းကောင်းသည်။ အနုပညာဉာဏ်ရှိပြီး အရောင်အသွေးကို ခံစားရာတွင်ကောင်းသည်။ ပင်ကိုအရည်အသွေးကောင်း၍ ဘက်စုံတော်သူ ဖြစ်သည်။ ကလေးနှင့် တိရစ္ဆာန်ကို ချစ်တတ်သည်။ အစွဲအလမ်းကြီးသူဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ (၃)သရဂဏန်းသမားများကို သည်းခံစိတ်ရှည် အာရုံစုစည်းနိုင်အောင် ပျိုးထောင်းပေးရမည်။ မိမိ၏ ပင်ကိုစွမ်းရည် မပြန့်ကျဲအောင် စုစည်းထားနိုင်ရမည်။

**သရ (၄) ဂဏန်း**

လက်တွေ့ဆန်၍ ခွဲခြမ်းစိတ်ဖြာတတ်သည်။ ယုံကြည်စိတ်ချပြီး ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိသူ ဖြစ်သည်။ စည်းကမ်းလိုက်နာသူများဖြစ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိ၍ ဇွဲကြီးသည်။ စက်မှုလက်မှုဘက်တွင် ထူးချွန်သည်။ အသေးစိတ်လုပ်ရာတွင် တော်သည်။ အစဉ်အလာလုပ်ရိုးလုပ်စဉ်အလုပ်များတွင် ထူးချွန်သည်။ ရုပ်ပိုင်းကြွယ်ဝမှုကို လိုလားသည်။ အတွေးအခေါ် အမြင်ကျဉ်းသည်။ အမိန့်ပေးခိုင်းတတ်သည်။ စနစ်တကျ ယုတ္တိရှိရှိ လုပ်ဆောင်တတ်သည်။ ဆွဲဆောင်မှု ရှိသော်လည်း မျက်နှာအသွင်အပြင်ကြောင့် မကြာခဏ ဆုတ်ယုတ်ကျဆင်းတတ်သည်။ စည်းကမ်းကြီး၍လက်အောက်ငယ်သားများကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်တတ်သည်။ (၄) သရဂဏန်းများသည် အတွေးအခေါ် အဟောင်းများကို အတွေးအခေါ် သစ်ဖြင့်အစားထိုးရန် လိုအပ်သည်။

**သရ (၅) ဂဏန်း**

အပြောင်းအလဲလုပ်ခြင်း၊ စွန့်စားခြင်း၊ ခရီးသွားခြင်း အသစ်သစ်များကို ပြောင်းလဲရခြင်းကို နှစ်သက်သည်။ စွယ်စုံရသူဖြစ်ပြီး ဆွဲငင်အားကောင်းသည်။ ဆန့်ကျင်ဘက်လိင်များ နှစ်သက်တတ်၍ ဆွဲဆောင်မှုလည်းရှိသည်။ မနားမနေလုပ်တတ်ပြီး စိတ်ကယောင်ချောက်ချား ဖြစ်တတ်သည်။ လွတ်လပ်မှုကို လိုလား၍ စိတ်မြန်တတ်သူ ဖြစ်သည်။ သူတစ်ပါး အလွယ်တကူရောနိုင်သည်။ တွေးခေါ်တတ် ၍ စူးစမ်းမှုကောင်းပြီး ဘဝတိုးတက်မှုပြုတတ်သည်။ စွန့်စားတတ်သည်။ လုပ်ရိုးလုပ်စဉ် အသေးစိတ်အလုပ်ကို မနှစ်သက်။ ထုံးတမ်းစဉ်လာများ ပုံတူကူးချတတ်သူ မဟုတ်ချေ။ (၅) ဂဏန်းသမားများသည် လောင်းကစား၊အရက်သောက်ခြင်းကိုရှောင်ကြဉ်သင့်သည်။ သမာဓိအားကောင်းအောင် လေ့ကျင့်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com

**သရ (၆) ဂဏန်း**

အိမ်နှင့် မိသားစုကို မြတ်နိုးသူ ဖြစ်သည်။ဆရာ၊ လူ့အဖွဲ့အစည်းလုပ်ငန်းများ၊ သူနာပြု စသည်တို့ကို လုပ်လိုသည်။ အခြားသူများကို အကြံပေးတတ်သည်။ အိမ်နှင့် ပတ်ဝန်းကျင်ကို လိုလားလိုအပ်သည်။ တစ်ဦးချင်းထက် အများနှင့်လုပ်ကိုင်ရသည်ကို သဘောကျသည်။ ယုံကြည်အားကိုးထိုက်၍ မိသားစုအရေး အာရုံစိုက်သည်။ အနုပညာ၊ အလှအပတို့ကို မြတ်နိုးသည်။ လူနေမှုအဆင့်မြင့်မြင့် နေလိုသည်။ စည်းစနစ်တကျလုပ်ဆောင်တတ်သည်။ အခြားသူအပေါ် ကူညီစိတ်ရှိ၍ အကူတောင်းက ပေးတတ်သည်။ စကားပြောခြင်း၊ သီချင်းဆိုခြင်းတို့မှာ အသံသြဇာနှင့် ပြည့်သည်။ (၆) သရဂဏန်းသမားများသည် ငြင်းခုံခြင်း၊ ခေါင်းမာခြင်း၊ အခြားသူများကို နှောင့်ယှက်တတ်ခြင်း ရှောင်ကြဉ်ရမည် ဖြစ်သည်။

**သရ (၇) ဂဏန်း**

ဗဟုသုတနှင့် ပညာရှာမှီးခြင်းကို လိုလားသည်။ ပြီးပြည့်စုံသူများ ဖြစ်သည်။ ဆန်းစစ်တတ်ခြင်း၊ ပညာရပ်လေ့လာခြင်း၊ အတွေးအခေါ်များ လိုက်စားတတ်သည်။ အခွင့်အလမ်းစောင့်တတ်သည်။ စိတ်ငြိမ်သက်စေရန် ကမ္မဋ္ဌာန်းအားထုတ်တတ်သည်။ ထိုးဖောက်သိမြင်၍ စိတ်ကူးစိတ်သန်းကောင်းသည်။ သီးသန့်တစ်ဦးတည်းနေတတ်သည်။ သစ်ပင်စိုက်ခြင်းနှင့် တိရစ္ဆာန် စသည် သဘာဝတရားကို မြတ်နိုးသည်။ ဂမ္ဘီရပညာနှင့် တရားဓမ္မကို လေ့လာ လိုက်စားတတ်သည်။

ဆူဆူညံညံနေရခြင်း၊ ငြင်းခုံခြင်းကို မနှစ်သက်။ ကာယအားနှင့် လုပ်ရသောအလုပ် အသေးစိတ်အလုပ်မျိုးကို သဘောမကျ။ အဖွဲ့အစည်းတွင် ထင်ထင်ပေါ်ပေါ် မနေ။ အသိပညာ ဗဟုသုတနှင့် ပြည့်စုံ၍ သိပ္ပံနည်းကျကျ စဉ်းစားတတ်သည်။ အတွေးအခေါ်ကောင်း၍ တရားဓမ္မဘက် စိတ်ဝင်စားသည်။ သရ (၇) ဂဏန်းသမားများသည် တစ်ကိုယ်တည်းနေမှုကို ရှောင်၍ သီးခြားနေထိုင်တတ်အောင် ကြိုးစားရမည်။

**သရ (၈) ဂဏန်း**

စီးပွားရေးလုပ်ငန်းနှင့် အဖွဲ့အစည်းမှာ ဦးဆောင်ရတတ်သည်။ စီမံခန့်ခွဲတတ်၍ နောက်လိုက်မလုပ်တတ်။ အသိပညာဗဟုသုတ ပြည့်စုံ၍ အသေးစိတ် လေ့လာတတ်သည်။ မျှတသည်။ ကိုယ်စွမ်းကိုယ်စရှိ၍ အဆုံးအဖြတ်ကောင်းသည်။ လိမ္မာပါးနပ်သည်။ ကြွယ်ဝချမ်းသာမှုကို လိုလားသည်။ အသေးအဖွဲလုပ်ဆောင်ခြင်းကို မလိုလား။ ကြီးပွားအောင် လုပ်ဆောင်ရခြင်းကို လိုလားသည်။ ခွန်အားကောင်းပြီး ရဲရင့်ကာ အင်တိုက်အားတိုက် လုပ်ဆောင်တတ်သည်။ သရ (၈) ဂဏန်းသမားများသည် အဖွဲ့အစည်းနှင့် လုပ်ဆောင်ရတတ်သည်။ တစ်ခါတစ်ရံ ရှေ့ဆက်လုပ်ရန် စိတ်ဓာတ်အင်အား ကင်းမဲ့တတ်သည်။

**သရ (၉) ဂဏန်း**

အများအရေးကိုစိတ်ဝင်စား၍ ဒုက္ခရောက်သူကို ကူညီတတ်သူ ဖြစ်သည်။ သနားကြင်နာတတ်ပြီး ကိုယ်ချင်းစာတရားရှိသည်။ အနုပညာကို စိတ်ဝင်စားပြီး အများကို ပညာမျှဝေသူ ဖြစ်သည်။ ခရီးသွားခြင်းကို နှစ်သက်သည်။ ဆွဲဆောင်အားရှိပြီး လူတိုင်းပေါ် မေတ္တာထားတတ်ပါသည်။ အကောင်းမြင်သမားဖြစ်၍ လူအများကို ရောဂါဝေဒနာပျောက်ကင်းအောင် မေတ္တာစေတနာနှင့် ကုသပေးလိုသူ ဖြစ်သည်။ဆုလာဘ်ကိုမမျှော်ဘဲ လုပ်ဆောင်တတ်သည်။ တေးဂီတအနုပညာ၊ ပြဇာတ်ကို နှစ်သက်သူ ဖြစ်သည်။ ထူးခြားချက်မှာ အားလုံးအပေါ် မေတ္တာထားတတ်သော မေတ္တာရှင် ဖြစ်သည်။ (၉) ဂဏန်းသမားသည် အတ္တကင်းမဲ့ရန်နှင့် သတ္တဝါအားလုံးအကျိုးအတွက် အလုပ်အကျွေးပြုရန် လုပ်ဆောင်ရမည်။

**(၁၁) သရဂဏန်းထူး**

ထိုးဖောက်သိမြင်၍ စိတ်ကူးကောင်းသည်။ စိတ်စွမ်းအားရှိသည်။ အနာဂတ်ကိုသိမြင်နိုင်သူ ဖြစ်သည်။ ဘာသာရေးလိုက်စားပြီး နာမ်ပိုင်းဘက် အားသန်သည်။ ကိုယ်ကောင်းစာရေးထက် အများကောင်းစာရေးကို လိုလားသူ ဖြစ်သည်။ ဦးစီးဦးဆောင်လုပ်လိုသည်။ အများနှင့်ရောနှောနေထိုင်ပြီး အသိပညာကို ဝေငှပေးသူဖြစ်သည်။ (၁၁) ဂဏန်းသမားများသည် (၂) ဂဏန်း၏ အရည်အသွေးမျိုး ရှိသည်။ သို့သော် (၂)ဂဏန်းများထက်ပို၍ သာလွန်သည်။

**(၂၂) သရအထူးဂဏန်း**

ရုပ်ပိုင်းတိုးတက်မှုမှာ တော်သည်။ လက်တွေ့ရောသဘောတရားပါမျှတသူ ဖြစ်သည်။ ဘက်စုံထူးချွန်ပြောင်မြောက်အောင် လုပ်ဆောင်နိုင်သူ ဖြစ်သည်။ အခြေခံကောင်းပေါ်တွင် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်သူ ဖြစ်သည်။ အနာဂတ်ကို ကြိုတင် သိမြင်နိုင်သည်။ အတွေးအခေါ်ကောင်း၍ သဘာဝကျကျ တွေးခေါ်တတ်သည်။ (၂၂) ဂဏန်းများသည် (၄) ဂဏန်း အရည်အသွေး ပါရှိနေသည်။ သို့သော် မြင့်မားစွာ တွေးကြံနိုင်မှုတွင် ပိုအားကောင်းသည်။

## အခန်း (၅)

## နာမည်ထဲရှိ ဗျည်းစာလုံးများမှ ကိုယ်ရည်ကိုယ်သွေးဆန်းစစ်မှု

**(How to Analyze your Personality as Keyed to Consonants in your Name)**

လူတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးသည် အတွင်းစိတ်နှင့် အပြင်မှသွင်ပြင်ဖြစ်ပြီး အများက မိမိကို ရုပ်၊ အမည်၊ ဝတ်စားဆင်ယင်မှု၊ ပြောဟန်ဆိုဟန် အသံတို့အပေါ် မူတည် ဆုံးဖြတ်ကြသည်။ ကိုယ်ရည်ကိုယ်သွေးသည် အကျင့်စရိုက်၊ အတွင်းစိတ်အပေါ် မူတည်သည်။

တစ်ခါတစ်ရံ အတွင်းစိတ်က အားနည်းပြီး မရိုးဖြောင့်သဘောများ ဖြစ်ပေါ်တတ်သည်။ ရိုးသားမှုနှင့် မျှတမှုသည် အကောင်းဖြစ်စေပြီး အောင်မြင် တိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေသည်။

### အမည်ထဲက ဗျည်းစာလုံးများ၏ အဓိပ္ပာယ်

**(What the consonants in your name mean)**



www.burmeseclassic.com

www.burmeseclassic.com

အမည်တွင်ပါရှိသော ဗျည်းစာလုံးများ၏ ကိုယ်စားပြုဂဏန်းများကို တစ်လုံးတည်းကျန်အောင်ပေါင်းပါ။ ရရှိသောဂဏန်းသည် ကိုယ်ရည်ကိုယ်သွေးကိုဖော်ပြပြီး ကိုယ်ပိုင်ပုံပြဂဏန်းများ ဖြစ်သည်။ ဗျည်းစာလုံးမှ (A.E. I.O.U) ဟူသော သရစာလုံးပယ်၍ ကျန်ရှိသော စာလုံးများကို ဆိုလိုသည်။ ကိုယ်ရည်ကိုယ်သွေးဆိုသည် အများအပေါ် ပြုမူဆက်ဆံမှု၊ အများ၏အမြင်များ ဖြစ်သည်။

**ကိုယ်ရည်ကိုယ်သွေးပြောင်းလဲနည်း**

**(How you can change your personality)**

ကိတ်မုန့်တစ်လုံးတွင် အရာများစွာ ပါသလို လူတစ်ဦးစီ၏ ကိုယ်ရည်ကိုယ်သွေးတွင်လည်း များစွာ ပါဝင်သည်။ကိုယ်တိုင်က မိမိကိုယ်ရည်ကိုယ်သွေးကို မကြိုက်ပါက ပြောင်းပစ်နိုင်သည်။ သရုပ်ဆောင်တစ်ဦး ပရိသတ်ရှေ့တွင် သရုပ်ဆောင်သလို ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး တိုးတက်အောင် ပြုပြင်နိုင်ပါသည်။

ပြုမူဆက်ဆံပုံ၊ တွေးခေါ် မှုပြောဆိုပုံ၊ ဝတ်စားဆင်ယင်ပုံများကို ပြောင်းရမည်။ အခြားသူများ အဆုံးအဖြတ်အတွက် ပြောင်းလဲလိုက်သော အသွင်အပြင်က လှည့်စားနိုင်သည်။ ဤမပြောင်းမီ အများ၏အတွင်းသဘောမှန် စိတ်ထဲက ယူဆချက်ကို သိရန်လိုအပ်သည်။ အောက်ပါ အဖြစ်အပျက်ကို ဖတ်ရှုပါ။

**မေရီ၏ဖြစ်ရပ်**

မေရီ ဆိုသူသည် သူ့ခင်ပွန်း ဘီလ်နှင့် ပတ်သက်၍ ဆွေးနွေးသည်။ မေရီကပြောပြသည်မှာ ဘီလ်ချစ်ရေးဆိုစဉ်က သူ့ရဲ့အသွင်အပြင်မှာ ဆွဲဆောင်မှုရှိသည်။ ထို့ကြောင့်လည်း မေရီက စိတ်ဝင်စားခဲ့သည်။ ဘီလ်သည် အမြဲ ပြုံးပြုံးရွှင်ရွှင်နေတတ်ပြီး မေရီ၏ရုပ်ရည်ကို ချီးမွမ်းပြောဆိုလေ့ရှိသည်။ မေရီလုပ်သမျှ ဘီလ် ကျေနပ်နေတတ်သည်။

လက်ထပ်ပြီးသောအခါ သူမအပေါ် သိမ်သိမ်မွေ့မွေ့ ဆက်ဆံခဲ့သည်။ ယခင်အတိုင်း ချစ်ဖြစ်ပါသည်။ သို့သော် ဘီလ်မှာ တိုးတက်ကြီးပွားမှု မရှိခဲ့။ ဘီလ်သည် အချိန်အားလုံးကို ပဟေဠိဖြည့်ခြင်း၊ ကာတွန်းစာအုပ်ဖတ်ခြင်းတို့ဖြင့် ကုန်ခဲ့သည်။ မေရီ ရုပ်မြင်သံကြားမှ သတင်းများ၊ ဇာတ်လမ်းများကြည့်သောအခါ ဘီလ်လည်း ကြည့်သည်။ ဘီလ်ကို အပြင်းအထန် ဖြစ်တင်ဝေဖန်သော်လည်းမတုန်လှုပ်။ ဘာကြောင့် ဘီလ်ပြောင်းလဲမှုမရှိသလဲကို မေရီ သိချင်သည်။

ဘီလ်၏အမည်ကို တွက်ကြည့်သောအခါ ကိုယ်ရည်ကိုယ်သွေးဂဏန်းဖြစ်သော ဗျည်းအားလုံးဂဏန်းပေါင်းလဒ်က (၁၁)ရပြီး သရဂဏန်း စိတ်၏လိုအင်ဂဏန်းက (၅) ရသည်။

ဘီလ်သည် အိမ်ထောင်ကျပြီးသော်လည်း အပြောင်းအလဲမရှိ။ မေရီအဖို့ ဘီလ်၏ အသွင်အပြင်ကို ကြည့်၍ အကဲခတ်ခြင်းမှာ မှားခဲ့သည်။ စိတ်နှလုံး၏ လိုအင်ဆန္ဒကင်းမဲ့နေ၍ ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြသောဂဏန်းက စိတ်နှလုံးလိုအပ်ချက်ကို ဖော်ပြသောဂဏန်းအား လွှမ်းမိုးထားသည်။ အကယ်၍ အသွင်အပြင်ကို ဖော်ပြသော ကိုယ်ရည်ကိုယ်သွေးဂဏန်းသည် စိတ်နှလုံးလိုအင်ဆန္ဒ ဝိညာဉ်တွန်းအား နာမ်ဂဏန်းထက် အားကောင်းပါက အသွင်အပြင်မှာကောင်းသော်လည်း စိတ်ပျက်စရာဖြစ်သည်။ ဘီလ်၏ နာမ်ပိုင်းဆိုင်ရာ ဂဏန်းဖြစ်သည့် (သရ) ဂဏန်း အားနည်းနေ၍ ရည်ရွယ်ချက်ကင်းမဲ့ကာ တိုးတက်မှုအားနည်းခြင်း ဖြစ်သည်။

**နာမည်ထဲက ဗျည်းစာလုံးဂဏန်းပေါင်းယူခြင်း**

နာမည်အပြည့်အစုံမှ ဗျည်းစာလုံးများကို ရှာယူရမည်။

အဆင့်(၁) ॥ ॥ အက္ခရာများမှ သင်္ချာကိုယ်စားပြုဂဏန်းများရှာပါ။

အဆင့် (၂) ॥ ॥ ဗျည်းများအောက် ကိုယ်စားပြုဂဏန်းများရှာပါ။

အဆင့် (၃) ॥ ॥ ဗျည်းကိုယ်စား ပြုဂဏန်းများ ပေါင်းပါ။

ဥပမာ (၁)

**James Allen Collby** (ဂျိမ်းအလင်ကိုဘီ)ကို တွက်ပါက-

J a m e s + A l l e n + C o l b

1 4 1 + 3 3 5 + 3 3 2

6 + 11 + 15

Jame မှ ဗျည်းဂဏန်းများမှာ J = ၁၊ M = ၄၊ S = ၁ စုစုပေါင်း (၆) ရသည်။ Allen မှ L = ၃၊ L = ၃၊ N = ၅။ စုစုပေါင်း အထူးဂဏန်း (၁၁) ရပါသည်။ Colby မှ ဗျည်း C = ၃၊ L = ၃၊ B = ၂၊ Y = ၇။ စုစုပေါင်း (၆) ရသည်။

ဗျည်းစုစုပေါင်း (၁၁+၆+၆) သို့မဟုတ် (၁၁+၃) ရသည်။ အထူးဂဏန်း (၁၁) ကိုထား၍ (၆+၆=၁၂=၃) ရသည်။ ယင်း (၁၁+၃) ကို တစ်လုံးတည်းကျန်အောင် ထပ်ပေါင်းပါက (၅) ရသည်။ ယင်း (၅) ဂဏန်းသည် သာမန် (၅) ဂဏန်းထက် အားကောင်းသည်။ နာမည်အလုံး (Allen) မှ ရသော (၁၁) ဂဏန်းကို ထပ်မံပေါင်းပါ။ သို့သော် အမည်အားလုံးမှ ဂဏန်းများကို တစ်လုံးတည်းကျန်အောင် ပေါင်းက (၅) ရသည်။

James Allen Colby ၏ ကိုယ်ရည်ကိုယ်သွေး (၅) ၏ အဓိပ္ပာယ်ကို ဖတ်ပါ။

သူ၏ ကိုယ်ရည်ကိုယ်သွေးဂဏန်းမှာ (၁၁ + ၃) ဖြစ်ပါသည်။ ဆန့်ကျင်ဘက်လိင်ကို နှစ်သက်သူဖြစ်သည်။ (၅) ဂဏန်းက မိမိကိုယ်ကို ကောင်းစွာ ဖော်ပြနိုင်သည်။ (၃) ဂဏန်းက လူမှုရေးသိက္ခာထိန်းထားတတ်သည်။ (၁၁) ဂဏန်းက ပရိသတ်ကို ဆွဲဆောင်အားကောင်းသည်။ (၆) ဂဏန်းက မိမိနယ်ကိုကောင်းကောင်းကြီး တည်ဆောက်နိုင်သည်။ (၁၁) ဂဏန်းက အဝတ်အစားကို ကောင်းမွန်စွာ သပ်သပ်ရပ်ရပ်ဝတ်ဆင်တတ်ပြီး နူးညံ့သောရုပ်သွင် ရှိသည်။ (၅) ဂဏန်းက စကားပြောအလွန်ကောင်းသူ ဖြစ်သည်။

(ရှေ့လဆက်ရန်)

ဆရာဒလမင်းခေါင်

Ref;

*Helping Yourself with Numerology. By - Helyn Hitchcock.*



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

စိုးမောင်ရဲ့အသံက လိုတာထက်ပိုကျယ်သွားလို့ အရက်ဆိုင်ထဲကကောင်တွေတောင် ခေါင်းထောင်ကြည့်ကြပါရောလား။ အောင်ထွန်းပြောတဲ့အသံက ဝမ်းနည်းကြေကွဲနေတာမို့ တိုးညင်းတယ် ထင်ရပေမယ့် စိုးမောင် ကြားဖြစ်အောင်ကြားပါတယ်။ ဒါပေမယ့် လုံးဝကို မျှော်လင့်မထားတဲ့စကား ကြားလိုက်ရတာမို့ကြောင့်ပါ။ မူးလက်စ အရက်ရှိန်လေးတောင် ပျောက်ကုန်ရတယ်။

"မလုံးလေး. . . သေရှာပြီကွ စိုးမောင်ရ၊ အဟီး. . ."

တကယ်ဆို စိုးမောင်ထက် အောင်ထွန်းကတောင် ပိုခံစားရမှာပါ။ ဘာလို့လဲဆိုတော့ ငါးရဲ့လုံးအင်းရှာသူ မလုံးလေးဟာ အောင်ထွန်းရဲ့ ရည်းစား၊ အောင်ထွန်းရည်ရွယ်ထားတဲ့မိန်းကလေးမို့လို့ပါပဲ။ မလုံးလေး ဘယ်လိုဆုံးရတာသလဲလို့ မေးတော့ မုန်းချောင်းထဲမှာ ရွှေကျင်နေရာကသူ့ရဲ့သစ်သားဒယ်လေး ရေထဲမျောပါသွားတော့ အဲဒါ လိုက်ဆယ်ရင်းက ရေနစ်သေရတာတဲ့။ တောက်-ကွာ. . ဒါနဲ့ အဲဒီနေ့က မင်းကကော






www.burmeseclassic.com

www.burmeseclassic.com

ချင်းသဂြိုဟ်ကြရတယ်လို့ ဖြစ်ရလေကွာလို့ပြောတော့ အောင်ထွန်းလည်း နဂိုက အရက်မသောက်တဲ့ကောင်၊ အခုတော့ မလုံးလေးစိတ်နဲ့ အရက်သမားကြီးလုံးလုံး ဖြစ်ရပါရောလား။

မှတ်မိသေးတယ်။ စိုးမောင် ဒီအရပ်ကိုရောက်တာ ၁၉၈၅ ခုနှစ် တစ်ဝိုက်လောက်ကပါ။ အောင်ထွန်းက ဒီအရပ်နားရှိတော့ သူ့ရဲ့နေရေးအတွက်စီစဉ်ပေးတဲ့အခါ မင်းဘယ်ရွာမှာနေချင်သလဲ၊ ဘယ်အိမ်မှာနေချင်သလဲစီစဉ်ကြတော့ ကျောင်းရှိတဲ့ရွာမှာမနေဘဲ အေးအေးဆေးဆေး နေချင်တာနဲ့ ဟောဒီ ငါးရံ့လုံးအင်း ရွာကလေးမှာ လိုက်နေခဲ့တာ မဟုတ်လား။ ပြောရရင် ဒီရွာက မလုံးလေးတို့ရွာပေ့ါ။ အဲဒီရွာမှာပဲ စိုးမောင်တို့ အောင်ထွန်းတို့ ဆီစက်၊ ဆန်စက်ထောင်ပြီး နှစ်ယောက်သား ဆန်စက်ဝင်းကြီးထဲနေခဲ့ကြတာရော။ ဒီအရပ်ကိုရောက်ခါစ စိုးမောင် အံ့သြတာက အစောကပြောသလို အသုဘရှိရင် ရက်လည်တဲ့အထိတောင်မကပါဘူး၊ တစ်လ ကိုးသီတင်း၊ တချို့ ပိုက်ဆံရှိတဲ့သူတွေရဲ့အသုဘဆို သုံး၊ လေးလထားပြီးမှ သဂြိုဟ်ကြတာပါ။ အသုဘအလောင်းကောင်ကြီးကို ရွာအပြင်ထုတ်၊ စင်အမြင့်ကြီးဆောက်၊ ခေါင်းကြီးနဲ့ထားကြတာ။ အဲဒါ သီးနှံတွေရိတ်သိမ်းပြီး ကျီသွင်းပြီးတော့မှပဲ အသုဘကို စည်စည်ကားကား သဂြိုဟ်ကြပါတော့တယ်။ စိုးမောင် အထင်တော့ ဒီအရပ်ဒေသဟာ တောတောင်တွေကောင်းခဲ့တော့ ရှေးကတည်းက လူရိုင်းတွေရဲ့ဓလေ့ အယူမျိုး ယူခဲ့ကြသလားမှ မသိတဲ့ဟာ။ စိုးမောင်ဆို အကြောင်းမသိခင်တုန်းက ညဥ့်နက်သန်းခေါင် တစ်ရွာနဲ့တစ်ရွာ ကူးချည်သန်းချည်လည်ရင်း အဲဒီအလောင်းကောင်ကြီးတွေရဲ့အောက်ကတောင်မှဖြတ်ခဲ့ဖူးသေးရဲ့။ မသိတော့ မကြောက်ဘူးပေ့ါ။

စိုးမောင် ရွာမှာရှိနေတုန်း ရွာက ပြည်သူ့စစ်ခေါင်းဆောင်ကြီးရဲ့အမေ ဆုံးတာရော။ စဉ်းစားကြည့်၊ ရွာမှာ အဲဒီတုန်းက ရွာသူကြီးပြီးရင် ပြည်သူ့စစ်ခေါင်းဆောင် ဆိုတာလည်း သူ့တပည့်တပန်းတွေနဲ့တန်ခိုးထွားတာပါပဲ။ လူချစ်လူခင်များ၊ အရေးစိုက်တဲ့သူတွေလည်း ပေါတာပေ့ါ။ သူ့အမေရဲ့အသုဘမှာ လာကူညီတဲ့သူတွေဆိုတာ များလိုက်တာ။ ကိုယ့်ရွာကတင်မက တခြားရွာကလူငယ်တွေတောင်မှပါသေးရဲ့။ နောက်ပြီး ဒီအရပ်ရဲ့ထုံးစံတစ်ခုက သစ်ကြီးဝါးကြီးတွေပေါတော့ အသုဘခေါင်းလုပ်တဲ့အခါ သစ်ပင်အလုံးကြီးကြီးကို ခုတ်လှဲဖြတ်တောက်ပြီးမှ တရုတ်ခေါင်းလို ထွင်းကြတာကလား။ လူသေကို အဲဒီခေါင်းကြီးထဲထည့်ပိတ်ပြီးမှ ရွာအပြင် စင်ပေါ်တင်ထားကြတာကလား။ ရွာရဲ့ပြည်သူ့စစ်ခေါင်းဆောင်ဆိုတာ ရွာရဲ့လုံခြုံရေးတာဝန်ယူထားရတဲ့သူ ဆိုတော့ တပည့်တပန်းတွေကလည်းများမှများပဲ။ အဲဒီအထဲကမှ တပည့် တချို့ကတော့ သူတို့ရဲ့ဆရာကို မျက်နှာလုပ်ချင်ဇောနဲ့ ဘာမှအသိမပေးကြဘဲ တောထဲဝင်၊ တောထဲက ယမနေပင်ကြီးကို ခုတ်လှဲပြီးမှ စပယ်ရှယ်အခေါင်းကြီးတစ်ခုထွင်းပြီးမှ သူတို့ဆရာရဲ့အမေအတွက် လက်ဆောင်ပေးကြတယ်။ ဖြစ်ချင်တော့ အဲဒီ အခေါင်းကို ပြည်သူ့စစ်ခေါင်းဆောင်ကမကြိုက်ဘူး။ အခေါင်းရဲ့ပျဉ်အသားက ဖြူနေလို့ ဆိုလားပဲ။ ဒီတော့ နောက်ထပ် ကျွန်းတစ်ပင်ရှာပြီးမှ ကျွန်းသားခေါင်းလုပ်တော့ ကျွန်းညိုသားမို့ အခေါင်းရဲ့အရောင်က လှနေတာပေ့ါ။ ပြည်သူ့စစ်ခေါင်းဆောင်က အဲဒီ ပထမခေါင်း အဖြူကိုပယ်၊ နောက်ထပ် ခေါင်းအပိုတစ်ခုလုပ်တာကို ငါးရံ့လုံးအင်းရွာလူကြီးတွေက သဘောမကျကြဘူး။ ဒါမျိုးက မလုပ်ကောင်းဘူး၊ ရွာနာတတ်တယ်လို့ ပြောချင်ကြပေမယ့် ဘယ်သူကမှ အမုန်းခံပြီးမပြောရဲကြတဲ့ဟာ။ ပြည်သူ့စစ်ခေါင်းဆောင်ကိုကြောက်တဲ့ပြီးမှ အငြိုအငြင်မခံချင်ကြတာလည်းပါမှာပါ။ ပြီးတော့ နာရေးလည်း ဖြစ်နေတာကိုး။

နောက်တစ်ခါ ပြည်သူ့စစ်အဖွဲ့ဝင်တွေ သူတို့အမေရဲ့ အသုဘကို သဂြိုဟ်ဖို့ သင်္ချိုင်းမှာ ကျင်းတူးသွားကြတော့လည်း အရက်သေစာတွေ မူးရူးပြီးမှသွားကြတာ။ အချင်းချင်းလည်းစကားတွေများကြတယ်။ ဟော့ကောင်- ပေါက်ပြားရဲ့ခေါင်းကို အဲဒီလို ရှေ့ကနေ ယူမသွားကောင်းဘူးတဲ့ဟာ၊ လူကြီးတွေပြောသံ ကြားတယ်လို့ တစ်ယောက်က အကောင်းပြောတာကိုတောင် ရွဲ့တဲ့သူကလည်း ရှိပါတယ်။ မြေကျင်းတူးဖို့ နေရာရွေးကြတော့လည်း ပွေးတူးသလိုမျိုး ဟိုနေရာပေါက်ကြည့်လိုက်၊ ဒီနေရာ ပေါက်ကြည့်လိုက်နဲ့ လုပ်တာကို မြင်တဲ့ လူက အဲဒီလို မလုပ်ကောင်းဘူးဟ၊ ရွာနာတတ်တယ်တဲ့လို့ ပြောပေမယ့် မြေပေါက်တဲ့သူက နာချင်ဦးကွာ၊ နာချင်ဦးကွာ နဲ့ ပိုတောင်မှရွဲ့ပြီးပေါက်ပြနေတော့ ကျန်တဲ့လူတွေဆိုတာ ကြောက်တာရော၊ စိုးရိမ်တာရော စိတ်မကောင်းတာတွေပါစုပြီးမှ ဘယ်ကလာ မျက်နှာကောင်းကြပါ့မတုံး။ ဒါက တစ်ချက်ပါ။

အသုဘသဂြိုဟ်တဲ့ရက်ရောက်တော့ ဒီအရပ်ကလူတွေက ခေါင်းကြီးကို နွားလှည်းအလွတ်ပေါ်မှာတင်ပြီးမှ နွားအစား လူတွေက ရှေ့ကနေဆွဲသူဆွဲ၊ နောက်ကနေ တွန်းသူကတွန်းနဲ့ သဂြိုဟ်ကြတဲ့ဓလေ့ ရှိပါတယ်။ သင်္ချိုင်းတစ်လျှောက် သွားတဲ့လမ်းတစ်လျှောက်မှာလည်း အဲဒီအဖွဲ့တွေက အလောင်းကစားကြတာတဲ့။ အလောင်းကစားတယ် ဆိုတာက အလောင်းကြီးကို ရှေ့ကဆွဲသူက တစ်ဖွဲ့၊ နောက်ကနေ နောက်ပြန်ဆွဲသူက တစ်ဖွဲ့၊ အားစမ်း အားပြိုင် ဆွဲကြတာမျိုးပါ။ ရွာထဲကလူကြီးတွေကတော့ ဒီဓလေ့ကို တယ်မကြိုက်ကြပါဘူး။ အဲဒီလို ဆွဲလိုက်၊ တွန်းလိုက်လုပ်နေကြတာနဲ့ သင်္ချိုင်းကို အတော်နဲ့မရောက်တော့ပါဘူး။ တစ်နေရာအရောက်မှာ အမူးသမားတွေ အဲဒီလို အလောင်းကစားကြတာကြမ်းတော့ အခေါင်းကြီးက အရှိန်လွန်ပြီး လှည်းပေါ်ကနေ ထွက်ကျတော့ သင်္ချိုင်းရှိရာဘက်မကျဘဲ ရွာရှိတဲ့ဘက်ကျရကောင်းလားလို့ ရွာနာမှာစိုးပြီး ရွာကလူတွေဆိုတာ စိုးရိမ်မကင်းဖြစ်ကြရတာကော။

ထူးခြားတာကတော့ ပြည်သူ့



www.burmeseclassic.com

www.burmeseclassic.com

စစ်ခေါင်းဆောင်ကြီးရဲ့အမေသဂြိုဟ်ပြီး ခြောက်ရက်အကြာ ဆွမ်းရင်ရက်လည်ကြမယ့်နေ့ ညမှာ ရွာက လူအိုဘိုးသက်ရှည်ကြီးတစ်ယောက် ကံကုန်ပါတယ်။ အသက်အရွယ်က ရှစ်ဆယ်ကျော်၊ ကိုးဆယ်နီးပါးမို့ သက်တမ်းစေ့လို့ ဆုံးရတာပဲဆိုပြီး ရွာကလူတွေက ဘာမှမစိုးရိမ်ကြပါဘူး။ ဒါပေမယ့်လို့ အဲဒီ ရှစ်ဆယ်ကျော်၊ ကိုးဆယ် အဘိုးကြီးရဲ့ ဆွမ်းရင်အလှူလုပ်တဲ့နေ့မှာပဲ ရွာမြောက်ပိုင်းက နာတာရှည်ရောဂါသည် အမယ်ကြီးတစ်ယောက် ဆုံးပြန်တယ်။ ဒီအမယ်ကြီးရဲ့ရောဂါဆိုတာ ဖြစ်နေတာမှ ကြာလှပေါ့ရယ်။ ဆေးတွေဆို ကုတာမှစုံနေပါပြီ၊ မပျောက်ပေါင်။ သက်သာလိုက်၊ တော်နေကြာ ပြန်ဖြစ်လိုက်နဲ့။ ဒီလိုပဲ ဘယ်နေ့များမှ ဝဋ်ကျွတ်ပါ့မလဲလို့ စိတ်ထဲထင်နေကြတုန်းဆုံးတာမို့ ဩော်-ခမျာ၊ ဝေဒနာမခံစားရတော့ဘူးပေါ့လို့ပဲ သဘောထားပြီး အကောင်းဘက်တောင်မှ တွေးကြပါသေးတယ်။ ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာဥစ္စာ၊ ဘာကမှ စိတ်ထဲ တစိုးတစိ ဖြစ်ကြရပေါင်။

ဒါပေမယ့်လို့ အဲဒီ ရွာမြောက်ပိုင်းက နာတာရှည်ရောဂါသည် အမယ်ကြီးဆုံးပြီးလို့ ဆွမ်းရင်ရက်လည်တဲ့နေ့လည်းရောက်ကရော ရွာထဲက နောက်တစ်ယောက် ထပ်ဆုံးရပြန်တော့ ရွာကလူတွေ သတိထားစ,ပြုလာကြတယ်။ အခု ဆုံးတာကလည်း ကြည့်ပါဦး။ တိုက်ဆိုင်တယ်ပဲ ပြောပြော၊ ရွာမှာ လူတွေ ဆုံးဆုံးနေကြတာ ဘာလို့ ဆွမ်းရင်တဲ့ရက်တွေကျမှဆုံးကြရတာတဲ့လဲ။ နောက်ပြီး အရင်လူတွေ ဆုံးတုန်းကတော့ သက်ကြီးရွယ်အိုမို့လို့၊ ရောဂါသည် အမယ်ကြီးမို့လို့ ဆုံးတာပဲလို့ သတိပြုမိကြပေမယ့်၊ ဖြေသာကြပေမယ်လို့ အခု အမယ်ကြီး ဆွင်းရင်ရက်လည်မယ့်နေ့မှာ တစ်ယောက်ဆုံးပြန်တော့ ရွာကလူတွေ သတိထားလာမိကြပြီ။ ကြောက်လာကြပြီ။ တိုက်ဆိုင်မှုမှ ဟုတ်ရဲ့လားပေါ့။ ဘာလို့လဲဆိုတော့ ဒီတစ်ခါဆုံးတဲ့လူက လူအိုလူကြီးမဟုတ်ဘဲ၊ ရောဂါသည်လည်း မဟုတ်ဘဲ အားကောင်းမောင်းသန် တကယ့်အရွယ်ကောင်း၊ အသက်နှစ်ဆယ်အရွယ် 'မောင်ကံ' ဆိုတဲ့သူ ဖြစ်နေလို့ပါပဲ။

ငါးရံ့လုံးအင်းရွာ အလယ်မှာ မြေညီ ကွင်းပြောင်ပြောင်တစ်ခု ရှိတယ်။ အဲဒီကွင်းမှာ ညနေဆို ရွာထဲက ကာလသားတွေ ဘော်လီဘောရိုက်ကစားကြတဲ့ကွင်း ရှိတယ်။ ဒီလိုပါပဲ ရွာတောင်ပိုင်း၊ မြောက်ပိုင်းက လူငယ်တွေ ထမင်းကျွေးကြေး၊ အရက်တိုက်ကြေး ဘော်လီဘောချိန်းရိုက်ကြတဲ့ နေ့ရာပါ။ စိုးမောင်တို့၊ အောင်ထွန်းတို့လည်း သူတို့ကိုယ်တိုင်သာ မရိုက်တာ၊ ဘော်လီဘောချိန်းပွဲရှိတယ် ဆိုလို့ကတော့ အဲဒါ အပျင်းပြေ၊ အညောင်းပြေ သွားကြည့်နေကျပါ။ မှတ်မှတ်ရရ၊ အဲဒီ ညနေက စိုးအောင်နဲ့ မျက်နှာချင်းဆိုင်မှာရှိနေတဲ့ ကလေးတစ်ယောက်ဟာ သူ့လက်ထဲက သံပရာသီးတစ်လုံးကို မြိန်ရေရှက်ရေ စားနေတာတွေ့လို့ စိုးမောင်တောင်မှ ကလေးကိုကြည့်ပြီး သွားရည် ပါးတောင်ခဲ့ရပါသေးတယ်။ ညကျတော့ အဲဒီကလေး သံပရာသီးစားလို့ သေတယ်ကြားရတော့တာပါပဲ။ ရက်ကိုတွက်ကြည့်ကြတော့ မောင်ကံရဲ့အသုဘဆွမ်းရင်တဲ့ရက်မှာ သံပရာသီးစားခဲ့တဲ့ကလေးသေခဲ့ရတာပါ။ တိုက်ဆိုင်လိုက်ပုံများ ပြောပါတယ်။ ကြာတော့ ငါးရံ့လုံးအင်းရွာကလူတွေ အသုဘရဲ့ဆွမ်းရင်ရောက်မှာကိုပဲ တွေးပြီး ကြောက်နေကြပါတယ်။ ရွာထဲမှာ နှာစေး ချောင်းဆိုး၊ အာဂန္တုအဖျားဖြစ်ရင်တောင်မှ ယတြာချေ၊ ဂြိုဟ်စာကျွေးရ၊ ခေါစာပစ်တန်ပစ်ရနဲ့ အလုပ်တွေရှုပ်ကုန်ပါတယ်။ တုန်လှုပ်ချောက်ချားနေကြပါတော့တယ်။

ဒီလိုနဲ့ ငါးရံ့လုံးအင်းရွာလေးမှာ အသုဘရက်လည်ရောက်တိုင်း လူတွေသေနေကြတာ မနည်းတော့ပါဘူး။ ဒီကြားထဲမှာ စိုးမောင်က အမ်အက်စီ စာပေးစာယူသင်တန်း ဖြေရမှာမို့လို့ မန္တလေးပြန်တာရယ်၊ ရမည်းသင်းကအမေတို့ဆီ ပြန်တာရယ်နဲ့ အတော် ကြာသွားပါတယ်။ ရွာပြန်ရောက်တဲ့အထိကို လူတွေက ဆွမ်းရင်တဲ့ရက်ရောက်တိုင်း တစ်ယောက်ကျစီ သေနေကြတာပါ။ ဒီကြားထဲ စိုးမောင် မရှိတုန်း ရွာကလူတွေ ခုလို သေသေနေတာ ရွာလယ်ကောင်မှာ အောင်ထွန်းတို့တည်ခဲ့တဲ့ ဆီစက်ကြီးကြောင့်လို့ အပြစ်ဖို့ကြတာနဲ့ အောင်ထွန်းက သူ့စက်ကြီးကို သချိုင်းကုန်းသွားတဲ့လမ်းဖက် ရွှေ့လိုက်ပါတယ်။ ထူးဆန်းတာတစ်ခုက အောင်ထွန်း ဆန်စက်ထဲမှာ ရှိနေတုန်းတစ်ရက် မှောင်ရီပျိုးစအချိန်မှာ ပုဆိုးကွက်ထောက်ကြီးနဲ့ လူတစ်ယောက် မပြောမဆိုနဲ့ဝင်လာတဲ့ပြီး အောင်ထွန်းနဲ့ နပန်းလုံးကြတာတဲ့။ အဲဒါ နှစ်ယောက်စလုံး အတော်မောမှ ပြန်ထွက်သွားခဲ့တာ ဒီနေ့အထိ ဘယ်သူမှန်းကိုမသိပါဘူးတဲ့ဆိုနေမှု။

တစ်လလောက်ကြာတဲ့အထိ ဒီ ငါးရံ့လုံးရွာလေးမတော့ ရက်လည်တဲ့ရက်ရောက်တိုင်း တစ်ယောက်ကျ၊ တစ်ယောက်ကျစီ သေနေပါတယ်။ အဲဒီအထဲကမှ စိုးအောင်ရဲ့ တပည့်မ၊ အောင်ထွန်းရဲ့ရည်းစား မလုံးလေးလည်း တစ်ယောက်အပါအဝင်ပါ။ စိုးမောင် စိတ်မကောင်းတာက မလုံးလေးဟာ သွက်လက်ချက်ချာပြီး စာတော်တဲ့ ကလေးမလေးမို့ပါ။ နောက်ပြီး အဲဒီရွာရဲ့ဆရာတော်အိပ်မက်အတိုင်း မှန်နေမယ်ဆိုရင် သူ့ခမျာ အသေဆိုးနဲ့သေခဲ့ရတာပါ။ စိုးမောင်တို့၊ အောင်ထွန်းတို့ဆိုတာ ဒီရွာမှာ ခေတ်ပညာတတ်ဘွဲ့ရ၊ သိပ္ပံသမားတွေဆိုပေမယ့် အဲဒီတုန်းက ငါးရံ့လုံးအင်းရွာကလေးရဲ့ ကံကြမ္မာဆိုးကြောင့် ဘယ်လိုမှကိုမစဉ်းစားတတ်အောင် ဖြစ်ရပါတယ်။ ပြောရရင်တော့ ကြီးကြီးကျယ်ကျယ် မှားခဲ့ကြတာတွေ ရှိပါတယ်။ တကယ်တိုက်ဆိုင်မှုရှိလာတော့ မယုံရအခက်၊ ယုံရခက်ပါ။ ဩော်-ဒါကြောင့်မို့ လူကြီးသူမတွေက 'ဈေးသုံးလည်းမလွယ်နဲ့၊ ရှေးထုံးလည်းမပယ်နဲ့' လို့ ဆိုရိုးထားခဲ့ကြရော့သလားမှ မသိတဲ့ဟာ။

မောင်သင်းထုံ(ကျောက်ဆည်)




www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့်လက္ခဏာ



Wide quadrangle

**Quadrangle မျက်နှာပြင်ကျယ်ပြန့်ခြင်း**


နှလုံးလမ်းကြောင်းနှင့်ဦးခေါင်းလမ်းကြောင်းတို့ ဝေးကွာစွာတည်ရှိမှုကြောင့် ၎င်းလမ်းကြောင်း နှစ်ခုကြားနေရာ Quadrangle မျက်နှာပြင် ကျယ်ပြန့်လာပါမည်။ထိုအနေအထားကြောင့် လက်ဝါးပိုင်ရှင်၏ အပြောအဆို၊ အပြုအမူများ အမှုမဲ့အမှတ်မဲ့ များယွင်း၍ ပြဿနာဖြစ်နိုင်ပါသည်။ နှလုံးနှင့် ဦးခေါင်းလမ်းကြောင်းတို့ ဝေးကွာလွန်းခြင်းကြောင့် Quadrangle မျက်နှာပြင် မထင်ရှားတော့ဘဲ အတွင်းစိတ်အပေါ် အာရုံစူးစိုက်နိုင်စွမ်း အားနည်းသွားပါမည်။ ထိုအခါ နှလုံးလမ်းကြောင်းကိုယ်စားပြု အဖိုပိုးစွန်း Pingla နှင့် ဦးခေါင်းလမ်းကြောင်းကိုယ်စားပြု အမပိုးစွန်းတို့၏ အပြန်အလှန် ဆွဲငင်မှုအားလျော့နည်းခြင်းကြောင့် (၎င်းဆွဲအားမှ စက်ကွင်းအဖြစ်ပေါ်လာမည့်) Sushumna တတိယမြောက်လျှပ်စီးကြောင်းအား ဆက်သွယ်နိုင်ရန် အခွင့်အလမ်း နည်းပါးသွားပါမည်။

စိတ်၏ ငြိမ်သက်မှုနှင့် နှလုံး၏ တည်ငြိမ်မှုရှိမှသာ Sushumna ခေါ် အတွင်းစိတ်၏ ငြိမ်းချမ်းမှုအမှန်ကို အာရုံစိုက်နိုင်ပါမည်။

Quadrangle မျက်နှာပြင် ပုံမှန်ဖြစ်သော အနေအထားရှိမှသာ ထိုးထွင်းဉာဏ်၊ ပညာဉာဏ်အားကောင်းခြင်းသဘောကို ကိုယ်စားပြုပါမည်။

**Quadrangle မျက်နှာပြင် ပုလင်းလည်ပင်းပုံသဏ္ဍာန်ရှိခြင်း**

နှလုံးလမ်းကြောင်းနှင့်ဦးခေါင်းလမ်းကြောင်းတို့က အလယ်တွင် နီးကပ်စွာရှိနေပါက (နမူနာပုံအတိုင်း) ပုလင်းလည်ပင်းပုံသဏ္ဍာန် ဖြစ်လာပါမည်။ ထိုအနေအထားသည် စိတ်ခံစားမှုအပိုင်းနှင့် အကြောင်းအကျိုး




Bottleneck

အပေါ် ဝေဖန်ပိုင်းခြားနိုင်မှုအပိုင်း လွန်ဆွဲနေသည့်သဘောကို ဖော်ပြသည်။ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့ တစ်ခုနှင့်တစ်ခု အားပြိုင်လွန်ဆွဲခြင်းကြောင့် Quadrangle ၏ အလယ်နေရာ ကျဉ်းမြောင်းသွားပြီး စိတ်ရှုပ်ထွေးမှုန်းကျပ်မှုများဖြစ်လာပါမည်။

**Quadrangle ၏ အစပိုင်းညီမျှ၍ အဆုံးသတ်နေရာကျယ်ပြန့်ခြင်း**


Quadrangle ၏ အဆုံးသတ်နေရာ ကျယ်ပြန့်ခြင်းကြောင့် ဘဝ၌ စိတ်ကူးအကြံအစည် အတွေးအခေါ်



Balaned origin with wide termination

သစ်များ ပေါ်လာပြီး မိမိအား စိတ်ဒုက္ခပေးသော ပတ်ဝန်းကျင်ကိုပင် မိမိဘဝ တိုးတက်ရေးအတွက် လိုအပ်သောကုန်ကြမ်းအဖြစ် အသုံးချသွားနိုင်ပါမည်။ ၎င်းပြင် ယှဉ်ပြိုင်စိန်ခေါ်မှုမှန်သမျှကိုလည်း အပြုသဘောဖြင့် ကောင်းဆုံး တုံ့ပြန်နိုင်ပါမည်။ ကျန်းမာသော ကိုယ်ခန္ဓာနှင့် ပျော်ရွှင်လန်းဆန်းနေသည့်စိတ်ကို ပိုင်ဆိုင်ထားခြင်းကြောင့် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အကြား ဆက်သွယ်မှု အားကောင်းလာပြီး ယခင်ကကျရှုံးခဲ့သည့်အနေအထားအားလုံးအား ပြန်လည်တည်ဆောက်နိုင်ပါမည်။

**Quadrangle၏ အစပိုင်းညီမျှ၍ အဆုံးသတ်နေရာ ကျဉ်းမြောင်းခြင်း**



Balanced origin with narrow termination

Quadrangle ၏ အဆုံးသတ်နေရာ ကျဉ်းမြောင်းခြင်းကြောင့် ပတ်ဝန်းကျင်၏ ထိတွေ့မှုနှင့် အဆက်မပြတ်ဘဲ မိမိရင်တွင်းခံစားချက်များအား ဖွင့်ဟ တိုင်ပင်တတ်ရန် လိုပါသည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ သဘာဝကျကျ နေထိုင်တတ်ခြင်းဖြင့် ငွေကြေးပြဿနာ၊ ကျန်းမာရေးပြဿနာ၊ အထီးကျန်နေရခြင်း၊ အားငယ်နေရခြင်းကိစ္စများအတွက် ပြေလျော့ သက်သာစေပါမည်။ သို့မဟုတ်ပါက Quadrangle အဆုံးသတ်နေရာ ကျဉ်းမြောင်းနေခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဘဝ၏ ပျော်ရွှင်မှုအရသာအား လုံးဝ ခံစားခွင့်မရှိသည့် အခြေအနေသို့ ရောက်ရှိပါမည်။


**Quadrangle အစပိုင်းကျဉ်း၍ အဆုံးသတ်ညီမျှခြင်း**



**Narrow origin with Balanced termination**

အဆိုပါ အနေအထားသည် ပြောဆိုဆက်ဆံမှုဆိုင်ရာကိစ္စများ၌ ယုံမှားသံသယရှိခြင်း၊ လုံခြုံမှုမရှိသလို ခံစားရခြင်း၊ မိမိကိုယ်မိမိ ကာကွယ်လိုစိတ် များနေခြင်းကြောင့် အများအတွက် လွယ်လွယ်နှင့် မယုံတတ်ခြင်းဖြစ်နေပါမည်။


**Quadrangle အစပိုင်းကျဉ်း၍ အဆုံးသတ်ကျယ်ပြန့်ခြင်း**



**Narrow origin with wide termination**

Quadrangle ၏ အစပိုင်း နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံ နီးကပ်ကျဉ်းမြောင်းလွန်းခြင်းကြောင့် အများအပေါ် မယုံရဲတတ်သူ ဖြစ်ပါမည်။ ၎င်းအပြင် ဆတ်ဆတ်ထိမခံတတ်ခြင်းကြောင့် အများ၏နားလည်မှုလွဲခြင်း၊ မလိုမုန်းထား အငြိုးအတေးထားခံရခြင်း ရှိနေပါမည်။ အကောင်းဆုံးအနေအထားဖြစ်ရန် မျှော်လင့်ပါက အထက်ပါ အခြေအနေအရပ်ရပ်အား ကိုယ်တိုင် ပြုပြင်ပေးရန် လိုပါသည်။


**Quadrangle အစပိုင်းကျယ်၍ အဆုံးသတ်ညီမျှခြင်း**



**Wide origin with Balanced termination**

အဆိုပါ လက္ခဏာရှင်သည် အများအပေါ် မတုန်မလှုပ် ဆက်ဆံပြောဆိုတတ်ပြီး မိမိဘာသာ လွတ်လပ်စွာနေတတ်သော်လည်း အများအား မထိခိုက်စေတတ်သူ ဖြစ်သည်။

**Quadrangle အစပိုင်းကျယ်၍ အဆုံးသတ်ကျဉ်းမြောင်းခြင်း**




**Wide origin with narrow termination**

အဆိုပါ လက္ခဏာရှင်သည် ပူပင်သောကမထားလိုသူ၊ လွတ်လပ်ပေါ့ပါးစွာနေတတ်သူ၊ (တစ်ခါတစ်ရံ) မည်သည့်တာဝန်မျှမယူတတ်သူ ဖြစ်ပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း အတို၊ အရှည်အလိုက် အရေးပါပုံ**


နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့၏(အလျား)အရှည် ညီမျှနေမှသာ ၎င်းလမ်းကြောင်းနှစ်ခုကြားရှိ Quadrangle မျက်နှာပြင်ပေါ်ရှိ သံလိုက်စက်ကွင်းအား စဉ်ဆက်မပြတ် ထိန်းထားနိုင်ပါမည်။ ထိုသို့ ညီညွတ်မျှတသော အနေအထားရှိခြင်းဖြင့် စိတ်ခံစားမှုပိုင်းနှင့်တွေးခေါ်မြော်မြင်မှုပိုင်း၌ သဟဇာတဖြစ်နေပါမည်။

**ညီညွတ်မျှတသော Quadrangle ပုံစံ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းအရှည် ညီမျှနေခြင်း**



**Heart line equal in length to head line**

နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့က ၎င်းတို့၏ သက်ဆိုင်ရာနယ်မြေအလိုက် နယ်စပ်မျဉ်း (border line) များအဖြစ် ရပ်တည်နေကြသည်။ ထိုအခါ အရွယ်အစားအရှည် ဆင်တူ (ညီမျှ) သော ၎င်းနယ်စပ်မျဉ်းနှစ်ကြောင်း၏ ကြားနေရာက (neutral zone) ကြားနေဇုန် ဖြစ်လာပါသည်။ ထိုကြားနေဇုန်သည် နယ်စပ်မျဉ်းနှစ်ကြောင်းအတွက် တစ်ကြောင်းချင်းစီ၏ ဂုဏ်ရည်ဂုဏ်သွေး မထိခိုက်အောင် ကြားခံဆက်သွယ် ထိန်းချုပ်ပေးသည်။ ထိုအခါ နှလုံးလမ်းကြောင်းပိုင်နက်နှင့် ဦးခေါင်းလမ်းကြောင်းပိုင်နက်နယ်မြေများ တစ်ဖက်ကိုတစ်ဖက် မကျူးကျော်နိုင်ဘဲ ကိုယ်စိတ်နှလုံး တည်ငြိမ်အေးဆေးမှုကို ထိန်းထားနိုင်ပါမည်။




**The balanced interweaving of emotions and reason (heart and head) unravels when the lines are of unequal lenght**



www.burmeseclassic.com

www.burmeseclassic.com


**ပြီးပြည့်စုံမှုမရှိသော Quadrangle ပုံစံ ဦးခေါင်းလမ်းကြောင်းတို့၏ နှလုံးလမ်းကြောင်းရှည်လျားခြင်း**



**Long heart line with short head line**

ရှည်လျားသော နှလုံးလမ်းကြောင်းသည် အချစ်ရေးနှင့် ပတ်သက်၍ ရက်ရောတတ်သူ၊ ရယူခြင်းသဘောနှင့် ပေးဆပ်ခြင်းသဘော နှစ်ရပ်စလုံးအား ပိုင်ဆိုင်ထားသူ ဖြစ်ပါမည်။ နမူနာပုံအရ Quadrangle သည် လက္ခဏာရှင်၏ စိတ်နှစ်ခွရှိခြင်းသဘောနှင့်ဆိုင်သည့် စိတ်ခံစားမှုများအား လိုအပ်သလောက် (တွေးခေါ်နိုင်စွမ်းများဖြင့်) ပံ့ပိုးမှုမပြုနိုင်ပေ။

**ပြီးပြည့်စုံမှုမရှိသော Quadrangle ပုံစံ နှလုံးလမ်းကြောင်းတို့၏ ဦးခေါင်းလမ်းကြောင်းရှည်လျားခြင်း**




**Short heart line with long head line**

ဦးခေါင်းလမ်းကြောင်းရှည်လျားခြင်းသည် အတွေးအခေါ်သစ်များ ဆက်လက်ရရှိခြင်း၊ လက်ခံစဉ်းစားရန် ဝန်မလေးတတ်ခြင်းသဘောကို ဖော်ပြပြီး နှလုံးလမ်းကြောင်း တိုတောင်းခြင်းက ဆတ်ဆတ်ထိမခံတတ်သည့်သဘောကို ရည်ညွှန်းသည်။

**အသက်ရှူလုပ်ငန်းစဉ် (ဝင်သက်၊ထွက်သက်) ကို ကိုယ်စားပြု ဖော်ပြသည့် Quadrangle**

ယောဂကျင့်စဉ် ပညာရပ်များ




အရ ဝင်သက်နှင့် ထွက်သက်တို့၏ နူးညံ့ခြင်း၊ ပြင်းထန်ခြင်းနှင့် ရှူသွင်း၊ ရှူထုတ်ကာလ (အချိန်) နှေးခြင်း၊ မြန်ခြင်းတို့အလိုက် အကျိုး၊ အပြစ်ကွာခြားတတ်သလို လက္ခဏာပညာရပ်၌လည်း နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံ အရွယ်အစား (အရှည်) ညီမျှ၊ မညီမျှခြင်းအပေါ် မူတည်၍ အရည်အသွေး ကွဲပြားသွားပါသည်။ အကောင်းဆုံး ဖြစ်သင့်သော အနေအထားမှာ ဝင်သက်နှင့် ထွက်သက် ရှူရှိုက်ပုံနှုန်းထားများ ညီမျှနေခြင်းပင် ဖြစ်သည်။ ထိုအခါ ဝင်သက်ကိုယ်စားပြု (အေးသောလေ) နှင့် ထွက်သက်ကိုယ်စားပြု (နွေးသောလေ) ညီညွတ်မျှတပြီး (တစ်ဖက်စွန်းမဟုတ်သည့် ကြားနေအနေအထား) ကို ရလာပါမည်။ ထိုအခါ ခန္ဓာကိုယ်အတွင်းသို့ (Feng shui ပညာအရ) ကောင်းသော ချီဓာတ်များဝင်လာပြီး ယောဂကျင့်စဉ်အရ Prana (သို့) Life force ဟူသည့် အသက်ရှင်နိုင်မှုစွမ်းအင်များ အပိတ်အပင် အတားအဆီးမရှိ ဝင်ရောက်လာပါမည်။ လူတိုင်းအဖို့ စိတ်ပူပင်သောကရောက်စရာ၊ စိတ်ဖိစီးစရာ ကိစ္စများနှင့် ကြုံတွေ့လာတိုင်း အချိန်အနည်းငယ်မျှ အသက်ပြင်းပြင်းရှူလိုက်သည်နှင့် စိတ်ခံစားမှုဝေဒနာ မှန်သမျှ ပြေငြိမ်းသက်သာစေသည်ကို တွေ့ရပါမည်။ အလားတူပင် ဝမ်းနည်းစရာ၊ ဒေါသထွက်စရာ၊ စိတ်ရှုပ်ထွေးစရာများကြုံလာခိုက်တွင်လည်း သက်ပြင်းသက်မ (သို့) ထွက်သက်ပြင်းပြင်း ရှူထုတ်လိုက်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်း ပရိဒေဝမီးများအား အပြင်သို့ထွက်သွားစေခြင်းဖြင့် လျော့ကျသက်သာစေပါသည်။

အထက်ပါ (ဝင်သက်/ ထွက်သက်) နည်းတူ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့၏ အရွယ်အစား (အရှည်) ညီမျှစေခြင်းဖြင့် Quadrangle ၏ မျက်နှာပြင်လည်း အချိုးအစားကျနနေပါမည်။ နှလုံး (သို့) ဦးခေါင်းလမ်းကြောင်းတစ်ခုခုက ပို၍ရှည်ခြင်း၊ တိုခြင်းဖြစ်နေပါက အသက်ရှူပုံ ဝင်သက်, ထွက်သက်၊ အပူ, အအေး အမျှတသလို ကြားနေဇုန် Quadrangle လည်း အချိုးစားမညီနိုင်တော့ပါ။

ဝင်သက် (အအေးဓာတ်) နှင့် ထွက်သက် (အနွေးဓာတ်) ကိုယ်စားပြု အသက်ရှူရှိုက်ပုံနှုန်းထားအား မျှတအောင် ထိန်းချုပ်ပေးနိုင်ခြင်းဖြင့် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့၏ တည်ဆောက်ပုံကို ညှိနှိုင်းပေးနိုင်ပြီး ကြားနေဇုန်ကိုယ်စားပြုသည့် Quadrangle မျက်နှာပြင်အား အချိုးကျ (တိုးတက်) လာစေပါမည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# ကိုလိုနီခေတ်ဦး တရားခွင်ရောက်မှုခင်းများ

လှမိုး(ပညာရေး)




ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် အကြိုတက္ကသိုလ်ဝင်သင်တန်း (ယနေ့ နဝမတန်း) ရာဇဝင်ဘာသာ (ယနေ့ သမိုင်းဘာသာ) သင်ယူခဲ့သော ကျွန်တော်တို့သည် မြန်မာ့သမိုင်းသင်ယူရာတွင် ဗြိတိသျှအမျိုးသား သမိုင်းပါမောက္ခ ဟာဗေး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော 'Outline History of Burma' (မြန်မာ့သမိုင်းအကျဉ်း) ကို သင်ကြားကြရသည်။ ထိုစဉ်က မြန်မာရာဇဝင် (သမိုင်း) ဘာသာကို သင်ပြသူမှာ ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီး ဘင်္ဂါလီအမျိုးသား မစ္စတာ ပီစီဆင်း ဖြစ်ပါသည်။ ဆရာကြီးသည် အိန္ဒိယနိုင်ငံ ကာလကတ္တား တက္ကသိုလ်ကျောင်းတိုက်ကြီးမှရာဇဝင်ဘာသာ (သမိုင်းဘာသာ) ဂုဏ်ထူးဖြင့် ဘွဲ့ရခဲ့သူ ဖြစ်သည်။ သမိုင်းဘာသာသင်ပြရာတွင် ကျောင်းသားများစိတ်ဝင်စားအောင်သင်ပြသူ ဖြစ်သည်သာမက ရှေးမြန်မာမှုနှင့်ပတ်သက်သော စာအုပ်များရေးသားကြသည့် အနောက်တိုင်းသား စာရေးဆရာများဖြစ်သည့် အိဗ္ဗိစ်ဖူကား၊ ဆာချား(လ်)ကရော(စ်)ဝိတ်၊ ဆာဂျော့စကော့၊ ဂရီတန်ဂယ်ရီယာတို့ရေးသည့် စာအုပ်များအကြောင်းကိုပါ အလျဉ်းသင့်သလိုပြောပြသွားခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ဗြိတိသျှအစိုးရ၏ဝန်ထမ်းများဖြင့် အမှုထမ်းခဲ့သူများနှင့် အနောက်တိုင်း သတင်းမီဒီယာများသည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာမှုနှင့် ပတ်သက်သော စာအုပ်များကို လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားခဲ့ကြပါသည်။

အချို့ပုဂ္ဂိုလ်များမှာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲနှင့် အင်္ဂလိပ် - မြန်မာ တတိယစစ်ပွဲများတွင် ပါဝင်ခဲ့ကြသော စစ်မှုထမ်းများ၊ ဗြိတိသျှပိုင် ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့် အခြား ကုမ္ပဏီများမှ ဝန်ထမ်းများကလည်း သူတို့အမြင်၊ သူတို့အတွေး၊ သူတို့ရှုထောင့်များမှ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားခဲ့ကြပါသည်။

ဆရာကြီး ပီစီဆင်း၏ကျေးဇူးကြောင့် ကျွန်တော်သည် မြန်မာနိုင်ငံအကြောင်း အနောက်တိုင်းသားတို့ရေးကြသည့် စာအုပ်များကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုမိခဲ့ပါသည်။ ကျောင်းသားကြီးဖြစ်လာသော ကျွန်တော်တို့ ကျောင်းသားလောက၌ လက်ဝဲဝါဒကို မယုံကြည်သူ၊ မလေ့လာသူများသည် ခေတ်မမီဟု ယူဆနေကြသည့်အချိန် ဖြစ်ရကား ကျွန်တော်သည် ဗြိတိသျှအုပ်ချုပ်ရေးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများရေးသော ကျွန်တော်တို့မြန်မာနိုင်ငံအကြောင်း စာအုပ်များသည် နယ်ချဲ့သမားအလိုကျ စိတ်တော်သိ ဗောင်းတော်ညိတ်များက သရော်ခြင်းဖြစ်သည်ဟု ယူဆခဲ့ရကား ဗြိတိသျှအမျိုးသားများ ရေးသားသည့် မြန်မာနိုင်ငံအကြောင်း စာအုပ်များကို ဖတ်ရှုခြင်းမပြုခဲ့တော့။

မှန်ပါသည်။ ကျွန်တော်တို့ မြန်မာအလိုတော်ရိ အိုင်စီအက်(စ်) အရေးပိုင်ဟောင်း မောရစ်ကောလစ်သည် မြန်မာလူမျိုးတို့နှင့် လက်ပွန်းတတီးနေထိုင်သူ၊ မြန်မာ့ဓလေ့ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မြတ်နိုးသူ၊ ကျေးလက်နေ မြန်မာလူထုအားစာနာထောက်ထားသူဟု နာမည်ကျော်ခဲ့သူ ဖြစ်၏။ သို့သော် သူသည်

www.burmeseclassic.com


www.burmeseclassic.com

လည်း ဗြိတိသျှနယ်ချဲ့သမား၏အုပ်ချုပ်ရေးယန္တရားကြီးလည်ပတ်အောင် ဆောင်ရွက်နေရသည့် အိုင်စီအက်(စ်)တစ်ယောက်ပင်။ သို့ဖြစ်၍ ထိုစဉ်က ကျွန်တော့်အမြင်သည် တစ်မျိုးဖြစ်ခဲ့သည်ဟု ဝန်ခံရမည် ဖြစ်ပါသည်။ ပညာရေးဌာနမှ အငြိမ်းစားယူခဲ့၍ ကံအားလျော်စွာ စာပေလောကသို့ အထိုက်အလျောက် ခြေချခွင့်ရလာသောအခါ ယခင် ကျွန်တော်ကျောင်းသားဘဝက အမြင်တစ်မျိုးဖြင့် ကျောခိုင်းထားခဲ့သော စာအုပ်များကို ပြန်ဖတ်လိုစိတ်ရှိလာခဲ့သည်။ သို့သော် ကျွန်တော် ဖတ်လိုသော ဗြိတိသျှအမျိုးသား အုပ်ချုပ်ရေးအရာရှိများ ရေးသားထုတ်ဝေခဲ့သည့် စာအုပ်အချို့မှာ ရှာဖွေမရတော့။

ကျွန်တော့် ကျောင်းနေဖက်မိတ်ဆွေများ၊ စာဖတ်ဝါသနာပါသူ ကျောင်းဆရာများ၊ ခင်မင်ရင်းနှီးသော စာပေတိုက်များမှ တာဝန်ရှိသူများထံမှလည်း ငှားရမ်းဖတ်ရှုခဲ့မိသည်။ ကံအားလျော်စွာပင် သူရဇ္ဇအယ်ဒီတာချုပ် ဦးအောင်မြတ်သည် သူ ရှာဖွေစုဆောင်းထားသော ဗြိတိသျှအမျိုးသား အုပ်ချုပ်ရေးအရာရှိများရေးသည့် စာအုပ်များကို ငှားရမ်းခဲ့သည်သာမက အချို့ ရှားပါးစာအုပ်များကို မိတ္တူကူးယူပေးခဲ့သဖြင့် ကျွန်တော်သည် အနောက်တိုင်းသားတို့ ရေးခဲ့ကြသည့် မြန်မာနိုင်ငံအကြောင်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် သဲသဲမဲမဲ ဖတ်ခဲ့မိသည်။ ကျွန်တော့်ကျောင်းနေဖက် တရားရေးဌာန အငြိမ်းစား အရာရှိကြီးကလည်း သူ မြတ်မြတ်နိုးနိုး စုဆောင်းထားသည့် ဗြိတိသျှလူမျိုး အိုင်ယာလန်နိုင်ငံသား၊ မြန်မာနိုင်ငံ ကိုလိုနီခေတ်ဦးတွင် မြို့ပိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာဖိ(လ်)လဒင်ဟော(လ်) (H. Fielding Hall) ၏ စာအုပ်အချို့နှင့် မစ္စတာ ဘစ်တယ်ဝို့က်ရေးသော 'ကြုံရဆုံရအုပ်ချုပ်ရေးအရာရှိတစ်ဦးဘဝ' ဟူသော စာအုပ်ကို ငှားရမ်းခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များရေးသား သူတို့ကြုံရသည့် မှုခင်းများကို အခြေခံ၍ ဥာဏ်ဆောင်း ပါးကို ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။ ကိုလိုနီခေတ်ဦး တရားခွင်ရောက်မှုခင်းများအကြောင်း ရေးသားဖော်ပြခြင်းမပြုမီ ကိုလိုနီခေတ်ဦး မြန်မာနိုင်ငံအခြေအနေကို အနည်းငယ် ဖော်ပြရမည် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားတို့သည် ရှင်ဘုရင်စိုးမိုးအုပ်ချုပ်မှုအောက်တွင် အစဉ်အဆက် ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသဖြင့် ဘုရင်စိုးမိုးရေးစနစ်ကို ဘိုးစဉ်ဘောင်ဆက်ယုံကြည်ခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံရှိလျှင် ဘုရင်ဧကရာဇ်ရှိမှသာ နိုင်ငံငြိမ်ဝပ်ပိပြားမည်၊ နိုင်ငံစည်ပင်သာယာမည်၊ သာသနာတော် ထွန်းကားတည်တံ့မည်ဟူ၍လည်း စွဲလမ်းယုံကြည်ထားကြသည်။ ဧကရာဇ်စနစ်သည် မဟာသမ္မတမင်းမှဆင်းသက်လာသည်ဟုလည်း ယုံကြည်သည်။

ဘုရင်စနစ်ပျက်သုဉ်းပြီး ဗြိတိသျှတို့၏ကျွန်ဘဝသို့ရောက်ခဲ့ရသောအခါ တိုင်းရင်းသားအပေါင်းသည် ယူကျုံးမရဖြစ်ကြရသည်။ ဗြိတိသျှတို့အား အမျိုးဘာသာ သာသနာတော်ကို မှေးမှိန်အောင်ပြုလုပ်သူများ၊ ရန်သူများဟုယူဆခဲ့သည်။ သို့ဖြစ်၍ ကိုလိုနီခေတ်ဦး မြန်မာ့တော်လှန်ရေးကို ခေါင်းဆောင်သူအများမှာ မင်းညီမင်းသား အနွယ်တော်များ ဖြစ်သည်။ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်သောအခါ မင်းညီမင်းသားများကို ဖမ်းဆီးရမိသော်လည်း အချို့ မင်းညီမင်းသားများသည် ဗြိတိသျှတို့အား ကျားကုတ်ကျားခဲ ခုခံတိုက်ခိုက်ကြသည်။

ကိုလိုနီခေတ်ဦး တော်လှန်ရေးများကို ဗြိတိသျှနယ်ချဲ့သမားသည် တုံ့ပြန်နှိမ်နင်းရာတွင် စစ်ရေးသာမ




**My bungalow for several weeks**





www.burmeseclassic.com

www.burmeseclassic.com



**Miliary Police; Karen, Kachin, Gurkha, Kumaon and Burman**

က နိုင်ငံရေး၊ လူမှုရေးနှင့် ပါးပါးနပ်နပ် တုံ့ပြန်ခဲ့သည်။ မင်းဆွေမင်းမျိုးများ၏အခန်းကဏ္ဍကို တစ်စတစ်စ မှေးမှိန်အောင်ပြုလုပ်သည်။ ဗုဒ္ဓဘာသာကိုခုတုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် တော်လှန်ရေးဒီရေ ကျဆင်းသွားအောင် ပြုလုပ်ခဲ့သည်။ လမ်းပန်းအဆက်အသွယ် လုံခြုံချောမွေ့ရန် စီမံကြသည်။ မီးရထားလမ်းများဖောက်လုပ်ပေးခဲ့ပြီး ဗြိတိသျှနယ်ချဲ့သမားသည် ကိုလိုနီလူ့ဘောင်စနစ်ကို ထူထောင်ခဲ့၏။ မြို့ပြအုပ်ချုပ်ရေးအရာရှိများခန့်ထား၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို ခိုင်မာသောအုပ်ချုပ်ရေးစနစ်ကို တည်ထောင်နိုင်ခဲ့တော့၏။ ထိုစဉ်ကမူ မြန်မာနိုင်ငံကို အိန္ဒိယတိုက်ငယ်၏ ပြည်နယ်ကြီးတစ်နယ်အဖြစ် သတ်မှတ်ထားရှိပြီး အုပ်ချုပ်ရေးအမှုထမ်းများ၊ ရဲ (ပုလိပ်) အဖွဲ့ဝင်များမှာလည်း အိန္ဒိယနိုင်ငံတွင် ကျင့်သုံးသော ဗြိတိသျှတို့ ပြဋ္ဌာန်းထားသည့် တရားဥပဒေအတိုင်း အုပ်ချုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ဝန်ရှင်တော်မင်းကြီး (နောင်အခါ ဘုရင်ခံ) ခန့်ထား၍ အိန္ဒိယဘုရင်ခံချုပ်၏ ခွင့်ပြုချက်အရ အုပ်ချုပ်ကြရသည်။ ဤသို့သော အခြေအနေတွင် မြန်မာအလိုတော်ရိ ဖိလဒင်ဟောသည် အုပ်ချုပ်ရေးဝန်ထမ်းတစ်ဦး ဖြစ်လာခဲ့သည်။ သူ့ကို အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် ခရစ်နှစ် ၁၈၅၃ ခု၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဖွားမြင်၍ ၁၉၀၅ ခုနှစ်တွင် မဂရက် အီလဒင်နှင့် လက်ထပ်ခဲ့ပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ရခဲ့သည်။ ခရစ်နှစ် ၁၈၇၈ ခုနှစ်တွင် အရှေ့တိုင်းသို့ ထွက်လာခဲ့သည်။

မြန်မာနိုင်ငံသို့ရောက်မလာမီ အိန္ဒိယနိုင်ငံတွင် ၆ နှစ်မျှ အမှုထမ်းခဲ့သည်။ မြန်မာနိုင်ငံသို့ ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ အမှုထမ်းတစ်ဦးအနေဖြင့် ရောက်ရှိလာခဲ့သူ ဖြစ်၏။ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဖိလဒင်ဟောသည် သီပေါဘုရင်အုပ်စိုးနေသော မြန်မာနိုင်ငံအထက်ပိုင်းသို့ ဘုံဘေဘားမားသစ်ကုမ္ပဏီ အမှုထမ်းအဖြစ် ရောက်ရှိသွားခဲ့သည်။ ထိုစဉ်က ဖိလဒင်ဟောသည် သူ့အဖော် ၇ ဦးနှင့် မြန်မာနိုင်ငံ အထက်ပိုင်းရှိ သစ်တောကို လက်ဝါးကြီးအုပ်ထားသော အင်္ဂလိပ်သစ်ကုမ္ပဏီ၏အလုပ်ကိုလုပ်ရသည်။ များသောအားဖြင့် ယာယီစခန်းများတွင်နေရပြီး ကျွန်းပင်များကို ခုတ်လှဲခြင်း၊ ဖြတ်ခြင်း၊ ချောင်းများအတွင်း ပို့ဆောင်ခြင်း၊ ထိုမှတစ်ဆင့် ဗြိတိသျှအစိုးရပိုင် မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်မြို့သို့ ဖောင်ဖွဲ့၍မျှောချခြင်း လုပ်ငန်းများကို ကြီးကြပ်ရသည်။ ဤလုပ်ငန်းလုပ်နေစဉ် ကျေးလက်နေ မြန်မာလူမျိုးများနှင့် လက်ပွန်းတတီးနေခဲ့ရာမှ မြန်မာလူမျိုးများအပေါ် သံယောဇဉ်တွယ်လာသည်။ မြန်မာတို့၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာတို့ကို စေ့ငုစွာ လေ့လာသည်။ မြန်မာတို့၏ ရိုးသားပွင့်လင်းသည့် စိတ်နေစိတ်ထားကို လေးစားသူ ဖြစ်လာသည်။

မြန်မာနိုင်ငံအထက်ပိုင်း မြန်မာအစိုးရနှင့် ဘုံဘေဘားမားသစ်ကုမ္ပဏီတို့ ကတောက်ကဆဖြစ်လာလေသည်။ မြန်မာအစိုးရက ဘုံဘေဘားမား သစ်ကုမ္ပဏီအား စာချုပ်ချိုးဖောက်သည်ဟု စွပ်စွဲသည်။ ဤသို့ဖြင့် တင်းမာမှုဖြစ်လာရာ သစ်ကုမ္ပဏီကလည်း ယင်းကိစ္စကို ဗြိတိသျှအစိုးရအားတိုင်ကြားခဲ့သည်။ ဤသို့ဖြင့် တစ်စ တစ်စ မြန်မာအစိုးရနှင့် ဗြိတိသျှတို့ ဆက်ဆံရေး တင်းမာလာခဲ့ပြီး တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားလာခဲ့ရပြီး ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မန္တလေးမြို့ ကျဆုံးရပြီး သီပေါဘုရင်နှင့် မိဖုရားအား ဗြိတိသျှတို့က အိန္ဒိယသို့ ခေါ်ဆောင်သွားခဲ့သည်။

ဤဖြစ်ရပ်ကြီးဖြစ်သွားပြီး ၇ လအကြာတွင် ဖိလဒင်ဟောသည် အုပ်ရေးအရာရှိအဖြစ် မန္တလေးသို့ ရောက်လာခဲ့ရသည်။ မန္တလေးနန်းတွင်းအတွင်း မြန်မာနိုင်ငံအထက်ပိုင်းကို အုပ်ချုပ်ရသော ကော်မရှင်နာ (ဝန်ရှင်တော်မင်းကြီး) ဆာချား(လ်)ဘားနတ်နှင့်အတူ ၇ ရက်ခန့် နေထိုင်ခဲ့ရပြီး ကျောက်ဆည်မြို့သို့ မြို့အုပ် (မြို့နယ်အုပ်ချုပ်ရေးမှူး) အဖြစ် သွားရောက် အမှုထမ်းရ၏။ ကျောက်ဆည်မြို့တွင် ဩဂုတ်လ ၆ ရက်မှ အောက်တိုဘာလ ၁၉ ရက်အထိ မြို့အုပ်အဖြစ် အမှုထမ်းခဲ့ရပြီး ရှမ်းမကာသို့ မြို့အုပ်အဖြစ်နှင့်ပင် ပြောင်းရွှေ့ခဲ့ရပြန်သည်။

ခရစ်နှစ် ၁၈၈၇ ခုနှစ်တွင် ဖိလဒင်ဟောသည် ရှမ်းမကားမှ ရွှေဘိုသို့ မြို့အုပ်ရာထူးနှင့်ပင် ပြောင်းရွှေ့လာခဲ့ရပြီး ထိုမှတစ်ဆင့် မြို့အုပ်ရာထူးနှင့်ပင် ကောလင်းသို့ပြောင်းရွှေ့ခဲ့ရ၏။ ကောလင်းတွင်နေစဉ် မြန်မာလူမျိုးတို့အပေါ် လေးစားတွယ်တာသော ဖိလဒင်ဟောနှင့်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဝန်းသိုစော်ဘွားကြီးတို့ ဆုံတွေ့ခဲ့ရသည်။

ဖီလဒင်ဟောသည် အစိုးရအမှုထမ်းဘဝဖြင့် မြန်မာနိုင်ငံအရပ်ရပ်သို့ ကျင်လည်ခဲ့ရသည်။ သူ အမှုထမ်းခဲ့ရသောမြို့များမှာ ကျောက်ဆည်၊ ရှိမ်းမကား၊ ရွှေဘို၊ ကောလင်း၊ ချင်းတောင်၊ မလှိုင်၊ ဝမ်းတွင်း၊ ဝန်းသို၊ သရက်၊ မကွေး၊ စစ်ကိုင်း၊ ဘုတလင်၊ မြင်းခြံ၊ အင်းစိန်နှင့် ရန်ကုန်တို့ ဖြစ်ကြသည်။ အမှုထမ်းခဲ့သော ရာထူးများမှာလည်း မြို့အုပ်၊ လက်ထောက်ကော်မရှင်နာမင်းကြီး၊ အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) အဖြစ် အမှုထမ်းခဲ့ပြီး ခရစ်နှစ် ၁၉၀၆ ခုနှစ်ကျမှပင် အမှုထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။

ယခု ရေးသားဖော်ပြမည့် ကိုလိုနီခေတ်ဦး တရားခွင်ရောက်မှုခင်းများမှာ သူ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်စဉ်က ကြုံတွေ့ခဲ့ရသော အမှုအခင်းများကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ သူသည် နိုင်ငံ့ဝန်ထမ်းအဖြစ်ကျင်လည်ခဲ့ရစဉ်က နွားခိုးမှု၊ ဓားပြတိုက်မှု၊ လူသတ်မှုစသော ရာဇဝတ်မှု စသည်တို့ကို တရားဥပဒေအတိုင်း စစ်ဆေး၍ အပြစ်ဒဏ်ချမှတ်ခဲ့ရသည်။

သူ မြို့အုပ် (မြို့နယ်အုပ်ချုပ်ရေးမှူး) အဖြစ် တာဝန်ထမ်းဆောင်နေရသော ခရစ်နှစ် ၁၈၈၅ ခုနှစ်နှင့် ၁၈၉၀ အတွင်း မြန်မာလူမျိုးတို့၏ ...းစပ်ဖျားဝယ် တဘောင်ပေါ်လာ...၏။ ထိုတဘောင်မှာ 'တောမီးလောင်...ဘာကြောင်လက်ခမောင်းခတ်' ဟု ... ဖြစ်သည်။ ထိုတဘောင်စကားအရ မြန်မာနိုင်ငံအထက်ပိုင်း ကျေး...က်ဒေသများတွင် ရာဇဝတ်မှုများ ...ရေအလား တိုးတက်လာ၏။ ဖြစ်...းသည့် ရာဇဝတ်မှုများမှာလည်း ...ရောပတိုက်နိုင်ငံများတွင် ဖြစ်ပွား...သော ရာဇဝတ်မှုများထက် ပိုမို ထူး...ခြားလှသည်။

သူ မြို့ပိုင်အဖြစ် တာဝန်ယူ...ရသော မြို့ကလေးတစ်မြို့ ဆင်...ရှိ ကျေးရွာတစ်ရွာအား ဓားပြဂိုဏ်းတစ်ဂိုဏ်းက ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ ဝင်ရောက် တိုက်ခိုက်ခြင်းခံရသောအိမ်မှ အိမ်သူအိမ်သားများက ဟစ်အော်အကူအညီတောင်းကြသဖြင့် ရွာသူရွာသားများက ညာသံပေး၍ ဓားပြများအား ဝိုင်းခဲ့ကြရာ ဓားပြများက အသင့်ပါလာသော တူမီးသေနတ်ဖြင့် ပစ်ခတ်သဖြင့် ရွာသားနှစ်ဦး သေဆုံးခဲ့ကြပြီး ဓားပြအတိုက်ခံရသော အိမ်ရှင်အဘွားကြီးမှာလည်း စိတ်ပျံ့လွင့်သွားခဲ့သည်။ ဤတွင် မြင်းစီးပုလိပ်များ (ရဲများ) က ကျေးရွာသတင်းပေးများ၏ အကူအညီနှင့် ထိုဂိုဏ်းမှ ခေါင်းဆောင်ဖြစ်သူများအား လွယ်လွယ်ကူကူနှင့်ဖမ်းဆီးရမိသည်။ ရမိသည့် ဓားပြဂိုဏ်းခေါင်းဆောင် ဆိုသူများကလည်း သူတို့ကျူးလွန်သောပြစ်မှုကို ဖုံးကွယ်ထားခြင်း မရှိ၊ ဘူးကွယ်ခြင်းလည်း မရှိ ဝန်ခံကြသည်။ ထိုသူတို့ တရားခွင်ရောက်လာသောအခါတွင်လည်း အစိုးရအမှုလိုက်များ (ဥပဒေအရာရှိများ) ခဲခဲယဉ်းယဉ်းလှည့်ပတ်၍ စစ်ဆေးရန်မလိုဘဲ ပြစ်မှုကျူးလွန်သူများက ရဲတို့စစ်ဆေးစဉ်က ဝန်ခံသည့်အတိုင်း တရားခွင်တွင် ထွက်ဆိုခဲ့ကြသဖြင့် တရားဥပဒေအတိုင်း ပြစ်ဒဏ်ချမှတ်ခဲ့ရတော့သည်။ ဖီလဒင်ဟော၏ မှတ်တမ်းအရဆိုရလျှင် ထိုစဉ်က တရားခွင်ရောက်သည့် ရာဇဝတ်မှုများမှာ ခေတ်ပြိုင်နိုင်ငံများတွင် ဖြစ်ပွားနေသော ရာဇဝတ်မှုများနှင့်နှိုင်းယှဉ်သော် နည်းလည်းမနည်း၊ များလည်းမများဟု သိရ၏။ ထိုစဉ်က လယက်မှု တိရစ္ဆာန်ခိုးယူမှု၊ လူသတ်မှု၊ ဓားပြတိုက်မှုများသည် မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ရှိ သွားလာရေးခက်ခဲ၍ ချောင်ကျသော ရပ်ရွာဒေသများတွင် ဖြစ်ပွားလေ့ ရှိသည်။

ဖီလဒင်ဟော၏ ယုံကြည်ချက်မှာ ရာဇဝတ်မှု ဆိုသည်မှာ အခွင့်အခါအလိုက် ကျူးလွန်တတ်ခြင်းဖြစ်၍ မျိုးရိုးဗီဇစဉ်ဆက် စိတ်နေသဘောထားအလျောက် ကျူးလွန်ခြင်းမျိုးမဟုတ်ပေ။ သို့သော် မျိုးရိုးဗီဇအရ ကျူးလွန်ခြင်း အနည်းအကျဉ်းရှိကောင်းရှိနိုင်သည်ဟု ဆိုသည်။ ထို...စဉ်က မြန်မာ့ကျေးလက်ဒေသတွင် ဘာသာရေးအရ လည်းကောင်း၊ အုပ်စုလိုက်,အဖွဲ့လိုက်ကွပ်ကဲသောစနစ်လည်းရှိရကား မြန်မာမင်းများလက်ထက်တော်ကြီးအခါက ရာဇဝတ်မှုခင်းများ နည်းပါးသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဖီလဒင်ဟောကမူ အနောက်တိုင်းတွင် ဖြစ်ပွားသော ရာဇဝတ်မှုများသည် တရားခွင်ရောက်၍ တရားဥပဒေအကျိုးဆောင်များနှင့် စစ်ဆေးသည့်တိုင်အောင် ဘူးကွယ်ငြင်းဆိုသောအမှုများ ရှိကြသော်လည်း ကိုလိုနီခေတ်ဦး မြန်မာနိုင်ငံတွင် စစ်ဆေးခဲ့သော တရားခွင်ရောက်မှုခင်းများတွင် တရားခံများသည် အများအားဖြင့် သူတို့ကျူးလွန်ခဲ့သော ပြစ်မှုများကို ဝန်ခံထွက်ဆိုလေ့ရှိကြသည်ဟု ဆိုသည်။

သို့သော် ၁၉၀၂ ခုနှစ်သို့ရောက်ရှိလာသည့်အခါ တရားခွင်တွင် တရားဥပဒေကို နားလည်တတ်ကျွမ်းသော အကျိုးဆောင်များ လိုက်ပါလာသောအခါ ရာဇဝတ်ကျူးလွန်သူ တရားခံများသည် တရားခွင်တွင် လိမ်လည်ထွက်ဆိုခြင်းများ ပြုလုပ်လာသည်ကို တွေ့ကြရ၏။

သူ့မှတ်တမ်းအရဖော်ပြရလျှင် အခါအားလျော်စွာ ဆင့်ခေါ်ဝရမ်းထုတ်ထားသော ဓားပြခေါင်းဆောင်များသည် သူ့ထံသို့ လာရောက် အဖမ်းခံလေ့ရှိသည်ဟု ဆိုသည်။ ထိုစဉ်က အုပ်ချုပ်ရေးအရာရှိများသည် မြန်မာမင်းများ လက်ထက်က သုံးစွဲခဲ့သော မနုဓမ္မသတ်ကျမ်းပါ အပြစ်ဒဏ်ပေးပုံပေးနည်း စနစ်ကိုလည်း လေ့လာကြသည်ဟု သိရ၏။ ထို... တရားစီရင်ရေးအရ ကျင့်သုံးခြင်းခံလာရသော မြန်မာလူမျိုးတို့သည် ဥပဒေကိုလေးစားကြခြင်းလည်း ဖြစ်နိုင်သည်ဟု ဆိုခဲ့ပါကြောင်း။

[illegible]

*REF: The Soul of a People.*
*By-H.Fielding Hall.*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်စဉ် အညာကျေးလက်ဒေသတွင် ဆောင်းဦးပေါက်ပြီဆိုမှဖြင့် ပလိပ်ရောဂါရောက်လာတတ်သည်။ ထိုအခါ ညနေခင်းနေဝင်ရီတရောအချိန်တွင် တဝုန်းဝုန်း၊ တဒိုင်းဒိုင်း တောထုတ်သံများ နားကွဲမတတ် ကြားရတတ်သည်။ တောထုတ်သံမှန်း ကြားလိုက်ရသူအပေါင်းသည် စည်းဝါးကိုက်ထားခြင်းမရှိဘဲ တွေ့ရာ သံချောင်း၊ သံပုံး၊ မောင်း စသည်တို့ကို ထုကြ၊ တီးကြ၊ ရိုက်ကြသည်။

ငယ်ငယ်ရွယ်ရွယ်ဖြစ်၍ ဤသို့ထုရ၊ ရိုက်ရ၊ တီးရခြင်းကို အလွန်ပျော်သည်။ သို့သော် လူကြီးသူမများမှာ ပျော်ရွှင်ပုံ မရ။ စိုးရိမ်သောကအရိပ် လွှမ်းမိုးနေကြသည်။ ပလိပ်၊ ကာလဝမ်း စသော ကပ်ရောဂါများသည် နှစ်စဉ် ပုံမှန် သူ့ရာသီရောက်ပြီဆိုလျှင် ပေါက်လာစမြဲ ဖြစ်သည်။ ကပ်ရောဂါရောက်လာသည်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်နက် အသေအပျောက်လည်းများလှသည်။ ထိုအခါ တစ်မြို့လုံး၊ တစ်ရွာလုံး တောထုတ်လေ့ရှိကြ၏။ နာနာဘာဝ တစ္ဆေ သရဲများ ကပ်ရောက်လာ၍ ပလိပ် စသော ကပ်ရောဂါကြီး ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ဆူညံသောအသံများဖြင့် တောထုတ်ပါက နာနာဘာဝ တစ္ဆေ၊ သရဲများ ထွက်ပြေးကြမည်။ ယင်းအစိမ်းသရဲများမရှိလျှင် ကပ်ရောဂါလည်း မရှိတော့ ဟူသော ယုံကြည်ချက်ဖြင့် တောထုတ်ခြင်း ဖြစ်သည်။ ရွာတွင်း၊ မြို့တွင်းသို့ ဝင်ရောက်လာသော နာနာဘာဝ သရဲများအား တောတွင်းသို့ မောင်းထုတ်ခြင်းကို 'တောထုတ်ခြင်း' ဟု ခေါ်ကြသည်။

ကပ်ရောဂါများသည် နာနာဘာဝကြောင့် ဖြစ်ရသလော၊ ကြွက်တွင်ကပ်နေသော ရောဂါပိုးကြောင့် ဖြစ်ရသလော၊ အညီရှိ ယင်အုံ ဆိုသကဲ့သို့ ပလိပ်ရောဂါပိုး အညီရှိချိန်တွင် 'တောကောင် နာနာဘာဝများ အပမှီလာခြင်းဖြစ်သလော ဟူ၍ အတိအကျ မသိရသော်လည်း တောထုတ်ပြီးသောအခါ ကပ်ရောဂါသည် သိသိသာသာကြီး လျော့ကျပြီး အလျင်အမြန်ပင် ပျောက်ကွယ်သွားသည်မှာကား လက်တွေ့ ဖြစ်သည်။ စစ်ပြီးခေတ်နောက်ပိုင်းတွင်ကား အသိဉာဏ်ဗဟုသုတများ တိုးတက်လာသည်။ အစိုးရကလည်း ကပ်ရောဂါကာကွယ်ရေးကို အလေးပေးဆောင်ရွက်လာမှုကြောင့် ကပ်ရောဂါများ နည်းပါးသွား၏။ အချို့ ကပ်ရောဂါဆိုလျှင် လုံးဝလောက်နီးပါး ပျောက်ကွယ်သွားသည်။ သို့တိုင်အောင် ယခုခေတ်တွင် ရန်ကုန်မြို့တော်နှင့် မြို့ကြီးများတွင် နှစ်ဆန်းတစ်ရက်နေ့တိုင်း တဝုန်းဝုန်း၊ တဒိုင်းဒိုင်းသံများပေး၍ တောထုတ်ကြဆဲပင် ဖြစ်၏။

ယခင်က အိန္ဒိယပြည်မှ စ၍ ဖြစ်ပေါ်ခဲ့သော ပလိပ်ရောဂါသည် ကပ်ရောဂါအသွင်သို့ပြောင်းပြီး တစ်ကမ္ဘာလုံးသို့ ခြိမ်းခြောက်လာခဲ့သည်။ ကပ်ရောဂါသည်များ သူ့ခေတ်နှင့်သူ့ခေတ်ထလေ့ ရှိသည်။ ရှေးအခါက ပလိပ်ရောဂါ၊ ဝမ်းရောဂါများသည် တစ်မျိုးသားလုံးကို ဒုက္ခပေးခဲ့သော ကပ်ရောဂါများ ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက်တွင်ကား တီဘီရောဂါ၊ ငှက်ဖျားရောဂါများသည် ကပ်ရောဂါ ဖြစ်လာပြန်သည်။ ပလိပ်ရောဂါနှင့် ဝမ်းရောဂါသည် နောက်တန်းသို့ရောက်သွားသည်။ တစ်ဖန် သွေးလွန်တုပ်ကွေးရောဂါ၊ ပိုလီယိုရောဂါ၊ ဆုံဆို့နာရောဂါများ ခေတ်ထလာသည်။ ကပ်ရောဂါများ အကြီးအကျယ်ဖြစ်ပွားသောအခါ ကျန်းမာရေးဌာနမှ နှိမ်နင်းလိုက်သဖြင့် ၄ နှစ်၊ ၅ နှစ်အတွင်း လျော့ကျသွားပါ၏။ သို့သော် တစ်ဖန် ပျောက်ကွယ်ပြီးခဲ့သော ပလိပ်ရောဂါ စသော ကပ်ရောဂါများသည် ခေါင်းထောင်လာပြန်သေးသည်။ ကပ်ရောဂါ ဆိုသည်မှာ တစ်ခါတည်းဖြင့် နောင်ခေါင်းမထောင်နိုင်အောင် ပျောက်ကွယ်သွားသည်မှာ မရှိသလောက် ဖြစ်၏။ လူတွေမေ့လောက်ချိန်၊ ကျန်းမာရေးဌာနများက နှိမ်နင်းပြီးပြီဟု ထင်ချိန်တွင် ကပ်ရောဂါဟောင်းများ ပြန်ပေါ်လာတတ်ပါသည်။ ထိုအခါတွင် ဆေးဝါးနှင့် ပညာပေးလှုံ့ဆော်မှုများ ပြတ်လပ်မှုများကြောင့် ရောဂါန္တရကပ်ဆိုက်၍ အသက်များစွာ ဆုံးရှုံးရသည်။

တစ်ကမ္ဘာလုံး ကပ်ရောဂါဆေးဝါးများ ပြတ်လပ်နေစဉ်တွင် အချိန်မရွေး အလွယ်တကူရနိုင်သော ရောဂါကာကွယ်ဆေးမှာ တောထုတ်ခြင်းပင် ဖြစ်သည်။ ဤသို့ ကပ်ရောဂါများစွာကို တောထုတ်ခြင်းအလေ့မှာ မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံးအနှံ့အပြားတွင် ရှိခဲ့သည်။ အီဂျစ်၊ ခေါမ၊ ရောမ၊ ဥရောပနိုင်ငံများနှင့် အရှေ့တိုင်းတွင် တရုတ်၊ အိန္ဒိယတို့တွင်လည်း ကပ်ရောဂါများကို တောထုတ်ခဲ့ကြကြောင်း တွေ့ရ၏။ တောထုတ်သောအစဉ်အလာသည် ယနေ့တိုင် ကျေးလက်ဒေသများတွင် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဆွစ်ဇာလန်ပြည်ရှိ နာမည်ကျော် ရှပ်ဟောဆင် ခေါင်းလောင်းကြီးကို ၁၄၈၆ ခုနှစ်က သွန်းလုပ်ခဲ့ပြီး ခေါင်းလောင်းစာတွင် လက်တင်ဘာသာဖြင့် 'ရှင်သူတွေကိုနှုတ်ဆက်၍ တမလွန်ဘဝရောက်နေသူတွေကို တမ်းတမည်' ဟု ကမ္ပည်းထိုးထားသည်။ ဘိဒင်ကောရှိ နာမည်ကျော် ခေါင်းလောင်းကြီးတွင်လည်း 'မီး၊ မိုးကြိုး၊ မိုးသီး၊ မုန်တိုင်း၊ ကူးစက်ရောဂါ၊ နတ်မိစ္ဆာနှင့် လူဆိုးလူညစ်များသည် ငါ့အသံကြားလျှင် ဝေးရာသို့ ရှောင်ကြ၊ ရှားကြစေ' ဟူ၍ ကမ္ပည်းထိုးခဲ့သည်။ ဂျိနီဗာမြို့ရှိ ခေါင်းလောင်းကြီးတွင်လည်း 'ငါသည် ပလိပ်ရောဂါကိုနှင်ထုတ်ပြီး နာနာဘာဝများကို သုတ်သင်အံ့' ဟူ၍ ကမ္ပည်းရေးထိုးထားသည်။

နွေရာသီတွင် နတ်မိစ္ဆာများနှင့် တိုက်ပွဲပြင်းထန်လေ၊ လူအသေအပျောက်များလေ ဖြစ်ကြောင်း တွေ့ရသည်ဟု တရုတ်ရှေးဟောင်းမှတ်တမ်းများတွင် မှတ်သားခဲ့ပြီး ကပ်သင့်သော တစ်နယ်လုံးသည် မောင်းများကိုထု၍ တောထုတ်ကြသည်ဟု ဖော်ပြထားသည်။ အာဖရိကလူမျိုးစုများစွာတို့သည် ကပ်ရောဂါဆိုးကို နတ်မိစ္ဆာများက သယ်ဆောင်လာကြသည်၊ ထို့ကြောင့် နတ်မိစ္ဆာများဝင်မလာနိုင်စေရန်အတွက် သံ (သို့မဟုတ်) ရရာသတ္တုချောင်း၊ ပုံးများကို ရိုက်နှက်တီးခတ်၍ နတ်ဆိုးများကို နှစ်စဉ် နှင်ထုတ်လေ့ ရှိကြသည်။ ဒဿနိကပညာရှင် ဖရန်စစ်ဘေကွန်က 'လူဦးရေထူထပ်သောမြို့ကြီးများတွင် ခေါင်းလောင်းများကို ကျယ်လောင်စွာတီးခြင်းဖြင့် မုန်တိုင်းနှင့် ကူးစက်ကပ်ရောဂါများ နှင်ထုတ်နိုင်သည်' ဟု ရေးသားခဲ့သည်။

သတ္တု တစ်ခုနှင့်တစ်ခု ရိုက်ခတ်သောအခါ ထွက်ပေါ်လာသော အသံသည် ကပ်ရောဂါကို တားဆီးနိုင်ပါသလား၊ နတ်မိစ္ဆာများကို နှင်ထုတ်နိုင်ပါသလား၊ မည်သို့သောအသံဖြစ်၍ နတ်မိစ္ဆာတို့ကို နှင်နိုင်ပါသနည်း ဟူသော အမေးပုစ္ဆာကို ရှေးအခါက အဖြေမပေးနိုင်သော်လည်း ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလထုတ် စပွတ်နစ်မဂ္ဂဇင်းတွင် သိပ္ပံပညာရှင်များက အဖြေထုတ်ပေးနိုင်ပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်တွင် အတိုးအညင်းဆုံးအသံမှ အကျယ်လောင်ဆုံးအသံအထိ အသံအဆင့်များစွာ ရှိသည်။ ယင်းအသံဖရီကွင်စီမြောက်မြားစွာအနက်မှ ကျွန်တော်တို့လူတွေနားက ကြားနိုင်သောအဆင့်မှာ ဖရီကွင်စီ ၂၀ မှ ၂၀,၀၀၀ အတွင်းသာ ဖြစ်ပါသည်။ ဖရီကွင်စီ ၂၀ အောက်ကျသောအသံကို လူ့နားက မကြားရ။ ဖရီကွင်စီ ၂၀,၀၀၀ ထက် ကျော်လွန်သောအသံကိုလည်း လူ့နားက ကြားနိုင်စွမ်းမရှိချေ။ တိရစ္ဆာန်များသည် လူထက် ဖရီကွင်စီမြင့်သောအသံကို ကြားနိုင်သည်။ ဥပမာ ခွေး၊ ကြောင်တို့သည် ဖရီကွင်စီ ၃၀,၀၀၀ အထိ ကြားနိုင်သည်။ ဖရီကွင်စီ ၂၀ အောက်နိမ့်သော အသံတို့ကိုလည်း အချို့ ပိုးမွှားတိရစ္ဆာန်များက ကြားနိုင်သည်။ လူ့နားဖြင့် မကြားနိုင်အောင် ကျယ်လောင်သော ဖရီကွင်စီ ၂၀,၀၀၀ ထက် ကျော်လွန်သောအသံများကို Ultra Sound ဟု ခေါ်သည်။ Ultra သည် 'ပိုမိုလွန်ကဲခြင်း' ဟု အဓိပ္ပာယ်ရသည်။ သာမန်အသံထက် လွန်ကဲသောအသံဟု ဆိုနိုင်သည်။ ထို့ကြောင့် 'အသံလွန်စွမ်းအင်' ဟု အမည်တပ်ခြင်း ဖြစ်သည်။ အာ(လ်)ထရာဆောင်း ခေါ် အသံလွန်ကို ပုရစ်များ၊ ကျိုင်းကောင်များ၊ လင်းနို့၊ ဝေလငါး၊ လင်းပိုင်၊ ဝက်၊ ကြွက်များက ကြားနိုင်သည်။ အလွန်သေးငယ်သော ဗက်တီးရီးယားပိုးများ၊ ဆုံဆို့နာပိုးနှင့် တီဘီပိုးများကို အသံလွန်လှိုင်းဖြင့်သုတ်သင်၍ ယင်းရောဂါများကို ပျောက်ကင်းစေနိုင်ကြောင်း ရုရှားသိပ္ပံပညာရှင်များက စမ်းသပ်တွေ့ရှိခဲ့ကြသည်။

ပလိပ်ရောဂါပိုးကိုသယ်ဆောင်လာသောကြွက်များသည် သံချောင်း၊ သံပုံး၊ သတ္တုပုံးများကို ရိုက်နှက်၍ ထွက်လာသော အသံလွန်လှိုင်းကို ကြားရသောအခါ ထွက်ပြေးကြ၏။ ကြွက်တွင် ကပ်လျက်ရှိသော ပလိပ်ရောဂါပိုးများသည် အသံလွန်လှိုင်း ဒဏ်ခံရ၍ သေဆုံးကြသည်။ ထို့ကြောင့် တောထုတ်လိုက်သောအခါ ပလိပ်ရောဂါများ သိသိသာသာကျဆင်းပြီး နောက်ဆုံးတွင် ပျောက်ကွယ်သွားရခြင်း ဖြစ်သည်။

ထို့အပြင် ဂန္ဓာရီပညာအရ နာနာဘာဝ၊ နတ်မိစ္ဆာတို့၏ခန္ဓာသည် အီသာရစ် ခေါ် ဘိုင်အိုပလပ်စမာ (Bioplasma) ဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ပရစိတ်ပညာနှင့် မနောသုတေသနအဖွဲ့များ၏ သုတေသနပြုချက်အရ လူတို့ပူးဝင်သော ပရလောကသား နတ်မိစ္ဆာများ၏ ခန္ဓာသည် အက်တိုပလာဇန် ခေါ် အလွန် နူးညံ့သိမ်မွေ့သော ရုပ်ဒြပ်မှုန်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ အခဲ၊ အရည်၊ အခိုး ဟူသော ရုပ်ဝတ္ထုတည်ရှိမှု အဆင့် ၃ ဆင့်ထက် ကျော်လွန်သော အငွေ့အသက်အဆင့် ဖြစ်သည်။ စတုတ္ထအဆင့် ဖြစ်သည်။ အာ(လ်)ထရာဆောင်း အသံလွန်မှာလည်း ဤစတုတ္ထအဆင့် ရုပ်ဒြပ်မှုပင် ဖြစ်၏။ တတိယအဆင့်အတွင်း၌ အကျုံးဝင်သော သာမန်အသံသည် စတုတ္ထအဆင့်တွင် အကျုံးဝင်သော ဗက်တီးရီးယား၊ ဗိုင်းရပ်နှင့် နာနာဘာဝများကို မထိခိုက်စေနိုင်ပေ။ လျှပ်စစ်ဓာတ်ကဲ့သို့ပင် အလွန်သိမ်မွေ့သော စတုတ္ထအဆင့်ဝင်သောအသံ ဖြစ်သည့် အာ(လ်)ထရာဆောင်း ခေါ် အသံလွန်သည်သာလျှင် စတုတ္ထအဆင့် ရုပ်နုလောက ခေါ် အီသာရစ်ခန္ဓာရှိသည့် နတ်မိစ္ဆာနာနာဘာဝကို ထိရောက်စွာ သုတ်သင်နိုင်သည်။

ထို့ကြောင့်သာ ရှေးလူကြီးများသည် ရှည်လျားလှသော သမိုင်းအတွေ့အကြုံအရ အာ(လ်)ထရာဆောင်းထွက်စေသော တောထုတ်သံဖြစ်ပေါ်စေခြင်းဖြင့် ကပ်ရောဂါများကို ကာကွယ် တားဆီးနိုင်ခဲ့ခြင်း ဖြစ်ရာ မြန်မာ့ရိုးရာ ဓလေ့ဟောင်း ဖြစ်သော တောထုတ်ခြင်းသည် အယူသီးမှု မဟုတ်၊ သိပ္ပံနည်းကျသော ကပ်ရောဂါကာကွယ်နည်းတစ်ရပ်သာဖြစ်၍ ဆက်လက်ရှင်သန်အောင် မြန်မာသမားတော်များက သုတေသနပြုကြရန် တိုက်တွန်းလိုပါသည်။

မောင်ကျောက်တိုင်

## ဆေးမှားသောက် အဆိပ်ဖြစ်သော...

ဆေးမှားသောက်ခြင်း ဆိုသည်မှာ သောက်ရန်ဆေးမဟုတ်ဘဲ လိမ်းရန်ဆေးများဖြစ်သောတင်ချာ၊အရက်ပြန်များ မှားယွင်းသောက်မိခြင်း၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီကို ကလေးသူငယ်များ ဆွဲယူသောက်မိခြင်း၊ အက်စစ်၊ ငရဲမီးအပျော့စားတို့ သောက်မိခြင်းဖြစ်ပြီး အဆိပ်ဖြစ်အဆိပ်တောက်ခြင်းမျိုးကို ဆိုလိုပါသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က ခုနစ်အရွယ် ကလေးငယ်တစ်ယောက် အရက်ပြန်သောက်မိပြီး အဆိပ်ဖြစ်ကာ ပစ်လဲကျသွားပြီးနောက် ကန်စွန်းရွက်သတ္တုရည်များ ဝင်အောင်တိုက်၍ အဆိပ်ဖြေစေပါသည်။ သက်သာသလို ဖြစ်ပြီး ခေါင်းလွန်စွာ ကိုက်ခဲ မူးဝေနေပါသည်။ အောက်ပါ မြန်မာ့အဆိပ်ဖြေဆေးနှင့် ထိုကလေး အသက်ချမ်းသာရခဲ့ပါသည်။

ပရဆေးဆိုင်မှ လက်ချားအခဲ (၅) ကျပ်သား ဝယ်ပါ။ သံဒယ်အိုးကင်းကို မီးဖိုပေါ်တင်ပြီး အပူပေးကာ လက်ချားခဲထည့်လျှင် အပွင့်ဖြူပွင့်လာပါမည်။ လက်ချားမီးဖောက်ဟု ခေါ်ပါသည်။ ၎င်းလက်ချားမီးဖောက် (၅) ကျပ်သားအမှုန့်နှင့် ကျောက်ကုံကုမံ (၁) ကျပ်သားအမှုန့် သမအောင်ရောထားပြီး အဆိပ်အတော်ဖြစ်နေသူကို ဆေးမှုန့် (၁)မတ်သားကို ရေသင့်ရုံနှင့် ဖျော်တိုက်ပါ။ ၎င်းဆေးမှုန့်ကို ရှူလည်းရှူစေပါသည်။

အဆိပ်ပြေပျောက်၍ အသက်ချမ်းသာရရှိစေပါသည်။ အရေးကြုံလျှင် အသုံးပြုနိုင်ကြစေရန် တင်ပြအပ်ပါသည်။

နေမဝင် (နတ်မြေအေး)



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသဲအောင်(ပန်းမြေ)

# ဖြစ်မျိုးမထင် လှစေချင်

ကျွန်တော်နှင့် မိတ်ဆွေသူငယ်ချင်းတစ်ဦးတို့ စနေ (သို့) တနင်္ဂနွေ တစ်ရက်ရက်တွင် ဖုန်းနှင့် ချိန်းကာ သုံးဆယ်မြို့ရှိ လက်ဖက်ရည်ဆိုင်၌ စာအကြောင်းပေအကြောင်း ထွေရာလေးပါး ဆွေးနွေးကြရင်း အပတ်စဉ်ထိုင်ဖြစ်၏။ တစ်ရက်တွင် မိတ်ဆွေသူငယ်ချင်းမှ သူ့တူမလေး တစ်ယောက်တွင် ခြေထောက်၌ ဝဲနှင်းခူနာပေါက်နေကြောင်း၊ ညှော်မိသည့်ရက်များဝယ် ပိုဆိုး၍ ပေါင်တွင် အကျိတ်ခိုကာ သွားဖို့လာဖို့ပင် ခက်ခဲကြောင်း၊ အပျိုလေးဖြစ်နေပြီမို့ လူကြားသူကြားသွားဖို့ပင် အရှက်နှင့် အခက်တွေ့နေရကြောင်း ပြောပြ၏။ ကျွန်တော်သည်လည်း အစ်မဝမ်းကွဲတစ်ယောက် သက်သာ ပျောက်ကင်းခဲ့သည့် ဆေးမြီးတိုတစ်ခုအား အမှတ်ရနေ၍ ပြောပြခဲ့၏။

သူငယ်ချင်းဖြစ်သူနှင့် ထိုတစ်ပတ်တွေ့ကြပြီးနောက် ကျွန်တော်သည်လည်း အိမ်အလုပ် မအားလပ်သဖြင့် မတွေ့ဖြစ်တော့ပေ။

နောက်နှစ်ပတ်ကျော်၍ တစ်ရက်တွင် သူငယ်ချင်းဖြစ်သူမှာ နံနက်စောစော ကျွန်တော့်ထံ ရောက်ရှိလာ၏။ ကျွန်တော်လည်း အားရဝမ်းသာနှင့် ခရီးဦးကြိုပြုကာ လာရင်းအကြောင်းအား မေး၏။ သို့သော် သူငယ်ချင်းမှာ -

"လိုက်သာလိုက်ခဲ့ပါ။ ဟိုရောက်တော့သိမှာပေါ့"

ဟု ထိန်ဝှက်ချင်သောသဘောရှိနေသဖြင့် အလိုက်သိစွာ အဝတ်အစားလဲ၍ သူ့ဆိုင်ကယ်နှင့်ပင်လိုက်ခဲ့တော့၏။

ဆိုင်ကယ်ကလေးမှာ သုံးဆယ်မြို့ မကျိုးကုန်းအတွင်းလမ်းသို့ ချိုးဝင်လိုက်ပြီး တစ်ကွေ့မောင်းပြီးလျှင် တစ်ထပ်တိုက်ကလေးဆောက်ထားသည့်ခြံရှေ့တွင် ရပ်လိုက်၏။ ဆိုင်ကယ်သံကြားသည်နှင့် အသင့်စောင့်နေဟန်ရှိသော အသက်ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိမည့် မိန်းကလေးတစ်ဦး ပျာပျာသလဲထွက်ကြို၏။ မိန်းမငယ်လေးမှာ အထူးဖော်ရွေလျက် စာရေးသူတို့နှစ်ယောက်အား အိမ်တွင်းသို့ ဦးဆောင် ခေါ်ယူ၏။ ဧည့်ခန်းတွင် ထိုင်မိသောအခါ မိမိသူငယ်ချင်းဖြစ်သူ၏ တူမတော်ကြောင်း၊ ဝဲနှင်းခူပေါက်သည်မှာ သူမပင် ဖြစ်ကြောင်း ရှင်းပြ၏။

ဝေဒနာရှင်မိန်းကလေး၏မိခင်မှာလည်း ရွှင်ပျစွာဖြင့် ဤဝဲနှင်းခူနာစွဲကပ်ခဲ့သည်မှာ အပျိုဖော်ဝင်စကပင် ဖြစ်ကြောင်း သိရ၏။ အနာမှာလည်း ခြေခုံအထက်နား လူမြင်ကွင်းတွင် ဖြစ်သောကြောင့် အဖေနှင့်အမေမှာလည်း သူမနည်းတူ စိတ်ညစ်ကြရကြောင်း၊ အရင်က အင်္ဂလိပ်ဆေးဖြင့် ဆေးထိုး၊ ဆေးသောက်ကုသခဲ့ဖူးကြောင်း၊ အနာမှာ ခဏသာ ငုပ်သည့်သဘောဖြင့်ပျောက်၍ အစားမှားလျှင် ပြန်ပေါ်တတ်ကြောင်း ပြောပြခဲ့၏။ စာရေးသူ ဆေးနည်းအား သူ့ဦးလေးဆီမှရသည့်နေ့တွင်ပင် ရပ်ကွက်အတွင်း အသင့်ရှိသည့် လုမ္ဗိနီအင်ကြင်းပင်မှ အပွင့်များကိုကောက်ယူ နေလှန်း၍ အခြောက်ခံကာ သနပ်ခါးနှင့်အတူ ခပ်ပျစ်ပျစ်ထူထူသွေးလိမ်းရာ သက်သာပျောက်ကင်းသွားကြောင်း သိရ၏။ အနာအား စမ်းသပ်သည့်သဘောဖြင့် သားငါးအညှီအဟောက်တို့အား စားသော်လည်း ပြန်မပေါ်တော့ကြောင်း သိရ၏။

မိမိမှ ပျောက်ပုံပျောက်နည်း အဆင့်ဆင့်အားမေးရာ ဝဲနှင်းခူနာမှာ စလိမ်းသည့်နေ့တွင်ပင် တစ်ခါလိမ်းလျှင် တစ်ခါချပ်ကျသွား၍ အလွန်သိသာလှကြောင်း၊ တစ်နေ့ သုံးကြိမ်လိမ်း၍ နှစ်ပတ်အတွင်းပင် လုံးဝခြောက်သွားပြီ အချပ်လိုက် ကွာထွက်သွားကြောင်း အားရဝမ်းသာရှင်းပြလေသည်။

ကျေးဇူးဆပ်သည့်သဘောဖြင့် သမီး၏ ဆန္ဒအရ ထမင်းဖိတ်ကျွေးခြင်းဖြစ်လေရာ စကားပြတ်သွား၍ ခဏအကြာတွင် ကျွန်တော်နှင့် သူငယ်ချင်းအား အုန်းထမင်းနှင့် ကြက်သားဟင်း အရံဟင်းမည်စုံလင်စွာဖြင့် တည်ခင်း ဧည့်ခံလေ၏။ မမျှော်လင့်သော ဆေးမြီးတိုလေးတစ်ခုဖြင့် မေတ္တာဖက်၍လားမသိ ဆေးစွမ်းထက်ခဲ့လေပြီ။ ကာယကံရှင် မိန်းကလေးမှာလည်း ရင်တွင်း မည်မျှ ပျော်ရွှင်နေသည်ကို မြင်ရုံဖြင့် သိသာလှ၏။ ဖြစ်မျိုးမထင် အလှရှင်ကလေးဖြစ်ခဲ့ပေပြီ။ မေတ္တာတုံ့ပြန်သည့်သဘောဖြင့် ကျွေးမွေး ဧည့်ခံသော တစ်နပ်စားထမင်းဟင်းသည်လည်း မြိန်ရှက်လှပါဘိ။

ထိုဖြစ်ရပ်မှာ သုံးနှစ်ခန့်ပင် ကြာခဲ့လေပြီ။ သူငယ်ချင်း တူမလေး၏ အနာ သက်သာ ပျောက်ကင်းပြီးနောက် ဝဲနှင့် ပတ်သက်၍ ဝဲစို၊ ဝဲခြောက်ဝေဒနာရှင် တွေ့လေတိုင်း ကျွန်တော် မေတ္တာဖြင့် ဆေးညွှန်းပေးခဲ့ရာ ဝဲနှင်းခူအပြင် အခြားဝဲရောဂါများပါ ဆယ်ဦးထက်မနည်း ပျောက်ကင်းခဲ့လေ၏။အနာမှန်လျှင် ပျောက်ရန်ဆေးနည်းကား ရှိစမြဲသာဖြစ်လေ၏။ အနာနှင့်ဆေးမတည့်သေးလျှင် ငွေကြေးကုန်ကျများလွန်း၍ ကာယကံရှင် ဝေဒနာသည်တို့မှာ ငွေကုန်၊ လူပန်းစိတ်နွမ်းကြရပေသည်။

ဝဲနှင်းခူနာမှာ သူသူငါငါ လူသူများကြား၌ အဖြစ်များသောရောဂါတစ်ခု ဖြစ်လေ၏။ ထို့ကြောင့် ကျွန်တော်၏ သူငယ်ချင်း တူမလေးနည်းတူ မြန်ပြည်တစ်နံတစ်လျှား လှည်းနေလေ့အောင်း မြင်းဇောင်းမကျန် ဝဲနှင်းခူဝေဒနာရှင်များ ပျောက်ကင်းစေရန် ရယ်ရွယ်၍ သုရဿမဂ္ဂဇင်းမှ တစ်ဆင့် ဖြန့်ဝေလိုက်ရပါသည်။

ဖိုးသဲအောင်(ပန်းမြေ)



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချက်အလွဲ ထိချက်ကကွဲ

# ပန်းမြိုင်လယ်-စိန်ဝင်း


သုရဿမဂ္ဂဇင်း
၂၀၁၂ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

အချို့သောရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ဇာတ်ကားပြီးသွားတော့ ရိုက်ကွင်းပေါ်က ပြောမှားဆိုမှား၊ လုပ်မှားသရုပ်ဆောင်အမှားတွေကို မှတ်တမ်းတင်ထားပြီး ဇာတ်ကားအဆုံးမှာ ပွဲကြည့်ပရိသတ်ကို ပြန်ပြလိုက်တယ်။ မှားပြီးသရုပ်ဆောင်ချက်တွေက ဟာသကွက်တွေဖြစ်ပြီး ရယ်မောပျော်ရွှင်စရာအဖြစ် ခံစားလိုက်ကြရပါတယ်။ ပြီးတော့မှ အသိဝင်လာမိတာက 'ဩော်- ဒါတွေဟာ သဏ္ဍာန်လုပ် သရုပ်တူအောင် ဟန်ဆောင် လုပ်နေကြတာပါလားဆိုတဲ့ အမြင်အတွေးလေးနဲ့ ဆိုတော့ ပျော်စရာတောင်ကောင်းသေး။

ဒီလို ဒီလို ပျော်စရာကောင်းပြီး အလွဲရိုက်ချက်တွေနဲ့ မလွှတ်ကင်းနိုင်သေးတဲ့ လောကကြီးကို လောင်းကစားလောဘဖက်လို့ ဘဝပျက်ခဲ့ရတဲ့ရိုက်ချက်အလွဲတွေကတော့ ပျော်စရာတော့မဟုတ်၊ ဝမ်းနည်းကြေကွဲစရာ သနားစရာ၊ အတုယူစရာအဖြစ် ခံစားမိပါရဲ့. . ။

(၁)

'လှေမျောလျှင်လှေနဲ့လိုက်၊ ငွေမျောလျှင်ငွေနဲ့လိုက်' ဆိုတဲ့စကားဟာ ဒုစရိုက်လောကကြီးထဲက လောင်းကစား လောဘသားတွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသား လက်သုံးစကားတစ်ရပ်ပါပဲ။

အခုလည်းကြည့်လေ၊ ကိုလှဖေဆိုသူရဲ့ ရှာဖွေ စုဆောင်းထားသမျှပိုင်ဆိုင်မှုတွေ တော်တော်များများမျောပါသွားတာက လှေတော့မဟုတ်၊ လူသားတို့ရဲ့သည်းခြေကြိုက် ငွေတွေနဲ့ ရွှေငွေပစ္စည်း ဥစ္စာ ရတနာတွေဟာ တဖြည်းဖြည်းချင်း စီးဆင်းမျောပါလို့ ကုန်ဆုံးနေခြင်းရယ်သာ။

ဟိုမူလ ပထမ လက်ဟောင်းကြီး ကိုလှဖေ ဆိုသူဟာ တကယ့်ကိုလူရိုး လူအေးကြီး တစ်ယောက်ပါ။ သဘောကောင်း မနောကောင်း အပြောချိုပြီး မိခင်အိုကြီးနှင့်အတူ ဈေးထဲမှာ အထည်ဆိုင်လေးဖွင့်လို့ ရိုးရိုးသမှာအာဇီဝကျကျ ရောင်းချ စားသောက်လို့နေခဲ့တာပါ။ အမေတစ်ခုသားတစ်ခုဘဝမို့ ပူပင်စရာမရှိပါဘူး။ အမေအိုကြီးကိုလည်း ဂရုစိုက်ပြုစုစောင့်ရှောက်နိုင်သလို စိတ်ချမ်းသာမှုရအောင်လည်း အပြည့်အဝ ဖြည့်ဆည်းပေးနေခဲ့တဲ့သူပါ။


ဒါကြောင့် အိမ်ထောင်ပြုဖို့ဆိုတာ သူ့စိတ်ကူးထဲမှာ ရှိနေပေမယ့် အမေနဲ့မတည့်မှာစိုးလို့ ဆိုပြီး လူပျိုသိုးဘဝနဲ့နေလာခဲ့တာတောင် ကြာခဲ့ပါပြီကော။ အနီးအနား မျက်စောင်းထိုးဆိုင်က ဟီးထနေတဲ့အထည်ဆိုင်ကြီးမှာထိုင်တဲ့ အပျိုကြီးဒေါ်ခင်လေးမြင့်နဲ့ဆို သူမသိငါပိုး မျက်လုံးချင်းတော့ စကားပြောပြီးသားပါ။ အပျိုကြီးဒေါ်ခင်လေးမြင့်တို့ရဲ့ ချမ်းသာချက်ဟာ သူ့တစ်သက်တာ ထိုင်စားလို့တောင် ကုန်နိုင်ဖွယ်ရာ မထင်ပါဘူး။ ဒါကြောင့် အရောင်းအဝယ်မှာအရှုံး၊ အမြတ်ကို ဈေးတွက်တွက်တတ်တဲ့ ဆယ်လီကျေ တရုတ်ပေသီးလူပျိုကြီး ကိုလှဖေဟာ ချမ်းသာတဲ့အပျိုကြီးကို ပစ်မှတ်တစ်ခုအဖြစ်နဲ့ အပိုင်ချိန်ထားပြီးသားပါ။

ဒီလိုနဲ့ ကိုလှဖေရဲ့အမေကြီးဟာ လူကြီးရောဂါနဲ့ဆုံးတော့မှ သူကွက်တိကျချိန်ထားခဲ့တဲ့အပျိုကြီးကိုအပိုင်ရိုက်ချလိုက်ပါတယ်။ လူပျိုကြီးနဲ့ အပျိုကြီး ဒိတ်ဒိတ်ကြဲသူဌေးသမီးနဲ့ညားခဲ့တဲ့ ကိုလှဖေဟာ မင်္ဂလာဆောင်ပြီးမှသိလိုက်ရတာက သူယူလိုက်တဲ့မိန်းမကို အများက အပျိုကြီးလို့နှုတ်ကျိုးပြီးဆိုနေကြပေမယ့် မခင်လေးမြင့်ဟာ အမှန်တကယ်မှာတော့ ရေ့ရောတဲ့ မှတ်ကျောက်တင်ခံ အပျိုကြီးစစ် မဟုတ်ဘဲ အိမ်ထောင်ကျဖူးသူ တစ်ခုလပ်တစ်ယောက်ဖြစ်နေခဲ့တယ်ဆိုတာကို ခရေစေ့တွင်းကျပြီးမှ သိလိုက်ရတော့တယ်ဆိုပဲ။

ပြီးတော့ ပိုဆိုးတာက မခင်လေးမြင့်ဟာ အထည်ဆိုင်ပိုင်ရှင် သူဌေးကြီးတွေရဲ့သမီးအရင်းမဟုတ်ပြန်ပါဘူး။ ဆွေမျိုးနီးစပ်လောက်တော်တာပါ။ ရွာကနေ သနားလို့ခေါ်လာပြီး အိမ်မှာတောက်တိုမယ်ရ ကူဖော်လောင်ဖက်ရစေဖို့ ခေါ်လာခဲ့တာ။ နောက်တော့ သူ့ရဲ့ သွက်လက်ချက်ချာပုံကြည့်ပြီး ယုံကြည်စိတ်ချရလို့ အထည်ဆိုင်ကြီးမှာဆိုင်ထိုင်ခိုင်းခဲ့တာကိုတော့ ပွဲပြီးသွားခါမှ အတိအကျ သိလိုက်ရပေတော့တယ်။

အိမ်ထောင်မှု ဘုရားတည်ဆေးမင်ရည် စုတ်ထိုးလို့ ဆိုထားတဲ့ဆိုရိုးစကားဟာ ဖြစ်ပြီးရင် ပြန်ဖျက်လို့၊ ပြုပြင်လို့ ခက်ပါတယ်။ ဈေးသူဈေးသားအားလုံးကတော့ နှုတ်ကျိုးနေတာမို့ အပျိုကြီးလို့ ခေါ်မြဲပါပဲ။ အခုတော့ အထည်ဆိုင်ကြီးမှာ ထိုင်ခဲ့တဲ့မခင်လေးမြင့်ဟာ ကိုလှဖေနဲ့ညားလိုက်တော့ ယောကျ်ားဖြစ်သူရဲ့ဆိုင်ကိုပြောင်းထိုင်လိုက်ရပါတော့တယ်။ ရည်ရွယ်ရင်းကတော့ ဆံထုံးနောက်ကိုသျှောင်လိုက်လိုပေမယ့် တကယ်ဖြစ်လာတာကတော့ သျှောင်နောက်ကို ဆံထုံးရောက်လာရတာပါ။

ကိုယ့်အိုးကိုယ့်အိမ်နဲ့ ဖြစ်လာတဲ့ မခင်လေးမြင့်ဟာ သူ့ရှေ့မှာမြင်တွေ့နေရကဲ့ ကြီးပွားချမ်းသာတဲ့သူတွေကိုအားကျနေမိသလို ကိုယ်တိုင်လည်း ပိုပြီး ချမ်းသာချင်မိပါတယ်။ ပမာဆိုရရင်တော့ ကိုယ်ခံအား ခုခံအား နည်းနေတဲ့အချိန်မှာ ရောဂါပိုးဟာ အလွယ်တကူ ထိုးဖောက် ဝင်



www.burmeseclassic.com

ရောက်နိုင်သလို မခင်လေးမြင့်ရဲ့ လောဘစိတ်နဲ့ ချမ်းသာကြီးပွားချင်သူတွေအတွက် အလောင်းအစားမှောင်ခိုဈေးကွက်တစ်ခုဟာ တိုးတိုးတိတ်တိတ်နဲ့ ထိုးဖောက်ဝင်ရောက်လာခဲ့ပါတော့တယ်။

အဲဒါကတော့ ချဲထီလောင်းကစားပါ။ ပထမတော့ သုံးလုံးဂဏန်းကို တစ်လ နှစ်ကြိမ် ထိုးတယ်။ ပေါက်ရင် အဆငါးရာ၊ အထက်-အောက်နဲ့ ပတ်လည်ဂဏန်းသုံးလုံး တူရင်တော့ တွက်ဆိုပြီး ဆယ်ဆပေးလျော်တာ။ ပြထားတဲ့ငါးစာဟာ မက်စရာပါပဲ။ ဒါပေမယ့် ငါးစာနောက်က အဆိပ်လူးထားတဲ့ ငါးမျှားချိတ်ကိုတော့ မမြင်ကြဘူး။ တည့်တည့်ပေါက်ဖို့ဆိုတာက တစ်ထောင်မှာ တစ်ကွက်ဆိုတော့ တကယ့်ကိုခက်ခဲတဲ့အလုပ်ပေါ့။

အဲဒီမှာ အညီရှိရာ ယင်အုံဆိုသလို ပျားရည်လူးထားတဲ့ ချိုင်းစာရွက်တွေ၊ လောဘရနံ့ထည့်ထားတဲ့ တွက်နည်းတွေ၊ လေလည်သံပေးလို့ ခွေးဝမ်းသာစေသလိုမျိုး အတိတ်စိမ်းတွေဆိုတာဟာလည်း ချဲလောကတစ်နံတစ်လျားမှာ အကြံအဖန်တွေများစွာနဲ့ပလူပျံနေပြီး ရှုပ်ယှက်ကိုခတ်လို့။

ထိုးသားအများစုဟာ တစ်လုံးလွဲလိုက်၊ နှစ်လုံးလွဲလိုက်၊ တွတ်ကလေးရလိုက်နဲ့ ချဲသံသရာမှာချာချာလည်လို့နေသလို အိပ်မက်ဂဏန်း၊ အရှူးဂဏန်း၊ သဘင်သည်ဂဏန်း၊ ဘိုးတော်ဂဏန်း၊ ကလေးဂဏန်းတွေကလည်း မစားရဝခမန်း ရလိမ့်နိုးနိုး, ပေါက်လိမ့်နိုးနိုးနဲ့ ထိုးလိုက်ကြတာ၊ သူတို့ရဲ့ဘဝဟာ ကြာလာတော့ ပရုတ်လုံးများလိုပါးပါးလို့လာပါပြီ။

အစကတော့ ကိုလှဖေဟာ သူမယားကိုတားပါသေးတယ်။ သူတားနေတဲ့ကြားထဲက မခင်လေးမြင့်ရဲ့ကံဇာတာကပဲ တက်ချင်လာတာလားတော့ မသိ၊ အရံကွက်ထဲကချဲထီထပေါက်ပါလေရော။ အဲဒီမှာ ကိုလှဖေလည်း လောဘရိပ်ကြောင့် စိတ်ဝင်စားမိသလို ဖြစ်လာမိတယ်။ မြေစမ်းခရမ်းပျိုးဆိုသလို ကံစမ်းပြီး ချဲလမ်းပေါ် စမ်းတဝါးဝါးနဲ့ လှမ်းကြည့်စမှာတင်ပဲ ဘာစ်ရာဖိုး ပေါက်လိုက်တယ်။ အဲဒါကို တချို့က သတိပေးစကားပြောပြကြပါတယ်။

"ကိုလှဖေကြီး အိတ်ထဲမှာ ငွေတွေဘယ်လောက်ရှိနေလဲဆိုတာကို သိချင်လို့ ဝင်ကြည့်လိုက်တာ" လို့ဆိုတယ်။ တချို့ကလည်း အားပေးအားမြှောက်သလိုမျိုး-

"အခုမှ အသွင်တူလို့ အိမ်သူဖြစ်ပြီး တကယ့်ကိုလိုက်ဖက်ညီညာသွားတဲ့အတွဲပါပဲဗျာ"တဲ့။ နောက်ပိုင်းမှာတော့ သုံးလုံးချဲက ကြာတယ်ထင်လို့ စနေ၊ တနင်္ဂနွေနဲ့ ကမ္ဘာ့ရုံးပိတ်ရက်တွေမှအပ ကျန်ငါးရက်မှာ ည, မနက် ကစားရတဲ့ နှစ်လုံးဂဏန်းဘက်ကို ခြေစုံပစ်ဝင်လိုက်ကြပါတော့တယ်။ သူကတော့ အကွက်တစ်ရာမှာ ပေါက်ဂဏန်းတစ်ကွက် ဆိုပေမယ့် သုံးလုံးဂဏန်းထက်စာရင် ပေါက်ဖို့ နီးစပ်တယ်လို့ ဆိုပါတယ်။ ပေါက်လို့လျော်တော့ အဆက ရှစ်ဆယ်ပါ။

ရပ်ကွက်ထဲမှာ အသုဘရှိလို့ကတော့ သေတဲ့သူရဲ့အသက်ကိုမွေးပြီးထိုးကြတော့ ငွေနိုင်တဲ့သူတွေက မနက်ဇယားနဲ့ ညနေဇယားကို ဆတိုးမောင်းပြန်ထိုးကြတာ တိုက်ဆိုင်တာလားတော့ မသိဘူး၊ တစ်ပတ်အတွင်းမှာ ထွက်လာတတ်ပါတယ်။ ထိုးကြေးများများနဲ့ပေါက်လိုက်ပြီဆိုရင်တော့ ခိုင်သွားနိုင်တာပေါ့။

(၂)

သည်တစ်ခါသေတဲ့ အသုဘက ကိုလှဖေတို့နဲ့ နှစ်လုံးထိုးဖော်ထိုးဖက် ဖြစ်တဲ့ ကိုကျောက်ကြီးအောင်သန်းဆိုသူရဲ့အသက်ကိုမွေး၊ ဆတိုးမောင်းပြန် ထိုးနေတာပါ။ စွဲလမ်းလို့လား၊ အမှန်တကယ်လားဆိုတာတော့ မပြောတတ်ပါဘူး။ ကျောက်ကြီးသေပြီးလို့ နောက်တစ်နေ့ညမှာပဲ ကိုလှဖေကိုရော မခင်လေးမြင့်ကိုပါ အိပ်မက်ပေးတယ်ဆိုပဲ။ အိပ်မက်ထဲမှာ ကျောက်ကြီးအောင်သန်းက ရောက်လာပြီး-

'သူငယ်ချင်း၊ မင်းတို့တွေ ထိုးတာများနေပြီဆိုတာ ငါသိပါတယ်။ ငါ တကယ်စိတ်မကောင်းပါဘူးကွာ။ ဒီတော့ ငါ့ခေါင်းတလားမှာ ရေးထားတဲ့ အသက်ဂဏန်းကိုမွေးထိုး၊ ကျိန်းသေထွက်ရမယ်။အားမလျှော့နဲ့၊ စိတ်ဓာတ်မကျနဲ့၊ ထိုးဖြစ်အောင်သာထိုးပါ။ ပေါက်ခဲ့ရင်တော့ ငါ့အတွက် ကောင်းမှုကုသိုလ်လေး လုပ်ပေးကြကွာ' လို့ နှစ်ယောက်လုံးကိုအိပ်မက်ကွက်တိကျပေးတာဆိုတော့ တကယ်ကို အားရှိစရာ။ ပေါက်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကလည်း ရှိထားတာဆိုတော့ ကိုလှဖေနဲ့ မခင်လေးမြင့်တို့ဟာ နှစ်ဦးသဘောတူ ဇွဲနဲ့မဲပြီး ထိုးကြပါတော့တယ်။

အဦးဆုံး စထိုးကြတာကတော့ တစ်ရာဖိုးတည်းပါ။ ညနေဘက်ကျတော့ နှစ်ရာပေါ့။ မထွက်မချင်း ဂဏန်းတစ်ကွက်တည်းကို မနက်,ည ဆတိုး မောင်းပြန် ထိုးလိုက်ကြတာ၊ ငါးရက်မြောက်တဲ့ ညနေဘက်မှာတော့ ငါးသောင်း တစ်ထောင့် နှစ်ရာဖိုး ထိုးရတော့မှာ။ အဲဒီအထိ မထွက်သေးဘူး။ ချဲထီ နှစ်ရက်နားတာတောင် မနေတတ် မထိုင်တတ်သလို ဘာတွေလိုနေမှန်းမသိဘူးဆိုပဲ။

အဲ-ခြောက်ရက်မြောက် မနက်မှာ ထပ်ပြီး ဆတိုးမောင်းပြန် ထိုးရရင်တော့ တစ်ကွက်တည်းကို တစ်သိန်း နှစ်ထောင့် လေးရာဖိုး ဖြစ်နေပြီ။ နည်းနည်းတော့ အင်လာသလို ဖင်ထိုင်ချင်နေပြီ။ နောက်ထပ် ဆတိုးမောင်းပြန်ဆက်လိုက်ဖို့ အင်အားချည့်နဲ့လာပြီဆိုတော့ ဗျူဟာတစ်မျိုးပြောင်းကြည့်သည်။ ပုံမှန် မနက် ငါးသောင်း၊ ညငါးသောင်းတော့ ဇွတ်တိုးပြီးထိုးနေတုန်းပါပဲ။ ငါးသောင်းဖိုးက ထပေါက်လိုက်ရင် သိန်းလေးဆယ်ရမှာ ဆိုတဲ့ မစားရ ဝမခန်းနဲ့ မျှော်လင့်နေတုန်းပါ။ ဒါပေမယ့် စီးပွားရေးကတော့ အခြေယိုင်သွားပြီး ကျောက်ကြီး အောင်သန်းကတော့ အသက်ထွက်လို့ သေသွားခဲ့ပေမယ့် သူ့အသက်ကို မွေးထိုးတဲ့ ဂဏန်းကတော့ အခုထိ မထွက်နိုင်သေးဘူး၊ ပြူတစ် ပြူတစ် လုပ်နေတုန်းပါပဲ။

ဒီအထဲမှာ ချမ်းသာချင်လို့ပါဆိုတဲ့ မခင်လေးမြင့်ဟာ (စိတ်ထိခိုက်ခံစားရမှု) ဆိုတဲ့ စိတ်ရောဂါနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com

နှလုံးရောဂါပါ စွဲကပ်လာပါတယ်။ ပထမစွဲခဲ့တဲ့ နှစ်လုံးရောဂါက ချဲထီဂဏန်း၊ ခုဖြစ်တာက ကျန်းမာရေးချို့တဲ့လာတဲ့ နှလုံးရောဂါ။ စိတ်ထိခိုက်လာတာနဲ့အမျှ ရောဂါကသည်းထန်လာပါတယ်။ သိန်းလေးဆယ်လို့ဆိုတဲ့ မျှော်မှန်းချက်ဂဏန်းကလည်း မထွက်နိုင်သေး။ တဖြည်းဖြည်းနဲ့ တကယ့်ကိုလုံးပါးပါးလာပြီး နောက်ဆုံးမှာတော့ ချဲနှစ်လုံးကိုအရှုံးနဲ့ပိုင်းလိုက်တဲ့ ညနေမှာပဲ ကျောက်ကြီးအောင်သန်းရဲ့အသက်ဂဏန်းဟာ ဒိုင်းခနဲထွက်လာပါတော့တယ်။

အဲဒီမှာပဲ နှလုံးရောဂါအခံရှိနေတဲ့ မခင်လေးမြင့်ဟာ အရုပ်ကြိုးပြတ်လဲကျလို့ ချဲနှစ်လုံးဂဏန်းနဲ့အတူအသက်ပါ ထွက်သွားခဲ့ရတော့တယ်။ ရိုက်ချက်အလွဲမှာ ထိချက် လှလှပပကြီး ကွဲခဲ့ရတဲ့ ကိုလှဖေဟာ ဇနီးနဲ့သေကွဲ ကွဲခဲ့ရပါပြီ။ လောကကြီးရဲ့အလယ်မှာ ရယ်စရာဖြစ်မလာဘဲ လူမမည် သမီးတစ်ယောက်နဲ့ ယောင်လည်လည် ကျန်ရစ်ခဲ့ရပါပြီကော။

(၃)

ကိုလှဖေကြီးရဲ့ စီးပွားရေးဂရပ်(ဖ်)မျဉ်းဟာ သိသာဆိုးရွားစွာ ထိုးဆင်းသွားပါပြီ။ 'လှေမျောရင် လှေနဲ့လိုက်၊ ငွေမျောရင်ငွေနဲ့လိုက်' လို့ ဆိုထားပေမယ့် တကယ့်တကယ်မှာတော့ မျောသွားတဲ့လှေနောက်ကိုလိုက်စရာလှေ မရှိသလို ရလို့မှုတစ်ခုကိုသာရှေ့တန်းတင်ပြီး ကုန်ဆုံးမျောပါသွားတဲ့ ငွေနောက်ကို လိုက်စရာငွေတွေမရှိသလောက်ကို ဖြစ်သွားခဲ့ရပါပြီ။

တစ်ချိန်တုန်းက လှပခဲ့တဲ့ သူ့ရဲ့အထည်ဆိုင်ကြီးဟာ အခုတော့ ဘေထုပ်အဟောင်းထည်တွေပဲ တင်ရောင်းလို့နေရပေပြီ။ လူ့လောကအလယ်မှာ မျက်နှာငယ်စွာနဲ့ကျန်ခဲ့ရှာတဲ့ မိတဆိုး သမီးလေးဟာလည်း ချို့ချို့တဲ့တဲ့ဘဝလေးနဲ့ လှုပ်ရှားရုန်းကန်ရင်း အခုတော့ ဆယ်တန်းအောင်ပြီး ဆရာအတတ်သင် ပညာရေးကောလိပ်ကိုတောင် တက်ရောက်နေပါပြီ။

အဖေတစ်ခု သမီးတစ်ခုလို့ဆိုရပေမယ့် လောလောဆယ်မှာတော့ တစ်ကိုယ်တည်း အထီးကျန်ဆန်လွန်းလှတဲ့ ကိုလှဖေရဲ့စီးပွားရေးဟာ ဆိုခဲ့သလို ခပ်ပါးပါးပရုတ်လုံးလေးလိုဖြစ်လို့ မျှော်လင့်တဲ့အတိုင်း ဖြစ်ချင်သလို ဖြစ်မလာတော့၊ ဖြစ်ချင်ရာဖြစ်ဆိုတဲ့အခြေကိုရောက်ပြီး လွဲမှားတဲ့ထွက်ပေါက်အဖြစ် အရက်ကို စတင်သောက်တတ်လာတော့တာပါပဲ။

သူ နှစ်လုံးထိုးနေကျ ချဲဒိုင်ကတစ်ခုလပ် မတင်မေနိုင်ဟာ ကိုလှဖေအောက် ငါးနှစ်လောက်တော့ငယ်မှာပါ။ တစ်ခုလပ် ဆိုရပေမယ့် ပြုံပြုံပြင်ပြင်နဲ့နေတတ်တာမို့ လှဆဲပဆဲ၊ နုရွ ဖွံ့ထွားဆဲဖြစ်နေသေးတဲ့ လုံးကြီးပေါက်လှ ရေဆေးငါးကြီးလို လှတဲ့ မတင်မေနိုင်ဟာ အပြောအဆိုချိုလို့သဘောကောင်းသလို အားလုံးနဲ့အဆင်ပြေအောင် ပေါင်းတတ်တာမို့ မလိုသူ မရှိပါဘူး။

တစ်ဖက်ကမ်းပြို၊ တစ်ဖက်သောင်ထွန်းဆိုတာ လောကရဲ့နိယာမ အစစ်အမှန်ပါ။ ကိုလှဖေတို့လိုထိုးသားတွေရဲ့ငွေတွေနဲ့ ကြီးပွားချမ်းသာနေတဲ့ဒိုင်တွေဟာ သောင်ထွန်းလို့ ကျွန်းတောင်ဖြစ်နေပြီလား မသိ။ ကိုလှဖေရဲ့ကြံရာမရတဲ့ အသိတစ်ခုကတော့ သူ့ရဲ့ကုန်ဆုံးခဲ့တဲ့ငွေတွေကိုအလုံးအရင်းလိုက် ကြည်ကြည်ဖြူဖြူနဲ့ပြန်ရနိုင်ဖို့ဆိုတာ နည်းလမ်းတစ်ခုပဲရှိပါတော့တယ်တဲ့၊ အဲဒါကတော့ ချဲဒိုင်ကိုင်တဲ့ မတင်မေနိုင်ကို ရအောင်ချိုင်ယူနိုင်လိုက်ဖို့ဆိုတာပါပဲ။

အဲဒါကြောင့် အရွယ်တော်တစ်ဆိတ်ဟိုင်းလို့ လေးဆယ်စွန်းလာပေမယ့် ယောကျာ်းပီသတဲ့ ကိုလှဖေဟာ ခန့်ညားထည်ဝါတဲ့ ဥပဓိရုပ်ကို ပြန်လည်မွမ်းမံ ရှင်းသန့်ပြင်ဆင်လို့ မတင်မေနိုင်ကို အနုနည်းနဲ့ ချဉ်းကပ်လာပါတော့တယ်။ အကြံကုန်လို့ ဂဠုန်ဆားချက်တယ်လို့ပဲဆိုဆို၊ မရရသကချိုင်တယ်လို့ပဲပြောချင်ပြော၊ ဆက်ရက်တောင်ပံကျိုးနဲ့ ကြောင်ခံတွင်းပျက် ဆုံတာပါလို့ ထင်ချင်ရင်ထင်၊ မျှော်လင့်ချက် ရမွက်ခိုးတွေနဲ့ တဏှာရာဂ မကင်းသေးတဲ့ ကိုလှဖေဟာ အချိန်အခါနဲ့ အခြေအနေပေးလာတာနဲ့အမျှ သူ့ရင်ထဲသိမ်းဆည်းထားတဲ့စကားတွေကို ဖွင့်အန်လို့ ချစ်ခွင့်ပန်လိုက်ပါတော့တယ်။

အိမ်ထောင်ရေးသုခနဲ့ ကာလအတန်ကြာအောင် ကွဲကွာနေခဲ့တဲ့ မတင်မေနိုင်ဟာ မုဆိုးဖို ကိုလှဖေရဲ့ တဏှာညို့ကွင်းထဲမှာ တိုးဝင် သာယာဖို့ ခေါင်းကလေးကို ညင်သာစွာညိတ်လို့ ပျားရည်မြစ်ထဲမှာ ပက်လက် အလိုက်သင့် ကူးခပ်လိုက်ပါသွားမယ်ဆိုတဲ့ စိတ်ကူးယဉ်အတွေးတွေက နွေးထွေးလို့နေခဲ့ပါပြီ။

ဒီလိုနဲ့ လေးဆယ်ကျော်အချစ်ရဲ့မင်္ဂလာပွဲဟာ ရပ်ကွက်ထဲက လူကြီးစုံရာနဲ့ပဲ တောင်းရမ်းစေ့စပ် လက်ထပ်လိုက်သလို အကျဉ်းချုံးတဲ့အနေနဲ့ မတင်မေနိုင်ရဲ့အိမ်မှာ လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံလိုက်တာပါပဲ။ ပြောရရင်တော့ အရပ်ကို အသိအမှတ်ပြုလိုက်ခြင်းဆိုပါတော့။ မုဆိုးဖိုနဲ့ တစ်ခုလပ်တို့ရဲ့ လူကြီးမင်္ဂလာပွဲဟာ ထမြောက်အောင်မြင်လို့ ပြီးခဲ့ရပါပြီ။

(၄)

အပျော် လေပြည်လေညင်းလေးတွေ တိုက်ခတ် ကလူကျီစယ်လို့မှ အားမရသေးပါဘူး၊ အမှတ်မထင် လေပြင်းမုန်တိုင်းဟာ ရိုင်းပျစွာတိုက်ခတ် ဖျက်ဆီးလိုက်သလိုပါပဲ။

မင်္ဂလာဦးညကို လွန်မြောက်လို့ နောက်တစ်နေ့မနက် အရောက်မှာပဲ ဘယ်လိုမှ မျှော်လင့်မထားတော့တဲ့ မတင်မေနိုင်ရဲ့ပထမယောကျာ်းဟာ ဘွားခနဲ ပေါ်လာပြီး အိမ်ကိုပြန်ရောက်ချလာပါတော့တယ်။ အကြောင်းအမျိုးမျိုးကြောင့် လင်မယားစိတ်ဆိုးပြီး အတိအလင်း ကွာရှင်းပြတ်စဲခြင်းမျိုးမရှိဘဲ အိမ်ကနေထွက်သွားခဲ့တဲ့ယောကျာ်းကို ဘယ်လိုမှကိုစုံစမ်းလို့မရသလို ဘာသတင်းအစအနတောင်မှ မကြားရ၊ မသိခဲ့ရပါဘူး။

ဟော- ခုတော့ သူစိတ်ဆိုးပြေလို့ ရောက်လာသလို သူရှာဖွေလို့ရလာခဲ့တဲ့ အတန်အသင့် ငွေထုပ်နဲ့ အိမ်ပေါ်ပြန်တက်လာတာပါ။ သူ့မယားကို သူ မပြတ်နိုင်တာကြောင့် မင်္ဂလာဆောင်ပြီးစ ပူပူနွေးနွေး သတို့သား ကိုလှဖေဟာ အိမ်ပေါ်ကဆင်း



www.burmeseclassic.com

www.burmeseclassic.com

ပြေးခဲ့ရသလို မယားခိုးမှုနဲ့ အမှုဖွင့် တရားစွဲမယ် ဆိုတဲ့ ခြိမ်းခြောက်မှုဒဏ်ကိုတောင်ခံနေရပါတယ်။

အဆင်ပြေမလားရယ်လို့ ဇာတ်ထဲလိုက်မိခါမှ နဲ့ခွက်ကြီးတက်နင်းမိလို့ လျော်ရတဲ့ကိန်းဆိုက်ခဲ့ရသလို မျိုး ဓားသွားပေါ်က ပျားရည်စက်ဟာ ချိုမြမြရှိပေမယ့် အခုတော့ သူ့လျှာကိုထိရှလို့ နာကျင်ခဲ့ရပြီကော။ ဒီတစ်ခါမှာလည်း ကိုလှဖေရဲ့ ချိန်သားကိုက် အကွက်ကျကျ ရိုက်ချလိုက်နိုင်ပေမယ့် လွဲခဲ့ရပြန်ပါတယ်။ ဒါပေမယ့် ကွဲချက်ကတော့ အတော်နာတာပေါ့။ ပါးစပ်ထဲရောက်ခါမှ ပြုတ်ကျခဲ့ရတဲ့ အသားတစ်ကြီးဟာ အဆီဝင်းဝင်းပါ။ ခုတော့ မတင်မေနိုင်ဟာ ကိုလှဖေကို မျက်နှာပူစွာနဲ့ ရှိနေသလို အရပ်လူကြီးတွေကိုလည်း ရှေ့မျက်နှာ နောက်ထားပြီး သူ့ရဲ့ ယောကျ်ားကြီးနဲ့ပြန်ပေါင်းထုပ်တယ်။

ဘုမသိ ဘမသိ သူကြည့်ငါကြည့်နဲ့ မယားခိုးစွပ်စွဲလို့ အချောင်ထောင်ကျခံရတော့မယ့် ကိုလှဖေကို ဝိုင်းပြီးသနားနေကြပါတယ်။ စေ့စပ်ကြောင်းလမ်းနဲ့ မင်္ဂလာဆောင်နှင်းပေးပြီးခေါင်းရင်းခန်းမှာထိုင်လို့ လက်ဖက်ရည်နဲ့ မုန့်တွေကို စိတ်ကြိုက်ပျော်ပျော်ကြီး သောက်စား ချီးမြှင့်သွားကြသလို ညနေခင်း ညည့်ခံပွဲမှာလည်း တဝတပြဲ သောက်စားသွားကြတဲ့ လူကြီးတွေဟာ ကိုလှဖေကြီးကို အားနာသလိုလို၊ သနားသလိုလို သနားသလိုလိုဖြစ်လို့။

အဲဒါကြောင့် ဝိုင်းဝန်းနားချလို့ တောင်းပန်ပေးကြပါတယ်၊ မတင်မေနိုင်ရဲ့လင်ကြီးက မကျေနပ်ချင်ပေမယ့် သူတို့ရဲ့အလုပ်နဲ့ စီးပွားရေးက လွတ်လပ်မှုမရှိတာက တစ်ကြောင်း၊ တောင်းပန်တဲ့လူကြီးတွေကို အားနာတာက တစ်ကြောင်း ဆိုတော့ ကံကောင်းလို့ ထောင်မကျခဲ့ပေမယ့် မုဆိုးဖို၊ တစ်ခုလပ်၊ ကြက်ဖုင်းဆိုတဲ့ ဂုဏ်သတင်းကတော့ သင်းပျံ့လို့ကျန်ခဲ့တော့တာပါပဲ။

အဆိုးထဲက တစ်ခုပြန်ပြီး ကံကောင်းတာက ရက်တစ်ပတ်အတွင်းမှာပဲ နှစ်လုံးဒိုင်ကိုင်တဲ့ မတင်မေနိုင်ရဲ့အိမ်ကို ရဲတွေနဲ့ ရပ်ကွက်လူကြီးတွေပါလာတဲ့အဖွဲ့ဟာ ကျော်စောသတင်းအရ အမှတ်မဲ့ တက်ရှာကြပါတယ်။ ချဲထီ၊ နှစ်လုံးထီ အလောင်းအစားနဲ့ပတ်သက်တဲ့ လယ်ဂျာတွေ၊ စာရွက်စာတမ်းတွေ၊ ငွေတွေနဲ့အတူ လက်ပူးလက်ကြပ် ဖမ်းဆီးရလိုက်မိပါတယ်။ အဲဒီမှာ အိမ်ထောင်ဦးစီးဖြစ်တဲ့ ပြန်ပေါင်းထုပ်ယောကျ်ားကြီးဟာ လောင်းကစားဥပဒေအရ ထောင်ဒဏ် ၃ နှစ်တိတိ ကျခံလို့ သွားရပါတယ်။ ဒီတော့ ကိုလှဖေက ပြောစာယ်။

'ကံတရားဟာ ငါ့ဘက်ကို ပါလာပြီကွ' တဲ့လေ။ 'ချဲမပေါက်လို့ စိတ်ဓာတ်ကျပေမယ့် အရှုံးနဲ့တော့ မရပ်နိုင်ဘူး။ အေး၊ ကုန်းကောက်စရာမရှိတော့ရင်လည်း ကျုပ်ကုသိုလ်ကံပဲပေါ့ဗျာ' လို့ ဆိုပြီး အသံနဲ့တစ်ပေမယ့် ကိုလှဖေရဲ့အားပျော့လာတဲ့ မျှော်လင့်ချက်ရောင်ခြည် လက်ကျန်ကတော့ 'မမြတ်ချင်လည်း နေပါစေတော့ဗျာ၊ ကုန်သမျှအရင်းနီးနီးရရင်တော်ပါပြီ' ဆိုတဲ့ လောင်းကစားရဲ့ ချဲနွံတောထဲမှာ ရှုန်းလေ၊ နစ်လေ၊ လိုက်လေ၊ ဝေးလေ ဖြစ်နေခဲ့ရပါပြီ။ အပိုင်ကွက်နဲ့ ကြာလာတော့ ထိုင်လျက်က လဲကျခဲ့ရပြီ။ ပိုင်ဆိုင်တဲ့ ဈေးဆိုင်ခန်းကိုတောင် ပေါင်ထားရာက အပြီးရောင်းချလိုက်ပါပြီ။ အခုတော့ နေရာအတည်တကျ မဟုတ်တဲ့ လမ်းဘေးက သစ်ပင်တွေ၊ ဓာတ်တိုင်တွေအောက်မှာ ဘေထုပ်လို့ခေါ်တဲ့ အထည်ဟောင်းတွေရောင်းတဲ့ လမ်းဘေးဈေးသည်ဘဝ ရောက်ခဲ့ရပြီ။ 'ဖြစ်သမျှအကြောင်း၊ အကောင်းပေါ့ဗျာ' တဲ့။ ကဲ-မခက်ပေဘူးလား။ ဘာလိုလိုနဲ့ သမီးလေးတောင် ဆရာအတတ်သင်ကျောင်း ဆင်းလာလို့ ကျေးရွာတစ်ရွာမှာ မူလတန်းပြဆရာမလေးအဖြစ် တည်တည်ငြိမ်ငြိမ်၊ ဣန္ဒြေရရလေး ရပ်တည်လို့နေပါပြီ။ ဖခင်ကြီးကို ဘယ်လိုပင် နားဝင်အောင်ပြောပြော၊ ကိုလှဖေကြီးကတော့ အလောင်းအစားစက်ပါတောထဲက ရုန်းမထွက်နိုင်သေးပါဘူး။

စီးပွားရေးကျလာတော့ စိတ်ညစ်၊ စိတ်ညစ်တော့အရက်သောက်၊ အရက်သောက်တော့ ပိုလို့စိတ်ညစ်ရနဲ့ ကြာလာတော့ စိတ်ဝေဒနာဆန်ဆန်ကြီးတောင် ဖြစ်လို့လာပါတယ်။

တစ်ချိန်က ငွေကို အလွန်နှမြောတပ်မက်ပြီး ရိုးသား စစ်စီစွာကျားကုတ်ကျားခဲရှာခဲ့သူဟာ အခုတော့ အလောင်းအစားကြောင့် ပေါင်ဖို့ ရောင်းဖို့ဆိုတာ ဘာမှဝန်မလေးတော့ပါဘူး။ အိမ်ပေါ်က ရွှေ့ပြောင်းလို့ရတဲ့ပစ္စည်းတွေဆိုတာလည်း လုံခြုံတဲ့နေရာတွေရောက်ကုန်လို့ ခပ်ပါးပါးလေးသာ ကျန်တော့တာပါ။ 'ဖြစ်သမျှအကြောင်း အကောင်းပေါ့ဗျာ' ရယ်လို့ ဆိုဆိုနေတဲ့ ကိုလှဖေဟာ အခုတော့ နောက်ဆုံးလက်ကျန်အဖြစ် အိမ်နဲ့ခြံဝိုင်းကိုတောင် အပေါင်ထားရပါတော့တယ်။ ဒီအိမ်နဲ့ ခြံသာဆုံးခဲ့ရင်တော့ သူ့ဘဝ လမ်းဘေးကို လုံးလုံးလျားလျားရောက်တော့မှာဆိုတော့ ဘေးကနေ တွေးတောင် မတွေးဝံ့တော့ဘူးနော်။

(၆)

ဒီတစ်ခါ သမီးလေး ကျောင်းပိတ်လို့ ပြန်လာတာ၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး။ အချစ်ဆုံး သူငယ်ချင်းဖြစ်တဲ့ တင်တင်မြိုင် ဆိုတဲ့ ကလေးမလေးနဲ့ပါ။ သူကလေးက (---) မြို့က စီးပွားရေးလုပ်ငန်းမှာ အောင်မြင်ချမ်းသာသူတွေရဲ့ တစ်ဦးတည်းသောသမီးလေးပါ။ ပညာရေးကောလိပ်မှာ အတူနေ၊ အတူတက်ခဲ့တဲ့သူငယ်ချင်းပေမို့ သူ့အိမ်ကို အလည်လိုက်လို့လာခဲ့တာပါ။ ဘုရားဖူး အလည် ဆိုပါတော့။

ညှို့သည် ကလေးမလေးဟာ ရုပ်ကလေးကလည်းချော၊ သဘောမနောကလည်း ကောင်းသလို ဘာသာတရား ရှိသေကိုင်းရှိုင်းလွန်းလှပါတယ်။ သူငယ်ချင်းအိမ်ရောက်ကတည်းက ပင့်ကူမျှင် ကျပ်ခိုးတွေနဲ့ ခြောက်သွေ့ နွမ်းကြွေ ပန်းခြောက်တွေပရပွဖြစ်နေတဲ့ ဘုရားကျောင်းဆောင်ကိုရှင်းလင်းပေးတယ်။ ဘုရားပန်းအသစ်တွေကိုလည်း ဝယ်လာပြီး ဝေဆာ မြိုင်နေအောင်ထိုးလို့ ဆွမ်းဆီမီး၊ ရေချမ်းတွေပါ ကပ်လှူမှုခေါ်

www.burmeseclassic.com

လိုက်တော့ စိုစိုပြည်ပြည်နဲ့ ကျက်သရေရှိသွားပါတယ်။ ကိုလှဖေကြီးကတော့ သမီးပြန်ရောက်လာခါမှ အရက်ကို ပိုလို့သောက်ဖြစ်တာပါပဲ။ သောက်ဆို စိတ်အလွန်ညစ်နေပြီလေ။ အပေါင်ထားတဲ့ အိမ်နဲ့ခြံကို အတိုးလည်းမပေးနိုင်၊ အရင်းလည်း မဆပ်နိုင်ဆိုတော့ လက်လွှတ်ဆုံးရှုံးခံရမယ့်အခြေအနေကို ရောက်ခဲ့ပါပြီ။ ကိုလှဖေ ခေါင်းတွေချာချာလည်နေပြီး တစ်ယောက်တည်းအသံတိတ်စကားဆိုမိတာက 'သမီးလေးနဲ့ ပါလာတဲ့ တင်တင်မြိုင်ဆိုတဲ့ ကလေးမဟာ အတော့်ကိုချမ်းသာတဲ့ပုံပဲ။ သူ့နားမှာပန်ထားတဲ့ နားကပ်ကလည်း စိန်နားကပ်အစစ်။ ရွှေလက်ကောက်တွေ ဆိုတာကလည်း တစ်တစ်ရစ်ရစ်နဲ့ ဆယ်ကွင်းတောင်ကျော်ဦးမယ်။ လက်ပွေ့အိတ်ကြီးထဲမှာလည်း ငွေတွေ အတော်များများ ပါလာမှာပါ။ အင်း- ငါ. . . ငါ ဘာလုပ်ရမလဲ' လို့ မကြံကောင်းမစည်ရာ အတွေးတွေကို တံတွေးနဲ့ရောပြီး ဂွတ်ခနဲအတင်းမျိုချနေရပါတယ်။ ဒီအချိန်မှာတော့ သမီးလေးနဲ့သူ့သူငယ်ချင်းတို့ စကားတွေ ဖောင်ဖွဲ့အောင်ပြောနေကြတာကို သူ့အခန်းကနေ အတိုင်းသားကြားနေရပါတယ်။

ဇွဲ့သည် ကလေးမလေးအတွက် လက်ကျန် ဂွမ်းစောင်အသစ်ကလေးတစ်ထည်ထုတ်ပေးပြီး သမီးလေးက အိမ်ရှင်ဆိုတော့ မူဒုံချည်စောင်အကြမ်းလေးကိုခြုံလို့။ အတန်ကြာ နှစ်ယောက်သား အသံတိတ်သွားခါမှ သူ့အာခေါင်တွေ ခြောက်လာသလိုလို၊ အိပ်ရာဝင် အရက်လေးထပ်သောက်ချင်သလို ဖြစ်လာတာမို့ ရပ်ကွက်ထဲက အရက်ဆိုင်ကိုပြေးပြီး တစ်ပိုင်းလောက် ထပ်ချလိုက်တော့မှ နေသာထိုင်သာရှိသွားတော့တယ်။

အိမ်ပြန်ရောက်တော့ မီးမလာလို့ ဘက်ထရီမီးချောင်းလေးရဲ့ အလင်းရောင်အောက်မှာ စောင်တွေကိုယ်စီ ခေါင်းမြီးခြုံပြီးအိပ်နေကြတဲ့ သမီးလေးနဲ့ ဇွဲ့သည်ကလေးမဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်မောကျနေကြပါပြီ။

အရက်သောက်ပြီး သွေးကြွပြန်လာတဲ့ ကိုလှဖေ့ဟာ လာမယ့်ရှေ့တစ်ပတ်အတွင်း အိမ်ပေါ်ကဆင်းပေးရတော့မှာကိုတွေးမိရင်း အံကိုတင်းတင်းကြိတ်လို့ မကြံကောင်းမစည်ရာကိုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါက ဇွဲ့သည်ကလေးမလေးကို ဓားနဲ့ထိုးပြီးသတ်မယ်၊ သူ့မှာပါလာတဲ့ စိန်ရွှေငွေတွေ အားလုံးကိုယူပြီး အလောင်းကိုတော့ ခြံထဲမှာပဲ လက်စဖျောက် မြှုပ်ပစ်မယ် ဆိုတဲ့အကြံ၊ ပက်စက်တဲ့ စိတ်ကူးကို စီကာစဉ်ကာ တွေးချလိုက်တာပါ။

ရဲဆေးတင်လာခဲ့တဲ့ အရက်ရှိန်ဟာ အဆက်မပြတ် တက်နေပါပြီ။ အိမ်ပေါ်ကို ခြေသံဖွဖွနင်းလို့ လက်ထဲမှာလည်း ဓားမြှောင်တစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ဂွမ်းစောင်အသစ်ကို ခေါင်းမြီးခြုံအိပ်ပျော်နေတဲ့ ဇွဲ့သည်ကလေးမရှိရာကို အသာလေး လှမ်းလာတယ်။ အနားရောက်မှ မျက်နှာတည့်တည့်၊ ပါးစပ်ပေါက်ကို လက်တစ်ဖက်နဲ့ အားယူဖိအုပ်ထားပြီး ရင်ညွှန့်ဘေး နှလုံးရှိရာဘက်ကို အားစိုက်လို့ထိုးချလိုက်ပါတယ်။

ဝူးဝူးဝါးဝါးနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်သွားတာမို့ တစ်ဖက်က ချည်စောင်လေးနဲ့အိပ်နေတဲ့ သမီးလေးဟာ လန့်ဖျပ်နိုးသွားပြီး ရက်ရက်စက်စက်လူသတ်နေတဲ့ မြင်ကွင်းကြောင့် အိမ်ပေါ်က အတင်းပြေးဆင်းသွားပါတော့တယ်။

ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလိုက်တာမို့ အနီးအနားကလူတွေ ဝိုင်းအုံရောက်လာကြတယ်။ အိမ်ပေါ်တက်ကြည့်လိုက်တော့ ကြောင်တောင်တောင်ဖြစ်နေတဲ့ ကိုလှဖေဟာ ဓားကိုင်ပြီး သွေးတွေကို ငေးမောကြည့်နေသလိုမျိုး။ ပြီးတော့ သေဆုံးနေသူဟာ ဇွဲ့သည် မဟုတ်ဘဲ သူ့သမီးဖြစ်နေတာမို့ အံ့အားသင့် ကြက်သေသေနေပါတယ်။ အရပ်က သတင်းပေးလိုက်မှုကြောင့် ရပ်ကွက်လူကြီးတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေရောက်လာပြီး စစ်ဆေးမေးမြန်းလို့ ဓာတ်ပုံတွေရိုက်ယူကြတယ်။

သေဆုံးနေတဲ့ အလောင်းကိုတော့ ဆေးရုံကိုပို့လိုက်ကြပါပြီ။ သတ်သေခံဓားကိုသိမ်းပြီး ကိုလှဖေကို လက်ထိတ်ခတ်လို့ ဖမ်းဆီးခေါ်ဆောင်ဖို့ရာ ပြင်ဆင်နေကြပါတယ်။

(၇)

ကံကြမ္မာရဲ့လှည့်ကွက်လို့ပဲ ဆိုရလေမည်လား၊ သူတော်ကောင်းမလေးကို နတ်ကောင်းမ,တယ်လို့ပြောရမည်လား၊ သမီးလေးကပဲ ဝဋ်ကြွေးပါလာလေသည်လား မသိတော့။ သေသေချာချာ အပိုင်ရိုက်ချလိုက်ပေမယ့် ထိချက်လွဲပြီး ကွဲချက်နာခဲ့ရပြီကော။

ဒီလို ဒီလို ထိချက်လွဲရတဲ့အကြောင်းရင်းကိုတော့ သေကံမရောက်သက်မပျောက်ခဲ့တဲ့ တင်တင်မြိုင်ရဲ့ ထွက်ဆိုချက် ပြောစကားအရ-

"ကျွန်မကို ခြုံအိပ်ဖို့ထုတ်ပေးတဲ့ဂွမ်းစောင်အသစ်လေးဟာ ပရုတ်လုံးတွေနဲ့ထည့်ထားတဲ့ စောင်အသစ်စက်စက်လေးပါ။ ဟုတ်ကဲ့၊ ဦးလှဖေကိုယ်တိုင် ကျွန်မခြုံဖို့ထုတ်ပေးတာပါ။ ဇွဲ့သည်ကိုဦးစားပေးပြီး စောင်အသစ်ကိုပေးခြုံခဲ့ပေမယ့် ကျွန်မက ပရုတ်လုံးအနံ့ကို လုံးဝမကြိုက်သလို အနံ့မခံနိုင်တာကြောင့် သူငယ်ချင်းရဲ့ချည်စောင်အစုတ်ကလေးနဲ့ လဲပြီး ခြုံအိပ်လိုက်တာပါ။ ဒါကို ဦးလှဖေ အပြင်ထွက်သွားလို့ မသိလိုက်ပါဘူး။ ဒါကြောင့် လူချင်းမှားပြီး ကျွန်မသူငယ်ချင်းဟာ ကျွန်မကြောင့် . . . ကျွန်မကြောင့်. . .

ကလေးမ တင်တင်မြိုင်ဟာ စကားမဆက်နိုင်တော့ပါ။ ပြောရင်းပြောရင်း ငိုရှိုက်သံနှင့်အတူ အသံတိမ်ဝင်လို့ ဆို့နင့်သွားပါတော့တယ်။

ကိုလှဖေကတော့ ဘဝတစ်လျှောက်မှာ အလွဲတွေနဲ့သာရင်ဆိုင်ရင်း သူ့ကိုပြန်ထိတဲ့ ထိချက်ကတော့ တကယ့်ကိုကွဲခဲ့တော့တာပါ။ အများတွေကျူးလွန်ခဲ့တဲ့ ပြစ်မှုရဲ့ အတိမ်အနက်အတိုင်း ဥပဒေရဲ့အဆုံးအမကိုခံယူဖို့ရာ တစ်လှမ်းချင်း. . . တစ်လှမ်းချင်း . . . ။

*ဝိသမလောဘ ကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ*

ပန်းမြိုင်လယ်-စိန်ခင်



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း လူတိုင်းကျန်းမာဖို့

# ချောင်းဆိုးအုန်းသွင်

## အားနာစာကို ရှောင်ကြစို့

"အားနာတယ်ဆိုတဲ့ ဝေါဟာရဟာ ကျွန်တော်တို့လူမျိုးမှာပဲရှိတယ်လို့ ပြောသံကြားဖူးတယ်။ အင်မတန်ဝေါဟာရကြွယ်တယ်ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရမှာတောင် မရှိဘူးတဲ့။ အင်္ဂလိပ်ဟာ အခြားလူမျိုးများရဲ့ ဝေါဟာရထဲက သဘောကျတာတွေတွေ့ရင် သူတို့ဝေါဟာရအဖြစ် မွေးစားတတ်ကြတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ အားနာတယ် ဆိုတဲ့ ဝေါဟာရရဲ့ သဘောကို သိအောင် လေ့လာပြီး သဘောကျလို့ သူတို့ဝေါဟာရအဖြစ် မွေးစားလိုက်သတဲ့။ 'ကျွန်ုပ် အားနာတယ်' ဆိုတာကို 'အိုင်ဖီး(လ်)' အားနာတယ် ဆိုပြီး ဝေါဟာရပြုသတဲ့။

သူတို့ဆီမှာ အဲဒီ အားနာတယ်ဆိုတာ မရှိဘူးတဲ့။ မိမိအစားအစာစားနေစဉ် မိမိအနားက မစားရတဲ့လူကိုတွေ့ရင် သူက မစားရဘဲ ကိုယ်က စားနေရတာကို အားနာပြီး 'စားပါဦး၊ သောက်ပါဦး' စသည်ဖြင့် ကျွန်တော်တို့မှာ လောကွတ်(လောကဝတ်)လုပ်ဖိတ်ခေါ် တတ်ကြပေမယ့် သူတို့ကတော့ မသိသလို ဘာသိဘာသာထိုင်စားသောက်နေတာပဲတဲ့။

ကျွန်တော်တို့ဆီမှာ ထမင်းစားနေစဉ် ဧည့်သည်ရောက်ရင် ထမင်းစားပြီးသလား မေးပြီး မစားရသေးကြောင်းသိရင် အတင်းကျွေးကြတာပဲ။ သူတို့ဆီမှာတော့ ထမင်းစားဖိတ်ထားတဲ့ဧည့်သည်မဟုတ်ရင် ထမင်းဝိုင်းဘေး ငုတ်တုတ်ထိုင်နေလည်း ဖြောင်ကြည့်ပြီး စားတာပဲတဲ့။ ဘယ်တော့မှ ထမင်းစားဖို့မခေါ်ဘူးတဲ့။

ကျွေးတဲ့သူက အဲဒီလို အားနာပြီး ဖိတ်ခေါ်ကျွေးမွေးသလို စားသူကလည်း တစ်ခါတစ်ရံ မစားချင်ဘဲ၊ မစားနိုင်ဘဲ၊ မသင့်လို့ရှောင်ထားလျက်နဲ့ဘဲ အားနားပြီး စားရတာမျိုးလည်း ရှိတယ်။ အဲဒါအားနာစာပေါ့။ မနေ့ကပြောခဲ့သလို စေတနာက ဝေဒနာဖြစ်စေမယ့်အစာပေါ့။ ကျွန်တော့်ကိုယ်တွေ့ကို ပြောပြမယ်"

နောက်နေ့တွင် ကျွန်တော်က ဦးအုန်းစိန်ကို မနေ့ကပြောခဲ့သော အစာ (၃) မျိုးအနက်မှ အားနာစာအကြောင်းကို ဆက်ပြောပါသည်။ ဆက်လက်ပြီး -

"ကျွန်တော့် ကျောင်းသားဘဝက ကျွန်တော့်သူငယ်ချင်းရဲ့အိမ်မှာ (၃) နှစ် နေဖူးတယ်။ သူငယ်ချင်း ဆိုပေမယ့် ကျွန်တော့်ထက် (၇) နှစ်လောက်ငယ်တယ်။ ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်မှာ သူတက္ကသိုလ်ရောက်လာပြီး ကျွန်တော်နဲ့ ရှေးရေစက်ကြောင့် အလွန်ခင်သွားတယ်။ ဒါနဲ့ သူ့အိမ်မှာ လိုက်နေဖြစ်တယ်။ သူ့အမေက ကျွန်တော် သူ့သားကိုထိန်းတယ်ဆိုပြီး အလွန်ကျေးဇူးတင်တယ်။ သားအရင်းလို ချစ်တယ်။ ထမင်းလခမယူဘူး။ ကရင်တိုင်းရင်းသူကြီး။ ကျွန်တော်က သူ့သားခေါ်သလို အမိုးလို့။ မြန်မာနာမည်က ဒေါ်မြခင်တဲ့။ကျိုက္ကဆံရပ်ကွက် ကန္ဒကမာလမ်းမှာ နေတယ်။ ကျွန်တော် မျှစ်ချဉ်နဲ့ဝက်သားချက်တာကို ကြိုက်တတ်မှန်းသိတော့ မကြာခဏ ချက်ကျွေးတယ်။

ကျွန်တော် ကျောင်းကထွက်ပြီး အိမ်ထောင်ကျပြီးတော့လည်း မကြာခဏ ရောက်တယ်။ နောက် မင်္ဂလာဒုံဘက်ပြောင်းရပြီးတဲ့နောက် အနှစ် (၂၀) လောက် လုံးဝ မရောက်ဖြစ်တော့ဘူး။ အနှစ် (၂၀) ကျော်မှ သတိလည်းရ၊ အချိန်လည်းရတာနဲ့ တစ်မနက်မှာ ကိတ်မုန့်တစ်လုံးနဲ့ သွားကန်တော့တယ်။ အမိုးက ဝမ်းသာ၊ ဝမ်းနည်းနဲ့ မျက်ရည်ဖြိုင်ဖြိုင်ကျတယ်။ ထမင်းစားပြီးမှပြန်လို့ ပြောတယ်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်တယ်။

ကျွန်တော်က ညီ၊ ညီမတွေနဲ့ စကားကောင်းနေတုန်း အမိုးပျောက်သွားတယ်။ အိမ်က ရာပြည့်ဈေးနဲ့ မဝေးဘူးလေ။ ပြီးတော့ ဈေးကပြန်လာတာတွေ့လိုက်ပြီး မီးဖိုထဲရောက်



www.burmeseclassic.com

www.burmeseclassic.com

နေပြန်တယ်။ ထမင်းပွဲပြင်ပြီးမှ 'အမိုးသားကြီး ထမင်းစားမယ်' လို့ ခေါ်တယ်။ သူက ကျွန်တော့်ကို 'အမိုးသားကြီး' လို့ ခေါ်တယ်။ သူ့မှာ သမီးနှစ်ယောက်နဲ့ သားတစ်ယောက်ပဲရှိတယ်။

ထမင်းစားတော့-

'အမိုးသားကြီးကြိုက်တတ်တာကို သတိရလို့ ဈေးမှာ မျှစ်ချဉ်နဲ့ ဝက်သားပြေးဝယ်ပြီး ချက်ထားတာ။ တဝစားစမ်းပါ'

လို့ ပြောတယ်။

ပါးစပ်ကလည်းပြော၊ လက်ကလည်း ဟင်းတွေခပ်ပြီး ပန်းကန်ထဲထည့်ပေးတယ်။

အဲဒီအချိန်မှာ ကျွန်တော့်အစာအိမ်ရောဂါကို ဦးသူ ကုပေးလို့ သက်သာခါစရှိသေးတယ်။ အစာ(၃)မျိုးကို အထူးရှောင်ရမယ့် အချိန်ပေါ့။ အားနာစာနဲ့တိုးနေပြီ။

အမိုးရဲ့ မေတ္တာ၊စေတနာ၊သဒ္ဓါတရားဟာ အလွန်ကြီးမားပြီး အလွန်အားနာဖို့ကောင်းပါတယ်။ တစ်ဖက်ကပြောရင် ရှောင်ကိုရှောင်ရမယ်ဆိုပေမယ့် တစ်ဖက်ကတွေးရင် အသက်နဲ့လဲရမယ့်အဖြေပဲ။

'လူကြီး မီးခဲကိုင်သလို ဖွကိုင်ပေါ့' ဆိုတဲ့ ဆရာ့စကားကို သတိရပြီး စားပြီးရင် အမြန်ဆေးသောက်ပေါ့လို့ တွေးပြီး (တကယ်တော့ ကြိုက်လည်းကြိုက်၊ စားလည်းစားချင်လို့ပါ။) တဝစားပစ်လိုက်တယ်။ အဲဒီတော့ ဖွကိုင်ရာမရောက်ဘဲ ဆုပ်ကိုင်ရာရောက်ပြီး ဆေးက သိပ်မကယ်နိုင်တော့လို့ အတော်ခံလိုက်ရတယ်။ ရပ်အတော်ကြာ ဆန်ပြုတ်ပြန်သောက်ရတယ်။

တကယ်တော့ ဒါဟာ အကျိုးအကြောင်းပြောပြပြီး လျှော့စားသင့်တယ်။ ပြီးရင် ဆေးသောက်ပေါ့။ ဒါမှ ဖွကိုင်ရာကျမှာပေါ့။

အဲဒါ ဘာလဲ။ အသိရှိပြီး အကျင့်မရှိတာဘဲ။ အသိနောက်က အကျင့်မလိုက်နိုင်တာဘဲ။ ဒါကြောင့် အသိရော အကျင့်ပါ ရှိဖို့လိုတယ်။ အသိနဲ့ အကျင့် လိုက်ဖက်ညီမှ (မှန်တဲ့အသိ၊ မှန်တဲ့အကျင့်ကို ပြောတာနော်) ချမ်းသာရာရမယ်။ အသိမရှိရင် အကျင့်မရှိလို့ ချမ်းသာရာမရဘူး။ အသိရှိပြီးတော့ သိတဲ့အတိုင်း မကျင့်နိုင်ဘူးဆိုရင်လည်း ချမ်းသာရာမရဘူး။ အသိမှန်၊အကျင့်မှန်ခြင်းသည် ဧကန်ချမ်းသာကြောင်းပဲ။

*အရာရာမှာ အားမနာ*
*မှန်စွာချမ်းသာကြောင်း၊*
*အရာရာမှာ အားနာတာ*
*မှန်စွာဆင်းရဲကြောင်း။*

အဲဒါ ကျွန်တော့်အဘွား အဘွားလှခင်ရဲ့အစ်မ အဘွားလှဦးရဲ့ဆောင်ပုဒ်ပဲ။

စကားစပ်လို့ ဗဟုသုတအဖြစ်နည်းနည်း ဘေးထွက်ပြောလိုက်ဦးမယ်။ ကျွန်တော်တို့ရွာမှာ အလွန်ဆင်းရဲရာက ရိုးသားမှု၊ ကြိုးစားမှုနဲ့ ချမ်းသာသွားတဲ့ အဘိုး ကြာဖူးနဲ့ အဘွား စာဥတို့မှာ ဒေါ်လှဦးနဲ့ ဒေါ်လှခင် ဆိုတဲ့ သမီးနှစ်ယောက် ရှိတယ်။ ဒေါ်လှဦးခင်ပွန်းနာမည် ကျွန်တော် မေ့သွားပြီ။ သူလည်း အစောကြီးက ကွယ်လွန်သွားတာ။ ဒေါ်လှဦးမှာ ကိုရွှေတောင်နဲ့ မဖွားသင် ဆိုတဲ့ သမီးနဲ့ သား ရှိတယ်။ ဒေါ်လှခင်မှာ မစာရီ(ကျွန်တော့်အမေ)နဲ့ မအုံးခင် ဆိုတဲ့ သမီးနှစ်ယောက် ရှိတယ်။ အဘွားလှခင်ရဲ့ ခင်ပွန်းက ပေါင်မြို့နယ် အုတ်တံတားကျေးရွာက ဦးသော်တာတဲ့။ သူက ကျောင်းဆရာ။

၁၉၁၉ ခုနှစ်မှာ ပထမကမ္ဘာစစ်ဖြစ်တော့ အင်္ဂလိပ်အစိုးရက မြန်မာပြည်မှာ ငွေကြေးချမ်းသာသူများ စစ်စရိတ်ချေးကြပါဆိုပြီး ငွေချေးတယ်။သူကြီးများက သူတို့ပိုင်နက်က ငွေကြေးချမ်းသာသူများကို စာရင်းလုပ်၊ အဆင့်သတ်မှတ်ပြီး အအဆင့်အလိုက် ချေးငွေသတ်မှတ်တယ်။ အဲဒီမှာ အဘိုးကြာဖူး၊ အဘွားစာဥတို့က ငွေ (၅၀၀) သတ်မှတ်ခံရတယ်။ ကျပ်ပြားဒင်္ဂါး (၅၀၀) ဟာ လူတစ်ယောက် တော်တော် သယ်ရတယ်။ နောက်ပြန်ဆပ်တော့ ငွေစက္ကူပြန်ဆပ်လို့ ငိုကြတယ်ဆိုပဲ။

ဆိုချင်တာက ဒေါ်လှဦး၊ ဒေါ်လှခင်တို့ဟာ တောသူဌေးစာရင်းဝင်တွေ ဆိုတာပါပဲ။

အဘွားလှဦးက သူ့ဆောင်ပုဒ်အရ သူဟာ အရာရာကို အားမနာဘူး။ အားနာသင့်မှနာတယ်၊ ပေးကမ်းသင့်သူကို ပေးကမ်းတယ်၊ အချေးအငှား ဘယ်တော့မှမလုပ်ဘူး။ အသည်းမာတယ်။ ဘယ်လောက်ငိုပြငိုပြမရဘူး။ သမီးက စိတ်ရောဂါဖြစ်ပြီး ဆုံးသွားတယ်။ သားက စေ့စပ်တယ်။ အမေက ထက်တယ်၊ မာတယ်။ သားက စေ့စပ်တယ်။

ဒေါ်လှခင်ယောကျ်ား ဆရာသော်တာက စာသင်တဲ့အလုပ်ရယ်၊ ဘုရား၊ တရားအလုပ်ရယ်ကလွဲပြီး ဘာမှမလုပ်ဘူး။ ညီအစ်မနှစ်ဦး ရထားတဲ့ လယ်၊ ခြံ၊ ရွှေ အမွေတွေ အများကြီးပဲ။ ဒေါ်လှခင်က အလွန်အားနာတယ်။ သနားတတ်တယ်။ သမီးတွေက အမေ့အလိုလိုက်တယ်။ ဆရာသော်တာလည်း ဒေါ်လှခင်ထက် (၈)နှစ်လောက်စောပြီး ကွယ်လွန်။ အဘွားလှခင် ကွယ်လွန်တော့ ကျွန်တော် (၁၀)နှစ်သား။ အဘွားလှခင်ရဲ့ အရာရာအားနာတတ်မှုနဲ့ ဆုံးရှုံးမှုတွေများပြီး အဘွားလှဦးရဲ့ စည်းစိမ်သုံးပုံတစ်ပုံတောင် မှမီတော့ဘူး။

အဲဒီတော့ အားနာတယ်ဆိုတာ ကျွန်တော်တို့ ဆက်လက် ထိန်းသိမ်းထားသင့်တဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေမယ့် နေရာတိုင်းတော့ မဖြစ်သင့်ဘူးလို့။ ကိုယ့်အတွက်ဖြစ်စေ၊ သူ့အတွက်ဖြစ်စေ ဆိုးကျိုးဖြစ်မယ့်ဟာ ဆိုရင်တော့ အားမနာသင့်ဘူးပေါ့။

အစားအသောက်နဲ့စပ်ပြီးပြောတာမို့ အစားအသောက်အကြောင်းပဲ ပြန်ပြောရအောင်။

မသင့်တဲ့အစာကို မည်သို့ကျွေးကျွေး အားနာပြီးမစားပါနဲ့။ စားသင့်တာထက် ပိုပြီးမစားပါနဲ့။ မည်သို့ကျွေးကျွေး အားနာပြီး မစားပါနဲ့။ ကျေနပ်အောင်တောင်းပန်ပါ။ မကျေနပ်လည်းမတတ်နိုင်ပါ။ အားနာခြင်းကြောင့် အခန့်မသင့်ရင် အသက်ပါဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် အားနာစာကို ရှောင်ပါလို့။

ကဲ- ဒီနေ့တော့ဒီတင်နားဦးစို့"

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



# ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာ ဂါထာမန္တန်တို့အား လေ့လာခြင်း

ထွဋ်ခေါင်ဇေယျ (ဝိဇ္ဇာမယသုတေသီ)

ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာများကို ကျွန်ုပ်လက်လှမ်းမီသလောက် ပြောရလျှင် အင်္ဂရတ်ပညာ၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များ စီရင်နိုင်သော အင်းအတတ်ပညာ၊ မှော်ဆေးဝါး အတတ်ပညာ၊ ဂါထာမန္တန် အတတ်ပညာ ဟူ၍ ပညာရပ်လိုင်းခွဲများ (၀ါ) အထူးပြုဝိဇ္ဇာမယပညာရပ်များ သီးခြားစွာ ရှိနေကြသည်ဟုဆိုရပါမည်။ အင်္ဂရတ်ပညာနှင့်ပတ်သက်၍ ကျွန်ုပ် ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ် မသိလှသဖြင့် မပြောနိုင်သော်လည်း ဤပညာရပ်များ ဖြစ်ကြသော အင်းပညာ၊ ဝိဇ္ဇာမယဆေးဝါးပညာ၊ ဂါထာမန္တန်အတတ်ပညာ ဟူသော ပညာရပ်သုံးခုတို့မှာမူ တြိဂံပုံ (၀ါ) ဖိုခနောက်ဆိုင်ပမာ ပညာရပ်တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွှယ် အမှီပြုနေကြသည်ကိုတွေ့ရပါသည်။ ထိုပညာရပ်(၃)ခုတွင်လည်း ဂါထာမန္တန်အတတ်ပညာသည် ပညာရပ်သုံးခုစလုံးတွင် မပါမဖြစ် ပါဝင်ပတ်သက်နေသောပညာရပ် ဖြစ်ပါသည်။ အင်းပညာရပ် ဆိုသော်လည်း အင်းဘောင်များသားခြင်း၊ အင်းဆန်များရေးသွင်းသည်မှစ၍ အင်းများကို သိဒ္ဓိတင်ခြင်း၊ အသက်သွင်းခြင်း၊ အစောင့်သွင်းခြင်း စသဖြင့် အင်းစီရင်အဆင့်တိုင်းတွင် အဟိန်းဂါထာမန္တန်များ မဖြစ်မနေ ရွတ်ဟိန်းရန် လိုအပ်ပါသည်။ ထိုအင်းများသည် ဂါထာမန္တန်များကိုပင် အင်းဆန်များအနေဖြင့် ရေးသွင်းစီရင်ထားသော အင်းမျိုးများလည်း အများအပြားရှိကြသေးသည်၊ မိမိတို့ လိုချင်သော၊ လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိများရရှိအောင် ရှုပ်ထွေး များပြားလှသော အပင်ပစ္စည်းများ၊ သတ္တုဓာတ်သား၊ တိရစ္ဆာန်တို့၏ အင်္ဂါရပ်များ၊ အသုံးအဆောင်ပစ္စည်းဆန်းများ စသည့် ဆေးအမည်ပေါင်းများစွာကို စုစည်း၍ ကြိတ်၍ တစ်ဖုံ၊ ထောင်း၍တစ်မျိုး နည်းမျိုးစုံဖြင့် ဖော်စပ်ရသော ဝိဇ္ဇာမယသိဒ္ဓိဆေးဝါးအစီအရင်တို့အား ဆေးကြိတ်စဉ်ကာလမှစ၍ ဆေးပြီးမြောက်သည်အထိ ဆေးကျူးခြင်း၊ ဆေးဟိန်းခြင်း၊ သိဒ္ဓိတင်ခြင်းတို့အဆုံး အသုံးပြုသည့်ကာလထိ သက်ဆိုင်ရာ ဂါထာမန္တန်တို့ကို ရွတ်ရဟိန်းရသည်သာ။ သို့ဖြစ်ရာ ဂါထာမန္တန်အတတ် ဟူသည် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့တွင် မရှိမဖြစ် လိုအပ်သော အတတ်ပညာ ဖြစ်ပါလေသည်။

ဂါထာမန္တန်အတတ်ပညာရပ်၏ အသီးအပွင့်များ ဖြစ်သော ဂါထာမန္တန်တို့ကို ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များသာမက သာမန်အများပြည်သူတို့လည်း များစွာ စိတ်ဝင်စားကြကြောင်း တွေ့ရပါသည်။ စင်စစ် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုတို့သည် ဂါထာမန္တန်များနှင့် မစိမ်းကြပါ။ လူအများစုတို့သည် မိမိတို့ ယုံကြည်ကိုးစားအားထားသော ဂါထာမန္တန်တော်တစ်ခုခုကို စွဲစွဲမြဲမြဲ ဆောင်ယူရွတ်ဖတ်နေလေ့ရှိတတ်ကြပါ၏။ အချို့ကလည်း သမ္ဗုဒ္ဓေဂါထာတော်၊ အချို့က သိရသွီ အစချီ ရှင်သူငယ်ပရိတ်ဟုလည်းကောင်း၊ ကပ်ကျော်ဂါထာဟု လည်းကောင်း ထင်ရှားသည့် ဂါထာတော်၊ အချို့က သဗ္ဗဇယမင်္ဂလာဂါထာခေါ် ငွေဝင်ဂါထာတော်၊ အချို့ကလည်း ရှင်သီဝလိ (၁၀) ဂါထာ စသဖြင့် ရေးပြရလျှင် အများပြည်သူတို့ ဆောင်ယူရွတ်ပွားလေ့ရှိသော ဂါထာမန္တန်များ မနည်းလှပါ။ အလွန် များပြားစွာ ရှိနေပါသည်။

ဂါထာမန္တန်ရရှိကြပုံမှာလည်း တစ်ဦးနှင့်တစ်ဦး မတူကြပါ။ အချို့ကလည်း မိဘဘိုးဘွားဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း ဆောင်ယူလာသော မိသားစုလက်စွဲ ဂါထာမျိုးများ ဖြစ်သကဲ့သို့ အချို့ဂါထာမန္တန်တော်တို့မှာ ထင်ရှားသော ဆရာတော်သံဃာတော်မထေရ်မြတ်ကြီးများထံမှသော် လည်းကောင်း၊ သီလ သမာဓိ ပညာတို့နှင့် ပြည့်စုံသော ဝိဇ္ဇာမယ ပညာရှင်ကြီးများထံမှသော် လည်းကောင်း၊ ယခုခေတ်တွင်မူ ဂါထာမန္တန်စာအုပ်များမှ (သို့မဟုတ်) ဂျာနယ်စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ် စသည်တို့မှသော် လည်းကောင်း လက်ခံရှာဖွေ ရရှိခဲ့ကြပြီး ဆောင်ယူ ပွားများ ရွတ်ဖတ်နေတတ်ကြပါသည်။ အချို့ကမူ မိမိ၏ သက်ဆိုင်ရာ ဝိဇ္ဇာမယ ထွက်ရပ်ဂိုဏ်းတော်လက်စွဲ ဂါထာမန္တန်များကိုသာ ဆောင်ယူပွားများကြလေ့ ရှိပါသည်။

ဂါထာမန္တန်များ ရွတ်ဖတ်ခြင်းကြောင့် အကျိုးရှိသည်၊ အကျိုးပေးသည်ဟု ယုံကြည်သူများ ရှိသကဲ့သို့ အယုံအကြည်မရှိသူများလည်း အများအပြားပါလေ။ သို့သော် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများတို့အများစုကတော့ ယုံကြည်ကြပါ သည်။ လုံးဝမယုံကြည်သူ အလွန်နည်းပြီး ယုံတစ်ဝက် မယုံတစ်ဝက်ရှိနေကြသူတွေလည်း အများပါ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ဂါထာမန္တန်တို့ကို ယုံကြည်မှုများခြင်းမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်တိုင် ငါးရာ့ငါးဆယ်နိပါတ်တော် ဇာတကဝတ္ထုများ၌ လောကတွင် ဂါထာမန္တန်အတတ်ပညာများ ရှိခဲ့ကြောင်းနှင့် ထိုဂါထာမန္တန်များကြောင့် ကောင်းကျိုး၊ ဆိုးကျိုးများရှိခဲ့ကြောင်းကို သာဓကများစွာဖြင့် အတိအလင်း ထုတ်ဖော် ဟောကြားခဲ့သောကြောင့် ဖြစ်ပါ၏။ ထိုငါးရာငါးဆယ်ဇာတ်နိပါတ်တော်များမှာ ပဒကုသလမာဏဝဇာတ်တော်တွင် ပစ္စည်းပျောက်များကို ဖော်ထုတ်နိုင်သော စိန္တာမဏိမန္တန်အကြောင်း၊ မဟာဝေဒဗ္ဗဇာတ်တော်တွင် ရတနာရွှေမိုးရွာစေနိုင်သောဝေဒဗ္ဗမန္တန်တော်အကြောင်း၊ သဗ္ဗိဝဇာတ်တော်၌ကျားသေကိုပင် အသက်သွင်းနိုင်သော မန္တန်ရှိကြောင်း၊ သဗ္ဗဒိဌဇာတ်တော်၌ မြေအပြင်ကို အစိုးရအောင်နိုင်သော ပထဝီဇယမန္တန်တော်ရှိကြောင်း၊ မဟာသုတသောမဇာတ်တော်တွင် ခန္ဓာကိုယ်ကို လေကဲ့သို့ ပေါ့ပါးလျင်မြန်စွာ ခုန်ပျံသွားလာလှုပ်ရှားနိုင်သော ပဒလက္ခဏာမန္တန် ရှိကြောင်း၊ အမ္ဗဇာတ်၌ အခါမဲ့ကာလ (ယခုခေတ်အလို ရာသီချိန်မဟုတ်သောကာလ) ၌ပင် သစ်ပင်တို့ သီးပွင့်စေနိုင်သော မန္တန်ရှိကြောင်းတို့ကို ဗုဒ္ဓဘုရား ဟောထားခဲ့လေသည်သာမက သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားလက်ထက်၌ပင် လူသေ၏ဦးခေါင်းခွံအားခေါက်၍ ထိုသေသူ၏လားရာဂတိကို အတပ်ဟောနိုင်သော ဂါထာမန္တန်အားကိုးနှင့် ဝင်္ဂီသပုဏ္ဏားသည် ဘုရားကိုပါစိန်ခေါ်၍ပညာပြိုင်ခဲ့လေသော သာဓကကလည်း အထင်အရှားရှိခဲ့လေပြန်သောကြောင့် မမှန်သော စကားတစိုးတစိ တစ်ခွန်းတလေမျှ ပြောလေ့မလျှင်းမရှိဘဲ မှန်ကန်သောသစ္စာလေးပါးတရားတို့ကိုသာ အစဉ်ဟောပြောခဲ့သည်။ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓဘုရားသခင်၏စကား ယုံမှားစရာ လုံးဝ မရှိလေသည်မို့ ကျွန်ုပ် အပါအဝင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုတို့ လောကတွင် ဂါထာမန္တန်အတတ်သည် အမှန်ရှိသည်။ ထိုဂါထာမန္တန်တို့ကို ရွတ်ဖတ် ဆောင်ယူ ပွားများခြင်းကြောင့် ထိုက်သင့်သော အကျိုးတန်ခိုးသိဒ္ဓိများ ရရှိနိုင်သည်ဟု ခြင်းချက်မရှိ ယုံကြည်ကြခြင်း ဖြစ်ပါသည်။ ထို့ပြင်တစ်ဝ ယနေ့ဂမ္ဘီရပညာရပ်ဆိုင်ရာ မဂ္ဂဇင်းကြီးများ၊ ဂျာနယ်၊ စာစောင် စသည်တို့မှတစ်ဆင့် ဂါထာမန္တန်များ ပွားများ ရွတ်ဆိုကြခြင်းကြောင့် ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ လွတ်မြောက်ခဲ့ရပုံ၊ မည်သို့သော အကျိုးကျေးဇူးများ လက်တွေ့ ခံစားခဲ့ကြရပုံ စသည်တို့ကို ရေးသားခဲ့ကြ၊ ရေးသား ဖော်ပြနေကြဆဲတို့မှာလည်း အများအပြားမို့ နဂိုမရှိဘဲ နဂိုင်းမထွက် အကြောင်းမရှိဘဲ အကျိုးမပေါ်နိုင်ပါချေ။

အကယ်စင်စစ် ဂါထာမန္တန်များကို ယုံကြည်လက်ခံလေ့ရှိသူများမှာ ကျွန်ုပ်တို့ မြန်မာလူမျိုးများသာမကပါ။ အသေအချာလေ့လာကြည့်သောအခါ ကမ္ဘာတစ်လွှား တိုင်းပြည်နိုင်ငံအနှံ့အပြား လူမျိုး၊ ကိုးကွယ်သည့် ဘာသာအယူဝါဒ၊ ဓလေ့ထုံးတမ်းများအလိုက် သူ့နည်းသူ့ဟန်နှင့် ဂါထာမန္တန်များကို လက်ခံ ယုံကြည် ရွတ်ပွားကြသည်များကို တွေ့ရပါသည်။ အထူးသဖြင့် အရှေ့တိုင်းနိုင်ငံများဖြစ်ကြသော ထိုင်း၊ တရုတ်၊ နီပေါ၊ အိန္ဒိယနိုင်ငံနှင့် တိဗက်ဒေသများတွင်လည်း ဂန္ဓာရီဝိဇ္ဇာမယပညာရပ်များကို လေ့လာ လိုက်စားကြသူများ ရှိသည်နှင့်အမျှ ဝိဇ္ဇာမန္တန်များကို ရွတ်ဆိုလေ့ရှိကြကြောင်း တွေ့ရပါသည်။ မဟာယာန ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော တိဗက်တို့ ရွတ်ပွားလေ့ရှိသောမန္တန်တစ်ခုမှာ 'ဥုံ-အာဟုမ် ဗဂျရ ဂုရု ပဒ္ဒမ ဆိဒ္ဓိဟုမ်' (*Om Ah Hum Vijra Guru Padama Siddhi Hum*) ဟူ၍ ဖြစ်ပါသည်။ တိဗက်တို့သည် ထိုမန္တန်ကို ရွတ်လေ့ရှိကြသည်ဟု သိရပေသည်။ တစ်ဖန် ယနေ့အထိ အရှေ့အလယ်ပိုင်းဒေသတွင် ပါလက်စတိုင်းတို့နှင့် အချင်းများ၍ မကြာခဏ စစ်မက်ဖြစ်ပွားနေသောကြောင့် ကမ္ဘာအနှံ့ လူသိများလှသော ဂျူးအစ္စရေးလူမျိုးများ၏ ဂမ္ဘီရအတတ်ပညာတစ်ခုဖြစ်သော ကဘလာလောကီပညာ၏ မန္တန်တစ်ခုမှာ 'အဘာရာကဒါဘရာ' (*Abracababra*) ဟူ၍ဖြစ်သည်။ ထိုမန္တန်ကို တစ်ကြိမ်ရွတ်မိလျှင် (၁၃) ခေါက် ရွတ်ရသည်ဟု ဆိုပါသည်။ တစ်ဖန် ဟိန္ဒူတို့၌လည်း အသုံးများသော ရွတ်လေ့ရွတ်ထရှိသော မန္တန်တစ်ခု ရှိပါသည်။ ထိုမန္တန်မှာ 'ဥုံ-နမာရှီဗား (*Om Nama Shiva*) ဟူ၍ ဖြစ်ပါသည်။' သီဝနတ်ကို ရှိခိုးဆုတောင်းသောမန္တန်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ ဂါထာမန္တန်များကို အရမ်းပစ်ပယ်၍မရမသင့်။ ထိုဂါထာမန္တန်တို့၌ သူ့အကြောင်းနှင့်သူ အကျိုးသင့်အကြောင်းသင့် လက်ခံနိုင်ဖွယ် တစ်စုံတစ်ရာသောအတိုင်းအတာအထိ ခိုင်လုံသော အကြောင်းခြင်းရာများ ရှိလေသဖြင့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အယူဝါဒအမျိုးမျိုး ကွဲနေကြသော်လည်း သူ့နည်းသူ့ဟန်နှင့်သူ သက်ဆိုင်ရာဂါထာမန္တန်များကို ဆောင်ယူ ပွားများနေကြခြင်း ဖြစ်ပေလိမ့်မည်သာ။

'ဂါထာပေး တေးဖြစ်' ဟူသော မြန်မာဆိုရိုးစကားတစ်ခု ရှိပါသည်။ ဆိုလိုသည်မှာ ဂါထာမန္တန်တို့မည်သည် ပင်ကိုမူလက မည်မျှ အစွမ်းထက်သည်ဖြစ်စေ စနစ်တကျ မရွတ်မဟိန်းတတ်လျှင်၊ အသုံးမချတတ်လျှင် အစွမ်းသတ္တိမရှိ တန်ခိုးမပြတေး သီချင်းသာသာမျှသာ ဖြစ်သွားသည်။ အလဟဿ ဖြစ်သွားတတ်သည်ဟူလို။ သို့ဖြစ်ရာ ဂါထာမန္တန်တို့ အစွမ်းထက်သည်၊ မထက်သည်ဆိုသည်မှာ ဆောင်ယူ ရွတ်ဆိုသူအပေါ်၌လည်း မူတည်ပါသည် ဟူ၍ ပြော၍ရသကဲ့သို့ ဂါထာမန္တန်တစ်ခု အစွမ်းထက်မြက်စေရန် အခြားသော အကြောင်းရင်းများစွာလည်း ရှိသေးသည်ဟု ဆိုရပါလိမ့်မည်။

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များဆိုင်ရာ ဂါထာမန္တန်များမှာ ရှေးအတိတေကာလများစွာက ဈာန်အဘိညာဉ်ရ ရသေ့သူတော်စင်များ၊ သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်သွားခဲ့ကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးများက ဂမ္ဘီရဂန္ဓာရီ ဝိဇ္ဇာမယလောကီအတတ်ပညာနည်းစနစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင် ဖန်တီး တီ



www.burmeseclassic.com

www.burmeseclassic.com

ထွင်ကြံဆ ဖော်ထုတ်ထားရစ်ခဲ့ကြသောဂါထာမန္တန်များဖြစ်ကြပါသည်။ အချို့သော ဂါထာမန္တန်များဆိုလျှင် ဂါထာမန္တန်၏ အနက်အဓိပ္ပာယ် သဘောတရားနှင့် ရရှိစေသည့်အကျိုးတန်ခိုးသိဒ္ဓိတို့သည် လိုက်လျောညီထွေမရှိဘဲ လုံးဝကွဲလွဲစွာရှိနေသည်ကို တွေ့ရတတ်လေရာ ရှေးဆရာမြတ်တို့၏ဉာဏ်ကို မမီနိုင်လောက်အောင် ဖြစ်ရပါသည်။ ထိုဂန္ဓာရီဝိဇ္ဇာမယ မဟိဒ္ဓိ၊ သိဒ္ဓိရှင်ကြီးတို့မှာ အရိယာပုဂ္ဂိုလ်များ မဟုတ်ကြပါ။ ပုထုဇဉ်ပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်။ ထိုပုထုဇဉ် မဟိဒ္ဓိ၊ သိဒ္ဓိရှင် ပုဂ္ဂိုလ်မြတ်များ စီရင်ခဲ့ကြသော ထိုဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရပ်များကို မဆိုထားဘိ ဘုံသုံးပါးတို့တွင် အတုမရှိ အမြတ်ဆုံးဖြစ်၍ သစ္စာလေးပါးတရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူသည့် သဗ္ဗညုတ ဉာဏ်တော်ရှင်ကြီးဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘဂဝါကိုယ်တိုင်၏ နှုတ်မြွက်ထွက်ဖြစ်ကြသော ပရိတ်တော်တို့သည်ပင်လျှင် ထိုပရိတ်တော်တို့၏ အရံအတားအကာအကွယ်တို့ ကို ရရှိစေရန် (ဝါ) ပရိတ်တော်တို့ တန်ခိုးထက်မြက်စေရန် ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့ဘက်မှ သတိမှတ်ထားသောအင်္ဂါရပ်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံရန် လိုအပ်သည်ဟုဆိုမိန့်ထားကြပါသည်။ ပိဋကတ်တော်၌ ထင်ရှားသော ကျမ်းတစ်ဆူဖြစ်သည့် မိလိန္ဒပဉှာ အဘာဝဇ္ဇဝဂ်တွင်-

"အရှင်ဘုရား၊ သတ္တဝါအားလုံးတို့ကို ပရိတ်အရံအတားက စောင့်ရှောက်ပါသလော"

ဟူသည့် မိလိန္ဒမင်းကြီး၏ အမေးကို အရှင်နာဂသေနခေါ် အရှင်နာဂသိန် မထေရ်မြတ်က ဖြေကြားရာတွင်-

"မင်းမြတ်၊ ပရိတ်အရံအတားသည် အချို့ကိုသာ စောင့်ရှောက်၍ အချို့ကိုကား မစောင့်ရှောက်ပေ။ ပဉ္စာနန္တရိယကံကြီးငါးပါးက တားမြစ်ထားသောကြောင့် လည်းကောင်း၊ နိယတမိစ္ဆာဒိဋ္ဌိ ကိလေသာက တားမြစ်ထားသောကြောင့် လည်းကောင်း ပရိတ်အရံအတားက ကာကွယ်စောင့်ရှောက်ပေးလိမ့်မည်ဟု မယုံကြည်သောကြောင့် လည်းကောင်း အချို့သောသူတို့ကို ပရိတ်အရံအတားသည် မစောင့်ရှောက်ပေ"

ဟု ဆိုမိန့်ခဲ့လေရာ ဗုဒ္ဓ၏နှုတ်မြွက်တော်ထွက် ပရိတ်တော်တို့သည်ပင်လျှင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ပြည့်စုံကိုက်ညီမှသာ အရံအတားပေးနိုင်ကြောင်း သိရပေသည်။ ထိုသို့ ပရိတ်တော်မြတ်တို့၏ အရံအတား အစောင့်အရှောက်ကို အပြည့်အဝရရှိရန် ပရိတ်ရွတ်သူဘက်မှ -

၁။ ပရိတ်တော်၏အနက်အဓိပ္ပာယ်ကို ကောင်းစွာ သိရှိရမည်။
၂။ လာဘ်လာဘကို မငဲ့ကွက်ဘဲ ပရိတ်နာသူတို့အပေါ် အမှန်မေတ္တာစိတ်ထားရှိရမည်။
၃။ လာဘ်လာဘကို မျှော်ကိုး၍ ရွတ်ဆိုခြင်း မပြုရ။
၄။ ပရိတ်တော်ကို အာဂုံရွတ်ဆိုနိုင်ရမည်။

ဤသည်တို့ကား ပရိတ်ရွတ်သူတို့တွင်ရှိရမည့် အင်္ဂါရပ်များ ဖြစ်၏။ ထို့အတူ ပရိတ်တရားနာသူတို့ဘက်မှလည်း-

၁။ ပဉ္စာနန္တရိယကံကြီးငါးပါး ထိုက်သူတို့ မဖြစ်စေရ။
၂။ နိယတမိစ္ဆာဒိဋ္ဌိ ကိလေသာမရှိရ။
၃။ ပရိတ်တော်တို့အပေါ်တွင် ယုံကြည်သော သဒ္ဓါတရား ထက်သန်ရမည်။
၄။ ရိုသေစွာ နာကြားရမည်။

ဤသည်တို့ကား ပရိတ်နာသူတို့ဘက်မှ ပြည့်စုံရမည့် အင်္ဂါရပ်များဖြစ်ပေသည်။

သို့ဖြစ်ပေရာ ဗုဒ္ဓမြတ်စွာဘုရားရှင် နှုတ်မိန့်တော်ထွက် အာဏာစက်သက်ရောက်သော ပရိတ်တော်မြတ်တို့သည်ပင်လျှင် အရံအတားရရှိရန်၊ ပရိတ်ရွတ်သူ, ပရိတ်တရားနာသူတို့ဘက်မှ အင်္ဂါရပ်အသီးသီးတို့နှင့်ပြည့်စုံရန်လိုအပ်သည်ဆိုပါက ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရှင်များ သီကုံးဖွဲ့သီ စီရင်ထားသော ဂါထာမန္တန်တို့မှ လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိတို့အားရရှိရန် ထိုဂါထာမန္တန်တို့အား ရွတ်ဆိုမန်းမှုတ်ကြသောအခါ ဆောင်ယူဟိန်းရွတ်သူတို့၌ သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ပို၍ပို၍ ပြည့်စုံရန် မုချမသွေ လိုအပ်ပေမည်သာ။ သို့အားလျော်စွာ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာ ဂါထာမန္တန်တို့ကို ဆောင်ယူ ပွားများ ရွတ်ဆို အသုံးချမည့်သူတစ်ဦးအဖို့ လိုအပ်သည့်အင်္ဂါရပ်များ သို့မဟုတ် ဂါထာမန္တန်ရွတ်မည့်သူတစ်ဦး၌ ရှိသင့်သည့် အရည်အချင်းများမှာ ယေဘုယျအားဖြင့် အောက်ပါအတိုင်း တွေ့ရပါသည်။

၁။ ဂါထာမန္တန်တို့နှင့် ပတ်သက်၍ ထိုက်သင့်သော ဗဟုသုတရှိရမည်။တစ်နည်းအားဖြင့် ဂါထာမန္တန်တို့၏အကြောင်းကို အတန်အသင့် သိထားရမည်။
၂။ မိမိ ရွတ်ဖတ် မန်းမှုတ် အသုံးပြုမည့် ဂါထာမန္တန်နှင့် ပတ်သက်၍ ထိုက်သင့်သော ဗဟုသုတ ရှိရမည်။
၃။ သက်ဆိုင်ရာ ဂါထာမန္တန်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ သိရှိရန် လိုအပ်သည်။
၄။ ထိုဂါထာမန္တန်တွင် ပါဝင် ဖွဲ့စည်းထားသော အက္ခရာဝဏ္ဏတို့နှင့် ဂါထာမန္တန်၏သဘောသဘာဝနှင့် လျော်ညီစွာ ဌာန်၊ ကရိုဏ်းကျကျ ရွတ်ဖတ်တတ်ရမည်။
၅။ ဂါထာမန္တန်တို့နှင့် သင့်လျော်စပ်လျဉ်းသည့် နက္ခတ်အချိန်အခါတို့ကို နားလည် တတ်ကျွမ်း ရွေးချယ်တတ်ရမည်။
၆။ သူတစ်ထူးတို့အတွက် စီရင်ဆောင်ရွက်ပေးမည့်သူသည် ထိုသူတို့အပေါ်၌ မေတ္တာစိတ်ထားရမည်။
၇။ လာဘ်လာဘ မျှော်ကိုး၍၊ အကျိုးစီးပွားကိုလို၍ ဆောင်ရွက်ပေးခြင်းမျိုး၊ လောဘဇောကြီးသည့် စိတ်ထားရှိခြင်းမျိုးများနှင့် ဂါထာမန္တန်ကို အသုံးပြုစီရင်ခြင်းမျိုး မပြုလုပ်ရ။



www.burmeseclassic.com

www.burmeseclassic.com

၈။ ထိုက်သင့်သော သီလစောင့်ထိန်းနိုင်သူ ဖြစ်ရမည်။

၉။ စိတ်ကို တည်ငြိမ်စွာ အာရုံစူးစိုက်ရမည် (ဝါ) သမာဓိအားကောင်းရမည်။

၁၀။ ဂါထာမန္တန်တို့အပေါ် ယုံကြည်ချက်ရှိရမည်။

၁၁။ ပဥ္စာနန္တရိယကံ ထိုက်သောအကုသိုလ်ကံကြီးများကို ကျူးလွန်ခြင်းမရှိရ။

၁၂။ မေတ္တာဘာဝနာ ပွားထုံနေရမည်။

၁၃။ မိမိနှစ်သက်သဘောကျ၍ ရွေးချယ်ထားသော ဂါထာမန္တန်ကိုအမြဲရွတ်ဖတ်၍ ထုံမွမ်းအောင်ပြုလုပ်နေရမည်။

၁၄။ ဂါထာမန္တန် ရွတ်ဖတ်မည့်နေရာသည် သန့်ရှင်းသောနေရာဖြစ်ရမည်။

၁၅။ ဂါထာမန္တန် ရွတ်မည့်သူသည် မိမိကိုယ်ကိုလည်း သန့်ရှင်းအောင် ပြုပြင်ထားရမည်။

၁၆။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်သူတော်စင်များ၊ မဟိဒ္ဓိသိဒ္ဓိရှင်များကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားခြင်းမပြုရ။

အထက်ပါ အချက်များကား ဂါထာမန္တန်များကို ရွတ်ဖတ်မည့်သူများ၊ အသုံးချမည့်သူများ၌ ရှိသင့်သော အင်္ဂါရပ်များ (ဝါ) အရည်အချင်းများနှင့် လိုက်နာသင့်သောအချက်များ ဖြစ်ကြပါသည်။ ထိုအချက်များနှင့် ပြည့်စုံညီညွတ်ခြင်း မရှိပါလေက ဂါထာပေး တေးဖြစ်သွားဖို့များပါသည်။ သို့ဖြစ်ရာ အထက်ဖော်ပြပါ ဂါထာမန္တန်ရွတ်ဖတ်မည့်သူတစ်ဦး၌ ရှိသင့်သည့်အင်္ဂါရပ်များအလိုက် တစ်ဆင့်ချင်း ဆွေးနွေး တင်ပြလိုပါသည်။

ဂါထာမန္တန်တို့နှင့် ပတ်သက်၍ ထိုက်သင့်သော ဗဟုသုတရှိရမည်ဟူသောအချက်နှင့် ကျွန်ုပ်တို့ ဂါထာမန္တန် ရွတ်ဖတ်မည့်သူ (ဝါ) ဂါထာမန္တန်ကို အသုံးချမည့်သူတစ်ဦးအဖို့ ဂါထာမန္တန်များအကြောင်းကို ဦးစွာ လေ့လာဖို့ လိုပါလိမ့်မည်။

**ဂါထာမန္တန်**

ဂါထာမန္တန် ဟူသည် အဘယ်နည်းဟု လေ့လာကြည့်သောအခါ အနောက်တိုင်း အဘိဓာန်များ၌ Spell: n. Words, Used as a Charm, Supposed to have magic Power (Oxford Learner's Dictionary) ဟု ခပ်တိုတိုပင် အဓိပ္ပာယ်ဖွင့်ထား၏။ ဆိုလိုသည်က ဂါထာမန္တန်ဆိုသည် တန်ခိုးသိဒ္ဓိတစ်စုံတစ်ရာကို ရရှိစေနိုင်သည်ဟု ထင်ရသော စကားလုံးများဟု ဆိုခြင်းပင်။

မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ ပညာအမြင်အရ ကျွန်ုပ် လေ့လာ တွေ့ရှိ နားလည်သလောက် ပြောရလျှင် ဂါထာမန္တန်ဆိုသည်မှာ မျှော်မှန်းထားသော လိုအပ်သည့် အကျိုးတန်ခိုးသိဒ္ဓိများ ရရှိစေရန် ဝိဇ္ဇာမယ လောကီပညာ နည်းစနစ်များနှင့်အညီ စီစဉ် စုစည်း သီကုံးရေးဖွဲ့ စီရင်ထားသော စကားလုံးများ သို့မဟုတ် စာသားအစုအဝေးများကို ဆိုလိုခြင်းဖြစ်သည်ဟုပြောရပေလိမ့်မည်။ အဘယ်ကြောင့် ကျွန်ုပ် ဤသို့ပြောရပါလေသနည်းဆိုသော် ဂါထာမန္တန်များကို လေ့လာကြည့်သောအခါ ကျွန်ုပ်တို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ ဂါထာမန္တန်များသည် အရမ်းကာရော မဟုတ်ဘဲ ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယလောကီပညာ အတွေးအခေါ် အယူအဆ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အင်္ဂါရပ်များအပြည့်အစုံနှင့် စနစ်တကျ ဖွဲ့စည်း ရေးသား စီရင်ထားသည်တို့ကို လေ့လာ တွေ့ရှိရသောကြောင့်ပါပေ။ ထိုသို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာမှ ဂါထာမန္တန်တို့အား လေ့လာကြည့်သောအခါ ဂါထာမန္တန်တို့ကို အောက်ဖော်ပြပါ အင်္ဂါရပ်များနှင့် ဖွဲ့စည်း ရေးသား စီရင်ထားကြောင်း တွေ့ရပါလေသည်။

**ဂါထာမန္တန်တစ်ခု၏ဖွဲ့စည်းပုံအင်္ဂါရပ်များ**

(က) ဂါထာမန္တန်၏ အဦးအစ အဟိန်း အက္ခရာစာလုံး (သို့) အဖွင့်အက္ခရာစာလုံး (Start Word on Openning Word)

(ခ) မန္တန်ပါ အက္ခရာစာလုံးအမျိုးအစား (Kinds of Word Components)

(ဂ) မန္တန်၏ဖွဲ့စည်းမှုပုံစံ (Structure)

(ဃ) ဂါထာမန္တန်တို့၏ အဆုံးသတ်အက္ခရာစာလုံးများ (End Words)

(င) ဂါထာမန္တန်၏ အနက်အဓိပ္ပာယ် သို့မဟုတ် မန္တန်က ပြောသောစကား (Meaning of The Whole Spell on Spell's Talks)

(စ) ဂါထာမန္တန်တို့၏ အကျိုးတန်ခိုးသိဒ္ဓိ (Arailable-or-Receivable Bemefits or Magic Power)

အထက်ဖော်ပြပါ အချက်များမှာ ကျွန်ုပ်တို့ မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာဂါထာမန္တန်တို့၏ အင်္ဂါရပ်များနှင့် ဖွဲ့စည်းထားပုံအဆင့်ဆင့် ဖြစ်ပါသည်။

**(က) ဂါထာမန္တန်၏ အဦးအစ အဟိန်း အက္ခရာစာလုံး (သို့မဟုတ်) အဖွင့် အက္ခရာစာလုံးများ**

ရှေးပညာရှိ ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရှင်ကြီးများအချို့ မိန့်ဆိုခဲ့ကြသည်မှာ ဂါထာမန္တန်တို့တွင် 'ဥုံ မပါလျှင် ဂါထာ၊ ဥုံ ပါလျှင် မန္တန်၊ ဩောင်းခံလျှင် မန္တရား' ဟု ခေါ်ဆိုကြောင်း မှတ်သားခဲ့ရဖူးပါသည်။ မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာ ဂါထာမန္တန်တို့ကို ကြည့်လိုက်လျှင် အများစု (၉၀) ရာခိုင်နှုန်းခန့်မှာ ထိုဂါထာမန္တန်တို့၏ အဦးအစ အဟိန်း အက္ခရာစာသားများအဖြစ် ဥုံ (သို့) ဩောင်း ဟူ၍ စတင်ဖွင့်ဆိုထားကြသည်ကို တွေ့ရပါသည်။ အထက်တွင် ဆိုထားသကဲ့သို့ ဥုံ မပါလျှင် ဂါထာ၊ ဥုံပါလျှင် မန္တန်၊ ဩောင်းခံလျှင် မန္တရားရားဟု ဆိုကြသော်ငြားယခုခေတ်ကာလ၌မူ ခွဲခြား၍မခေါ်ကြတော့ဘဲ ဂါထာမန္တန် ဟူ၍သာ တွဲခေါ်ဆိုသည်က များကြောင်း တွေ့ရပါသည်။ အခေါ်အဝေါ်ကို သိပ်အလေးမထား ဂရုမစိုက်ကြကြောင်း တွေ့ရပေသည်။ အနည်းငယ် ရှေးကျသည်ဟု ထင်ရသော ဝိဇ္ဇာမယ



www.burmeseclassic.com

www.burmeseclassic.com

လောကီပညာကျမ်းအချို့၌ပင်လျှင် 'ဩောင်း ဟေဟေ၊ တိသျှတ္တာ၊ တိသျှတ္တာ. . .' အစချီသော ဩောင်းခံထားသည့် ဂါထာကိုပင် မန္တရားဟု မသုံးနှုန်းဘဲ မွေရှင်တော်ဂါထာဟုသာ ခေါ်ဝေါ် သုံးစွဲထားသည်ကို တွေ့ရပါသည်။ အချို့ကျမ်းများ၌ကား ထိုဂါထာကို ဥဏ္ဏာလုံမွေရှင်တော်ဂါထာဟု ခေါ်ပါသည်။ စင်စစ် အဆိုအမိန့်များအရဆိုလျှင် ဥဏ္ဏာလုံမွေရှင်တော်မန္တရားဟုခေါ်သင့်သည်သာ။

တောင်တွင်းကြီးဆရာတော် ရေးသား စီရင်ခဲ့သော ကဝေသာရကျမ်း၌ ဩောင်းကိုးလုံးခံထားသော ဂါထာကို ဩောင်းကိုးတန်ဂါထာမန္တန်ဟု သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ စင်စစ် ထိုဂါထာမှာလည်း ဂါထာ၌ ပါဝင်သော ဂါထာပိုဒ် (၉) ပိုဒ်စလုံး၌ ဩောင်းများအသီးသီးခံထားလေရာ 'ဩောင်းကိုးတန်မန္တရား' ဟု ခေါ်သင့်ပါလေသည်။ လူသိများလှသော 'ဩောင်း-ပထဝီဇယျသဗ္ဗ အနေကအန္တရာယိကံ' အစချီသော ဂါထာကိုကား ပထဝီဇယမန္တန်ဟုသာ သုံးနှုန်းကြလေ၏။ စင်စစ် ဩောင်းခံထားသော ဂါထာကြီးဖြစ်၍ ပထဝီဇယမန္တရားဟုသာ ခေါ်ဝေါ်သင့်သော မန္တန်ကြီးတစ်ခု ဖြစ်ပေသည်။ သို့ရာတွင် ထိုပထဝီဇယမန္တန်ကိုပင်လျှင် အချို့ခေတ်ဟောင်းကျမ်းအချို့၌ 'ပထဝီဇယဂါထာ' ဟု သုံးနှုန်းထားသည်ကိုပင် တွေ့ဖူးပါသည်။ သို့ဖြစ်ရာ ရှေးလူကြီးများပင်လျှင် ဂါထာ၊ မန္တန်၊ မန္တရား ဟူသော အခေါ်အဝေါ် အသုံးအနှုန်းများ၌ များစွာ အလေးထားခဲ့ကြဟန် မတူပါ။ သို့ဖြစ်၍လည်း ယခုကာလ၌ ဂါထာ၊ မန္တန်၊ မန္တရားရယ်ဟု သတ်သတ်မှတ်မှတ် ခွဲခြားမနေကြတော့ဘဲ ဂါထာမန္တန်ဟု ပေါင်းခေါ်နေကြသည်လားမသိပေ။

ကျွန်ုပ်၏အယူအဆသော်ကား ရှေးကအဆိုရှိခဲ့သည့်အတိုင်း ဥုံမပါလျှင် ဂါထာ၊ ဥုံပါလျှင်မန္တန်၊ ဩောင်းခံလျှင် မန္တရားဟု သတ်သတ်မှတ်မှတ် ခွဲခြားခေါ်ဝေါ်ကြသည်က ပို၍ စနစ်ကျကောင်းမွန်လိမ့်မည်ဟု ယူဆပါသည်။ သို့အားလျော်စွာ ကျွန်ုပ်ကား တတ်နိုင်သမျှ ဂါထာ၊ မန္တန်၊ မန္တရား ဟူ၍ ခွဲခြား သုံးနှုန်း ရေးသားတင်ပြမည်ဟု စိတ်ကူးထားပါသည်။

အကြောင်းမူကား အခေါ်အဝေါ် အသုံးအနှုန်း မတူကြပေသော်လည်း ဂါထာမန္တန်တို့၏ အဦးအစ အဟိန်းအက္ခရာစာလုံးများ ဖြစ်သော ဥုံ၊ ဩောင်းတို့ကိုမူ ကျွန်ုပ်တို့အနေဖြင့် ပြုပြင်ပြောင်းလဲ၍မရ။ ရှောင်လွှဲ၍မရဘဲ သက်ဆိုင်ရာ ဂါထာ၊မန္တန်၊မန္တရားတို့၏အဦးအစ အဟိန်းအက္ခရာစကားလုံးတို့နှင့်ပတ်သက်၍ အခေါ်အဝေါ် ကွဲလွဲနေသည်သာမက ထိုဥုံ၊ ဩောင်းတို့ ရေးပုံရေးနည်း စာလုံးပေါင်းဟု ဆိုရမည့် အက္ခရာစကားလုံး အရေးအသားတို့မှာလည်း ကျမ်းတစ်ကျမ်းနှင့်တစ်ကျမ်း မတူညီတတ်ကြပြန်ပါချေ။ ဂါထာမန္တန်တို့အား စိတ်ဝင်စား လေ့လာကြသူ လူငယ်များနှင့် စာဖတ်သူများ ထိုမူကွဲများကို တွေ့ခဲ့ပါက မျက်စိလည်သွားနိုင်ဖွယ် ရှိပါသဖြင့် ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။

ဥုံကို အုမ်ဟု လည်းကောင်း၊ ဥမ်ဟု လည်းကောင်း၊ ဥုမ်ဟု လည်းကောင်း၊ အွံဟု လည်းကောင်း အမျိုးမျိုး ရေးထားတတ်ကြပါသည်။ ဟိန္ဒူဘာသာ၌ ဥုံကို ॐ ဟူသော သင်္ကေတဖြင့် ရေးဖော်လေ့ရှိကြပြီး ထို ॐ ကိုပင် အဆောင်အဖြစ်ဆောင်တတ်ကြပါသေးသည်။ ဥုံ ဟူသော အက္ခရာစာလုံးမှာ စင်စစ်အားဖြင့် သသကရိုက်(သက္ကတ)ဘာသာမှ ဆင်းသက်လာသောစကား ဖြစ်သည်။

ဩောင်းကို ဩီ ဟူ၍ လည်းကောင်း၊ ဩောမ်းဟု လည်းကောင်း၊ ဩွံ ဟု လည်းကောင်း၊ ဩုံဟုလည်းကောင်း ဩမ်ဟု လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် ရေးသား ဖော်ပြထားတတ်ကြောင်း တွေ့ရပါသည်။ ထိုဂါထာမန္တန်တို့၏ အဦးအစ အဟိန်းအဖွင့် အက္ခရာစကားလုံးများ ဖြစ်ကြသော ဥုံ သည်လည်းကောင်း၊ ဩောင်းသည်လည်းကောင်း နှစ်ခုလုံး၏ အဓိပ္ပာယ်မှာ 'ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင်စေသတည်း' ဟူသော အနက်အဓိပ္ပာယ်ကိုဆောင်ပါသည်။

အချို့က ဥုံကို 'အ၊ ဥ၊ မ' ဟု (၃)မျိုးခွဲလျက် အထက်ပါအတိုင်းအဓိပ္ပာယ်ကောက်ယူကြသည်။ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရပ်တို့၏သဘောမှာ မင်္ဂလာအတိတ်နိမိတ်၊ အောင်ဟိတ်တို့ကို ယူရလေသောကြောင့် ဂါထာမန္တန်တို့၏ အဖွင့်တွင် ထို ဥုံ၊ ဩောင်း ဟူသော အဟိန်းအက္ခရာစာလုံးတို့ဖြင့် အောင်ခါတ်ပွင့်စေရန် အောင်အက္ခရာစာလုံးများနှင့် ဂါထာမန္တန်တို့ကို စဖွင့်ထိုက်ခြင်းသဘောဖြစ်သည်။ သို့ဖြစ်သောကြောင့် ဂါထာ၊ မန္တန်၊ မန္တရားတို့၏ ပထမဦးဆုံးအင်္ဂါရပ်မှာ အဦးအစ အဟိန်းအက္ခရာစာလုံးများ ဖြစ်ကြသော ဥုံ၊ ဩောင်းစသည့် အဖွင့်အက္ခရာစာလုံးများ ပါရှိတတ်ကြခြင်း ပင်တည်း။

**(ခ) မန္တန်ပါအက္ခရာစာလုံးအမျိုးအစား**

ဂါထာ၊မန္တန်တို့၏ ဒုတိယအင်္ဂါရပ်မှာ အက္ခရာစာလုံးများ ပါဝင်စုစည်းထားခြင်းပင် ဖြစ်ပေသည်။ ဂါထာမန္တန်တို့တွင် ပါဝင် စုစည်းထည့်သွင်းထားသော အက္ခရာစာလုံးအမျိုးအစားတို့ကို လေ့လာကြည့်သောအခါ မြန်မာအက္ခရာစာလုံး၊ ပါဠိဘာသာအက္ခရာစာလုံး၊ သက္ကတဘာသာအက္ခရာစာလုံး (ဝါ) မြန်မာဘာသာ၊ ပါဠိဘာသာ၊ သက္ကတဘာသာများကို အများဆုံး သုံးထားကြောင်း တွေ့ရပါသည်။

မြန်မာဘာသာသက်သက် မြန်မာအက္ခရာစာလုံးများဖြင့် ရေးသားစီရင်ထားသော မန္တန်တစ်ခုကို ဥပမာအဖြစ် ဖော်ပြရပါလျှင်-

'ဥုံ သူရဿတီ၊ ခေါ်ညီတွင်ထ၊ အလှတသီး၊ နတ်သမီး၊ ဘုန်းကြီးလျှံဝင်း၊ မိရှင်မင်းကို၊ ကြိုင်ရွှင်ပျံ့မွှေး၊ ကျွန်ုပ်ကျွေးသည်၊ ချိုအေးလှစွာ၊ ဤအစာကို၊ မြိန်စွာအားရ၊ စားပြီးမှလျှင်၊ အလှရှင်ဖြူ၊ မိုးသူမိခင်၊ နှလုံးသွင်း၍၊ မကြွင်းစေငှ၊ ယခုတောင်းပန်၊ ကျွန်အရံတို့၊ လျင်ထန်ရှိုင်းမပါစေသောဝ်'

ဤကား မြန်မာဘာသာစကားလုံးသက်သက်ဖြင့် ရေးဖွဲ့စီရင်ထားသော သူရဿတီဒေဝီနတ်မယ်တော်ကြီး၏ အစောင့်အရှောက် ရယူရန် ရွတ်ဆိုရသော မန္တန်တစ်ခု ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ဖန် သူရဿတီဒေဝီနတ်သမီးနှင့်ပင်ပတ်သက်သော မန္တန်ဖြစ်သော်လည်း ပါဠိဘာသာဖြင့် ရေးသီစီရင်ထားသောမန္တန်တစ်ခုကို ဖော်ပြရသော်-

'ဥုံ သဗ္ဗဟိတ မင်္ဂလာ မင်္ဂလာဏံ၊ ပုညာဘိ၊ သီရိသောဘဏီ၊ သူရဿတီစ၊ မေ မာတာနိစ္စံရက္ခံတု မံ သဒါ'

ထိုမန္တန်မှာလည်း သူရဿတီဒေဝီနတ်သမီးသည် နေ့ရောညပါ အခါခပ်သိမ်း စောင့်ရှောက်ရန် ဆန္ဒပြု ရွတ်ဆိုရသော ပါဠိဘာသာသက်သက်မန္တန် ဖြစ်ပါသည်။ ထို့အပြင် သက္ကတဘာသာဖြင့် ရေးစပ်ထားသောမန္တန်တစ်ခုကို နမူနာဖော်ပြရသော် -

'အမရွံ ဟရီဟရီ ဆရီမုခံ ပံဂဂုံ၊ တြေပိဋ္ဌကံ၊ ဟရီ ဟရီ ဘာဟိန္ဒြီ၊ မာဟိန္ဒြီ၊ ဗျာကျန္ဒြီ၊ နရကျန္ဒြီ၊ ဗေဒါရာဂြပက၊ သျှူရာဂဂျာတြာ၊ စိန္တာမုနိ ဆမရွံ ဟရီ ဟရီ၊ ကြတ်ဗန္တု မေဂျာယ် မံဂလံ'

ဤကား စိန္တာမုနိမန္တန်တော် အမည်ရှိ သက္ကတဘာသာ အသံဖြင့် ရေးစပ်ထားသော မန္တန်တစ်ခု ဖြစ်ပါသည်။ ထိုမန္တန်ကို နေ့စဉ် ရွတ်ဖတ်လျှင် ဘုန်းကျက်သရေတိုးစေပါ၏။ အလှူမင်္ဂလာအခမ်းအနားများ၊ အိမ်တက်ပွဲ၊ ဆိုင်ခန်းဖွင့်ပွဲများတွင် ရွတ်ဖတ်ပေးသင့်သော မင်္ဂလာကျက်သရေတိုးစေသည့် မန္တန်တော်တစ်ခုပါပေ။ ယခုဖော်ပြခဲ့သော မန္တန်များမှာ မြန်မာဘာသာသက်သက်စကားလုံး၊ ပါဠိဘာသာအက္ခရာစကားလုံးများနှင့် သက္ကတဘာသာသက်သက်ရေးဖွဲ့ စီရင်ထားသောမန္တန်များ ဖြစ်ပါသည်။ ထိုမျှမက မြန်မာဘာသာနှင့် ပါဠိဘာသာ အက္ခရာစကားလုံးများ ရောစပ်ဖွဲ့သီ စီရင်ထားသော မန္တန်များလည်း အများအပြား ရှိပါသည်။ ထိုရောစပ်မန္တန်အမျိုးအစားများထဲမှ နမူနာအဖြစ်ဖော်ပြရသော်-

'ဥုံ ဗြဟ္မာမင်း၏ သားရင်းမှန်စွာ၊ ဥပရာဇာရှင်ဒေဝါတို့၊ ဘိုးစဉ်ဘောင်ဆက်၊ ဘေးလက်ထက်က၊ စောင့်ထချင်သည့် ရှင်နတ်မင်းတို့၊ အမြင်ချဉ်းသည့်နတ်မင်း ငါ့ရှေ့ ရောက်စေသော်၊ အမြင်ချဉ်းသည့် နတ်မင်း ငါ့ရှေ့နေစေသော်၊ အမြင်ချဉ်းသည့်နတ်မင်း ငါ့ရှေ့ရပ်စေသော်၊ အမြင်ချဉ်းသည့်နတ်မင်း ငါ့ရန်သူကို နှိပ်စက်ဘိလော့။ အို- အာဏာရာဇာ ရှင်ဒေဝါတို့၊ ရုက္ခရာဇာ ရှင်ဒေဝါတို့၊ ဘုမ္မရာဇာရှင်ဒေဝါတို့၊ **ရာဇကတံ ပုညကတော၊ ရာဇရက္ခံ၊ ရာဇဂေါရံ၊ ဩဘောင်းဇေယျတု၊ ဇေယျတု၊** အောင်ဆုပေးပါ ရှင်နတ်များတို့'

နတ်အာဏာမန္တန်တစ်ခု ဖြစ်ပါသည်။ လက်ဖက်ကို ဆီဆမ်း၍ နှမ်းလှော်ဖြူးပြီး (၃၇) အုပ်မန်း။ ထိုလက်ဖက်ကို တောတောင်သို့သွားလျှင် ရုက္ခစိုးနတ်ကိုတင်၊ မြေတွင် အိပ်လျှင် ဘုမ္မစိုးနတ်ကိုတင်၊ မြို့ရွာနယ်သစ်ကို ရောက်လျှင် မြို့တော်ရှင်၊ ရွာတော်ရှင်ကိုတင်၍ လိုရာဆုတောင်းက လမ်းခရီးဘေးရန်၊ တောကောင် သားရဲ၊ ခိုးသား၊ ဓားပြဘေး လွတ်ကင်းစေပါသည်။ နတ်တို့စောင့်ရှောက်သည်။ ရှေးဆရာမြတ်တို့ တောဝင်၊ တောင်တက်သောအခါ သုံးလေ့ရှိကြသောနည်း ဖြစ်ပါသည်။ ဤမန္တန်တွင် မြန်မာဘာသာအက္ခရာစကားလုံးများနှင့် ပါဠိဘာသာအက္ခရာစာလုံးများ (စာလုံးမည်းများနှင့် ထင်ရှားအောင်ဖော်ပြထားပါသည်။) ရောနှော ဖွဲ့သီ စီရင်ထားကြောင်း တွေ့ရပါလိမ့်မည်။ ဤကား ဂါထာမန္တန်တို့၏ဒုတိယအင်္ဂါရပ်အဖြစ်တွေ့မြင်ရသော ဂါထာမန္တန်တို့အတွင်း ပါဝင်သော ဘာသာစကား အက္ခရာတို့၏အကြောင်းခြင်းရာများ ဖြစ်ကြပါသည်။

**(ဂ) မန္တန်၏ဖွဲ့စည်းမှုပုံစံ**

မန္တန်တို့၏ ဖွဲ့စည်းမှုပုံစံ ဆိုသည်မှာ ဂါထာမန္တန်တို့တွင် ပါဝင်ဖွဲ့စည်းထားသော ပုဒ်၊ ပါဒ၊ အက္ခရာ စကားလုံးအရေအတွက် မတူညီသော ဘာသာအက္ခရာစကားလုံး၊ အထူးပြု အက္ခရာစကားလုံးများ ထည့်သွင်း၍ ဂါထာမန္တန်တို့၏ အက္ခရာစာသားများ ရေးသားဟန်ရေးသားနည်း စသည်တို့သည် ဂါထာမန္တန်တို့၏ ဖွဲ့စည်းမှုပုံစံ သို့မဟုတ် ဂါထာမန္တန်တို့၏ ပုံရိပ်များ ဖြစ်ကြပါလေသည်။ ပါဠိဘာသာအက္ခရာစာသားတို့ဖြင့် ရေးသီစီရင်ထားသော ဂါထာမန္တန်တို့ကို (၈) လုံး တစ်ပါဒ၊ (၄)ပါဒ အက္ခရာ (၃၂) လုံးထား၍ ရေးစပ်စီရင်ထားသည်က များပါသည်။ ဂါထာမန္တန်တို့တွင် တစ်ပိုဒ်၊ တစ်ပုဒ်၊ တစ်ဂါထာဖြင့် ရေးစပ်ထားသည်များ ရှိသကဲ့သို့ ဂါထာတစ်ပုဒ်တွင် ပိုဒ်ခွဲများ များစွာ ထည့်သွင်း စုစည်းရေးသီစီရင်ထားသည်များလည်း တွေ့ရပါသည်။ ဥပမာ ပထဝီဇယမန္တန်ဆိုလျှင် မန္တန်တစ်ပုဒ်တည်း၌ အပိုဒ်ခွဲပေါင်း (၁၄)ခု ပါဝင်နေကြောင်း တွေ့ရပါသည်။ ထို့အတူ မဟာသိဒ္ဓိကျမ်းရင်း ဒုတိယတွဲပါ စိန္တာမုနိအင်းတော်အစီအရင်မန္တန်၌ အပိုဒ်ခွဲပေါင်း(၁၂)ခုထိ ပါဝင်ဖွဲ့ စည်းထားကြောင်းတွေ့ရပေသည်။

မန္တန်တို့၏ဖွဲ့ စည်းပုံတွင် ပါဝင်သော အင်္ဂါရပ်တစ်ခုမှာ အက္ခရာစာလုံးများသည် သက္ကတ, ပါဠိ, မြန်မာဘာသာ သုံးပါးဘာသာ စာလုံးအက္ခရာတို့ဖြင့် သီးခြားစီ လည်းကောင်း၊ တစ်ခါတစ်ရံ ပါဠိ, မြန်မာနှစ်ဘာသာ အက္ခရာစာလုံးများရော၍ သုံးထားသည်ကိုလည်း တွေ့ရတတ်ပေသည်။ (ဤအချက်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။)

ဂါထာမန္တန်တို့တွင် အသုံးပြုထားသော အက္ခရာစာလုံးအရေအတွက်များ သီးခြား သတ်မှတ်ထားချက်မရှိသော်လည်း (ပါဠိဂါထာများမှလွဲ၍) တစ်ခါတစ်ရံ အက္ခရာစာလုံးများကို အထူးပြု အရေအတွက်များ ဖြစ်အောင် စီမံပြုလုပ်ထားတတ်ကြောင်းလည်း တွေ့ရပါသည်။ ဥပမာအားဖြင့် သူရဇ္ဇနှင့် သိဒ္ဓိမိုးမဂ္ဂဇင်းတို့၏ အဖုံး မင်္ဂလာဂါထာဖြစ်သော သဗ္ဗဇယမင်္ဂလာဂါထာတော် သို့မဟုတ် ငွေဝင်ဂါထာဟုဆိုသော ဂါထာတော်မြတ်ကို လေ့လာကြည့်ပါက အောက်ပါအတိုင်း တွေ့ရပါမည်။

၁။ ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။



www.burmeseclassic.com

www.burmeseclassic.com

၂။ အထ သဗ္ဗ မဟော ရတ္တိ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
၃။ နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သက်ပ္ပာ။ ။

ထိုသဗ္ဗဇယမင်္ဂလာဂါထာတော်၏ မူရင်းဂါထာမှာ အပိုဒ် (၂) အထိသာ ဖြစ်ပါသည်။ သို့သော် အင်းပညာရှင်များက သဗ္ဗပိယမင်္ဂလာ အင်းတော်ကြီးအစီအရင်၌ ဒိဝါတပတိမှ 'တေဇသာ' ဟူသော ပြထားသည့်အထိသာ အင်းဆန်အဖြစ် ယူကာ (၇×၇) = ၄၉ ကွက်အင်းစီရင်ကြပါသည်။ (ထို 'တေဇသာ' အထိ ဂါထာအက္ခရာအသားလုံးရေ ၄၉ တိတိ ရှိပါသည်။) သို့ရာတွင် ဂါထာမန္တန်ပညာရှင်တို့ကမူ ဂါထာတော်မူရင်း အပိုဒ် (၂) အထိတင် မရပ်ဘဲ အပိုဒ် (၃) ပါ 'နမက္ကာရာနုဘာဝေန သဗ္ဗေ ပူရေန္တု သက်ပ္ပာ' ဟူသော ဆုတောင်းစာသားများကို ရေးသွင်းဖြည့်စွက်လိုက်ခြင်းဖြင့် သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကြီး၏ အက္ခရာအားလုံးအရေအတွက် စုစုပေါင်းကို (၈၁)ဖြစ်စေပြီး နဝင်းကိုက်အောင် စီမံဖန်တီး ရေးသားစီရင်ထိုက်ကြပါတော့သည်။ ဂါထာတော်မြတ်၏ မူအရင်းအပိုဒ် (၂) အထိမှာ အက္ခရာအလုံးပေါင်း (၆၅) ရှိနေသည်ကို ဆုတောင်းပိုဒ် (၁၆) လုံး ဖြည့်စွက်ထည့်သွင်းလိုက်ခြင်း (၆၅+၁၆=၈၁) ကြောင့် သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကြီးသည် နဝင်းခေတ်၊ နဝင်းဟိတ် ပါဝင်သွားသဖြင့် ရွတ်ဖတ်ဆောင်ယူသူများ ထူးခြားဆန်းကြယ် အသွယ်သွယ်သော အကျိုး၊ အမျိုးမျိုးသော ဂုဏ်ကျေးဇူးတို့ကို ခံစားရရှိနေခြင်း ဖြစ်ပါလေတော့သည်။

ထို့အတူ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအများစုတို့ ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြသော သမ္ဗုဒ္ဓေဂါထာတော်မြတ် (တောင်ကျွန်းသမ္ဗုဒ္ဓေဂါထာတော်) ကို လေ့လာကြည့်လျှင် ဂါထာတော်မြတ်၌ အက္ခရာစာသားလုံးရေ စုစုပေါင်း (၉၆) လုံး ပါဝင်နေကြောင်း တွေ့ရပါလိမ့်မည်။ ထိုအဓိပ္ပာယ်မှာ (၉၆)ပါးသော အနာရောဂါဝေဒနာ အပေါင်းနှင့် ဘေးရန်အန္တရာယ်အသွယ်သွယ်တို့ ကင်းစင် လွင့်ပျောက်ချမ်းသာရာရောက်စေရန် ရည်ရွယ်၍ (၉၆) လုံးစာသားအလိုက် ရေးသီစီရင်ထားခြင်း ဖြစ်ပါလေသည်။ ဤကား ဂါထာမန္တန်တို့၏ ဖွဲ့စည်းပုံတွင် အက္ခရာစာသားအရေအတွက်တို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်း ရေးသီ စီရင်တတ်ကြကြောင်းသဘောကို သိသာရန် ထုတ်နုတ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဂါထာမန္တန်တို့၏ ဖွဲ့စည်းမှုပုံစံ၌ သိသာ ထင်ရှားစွာ တွေ့ရသော အင်္ဂါရပ်တစ်ခုမှာ ဂါထာမန္တန်တို့၏ အက္ခရာစာသားတို့ကို ရေးသားနည်း ရေးသားဟန် ဖြစ်ပေသည်။ ဂါထာမန္တန်တို့၏ စာသားစကားလုံးများကို (ပါဠိဘာသာ ဂါထာမန္တန်များမှလွဲ၍) မြန်မာဘာသာစကားလုံးစာသားဖြင့် ရေးသီစီရင်ကြရာတွင် အဓိကအားဖြင့် (၁) စကားပြောဟန်ဖြင့် လည်းကောင်း၊ (၂) စာသံပေသံဖြင့် ခံ့ညားစွာရံကာ ကဗျာလင်္ကာဆန်ဆန် ရေးသားဟန်ဖြင့် လည်းကောင်း ရေးသားထားကြသည်ကို တွေ့ရပါသည်။

စကားပြောဟန်ဖြင့် ရေးသားထားသော ဂါထာမန္တန်များအနက်မှ နမူနာအဖြစ် ဖော်ထုတ်ပြရမည်ဆိုပါက အောက်ပါမန္တန်ကို လေ့လာကြည့်ကြပါလေ။

'ဦ တစ်ပင်တိုင်နှင့် ရိပ်မြိုင်စိုးသည်၊ တန်ခိုးကြီးစွာ ဟယ်ဒေဝါ၊ ငါ၏ ရန်သူ ခုမှုမကြာ နှိမ်နင်းပါလော၊ မကြာထောင်းထောင်း မင်းစေကောင်း၊ လျှင်ကြောင်း သိဒ္ဓိတိုက်၊ လျှင်ကြောင်း သိဒ္ဓိလိုက်'

ဤမန္တန်သည် ပယောဂနှိမ်နင်းသော ဆရာကိုင် ဆေးကြိမ်လုံးစီရင်ရာတွင် အသုံးပြုသော မန္တန်တစ်ခု ဖြစ်ပါသည်။ ဤမန္တန်၏စာသားများကို လေ့လာကြည့်သော် စကားပြောဟန်စာသားများဖြင့် ရေးသားစီရင်ထားကြောင်း တွေ့ရပါလိမ့်မည်။ နောက် ဥပမာမန္တန်တစ်ခု ထပ်မံ၍ တင်ပြပါမည်။

'ဦ လေးကျွန်းမျက်နှာ၊ လေးမျက်နှာလည်း၊ ရှင်နေမင်းလည်း ငါ့အဘ၊ ရှင်လမင်းလည်း ငါ့အမိ၊ သွားလေရာရာ ငါ့မျက်နှာ။ ဦ ကရုဏာမင်းကြီး၊ အမိငါ့ကို တည်ဘိလော့၊ ခွတ်ထွတ်မြင် ရှင်နေမင်း၊ ခွတ်ထွတ်မြင် ရှင်လမင်း၊ နေမင်းချမ်းသာ၊ လပမာဖြင့်၊ တစ်နယ်လုံးမျက်ရှု ရဟန်းဆရာ၊ လူမေတ္တာ ပွင့်ဆရာ ပွင့်၊ လင်းဆရာလင်း'

ဤမန္တန်မှာ ပီယသိဒ္ဓိအစီအရင်တစ်ခုတွင် အသုံးပြုထားသော မန္တန်တစ်ခု ဖြစ်ပါသည်။ ယခုတင်ပြခဲ့ပြီးသော ဥပမာမန္တန်တို့ကို လေ့လာကြည့်လျှင် စာသံပေသံသိပ်မဆန်ဘဲ အရပ်သုံးစကားသာသာပြောဟန်မျိုးများဖြင့် ရေးသား စီရင်ထားကြောင်း တွေ့ကြရမည် ဖြစ်ပါသည်။

စာသံပေသံဖြင့် ကဗျာလင်္ကာဆန်ဆန်ပင်လျှင် တွေ့ရတတ်သော ဂါထာမန္တန်တို့မှာလည်း များစွာရှိကြောင်း တွေ့ရပါသည်။ အထူးသဖြင့် ဘုရားအမိန့်တော်ပြန်တမ်း၊ နတ်အမိန့်တော်ပြန်တမ်း၊ အထက်ပုဂ္ဂိုလ်များ၏ အမိန့်တော်ပြန်တမ်းများ စသော ဝိဇ္ဇာမယအမိန့်တော်ပြန်တမ်းမန္တန်ကြီးများ ဆိုလျှင် ဂါထာမန္တန် ဆိုသော်လည်း လေးလုံးစပ် ကဗျာလင်္ကာရှည်ကြီးများလားဟုထင်မှတ်ရလောက်အောင် ကဗျာကာရံအစပ်အဟပ် နဘေထပ်တို့ဖြင့် ရေးဖွဲ့စပ်သီ စီရင်ထားကြကြောင်း တွေ့ရပါသည်။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များ စီရင်ပြုလုပ်ရာတွင် အသုံးပြုသော အမိန့်တော်ပြန်တမ်း မန္တန်အမျိုးအစားတို့မှာ မြောက်မြားစွာရှိသကဲ့သို့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလိုအမျိုးမျိုး ကွဲလွဲနေကြသည်များလည်း ရှိပါသည်။ သို့သော် အခြေခံသဘောတရားနှင့် ရည်ရွယ်ချက်များကတော့ အတူတူသာ။

(ဆက်ရန်)

ထွဋ်ရှုခေါင်ဇေယျ
(ဝိဇ္ဇာမယသုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

လူနှင့် နတ်တို့အကြား စိတ်ဝင်တစားရှိကြသည်က ယခုမှမဟုတ်။ ရှေးခေတ်အခါကပင် ဖြစ်သည်။ မြန်မာရာဇဝင်တွင် လူနှင့် နတ်တို့ ရောနှောယှက်တင်နေကြသည်မျိုးလည်း ရှိပါသည်။ နတ်ကိုးကွယ်မှုက မြန်မာနိုင်ငံတွင် ပုဂံခေတ် သေဉ်လည်ကြောင်မင်းလက်ထက် ခရစ်နှစ် (၄) ရာစုကပင် စတင်ခဲ့သည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် နတ်ကိုးကွယ်မှုနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိပါ။ ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ (ဘုရားမှတစ်ပါး ကိုးကွယ်အားထားရာ မရှိပါ) ဟူ၍ နှလုံးသွင်းထားကြပြီး ဖြစ်သည်။ သို့သော် မိရိုးဖလာ အစဉ်အလာတစ်ရပ်အနေဖြင့် နတ်ကိုးကွယ် ယုံကြည်မှုက ယနေ့ထက်တိုင် ပပျောက်၍မသွားပေ။ ခေတ်အဆက်ဆက် နတ်ကိုးကွယ်မှုကို ဆန့်ကျင်သူများကလည်း ရှိနေသည်။

အနော်ရထာမင်းသည် နတ်ကိုးကွယ်မှုကို အားမပေးကြောင်း ရာဇဝင် အမှတ်အသားများက ဆိုပါသည်။ အနော်ရထာမင်းသည် နတ်ရုပ်များအားလုံးကို စုရုံးသိမ်းယူကာ ရွှေစည်းခုံဘုရားတံတိုင်းအတွင်း သံကြိုးဖြင့် တွဲချည်ထားသည် ဆို၏။ အနော်ရထာမင်းလက်ထက်တွင်သာမက အင်းဝခေတ်၊ တောင်ငူခေတ်များတွင်လည်း နတ်ကိုးကွယ်မှု ဆန့်ကျင်ရေးများရှိခဲ့သည်။

အင်းဝခေတ်တွင် ထင်ရှားခဲ့သည့် ဆရာတော် ရှင်မဟာသီလဝံသက သံဝေဂပျို့တွင်-



'နတ်လူပြဲဟွာ၊ သတ္တဝါကို၊ ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလျှင်းအပ်စွာ၊ ယခုမှာကား၊ ချမ်းသာဆင်းရဲ၊ နတ်ခပဲသည်၊ ပေးမြဲတို့မှာ၊ မှတ်ထင်ရာသည်၊ မိစ္ဆာယူမိယူဆဲတည်း'

ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။

တောင်ငူခေတ် ဘုရင့်နောင်မင်းလက်ထက်တွင်လည်း-

'ကျွဲ၊ နွား၊ ကြက်၊ ဝက်သတ်၍ ပူပွားနတ်ကို တစ်နှစ်တစ်ကြိမ် ပ,သပြီးလျှင် ခေါင်းကို ကြိုးနှင့်သီ၍ အိမ်ရှေ့နတ်တို့တွင်ဆွဲထားကြသောမိစ္ဆာအယူကို ပယ်စေ၏'



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ နတ်ဆန့်ကျင်ရေးလုပ်ခဲ့သည်။

ကုန်းဘောင်ခေတ် စာဆိုတော် စိန္တကျော်သူဦးသြကလည်း-

'မိစ္ဆာအားလုံး၊ လွှမ်းပိတ်ဖုံး၊ တောင်ပြုန်းညီနောင်နန်း'

ဟု ကဝိလက္ခဏာသတ်ပုံကျမ်းတွင် ထည့်သွင်း စပ်ဆိုခဲ့၏။ အများက ဆန့်ကျင်နေကြသည့်တိုင် နတ်ကိုးကွယ်မှုက ရပ်တန့်မသွားပေ။

မြန်မာရာဇဝင်တွင် နတ်နှင့်လူတို့ ရောနှောယှက်တင်ရှိကြပုံကို တွေ့ရသည်။ သို့သော် အစဉ်အမြဲ လွယ်လင့်တကူ တွေ့ဆုံကြသည်တော့ မဟုတ်ပေ။ ကုန်းဘောင်ခေတ်ဦးကာလ လက်ဝဲနော်ရထာဘွဲ့ခံ အမတ်ကြီး ဦးမြတ်နေ၏အမေးကို တောင်တွင်းဆရာတော်ဖြေဆိုသည့် 'လက်ဝဲနော်ရထာလျှောက်ထုံး'၌ ဆရာတော်က ဖြေကြား မိန့်ဆိုရာတွင်-

'နတ်ဘီလူးတို့သည် ပကတိသဘောအားဖြင့် လူတို့၏ တွေ့မြင်ခြင်းကို အလိုမရှိ ဟူ၍ ကျမ်းဂန်တို့၌ ဆိုသည်။ ယခုဘဝတွင်ဖြစ်စေ၊ ရှေးဘဝကဖြစ်စေ ကျေးဇူးအထူးပြုဖူးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ဂုဏ်ကျေးဇူးလွန်မြတ်ခြင်း စသည့် တစ်စုံတစ်ရာအကြောင်းအထူးရှိမှ အတွေ့အမြင်ခံသည်၊ စကားပြောသည်'

စသည်ဖြင့် ပါရှိပါသည်။

တောင်တွင်းဆရာတော်၏ အလိုအရ နတ်နှင့် လူတို့ တွေ့ဆုံရေးကိစ္စက လွယ်ကူလှသည်တော့ မဟုတ်ပေ။ သို့သော် အကြောင်းထူးတစ်စုံတစ်ရာရှိလျှင်တော့ နတ်က လူနှင့် တွေ့သည်။ သို့မဟုတ်ပါက နတ်က လူနှင့် မတွေ့လိုကြဟု ဆိုသည်။ နတ်ကလည်း အမျိုးမျိုးရှိသည်။ အစဉ်အလာ ကိုးကွယ် ယုံကြည်ကြသည့် (၃၇) မင်းနတ်များတွင်ပင် အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း ဟူ၍ ခွဲခွဲခြားခြား ရှိနေကြသည်။

အတွင်း(၃၇)မင်းထက်စာလျှင် အပြင် (၃၇) မင်းနတ်များက လူတို့နှင့် ပိုမိုနီးစပ်သည်ဟု ဆိုနိုင်ပါသည်။ နတ်များထဲတွင် ခေတ်အဆက်ဆက်ထင်ရှားခဲ့သည့်ဘုရင်များပါနေသည်။ ထီးဖြူဆောင်းနတ်က ပုဂံကျောင်းဖြူမင်းမှ နတ်ဖြစ်လာသူ ဖြစ်သည်။ ပရိမ္မရှင်မင်းခေါင်နတ်က ကျီးခိုမင်းဖြစ်သည်။ မင်းစည်သူနတ်က အလောင်းစည်သူ၊ ငါးစီးရှင်နတ်က ပင်းယငါးစီးရှင်၊ မင်းတရားနတ်က အင်းဝဆင်ဖြူရှင် တရဖျား၊ တပင်ရွှေထီးနတ်က တောင်ငူဘုရင် တပင်ရွှေထီး၊ တောင်ငူ ရှင်မင်းခေါင်နတ်က တောင်ငူဘုရင် မင်းခေါင်နတ်တို့မှ ဖြစ်လာကြသည့်နတ်များဖြစ်ကြသည်။ ထိုအထဲတွင် ယွန်းဘုရင်နတ်ခေါ် နိုင်ငံခြားနတ်တစ်ပါးပင် ပါဝင်ပါသေးသည်။

ပုဂံခေတ်တွင် မွန်ဂိုတိုက်ပွဲ၌ နတ်များပင် ဝင်ရောက်တိုက်ခိုက်ပေးကြကြောင်း ထူးထူးခြားခြား အမှတ်အသား တွေ့ရပြန်ပါသည်။ လက်ဝဲနော်ရထာလျှောက်ထုံး၌-

'ပုဂံ၌ တရုတ်ပြေးမင်းလက်ထက် တရုတ်တို့နှင့်တိုက်၍ ငဆောင်ချမ်းတပ် ပျက်သောအခါ သရပါတံခါးစောင့်နတ်သည် ညအခါ တရုတ်ပြေးမင်း၏ ဆရာတော့်ခြေကိုလှုပ်၍ 'အရှင်ဘုရား၊ ယခုငဆောင်ချမ်းတပ်ပျက်ချေသည်။အကျွန်ုပ်တို့နတ်ချင်းတိုက်ရာမှာလည်း ကျွန်ုပ်ကို မြားသင့်ချေသည်' ဟု ပြောလာကြောင်း ရာဇဝင်များတွင်လာသည်'

စသည်ဖြင့် တွေ့ရှိရ၏။

ယင်းလက်ဝဲနော်ရထာလျှောက်ထုံးအရဆိုလျှင် ငဆောင်ချမ်းတိုက်ပွဲ၌ မြန်မာနတ်များနှင့် မွန်ဂိုနတ်များပါ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ နတ်အချင်းချင်းဖြစ်ပွားသောတိုက်ပွဲ၌ မြန်မာနတ်တစ်ပါး မြားထိမှန်သွားခဲ့ခြင်း ဖြစ်သည်။

တောင်တွင်းဆရာတော်က-

'သည်များကိုထောက်၍ ဇာတ်နိပါတ်တို့မှာသာ နတ်ဘီလူးတို့နှင့် တွေ့မြင်ရသည် မဟုတ်။ မြန်မာတို့တိုင်းနိုင်ငံ၌လည်း စိုးစဉ်းတွေ့မြင်ကြောင်းကို ထုံးဟောင်းသက်သေပင်ရှိသည်ဖြစ်တော့သည်'

မှတ်ချက်ပြုပါသည်။

တစ်ကြိမ်တွင် ဘိုးတော်ဘုရား အောင်မြေလောကစေတီတော် တည်ထားကိုးကွယ်ခဲ့ရာ ဘုရင်မင်းမြတ်၏ ကုသိုလ်တော်အား ညဘက်၌ နတ်သိကြားတို့ ဝင်ရောက် ကူညီ အုတ်စီပေးခဲ့သည်ဟု ဘုရားအကြီးအကြပ်ကြော့ဆယ်ရွာစားက လျှောက်ထားလာသည်။ ဘိုးတော်ဘုရားက လေ့လာ ကြည့်ရှုတော်မူသောအခါ အုတ်နှစ်ချပ်၊ ကျောက်နှစ်ချပ် စီထား၏။ သို့ဖြင့် ကျောက်ဖြင့်သာ စီနေရာမှာ နတ်သိကြားတို့က အုတ်နှင့်ပါ ရောနှောစီထားသည်ကို ဘိုးတော်ဘုရား ဘဝင်မကျဖြစ်သွားသည်။ သံသယလည်း ဖြစ်သွားဟန် ရှိသည်။

ဘိုးတော်ဘုရား၏အမိန့်တော်၌-

'အောင်မြေလောကဘုရားမှာ ကုန်ရာသီ တပေါင်းလဆန်း(၁)ရက်နေ့ ညဉ့်တတိယယံအချိန်တွင် နေ့စဉ်စီမြဲကျောက် မဟုတ်။ ကျောက်နှစ်ချပ်၊ အုတ်နှစ်ချပ် တိုးပွား၍ အင်္ဂတေနှင့်စီလုပ်ပြီးရှိလှာသည်။ သိကြားနတ်တို့ ကူညီစီထားလှာသည့် အုတ်ကျောက် ဖြစ်ကြောင်းနှင့် ဘုရားအကြီးအကြပ် ကြော့ဆယ်ရွာစားက ရှိခိုးသံတော်ဦးတင်သည်။ ကောင်းမှုတော်မှာ ကျောက်ကိုသာ စီခင်းတော်မူသည် ဖြစ်သည်။ သိကြားနတ်တို့ ကူညီစီခင်းလိုလျှင် အလိုတော်အတိုင်း ကျောက်ကိုသာ စီခင်းရမည်ဖြစ်လျက် အုတ်ကို စီလှာသည်'

စသည်ဖြင့် တွေ့ရပါသည်။

လူနှင့် နတ်တို့ကိစ္စကား ရှုပ်ထွေးလှပေသည်။

တင်နိုင်တိုး

**အကိုးအကား**


၁။ (၃၇) မင်း
(အမျိုးသားပညာဝန်. ဦးဖိုးကျား)

၂။ မြန်မာ့သမိုင်း အထောက်အထားများ (၁၁၄၃-၈၁) ပဏာမလေ့လာချက်
(ဒေါက်တာရီရီ)၊ MHRJ (၂)





www.burmeseclassic.com

www.burmeseclassic.com

ဒိုဂျေဆန်း

# ဟောစိမေမှုပုံဝတ္ထု



ကျွန်ရိုးတစ်ချောင်းဖြင့် ယန်စီမြစ်ကို ကူးဖြတ်နေပုံ နံရံပန်းချီ

(ယခင်လမှအဆက်)

**ရှန်ဝွမ်**

ရှမ်ဂွမ်က ဒါမိုထံပါးနေရင်း တပည့်ခံချင်တယ်။ ဒါမိုက ဘာဆို ဘာမှသင်မပေးဘူး။ အခွင့်သာတိုင်း တရားချပေးဖို့ တောင်းခံတယ်။ ဒါမို က မသိကျိုးကျွန်ပြုနေခဲ့တယ်။ ဘာ တရားမှမပြဘူး။ ဒါမိုက ပဒ္မာသန ဖြင့် တင်ပျဉ်ခွေထိုင်ရင်း၊ တရားမှတ် ရင်း အချိန်ကုန်လွန်သွားစေတာချည်း ပဲ။

ဒါမိုဆီမှ ဆင်းသက်လာတဲ့ တရားရှုမှတ်နည်းတွေထဲမှာ တစ်ခုက ပဒ္မာသန အပြည့်အဝဖြင့် ထိုင်ရ တယ်။ အဲဒီလိုထိုင်လိုက်ရင် ရုပ်ခန္ဓာ က အလိုလိုငြိမ်ကျသွားစေတယ်။ ဒါ ပေမယ့် ထိုင်ကျင့်မရှိရင် ကသိက အောင့်အတော်ဖြစ်တာကြောင့် နှောင်း လူတွေက လျှော့ပေးခဲ့ကြတယ်။ ထိုင် တတ်သလိုထိုင်ခိုင်းကြတယ်။ ကုလား ထိုင်မှာထိုင်တာအထိ ခွင့်ပြုထားကြ တယ်။ ဘယ်လိုထိုင်ထိုင် မလွဲမသွေ လိုက်နာရမယ့်အချက်တစ်ခုက ကျော ကို မြားတစ်ချောင်းလို မတ်ဖြောင့်နေ စေရမယ်။ ကျောက ဘာကိုမှမမှီရ ဘူး။ ခေါင်းကလည်း မတ်နေရမယ်။ ရှေ့ကိုလည်း မငိုက်ရဘူး၊ နောက်ကို လည်းမလန်ရဘူး။

မျက်လုံးကို ပိတ်မထားရဘူး။ နှာဖျားကနေ ရှေ့မှာရှိတဲ့ကြမ်းပြင်ကို ဖွဖွကလေးငေးစိုက်ကြည့်နေရတယ်။ မျက်လုံးမမှိတ်ရဘူး။ မျက်လုံးမှိတ် ထားတာ ကြာလာရင် ငိုက်မျဉ်းရာမှ အိပ်တဲ့ဘက်ဆီကို ရောက်သွားစေ တဲ့အတွက် မျက်လုံးကို ဖွင့်ထားခိုင်း တာ ဖြစ်ပါတယ်။ ပြီးတော့ မှိတ်ထား ရင် အပြင်ကိုမသိတော့ဘူး။ အတွင်း ကို လုံးလုံးလျားလျား ရောက်သွား တာကို မလိုလားတာကြောင့် ဖြစ်ပါ တယ်။ ဖွင့်ထားတဲ့အခါမှာ အပြင်ကို လည်း မြင်နေရတယ်။ အားစိုက်ပြီး ကြည့်ရှုတာမျိုးတော့မရှိဘူး။ ဒီတော့ အတွင်းနဲ့ အပြင် မျှတနေတယ်။ မျှ ခြေဆိုက်နေတဲ့အခြေအနေကို ရယူ ထားရမှာ ဖြစ်ပါတယ်။

ဒီလိုထိုင်ပြီးလို့ ခဏအကြာမှ အသက်ရှူတော့ နှာဝမှာလေတိုးတဲ့ အရသာကိုလိုက်သိပေးရတယ်။ စိတ် ထဲမှာ အတွေးတွေ ပလုံစီနေတာကို ငြိမ်သွားအောင် လုပ်ခိုင်းလိုက်တာ ဖြစ်ပါတယ်။

အဲဒီလို ထိုင်နေလိုက်တာဟာ ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ် ဆိတ်ဖြစ်ဖို့သက်သက်မျှသာ မဟုတ် ဘူး၊ အတွင်းနဲ့အပြင်မျှခြေကို ထိန်း ထားနိုင်ဖို့ ဖြစ်ပါတယ်။ ထိုင်နေတုန်း ဖုန်းမြည်လာလည်း စိတ်ထဲအနှောင့် အယှက်မဖြစ်မိဖို့ လိုတယ်။ မျှခြေ ဆက်ဖြစ်နေဖို့ လိုတယ်။ စိတ်ထဲ အတွေးတွေ ပလုံမစီသွားဖို့လိုတယ်။ အကြောင်းတရားတွေက ပြောင်းလဲ စီးဆင်းနေတဲ့အတိုင်း အေးဆေး ငြိမ်သက်စွာဖြင့် လိုက်ပါသွားဖို့ကို ဦးတည်ချက်ထားရမှာ ဖြစ်ပါတယ်။

မာစတာ ဟာကူကျိုက ပြောပြ ခဲ့ဖူးတယ်။

ဘဝမှာ ကြုံလာရတဲ့ ဖြစ်ရပ် တွေကို ဂရုပြုတဲ့အခါမှာ တစ်ဖက် မှာ ချီးနှိမ်/ငြင်းဆန်ခြင်းမပြုရဘူး။ နောက်တစ်ဖက်မှာ အရသာတွေ့မွေ့ လျော်/တွယ်တာခြင်း မပြုရဘူး။ ဒီ နည်းဖြင့် လွတ်မြောက်မှုဆီကိုသွားရ မှာ ဖြစ်တယ်။

ဒီတော့ ဝင်လာတာတွေကို ဂရု ပြုပေးနေဖို့လိုတယ်။ ချီးနှိမ်ငြင်းဆန် ခြင်းမပြုရဘူး။အရသာတွေ့မွေ့လျော် ကာ တွယ်တာခြင်းလည်း မပြုရဘူး။ အာရုံငါးပါးအပြင် စိတ်နဲ့ပါ လိုက်သိ ပေးပြီး အာရုံခြောက်ပါးဖြင့် ဂရုပြု ပေးနေရမှာဖြစ်ပါတယ်။ ပေါ်လာတဲ့ အတွေးမှာလိုက်မငြိဘဲ နေရမှာဖြစ်ပါ တယ်။ လိုက်သိပေးနေရမှာ ဖြစ်ပါ တယ်။ ဒီနည်းကို ဘယ်လိုပြောကြ သလဲ ဆိုတော့ 'ရှိနှင့်ပြီးသား ခေါင်း ပေါ်မှာ နောက်ထပ် ခေါင်းတစ်လုံး ထပ်တင်ထားသည့်နည်း'လို့ ပြောကြ ပါတယ်။ ဒီအမည်ကို သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ဘယ်လိုလုပ် ရမယ်ဆိုတာ သဘောပေါက်သွားမှာ ဖြစ်ပါတယ်။

အဲဒီလို ခေါင်းတစ်လုံး ထပ် တင်ပေးထားလိုက်ရင် နဂို ခေါင်းမှာ သက်သောင့်သက်သာဖြစ်သွားတယ်။ စိတ်ဒဏ်မပိတော့ဘူး။ တည်ငြိမ်သွား တယ်။ အသက်ရှူသွင်း၊ ရှူထုတ်လုပ် တာကို လိုက်သိပေးတော့လည်း ပို အဆင်ပြေသွားစေတယ်။

ရှူသွင်းပြီးပြီးချင်းမှာဖြစ်စေ၊ ရှူ ထုတ်ပြီးပြီးချင်းမှာဖြစ်စေ လစ်ဟာ ပြတ်တောက်သွားတာရှိတယ်။ နေ့စဉ် နေ့တိုင်း ကြုံရသမျှတွေကို လိုက်ငြိ နေတဲ့ သိစိတ်ခဏပြတ်တောက်သွား တာ ဖြစ်ပါတယ်။

အခု တင်ပြထားတဲ့ လေ့ကျင့် ခန်းကို လုပ်ဖန်များလာတဲ့အခါ ပြတ် တောက်တာက ပိုတာရှည်သွားတယ်။ ပိုလည်း ပီပြင်သွားတယ်။ ကြိမ်ရေ



www.burmeseclassic.com

www.burmeseclassic.com

လည်း ပိုများသွားတယ်။ အဲဒီလိုပြွတ်တောက်တာကို စိတ်သေးငုပ်ပြီး စိတ်ကြီးပေါ်တာလို့ ဂန္ဓာရီခရီးမှာပြောဆိုကြတယ်။ စိတ်ကြီးကို စကြဝဠာစိတ်လို့လည်း ခေါ်ကြတယ်။ ထိုသို့ စိတ်ကြီးပေါ်တာမှာ အလင်းရောင်ခြည်တွေ ပေါက်ကွဲထွက်လာသလိုမျိုး မြင်ရတတ်ပါတယ်။အလင်းဓာတ်ကိုတွေ့လိုက်ရတယ်လို့ ပြောကြတယ်။

လေ့ကျင့်မှု ထွန်ရေးညက်သွားတဲ့အခါမှာ အခိုက်အတန့်တစ်ခုအလိုက်လိုက်သိပေးလို့ ရသွားတယ်။ အခိုက်အတန့်တစ်ခုကနေ နောက်တစ်ခုကို ကူးပြောင်းပြီး လိုက်သိသွားတယ်။ ဒီအခါမှာ ငြိမ်းအေးနေတယ်။ ဗျာမများတော့ဘူး။ ပျာလောင်တာမျိုး မရှိတော့ဘူး။ သွေးအေးသွားတယ်။ တစ်ချိန်မှာ တစ်ခုကိုပဲ ဂရုပြုတော့တယ်။ ခပ်လွယ်လွယ်ပြောရရင် အပူအပင်ကင်းတဲ့ ကလေးဘဝမျိုးကို လူကြီးဉာဏ်ဖြင့် ရရှိသွားတယ်။

အခိုက်အတန့် တစ်ခုကနေ နောက်တစ်ခုကို ကူးပြောင်းပေးသွားရင် ပြောင်းလဲနေတဲ့ အခြေအနေနဲ့အတူ လိုက်ပါသွားတယ်။

တစ်ခါက နံနက်စာစားသောက်ပြီးချိန်မှာ လက်ဖက်ရည်ကြမ်းသောက်နေကြတုန်း တပည့်တစ်ဦးက မာစတာ ချောင်ချူကို တရားတောင်းခံတယ်။ ဒီအခါမှာ မာစတာ ချောင်ချူက-

"နံနက်စာ စားပြီးပြီ မဟုတ်လား"

လို့ ပြောတော့ တပည့်က-

"ဟုတ်ကဲ့"

လို့ ပြန်ဖြေတယ်။

မာစတာချောင်ချူက-

"ဒါဆို ပန်းကန်ဆေး"

လို့ တစ်ခွန်းတည်းပြောပြီး နှုတ်ဆိတ်နေပါတော့တယ်။

အခိုက်အတန့်တစ်ခုပြီးတစ်ခုလုပ်သွားဖို့ကို သွန်သင်လိုက်တာဖြစ်ပါတယ်။ နောက်ကြောင်းကိုလည်း ပြန်တွေးမနေနဲ့။ ရှေ့ရေးကိုလည်း ဝေးဝေးလံလံအထိ ကြိုတွေးမနေနဲ့။ ဒါမှ ဂန္ဓာရီခရီးမှာ ဟန်ကျနိုင်မယ်လို့ သွန်သင်လိုက်တာဖြစ်ပါတယ်။အခိုက်အတန့်တစ်ခုမှာ တစ်ခုပဲလုပ်ဖို့ သွန်သင်သွားတာ ဖြစ်ပါတယ်။ အဲဒီလို မလုပ်တဲ့သူအဖို့ 'စားပြီးနားမလည်' ဖြစ်နေတယ်။

ရှန်ဂွမ်က စားပြီး နားမလည်တဲ့သူ ဖြစ်နေခဲ့တယ်။ ဒါမိုကလည်း စားပြီး နားလည်အောင် လုပ်မပေးဘူး။ ဒီလိုပဲ နေလာလိုက်တာ (၉)နှစ် ပြည့်သွားတယ်။ ဒီကာလအတွင်းမှာ ရှောင်လင်ကျောင်းတော်က ဘုန်းတော်ကြီးတွေက ဂူထဲမှာ မနေဘဲ ကျောင်းဆောင်မှာ လာနေဖို့ ဒါမိုကို လာလျှောက်တာတွေရှိပေမယ့် ဒါမိုက ငြင်းတယ်။ ဂူနံရံကိုပဲ မျက်နှာမူထားရင်း လာဖူးတဲ့သူတွေကို ဟောပြောတဲ့အခါ ဟောပြောတယ်။ ဘာမှမပြောဘဲနေတဲ့အခါမျိုးလည်းရှိတယ်။ ရှန်ဂွမ်က တရားတောင်းတော့လည်း မပေးဘူး။

ရှန်ဂွမ်က စိတ်တိုလာတယ်၊ ခံပြင်းလာတယ်။ ဒီအခါမှာ သူ့လက်ကို ဓားနဲ့ဖြတ်ပြီး ဒါမိုထိုင်နေတဲ့ရှေ့ကို ပစ်သွင်းလိုက်တယ်။ ဒီအကြောင်းကို ရှေ့မှာတင်ပြခဲ့ပြီးပါပြီ။

ရှန်ဂွမ်က ဉာသန်သူဆိုတော့ ဉာလက်နဲ့ ဓားကိုကိုင်ပြီး ဘယ်လက်ကို ဖြတ်ပစ်တာ ဖြစ်ပါတယ်။ ဒီတော့ သူက လက်တစ်ဖက်ပြတ်နေတဲ့ ဒုက္ခိတအဖြစ်ကို ရောက်သွားပါတယ်။ သူ့ကို သိုင်းဇာတ်ကောင်အဖြစ်ထားပြီး လက်တစ်ဖက်ပြတ် ဓားသမား တရုတ်သိုင်းဇာတ်လမ်းကိုရေးခဲ့ဖူးပါတယ်။ ဒေးဗစ်ချန်းနဲ့ တီလုံးတို့ကို အဓိကမင်းသားအဖြစ် ရုပ်ရှင်ရိုက်ခဲ့ဖူးပါတယ်။ သိုင်းယှဉ်ပြိုင်ရာမှာ ရှုံးတဲ့သူ ကိုယ့်လက်ကိုယ်ဖြတ်ကြေးဆိုပြီး ကတိကဝတ်ထားကြပြီးပြိုင်ကြတာမှာ မင်းသားက ရှုံးသွားတယ်။ ဒီတော့ သူ့လက်ကို သူကိုယ်တိုင် လက်မောင်းရင်းကနေ ဖြတ်ချပစ်ရတယ်။ ဉာလက်တစ်ဖက်တည်းနဲ့ပဲ တစ်သက်လုံး နေထိုင်ရတယ်။ ဒါပေမယ့် လက်နှစ်ဖက်ရှိတဲ့သူအတိုင်း သူက လုပ်ကိုင်နိုင်အောင် မျိုးစုံလေ့ကျင့်ခဲ့တယ်။ နောက်ဆုံးမှာ တစ်ချိန်တုန်းက သူ့ကိုအနိုင်ယူခဲ့တဲ့ သိုင်းသမားကို ပြန်အနိုင်ယူပြီး ဇာတ်သိမ်းထားတယ်။ သူ့မှာ လက်တစ်ဖက်ပဲရှိတာကြောင့် လက်အုပ်ချီတဲ့အခါ လက်ဝါးတစ်ဖက်ကိုထောင်ပြီး ချီရတယ်။

ရှန်ဂွမ်ကလည်း လက်တစ်ဖက်ပဲ ကျန်ရှိတော့တဲ့အတွက် လက်ဝါးတစ်ဖက်နဲ့ပဲလက်အုပ်ချီရတယ်။ ဓမ္မသူရဲကောင်း ရှန်ဂွမ်ကို အလေးထားတဲ့အနေဖြင့် ရှောင်လင်ကျောင်းတော်ကြီးမှ ဘုန်းတော်ကြီးတွေက လက်အုပ်ချီရင် လက်တစ်ဖက်တည်းနဲ့ လက်အုပ်ချီကြတာ ဖြစ်ပါတယ်။

ရှန်ဂွမ်ကို တပည့်အဖြစ် လက်ခံလိုက်ပြီးတဲ့အခါ ဒါမိုက နို့တောင်ရဲ့ဂူထဲကနေ ထွက်တယ်။ ရှောင်လင်ကျောင်းတောင် မျက်နှာမူထားတဲ့ တောင်ငါးလုံးအနက် ဗုံတောင်ပေါ်ကို ခေါ်သွားတယ်။ ဗုံတောင်ထပ်မှာ ကျောက်ဖျာပြင်ကြီးပဲ ရှိတယ်။ ဗုံရဲ့ သားရေသားကို ဖြန့်ကြက်ထားတဲ့အတိုင်း အပြားပြင်ညီပေါ်မှာ နေ့နေ့ညည နေနေရတော့ သူ့ရဲ့ ပင်ကိုသဘောသဘာဝက အလိုလို အပြားပြင်ညီဖြစ်စပြုလာတယ်။ စိတ်ထဲဘာအဖုအထစ်မှ မရှိတော့ဘူး။ ချိုင့်ခွက်ဆိုတာလည်း မရှိတော့ဘူး။

တစ်နှစ်တာလုံး တောင်ပေါ်မှာပဲ သူနေရတယ်။ စားရေးသောက်ရေးအတွက် ဒါမိုက သူ့အစွမ်းနဲ့ လက်ယက်တွင်းကလေးတစ်ခု တူးပေးခဲ့တယ်။ တွင်းထဲကို ရေတွေ စိမ့်ဝင်လာတယ်။ ရေအိုင်အသေးစားလေးအဖြစ်ကိုရောက်သွားချိန်မှာ ရှန်ဂွမ်ဗိုက်ဆာရင်ဖြစ်ဖြစ်၊ ရေငတ်ရင်ဖြစ်ဖြစ် လက်ဝါးတစ်ဖက်တည်းနဲ့ ခပ်ယူပြီး သောက်ရတယ်။ ရေက ခါးသက်နေတယ်။ ဒါပေမယ့် သောက်လိုက်ရင် အားပြည့်ပြည့်သွားတယ်။

တစ်နှစ်နေပြီးတဲ့အခါ လက်ယက်တွင်းက ရေထပ်မထွက်တော့ဘူး။ တောင်အောက်ကို ရှန်ဂွမ် ပြန်ဆင်းလာတယ်။ ဒါမိုဆီမှာ တရားထပ်တောင်းတယ်။ဒါမိုက ဘာတရားမှ မဟောဘူး။ သူက ရှန်ဂွမ်ကိုခေါ်ပြီး ဗုံတောင်ပေါ်ကို ပြန်တက်တယ်။ တောင်ထိပ်ကို ရောက်တော့ နောက်ထပ် လက်ယက်တွင်းတစ်တွင်း ထပ်



www.burmeseclassic.com

www.burmeseclassic.com

တူးပေးတယ်။ အနံ့အရသာ စူးရှစပ် လောင်တဲ့ရေထွက်တယ်။ အဲဒီရေကို အာဟာရပြုပြီး ရှန်ဂွမ်တောင်ပေါ်မှာ ဆက်နေရတယ်။ တစ်နှစ်ကြာပြီးချိန်မှာ လက်ယက်တွင်းက ရေထွက်မလာတော့တာကြောင့် တောင်အောက်ပြန်ဆင်းလာပြီး ဒါမိုကို ပြောပြရပြန်ပါတယ်။ ဒါမိုက တောင်ပေါ်ကို ပြန်လိုက်လာပြီး တတိယမြောက် လက်ယက်တွင်းကို တူးပေးတယ်။ ဒီတစ်ခါ ထွက်တဲ့ရေက ချဉ်တူးနေတယ်။ အဲဒီရေနဲ့ တောင်ပေါ်မှာ ရှန်ဂွမ် ဆက်နေရတယ်။ တစ်နှစ်လောက်အကြာမှာ တွင်းက ရေမထွက်တော့ဘူး။ ဒါမိုဆီ ပြန်လာပြီး ပြောတော့ ဒါမိုက တောင်ပေါ်ကို လိုက်လာပြီး လက်ယက်တွင်းတစ်တွင်း ထပ်တူးပေးပြန်ပါတယ်။ ဒီတစ်ခါ ထွက်တဲ့ရေက ချိုတယ်။

တစ်ရက်မှာ လက်ယက်တွင်းလေးတွင်းကိုကြည့်ရင်း ရှန်ဂွမ် ရုတ်တရက် သဘောပေါက်သွားတယ်။ ပင်ကို သဘောသဘာဝက ရေတွေချည်းပဲ။ ဒါပေမယ့် ချိုတာကချို၊ ခါးတာကခါး၊ ချဉ်တာကချဉ်၊ စူးရှစပ်လောင်တာကစပ် စသဖြင့်ဖြစ်နေကြရတယ်။ အဲဒါတွေကို သူကိုယ်တွေ့အဖြစ် နှစ်ပေါက်အောင် ကြုံထားတယ်။ သူခမျာ ခါးသက်ခဲ့ရတယ်၊ ချဉ်တူးခဲ့ရတယ်၊ စပ်လောင်ခဲ့ရတယ်၊ ချိုမြခဲ့ရတယ်။ တကယ်တမ်း အရင်းစစ်တော့ ရေတွေချည်းပဲ ဆိုတာ သဘောပေါက်သွားတယ်။ သူ့အဖြစ်ကို ပြန်တွေးမိတိုင်း သဘောကျလို့ သူရယ်မောမိတယ်။

သူ တောင်အောက်ကို ဆင်းလိုက်တယ်။ ဒါမိုက တောင်ခြေမှာ အသင့်စောင့်နေတယ်။ သူ့ကို ရှောင်လင်ကျောင်းရဲ့ ကျောင်းထိုင်ကိုယ်တော်အဖြစ် နေရာပေးလိုက်တယ်။ ဘွဲ့အမည်ကို ဟွိုင်ကိုလို့ အမည်ပေးလိုက်တယ်။

အဲဒီအချိန်ကစလို့ ရှောင်လင်ကျောင်းမှာ လက်အုပ်ချီရင် ကျောင်းထိုင်ဆရာတော် ဟွိုင်ကို လက်အုပ်ချီတဲ့အတိုင်း ယာဘက်လက် တစ်ဖက်တည်းဖြင့် လက်အုပ်ချီကြတဲ့ အစဉ်အလာ စတင်ခဲ့ပါတယ်။

**ချင်လို**

ပင်ကိုသဘောသဘာဝမှာ မွေးရာပါအဖြစ် အထွတ်အထိပ်ရောက်တဲ့ သဘောသဘာဝတွေ ရှိပေမယ့် ဂရုမမူမိကြဘူး။ အဲဒီသဘာဝကို သိနိုင်ဖို့ လမ်းပြပေးနိုင်တဲ့ကျမ်းတွေ ရှိတယ်။ ဒါပေမယ့် ပင်ကိုသဘောသဘာဝမှာ ဉာဏ်အလင်းထွန်းလင်းစေဖို့ ဆိုတာ ရေကူးသင်တဲ့သူလိုပဲ။ လမ်းပြပေးတဲ့ကျမ်းတွေ ဖတ်ရုံဖြင့် ရေကူးမတတ်နိုင်ဘူး။ ရေထဲဆင်းပြီး ဘုမသိဘမသိနဲ့ ကူးခပ်ကြည့်ရင်းမှ ရေကူးတတ်သွားကြရတယ်။ ဒီနေရာမှာ ဆရာထံ တပည့်ခံပြီး သင်ယူတတ်မြောက်တာရှိသလို ကိုယ့်ဘာသာကိုယ် ရမ်းသန်းကူးရင်းမှ ရေကူးတတ်သွားသူတွေလည်း ရှိပါတယ်။ ဆရာထံ တပည့်ခံပြီး သင်တဲ့သူအဖို့ သေချာရေရာခြင်းကို ရရှိထားတယ်။ မတတ်မှာ မပူရတော့ဘူး။ ကိုယ့်ဘာသာကိုယ် သင်တဲ့သူအဖို့တော့ ရမ်းသန်းလုပ်သွားရတယ်။ တတ်ခါမှသာ တတ်သွားတယ်၊ သူ့မှာ ရေရာသေချာခြင်း မရှိဘူး။

ဒါကြောင့် ဂန္ဓာရီခရီးလမ်းမှာ ဆရာကို ရှာကြတယ်။ ဆရာမပြနည်းမကျလို့ ခံယူထားကြတယ်။ ဒါပေမယ့် ဆရာရှာရင်း သေသွားကြရသူတွေလည်းရှိသလို ဆရာများ သားသေဖြစ်ရသူတွေလည်းရှိတယ်။ ဆရာမပါ ကိုယ့်ဘာသာကိုယ် လုပ်ကိုင်သွားကြသူတွေလည်း ရှိတယ်။ ခရီးပေါက်သွားကြသူတွေ့ရှိသလို သေသာ



'မင်' မင်းဆက် ထက်ထက်တော်၌ ပြုလုပ်ခဲ့သည့် ဗောဓိဓမ္မကြေးရုပ်တုတော်



www.burmeseclassic.com

www.burmeseclassic.com

သေရော ခရီးမတွင်တဲ့သူတွေလည်း ရှိတယ်။ ဒီတော့ ဆရာထား၊ မထား ဆိုတာက ပုံသေကားချ ပြောလို့မရဘူး။

ကျမ်းတွေကို ကျမ်းကျေပြီး အလွတ်ပြန်ဆိုပြနိုင်ပေမယ့် ဘယ်ကိုမှမရောက်တဲ့ဆရာတွေလည်း ရှိတယ်။ ပင်ကိုသဘောသဘာဝကို မတွေ့သေးသရွေ့ ဘယ်ကိုမှသူရောက်ဦးမှာမဟုတ်ဘူးလို့ သုတ္တန်တစ်ခုမှာ ဆိုထားတယ်။

လောကီအကျိုးစည်းစိမ်ဘက်ကိုနွယ်တဲ့ ဂန္ထာရီကျမ်းတွေမှာတော့-

'ရှာပါ၊ 'တွေ့ပါလိမ့်မယ်။
ခေါက်ပါ၊ တံခါးပွင့်သွားမယ်။
တောင်းပါ၊ ရပါလိမ့်မယ်'

လို့ ဆိုရိုးရှိပါတယ်။

ပင်ကိုသဘောသဘာဝကိုတွေ့ချင်သူအဖို့တော့ -

'ရှာပါ၊ ဘယ်တော့မှမတွေ့ဘူး။
ခေါက်ပါ၊ ဘယ်တော့မှ တံခါးမပွင့်ဘူး။
တောင်းပါ၊ ဘယ်သောအခါမှ မရဘူး'

လို့ ဆိုရိုးရှိပါတယ်။

ဘာဖြစ်လို့ ပြောင်းပြန်ဖြစ်နေရသလဲ။

ပင်ကိုသဘောသဘာဝကို ရှာဖွေတဲ့အခါ 'ချင်လို့' ဆိုတာ မပါရဘူး။ ရှာတာဟာ တွေ့ချင်လို့ ရှာတာဖြစ်နေတယ်။ ဒါကြောင့် ပင်ကိုသဘောသဘာဝကို မတွေ့နိုင်ဘူး။ ခေါက်တာဟာ ပွင့်ချင်လို့ ခေါက်တာဖြစ်နေတဲ့အတွက် ပင်ကိုသဘောသဘာဝကို ဖွင့်ပြတော့မှာ မဟုတ်တော့ဘူး။ တောင်းတာဟာ ရချင်လို့ တောင်းနေတာဖြစ်တာကြောင့် ပေးတော့မှာ မဟုတ်ဘူး။

'ချင်လို့' မပါဘူး။ ရှာတာဟာ ရှာတာသက်သက်ပါပဲ၊ ခေါက်တာဟာ ခေါက်တာသက်သက်ပဲ၊ တောင်းတာဟာ တောင်းတာသက်သက်ပဲဆိုပြီး လိမ်ညာ လှည့်ဖြားလို့ မရဘူး။ ကိုယ့်ကိုယ်ကိုယ်လှည့်ဖြားလို့မရဘူး၊ လှည့်စားလို့ မရဘူး၊ အယောင်ဆောင်လို့ မရဘူး။

ချင်လို့ကြောင့် ကျွန်တော်တို့တစ်တွေက စုဆောင်းခြင်းတွေ လုပ်ကြတယ်။ ငွေကြေးရှာဖွေစုဆောင်းတယ်။ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းတယ်။ ပညာရှာဖွေစုဆောင်းတယ်။ ဘာတွေကို ဘယ်လိုပဲရှာဖွေစုဆောင်းပေမယ့် ကိုယ့်မှာရှိနေတယ်လို့ပြောလို့ရတာ မရှိဘူး။ အချိန်မရွေး လက်ထဲက လွတ်သွားနိုင်တယ်။ ဥစ္စာရင်းမှန်လို့ ပြန်ရလာတာ ရှိချင်ရှိမယ်။ ဒါပေမယ့် ခုမြင်ခုပျောက်ဖြစ်ဖို့ အင်မတန် လွယ်တယ်။

ဇောမိမမွှက စမ်းသပ်ကြည့်တဲ့ နည်းကလေးတစ်ခုကို ပြောပြခဲ့ပါတယ်။

*'အသင့်မှာ ရတနာ တောင်လိုပုံအောင်ရှိနေပြီး အစေအပါးတွေလည်းရာချီနေပါစေ။ အသင်မျက်လုံးဖွင့်ထားချိန်မှာ သူတို့ကို မြင်ရတယ်။ တကယ်လို့ မျက်စိမှိတ်လိုက်ရင် ဘယ်လိုနေမလဲ'*

အကုန်လုံးပျောက်သွားတယ်။ မျက်စိမှိတ်လိုက်တာနဲ့ လောကကြီးပျောက်သွားတယ်။ ဒါဟာ လက်တွေ့စမ်းသပ်မှု အသေးစားကလေး ဖြစ်ပါတယ်။

အကြီးစားကိုတော့ သေဆုံးတဲ့အခါ ကြုံရပါတယ်။ သေသွားတဲ့အခါ မျက်စိမှိတ်ထားလိုက်တာ ပြန်ကိုမပွင့်တော့ဘူး။ ဒီတော့ အကုန်လုံးပျောက်သွားလိုက်တာ ပြန်မပေါ်တော့ဘူး။

သေသူက မျက်စိဖွင့်လျက်သားဖြင့် သေသွားရင်ကောလို့ ကတ်သီးကတ်သတ် မမေးသင့်ပါဘူး။ သေတဲ့အခါ မျက်ဖြူဆိုက်သွားပါတယ်။မျက်ဆန်က အပေါ်ကို လန်တက်သွားလို့ အဖြူသားပဲ ပွင့်လျက်သား နေရာမှာ ကျန်ရစ်တယ်။ ဒီတော့ မမြင်သာတော့ဘူး။ မျက်ဖြူဆိုက်နေတာက မြင်ရသူအဖို့ ကြောက်လန့်စရာဖြစ်နေတော့ အနားရှိတဲ့သူတစ်ဦးဦးက မျက်ခွံကိုပိတ်ပေးလိုက်ကြတယ်။ သူမြင်ချင်လို့လည်း မမြင်ရတော့ဘူး။ သူပိုင်ထားချင်လို့လည်း မပိုင်ထားနိုင်တော့ဘူး။

ဒီတော့ 'ချင်လို့'တွေမရှိအောင်နေဖို့ ဇောမိမမွှက သွန်သင်လေ့ရှိတယ်။ တကယ်ကို ချင်လို့မရှိဖို့ လိုတယ်။ လိမ်ညာလှည့်ဖြားလို့မရဘူး။

လိမ်ညာလှည့်ဖြားတာနဲ့ ပတ်သက်လို့ ပုံပြင်တစ်ခု ရှိတယ်။

သုနက္ခတ်လို့ အမည်ရှိသူတစ်ဦးက မြစ်ကမ်းပါးမှာ ငါးမျှားတယ်။ အချိန်သာလင့်သွားတဲ့အထိ ငါးတစ်ကောင်မှ မမိဘူး။ ဒီတော့ အိမ်ပြန်ရောက်ရင် မိန်းမက ဗျစ်တောက်ဗျစ်တောက်လုပ်မှာကို ကြောက်တယ်။ သူအိမ်ကိုမပြန်တော့ဘဲ မြစ်ကမ်းပါးမှာရှိနေတဲ့ တံငါသည်တွေနေတဲ့ တဲတန်းဆီကိုသွားတယ်။ စားလို့ကောင်းမယ့် ငါးသုံးကောင် ဝယ်တယ်။ ဒီလိုဝယ်တာမှာ သူကတောင်းဆိုတယ်။ ငါးတွေကို သူရှိနေတဲ့ဆီကို ပစ်ပေးရမယ်။ သူက ဖမ်းမယ်။ ဖမ်းလို့မိတဲ့ငါးကို သူဝယ်မယ်။ မမိဘဲ လွတ်သွားရင် မဝယ်ဘူးလို့ ပြောတယ်။ တန်ရာတန်ကြေးထက် သုံး၊ လေးဆပေးဖို့ ဝန်မလေးဘူးလို့ပြောတော့ တံငါသည်တွေအဖို့ နားမလည်နိုင်အောင် ဖြစ်ကြရတယ်။ အကျိုးအကြောင်းကို မေးမြန်းကြတယ်။

သုနက္ခတ်က-

"အိမ်ရောက်ရင် မိန်းမက ငါးမိလာသလားဆိုတာကို ဆီးမေးမှာ သေချာတယ်။ ဒီအခါမှာ ကျုပ်က ပြန်ဖြေမယ်။ ငါ့လက်နဲ့ငါကိုယ်တိုင် ဖမ်းမိလာတာ သုံးကောင် ရတယ်လို့ ဖြေမယ်။ အဲဒီလိုအမှန်အတိုင်းပြောချင်တယ်။ တစ်သက်လုံး ပေါင်းသင်းလာခဲ့ပြီး သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းမယ့်သူကို ကျုပ်လိမ်ညာမပြောချင်ဘူး။ အမှန်အတိုင်းပဲပြောချင်တယ်"

လို့ ရှင်းပြတယ်။

အိမ်က မိန်းမကို မလိမ်ညာပေမယ့် လှည့်ဖြားလို့ ရတယ်၊ လှည့်စားလို့ရတယ်။ ပင်ကိုသဘောသဘာဝအထွတ်အထိပ်ကို တွေ့ဖို့ကတော့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာလို့မရဘူး၊ ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားလို့မရဘူး၊ ကိုယ့်ကိုယ်ကိုယ် လှည့်စားလို့မရနိုင်ဘူးဆိုတာကို တင်ပြရင်း ဇောမိမမွှ ပုံဝတ္ထုကို အဆုံးသတ်လိုက်ပါရစေ။

ဒိုရေဝန်း



www.burmeseclassic.com

www.burmeseclassic.com

## ဆီးသွားလျှင် သွေးပါသူတို့အတွက်

# အသုံးဝင်မည့် ဆေးတစ်လက်

"အရှင်ဘုရား၊ ဆေးနည်း ဆောင်းပါးတွေရေးပြီး မဂ္ဂဇင်းတွေ ပို့နေတယ်ဆို"

"အရှင်ဘုရား၊ အခုမှ ကြိုးစားပြီး စရေးတုန်းပါ"

စာရေးသူနှင့် အဆောင်ချင်း မျက်စောင်းထိုးမှ ဦးပဥ္စင်းကြီးတစ်ပါး အလည်လာရင်း စာရေးသူအား ဆေးနည်းဆောင်းပါးတွေရေးတဲ့အကြောင်း မေးနေခြင်း ဖြစ်သည်။

"အရှင်ဘုရားက ဆေးနည်း ဆောင်းပါးတွေ ရေးနေတယ်ဆိုတော့ တပည့်တော်ရဲ့ သက်သာ ပျောက်ကင်းခဲ့တဲ့ ဆေးနည်းတစ်ခု ပေးပါရစေ။ စာဖတ်ပရိသတ် မိဘပြည်သူတွေအတွက် အရေးကြုံရင် အသုံးပြုနိုင်ဖို့ပါ"

"မှန်ပါ့ဘုရား၊ တပည့်တော် ဆောင်းပါးရေးပြီး ပို့ပေးပါ့မယ်"

ဟု ကတိပေးလိုက်ပါသည်။

ဦးပဥ္စင်းကြီးကလည်း ဆေးနည်းအကြောင်းကို စိတ်ပါလက်ပါ ပြောပြနေ၏။

"ဖြစ်ပုံက ဒီလိုဘုရား။ တပည့်တော် ရွာကျောင်းမှာနေတုန်းက တပည့်တော်ကျောင်းသားလေးတစ်ယောက် ငိုနေတာ တွေ့တာနဲ့ ဘာဖြစ်လို့ပါလိမ့်ဆိုပြီး သွားကြည့်တော့ ဆီးမသွားနိုင်လို့ ငိုနေတာ ဖြစ်နေတယ်။ ဆီးတစ်စက်ထွက်ဖို့လည်း အတော်ခံနေရတယ်။ ဆီးထွက်လာတော့လည်း ဆီးမဟုတ်ဘဲ သွေးစက်တွေ ဖြစ်နေတယ်။ တပည့်တော်လည်း ချက်ချင်းပဲ အခုဆေးနည်းကို တိုက်လိုက်တာ မကြာခင်မှာပဲ ဆီးပြန်သွားတာ သွေးစက်များမပါတော့ဘဲ ဆီးပကတိအတိုင်း ပြန်ဖြစ်သွားတယ်။ ဆီးအောင့်တာလည်း ပျောက်သွားခဲ့တယ်။ (၃) ရက် ဆက်တိုက်လိုက်တာ ပြန်ကောင်းသွားပါတော့တယ်။ ဆေးနည်းက လွယ်လွန်းလို့ အထင်မသေးစေချင်ဘူး ဘုရား။ တပည့်တော်ရဲ့ ဆေးနည်းမို့ ယုံယုံကြည်ကြည်နဲ့ သုံးစေချင်ပါတယ်"

ဟု ပြောသွားခဲ့ပါသည်။

ဆေးနည်းမှာ ကြက်သွန်နီဥ တစ်လုံးကို အခွံခွာ၊ ရေမဆေးဘဲ ပါးပါးလှီးပါ။ ၎င်းနောက် လက်ဖက်ရည်ပန်းကန်ထဲတွင်ထည့်၍ ရေနွေးဖြူပူပူလေး (လက်ဖက်ခြောက်မခတ်ရပါ) ကို ထည့်ပြီး (၃) မိနစ်မျှ အုပ်ထားပါ။ ပြီးလျှင် လူနာအား တိုက်ပေးပါ။ သကြား အနည်းငယ် ထည့်သောက်လျှင်လည်း ရပါသည်။ တစ်နေ့လျှင် (၂) ကြိမ်၊ (၃) ကြိမ်မျှ သောက်ပေးပြီး (၃)ရက်မျှ ဆက်သောက်လျှင် ဆီးသွားလျှင် သွေးပါသောဝေဒနာ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။ တစ်ခါပြုလုပ်လျှင် ဆေးတစ်ခွက်စာသာ ဖြစ်ပါသည်။

*လောကုတ်၊ လောကီနှစ်လီအကျိုး*
*ပွားတိုးစည်ပင်နိုင်ကြပါစေဟု*
*ထာဝစဉ်ဆန္ဒပြုလျက်*

မိုးစက်အလ္လာင်၊ (ခေဝတီ)

*(ဤဆေးနည်းကို ပြောပြပေးခဲ့သော ပေါင်မြို့နယ် ကတွန်ကျေးရွာ အဘယသုခကျောင်းမှ ဦးသုမနအား အထူး ကျေးဇူးတင်ရှိပါသည်။)*

# သွေးစုအနာလုံး ပြေပျောက်နည်း

သွေးစုနာကို လူတိုင်း သိပါသည်။ ခန္ဓာကိုယ်တွင်းမှ အပူခိုး၊ အပုပ်ခိုးနှင့် သွေးဆိုးသွေးညစ်တို့ စုခဲပြီး အနာလုံးအဖြစ် ခန္ဓာကိုယ် အရေပြားပေါ်သို့ ထိုးထွက်၍ ပေါ်လာခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ထိုသို့ သွေးစုအနာလုံး ပြင်ပသို့ ထွက်ပေါ်လာခြင်းသည် ကောင်းပါသည်။ အကယ်တန္တ ပြင်ပသို့ထွက်မလာဘဲ ခန္ဓာကိုယ်အတွင်းမှာပင် အနာလုံးကျိတ်ခဲနေပါက ကုသရန် ခက်ခဲသည့်အပြင် အသက်အန္တရာယ်ပင်ဖြစ်စေနိုင်ပါသည်။ သို့အတွက် ခန္ဓာကိုယ်ပြင်ပသို့ သွေးစုနာပေါ်ပေါက်လာခြင်းသည် ကောင်းသည်ဟု ဆိုနိုင်ရခြင်း ဖြစ်ပါသည်။

သွေးစုအနာလုံး ဖြစ်ပေါ်လာလျှင် ဇာတိဖိုလ်သီး အတွင်းအဆန်ကို ယူပါ။ ပရဆေးဆိုင်များတွင် ပေါများစွာ ဝယ်ယူရရှိပါသည်။ ထိုဇာတိဖိုလ်သီးအဆန်ကို ဆား၊ ရေတို့နှင့် ပျစ်ပျစ်သွေးပြီး အနာလုံးပေါ်သို့ လိမ်းပေး၊ အုံပေးထားပါ။ တစ်နေ့ (၃) ကြိမ်မှ (၅)ကြိမ်အထိ လိမ်းပေး၊ ဆေးအုံပေးပါ။

အနာလုံး ဖြစ်နေပေါ်ချိန်တွင် အညော်ဆိုး၊ အနံ့ဆိုးများ မခံရပါ။ ညော်ခံမိလျှင် အနာပြန်ဝင်သွားတတ်သည်။ အညော်ကို ရှိန်းခိုနိုင်ပါသည်။ ရှိန်းခို(၁)ပဲသားခန့်ကို ငရုတ်ကောင်းစေ့(၅)စေ့နှင့် ရောကြိတ်ပြီး ရေနွေးနှင့်စားမျိုပေးပါ။အညော်တို့နိုင်သည့်အပြင် အနာလုံးလည်း အမြန်ပွင့် ပျောက်ကင်းစေပါသည်။

အနာလုံးနုလျှင် ပိန်သွားမည် ဖြစ်ပြီး ရင့်လျှင် ပြည်ပေါက်လာပါမည်။ အကယ်၍ ပြည်ပေါက်လာလျှင် ညှစ်ထုတ်ပေးပါ။ ပြည်တိုင်ကျွတ်သည်အထိ ညှစ်ထုတ်ပေးပါ။ ပြည်ပေါက်လျှင် ပျောက်ပြီ ဖြစ်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ*

နတ်ဘောက်သျှမြင့်သစ်



www.burmeseclassic.com

www.burmeseclassic.com

(ဇာတ်သိမ်းပိုင်း)

**ကျော်ကြားသောဒဂ်ါး**

ဆွမ်းစား၊ ကွမ်းစား၊ အလှူမင်္ဂလာကိစ္စအဝဝတို့၌ ဘုန်းတော်ကြီးသည် ဆိုးပင်ဆိုးငြားသော်လည်း ဒဂ်ါးကိုသာ ပင်တိုင်ခေါ်မြဲ ဖြစ်၏။ ထုံးစံအတိုင်း အရန်ကျောင်းသား တစ်ဦးကပါမြဲ ဖြစ်သည်။

ဒဂ်ါးသည် လူကောင်ထွားခြင်း၊ ရုပ်ရည်ကြည်လင်သန့်ရှင်းလှပခြင်း၊ သတ္တိရှိ၍ အကြောက်အလန့်ကင်းခြင်း၊ အကင်းပါးခြင်းတို့နှင့် အတူ ခွေးဒဂ်ါး၊ လူဒဂ်ါး ဟူသော သံယောဇဉ်ကြောင့်လည်း ဦးစားပေး၍ ခေါ်ခြင်း ဖြစ်၏။

ဆွမ်းစားကွမ်းစားတို့၌ ဘုန်းတော်ကြီးများ ဘုဉ်းပေးပြီးသော် နောက်လိုက်ကျောင်းသားတို့ကို ကျွေး





www.burmeseclassic.com

www.burmeseclassic.com

ရ၏။ ထိုသို့ကျွေးလျှင် ဘုန်းတော်ကြီးများကပ်လှူသောဟင်းတို့ဖြင့် ကျွေးရရာ ကြက်သားနှင့် ဝက်သားသည် မပါမပြီး ဟင်းနှစ်ခွက် ဖြစ်၏။

ထိုသို့ ဘုန်းကြီးကျောင်းသား ထမင်းဝိုင်းတွင် ဟင်းလုသော အစဉ်အလာသည် ဘယ်ခေတ်ကစခဲ့သည် မသိ။ တောမလေ့၌ ဘုန်းကြီးကျောင်းသားတို့ ကျင့်သုံးကြသော အစဉ်အလာ ဖြစ်သည်။

ထိုသည်မှာ ထမင်းဝိုင်းထိုင်လိုက်သည်နှင့် ဗိုလ်ကျသောကျောင်းသားသည် ကြက်သားဟင်းကို သူ့ပန်းကန်ထဲ အများဆုံး အမြန်ကော်ထည့်ပြီး လုလိုက်ခြင်းပင် ဖြစ်၏။ လက်သွက်သော ကျောင်းသားသာ ကြက်သား စားလိုက်ရသည်။ လက်နှေး၍ ကြောက်တတ်သော ကျောင်းသားမှာ ဝက်သားသာစားရ၏။

ဝက်သား ဆိုသည်မှာလည်း ကြက်သား မမီလိုက်သော ကျောင်းသားမှ အတုံးများ အမြန်ရွေး၍ခပ်လိုက်သောအခါ လက်နှေးသော ကျောင်းသားမှာ အဆီသာ စားရလေတော့၏။

ဤမမျှတမှုကို သိနေသော လူတို့မှလည်း ဘုန်းတော်ကြီးများ မျက်နှာကြောင့် ဘာမှဝင်၍မပြောရဲကြပေ။ ထိုအခါ ကျောင်းသားအုပ်စုတွင် ဘယ်ကျောင်းက ဘယ်သူအစွာဆုံး ဟူသည်ကို သိကြ၏။

ဒဂါးတို့ခေတ်တွင် လေသာကျောင်းမှ ဖိုးတေ ဟူသော ကျောင်းသားကြီးသည် ဟင်းလုရာ၌ နာမည်ကြီး၏။ သို့သော် ဖိုးတေသည် ဒဂါးကဲ့သို့ အမြဲမပါပေ။

အလှူတစ်ခု၌ ကျောင်းသားတို့ ထမင်းစားကြရာ ကြက်သား အလွန်ကြိုက်သော ဒဂါးသည် ကြက်သားပန်းကန်သို့ ဇွန်းအရင်ဆုံးရောက်၏။ အားပါးတရ ကော်ခပ်နေစဉ် ဖိုးတေက ဒဂါးလက်ဆစ်အား ကြေးဇွန်းဖြင့် ဒေါက်ခနဲခေါက်ကာ ဟန့်လိုက်၏၊

ဒဂါးသည် မဆိုင်းမတွ ဇွန်းလွှတ်ချကာ ကြက်သားပန်းကန်ဖြင့် ဖိုးတေမျက်ခွက်သို့ ပစ်ပေါက်လိုက်လေ၏။ ခွမ်း ဟူသော မြည်သံနှင့်အတူ ဖိုးတေတစ်ကိုယ်လုံး ကြက်သားဟင်းများဖြင့် ပေကျံကုန်ပြီး သွေးတို့ ဖြာခနဲစီးဆင်းလာ၏။

ထို့ကြောင့် ထမင်းပွဲမှ ရန်ပွဲကို အမြန်ဆုံး ဖြေရှင်းကြရ၏။ ရန်ဖြစ်သော ကျောင်းသား (၂) ဦးအား ချက်ချင်း ကျောင်းသို့ ပြန်စေ၏။ ကလေးတို့ ဘာသာဘာဝ ရန်ဖြစ်ကြသည်ကို ဘုန်းတော်ကြီးများက ဧည့်ပရိသတ်အလယ်တွင် မသိဟန်ပြုနေသည်။ ပညာရှိအမျက် အပြင်သို့ ထွက်ရိုးထုံးစံမရှိ။

ထိုမှစ၍ ဖိုးတေ အများအပေါ်

သူ ရိ ယ မ ဂ္ဂ ဇ င် း အ ခ န် း ဆ က် ဝ တ္ထု ရှ ည်

ရွှေပြည်စိုး
(ဖိုးကုတ်)

# ဒဂါး





www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မကျရဲတော့ဘဲ ဘုန်းကြီးကျောင်းသားလောကတွင် ဒဂါးသည် ဗိုလ်ဖြစ်လာခဲ့၏။ ဒဂါး၏ စရိုက်သည်ကားခြေသွက်လက်သွက်ဖြင့် လုပ်ရဲကိုင်ရဲခြင်းပင် ဖြစ်သည်။ သို့ကြောင့် ဘုန်းကြီးကျောင်းသားလောကတွင် မှန်ကျောင်း၌သာမဟုတ်၊ အခြားကျောင်းမှကျောင်းသားများအပေါ်၌ပင် ကျော်ကြားလာခဲ့တော့၏။

ကျောင်းသားအချင်းချင်း ပြင်ပ၌ ရန်အဖြစ်ဆုံးအချိန်သည် နံနက် (၈) နာရီမှ (၁၀) နာရီအထိ ဆွမ်းခံထွက်ချိန်ဖြစ်သည်။ ရွာတွင်းသို့ ဆွမ်းဆိုင်း (၄) ဆိုင်းမျှ ရပ်ကွက်များခွဲ၍ နှစ်ယောက်တစ်တွဲ ဆွမ်းခံထွက်ကြရာ ဆွမ်းဆိုင်းကို ဝါးထမ်းပိုးဖြင့် ရှေ့နောက်ထမ်း၍ ဆွမ်းတော်ဗျို့ဟုအော်ကာ ထွက်ကြရ၏။

ထိုအခါ ကျောင်းသားအချင်းချင်း တွေ့လျှင် တစ်ဦးနှင့် တစ်ဦး မခံချင်အောင် ကိုယ့်ကျောင်းကို အကောင်းထား၍ စ,မြဲဖြစ်၏။

"မှန်ကျောင်းကျောင်းသား သူတောင်းစား၊ လေသာကျောင်းသား အကောင်းစား"

ထိုအခါ အားကျမခံ မှန်ကျောင်းကျောင်းသားကလည်း -

"လေသာကကောင် ခွေးလိုဟောင်၊ မှန်ကျောင်းကကောင် နတ်လိုပြောင်"

ဟူ၍ ပြန်စလေ၏။

ထိုသို့ အမျိုးမျိုး စချိုးပြောင်လှောင်ရာမှ မကျေနပ်လျှင် ထမ်းပိုးချွတ်၍ရိုက်ကြလေ၏။ ထိုအခါ အနီးရှိလူကြီးသူမတို့မှ ဖြေရှင်းပေးလိုက်ကြရ၏။

ဘုန်းတော်ကြီးတို့တွင်လည်း မူရှိ၏။ ထိုသည်မှာ-

"နိုင်တဲ့ မခံလာရစေနဲ့၊ ခံလာရရင် ငါကထပ်ရိုက်ဦးမှာ။ နိုင်အောင်လုပ်ခဲ့"

ဟူ၍ ဖြစ်လေ၏။

ပုထုဇဉ်တို့၏ သဘောအရဆိုလျှင် ခွေးချင်းကိုက်ရာ၌ပင် ကိုယ့်ခွေးနိုင်စေလိုသည့်သဘောဖြစ်လေ၏။

ဒဂါး ဆွမ်းခံထွက်ပါက မည်သည့်ကျောင်းသားကမျှ မစရဲကြပေ။ ထိုခေတ် ဆွမ်းခံထွက်သောကျောင်းတို့မှာ ကျောင်းတိုင်းဖြစ်ပြီး ကျောင်းတို့မှာ လေသာကျောင်း၊ မှန်ကျောင်း၊ ကြားကျောင်း၊ ကျောင်းကြီး ဟူ၍ ထိုခေတ်တွင် (၄) ကျောင်းသာရှိသောခေတ် ဖြစ်လေ၏။

**ကိုရင်ဒဂါး**

နေပြည်တော်ပျဉ်းမနားဒေသသည် ရှေးခေတ်မှသည် ယခုထိတိုင် ရှင်ပြုအလှူတွင် ကူညီငွေခေါ် အလှူငွေထည့်ဝင်ခြင်း ထုံးစံမရှိပါ။

ထွန်းခေါင်ဆရာတော်၏ 'ယမမင်းထံအစစ်ခံသံပေါက်' တွင် -

'ကျွန်တော့်အလှူ ကြွေးတွေထူ၊ ငွေကူမျှော်မိတယ်'

ဟူသော အပိုဒ် ပါ၏။ အလှူငွေ ကူညီပါဝင်ခြင်းကို မျှော်မိသောအကြွေးယူ၍ လှူသည့် လူတစ်ယောက်အကြောင်းကို စပ်ထားခြင်းဖြစ်သည်။ ငရဲပြည်၌ အစစ်ခံနေရကြောင်း ဖြစ်၏။

အချို့သော အညာဒေသတို့၌ အလှူလုပ်လျှင် စုပေါင်းကုသိုလ်ပါဝင်ခြင်း ဟူသော ကောင်းသောဓလေ့ဖြင့် အလှူလာသူတို့က အလှူငွေပါဝင်လှူဒါန်းကြသည်။ အမှန်သော် စုပေါင်း ကုသိုလ်ပြုခြင်း ဖြစ်သည့်အတွက် မွန်မြတ်လှသည်။ ကုသိုလ်ကို မျှဝေယူကြခြင်းလည်း မည်ပါသည်။ ဝိုင်းဝန်းကူညီ စောင့်ရှောက်ခြင်းလည်း ဖြစ်၏။

သို့သော် စာရင်းစာအုပ်ဖြင့် မည်သူ မည်မျှထည့်သည် ဟူသည်ကိုမှတ်တမ်းပြု၍ ထည့်ဝင်ငွေအပေါ်မူတည်ပြီး အချိုးကျ ဆေးပေါ့လိပ်စသည်ဖြင့် ပြန်ကမ်းရာ အဘွားကြီးတို့သည် တို့မည်မျှထည့်သည်ဟု သိစေလိုသည့်အတွက် ကြွားလိုစိတ်ဖြင့် ဆေးပေါ့လိပ်များအား ဆံထုံးတွင်စိ၍ ထိုးထားတတ်ကြ၏။ ဆေးလိပ်ကိုရေတွက်၍ မည်မျှထည့်သည်ဟု သိကြ၏။ အမှန်သော် မဏ္ဍပ်တိုင်တက်ပြခြင်းတမျိုး ဖြစ်လေ၏။

[illegible]မှတ်ရာမြူကြသည့်အတွက် သူ့အလှည့်ကိုယ့်အလှည့် အကြွေးတင်ထားသည့် သဘောလိုဖြစ်နေ၏။ အလှူဖိတ်စာရောက်လျှင် ငါတို့အလှူတုန်းကဘယ်လောက်လာထားသလဲ ဟူသည်ကို စာအုပ်လှန်ကြည့်ရ၏။ သူလာထားသလောက် ကိုယ်ပြန်သွားရ၏။

သူလာထားသလောက် ကိုယ်ပြန်မသွားနိုင်ခဲ့သော် မျက်နှာပူရ၏။ အလှူရှင်လည်း စာအုပ်ဖွင့်ကြည့်ခဲ့သော် အမျက်ဒေါသဖြစ်ရပြန်၏။ သူ့အလှည့်တုန်းက ငါဒီလောက်သွားထားတာ၊ ငါ့အလှည့်ကျတော့ ဒီလောက်လေးပဲလာတယ်။ တွေ့ကြသေးတာပေါ့ကွာ ဟူ၍ ပုထုဇဉ်တို့သဘာဝ အမနာပစိတ်တွေဖြစ်ရ၏။

အမှန်သော် ဓလေ့ထုံးစံလည်း မပျက်ရအောင်၊ အကုသိုလ်လည်း မဖြစ်ရအောင် အလှူငွေကို စာရင်းဖြင့် လက်ခံခြင်းမပြုဘဲ အလှူခံပုံးသဘောမျိုးဖြင့် ထည့်ဝင်လိုက ထည့်ဝင်စေ၊ မထည့်ဝင်လိုက ရှိစေဟု သဘောပြကာ ငွေဖလားများ အလှူမဏ္ဍပ်အဝင်တွင် ထားပေးခြင်းက ပို၍သင့်တော်လှပေ၏။

နေပြည်တော် ပျဉ်းမနားဒေသတွင်မူ ထိုထုံးစံကို အချို့ ကြားပင်မကြားဘူးကြပါ။ ပြောပြလျှင် အထူးအဆန်းဖြစ်၍နေလေ၏။ နာမည်ကိုက အလှူဖြစ်ရာ အလှူကို လွတ်လွတ် တူရှုလှူကြခြင်းသာ ရှိကြလေ၏။ မြတ်စွာဘုရားကလည်း မုတ္တစာဂီ အနုဒ္ဒတော - လွတ်လွတ်တူရှုလှူရမည်ဟု ဆိုထားလေ၏။ ထို့ကြောင့် သားယောက်ျား မွေးဖွားထားသူတို့သည် မိမိတို့၏ ရင်သွေးအား သာသနာ့ဘောင်တွင်း သွတ်သွင်း ချီးမြှင့်လှူဒါန်းနိုင်အောင် ကြိုတင် စုဆောင်းကြရ၏။

သို့တွက် နေပြည်တော်ဒေသသည် ရှိမှလှူဒါန်းကြခြင်း ဖြစ်သည်။ ကုသိုလ်မှလွဲ၍ ဘာမှမျှော်လင့်စရာမရှိပေ။ မိမိတို့၏ ရင်သွေး အရွယ်ရောက်လာ၍ အဆင်မပြေသော် တစ်ဦးလျှင် နည်းနည်းစု၍ စုပေါင်းရှင်ပြုပွဲတော် ပြုလုပ်ကြ၏။

အချို့ ပိုက်ဆံချမ်းသာသော အလှူရှင်တို့မှာမူ မိမိတို့က ဒယ်အိုး



www.burmeseclassic.com

www.burmeseclassic.com

မ,တည်၍ မတတ်နိုင်သူတို့ကို ခေါ်ယူ စုဆောင်းပြီး ထည့်လိုကထည့်၊ မထည့်လိုကလည်း တာဝန်ယူကာ ရှင်ပြုလှူရှိကြ၏။

ကိုမြတ်စံနှင့် မနှင်းမြိုင်တို့မှာမူ ပြည့်စုံသူများ ဖြစ်သည့်အလျောက် ဒဂၢီးအသက်(၁၂)နှစ်အရွယ် ခြေနိုင်လက်နိုင်သက်နိုင်သောအရွယ်ဖြစ်၍ ပွင့်လင်းရာသီ နွေဦးကာလ၌ မှန်ကျောင်းတွင် ရှင်ပြုမင်္ဂလာပွဲကြီး ကျင်းပလေ၏။

အရပ်ဓလေ့အတိုင်း ဗြောသံတဗြိမ့်ဗြိမ့်ဖြင့် ကြွရောက်လာသူတို့အား ဝက်သားနှပ်၊ ပဲပင်ချဉ်၊ ဗလာဟင်းချို၊ ငရုတ်သီးကြော်တို့ဖြင့် ထမင်းကျွေးမွေးပြီး ပေါက်ပေါက်ဆုပ်၊ မုန့်ဆီကြော်၊ လက်ဖက်ပွဲတို့ဖြင့် ဧည့်ခံလေ၏။ ပင့်သံဃာ (၁၀) ပါးကိုလည်း ဖွယ်ဖွယ်ရာရာ လှူဒါန်းခဲ့လေ၏။

သို့နှင့်ပင် ကျောင်းသား ဒဂၢီးသည် တစ်ဆင့်တက်ကာ ကိုရင်ဒဂၢီး ဖြစ်လာခဲ့တော့၏။ ဘုန်းတော်ကြီးမှ ကိုရင်ဒဂၢီးအား ရှင်တေဇနိယ ဟူ၍ ဘွဲ့အမည်ပေးခဲ့၏။

မိဘနှစ်ပါးတို့မှာမူ သင်္ကန်းဝတ်နှင့် လွန်စွာကြည့်ကောင်းသော သားကိုရင်ကိုကြည့်ကာ များစွာပီတိဖြစ်ကြရလေ၏။

**ကျောင်းပြေးဒဂၢီး**

ရှင်တေဇနိယ ဖြစ်လာမှသာ ဘိုးကြာဉနှင့် ဒဂၢီးတို့ ခွဲအိပ်ကြလေ၏။ ကိုရင်ဒဂၢီးသည် သာမဏေများ နေထိုင်ရာ မှန်ကျောင်း၏ ညာဘက်ခြမ်း ဘုရားခန်းတောင်ဘက်ရှိ ကျက်သရေခန်းသို့ ပြောင်း၍ နေထိုင်၏။ ရှင်သာမဏေ ဖြစ်သောအခါ ဆွမ်းခံမထွက်ရတော့ပါ။ ဆွမ်းဆိုင်းထမ်း၍ ဆွမ်းခံတာဝန်ယူရသူမှာ ကျောင်းသားများသာ ဖြစ်လေ၏။

ကိုရင်ဒဂၢီး အသက် (၁၄) နှစ် အရောက်တွင် ကပ္ပိယကြီး ဘိုးကြာဉ မကျန်းမမာဖြစ်လာခဲ့၏။ ဘိုးကြာဉမှာ မိမိအား သားသဖွယ် ခင်တွယ်ကာ ထိန်းသိမ်း စောင့်ရှောက် ယုယခဲ့သူဖြစ်ရာ ဘိုးကြာဉ ကျန်းမာရေး ချို့တဲ့လာသောအခါ ကြင်နာယုယစွာ ပြန်လည် ပြုစုပေး၏။

"လူလေး ကိုရင်ရေ ဘိုးတော့ ဒီတောင်က ကျော်နိုင်မယ်မထင်ပါဘူးကွယ်။ ဘိုးမရှိရင် လိမ်လိမ်မာမာနေနော် လူလေး"

ဟု တိုးတိုးလေး မှာရှာ၏။

"ဘိုး ဘာမှမဖြစ်ပါဘူး ဘိုးရာ၊ ဘိုးပြန်နေကောင်းမှာပါ"

"အေးအေး - လူလေး ကိုယ့်ဘဝဖြစ်စဉ်ကို မှတ်မိနေသေးလား"

"မှတ်မိနေတာပေါ့ ဘိုးရယ်၊ တစ်ဆက်တည်းလို ခံစားနေရတာပဲ။ ဘယ်မေ့မှာလဲ"

"အေး- မမေ့နဲ့ လူလေး၊ အရင်ဘဝကလည်း မကောင်းမှုကြောင့် ဒုက္ခရောက်ရတာ။ ဒီဘဝမှာ အဲဒီလို မဖြစ်စေနဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဘိုး"

"ကဲ- ဘိုးအိပ်လိုက်ဦးမယ်၊ လူလေးသွားတော့"

ဟု အနားမှ နှင်ထုတ်လိုက်လေ၏။

ဘုန်းတော်ကြီးမှ ဘိုးကြာဉကို စောင့်ရန် ကိုရင်ဒဂၢီးအား တာဝန်ပေးထားခြင်းဖြစ်ရာ နောက်ဆုတ်၍ ခပ်လှမ်းလှမ်းမှထိုင်စောင့်နေလေ၏။

ကိုရင်ဒဂၢီးသည် ဘိုးကြာဉကို ဖခင်အရင်းထက်ပင် ချစ်ခင်လေ၏။ သူငယ်စဉ်ဘဝမှသည် (၁၀)နှစ်ကျော်မျှ ဘိုးကြာဉနှင့် အတူနေခဲ့ရ၏။ သူမည်မျှဆိုးဆိုး ဘိုးကြာဉက စိတ်ရှည်စွာ ခွင့်လွှတ်သည်းခံကာ အချစ်မပြယ်ရှိခဲ့လေ၏။ လူလေး၊လူလေးနှင့် ပါးစပ်ကချသည်မရှိခဲ့ပေ။

ငယ်စဉ်မှသည် ကျောင်းဝေယျာဝစ္စ၊ ဘုရားဝေယျာဝစ္စ ဝိုင်းဝန်းလုပ်ကိုင်ကြသည်များ၊ သူကြိုက်တတ်သော အစားအစာတို့ကို မရမနေရှာဖွေကျွေးတတ်သည်များ၊ အိပ်ရာဝင်တိုင်း ဘိုး၏မေတ္တာရင်ခွင် ခိုဝင်ကာ ပုံပြင်နားထောင်ခဲ့သည်များ၊ ခွေးကြီးဒဂၢီးခေါ် သူ၏ အတိတ်ပုံရိပ်များကို ပြောပြသည်မှာ ဒဂၢီးနားထဲမှ မထွက်နိုင်အောင်ရှိလေ၏။

ဘိုးအိပ်ပျော်သွားသည်မှာ အတန်ကြာခဲ့လေပြီ။ သို့သော် ဘိုး၏ ရင်သည် နိမ့်ချည်မြင့်ချည်မဖြစ်တော့ဘဲ ငြိမ်နေသဖြင့် အနားသွား၍ သတ်ကိုင်ကြည့်ရာ ဘိုးလက်တို့အေးစက်၍ နေလေပြီ။ အသက်လည်းမရှူတော့ပြီဖြစ်၍ ဘိုး သေပြီဆိုသည်ကို သိလိုက်၏။ ထို့ကြောင့် ဘုန်းတော်ကြီးကို သွားလျှောက်၏။

ဘုန်းတော်ကြီးသည် ကပ္ပိယကြီး ဘိုးကြာဉအား အသေအချာ စစ်ဆေး ကြည့်ရှုကာ အသက်မရှိတော့ပြီကို အတည်ပြု၍ စာကျက်နေသော ကိုရင်၊ ကျောင်းသားတို့အား စာကျက်နားစေကာ ကြေးစည်၊ ခေါင်းလောင်းထိုး စသည်တို့ကို အတန်ကြာ ရိုက်ခတ်စေ၏။

ထိုသို့ ဘုန်းတော်ကြီးကျောင်းမှ အခါမဲ့ ကြေးစည်၊ ခေါင်းလောင်း ရိုက်ခတ်ခဲ့သော် ကျောင်း၌ နာရေးခေါ် ဘုန်းကြီးပျံလွန်ခြင်း၊ ကိုရင်ပျံလွန်ခြင်း၊ ကပ္ပိယ သို့မဟုတ် ကျောင်းသား အနိစ္စရောက်ခြင်း တည်းဟူသော သင်္ကေတဖြစ်ရာ အသံကြားသည်နှင့် ရွာထဲမှ ဒကာ၊ ဒကာမများ လာရောက်၍ နာရေးစီမံကြရ၏။

ယခုလည်း ဘိုးကြာဉ၏နာရေးကို ရွာထဲမှလာ၍စီမံကြ၏။ ကိုရင်ဒဂၢီးသည် မျက်ရည်ကျခဲ့သော်လည်း သူအလွန်ချစ်သော ဘိုးလူ့လောကမှ ပျောက်ကွယ်သွားခဲ့သဖြင့် ဆောက်တည်ရာမရ ခံစားရပြီး ဝမ်းပန်းတနည်း ငိုကြွေးရှာလေ၏။

နောက်နေ့တွင် မှန်ကျောင်းမှ ကိုရင်ဒဂၢီး ပျောက်သွားလေတော့၏။ ကိုရင်ဒဂၢီး ကျောင်းပြေးသွားခဲ့လေပြီ။

**ကြက်ခိုးဒဂၢီး**

ကျောင်းမှ ထွက်ပြေးလာခဲ့ပြီး လူဝတ်လဲကာ အိမ်တွင်နေနေသော ဒဂၢီးအား ကျောင်းပြန်နေရန် မည်မျှတိုက်တွန်းသော်လည်း မရတော့ပေ။ ဒဂၢီးမှာလူပျိုပေါက်အရွယ်ပင်ရောက်နေပြီ ဖြစ်၏။

'သားတစ်ယောက်ဖြစ် ချစ်၍ တစေ အိမ်မှာနေ၍' ဆိုသကဲ့သို့ပင် တစ်ဦးတည်းသောသားမို့ မိဘများက မခိုင်းရက်ကြပါ။ ဝတ်ကောင်းစားလှ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကြော့ကြော့နေကာ ရှင်လိုင်ပြန်လာသော ဒင်္ဂါးသည် ကြီးကောင်ဝင်လျက် တရိပ်ရိပ် ကြီးထွားလာခဲ့လေ၏။

အရွယ်ဂုဏ်၊ အလှဂုဏ်၊ မနဂုဏ် အစစ ပြည့်စုံသော ဒင်္ဂါးအား ရွယ်တူမိန်းကလေးတို့က စိတ်ဝင်စားသော်လည်း ဒင်္ဂါးမှာ မိန်းကလေးတို့အပေါ် စိတ်ဝင်စားဟန်မပြခဲ့ပေ။

သူစိတ်ဝင်စားသည်မှာ သူနှင့်ရွယ်တူ ကျောင်းနေဖက် သူငယ်ချင်း ဝင်းမြင့်၊ ခင်အောင်နှင့် မောင်တင်တို့သာ ဖြစ်သည်။ သူတို့လည်း တောင်သူကြီးသားများဖြစ်၍ အထိုက်အလျောက် ကြွယ်ဝကာ သုံးနိုင်ဖြုန်းနိုင်သူတို့ ဖြစ်သည်။

သူတို့အဖွဲ့သည် ကျောင်းနေစဉ်က တေဖော်တေဖက်၊ ပွေဖော်ပွေဖက်များဖြစ်ကြ၏။ ဖားနှိုက်၊ ငါးနှိုက်ထွက်လည်းအတူတူ၊ ငှက်ပစ်ထွက်လည်း အတူတူဖြစ်ကာ ဘုန်းကြီး မြို့သို့ကြွသွားခဲ့လျှင် အခြားကျောင်းသားများနှင့်ချိန်းကာ လေးခွဖြင့် စစ်တိုက်လေ့ရှိကြ၏။ ကံကောင်း၍သာ မျက်စိကိုမမှန်ခြင်းဖြစ်၏။ မျက်စိမှန်ခဲ့သော် ကန်းသွားနိုင်လေ၏။

ယခုလည်း အရွယ်ရောက်လာပြီဖြစ်သော လူပျိုဘဝတွင် မိန်းကလေးတို့ကို လူပျိုလှည့်ရန် လုံးဝ စိတ်မကူးကြပေ။ သူတို့စိတ်ဝင်စားသည်မှာ အရက် ဖြစ်၏။ အရက် ဟူသည် အရက်ဖြင့်မပြီး၊ အမြည်း ဆိုသည်ကလည်းလိုသေးရာ သူ့အိမ်ကိုယ့်အိမ်ကြက်တစ်လှည့်စီခိုးလာပြီး ကာလသားချက်ချက်ကာမြည်းကြရာမှ ကြာသော် သူ့အိမ်ကိုယ့်အိမ်မှခိုးလာရန် မလွယ်တော့ပြီ။

ထိုအခါ အရက်အား ဝင်းမြင့်၊ ခင်အောင်၊ မောင်တင်တို့မှာ တာဝန်ယူပြီး ကြက်ကို ဒင်္ဂါးမှ ပင်တိုင်တာဝန်ယူလေ၏။ ဒင်္ဂါးတား သူ့အိမ်ကကြက်ဖြင့် တာဝန်ယူခြင်း မဟုတ်ပါ။ ညတွင် တစ်အိမ်ပြီးတစ်အိမ် လှည့်ပတ်၍ခိုးကာ တာဝန်ယူခြင်းဖြစ်လေ၏။

သူတို့၏ စုရပ်သည် လူပျိုကြီး ကိုတေနောင်၏ အိမ်ဖြစ်ရာ လွတ်လပ်၍ကြိုက်သလိုနေ၍ရ၏။ ကိုတေနောင်ကလည်း နေ့စဉ်လိုလို ဒကာရှိနေရာ သောက်ရသဖြင့် ကျေနပ်နေ၏။

ဝါသနာဘာဂီ ဆက်တိုင်းမီ ဟူဘိသို့ ခွေးဒင်္ဂါးဘဝမှ ကြက်ခိုးသောညဉ်သည် ကလေးဘဝတွင်သာ ဗီဇခေတ္တငုတ်သော်လည်း အချိန်တန်အရွယ်ရောက်သော် ထိုဝါသနာဗီဇပြန်၍ ထကြွခဲ့ပြီဖြစ်၏။

ထို့ကြောင့် ပိပိရိရိနှင့် ဒင်္ဂါး ကြက်ခိုးကျွမ်းခြင်း ဖြစ်ပါသည်။ ဒင်္ဂါး၏ရုပ်ရည်၊ ဒင်္ဂါး၏ကြွယ်ဝမှု၊ ဒင်္ဂါး၏ဟန်ပန်ကိုကြည့်၍ ဒင်္ဂါး ကြက်ခိုးသည်ဟု ဆိုသော် ယုံနိုင်စရာအကြောင်း မရှိချေ။ ဒင်္ဂါး ကြက်ခိုးနေခြင်းကို သူတို့အုပ်စုမှလွဲ၍ မည်သူမျှ သိခြင်းမရှိခဲ့ပါ။

**ဒင်္ဂါးကံမကောင်းသောနေ့**

ဒင်္ဂါးတွင် ပါရမီရှိ၏။ ထိုပါရမီသည် သူ့အတွက် ကြက်ခိုးရန် အထောက်အကူဖြစ်စေသည်။ မည်မျှဆိုးသောခွေးဖြစ်ပါစေ ဒင်္ဂါးနှင့် တွေ့လျှင် ရန်သူ ဟူ၍ မသတ်မှတ်ဘဲ သူငယ်ချင်းကဲ့သို့ ခင်မင်လေ့ရှိကြ၏။

နေ့ဖြစ်စေ၊ ညဖြစ်စေ ခွေးတို့နှင့်သင်္ကေတပြုထားသော အသံတစ်ခု ရှိ၏။ ထိုအသံသည် လွန်စွာ တိုးညင်းသဖြင့် လူတို့ကြားရန်ခက်သော်လည်း အလွန်နားပါးသော ခွေးတို့မှာမူ ဒင်္ဂါး လာလျှင် ကြို၍သိ၏။ ထို့ကြောင့် မဟောင်ဘဲ အချို့ခွေးတို့က မသိသလိုနေ၏။ အချို့က အမြီးနန့်၍လာကြို၏။ ထို့ကြောင့် ကြက်ခိုးရာတွင် အထစ်အငေါ့မရှိ အဆင်ပြေ၍နေလေ၏။

တောရွာများ ဖြစ်သည့်အားလျော်စွာ တောင်သူလယ်သမားများဖြစ်ကြသည့်အလျောက် စောစောအိပ်၍ စောစောထကြသည်မှာ ထုံးစံဖြစ်နေ၏။ ဤသည်ပင် ဒင်္ဂါးအတွက် အဆင်ပြေစေ၏။

ရွာကြီးသည် ည (၈) နာရီခန့်တွင် တိတ်ဆိတ်ငြိမ်သက်ကာ အိပ်မောကျသွားခဲ့သော်လည်း အမှောင်ကို အမှီပြု၍ ပျော်ပိုက်ကြသော ညမင်းသားအုပ်စုမှာ လူပျိုကြီး ကိုတေနောင်၏အိမ်လေးမှာမူ သက်ဝင်လှုပ်ရှားနေဆဲ ဖြစ်၏။

ဒင်္ဂါး ယနေ့ည အပျိုကြီးမထိုက်အိမ်ရှိသြဇာပင်များပေါ်မှ ကြက်တစ်ကောင်ခိုးရန် ခြေသံလုံလုံဖြင့် ချဉ်းကပ်ခဲ့၏။ အချိန်မှာ ည (၉) နာရီခန့်ရှိပေပြီ။

မထိုက်တို့အိမ်ရှေ့တွင် သြဇာပင်များရှိ၏။ ကြက်တို့သည် ညအခါ ထိုသြဇာပင်များပေါ် တက်၍ အိပ်လေ့ရှိ၏။သြဇာပင်တို့သည် ပင်လတ်မျိုးဖြစ်၍ အကိုင်းညွှတ်၍ တည်ရာ ကြက်အိပ်သောနေရာနှင့် လက်တစ်ကမ်းအတော်ဖြစ်ရာ ယခုအကြိမ်သည် (၃) ကြိမ်မြောက် လာခိုးခြင်းဖြစ်၏။ တစ်ကြိမ်နှင့် တစ်ကြိမ်၊ တစ်လနီးပါးခြား၍ခိုးခြင်း ဖြစ်သည်။

လမိုက်ရက်မို့ ညသည် ကြယ်ရောင်မျှရှိရာ သြဇာပင်အောက်၌ မှောင်၍နေ၏။ ခြေသံလုံလုံဖြင့် သြဇာပင်အောက်သို့ဝင်ခဲ့ရာ အရာဝတ္ထုတစ်ခုနှင့်ဝင်တိုက်မိမှ လူဖြစ်မှန်းသိလေ၏။

"အောင်မ. . ."

အောင်မလေးဟု လန့်မအော်မီ ဒင်္ဂါးက ပါးစပ်ကိုလျင်မြန်စွာပိတ်နိုင်လိုက်သည်။နံ့သာဖြူနံ့မွှေးမွှေးကြောင့် အပျိုကြီးမထိုက်ဟု ချက်ချင်းသိလိုက်၏။

မထိုက်မှာ မှင်တက်မိနေ၏။

"ရှူး. . . တိုးတိုး၊ ကျွန်တော် ဒင်္ဂါးပါ"

ဟု တိုးတိုးလေးပြောပြီး လက်ကို လွှတ်ပေးလိုက်၏။ အနေအထားမှာ ဒင်္ဂါးရင်ခွင်ထဲရောက်နေသကဲ့သို့ ရှိလေ၏။ ဒင်္ဂါးသည် လူချင်းခွာကာ ရပ်လိုက်ပြီး တောင်းပန်လိုက်၏။

"မမ၊ ညကြီးမင်းကြီးမမြင်လို့နော်"

"နင်ကကော ညကြီးမင်းကြီး ဘာလာလုပ်တာလဲ။ နင်ကြက်ခိုးမလို့လား"

"ဟာဗျာ- မမကလည်း ကြံကြံဖန်ဖန်၊ ကျွန်တော်တို့အိမ်မှာ ကြက်တွေ တစ်သက်စားမကုန်ဘူး။ ဘာလုပ်မှာလဲကြက်"

"ဒါဆို နင် ငါ့ညီမ မသိုက်ကို



www.burmeseclassic.com

www.burmeseclassic.com

လာချောင်းတာလား"

"ဟင့်အင်း"

"ဒါဆိုနင်ဘာလာလုပ်တာလဲ"

"မမကိုလာချောင်းတာ"

"ငါ့ကို"

"အင်းလေ"

"ဟောတော် - နင်က ငါ့ကို"

"ဟုတ်တယ်၊ ဒီအချိန်ဆို မမ အောက်ဆင်းပြီး အပေါ့သွားတတ်တယ်တဲ့။ အဲဒါအချိန်မီလာတာ"

"အောင်မယ် လူကို ဘာမှတ်လဲ။ နင်ကဘာလုပ်မလို့လဲပြော"

"ဟိုလေ ဟိုလေ မမ"

"အင် - ဘာလဲ၊ ပြောလေ"

"ကျွန်တော် မပြောရဲဘူးဗျာ၊ ကြောက်တယ်"

"အောင်မာ - ခုမှ ကြောက်သလေးဘာလေးနဲ့။ ဟင်း-ကောင်လေး နော်၊ လာတုန်းကလာပြီး မကြောက်နဲ့ မမပြောခွင့်ပြုတယ်။ ကဲ - ပြော"

ထိုစဉ် အိမ်ပေါ်မှ ချောင်းဆိုးသံ တဟွတ်ဟွတ် ကြားလိုက်ရပြီး မထိုက်၏ မိခင် ဒေါ်ငြိမ်းသူ၏အသံကို ကြားလိုက်ရ၏။

"ဟဲ့- မိထိုက်၊ အပေါ့သွားတာ ကြာလှချေလား။ စကားပြောသံတွေ လိုလိုကြားရတယ်။ မိထိုက်၊ ဟဲ့- မိထိုက်"

"ရှင်- အမေ၊ လာပြီ"

ဟု ပြောကာ ဒဂီးကို တွန်းလွှတ်လိုက်လေ၏။

ဒဂီးလည်း ရယ်ချင်စိတ်ကြောင့် ပါးစပ်ပိတ်ကာ ပြေးထွက်ခဲ့ရလေတော့၏။ ဒေါ်ငြိမ်းသူနှင့် သမီးနှစ်ယောက်သည် လယ်သူဌေးများဖြစ်၍ မာနဂုဏ်မောက်သူများ ဖြစ်သည်။ မထိုက်မှာ အသက် (၃၀) မျှ ရှိပြီဖြစ်သော လူပသည့် အပျိုကြီး ဖြစ်ကာ မသိုက်မှာ ဒဂီးတို့နှင့် ရွယ်တူဖြစ်၏။ ဒေါ်ငြိမ်းသူ ကယ်လိုက်၍သာ ဒဂီး ချမ်းသာရာရလေ၏။

"ဒဂီးဆိုတဲ့ကောင် အပမှီလာပြီထင်တယ်။ ရယ်ပြီးတက်လာတယ်ကွ"

ဟု ဆိုလေ၏။

ထိုအခါ ဝင်းမြင့်က ပျာပျာသလဲ-

"ဒဂီး၊ မင်းဟာက ဘာတွေကြုံခဲ့လို့ ရယ်နေတာလဲ။ ဘယ်မှာလဲ ကြက်လည်း မပါပါလား"

ဟု မေးရာ လက်ကာပြပြီး ဆက်၍ရယ်မောနေလေ၏။ ရယ်၍ အားရမှ ဇာတ်စုံခင်းပြလိုက်ရာ တိတ်ဆိတ်သောညဥ့်ယံဝယ် ကိုတေနောင်၏ အိမ်လေးသည် ရယ်သံတို့ဖြင့် ညံနေလေတော့၏။

**လူမိုက်ဒဂီး**

အားကောင်းမောင်းသန် ဒဂီးကား သူများကို ရန်မစတတ်ပါ။ ရန်စလျှင်သော် လည်းကောင်း၊ မထိခလုတ် ထိခလုတ်လုပ်ခဲ့လျှင် သော်လည်းကောင်း၊ မတရားမှုများတွင် လည်းကောင်း သည်းမခံတတ်ဘဲ အဖော်မပါ တစ်ကိုယ်တည်း နွဲလေ့ရှိ၏။ နှစ်ယောက်တစ်ယောက်၊ သုံးယောက်တစ်ယောက် ဂရုမစိုက်ဘဲ ယှဉ်နွဲအနိုင်ယူသူဖြစ်ရာ ရွာတွင် လူမိုက်ဒဂီးဖြစ်လာ၏။ ရွာနီးချုပ်စပ်သို့တိုင် နာမည်ကြီးလာခဲ့၏။

ထိုအခါ သူကြီးအိမ်မှ ထိတ်တုံးတွင်လည်း မကြာခဏ အိပ်ရတတ်၏။ မူးရူးနေသော ဒဂီးအား ရွာရှိ အပျိုတို့မှ ဂရုမစိုက်ကြသော်လည်း ထိုသို့ဖြစ်တိုင်း ဒေါ်နှင်းမြိုင်ထံ အပြေးအလွှား ရောက်လာတတ်သူမှာ မထိုက်သာလျှင် ဖြစ်၏။

ကြာသော် ဒေါ်နှင်းမြိုင်သည် မထိုက်အား သမီးသဖွယ် ခင်တွယ်လာကာ သားဖြစ်သူကို နားအတန်တန်ချ၏။ မိခင်နှင့်တူသော မထိုက်နှင့်သာ ဒဂီးအား အိမ်ထောင်ချပေးခဲ့ပါလျှင် ဒဂီး ခြေငြိမ်ကောင်း၏ တွေးမိလေ၏။ သို့သော် ဒဂီးကား ခါးခါးသီးသီးပင် အမြင်ငြင်းပယ်လေ့ရှိရာ ဒေါ်နှင်းမြိုင်သည် အတော်ပင် စိတ်မကောင်းဖြစ်ရလေ၏။

ကြက်သွားခိုးရာမှ မတော်တဆ လွဲချော်ခဲ့သောအဖြစ်သည် ဒဂီးအတွက် ရယ်စရာ ဟာသဖြစ်ခဲ့သော်လည်း အချစ် ဆိုသည်ကို လုံးဝ မကြုံခဲ့ဘူးသော မထိုက်အတွက်မှာမူ မြတ်နိုးဖွယ်သော ရင်ခုန်စရာညကလေး အဖြစ် ရင်မှာသိမ်းဆည်းထားခဲ့လေ၏။

သို့ကြောင့်ပင် ဒေါ်နှင်းမြိုင်ထံ အမေအမေနှင့် သွားရောက်ကာ မိသားစုဝင်တစ်ဦးပမာ ဝင်ထွက်သွားလာနေခဲ့၏။ ဒဂီးသည်ကား ဘာမှမဖြစ်ခဲ့သလိုပင် မေးထူးခေါ်ပြောမျှသာ မလွှဲသာ၍ ဆက်ဆံလေ၏။

မထိုက်မှ မည်မျှရေလာမြောင်းပေး ဆိုလာစေကာမူ၊ မိခင်မှ မည်မျှ တိုက်တွန်းစေကာမူ ဒဂီးသည် အလိမ္မာဖြင့် လွတ်အောင်ရှောင်စမြဲ ဖြစ်ပြီး မေတ္တာကို အရိပ်အမြွက်မျှပင် ပြရိုးထုံးစံ မရှိခဲ့ပါ။

ဒဂီးအသက် (၂၀) သို့ ရောက်ခဲ့ပြီဖြစ်ပြီး သူ့သူငယ်ချင်းတွေ အိမ်ထောင်ကိုယ်စီကျကုန်ပြီဖြစ်သောအခါ သူ့အဖော် လူပျိုကြီး ကိုတေနောင်သာ ကျန်တော့၏။ သို့ကြောင့် တစ်ကိုယ်တော် မိုက်ကောင်းတုန်းရှိနေလေ၏။

'သားဆိုးအမေ တတေတေ' ဆိုသည့်အတိုင်း သား၏ ဆိုးဒဏ်ကို ခါးစည်း၍ခံရရှာ၏။ ဖခင် ဦးမြတ်စံမှာမူ အသက်အတန်ကြီးပြီဖြစ်၍ ဖြစ်စဉ်ကိုသိနေရာ မိမိ၏ ပြုခဲ့သော ဝဋ်ကြွေးဟုသတ်မှတ်ကာ ဘာဆိုဘာမှ မပြောခဲ့ပေ။ အလိုက်သင့်သာနေခဲ့လေ၏။

မထိုက်မှာမူ မိမိ၏ မောင်ငယ်အရွယ်မျှသာရှိသော ဒဂီးအား မည်သို့မျှ အပြစ်မမြင်နိုင်ရှာဘဲ မြတ်မြတ်နိုးနိုးဖြင့် တွယ်တာနေခဲ့လေ၏။ အများက ဒဂီးအား လူမိုက်ဟု မြင်ကြပါသော်လည်း မထိုက်မှာမူ ကလေးဆိုးတစ်ဦးဟုသာ မြင်ခဲ့လေ၏။

**ခေတ်ပျက်နှင့် ဒဂီး**

စက္ကန့်နှင့်အမျှ အချိန်တို့တရွေ့ရွေ့ပြေးသွားလျက်ရှိရာ ဒဂီးအသက် (၂၅)နှစ်သို့ ရောက်ခဲ့ပြီး ဖခင်ကြီး ဦးမြတ်စံသည်ပင် (၅၉) နှစ်သို့ ရောက်ခဲ့ပြီ ဖြစ်သည်။

ဒဂီးသည် အရွယ်ရောက်လာပြီဆိုကတည်းက လူတိုင်း စိတ်ဝင်စားသော ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားသူ မဟုတ်ခဲ့။ သူ့သူငယ်ချင်းများပင် သားသမီးတွေကိုယ်စီ ပွား



www.burmeseclassic.com

www.burmeseclassic.com

များခဲ့ကြပြီ ဖြစ်သည်။ သူကား သံယောဇဉ်ကင်းစွာ သောက်လိုက်၊ စားလိုက်၊ ပေတေလိုက်ဖြင့် တစ်ဦးတည်း ပျော်၍ကောင်းတုန်းပင်။

သို့နှင့်ပင် ကမ္ဘာ့ဒုတိယကမ္ဘာစစ်မီးကြီး လောင်ကျွမ်းခဲ့ပြီး မြန်မာနိုင်ငံတွင် ဗိုလ်ကျစိုးမိုးမင်းမူနေသော အင်္ဂလိပ်တို့အား ဂျပန်တို့မှဝင်ရောက်တိုက်ခိုက်သဖြင့် ဒုတိယကမ္ဘာစစ်မီးဒဏ်ကို မြန်မာတို့ ခံစားနေရချိန်ဖြစ်သည်။

တောမီးလောင် တောကြောင်လက်ပမ်းပေါက်ခတ်ဆိုသည့်အတိုင်း ဥပဒေ မစိုးမိုးနိုင်သော ခေတ်ပျက်တွင် ဒင်္ဂါးကိုတစ်ရွာလုံးနီးနီးကြောက်ကြရလေ၏။ သို့သော် ဒင်္ဂါးကား ဓားပြမတိုက်၊ မဟုတ်တာမလုပ်ပေ။ သူ၏ မိုက်ဂုဏ်ဖြင့် ရပ်ရွာကို အဟန့်အတားပြု၍ ကာကွယ်၏။

ဥပဒေ မစိုးမိုးနိုင်သော ခေတ်ပျက်တွင် အချိန်ရခိုက် လုံ့လစိုက် ဟူဘိသို့ ချမ်းသာသူများထံ ဓားပြတိုက်မှုတို့ ပေါ်လာ၏။ ဓားပြအဖွဲ့မှာ ဦးအောင်ရွှေနှင့် သား (၃) ယောက်၏ အဖွဲ့ဟု သိလာကြ၏။

ဦးအောင်ရွှေသည် ခေတ်ပျက်ခိုက်ကို အခွင့်ကောင်းယူကာ သားများနှင့် လှုပ်ရှားလာခြင်း ဖြစ်သည်။ တစ်ရွာတည်းသားများဖြစ်သဖြင့် သူတို့၏ လှုပ်ရှားမှုကို ပတ်ဝန်းကျင်က သိသလို ဒင်္ဂါးကလည်း အနံ့ခံကောင်းသဖြင့် သိခဲ့လေ၏။ သို့သော် ဘာမှ မပြောရဲကြပါ။

ဒင်္ဂါးမှာမူ အပျော်တမ်း ကြက်ခိုး၍ ချက်စားတတ်သည်မှအပ လူယက် တိုက်ခိုက်မှုများကို လုံးဝ လုပ်လေ့ရှိဘဲ မတရားမှုကို လက်ပိုက်၍ ကြည့်နေလေ့မရှိ။ သို့သော် ရွာမှ လူမိုက်ဟု သမုတ်ထားသောလူတစ်ဦး ဖြစ်သည်။

ညများ၌ ဝါသနာအလျောက် တစ်ကိုယ်တော် လှုပ်ရှားနေလေ့ရှိသော ဒင်္ဂါးသည် ညနှင့် ယဉ်ပါးနေသလို ညမျက်လုံးပိုင်ရှင်ပမာ အရာရာကို ကျွမ်းကျင်စွာ အလေ့အကျင့်ရပြီးဖြစ်၍ ဓားပြအုပ်စုဖြစ်သော ဦးအောင်ရွှေတို့အုပ်စု၏ လှုပ်ရှားမှုကို စောင့်ကြည့်လေတော့၏။

အပျော်တမ်းကြက်ခိုးစဉ်ကဲ့သို့ လက်လွတ်ခြေလွတ်မဟုတ်ဘဲ ငှက်ကြီးတောင်ဓားကိုလွယ်ပြီး ဓားမြှောင်တစ်လက် ခါးတွင်ထိုးပြီးဆောင်ထားလေ၏။ အရေးကြုံသော် သက်လုံကောင်းရပေမည်။

ဦးအောင်ရွှေတို့အုပ်စုမှာ နဂိုကပင် ဇရှိသောသူများ ဖြစ်ကြ၏။ သူတို့သည် အုပ်စုလိုက် နွားခိုးသတ်၊ ဝက်ခိုးသတ်နှင့်နေခဲ့ကြသော်လည်း နာမည်သာထွက်သည်၊ လက်ပူးလက်ကြပ်မိသည်ဟူ၍ မရှိခဲ့။ ဒုစရိုက်နှင့် လက်ယဉ်နေသူများဖြစ်ပြီး ခေတ်ပျက်နှင့် ကြုံသောအခါ သူတို့အတွက် ဒုစရိုက်မှုပြုရန် အခွင့်ကောင်းဖြစ်ခဲ့လေတော့၏။

သူတို့သည် ပြန်ကပြေးရွာကြီး၏ အရှေ့မြောက်အစွန်တွင် နေထိုင်သူများ ဖြစ်ကြလေ၏။ သူတို့နေထိုင်ရာ နှစ်ဆောင်ပြိုင်ရပ်ကွက်တွင်လည်း သူတို့ကို မည်သူကမျှ မတုပရဲပေ။

**ဒင်္ဂါးနှင့် ဓားပြအုပ်စု**

ဦးအောင်ရွှေ ဒေါ်မေမြတို့တွင် အောင်ဒင်၊ အောင်ခင်၊ အောင်ဇင် ဟူ၍ သား (၃) ယောက် ထွန်းကားသော်လည်း အားလုံး လူပျို့လူလွတ်များဖြစ်ကာ အောင်ဒင်မှာ ဒင်္ဂါးနှင့် ရွယ်တူဖြစ်သည်။ သူတို့သည် ကျောင်းအတူတူမနေရသော်လည်း တစ်ရွာတည်းသားများမို့ သိနေကြ၏။ သို့သော် သူတို့၏ အပြုအမူကို ဒင်္ဂါးမကြိုက်ပေ။

မကောင်းမှုပြုသူတို့သည် အမှောင်ကို ကြိုက်ကြ၏။ အမှောင်ကို အကာအကွယ်ယူကြ၏။ ဤသည်ကို နားလည်သော ဒင်္ဂါးသည် အမှောင်ညများတွင် အမှောင်ကို အကာအကွယ်ယူ၍ ဦးအောင်ရွှေအုပ်စုကို နေ့စဉ် စောင့်ကြည့်၏။ ရွာပြင်ရှိ အခြားရွာများသို့သာ သွားသည်ကိုတွေ့ရ၏။

တစ်ညတွင် ည၌(၁၂)နာရီခန့် သားအဖ(၄)ဦး အိမ်မှထွက်လာကာ ရွာဦးနတ်စင်တွင် လမိုင်းနတ်တင်သည်ကို တွေ့ရ၏။ ဓားရှည် (၃) လက်၊ စက်သေနတ်ခေါ် အင်္ဂလိပ်စတင်းသေနတ် (၁) လက်ပါ၏။

ခေတ်ပျက်ချိန် မည်သို့ရထားသည်မသိသော အော်တိုမစ်တစ်ထွက်သည့် စတင်းသေနတ်ပါလေရာ ဒင်္ဂါးသည် သတိကို ကြီးစွာထားပြီး နောက်ယောင်ခံလိုက်ခဲ့၏။

သူတို့၏ ဦးတည်ရာမှာ ရွာ၏ အနောက်ပိုင်း မြေပိုင်ရှင်သူဌေးကြီး ဦးငွေလှအိမ်ဖြစ်၍နေ၏။ စည်းရိုးမဲ့သော အိမ်ဝင်းများဖြစ်၍ လွယ်လင့်တကူ အိမ်ဝိုင်းထဲဝင်ကာ စတင်းသေနတ်ကိုင်သူသည် အသင့်အနေအထားနှင့် ပတ်ဝန်းကျင်ကို လှည့်ပတ် ချိန်ရွယ်နေ၏။

ကျန်ဓားကိုင် (၃)ယောက်သည် လှေကားအတိုင်း တက်သွားကာ တံခါးကို တဒုန်းဒုန်းထု၍ နိုး၏။

"ဦးငွေလှ၊ တံခါးဖွင့်ပါ"

"ဒုန်း. . . ဒုန်း. . . ဒုန်း"

"ဦးငွေလှ တံခါးဖွင့်ပါ။ မဖွင့်ရင် အိမ်ကို မီးနဲ့ရှို့ပစ်မယ် မြန်မြန်ဖွင့်"

ထိုစဉ် အိမ်ကြီး၏ ကျောဘက်မှ ပြတင်းဖွင့်ကာ ဦးငွေလှ၏ဇနီး ဒေါ်ခင်စိန်က ဆူညံစွာ အော်ဟစ်လေ၏။

"ဓားပြပါတော့ ဓားပြပါ၊ လာကြပါဦး"

ဟု အသံကုန်အော်သောအခါ သေနတ်ကိုင်သော ဓားပြသည် အိမ်ဘက်ဆီ အာရုံရောက်ကာ လှည့်အကြည့်တွင် ဒင်္ဂါးသည် အမှောင်မှ ထွက်ကာ လျှပ်တစ်ပြက် ခေါင်းကို ပိုင်းချလိုက်သဖြင့် ဂုံးခနဲမြည်၍ ဝုန်းခနဲ ပစ်လဲလေ၏။

ဒင်္ဂါးသည် လျင်မြန်စွာ သေနတ်ကို ကောက်ကာ သူ့ဆီပြေးဆင်းလာသော ဓားပြ (၃) ဦးကို ချိန်ရွယ်၍-

"ဟေ့ကောင်တွေ၊ ငါလူမသတ်ချင်ဘူး။ နောက် ဒါမျိုးလုပ်ရင် အားလုံးသေဖို့ပြင်"

ဟု ကြိမ်းဝါးပြီး အမှောင်တွင် ပျောက်ကွယ်သွားလေ၏။ ဦးအောင်ရွှေတို့သည် ဓားဒဏ်ရာဖြင့် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com

နေသူကို ထမ်းကာ လာလမ်းသို့ ပြန်သွားကြလေ၏။

အချို့ချမ်းသာသူတို့သည်လည်းကောင်း၊ ကြောက်တတ်သူတို့သည်လည်းကောင်း၊ တောလျှိုအုံကြားတွင်သွား၍ ပုန်းအိပ်သူများရှိသလို အချို့လည်း အစွန်ကျသောရွာလေးများသို့သွား၍ ပုန်းခိုနေသောခေတ်ဖြစ်ရာ တောင်မင်း မြောက်မင်း မကယ်နိုင်ဟူဘိသို့ တစ်ဦး၏ဒုက္ခအား တစ်ဦးက လျစ်လျူရှုရသောခေတ် ဖြစ်၏။ မည်သူကမျှ မည်သူ့ကို ကယ်နိုင်စွမ်းမရှိကြပါ။

သို့ကြောင့် ကယ်ကြပါဦးဟူ အကူအညီတောင်းသော်လည်း ထွက်ရဲသူဟူ၍ မရှိခဲ့။ ဓားပြတိုက်ကြသည် ဟူရာတွင် သေနတ်မပါ၍မရ၊ သေနတ်ပါမှသာ တိုက်ရဲကြခြင်းဖြစ်ရာ ဓား၊ လှံမျှသာရှိသော သာမန်လူတို့သည် သေနတ်နှင့်ယှဉ်၍ လူစွမ်းကောင်းမလုပ်ရဲကြပါ။

ယခုသော်မူ ရှပ်ရှပ်ချွံချွံ တစ်ကိုယ်တော် လူစွမ်းကောင်းပေါ်ခဲ့၍သာ ဦးငွေလှတို့အိမ် ချမ်းသာရာရသွားခဲ့၏။

### ဒင်္ဂီးကိုသတ်ခဲ့သော ဝင့်ကြွေး

"ဟဲ့ - ဒင်္ဂီး၊ ထစမ်း။ နင့်ဥစ္စာဟယ် အိပ်လိုက်တာ အသေကောင်ကျနေတာပဲ"

"အမေကလည်းဗျာ၊ အစောကြီးရှိသေးတယ်"

"ဘာအစောကြီးလဲ၊ ဘုန်းကြီးကျောင်းသားတွေတောင် ဆွမ်းစားခေါင်းလောင်းထိုးပြီးပြီ"

"သြော် - ဟုတ်လား၊ သိပါဘူးဗျာ"

"သိပါဘူးလုပ်မနေနဲ့။နင့်အဖေတောထဲမှာအိပ်တာ ထမင်းစားချိန်ရောက်နေပြီ ခုထိ ပြန်မလာသေးဘူး၊ နေမှကောင်းရဲ့လားမသိဘူး။ အဲဒါနင်သွားကြည့်လိုက်ဦး"

"အင်းပါ - အမေရာ၊ အင်းပါ"

ဟု ပြောပြီး မထချင်ထချင်ဖြင့် အိပ်ရာမှထကာ ရွာတောင်ဘက်ရှိ လယ်တောထဲရှိရာသို့ ထွက်ခဲ့လေ၏။ လယ်တော၏ကုန်းကမူတွင် သီးပင်စားပင်တို့၏အရိပ်အောက်၌ လယ်တဲအကျဆောက်ကာ ဦးမြတ်စံသည် လယ်တော၌ အနေများလေ၏။

လယ်တောတွင် နွားများလွှတ်ချိန်ဖြစ်သော်လည်း ချည်ထားလျက်မြင်ရပြီး လူဟူ၍ အရိပ်အယောင်ပင်မတွေ့ရပါ။ အမေ ပြောသလို အဖေဖျားများနေရော့သလားဟူသော ပူပင်စိတ်ဖြင့် တဲထဲသို့ ခပ်သုတ်သုတ် ဝင်လိုက်၏။

"ဟာ"

ဒင်္ဂီး၏ ရင်ထဲ ဒိန်းခနဲ ခံစားလိုက်ရ၏။ သူ့ဖခင်ဦးမြတ်စံကား ရင်ဘတ်၌ ကောက်ဆွခေါ် ခက်ရင်းခွတန်းလန်းဖြင့် သေဆုံးနေသည်ကို တွေ့လိုက်ရလေ၏။

သူလုံးဝမျှော်လင့်မထားသောအရာဖြစ်သည်။ ဓားပြအုပ်စုသည် သူ့အသံကိုကျက်မိလေသလား၊ ဒင်္ဂီးဟူ၍သိသည်လား။ မျက်နှာကို သူတို့ကဲ့သို့ပင် ပုဆိုးစည်းထားပါသော်လည်း သူတို့သည် ကုလားမနိုင်ရခိုင်မဲ ဟူဘိသို့ ညတွင်းချင်းဝင် သူ့ဖခင်ကိုသတ်၍ လက်စားချေသွားခဲ့လေပြီ။

ဦးမြတ်စံကား ပြုခဲ့ဖူးသောကံသည် သံသရာအထိပင် မစောင့်တော့ဘဲ လက်ရှိဘဝ၌ပင် လက်ငင်းအကျိုးပေးကာ ခွေးကြီးဒင်္ဂီး သေသည့်ကဲ့သို့ အသေဆိုးဖြင့် သေခဲ့ရပြီ ဖြစ်သည်။

ဒင်္ဂီးသည် ဖခင်၏ရင်ဝမှ ခက်ရင်းခွကြီးကို ဆွဲနုတ်ကာ ဒေါသတကြီးအဝေးသို့ လွှင့်ပစ်လိုက်လေ၏။ သွေးများသည် စေးထန်းကာ ခြောက်သွေ့နေပေပြီ။ ပြီးမှ ဖခင်အလောင်းအား ကောက်ပွေ့ကာ တတွတ်တွတ်ပြော၍ ငိုကြွေးမိ၏။

"အဖေ၊ သားကို ခွင့်လွှတ်ပါ အဖေရာ။ အဖေ သေရတာ သားကြောင့်ပါ။ ဘဝတစ်လျှောက်လုံး အဖေ့ကို မကြင်နာခဲ့ပါဘူး။ အတိတ်က အရိပ်မည်းကြီးကြောင့် သားအဖေ့ကို ပစ်ထားမိတာပါ။ သားမှားခဲ့မိပါတယ်။ သားကို ခွင့်လွှတ်ပါ အဖေရာ ခွင့်လွှတ်ပါ"

ဟု ပြောပြီး အလောင်းကို အကြိမ်ကြိမ်ကန်တော့၏။ ပြီးမှ မျက်ရည်သုတ်ကာ -

"မင်းတို့ ဒင်္ဂီးလက်က လွတ်အောင်ပြေးကြစမ်းပါကွာ။ ငါ့အဖေက မင်းတို့လို လူယုတ်မာမဟုတ်ဘူး။ ငါ့အဖေနဲ့ မင်းတို့မိသားစု အသက်အလဲထပ်ပေါ့ကွာ"

ဟု ကြိမ်းဝါးရင်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်မိလေ၏။

### နောက်ကျသွားသော ဒင်္ဂီး

ဖခင်၏ အလောင်းအား လယ်တောအနီးတောမြေစပ်တွင် သဂြိုဟ်လိုက်ကြ၏။ ခေတ်ကာလကောင်းစဉ်ကကဲ့သို့ ဘုန်းကြီးပင့်၍သရဏဂုံတင်ခြင်းများ မပြုနိုင်။ ဒေါ်နှင်းမြိုင်၊ မထိုက်နှင့် ဒင်္ဂီး၏ သူငယ်ချင်း (၄) ဦးဖြင့်သာ သဂြိုဟ်လိုက်ကြ၏။ ဒေါ်နှင်းမြိုင်မှာ ဖြေမဆည်နိုင်ရှိရ၏။

မှောင်ရီပျိုးချိန်တွင် ဒင်္ဂီးသည် ဖွက်ထားသော သေနတ်ကိုထုတ်၍ စစ်ဆေးကြည့်လိုက်၏။ ကျည်ကပ်တွင် ကျည်အပြည့်ရှိနေသဖြင့် လွန်စွာ အားတက်သွားရသည်။ သေနတ်ကိုလွယ်၍ပုဆိုးကိုခြုံပြီး လမ်းမြောင်များအတိုင်း ဦးအောင်ရွှေတို့အိမ်ရှိရာသို့ လာခဲ့၏။

လမ်းတွင် တိတ်ဆိတ် ခြောက်ကပ်နေ၏။ အိမ်တို့တွင် မီးပင်မထွန်းရဲဘဲ တိတ်ဆိတ်ငြိမ်သက်စွာ နေကြလေ၏။ ဒင်္ဂီးသည် ဘုန်းကြီးကျောင်းသားဘဝ၌ ရပ်ကွက်များသို့ အလှည့်ကျ ဆွမ်းခံထွက်ရရာ ဘယ်သွားလျှင်ဘယ်ရောက်သည်။ ဘယ်သူ့အိမ်ဘယ်နားမှာရှိသည် ဆိုသည်မှာ သူ့အဖို့ အဆန်းမဟုတ်။ ဘယ်သူက ဘာစရိုက်ရှိသည်၊ ဘာလုပ်ကိုင်သည် ဆိုသည်ကိုပါ ခရေစေ့တွင်းကျ ဂဃနဏသိနေပြီး ဩကာသလို အလွတ်ရနေ၏။

နေပြည်တော် ပြန်ကပြေး နှစ်ဆောင်ပြိုင်ရပ်၏ အရှေ့မြောက်အစွန် ငလိုက်ချောင်းအနီးတွင် တည်ရှိနေသော ခြံကျယ်ကြီး၏ အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်၍ အကဲခတ်လိုက်၏။ အမှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုများအသင့်စောင့်နေကြသလား ဟူသောအသိဖြင့် အချိန်အတန်ကြာ စောင့်ကြည့်သော်လည်း ထူးမလာသဖြင့် ခဲတစ်လုံးကောက်ကာ အိမ်ဆီသို့ လှမ်းပစ်လိုက်၏။

"ဘုန်း. . ."

ဟူသော ထရံကိုထိမှန်သံသာ ကြားရသည်။ တုံ့ပြန်မှု မရှိပေ။ သို့ကြောင့် အတန်ကြာ အကဲခတ်ပြီး သေနတ်မောင်း ဆွဲတင်ကာ အလျင်အမြန် ပြေး၍ချဉ်းကပ်လိုက်၏။

အိမ်ကြီးမှာ သစ်လုံးတိုင်၊ ပျဉ်ခင်း၊ ထရံကာ၊ သက်ငယ်မိုး၊ သုံးပင်နှစ်ပင်အိမ်ကြီး ဖြစ်၏။ ကျင့်သားရနေသော နားနှင့် မျက်စိကို အလျင်အမြန် အသုံးချလိုက်၏။ ထူးခြားမှုတစ်စုံတစ်ရာမရှိပေ။

သို့ကြောင့် နာရီဝက်ကျော်ကျော် စောင့်ကြည့်သော်လည်း ထူးခြားခြင်းမရှိ၍ စစ်ဆေး ကြည့်ရှုရာ တစ်အိမ်လုံး တံခါးများပိတ်ကာ အခြားသော စစ်ပြေးဒုက္ခသည်များနည်းတူ တောထဲတွင်ပြေးသွားပုန်းအောင်းပြီဖြစ်ကြောင်း သိရလေတော့၏။

"တောက်"

ဒဂ်ီးသည် တောက်တစ်ချက်ပြင်းပြင်းခေါက်ကာ တစ်ဖက်အိမ်ဝင်းရှိ ကောက်ရိုးတစ်ပွေ့ ပွေ့ကာ အဖီချထားသော အောက်ခြေမီးဖိုဆောင်ခြေရင်းတွင်းပုံကာ မီးပုံတိုက်လိုက်လေ၏။ အိမ်ကြီးမှာ အချိန်တိုအတွင်း မီးလောင်ကာ ပြာကျသွားခဲ့လေတော့၏။ ကျယ်ဝန်းသောမြေတွင် စည်းရိုးအဖြစ် အပင်ကြီးများရှိသဖြင့် ပတ်ဝန်းကျင်သို့ ကူးစက်ခြင်းမရှိပေ။

**ဒဂ်ီးအတွက် သတင်းစကား**

"ဩော် - သမီး မထိုက်၊ လာလာ"

"ဒဂ်ီးကော အမေ"

"ညည်းမောင်တတော့ သိတဲ့အတိုင်းပါပဲအေ။ နေဖင်ထိုးမှတစ်ရေးနိုးတဲ့ကောင်"

"အမေ့ကိုပြောရဦးမယ်။ ရွာထဲမှာ သတင်းစကားတွေအမျိုးမျိုးပြောနေကြတယ် အမေရဲ့"

"ဘာများလဲအေ"

"ဟိုတစ်နေ့ညက အနောက်ပိုင်းသူဌေးရပ်ကွက်မှာ နှစ်ဆောင်ပြိုင်က ဦးအောင်ရွှေတို့အုပ်စု မားပြတိုက်တယ်တဲ့ အမေရဲ့။ အဲဒီမှာသေနတ်ကိုင်တဲ့လူကို အမှောင်ထဲက လူတစ်ယောက်ထွက်ပြီး မားနဲ့ပိုင်းလိုက်တာ ပွဲချင်းပြီးဆိုပဲ။ အဲဒီလူက သေနတ်ကောက်ယူပြီး အဲဒီမားပြတွေကိုမသတ်ဘဲ ဒီအတိုင်းထားခဲ့ပြီး ထွက်ပြေးသွားသတဲ့။ အဲဒီဦးအောင်ရွှေတို့က သူတို့သားအလောင်းကိုထမ်းပြီး ပြန်သွားသတဲ့။ မနက်မိုးလင်းတော့ သွေးအိုင်ကြီးတွေ့ရတယ်လို့ဆိုတယ်"

"အဲဒီလူစွမ်းကောင်းက ဘယ်သူတုံး သမီးရဲ့"

"လူတွေက ဒဂ်ီးကို ထင်ကြေးပေးနေကြတယ် အမေရဲ့"

"မဟုတ်နိုင်ပါဘူး သမီးရယ်။ ညည်းမောင်က အရက်သောက်ဖို့လောက်ပဲ စိတ်ဝင်စားတဲ့အကောင်ပါ"

"လူတွေအထင်ပေါ့ အမေရယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့ညမှာပဲ အဘဦးမြတ်စံ အသတ်ခံလိုက်ရတယ်လေ။ သတ်တာမှ သူ့ခက်ရင်းနဲ့ သူ့ကို ပြန်ထိုးသတ်သွားတာ။ အဲဒါ ဒဂ်ီးကိုမနိုင်လို့ တောထဲနေတဲ့အဖေကိုသွားသတ်ပစ်လိုက်ကြတာတဲ့။ ကွက်မနိုင် ကျီကို မီးနဲ့ရှို့သလိုပေါ့ အမေရယ်"

"ဒီကောင် ဒီလောက်ထိတော့ စွမ်းမယ်မထင်ပါဘူးဟယ်"

"အဲဒီမှာ အမေရေ၊ ဦးအောင်ရွှေတို့မိသားစု အထုပ်အပိုးတွေပြင်ပြီး ဆိတ်နံတုန်းရွာနဲ့ ညောင်ပင်ကြီးကိုဖြတ်ပြီး အနောက်တောထဲပြေးကုန်ကြသတဲ့"

"အေးလေ - ဟုတ်တာပေါ့၊ သေနတ်လေးတစ်လက် ရှိပါတယ်။ ပါသွားတော့ ကြောက်ပြီလေ၊ ပြေးမှာပေါ့။ အဲဒီ ကွေ့လည်ကြီး၊ ပိတောက်မြောင်၊ လယ်တာကြီးတစ်လျှောက်တို့ရွာတလူတွေ အတော်များများသွားပုန်းနေကြတာတဲ့။ အဲဒီမှာက လုံခြုံတယ်လေ။ ညည်းတို့ငါတို့သာ ဘုရားတ,ရင်း ရွာမှာကျန်နေကြတာ"

"ဒါထက် အမေ၊ တစ်ဆက်တည်း ပြောရဦးမယ်။ မနေ့ညက ဦးရွှေအောင်တို့ အိမ်ကြီး မီးလောင်ပြီး ပြာကျသွားခဲ့ပြီ"

"အေးဟယ်- သူတို့က အုပ်စုနဲ့မိုက်နေတဲ့လူတွေဆိုတော့ လူတကာမုန်းနေတာပေါ့ကွယ်။ အမြင်ကတ်သူတစ်ဦးဦးက ရှို့တာဖြစ်မှာပေါ့"

"သမီးကတော့ ဒဂ်ီး ရှို့တာပဲဖြစ်စေချင်တာ၊ အဘကို သတ်တာအဲဒီအုပ်စုလို့ သမီး ထင်တယ်"

"သမီးရယ်၊ လျှောက်မပြောပါနဲ့။ တစ်နေ့တရားဥပဒေစိုးမိုးလာရင် ငါ့သားအမှုပတ်နေပါဦးမယ်ဟယ်"

"အို- အမေကလည်း၊ တရားသဖြင့်ပြုရင် အဲဒါတရားသေစစ်ဆင်ရေးအမေရဲ့။ ပြည်သူ့ဘက်က ကာကွယ်တာလေ ဘာဖြစ်လဲ"

"ဘာဖြစ်ဖြစ်ပေါ့ သမီးရယ်၊ တစ်ပူပေါ်တစ်ပူ မဆင့်ချင်တော့ပါဘူးကွယ်"

ပြောသမျှတို့ကို ဒဂ်ီး နံရံသာခြားလျက် အတိုင်းသား ကြားနေရလေ၏။ ဒဂ်ီးအတွက် သတင်းစကားကို မထိုက် သယ်ယူလာခဲ့ပေပြီ။ ရွာတွင်းသို့ လှည့်လည် စုံစမ်းစရာ မလိုတော့။

ကွေ့လည်ကြီး၊ ပိတောက်မြောင်၊ လယ်တာကြီး သည်တောသည်မြောင်တို့သည် တောနက်သော လျှိုမြောင်ကြီးများဖြစ်ကာ စစ်ခိုလှုံသူ အများအပြား တည်ရှိနေ၏။

သည်နေရာတွေမှာ ဦးအောင်ရွှေမိသားစု အမှန်တကယ် ရှိနေပေမည်။ ဒဂ်ီးသည် အိပ်ရာမှ ထလိုက်၏။

'ငါ့လက်က လွတ်အောင်ပြေးထားစမ်းပါကွာ'

**ဒဂ်ီးနှင့် ခင်အောင်**

ဒဂ်ီး အိပ်ရာမှ ထလိုက်လျှင် မထိုက်က အားနာသွားဟန် ရှိ၏။

"ဒဂ်ီးလည်း ငါ့ကြောင့် အိပ်ရာနိုးသွားဟန်တူတယ်"

"မဟုတ်ပါဘူး၊ နိုးနေတာကြာပါပြီ။ နားထောင်ကောင်းတာနဲ့ နားထောင်နေတာ။ အတင်းတွေရော သတင်းတွေရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ခွေးကောင်-ငါ့ကိုများအတင်းလည်ပြောတဲ့မိန်းမကျလို့"

ဒဂ်ီးဘာမှမပြန်ပြောမနေဘဲ ထမင်းမြန်မြန်စားကာ ဝါးခမောက်ကောက်ဆောင်းပြီး ကိုင်းခုတ်ဓားဆွဲကာ အိမ်မှထွက်ခဲ့လေ၏။ သူ ဦးတည်ရာ ပိတောက်မြောင်ဘက်သို့ဖြစ်၏။

ညောင်ပင်ကြီးစုရွာလွန်၍ အနောက်သို့သွားသော လှည်းလမ်းသည် ပိတောက်မြောင်သို့သွားရာလမ်းဖြစ်သည်။ လိုအပ်သမျှသောသစ်ဝါး၊ ထင်းတို့ကို တောတွင် အလျှံပယ် ပေါကြွယ်ဝသဖြင့် ဒေသ၏အားထားရာ တောနက်ဖြစ်ပြီး ထူထပ်သဖြင့် စစ်ပြေးသူတို့၏ ခိုလှုံရာလည်းဖြစ်လာခဲ့၏။

ဒဂ်ီးသည် တတ်နိုင်သမျှ မျက်စိလျှင်လျှင်၊ နားယဉ်ယဉ်ဖြင့် လာခဲ့ခြင်း ဖြစ်၏။ သူကား ပျောက်သောသူများကို ရှာရန်ဖြစ်ရာ လူအမြင်ခံ၍ သိပ်မဖြစ်ပေ။

အဝေးတွင် ယောကျ်ားတစ်ဦးလာနေသည်ကိုမြင်ရရာ ဖျတ်ခနဲ ချုံကွယ်တွင်ကနေပြီး စောင့်ကြည့်နေလိုက်၏။ အနီးရောက်သော် သူငယ်ချင်း သောက်ဖော်သောက်ဖက်၊ ကျောင်းနေဖက် ခင်အောင် ဖြစ်၍နေလေ၏။

ထို့ကြောင့် ချုံရိပ်တွင် ထိုင်နားနေဟန်ပြုကာ အသံပြုလိုက်၏။

"ဟေ့- ခင်အောင်"

"ဟာ- ဒဂ်ီး မင်းက တောထဲတောင်ထဲလာရအောင် တောထဲပြေးဝင်မလို့လား"

"ဒီလိုပေါ့ကွာ၊ အရေးဆို တောထဲပြေးလာရအောင် သွားလမ်းလာလမ်းလေးတွေ ကြည့်ထားရတာကွ။ ခုချိန်တော့ အရေးဆို ပုန်းကျင်းထဲဝင်ပုန်းရတာပေါ့ကွာ။ ဒါထက် မင်းကကော"

"ငါ ရွာထဲဘက် ဆန်လေး၊စားစရာလေး သွားရှာရဦးမှာကွ။ ငါ့မှာက မိန်းမနဲ့ကလေးတွေနဲ့ဆိုတော့ မင်းတို့လို မနေရဲဘူးဟ။ အရေးဆို လူကြီးတွေက ပြေးနိုင်တယ်၊ ကလေးတွေက မပြေးနိုင်ဘူး။ အဲဒါကြောင့် တောထဲမှာ ပုန်းနေရတာက အစားဆင်းရဲတာကလွဲရင် အန္တရာယ်ကင်းတယ်ကွ။ အိမ်မှာနေရတာနဲ့တော့ ဘယ်တူမှာလဲကွာ"

"ဪ - ဒါထက် ဒီမှာ နှစ်ဆောင်ပြိုင်က ဟိုန္စားတွေ၊ ဝက်တွေ ခိုးခိုးသတ်ရောင်းတဲ့ ဦးအောင်ရွှေအုပ်စု မင်းတို့ဆီမှာလား"

"ဟုတ်တော့ဟုတ်တယ်။ ဒါပေမယ့် သူတို့က ပိုက်ဆံတတ်နိုင်တယ်ကွ။ မင်း ဆိတ်နံတုန်းက ဦးတာနော ရဲ့ လယ်တော သိလား"

"သိတယ်"

"အဲဒီလယ်တောထဲမှာ ဦးတာနောဆီ ရွှေပေးပြီး အခန့်သားနေနေတယ်လို့ကြားတယ်ကွ။ ဦးတာနောတို့တောင် ကျွဲတင်းကုပ်ထဲရွှေ့နေကြတာ။ ဘာလဲ၊ မင်းက သူတို့နဲ့ သွားပေါင်းနေတာလား"

"မဟုတ်ရပါဘူး သူငယ်ချင်းရာ၊ ငါ့အကြောင်းလည်း မင်းတို့သိပါတယ်။ ငါက သူတို့ကို အကြွေးဆပ်စရာရှိနေလို့ကွ။ သူတို့ ခုချိန်မသေစေချင်ဘူး၊ ငါ့အကြွေးဆပ်ပြီးရင်တော့ သေချင်သေပေါ့ကွာ။ နို့မို့ရင် အကြွေးက သံသရာအထိပါမှာစိုးလို့ကွ"

"အေးလေ- ဒါလည်းဟုတ်တာပဲ။ ကဲ- ငါသွားဦးမယ် သူငယ်ချင်း။ နောက်မှတွေ့ကြတာပေါ့ကွာ"

ဟု နှုတ်ဆက်ကာ ခင်အောင် ခပ်သုတ်သုတ်သွားလေသည်။

ဒဂ်ီးသည် တစ်ဦးတည်း ကျိတ်ရယ်ကာ ခေတ္တအကြာတွင် ရှေ့မဆက်တော့ဘဲ နောက်ကြောင်းသို့ ပြန်ခဲ့လေတော့၏။ သိလိုရာသိခဲ့ရပြီဖြစ်ရာ ကံတရားသည် ဒဂ်ီးဘက်တွင် အလေးသာ၍နေခဲ့လေတော့၏။

### သွေးကြွေးဆပ်တဲ့ ဒဂ်ီး

ဒဂ်ီးသည် အရက်တစ်ခွက်သောက်ကာ ထမင်းကို အဝစားလိုက်၏။ ညနေ (၄) နာရီခန့်ရှိပြီဖြစ်ရာ ပိတောက်မြောင်အရောက် ခရီးအသော့နှင်ရမည်ဖြစ်ရာ ဓားမြှောင်နှင့် ကျည်ကတ်ကို ခါးထိုးကာ သေနတ်ကို လွယ်လိုက်ပြီး ဖျည်စောင်တစ်ထည်ခြုံလိုက်၏။ ဝါးဖတ်ခမောက်ကို မေးသိုင်းကြိုးချည်ကာ အကျႌဆောင်းပြီး ကိုင်းခုတ်ဓားဆွဲကာ ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏။

ဒီခရီးဒီလမ်းတွေ ဆိုသည်မှာက ဒဂ်ီးအတွက် အဆန်းမဟုတ်ခဲ့။ ရှာနီးချုပ်စပ်နှင့် တောတောင်တို့သို့ ဒဂ်ီး စီးပွားရေးအတွက် မဟုတ်ဘဲ ပျော်ရန်ပါးရန်ရောက်ခဲ့ဖူး၏။

ပိတောက်မြောင် ဦးတာနော၏ လယ်တောကား ကျယ်ကျယ်ဝန်းဝန်း မဟုတ်။ ငါးလိုက်ချောင်း၏မြောက်ဘက်ခြမ်း ပြန့်ကလေးတွင် လယ်ကွက်များတွင်ထားကာ လယ်တည်ထားခြင်း ဖြစ်၏။ ဝန်းကျင်တွင်တောနက်တို့ ပိတ်ကာထား၏။

နေဝင်ရီးရီတွင် ဒဂ်ီးသည် လယ်စပ်ရှိ တောတွင်းသို့ ရောက်နေခဲ့ပြီး အရွက်ထူသော သစ်ပင်ပေါ်မှ လယ်တဲရှိရာသို့ လှမ်းလေ့လာနေမိ၏။

သူတို့မိသားစုသည် မျက်နှာစာရှိ ချောင်းဘက်ကို မျက်နှာမူကာ ထိုင်ပြီး စကားပြောနေကြ၏။ အပူအပင်ကင်းမဲ့သော ဟန်ပန်အနေအထားတို့ကိုမြင်ရရာ သူတို့သည် ရန်သူကို လျှော့တွက်ထားဟန် ရှိ၏။

ဒဂ်ီးမှာ အချိန်ကို မနှောင့်နှေးစေဘဲ တရစပ် လှုပ်ရှားနေသူ ဖြစ်သည်။ မနေ့ညက အိမ်ကိုမီးရှို့ပြီးခဲ့ပြီ။ ယနေ့ည သွေးကြွေးဆပ်ရင်း သင့်စောင့်ဆိုင်းနေလေပြီ။

'ဒဂ်ီးဆိုတာ အဝိုင်းလား၊ လေးထောင့်လား၊ ပြားပြားလား၊ လုံးလုံးလားဆိုတာ မင်းတို့ သိရတော့မှာပါကွာ။ ဒဂ်ီး ဆိုတာ အပျော့စား ခဲဒဂ်ီးမဟုတ်ဘူးကွ။ ငွေနဲ့ လုပ်ထားတဲ့ ငွေဒဂ်ီး။ ငွေဒဂ်ီး ဆိုတာ အပြင်းစားမီးနဲ့ လုပ်ထားတာ။ ဘယ်လောက်မာတယ်ဆိုတာ မင်းတို့သိရစေမယ်'

ဟု ကျိတ်၍ ကြိမ်ဝါးနေမိ၏။ မှောင်ရီပျိုးခဲ့ပေပြီ။ ထိုမှောင်ရီပျိုးချိန်သည်ကား မိသားစုထမင်းဝိုင်းစားချိန်ဖြစ်လေ၏။ ဤအချိန်ကို လက်လွှတ်ခံ၍မရမှန်း ဒဂ်ီးသိသဖြင့် သစ်ပင်ပေါ်မှဆင်းကာ ကျည်ကတ်ထိုးပြီး မောင်းတင်လိုက်၏။

ခြုံထားသောစောင်ကိုခွာချကာ



www.burmeseclassic.com

www.burmeseclassic.com

ထိုအပြုံးနောက်ကွယ်တွင် အဓိပ္ပာယ်တစ်ခုခု သက်ရောက်နေ၏။

"အောင်မလေး - ငါ့သားက ဒီနေ့ အဝတ်သစ်တွေနဲ့ သပ်သပ်ရပ်ရပ်ပါလား။ ကဲ- သားနဲ့ သမီးတို့ ဘာကိစ္စလဲပြောကြ။ အမေ့ကို အားမနာနဲ့နော်"

"ကဲ- မမထိုက်၊ အမေ့ကို ကန်တော့"

ဟု ခိုင်းပြီး ဦးဆောင်၍ ကန်တော့ရာ မထိုက်ကလည်း ဘာမသိညာမသိလိုက်၍ကန်တော့ရ၏။ ကန်တော့ပြီးသောအခါ ဒင်္ဂါးက-

"အမေ၊ အမေ့ကို ခွင့်ပန်စရာရှိတယ်"

"ဒါများ သားရယ်။ အမေက နဂိုကတည်းက သဘောပေါက်ပြီးသား၊ သဘောတူပြီးသား ဟုတ်ဖူးလား သမီးရယ်"

ဟု မထိုက်၏ဆံနွယ်ကိုပါ ချည်ပြီးတုပ်ပြီး ပြောလိုက်လေ၏။

မထိုက်မှာ အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ရှာ၏။ ရှက်လွန်း၍ ခေါင်းငုံ့ပြီး မျက်နှာရဲနေ၏။

ဒင်္ဂါးသည် ပျာပျာသလဲပင်ပြန်၍ဖြေရှင်း၏။

"အို- အမေကလည်းဗျာ၊ ဘာတွေလျှောက်ပြောနေတာတုံး။ မမထိုက်ကို အတူတူခေါ်ခဲ့တာက သားရဲ့မမအရင်းအဖြစ် သတ်မှတ်ပေးပြီး သားရဲ့ခံစားခွင့်တွေကို သားရဲ့ကိုယ်စား မမကို မွေးစားပြီး ခံစားခွင့်တွေပေးဖို့ပါ"

"သားရယ်၊ အမေတော့ နားမလည်နိုင်တော့ပါဘူးကွယ်"

"မမထိုက်၊ ကျွန်တော့်ကို ခွင့်လွှတ် နားလည်ပေးပါ ကျွန်တော်တောင်းပန်ပါတယ်။ ဒီလိုပါ အမေ၊ သားလူ့လောကကြီးကို ငြီးငွေ့သွားခဲ့ပါပြီ။ သားဘယ်ဘဝကလာတယ်ဆိုတာ အမေ သိပါတယ်၊ အဲဒီအပါယ်ဘုံကြီးကိုပြန်သွားရမှာ ကြောက်တယ်အမေ။ အဲဒါကြောင့် သား ဒီနေ့ သာသနာ့ဘောင်ဝင်မယ်။ သာသနာ့ဘောင်ဝင်ပြီးရင်လည်း သံယောဇဉ်တွေ ဖြတ်တောက်ပြီး သံယောဇဉ်တွေနဲ့ ကင်းဝေးသမျှ ကင်းဝေးအောင်သား ကျင့်ကြံချင်တယ်။ အဲဒါကြောင့် သား အားလုံးကို စွန့်ခွာဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မမထိုက်ကို သမီးအဖြစ်သတ်မှတ်ပြီး သားရထိုက်တဲ့အမွေတွေအားလုံး မထိုက်ကို လွှဲလိုက်ပါတယ်။ မထိုက်ကို သမီးအရင်းလိုသတ်မှတ်ပါ အမေ"

"ဖြစ်မှဖြစ်ရလေ သားရယ်"

ဟု ပြောကာ ဒေါ်နှင်းမြိုင်နှင့်မထိုက်တို့ မျက်ရည်ကျကြ၏။ ပြီးမှ မျက်ရည်သုတ်ကာ ဖြေသိမ့်စကားဆို၏။

"အေးပေါ့ သားရယ်၊ သားက ကောင်းရာဘဝကို သွားတာ အမေမတားမြစ်ပါဘူး။ သားဘယ်မှာသွားဝတ်မလဲ"

"ကျွန်တော် မှန်ကျောင်းကယ်ဆရာ ဘုန်းတော်ကြီးဆီမှာပဲ ကိုရင်ဝတ်မယ်။ ကိုရင်ဘဝနဲ့ ခရီးစထွက်မယ်။ သင့်ရာအရပ်မှာ တရားအားထုတ်မယ် အမေ"

"သာဓုပါ သားရယ်၊ သာဓုပါ။ သမီးလေးကတော့ အမေ့သမီးလေးဖြစ်သွားခဲ့ပြီပေါ့"

"အမေ့ကို ထာဝရ စောင့်ရှောက်ပါ့မယ် အမေ"

"သာဓုပါ သမီးရယ်၊ သာဓု၊ သာဓု။ ကဲ- အချိန်ရှိတုန်း မှန်ကျောင်းသွားကြစို့"

ဟု တိုင်ပင်ကာ မှန်ကျောင်းသို့ ထွက်ခဲ့ကြ၏။

ဘုန်းတော်ကြီး ဦးနန္ဒောဘာသမှာမူ ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေပြီး ဆံချကာ သာမဏေဘောင်အတွင်း သွတ်သွင်းချီးမြှင့်ပေးလေ၏။

**ထာဝရ ပျောက်ကွယ်သွားသော ဒင်္ဂါး**

ဂျပန်များ ခစ်နိုင်သဖြင့် အင်္ဂလိပ်များ အိန္ဒိယသို့ အကွဲကွဲအပြဲပြဲဖြင့် ဆုတ်ခွာ ထွက်ပြေးသွားရ၏။ ထိုအခါ မြန်မာနိုင်ငံသည် ဖက်ဆစ်ဂျပန်တို့၏လက်အောက်ရောက်ကာ ပြည်သူတို့သည် ဖွပ်သည်ထက်ညစ်ဆိုသလို ဖြစ်ကြရပြန်၏။

'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး' ဟူသော စကားအတိုင်းပင် အားကိုးမိသော ကိုရွှေဂျပန်တို့ လက်စွမ်းပြမှုကြောင့် မြန်မာနိုင်ငံသူနိုင်ငံသားတို့ မရှုမလှခံစားကြရပြန်၏။

(၃) နှစ်မျှကြာသောအခါ မြန်မာနှင့် အင်္ဂလိပ်တို့ပေါင်းလျက် ဂျပန်တို့ကို မောင်းထုတ်ရပြန်၏။ ထိုအခါ ဒုတိယအကြိမ် စစ်မီးလောင်ပြန်ရာ မြန်မာနိုင်ငံသည် ပြာပုံဘဝရောက်ခဲ့ရ၏။

ထိုစစ်ဘေးစစ်ဒဏ်ကြောင့် လူအများအပြားသေဆုံးကြသော်လည်း ကံကောင်းထောက်မစွာ ဒေါ်နှင်းမြိုင်နှင့်မထိုက်တို့ မသေမပျောက်ရှိခဲ့လေ၏။

စစ်ဘေးစစ်ဒဏ်ပြီးသော် လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းသောင်းကျန်းမှုတို့ တစ်စခန်းထလာပြန်၍ လောဘ၊ ဒေါသ၊ မောဟမီးကြီးစွာလောင်နေသော လူ့လောကကြီးကို သတိသံဝေဂဖြင့်ဆင်ခြင်ကာ သာသနာ့နွယ်ဝင် သီလရှင်ဘဝသို့ ဒေါ်နှင်းမြိုင် ကူးပြောင်းကာ ကျောင်းကြီးကျောင်းစောင်းတန်း အနောက်ဘက်ရှိ သီလရှင်များကျောင်းတွင် သီတင်းသုံး နေထိုင်တော့၏။

မထိုက်သည် လယ်များသီးစားချကာ သီလရှင်ကြီး မပူပင် မတောင့်တရအောင် စောင့်ရှောက်ပေး၏။ ကိုရင်ကြီးဒင်္ဂါးမှာမူ ဘယ်ဆီရောက်၍ဘယ်ဆီပေါက်သည် မည်သူမျှမသိတော့ပါ။ နောက်နောင်တွင်လည်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးသို့ ပြန်လည် ရောက်လာသည်ဟု မကြားရတော့ပါ။

သို့သော် အပျိုကြီးမထိုက်၏ ရင်တွင် ဒင်္ဂါး ဟူသော ကောင်လေးကား ထာဝရရှိနေပါသည်။

ထိုမှစ၍ ခွေးဝင်စားဒင်္ဂါးအား လူတို့ တဖြည်းဖြည်းမေ့ခဲ့ရာ ဒင်္ဂါးကို သိမိသူ တစ်ဦးမှမရှိတော့ပြီ။ ကြားဖူးသူပင် ရှားပါးလောက်ပေပြီ။ ကျွန်ုပ်မှာမူ အဘွား အမြဲ ပြောပြသဖြင့် အမှတ်တရရှိနေဆဲပင်။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

နိမိတ် -

ဆိုလိုက်တာနဲ့ -

နိမိတ်ကောင်းနဲ့ နိမိတ်ဆိုး ဆိုတာ လူတိုင်းသိပြီးသားပါ။

လူတိုင်းလူတိုင်းဟာ ကျန်းမာခြင်း၊ ချမ်းသာခြင်းကိုဖြစ်စေတဲ့ နိမိတ်ကောင်းဆောင်ချင်ကြတာများ ပါတယ်။

'သူငယ်ချင်း၊ မင်းတော့ မကြာခင်မှာ ဒုက္ခတွေရောက်၊ အမှုတွေဖြစ်၊ ထောင်တွေကျပြီး အဲဒီကပြန်ထွက်လာတာနဲ့ လေဖြတ်လိမ့်မယ်။ သတိသာထားလေတော့' လို့ လူတစ်ယောက်ကို ပြောကြည့်လိုက်ပါ။

အပြောခံရသူဟာ ဘယ်လိုမှ လက်ခံမှာမဟုတ်ပါဘူး။ 'ဟေ-ဟုတ်လား၊ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ။ ခုလိုငါဒုက္ခရောက်မှာကိုပြောပြတဲ့အတွက် မင်းကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး' လို့ ဘယ်သူမှပြန်ပြောမှမဟုတ်ပါဘူး။ ဒါကိုသတိထားမိရင် လူတိုင်းဟာ နိမိတ်ကောင်းကိုသာဖြစ်ချင်ကြတာ၊ နိမိတ်ကောင်းကိုသာ ကြားချင်တာ ထင်ရှားပါတယ်။

ဟိုးတုန်းကတည်းက မကြာခဏ ရေးခဲ့ဖူးပါတယ်။

ကလေးတွေ စာမေးပွဲဖြေတော့မယ်ဆိုရင် ကလေးတွေအတွက် အကြံပြုတဲ့ ဆောင်းပါးတိုင်းလိုလိုမှာ ရေးခဲ့ဖူးပါတယ်။

တစ်ယောက်နဲ့ တစ်ယောက် 'ဟေ့ကောင်၊ မင်းဘယ်အခန်းမှာကျလဲ' လို့ မေးရင် လုံးဝ ပြန်မပြောနဲ့။ 'မင်းဘယ်အခန်းမှာဖြေရမလဲ' ဆိုမှ ပြန်ပြောဆိုပြီးတော့ နှစ်စဉ်ရေးပြခဲ့ပါတယ်။

ဒါဟာ ကိုယ်တိုင် ဖန်တီးတာ မဟုတ်ပါဘူး။

တစ်နေ့ စာမေးပွဲဖြေကြတော့မယ့်ကလေးတွေအနားကနေလျှောက်သွားမိရင်း ကလေးတစ်ယောက်က တခြားတစ်ယောက်ကို လှမ်းမေးလိုက်တာနဲ့ တစ်ဖက်က ကလေးက ခုနလိုကောက်ကာငင်ကာ ထပြောလိုက်တာပါပဲ။ တကယ်သဘောကျသွားမိပါတယ်။ ဟာ - ဒီလိုနိမိတ်မျိုးကို ကလေးလေးတွေပါ လက်မခံပါလားဆိုပြီး မှတ်သားထားလိုက်ရာက နှစ်စဉ် ကလေးတွေအတွက် စာမေးပွဲအကြံပြုဆောင်းပါးတိုင်းမှာ ဒီစကား

## နိမိတ်ကောင်းယူ အညွန့်တလူလူအတွက်

# သူရဋ္ဌလက်ဆောင်

(ရင်ကိုအေးမြစေသော)

## ဆရာဦးမောင်မောင်သန်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကို ရေးဖြစ်ခဲ့တာပါ။ ဒီလို နှစ်စဉ်ရေးနိုင်အောင် အသိပညာပေးသလိုမျိုး ပြောသွားတဲ့ ကလေးဟာ အဲဒီတုန်းက (၆)တန်း၊ (၇)တန်းအရွယ်လေးပဲ ရှိသေးတယ်။

ဒါကြောင့် -

လူကြီးမပြောနဲ့၊ ကလေးတွေတောင် နိမိတ်ဆိုးကို သိပ်လက်မခံချင်ကြပါဘူး။ အဲဒါလေးဟာ သူတို့အရွယ်နဲ့ သူတို့နဲ့ ပတ်သက်တဲ့ နိမိတ်စကားပါ။ သူတို့အရွယ်လေးနဲ့သူတို့ ပတ်ဝန်းကျင်မှာ သူတို့လက်မခံတဲ့ စကားပါ။

ဒီလိုပါပဲ။

အရွယ်လေးရလာကြပြီဆိုရင်လည်းရတဲ့အလျောက်-

စီးပွားဥစ္စာရှာကြပြီဆိုရင်လည်း ရှာကြပြီဆိုတဲ့အလျောက် -

နိမိတ်ကောင်းသာ ဆောင်ချင်ကြတာ များပါတယ်။

'သူငယ်ချင်းရာ၊ မင်းစီးပွားက မကြာခင်ပြုတ်ပြုတ်ပြုန်းတော့မှာကွ ဝမ်းသာစရာကြီး' လို့ ဘယ်သူမှပြောမှာမဟုတ်သလို အဲဒီလိုပြောလာပြန်ရင်လည်း ဘယ်သူမှလက်ခံမှာမဟုတ်ပါဘူး။

ဒါဖြင့် -

ပြောစရာတွေရှိလာပါပြီ။

တစ်ခါက လူတစ်ယောက်ဟာ စီးပွားရေးတစ်ခုကိုလုပ်ခဲ့ပါတယ်။ ဒီစီးပွားရေးဟာ သူတစ်ယောက်တည်းလုပ်ရလို့မရပါဘူး။ လူလေးငါးဆယ်ယောက်လောက်နဲ့ လုပ်ရတာပါ။ အဲဒီမှာ အဲဒီစီးပွားနဲ့ ပတ်သက်တဲ့ လုပ်ငန်းခွင်ထဲမှာ လုပ်ကွက်တစ်ခုပြီးတိုင်း သူနဲ့အတူစီးပွားလုပ်ဖက်တွေ ပါးစပ်က ပြုတ်တယ်၊ ပြုတ်တယ်လို့ချည်း ပြောကြပါတယ်။ အဲဒီလိုတွေ အားရပါးရ ပြောလာကြပါများတော့ လုပ်ငန်းရှင်က ဟာ - အဲဒီစကားကြီးက ကြောက်စရာကြီး၊ ဘာလို့အဲလို ပြောကြတာလဲလို့ မေးတော့ ဒီလိုပဲ ပြောကြလေ့ရှိတယ်ဆိုပြီး ပြန်ပြောကြရုံမက လုပ်ငန်းတောက်လျှောက် အဲဒီလိုချည်းပဲ ပြောနေကြပါတော့တယ်။

အဲဒီလုပ်ငန်းရှင်ဟာ အဲဒီစီးပွားတကယ်ပဲ ပြုတ်သွားပါတယ်။ ပြုတ်သွားတာမှနာလန်ကိုမထူတော့ပါဘူး။ ပြုတ်တယ်၊ ပြုတ်တယ်ပြောခဲ့တဲ့သူတွေလည်း အဲဒီလုပ်ငန်းခွင်တွေကနေ ပျောက်ကွယ်သွားကြပါပြီ။ ဘာမှဖြစ်မလာတော့ပါဘူး။ သူတို့ရဲ့ ဆင်ခြေက ပြုတ်တယ်ဆိုတာ အောင်မြင်





www.burmeseclassic.com

www.burmeseclassic.com

တာကို ပြောတာဆိုပြီး ဟိုလုပ်ငန်းရှင်ကို ပြန်ပြောခဲ့ကြပါသေးတယ်။ ဒါပေမယ့် အဓိပ္ပာယ်အရ ပြုတ်သွားခဲ့ရတာက လုပ်ငန်းရှင်ဖြစ်သွားရရှာပါတယ်။

ဒါဟာ လက်တွေ့ စီးပွားရေးလုပ်ငန်းခွင်ထဲမှာ ထိရှခဲ့တဲ့ နိမိတ်ဆိုးစကားရဲ့ သက်ရောက်ခဲ့မှုပါပဲ။

နိမိတ်ဆိုးလို့ ဘာလို့ပြောတာလဲ။

ဆိုကြပါစို့။

လူတစ်ယောက်ဟာ လုပ်ငန်းတစ်ခု စတင်ဖို့ အချိန်ကောင်းအခါကောင်းတွေရွေးပြီး မင်္ဂလာရှိရှိနဲ့ ကုမ္ပဏီဖွင့်ပွဲ ဒါမှမဟုတ် ဆိုင်ဖွင့်ပွဲ တစ်ခုခုပြုလုပ်ပြီ ဆိုပါတော့။

အဲဒီအချိန်မှာ လူတစ်ယောက်က အဲဒီလုပ်ငန်းရှင်ကို 'ခင်ဗျားလုပ်ငန်းတော့ပြုတ်ပြီ' လို့ ပြောလိုက်ရင်-

ဒါဖြင့် ပြောတဲ့လူက ဆင်ခြေပေးမယ်။ 'ပြုတ်တယ်ဆိုတာ အောင်မြင်သွားပြီလို့ ပြောတာလေဗျာ၊ ခင်ဗျားကလည်း' လို့ဆိုရင်ကော ဟိုလုပ်ငန်းရှင် ကျေနပ်ပါ့မလား။ သူ့ရင်ထဲမှာ ဘယ့်နှယ်နေမလဲ။

'သူငယ်ချင်းရာ၊ ငါရာထူးတက်ပါ့မလားကွာ' လို့ ဆိုလာတဲ့ သူငယ်ချင်းကို 'ဟေ့သူငယ်ချင်း၊ မင်းပြုတ်ပြီ' လို့ ပြောရင်ကော။ မေးတဲ့သူငယ်ချင်း မျက်လုံးပြူးမသွားလောက်ဘူးလား။

ဒါအဓိပ္ပာယ်တစ်မျိုးထွက်နေတဲ့စကားဖြစ်လို့ အောင်မြင်မှုနဲ့ ပတ်သက်တဲ့ နေရာမျိုးတွေမှာ သုံးနှုန်းတော့မယ်ဆိုရင် အကြိမ်ကြိမ်အထပ်ထပ် စဉ်းစားလိုက်ပါ။ နှုတ်က အသံထွက်ပြီး သုံးနှုန်းကြည့်ပါ။

ဒီလိုတွေသုံးခဲ့လို့ အောင်မြင်နေပါတယ် ဆိုရင်တော့ သုံးပါ။

ဒီလိုတွေသုံးခဲ့လို့ အများကြီးထိခဲ့ရပါပြီဆိုရင်တော့ ဆက်ပြီးသုံးသင့်၊ မသုံးသင့် ကိုယ့်ကိုယ်ကိုယ်ပြန်ဝေဖန်ကြည့်လိုက်ပါ။

သုံးရတဲ့နေရာက တခြားမျိုးပါ။

'ဟဲ့- ပြောင်းဖူးလေးတွေ ဘားသွားဦး။ မီးဖုတ်ပေးရမလား ပြုတ်ပေးရမလား' ဆိုလိုက်တာနဲ့ ပြောင်းဖူးပြုတ်ကြိုက်တဲ့သူက 'ပြုတ်ပေးပါ' လို့ပဲ ပြောမှာ။

'ဟင်းရွက်ဟင်းသီးလေးတွေ ပြုတ်မှ စားလို့နူးညံ့တာ'

ဒါမျိုးပဲပြောမှာ။

အဲဒီလိုနေရာမှာ သုံးတဲ့ 'ပြုတ်' က တစ်မျိုး၊ အံဝင်ခွင်ကျရှိတယ်။

နောက်တစ်မျိုး -

ဟိုးလွန်ခဲ့တဲ့ လေးနှစ်၊ ငါးနှစ်လောက်ကလားမသိဘူး၊ မေ့တော့တောင် ဖြစ်သွားပြီ။

အိမ်မှာလာတိုင်ပင်ကြတဲ့မိတ်ဆွေတော်တော်များများ ကိုယ့်ကားကိုပြန်ပြီး နံနိမ်သလိုပြောကြတဲ့ အသုံးနှုန်းနဲ့ ပတ်သက်လို့ အကြိမ်ကြိမ်ပြောပြ၊ ရေးပြခဲ့ဖူးပါတယ်။

အဲဒါကတော့ တခွေးတည်းခွေးနေတဲ့ကိစ္စပါပဲ။

ကိုယ့်ကားကိုယ်ပြန်ပြီး နံနိမ်သလို ဖြစ်ကုန်တာ။

ဥပမာ (၄ခ/---)၊ (၅/ခ---) ကို လေးခွေး၊ ငါးခွေး၊ ခြောက်ခွေး၊ နှစ်ခွေး၊ သုံးခွေးဆိုပြီး ခွေးတွေချည်း ပြောကြတာ။

စဉ်းစားကြည့်လေ။

ကိုယ့်ကားကလေး ကိုယ်ပြန်ကြည့်။

ဝင်ငွေရှာပေးနေတဲ့ ကားလေးဆိုရင် ဒါ - ထမင်းရှင်ပဲ၊ ကျေးဇူးရှိတယ်။ ကားမို့လို့ဆိုပြီး လျှော့မတွက်နဲ့၊ ကျေးဇူးရှိတယ်။ သူ့ကြောင့် ဝင်ငွေရပြီး ကိုယ့်စီးပွားဖြစ်ရတာ။

ဝင်ငွေရှာပေးတာမဟုတ်ဘဲ အိမ်စီးကားကျပြန်တော့လည်း ကိုယ်သွားချင်တဲ့နေရာ၊ ကိုယ့်မိသားစုသွားချင်တဲ့နေရာပို့ပေးလို့ ကျေးဇူးတင်ရပြန်ရော။ တချို့ကားလေးတွေ ဆိုရင် ဘုရားစုံဖူးဖို့ လိုက်ပို့ပေးလို့ ပိုင်ရှင်တွေကများဆို လူလိုပြောပြီးတော့တောင် စောင့်ရှောက်ကြတာရှိတယ်၊ မယုံမရှိပါနဲ့။ အဲဒီကားလေးတွေကလည်း ညဉ့်ကောင်းမှကောင်း၊ လမ်းမှာ ဘယ်တော့မှမဖောက်ဘူး။ ဖြစ်စရာရှိရင် အိမ်ရောက်မှဖြစ်တယ်။

တစ်နေ့ လူတစ်ယောက်ဟာ ကားကောင်းကောင်းတစ်စီးနဲ့ ရောက်လာပြီး ကားချူချာလွန်းလို့ ဘာဖြစ်နေမှန်း မသိတာကို လာပြောတယ်။ တစ်ခုပြီးတစ်ခုပျက်နေလို့။

မေးကြည့်လိုက်တော့ သုံးခွေးဘယ်လောက်ဘယ်လောက်ဆိုလုပ်ကရော။

'ဪ - ခင်ဗျားက ကားလေးကို ခွေးနဲ့ နှိုင်းနေတာကိုး။ သူက ခင်ဗျားလိုရာကို ပို့ပေးတာလေ။ ခွေး၊ ခွေးမလုပ်ပါနဲ့။ စာလုံးအသံထွက်ကို အပြည့်ခေါ်ကြည့်လိုက်ပါ' လို့ ပြောလိုက်ရတယ်။

တကယ်လည်း အပြည့်ခေါ်ရော ကားလေးဟာ အံ့သြလောက်အောင်ကို လုံးဝ ကောင်းသွားတယ်။ အဲဒီမှာတင် ပိုင်ရှင်ဟာ ထူးဆန်းလို့ စိတ်ဝင်စားသွားတယ်။ ပြီးတော့ သူ့မိတ်ဆွေတွေကို ချက်ချင်း ပြန်ပြောပြတယ်။ အများအားဖြင့် သိပ်မယုံသလိုလို၊ လက်မခံသလို၊ ရယ်ရသလိုလို၊ ဟားတိုက်သလိုလိုလုပ်ခဲ့ကြတဲ့ သူ့မိတ်ဆွေ တော်တော်များများဟာ သူတို့ကားတွေကြောင့် စိတ်သောကတွေရောက်ခဲ့ကြရတယ်။

မဆန်းပါဘူး။

ခုနပြောသလို ကိုယ့်အတွက် အကျိုးစီးပွားဖြစ်စေတဲ့ ကားလေးကို တခွေးတည်း ခွေးနေမှတော့ အဓိပ္ပာယ်ကြီးက တစ်မျိုးကြီးဖြစ်နေပြီး ထိခိုက်သွားတာ မဆန်းပါဘူး။ ဝယ်ရင်ဈေးကြီး၊ ပြန်ရောင်းရင် ဈေးမရဖြစ်ကုန်တာ မဆန်းပါဘူး။

တချို့ဆို -

နိမိတ်နဲ့ ပတ်သက်ပြီး တော်တော်လေးကို အယုံအကြည်မရှိတာတွေ တွေ့ရပါတယ်။

နိမိတ်ဆိုးတွေကိုပြောမှ နေသာထိုင်သာရှိတဲ့သူတွေ -

နိမိတ်ဆိုးနဲ့ ပတ်သက်တာကို ဖန်တီးရမှ နေသာထိုင်သာဖြစ်ပြီး အိပ်ပျော်စားဝင်သူတွေ -

နိမိတ်ဆိုးကိုဖန်တီးပြီး ဟိုလက်မခံသလိုလို၊ ဒီလက်မခံသလိုလို၊ အယုံအကြည်မရှိသလိုလိုနဲ့လုပ်ပြတဲ့သူတွေ -

အများကြီးတော့မဟုတ်ဘူး။

ဒါပေမယ့်၊ ရှိနေပါတယ်။

အရေးကြီးတာက နိမိတ်ဆိုးစကားကို ဖန်တီးချင်ဖန်တီးပါ။ ဒါက



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်သဘောပဲ။ ဒါပေမယ့် (၇) ရက်သားသမီးတွေပါးစပ်ထဲထိ အထူးသဖြင့် ကလေးတွေပါးစပ်ထဲထိရောက်သွားအောင် ဖန်တီးဖို့ မသင့်ပါဘူး။ ဖန်တီးချင်ရင် ကိုယ့်တစ်ကိုယ်တည်း ပြောကြက် ဖန်တီးပေါ့။

နိမိတ်ဆိုးရုပ်ပုံ၊ ပန်းချီ စတာတွေကို ဖန်တီးချင်ဖန်တီးပါ။ ခုနပြောသလို အများအတွက် ဖြစ်မသွားဖို့တော့ လိုပါတယ်။

ဆိုကြပါစို့။

ဓာတ်ပုံတစ်ပုံ ဆိုပါတော့။

နိမိတ်ဆိုးတစ်ခုနဲ့ပတ်သက်ပြီး ဖန်တီးထားတဲ့ပုံ ဆိုပါတော့။ ဒါကြီးကို လူသွားလူလာများတဲ့၊ လူများစွာတို့ စိတ်ဝင်စားတဲ့ နေရာမျိုးမှာ တွေ့နေရပြီဆိုရင် မကောင်းတော့ပါဘူး။ မဖြစ်သင့်ပါဘူး၊ မထားသင့်ပါဘူး။

ဒီလိုမျိုးနဲ့ပတ်သက်ပြီး တစ်နေ့ငယ်သူငယ်ချင်းတစ်ယောက်နဲ့ သွားရင်းလာရင်း စကားပြောဖြစ်ပါတယ်။ သူသားလုပ်တဲ့လုပ်ငန်းကြီးတစ်ခုမှာ အရိုးခေါင်းပုံတွေ ချိတ်ဆွဲထားတဲ့အကြောင်း၊ သူ့သားရဲ့လုပ်ငန်းဟာ အကြီးအကျယ် ရင်းနှီးထားပြီး ဘာမှဖြစ်မလာဘဲ ဝန်ထမ်းစရိတ်နဲ့ လုံးပါးပါးခဲ့ရတဲ့အကြောင်းတွေ ပြောပြပါတယ်။

ဒါမသင့်တော်ကြောင်းရှင်းပြတဲ့အခါမှာ သူမှာအံ့ဩနေပါတယ်။

ဒါကြောင့် -

ရှင်သန်ခြင်းနဲ့ ရပ်ဆိုင်းခြင်း နိမိတ်တောင် မင်းမသိတဲ့ဥစ္စာ။ မင်းသားကို မင်းဘယ်လိုဆုံးမမလဲ၊ ဘယ်လိုအကြံကောင်းပေးမလဲလို့ မေးခဲ့ရပါတယ်။

အသိတစ်ယောက်နဲ့လည်းပြောဖြစ်ပါတယ်။

နိမိတ်ဆိုးပုံတစ်ခုနဲ့ပတ်သက်ပြီး သူက ဒါကအလှပဲလေ ရှုခင်းအလှတစ်ခုပဲလို့ ပြောလို့ -

ဒီလိုဆို မင်းအိမ်ရှေ့မှာ သင်္ချိုင်းကုန်းပုံကြီးတစ်ခု ပိုစတာထူထားပါလား ဆိုတော့ ဟာ - မဖြစ်ဘူးလေ၊ ကျွန်တော်က ဆေးဆိုင်ဖွင့်ထားတာ ဘယ်သူက လာဝယ်တော့မှာလဲတဲ့။ ရယ်ကြဲကြဲလုပ်နေတယ်။

အမှန်က ဒါဟာ နိမိတ်ကောင်းလား၊ နိမိတ်ဆိုးလား သူသိတယ်။ သိသိတဲ့ သူ့စကားကိုသူ ပေါ်ပြူလာဖြစ်ချင်လို့ မယုံသလိုလိုလုပ်ပြနေတာ။

လူဆိုတာ စားဝတ်နေရေးဆိုတာ ရှိပါတယ်။

လူရယ်လို့ဖြစ်လာရင် မိသားစုဆိုတာလည်းရှိပါတယ်။

ခင်မင်ရာခင်မင်ကြောင်း မိတ်ဆွေ အသိုင်းအဝန်းဆိုတာလည်း ရှိပါတယ်။

စားဝတ်နေရေးအတွက် ဘာမှလုပ်စရာမလိုတော့ဘူးဆိုတဲ့သူမျိုးဆိုရင်တော့ ဘာနိမိတ်မှအယူသီးစရာမလိုတော့ပါဘူး။

ဒါတောင် ကျန်းမာရေးနဲ့ ပတ်သက်လာရင် အယူသီးနေဦးမှာ။

'အေးဗျာ-ခင်ဗျားတော့ အတော်နေမကောင်းဖြစ်နေတာဘဲ။ မကြာပါဘူး၊ သေမှာပါ။ တော်ပြီပေါ့ လူ့ဘဝဒါလောက်နေရရင်'လို့သွားပြောကြည့်ပါလား။ နေမကောင်းဖြစ်နေတဲ့လူတစ်ယောက်ကို သွားပြောကြည့်ပါလား။

သူ့ခမျာ သေမှာကြောက်လို့ ဆေးရုံဆေးခန်းပြေးလွှားပြီး သွားကုနေရချိန်မှာ ကိုယ်ကဒီလိုပြောလိုက်ရင် -

ကိုယ့်ဟာကိုယ် အယုံအကြည်မရှိတာဘေးချိတ် -

လူမှုရေးဆိုတာ စဉ်းစားပေးရမယ်။

ကျန်းမာပါစေ၊ ချမ်းသာပါစေ ဆိုတဲ့စကား -

ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာမျိုး (၉၆) ပါး ကင်းဝေးပါစေ။ ဒီမိဒီဖနဲ့ အိုအောင်မင်းအောင်နေရပြီး မိဘကို လုပ်ကျွေးပြုစုနိုင်တဲ့သားကောင်းရတနာ၊ သမီးကောင်းရတနာဖြစ်ပါစေ ဆိုတာတွေဟာ အလကားစကားတွေ မဟုတ်ပါဘူး။ ငယ်ရွယ်သူတွေက ထိုင်ကန်တော့လိုက်တာနဲ့ 'အေးကွယ်-အေးအေး ဒီကနေပြန်တာနဲ့ အသေဆိုးနဲ့ကြုံကြပါစေကွယ် အေးအေး' လို့ ဘယ်သူမှ ဆုပေးမှာ မဟုတ်ပါဘူး။

ဒါကို သတိထားမိရင် -

မြန်မာ့ယဉ်ကျေးမှုဓလေ့လေးတွေမှာ နိမိတ်ကောင်းစကားနဲ့ ဆုပေးကြတာတွေကို သတိရမိကြမှာပါ၊ ကြားယောင်မိကြမှာပါ။

အထူးသဖြင့် ဂါရဝတရားနဲ့ ကန်တော့ကြပြီဆိုတိုင်း ကြားကြရတဲ့ မင်္ဂလာစကားတွေပါ။ ဒါတွေကို ပြက်ရယ်ပြုရင် မြန်မာ့ယဉ်ကျေးမှုဓလေ့တွေကို နိမိတ်ကောင်းနဲ့ ဆုပေးကြတာတွေကို ပြက်ရယ်ပြုလိုက်တာနဲ့ အတူတူပါပဲ။

ဒီလိုဆုပေးတွေ၊ဆုတောင်းတွေဟာ အင်မတန်မှ ကြည်နူးဖို့ကောင်းလှပါတယ်။ လူတိုင်း နှစ်မြို့က်ကြပါတယ်။ လူတိုင်းရင်ကိုထိကြပါတယ်။

နိမိတ်ဆိုးဖန်တီးတဲ့လူမျိုးဟာ တစ်ခါတစ်ခါကျ သူ့မှာ မိဘတွေမရှိတော့ဘူးလား၊ မိသားစုမရှိတော့ဘူးလားတောင် ထင်ရပါတယ်။

နိမိတ်ဆိုးဟာ လူတောမတိုးပါဘူး။

မင်္ဂလာဆောင်တဲ့ နေရာမျိုးတွေမှာ ကြည့်ကြည့်ပါ။

သတို့သားနဲ့ သတို့သမီးကိုသွားပြီး 'အေး - မင်းတို့ မင်္ဂလာဆောင်ကြီးက ကောင်းတယ်ကွာ။ ပြီးရင်လည်းကွဲကြမှာပဲ'လို့ သွားပြောကြည့်ပါလား။ ချက်ချင်းတောင် မင်္ဂလာပွဲကနေ နှင်ထုတ်ခံရတဲ့အပြင် အရေးမယူရင်တောင် ကံကောင်းပဲ။

ဘယ်သူမှလက်မခံပါဘူး။

မွေးနေ့ပွဲတွေလည်း ဒီလိုပါပဲ။

မွေးနေ့ပွဲကို ရောက်သွားတာနဲ့ ကောင်းချီးပေး ဆုတောင်း မေတ္တာပို့ကြတာချည်းပါပဲ။

မွေးနေ့ရှင်ကို သွားပြီး 'ဟာ - ဒီနေ့မွေးနေ့လား။ နောက်နေ့ကျ သေနေ့ပဲနော်' လို့ ဘယ်သူကပြောမှာလဲ။ ဒါလောက်ဆိုးရွားတဲ့ နိမိတ်စကားကိုလည်း ဘယ်သူမှပြောမှာမဟုတ်ဘူး။

ဒါကြောင့် -

နိမိတ်ဆိုး ဖန်တီးတယ် ဆိုတာ ကိုယ့်အတွက်ပဲ ကိုယ်စဉ်းစားတာ ကောင်းပါလိမ့်မယ်။

နိမိတ်ဆိုးတစ်ခုကို နိမိတ်အဖြစ် ကျယ်ပြန့်အောင်ပြောပြ၊ ရေးပြ၊ ဆွဲပြ၊ ရိုက်ပြလုပ်မယ်ဆိုရင် စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်တာ အကောင်းဆုံးပါပဲ။

ကိုယ်ဖန်တီးတဲ့နိမိတ်ဆိုးစကားကြောင့်၊ နိမိတ်ဆိုးတစ်ခုခုကြောင့် လေမုန်တိုင်းတွေကျတာ၊ ရေတွေကြီးတာ၊ ကမ်းတွေပြိုတာ မဖြစ်ဘူးလို့ မပြောနိုင်ပါဘူး။ အများသူငါကို ထိခိုက်မသွားနိုင်ပါဘူးလို့ မပြောနိုင်ပါဘူး။

ဘာလို့လဲဆိုတော့ -

နိမိတ်ဆိုးဆိုတာ ပျံ့နှံ့သွားလေ အသက်ဝင်လေမို့ပါပဲ။

ကလေးတွေတောင် နိမိတ်ကောင်းကို တော်တော် စိတ်ဝင်စားလာကြပြီမို့ နိမိတ်ဆိုးဆိုတာတွေဟာ မရှိသင့်တော့ပါဘူး။

တော်တော်များများ ဘယ်မှာ သတိထားမိလဲဆိုတော့ မုန့်ထုပ်တချို့မှာပါတဲ့ စာရွက်သေးသေးလေးတွေကို အားရပါးရဖတ်ကြ၊ ဝမ်းသာကြတာတွေ တွေ့နေရလို့ပါပဲ။

'သင် မကြာခင် အောင်မြင်ပါပြီ'

ဆိုတဲ့ စာလေးကိုဖတ်ပြီး အားရပါးရ ပျော်ရွှင်ခုန်ပေါက်နေကြတဲ့ ကလေးတွေ တွေ့တွေ့နေရပါတယ်။

မုန့်ထုပ်ထဲကို ထည့်ပေးတဲ့ ပိုင်ရှင်တွေရဲ့ မေတ္တာကို လေးစားမိပါတယ်။ မင်္ဂလာလည်းရှိပါတယ်။ ကလေးတွေမပြောနဲ့၊ လူကြီးတွေတောင် ဝမ်းသာအားရနဲ့ မင်္ဂလာယူကြတယ် ဒါအမှန်ပါ။

ဒါကြောင့် -

ကျန်းမာရေးအရပဲဖြစ်ဖြစ် -

စီးပွားရေးအရပဲဖြစ်ဖြစ် -

ပညာရေးအရပဲဖြစ်ဖြစ် -

နိမိတ်ကောင်းတွေနဲ့ချည်း ကြုံတွေ့ပြီး ကျန်းမာနေရအောင်၊ ရောဂါကင်းနေရအောင်၊ အန္တရာယ်ကင်းနေရအောင်၊ စီးပွားဖြစ်နေရအောင် အညွန့်တလူလူဖြစ်နေရအောင် -

သူရဇ္ဇလက်ဆောင်အဖြစ် စဉ်းစားခဲ့ရပါတယ်။

ဒါကတော့ -

တန်ခိုးကြီးမားလှတဲ့ ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ကိုယ့်ရဲ့အညွန့်ထောင့်မှာရှိတဲ့ ရုပ်ပွားတော်မြတ်တစ်ဆူဆူကို အညွန့်ဆောင်ပန်းတွေနဲ့ ပူဇော်ခြင်းပါပဲ။

ပူဇော်ရမှာကတော့ -

ကိုယ့်မွေးနေ့ မနက်(၉)နာရီဖြစ်ပါတယ်။

မအားရင် ကိုယ့်မွေးနေ့ရဲ့ နောက် (၄) ခုမြောက်ကို ရေတွက်ပြီး အဲဒီနေ့မနက် (၆)နာရီနဲ့ (၇)နာရီခွဲကြားမှာ ပူဇော်ပါ။

မွေးနေ့ရဲ့ နောက်(၄)ခုဆိုတာက -

တနင်္ဂနွေ ဆိုရင် ဗုဒ္ဓဟူးနေ့မှာ ပူဇော်။

တနင်္လာ ဆိုရင် ကြာသပတေးနေ့မှာ ပူဇော်။

အင်္ဂါ ဆိုရင် သောကြာနေ့မှာ ပူဇော်။

ဗုဒ္ဓဟူး ဆိုရင် စနေနေ့မှာ ပူဇော်။

ကြာသပတေး ဆိုရင် တနင်္ဂနွေနေ့မှာ ပူဇော်။

သောကြာ ဆိုရင် တနင်္လာနေ့မှာ ပူဇော်။

စနေဆိုရင် အင်္ဂါနေ့မှာပူဇော်။

အဲဒီလိုနေ့တွေမှာ ပူဇော်ရင်တော့ မနက်(၆)နာရီကနေ (၇)နာရီခွဲကြားမှာ ပူဇော်ရမှာ ဖြစ်ပါတယ်။

တနင်္ဂနွေ ဆိုရင် တနင်္လာထောင့်ဖြစ်ပြီး ပူဇော်ရမှာက ကံ့ကော်ညွန့်တွေပါပဲ။မရှိတဲ့အရပ်မှာ ကြံညွန့်လည်း ရပါတယ်။

တနင်္လာ ဆိုရင် အင်္ဂါထောင့်ဖြစ်ပြီး ဇွန်ညွန့်၊ ဇီးညွန့်၊ (တချို့ စံပယ်၊ ဇလပ် ပူဇော်ကြပါသည်။)

အင်္ဂါ ဆိုရင် ဗုဒ္ဓဟူးထောင့်၊ ရွက်လှညွန့်။

ဗုဒ္ဓဟူး ဆိုရင် ကြာသပတေးထောင့်ဖြစ်ပြီး ပျဉ်းမညွန့်၊မေမြို့ပန်း။

ကြာသပတေး ဆိုရင် သောကြာထောင့်၊ သပြေညွန့်။

သောကြာ ဆိုရင် စနေထောင့်၊ ဒန်းညွန့်။

စနေ ဆိုရင် တနင်္ဂနွေထောင့်၊ အုန်းညွန့်။

အရေအတွက်မလိုပါဘူး။ အရေးကြီးတာက ကိုယ့်ရဲ့အညွန့်ထောင့် ဘုရားရုပ်ပွားတော်ကို အညွန့်ဆောင်ပန်းတွေ ဝေစည်ပြီး အညွန့်တလူလူဖြစ်နေအောင် ပူဇော်ဖို့ပါပဲ။ ကိုယ်ကျင့်သီလသာထိန်းပါ။

တနင်္ဂနွေသား တစ်ယောက်ဟာ တနင်္လာထောင့်ကို ပုံမှန်သွားပြီး ကံ့ကော်ညွန့်တွေ ဝေဝေဆာ... လှူရင်း မထင်မှတ်လော...အောင် ကြီးပွားချမ်းသာနေ...ာ ပီတိဖြစ်လော...အောင်ကို မြင်နေရပါတယ်...။

သ...သင့်တာက...တော့ ဘယ်လိုမှ ...အားရင် တ...စ်လတစ်ကြိမ်ပါပဲ။

အားရင်တော့ အားသလိုသွားလှူပါ။

ရွတ်တာဖတ်တာကတော့ ကိုယ်ရွက်နေကျအတိုင်းပါပဲ။

အခုပြလိုက်တဲ့ သူရဇ္ဇ...ဆောင်ဟာ လွယ်ကူပါတယ်။

အချိန်လည်းသိပ်မပေးရပါဘူး။

ဒါပေမယ့် နိမိတ်ဆိုးတွေ ကြားရ၊ မြင်ရလို့ ဒါမှမဟုတ် ကိုယ်နဲ့အနီးဆုံးမှာ နိမိတ်ဆိုးစကားတွေ၊ အသံတွေ ရောက်ရောက်လာတတ်လို့ ထိခိုက်တော့မယ်ဆိုရင် -

အညွန့်တလူလူဖြစ်နေမယ့်အစီအရင်ပါပဲ။

နိမိတ်ဆိုးတွေကို ဝေးဝေးကရှောင်ပြီး -

အညွန့်တလူလူနဲ့ အောင်မြင်ပါစေ -

အညွန့်တလူလူနဲ့ ကျန်းမာနေပါစေ -

အညွန့်တလူလူနဲ့ ချမ်းသာနေပါစေ -

လို့ ဆုတောင်းမေတ္တာ ပို့သရင်း ဖြစ်နိုင်တာတွေကိုသာ ပေးလေ့ရှိတဲ့ သူရဇ္ဇရဲ့ထုံးစံအတိုင်း -

နိမိတ်ကောင်းစွာနဲ့ညွန့်တလူလူဖြစ်စေဖို့ သူရဇ္ဇလက်ဆောင်ပါးလိုက်ပါပြီ။

*ကျန်းမာခြင်း၊ချမ်းသာခြင်းများစွာနဲ့ ပြည့်စုံကြပါစေ။*

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသူ...)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ် ၊ အောက်တိုဘာလအတွက်

# ခုနစ်ရက်သားသမီး ဟောစာတမ်း
## သကျဦးမောင်မောင်သန်း

ရင်ကိုအေးမြစေသ ၊ ;



### တနင်္ဂနွေသားသမီးများ

စက်ပစ္စည်းအသစ်ဝင်မည်။ စာအုပ်လက်ဆောင်ရရှိတတ်သည်။ ငွေဝင်လာပြီး အကုန်အကျများနေသောကြောင့် အဖတ်မတင်သောကာလ ဖြစ်ပါသည်။ အနုပညာနယ်ပယ်မှလုပ်ငန်းများ ပြန်လည် ဦးမော့လာမည်။ သတင်းကောင်းများကြားရမည်။ စားသောက်ဖွယ်ရာပစ္စည်းများ လက်ဆောင်ရရှိမည်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများ ထစ်ငေါ့နေမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာမည်။ ကျန်းမာရေးကောင်းနေစေရန် ဆီး၊ ဝမ်း၊ လေအချုပ်မခံပါနှင့်။ လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ ယခုလတွင် အင်္ဂါနံသင့်လုပ်ငန်းများ အလွန်အကျိုးပေးမည်။ သောကြာနံသင့်လုပ်ငန်းများ မမျှော်လင့်ဘဲ ကောင်းလာမည်။ တနင်္လာနံသင့်လုပ်ငန်းများ၊ ကြာသပတေးနံသင့်လုပ်ငန်းများ ထစ်ငေါ့ပြီးမှ အဆင်ပြေသွားမည်။ အခြားနံသင့်လုပ်ငန်းများ ခက်ခဲနေပါက အကျိုးပေးသောနံသင့်သူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးထွက်ရန်စီစဉ်နေသူများ တစ်ကြိမ်တည်းနှင့် မအောင်မြင်ဘဲ နှစ်ကြိမ်၊ သုံးကြိမ်ဆောင်ရွက်ပြီးမှ အဆင်ပြေတတ်သည်။ ပညာရေးကံများ ပို၍ပို၍ကောင်းလာစေရန် ဖွဲ၊ လှံ့လ၊ ဝီရိယစိုက်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို ပဲကျွေးပါ။ ယခုလ အကျိုးပေးသော နံသင့်သူများမှာ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ ပုလဲပေါက်အဆင်လေးများ ဝတ်ဆင်အကြံပြုပါ။ ထီထိုးရန်အတွက် စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံတွင် (၃)ဂဏန်းနှင့် စသော ထီလက်မှတ်လေးများ ရွေးချယ်ကာစမ်းထားလိုက်ပါ။ ကျင့်ကြံအားထုတ်မှုများဖြင့် အညံ့များလျော့နည်းသွားပြီး ဆန္ဒများ ပြည့်လာပါလိမ့်မည်။

***ယတြာ ။ ။ မေတ္တာသုတ်တော်ကို နေ့စဉ်အကြိမ်များစွာရွတ်၍ မေတ္တာပို့ပါ။ မရွတ်တတ်လျှင် နေ့စဉ် (၁၀)မိနစ်ခန့် မေတ္တာဘာဝနာစီးဖြန်းပါ။***

### တနင်္လာသားသမီးများ

အလုပ်အကိုင်အခွင့်အလမ်းရှာနေသူများ အဆင်ပြေပါတော့မည်။ အင်တာဗျူးဖြေထားသူများ၊ အဆင့်မြင့်ရာထူးတိုးလျှောက်ထားသူများ အောင်မြင်မှုရရှိမည်။ လူမျိုးကွဲများနှင့်ဆိုင်သောကိစ္စများရှိပါက ထစ်ငေါ့ပြီးမှ အဆင်ပြေတတ်သည်။ ငွေကြေးကိစ္စများအဆင်ပြေစေရန် နံနက်စောစောအိပ်ရာမှထပြီး ဘုရားရှင်အား မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ပါ။ ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရရှိမည်။ ကျန်းမာရေးကောင်းနေစေရန် မတည့်သောအစားအသောက်များ ရှောင်လိုက်ပါ။ ယခုလတွင် တနင်္ဂနွေနံသင့်လုပ်ငန်းများ အလွန်အကျိုးပေးမည်။ ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ ပြန်လည် ဦးမော့လာမည်။ စနေနံသင့်လုပ်ငန်းများ ထစ်ငေါ့ပြီးမှ အောင်မြင်သွားမည်။ အခြားနံသင့်လုပ်ငန်းများ ခက်ခဲနေပါက အကျိုးပေးသောနံသင့်သူများနှင့် တစ်ဆင့်ကြားခံ ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးထွက်ရန် စီစဉ်ထားသူများ နှစ်ကြိမ်၊ သုံးကြိမ် ဆောင်ရွက်ပြီးမှ ထွက်ခွာရတတ်ပါသည်။ ပညာရေးကံများကောင်းလာစေရန် ဘုရားစေတီများတွင် ညလုံးပေါက် လျှပ်စစ်မီးလှူသောအလှူများ ဆောင်ရွက်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရရှိစေရန် ခို၊ ကျေး၊



www.burmeseclassic.com

www.burmeseclassic.com

ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။ ယခုလ အကျိုးပေးသောနံသင့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ကြပါသည်။ အနီရောင်၊ အဝါရောင်လေးများ ဝတ်ဆင်အကြံပြုပါ။ ထီထိုးရန်အတွက် လှည်းနှင့်ရောင်းသောထီသည်များထံတွင် (၁)ဂဏန်း၊ (၄)ဂဏန်းများ နိုင်သလောက်ထိုးထားလိုက်ပါ။

**ယတြာ ။ ။ *ဘုရားရှင်အား သစ်သီး(၆)မျိုးနှင့်ပူဇော်ပါ။***

## အင်္ဂါသားသမီးများ

အရာရာကိုယ့်သဘောနှင့်ကိုယ် ဆောင်ရွက်ခြင်းမပြုဘဲ နားလည်တတ်ကျွမ်းသူများကို တိုင်ပင်ပြီးမှ ဆောင်ရွက်ခြင်းအားဖြင့် အမှားများမရှိဘဲ အောင်မြင်မှုရရှိပါလိမ့်မည်။ ဝင်ငွေကောင်းသောကာလ ဖြစ်ပါသည်။ ဝင်သမျှငွေများ အဖတ်တင်စေရန်နှင့် မလိုအပ်ဘဲ ကုန်ကျမှုများမရှိစေရန် နေ့စဉ် ဒိဝါတပတီဂါထာကို ပုတီးတစ်ပတ်၊ နှစ်ပတ်စိပ်ပါ။ ခရီးယာယီပေါ်မည်။ စက်ပစ္စည်းဝင်လာလျှင် စိတ်တိုင်းမကျသောကြောင့် ပြန်ထုတ်ရတတ်သည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာစေရန် ကိုယ့်ဘက်က လျှော့ပေးပါ။ လူမျိုးကွဲကြောင့် စိတ်အခန့်မသင့်မှုများကြုံမည်။ ကျန်းမာရေးကောင်းနေစေရန် စားချိန်၊ အိပ်ချိန်မှန်ပါစေ။ လွန်ကဲစွာအဆာမခံရ။ အိပ်ရေးပျက်မခံရ။ ယခုလတွင် တနင်္လာနံသင့်လုပ်ငန်းများ ကောင်းမည်။ သောကြာနံသင့်လုပ်ငန်းများ မထင်မှတ်ဘဲ အကျိုးအမြတ်ရရှိမည်။ ခရီးယာယီပေါ်မည်။ အခြားနံသင့်လုပ်ငန်းများ ထစ်ငေါ့နေပါက အကျိုးပေးသောနံသင့်ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးထွက်မည့်သူများ နှစ်ကြိမ်၊ သုံးကြိမ်ဆောင်ရွက်ပြီးမှ ထွက်ခွာဖြစ်ပါမည်။ ပညာရေးကံများကောင်းနေသော်လည်း အဖျားမရှူးရလေအောင် အထပ်ထပ် လေ့လာကျက်မှတ်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ အဆင်ပြေနေပါသည်။ ယခုလ အကျိုးပေးသော နံသင့်သူများမှာ တနင်္လာနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ အဖြူရောင်နှင့်ပုလဲပေါက်အဆင်လေးများ ဝတ်ဆင်အကြံပြုပါလေ။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသော ထီကားများ အိမ်နားရောက်လာပါက (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူသို့သွား၍ ပန်းပေါင်းစုံ (၇) မျိုးနှင့် ပူဇော်လိုက်ပါ။***

BURMESE CLASSIC .com

## ဗုဒ္ဓဟူးသားသမီးများ

မမျှော်လင့်ဘဲ ထီပေါက်တတ်ပါသည်။ လက်ဝတ်ရတနာဝင်လာတတ်သည်။ ရပ်ဝေးမှာရောက်ရှိနေသော ညီအစ်ကိုမောင်နှမများ၊ သားငယ်၊ သမီးငယ်လေးများရှိပါက ပူစရာမလိုပါ။ အဆင်ပြေနေပါလိမ့်မည်။ စက်ပစ္စည်းများ မမြဲဘဲဖြစ်နေတတ်သည်။ လူမျိုးကွဲများ အကူအညီပေးမည်။ လုပ်ငန်းခွင်အတွင်း စိတ်ကသိကအောက်ကြုံမည်။ စိတ်မပူပါနှင့်။ ပြန်လည် အဆင်ပြေသွားပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာပါလိမ့်မည်။ ကျန်းမာရေးကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေတတ်ပါသည်။ လွန်ကဲစွာ အအေးမခံပါနှင့်။ ယခုလတွင် ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ ပြန်လည် ဦးမော့လာမည်။ စနေနံသင့်လုပ်ငန်းများ အခက်အခဲများရှိသော်လည်း မမျှော်လင့်ဘဲ အကျိုးပေးတတ်ပါသည်။ အင်္ဂါနံသင့်လုပ်ငန်းများ၊ သောကြာနံသင့်လုပ်ငန်းများ ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေတတ်သည်။ အခြားနံသင့်လုပ်ငန်းများ ထစ်ငေါ့နေပါက အကျိုးပေးသောနံသင့်သူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးထွက်ရန်စီစဉ်နေသူများ ယခုလ ထွက်ခွာဖြစ်မည်။ ပညာရေးအတွက် ကြိုးစားနေသူများ ပို၍ပို၍ကြိုးစားသောကြောင့် အောင်မြင်မှုရရှိပါတော့မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ချမ်းသာမှု ရရှိစေရန် ခို၊ ကျိုး၊ ခွေးလေးများကို ကြုံသည့်နေရာတွင် အစာကျွေးပါ။ ယခုလ အကျိုးပေးသောနံသင့်လုပ်ငန်းများမှာ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ အဝါရောင်၊ ဖက်ဖူးရောင်၊ လိမ္မော်ရောင်လေးများ ဝတ်ဆင်အကြံပြုပါ။ ထီထိုးရန်အတွက် ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းနေပါသည်။

**ယတြာ ။ ။ *ဘုရားစေတီများသို့ မကြာခဏသွား၍ ကြွေပွင့်(၈)ခွင်လုံးတွင် ရေသပ္ပာယ်၍ ဘုရားပူဇော်ပါ။***

## ကြာသပတေးသားသမီးများ

အဘက်ဘက်မှ ငွေဝင်နေတတ်ပါသည်။ အလှူဒါနလေးများ ပြုလုပ်ရတတ်သည်။ ရရန်ရှိသော မြေ၊ အမွေစသည်တို့ မမျှော်လင့်ဘဲရမည်။ ကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲများ တက်ရောက်ရတတ်သည်။ လုပ်ငန်းခွင်အတွင်း နာမည်ကောင်းများရရှိသလို အခက်အခဲများလည်း ကြုံရတတ်ပါသည်။ စက်ပစ္စည်းများအတွက် ငွေကုန်ကြေးကျများနေတတ်သည်။ လူမျိုးကွဲနှင့်အဆင်မပြေမှုများကြုံမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးတွင် စကားအချေအတင်ပြောနေရတတ်သည်။ ကျန်းမာရေးကောင်းနေမည်။ ယခုလတွင် တနင်္လာနံသင့်လုပ်ငန်းများ အောင်မြင်မှုရရှိမည်။ ကြာသပတေးနံသင့်လုပ်ငန်းများ ထစ်ငေါ့ပြီးမှ အဆင်ပြေသွားမည်။ တနင်္ဂနွေနံသင့်လုပ်ငန်းများ ထင်သလောက်



www.burmeseclassic.com

www.burmeseclassic.com

အကျိုးမပေးသေးပါ။ အခြားနံသင့်လုပ်ငန်းများ ခက်ခဲနေပါက အကျိုးပေးသော နံသင့်သူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးစဉ်အတွက် ပြင်ဆင်နေကြသူများ တဟိတဟိဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါလေ။ ပညာရေးနှင့်ဆိုင်သောကံများကောင်းမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ပျော်ရွှင်ကြည်နူးဖွယ်ရာနေ့ရက်များ ဖြစ်ပါသည်။ ယခုလ အကျိုးပေးသောနံသင့်သူများမှာ တနင်္လာသားသမီးများ ဖြစ်ပါသည်။ အဖြူရောင်၊ ပန်းရောင်လေးများ ဝတ်ဆင်အကြံပြုပါ။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသော ထီဆိုင်တွင် (၂)ဂဏန်းနှင့် စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *နေ့စဉ် ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန် နှင့်ရွတ်ပါ။***

## သောကြာသားသမီးများ

ခရီးယာယီကိန်းရှိသည်။ လူမျိုးကွဲနှင့်အကျိုးပေးမည်။ မမျှော်လင့်ဘဲ ထီပေါက်မည့်ကာလဖြစ်သည်။ ထီထိုးရန် သတိရပါ။ ငွေကြေးကိစ္စများအတွက် စိတ်မပူပါနှင့်။ ဒိဝါတပတိဂါထာတော်ကြီးကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ရှင်သီဝလိ (၁၀)ဂါထာကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပါ။ ကံကောင်းပြီး လျင်မြန်စွာ လာဘ်ပွင့်လာပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် မိသားစုများအပေါ် နားလည်မှုများပေးပါ။ ကျန်းမာရေးကောင်းစေရန် အငန်များ၊ အချဉ်၊ အစပ်များ လွန်ကဲစွာ မစားပါနှင့်။ ယခုလတွင် အင်္ဂါနံသင့်လုပ်ငန်းများ အောင်မြင်မှုရရှိမည်။ သောကြာနံသင့်လုပ်ငန်းများ တစ်ဖန်ပြန်လည်အောင်မြင်တတ်ပါသည်။ စနေနံသင့်လုပ်ငန်းများ ရုတ်တရက် အကျိုးပေးသွားမည်။ တနင်္လာနံသင့်လုပ်ငန်းများ အချို့တစ်ဝက်ကောင်းပါလိမ့်မည်။ အခြားနံသင့်လုပ်ငန်းများ ထစ်ငေါ့နေပါက အကျိုးပေးသော နံသင့်ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးထွက်ရန် စီစဉ်နေသူများ အနည်းငယ် ထစ်ငေါ့ပြီးမှထွက်ခွာရတတ်ပါသည်။ ပညာရေးကံများကောင်းနေသော်လည်း ပို၍ပို၍ကြိုးစားလျှင် ထူးချွန်စွာအောင်မြင်သွားမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများအဆင်ပြေရန် တစ်ဝက်သေချာနေပါပြီ။ ခိုစာများကျွေးပါ။ ယခုလ အကျိုးပေးသောနံသင့်သူများမှာ အင်္ဂါသားသမီးများ ဖြစ်ပါသည်။ အရောင်ရင့်ရင့်များ ဝတ်ဆင်အကြံပြုပါ။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွင် (၃) ဂဏန်း များစွာ ပါအောင် ရွေးချယ်ပါ။

**ယတြာ ။ ။ *ဘုရားရှင်အား ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်၍ပူဇော်ပါ။***

## စနေသားသမီးများ

ကိုယ်ပိုင်ဝင်ငွေကောင်းလာပါမည်။ အများနှင့်ဆိုင်သောငွေကြေးကိစ္စများအတွက် စာရင်းဇယားများ သေချာစွာပြုလုပ်ထားပါ။ စိတ်ညစ်ရတတ်၍ဖြစ်ပါသည်။ အလုပ်လျှောက်ထားသူ၊ အင်တာဗျူးဖြေထားသူ၊ ရာထူးတိုးလျှောက်ထားသူများ အောင်မြင်မှုရရှိပါမည်။ အိမ်ရှိ စက်ပစ္စည်းများအတွက် ငွေကုန်ကျမှုရှိတတ်သည်။ စကားပြောမှားတတ်သောကြောင့် စကားပြောမလောပါနှင့်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး အစားအသောက်များ မဆင်မခြင် စားသုံးခြင်းများ ရှောင်လိုက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေရာမှ ရုတ်တရက် စကားပြောအဆင်မပြေဖြစ်တတ်ပါသည်။ ယခုလတွင် တနင်္ဂနွေနံသင့်လုပ်ငန်းများကောင်းမည်။ ကြာသပတေးနံသင့်လုပ်ငန်းများ မမျှော်လင့်ဘဲ အဆင်ပြေသွားမည်။ ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ အဖျားရှူးတတ်ပါသည်။ အခြားနံသင့်လုပ်ငန်းများ ထစ်ငေါ့နေပါက အကျိုးပေးသောနံသင့်သူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ နိုင်ငံခြားခရီးထွက်မည့်သူများ တဟိတဟိဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ အောင်မြင်စွာထွက်ခွာဖြစ်မည်။ ပညာရေးကံများကောင်းမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရရှိစေရန် ခိုလေးများကို အစာကျွေးပါ။ ယခုလအကျိုးပေးသော နံသင့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ အရောင်နုနုလေးများ ဝတ်ဆင်အကြံပြုပါ။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်တွင် (၅)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ဘုရားစေတီ တစ်ဆူဆူသို့ သွား၍ ညလုံးပေါက် လျှပ်စစ်မီးကို (၁)ရက်၊ (၃)ရက်၊ (၅)ရက် အဆင်ပြေသလို ပူဇော်လိုက်ပါ။***

**ဆရာဦးမောင်မောင်သန်း**
အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com